မန္တလေးမြို့ အရှေ့ပြင်
ကုသိုလ်တော်သာသနာ့ရိပ်သာ
အတုမရှိတိုက်သာသနာဝင်၊ မှန်ကျောင်းတိုက်သာသနာဝင်
ဝဇိရာရာမသာသနာဝင်၊ မတ္တရာတိုက်သာသနာဝင်
သက်ပန်းတိုက်သာသနာဝင်
မဟာဝိသုဒ္ဓါရာမသာသနာဝင်-အစရှိသော
သာသနာဝင်သမိုင်းတို့ဖြင့် တန်ဆာဆင်အပ်သော

မန္တလေးသာသနာဝင်
(ပဋ္ဌဝိသတိမတ္တဲ)

ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
အဂ္ဂမဟာပဏ္ဍိတ
အရှင်ကေလာသ
(မမ္မာစရိယ၊ ဂဏဝါစက)
B.A ဝိဇ္ဇာဂုဏ်ထူး၊ သီရိလင်္ကာ
(မြန်မာနိုင်ငံ)

သာသနာ-၂၅၅၈ ကောဇာ-၁၃၇၆ ခရစ်-၂၀၁၄

အတွဲအမှတ်စဉ်(၂၅)

ဆုတောင်းပတ္ထနာ

-----ooo-----

ဤသည္ဖုည၊ ကုသလကြောင့်၊ လောဘ,ဒေါသ၊
မောဟကင်းကွာ၊ သံသရာဝယ်၊ ကျင်ပါရဘိ၊ ပညာရှိနှင့်၊
ယှဉ်မိပေါ်င်းသင်း၊ ဉာဏ်မဲ့ကင်း၍၊ ပြည့်တင်းလျှုဖွယ်၊
လျှုစဉ်ဝယ်လည်း၊ သုံးသွယ်စေတနာ၊ ဖြောင့်ညိုညာသည်၊
ခေမာအထွတ်တိုင်စေသော် .....။

(မင်းကွန်း တိပိဋကရေ ဆရာတော်ဘုရားကြီး)

မယာကတ၊ ကုသလကို၊ မျှားလှဝေနေ၊
ရကြစေ၊ ပေးဝေအမျှသာ။

မျှားသတ္တဝါ၊ ဝေနေယျာလည်း၊ ရောဂါခပင်း၊
ကင်းလွတ်ရှင်း၊ ငြိမ်းခြင်းရောက်စေပါ။

ကောင်းကြံဟူသမျှ၊ ပြည့်စုံကြလျှက်၊ သဂ္ဂာယရန်၊
ပယ်သတ်ဉာဏ်၊ မြန်မြန်လင်းစေပါ။

ဒိဋ္ဌိသတ်နည်း၊ တရားကြီးလည်း၊ ငြိုးငြိုးထိန်ဝါ၊
မှောင်ပယ်ခွါ၊ မြန်စွာလင်းစေပါ။

မြန်စွာထွန်းပ၊ သဂ္ဂာယကို၊ ပယ်ချုပြီးခါ၊
ရိယာဇာတ်တွင်း၊ ရောက်တုံလျှင်း၊ လင်းစေသာသနာ။

(အဂ္ဂမဟာပဏ္ဍိတ မဟာဗောဓိဆရာတော်ဘုရားကြီး သုံးခွဖြို့)

မန္တလေးမြို့အရှေ့ပြင်

ကုသိုလ်တော်သာသနာ့ရိပ်သာ

အတုမရှိတိုက်သာသနာဝင်၊ မှန်ကျောင်းတိုက်သာသနာဝင်

ဝဇိရာရာမသာသနာဝင်၊ မတ္တရာတိုက်သာသနာဝင်

သက်ပန်းတိုက်သာသနာဝင်

မဟာဝိသုဒ္ဓါရာမသာသနာဝင် - အစရှိသော

သာသနာဝင်သမိုင်းတိုဖြင့် တန်ဆာဆင်အပ်သော

မန္တလေးသာသနာဝင်

(ပဠဝိသတိမတွဲ)

ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်

အဂ္ဂမဟာပဏ္ဍိတ

ဧ

အရှင်ကေလာသ

(မွှာစရိယ၊ ဂဏဝါစက)

B.A ဝိဇ္ဇာဂုဏ်ထူး၊ သီရိလင်္ကာ

ပြုစုရေးသားသည်။

မန္တလေးသာသနာဝင် နှင့် အခြားကျမ်းပေါင်းများစွာတို့ကို
ရေးသားပြုစုတော်မူသော

ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
အဂ္ဂမဟာပဏ္ဍိတ

အရှင်ကေလာသ

(မမ္မာစရိယ၊ ဂဏ္ဌာဝါစက)

B.A ဝိဇ္ဇာဂုဏ်ထူး၊ သီရိလင်္ကာ

မန္တလေးသာသနာဝင် (ပဋ္ဌာဝိသတိမတွဲ)

(က)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	(က)-(စ)
၂။	စည်ပုတ္တရာသာသနာဝင်	၁
	- သိရိမာလက်ဘရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သီရိမာ	၂
၃။	ငါးစို့သာသနာဝင် (အရှေ့ပြင်)	၅
	- အာစာရာရမ္ဘဇေသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်အာစာရ	၅
	- ဆရာတော်အရှင်နရိန္ဒ	၇
	- ဆရာတော်အရှင်သောမ	၇
	- ဆရာတော်အရှင်ပဝရ	၁၄
၄။	မဂ္ဂရာသာသနာဝင်	၁၆
	- အာစာရာရမ္ဘကဝိဇဇာဏမဟာဓမ္မရာဇာဓိရာဇဂုရု အာစာရာရမ္ဘဇာဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ၂-ထပ်ရ ဆရာတော်အရှင်အာစာရ	၁၇
	- ဆရာတော် အရှင်သုဝဏ္ဏ	၂၃
၅။	လယ်ကိုင်းတိုက်သာသနာဝင်	၂၅
	- သဒ္ဓမ္မဓဇသီလာလင်္ကာရမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သဒ္ဓမ္မ	၂၅
	- သုမနာဘိဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သုမန	၂၈

(၁)

မန္တလေးသာသနာဝင်

(ပဠိတ်ပါဠိတော်)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	- ဆရာတော်အရှင်ကုမာရ	၃၀
	- ဆရာတော်အရှင်အာစိဏ္ဏ	၃၀
	- ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ) ဆရာတော်အရှင်ဝရသာမိဘိဝံသ	၃၁
၆။	ဝိစိတ္တရာရာမ (မာရ်အောင်)သာသနာဝင်	၃၄
	- တိလောကာဘိဝံသသာသနဇောတ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်တိလောက	၃၅
	- ဆရာတော် အရှင်ပုည	၄၀
	- ဆရာတော် အရှင်ဝိမလ	၄၀
၇။	မဟာဝိသုဒ္ဓါရာမသာသနာဝင်	၅၃
	- ဝိသုဒ္ဓါစာရကဝိဓေမဟာဓမ္မရာဇဂုရု ဝိသုဒ္ဓါစာရကဝိဓေဓမိပတိသိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု, အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ၃-ထပ်ရ	
	မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး အရှင်ဝိသုဒ္ဓါစာရ	၆၀
	- ဆရာတော်အရှင်ပညာ	၇၇
	- ရွှေကျင်နိကာယ သမ္မတိသာသနာပိုင် ဒီပဲရင်းဆရာတော်အရှင်ဉာဏဝရ	၈၀

မန္တလေးသာသနာဝင် (၀)

(ပဠိုဝိသတိမတွဲ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
-	ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ) ဆရာတော်အရှင်ကောသလ္လ	၈၃
-	ပဌမစာချ အရှင်အရိန္ဒမ	၈၅
-	ဆရာတော်အရှင်ပဏ္ဍာဝ	၈၅
-	ဆရာတော်အရှင်ဩသဓ	၈၅
-	ဆရာတော်အရှင်ဝေပုလ္လ	၈၆
-	ဆရာတော်အရှင်တေဇနိယ	၈၆
-	သက်တော်ရာကျော်ရှည် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင်ဇောတယ	၈၇
-	ရမည်းသင်းကျောင်းဆရာတော် အရှင်ဉာဏဝံသ	၉၂
-	အရှင်ပဏ္ဍိတထေရ် (လယ်တီပဏ္ဍိတ)	၉၃
-	သာသနဓဇသိရီပဝရဓမ္မာစရိယ စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယဂဏဝါစက ဆရာတော်အရှင်ဥတ္တရာဘိဝံသ	၁၂၁
-	သာသနဓဇသိရီပဝရဓမ္မာစရိယ ဆရာတော်အရှင်ဝိမလာဘိဝံသ	၁၂၃
-	၁၃၀၃-ခုနှစ် ပါဠိတော်နှင့်အဋ္ဌကထာ ကျမ်းရင်း ၃-ကျမ်းအောင်ပုဂ္ဂိုလ်များ	၁၂၃
-	၁၃၀၃-ခုနှစ် သာသနဓဇသိရီပဝရဓမ္မာစရိယ ဘွဲ့တံဆိပ်ရပုဂ္ဂိုလ်များ	၁၂၅

မန္တလေးသာသနာဝင်
(ပဋ္ဌာဝိသတိမတွဲ)
မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	- အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဇောတိပါလ	၁၂၇
	- ရတ္တညူမဟာနာယက သက်တော်ရှည် ပတ္တပိုဏ်ဆရာတော် အရှင်ဥတ္တရ	၁၃၀
	- အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဥက္ကံသ	၁၃၂
	- ဝိနယဂရုက ဓုတင်္ဂရ ဆရာတော်အရှင်ကေလာသ	၁၃၅
	- မဟာဝိသုဒ္ဓါရာမ စာချဂဏဝါစက ဆရာတော်အရှင်ဝိစာရ	၁၃၇
	- သာရဏီယသင်္ဂြိုဟ်ပါဠိ, သာရဏီယသင်္ဂြိုဟ်ပါဠိနိဿယ, ဒုလ္လဘသင်္ဂြိုဟ်ကျမ်းစသည့် ကျမ်းပြုဆရာတော် အရှင်ပဏ္ဍိတ	၁၃၉
	- ဆရာတော်အရှင်ဥတ္တရမဟာထေရ်	၁၅၀
	- ဆရာတော်အရှင်နာဂ	၁၆၆
	- ဆရာတော်အရှင်ဂ္ဂနွေဘာသ	၁၈၄
	- ဆရာတော်အရှင်ပါလိတ	၁၈၅
၈။	သဒ္ဓမ္မပဇ္ဇောတိကာရာမ (တကောင်း) သာသနာဝင်	၁၈၆
	- ဥတ္တမာစာရပရမဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဥတ္တမ	၁၈၇

မန္တလေးသာသနာဝင် (c)

(ပဠိတ်ပါဠိတော်)

မာတိကာ

စဉ်	**အကြောင်းအရာ**	**စာမျက်နှာ**
	- တကောင်း(မင်းတဲ)ဆရာတော်ဘုရား၏ မတသန္ဓကဝိနိစ္ဆယ	၁၉၁
	- ဆရာတော်အရှင်မေဓာ	၁၉၄
	- ဆရာတော်အရှင်ကုသလ	၁၉၅
	- ဆရာတော်အရှင်ပဇ္ဇောတာဘိဝံသ	၁၉၆
၉။	**ကွန်ဒြီယာရာမ ရွှေဂူသာသနာဝင်**	၁၉၈
	- ဆရာတော်အရှင်ယသ	၂၀၀
	- အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ကွန်ဒြီယ	၂၀၁
	- သာသနဇလသိရီပဝရမဟာစရိယ ဆရာတော်အရှင်ဝိစိတ္တသာရ	၂၀၅
	- သံယုတ္တဘာဏက သံယုတ္တနိကာယကောဝိဒ အင်္ဂုတ္တရဘာဏက အင်္ဂုတ္တရနိကာယကောဝိဒ သာသနဇလမဟာစရိယ ဆရာတော်အရှင်အာစယ	၂၀၇
	- သာသနဇလသိရီပဝရမဟာစရိယ ဗုဒ္ဓသာသနဒီယဘာဏက ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သောပါက	၂၀၉
၁၀။	**မင်္ဂလာရာမမောင်းထောင်သာသနာဝင်**	၂၁၂
	- ပညာသာမိသိရီကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မောင်းထောင်ဆရာတော် အရှင်ပညာသာမိ	၂၁၄

မန္တလေးသာသနာဝင်

(ပဠိတ္ထိသတိမတွဲ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	- ဉာဏဝံသဓဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဉာဏဝံသ	၂၉၂
	- ဥတ္တမာစာရပရမဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဥတ္တမ	၂၉၄
	- အဘိဓမ္မတ္ထသရူပဝိဘာဂကျမ်းပြု သမ္မတခုံမင်းကြီး ဦးလန်း	၂၉၆
	- ပညာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ပညာလင်္ကာရ	၃၀၃
	- သာသနသောဓကဆရာတော် အရှင်စန္ဒဇောတိ	၃၀၉
၁၁။	**အရှေ့ပြင် မတ္တရာတိုက်သာသနာဝင်**	၃၁၁
	- သုဇာတာဘိဓဇာဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်သုဇာတ	၃၁၁
	- သီလာစာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သီလ	၃၁၂
	- ဆရာတော်အရှင်နန္ဒိယ	၃၁၃
	- ဆရာတော်အရှင်စန္ဒဇောတိ (ဇလွန်ဆရာတော်)	၃၁၃
၁၂။	**အတုမရှိသာသနာဝင်**	၃၁၇
	- အတုမရှိကျောင်းတော်ကြီး	၃၁၈

မန္တလေးသာသနာဝင် (ဆ)

(ပဠိုဝိသတိမတွဲ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	- နန္ဒသာရသိရီသဒ္ဓမ္မဓဇရာဇဂုရု နန္ဒသာရသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု နန္ဒာဘိဓဇာဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်နန္ဒသာရ	၃၂၈
	- အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ဉာဏ	၃၂၉
	- အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သုဓမ္မာဝင် အတုမရှိတိုက် ရွှေနန်းတော်ကျောင်း ဆရာတော်ဘုရားကြီး စျာပနပင့်လျှောက်လွှာ	၃၃၁
	- ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ) သုဓမ္မာပဌမအချုပ် နိုင်ငံတော်ဩဝါဒါစရိယ ဆဋ္ဌသံဂါယနာပါဠိဝိသောဓက ဆရာတော်အရှင်နန္ဒိယ	၃၃၂
	- သာသနာ့သမိုင်းအတွက် အချက်အလက် တစိတ်တဒေသပေးသည့်စာ	၃၃၅
	- ဆရာတော်အရှင်သူရိယ	၃၃၇
၁၃။	**မှန်ကျောင်းသာသနာဝင်**	၃၃၉
	- ဉာဏဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုနှင့် ဉာဏဝံသာဘိဓဇအတုလာဓိပတိသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဉာဏဝံသ	၃၄၃

(၈)

မန္တလေးသာသနာဝင်

(ပဠိတ်ပါဠိတော်)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	- ဂုဏာလင်္ကာရမဟာဝေါဟာရဂုဏ် ဂုဏာလင်္ကာရမဟာဝေါဟာရဏာဓိရာဇဂုဏ်နှင့် ပဌမဦးဆုံး 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဂုဏ	၃၄၆
	- ဆရာတော်အရှင်တိဿ	၃၄၉
	- ဂန္ဌဝူရပဌမကိတ္တိကဝိဝေမဟာဝေါဟာရဂုဏ်နှင့် ဂန္ဌဝူရအလင်္ကာရမဟာဝေါဟာရဏာဓိရာဇဂုဏ် ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဂန္ဌဝူရ	၃၅၀
	- မဟာဝေယျာပုည်ကျောင်းတိုက်မှ ပရိယတ္တိသာသနာ့တက္ကသိုလ်ကျောင်းတိုက်ဖြစ်ခြင်း	၃၅၃
၁၄။	**ကုသိုလ်တော်သာသနာ့ရိပ်သာ**	၃၅၅
	- ဆရာတော်အရှင်ဗုဒ္ဓဝံသ	၃၅၅
၁၅။	**ဝဇိရာရာမသာသနာဝင်**	၃၅၇
	- အဂ္ဂဝေါဟာလင်္ကာရကဝိဝေမဟာဝေါဟာရဏာဓိရာဇဂုဏ် ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်အဂ္ဂဝေါဟာလင်္ကာရ	၃၅၉
	- ပညာသိရီသဒ္ဓမ္မကဝိဝေမဟာဝေါဟာရဏာဓိရာဇဂုဏ် ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ပညာသိရီ	၃၆၄
	- မဟာဗောဓိကျောက်စာ	၃၆၇
	- ဆရာတော်အရှင်ဂ့ိတ္တိ, ဆရာတော်အရှင်စိတ္တရ	၃၈၉

မန္တလေးသာသနာဝင် (ဗျ)

(ပဠိုရိသတိမတွဲ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	- အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ကေတုမာလာလင်္ကာရ	၃၈၉
၁၆။	**သက်ပန်းသာသနာဝင်**	၃၉၆
	- ဥယျဓမ္မာဘိဓေသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ပဌမသက်ပန်းဆရာတော် အရှင်ဥယျ	၃၉၇
	- ပဒုမာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ပဒုမ	၄၀၀
	- အာဒိစ္စာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်အာဒိစ္စ	၄၀၂
	- ကေတုမာလာဘိကဝိဓေမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ကေတုမာလာ	၄၀၄
	- ရွှေစည်သာသနာ့ရိပ်သာဖြစ်ခြင်း	၄၀၈
	- ရွှေစည်သာသနာ့ရိပ်သာသိမ်သမုတ်ပွဲကြီး	၄၀၈
	- သိမ်အောင်မင်္ဂလာထောမနာစာတမ်း	၄၀၉
၁၇။	**မဟာဝိဇယာရာမ ခင်မကန်သာသနာဝင်**	၄၁၉
	- ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဆရာတော်အရှင်မဏိဇောတာလင်္ကာရ	၄၂၁
	- ဆရာတော်ဦးခါး	၄၂၅
	- ဆရာတော်အရှင်အရိယာဝံသမဟာထေရ်	၄၂၆

(ည)

မန္တလေးသာသနာဝင်
(ပဠိတိပကတ်)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	- အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဝိလာသ	၄၃၀
	- ဆရာတော်အရှင်နရိန္ဒ, ဆရာတော်အရှင်စန္ဒိမာ	၄၃၂
	- ဆရာတော်အရှင်သုမန	၄၃၂
	- မုနိန္ဒာဘိဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်မုနိန္ဒ	၄၃၃
	- ဆရာတော်အရှင်စန္ဒိမာ (ဟာသ်ာတလယ်တီဆရာတော်)	၄၃၄
	- အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်အဂ္ဂဓမ္မာဘိဝံသ	၄၃၆
	- အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ပညာ	၄၄၀
	- အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်နန္ဒဝံသ	၄၄၄
	- သက်တော်ရှည်ဆရာတော်ဘုရားကြီး အရှင်ဉာနုတ္တရ	၄၅၁
	- သာသနဓဇသိရိပဝရဓမ္မာစရိယ ဆရာတော်အရှင်ပဏ္ဍာဝံသ	၄၅၄
၁၈။	**မဟာဓမ္မိကာရာမ (စလင်းတိုက်ဟောင်း) သာသနာဝင်**	၄၅၇
	- ကလျာဏဇောတသာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ကလျာဏ	၄၅၉

မန္တလေးသာသနာဝင်

(ပဠိတ်သတိမတွဲ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
-	ကေတုမာလာဓာတိဝရမဟာဓမ္မရာဇဂုရု ကေတုမာလာတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ကေတုမာလာတိဓဇအတုလာဓိပတိသိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဆရာတော်အရှင်ကေတု	၄၆၂
-	သုဇာတာတိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သုဇာတ	၄၆၂
-	ဆရာတော်အရှင်သုဘောဂ	၄၆၃
-	ဆရာတော်အရှင်ဓမ္မ	၄၆၃
-	ဆရာတော်အရှင်ကေသရ	၄၆၃
-	စလင်းတိုက်ပဌမစာချ ဆရာတော်အရှင်ဇယန္တ	၄၆၄
-	ဖက်ပင်အိုင် ဆရာတော်ဘုရားကြီးအရှင်ဒီပ	၄၇၈
-	သာသနာပိုင်ဆရာတော်ဘုရားကြီး၏ အမိန့်တော်စာချွန်	၄၈၄
-	တံဆိပ်တော်ရ သုဓမ္မာဝင်ဆရာတော်ကြီးတို့၏ အမိန့်တော်စာချွန်	၄၈၅
-	ဆရာတော်အရှင်ဥာဏဝရ	၄၈၉
-	စလင်းတိုက်စာချဆရာတော်များ	၄၉၀
-	သင်ကြိုဟ် စုဒ် စောဒနာဂဏ္ဌိကျမ်းပြု စလင်းတိုက်ပဌမစာချ အလုံမြို့ သာစည်ရွာ လေးထပ်ကြီးဆရာတော်	၄၉၀

မန္တလေးသာသနာဝင်

(ပဠာဝိသတိမတွဲ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	- မဟာဓမ္မိကာရာမစလင်းတိုက်သင်ကြိုဟ်ချနည်း	၄၉၄
၁၉။	ဆင်တဲတိုက်သာသနာဝင် (အရှေ့ပြင်)	၅၂၁
	- သာဂရဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု	
	သာဂရဓဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု	
	သာဂရဝံသဓဇအတုလာဓိပတိသိရီပဝရ	
	မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ၃-ထပ်ရ	
	ဆရာတော်အရှင်သာဂရ	၅၂၂
	- နောက်ဆက်ဆရာတော်များ	၅၄၂
၂၀။	မဟာဝိဇိတာရာမ (တောင်စလင်းတိုက်)	
	သာသနာဝင်	၅၄၄
	- ကေတုဓဇာဘိပဝရမဟာဓမ္မရာဇဂုရု	
	ကေတုဓဇာဘိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု	
	ကေတုမာလာဘိဓဇအတုလာဓိပတိသိရီပဝရ	
	မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ	
	ဆရာတော်အရှင်ကေတု	၅၄၅
	နန်းတော်ဌမိန့်ကြားခြင်း	၅၅၁
	- 'အလောသုံးဆယ်'ဟူသော စကားအကြောင်း	၅၅၅
	- 'ယောင်သုံးဆယ်'ဟူသောစကားဖြင့်	
	မိန့်ကြားတော်မူခြင်း	၅၅၇
	- 'သပ်မျှားသည်'ဟူသောဥပမာဖြင့်	
	မင်းတုန်းမင်းတရားအား မိန့်ကြားတော်မူခြင်း	၅၅၉

မန္တလေးသာသနာဝင် (ပဠိတိပိဋကတ်)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
-	'မိန်းမဟုဆိုလျှင် အရှင်းသား ထိုးကွင်းကြောင့် အတွေးရကြပ်သည်'ဟူသော ဥပမာဖြင့် ဋီကာဖွင့်ကို မိန့်တော်မူခြင်း	၅၆၁
-	ယစ်မျိုးငါးပါးနှင့်စပ်လျဉ်း၍ လျှောက်ထားချက်ကို ရှင်းလင်းမိန့်ကြားတော်မူခြင်း	၅၆၃
-	တပည့်-ဦးပဉ္စင်းတို့၏ ပျင်းရိခြင်းကို ကြက်ကုပ်ထုံးပြ၍ ဆုံးမတော်မူခြင်း	၅၆၅
-	မြင့်မိုရ်တောင်အကြောင်း အခေါင်းရှိ/မရှိ ငြင်းခုံ၍ ဖျင်း,အ,ပုံကိုပမာထားလျက် ဒကာမျှားအား မိန့်ကြားခြင်း	၅၆၇
-	ဒကာလျှောက်ပုံကို ငခုံဆရာတော်စကားနှင့် မိန့်ကြားဖြေရှင်းတော်မူခြင်း	၅၆၉
-	ပဌမစာချဆရာတော် အရှင်ဇယန္တ	၅၇၅
-	ပဌမစာချဆရာတော် အရှင်နန္ဒ	၅၇၆
-	ပဌမစာချဆရာတော် အရှင်ဉာဏိန္ဒ	၅၇၆
၂၁။	**မန္တလေးသာသနာဝင် ပဠိဝိသတိမတွဲကျမ်း အပြီးသတ်ခြင်း**	၅၈၀

*** ♦ ***

မန္တလေးသာသနာဝင်
ပဠဝိသတိမတွဲ
ကျမ်းစာအုပ်အလျှုရှင်

=======

၁။ ထိုင်ဝမ်နိုင်ငံမှ (ဓမ္မဝံသကျောင်းသစ် ဆရာတော်
ဘဒ္ဒန္တကုသလ အရှင်စင်တောက်
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ)

၂။ ဟောင်ကောင် ရှီယစ်ကော်ပိုးရေးရှင်းမှ -
ရန်ကြိန်ရှင်း၊ ညက်ရှယ်လျန်၊ ကျန်းဝေ့ရှိ၊
ရန်ကြိန်ဟောက်၊ ဝေကျောင်းယူ မိသားစုများ။

၃။ ထိုင်ဝမ်နိုင်ငံ လင်းဂျူးတောင် ဗုဒ္ဓသာသနာပြုအဖွဲ့
တပည့် - ဒါယကာ ဒါယိကာမများ မှ စုပေါင်းလှူဒါန်း
သော နဝကမ္မ အလှူတော်ငွေများဖြင့် ဤစာအုပ်
ကို ပုံနှိပ်ထုတ်ဝေ၍ ဓမ္မဒါနပြု လှူဒါန်းကြပါသည်။

■■■

ဘဒန္တ ကုမာရ
အဂ္ဂမဟာပဏ္ဍိတ
ပဓာနနာယကသံဃာတော်
မဟာသီမံတော်ကြီးပရိယာတ္တိစာသင်တိုက်
အမှတ်-၅၅၀၊ မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၁ ၇၅၉၅၅ ၊ ၀၁-၃၇၀၉၆၁

ရက်စွဲ

သို့/

ညွှန်ကြားရေးမှူးချုပ်
သာသနာရေးဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန
နေပြည်တော်

အကြောင်းအရာ။ ။ သုတေသနလုပ်လိုသော ပုဂ္ဂိုလ်များအတွက် မန္တလေးသာသနာဝင်ကျမ်းစာ (အတွဲ- - - ၂၁၊၂၂၊၂၃၊၂၄၊၂၅)များ ရိုက်နှိပ်ထုတ်ဝေခွင့်ပြုရန်ကိစ္စ။

၁။ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ခဲ့ကြသော ဆရာကြီးဦလှမောင် (နိုင်ငံတော်ကောင်စီဝင်)နှင့် ဦးကြည်ညွှန့်(ဒု-ဝန်ကြီး၊သာသနာရေးဝန်ကြီးဌာန)တို့၏ လျှောက်ထားချက်အရ ဘုန်းကြီး၏ အနန္တကျေးဇူးရှင် ဆရာတော်အရှင်ကေလာသ (အဂ္ဂမဟာပဏ္ဍိတ၊ ဘီအေ ဂုဏ်ထူး) မထေရ်မြတ်က ရေးသားပြုစုရှိ မန္တလေးသာသနာဝင် (ပဌမတွဲ မှ ပဉ္စမိသတိမတွဲအထိ) ၂၅-တွဲကို ရေးသားပြုစုရှိ တစ်တွဲလျှင် လက်နှိပ်စက်စာမူ ငါးမူစီကို ဦးကြည်ညွှန့် (ညွှန်ကြားရေးမှူးချုပ်)အား ပေးအပ်ခဲ့ပါသည်။

၂။ ယင်းစာမူများအနက် ပဌမတွဲမှ ပဉ္စမတွဲအထိသာ (ငါးတွဲကို) သာသနာရေးဦးစီးဌာနက ရိုက်နှိပ်ပြန့်ဝေခဲ့ပါသည်။

၃။ ဘုန်းကြီးသည် ဆရာတော်၏ စာမူများဖြစ်သော-
(က) ပင်းယသာသနာဝင်ကျမ်း၊
(ခ) ဝိမုတ္တိမဂ္ဂ (သီဟိုဠ်မူမှ မြန်မာပါဠိစာမူ)
(ဂ) အဘိဓာန်နိဒါန်းစာမူတို့ကို ကွန်ပျူတာစာစီ၍ တစ်အုပ်လျှင် (၅၀၀)စီ ရိုက်နှိပ်လျှူဒါန်းပူဇော်ခဲ့ပါသည်။
(ဃ) ပုဂံသာသာဝင်
(င) အင်းဝသာသနာဝင်၊
(စ) အမရပူရသာသနာဝင်ကျမ်းစာတို့ကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က ရိုက်နှိပ်ပြန့်ဝေလျက်ရှိပါသည်။

၄။ ဆရာတော်၏ စာကြည့်တိုက်မှ မန္တလေးသာသနာဝင် (၂၁-မှ ၂၅)အထိ လက်နှိပ်စက်စာမူကြမ်းများကို တာဝန်ရှိဆရာတော်များက ပေးလိုက်သဖြင့် လက်ခံရရှိခဲ့ပါသည်။

(တ) သာသနာရေးဦးစီးဌာနသို့ ခွင့်တောင်းစာ

၅။ ယင်းစာမူကြမ်းများကို ကွန်ပျူတာစာစီ၍ သင့်လျော်သည့်အခါ သုတေသီများလေ့လာရန် တစ်စတွဲလျှင် (၃၀၀)အုပ်စီ ရိုက်နှိပ်၍ စာကြည့်တိုက်များ သုတေသီများသို့ ဓမ္မဒါနအဖြစ် လှူဒါန်းပူဇော်၍ ဆရာတော်၏ အနုနှစ်ကျေးဇူးဂုဏ်များကို ပေးဆပ်လိုပါသဖြင့် ရိုက်နှိပ်ထုတ်ဝေခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရက်စွဲ။ ။ ၁၃၇၄-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၉)ရက်
၂၀၁၂-ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်၊ ကြာသပတေးနေ့

ဘဒ္ဒန္တ
ဓမ္မဘာဏကထိက
ပရိယတ္တိသာသနာတော်
မဟာသီဟဝတီကြီးကြီးပြုရေးနှင့်ကာကွယ်ရေး
ဗဟုသုတနှင့်ပြည်သူ့ပညာရေးကော်မတီ
ရန်ကုန်မြို့။

ဗဒ - 37096

မိမိ၏ အနန္တကျေးဇူးရှင်
ဆရာသခင် ထေရ်အရှင်မြတ်၏
ကျေးဇူးဂုဏ်ကို အာရုံပြုရည်မှန်းလျက်
အမျိုးဘာသာ သာသနာအကျိုး
သယ်ပိုးဆောင်ရွက်လိုသော
စေတနာ သဒ္ဓါတရားသက်သက်ဖြင့်သာ
ဤ ကျမ်းစာအုပ်ကို လက်နှိပ်စက်မှုမှ
(ကွန်ပျူတာစီ)ပုံနှိပ်မှုသို့ ပုံနှိပ်ထုတ်ဝေ၍
ဝမ္မဒါနပြု လှူဒါန်းခြင်းဖြစ်ပါသည်။

အရှင်ကုမာရ
အဂ္ဂမဟာပဏ္ဍိတ

ရက်စွဲ။ ။၁၃၇၆-ခုနှစ်၊ နယုန်လပြည့်နေ့။
၂၀၁၄-ခုနှစ်၊ ဇွန်လ(၁၂)ရက်၊ ကြာသပတေးနေ့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

စာအမှတ်၊ ၀၁ / ၇- စာမူစိစစ်/ သသန (စာမေးပွဲ)
ရက်စွဲ ၊ ၂၀၁၂ - ခုနှစ် ၊ နိုဝင်ဘာလ ၁၆ ရက်

ဆက်ဆက်ပါရန်

ဆရာတော်ဘဒ္ဒန္တကုမာရ
(အဂ္ဂမဟာပဏ္ဍိတ)
သိမ်တော်ကြီးပရိယတ္တိစာသင်တိုက်
အမှတ်၅၅၀၊ မဟာဗန္ဓုလလမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

အကြောင်းအရာ။ ပုံနှိပ်ခြင်းမပြုရသေးသည့် မန္တလေးသာသနာဝင်ကျမ်းများ ပုံနှိပ်ခွင့်ပြုရန် မေတ္တာရပ်ခံ လာခြင်းကိစ္စပါဘုရား

၁။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက်၊ ကျမ်းပြုဆရာတော်ဘဒ္ဒန္တကေလာသ (အဂ္ဂမဟာပဏ္ဍိတ၊ ဘီအေဂုဏ်ထူး) ရေးသားပြုစုခဲ့သည့် ပုံနှိပ်ကျန်ရှိနေသော မန္တလေးသာသနာဝင်ကျမ်း (အတွဲ-၂၁ မှ ၂၅ထိ) လက်နှိပ်စက်စာမူများကို ကျမ်းပြုဆရာတော်၏ စာကြည့်တိုက်မှ ရရှိထားသဖြင့် သာသနာရေးဦးစီးဌာနမှ ရိုက်နှိပ်ပုံနှိပ် အစီအစဉ်မရှိသေးပါက စောင်ရေ(၃၀၀)စီပုံနှိပ်၍ ဓမ္မဒါန လှူဒါန်းလိုပါကြောင်း မေတ္တာရပ်ခံစာကို လက်ခံရရှိပါသည်ဘုရား။

၂။ ဆရာတော်ပြုစုသော ကျမ်းစာများသည် သုတေသီပုဂ္ဂိုလ်များအတွက် အကျိုးများ၍ ရှားပါးသော ကျမ်းစာများဖြစ်ပါသဖြင့် ဆရာတော်၏ဆန္ဒအတိုင်း ပညာပါရမီ ကုသိုလ်ဒါနပြုနိုင်ပါကြောင်းနှင့် ပုံနှိပ်ပြီးကျမ်းစာများကိုလည်း သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိ စာကြည့်တိုက်များသို့ လှူဒါန်းနိုင်ပါရန် ရိုသေစွာလျှောက်ထားအပ်ပါသည်ဘုရား။

(မိုးကော်ရှေ)
ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

- ညွှန်ကြားရေးမှူး၊စာမေးပွဲဌာနခွဲ၊ သာသနာရေးဦးစီးဌာန
  (ဆရာတော်၏ မန္တလေးသာသနာဝင်အမှတ်-၆မှ ၁၈ထိစာမူများ ကျမ်းပြုဌာနခွဲ၌ ရှိမရှိ စိစစ်တင်ပြပေးရန်)
- လက်ခံစာတွဲ
- မျှောစာတွဲ

မန္တလေးသာသနာ၀င်
ပဋ္ဌဝိသတိမတွဲ ဖြစ်ပေါ်လာပုံ

မိမိ၏ အနန္တကျေးဇူးရှင်ဖြစ်တော်မူသော ဆရာတော် အရှင်ကေလာသ (၀မ္မာစရိယ, ဂဏ၀ါစက၊ B.A.ဂုဏ်ထူး သီရိလင်္ကာ, အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်သည် ဝိရိယခတ် လွန်ကဲတော်မူလှပါသည်။ နေ့စဉ် ခတွတ္ထ သင်္ဂဟ, အဘိဓာနပ္ပဒီပိကာ, ၀မ္မပဒ, အပါဒါန်အစရှိသော အာဂုမ်နှုတ်တက် အရ ကျက်ထားသော ကျမ်းစာများကို ပြန်လှန်အလွတ်ရွတ်ဆိုခြင်း အစရှိသော စာကျက်စာပြန် လုပ်ငန်းတို့ကိုလည်း ပရိစယ အာသေ၀နသတ္တိဖြစ်အောင် အားထုတ်တော်မူပါသည်။ နိကာယ်ပိဋကတ်တော်တို့ကို ချပို့ရန် အတွက် ပြင်ဆင်ခြင်း လုပ်ငန်း၊ ကျမ်းစာပြုစုရေးသားမှုလုပ်ငန်းတို့ဖြင့်သာ လူဘ၀၏အချိန်ကို တန်ဖိုးရှိရှိ အသုံးချနိုင်သော ပုဂ္ဂိုလ်မြတ်ဖြစ်ပါသည်။

၁၃၇၃-ခုနှစ်၊ ၀ါဆိုပြီးချိန်၌ နောင်တော်အရင်းပမာဖြစ်သော ဝိမုတ္တိ တောင်ဆရာတော် အရှင်ဇောတိကထေရ်၏ ကျန်းမာရေးကိစ္စကို ကြည့်ရှုရန်နှင့် မဟာ၀ံသပါဠိ(သီဟိုဠ်မှ)စာအုပ်ကို ခေတ္တဌားရမ်းလိုမှု အစရှိသောကိစ္စဖြင့် ပခုက္ကူသို့ သွားရောက်ခဲ့ပါသည်။ မဟာ၀ံသပါဠိစာအုပ်လည်း အရှင်ပညာသီဟ (ဂဏ၀ါစက)ထေရ်၏ ကူညီရှာဖွေပေးမှုကြောင့် ရရှိခဲ့ပါသည်။ အရှင်ပညာဇောတ (တိုက်အုပ်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ)နှင့် အရှင်ပညာသီဟ (ဂဏ၀ါစက၊ တိပိ ဋီကာလင်္ကာရ)ထေရ်များက ကျေးဇူးတော်ရှင် ဆရာတော်ဘုရား၏ မန္တလေး သာသနာ၀င် (တိုက်ပရိုက်တာစာမူကြမ်း)များကို ရှာဖွေစုဆောင်းထားကြပြီး မပျောက်မပျက်စေရန် တပါတည်းယူသွားဖို့ လျှောက်ထားကြသဖြင့် မိမိလည်း စာအုပ်များကို ကတ္တူပုံးဖြင့် ထည့်၍ယူခဲ့ပါသည်။ တပည့်-အရှင်တေဇောဘာသ (၀မ္မာစရိယ၊ M.A.)က ကွန်ပျူတာစာစီပေးပါမည်ဟု လျှောက်ထားသဖြင့် တွေ့ရှိ သည့်စာမူများကို ကောက်ယူပြီးပေးလိုက်ပါသည်။ ကွန်ပျူတာစာစီမူများကို ရရှိလာသည့်အခါမှ မန္တလေးသာသနာ၀င်၊ စတုဝိသတိ မတွဲ ဖြစ်နေသည်ကို သိရပါသည်။

ထိုအချိန်မှစ၍ ကတ္တူပုံးထဲကစာမူများကို တစ်တွဲစီထုတ်၍ စိစစ်ကြည့်သည့်အခါ ကေ၀ိသတိမတွဲ-မှ ပဋ္ဌဝိသတိမတွဲအထိ စာအုပ် ၅-အုပ်စာ ဖြစ်နေကြောင်း သိရှိရပါသည်။ ကွန်ပျူတာစာစီလုပ်ငန်း အတော်အသင့် ပြီးစီးနေ

သဖြင့် ပြီးစီးသည့်ကျမ်းစာမှစ၍ စာအုပ်အဖြစ် ရိုက်နှိပ်ရန် ဆုံးဖြတ်ရပါတော့သည်။ သို့ဖြင့် -

= ၂၀၁၃-ခုနှစ်၊ ဇူလိုင်လတွင် မန္တလေးသာသနာဝင် အတွဲ-၂၄ (စတုဝိသတိမတွဲ)ကျမ်းကို ပထမအကြိမ်အဖြစ်လည်းကောင်း၊

= ၂၀၁၃-ခုနှစ်၊ စက်တင်ဘာလတွင် မန္တလေးသာသနာဝင် အတွဲ-၂၁ (ဧကဝိသတိမတွဲ)ကျမ်းကို ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊

= ၂၀၁၃-ခုနှစ်၊ ဒီဇင်ဘာလတွင် မန္တလေးသာသနာဝင် အတွဲ-၂၂ (ဒွါဝိသတိမတွဲ)ကျမ်းကို တတိယအကြိမ်အဖြစ်လည်းကောင်း၊

= မန္တလေးသာသနာဝင် အတွဲ-၂၅ (ပဉ္စဝိသတိမတွဲ)ကျမ်းကို ၂၀၁၄-ခုနှစ်၊ မေလတွင် စတုတ္ထအကြိမ်အဖြစ်လည်းကောင်း ထုတ်ဝေလျှက်ဒါန်းနိုင်ခဲ့ပြီဖြစ်ပါသည်။

မန္တလေးသာသနာဝင်ကျမ်းစာ ပဌမတွဲမှ ပဉ္စဝိသတိမတွဲအထိ ကျမ်းစာများကို သာသနာရေးဦးစီးဌာနသို့ ဆရာတော် သက်တော်ထင်ရှားရှိစဉ်က ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းကျမ်းစာများအနက် ပဌမတွဲမှ ပဉ္စမတွဲအထိ စာအုပ်အဖြစ် သာသနာရေးဦးစီးဌာနက ရိုက်နှိပ်ထုတ်ဝေပြီးဟု သိရပါသည်။ ကျန်အတွဲများ ယခုအချိန်အထိ ထုတ်ဝေသည်ကို မတွေ့ရသေးပါ။

ထို့ကြောင့် မန္တလေးသာသနာဝင် (စာမူကြမ်း) ၅-တွဲကို သုတေသီတို့အတွက် ရိုက်နှိပ်လျှဒါန်းခွင့်ပြုပါရန် (နိုဝင်ဘာ ၈-ရက်၊ ၂၀၁၂)နေ့စွဲပါစာဖြင့် ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာနသို့ တင်ပြခွင့်တောင်းခံခဲ့ပါသည်။ (နိုဝင်ဘာ ၁၆-ရက်၊ ၂၀၁၂)နေ့စွဲပါစာဖြင့် ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာနက ခွင့်ပြုခဲ့ပါသည်။ စာမူများသည် ဆရာတော်ဘုရား ပြန်လည် စိစစ်ခြင်းမရှိသေးသော လက်နှိပ်စက်စာမူများဖြစ်ပါသည်။ သို့ဖြစ်၍ လက်နှိပ်စက်စာမူများကို မိမိသင့်သလို ပြန်လည်စိစစ်၍ စာအုပ်အဖြစ် ရိုက်နှိပ်လျှဒါန်းခြင်း ဖြစ်ပါသည်။

ပြန်လည်စိစစ်ရန်ကိစ္စမှာ - မိမိမကျွမ်းကျင်သော လုပ်ငန်းဖြစ်နေ၍ မစိစစ်နိုင်တော့ပါ၊ သုတေသီများ လိုအပ်သလို အသုံးပြုနိုင်ရန် ရိုက်နှိပ်လျှဒါန်းခြင်း ဖြစ်ပါသည်။ သို့အတွက် လိုအပ်ချက်များ၊ မှားယွင်းချက်များ အသင့်အတင့်

ပါရှိနေသည်ကို ပြင်ဆင်၍ အသုံးပြုတော်မူပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မိမိသည် ဆရာသခင် အနန္တကျေးဇူးရှင်၏ ဗုဒ္ဓသာသနာ့သမိုင်း မှတ်တိုင်များအဖြစ် စိုက်ထူခဲ့သော ကျမ်းစာတို့ကို အနန္တကျေးဇူးဂုဏ်တော်များကို တတ်နိုင်သမျှ ပူဇော်လိုသဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထို "မန္တလေးသာသနာ၀င် ပဠဝီသတိမတွဲ ကျမ်းစာအုပ်" ထွက်ပေါ်လာရေးအတွက် 'မောင်မြင့်နိုင်' က စိတ်ရှည်ရှည်ဖြင့် ကွန်ပျူတာစာစီပေးပြီး လက်နှိပ်စက်မူကြမ်းတို့မှတစ်ဆင့် ကွန်ပျူတာစာမူဖြစ်အောင် ဆောင်ရွက်ပေးကြပါသည်။ ကွန်ပျူတာစာစီ၍ အချောမူများဖြစ်အောင် ဆရာ့တပည့် (မြစ်ကျိုး)က ပြန်လည်ပြင်ဆင် မွမ်းမံပေးပါသည်။

တပည့်ဖြစ်သူ- ဒေါက်တာအရှင်ဥက္ကဋ္ဌ (ဆရာ့တပည့်-မြစ်ကျိုး)နှင့် အရှင်နန္ဒသီရိ (ရွှေမြေ-နန္ဒ)တို့က ကျမ်းစာအုပ်ပုံစံဖြစ်အောင် အဖက်ဖက်ကပုံဖော်ဆောင်ရွက်ပေးကြပါသည်၊ စေတနာရှင်များက ထက်ထက်သန်သန်ဖြင့် လှူဒါန်းထောက်ပံ့ကြပါသည်။ ပုံနှိပ်တိုက်, စာအုပ်ချုပ် လုပ်အားရှင်များကလည်း ပံ့ပိုးကူညီကြပါသည်။ ဤအကြောင်းတရားပေါင်းများစွာ၏ ကျေးဇူးပြုမှုကြောင့် ကျမ်းစာအုပ်အဖြစ် စတုတ္ထအကြိမ် ပေါ်ထွက်လာသော "**မန္တလေးသာသနာ၀င်၊ ပဠဝီသတိမတွဲ**" မိမိ၏ အနန္တကျေးဇူးရှင်၏ သာသနာပြုလုပ်ငန်းကို သုတေသီတို့လက်သို့ အရောက် ပို့ဆောင်ပေးလိုက်ပါသည်။ ကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်အားလုံးတို့ကိုလည်း ကျေးဇူးတင် ဝမ်းမြောက်ဝမ်းသာစွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

သုဇနာနံ ပသာဒါယ၊ သုဇနဿ ဝိရုဇ္ဈိယာ။
သုဇနာနံ ကမ္မံ ကတ္တာ၊ ပဏ္ဍိတာ သုဇနာ သဒါ။

အရှင်ကုမာရ
(အဂ္ဂမဟာပဏ္ဍိတ)
ဒုတိယပါမောက္ခချုပ်ဆရာတော်
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
၁၉-၉-၂၀၁၃၊ ကြာသပတေးနေ့။

ဆရာပြုရာ
ဤကျမ်းစာ
သာသနာအတွက် ဖြစ်ပါသည်။

တန်ဖိုးသိသိ
တန်ဖိုးရှိ
ကဝိရှင်လူ ယူကြမည်။

ဆရာ့ကျေးဇူး
ဂုဏ်အထူး
အထူးသိ၍ ဆပ်ပါသည်။

မန္တလေးသာသနာ၀င်
ပဠာ၀ိသတိမတွဲ

နမော တဿ
ဘဂ၀တော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
---***---

ဗုဒ္ဓပ္ပဏာမ

သာသနံ ပဋ္ဌပေတ္တာန၊ စိရံ ဣဒံ သုမာပယိ။
၀န္ဒာမိ သိရသာ တမ္မိ၊ ဂန္ထကိစ္စေ သုသံယုတေ။

ယော ဘဂ၀ါ= ဘုန်းတော်မကိုင်ရှိ ဆောင်းစိုက်တော်မူ သယမ္ဘူထွတ်ထား အကြင်မြတ်စွာဘုရားသည်။ သာသနံ-သာသန-ဝံသံ= သဒ္ဓမ္မသုံးဖြာသာသနာတော် အနွယ်အဆက်ကို။ ပဋ္ဌပေတ္တာန= ကရုဏာရှေးရှု တည်ထားတော်မူပြီး၍။ ဣဒံ= ဤသဒ္ဓမ္မသုံးဖြာ သာသနာတော်ကို။ စိရံ= ရှည်ကြာမြားမြောင် နှစ်ငါးထောင်ရှည် ကာလတည်တံ့အောင်။ သုမာပယိ= ဝေနေယျားစွာ သတ္တ၀ါအား သံသာနှောင်ညွှတ် လွတ်ရန်ရည်ရော် ဖန်ဆင်းတည်ထောင်တော်မူခဲ့ လေပြီ။ တမ္မိ ဘဂ၀န္တံ= ဘုန်းတော်မကိုင်ရှိ ဆောင်းစိုက်တော်မူ သယမ္ဘူ ထွင့်ရှိထား ထိုမြတ်စွာဘုရားကိုလည်း။ ၀ါ= သဒ္ဓမ္မသုံးဖြာ သာသနာကို ကာလကြာရှည် တည်အောင်ဖန်ဆင်း တရားမင်းထွတ်ထား ထိုမြတ်စွာ ဘုရားကိုလည်း။ ဂန္ထကိစ္စေ= ကျမ်းပြုစာချ ကိစ္စအ၀ဝ၌။ သုသံယု-တေ= ပညာသံ၀တ္တနိက ရှေးကမ္မကြောင့် မကွာနေ့ညှ ယှဉ်ခွင့်ပြုခွင့် ကို ရရှိပါသော။ အဟံ= အရှင်ကေလာသ ခေါ်ဝေါ်ကြသား နှစ်ပါး နာမ်ရုပ် အကျွန်ုပ်သည်။ သိရသာ= ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ၀န္ဒာမိ= ဆယ်လက်မြှောက်မိုး ရှိခိုးပါ၏။ ၀ါ= သဒ္ဓါအစွမ်း ပညာ လွှမ်းလျက် ခိုးမွမ်းပါ၏။

[မိမိသည် မန္တလေးသာသနာဝင် ပဠိုဝိသတိမတွဲ ကျမ်းကြီး ကို ပြုစုရေးသားမည်ဖြစ်ရာ အန္တရာယ်ကင်းပျောက် ကျမ်းပြီး မြောက်ဖို့ ဆန္ဒကဲပို အလိုရှိပါသည်။ သို့ဖြစ်၍ ဘုရား မြတ်စွာအား ရှိခိုးပါသည်။ ဘုရားမြတ်စွာအား ရှိခိုးပူဇော်ရ သဖြင့် ဗုဒ္ဓါရမ္မဏာပီတိဖြင့် ကာယဗလ, ဉာဏဗလတွေ ပြည့်လျှံပြီး၍ မန္တလေးသာသနာဝင် ပဠိုဝိသတိမတွဲကျမ်းကြီး ပြီးစီးအောင်မြင်လိမ့်မည်ဟု ယုံကြည်ပါသည်။]

■

ဓမ္မပဌာမ

ဗုဒ္ဓေါပိ ဘာဝေတွာ စေဝ၊ သစ္စိကတွာ နိဗ္ဗုရံ။
တံ ဓမ္မံ အဘိဝန္ဒါမိ၊ ဗုဒ္ဓတ္တံ သမုပါဂတော။

ဗုဒ္ဓေါပိ= သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည်လည်း။ ဝါ= သစ္စာလေးပါး တရားသိမြင် ဘုရားရှင်သည်သော်မှလည်း။ ယံ ဓမ္မံ= အကြင်မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်ထင်ပေါ် တရား တော်ကို။ နိဗ္ဗုရံ= အစဉ်မပြတ် ကြားမလပ်အောင်။ ဘာဝေတွာ စေဝ= ဖြစ်စေတော်မူပြီး၍လည်းကောင်း။ ဝါ= ပွားစေတော်မူပြီး၍ လည်းကောင်း။ သစ္စိကတွာ= ကိုယ်ထိလက်ရောက် မျက်မှောက်ပြု တော်မူပြီး၍လည်းကောင်း။ ဗုဒ္ဓတ္တံ= ဘုရားမြတ်စွာ၏အဖြစ်သို့။ ဝါ= ဘုရားမြတ်စွာ ဖြစ်ကြောင်းဖြစ်ရာ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတ ဉာဏ်တော်သို့။ သမုပါဂတော= ကိလေသာစက် သုံးထောင်ဝက်ဟူ ရန်သူအားလုံး ချေမှုန်းဖျက်ဖျောက် ရောက်တော်မူခဲ့လေပြီ။ တံ ဓမ္မံပိ[1]= ထိုမဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်ထင်ပေါ် တရားတော်

၁။ ဗုဒ္ဓေါပိ-က အပိ-ကို ဤဓမ္မမှိ-ဟူ၍ တံ ဓမ္မံ-နောင်လည်း လိုက်ဆိုင်၍ ယောဇနာသည်။

မြတ်ကိုလည်း။ အဘိဝန္ဒာမိ= ဘယလာဘ စသည်အပြစ် မည်စ်မလူး အထူးအားဖြင့် ရှိခိုးပါ၏။

[မိမိသည် ကျယ်ဝန်းခက်ခဲလှသည့် မန္တလေးသာသနာဝင် ပဋ္ဌဝိသတိမတွဲကျမ်းကြီးရေးရာ၌ တရားတော်ကို ရှိခိုးပြီး၍ လည်း ကာယဗလ, ဉာဏဗလတွေ ထူထောင်လိုသဖြင့် "ဗုဒ္ဓေါပိ ဘာဝေတွာ စေဝ" အစရှိသောဂါထာဖြင့် တရားတော်ကိုလည်း ရှိခိုးပါသည်။]

■

သံယပွဏာမ

သြရသာနံ မုနိန္ဒဿ၊ မာရသေနဝိယာတိနံ။
ပုတ္တာနံ အရိယသံယံပိ၊ ဂဏံ ဝန္ဒာမိ အာဒရံ။

မုနိန္ဒဿ= အဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေသုံးလူ့ဆွေဖြစ်တော်မူသော မြတ်စွာဘုရား၏။ သြရသာနံ= တရားရင်နှစ် သားတော်စစ်ဖြစ်တော်မူကြကုန်သော။ မာရသေနဝိယာတိနံ= မာရ်နတ်,မာရ်နတ်၏ ကိလေသာစစ်တပ်အားလုံးကို ချေမှုန်းဖျောက်ဖျက် တော်မူကြကုန်သော။ ပုတ္တာနံ= သားတော်တို့၏။ ဂဏံ= သန္ဓာတွက်စစ် ရှစ်ပါးအပေါင်းဖြစ်သော။ အရိယသံယံအပိ= ကိလေ-သာဟူ မြူမျှမကပ် အရိယာသံယာတော်မြတ်ကိုလည်း။ အာဒရံ= လေးမြတ်ကြည်ညို ရိုသေလှစွာ။ ဝန္ဒာမိ= ရှိခိုးပါ၏။ ဝါ= ဂုဏ်တော်ရည်စူး ကြည်နူးလှစွာ ချီးကျူးထောမနာပါ၏။

[မိမိသည် အရိယာသံယာတော်အပေါင်းကိုလည်း "သြရ-သာနံ မုနိန္ဒဿ" အစရှိသောဂါထာဖြင့် ရှိခိုးပါသည်။ ယင်း-သို့ အရိယာသံယာတော်မြတ်တို့ကို ရှိခိုးရသဖြင့် ချီးကျူးပူဇော်ရသဖြင့် အန္တရာယ်ဟူသမျှ မြူမျှမကပ်မရောက်ပါပဲ ဤမန္တလေးသာသနာဝင် ပဋ္ဌဝိသတိမတွဲကျမ်းကြီးလည်း ပြီးခဲ့

(ယ) **မန္တလေးသာသနာဝင် (ပဠိတိမတွဲ)**

သော မန္တလေးသာသနာဝင်ကျမ်းပေါင်း ၂၄-ကျမ်းကဲ့သို့ အောင်လံစိုက်ဆောက် ပြီးမြောက်လိမ့်မည်ဟု ယုံကြည်ပါသည်။]

■

အာစရိယပဏာမ

နမာမိ ထေရသေဋ္ဌေပိ၊ တိပေ၊ကဝိသာရဒေ။
သီလာဒိဂုဏသံယုတ္တေ၊ ထေရေသု နိန္နမာနသော။

ထေရေသု= မဂ္ဂိုဏ်ဗဟို လေးရောင်စိုသည့် မြင့်မိုရ်ဆယ်ဆ ကျေးဇူးကြီးလှသော အနန္တဂုဏ်အင် ဆရာသခင် ထေရ်အရှင်မြတ်တို့၌။ နိန္နမာနသော= ညွတ်ယိမ်းကိုင်းရှိုင်းသော စိတ်ရှိသော။ အဟံ= အရှင်ကေလာသ ခေါ်ဝေါ်ကြသား နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။ တိပေ၊ကဝိသာရဒေ= ပါဠိ အဋ္ဌကထာ ဋီကာခန်းခန်း ကျမ်းဂန်အရပ်ရပ်တို့၌ ရွံ့ရှားခြင်းကင်း နှံ့စပ်ရဲတင်းတော်မူကြကုန်သော။ သီလာဒိ-ဂုဏသံယုတ္တေ= သီလသမာဓိပညာဂုဏ်၌ ယှဉ်တော်မူကြကုန်သော။ ထေရသေဋ္ဌေပိ= ဆရာတော်အရှင်နန္ဒိယ, ဆရာတော်အရှင်ဥက္ကံသာ-ဘိဝံသဟူသော ထေရ်မြတ်တို့ကိုလည်း။ နမာမိ= သဒ္ဓါဖြူဆွတ်ဦးညွတ်ရှိခိုးပါ၏။

[ပျံ့လွှန်တော်မူကြပြီးဖြစ်သော ပခုက္ကူမြို့, မဟာဝိသုတာရာမ တိုက် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ်, မန္တ-လေးမြို့, ဒက္ခိဏာရာမဘုရားကြီးတိုက် နိုင်ငံတော်သံဃ-မဟာနာယက အမရပူရကျောင်းဆရာတော် အရှင်ဥက္ကံသာ-ဘိဝံသတို့အား မိမိအား စာဆိုစေ၍ ရည်ရွယ်ချက်ကြီးမား စွာဖြင့် စာပေချပို့ပေးတော်မူကြသည်။ ထိုဆရာတော်မြတ်တို့ကိုလည်း ရိုသေမြတ်နိုး ရှိခိုးဦးချပါသည်။]

■

အဘိယာစက, ပဋ္ဌာန်

ကရိသာမိ သုသမ္ဘုဏ္ဍံ၊ ဝံသံ သဗ္ဗဂ်ိသောဘနံ။
ယာစိတော ဒီဃဒဿီဟိ၊ မဟာသယေဟိ သာဓုဟိ။

ဝန္ဒိတ္ဝာ= ရတနာသုံးပါး ဆရာသမားတို့ကို ရိုသေမြတ်နိုး ရှိခိုးပြီး၍။ ဒီဃဒဿီဟိ= အရှည်မြော်မြင် သမိုင်းဝါသနာရှိကြကုန်သော။ မဟာသယေဟိ= မြင့်မြတ်သော အလိုကျွန်ုပ်ရှိကြကုန်သော။ သာဓုဟိ= သူ့ကျိုးကိုယ်ကျိုး သည်ပိုးရွက်ဆောင်ပြီးစေတတ်ကုန်သော နိုင်ငံတော်ကောင်စိုဝင် ဦးလှမောင်, သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်တို့သည်။ ယာစိတော= မန္တလေးသာသနာဝင် မည်တွင်ထောက်လှမ်း ကျမ်းကြီးဆောင်ဆောင် တောက်ပြောင်ထိန်ကြည် တည်ထွန်းပါရန် ဖန်ဖန်လေးမြတ် တောင်းပန်အပ်သည်ဖြစ်၍။ သုသမ္ဘုဏ္ဍံ= မယုတ်ကုန်လုံ ပြည့်စုံသော။ သဗ္ဗဂ်ိသောဘနံ= အလုံးစုံ သာသနာဝင် အစဉ်အတိုင်း အစိတ်အပိုင်းတိုင်း၌ တင့်တယ်သော။ ဝံသံ= မန္တလေးသာသနဝံသံ= မန္တလေးသာသနာဝင် ပဋ္ဌဝိသတိမတွဲ ကျမ်းကို။ ကရိသာမိ= ဂန္ထဓူရ ကိစ္စလပ်လျား ချိန်အကြား၌ ရေးသားပြုပြင် စီရင်ပေအံ့။

[ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်, နောက်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင်, နိုင်ငံတော်ကောင်စီဝင်-စသည်ဖြင့် ထင်ရှားသော M.A M.S. B.L-ဒါယကာကြီး ဦးလှမောင်, သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်တို့သည် မိမိအား မန္တလေးသာသနာဝင်ကျမ်းကြီးများ ပြည့်စုံစွာ ရေးသားပြုစုပေးရန် လျှောက်ထားတောင်းပန်ကြသည်။ သို့ဖြစ်၍ မိမိသည် ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် အခြေပြုကျမ်းစာများနှင့် ပိဋကသုံးသွယ်

(လ) မန္တလေးသာသနာဝင် (ပဠိဝိသတိမတွဲ)

[နိကာ်ယ်ငါးရပ် ပါဠိတော်ကျမ်းကြီးများကို အဋ္ဌကထာတွဲ ဖက်၍ ချပို့ခြင်းကိစ္စကြားမှ မန္တလေးသာသနာဝင် ပဠိ-ဝိသတိမတွဲကျမ်းကြီးကို ပြုစိရင်ပါမည်ဟူလို။]

ပဏာမ, အဘိယာစက, ပဌိညာဉ်ပြီး၏။

*** ◆ ***

စည်ပုတ္တရာသာသနာဝင်

စည်ပုတ္တရာကျောင်းတိုက်သည် မန္တလေးမြို့ အရှေ့ပြင် ငါးစို့တိုက်နှင့် မဟာဝိဇိတာရာမစလင်းတိုက်အကြား၌ တည်ရှိလေသည်၊ စည်ပုတ္တရာတိုက်ကား အကာအရံလည်းမရှိ၊ ကျောင်းအဆောက်အအုံလည်း ကောင်းကောင်းမွန်မွန်မရှိတော့ချေ၊ ညံ့ညံ့တစ်ထပ်တိုက်တစ်လုံးသာ ရှိလေသည်။

ကျောင်းနေသံယာလည်း တစ်ခါတစ်ရံ ၂-ပါး၊ ၃-ပါးစသည် ရှိ၏၊ တစ်ခါတစ်ရံ သံယာ လုံးဝမရှိပဲလည်း ဖြစ်၏၊ မန္တလေးမြို့ရှိ ကျောင်းတိုက်များစာရင်းတွင် မပါရှိတော့ချေ။

၀၄ ၄
သမုဒ်းအကျဉ်း

ရွှေဘိုမင်း၏သားတော် မင်းတုန်းမင်းလက်ထက် အမရပူရမြို့တော် မဟာဝိဇိတာရာမတိုက် သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျမမွာဘိဝံသထံ၌ ပညာသင်ကြား ပို့ချသီတင်းသုံးသည့် စည်ပုတ္တရာဇာတိ ဆရာတော်အရှင်သိရိမာအမည်ရှိသော ကျမ်းဂန်တတ် မထေရ်တစ်ပါး ရှိခဲ့လေသည်၊ မင်းတုန်းမင်းတရားကြီး ၁၂၂၁-ခုနှစ်၊ မန္တလေးမြို့နန်းတော်ကို တည်ထောင်တော်မူ၍ စံနေတော်မူသောအခါ ဆရာတော်အရှင်သိရိမာသည်လည်း သာသနာပိုင်ဆရာတော် အရှင်ဥေ ယျနှင့်အတူ ကြွရောက်သီတင်းသုံးတော်မူခဲ့လေသည်၊ မင်းတုန်းမင်းတရားသည် ကျောင်းတိုက်တည်ဆောက်၍ ကိုးကွယ်တော်မူခဲ့လေသည်။

ယင်းကျောင်းတိုက်သည် ဆရာတော်အရှင်သိရိမာ၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော စည်ပုတ္တရာရွာကို စွဲ၍ 'စည်ပုတ္တရာတိုက်'ဟု တွင်လေသည်။

စည်ပုတ္တရာဇာတိကေန၊ ထေရေနေဝ သုမာပိတော။
တေန စည်ပုတ္တရာရာမောတိ၊ ဝေါဟာရော သမဇာယိသော။

■

၁၀ ၉ ၀
သရပရမာလကာရဓမ္မာဓမ္မရာဇာဓရာဇဂုရု
ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သီရိမာ

ဆရာတော်အရှင်သီရိမာသည် စည်ပုတ္တရာတိုက်တည် ကျမ်းဂန်တတ် မဟာထေရ်မြတ် ဖြစ်တော်မူသည်။

ဖွားမြင် ရှင်ရဟန်းပြုခြင်း

ရွှေဘိုခရိုင် စည်ပုတ္တရာရွာ၌ သက္ကရာဇ် ၁၁၇၀-ကျော် ၁၁၈၀-ခန့်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာဝန် ထမ်းဆောင်တော်မူခဲ့လေသည်၊ အမရပူရမြို့တော် မဟာဝိဇိတာရာမတိုက်တော်သို့ ရောက်ရှိ၍ သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျဓမ္မာဘိဝံသနှင့် အခြားကျမ်းဂန်တတ် ဆရာတော်တို့ထံ ပညာသင်ကြားတော်မူခဲ့လေသည်။

စာပေချပို့ခြင်း

အမရပူရမြို့တော်၌ ဘုရားမြတ်စွာသာသနာတော် ပင်လုံးကျွတ်စည်ပင်ပွင့်လင်းစဉ်က သာသနာပိုင်မောင်းထောင်ဆရာတော် အရှင်ဥေ ယျဓမ္မာဘိဝံသထံ အဘယာရာမတိုက်, မဟာဝိဇိတာရာမတိုက်တို့၌ ကျမ်းဂန်တတ်ဂဏာဝါစကစာချ, ရာဇဂုရုဘွဲ့တံဆိပ်တော်ရ မထေရ်မြတ်တို့သည် ၂၀, ၃၀-ခန့် သီတင်းသုံး၍ စာပေချပို့တော်မူကြကုန်၏။ ယင်းစာချဆရာတော်များအနက် အရှင်သီရိမာလည်း ပါဝင်ခဲ့လေသည်။

ရာဇာဓိရာဇဂုရုအလျှုံခံရရှိခြင်း

သက္ကရာဇ် ၁၂၁၇-ခုနှစ်၊ ပဌမဝါဆိုလဆုတ် ၁၄-ရက်နေ့တွင် မင်းတုန်းမင်းတရား လျှုဒါန်းအပ်သော "သိရီပရမာလက်ာရဝေ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလျှုံခံရရှိတော်မူခဲ့လေသည်။ ဆွမ်းဆန်တော်စသည် ထောက်ပံ့လျှုဒါန်းခြင်းကိုလည်း ခံယူရရှိတော်မူခဲ့လေသည်။

ပိဋကတ်တော်ကြပ်ဆရာ

သက္ကရာဇ် ၁၂၁၈-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈-ရက်နေ့မှ စတင်၍ မင်းတုန်းမင်းတရားကြီးပြုလုပ်သည့် ပိဋကတ်တော်များကို ရွှေရေး, မင်ရေး, ကညစ်ရေးတို့ဖြင့် ရေးကူးပူဇော်ပွဲတွင် ရဟန်းပညာရှိ, လူပညာရှိများစွာတို့ ပိဋကတ်တော်များကို သုတ်သင်၍ တင်သွင်းရလေသည်။ ထိုစဉ်က ဆရာတော်အရှင်သီရိမာသည် ပိဋကတ်တော်များကို သဒ္ဒါဗျာကရိုဏ်း, အဘိဓာန်စသည့် ကျမ်းဂန်များစွာတို့ဖြင့် တိုက်ဆိုင်ပြင်ဆင်ရန် မင်းတရား၏ ခန့်အပ်ခြင်းကို ခံယူတော်မူရလေသည်၊ ဆရာတော် အရှင်သီရိမာနှင့်အတူ အခြားဆရာတော် ၉-ပါးလည်း ပါဝင်လေသည်။

မန္တလေးသို့ကြွ၍ သီတင်းသုံး

သက္ကရာဇ် ၁၂၁၉-ခုနှစ်၊ နတ်တော်လဆန်း ၆-ရက်နေ့တွင် သာသနာပိုင်ဆရာတော် အမှူးရှိသည့် သံဃာတော် ၅၀၀-ကျော်တို့နှင့် အတူ မန္တလေးသို့ ကြွတော်မူခဲ့လေသည်၊ ရှေးဦးစွာ ယာယီကျောင်း၌ သီတင်းသုံးရသည်၊ နောက်ကျောင်းပြီးမှ စည်ပုတ္တရာတိုက်သို့ ရွှေ့ပြောင်း၍ သီတင်းသုံးတော်မူရလေသည်။

ပျံ့လွန်တော်မူချိန်

ဆရာတော်အရှင်သီရိမာကား တိုက်တာတည်ပြီး ကြာရှည်စွာ သီတင်းသုံးရသည့်လက္ခဏာ မရှိပါချေ။ တိုက်သစ်၌နေထိုင်၍ မကြာမြင့်မီ ပျံ့လွန်တော်မူဟန် တူပေသည်။

ဘဒ္ဒန္တသီရိမာထေရော၊ သီရိမာ ဓီတိမာ သုဓီ။
ဓုရေ သော ပုရဟိတ္ဘာန၊ ယထာကမ္မံ ဂမီ ဣတော။

သံဝေဂယူရန်

သခ်ၠိရာ နု ဟိ သဿတာ = ရူပ်နာမ်ဓမ္မ သခ်ၠိရတရား တို့ကား မမြဲပါကုန်ချေ။

စည်ပုတ္တရာတိုက် ကြာရှည်မတည်ခဲ့

စည်ပုတ္တရာတိုက်သည် မန္တလေးသာသနာကောင်းကင်၌ ကြာရှည်လေးမြင့်စွာ ထွန်းလင်းတောက်ပခွင့် မရှိခဲ့ချေ။ တိုက်တာတည် ဆရာတော် သက်တော်ရှည်ရှည်နှင့် ပရိယတ္တိကို အပတ်တကုတ် ကြိုးစားချပို့ချိန် မရလိုက်သဖြင့် ပညာရှိတပည့်များ မပေါ်ပေါက်ခဲ့ချေ။ သို့ဖြစ်၍ စည်ပုတ္တရာတိုက်သည် နှစ်တိုတိုဖြင့် ချုပ်ငြိမ်းရလေသည်။

၁၂၄၅-ခုနှစ်၊ တပေါင်းလတွင်လည်း စည်ပုတ္တရာတိုက်၌ ရဟန်းတော်အရှင်စိတ္တရ ကျောင်းကစ၍ မီးစွဲလောင်ရာ ကျောင်းပေါင်း ၃-ကျောင်း ပျက်စီးခဲ့လေသည်၊ သံဃာတော် ၄၀, ၅၀-စသည် ရှိခဲ့ဘူးဟန် ရှိပေ၏။

သုဓောနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
စည်ပုတ္တရာဝုဝံသောယံ၊ သမတ္တော သာဓု ဝဏ္ဏိတော။

စည်ပုတ္တရာသာသနာဝင် ပြီး၏။

■ ■ ■

ငါးစို့သာသနာဝင် (အရှေ့ပြင်)

မန္တလေးမြို့၌ ငါးစို့တိုက်သည် တောင်ပြင်ငါးစို့တိုက်, အရှေ့ပြင်ငါးစို့တိုက်ဟူ၍ နှစ်တိုက်ရှိလေသည်၊ တောင်ပြင်ငါးစို့တိုက်မှာ မန္တလေးမြို့တောင်ပြင် ဒကွိုဏာရာမဘုရားကြီးတိုက်ကြီး၏ အနောက်တောင်ဖက်၌ တည်ရှိလေသည်။[1]

ငါးစို့တိုက်ကြီးကား ကျယ်ဝန်း၏၊ ကျောင်းတိုက်တွင်း၌ အထက်တန်းကျောင်းကြီး ဖွင့်ထား၏၊ ဆရာတော်နေသော ကျောင်း အဆောက်အအုံနှင့် အခြားအဆောက်အအုံများ ရှိလေသည်၊ ယခု အခါ၌ ရဟန်းတော် ၇၀၀-ခန့် လောကီပညာရပ်များကို ယင်းကျောင်းကြီး၌ တက်ရောက်သင်ကြားလျက် ရှိပေသည်။

သမိုင်းအကျဉ်း

မန္တလေးတောင်ပြင်ရှိ ငါးစို့တိုက်သည် အမရပူရမြို့ ကောင်းစားစဉ်က တည်ရှိသော ကျောင်းတိုက်ဖြစ်လေသည်၊ ယခင်က အမရပူရမြို့ မြောက်ပြင်ငါးစို့တိုက် ဖြစ်လေသည်။

မန္တလေးမြို့ အရှေ့ပြင်၌တည်ရှိသော ငါးစို့တိုက်မှာ ဖော်ပြပါ ငါးစို့တိုက်မှ တိုက်ခွဲတည်ထောင်ခဲ့သော ကျောင်းတိုက်ဖြစ်လေသည်။

အာစာရာရမ္ဘဇေသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်အာစာရ

ဆရာတော်သည် သက္ကရာဇ် ၁၂၀၃-ခုနှစ်လောက်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ဘွဲ့တော်မှာ အရှင်အာစာရာရမ္ဘ ဖြစ်လေသည်။

---

[1] မန္တလေးသာသနာဝင်။ ၃-ကြည့်။

ရွှေကျင်ဆရာတော်ထံ ပညာသင်

သက်တော်အရွယ် ငယ်စဉ်ကပင် မန္တလေးမြို့မြောက်ပြင် ရွှေကျင်ငါးတိုက်၏အရှင် ရွှေကျင်ဂိုဏ်းဂဏ၏ အဓိပတိဦးစီး မဟာနာယကဖြစ်တော်မူသော ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရထံ ရောက်ရှိ၍ ပညာသင်ကြားတတ်မြောက်တော်မူခဲ့လေသည်။

ငါးစုံ့တိုက်အဓိပတိဖြစ် ရာဇာဓိရာဇဂုရုတံဆိပ်တော်အလှူခံရ

မန္တလေးမြို့အရှေ့ပြင် ငါးစုံ့တိုက်၌ နာယကဖြစ်၍ နှစ်ပေါင်းများစွာ သာသနာပြုတော်မူခဲ့လေသည်၊ ၁၂၄၆-ခုနှစ်၊ သက်တော် ၄၃-နှစ်အရှိတွင် မာရ်အောင်ရတနာစေတီတော်ဒါယကာ သီပေါမင်းတရား ဆက်ကပ်လှူဒါန်းအပ်သော "အာစာရာရမ္ဘဇေသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

သီပေါမင်း ပါတော်မူပြီးနောက် တိုက်တာမှထွက်ခွာ၍ ဇာတိဖြစ်သော တောရွာသို့ပြန်ကြွ၍ သာသနာပြုရင်း ဘဝပြောင်းခဲ့လေသည်။

ဘဒ္ဒန္တအာစာရော ထေရော၊ ငါးစုံ့အာရာမဏ္ဍသရော။
သမ္မာစာရံ စရိတ္တာန၊ ယထာကမ္မံ ဂမီ သုဓီ။

သံဝေဂယူရန်

ဥပ္ပဇ္ဇနော = ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်ပေါ်ခြင်းသည်။ ဒုက္ခော= ဆင်းရဲလှချေ၏။

အနုပ္ပဇ္ဇနော = ရုပ်နာမ်နှစ်ပါးတို့၏ မဖြစ်ခြင်းသည်။ သုခေါ= ချမ်းသာလှချေ၏။

ဆရာတော်အရှင်နရိန္ဒ

ဆရာတော်အရှင်နရိန္ဒသည်လည်း ငါးစို့တိုက်၌ အကြီးအကဲ ဆရာတော်တစ်ပါး ဖြစ်တော်မူသည်၊ အဌသာလိနီဂဏ္ဌိသစ်စသည့် ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော မြို့ပြင်ကြီးဆရာတော် အရှင်စန္ဒဝံသာလင်္ကာရမဟာထေရ်ထံ အဘိဓမ္မာဆိုင်ရာ ကျမ်းဂန်များကို သင်ကြားတော်မူခဲ့လေသည်။

ထို့ကြောင့်ပင် ဆရာတော်အရှင်နရိန္ဒသည် အဘိဓမ္မာဆိုင်ရာ ကျမ်းဂန်များ၌ ကျွမ်းကျင်တတ်မြောက်တော်မူလေသည်၊ ငါးစို့တိုက်၌ အကြီးအကဲဖြစ်၍ စာပေပို့ချ သာသနာပြုတော်မူခဲ့လေသည်၊ စာပေပို့ချ သာသနာပြုနေသော်လည်း သေမင်း၏ရန်သူကို မတားဆီးနိုင်သဖြင့် ယင်းလုပ်ငန်းကို ထားရစ်ကာ သေမင်းခေါ်ရာ လိုက်ပါရလေသည်။

ဘဒ္ဒန္တနရိန္ဒော ထေရော၊ ငါးစို့ဝံသော ဘိပါကဋ္ဌော။
ကိစ္စေ သော ကုရုမာနောဝ၊ အာနိတော ယောရမဗ္ဘုနာ။

သံဝေဂယူရန်

* ကိုယ်နှင့်ရှယ်တူ၊ ကိုယ့်အောက်လူ၊ ကြီးသူသေကြမှားလှပြီ။
* ခဏမစဲ၊ အိုစမြဲ၊ ကိုယ်လည်း သေဘက်နီးလှပြီ။
* သေနေ့စေ့က၊ တစ်နေ့ကျ၊ ငါလည်း သေရမည်။

ဆရာတော်အရှင်သောမ

ဆရာတော် အရှင်သောမသည် ငါးစို့တိုက်၌ စာပေချပို့, ကျမ်းဂန်ပြုစု၍ သီတင်းသုံးခဲ့သော မထေရ်မြတ်ဖြစ်တော်မူသည်။ ရှေးကဗဒုံ ယခုအခါ အလုံမြို့နယ်အပါ အရာတော်ရွာ၌ သက္ကရာဇ် ၁၁၉၉-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်၊

ဘွဲ့တော်မှာ အရှင်သောမဟူ၍လည်းကောင်း, အရှင်သောမာဘိဝ ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြကုန်၏။

ပညာသင်ကြားခြင်း

"ပဒုမာဘိဝေသဒ္ဓမ္မဝံသအတုလာဓိပတိမဟာဝမ္မရာဇာဓိ-ရာဇဂုရု" ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော မဟာဗိုလ်ဆရာ-တော်ဘုရားကြီး အရှင်ပဒုမ, မန္တလေးမြို့ မဟာဝမ္မိကာရာမတိုက် ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရနှင့် အရှေ့ပြင် မဟာ-ဝိသုဒ္ဓါရာမတိုက် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး အရှင်ဝိသုဒ္ဓါ-စာရတို့၏အထံ၌ စာပေကျမ်းဂန်များစွာတို့ကို သင်ကြားတတ်မြောက်တော်မူခဲ့လေသည်၊ ရွှေကျင်ဆရာတော်ဘုရားကြီးတို့က အရှင်သောမ အား များစွာ ချီးမြှောက်တော်မူကြသည်။

ငါးစို့တိုက်၌ စာပေပို့ချ

ကျေးဇူးရှင်ဆရာသမားများ၏ ခွင့်ပြုချက်အရ ငါးစို့တိုက်၌ ကြာမြင့်စွာ သီတင်းသုံးနေထိုင်၍ စာပေပို့ချ၍ သီတင်းသုံးတော်မူခဲ့ လေသည်၊ ထို့ကြောင့် ငါးစို့စာချ အရှင်သောမဟု ထင်ရှားလေသည်၊ နောက်တွင် ကျိုက်လတ်၌ သီတင်းသုံးသဖြင့် ကျိုက်လတ်ဆရာတော် အရှင်သောမဟု ထင်ရှားလေသည်၊ စာပေကျမ်းဂန်၌ စံနစ်တကျ လိမ္မာတတ်မြောက်သော ပုဂ္ဂိုလ်မြတ်ဖြစ်လေသည်၊ စစ်ကိုင်းတောင်ရိုး ကျိုက်လတ်ချောင်၌လည်း သီတင်းသုံးတော်မူဘူးသည်။

ကျမ်းဂန်ပြုစုခြင်း

ဆရာတော်အရှင်သောမသည် ကျမ်းဂန်များကိုလည်း ရေး-သားတော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ ဝိဘတျတ္ထဋ္ဌိကာသစ်ပါဠ်၊
၂။ ပါမောဇ္ဇဒီပနီကျမ်း၊
၃။ သုဂတိဒီပနီကျမ်း၊
၄။ ဗောဓိသမ္ဘာရပကာသနီကျမ်း၊
၅။ သဒ္ဒသာရသံခိပ်ကျမ်း၊
၆။ ဓမ္မဝါစကူပဒေသစာတမ်း- စသည်တို့ဖြစ်ကုန်၏။

ဝိဘတျတ္ထဋ္ဌိကာသစ်ပါဠ်

သဒ္ဒါဝေယ်ကျမ်းများတွင် ဝိဘတျတ္ထပါဠ်သည် ဝိဘတ်အနက်များကို ဖော်ပြရာ ကျမ်းကောင်းကျမ်းမွန်ဖြစ်၍ စာသင်, စာပြင်, ကျမ်းပြုပုဂ္ဂိုလ်တို့ မြတ်နိုးကြ၏၊ ယင်းကျမ်း၏အဖွင့် ဋ္ဌိကာသစ်ဆရာ-တော် အရှင်သောမသည် ကျယ်ဝန်းစွာ ရေးသားစီရင်တော်မူခဲ့လေသည်။ ကျမ်းဦးဠ်-

ဝဏ္ဏကံဝဏ္ဏကံ ဗုဒ္ဓံ၊ ဝိဘဇ္ဇကံ ပဏာမျဟံ။
ဝိမလံဝိမလံ ဓမ္မံ၊ သံဃံသံဃံ နိရုဏ်ဏံ။

ယေစာစေရေပနိဿာယ၊ ဒီနစက္ကမ္မိ ဝုမ္မိကော။
ဝိညုပတ္တောမ္မိ ဝန္ဒိတ္တာ၊ အာဒရံ တေပိ သိရသာ။

ဟူသောနှစ်ဂါထာဖြင့် ရတနတ္တယပဏာမ ပြုတော်မူခဲ့လေသည်၊ မဟာဗိုလ် ဆရာတော်ဘုရားကြီးကိုလည်း-

ပဒုမံ ပဒုမော ယေဝ၊ ကိလေသေ ပဒုနော့တိ ဝါ။
မဟာဗိုလ်တိ စ ဝေါဟာရံ၊ နတ္တာ ဂုရုံပိ မေ ဝရံ။

ဟူသောဂါထာဖြင့် သီးခြား ဂုရုပဏာမ ပြုတော်မူခဲ့လေသည်၊ ယင်းဝိဘတျတ္ထဋ္ဌိကာသစ်ကို အရှင်ဝိစာရိန္ဒထေရ် တောင်းပန်သဖြင့် ရေးသားရကြောင်းကိုလည်း-

ဝုဗိုသာသနကာမေန၊ ဝိစာရိန္ဒေန ထေရေန။
အာယာစိတောပိ တံ တသ်၊ ဝိဘတ္တိဿ ဋီကာဟံ။

ဟူသောဂါထာဖြင့် ကျမ်းဦးဌ် ဆက်လက် ဖော်ပြတော်မူခဲ့လေသည်၊ ယင်းဝိဘတ္တိဋီကာသစ်ကျမ်းကို ရန်ကုန်မြို့ သုဓမ္မဝတီပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ရွှေင်ဆိုက်စာမျက်နှာ ၉၀-ကျော် ရှိလေသည်။

သဒ္ဒသာရသံခိပ်ကျမ်း

ဗျာကရုဏ်းကျမ်း သဒ္ဒါကျမ်းတို့ကို လေ့လာရာ၌ အရေးတကြီး လိုအပ်သောအချက်အလက်တို့ကို လက်ဝယ်ပေါက်, စကားပြေတို့ဖြင့် တန်ဆာဆင်၍ အကျဉ်းဆောင်မှတ်ဖွယ်ရာ သဒ္ဒသာရသံခိပ်ကျမ်းကိုလည်း သက်တော် ၈၀-ကျော် ပစ္ဆိမအရွယ်တွင် ရေးသားတော်မူခဲ့လေသည်၊ ယင်းသဒ္ဒသာရသံခိပ်ကျမ်းတွင် သန္ဓိသဒ္ဒ-သာရသံခိပ်ကျမ်းဦးဌ်-

"ဝတ္ထုတ္တယ၊ ပဏာမံ၊ သန္ဓံကရောမိ။
စာသင်ယှိုနှ၊ အခြေပြု၊ ကြည့်ရှုရုံနှင့်သိ။
သန္ဓိမိပွါယ်၊ အကျဉ်းသွယ်၊ အကျယ်မျှားစွာသိ။
လျှာထိုးလေးထပ်၊ စပ်အာဂမော၊ ဒီယာဒိကော၊ အာဂမော၊
သဘောဟူ၍သိ။"

ဟူသော သံပေါက်ကဗျာ ၄-ပုဒ်ဖြင့် ရတနတ္တယပဏာမ, ပကရဏပယောဇဉ်, ပဋိညာဉ်တို့ကို ပြုခဲ့လေသည်၊ ၎င်းကျမ်းမှာ ဒီမိုင်းဆိုက်စာမျက်နှာ ၆၀-သာ ရှိလေသည်။

မေမ္ဘဝါစကူပဒေသစာတမ်း

ပဠမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး လက်ထက်တော်တွင် ဘုရားရှင်သာသနာ စည်ပင်ခိုင်ဖြိုးတိုးတက်ခြင်းအကျိုးငှာ သံဃရာဇာ သာသနာပိုင်ဖြစ်ထိုက်သောပုဂ္ဂိုလ်, ဂိုဏ်းချုပ်, ဂိုဏ်းအုပ်,

ဂိုဏ်းထောက်, ဥပုသ်ခေါင်းဖြစ်ထိုက်သောပုဂ္ဂိုလ်များကို ရွေးချယ်စိစစ်လျက် ဂုဏ်ရည်အလျောက် ချီးမြှောက်ထိုက်ရာ အရာထူးများကို အသီးသီးလွှဲအပ်၍ သာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်၊ ပရိယတ္တိသာသနာသည် သာသနာတော်သုံးရပ်အနက် မူလပင်မဖြစ်၍ ထူးထူးခြားခြား ချီးမြှောက်တော်မူလို၍ တတိယစာချအဂ်ါ, ဒုတိယစာချအဂ်ါ, ပဌမစာချအဂ်ါ, တံဆိပ်တော်ရဆရာတော်အဂ်ါများကို ပိုင်းခြား၍ ၎င်းအဂ်ါနှင့်ညီညွတ်မှ ပဌမ, ဒုတိယ, တတိယစာချအရာ တံဆိပ်တော်ရ ဆရာတော်အရာ ခန့်ထားချီးမြှောက် ဆွမ်းဆန်တော်စသည်များ ထောက်ပံ့တော်မူလေ့ရှိသည်၊ ယင်းအစီအရင်များ ပျောက်မသွားအောင် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးက စာတမ်းတစ်ခုပြုစုရန် ဆရာတော်အရှင်သောမအား တောင်းပန်တိုက်တွန်းတော်မူခဲ့လေသည်၊ ယင်းသို့ တိုက်တွန်းခြင်းကို အရင်းမူ၍ ဆရာတော်အရှင်သောမသည် ဓမ္မဝါစကူပဒေသအမည်ဖြင့် ထွက်, တက်, စာစပ်, ဖွင့်ခြောက်ရပ်နှင့် ပုဒ်ဓာတ်ခွဲပြ အရကောက်မျိုး ကျမ်းရိုးငါးချက် တင်ထွက်မေးဖြေပုံ-စသော စာချအဂ်ါလက္ခဏာကို ပြရာဖြစ်သော ကျမ်းစာငယ်ကို ပြုစုတော်မူခဲ့လေသည်၊ ကျမ်းဦးဌ-

ဝါစကံဝါစကံ ဗုဒ္ဓံ၊ အမလံအမလံ ဓမ္မံ။
သံဃံသံဃံ စ နတ္ဘာယံ၊ ဂဏဝါစကသံဃသဿ။

ဟူသောဂါထာဖြင့် ရတနတ္တယပဏာမ, ပဋိညာဉ်ပြုတော်မူခဲ့လေသည်။

တတိယစာချအဂ်ါ ၃-ပါး, ဒုတိယစာချအဂ်ါ ၄-ပါး, ပဌမစာချအဂ်ါ ၅-ပါး, တံဆိပ်တော်ရဆရာတော်အဂ်ါ ၅-ပါးတို့နှင့် ထောက်ပံ့သည့်ဆွမ်းဆန်တော်များကို ဖော်ပြ၍ အောက်ပါ သံပေါက်လင်္ကာများ ကိုလည်း ရေးသားတော်မူခဲ့လေသည်။

တတိယစာချအင်္ဂါ

၁။ ထွက်, တက်, စာစပ်၊ ဖွင့်ခြောက်ရုပ်၊ စုံအပ်တတိယာ။
၂။ ဆန်သုံးတင်းတန်၊ ပစ္စည်းမှန်၊ ဧကန်ရသင့်ပါ။
၃။ ဧကန်လိုက၊ အင်သုံးဝ၊ နှုတ်ကတက်နာနာ။

ဒုတိယစာချအင်္ဂါ

၁။ ကဝိတစ်ဆူ၊ ဖြစ်လိုမူ၊ နည်းယူ ဤလေးဖြာ။
၂။ လေးဖြာမချို့၊ ရှိသူတို့၊ စာပို့ဒုတိယာ။
၃။ လေးတင်းစားအပ်၊ လူတို့လာဘ်၊ ရှစ်ကျပ်ရသင့်ပါ။
၄။ အကျိုးသုံးဝ၊ ရလိုက၊ လုံ့လရှိမကြာ။

ပဌမစာချအင်္ဂါ

၁။ ကဝိတစ်ဆူ၊ ဖြစ်လိုမူ၊ နည်းယူဤငါးဖြာ။
၂။ ငါးဖြာမချို့၊ ရှိသူတို့၊ စာပို့ပဌမာ။
၃။ ဧကရာဇ်မင်း၊ ထောက်လှူသွင်း၊ ငါးတင်းဆန်တော်မှာ။

တံဆိပ်တော်ရအင်္ဂါ

၁။ ကျမ်းဂန်တတ်ဟိတ်၊ ဘွဲ့တံဆိပ်၊ ခပ်နှိပ်မင်းဆရာ။
၂။ သုံးဆယ်ဒဂ်ီး၊ လစဉ်စား၊ ရခြားမင်းဆရာ။
၃။ ဆရာတော်ရှင်၊ လူတိုင်းပင်၊ ခေါ်တွင်ဖြစ်ဖို့ရာ။

ယင်းဓမ္မဝါစကူပဒေသစာတမ်းမှာ ဒီမိုင်းဆိုက် စာမျက်နှာ ၅၆-ရှိလေသည်။[1]

၁။ သဒ္ဓသာရသံခိပ်ကျမ်း, ဓမ္မဝါစကူပဒေသစာတမ်း, မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၏ ဉာဏောဒယစာစပ်ကျမ်းတို့, တပေါင်းတည်း ပြု၍ ရန်ကုန်မြို့, ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်က ၁၂၈၁-ခု၊ ဝါဆိုလတွင် ပုံနှိပ်ထုတ် ဝေခဲ့သည်။ မန္တလေးသာသနာဝင် ၂၃၊ ဆရာတော် အရှင်သောမလည်းကြည့်။

ပါဠိမြန်မာစွယ်စုံတတ်

ဆရာတော်အရှင်သောမသည် ပါဠိ မြန်မာစွယ်စုံတတ်မြောက်သည့်ပုဂ္ဂိုလ် ဖြစ်လေသည်၊ ပါဠိတတ်ပုဂ္ဂိုလ်အဖြစ်ကို ဝိဘတ္တတ္ထဋ္ဌိကာသစ်ကျမ်းက ဖော်ပြနေ၏၊ မြန်မာမှုကျမ်းကျင်သူအဖြစ်ကို သဒ္ဒသာရသံခိပ်ကျမ်းနှင့် ဓမ္မဝါစကူပဒေသစာတမ်းကျမ်းတို့က ဖော်ပြနေ၏။

ပညာဓိကဘုရားဆုပန်

ဆရာတော်အရှင်သောမသည် ကျမ်းစာပြုစုခြင်းစသည့် ကောင်းမှုပုည အဝဝကြောင့် ပညာဓိကဘုရားဆုကို ပန်ဆင်အပ်တော်မူခဲ့လေသည်။ ယင်းသို့ ပန်ဆင်ကြောင်း-

ဧကေန ပတ္တာန ယမာကရေယျ၊
ပညာဓိကံ ယာဝ ပတ္တာန ယံ အမှိ ပတ္တော။

ဟူသော ဝိဘတ္တတ္ထဋ္ဌိကာသစ်လာ စကားဖြင့် သိသာလေသည်။

ပျံ့လွန်တော်မူခြင်း

ဆရာတော်အရှင်သောမသည် စာပေကျမ်းဂန် ချပို့တော်မူပြီး တပည့်တပန်းတို့အား ပရိယတ္တိအသိဉာဏ်စသည်ကို ပေးတော်မူပြီး သက်တော် ၉၀-ပတ်ဝန်းကျင်လောက်တွင် ပျံ့လွန်တော်မူခဲ့လေသည်။

သောမဓေေ မဟာထေရော၊ သောမောဝ ဓိနသာသနေ။
သောဘနော ငါးစို့ဝံသမှိ၊ အဂမိ တိဒသံ ပုရံ။

■■■

ဆရာတော် အရှင်ပဝရ

ငါးစို့တိုက်မှာ သီပေါမင်းပါတော်မူပြီးနောက် နှစ်ပေါင်းကြာရှည်စွာ ရဟန်းသံယာမှ ဆိတ်သုဉ်းခဲ့လေသည်၊ သို့ဖြစ်၍ ခရစ်ယာန်ဘာသာဝင်တစ်ဦး ဝင်ရောက်နေထိုင်ကာ နွားတိရစ္ဆာန်များကို သတ်ဖြတ်၍ အသက်မွေးခဲ့လေသည်၊ ဆရာတော် အရှင်ပဝရသည် ၁၂၈၈-ခုနှစ်တွင် ဝင်ရောက် သီတင်းသုံးတော်မူခဲ့လေသည်၊ မြန်မာပြည်ဗုဒ္ဓဘာသာ သာသနာပြုကျောင်းကြီးကိုလည်း တည်ထောင်ဖွင့်လှစ်ခဲ့လေသည်။ ထိုစဉ်က ပုသိမ်ဆရာတော် အရှင်ဓမ္မာနန္ဒ, ပွင့်လှသိမ်ကုန်း အရှင်သီဟတို့ ဝါဝင်ကြကာ ဆရာတော်အရှင်ပဝရအား ကူညီကြလေသည်။

ဆာစောချယ်ခေါ် စော်ဘွားကြီး C.I.E [ ] ဦးအုံးခိုင်, နဂါးဒေါ်ဦး၏ဘကြီး ဦးရှင်းတို့ကလည်း မျှားစွာကူညီကြသည်၊ ပဌမအကြိမ် အရှင်ပဝရဦးစီးဆောက်လုပ်ခဲ့သော ကျောင်းကြီးမှာ မီးသင့်၍ ပျက်စီးလေသည်၊ ယခု ကျောင်းကြီးမှာ နောက်ထပ် ဆောက်လုပ်ထားသည့် ကျောင်းကြီးဖြစ်လေသည်။

ဆရာတော်အရှင်ပဝရသည် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရုံးသာရွာ၌ ၁၂၅၉-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့တွင် ဖွားမြင်ခဲ့သည်၊ အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်ခဲ့လေသည်၊ ပခုက္ကူမဟာဝိသုတာရာမတိုက်၌ ၃-နှစ်ခန့် ပညာသင်ကြားခဲ့သည်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌လည်း ၈-နှစ်ခန့် ပညာသင်ကြား သီတင်းသုံးနေတော်မူခဲ့လေသည်။

၁၃၃၂-ခုနှစ်တွင် လောကီအသက်မွေးဝမ်းကြောင်း ပညာရပ်များ သင်ကြားရာ အစိုးရအသိအမှတ်ပြု အထက်တန်းကျောင်းကြီးကို ဖွင့်လှစ်တည်ထောင်ခဲ့လေသည်။ ဆရာတော်သည် နိုင်ငံတော်ဩဝါဒိစရိယ, မြန်မာနိုင်ငံလုံးဆိုင်ရာ ပရဟိတအဖွဲ့ချုပ် ဥက္ကဋ္ဌဆရာလည်းဖြစ်တော်မူသည်၊ သက်တော် ၈၉-နှစ်, သိက္ခာတော် ၆၉-ဝါရရှိရာ ၁၃၄၇-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂-ရက်နေ့၊ ညနေ ၄-နာရီ၊

မိနစ် ၄၀-အချိန်တွင် ပျံလွန်တော်မူခဲ့လေသည်။ အနိစ္စာဝတ သခ်ၢရာ ပါတကား။

သံဃာဦးရေစသည်

ငါးစို့တိုက်၌ မင်းတုန်းမင်း, သီပေါမင်းတို့လက်ထက်က သံဃာ ၁၀၀-ပတ်ဝန်းကျင် ရှိမည်ဟု ခန့်မှန်းမိ၏။ ၁၃၂၄-ခုနှစ်က ရဟန်းတော် ၁၀-ပါး၊ သာမဏေ ၁၅-ပါး၊ နှစ်ရပ်ပေါင်း ၂၅-ပါး ရှိလေသည်၊ ယခုလည်း ၂၅-ပါးခန့်ပင် ရှိလေသည်။ သို့ရာတွင် အထက်တန်းကျောင်း၌ လောကီပညာဘာသာရပ်များကို သင်ကြားသည့် သံဃာဦးရေမှာ ၇၀၀-ခန့်ရှိသည်ဟု သိရလေသည်။

၁၂၄၅-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂-ရက်နေ့တွင် စည်ပုတ္တရာတိုက်မှ စတင်လောင်သည့်မီးကြောင့် ငါးစို့တိုက်ကျောင်းပေါင်း ၃-ကျောင်း မီးသင့်ခဲ့ရလေသည်။[1]

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ငါးစို့သာသနဝံသော ယံ၊ သမတ္တော သာဓု ဝဏ္ဏိတော။

မန္တလေးအရှေ့ပြင်
ငါးစို့သာသနာဝင် ပြီး၏။

*** ♦ ***

၁။ ကုန်းဘောင်ဆက်။ ၃။ ၆၃၄။

မက္ခရာသာသနာဝင်

မက္ခရာကျောင်းတိုက်သည် မန္တလေးမြို့အရှေ့ပြင် အောင်တော်မူရပ်ကွက်၌ တည်ရှိလေသည်၊ ကျောင်းတိုက်ကြီးကား လွန်စွာကျယ်ဝန်းသည်၊ တံတိုင်းမီးတား အကာအရံမရှိပဲ ဟင်းလင်းအပြင်တွေ့မြင်ရ၏၊ ကျောင်းတိုက်အတွင်း၌ ၄-ပင်၊ ၆-ပင် နှစ်ထပ်ကျောင်း ၁-ကျောင်းတည်းသာ ရှိ၏။

သမိုင်းအကျဉ်း

ပဠမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး မန္တလေးမြို့တော်သစ် တည်ထောင်၍ စံတော်မူသောအခါ အမရပူရမြို့ မဟာဝိဇိတာရာမတိုက်၌ သီတင်းသုံးတော်မူသော မက္ခရာဆရာတော် "အာစာရာရမ္ဘကဝိဇဇာဏမဟာခမ္မရာဇာဝိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးသည်လည်း မင်းတုန်းမင်း၏အလိုကျ မန္တလေးမြို့သို့ ကြွတော်မူ၍ မင်းပေးမြေ၌ မက္ခရာကျောင်းတိုက်ကို တည်ထောင်စေတော်မူ၍ သီတင်းသုံးတော်မူ၍ သာသနာပြုတော်မူခဲ့လေသည်၊ မက္ခရာဆရာတော် စတင် တည်ထောင်သီတင်းသုံးတော်မူရာ ဖြစ်သဖြင့် ကျောင်းတိုက်သည် မက္ခရာတိုက်ဟု ထင်ရှားခဲ့လေသည်။

မက္ခရာပုရဇာတိကော၊ ထေရိနော ပဘုတိ ဝသီ။
တေန သော မက္ခရာဝှယော၊ အာရာမော သမစာယတိ။

■

အာစာရာရမ္ဘကဝိဇေဠာဏမဟာဓမ္မရာဇာဓိရာဇဂုရု
အာစာရာရမ္ဘဇာဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
အားပြင့် ဘွဲ့တံဆိပ်တော် ၂-ထပ်ရ

ဆရာတော် အရှင်အာစာရ

ဆရာတော်အရှင်အာစာရသည် မဂ္ဂရာတိုက်ကို စတင်တည်ထောင်တော်မူခဲ့သည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်၊ လောကဓမ္မနှစ်ဌာန၌ ကျွမ်းကျင်တော်မူသဖြင့် သာသနာ့နယ်, လောကနယ် နှစ်ခုလုံးတွင်လည်း ထင်ရှားတော်မူခဲ့လေသည်။

ဆရာတော်သည် လယ်တွင်းကိုးခရိုင်အပါအဝင် မဂ္ဂရာမြို့၌ သက္ကရာဇ် ၁၁၈၀-ပြည့်နှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ဘွဲ့တော်မှာ အရှင်အာစာရဖြစ်လေသည်၊ မိုးနဲ့ဝန် မဟာမင်းခေါင်သည် အရှင်အာစာရ၏ ပစ္စည်းလေးပါးဒါယကာ ဖြစ်လေသည်။

သာသနာပိုင်ထံ
ရောက်ရှိပညာသင်ကြားခြင်းစသည်

သက်တော်အရွယ် ငယ်စဉ်ကပင် အမရပူရမြို့ မဟာဝိဇိတာရာမတိုက်သို့ ရောက်ရှိသီတင်းသုံးကာ သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျဓမ္မာဘိဝံသအထံ၌ စာပေကျမ်းဂန် အတန်တန်ကို သင်ယူ တတ်မြောက်တော်မူခဲ့လေသည်။

သာသနာပိုင်အနီး၌ သာသနာပိုင်အမိန့်ရှိသော စာပေရေးရာအမှုကိစ္စများကို ဆောင်ရွက်ရလေသည်၊ လက်အောက်ငယ်သားများကိုလည်း စာပေချပို့တော်မူ၍ ပရိယတ္တိသာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်။

မင်းတုန်းမင်းတရား၏
"ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

ဆရာတော်အရှင်အာစာရသည် ဥာဏ်ထက်မြက်, စာပေတတ်မြောက်ကျွမ်းကျင်သဖြင့် သက်တော် ၃၇-နှစ်, ၃၈-နှစ်ခန့်တွင် မင်းတုန်းမင်းတရား ဆက်ကပ်လှူဒါန်းသည့် "အာစာရာရမ္ဘကဝိဓေ-ဥာဏမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

ပိဋကတ်ကြပ်ဆရာတော်

သက္ကရာဇ် ၁၂၁၈-ခုနှစ် မင်းတုန်းမင်းတရားကြီး၏ ပိဋကတ်ကျမ်းဂန်များကို ရွှေရေး, မင်ရေး, ကညစ်ရေးဖြင့် များစွာရေးတင်ရာ ပိဋကတ်ရေးကူးပူဇော်ပွဲသဘင်တွင် အရှင်အာစာရသည် ပိဋကတ်ကြပ်ဆရာတော်ဖြစ်၍ ပိဋကတ်တော်များကို အခြားဆရာတော်ကိုးပါးနှင့် အတူ သုတ်သင်ပြင်ဆင်တော်မူခဲ့ရလေသည်။

သီပေါမင်းတရား၏
အဓိပတိပဝရာဇာဓိရာဇဂုရု အလှူခံရရှိခြင်း

ဆရာတော်အရှင်အာစာရသည် မာရ်အောင်ရတနာစေတီတော်ဒါယကာ သီပေါမင်းတရား ဆက်ကပ်လှူဒါန်းအပ်သော "အာ-စာရာရမ္ဘဓေဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း သက်တော် ၆၆-နှစ်ရှိရာ သက္ကရာဇ် ၁၂၄၆-ခုနှစ်က ခံယူရရှိတော်မူခဲ့လေသည်။ ရံဖန်ရံခါ သီပေါမင်းတရားက မက္ခရာဆရာတော် အရှင်အာစာရစသည်ကို ပင့်၍ သာသနာရေးကိစ္စများကိုလည်း ဆွေးနွေးလေ့ရှိ၏။

ကျမ်းဂန်များပြုစုတော်မူခြင်း

ဆရာတော်အရှင်အာစာရသည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ ဆန္ဒလက္ခဏာကျမ်း၊
၂။ ဆန္ဒသေသလက္ခဏာကျမ်း၊
၃။ ပေဒင်ဘက်ဆိုင်ရာကျမ်း- စသည်တို့ ဖြစ်ကုန်၏။

ဆန္ဒလက္ခဏာကျမ်း

ဖော်ပြပါကျမ်းများအနက် ဆန္ဒလက္ခဏာကျမ်းမှာ ဆန်းကျမ်းနှင့် သက်ဆိုင်သမျှ ဝုတ္တောဒယကျမ်း, ဝုတ္တရတနာကရကျမ်း, ဆန္ဒောသာရတ္ထကျမ်း, ဆန္ဒောမဉ္ဇရီကျမ်း, ဆန္ဒောသိက္ခာကျမ်း, သုဗောဓဆန်းကျမ်းစသည်တို့ကို ချဉ်းနင်းကြည့်ရှု၍ အတိမန္ဒ နုလ္ပပုဂ္ဂိုလ် စာသင်ပျိုတို့ မငြိုမငြင် မပင်မပန်း ဆန်းကျမ်းပင်လယ်တွင် အလွယ်တကူ ကူးခတ်နိုင်ရန် ရည်ရွယ်တော်မူ၍ ရေးသားတော်မူခဲ့လေသည်။

မဂ္ဂရာဆရာတော်ဘုရားကြီးသည် သံပေါက်ကဗျာအရေးအသားလည်း ဝါသနာပါ၏၊ ယင်းဆန္ဒလက္ခဏာကျမ်းဌ-

"နိဂ္ဂဟိတ၊ သံယောဂ၊ ဒီဃမှိဂရု။
ရဿသရာ၊ မှိသောခါ၊ သညာခေါ်လဟု။
ဂရုမှာနှစ်၊ လဟုတစ်၊ မလစ်သတိပြု။
အတိမန္ဒ၊ ပုဂ္ဂလ၊ မုချသိဘို့ရာ။
အကျယ်ဖွင့်ပြ၊ ဝိတ္ထာရ၊ လွန်လှသေအချာ။
နုနယ်တပည့်၊ ချီးမွမ်းသည့်၊ ရဲရင့်မြတ်ဆရာ။
နုနယ်တပဲ့၊ ချီးမွမ်းဆဲ့၊ ကဲ့ရဲ့မြတ်ဆရာ။"

စသည်ဖြင့် သံပေါက်ကဗျာတို့ မျှားစွာ ရေးသားဖော်ပြတော်မူခဲ့လေသည်။

ကျမ်းစာပြီးချိန်

ယင်းဆန္ဒလက္ခဏာကျမ်းမှာ ၁၂၅၄-ခုနှစ်၊ ဝါခေါင်လဆန်း ၅-ရက်နေ့တွင် ပြီးဆုံးခဲ့သည်၊ နိဂုံး၌ အောက်ပါ ဧကပိုဒ်လက်ဘဖြင့် နိဂုံးအုပ်ခဲ့လေသည်။

ဇာတိအာဏာ ဝိသယာဟု သုံးဖြာခေတ်သူ ဝေနေဘူ ကို ကြည်ဖြူစွာလှ မနာပဖြင့် အတ္တသမာ စေတနာ ကြောင့် အာစာရမ္ဘ ဉာဏတွင်မည် ငါမထေရ်လျှင် စဉ်စီမယုတ် ဆန်းသမုတ်သော အချုပ်လက္ခဏာ အဓိပ္ပါကို ဝေါဟာသက္က ထောင်နှစ်ရာ့ကယ် ငါးဆယ် လေးခု အစွမ်းပြုသား ရတုဝသံ သရဝဏ်လျှင် ထိန် လျှံဝင်းပြောင် လဝါခေါင်ဟု စန်းရောင်ပက္ခ ဆန်းပဠု တွင် မူသိဂနေ့ ရန်မတွေ့သား တမေ့ယူကျူး ပြီးမြင် ဆုံး၏၊ ထိုဘုန်းသမ္ဘာ ကုသလာကြောင့် ပညာဓိက ဉာဏရောင်လု သဗ္ဗညုတာ ပတ္ထနာကို မကြာလျှင် လျှင် ပြည့်စေခြင်း၏၊ ထို့ပြင်တဝ အနန္တရဟု သံသရ ဘုံ ကြဉ်လည်တုံလည်း ဂုဏ်ပေါင်းမြင့်မြတ် အမျိုး ဇာတ်၌ ဖြစ်လတ်မသွေ တိဟိတ်နေ၍ ထွေထွေဓမ္မ ကလျာဏစာဂီ ပါရမီကို စွမ်းရည်ကုံလုံ ရုံးပေါင်းချုပ် ၍ ပြည့်စုံခလို ထိုကုသလ ပုညအားသန် ဝိဘာဂ်ကို ဝေယံဘုံခြင်း အာဏာလင်းသည့် မင်းထက်မင်းဖျား မင်းတရားနှင့် ဉာထားဒေဝီ မဟေသီရွှေဘော် သား တော်သမီး မှူးကြီးမတ်ရာ သေနာပတိ စသည့်ဥသုံ အလုံးစုံဟု ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ အနန္တစက္ကဝါ သတ္တဝါကို သမာသမေ ရကြောင်းဝေသည် အောင်စေ ကောင်းကြီး ပေးစေသောဝ်။ ။

ယင်းဆန္ဒလက္ခဏာကျမ်းမှာ မန္တလေးမြို့ ရတနာဒီပပုန္နပ် တိုက်၌ ခရစ် ၁၉၀၂-ခုနှစ်က ရိုက်နှိပ်ခဲ့ရာ ဒီမိုင်းဆိုက် ၅၅-မျက်နှာ ရှိလေသည်။

ဆန္ဒသေသလက္ခဏာကျမ်း

ဆရာတော်အရှင်အာစာရသည် ဝုတ္တောဒယဆန်းကျမ်း, ဝုတ္တရတနာကရဆန်းကျမ်းတို့မှ ကြွင်းကျန်သော ဂါထာတို့၏ လက္ခဏာတို့ကိုပြရာ ဆန္ဒသေသလက္ခဏာကျမ်းကိုလည်း ရေးသားတော်မူခဲ့လေသည်။ ကျမ်း၏အစ၌-

တိလောကုက္ကဋ္ဌမာဒိစ္စ–ဗန္ဓုံ ဗုဒ္ဓံ တထာဂတံ။
နမိဝရံ မဟာမုနိံ၊ အဂ္ဂိရသံ နမာမိ တံ။

ဧမ္မသာမိ သယမ္ဘူဟိ၊ သုဒေသိတဿ ဧမ္မပိ။
မုနိနော ရသသုရတံ၊ ဂတံ သံဃဿ ဝန္ဒာမိ။

မန္ဒဇ္ဇနေဟိ သုခေန၊ ဇာနိကတ္ထာယပိ မဟံ။
လိက္ခာမိ ဆန္ဒသေသလ–ကွဏ်ံ ဒါနိ ယထာရဟံ။

ဟူသော ၃-ဂါထာဖြင့် ရတနတ္တယပဏာမ, ပဋိညာဉ်စသည်တို့ကို ဖော်ပြ၍ ကျမ်းကို ရေးသား အားထုတ်တော်မူခဲ့လေသည်။ ကျမ်း၏ အဆုံး၌-

ဣတိ ရတနာပုဗ္ဗမန္တလနဂရသ ပုရိမဒိသာဝိဟာရေ
နိဝါသသိလေန အာစာရမ္ဘကဝိဓောဏာမဟာထေရေန
ရစိတော သော အယံ ဆန္ဒသေသလက္ခဏာဂန္ထော သမတ္တော။

ဟူသော စကားဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်၊ ၎င်းဆန္ဒသေသလက္ခဏာကျမ်းသည် ဒီမိုင်းဆိုက် ၂၃-မျက်နှာသာရှိသည်။

ပရိတ်ကြီး ၁၁-သုတ်ပြင်ဆင်

မက္ခရာဆရာတော်ဘုရားကြီး အရှင်အာစာရသည် ပရိတ်ကြီး ၁၁-သုတ် ပါဠိတော်ကို ဗျာကရုဏ်းကျမ်း, ဆန်းကျမ်းတို့အညီ သုတ်သင်ပြင်ဆင်တော်မူခဲ့လေသည်၊ ရတနသုတ်၌ 'နိသာမေထ သဗ္ဗေ'ကို 'နိသမေထ သဗ္ဗေ'ဟူ၍လည်းကောင်း၊ 'သစ္စာနိ'ဟူ၍လည်းကောင်း၊ 'ဘူမ္မာနိ ဝါ'ကို 'ဘူမာနိ'ဟူ၍လည်းကောင်း စသည်ဖြင့် ပြင်ဆင်တော်မူခဲ့လေသည်။

မေတ္တာသုတ်၌ 'ပဋိယသညာ'ကို 'ပဋိယသည'ဟု ပြင်ဆင်တော်မူခဲ့လေသည်၊ ဗောဇ္ဈင်သုတ်၌ 'မဂ္ဂဟတာ ကိလေသာ'ကို 'မဂ္ဂါဟတာ ကိလေသာ'ဟူ၍ ပြင်ဆင်တော်မူသည်။

သမ္မာသမ္ဗုဒ္ဓဘုရားဆုပန်

ဆရာတော်ဘုရားကြီး အရှင်အာစာရသည် သာသနာတော်၌ နေ၍ သာသနာ့ဝန်ထမ်းရသော ကောင်းမှုပုည အဝဝကြောင့် ပကတိသာဝက, မဟာသာဝက, ပစ္စေကဗုဒ္ဓါဆု တစ်မျိုးမျိုး တောင်းတောင်မမူပဲ သမ္မာသမ္ဗုဒ္ဓသဗ္ဗညုဆုကို တောင်းတောင်မူသည့်ပုဂ္ဂိုလ်ထူး ဖြစ်လေသည်။

ပျံ့လွန်တော်မူခြင်း

မက္ခရာတိုက်ကို စတင်တည်ထောင်တော်မူခဲ့သော မြန်မာမင်း ၂-ဆက်တိုင် ချီးမြှောက်ပူဇော်ခြင်းကို ခံယူတော်မူရသော ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်နှစ်ထပ်ရ ဆရာတော်ဘုရားကြီး ဦးအာစာရသည် သက်တော် ၈၀-ရှိရာ ၁၂၆၀-ပြည့်နှစ်တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

သံဝေဂယူရန်

သတ္ထာဒေဝမနုဿာနံ၊ ဝသီ သောပိ မုနိဿရော။
ဂတောဝ နိဗ္ဗုတိံ သဗ္ဗေ၊ သခ်ါရာ နု ဟိ သဿတာ။[1]

ဒေဝမနုဿာနံ= နတ်လူတို့၏။ သတ္ထာ= သွန်သင်ညွှန်ကြား ဆရာသမားဖြစ်တော်မူသော။ ဝသီ= ဝသီဘော်ငါး စွမ်းအားပိုင်ရှင် ဖြစ်တော်မူသော။ သောပိ မုနိဿရော= ထိုမုနိငါးဖြာ ထွတ်ချာမှန်ကင်း သနင်းဥက္ကင့် ဘုရားမြတ်သည်သော်မှလည်း။ နိဗ္ဗုတိံ= ပရိ-နိဗ္ဗာန် ဝင်စံခြင်းသို့။ ဝါ= နိဗ္ဗူယူသိမ်း ငြိမ်းခြင်းသို့။ ဂတောဝ= ဂတောဧဝ= ရောက်တော်မူရချေသေးသည်သာ။ သခ်ါရာ= ရုပ်နာမ်ဓမ္မ သခ်ါရတို့သည်။ နု ဟိ သဿတာ= မမြဲကုန်သည်သာ။

ဆရာတော်အရှင်သုဝဏ္ဏာ

ဆရာတော်အရှင်သုဝဏ္ဏာသည်လည်း မက္ခရာတိုက်၏ ထင်ရှားသော တိုက်အုပ်ဆရာတော်တစ်ပါး ဖြစ်တော်မူခဲ့လေသည်၊ ဗေဒင်ကျမ်းဂန်တို့၌ တတ်မြောက်ကျွမ်းကျင်သည်၊ တောင်ခွင်သာသနာပိုင် ဆရာတော် လက်ထက်တွင် မဟာသင်္ကြန်အခါနေ့ရက်, ဝါဆိုဝါကပ် အခါနေ့ရက်, ပုဏ္ဏမီအမာဝသီ, တိထိနက္ခတ်အကြောင်းအရာများကို အခြားဗေဒင်ပညာရှိများနှင့်အတူ တွက်ချက်တင်သွင်းရလေသည်။

ဎင်းနောက် အရှင်ကုသလစသော ဆရာတော်များ ဆက်လက်အုပ်ချုပ်တော်မူကြသည်။ မက္ခရာတိုက်ကား ပဌမဆရာတော်ကြီးနောက် ဗေဒင်ဖြင့်ချည်း စခန်းသွားခဲ့သဖြင့် လောကုတ္တရာစာပေသမား ဆိတ်သုဉ်းခဲ့ရာ တိုက်တာသည် မတိုးတက်နိုင်တော့ချေ။

၁။ သုဗောဓာလင်္ကာရ။ ၂၄၀။

ဘုန်းကြီးကျောင်းဟူသည် ဘုန်းကြီးစာပေဖြစ်သည့် ပရိယတ်ကိုသော်လည်း သင်ကြားပို့ချ, ပဋိပတ်ကိုသော်လည်း အားထုတ်ပြသ ပေးမှ ကြီးပွားရိုးမှန်ပေ၏။

သံဃာဦးရေ

မဂ္ဂရာတိုက်၌ ပဌမမဂ္ဂရာဆရာတော်ကြီး လက်ထက်က သံဃာအများဆုံးဖြစ်၏၊ သို့ရာတွင် တစ်ရာခန့်သာ အများဆုံးဖြစ်မည်ဟု မှန်းဆမိပေသည်။ ဆရာတော်မရှိသည့်နောက် သံဃာဦးရေ ပို၍ နစ်လျှော့ခဲ့လေသည်၊ ၁၃၂၄-ခုနှစ်က ရဟန်းတော် ၂-ပါး၊ သာမဏေ ၂-ပါး ရှိခဲ့သည်။ ၁၃၁၁-ခုနှစ်က သံဃာ ၁၅-ပါးသာ ရှိလေသည်။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
မဂ္ဂရာ ဟာသနုဝံသော၊ သမတ္ထော သာဓု ဝဏ္ဏိတော။

မဂ္ဂရာသာသနာဝင် ပြီး၏။

*** ♦ ***

လယ်ကိုင်းတိုက် သာသနာဝင်

လယ်ကိုင်းကျောင်းတိုက်သည် မန္တလေးမြို့အရှေ့ပြင် ဆင်တဲတိုက်နှင့် မကွေရာတိုက်အကြားတွင် တည်ရှိလေသည်၊ ကျောင်းတိုက်အတွင်း ပြဿာဒ်နှင့်တကွ သိမ်ကြီးတစ်လုံး ရှိလေသည်၊ အရံကျောင်းဟောင်းကြီးတစ်ကျောင်းနှင့် အခြားအဆောက်အအုံငယ်များ ရှိလေသည်၊ ကျောင်းဝိုင်းကြီးမှာ ဆယ်ဧကခန့်ကျယ်ဝန်းပြီး တံတိုင်းမီးတားစသည် အကာအရံမရှိပဲ ဟင်းလင်းအပြင် လွင်တီးခေါင်သဖွယ် ဖြစ်လေသည်။

သမိုင်းအကျဉ်း

ပဋ္ဌမသံဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးသည် ရတနာပုံ မန္တလေးမြို့တော် နန်းတော်သစ်ကို တည်ထောင်၍ စံတော်မူရာ၌ မိမိကိုးကွယ်ကျဖြစ်သည့် ဆရာတော်သံဃာတော်များကိုလည်း ပင့်ဆောင်တော်မူခဲ့ရာ လယ်ကိုင်းတိုက် လယ်ကိုင်းဆရာတော်လည်း ပါဝင်ခဲ့လေသည်၊ လယ်ကိုင်းဆရာတော်သည် အမရပူရမြို့ လယ်ကိုင်းတိုက်မှ မြို့တော်တည်ထောင်၍ မပြီးမီ သာသနာပြုဆရာတော်စသည်တို့နှင့်အတူ ကြွရောက်တော်မူ၍ မူလတွင် ယာယီကျောင်း၌ သီတင်းသုံးတော်မူ၍ ကျောင်းတော်ကြီးပြီးမှ ကျောင်းတိုက်၌ သီတင်းသုံးတော်မူလေသည်၊ ကျောင်းတိုက်မှာလည်း မူလအမည်အတိုင်း လယ်ကိုင်းတိုက်ဟူ၍ပင် မှည့်ခေါ်သတ်မှတ်တော်မူလေသည်။

သဒ္ဓမ္မဇေဌသိလာလင်္ကာရမဟာဓမ္မရာဇဂုရု
ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သဒ္ဓမ္မ

ဆရာတော်အရှင်သဒ္ဓမ္မသည် မန္တလေးမြို့ လယ်ကိုင်းတိုက်ကြီး၏ ပဌမဆုံးဆရာတော် ဖြစ်တော်မူသည်။ ဆရာတော်အရှင်သဒ္ဓမ္မ

သည် အမရပူရမြို့ လယ်ကိုင်းတိုက်၌ ကြာရှည်စွာ သီတင်းသုံး၍ စာပေချပို့ခဲ့သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူခဲ့လေသည်။

မင်းတရားကြီး ဆက်ကပ်လှူဒါန်းအပ်သော "သဒ္ဓမ္မဓဇ-သီလာလင်္ကာရမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

မြို့တော်မြေသန့်စင် ပရိတ်တော်ရွတ်ဖတ်

မန္တလေးမြို့သစ် တည်ထောင်လို၍ ရှေးဦးစွာ တောခြုံခုတ်ထွင်၍ မြေသန့်စင်ရာအခါတွင် ဆရာတော်အရှင်သဒ္ဓမ္မသည် အခြားဆရာတော်များနှင့်အတူ မဟာသမယသုတ်, မဟာမင်္ဂလသုတ်, ရတနသုတ်, မေတ္တာသုတ်, ခန္ဓသုတ် ပရိတ်ဒေသနာများကို ရွတ်တော်မူရလေသည်၊ ထိုစဉ်က ပရိတ်ရွတ်ဖတ်တော်မူကြသော ဆရာတော်များမှာ---

၁။ "ကေသရဝံသသဒ္ဓမ္မသိရီမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့ဂ၁်ဆိပ်တော်ရ ယင်းတော်ဆရာတော်။

၂။ "ဇိနာလင်္ကာရမဏိဇောတမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ စံကျောင်းဆရာတော်။

၃။ "သဒ္ဓမ္မဓဇသီလာလင်္ကာရမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ လယ်ကိုင်းဆရာတော်။

၄။ "ခေမာလင်္ကာရဂုဏာကိတ္တိသိရိဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဦးခန္တီ။

၅။ "ပုညာရမ္ဘကဝိဓဇပရမမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပြည်တော်သာဆရာတော်။

၆။ "သြဘာသဉာဏဝရဓမ္မသိရိမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မိတ္ထီလာဆရာတော်။

၇။ "ဝိသုဒ္ဓါစာရသိရီဓဇာဏမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မြေထဲဆရာတော်။

၈။ "ကိတ္တိသာရပရမသိရီဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဇစဉ်ကူးဆရာတော်တို့ ဖြစ်ကုန်၏။ [၁]

ပျံ့လွန်တော်မူခြင်း

အရှင်သဒ္ဓမ္မသည် မန္တလေးမြို့၌ လယ်ကိုင်းတိုက် တည်ထောင်၍ အပြီးတိုင်မရောက်မီ ပျံ့လွန်တော်မူခဲ့လေသည်။

ဘဒ္ဒန္တသဒ္ဓမ္မော ထေရော၊ သဒ္ဓမ္မေ ဘိရတော သုမိ။
ဓုရေ သောဘိယုဠ္ဠိတ္ဝာန၊ ယထာကမ္မံ ဂမိ ဣတော။

သံဝေဂယူရန်

ခိတ္တော ယထာ နဘသိ ကေနစိဒေဝ လေ၎ု၊
ဘူမိ သမာပတတိ ဘာရတယာ ခဏေန။
ဓာတတ္တမေဝ ခလု ကာရဏမေကမေဝ၊
လောကံ သဒါ နနု ဓုဝံ မရဏာယ ဂန္တုံ။ [၂]

ကေနစိဒေဝ= တစ်စုံတစ်ယောက်သောသူသည်သာလျှင်။ နဘသိ= တားဆီးမထင် မိုးဝကောင်းကင်သို့။ ခိတ္တော= ပစ်လွှင့်အပ်သော။ လေ၎ု= သံခဲ ကျောက်ခဲ သစ်သားနှစ်တုန်းစသော ခဲသည်။ ဘာရတယာ= လေးသည်၏အဖြစ်ကြောင့်။ ဘူမိံ= မြေကြီးပေါ်သို့။ သမာပတတိ ယထာ= ပုံသေမုချ ကျရောက်လာသကဲ့သို့။ တထာ=

၁။ မန္တလေးသာသနာဝင်၊ ၄၊ ၁၇။

၂။ တေလကဋာဟဂါထာကျမ်း။ ၁၁-ဂါထာ။

ထို့အတူ။ လောက်= လောကော= သတ္တဝါအပေါင်းသည်။ မရဏာယ= စုတိပြတ်ကြွေ သေလွန်ခြင်းငှာ။ ဝါ= စုတိပြတ်ကြွေ သေလွန်ခြင်းသို့။ ဂန္ဆိ= ရောက်ခြင်းငှာ။ ဇာတတ္တာမေဝ= စွဲလာသနွေ့ တည်နေတုန်လစ် ဖြစ်ရခြင်းသည်သာလျှင်။ ခလုဝုဝံ= စင်စစ်မချွတ် မုချဆတ်ဆတ်သာ လျှင်။ ဧကံကာရဏမေဝ နနု= အကြောင်းတစ်ခုသာလျှင် မဟုတ် လော့။ ဝါ= စင်စစ်ဧကန် အကြောင်းမှန်လှသည်သာ။

သုမနာဘိဓေယ္ယိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သုမန

ဆရာတော်အရှင်သုမနသည်လည်း လယ်ကိုင်းတိုက်ကြီး၏ အကြီးအကဲ နာယကဆရာတော်တစ်ပါး ဖြစ်တော်မူသည်၊ သက္ကရာဇ် ၁၁၉၄-ခုနှစ်လောက် ဘွင် ဖွားမြင်တော်မူခဲ့လေသည်၊ အရွယ်ရောက် သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေ သည်။

စာပေချပို့ခြင်း

အရှင်သုမနသည် အမရပူရမြို့ လယ်ကိုင်းတိုက်စသည်တို့၌ ပညာသင်ကြားပြီး မန္တလေးမြို့သို့ လယ်ကိုင်းတိုက် ရွှေ့လာသောအခါ ပါလာဟန် တူပေသည်၊ လယ်ကိုင်းတိုက်၌ ပဋမစာတော်ချဖြစ်၍ သံယာများစွာတို့ကိုလည်း စာပေချပို့တော်မူခဲ့လေသည်။

မြို့ဆယ်မြို့, မြစ်စဉ်ဝဲယာ သာသနာပြု

သက္ကရာဇ် ၁၂၄၃-ခုနှစ်၊ တန်ခူးလဆုတ် ၅-ရက်နေ့တွင် မာရ်အောင်ရတနာစေတီတော် ဒါယကာ သီပေါမင်းတရားသည် ကျမ်းဂန်တတ်သိ ဆရာတော်များနှင့် တိုင်ပင်ညီညွှတ်၍ အနယ်နယ် အစို့စို့, အမြို့မြို့သို့ သာသနာပြုစေလွှတ်တော်မူရာ ဆရာတော်အရှင် သုမနသည် မြေထဲတောင်စဉ်ခုနစ်ခရိုင်ရောက် မဏ္ဍလာရာမဆရာ-

တော်နှင့် ၎င်းတိုက် ပဌမစာချ အရှင်ဝိစိတ္တ, မြောက်စလင်းတိုက်အုပ် အရှင်ဓမ္မဓရ, တိုက်တော်ပဌမစာချ အရှင်အာဒိစ္စ, မဟာဝိဇိတာရာမ တိုက် ပဌမစာချ အရှင်ဇယန္တ, လယ်ကိုင်းတိုက် အရှင်သောဘိတ တို့နှင့်အတူ အဝမြို့, တလုတ်မြို့, ပုခန်းကြီးမြို့, ယောလေးမြို့, မြစ်စဉ်ဝဲယာ မလွန်မြို့, ဆင်ပေါင်ဝဲမြို့များသို့ သာသနာပြု၍ ကြွတော်မူရလေသည်။

ရာဇာဓိရာဇဂုရု ရရှိခြင်း, ပျံ့လွန်ခြင်း

၁၂၄၆-ခုနှစ်တွင် သီပေါမင်းတရား ဆက်ကပ်အပ်သော "သုမနာဘိဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလျှုခံရရှိတော်မူခဲ့လေသည်။

ဆရာတော်အရှင်သုမနသည် စာပေချပို့မှုစသော သာသနာ့ကိစ္စများကို အားပါးတကုတ် ပြုလုပ်ဆဲဖြစ်စဉ် ပျံ့လွန်တော်မူခဲ့လေသည်။

ဘဒ္ဒန္တသုမနော ထေရော၊ လယ်ကိုင်းအာရာမဂ္ဂသာရော။
အာရာမံ သော ဆဋ္ဌယိတ္ဝာ၊ ဂတော ခေါ တိဒသာလယံ။

သံဝေဂယူရန်

ကာမံ နရသ ဂိရိမုဒ္ဓနတော၊
မဗ္ဗေ နု ကိဉ္စိ ဘယနိသရဏာယ ဟေတု။
ကာမံ ဝဇ္ဇီ မရဏံ တိဘဝေသု သတ္တာ၊
ဘောဂေ ရတိ ပဇဟထပိ စ ဇီဝိတေ စ။[1]

ဂိရိမုဒ္ဓနတော= တောင်ထိပ်တောင်ဖျားမှ။ ပတတော= လိမ့်ကျသော။ နရသ= ပုဂ္ဂိုလ်သတ္တဝါ တစ်ယောက်ယောက်အား။ မဗ္ဗေ=

၁။ တေလကဋာဟဂါထာကျမ်း။ ၁၁-ဂါထာ။

အလယ်အကြား၌။ ဘယနိသရဏာယ= ဘေးကိုတားမြစ်ကွယ်ကာ လွန်မြောက်ခြင်းငှာ။ ကိုဋ္ဌိ= ကောစိ= ပုဂ္ဂိုလ်တစ်ယောက်ယောက်သည်။ ကာမံ နု အတ္ထိ= အကယ်ပုံသေ မရှိပါချေ။ တိဘဝေသု= ဘဝသုံးပါးတို့၌။ သတ္တာ= သတ္တဝါတို့သည်။ မရဏံ= စုတိပြတ်ကြွေ သေလွန်ခြင်းသို့။ ကာမံ ဝဇန္တိ= အကယ်ဧကန် အမှန်ရောက်ကြရလေကုန်၏။ ဘောဂေပိ= စည်းစိမ်ဥစ္စာ၌လည်းကောင်း။ ဇိဝိတေ စ= အသက်ဇီဝိန်၌လည်းကောင်း။ ရတိံ= တဏှာမာနဒိဋ္ဌတို့ဖြင့် မွေ့လျော်ပျော်ပိုက်နှစ်ခြိုက်ခြင်းကို။ ပဇဟထ= ပယ်စွန့်ကြကုန်လော။

■ ■ ■

ဆရာတော်အရှင်ကုမာရ

ဆရာတော်အရှင်ကုမာရသည်လည်း လယ်ကိုင်းတိုက်၏ နာယကဆရာတော် ဖြစ်တော်မူခဲ့လေသည်၊ ဆရာတော်အရှင်သုမနစသည်တို့နောက်တွင် တာဝန်ကျရောက်လာသည့်အလျောက် အရှင်ကုမာရသည် တိုက်တာ၏ နာယကတာဝန်ကို ထမ်းဆောင်တော်မူခြင်းဖြစ်သည်၊ ရွှေဘိုခရိုင် ရုံးသာရွာဇာတိ ဖြစ်လေသည်၊ လယ်ကိုင်းတိုက်၌ ပျံ့လွန်တော်မူသည်။

■ ■ ■

ဆရာတော်အရှင်အာစဏ္ဍ

ဆရာတော်အရှင်ကုမာရ ပျံ့လွန်တော်မူပြီးနောက် ဆရာတော်အရှင်အာစိဏ္ဏသည် လယ်ကိုင်းတိုက်၏ နာယကဖြစ်တော်မူလေသည်၊ ရွှေဘိုနယ် ဇာတိဖြစ်သည်၊ သက်တော် ၇၅-နှစ်ရှိရာ ၁၃၃၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂-ရက်နေ့တွင် ပျံ့လွန်တော်မူခဲ့လေသည်။

■ ■ ■

ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ)
ဆရာတော် အရှင်ဝရသာမိဘိဝံသ

ဆရာတော်အရှင်ဝရသာမိသည် ဆရာတော်အရှင်အာစိဏ္ဏ ပျံ့လွန်တော်မူသောအခါ ဆရာတော်အရှင်အာစိဏ္ဏက အရှင်ဝရသာမိအား တိုက်တာကို စောင့်ရှောက်ထိန်းသိမ်းအုပ်ချုပ်၍ သာသနာပြုရန် ကြိုးတင်၍ လွှဲအပ်ခဲ့သည်။

ရွှေဘိုခရိုင် ညောင်ပင်ကြီးရွာ၌ သက္ကရာဇ် ၁၂၆၉-ခုနှစ်၊ ပဌမဝါဆိုလဆုတ် ၂-ရက်နေ့တွင် ဖွားမြင်ခဲ့လေသည်၊ ငယ်စဉ်ကပင် ရှင်, ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

ပညာသင်ကြားခြင်း ပရိယတ္တိသာသနဟိတဓမ္မာစရိယ သီးခြားစာချပြစ်ခြင်း

ငယ်စဉ်ကစ၍ မန္တလေးမြို့, မဟာဝိသုတာရာမတိုက်၌ ရောက်ရှိ၍ ပညာသင်ကြားတော်မူခဲ့လေသည်၊ ပရိယတ္တိသာသနဟိတ အသင်း စာသင်တန်းကိုလည်း ဖြေဆိုအောင်မြင်ခဲ့သည်၊ စာချတန်းကို ၁၂၉၈-ခုနှစ်တွင် အပြီးတိုင်အောင်မြင်သဖြင့် "ဘဒ္ဒန္တဝရသာမိဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ)" ဘွဲ့တံဆိပ်တော်ကို ခံယူရရှိခဲ့လေသည်၊ ပရိယတ္တိသာသနဟိတဓမ္မာစရိယဖြစ်ပြီးနောက် ပခုက္ကူမြို့, မဟာဝိသုတာရာမတိုက်သို့ ရောက်ရှိ၍ ပညာသင်ကြားခဲ့လေသည်၊ ပခုက္ကူဆရာတော်များက ဂဏဝါစကအဖြစ်ဖြင့်လည်း ချီးမြှောက်တော်မူသဖြင့် စာပေချပို့ခဲ့လေသည်၊ ပခုက္ကူ၌ စာပေသင်ကြားချပို့၍ နေထိုင်ခဲ့သည်မှာ ၄-နှစ်ခန့် ကြာမြင့်ခဲ့လေသည်။

ဆောင်ရွက်ချက်များ

ဆရာတော်အရှင်ဝရသာမိသည် စစ်ကိုင်းတောင်ရိုး ပါဠိကာ-ရီ သုံးခွချောင်နာယကအဖြစ်ဖြင့်လည်းကောင်း, ပါဠိတက္ကသိုလ်ခေတ်တွင် ပါဠိကာရီသုံးခွချောင်ကို ပါဠိတက္ကသိုလ်ကျောင်းတိုက် ဖွင့်လှစ်

၍ ပါဠိတက္ကသိုလ်ကျောင်းအုပ်အဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်တော်မူခဲ့လေသည်၊ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌လည်း ပါဠိဝိသောဓက, ပဋ္ဌိဝိသောဓက, သံဂီတိကာရကတာဝန်များကိုလည်း ထမ်းဆောင်တော်မူခဲ့လေသည်၊ ၎င်းပြင် ရွှေကျင်တိုက်ကြီး၏ ဗဟိုဝန်ဆောင် သံဃနာယကလည်း ဖြစ်တော်မူခဲ့လေသည်၊ ၁၃၃၁-ခုနှစ်၊ တပို့တွဲလမှစ၍ လယ်ကိုင်းတိုက်၌ သီတင်းသုံး၍ စာပေချပို့နေထိုင်ခဲ့လေသည်။

ဝရသာမိမဟာထေရော၊ ထိရေသု သက္ကိုတော ဝိဒူ။
ဆေကော အနေကသတ္ထေသု၊ သဗ္ဗညုသာသနဇ္ဇရော။

ဘဝနတ်ထံ ပျံ့လွှန်တော်မူခြင်း

ဖော်ပြပါ ဆရာတော်ဘုရားကြီး အရှင်ဝရသာမိဘိဝံသသည် သက်တော် ၇၈-နှစ်၊ သီကျွှာတော် ၅၈-ဝါရရှိရာ သက္ကရာဇ် ၁၃၄၆-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၉-ရက်၊ ည ၉-နာရီအချိန်တွင် ဘဝနတ်ထံ ပျံ့လွှန်တော်မူခဲ့လေသည်၊ တန်ခူးလပြည့်ကျော် ၂-ရက်နေ့တွင် အန္တိမစျာပန ကျင်းပပူဇော်သင်္ဂြိုဟ်ခဲ့ကြလေသည်။

သံဝေဂယူရန်

ဝိဟဂါနံ ယထာ သာယံ၊ ရဟဒမှိ သမာဂမော။
တထာ လောကမှိ ဧနာနံ၊ မုဟုတ္တံ ဝသမာဂမော။ [1]

သာယံ= ညနေချမ်းကျ ခါသမယ၌။ ရဟဒမှိ= ရေကန်ရေအိုင်၌။ ဝိဟဂါနံ= ဆက်ရက်ချိုးခါ စသည်များစွာ ငှက်သတ္တဝါအပေါင်းတို့၏။ သမာဂမော ယထာ= ခေတ္တခဏာ ပေါင်းဆုံမိခြင်း

၁။ ဟိတောပဒေသ။ မိတ္တကဏ္ဍလာ၊ ၄၊ ဂါထာ။

ကဲ့သို့။ တထာ= ထို့အတူ။ လောကမှ= လောကထဲ၌။ ဇနာနံ= ပျော်ကြသောင်းသောင်း လူအပေါင်းတို့၏။ သမာဂမော= သားနှင့် အမိ သားနှင့်အဖ သမီးနှင့်အမေ ဆရာနှင့်တပည့် စသည့်ဥဿုံ ပေါင်းဆုံမိခြင်းသည်။ မုဟုတ္တံဝ= နတ်သက်ပြဟ္မာသက်နှင့် နှိုင်းစာပါက ခေတ္တခဏကလေးမျှသာတည်း။

သံဃာဦးရေစသည်

လယ်ကိုင်းတိုက်သည် ယခင်က ကျောင်းပရိဝုဏ်အပြည့်မျှ ကျောင်းကန်များဖြင့် စည်ကားခဲ့၏၊ မီးဒဏ်စသည်ကို ခံရရာ ယခုမူ ကျောင်းကန်အနည်းငယ်မျှသာ တည်ရှိလေသည်၊ တိုက်တာအစည် ကားဆုံးအချိန်က သံဃာဦးရေ များစွာရှိခဲ့၏၊ ၁၃၂၄-ခုနှစ်ကမူ လယ်ကိုင်းတိုက်၌ ရဟန်းတော် ၄-ပါး၊ သာမဏေ ၂-ပါးအားဖြင့် ၆-ပါးသာ ရှိခဲ့လေသည်။

၁၃၃၁-ခုနှစ်တွင် သံဃာတော် ၁၀-ပါးကျော် ရှိလာပြီဖြစ်၏၊ တဖြည်းဖြည်း တိုက်တာစည်ပင်ရန် မြှော်လင့်ချက်ရှိပေ၏။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
လယ်ကိုင်းသာသနဝံသောယံ၊ သမတ္တော သာဓု ဝဏ္ဏိတော။

လယ်ကိုင်းတိုက်သာသနာဝင် ပြီး၏။

*** ♦ ***

ဝိစိတ္တာရာမ (မာရ်အောင်) သာသနာဝင်

ဝိစိတ္တာရာမမာရ်အောင်တိုက်ကို ယခုအခါ ဝိစိတ္တာရာမ ဟူသောစကား မပါတော့ပဲ မာရ်အောင်တိုက်ဟူ၍ ခေါ်ဝေါ်ကြကုန်၏။ ယခင်က ဝိစိတ္တာရာမတိုက်ဟူ၍လည်းကောင်း, ဝိစိတ္တာရာမ မာရ်အောင်တိုက်ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြကုန်၏။ မာရ်အောင်တိုက်သည် မန္တလေးမြို့အရှေ့ပြင် နန်းရှေ့ရပ်၌ တည်ရှိလေသည်၊ မာရ်အောင်တိုက်၏ မြောက်ဖက်၌ မဟာဓမ္မိကာရာမစလင်းတိုက်ဟောင်း (မြောက်စလင်း) တိုက်ရှိပြီး တောင်ဖက်၌ ဆင်တဲတိုက်ရှိလေသည်၊ ကျောင်းတိုက်ကြီးကား မဟာရံတံတိုင်း ဝန်းရံလျက်ရှိ၏၊ ကျယ်ဝန်းလည်း ကျယ်ဝန်းလှပေ၏၊ ကျောင်းတိုက်၏အတွင်း၌ စေတီကြီးတစ်ဆူလည်း တည်ရှိလေသည်၊ ၎င်းပြင်-

၁။ လှိုင်းတက်ကျောင်း၊

၂။ သဘော်ကျောင်း၊

၃။ ရေကန်ကျောင်း၊

၄။ စော်ဘွားကျောင်း-အားဖြင့် ကျောင်းပေါင်း ၄-ကျောင်း ရှိလေသည်။

သမိုင်းအကျဉ်း

ပဠမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် ကောလင်းမြို့ ရွှေတိုက်အတွင်းဝန်မင်းကြီး မဟာသက်တော်ရှည်သည် ကျောင်းတိုက်ကြီးကို ခမ်းနားစွာတည်ဆောက်၍ "တိလောကာဘိဝံသ သာသနဇောတမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်တိလောကအား တင်လှူကိုးကွယ်ခဲ့လေသည်၊ ယင်းသို့ ကောလင်းအတွင်းဝန်မင်းက လှူဒါန်းခဲ့ကြောင်း ကျောင်းတိုက်ကြီး အလယ်တံခါးပေါက်အနီး မန္တလေးရတနာပုံ မြို့တည် နန်းတည် ဆဒ္ဒန်

ဆင်မင်းသခင်အသျှင် ဘဝရှင်မင်းတရားကြီးဘုရား ရှေ့လက်ထက်တော် ကောလင်းမြို့, ရွှေတိုက်အတွင်းဝန်မင်းကြီး မဟာသက်တော် ရှည်ကုသိုလ် ဝိစိတ္တာရာမတိုက်ဟု ကဗျည်းကျောက်စာရှိ အုတ်ဂူတိုက်တည်ထားလျက် ရှိလေသည်။

ဇင်းပြင် ပဉ္စမသံဂါယနာတင် မင်းတရားကြီး၏သမီးတော် ပုဂံ, မိုင်းနောင်နှစ်မြို့စား စုဘုရားကြီးကလည်း ယင်းဝိစိတ္တာရာမမာရ်-အောင်တိုက်အတွင်း၌ ကျောင်းဦးပြဿာဒ် ဘောဂစနုန္နင့်တကွ ဘုံငါးဆင့်စင်မြင့်ခံ ကျောင်းတော်ကြီးကို ဝိစိတ္တာရာမဆရာတော် အရှင်တိလောကအား တင်လှူခဲ့လေသည်။[1]

အမရပူရမြို့ရှိ မာရ်အောင်တိုက်မှ ပြောင်းရွှေ့လာခြင်းဖြစ်၍ မာရ်အောင်တိုက်ဟု တွင်ခြင်း ဖြစ်လေသည်။

အိုကူဋ္ဌဒန္တပုဏ္ဏား. . . လေးမျက်နှာပျော် သံယာတော်တို့ကို ရည်၍ ဆောက်လုပ်လှူဒါန်းအပ်သော ကျောင်းအလှူသည် ၃-ပါး သောထားခြင်းရှိ, ၁၆-ပါးသော အခြံအရံရှိသော ဤယဇ်အလှူကြီး ထက်လည်းကောင်း, သီလဝန္တရဟန်းတို့အား အမြဲထာဝရလှူဒါန်းအပ်သော ဆွမ်းဝတ်ထက်လည်းကောင်း အကျိုးရင်းအကျိုးဆက် ကြီး-ကျယ်လှပေ၏။ (သီလက္ခန္ဓဝဂ္ဂပါဠိ။ ၁၃၈။)

■ ■ ■

တိလောကာဘိဝံသသာသနဇောတမဟာဓမ္မဇာရာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်တိလောက

ဆရာတော်အရှင်တိလောကသည် မန္တလေးမြို့, ဝိစိတ္တာရာမ မာရ်အောင်တိုက်တည်တာတည် မဟာထေရ်မြတ် ဖြစ်တော်မူသည်။

၁။ * ရတနာသီဒဒုတိယမဟာရာဇဝင်တော်ကြီး၏ ၆။ ၃၀၈။

* ကုန်းဘောင်းဆက်၏ ၃။ ၄၄၉။

ဖွားမြင် ရှင်, ရဟန်းပြုခြင်း

စစ်ကိုင်းခရိုင် မြောင်မြို့နယ် ရွှေဘုံသာရွာ၌ သက္ကရာဇ် ၁၁၆၅-၁၁၇၀-အတွင်းခန့်တွင် ဖွားမြင်တော်မူခဲ့လေသည်။

အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ အမရပူရမြို့, မာရ်အောင်တိုက်၌ မာတိကာ ဓာတုကထာ, ယမိုက်, ပဋ္ဌာန်း, နိဿကျမ်းစသည်တို့ကို ပြုစုတော်မူခဲ့သော "ဇမ္ဗူဒီပဓဇမုနိဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဇမ္ဗူဒီပဓဇမဟာထေရ်ထံ ရောက်ရှိ၍ ပညာသင်ကြားတော်မူခဲ့လေသည်။ အမရပူရမြို့၌ ကျော်စောထင်ရှားသော ဆရာတော်များထံ၌လည်း ဂန္ထရအဝဝ၌ သင်ယူတော်မူခဲ့လေသည်။

စာပေချပို့ကျမ်းပြု

ဆရာတော်အရှင်တိလောကသည် မိမိထံမှောက် မှီခိုရောက်ရှိလာသည့် စာသင်သားများစွာတို့အား စာပေချပို့၍ ပရိယတ္တိသာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်၊ စာပေကျမ်းဂန်များကိုလည်း ရေးသား ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ ပဋ္ဌိသမ္ဘိဒါမဂ်ဂဏ္ဌိပုဒ်နိဿယ၊

၂။ တူရိယာဒိပကာသနီကျမ်း-စသည်တို့ဖြစ်ကုန်၏။

ဓာတုကထာ ဂုရုဘွဲ့တံဆိပ်တော်

မင်းတရားကြီး ဆက်ကပ်လျှောက်ထားသော "တိလောကာ-ဘိဝံသသာသနဇောတမဟာဓမ္မရာဇာဓိရာဇဂုရု"[1] ဘွဲ့တံဆိပ်တော်ကိုလည်း အလျှော်ရရှိတော်မူခဲ့လေသည်။

၁။ တိလောကာလင်္ကာရသာသနဇောတမဟာဓမ္မရာဇာဓိရာဇဂုရု (အကုံ့ရင့်ကာနီဂုံး)

မန္တလေးမြို့သို့ကြွခြင်း

မန္တလေးနန်းမြို့သစ် တည်ထောင်သောအခါတွင် မန္တလေးမြို့သို့ကြွ၍ သီတင်းသုံးတော်မူလေသည်၊ မူလတွင် ယာယီကျောင်း၌ သီတင်းသုံးတော်မူရလေသည်၊ နောက်တွင် ဝိစိတ္တာရာမကျောင်းတိုက်ကြီးကို အလှူခံတော်မူရလေသည်။

ဆရာတော်သည် စာပေနိုင်နင်း၏၊ စာပေဝါသနာလည်းပါ၏၊ အက္ခရဋ္ဌိကာစသည့် ကျမ်းဂန်မျှားစွာတို့ကို ပြုစုတော်မူခဲ့သည့် တလိုင်းကုန်းဆရာတော်အရှင်ဝိမလသည် ဆရာတော်အရှင်တိလောက၏ တပည့်ဖြစ်လေသည်။

သာသနာပြုသုဓမ္မာဝင်

ဆရာတော်အရှင်တိလောကသည် သီပေါမင်းတရားလက်ထက် ၁၂၄၀-ပြည့်နှစ်၊ တန်ဆောင်မုန်းလဆုတ် ၆-ရက်နေ့တွင် သာသနာပြု သုဓမ္မာဝင်ဆရာတော်အဖြစ် ခန့်အပ်ခြင်းကို ခံယူတော်မူရလေသည်၊ ထိုစဉ်က သာသနာပြု သုဓမ္မာဝင်ခန့်အပ်ရာ ၁၂-ပါးဖြစ်လေသည်၊ ၁၂-ပါးတွင် ဝိစိတ္တာရာမဆရာတော် အရှင်တိလောကပါဝင်ခြင်းဖြစ်လေသည်။

သီပေါမင်းတရား၏
သုဓမ္မာဝင် ၁၂–ပါး ခန့်အပ်ကြောင်း အမိန့်တော်

သာသနာပြုဖြစ်သော မင်းကောင်းမင်းမြတ်တို့မည်သည် ပရိယတ္တိသာသနာတော်, ပဋိပတ္တိသာသနာတော်, ပဋိဝေဓသာသနာတော်ဟူသော သာသနာတော်မြတ်သုံးပါး စည်ပင်ပြန့်ပွားဖြစ်ထွန်းစေခြင်းငှာ ပိဋကတ်သုံးပုံကို ချောက်ချားနိုင်သဖြင့် အကျင့်အာစာရ သီလဝိသုဒ္ဓိဂုဏ်ထူးရှိသော ပုဂ္ဂိုလ်မွန်ပုဂ္ဂိုလ်မြတ်တို့ကို ရွေးချယ်စိစစ်၍ သာသနာပြုအပ်မြဲဖြစ်သည်နှင့်အညီ ခမည်းတော် ပဉ္စမသံဂါယနာတင် မင်းတရားကြီးဘုရား လက်ထက်တော်က ပရိယတ္တိပဋိပတ္တိဝိသာရဒ

ဖြစ်တော်မူသော တံဆိပ်တော်ရဆရာတော် ၁၀-ပါးကို ရွေးချယ်တော်မူ၍ သာသနာပြုသုဓမ္မာဝင် အပ်တော်မူသည်။

သာသနာရေးသာသနာမှုဆိုသည့်အရာသည် လောကီအကျိုးစီးပွားထက် မြင့်မြတ်ကဲလွန်သော မဂ်ဖိုလ်နိဗ္ဗာန်အခြေမူလဘူတ လောကုတ္တရာအကျိုးစီးပွားနှင့် ဆိုင်သည့်အရာဖြစ်၍ သာသနာရေး သာသနာမှု ဆုံးဖြတ်စီရင်ရန် ရှိသည်များကို တစ်ဦးတစ်ယောက်တည်း စီရင်ဆုံးဖြတ်ရသည်ထက် တိပိဋကဆေကလဇ္ဇီပေသလသိက္ခာကာမ ဖြစ်သော ထေရ်ကြီးဝါကြီး ပုဂ္ဂိုလ်သူမြတ်အများနှင့် ညီနှိုင်းတိုင်ပင် စီရင်ဆုံးဖြတ်ရလျှင် သာသနာတော်မြတ်၏ ဆူးငြောင့်သဖွယ်ဖြစ်သော ဘေးရန်အပေါင်း ကင်းရှင်းပျောက်သဖြင့် အတိုင်းထက်အလွန်ပင် ထွန်းလင်းကုန်ရာသည်။

ငါအသျှင် ဧကရာဇ်မင်းမြတ်သည်လည်း သာသနာပြုမင်းကောင်းမင်းမြတ်တို့ ဖြည့်ကျင့်ရှက်ဆောင်မြဲ ရာဇပြကတော့ ဓလေ့ထုံးစံနှင့်အညီစွာ သာသနာတော်မြတ်သုံးပါး ပြန့်ပွားစည်ပင်ကြောင်းများကို အထူးသဖြင့် ရှက်ဆောင်တော်မူလိုသော မနောပဏိဓိ ရှိတော်မူသည်နှင့်အညီ ခမည်းတော်ပဠမသံဂါယနာတင် မင်းတရားကြီးဘုရား ရွေးချယ်ခန့်အပ်တော်မူသော-

၁။ မဟာဝိသုတာရာမဆရာတော်၊

၂။ မဏ္ဍလာရာမဆရာတော်၊

၃။ မဂ်လာရာမဆရာတော်၊

၄။ စံကျောင်းဆရာတော် ၄-ပါးတွင်

၅။ မဟာခေမိကာရာမဆရာတော်၊

၆။ တောင်တော်ဆရာတော် ၂-ပါးသွင်း၍ ဆရာတော်ကြီး ၆-ပါး၊

၇။ သက်ပန်းဆရာတော်၊

၈။ လှထွေဆရာတော်၊

၉။ ပုခန်းဆရာတော်၊
၁၀။ ဝိစိတ္တာရာမဆရာတော်၊
၁၁။ မဟာဝိဇိတာရာမဆရာတော်၊
၁၂။ မဟာဓမ္မဇောတိကာရာမဆရာတော် ၆-ပါး၊

၂-ရပ်ပေါင်း တံဆိပ်တော်ရဆရာတော် တစ်ကျိပ်နှစ်ပါးတို့ကို သာ-သနာပြုသုဓမ္မာဝင် အပ်တော်မူသည်၊ ရှေ့ပြည်တော်မှစ၍ နိုင်ငံတော်အတွင်း သီတင်းသုံးနေသည့် ရဟန်းသံဃာတော်တို့တွင် ဓမ္မကံကြောင်းအလျောက် ဆုံးဖြတ်စီရင်ရန်ရှိသည်များကို သာသနာပြုသုဓမ္မာဝင်ဆရာတော် တစ်ကျိပ်နှစ်ပါးတို့က ဆုံးဖြတ်စီရင်ပြီး ဆုံးဖြတ်စီရင်စေ၊ ဘဝရှင်မင်းတရားကြီး အမိန့်တော်ပြန်တမ်းကိုလည်း ထုံးစံရှိရာသုဓမ္မာတွင်နာခံ နေမျိုးမင်းထင်ကျော်ခေါင် ပြန်ဆိုစေသည်။[1]

ပျံ့လွန်တော်မူခြင်း

ဖော်ပြပါ ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ, သာသနာပြုသုဓမ္မာဝင်, ဝိစိတ္တာရာမဆရာတော်ဘုရားကြီး အရှင်တိလောကသည် သက္ကရာဇ် ၁၂၄၄-ခုနှစ် ပတ်ဝန်းကျင်လောက်တွင် ပျံ့လွန်တော်မူခဲ့လေသည်။

ဘဒ္ဒန္တတိလောကော ထေရော၊ လောကဂ္ဂသာသနေ ရတော။
ကိစ္စေနေကေ ကရိတ္ဝာန၊ ပယာတော မစ္စုနော ဝသံ။

၁။ ကုန်းဘောင်ဆက်။ ၃။ ၄၈၉။ ၄၉၀။
ရတနာသီခဒုတိယရာဇဝင်တော်ကြီး။ ၆။ ၃၂၃။ လည်းကြည့်။

သံဝေဂယူရန်

အန္တောဝဿသတံ သဗ္ဗေ၊ လောကေ သကမ္မနိဿိတာ။
မစ္စုဝသံ ဂမိဿန္တိ၊ ဇာတာနံ မရဏံ ဓုဝံ။

လောကေ= လူ့ပြည်ဌာန လူ့လောကဌ်။ သကမ္မနိဿိတာ= စားဝတ်နေရေး ယှက်ထွေးပွေရှုတ် ကိုယ့်အလုပ်ကိုမှီကုန်သော။ သဗ္ဗေ= ရှင်လူရဟန်း လူတန်းစားအားလုံးတို့သည်။ အန္တောဝဿသတံ= ရက်လနှစ်ဆက် တွက်ရေသင့်ရာ အနှစ်တစ်ရာအတွင်းဌ်။ မစ္စုဝသံ= သေမင်းအလိုနှိုင်ငံသို့။ ဂမိဿန္တိ= လိုက်ပါကြရကုန်လိမ့်လတ္တံ့။ ဇာ-တာနံ= ကြုံလာဖြစ်လာ သတ္တဝါတို့၏။ မရဏံ= စုတိပြတ်ကြွေ သေလွန်ခြင်းသည်။ ဓုဝံ= မြေလက်ခတ်နဲ့ မြှောက်သည့်ခဲသို့ မလွဲ မသွေ မြဲလှပေ၏။

■ ■ ■

ဆရာတော် အရှင်ပုညာ

ဆရာတော်အရှင်ပုညာသည်လည်း မာရ်အောင်တိုက်ဌ် ထင်ရှားသော တိုက်အုပ်ဆရာတော် ဖြစ်ခဲ့ဘူးသည်၊ တောင်ခွင်သာသနာပိုင်ဆရာတော်၏ အရှေ့ပြင်ဌာနချုပ်, ဌာနအုပ်ဆရာတော်အဖြစ် အသိအမှတ်ပြုခြင်းကို ခံရလေသည်။

■ ■ ■

ဆရာတော် အရှင်ဝိမလ

ဆရာတော်သည် တလိုင်းကုန်းဆရာတော်အဖြစ် ထင်ရှားခဲ့သည့် မထေရ်မြတ်တစ်ပါး ဖြစ်တော်မူသည်၊ စာပေကျမ်းဂန် တတ်မြောက်လှသဖြင့် "စာတတ်နောက်ဆုံး တလိုင်းကုန်း"ဟု တပည့်များက ခေါ်းပ၍ ပြောဆိုကြသည်၊ ဝိစိတ္တာရာမမာရ်အောင်တိုက်ဌ် ကြာမြင့်စွာ သီတင်းသုံး၍ စာပေသင်ကြား ချပို့တော်မူခဲ့လေသည်။

ဖွားမြင်တော်မူခြင်း

ပခုက္ကူခရိုင် ပခန်းကြီးမြို့, အရှေ့တလိုင်းကုန်းရွာ၌ သက္ကရာဇ် ၁၂၁၉-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်နာမည် မောင်ရွှေအင်း ဖြစ်လေသည်၊ ရွှေဘိုမင်းတရား, မင်းတုန်းမင်းတရားလက်ထက်၌ ထင်ရှားသော မာတိကာ, ဓာတုကထာ, ယမိုက်, ပဋ္ဌာန်းနိဿယကျမ်းများကို ပြုစုတော်မူခဲ့သော "ဇမ္ဗုဒီပဓဇမုနိဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မာရ်အောင်ဆရာတော်ဘုရားကြီး အရှင်ဇမ္ဗုဒီပဓဇသည် တလိုင်းကုန်းဆရာတော် အရှင်ဝိမလ၏ ဦးရီးတော်ဖြစ်လေသည်၊ ဋီကာနိဿယကျမ်းပြု "ဇနိန္ဒာဘိသိရိပဝရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆင်တဲဆရာတော်အရှင်ဇနိန္ဒသည် အရှင်ဝိမလ-၏ ဘိုးတော်ဖြစ်လေသည်။

ရှင်, ရဟန်းပြု, စာသင်, စာချ

အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ဘွဲ့တော်အရှင်ဝိမလ ဖြစ်လေသည်၊ သို့ရာတွင် အကုန်ရဋီကာနိဂုံး၌ "ဘဒ္ဒန္တဝိမလာဝံသာလင်္ကာရ"ဟု ဖော်ပြခဲ့သည်။

မန္တလေးမြို့, အရှေ့ပြင် မဟာဝိစိတ္တာရာမမာရ်အောင်တိုက်သို့ ရောက်ရှိကာ "တိလောကာလင်္ကာရသာသနဇောတမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်တိလောကထံ နေ့ဝါညဝါ ကျမ်းစာများကို သင်ကြား တတ်မြောက်တော်မူခဲ့လေသည်၊ ဝိစိတ္တာရာမမာရ်အောင်တိုက်၌ စာပေကျမ်းဂန်များကိုလည်း ချပို့တော်မူခဲ့လေသည်။

နေရင်းအောင်မြေဘုံသာ၌ စာချခြင်း

နေရင်းရွာ တောင်ဖက် အောင်မြေဘုံသာကျောင်း၌လည်း ကြာမြင့်စွာ သီတင်းသုံးတော်မူ၍ မှီခိုရောက်ရှိလာသော စာသင်သား

တို့အား စာပေချပို့သင်ကြားပေးတော်မူခဲ့လေသည်၊ စာပေကျမ်းဂန်ချပို့ရာ၌ ပမာပမေ ဖွေ၍ပြောဆိုမှု၌လည်း ကျွမ်းကျင်လှသည်ဟု သိရ၏၊ ဆရာတော်၏တပည့်များက "စာတတ်နောက်ဆုံး တလိုင်းကုန်း" ဟူသော ဆောင်ပုဒ်ဖြင့် သာသနာတော်၌ တလိုင်းကုန်းဆရာတော်သည် နောက်ဆုံးပိတ် စာတတ်ပုဂ္ဂိုလ်ဖြစ်ကြောင်း လွန်မင်းစွာ ချီးကြူးကြကုန်၏။

ကျမ်းဂန်များစွာ ပြုစီရင်ခြင်း

ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်၊ ပြုစုသည့်ကျမ်းဂန်များမှာလည်း ပါဠိ, မြန်မာ, နိယံလင်္ကာ, သဒ္ဒါ, ဝါကျ, အဘိဓမ္မာဆိုင်ရာ စသည်အားဖြင့် များပြားလှကုန်၏၊ ၎င်းတို့မှာ-

၁။ အက္ခရဋ္ဌိကာပါဠိ
၂။ သဒ္ဒတ္ထဘေဒစိန္တာဋ္ဌိကာပါဠိ
၃။ ဝါကျမဏ္ဍနီပါဠိ
၄။ သဒ္ဒဘေရိပါဠိ
၅။ အတ္ထနီတိပါဠိ
၆။ ကဝိပိယပါဠိ
၇။ မင်္ဂလာကျော်ခေါင်နိယံကျမ်း
၈။ အဋ္ဌသာလိနီအဖွင့် အတုလဋ္ဌိကာကျမ်း
၉။ ကခ်ီဝိတရဏီအဋ္ဌကထာအဖွင့် ဝိနယဋီဒ္ဓိဋ္ဌိကာကျမ်း
၁၀။ ပရမတ္ထဋီဒ္ဓိကျမ်း
၁၁။ ဒီဋ္ဌဝိသုဒ္ဓိကထာကျမ်း
၁၂။ ပရမတ္ထဂမ္ဘီရကျမ်း
၁၃။ ဓမ္မသင်္ဂဏီမာတိကာအဖွင့် ပဿန္ဒဝတီကျမ်း
၁၄။ ဝစနတ္ထကိတ္တိကျမ်း

၁၅။ အကွေ့ရမဏ္ဍနီကျမ်း
၁၆။ ရူပစိန္တာကျမ်း
၁၇။ ကဝိစန္ဒြကျမ်း
၁၈။ ဆန်းအလင်္ကာကျမ်း
၁၉။ မင်္ဂလာကျော်ခေါင်နိယံအဖြေကျမ်း-စသည်တို့ဖြစ်ကုန်၏။

အင်္ဂုံရဋ္ဌီကာပါဠိ

ဖော်ပြပါကျမ်းများအနက် လယ်တီဆရာတော်သည် သီဟိုဠ်ကျွန်း အရှင်သုမင်္ဂလသာမိ၏ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျော်ကျမ်းလာ စကားတစ်ချို့ကို ပြင်ဆင်ပယ်ဖျက်သည့်အနေဖြင့် ပရမတ္ထဒီပနီကျမ်းဖြင့် ဋီကာကျော်ကို တော်လှန်ခဲ့လေသည်၊ တလိုင်းကုန်းဆရာတော် အရှင်ဝိမလသည် ပညာရှိဟိတေသီပုဂ္ဂိုလ်တို့၏ ၃-နှစ်တိုင်တောင်းပန်သဖြင့် လယ်တီဆရာတော်၏ ပရမတ္ထဒီပနီကျမ်းကို တန်ပြန်တော်လှန်ပြီး အရှင်သုမင်္ဂလသာမိ၏ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျော်ကို ထောက်ခံအားပေးကာ အင်္ဂုံရဋ္ဌီကာပါဠိကျမ်းကြီးကို ရေးသားစီရင်တော်မူခဲ့လေသည်။ ကျမ်းဦးဌ-

၁။ ဗုဒ္ဓံ ဝန္ဒာမိ သဗ္ဗညုံ၊ ဓမ္မဉ္စ ဗုဒ္ဓပူဇိတံ။
တဒေါရသံရိယဂဏ်၊ ဘယံ နဿတု တေဇသာ။

၂။ ပေါရာဏေဟိ ကတာနေကာ၊ သင်္ဂီဟံ ပန ဝဏ္ဏနာ။
သာရနိစ္ဆယ မေ သန္ဓာ၊ နဲ လာဘာ တာဟိ ပီတိဓ။

၃။ ပဏ္ဍိတေဟိ ဟိတေသီဟိ၊ တိဝသိ သုဋ္ဌု ယာစနေ။
ဒါနိ ပုရာရစေန္ဓောပိ၊ ကရုဏာယ သဇ္ဇောဒိတော။

၄။ သာရနိစ္ဆယသမ္ပုဏ္ဏံ၊ ပဏ္ဍိတတ္ထော သဇနကံ။
အတ္ထုဏ္ဏံသပရဝမ္ဘ-ရဟိတမဗ္ဗမတ္ထိကံ။

၅။ ရစေဿကုံရနာမိကံ၊ သဒ္ဒတ္ထေဟိ သုဝိသဒံ။
သုဗောဓံ နဝဝဏ္ဏနံ၊ တာဟိ ဂယ္ဟ သုနိစ္ဆယံ။

၆။ အာဘိဓမ္မော မူလသမော၊ သင်္ဂဟံ ခန္ဓသန္ဓိဘံ။
ဗဟုဒ္ဓိကာ သညခါ သမာ၊ ဒေသာဟကုံရသန္ဓိဘာ။

၇။ သာရနိစ္ဆယံ မေ သန္တာ၊ တုမ္မေ သုဏာထ သာဓဝေါ။
ပဏ္ဍိတဇာတိ ကာမေ မံ၊ ရစန္တသ သန္ဓိကာ။

ဟူသော ၇-ဂါထာဖြင့် ရတနတ္တယပဏာမ, အဘိယာစက, ပကရဏ ပယောဇဉ်, ပဋိညာဉ်, ဥယျောဇဉ်စသည်တို့ကို ဖော်ပြ၍ ဂန္ထာရम္ဘ ပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌ ကျမ်းစာပြုရ မြတ်ပုညကြောင့် အရိ-မေတ္တေယျ အောင်ပွဲသဘင်တွင် ထက်မြက်နက်နဲသည့် ဉာဏ်ပညာ နှင့်ပြည့်စုံ၍ ရဟန္တာဖြစ်ကာ သာသနာတော်၏အညစ်အကြေး ဆူးငြောင့်, ခလုပ်ကို လုတ်သင်ရလိုကြောင်း-

ဣမိနာ မေတ္တေယျကာလေ၊ တိဏ္ဍဂမ္ဘီရဉာဏဝေါ။
ရဟာ ဟုတ္ဝာ သုဓေယ်ျ၊ သာသနမလကဏ္ဋကံ။

ဟူသောဂါထာဖြင့် တောင်းဆုချွေတော်မူခဲ့လေသည်၊ ၎င်းအကုံရ ဋီကာကျမ်းကြီးမှာ ၁၂၇၁-ခုနှစ်က စတင်၍ ရန်ကုန်မြို့, ပြည်ကြီး မဏ္ဍိုင်ပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့ရာ ရှိုင်ဆိုက်စာမျက်နှာ ၄၄၂-ရှိလေ သည်။[1]

၁။ မန္တလေးသာသနာဝင်၊ ၂၁။
အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ လယ်တီဆရာတော်ဘုရားကြီး ဖြစ်တော်စဉ်ကြည့်။

သဒ္ဓတ္ထဘေဒစိန္တာမဟာဋီကာပါဠိ

သဒ္ဒါကျမ်းကောင်းတစ်ကျမ်းဖြစ်သော သဒ္ဒတ္ထဘေဒစိန္တာပါဠိကို ပုဂံပြည် တတိယဆပွဒထေရ်ဟု ထင်ရှားသော အရှင်သဒ္ဓမ္မသိရီထေရ် စီရင်တော်မူခဲ့လေသည်၊ ယင်းသဒ္ဒတ္ထဘေဒစိန္တာကျမ်း၏အဖွင့် ဋီကာ ဟောင်းတစ်ကျမ်းကိုလည်း ပုဂံမြို့ တိပိဋကဓမ္မအာဘယမဟာထေရ် စီရင်ခဲ့လေသည်၊ ၎င်းပြင် ရွှေဂူဆရာတော်စီရင်ခဲ့သော သဒ္ဒတ္ထဘေဒစိန္တာဒီပနီပါဠိလည်း ရှိလေသည်၊ ယင်းသို့ ဋီကာဟောင်း, ဒီပနီတို့ဖြင့် အနက်အဓိပ္ပါယ် သဘောသဂန်ကို လုံလောက်စွာ မသိနိုင်သေးဟု ယူဆတော်မူကာ တလိုင်းကုန်းဆရာတော် အရှင်ဝိမလသည် သဒ္ဒတ္ထဘေဒစိန္တာစာကိုယ်၏ အဖွင့်ဖြစ်သော သဒ္ဒတ္ထဘေဒစိန္တာမဟာဋီကာ ပါဠိကိုလည်း ၁၂၆၄-ခုနှစ်၊ တော်သလင်းလဆန်း ၄-ရက်၊ သောကြာနေ့က အပြီးသတ် စီရင်တော်မူခဲ့လေသည်။ ကျမ်းဦးဌ-

၁။ သဗ္ဗသဒ္ဒတ္ထဘေဒညံ၊ တထာဂတံ နမာမဟံ။
ကထယိဿံ သမာသေန၊ ဘေဒစိန္တာယ ဝဏ္ဏနံ။

၂။ ကိဉ္စာပိ ဟိ ပေါရာဏေဟိ၊ ကတာ ဒီပနိဋီကာယော။
နှ တာဟိ သုဗုဒ္ဓိ သဏ္ဌာ၊ ဏ္ဍမာယ သဗ္ဗေသံ အတ္ထော။

၃။ တသ္မာ သာဓိပ္ပါယံ အတ္ထံ၊ သုဌု့တရံ ဝိဘာဝယံ။
သောတူနံ သုခဗောဓတ္ထံ၊ ဘာဝယိဿံ နဝဝဏ္ဏယံ။

ဟူသော ၃-ဂါထာဖြင့် ပဏာမ, ရေးသားခြင်း၏အကြောင်း, ပဋိညာဉ်စသည်တို့ကို ဖော်ပြတော်မူခဲ့လေသည်။ ကျမ်း၏အဆုံးဌ်လည်း တေဇာတိတေဇမေဓာဘိမေဓေဝါဓိဒေဝမာတာပိတသ ဝိယ မဟာ-ပခန္ဓနဂရသ ပုရတ္ထိမသလ္လာဝတိ ဧရာဝတီနမန္တရေ ပတိဋ္ဌိတသ နိသိန္နမူလဂါမသ ပုရတ္ထိမာနုဒိသာယ မောနတ္ထလဂါမသ ဥတ္တရေ ဥဒပါနသလိလသမ္ပန္နနာနာရုက္ခစ္ဆာယာဟိ သောဘိတေ သီလဂုဏ-ဝန္တာနံ မနောရမေ ပါသာဒစံနုတိဘူမာဒီဟိ အလင်္ကတေ အမရိန္ဒ-ပျဝုံ ဝိယ သိရိယာ စေဝ မင်္ဂလေဟိ စ သမ္ပန္နတ္တာ သိရိမင်္ဂလာ

နာမကေ ဝိဟာရေ ဝသန္တေန သာသနဿ ဇောတိဠေဝ စိရ-ဋ္ဌိတိကဒ္ဓ ဣဒ္ဓန္တေန အနေကသတာနံ ဘိက္ခူနံ ပါဋိအဋ္ဌကထာဋ္ဌိကာ-ဝါစကဂဏပါမောက္ခေန တိပိဋကပေဒတ္တယကောဝိဒေန တိက္ခဂမ္ဘီရ-သုရဇ္ဈနဟာသညာဏေဟိ သမန္နာဂတေန ဘဒန္တဗုဒ္ဓတ္တဘဒန္တဗုဒ္ဓ-ယောသာဒိနံ ဂန္ထကာရကာနံ ဝံသာလင်္ကာရဘူတေန တေန "ဇနိန္ဒာ-ဘိသိရိပဝရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"တိလဒ္ဓလဒ္ဓနဿ အဘိ-ဓမ္မတ္ထေ ဝိဘာဝိနိဋ္ဌိကာယ ဝိတ္ထာရနိဿယာဒိဂန္ထကာရကဿ ယတိ-သာလာရာဓိကမဟာဂုရုနော နတ္ထေန, "ဇမ္ဗုဒီပဓဇမုနိဝရမဟာဓမ္မ-ရာဇာဓိရာဇဂုရု"တိလဒ္ဓလဒ္ဓနဿ မာတိကာ, ဓာတုကထာ, ယမက, ပဋ္ဌာနာနံ ဝိတ္ထာရနိဿယာဒိဂန္ထကာရကဿ ပဋ္ဌမမာရဝိဇယာ-ရာမိကမဟာဂုရုနော ဘာဂိနေယ္ယေန, "တိလောကာလင်္ကာရသာသန-ဇောတမဟာဓမ္မရာဇာဓိရာဇဂုရု"တိလဒ္ဓလဒ္ဓနဿ ပဋ္ဌိသမ္ဘိဒါ-မဂ္ဂဂဏ္ဌိပဒနိဿယာဒိဂန္ထကာရကဿ သာသနသောဓကဿ ဝိစိတ္တာ-ရာမိကမဟာဂုရုနော အန္တေဝါသိကေန, အတုလဋ္ဌိကာဝိနယဗုဒ္ဓ-ဋ္ဌိကာဒိအနေကဂန္ထာနံ ကာရကေန, သစ္စဝါဒီ ဘူတဝါဒီအဝိတထဝါဒီ ယထာဝါဒီ တထာကာရီအာဒိ အနေကဂုဏသမ္ပန္နေန ဥပသမ္ပန္နတော ပဠာဝိသတိဝဿေန, ဘဒန္တဝိမလဝံသာလင်္ကာရတ္ထေန သောတုဇနာနံ အတ္ထာယ ဟိတာယ ကရုဏာပုဗ္ဗင်္ဂမစိတ္တေန, ကတာ သဒ္ဒတ္ထဘေဒ-စိန္တိတ္ထဝဏ္ဏနာ နာမ သဒ္ဒတ္ထဘေဒစိန္တာနာမိကစူဠသဒ္ဒဂန္ထဿ အဘိ-နဝမဟာဋ္ဌိကာ ဂေါဇေ ဝဋ္ဋကွပယေ သမ္ပတ္တေ ပေါဠပါဒမာသဿ ဇုဏ္ဏပေက္ခေ စတူဟသုက္ကာဒိနေ ဘယာဘာဝေန အနာယာသေန နိဋ္ဌိတာ။

ယထာ, ယံ ဘယာ, ဘာဝေန၊ အနာယာသေန နိဋ္ဌိတာ။
တထာ သိဒ္ဓန္တ သက်ပ္ပါ၊ ပါဏိနံ သုဠ္ဠ သုန္ဒရာ။
ဣမိနာ မေတ္တေယျကာလေ၊ တိက္ခဂမ္ဘီရညာဏဝါ။
ရဟာ ဟုတ္ဝာ သုသောဓေယ်၊ သာသနမလကဏ္ဌကန္တိ။

ဣတိ ဘဒန္တဝိမလဝံသလက်ာရတ္ထေရေန ကဝိကုဋ္ဌရကေသရိနာ ရစိ-တာယံ သဒ္ဒတ္ထဘေဒစိန္တာဝဏ္ဏနာ နာမ အဘိနဝမဟာဋီကာ နိဋ္ဌိတာ။ ဟူသော စကားဖြင့် နိဂုံးချုပ်တော်မူခဲ့လေသည်။

ယင်းသဒ္ဒတ္ထဘေဒစိန္တာ မဟာဋီကာပါဠိမှာ ရန်ကုန်မြို့ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၌ ၁၂၈၁-ခုနှစ်၊ တော်သလင်းလက ရိုက်နှိပ်ခဲ့ရာ ရွှေင်ဆိုက်စာမျက်နှာ ၃၀၉-ရှိလေသည်။

ဝါကျမဏ္ဍနီပါဠိ

သခေါ်ပ, ဝိတ္ထာရ, ကာရဏ, ဖလစသော ဝါကျတို့၏ အဓိပ္ပါယ်သဘောကို ဥဒါဟရဏ်ပုံစံသွင်း၍ ဖွင့်ပြရာဖြစ်သော ဝါကျမဏ္ဍနီကျမ်းကိုလည်း ၁၂၆၂-ခုနှစ် ပြာသိုလ်လတွင် အပြီးသတ်ရေးသားခဲ့လေသည်။ ကျမ်းဦး၌-

ဝါကျသ ဘေဒဝါဒိနံ၊ ပဝဏ် အဘိဝါဒိယ။
နိဒဿနသုသံယုတ္တံ၊ ကရိဿံ ဝါကျမဏ္ဍနိံ။

ဟူသောဂါထာဖြင့် ပဏာမ, ပဋိညာဉ်ကို ဖော်ပြခဲ့လေသည်၊ ကျမ်း၏ အဆုံး၌လည်း-

သုဓမ္မေ ရိန္ဒုယာရာမေ၁ ဝါသေ ဂန္ဓော သုနိဋ္ဌိတော။
မောနကတလဂုရုနာ၊ ရစ္ဆရုပေဝ ဖုဿကေ။
ဣမိနာ မေတ္တေယျကာလေ၊ တိက္ခဂမ္ဘီရဉာဏဝါ။
ရဟာ ဟုတ္ဝာ သုသောဓေယ်၊ သာသနမလကဏ္ဌကံ။

ဟူသော ၂-ဂါထာဖြင့် နေရာဒေသ, ကျမ်းပြုသူ, ကျမ်းပြီးရာအချိန်, ဆုတောင်းတို့ကို ဖော်ပြ၍ နိဂုံးအုပ်ခဲ့လေသည်၊ ၎င်းမှာ ဒီမိုင်းဆိုက် ၁၄-မျက်နှာရှိ ကျမ်းကောင်းကျမ်းငယ်ဖြစ်လေသည်။

၁။ မာရ်အောင်ကျောင်းတိုက်ဟု အဓိပ္ပါယ်ရသည်။

သဒ္ဒဘေရိပါဠိ

ပဏာမအဋ္ဌက, သမ္ဘန္ဓဆက္က, ဒဿနပဋ္ဌက, ဌပနာပဋ္ဌက, အန္တဋ္ဌဗာဟျတ္ထ, ဥဒ္ဒေသတိက, ပကိဏ္ဏကဘေဒ-ဟူသော မာတိကာ ၈-ချက်ကိုထား၍ ၎င်းကို အကျယ်ဖွင့်ပြပြီး သဒ္ဒဘေရိပါဠိ အမည်ဖြင့်လည်း ပါဠိကျမ်းစာငယ်တစ်ကျမ်းကိုလည်း အရှင်နေမိန္ဓရ မည်သော ရဟန်းတော်တောင်းပန်သဖြင့် ရေးသားခဲ့လေသည်၊ ကျမ်းဦး၌-

သဒ္ဒပါရံ ဗုဒ္ဓံ နတ္ဝာ၊ ဘိက္ခုနာ အဘိယာစိတော။
နေမိန္ဓရော ဟိ နာမေန၊ သဒ္ဒဘေရိ ကရောမဟံ။

ဟူသောဂါထာဖြင့် ပဏာမ, အဘိယာစက, ပဋိညာဉ်ကို ဖော်ပြခဲ့လေသည်၊ ကျမ်း၏အဆုံး၌လည်း-

ပုရတ္ထိမေ ပခန္ဓသ၊ သလ္လဝတ္ထုရာဝတိယာ။
နိသိန္နမူလဂါမသ၊ ပုရတ္ထိမကောဏန္တရေ။

မောနတ္ထလဝုဂါမသ၊ တိဘူမသိရိမင်္ဂလေ။
ဝသန္တေနုတ္တရေ ဝုတ္ထာ၊ ဝိမလောတ္ဝဝုဓိမတာ။

သဒ္ဒဘေရိကောဇတ္ထေ၊ ဒါမဖုဋ္ဌေ ပေါဠ္ဌပဒေ။
ကာလပက္ခေ အဋ္ဌမာသေ၊ ဘောမဒိနေ သုနိဋ္ဌိတော။

အစရှိသော ၄-ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်၊ သဒ္ဒဘေရိပါဠိမှာ ဒီမိုင်းဆိုက် ၇-မျက်နှာရှိလေသည်။

အတ္ထနိတိကျမ်း

အတ္ထနိတိပါဠိကိုလည်း ရေးသားခဲ့လေသည်၊ ယင်းကျမ်းကို-

ဒုဒ္ဒသတ္ထသုဒသိနံ၊ နတ္ဝာန ဝုဒ္ဓမာဒရံ။
သောတူနံ ဟိတပသိယ၊ ကဿမတ္ထနိတိမဟံ။

ဟူသောဂါထာဖြင့် ပဏာမ, ပဋ္ဌိညာဉ်ကို ဖော်ပြခဲ့သည်။ ကျမ်း၏ အဆုံးဌ်လည်း-

ဂေါဇေ ဓမ္မဖုဋ္ဌေ ဂတော၊ ဇုဏ္ဏပကွေ ပေါဠ္ဍပဒေ။
ဧကာဒသဂုရုဒိနေ၊ အနာယာသေန နိဋ္ဌိတော။

ဟူသောဂါထာဖြင့် ကျမ်းပြီးရာကာလကို ဖော်ပြခဲ့သည်၊ ၎င်းအတ္ထနိတိ ပါဠိမှာ ကရောင်း ၁၆-ချိုး ၁၂-မျက်နှာသာ ရှိလေသည်။

ကဝိပိယပါဠ်

ကဝိပိယပါဠ်ကိုလည်း သမ္ဘန္ဓနိဒ္ဒေသ, ဝိဂ္ဂဟနိဒ္ဒေသ, နိပါတတ္ထနိဒ္ဒေသ, သာမ္ပသာဓကာဒိအနေကဘေဒနိဒ္ဒေသတို့ဖြင့် တန်ဆာဆင်၍ စာသင်သားတို့အကျိုးငှာ ရေးသားစီရင်ခဲ့လေသည်။ ကျမ်းဦးဌ်-

ကဝိဝရံ နာထံ နတ္ဝာ၊ နာနာဂန္ထသမုဒ္ဓဠံ။
သောတုနာဟံ ဟိတံ ပဿိ၊ ကဝိပိယံ ကဿံ အဟော။

ဟူသောဂါထာဖြင့် ပဏာမ, ပယောဇဉ်, ပဋ္ဌိညာဉ်ကို ဖော်ပြခဲ့လေသည်၊ ကျမ်း၏အဆုံးဌ်-

သုဓမ္မေ ရိန္ဒယာရာမေ၊ ပါသေ ဂန္ဓေ သုနိဋ္ဌိတော။
မောနကတ္ထလဂုရုနာ၊ ရစ္ဆရူပေဝ ဖုဿတေ။

ဟူသောဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်၊ ၎င်းကျမ်းသည် ကရောင်း ၁၆-ချိုး ၁၂-မျက်နှာသာ ရှိလေသည်။

မင်္ဂလာကျော်ခေါင်နိယံ

ကစ္စည်း, ရူပသိဒ္ဓိ, သဒ္ဒနီတိစသည့်သဒ္ဒါကျမ်းများနှင့်တကွ ဝါကျဆိုင်ရာကျမ်းများစွာကို မှီငြမ်းပြု၍ ယုဝတန်စို စာသင်ပျိုတို့နှင့် ထိုထိုများစွာ ကျမ်းစာပို့ချ ဂဏဝါစကတို့အဖို့ ရည်ရွယ်၍ နိယံပုဒ်ပေါင်း ၅၃၀-တို့ဖြင့် တန်ဆာဆင်၍ မင်္ဂလာကျော်ခေါင်နိယံကျမ်း

ကိုလည်း ရေးသားစီရင်တော်မူခဲ့လေသည်။ ကျမ်းဦးဌ-

"မဂ်လာကျော်ခေါင်၊ သာဝါးထောင်၊ ဆုံးအောင်တည်စိမ့်ဌာ။
ကျမ်းဂန်ပေါင်းရှု၊ အကောင်းစု၊ ပြုအံ့နိယံစာ။"

စသော သံပေါက်ကဗျာ ၂-ပုဒ်ဖြင့် ရည်ရွယ်ချက်နှင့် ပဋ္ဌာန်းကို ဖော်ပြ၍ ရေးသားခဲ့လေသည်။ ကျမ်း၏အဆုံးဌ-

"အုဋ္ဌမတုရန်း၊ ချိုးခိုနန်း၊ ရွှေခန်းရှေ့လက်ဝှာ။
ရွှေရင်းရှေ့တောင်၊ ကုန်းရောင်သာဆုံး၊ ရွာရွှေဂုဏ်း၊ ခေါ်သုံး မြောက်မျက်နှာ။
သုံးထပ်ဘုမ္မိ၊ ဂုဏ်လွန်ရှိ၊ သီရိမဂ်လာ။
လဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရု၊ ဥဇုဘူတ၊ သစ္စဝါဒီ
ပါရမီနှင့်၊ ဉာဏ်အံ့ထူး၊ ဂုဏ်နုံ့မြူး၊ ဦးဝိမလင၊
စာသင်ပျိုနု၊ အခြေပြု၊ ဗဟုသုတရှာ။
ပိဋ္ဌကတ်သုံးပုံ၊ အလုံးစုံ၊ အုပ်ခြုံတတ်စိမ့်ဌာ။
နိယံယဉ်ကျေး၊ ချိုဧေ၊ ဆိုရေးသံပေါက်စာ။
ကောဇသက္ကာ၊ သတ္တာပဋ္ဌ၊ ဒွယကော်ရောက်ခါ။
ခွာညိုပွင့်စ၊ ပြာသိုလ်လ၊ ဆန်းကျနိဋ္ဌတာ။

ဟူသော နိယံ ၉-ပုဒ်ဖြင့် ကျမ်းဆရာ၏ဌာနနှင့် ရည်ရွယ်ချက်, ကျမ်းပြီးချိန်တို့ကို ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

ဂုဏ်တော်မျှားနှင့် ပျံ့လွန်တော်မူခြင်း

တလိုင်းကုန်းဆရာတော် အရှင်ဝိမလသည် စိတ်ထက်မြက်၏၊ စိတ်မြန်ကိုယ်မြန်ရှိ၏၊ စာပေကျမ်းဂန် နိုင်နင်း၏၊ စာပေချပ်မှုဌ်လည်းထုံ၏၊ စာရေးမှုဌ်လည်း လေ့ကျက်၏၊ သိက္ခာကာမ ရှိ၏၊ ၁၂၉၀-ပြည့်နှစ်လောက်တွင် အောက်မြန်မာပြည် ပုသိမ်မြို့သို့ သာသနာရေးကိစ္စတစ်ခုဖြင့် ရောက်စဉ် ရေချိုးမှား ပျံ့လွန်တော်မူခဲ့လေသည်။

တလိုင်းကုန်းဆရာတော် အရှင်ဝိမလသည် စာပေခဲရပ်ခက်ဆစ်များစွာကို ကျော်လွှားအောင်မြင်နိုင်ခဲ့လင့်ကစား သေမင်းကို မအောင်မြင်နိုင်ခဲ့ချေ။

ဘဒန္တဝိမလော ထေရော၊ ဝိစိတ္တာရာမဝံသိကော။
ဝိစိတ္တံ သော ကရိတ္ဝာန၊ မစ္စုရာဇဝသံ ဂတော။

သံဝေဂယူရန်

အာပါထရမဏိယာနံ၊ သံယောဂါနံ ပိယေဟိဝ။
အပထျာနမိဝန္ဓာနံ၊ ပရိဏာမော'တိဒါရုနော။[1]

အာပါထရမဏိယာနံ= သုံးဆောင်လေရာ ခိုက်အခါဝယ် နှစ်ခြိုက်အားရ ဟဒယရွှင်မြူး ကြည်နူးဖွယ်ရှိကုန်သော။ အပထျာနံ= အနာရောဂါ ဝေဒနာနှင့် မသင့်မတော် မလျော်ကုန်သော။ အန္ဓာနံ= အစားအစာတို့၏။ ပရိဏာမော= ကြေကျက်ခြင်းသည်။ အတိဒါရုနော ဣဝ= ဝေဒနာတက် ခံရခက်အောင် ထက်မြက်ဆိုးယုတ်ကြမ်းကြုတ်သကဲ့သို့။ တထာ= ထို့အတူ။ အာပါထရမဏိယာနံ= ပေါင်းယှဉ်ကြုံကြိုက် ထိုအခိုက်၌ နှစ်ခြိုက်ရွှင်ပြုံး နှလုံးမွေ့လျော်ဖွယ်ရာဖြစ်ကုန်သော။ ပိယေဟိ= ချစ်ခင်စုံမက် နှစ်သက်အပ်သူတို့နှင့်။ သံယောဂါနံ= တူကွဲမှီတင်း ပေါင်းယှဉ်ခြင်းတို့၏။ ပရိဏာမော= ဖောက်ပြန်ကွေကွင်း ပျက်စီးခြင်းဟူသော ရင့်ကျက်ခြင်းသည်။ အတိဒါရုဏော ဝေ= နှလုံးအသဲ ကွဲလုမခန်း လွန်စွာ ကြမ်းတမ်းလှသည်သာ။

၁။ ဟိတောပဒေသ၊ သန္ဓိကထာ။ ၈၀၊ ဂါထာ။

သံဃာဦးရေစသည်

ဝိစိတ္တာရာမမာရ်အောင်တိုက်၌ ရွှေတိဂုံကမ္ဘာအေးအမည် တော်ရှိ စေတီကြီးတစ်ဆူ ရှိလေသည်၊ ယင်းစေတီကြီးကား ၁၉၆၀-ခုနှစ်က အပြီးသတ်တည်ဆောက်ခဲ့သော စေတီကြီးဖြစ်သည်။

မာရ်အောင်တိုက်၌ ဆရာတော်အရှင်တိလောကတို့ လက်ထက်က သံဃာဦးရေမှာ ရာချီရှိဟန်တူ၏၊ ၁၃၂၄-ခုနှစ်က မာရ်-အောင်တိုက်၌ ရဟန်း ၃၀-ပါး၊ သာမဏေ ၂၉-ပါး ၂-ရပ်ပေါင်း ၅၉-ပါး ရှိလေသည်။

၁၃၃၃-ခုနှစ်၌မူ ၃၀-ကျော် ၄၀-ကျော်ခန့်ရှိ၏၊ တဖြည်းဖြည်း လျော့ပါးခဲ့လေသည်၊ ဆရာတော် အရှင်တိလောကတို့ ခေတ်မီအောင် ပြန်လည်တိုးတက်ရန် မလွယ်ကူတော့ချေ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
မာရ်အောင်သာသနဝံသောယံ၊ သမတ္တော သာဓု ဝဏ္ဏိတော။

မာရ်အောင်သာသနာဝင် ပြီး၏။

*** ◆ ***

မဟာဝိသုဒ္ဓါရာမသာသနာဝင်

မဟာဝိသုဒ္ဓါရာမတိုက်ကြီးသည် မန္တလေးမြို့အရှေ့ပြင် နန်းတော်ရှေ့ရပ် သဒ္ဓမ္မပဇ္ဇောတိကာရာမ(တကောင်း)တိုက်နှင့် စလင်းတိုက်ဟောင်းတို့၏ အကြားခ၌ တည်ရှိလေသည်၊ မဟာဝိသုဒ္ဓါရာမတိုက်ကြီးကား ကျယ်ဝန်း၏၊ အရိပ်ရေနှင့် ပြည့်စုံ၏၊ တိုက်တွင်းခ၌ ကျုံးရေမြောင်းများမှာ အမြဲတန်းရှိ၏၊ စိတ်ဓာတ်ကြည်ပျော်ဖွယ်ကောင်းလှ၏၊ လေးဖက်လေးတန် မြင့်မားသော မဟာရံတံတိုင်းကြီးဖြင့် ဝန်းရံထား၏၊ တိုက်တွင်းခ၌-

၁။ ကြေးမြင်ကျောင်း
၂။ လှိုင်းတက်ကျောင်း
၃။ မိုးကောင်းကျောင်း
၄။ ရမည်းသင်းကျောင်း
၅။ ဖလ်ချက်ကျောင်း
၆။ ပွဲစားကျောင်း
၇။ ကျောင်းကြီးကျောင်း
၈။ ရန်ကုန်ကျောင်း
၉။ နန်းရှေ့ကျောင်း
၁၀။ ဝါဆိုကျောင်း

၁၁။ ရေလယ်ကျောင်း-အားဖြင့် ကျောင်းပေါင်း ၁၁-ကျောင်း ရှိလေသည်၊ ကျောင်းတိုက်အလယ်ခ၌ ဘုရားကျောင်းလည်း တည်ရှိလေသည်။

သမ္ပိုင်းအကျဉ်း

သေတိဘသာမိနီ နာမ၊ ရညော အဂ္ဂမဟေသိကာ။
မာပယိတ္ထ မဟာရာမံ၊ နဂရသ္မိ ပုရတ္ထိမေ။

နဂရသ= ရတနာပုံမြို့တော်ကြီး၏။ ပုရတ္ထိမေ= အရှေ့အရပ်မျက်နှာ၌။ သေတိဘသာမိနီ နာမ= ဆင်ဖြူမရှင်၏ အရှင်သခင်ဖြစ်သောကြောင့် ဆင်ဖြူမရှင်မည်သော။ ရညော= ပဋ္ဌမသံဂါယနာတင်မင်းတုန်းမင်းဘုရင်၏။ အဂ္ဂမဟေသိကာ= အဂ္ဂမဟေသီ ဒေဝီထွတ်ထား မိဖုရားသည်။ မဟာရာမံ= ကြီးသော ဝိသုဒ္ဓါရာမတိုက်တာအရံကြီးကို။ မာပယိတ္ထ= ဖန်ဆင်းလေပြီ။ ° ဟူသည်နှင့်အညီ ပဋ္ဌမ-သံဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ အလယ်နန်းတော်မိဖုရားကြီးကား "သိရိပဝရလောကမဟာရာဇိန္ဒာဓိပတိပဒုမရတနာဒေဝီ"ဖြစ်လေသည်။ ၎င်းမိဖုရားကြီးကား ကုန်းဘောင်သတ္တမ ရတနာပူရစတုတ္ထမြို့တည်နန်းတည် ဘကြီးတော်မင်းတရားကြီး၏ မိဖုရားခေါင်ကြီးတွင်မြင်သော သမီးတော်ဖြစ်လေသည်၊ သီပေါမင်းလက်ထက် သုသီရိ-ပဘာရတနာဒေဝီမည်သော မိဖုရားခေါင်ကြီး၏ မယ်တော်ဖြစ်လေသည်။

ပဋ္ဌမသံဂါယနာတင် မင်းတရား၏ တောင်နန်းမတော် စန္ဒာဒေဝီမိဖုရားခေါင်ကြီး နတ်ရွာစံပြီးနောက် အလယ်နန်းမတော်မိဖုရားခေါင်ကြီးသည် အဂ္ဂမဟေသီမိဖုရားခေါင်ကြီးအရာ၌ တည်လေသည်၊ သက္ကရာဇ် ၁၂၃၉-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆-ရက်နေ့တွင် မင်းတရားကြီးသည် အလယ်နန်းမတော် မိဖုရားကြီး၏ ထီးဖြူရိပ်ဖွားခြင်း-စသော ဂုဏ်ထူးကို မြော်မြင်တော်မူ၍ ထိုမိဖုရားကြီးအားရှေးက ထားဝယ်မြို့မှဆက်သသော သိရိမဟာသုဘဒ္ဒါရတနာမည်သော ဆင်ဖြူတော်မကို ခိုးမြောက်သနားတော်မူ၏၊ ထိုအချိန်ကစ၍ မိဖုရားကြီးသည် "ဆင်ဖြူမရှင်"ဟု တွင်လေသည်၊ ထိုဆင်ဖြူမရှင် မိဖုရားကြီးသည် များမြောက်စွာသော ဥစ္စာဓနငွေကြေးတို့ကို ထုတ်ပေး၍ မြို့တော်အရှေ့ပြင်၌ ၃-ထပ်စမြင်ခံကျောင်းတော်ကြီးဖြင့် တန်ဆာဆင်ကာ မဟာဝိသုဒ္ဓါရာမမည်သော ကျောင်းတိုက်ကြီးကို

၁။ မဟာဝိသုဒ္ဓါရာမိကထေရုပ္ပတ္တိဒီပနီနိဿယ။ ၁၈၆။

တည်ထောင်ဆောက်လုပ်စေပြီး သက္ကရာဇ် ၁၂၃၄-ခုနှစ်၊ ကဆုန်လတွင် မဟာဗိုလ်ဆရာတော်ဘုရားအား တင်လှူတော်မူခဲ့လေသည်။ မဟာဗိုလ်ဆရာတော်ဘုရားကြီးအား "ပဒုမာဘိဓေသဒ္ဓမ္မဝံသအတုလ-အဓိပတိမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်လှူဒါန်းလေသည်။

အရှင်ဝိသုဒ္ဓါစာရဘားလှူ

သို့ရာတွင် မဟာဗိုလ်ဆရာတော်ဘုရားကြီးမှာ မြို့တော်၌ သီတင်းသုံးတော်မမူလိုသဖြင့် မင်း,မိဖုရား ၂-ပါးတို့သည် ရွှေခွင်တောရ၌ သီတင်းသုံးတော်မူသည့် အရှင်ဝိသုဒ္ဓါစာရကို ပင့်တင်ကိုးကွယ်လှူဒါန်းတော်မူကုန်၏၊ အရှင်ဝိသုဒ္ဓါစာရမထေရ်မြတ်၏ ဘုန်းတော်ကံတော်ကြောင့် မည်သူတစ်စုံတစ်ယောက်မျှ မညွှန်ပြရပဲ ကိုယ်တော်မြတ်နှင့် နာမည်တူစွာ မဟာဝိသုဒ္ဓါရာမမည်သော တိုက်တာအရံ ဗိမာန်တော်ကြီးသည် ဖြစ်ထွန်းပေါ်ပေါက်ခဲ့လေသည်၊ ထို့ကြောင့်ပင်-

ဝိသုဒ္ဓါစာရတ္ထေရသ၊ ဝိသုဒ္ဓပုညနိမ္မိတော။
ဝိသုဒ္ဓါရာမော သမ္ဘူတော၊ ဝိသုဒ္ဓါနံ နိဝါသတော။

ဟူသောဂါထာကို ပညာရှိတို့ ဖွဲ့ကုံးချီးကျူးခဲ့ကြကုန်၏၊ သီဟိုဠ်ကျွန်းကိုလံဘိုမြို့ မဟာဝိသုဒ္ဓါရာမာဓိပတိ အရှင်သီရိဓမ္မထေရ်သည်လည်း အောက်ပါဂါထာဖြင့် မဟာဝိသုဒ္ဓါရာမတိုက်ကြီးကို ဖွဲ့ဆိုချီးကျူးထောမနာခဲ့လေသည်။

အရှင်သီရိဓမ္မ၏ မဟာဝိသုဒ္ဓါရာမတိုက်တော်ဘွဲ့

၁။ သုဝဏ္ဏာလိမ္မိတော တတ္ထ၊ ပါသာဒေါ သတ္တဘူမိကော။
မာလာကမ္မလတာကမ္မ-စိတ္တကမ္မေဟိ သောဘတိ။

၂။ မာလာဂစ္ဆလတာနေကာ၊ ပုပ္ဖိတဂ္ဂါ သုဂန္ဓိကာ။
ပါသာဒါဝနတာ ဟုတ္ဝာ၊ နာနာဝဏ္ဏာ ဝိရောစရေ။

၃။ တံ သမန္တာ ဌိတော နီလ-ဝဏ္ဏာမလဇလာသယော။
မစ္ဆကစ္ဆပသံကိဏ္ဏော၊ မဏိဂင်္ဂါ သောဘတိ။

၄။ တတော သမန္တာ ဘိက္ခူနံ၊ ဝါသာဂါရာ မနောရမာ။
နာနာဝိစိတြကမ္မေဟိ၊ ဒိဿန္တိ သမလင်္ကတာ။

၅။ ဇမ္ဗာမ္ဗာနာဠိကေရာဒိ-ရုက္ခာ ပုပ္ဖဖလူပဂါ။
မန္ဒမာရုတဝေဂေန၊ စလမာနာ ဝိရောစရေ။

၆။ သဗ္ဗပစ္ဆိမတော တတ္ထ၊ ရဇတက္ခန္ဓသန္နိဘော။
သောဘတေ မဟာပါကာရော၊ ပဠုဟတ္ထံ နဘုဂ္ဂတော။

၇။ ဣတိ ဒေဝဝိမာနံဝ၊ ပဋ္ဌိဂ္ဂဏ္ဍိ မနောရမံ။
မဟာဝိသုဒ္ဓါရာမံ တံ၊ သော ပဠုဒသဝဿိကော။

မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီး၏ ခမ်းနားတင့်တယ်ပုံကို လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး (မဟာဝိဇ္ဇာ)ကလည်း အောက်ပါအတိုင်း ဖွဲ့ဆိုခဲ့လေသည်။

လယ်တီပဏ္ဍိတ အနက်မြန်မာပြန်ဆိုခြင်း

ဖော်ပြပါ အရှင်သီရိဝမ္မ သီဟိုဠ(သီရိလင်္ကာ) ရဟန်းတော် ရေးသားစီရင်သည့် ကျောင်းတော်ဖွဲ့ ၇-ဂါထာကို လယ်တီပဏ္ဍိတသည် အောက်ပါအတိုင်း အနက်မြန်မာပြန်ဆိုခဲ့ရာ ကြည်နူးဖွယ်ရာ ကောင်းလှပါသည်။

(၁) တတ္ထ= ထိုဝိသုဒ္ဓါရုံကျောင်းတိုက်ကြီး၌။ သုဝဏ္ဏလိမ္မိ-တော= ရွှေဖြင့် လိမ်းကျံအပ်ထသော။ သတ္တဘူမိကော= ဘုံခုနစ်ဆင့် ရှိသော။ ပါသာဒေါ= ပြာသာဒ်ကြီးသည်။ မာလာကမ္မလတာကမ္မ-စိတ္တကမ္မေဟိ= ပန်းခိုင်ပန်းမှုံ ပန်းရုံပန်းနွယ် ဆန်းကြယ်ထွေလီ ပန်းချီ ဆေးရေးမှုတို့ဖြင့်။ သောဘတိ= ရှုဖွယ်ဘနန်း အံ့မခန်းမျှ တင့်တယ်လှပေ၏။

(၂) ပုပ္ပိတဂ္ဂါ= ပွင့်သောအခက်အညွှန့်ရှိကုန်သော။ သုဂန္ဓိ-ကာ= သင်းပျံ့ထုံလှိုင် မွှေးကြိုင်သောရနံ့ရှိကုန်သော။ အနေကာ= တစ်ပါးမက မျိုးပြားလှစွာကုန်သော။ နာနာဝဏ္ဏာ= စိမ်းပြာညိုရွှေ ဖြူပြေဖြောတော့ နီပြောနီရင့် အဆင့်ဆင့်အစားစား မျိုးသောအဆင်း အရောင် ရှိကုန်သော။ မာလာဂစ္ဆလတာ= ပန်းရုံပန်းခုံ ပန်းချုံပန်းနွယ် အမျိုးမျိုးတို့သည်။ ပါသာဒါဝနတာ= စံတော်မူရာပြာသာဒ်သို့ ပျပ်ဝပ် နိမ့်ရှိုင်း ခက်ကိုင်းခွေပျော့ အသီးအသီးကန်တော့ကြကုန်သည်။ ဟုတ္တာ= ဖြစ်ကုန်လျက်။ ဝိရောစရေ= တင့်တယ်တောက်ပကြကုန်၏။

(၃) တံ သမန္တာ= ထိုပြာသာဒ်တော်ကြီးနှင့် ပန်းရုံပန်းချုံတို့၏ ထက်ဝန်းကျင်မှ။ ဌိတော= လက်ျာရစ်လည် ဝန်း၍တည်သော။ နီလဝဏ္ဏာမလဇလာသယော= ညိုသောအဆင်းရှိသော အညစ်အကြေး ကင်း၍ သန့်ရှင်းကြည်လင်သော ရေချိုရေကောင်းတို့၏ တည်ရာ ဖြစ်သော ကျုံးမြောင်းကြီးသည်။ မစ္ဆကစ္ဆပသံကိဏ္ဏာ= ရေဠဲပျော်ပါး ငါးလိပ်စသော သတ္တဝါတို့ဖြင့် ပြွမ်းလျက်။ မဏိဂဏ်ါ= မြကျောက် လိုလို ညိုသောရေရှိသော မဏိဂဏ်ါကြီးကဲ့သို့။ သောဘတိ= တင့် တယ်၏။

(၄) တတော= ထိုကျုံးတော်ကြီးမှ။ သမန္တာ= ပြင်ဖက်ဝန်း ကျင်၌။ ဘိက္ခူနံ= ရဟန်းတော်တို့၏။ မနောရမာ= နှလုံးမွေ့လျော် ဖွယ် ကောင်းကုန်သော။ ဝါသာဂါရာ= နေရာကျောင်းရံတို့သည်။ နာနာဝိစိတ္တြကမ္မေဟိ= အထူးထူးသော ခြူးပန်းခြူးနွယ်တို့ဖြင့်။ သမ-လက်တာ= ကောင်းစွာ တန်ဆာဆင်အပ်ကုန်သည်ဖြစ်၍။ ဒိဿန္တိ= ရှုမြင်အပ်ကုန်၏။

(၅) ပုပ္ဖဖလူပဂါ= အပွင့်အသီးနှင့်ပြည့်စုံကုန်သော။ ဇမ္ဗာမ္ဗ-နာဠိကေရာဒိရုက္ခာ= သပြေပင် သရက်ပင် အုန်းပင်-စသော သီး မျိုးစုံအပင် အမျိုးမျိုးတို့သည်။ မန္ဒမာရုတဝေဝေန= ညှင်းညှင်းသာသာ တိုက်ခတ်လာသော လေအဟုန်ဖြင့်။ စလမာနာ= တုန်လှုပ်ကွန့်မြူး ကြကုန်လျက်။ ဝိရောစရေ= ထွန်းလင်းတောက်ပကုန်၏။

(၆) တတ္ထ= ထိုဝိသုဒ္ဓါရုံကျောင်းတိုက်ကြီး၌။ သဗ္ဗပစ္ဆိမတော= အလုံးစုံသော အဆောက်အအုံတို့၏ ပြင်ဖက်ဆုံး၌။ ရဇတက္ခန္ဓသန္ဓိ-ဘော= ငွေတုံးငွေစိုင်နှင့်တူသော။ မဟာပါကာရော= အင်္ဂတေတို့ဖြင့် လိမ်းကျံအပ်သော တံတိုင်းကြီးသည်။ ပဠုဟတ္ထံ= ငါးတောင်တသူ တိုင်တိုင်။ နဘုဂ္ဂတော= မြေမှအထက်သို့စွင့်လျက် မြင့်သောအရြေ-အနေရှိသည်ဖြစ်၍။ သောဘတေ= တင့်တယ်၏။

(၇) ဣတိ= ဤဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့်။ ဒေဝ-ဝိမာနံဝ= နတ်ဘုံဗိမာန်ကြီးကဲ့သို့။ မနောရမံ= စိတ်နှလုံးကို ရွှင်ပြုံးနှစ်လို့ ပျို့ရာဖြစ်ပေထသော။ တံ မဟာဝိသုဒ္ဓါရာမံ= ထိုမဟာဝိသုဒ္ဓါရုံကျောင်းဘုံဗိမာန် တိုက်အရံကြီးကို။ ပဠဒသဝဿိကော= တစ်ဆယ့်ငါးဝါ ရရှိတော်မူသည်ဖြစ်၍။ သော= ထိုမဟာဝိသုဒ္ဓါရာမမထေရ်မြတ်သည်။ ပဋိဂ္ဂဏှိ= သာသနာအရေးကြောင့် ခွင့်ပေးခံယူတော်မူ၏။[1]

လယ်တီပဏ္ဍိတ၏ မဟာဝိသုဒ္ဓါရာမတိုက်တော်ဘွဲ့.

ဝိသုဓိရွှေဘုံ၊ ဆန်းတင့်ပုံကို၊ လုံးစုံအင်ပြည့်၊ မစွမ်းလှည့်လည်း၊ တပည့်ဉာဏ်လျှောက်၊ သင့်ရုံရောက်အံ့၊ ပါမောက်ဘုန်းဖွင့်၊ အရှင့်စံရာ၊ သယံဇာမှု၊ ကြမ္မာရှင့်ဘုန်း၊ ထွန်းတက်တုံးမို့၊ ဘေးကုန်းဘောင်ဆွ၊ ဆယ်ဆင့်နေလျှင်၊ မန်းရွှေဗိမာန်၊ ဝေဇယန္တမှ၊ ပန်းမာလ်ပွင့်ရာ၊ ရှေ့ပြုဗွာဝယ်၊ သုဓာတ်သီဇစ်၊ မရုရာဇ်၏၊ ကသစ်မှသက်၊ ကူပုံ့ချက်ကြောင့်၊ မဟာဂ်ရတနာ၊ အမြက်မြာ၍၊ လူ့ရွာကြုံဆဲ၊ နတ်ဖြစ်ပဲဟု၊ မလွဲဆိုတန်၊ ရှင့်ဝေဖန်မှု၊ ဖလ်မှန်ရောင်စုံ၊ ကြိတ်ပွင့်ခြုံသို့၊ ဝိဇ္ဇုံပကတိ၊ လျှပ်နှယ်ငြိခဲ့၊ ရုစိပြဟွဏာ၊ လောင်းဖြစ်ခါတွင်၊ ဣန္ဒာဖန်သ၊ မဏ္ဍာပနှင့်၊ ပနာဒဇာတ်၊ ဇာတသတ်တည့်၊ မြတ်ဗောဓိမင်း၊ ပြာသာဒ်ရင်းသို့၊ ကောင်းခြင်းတန်တန်၊ ဆန်းလှဟန်ဟု၊ ကျမ်းဂန်အာဂုံ၊ လာလှည့်တုံလည်း၊ ဘုမ္မန္တရ၊ ခေတ်ကာလနှင့်၊ ဒေသ

---

[1] မဟာဝိသုဒ္ဓါရာမိကထေရုပ္ပတ္တိဒီပနီ။ ၁၆၈-၁၆၉၊ နှာ။

ဝေါဟာ၊ နီးနှောစာသော်၊ ကခ်ီသို့လော၊ ကျန်ထွေးတောရှင့်၊ အဟော တွေ့ကြုံ၊ အရှင့်ဘုံကား၊ ဝိဇ္ဇုပြိုးပြက်၊ ယင်းသို့ထက်ပင်၊ သက်သက် ဆရာ၊ သာကြီးသာလိမ့်၊ မာလာရစ်ဆင့်၊ ပန်းစုံပွင့်၍၊ ငုံရင့်ထွားကြိုင်း၊ ခိုင်ညှာဆိုင်းခဲ့၊ တံတိုင်းမြင့်ခိုင်၊ တုရိဟ်ကူ၊ ဂေါပုရန့ှင့်၊ သိပ္ပသာလာ၊ ကွန်းသဘာတည့်၊ ဇန္ဓာယရံ၊ မဏ္ဍာပ်တွင်၊ စကြီမုခ်ဆန်း၊ လှည့်လည် ပန်းလျက်၊ အုန်းထန်းခွေပတ်၊ ရှင့်ဘုံမြတ်ကား၊ သုဒသ်စကြာ၊ မြို့ ပမာတည့်၊ ဘာသာဘုန်းလျောက်၊ ပန်းမြိုင်ပေါက်လျက်၊ မနောက် ကြည်တောင်း၊ ချိုမြန်ကောင်းသည့်၊ ကျုံးမြောင်းဝိုက်လည်၊ မန္ဒာကီသို့ ရေသီတာကြို၊ တောင်မြင့်မိုရ်ဝယ်၊ နတ်မြို့ဝတိန်၊ သုဘကိဏ်ထက်၊ နှိုင်းချိန်တွေးတော၊ သာလိမ့်လောဟု၊ မနောဒွေဌက၊ ရှိသေးကလည်း၊ နန္ဒနန္ဒာ၊ ရှင့်ဘုံသာလျှင်၊ အာဌကာမန်၊ ထက်ပင်ဟန်၍၊ ဧကန် သာလိမ့်၊ ဘယ်မနိမ့်ဟု၊ နှစ်သိမ့်သဘော၊ ကျပြန်မောမျှ၊ အဟော ပြိုင်လွင့်၊ ရှင့်ဘုံမြင့်သည်၊ မိုးနှင့်မြေဝသုန်ဘုရား။[1]

ရာဇဝင်, ကျောက်စာ

ယင်းကျောင်းတိုက်ကြီးနှင့် စပ်၍ ရာဇဝင်၌ "ဆင်ဖြူမရှင် မိဖုရားကြီးက ရွှေမြို့တော်အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်အတွင်း ဆောက်လုပ်တော်မူသည့် သုံးထပ်စမြင်ကျောင်းတော်ကြီး- ၂ ဟုတွေ့ရ၏။

ကျောင်းတိုက်အပြင်ဖက် အနောက်မြောက်ထောင့် ကျောက် စာဂူ၌လည်း "မန္တလေး ရတနာပုံမြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများအရှင် လက်နက်စကြာသခင် ပဉ္စမသံဂါယနာ တင်အသျှင် ဘဝရှင်မင်းတရားကြီးဘုရား ရွှေလက်ထက်တော် စုဘုရားကြီး၏ ကုသိုလ်တော်ဟု ရေးထိုးထားလေသည်။

၁။ မဟာဝိသုဒ္ဓါရာမိကဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဘွဲ့ရတုပိုဒ်စုံ သုံးပုဒ်အနက် ကျောင်းတိုက်နှင့်ဆိုင်ရာကို ထုတ်နှုတ်ဖော်ပြပါသည်။ ကဗျာ့မဇ္ဈရီ။ ၁၃၄၊ ၁၃၅။

၂။ ကုန်းဘောင်ဆက်။ ၃။ ၄၄၉။

ဝိသုဒ္ဓါစာရကဝိဇေမဟာမွေရာဇဂုရု
ဝိသုဒ္ဓါစာရကဝိဇောဓိပတိသိရိပဝရမဟာမွေရာဇာဓိရာဇဂုရု
အဂ္ဂမဟာပဏ္ဍိတ-အားပြင့် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ
မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး
အရှင်ဝိသုဒ္ဓါစာရ

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး အရှင်ဝိသုဒ္ဓါစာရသည် မဟာဝိသုဒ္ဓါရာမတိုက်ကြီးကို အလှူခံတော်မူ၍ ကြာမြင့်စွာသီတင်းသုံး သာသနာပြုခဲ့သော သာသနာ့သမိုင်းပြောင်သည့် မဟာထေရ်ဖြစ်တော်မူသည်၊ မန္တလေးသာသနာဝင် အတွဲ ၉၊ အနောက်ပြင် ဝိသုဒ္ဓါရုံသာသနာဝင်၌ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ်ကို ကျယ်ဝန်းစွာရေးသားခဲ့ပြီးဖြစ်ရာ ဤအရှေ့ပြင် မဟာဝိသုဒ္ဓါရာမသာသနာဝင်အခမ်း၌ အကျဉ်းမျှ ရေးသားဖော်ပြပေအုံ့။

ဖွားတော်မူခြင်း

ရွှေဘိုခရိုင် ရွှေဘိုမြို့တောင်ဖက် စမွန်းရွာ၌ အဖဦးမှူ, အမိဒေါ်မိတို့မှ သက္ကရာဇ် ၁၂၀၀-ပြည့်နှစ်၊ ဝါဆိုလဆန်း ၁၃-ရက် ဗုဒ္ဓဟူးနေ့ ညဉ့် ၃-ချက်တီးကျော်အချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ဆရာတော်ဘုရားကြီး၏ ဇာတာတော်ခွင်ကို လယ်တီပဏ္ဍိတဦးမောင်ကြီးက ပြည့်စုံစွာ အောက်ပါအတိုင်း ဧကပိုဒ်သံပိုင်းလင်္ကာ ဖွဲ့စီခဲ့လေသည်။

ဇာတာတော်ဘွဲ့ ဧကပိုဒ်သံပိုင်းလင်္ကာ

မင်္ဂလာကြိုကြံ့။ ။ချီးကျူးတုံအုံ့၊ မြန်ဘုံတန်ဆောင်၊ ပြည်ကုန်းဘောင်၏၊ တောင်ဒကွိုဏာ၊ စမွန်းရွာတွင်၊ ဝံသာကုလ၊ သန့်

စင်စွဲ၌၊ ရှေ့ကဘုန်းတော်၊ သမ္ဘာဆော်၍၊ ငါသော်သာသနာ၊ ပြုအံ့ဌာဟု၊ နတ်ရွာဘုံမျှ၊ စုတိကျပြီး၊ သက္ကရာဇာ၊ ထောင်မှာဧက၊ ဒွေသတဟု၊ လအာသဋ္ဌိ၊ တေရသီတွင်၊ ဇုဏ္ဏိနေ့ထူး၊ ဗုဒ္ဓဟူးဝယ်၊ မီးရှူးသန့်စင်၊ မယ်တော်မြင်၏၊ သိဟ်တွင်ဇီဝါ၊ မိန်မှာရာဟု၊ ဣန္ဒ၊ စန္ဒရာ၊ မြွေရာဇာတို့၊ ပြိုစ္ဆာစက်ကွင်း၊ နှစ်ဖြာနင်းခဲ့၊ တနင်္ဂနွေ၊ လက်ဆင်တွေမူ၊ မေထုန်၌မှာ၊ ကေသရာနှင့် သောကြာပြိုဿ၊ စံပျော်ကြရှင့်၊ သောဌသမှတ်၊ စင်နက္ခတ်တွင်၊ ပါဒ်သုံးမြင်၏၊ အောင်မင်္ဂလာ၊ ဤအခါမူ၊ မဟာယုဂ်ဇုဂ်၊ ဟုတ်ကြီးဟုတ်၍၊ ဥက္ကဋ္ဌဖျား၊ တို့ရှင်ဖွားသည်၊ မှတ်သားပြကွဒိန်နာရီတည်း။

ဆရာတော်၏ ငယ်နာမည်မှာ မောင်မောက်ဖြစ်၏၊ ဆရာတော်၌ မွေးချင်းအကိုကြီးတစ်ယောက်သာ ရှိလေသည်၊ ဆရာတော် လောင်းလှာ ၃-နှစ်သားအရွယ်တွင် မိခင်ကွယ်လွန်၍ ဖခင်မှာ ဆရာတော် ရဟန်း ၁၂-ဝါရမှ ကွယ်လွန်ခဲ့လေသည်။

ကျောင်းနေ, ရှင်သာမဏေဝတ်, ပညာသင်

သက်တော် ၈-နှစ်သားအရွယ်တွင် ဖခင်ကြီးက စမ္ဘန်းရွာ မဟာရုံကျောင်းတိုက်ဆရာတော် အရှင်ဣန္ဒသာရထံ အပ်နှံသဖြင့် အရှင်ဣန္ဒသာရထံ၌ ပညာသင်ကြားတော်မူခဲ့ရလေသည်။

၁၃-နှစ်သားအရွယ်တွင် ဖခင်ဒါယကာကြီးက ပဗ္ဗဇူမင်္ဂလာသဘင် ဆင်ယင်ကျင်းပကာ သာသနာတွင်းသို့ သွတ်သွင်းချီးမြှင့်သဖြင့် အရှင်ဣန္ဒသာရထံ၌ သာမဏေဝတ်ခဲ့လေသည်၊ ဥပဇ္ဈာယ်ဆရာတော် အရှင်ဣန္ဒသာရက ရှင်ဝိသုဒ္ဓါစာရဟု ဘွဲ့အမည်ကို မှည့်ခေါ်သတ်မှတ်တော်မူ၏။

ဥပဇ္ဈာယ်ဆရာတော် အရှင်ဣန္ဒသာရထံ၌ သာမဏေအဖြစ်ဖြင့် ၄-နှစ်ကြာမျှ ပညာရင်နှီး သောက်စို့နေထိုင်၍ ၁၇-နှစ်သားအရွယ်တွင် ရွှေဘိုနယ် ခေါ်တောရွာ တောရကျောင်း၌ သီတင်းသုံးတော်မူသော ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရထံ ရောက်ရှိ

၍ ပါဠိ, အဋ္ဌကထာ, ဋီကာဂန္ထရ, သက္ကတကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။

ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

သက်တော် ၂၀-ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၁၉-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့တွင် ရွှေဘိုခရိုင် ဝက်လက်မြို့, သရိုင်ရွာ သိမ်တော်၌ ရွှေကျင်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်၊ ရဟန်းဖြစ်ပြီးနောက် ရဟန်း ၁-ဝါရသည်အထိ ရွှေကျင်ဆရာတော်ထံ၌ ဆက်လက်ပညာသင်ကြားတော်မူခဲ့လေသည်။

အခြားဆရာတော်များထံ ဆက်လက်နည်းခံ

ဂင်းပြင် ဆည်သည်ရွာ (သက်ပန်းဆရာတော်) အရှင်ဥေ ယျ, မြို့ပြင်ကြီးဆရာတော် အရှင်စန္ဒာဝံသာလင်္ကာရ, အင်းဝမြို့ သက်ငယ်ကျင်းတိုက် ဂိုဏ်းထောက်ဆရာတော် အရှင်မဉ္ဇု, မန္တလေးမြို့အရှေ့ပြင် မင်းတဲတိုက် ဥဘွေမာစာရပရမမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဥတ္တမ အထံ၌လည်း ဆက်လက်ပညာသင်ကြားတော်မူခဲ့လေသည်၊ ယင်းသို့ဖြင့် ရဟန်းသိက္ခာ ၆-ဝါတိုင်အောင် ပညာသင်ကြားတော်မူခဲ့လေသည်၊ ၎င်းနောက် မဟာဓမ္မိကာရာမတိုက် ရွှေကျင်တိုက်မ၌ ၁၂-ဝါရသည်အထိ သီတင်းသုံးတော်မူခဲ့လေသည်၊ မဟာဗိုလ်ဆရာတော်ဘုရားကြီး အရှင်ပဒုမထံ၌လည်း ရံဖန်ရံခါ ကြွရောက်သီတင်းသုံးတော်မူသည်ဟု သိရလေသည်။

မဟာဝိသုဒ္ဓါရာမတိုက်ကြီး အလှူခံတော်မူခြင်း

သက္ကရာဇ် ၁၂၃၄-ခုနှစ်၊ ကဆုန်လတွင် မန္တလေးမြို့အရှေ့ပြင် ကဆုန်လတွင် မဟာဝိသုဒ္ဓါရာမတိုက်ကြီးကို အလှူခံတော်မူရလေသည်၊ ဆရာတော်သည် ဖော်ပြပါ မဟာဝိသုဒ္ဓါရာမကျောင်းတိုက်

ကြီးခ်ဳပ် ၁၂၃၄-ခုနှစ်မှ ၁၂၆၃-ခုနှစ်အထိ ၂၉-ဝါလုံးလုံး သီတင်းသုံးတော်မူကာ စာပေပို့ချခြင်း, သြဝါဒပေးခြင်း, ကျမ်းဂန်ပြုစုခြင်းစသော လုပ်ငန်းတို့ဖြင့် သာသနာပြုတော်မူခဲ့လေသည်။

ဘွဲ့တံဆိပ်တော်များ အလှူခံရခြင်း

ရဟန်းသိက္ခာ ၁၆-ဝါအရတွင် မင်းတုန်းမင်းတရား လှူဒါန်းဆက်ကပ်သော "ဝိသုဒ္ဓါစာရကဝိဓေမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူရလေသည်၊ တဖန် ၂၆-ဝါအရတွင် သီပေါမင်းတရား ဆက်ကပ်လှူဒါန်းအပ်သော "ဝိသုဒ္ဓါစာရကဝိဓေဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူလေသည်၊ သက်တော် ၇၇-နှစ်ရှိရာ ၁၂၇၆-ခုနှစ်တွင် အင်္ဂလိပ်အစိုရတို့ လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူရလေသည်။

သမ္မတိသာသနာပိုင်ဖြစ်ခြင်း
ကျောင်းတိုက်များအလှူခံခြင်း

၁၂၅၆-ခုနှစ် တပို့တွဲလဆန်း ၁၃-ရက်နေ့တွင် ရှေကျင်နိကာယ သမ္မတိသာသနာပိုင်တင်မြှောက်ခြင်းကို ခံရတော်မူလေသည်၊ ကျိုက်လတ်မြို့, ပုဗ္ဗာရုံကျောင်း, ပစ္ဆိမာရုံကျောင်း, ရန်ကုန်မြို့, ကျိုက္ကစံ မဟာဝိသုဒ္ဓါရုံတိုက်, မန္တလေးမြို့အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်သစ်တို့ကိုလည်း အလှူခံတော်မူရလေသည်၊ ကျောင်းတိုက်အသီးသီးတို့၌ သက်ဆိုင်ရာ တပည့်တို့အား နေစေတော်မူခဲ့လေသည်။

ကျမ်းဂန်များကို ပြုစုတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ကျမ်းဂန်များစွာတို့ကို ပြုစုတော်မူခဲ့လေသည်၊ ၎င်းကျမ်းတို့မှာ-

၁။ ဝိဇ္ဇာမိုရ်မည်သော ဓာတုကထာချီးလက်ာ
၂။ ပရမတ္ထသရူပဘေဒနီကျမ်း
၃။ နိက္ခမ္မုယျောဇနာကျမ်း
၄။ မုစ္စနဂ်ပကာသနီကျမ်း
၅။ သဒ္ဒတ္ထဘေဒစိန္တာဂဏ္ဌိသစ်ကျမ်း
၆။ ဆန္ဒောမဉ္ဇရီပါဠိ
၇။ ဆန္ဒောမဉ္ဇရီနိဿယ
၈။ ဆန္ဒောမဉ္ဇရီလက်ာ
၉။ ဓာတုတ္ထသင်္ဂြိဟ်ပါဠိ
၁၀။ ဓာတုတ္ထသင်္ဂြိဟ်နိဿ
၁၁။ နေတ္တိဟာရတ္ထဒီပနီသစ်
၁၂။ ပါဒစက္ကစေတိယဝဏ္ဏနာကျမ်း
၁၃။ ဆဗ္ဗဂဏ္ဌရံသီဝန္ဒနာကျမ်း
၁၄။ မစ္ဆကဂဏ္ဌကပဟာန်စာတမ်း
၁၅။ ရွှေကျင်ဝံသာနုရက္ခကျမ်း
၁၆။ ရွှေကျင်နိကာယစာရိတ္တဥပဒေသကျမ်း
၁၇။ ဆိဒ္ဓပိဓာနနီကျမ်း
၁၈။ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ကျမ်း
၁၉။ ကစ္စည်းပဏာမအကောက်
၂၀။ ဝိနယကောသလ္လကျမ်း
၂၁။ သမဇ္ဇဒေါသဒီပနီကျမ်း
၂၂။ ဂိဟိစာရိတ္တကျမ်း
၂၃။ သတ်ပုံသစ်သံခိပ်ကဗျာ
၂၄။ မဓုသာရတ္ထသတ်ပုံ

၂၅။ သံဝါသဒီပနီကျမ်း
၂၆။ သံဝဏ္ဏနာဆဏ္ဌကျမ်း
၂၇။ ပရိဝါသဝိနိစ္ဆယကျမ်း
၂၈။ ကမ္မဝါစာနိဿယမူသစ်
၂၉။ ဥပါသကပဋိပဒါကျမ်း
၃၀။ ဝိသုဒ္ဓါရုံအဆုံးအဖြတ်
၃၁။ သိရိမဟာမာယာဝတ္ထုနိဿယသစ်
၃၂။ အဘိဓမ္မတ္ထသင်္ဂဟနိဿယသစ်
၃၃။ ဒေါင်းဦးကာဟောင်း
၃၄။ ဉာဏောဒယစာစပ်ကျမ်း- စသည်တို့ဖြစ်ကုန်၏။

ဉာဏောဒယစာစပ်ကျမ်း

ဖော်ပြပါကျမ်းများအနက် ဉာဏောဒယစာစပ်ကျမ်းမှာ ဒီမိုင်းဆိုက် ၃၇-မျက်နှာခန့်ရှိ ကျမ်းငယ်ဖြစ်၏၊ သို့ရာတွင် ပိဋကတ်သမုဒ္ဒရာကို ကူးခတ်ရာ၌ စာစပ်မမြင်လျှင် စာစပ်မတတ်လျှင် ပိဋကတ်သမုဒ္ဒရာကို ကူးခတ်၍ မဖြစ်နိုင်ချေ။ ဤစာစပ်ကျမ်းငယ်သည် ပိဋကတ်သမုဒ္ဒရာကူးခတ်ရာ၌ လှေသင်္ဘောပမာ လွန်စွာအသုံးဝင်လှပေသည်။ ကျမ်းဦး၌-

အနေကဂုဏာသမ္ပုဏ္ဏံ၊ လောကဿ ပုဂ္ဂံ သေဋ္ဌံ။
ဇေဋ္ဌပထံ မဂ္ဂဒေသံ၊ နာထံ နမော နမာမဟံ။

နတ္ထာ သမ္ပန္နဒေသကံ၊ ဒေသကံ တထာဂနံ ဥဇုံ။
နဇ္ဇ မေ ဂရုံ ပစ္ဆိ၊ ပစ္ဆိ သမ္ပန္နဒေသကံ။

ဟူသော ၂-ဂါထာဖြင့် ရတနတ္တယပဏာမ, အာစရိယပဏာမ, ပဋိညာဉ်စသည်တို့ကို ဖော်ပြ၍ ရေးသားတော်မူခဲ့လေသည်၊ ယင်းဉာဏောဒယစာစပ်ကျမ်းကို ၁၂၈၁-ခုနှစ် ဝါဆိုလတွင် ရန်ကုန်မြို့

ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်တွင် အရှင်သောမာဘိဝ၏ သဒ္ဒ-သာရသံခိပ်ကျမ်း, ဓမ္မဝါစကူပဒေသစာတမ်းတို့ဖြင့် ပူးတွဲ ရိုက်နှိပ်ခဲ့လေသည်။[1]

မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးကား ရုပ်လက္ခဏာလည်း လွန်စွာကောင်းလှ၏၊ ပုဉ်းကံပါရမီတော်လည်း လွန်စွာကြီးမားလှသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ဖြစ်တော်မူပေသည်၊ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးသည် ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ရုပ်လက္ခဏာပုဉ်းတော် ကံတော် ပါရမီတော်တို့ကို ရတုကဗျာဖွဲ့ဆိုခဲ့ရာ၌ ဤ၌ဖော်ပြအပ်ပါသည်။

မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ မင်္ဂလာဘုန်းတော်ဘွဲ့, ရတုများ

၁။ **မြမန်းသေလာ**။ ။နန်းမြင့်ညာဝယ်၊ ဖွင့်ကာဥကင်၊ ဘုရင်ရှင်မြတ်၊ စောနေနတ်၏၊ တေဇလပွင့်၊ မြတ်ဘုန်းမြင့်. . . သခင့်သီဟ၊ သာကီယမှူ၊ ဒေဝရွှေရုံ၊ ရှစ်သောင်းခြုံ၍၊ နန်းယံဟုသီ၊ တိုင်းဌာနီဝယ်၊ တင့်တယ်စွာဘုန်း၊ စံနေတုန်းတွင်၊ သောင်းခွင်လက်ကာ၊ မြေမျက်နှာနှင့်၊ ဒေဝါဒေဝ၊ ဗြဟ္မာ့ဗြဟ္မိန်၊ ရာဇိန္ဒရာဇ၊ နတ်စုံလှစ်၍၊ သာသနာမှူ၊ ကိုယ်တော်ပြုဘို့၊ ယခုနန်းညောက်၊ အခါရောက်ပြီ၊ ဒေဝီဒေဝ၊ တောင်းပန်ကြကြောင့်၊ နရသီဟော်၊ လူဘုံပေါ်သို့၊ ကိုယ်တော်သန္ဓေ၊ စက်တော်ခွေသည်. . . ။ သပြေသောင်းထိုက် ဆီသို့ကို. . . သပြေသောင်းထိုက် ဆီသို့ကို။

၂။ **လှဆန်းထွေရာ**။ ။အဇဋာဝယ်၊ ခေမာသသီ၊ ပုဏ္ဏမိသို့၊ ဂုဏ်ဆီပဝင်း၊ ကျွန်ုရှင်ရင်း. . . ပျံ့သင်းသမ္ဘာ၊ လှုံ့ဆော်

---

[1] သိမှတ်ဖွယ်ရာများ မန္တလေးသာသနာဝင်၊ ၉။
အနောက်ပြင် ဝိသုဒ္ဓါရုံသာသနာဝင်မှ ကြည့်ရှုကြပါကုန်။

ညာ၍၊ သြဘာထုတိ၊ ကိုယ်တော်ရှိရှင့်၊ ရဝိညွှန်.ဖူး၊ သပ္ပါယ်ထူးသား၊ ပုံဖြူးကြန်အင်၊ ပြစ်မတင်ခဲ့၊ ပဉ္စဒီယာ၊ ရဿာစတု၊ ကျမ်းစုတွက်ရေ၊ မဟေဝရာ၊ ဗြဟ္မမာမူ၊ တူကြီးတူခဲ့၊ မြင်သူအမျှား၊ သခင်အားကို၊ ညွှတ်တွား ခယ၊ ကြည်ညိုလှ၍၊ ဒေသထိုက်၊ ဌာဌာနီက၊ ခိုမှီဝတ် တွား၊ ရှေ့သွားပုဂ်ဝေါ်၊ ကိုးလင့်လျှော်သည်. . . ။ **စန်းမော်သသီလိုသို့.ကို. . . စန်းမော်သသီလိုသို့.ကို။**

၃။ **လှစန်းမြေမှာ။** ။ထွက်ပေါ်သာ၍၊ နဘာမှာရေ၊ စီးထွေထွေနှင့်၊ မြေမှာကြယ်ပေါ်၊ နေရှေ့သော်ဝယ်၊ နောက်တွင်နေထွက်၊ ကြာတောင်ထွက်တွင်၊ သမင်ကျားနှိုင်၊ ကြောင်မှိုင်ကာပြေး၊ ကြွက်ရန်ဘေးကြောင့်၊ မြွေပွေးပြေးသွား၊ ဖားသံကြား၍၊ အလားထို့တူ၊ သောင်ဇမ္ဗူခွင်၊ ဥကင်ကင်မှာ၊ ဖြစ်ဘူးပါဝဲ၊ အံ့အဲ့စရာ၊ ကိုယ်တော်သာ လျှင်၊ ပေါ်လာဖြစ်ခဲ့၊ အနဲနဲကို၊ ချီးပဲ့တဆစ်၊ လက်ဖျစ် ခတ်တီး၊ ကောင်းချီးချီကာ၊ သြဘာသာရှင့်၊ သာသနာမှု ပြုကြီးပြု၍၊ ဂဏူပဒေ၊ မရေနိုင်ရာ၊ ဂုဏ်ပေါင်းဖြာ သည်. . . ။**သြဘာဘေရီ လိုသို့.ကို. . . သြဘာဘေရီ လိုသို့.ကို။**

၄။ **ကသီကရီ။** ။မြေလွှာဆီဖြင့်၊ မဟာဂုဏ်ထံ၊ နဘံလွှာပုံ၊ ပြုလုပ်တုံ၍၊ ရှင့်ဂုဏ်ထွေရာ၊ သမ္ဘာဘာကို၊ ဗြဟ္မာမဟေ၊ လျှာကုဋေဖြင့်၊ ဆန်းနေဂိုဏ်းညီ၊ ဂါထာစီ၍၊ စုံညီတွက် ရေ၊ သက်သခ်ေါ်ဟု၊ ဂဏူပဒေ၊ ဂုဏ်ထွေထွေကို၊ ယုန်ငွေပမာ၊ ထင်ရှားလာအောင်၊ မဟာဗြဟ္မာ၊ တွက် ကိန်းရေလည်း၊ မဟေဗြဟ္မာ၊ ရှုံးလေရာ၏၊ ရှင့်တေဇာ ဂုဏ်၊ ဘယ်မှာကုန်လိမ့်၊ ဝသုန်သိန္ဓု၊ ဂုဏ်အတုဟု၊ လင်းဖြူကျောက်ဖြာ၊ သီတာတာကို၊ တရာကြိမ်လတ်၊ ဝါဂွမ်းဖတ်ဖြင့်၊ လူနတ်မဟေ၊ တို့ထိလေသို့၊ ထွေထွေ

ရှင့်ဂုဏ်၊ ဆုံးမကုန်လိမ့်၊ ဝသုန်မိုးနှယ်၊ ပြည့်ပြောကြွယ်သည်. . . ။နေနွယ်သာကီ ဘုန်းပေကို. . . နေနွယ်သာကီ ဘုန်းပေကို။

၅။ **မမ္ပီတမ္ပီ။** ။ဂုဏ်ဆိုဆိုကို၊ သသီလသွင်၊ ပေါ်လွင်လင်အောင်၊ ဘုန်းခေါင်ဂုဏာ၊ ဖော်ဆောင်ပြလည်း၊ နရသီဘော်၊ စန်းသော်မော်ဖျ၊ ဂုဏ်အနန္တမ့်၊ ချီးပစုလင့်၊ အသင့်တင့်သာ၊ ဧကာတစ်စိတ်၊ ဝန်းဖြူရိပ်ရံ၊ မျက်ပျံ့နရ၊ အဝဝဂုဏ်၊ ချီးပင့်တုံသော်၊ ဘုန်းတော်ကဲလွန်၊ အနေကန်ကို၊ ဝေဖန်ပိုင်းခြား၊ မစွမ်းကားလောက်၊ ဆုံးမရောက်ရှင့်၊ မြည်ဟောက်သျှောင်ခက်၊ ဦးထိပ်ရွက်၏၊ ကြီးထက်သမ္ဘာ၊ တေဇာဇာသည်. . . ။ဘယ်မှာဆုံးနိုင်လိမ့်မည်တုန်း. . . ဘယ်မှာဆုံးနိုင် လိမ့်မည်တုန်း။

၆။ **သသီသသီ။** ။မြေမဟီတွင်၊ ရဝိနေညွှန့်၊ မြကေတွန့်ရွက်၊ ကျွန်သျှောင်ခက်. . . ဦးထက်ပန်ဆင်၊ ကြုံအင်အင်ကို၊ ကျွန်လျှင်လျှောက်မည်၊ ဧဝုစ်တည်၍၊ နေပြည်တော်တွင်၊ ကိုယ်တော်ရှင်ကို၊ မမြင်တုဖက်၊ မြနန်းခက်မြစ်၊ မြတ်ရှင်ချစ်၏။ ထွန်းသစ်သဏ္ဌာန်၊ လက်ချောင်းဟန်မူ၊ ဖြူဖြူဆွတ်ထွား၊ ပွတ်တိုင်လားသို့၊ အဖျားသေးလွင့်၊ အလယ်ဖွင့်ခဲ့၊ သင့်တင့်သပ္ပါယ်၊ ကြည်ညိုဖွယ်သား၊ ကိုယ်ဟန်ဖျားမူ၊ သနက်ုံမာ၊ ဗြဟ္မာမာသို့၊ လွန်စွာဖြောင့်မတ်၊ ရုပ်ပုံဓာတ်မော်၊ ရုံးတော်လက်သား၊ ဂွမ်းပုံလားနေ၊ ညံ့ပျောင်းပေ၏၊ နာဂေသီဟာ၊ ဆင်မင်းနှာသို့၊ စကြာရေးမှတ်၊ ခြေတော်မြတ်လည်း၊ ဂွမ်းဖတ်အလား၊ နုထွားထွားညံ့၊ အကန့်စက်စုံ၊ သိမ်းလို့ခြုံ့လတ်၊ သူမြတ်လက္ခဏာ၊ သေဌာဝိသေ၊ မဟေပုည၊ ပြည့်ဝဥသုံ၊ စက်မျိုးစုံသည်. . . လူဘုံနရ ကေသီပန်ကို . . . လူဘုံနရ ကေသီပန်ကို။

၇။ **ဝင်းရွှေသီဏီ။** ။နာရဏီဝ၊ နဒဇမ္ဗော်၊ ပြည်ထွန်းပေါ်လွင်၊ ကျွန်တို့ရှင်၊. . . လျှောက်တင်ပါပြီ၊ သသီပျက်ပွင့်၊ ရွှေနားဖွင့်၊. . . သခင့်ပုံတော်၊ မျှားသရော်အား၊ ထင်ကြားတမူ၊ သနက်ုရ၊ မိုးဝရဟု၊ ဖူးမြင်သူအား၊ ယုံမှားသံသယ၊ ရှိနေကြရှင့်၊ ဒွန္ဒဒွေဘော်၊ လက်ရုံးတော်မူ၊ ဆင်ဖြူဆဒ္ဒန်၊ နှာမောင်းဟန်လော၊ တွေးတောသဖြင့်၊ ဂနိုင်မြင့်တော၊ သာမောပွင့်ဆိုင်၊ ကြာပန်းခိုင်သို့၊ ယိမ်းယိုင်ခွေအိ၊ ပိတုန်းရှိလော၊ ရှင့်စောမဟော၊ သကျေသွရ၊ ပုတ္တိယ၏၊ နှစ်ဝတင်ဆုံ၊ မျက်တော်စုံကို၊ မှိတ်တုံဖွင့်ခဲ့၊ ဖျက်တော်ခဲ့သလော၊ တွေးတောသူငါ၊ အဖြာဖြာပ၊ ဒွေဌဒွိဟ၊ ရှိကြပါသည့်. . . ။**ပြောပမကုန် မြတ်တာကို . . . ပြောပမကုန် မြတ်တာကို။**

၈။ **လင်းရှိထိန်ကြည်။** ။မြတ်ဘုန်းထေရ်၊. . . သသီနန်းမြင့်၊ ရွှေနားလှစ်၊. . . မျှားချစ်ကြည်ညို၊ သန့်စင်မိုလတ်၊ ရှင်နတ်မြတ်၏၊ ဝင်းဖတ်နုထွား၊ ကိုယ်ရေသားကို၊ ရွှေမျှားဖွင်ပင်၊ လှော်လျှင်ကဉ္စန၊ နာဒလေလား၊ တင့်တယ်သားဆီ၊ သိဏ္ဍိတမ္ပ၊ ထင်တုံကြ၏၊ မန္ဒဟာသာ၊ ရယ်မောခါတွင်၊ ကြည်လင်ဖြစ်ပွား၊ ရှင်သည်မျှားကို၊ လှကြားတင့်ဆန်း၊ သင်းခွေပန်းပင်၊ အမျှားထင်ခဲ့၊ မျက်ရှင်လေလော၊ မျက်လုံးလောဟု၊ သဘောဌ္ဌပင်၊ နှစ်ခွထင်သည်. . . **သခင်ရွှေဘုန်း တင့်လို့ကို. . . သခင်ရွှေဘုန်း တင့်လို့ကို။**

၉။ **နှင်းငွေ့ချိန်ဆီ။** ။မြသိဏ္ဍိတင့်၊ မြိုင်မြင့်ကျက်သရေ ဘုန်းမဟော၊. . . သပြေခူးခိုက်၊ ရွှေနားစိုက်၊. . . တင့်လိုက်လေဟန်၊ အနေကန်ကို၊ ကျွန်ဉာဏ်အရောက်၊ ဇဝုစ်လျှောက်ပိမ့်၊ မိုးအောက်ဇမ္ဗူ။ ဘယ်သူဟုပင်၊ မထင်ကဲသာ၊ ရွှေမျက်နှာကို၊ စန္ဒာလလော၊ မျှားသဘောပင်၊

စိတ်တွင်သက်ာ၊ ရှိကြပါ၏၊ မဟာမုနီ၊ ထောမတိမ၊ နာဝရ၏၊ စုံလတင့်တယ်၊ လက်နှစ်ဝယ်ခြေ၊ နီထွေ တျာတျာ၊ နီနခါကို၊ မိလ္လာလေလား၊ ချိပ်ပြဒါးရည်၊ ထင်သည်သခင်၊ ကောင်းစုံမြင့်ရာ၊ သီဟာလကွဏာ၊ ကောင်းသညာကို၊ ကောင်းစွာထုတိ၊ ဩဘာချိခ့ဲ၊ ယတိ ဥက္ကင့်၊ မြတ်ထက်မြတ်မို့၊ လူနတ်မဟော၊ ဗြဟ္မာဗြဟ္မာ၊ ကောင်းချီးငြာသည်. . . ॥ဩဘာပဲ့တင် ဌိမ့်လို့.ကို. . . ဩဘာပဲ့တင် ဌိမ့်လို့.ကို॥

၁၀॥ **ဣန္ဒနီလာ॥** ॥ယှက်တိမ်လွှာရုံ၊ နီတုံတျာတျာ၊ နခါဖဝါး၊ နီရာများမျှ၊ နီသားအရောင်၊ နီလာတောင်မှ၊ နီပြောင်ဆင့်ရော၊ တက်ဇောလ၊ မြမဏိကျောက်၊ နီရောင်ပေါက်ခ့ဲ၊ ဝင်းတောက်သားရေ၊ ပီဝါရွှေထ၊ နီလအမှောင်၊ ဒွေးမျက်တောင်ဆုံး၊ မင်ရောင်သုံးရှင့်၊ တင့်မဆုံးဘီ၊ သိရိပရမေ၊ ကျွန်.ထိပ်နေ၏၊ ပြုံးလေအခါ၊ သွားဒန္တာ တော်၊ ငွေဘော်အရောင်၊ သင့်တင့်အောင်ယဉ်၊ ဆံကျင့်ရှင်ကို၊ ဖူးမြင်သူများ၊ ဖူးသူအား၏၊ တရားသဒ္ဓါ၊ မောဠိ ယာဒ၊ သူဝါကစ၊ ပန်ဆင်ကြ၏၊ လှမ်းကြွသွားဟန်၊ ပြောင်ဆဒ္ဒန်နာ၊ ညှင်းသာသာလျှင်၊ သွားယဉ်ယဉ်ခ့ဲ၊ သွင်ပြောင်တင့်လှ၊ ထဒ္ဓမရှိ၊ အတိသီတာ၊ ကိုယ်တော် သာလျှင်၊ ထာဝစဉ်ကို၊ ပြုံးရှင်မျက်နှာ၊ ဖူးမြင်ပါငြား၊ သဒ္ဓါအားကို၊ ပိုက်ဖျားသိမ်းပိုက်၊ သျှောင်နန်းသိုက်ကော၊ သပ္ပါယ်လေသည်. . . ॥နေကန်ဂုဏ်အင် ကြီးလို့.ကို. . . နေကန်ဂုဏ်အင် ကြီးလို့.ကို॥

၁၁॥ **စိန်ဝဇီရာ॥** ॥ဘော်သာခွာညွှန်.၊ ငွေတွန်.ပုလဲ၊ မစိတ် ကျဲပင်၊ စဉ်စီသွားတော်၊ စိန်ခဲဘော်တည်း၊ သိပ်သည်း ကျစ်လစ်၊ လွှလွှသစ်၍၊ ရှင်ချစ်ဝရာ၊ ဒီဝဂ်ါဝ၊ ဖီဝသုဉ်း တိုက်၊ မယိမ်းယိုင်ဘီ၊ ကျီးသည့်မထင်၊ ပြစ်မျိုးစင်ခ့ဲ၊

မှင်မှင်ရောင်ဟတ်၊ ဆတော်မြတ်လည်း၊ တိမ်နက်ဒေရင်၊ စံတော်ဝင်တိုင်၊ မင်ဆိုင်ခဲသို့၊ ပိတုန်းညိုသွင်၊ ဖြူစင်မရှိ၊ အတိသီဟ၊ အေးမြချမ်းသာ၊ ရွှေမျက်နှာလည်း၊ တစ်ခါတစ်ရံ၊ ညိုးမျက်မှန်ရှု၊ ဒေါသမတင်၊ ညိုးမရွှင်ဘီ၊ မရှိပါခဲ့၊ နွယ်သာကီဘွား၊ ဘုရားသားတော်၊ မြတ်သီဟော်ရာဇ၏ စစ်ကြီးစစ်ရှင့်၊ ဘုန်းပွင့်သမ္ဘာ၊ သီလာလာကို၊ ရွှေစာမရီ၊ ဌက်ကီကိသွင်၊ ဝိညာဉ်အသက်၊ ငဲ့ကွက်မရှိ၊ စောင့်ထိန်းဘိသည်. . . **ဖြူအိပုလဲ ညွှန်လို့ကို. . . ဖြူအိပုလဲ ညွှန်လို့ကို။**

၁၂။ **သီဟဝရာ။** ။လှော်သစ်ခါစ၊ ကရစာမီ၊ နာရဏီသွေး၊ နက်လေးပြည့်စုံ၊ တင့်ညဿုံနှင့်၊ တင့်ပုံလှဆန်း၊ နပွဂန်းတည်း၊ မြစိန်းကျက်သရေ၊ ကြာပင်ကော်ဇ၊ နာဒရဇာတ်၊ လူရောနတ်ထံ၊ ဘုန်းလှိုသခင်၊ ဖူးကြမြင်သူ၊ ဘယ်သို့ ဘယ်နတ်၊ တုံ့ပျပ်ဝတ်တွား၊ ကြည်ငြားသဒ္ဓါ၊ မရှိပါပဲ၊ နေခဲလေစွ၊ ဖန်ဖန်ပလျှင်၊ ညွှတ်ခကြည်ညို၊ မြတ်ဘုန်းမိုလျှင်၊ ထိပ်တင်ဝရာ၊ သီဟသာကို၊ သောတာပန်ပင်၊ အချို့ထင်ခဲ့၊ ချို့ပင်ကားမာ၊ ရဟန္တာမှတ်၊ ထင်တုံလတ်သည်. . . **။လူနတ်မောင့် သွင်ပေကို. . . လူနတ်မောင့် သွင်ပေကို။** [1]

၁။ ကဗျာ့မဇ္ဈရီ။ ၁၃၆-၁၄၁။
ဆရာတော်ကြီး ဘုန်းတော်ကဗျာများ အများအပြားပင် ကျန်ရှိသေး၏၊ ကဗျာ့မဇ္ဈရီကျမ်းစသည်မှပင် ယူကြပါကုန်။

သီဟိုဠ်သို့ သန္ဒေသပို့ခြင်း

ဆရာတော်ဘုရားကြီးသည် ပြည်တွင်းပြည်ပမှ လျှောက်ထားမေးမြန်းသည်များကို ဖြေဆိုတော်မူ၍ သန္ဒေသကထာများကိုလည်း အခါအားလျော်စွာ ပေးတော်မူခဲ့လေသည်၊ သက္ကရာဇ် ၁၂၆၂-ခုနှစ်က သီဟိုဠ်ကျွန်း ဥပသေနမထေရ်က သာသနာရေးနှင့်စပ်လျဉ်း၍ ရဟန်းလူထွက်တစ်ယောက် နှောက်ယှက်နေကြောင်းနှင့် လျှောက်ထားရာ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးသည် အောက်ပါသန္ဒေသကထာကို ပေးပို့တော်မူခဲ့လေသည်။

(၁) ဣတော ပုဗ္ဗေ မာဂသိရမာသေ ဥပသေနထေရေန ပေသိတံ ဝိဝါဒဒုကပ္ပကာသကံ ဝိပဏ္ဏံ မယှံ ဟတ္ထံ သမ္ပတ္တံ။ မတတမော လောကယမာနော ဧဝံ သလ္လဇ္ဈမိ။ ဒုဗ္ဗလသဒ္ဒေါယံ ဥပ္ပဗ္ဗဇိတော ဇိနစက္ကေ ပဟာရံ ဒေန္တော သတ္ထုသာသနန္တရဓာနမိစ္ဆန္တော သာ-သနိကာနံ ဘိက္ခူနံ ဝဋ္ဋံ ဂဝေသန္တော နိ စိရေန မိစ္ဆာဒိဋ္ဌိကော ဘဝိဿတိ။

(က) သဒ္ဓါပုဗ္ဗမိလာတသ၊ သီလဝတ္ထံ ကိလိဿတိ။
ကိလေသသေဒါ မုစ္စန္တိ၊ ကာယေ ဟောတိ ဝိဝဏ္ဏဝါ။

(ခ) ဘိက္ခု ဘိက္ခာသနေနာဘိ-ရမတေ ဣတိ ပဠ္ဆမာ။
သက္ကတ္တာသဒိသာဘိက္ခု-ဘာဝါ စုတိနိမိတ္တတာ။

(ဂ) တေဟာဒေါ ဘိက္ခုတံ စဋ္ဌ၊ ပဟာရံ ဒါနိ သာသနံ။
နိ စိရေနေဝ ကာလေန၊ မိစ္ဆာဒိဋ္ဌိ ဘဝိဿတိ။

(၂) သော ခေါ ပနာယမေဝံ သာသနံ ပဟာရန္တောပိ သာသနတော စုတဘာဝေနေဝ မိလိန္ဒပညှေ အာဂ-တာနံ နယေန ပဠ္ဆမာ သာသနဿ ဂုဏံ ဒပေတိ နာမ ကထံ။

(၃) သာသနံ ဟိ နာမ ဘဝန္တော အတိဝိယ ဥတ္တမံ အဟံ ပန ဟိနော။ သော ခေါ ပနာဟံ ဟိနော စက္ကာလပုတ္တော ဝိယ ဥပရဇ္ဇေ အစ္စုတ္တမေ သာသနေ ဝသိတုံ နာ အရဟာမိ၊ တသ္မာ အဟံ ဥပ္ပဗ္ဗဇိတော။

(၄) သာသနံ ပနေတံ အတိဝ ပရိသုဒ္ဓံ၊ အဟံ ပန ကာမဝိတက္ကာဒိကိလေသမလေဟိ သံကိလိဋ္ဌော၊ သော ခေါ ပနာဟံ သံကိလိဋ္ဌော ရုက္ခမက္ခိတသူကရော ဝိယ သုဝဏ္ဏရဇတာဒိခစိတေ ပုဏ္ဍရီကမာဒိပရိကိဏ္ဏေ ကိံကဏိကဇာလာ ဒေလမ္ပိတသုက္ကဝိတာနပ္ပဋိမဏ္ဍိ-တေရာ သာသနေ အတိပရိသုဒ္ဓေ သာသနေ ဝသိတုံ နာ အရဟာမိ၊ တသ္မာဟံ ဥပ္ပဗ္ဗဇိတော။

(၅) သာသနံ ပနေတံ ဘော အတိဝ ဒုက္ခရံ သဒ္ဓါဗလာဒိ-သမ္ပန္နာနမေဝ ဝိသယော၊ အဟံ ပန ဒုဗ္ဗလော အသဒ္ဓေါ ကုသီတော မုဋ္ဌဿတိ အသမာဟိတော ဒုပ္ပညော၊ သော ခေါ ပနာဟံ ဒုဗ္ဗလော ဘိရုကော ဝိယ ဥဘတော ဗျူဠှံ သင်္ဂါမံ ဗလဝတံ ဌာနံ ဩ-သရိတုံ နာ ဝိသဟာမိ။ တသ္မာ ဥပ္ပဗ္ဗဇိတော။

(၆) သာသနံ ပနေတံ ဘော ဒုဿီလေ ပါပဓမ္မေ အန္တော-ပူတိကသမ္ဘုဇာတေ ပဇဟတိ။ သေယ္ယထာပိ မဟာ-သမုဒ္ဒေါ ဟတ္ထိကုဏပါဒိကေ ပဇဟတိ တီရံ ပါပေတိ။ မာဒိသာ အန္တောပူတိကာ တတ္ထ ပတိဋ္ဌာနံ နာ သက္ကောန္တိ။ တသ္မာဟံ ဥပ္ပဗ္ဗဇိတော။

(၇) သာသနေ ပနေတသ္မိံ ကော ဗဟုလိကၠိတဗ္ဗာ ရတန-သဒိသာ သိက္ခာ၊ သေယ္ယထာပိ နာမ ဗဟုဝိဓမဏ္ဍာဒိ-ရတနဋ္ဌာနဘူတံ ဝေပုလ္လပဗ္ဗတံ သမ္ဗတ္တောပိ ဟတ္ထစ္ဆိန္နော ပုရိသော နာ ကိဉ္စိ ရတနံ ဥဂ္ဂဟေတုံ သက္ကောတိ။

ဧဝါဟံ သဒ္ဓါဟတ္ထဆိန္နော ဓမ္မရတနုဒ္ဒါနဘူတံ အတိ-ဒုလ္လဘံ သာသနံ လဘန္တောပိ နိ ကိဉ္စိ ဓမ္မရတနံ ဥဂ္ဂဟေတုံ သက္ကောတိ။ ဆိန္နပက္ခော ဝိယ စ ကာကော သမုဒ္ဒဿ ပါရံ ဂန္တုံ၊ တသ္မာဟံ ဥပ္ပဇ္ဇိတောတိ။

(၈) ဧဝမသ္သ ပဠိဓာ သာသနဂုဏံ ဒီပယန္တသ္သ ဥပ္ပဇ္ဇိ-တသ္သ ဝိဝါဒါ လက်ာဒီပိကာနံ ထေရာနုထေရာနံ ဗဟုဿုတာနံ ပညဝန္တာနံ နိ နိဗ္ဗာနဂ္ဂမတ္တာ အဂရု-ကတ္တာ အမာနိတတ္တာ အပဋိဂ္ဂဟိတတ္တာပိ နိစ္ဆယေ အဒိန္နေပိ နိ စိရံ ပဝတ္တိဿန္တိ သိယံ အန္တရဓာယိဿန္တိ မညမာနော ဥပသေနတ္ထေရေန ယာစိတံ ဝိနိစ္ဆယနာ-ဒါသိ၊ နော အနာဒရော။

(၉) သစေ သော အဋ္ဌကထံပိ နိ ပမာဏံ ကရောတိ ပဋိက္ခိပတိ။ နိ တေ သဒ္ဓိံ ဝါဒပ္ပဋိဝါဒေါ ကာတဗ္ဗော။ ဒုရတောယေဝ ဝဇ္ဇေန္တိ။ နိ ပနာယံ သပ္ပုရိသော ဥမ္မတ္တော ပဏ္ဍိတော ဗဟုဿုတော ဂန္ထကောဝိဒေါတိ စ ဝိဿုတော။

(၁၀) ပေသိတမိဒံ ဥပသေနတ္ထေရေန လက်ာဒီပေ ကောဋ္ဌမ္ဗ-နဂရတော ဒက္ခိဏာ ဒိသာဘာဂေ ပတိဋ္ဌိတေ ပါနဒုရာ ဂ္ဂတိ နာမ နဂရေ သဒ္ဓမ္မောဒယပရိဝေဏေ နိဝါ-သိတေ ဘဂဝတိ ပရိနိဗ္ဗုတေ ဒိပဏ္ဍဝယုဂနေတ္တော မာယမာသသ္သ သုဏ္ဍပက္ခေ သတ္တမိယံ သုက္ကဝါရမ္ဗိ ဇမ္ဗုဒီပကော မဟာဝိသုဒ္ဓါရာမတော ဝိသုဒ္ဓါစာရတ္ထေ-နာတိ ဒဋ္ဌဗ္ဗံ။[1]

၁။ သာသနာ့သမိုင်း လေ့လာသူတို့အဖို့ မျှားစွာအသုံးဝင်ပါသဖြင့် လယ်တီပဏ္ဍိတ၏ ပါဠိရေးသင်ကျမ်းမှ ကူးယူဖော်ပြသည်။ ပါဠိရေးသင်။ ၄၄၅-၄၄၈။

အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ သီတင်းသုံးခြင်း

ဆရာတော်ဘုရားကြီးသည် ၁၂၆၅-ခုနှစ် ဝါဆိုလဆန်း ၁၁-ရက်နေ့တွင် တပည့်သံယာပေါင်းများစွာ ခြံရံ၍ အရှေ့ပြင်မဟာ-ဝိသုဒ္ဓါရာမတိုက်မှ အနောက်ပြင်မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ကြွရောက်သီတင်းသုံးတော်မူခဲ့လေသည်။ ထိုအခါ သက်တော် ၆၅-နှစ်၊ သီကျာတော် ၄၅-ဝါ ရရှိတော်မူလေပြီ။

၁၂၇၇-ခုနှစ်တွင် သက်တော်ကြီးရင့်တော်မူပြီဖြစ်သဖြင့်-

၁။ တိုက်အုပ်ဆရာတော် အရှင်ဝိစာရ

၂။ တိုက်ကြပ်ဆရာတော် အရှင်ကောသလ္လ

၃။ ဓမ္မဗျက္ခ အရှင်စာရိတ္တ

၄။ ဆီးပင်ကျောင်းဆရာတော် အရှင်နာရဒါဘိဝံသ

၅။ သုဝဏ္ဏဝတီကျောင်းဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသ

၆။ ဝါဆိုကျောင်းဆရာတော် အရှင်စန္ဒာဘိဝံသ

၇။ စည်ရှင်ဆရာတော် အရှင်ကောသလ္လာဘိဝံသ

တို့အား မဟာဝိသုဒ္ဓါရုံတိုက်သစ်ကို ကူညီအုပ်ချုပ်ရန် အရံနာယကများအဖြစ် တင်မြှောက်တော်မူခဲ့လေသည်။

စုတိကမ္မရုပ်ချုပ်တော်မူခြင်း

ယင်းသို့ အရံနာယကများတင်မြှောက်ပြီး တိုက်တာအုပ်ချုပ်မှု, ဂိုဏ်းဂဏတာဝန်စသည့်ကိစ္စများ လျှော့ပါးစေကာ ရုပ်နာမ်ဓမ္မသခ်ၢိရတရားတို့၏ မမြဲအင်ကို သတိထားဆင်ခြင်တော်မူဆဲဖြစ်စဉ် သက္ကရာဇ် ၁၂၇၈-ခုနှစ် ဝါဆိုလဆန်း ၈-ရက်နေ့ နံနက် ၇-နာရီ ၁၀-မိနစ်အချိန်တွင် စုတိကမ္မဇရုပ် ချုပ်တော်မူခဲ့လေသည်။

ပရိသတ်စည်းကားစွာဖြင့် သင်္ဂြိဟ်စေတီတည်ခြင်း

ဆရာတော်၏ကြွင်းကျန်ရစ်သော ဥတုဇကလာပ်ကို ၁၂၇၈-ခုနှစ် တပေါင်းလဆန်း ၁၂-ရက်မှ တပေါင်းလပြည့်နေ့အထိ တိတ်ဆိတ်ငြိမ်သက်စွာ တပည့်တပန်းရဟန်းတော်များက သံဝေဂဂါထာတို့ဖြင့် ရွတ်ဖတ်ပူဇော် မီးသင်္ဂြိဟ်ပူဇော်ပြီး အရိုးဓာတ်တို့ကို အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်ကြီး၏ အရှေ့ဖက်၌ စေတီတည်ထားကိုးကွယ်ခဲ့ကြကုန်၏။

သံဝေဂယူရန်

ဇရာဝမ္မော စ ဗျာဓိ စ၊ အထောပိ မရဏဝမ္မော။
ကမ္မန္တိ နေသံ စတုန္နံ၊ ပါဋိဘောဂေါ နိ ဝိဇ္ဇတိ။[1]

ဇရာဝမ္မော စ= သွားကျိုးဆံဖြူ ငယ်မှုယိုယွင်း အိုမင်းရင့်ရော် မှည့်ပျော်မှုဇရာတရားလည်းကောင်း။ ဗျာဓိ စ= မကျန်းမမာဖျားနာရခြင်းသဘောလည်းကောင်း။ အထောပိ မရဏဝမ္မော စ= ထို့ပြင်တဟူ သေဆုံးရခြင်းသဘောလည်းကောင်း။ ကမ္မံ= မိမိပြုစုအကုသိုလ်မှု အကုသိုလ်ကံလည်းကောင်း။ ဣတိ= ဤသို့။ နေသံ စတုန္နံ= ထိုသို့ဖော်ပြ အိုနာသေရ အကုသိုလ်ကံဝမ္မတို့အား။ ပါဋိ-ဘောဂေါ= မအိုပါရန် မနာပါရန်နှင့် တဖန်မသေရေး အကျိုးမပေးရန် အာမဝန်တာ ခံနိုင်သူသည်။ နိ ဝိဇ္ဇတိ= မုချပုံသေ မရှိပါချေ။[2]

၁။ အံ၊ ၁။ ၄၉၁။
စတုက္ကနိပါတ်လာ ပါဋိဘောဂသုတ်ကို ချုံးရေးသည်။

၂။ အကျယ် မန္တလေးသာသနာဝင်၊ ၉။
မဟာဝိသုဒ္ဓါရုံသာသနာဝင်ကြည့်။

ဆရာတော်အရှင်ပညာ

ဆရာတော်အရှင်ပညာသည် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး မန္တလေးမြို့အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ကြွရောက်၍ သီတင်းသုံးတော်မူသည့်နောက် အရှေ့ပြင် မဟာဝိသုဒ္ဓါရာမ ကျောင်းတိုက်ကြီး၏ တိုက်အုပ်နာယကတာဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

ဖွားမြင် သာမဏေဝတ်ခြင်း

ပင်းတလဲမြို့ သဖန်းတိုင်ခံပဲ့ရွာ၌ အဖ-ဦးချစ်စရာ အမိ-ဒေါ်ဆိတ်စာတို့မှ သက္ကရာဇ် ၁၂၂၄-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၅-ရက် နံနက် ၄-ချက်တီးကျော်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် သာမဏေဝတ်၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့သည်။

ရဟန်းအပြစ် ပဌမပြန်စာမေးပွဲများဧအာင်

ကိုရင်ဝတ်နှင့် မဟာဝိသုဒ္ဓါရာမတိုက်သို့ ရောက်၍ ပညာသင်ကြားတော်မူခဲ့လေသည်၊ သက္ကရာဇ် ၁၂၄၇-ခုနှစ် ဝါခေါင်လတွင် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝဒုလ္လဘကို ရတော်မူခဲ့လေသည်၊ ဘွဲ့တော်အရှင်ပညာ ဖြစ်လေသည်။

သီပေါမင်းတရားလက်ထက် သုဓမ္မာ၌ ကျင်းပပြုလုပ်သည့် ပဌမပြန်သဘင်တွင် ပဌမငယ်, ပဌမလတ်, ပဌမကြီးတန်းတို့ကို ပြန်ဆိုအောင်မြင်တော်မူခဲ့လေသည်။

စာချ တိုက်အုပ်

စာပေသင်ကြားတတ်မြောက်ပြီးနောက် စာချဖြစ်၍ စာပေချပို့၍ ပရိယတ္တိသာသနာကို ချီးမြှောက်တော်မူခဲ့လေသည်၊ ၁၂၆၅-

ခုနှစ်၌ တိုက်အုပ်အဖြစ်ဖြင့် တိုက်တာကို ဦးစီးအုပ်ချုပ်တော်မူခဲ့လေသည်၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးများ၏ ခိုးမြောက်ခြင်းကို ခံယူတော်မူရလေသည်။

အိန္ဒိယ သီဟိုဠ်ကျွန်ခြင်း

ဆရာတော်သည် သက္ကရာဇ် ၁၂၈၉-ခုနှစ် ပြာသိုလ်လတွင် ဘုရားပွင့်တော်မူရာ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ ကြွတော်မူ၍ ပူဇနိယဌာန, သံဝေဇနိယဌာနများကို ဖူးမြော်ဦးချ သံဝေဂယူတော်မူခဲ့လေသည်၊ အိန္ဒိယနိုင်ငံမှ သီဟိုဠ်ကျွန်းသို့ ဆက်လက်ကြွရောက်တော်မူ၍ သဗ္ဗညုမြတ်စွာဘုရားစွယ်တော်, မဟာစေတီ, ထူပါရာမ, သံဃမိတ္တာဗောဓိပင်စသည့် စေတီပုထိုးများကို ဖူးမျှော်တော်မူခဲ့လေသည်။

မဟာဗောဓိမဏ္ဍိပနိုက်မ်းပြု

အိန္ဒိယသီဟိုဠ်မှ ပြန်ကြွတော်မူသောအခါ မဟာဗောဓိဒီပနိုက်မ်းကြီးကို ရေးသားပြုစုတော်မူခဲ့လေသည်၊ ၎င်းကျမ်းကြီးမှာ အိန္ဒိယခရီးစဉ်ပြ, အိန္ဒိယသီဟိုဠ် စေတီပုထိုးသမိုင်းပြ ကျမ်းကြီးဖြစ်လေသည်၊ စာသွားစာလာရိုးသားသော်လည်း သမိုင်းသုတေသီတို့ အမှန်ဖတ်ထိုက်သော ကျမ်းစာဖြစ်လေသည်။ ကျမ်းဦး၌-

၁။ ဗောဓိဉာဏသယာဒီ၊ ပရိဗ္ဗယာန ခေပနံ။
ကာယခေဒံ ခမိတ္တာန၊ အဟံ ဝန္ဒာမိ သီဟဠေ။

၂။ လောကနာထံ နမသိတ္တာ၊ နိဗ္ဗာနမဂ္ဂကောဝိဒံ။
ကသံ ဗောဓယပါထေယျံ၊ ဗောဓိမဏ္ဍဒီပနိံ။

၃။ ဗောဓိစေတျာဒိ သိဒ္ဓါယ၊ ဂတမဂ္ဂံ ဝိဇာနိတုံ။
မုဒ္ဓါပေဟိ လိခိတ္တာန၊ ဗုဒ္ဓပူဇေဟိ ယာစိတော။

၄။ တံ တံ ဌာနကတံ ပုဗ္ဗေ၊ ဒေသယာနပ္ပရိဗ္ဗယံ။
တထာပိ ကာလာတီတေန၊ ပုဋ္ဌံ တသ္သပိ သေသတော။

ဟူသော ၄-ဂါထာပါဌ်၊ ယင်း ၄-ဂါထာပါဌ်နိဿယဖြင့် ပဏာမ ပဋ္ဌိညာဉ်ဖော်ပြ၍ ဂန္ဓာရမ္ဘပြုတော်မူခဲ့လေသည်။ ယင်းမဟာဗောဓိ မဂ္ဂဒီပနီကျမ်းကို ရှေးဓာတ်တော်ဘုရားရှိခိုး, ဒါဌာဓာတုပကာသနီ ကျမ်းတို့နှင့် ပူးတွဲ၍ ၈၂-လမ်း၊ ရသာတမ်း၊ မန္တလေးမြို့, ဦးဘခြုံ စာပုံနှိပ်တိုက်၌ ပုံနှိပ်ခဲ့ရာ ဒီမိုင်းဆိုက်စာမျက်နှာ ၃၅-ရှိလေသည်။

ဂုဏ်တော်များ, ပျံ့လွှန်ခြင်း

ဆရာတော်ကြီးကား သဘောကောင်း၏၊ ဝိနည်းသိက္ခာပုဒ် လေးစား၏၊ စာပေ ဝါသနာပါ၏၊ ရူပကာယကား ထွားကြိုင်းမြင့်မား ပြီး သဒ္ဒနိကာယ် အောင်မြင်လှသည်ဟု သိရ၏၊ မန်လည်ဆရာ တော်စသည့် ဆရာတော်များ၏ ခိုးကျူးခြင်းကို ခံရ၏။ သက္ကရာဇ် ၁၂၉၁-ခုနှစ်တွင် ပျံ့လွန်တော်မူခဲ့လေသည်။

ပညာဝုယော မဟာထေရော၊ နာယကော ဝိသုဒ္ဓါသယော။
သုဒ္ဓါယ သော ကတ္တာ ကိစ္စံ၊ ပယာတော မစ္စုနော ဝသံ။

သံဝေဂယူရန်

၁။ စွဲလာသန္ဓေ၊ တည်နေဖြစ်လာ၊ သတ္တဝါ၊ ဇရာသဘော ရှိချေ၏။

၂။ ဇရာသဘာဝ၊ ဘယ်နည်းမှ၊ မုချမလွတ်နိုင်ပါချေ။

၃။ စွဲလာသန္ဓေ၊ တည်နေဖြစ်လာ၊ သတ္တဝါ၊ မှန်စွာသေခြင်း သဘော ရှိချေ၏။

၄။ သေခြင်းသဘာဝ၊ ဘယ်နည်းမှ၊ မုချမလွန်နိုင်ပါချေ။

*** ♦ ***

ရှေကျင်နိကာယ သမ္မုတိသာသနာပိုင် ဒီပဲယင်းဆရာတော် အရှင်ဉာဏဝရ

ရှေကျင်နိကာယ သမ္မုတိသာသနာပိုင် ဒီပဲယင်းဆရာတော် ဘုရားကြီး အရှင်ဉာဏဝရသည်လည်း မန္တလေးမြို့, အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ စာပေကျမ်းဂန် သင်ယူချပို့ကာ သာသနာပြုတော်မူခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

ရှေဘိုခရိုင် ဒီပဲရင်းမြို့နယ် ထောက်ရှာရွာ၌ အဖ-ဦးရှေဆေး, အမိ-ဒေါ်ရှိန်တို့မှ သက္ကရာဇ် ၁၂၁၄-ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀-ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်စံပေါ် ဖြစ်လေသည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်၊ ဘွဲ့တော် အရှင်ဉာဏဖြစ်လေသည်။ စလင်းဆရာတော်ထံ ရောက်ရှိပညာသင်စဉ် စလင်းဆရာတော်ကြီးက ဝရပုဒ်ထပ်ထည့်ကာ မှည့်ခေါ်သဖြင့် အရှင်ဉာဏဝရဖြစ်လေသည်။

မဟာဝိသုဒ္ဓါရာမတိုက်ရောက်ရှိ နည်းနာခံခြင်း

အရှင်ဉာဏဝရသည် မန္တလေးမြို့, သက်ပန်းတိုက်, နန်းဦးတိုက်, ထရံကာတိုက်, စလင်းတိုက်တို့၌ ဂန္ထရအဝဝကို သင်ယူတော်မူခဲ့လေသည်။ စလင်းတိုက်တွင် ကြာမြင့်စွာသီတင်းသုံးပြီး နောက်တွင် ပဌမစာချ, တိုက်တာနာယကအထိ ဖြစ်တော်မူသည်။ ၎င်းနောက် မန္တလေးမြို့, အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်ကြီးသို့ ရောက်ရှိ၍ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးထံ နည်းနာနိဿ ခံယူတော်မူခဲ့လေသည်။ မဟာဝိသုဒ္ဓါရာမတိုက်၌ မကြာမီပင် မဟာဝိသုဒ္ဓါရာမဆရာတော်ကြီးက ပဌမစာချ သပြေကျောင်းဘုန်းကြီးအဖြစ် ခန့်အပ်တော်မူသည်။

နာယကဆရာတော်အဖြစ်သို့ ရောက်ခြင်း

သက္ကရာဇ် ၁၂၆၅-ခုနှစ်တွင် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ပြောင်းရွှေ့သီတင်းသုံးတော်မူသောအခါ ဆရာတော်အရှင်ဉာဏဝရသည် အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်ကြီး၏ နာယကဆရာတော်အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ရှေကျင်နိကာယ သမ္မတိသာသနာပိုင်ဖြစ်ခြင်း

၁၂၇၈-ခုနှစ် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် ရှေကျင်နိကာယ သမ္မတိသာသနာပိုင်ဖြစ်၍ သာသနာကျိုး သယ်ပိုးဆောင်ရွက်တော်မူခဲ့လေသည်။ သမ္မတိသာသနာပိုင်ဖြစ်သောအခါ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့လေသည်။

ကျမ်းဂန်များ ပြုစုခြင်း

ကျမ်းဂန်များ ပြုစုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ ပရမတ္ထစက္ခုကျမ်း ၂။ သဒ္ဒစူဠကသဒ္ဒါဝယ်ပါ၌

၃။ လောကစက္ခုကျမ်း ၄။ အတ္တအနတ္တခွဲ-စသည်တို့ ဖြစ်ကုန်၏။

စုတိကမ္မဇရုပ်ချုပ်ခြင်း

စာပေချပို့ခြင်း, ဩဝါဒပေးခြင်း, ကျမ်းစာရေးသားပြုစုခြင်းစသည်ဖြင့် မဟုဿာဟဇဲလုံ့လဖြစ်သော သာသနာပြုစဉ် ၁၂၈၉-ခုနှစ် ပြာသိုလဆန်း ၅-ရက်နေ့တွင် မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ စုတိကမ္မဇရုပ် ချုပ်တော်မူခဲ့လေသည်။[1]

၁။ အကျယ် မန္တလေးသာသနာဝင်၊ ၉။ အနောက်ပြင် မဟာဝိသုဒ္ဓါရုံ သာသနာဝင်ကြည့်။

သံဇေဝကယူရန်

ဩကာသမဇ္ဈ မမ နတ္ထိ သုဝေ စရိသံ၊
ဓမ္မံ ဣတိဟလသဿတာ ကုသလပ္ပယောဂေ။
နာလံ တိယဒ္ဓါသု တထာ ဘုဝနတ္ထယေ စ၊
ကာမံ နု စတ္ထိ မနုဇော မရဏာ ပမုတ္တော။[1]

မမ= ငါ့အား။ ဝါ= ငါ့မှာ။ အဇ္ဈ= ယနေ့။ ဝါ= ယခု။ ဩကာသံ= ဩကာသော= အားလပ်ခွင့်ကာလသည်။ နတ္ထိ= မရှိသေးချေ။ အဟံ= ငါသည်။ ဓမ္မံ= အကျင့်တရားကို။ သုဝေ= နက်ဖြန်၌။ ဝါ= နက်ဖြန်ကျမှ။ စရိသံ= ပြုကျင့်ပါအံ့။ ဣတိ စိန္တေတွာ= ဤတွေးထင်ကြံဆင်ခြင်၍။ ဣဟ= ဤလောကကြီးထဲ၌။ ကုသလပ္ပ-ယောဂေ= ကုသိုလ်ဓမ္မ လုံ့လကြိုးကုတ် အားထုတ်ခြင်း၌။ အလသ-တာ= အလသတာယ= ပျင်းရိခြင်းငှာ။ နာလံ= မထိုက်။ ဝါ= မသင့်။ ဝါ= မလျော်ပါချေ။ တိယဒ္ဓါသု= အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလသုံးပါးတို့၌လည်းကောင်း။ တထာ= ထိုမျှတစ်ပါး။ ဘုဝ-နတ္ထယေ= ဘုံသုံးပါး၌လည်းကောင်း။ မရဏာ= သေလွန်ခြင်းဘေးမှ။ ပမုတ္တောမနုဇော= လွတ်မြောက်သော ပုဂ္ဂိုလ်သတ္တဝါသည်။ ကာမံ နစတ္ထိ= စင်စစ်ပုံသေ မရှိပါချေ။

*** ♦ ***

၁။ တေလကဋာဟာရိထာ။ ၁၀။

ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ)
ဆရာတော်အရှင်ကောသလ္လ

ဆရာတော်သည် မဟာဝိသုဒ္ဓါရာမတိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ ပညာသင်ကြားပြီး စာပေချပို့၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

ဖွားမြင်, ရှင်, ရဟန်းပြုခြင်း

မုံရွာခရိုင် ကန္ဒီမြို့အပိုင် ပန်းတိမ်စုရွာ၌ အဖ-ဦးသာပြော အမိ-ဒေါ်လှမင်းတို့မှ သက္ကရာဇ် ၁၂၂၇-ခုနှစ် နယုန်လပြည့်ကျော် ၉-ရက် တနလ်ာနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ဇာတိရပ်ရွာ၌ ပင်လျှင် ရှင်သာမဏေပြုခဲ့လေသည်၊ သက်တော် ၂၀-ပြည့်မြောက်ရာ ၁၂၄၇-ခုနှစ် နယုန်လဆန်း ၁-ရက်နေ့တွင် ဥပသမ္ပဒဇာတ်ဖြင့် မြတ်သော ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

မဟာဝိသုဒ္ဓါရာမတိုက်သို့ ရောက်ခြင်းစသည်

မုံရွာမြို့ သိမ်တော်ကျောင်းတိုက်မှ တဆင့်၊ မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်သို့ ရောက်၍ မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီး အရှင်ဝိသုဒ္ဓါစာရနှင့်တကွ ပဌမစာချ အရှင်အရိန္ဒမ, ဂဏဝါစက အရှင်ပဏ္ဍာဝတို့ထံ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်၊ စာပေသင်ကြားတတ်မြောက်ပြီးနောက် စာလိုက်သံယာများစွာတို့အား စာပေချပို့တော်မူခဲ့လေသည်၊ မဟာဝိသုဒ္ဓါရာမဆရာတော် ဘုရားကြီး အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူသောအခါ ဆရာတော်အရှင်ကောသလ္လလည်း ဆရာတော်ကြီးနှင့်အတူ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့လေသည်၊ သက္ကရာဇ် ၁၂၈၇-ခုနှစ်တွင် ပရိ-ယတ္တိသာသနဟိတအသင်းကြီး၏ "ဘဒန္တကောသလ္လာဘိဝံသပရိယတ္တိ-

သာသနဟိတမမ္မာစရိယ (မူလစာချ)" အဖြစ်ဖြင့် ကိုးကွယ်ချီးမြှောက်လျှောက်ခြင်းကို ခံယူတော်မူရလေသည်၊ မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်၌ တိုက်ကြပ်, တိုက်အုပ်အဖြစ် ဆောင်ရွက်တော်မူခဲ့လေသည်။

ဝန်ဆောင်ဖြစ်ခြင်း၊ ဥက္ကဋ္ဌဖြစ်ခြင်း၊ ပျံ့လွန်ခြင်း

ဆရာတော်အရှင်ကောသလ္လသည် ရွှေကျင်ဂိုဏ်းကြီး၏ ဂိုဏ်းဝန်ဆောင်နာယကဆရာတော် တာဝန်ကိုလည်း ၁၂၉၂-ခုနှစ်တို့က စ၍ ဆောင်ရွက်တော်မူခဲ့လေသည်၊ ၁၂၉၄-ခုနှစ် ၁၃၀၈-ခုနှစ်တို့၌ ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယကတာဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ သက်တော် ၈၅-နှစ်ပြည့်ရန် ၁-ရက်သာလိုတော့သည့် ၁၃၁၂-ခုနှစ်တွင် ပျံ့လွန်တော်မူလေသည်။

ဘဒန္တကောသလ္လထေရော၊ ကုသလော ပိဋကတ္တယေ။
သာသနေ သော ကရိတ္တာ ကိစ္စံ၊ ဂတော ဒေဝသဟဗျတံ။

သံဝေဂယူရန်

ပုဗ္ဗာနိဟေဝ ပစိနန္တိ၊ ဗျာသတ္တမာနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ။[1]

ပုဗ္ဗာနိ= မျိုးစုံထူးဆန်း ပန်းတို့ကို။ ပစိနန္တောဂ္ဂဝ= ကောင်းနိုးရာရာ အာသာမပြယ် ရွေးချယ်သောသူကဲ့သို့။ ပစိနန္တိ= ရူပသဒ္ဒစသည်ဆန့်စွာ ကာမဂုဏ်ချမ်းသာကို အာသာမပြယ် ရွေးချယ်သော။ ဗျသတ္တမာနသံ= လွန်မင်းပြင်းစွာ တွယ်တာကပ်ငြိသော စိတ်ရှိသော။ နရံ= ပုဂ္ဂိုလ်သတ္တဝါကို။ မဟောဃော= အဟုန်ဒီးဒီး ကြီးစွာသော ရေအယဉ်သည်။ သုတ္တဂါမံ= သတိမေ့လျော့ အိပ်ပျော်အိပ်မောလျက်

---

[1] ဓမ္မပဒ။ ၂၀။ (ဝိဒူရပဏ္ဍိတဝတ္ထု)

နေသောရွာကို။ အာဒါယ= အိမ်ပါမကျန် တိုက်လှန်မျှောယူ၍။ ဂစ္ဆတိ ဣဝ= သွားသကဲ့သို့။ မစ္ဆ= သေမင်းခေါ်ငြား သေခြင်းတရားသည်။ အာဒါယ= ယူ၍။ ဂစ္ဆတိ= သွား၏။

■

ပဌမစာချ အရှင်အရိန္ဒမ

ဆရာတော် အရှင်အရိန္ဒမသည် မဟာဝိသုဒ္ဓါရာမတိုက်၌ စာပေချပို့တော်မူ၍ သာသနာပြုတော်မူခဲ့လေသည်၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားထံမှာ ပညာသင်ကြားတတ်မြောက်ခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်သည်၊ ပဌမစာချဖြစ်၍ သီပေါမင်းတရား၏ ချီးမြှောက်ခြင်းကို ခံတော်မူရလေသည်။

■

ဆရာတော်အရှင်ပဏ္ဍာဝ

ဆရာတော်အရှင်ပဏ္ဍာဝသည်လည်း မဟာဝိသုဒ္ဓါရာမတိုက်၌ စာပေချပို့၍ သာသနာပြုခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်သည်၊ မဟာဝိသုဒ္ဓါရာမဆရာတော်ကြီးထံ၌ ပညာသင်ကြားခဲ့ပြီး မျှားစွာ ချီးမြှောက်ခြင်းကို ခံယူရသည့်မထေရ်မြတ် ဖြစ်လေသည်။

■

ဆရာတော်အရှင်ဩသဓ

ဆရာတော်အရှင်ပညာ ပျံ့လွန်တော်မူပြီးနောက် ဆရာတော်အရှင်ဩသဓသည် မဟာဝိသုဒ္ဓါရာမတိုက်ကြီး၏ တိုက်အုပ်နာယကဖြစ်တော်မူသည်၊ ၎င်းဆရာတော် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့အပိုင် သဖန်းရွာ၌ ၁၂၂၃-ခုနှစ်တွင် ဖွားမြင်တော်မူသည်။

အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာဝန်ထမ်းဆောင်တော်မူခဲ့လေသည်၊ မဟာဝိသုဒ္ဓါရာမတိုက်သို့ ငယ်စဉ်ကပင် ရောက်ရှိ ပညာသင်ကြားခဲ့လေသည်။

ဆရာတော်အရှင်ပညာ ပျံ့လွန်တော်မူရာ ၁၂၉၁-ခုနှစ်မှစ၍ သက်ဆုံးတိုင် မဟာဝိသုဒ္ဓါရာမတိုက်၏ တိုက်အုပ်နာယကတာဝန်ကို

ထမ်းဆောင်တော်မူခဲ့လေသည်၊ သက်တော် ၇၃-နှစ်ရှိရာ ၁၂၉၆-ခု နှစ်တွင် ပျံ့လွန်တော်မူခဲ့လေသည်။

■

ဆရာတော် အရှင်ဝေပုလ္လ

ဆရာတော်အရှင်ဩသဝ ပျံ့လွန်တော်မူပြီးနောက် ဆရာ-တော် အရှင်ဝေပုလ္လသည် မဟာဝိသုဒ္ဓါရာမတိုက်၏ တိုက်အုပ် နာယကဖြစ်တော်မူသည်၊ ဆရာတော်ကား ရွှေဘိုခရိုင် ရှိမ်းမကား ဇာတိ ဖြစ်လေသည်။

■

ဆရာတော် အရှင်တေဇနိယ

ဆရာတော်အရှင်ဝေပုလ္လ ပျံ့လွန်တော်မူပြီးနောက် ဆရာ တော် အရှင်တေဇနိယသည် မဟာဝိသုဒ္ဓါရာမတိုက်ကြီး၏ တိုက်အုပ် နာယကဖြစ်တော်မူသည်။

မိတ္ထီလာခရိုင် သဖန်းရွာ၌ သက္ကရာဇ် ၁၂၃၉-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ အရွယ်ရောက်သော် ရှင်,ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ မဟာဝိသုဒ္ဓါရာမ တိုက်သို့ သက်တော်နှုနယ်စဉ်ကပင် ရောက်ရှိပညာသင်ကြား နေထိုင် ခဲ့လေသည်၊ သက္ကရာဇ် ၁၃၂၁-ခုနှစ်တွင် ပျံ့လွန်တော်မူခဲ့လေသည်။

သံဃဝ

* မြင်မြင်သမျှ၊ သခ်ီရ၊ စိတ်ကနှလုံးသွင်း။

■■■

သက်တော်ရာကျော်ရှည်
အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ
ဆရာတော်ဘုရားကြီး အရှင်ဇောတယ

ဆရာတော်အရှင်ဇောတယသည် ဆရာတော်အရှင်တေဇ-နိယ ပျံ့လွန်တော်မူပြီးနောက် မန္တလေးမြို့အရှေ့ပြင် မဟာဝိသုဒ္ဓါရာမ တိုက်ကြီး၏ မဟာနာယကဖြစ်သည်သာမက ရွှေကျင်ဂိုဏ်းကြီး၏ သံဃဦးကိုင် သမ္မုတိသာသနာပိုင်ဆရာတော်လည်း ဖြစ်တော်မူသည်။

ဖွားမြင်တော်မူခြင်း

မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် သာဖန်း (သဖန်း)ရွာ သင္ဃေးကုန်းအရပ်၌ အဖ-ဦးစိလုံ, အမိ-ဒေါ်ဖော့တို့မှ သက္ကရာဇ် ၁၂၄၇-ခုနှစ် ပြာသိုလပြည့် အင်္ဂါနေ့ နံနက် ၃-နာရီ မိနစ် ၃၀-အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ ဦးစိလုံ, ဒေါ်ဖော့တို့၌ သား ၃-ယောက်၊ သမီး ၇-ယောက် ထွန်းကားခဲ့ရာ ဆရာတော်သည် ဒုတိယမြောက် အတိဇာတသားရတနာ ဖြစ်လေသည်။ ငယ်မည် မောင်စံပွင့် ဖြစ်လေသည်။

ရှင်ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်ခြင်း

သက်တော် ၁၅-နှစ်ရှိရာ ၁၂၆၂-ခုနှစ် ကဆုန်လဆန်း ၃-ရက်တွင် မိဖနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သင္ဃေးကုန်းဆရာတော်ကြီးထံ၌ သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့်မြောက်ရာ ၁၂၆၇-ခုနှစ် နယုန်လပြည့်ကျော် ၈-ရက်နေ့ နံနက် ၈-နာရီ ၃၀-မိနစ်အချိန်တွင် မဟာဝိသုဒ္ဓါရာမ ခဏ္ဍာသိမ်တော်၌ ကာရကသံဃာတော် ၂၀၀-ကျော်တို့ ချီးမြှောက်မှုနှင့် တိုက်အုပ်ဆရာတော်ဘုရားကြီး အရှင်ပညာမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ချီးမြှောက်မှုကြောင့် စစ်ကိုင်းတောင်ရိုး ခေမေသကချောင် ပဌမတည်သော ဆရာကြီးဒေါ်ခေမာ၏ ပစ္စယာနုဂ္ဂဟဖြင့်

မြင့်မြတ်သော ရဟန်းပဠင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ယင်းသို့ ရဟန်းခံစဉ်က ကျေးဇူးရှင်မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးကိုယ်တိုင် တစ်ပါးတည်း ကမ္မဝါစာဖတ်၍ ချီးမြှောက်မှုကို ခံယူတော်မူရသည့်ပြင် "သာသနာ့ဘောင်မှာ မပြင်းနှင့် ကြိုးစားပါ"ဟု မိန့်ကြားပြီးလျှင် သိမ်နှင့်အလယ်ကျောင်းကြီးအကြားမှ မတ္တရာဝန်ကတော် ပစ်ထားသော ပံသုကူသက်နီးတစ်စုံကို ကိုယ်တော်တိုင် ကောက်ယူချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။

စာပေကျမ်းဂန်ပရိယတ် သင်ကြားဆည်းပူးခြင်း

ဆရာတော်သည် အိမ်နေစဉ် သူငယ်ဖြစ်စကပင် မိဖတို့၏ သင်ကြားပေးမှုကြောင့် ပရိတ် ၁၁-သုတ်ကုန်ခဲ့ပြီးနောက် သာဖန်း(သဖန်း)ရွာ သင်္ဃေးကုန်းကျောင်းဆရာတော်ဘုရားကြီး အရှင်ဝိမလ, မဟာဝိသုဒ္ဓါရာမတိုက် ပဌမတိုက်အုပ်ဆရာတော်ဘုရားကြီး အရှင်ပညာ, ဒုတိယတိုက်အုပ်ဆရာတော် အရှင်ဩသဓမ္မာ အရှင်ဥေ္ဇယျ, တွံတေးဆရာတော် အရှင်နာဂ, ကန္ဒီဆရာတော် အရှင်ကောသလ္လ, အတိသုဒ္ဓါရုံဆရာတော် အရှင်ဇောတိပါလတို့ထံတော်၌ ပိဋကတ် အခြေခံကျမ်းဂန်များနှင့်တကွ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းများကို သင်ယူတော်မူခဲ့လေသည်။

စာမေးပွဲများ ဖြေဆိုခြင်း

စာမေးပွဲများကို ဝင်ရောက်ဖြေဆိုရာ အစိုးရစာမေးပွဲ ပဌမငယ်, ပဌမလတ်နှင့် ပရိယတ္တိသာသနဟိတအသင်းစာမေးပွဲ စာသင်တန်းကိုလည်း အောင်မြင်တော်မူခဲ့လေသည်၊ ဆရာတော်လောင်းလျှာငယ်စဉ်ကပင် သမာဓိကောင်းစွာဖြင့် ငြိမ်သက်စွာ ပရိယတ္တိဆည်းပူးတော်မူခဲ့လေသည်။

သာသနာ့ကိစ္စများ ဆောင်ရွက်ခြင်း

ရဟန်းသိက္ခာ ၁-ဝါရသည်မှစ၍ စာပေကျမ်းဂန်များကို ချပို့တော်မူခဲ့လေသည်။ ရဟန်းသိက္ခာ ၆-ဝါအရ ၁၂၇၃-ခုနှစ် တပေါင်းလတွင် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ ခိုးမြောက်ချက်အရ ဂဏာဝါစကစာချဖြစ်၍ စာပေချပို့ သာသနာပြုတော်မူခဲ့လေသည်။

ရင်းပြင် မော်လမြိုင်သင္ဘေး ဦးသာညွှန်း၏ အထောက်အပံ့ကို ခံယူ၍ ရဟန်းသိက္ခာ ၂၄-ဝါအရ ၁၂၉၁-ခုနှစ် တန်ခူးလရောက်သောအခါ မဟာဝိသုဒ္ဓါရာမတိုက်၌ ကြေးမြင်ကျောင်းဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ ၁၂၉၇-ခုနှစ်တွင် စဉ်ဆက်မပြတ် တိုက်ကြပ်ဆရာတော်အဖြစ်ဖြင့်လည်းကောင်း တာဝန်ယူ အုပ်ချုပ်တော်မူ၍ စာပေကျမ်းဂန်များ ချပို့ခြင်းစသော သာသနာ့ကိစ္စအဝဝကို ဆောင်ရွက်တော်မူခဲ့လေသည်။

ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ)ဖြစ်ခြင်း

သံဃာတော်များစွာတို့၏ စာချဆရာတော်ဖြစ်သဖြင့် ပရိ-သာသနဟိတအသင်းကြီး၏ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ)အဖြစ်ဖြင့် လျှုဒါန်းကိုးကွယ်ခြင်းကို ခံယူတော်မူခဲ့ရလေသည်။

ရှေကျင်နိကာယ သာသနာပိုင်ဖြစ်ခြင်း

၄၇-ဝါအရ ၁၃၁၄-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုးဌ်ကျင်းပသော ရှေကျင်နိကာယ ပဌမအစည်းအဝေးကြီးက ရွေးကောက်တင်မြှောက်သဖြင့် "ရှေကျင်နိကာယရတ္တညူမဟတ္တမဟာနာယကသာသနာပြုဆရာတော် အဖြစ်ဖြင့်လည်းကောင်း၊ ၁၃၂၁-ခုနှစ်တွင် ဆဋ္ဌမြောက်မဟာဝိသုဒ္ဓါရာမတိုက်အုပ်အဖြစ်ဖြင့်လည်းကောင်း၊ ၁၃၃၇-ခုနှစ်တွင် ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၌ ကျင်းပသော ဧကာဒသမရှေကျင်နိကာယ သံဃအစည်းအဝေးကြီးက မဟာဝိသုဒ္ဓါရာမဆရာတော်

ဘုရားကြီး၏ လက်ထက်တော်ပွား တပည့်ကြီးဖြစ်ခြင်း, တိုက်တာ ဂိုဏ်းဂဏကို ရိုးသားဖြောင့်မတ်စွာ စောင့်ရှောက်ခြင်း, သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ်ကို ရိုသေလေးစားစွာ ကျင့်သုံးခြင်းစသည့် ဂုဏ်တို့ကို ရှုမြော်၍ ရွှေးကောက်တင်မြှောက်မှုအရ "ဧကာဒသမရွှေကျင် နိကာယဥက္ကဋ္ဌမဟာနာယကသမ္ဘုတိသံဃရာဇာ" အဖြစ်ဖြင့်လည်း ကောင်း၊ တိုက်တာအကျိုး, ဂိုဏ်းဂဏအကျိုး, သာသနာ့အကျိုးကို သည်ပိုး ဆောင်ရွက်တော်မူခဲ့လေသည်။

ကြည်ညိုစဖွယ် ဂုဏ်တော်အသွယ်သွယ်

ဆရာတော်ဘုရားကြီး အရှင်ဇောတယသည် နေအရုဏ် မတက်မီ စောစောထ၍ မျက်နှာသစ်ပြီးလျှင် နိသဇ္ဇတင်ဆောက် တည်ခြင်း, ပစ္စဝေက္ခဏာဆင်ခြင်ခြင်း, မေတ္တာဘာဝနာပွားများခြင်း, ဂုဏ်တော်နှင့် ပရိတ်ဘာဝနာများ ပွားများခြင်း, ဆိတ်ငြိမ်သောအချိန် တွင် ကမ္မဋ္ဌာန်း ၄၀-မှ စီးဖြန်းမြဲ ပါဠိဟာရိယကမ္မဋ္ဌာန်းတို့ကို စီးဖြန်း ပွားများတော်မူလေ့ ရှိတော်မူသည်။

ဆရာတော်ဘုရားကြီးသည် သီလစင်ကြယ်အောင် ကျင့်သုံးပြီး သီလစင်ကြယ်လုံခြုံရေးမှာ မဂ်ဖိုလ်ရရေးထက် ပို၍ခက်သည်၊ သီလ စင်ကြယ်လုံခြုံလျှင် မဂ်ဖိုလ်ကို အလွယ်တကူ ရနိုင်သည်၊ သီဟိုဠ် ကျွန်း၌ မကျန်းမမာနေသော အရှင်သံဃရက္ခိတမထေရ်ကြီးသည် ပါတိမောက္ခသံဝရသီလနှင့် လွန်စွာပြည့်စုံတော်မူသည်၊ ရောဂါဝေဒနာ ခံစား၍ သေလုမျောပါးဖြစ်နေရာ ရဟန္တာအဖြစ်ဖြင့် ပရိနိဗ္ဗာန်ပြုသည် ကို ဖူးမြင်လိုကြပါကြောင်း အများဆန္ဒကို အလုပ်အကျွေးပုဂ္ဂိုလ် လျှောက်ထားသဖြင့် မိမိသီလကို ဆင်ခြင်၍ တရားကို ရှုမှတ်သုံးသပ် လေရာ ခဏချင်း ရဟန္တာအဖြစ်သို့ ရောက်တော်မူခဲ့လေသည်၊ သို့ဖြစ်ရာ မဂ်ဖိုလ်ရရေးသည် သီလစင်ကြယ်ရေးလောက် မခက်။ သီလစင်ကြယ်ရေးကသာ မဂ်ဖိုလ်ရရေးထက် ခက်သည်။ သီလ စင်ကြယ်လျှင် အရှင်သံဃရက္ခိတမထေရ်ကြီးကဲ့သို့ မဂ်ဖိုလ်ကို

အလွယ်တကူ ရနိုင်ပေသည်ဟု မိန့်ကြားတော်မူကြောင်း သိရှိရပါသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

ယင်းသို့ သီလ သမာဓိ ပညာဂုဏ်စသည်တို့နှင့် ပြည့်စုံသဖြင့် ၁၃၄၀-ပြည့်နှစ်တွင် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသည့် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

ယင်းသည့် ၁၃၄၀-ပြည့်နှစ်တွင် ဆရာတော်နှင့်အတူ ပဲခူးတိုင်းပြည်မြို့, ပွင့်လှသိမ်ကုန်းကျောင်းတိုက် ဆရာတော်ဘုရားကြီး အရှင်တိက္ခ, မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုဒွန်းရွာ ပိဋ္ဌကတ်တိုက်ကျောင်း ဆရာတော်ဘုရားကြီး အရှင်ကောသလ္လ, စစ်ကိုင်းတိုင်း စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ် ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတသိရီတို့ "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူကြ၍ ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ကပိုင်ကျေးရွာကျောင်း ဆရာတော်ဘုရားကြီး အရှင်လောကိဿရ, ပဲခူးတိုင်း မင်းလှမြို့ ဝေဠုဝန်တိုက်ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတ, မကွေးတိုင်း မဟာဝိသုတာရာမတိုက် ဆရာတော်ဘုရားကြီး အရှင်ဂန္ဓမာ, ရှမ်းပြည်နယ် တောင်ကြီးမြို့ တောင်ကျောင်းကြီးဆရာတော်ဘုရားကြီး အရှင်နရိန္ဒ, ရန်ကုန်တိုင်း ရန်ကုန်မြို့ ပြည်လမ်း ပဌာန်းကျောင်းတိုက် ဆရာတော်ဘုရားကြီး အရှင်နာဒရ, မန္တလေးတိုင်း မန္တလေးမြို့အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ပိုက်ကျုံးဆရာတော်ဘုရားကြီး အရှင်ဇာနေယျ ဗုဒ္ဓိ, စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ပဌာန်းသိပ္ပံတိုက် ဆရာတော်ဘုရားကြီး အရှင်ဣန္ဒက, မန္တလေးတိုင်း မန္တလေးမြို့ အနောက်ပြင် မစိုးရိမ်တိုက်ဆရာတော်ဘုရားကြီး အရှင်စန္ဒောဘာသ, စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် မင်းကွန်းဓမ္မနာဒကျောင်းတိုက် တိပိ-ဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသာရာ

ဘိဝံသတို့လည်း "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို အလျှုခံရရှိတော်မူကြလေသည်။

ထူးခြားသည့် သက်တော်ရာကျော် ဆရာတော်ကြီး

ဆရာတော်အရှင်ဇောတယ ဆရာတော်ဘုရားကြီးသည် သက်တော် ရာကျော်ဆရာတော် ပုဂ္ဂိုလ်ထူး ဖြစ်တော်မူလေသည်။

ဘဒ္ဒန္တဇောတယော ထေရော၊ ဇိနစက္ကသ ဇောတယော။
ပရောသတံ တသ အာယု၊ အဟော ဝိသိဋ္ဌပုဂ္ဂလော။

စာချဆရာတော်များ

မဟာဝိသုဒ္ဓါရာမတိုက်၌ လက်ရှိစာချဆရာတော်များမှာ ဆရာတော်အရှင်ဝိမလ, အရှင်သောဘိတ, အရှင်ဝိလာသ (ရေလည်ကျောင်း), ဆရာတော်အရှင်ဥတ္တရ (ကျောင်းကြီးကျောင်း), ဆရာတော်အရှင်ရာဇိန္ဒ (မိုးကောင်းကျောင်း), ဆရာတော်အရှင်သီတလ (ကြေးမြင်ကျောင်း)တို့ ဖြစ်ကုန်၏၊ ၎င်းဆရာတော်များသည် တိုက်တွင်းရှိ သံယာများကို စာပေပို့ချ၍ ပရိယတ္တိသာသနာစည်ပင်ရေးကို အားပေးတော်မူကြသော ဆရာတော်တို့ ဖြစ်ကြကုန်၏။

■ ■ ■

ရမည်းသင်းကျောင်းဆရာတော် အရှင်ဉာဏဝံသ

ဆရာတော်အရှင်ဉာဏဝံသသည် မဟာဝိသုဒ္ဓါရာမတိုက်၏ ကျေးဇူးများလှသော ဆရာတော်ဖြစ်တော်မူသည်၊ ရမည်းသင်းကျောင်း၌ သီတင်းသုံး၍ စာပေချပို့တော်မူခဲ့လေသည်၊ သက်တော် ၆၈, ဝါတော် ၄၉-ရှိရာ ၁၃၂၂-ခုနှစ် နတ်တော်လဆန်း ၈-ရက်နေ့တွင် ပျံလွန်တော်မူခဲ့လေသည်။

■ ■ ■

အရှင်ပဏ္ဍိတထေရ် (လယ်တီပဏ္ဍိတ)

အရှင်ပဏ္ဍိတထေရ် (လယ်တီပဏ္ဍိတ)ကား သာသနာပြု တိုင်းပြုပြည်ပြု အမျိုးသားစာပေခေါင်းဆောင် ပုဂ္ဂိုလ်ကျော် တစ်ယောက် ဖြစ်၏၊ အရှင်ပဏ္ဍိတ၏ ဖြစ်စဉ်ဖြစ်ရပ်အဋ္ဌုပ္ပတ်တို့မှာ လည်း မျှားလှကုန်၏၊ ဤမန္တလေးသာသနာဝင်ကျမ်းကြီးကို ဖတ်ရှု လေ့လာသော ပုဂ္ဂိုလ်တစ်ချို့သည် အရှင်ပဏ္ဍိတ၏ အဋ္ဌုပ္ပတ်ကို ဤမန္တလေးသာသနာဝင်ကျမ်းကြီး၌ ရှာဖွေကောင်းရှာဖွေပေမည်၊ ယင်းသို့ ရှာဖွေသူတို့ အလိုဆန္ဒပြည့်ဝပါစေရန် အရှင်ပဏ္ဍိတ သင်ကြားခဲ့ရာ မဟာဝိသုဒ္ဓါရာမကျောင်းကြီး၏ အနွယ်အဆက် သာသနာဝင်ကိုပြုရာ မဟာဝိသုဒ္ဓါရာမသာသနာဝင်၌ မကျဉ်းမကျယ် အလယ်အလတ်အားဖြင့် ဖော်ပြအပ်ပါသည်။

ဖွားမြင်ခြင်းနှင့် ကျောင်းနေသက်နှင်းဝတ်ခြင်း

မုံရွာမြို့တောင်ဖက် ၈-မိုင် ညောင်ပင်ဖြူရွာကြီး၌ အဖ လယ်ပိုင်ရှင် ဦးရောက်နှင့် အမိ ပဉ္စမသံဂါယနာတင် မင်းတုန်းမင်း လက်ထက် အပျိုတော် စာတော်ဖတ် ဒေါ်ထပ်တို့မှ သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် တပို့တွဲလဆန်း ၉-ရက်နေ့တွင် ဖွားမြင်ခဲ့လေသည်၊ ငယ်မည်မှာ မောင်သန့်စင် ဖြစ်လေသည်၊ ၇-နှစ်သားအရွယ်တွင် ညောင်ဖြူပင်ရွာ မရမ်းပင်ကျောင်းဆရာတော် အရှင်ဂမ္ဘီရထံတွင် မိဖ တို့က အပ်နှံသဖြင့် စတင်ပညာသင်ကြားခဲ့လေသည်၊ ၉-နှစ်သား အရွယ်တွင် မိဖတို့က ပဗ္ဗဇ္ဇမင်္ဂလာသဘင် ဆင်ယင်ကျင်းပကာ သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ကြသဖြင့် သာမဏေဝတ်ခဲ့သည်၊ သာမဏေဘွဲ့မှာ 'ရှင်ပဏ္ဍိစ္စ' ဖြစ်လေသည်။

မိတဆိုး ပတဆိုးဖြစ်ခဲ့ရရှာ

ရှင်ပဏ္ဍိစ္စဘွဲ့ဖြင့် သာမဏေဝတ်ပြီး မကြာမီ သက္ကရာဇ် ၁၂၄၉-ခုနှစ်တည်းမှာပင် မိခင်ကွယ်လွန်ခဲ့လေသည်၊ မိခင်၏သား-

ကလေး သက်နှုံးဝတ်အသွင်ဖြင့် မြင်ကွင်းကား မကြာမြင့်ခဲ့ချေ။ ရှင်ပဏ္ဍိစ္စသည် ၉-နှစ်တင်းတင်း မပြည့်မီ မိတဆိုး ဖြစ်ခဲ့ရရှာလေသည်။ "ဒကာမကြီး"ဟု အချိန်ကြာမြင့်စွာ မခေါ်လိုက်ရရှာချေ။ မိခင်ကွယ်သဖြင့် လူဝတ်လဲပြီး ဖခင်နှင့်အတူ နေထိုင်ယင်း မရမ်းပင်ကျောင်းဆရာတော်ထံ ဆက်လက် ပညာသင်ကြားခဲ့လေသည်။ မောင်သန့်စင် ၁၃-နှစ်သားအရွယ်တွင် ဖခင်ကွယ်လွန်ပြန်ရာ မောင်သန့်စင်မှာ မိတဆိုးအပြင် ဖတဆိုးဖြစ်ရပြန်လေသည်။

လယ်တီဆရာတော်ထံသို့

ဤသို့ဖြင့် မိကွဲဖကွဲ စိတ်ဆင်းရဲလျက် ရေဝဲပုံဟန် လောကဓံအဖြစ်အရှုပ်၌ နစ်မြုပ်မှုရင်ဆိုင်ယင်း သာမဏေဝတ်လိုက် လူဝတ်လဲနှင့်ဖြစ်၍ နေခဲ့လေသည်။ ဒေသက် ၁၈-နှစ်သားအရွယ်တွင် စတုတ္ထအကြိမ်မြောက် ရှင်သာမဏေဝတ်ကာ ဓုတင်ဘုန်းကြီး အရှင်ကဝိ၏ လိုက်ပို့အပ်နှံမှုကြောင့် ၁၂၅၈-ခုနှစ် တပေါင်းလဆန်း ၈-ရက်ခန့်တွင် မုံရွာမြို့ လယ်တီဆရာတော်ဘုရားအထံသို့ ရောက်ရှိခဲ့လေသည်။ လယ်တီဆရာတော်ဘုရားကြီးက ရှင်ပဏ္ဍိစ္စကို 'ရှင်ပဏ္ဍိတ'ဟု ပြောင်းလဲမှည့်ခေါ်တော်မူလေသည်။ လယ်တီဆရာတော်ဘုရားကြီးထံ၌ ပိဋကတ်အခြေခံ ကျမ်းဂန်များကို သင်ယူရလေသည်။

ရဟန်းဘဝ ဒုလ္လဘကို ရရှိခြင်း

သက်တော် ၂၀-ပြည့်မြောက်ရာ ၁၂၆၀-ပြည့်နှစ် တပေါင်းလပြည့်ကျော် ၈-ရက်နေ့တွင် လယ်တီတိုက်ခဏ္ဍာသိမ်တော်၌ လယ်တီဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူလေသည်။

ဥပဇ္ဈာယ် ကရိတ္တာန၊ လယ်တီထေရိန္ဒပုဏ်ဝံ။
ဒုလ္လဘံ အလဘီ ဓီရော၊ ပဏ္ဍိတော ပဏ္ဍိတာသယော။

လယ်တီဆရာတော်ဘုရားကြီးက အရှင်ပဏ္ဍိတအား စာပေလည်းကြီး စား၍ ချပို့သင်ကြားပေးတော်မူသည်၊ ပစ္စယာနုဂ္ဂဟဖြင့်လည်း အမျိုးမျိုး ခီးမြှောက်တော်မူလေသည်၊ ရဟန်း ၂-ဝါအတွင်း ပိဋကတ် ၃-ပုံ ပါဠိ အဋ္ဌကထာ ဋီကာတို့ကို ချဉ်းနင်းနိုင်သည့် ကျမ်းဂန်တတ်ပုဂ္ဂိုလ် ဖြစ်လာလေသည်၊ ရဟန်းသိက္ခာ ၂-ဝါအရတွင် လယ်တီဂဏ ၊ ဝါစကစာချအဖြစ်ဖြင့် ခီးမြှောက်ခြင်း ခံရလေသည်။

မဟာဝိသုဒ္ဓါရာမတိုက်ကြီးရောက် သက္ကတဘာသာသင်

ရဟန်းသိက္ခာ ၃-ဝါရပြီးနောက် ၁၂၆၃-ခုနှစ် နတ်တော်လဆန်း ၇-ရက်နေ့တွင် မန္တလေးမြို့အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်ကြီးသို့ ရောက်ရှိရာ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးထံ၌ သက္ကတကျမ်းစာများကို သင်ယူတတ်မြောက်ခဲ့လေသည်၊ ယင်းသို့ ဖြစ်ကြောင်းကိုလည်း အရှင်ပဏ္ဍိတကိုယ်တိုင်-

နမာမိ တံ မမာစေရံ၊ ဝိသုဒ္ဓါစာရသည်တံ။
သုသုခံ ပဏ္ဍိတံ္ဝ ယာမိ၊ ပဏ္ဍိတောဟေ ယေန သက္ကရေ။

ယေန= အကြင်ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမိက မဟာထေရ်မြတ်ဖြင့်။ ဝါ= မဟာထေရ်မြတ်ကြောင့်။ ပဏ္ဍိတောဟေ= ပဏ္ဍိတမည်သောငါသည်။ သက္ကရေ= သက္ကဋဘာသာ ကျမ်းဂန်အစုဌ်။ သုသုခံ= ချမ်းချမ်းသာသာ။ ပဏ္ဍိတံ္ဝ= အထိုက်အလျောက် ပညာရှိသည်အဖြစ်သို့။ ယာမိ= ရောက်ရပေ၏။ ဝိသုဒ္ဓါစာရသည်တံ= "ဝိသုဒ္ဓါစာရဝဇ ဓိပတိပဝရမဟာဝမ္မရာဇာဓိရာဇဂုရု"ဟူ၍ မင်းမတ်ဘွဲ့ထူးရှိတော်မူထသော။ မမ= ပဏ္ဍိတမည်သောငါ၏။ တံ အာစေရံ= ကျေးဇူးတော်သခင် ဆရာရှင်မြတ်ကြီးဖြစ်တော်မူသော ထိုမဟာဝိသုဒ္ဓါရာမိက မဟာထေရ်မြတ်ကို။ နမာမိ= တုပ်ပျပ်ဝပ်လျှိုး ရှိခိုးဦးနှိမ်ပါ၏။ ဟူသော မဟာဝိသုဒ္ဓါရာမိကထေရ္ပတ္တိဒီပနီနိဿယကျမ်းဦး၌ အာစရိယပဏာမအဖြစ်ဖြင့် ဖော်ပြခဲ့လေသည်၊ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးသည် လယ်တီတိုက်မှလာသူလည်းဖြစ်, လယ်တီပဏ္ဍိတဟု

အမြဲခေါ်ဝေါ်လေ့ရှိ၏၊ ထိုအခါကစ၍ "လယ်တီပဏ္ဍိတ"ဟု တွင်လေသည်။ လယ်တီပဏ္ဍိတသည် မဟာဝိသုဒ္ဓါရာမဆရာတော်ကြီးထံ၌ တစ်နှစ်ခန့် သက္ကတဘာသာကို သင်ယူပြီး လယ်တီတိုက်သို့ ပြန်ကြွခဲ့လေသည်။

လယ်တီဆရာတော်နှင့် ဖဝါးခြေထပ်

လယ်တီပဏ္ဍိတသည် လယ်တီတိုက်ရောက်ရှိပြီးနောက် တပည့်တပန်းတို့အား စာပေချပို့ရသည်၊ လယ်တီဆရာတော်ကြီး ဒေသစာရီ လှည့်လည်ကြွချီတော်မူသောအခါ ပဏ္ဍာသမဏာဖြစ်၍ လိုက်ပါရလေသည်၊ လယ်တီဆရာတော်ကြီး ထိုထိုတောတောင်သို့ ကြွရောက်သီတင်းသုံး ဝါကပ်လျှင်လည်း လိုက်ပါ၍ ဝတ်ကြီးဝတ်ငယ် ပြုရလေသည်။

လယ်တီပဏ္ဍိတ လူထွက်ပြီ

လယ်တီပဏ္ဍိတသည် အသက် ၃၀ (ရဟန်းသိက္ခာ ၉-ဝါ)အရ တွင် လူ့ဘောင်သို့ ဆင်းသက်ခဲ့ပြီးနောက် ပျဉ်းမနားမြို့ ဦးအောင်ဒွန်း ဒေါ်ငြိမ်းတို့၏သမီး မမကြီးနှင့် အကြောင်းပါခဲ့လေသည်၊ ထိုအခါမှ စ၍ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး-ဟု ထင်ရှားလာလေသည်။

ဆောင်ရွက်ချက်များ

ဦးမောင်ကြီးသည် ပျဉ်းမနားမြို့၌ ၃-နှစ်ခန့်၊ မန္တလေးမြို့၌ တစ်နှစ်ခန့်၊ နေ၏၊ ၎င်းနောက် ခရစ် ၁၉၁၁-ခုနှစ်ခန့်တွင် ရန်ကုန်မြို့သို့ ရောက်လာခဲ့လေသည်၊ မြန်မာ့အလင်းမဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ်, ပညာအလင်းမဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ်, ဒဂုန်မဂ္ဂဇင်းတိုက်တွင် အယ်ဒီတာအဖြစ် တာဝန်များကို ဆောင်ရွက်ခဲ့လေသည်။

ကျမ်းဂန်များစာကို ပြုစုခြင်း

လယ်တီပဏ္ဍိတ ရဟန်းဘဝ, လူ့ဘဝ ၂-ရပ်လုံး၌ စာပေ ဖြင့်သာ မွေ့လျော်၍ စာပေကျမ်းဂန်အမျိုးမျိုးတို့ကို ရေးသားပြုစုခဲ့ လေသည်၊ ၎င်းပြုစုခဲ့သည့်ကျမ်းများ တိတိကျကျဖော်ပြရန်ပင် မစွမ်း နိုင်ပါချေ။ သိသမျှ ဖော်ပြရသော်-

၁။ ပစ္စယမဇ္ဇရီကျမ်း
၂။ ဒွိမူလဒီပနီကျမ်း
၃။ သဒ္ဒမဇ္ဇရီကျမ်း
၄။ သာသနသမ္ဘတ္တိဒီပနီကျမ်း
၅။ ရှေးဟောင်းကဗျာပေါင်းချုပ်
၆။ မဟာဝိသုဒ္ဓါရာမိကထေရုပ္ပတ္တိဒီပနီပါဠိနိဿယ
၇။ ပါဠိအဘိဓာန်ကျမ်း
၈။ သုတ္တနိပါတ်ပါဠိတော်မြန်မာပြန်
၉။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်မြန်မာပြန်
၁၀။ ထေရဂါထာပါဠိတော်မြန်မာပြန်
၁၁။ ထေရီဂါထာပါဠိတော်မြန်မာပြန်
၁၂။ ယမိုက်အဖြေကျမ်း
၁၃။ အလင်္ကာနိဿယချနက်
၁၄။ ဆန်းနိဿယချနက်
၁၅။ သုတ္တန္တနိတိကျမ်း
၁၆။ စာဏကျနိတိကျမ်း
၁၇။ ဓမ္မစကြာအမေးအဖြေကျမ်း
၁၈။ အနတ္တလက္ခဏသုတ်အမေးအဖြေ
၁၉။ ပဌာန်းအမေးအဖြေ

၂၀။ သာဓုသုန္ဒရီယပ်လဲ့တရားစာ (၁၂-တွဲ)
၂၁။ ပါဠိစကားသင်ကျမ်း
၂၂။ ပါဠိစာရေးသင်ကျမ်း
၂၃။ နီတိမာလာကျမ်း (ပ-ဒု)
၂၄။ သူရသတီနီတိကျမ်း (ပ-ဒု)
၂၅။ ပရမတ္ထသံခိပ်ဋီကာကျမ်း
၂၆။ အနတ္တစက္ခုကျမ်း
၂၇။ ပရမတ္ထသံခိပ်အမေးအဖြေ
၂၈။ ဝိထိမဇ္ဈရီ
၂၉။ ထေရာဘာသာပြန် (ပ၊ ဒု၊ တ)
၃၀။ မဟာသတိပဋ္ဌာန်အမေးအဖြေ
၃၁။ ဓမ္မစက္ကာ (၆)စောင်တွဲ
၃၂။ ထေရီဘာသာပြန် (ပ၊ ဒု၊ တ၊ စ၊ မ)
၃၃။ ဝိမာနဝတ္ထုဘာသာပြန်
၃၄။ တိပိဋကနီတိ (ပ၊ ဒု၊ တ)
၃၅။ သဒ္ဒသံခိပ်အမေးအဖြေ
၃၆။ သဒ္ဒမျက်လုံးဗျာကရုဏ်းကျမ်း (ပ၊ ဒု)
၃၇။ မြန်မာရာဇဝင်သံခိပ်
၃၈။ တပင်ရွှေထီး (ပ၊ ဒု၊ တ၊ စ)
၃၉။ နတ်သျှင်နောင် (ပ၊ ဒု၊ တ)
၄၀။ ဗညားနွဲ့
၄၁။ ခင်မြင့်ကြီးဝတ္ထု (ပ၊ ဒု၊ တ၊ စ၊ မ)
၄၂။ တင်တင်မြဝတ္ထု (ပ၊ ဒု၊ တ)

၄၃။ ရွှေပြည်ကြီးဝတ္ထု (ပ၊ ဒု)
၄၄။ သန်းသန်းဝတ္ထု (ပ၊ ဒု)
၄၅။ မောင်သောကအိပ်မက်ခန်း (ပ၊ ဒု)
၄၆။ သကုန္ဓလဝတ္ထု (သက္ကတဘာသာပြန်)
၄၇။ ဒေသနာမဇ္ဈရီ (ပ၊ ဒု၊ တ၊ စ၊ မ)
၄၈။ သောတမာလာ (၁၂-တွဲ)
၄၉။ ဘဂဝါဂီတိ
၅၀။ ဝေဿန္တရာဂီတိ (ပ၊ ဒု၊ တ)
၅၁။ ကုသဂီတိ
၅၂။ သာသနဝိပတ္တိဒီပနီ
၅၃။ ဥရောပဗုဒ္ဓဘာသာအလင်းပြ
၅၄။ သုကုမာရမဂ္ဂဒီပနီအမေးအဖြေ
၅၅။ သမ္မာဒိဋ္ဌိဒီပနီ
၅၆။ လန်ဒန်ပါဠိဒေဝီနိဿယ
၅၇။ လယ်တီဆရာတော်ဘုရားဘုန်းတော်ဘွဲ့
၅၈။ မန်လည်ထေရုပ္ပတ္တိ
၅၉။ ဆန်းသံခိပ်
၆၀။ အလက်ာသံခိပ်
၆၁။ ဗုဒ္ဓထောမနာဂါထာပါဠိအနက်
၆၂။ ခုနစ်နေ့ဘုရားရှိခိုးဂါထာပါဠိအနက်

စသည်တို့ဖြစ်ကုန်၏။ ဖော်ပြပါကျမ်းများအနက် စာအုပ်အဖြစ်သို့ ရောက်သောကျမ်းမှာ အနည်းငယ်သာ ရှိလေသည်။

ပစ္စယမဠိရိကျမ်း

ဖော်ပြပါကျမ်းများအနက် လယ်တီပဏ္ဍိတသည် ပစ္စယမဠိရိကျမ်းကို သက္ကရာဇ် ၁၂၆၆-ခုနှစ် တပို့တွဲလဆန်း ၁၃-ရက်နေ့ လယ်တီတိုက်အတွင်း၌ နေ့စဉ် ရေးသားပြီးဆုံးခဲ့လေသည်၊ ပရမတ္ထသံခိပ်ကျမ်းမှာ ၉-ပိုင်းရှိရာ ပစ္စည်းပိုင်း, ဝိထိပိုင်းကား သာလွန်နက်နဲခက်ခဲရာ ၎င်းအပိုင်းတို့၏အဖွင့် ဋီကာကို ရေးသားရန် ဆရာတော်ကြီး အမိန့်ရှိလေသည်၊ သို့ဖြစ်၍ ပစ္စည်းပိုင်း၏ သရုပ်အဓိပ္ပါယ်ကို ဆန်းကြယ်သော နည်းနာဇယားအမျိုးမျိုးတို့ဖြင့် ထုတ်ပြလျက် ပရမတ္ထဒီပနီကျမ်းကို မှီငြမ်းပြုပြီး ပစ္စည်းအမျိုးမျိုးတို့ကို နည်းနာအမျိုးမျိုးတို့ဖြင့် အခိုင်အခိုင်အမြွာမြွာ ထုံးဖွဲ့၍ ပြရာဖြစ်သောကြောင့် 'ပစ္စယမဠိရီ'ဟု နာမည်တပ်၍ ရေးသားခဲ့ခြင်းဖြစ်သည်။ ကျမ်းဦး၌-

၁။ ပဌာနံ သမ္မသန္တသ၊ ဗောဓိတော ပစ္ဆိမုတ္တရေ။
နိလာ နိလာ နိစ္ဆရန္တိ၊ ပိတာ ပိတာ စ ရံသိယော။

၂။ လောဟိတာ လောဟိတာ ယေဝ၊
ဩဒါတောဒါတာ ရသ္မိယော။
တမ္မာ တမ္မာ နိစ္ဆာရန္တိ၊
မဠိဋ္ဌာ စ ပဘဿရာ။

၃။ တနာမိ လယ်တီထေရံ၊ ဂုရုံ မေ ပဏ္ဍိတက်ရံ။
ယေနာဟံ ပဏ္ဍိစ္စံ ယာမိ၊ မာဒိပိ ပဏ္ဍိတာယ တေ။

၄။ ပရမတ္ထသံခိပံ သော၊ အကာသိ နိပ္ပပဉ္စကော။
တဿတ္ထံ ဒီပယေယျာသျ၊ ပတိမံ ဧတဒဋ္ဌိဝိ။

၅။ တသ္မာဟံ ပစ္စယကဏ္ဍဿ၊ သုကဏ္ဍံ တတ္ထ ဒီပနိံ။
ဗောဓယံ သောတုနံ ဗုဒ္ဓိ၊ တဿ ပစ္စယမဠိရိံ။

ဟူသော ဂါထာများဖြင့် ဗုဒ္ဓပဏာမ, အာစရိယပဏာမ, အာဏာပက, ပကရဏာဘိဓာန, ပဋိညာဉ်တို့ကို ပြခဲ့လေသည်။ တဖန် ဆက်လက်၍-

* ပဌာန်းဥာဏ်ရှိန်၊ ခြောက်ရောင်ထိန်၊ မုနိန်ရှိပန်ခုံ။
* သံခိပ်ကျမ်းရှင်၊ လယ်တီရှင်၊ ကြည်လင်ဝတ်တွားဖြန့်။
* သိလိုသူများ၊ တောင်းပန်ငြား၊ ထင်ရှားဖွင့်ပေအုံ့။
* ပစ္စည်းသာသနာ၊ သံခိပ်မှာ၊ ရောင်ဝါပွင့်လတုံ့။

ဟူသော သံပေါက် ၄-ပုဒ်ဖြင့် ပဏာမ, အဘိယာစက, ပဋ္ဌိညာဉ်တို့ကို ထပ်မံပြခဲ့လေသည်။

ဤပစ္စယမဇ္ဇရီကို ရေးစဉ် လယ်တီပဏ္ဍိတသည် ရဟန်းသိက္ခာ ၇-ဝါရသာ ရရှိသေးသည်၊ စာပေ၌ အုံ့လောက်ဖွယ်ရာ နှိုင်နင်းသော ပုဂ္ဂိုလ်ပါတည်း၊ နိဂုံး၌ လယ်တီဆရာတော်ကြီးကို ပရိ-ယတ္တိတရားတည်းဟူသော ဝမ်းတိုက်လည်းရှိသူ, သတိပဋ္ဌာန်တရား တည်းဟူသော လည်ပင်းလည်းရှိသူ, သမ္မပ္ပဓာန်တရားလေးပါးတည်း ဟူသော အစွယ်ရှိသူ, သဒ္ဓါတည်းဟူသော နှာမောင်းရှိသူ, ပညာ တည်းဟူသော ဦးကင်းရှိသူ ဆင်ပြောင်ကြီးကား လယ်တီမဟာထေရ် မြတ်ကြီးပင် ဖြစ်သည်ဟူ၍-

ဓမ္မောဝှယော သတိဂ္ဂိဝေါ၊ သမ္မပ္ပဓာနဒန္တဝါ။
သဒ္ဓါကရော ပညာသီသော၊ မဟာနာဂေါဟိ လယ်တီယော။

ဟူသော ဂါထာဖြင့် ချီးကျူးဖော်ပြခဲ့လေသည်။ တဖန်နိဂုံး၌-

ပုညေန တေန သော နာဂေါ၊
တောသေန္တော သကံ ဇနံ။
ဓမ္မနာဒံ ဥန္နာဒေတု၊
တောသိတာတမနေန္တု တေ။

ဟူသော ဂါထာဖြင့် တောင့်တချက်ကို ဖော်ပြခဲ့လေသည်၊ ၎င်းပစ္စယ မဇ္ဇရီကျမ်းမှာ ကဝိမျက်မှန်ပုံနှိပ်တိုက် ၁၃၀၁-ခုနှစ်ရိုက် ရှိုင်ဆိုက် စာမျက်နှာ ၁၃၁-မျက်နှာ ရှိလေသည်။

ဒ္ဒိမူလဒီပနီကျမ်း

အဝိဇ္ဇာ တဏှာ-ဟူသော မူလ ၂-ပါးတို့၏ အကျယ်ကိုပြရာ ကျမ်းကိုလည်း ဒ္ဒိမူလဒီပနီအမည်ဖြင့် ရွှေတောင်မြို့ လယ်တီဆရာတော်ဘုရားနှင့် လိုက်ကြွစဉ် ၁၂၆၇-ခုနှစ် ပြာသိုလဆန်း ၁၅-ရက်နေ့က အပြီးသတ်ရေးသားခဲ့သည်။ ကျမ်းဦး၌-

အဝိဇ္ဇာနဝုဋ္ဌံ ဘောတွာ၊ ဆေတွာ တဏှာယ ဗန္ဓနံ။
သမ္ဘုဒ္ဓံ နိဗ္ဗုတံ နတွာ၊ ဝက္ခံ ဒ္ဒိမူလဒီပနိံ။

ဟူသော ပကရဏာနုရူပထောမနာပဏာမ ပြုခဲ့လေသည်၊ ကျမ်း၏ အဆုံး၌လည်း-

ဒ္ဒိမူလဒီပနီ နာမ၊ ပဏ္ဍိတေန မယာ ကတာ။
ပုညေန တေန ဒွေ မူလေ၊ ဆိန္နေ ဆိန္နာပယေ ပရေ။

ဟူသောဂါထာဖြင့် ဒ္ဒိမူလဒီပနီကျမ်းကို ပဏ္ဍိတမည် ငါမထေရ် ပြုစုရေးသားခဲ့၏၊ ဤကောင်းမှုပုညကြောင့် မူလနှစ်ပါးကို အလျှဉ်းဖြတ်ရလို, ဖြစ်စေနိုင်ရလိုကြောင်း တောင်းဆုချွေခဲ့လေသည်၊ ယင်းဒ္ဒိမူလဒီပနီကျမ်းမှာ ရှိုင်ဆိုက် ၂၄-မျက်နှာ ရှိလေသည်။

သဒ္ဒမဇ္ဇရီကျမ်း

လယ်တီဆရာတော်ဘုရားကြီးသည် ဝိနယသံခိပ်, ပရမတ္ထသံခိပ်ကျမ်းများကဲ့သို့ သဒ္ဒသံခိပ်ကျမ်းကိုလည်း ရေးသားတော်မူခဲ့လေသည်၊ ယင်းသဒ္ဒသံခိပ်ကျမ်း၏ အဖွင့်အကျယ်ကို ရေးသားရန်အတွက် ရေးပုံရေးနည်းနှင့်တကွ ရေးသားရမည်ဟု လယ်တီပဏ္ဍိတအား မိန့်တော်မူခဲ့လေသည်၊ သို့ဖြစ်၍ လယ်တီပဏ္ဍိတသည် သဒ္ဒသံခိပ်ကျမ်း၏ အဖွင့်ဖြစ်သော သဒ္ဒမဇ္ဇရီကျမ်းကို အမြင့်မြို့ မနောဟာရီဥယျာဉ်၌ လယ်တီဆရာတော်ကြီးနှင့်အတူတကွ နေထိုင်စဉ် ၁၂၆၇-ခုနှစ် နယုန်လဆုတ် ၇-ရက်နေ့တွင် အပြီးသတ်ရေးသားခဲ့လေသည်၊ ထိုစဉ်က လယ်တီပဏ္ဍိတသည် သိက္ခာ ၆-ဝါမျှသာ ရသေးသည်။ ကျမ်းဦး၌-

၁။ မုနိန္ဒမုခဇံ သေဋ္ဌံ၊ ပဒဗျဥ္ဇနကေသရံ။
ပုပ္ဖန္တိ ဂန္ဓဝံ ဘာတု၊ ပဒ္မံ ပဇာလိစုမ္ဘိတံ။

၂။ နာမာမိတံ လယ်တီထေရံ၊ မာဒိမ္ဘိ ပဏ္ဍိတက်ံ။
ယော ကာသိသဒ္ဒသံခိပ်၊ နာနာသတ္ထသမောသဋ္ဌံ။

၃။ နာဂဂ္ဂေရှဟရေကေဇာ၊ သုရောဝုဒေတိ ပစ္ဆိမာ။
တထာဗ္ဘုတော ဟောဝတာဟံ၊ သဒ္ဒသံခိပနာမကော။

၄။ တသ္ဓတ္ထံ ဒီပယေယျာသိ၊ မမံ သော ဇေတဒြဝိ။
ဒီပနာယ မမောကာသံ၊ အဒါနယဉ္စ သုစယံ။

၅။ တသ္မာဟံ ဒီပနိ ကသ်ံ၊ နာတိသခ်ေပဝိတ္ထဋ္ဌံ။
အာကုမာရိံ ဝိဟောခေန္တိ၊ နာမေန သဒ္ဒမဥ္ဇရိံ။

ဟူသော ၅-ဂါထာဖြင့် ပဏာမ, အဘိယာစက, ပဋိညာဉ်စသည်တို့ကို ဖော်ပြခဲ့လေသည်။

ယင်းသဒ္ဒမဥ္ဇရီကျမ်းမှာ ၁၂၇၀-ပြည့်နှစ်က ရန်ကုန်မြို့ ကဝိ-မျက်မှန်ပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့ရာ ဒီမိုင်းဆိုက်စာမျက်နှာ ၄၅၀-၌ အဖိုးတန်ကျမ်းစာကြီး ဖြစ်လေသည်။

သာသနသမ္ဘတ္တိဒီပနီ

လယ်တီဆရာတော်ဘုရားကြီးသည် ပါဠိတတ် လူမျိုးမရွေး ကြည့်ရှုနိုင်ရန် သာသနသမ္ဘတ္တိဒီပနီပါဠိကျမ်းကို ရေးသားတော်မူခဲ့လေသည်၊ ယင်းကျမ်းကို အင်္ဂလိပ်ဘာသာပြန်ဆိုရာ၌ လွယ်ကူစေရန် နိုင်ငံခြားဗုဒ္ဓသာသနာပြုအသင်း၏ အကျိုးတော်ဆောင် မုံရွာမြို့ ကျောင်းဒကာဦးစံလင်းက မြန်မာဘာသာပြန်ဆိုရန် လယ်တီပဏ္ဍိတ အား တောင်းပန်ခဲ့လေသည်၊ လယ်တီပဏ္ဍိတသည် ယင်းသို့ ဦးစံလင်း၏ တောင်းပန်ခြင်းကို အရင်းပြုကာ သာသနသမ္ဘတ္တိဒီပနီကျမ်းကို မန္တလေးမြို့၌ နေထိုင်စဉ် ၁၂၇၆-ခုနှစ် တန်ခူးလဆန်း ၈-ရက်

တနလ်ာနေ့က အပြီးသတ် ရေးသားခဲ့လေသည်။ ရေးရာဌာန, ရေးသားပြီးချိန်တို့ကိုလည်း-

၁။ မန္တလာစလသာမန္တေ၊ ယံ မာပိတံ မဟာပုရံ။
ဂုတ္တာပါကာရပရိက္ခိတံ၊ ရတနာပုဋ္ဌဘိရာမကံ။

၂။ တသ္မိံ ဝသတာနေက-စေတျာဒီနံ မတာ မယာ။
ပသ္သတာ နိကာယေ ပဋ္ဌ၊ သာသနုက္ကာ စ ယံ ကတာ။

၃။ သာသနေ ဒါမဘာရမ္မိ၊ သာကေတစ္ဆဋ္ဌမေ ဂတေ။
စိတ္တာသ အဋ္ဌမေ ရတ္တေ၊ စန္ဒေသာသု နိဋ္ဌိတာ။

ဟူသော ၃-ဂါထာဖြင့် ဖော်ပြခဲ့လေသည်။ ကျမ်းစာ၌-

ဗုဒ္ဓသုဗုဒ္ဓတာ လောကေ၊ ဓမ္မသ စ သုဓမ္မတာ။
သာဝကာနဉ္စ သမ္ဘတ္တိ၊ ဧသော သာသနသမ္ပဒါ။

ဟူသောဂါထာဖြင့် မူတည်၍ ရတနာသုံးပါး၏ဂုဏ်တော်များကို အဆန်းတကြယ် ရေးသားထား၏၊ ၎င်းကျမ်းမှာ ဒီမိုင်းဆိုက်စာမျက်နှာ ၄၅၀-ခန့် ရှိလေသည်။

ရှေးဟောင်းကဗျာပေါင်းချုပ်

လယ်တီပဏ္ဍိတသည် ရှေးဟောင်းကဗျာပေါင်းချုပ်ကျမ်းကို လည်း ၁၂၇၀-ခုနှစ် ပတ်ဝန်းကျင်လောက်က ရေးသားခဲ့လေသည်၊ ၎င်းကျမ်း၌ ရှေးဟောင်းကဗျာစာပေများကို စုဆောင်းဖော်ပြ၍ ဌာန အားလျော်စွာ ဆိုလိုရင်းပိဏ္ဍတ္ထနှင့် ခက်ဆစ်အဝယဝတ္ထုများကိုပါ ရေးသားဖော်ပြခဲ့လေသည်။ ၎င်းကျမ်းဦး၌-

နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ။
နမော ဂန္ဌကာရဿ၊ လယ်တီမဟာထေရဿ။

ဟူသောစကားမျှဖြင့်သာ ရတနတ္တယပဏာမ, အာစရိယပဏာမပြုခဲ့ လေသည်၊ ၎င်းကျမ်းကို လယ်တီပဏ္ဍိတအသက်ရှင်စဉ်က စာအုပ်

မဖြစ်ခဲ့ပဲ ကွယ်လွန်ပြီးနောက် အနှစ် ၂၁-နှစ်ကြာမှ ရန်ကုန်မြို့ ပညာအလင်းပြစာအုပ်တိုက်က ရိုက်နှိပ်ထုတ်ဝေသဖြင့် စာအုပ်ဖြစ်ခဲ့ရာ ကရောင်း ၁၆-ချိုးဆိုက် ၂၇၂-မျက်နှာ ရှိလေသည်။

ကဗျာ့မဠ္ဍရီကျမ်း

ထိုထိုအလျှဒါနပွဲ, လက်ထပ်မင်္ဂလာပွဲ, မင်းပွဲစိုးပွဲစသည်တို့၌ ဖွဲ့ဆိုရေးသားခဲ့သော ကဗျာများကို ကဗျာ့မဠ္ဍရီအမည်ဖြင့် ကျမ်းစာတစ်ခု စီစဉ်ခဲ့၏။ သို့ရာတွင် လက်ရေးမူဖြင့် တည်ရှိခဲ့ရာ ပညာအလင်းပြစာအုပ်တိုက်က ၁၃၂၃-ခုနှစ်ကထုတ် စာအုပ်အဖြစ်ရောက်ခဲ့လေသည်။ ကျမ်းဦး၌-

ဘဂေဟိ ဆဟိ သေဋ္ဌေဟိ၊ တိလောကမကုဋ္ဌော သုဘော။
ဘဂဝါ ဘဂ္ဂမာရောသိ၊ ဘဝ မေ သရဏံ ဘဝံ။

ဟူသောဂါထာဖြင့် ပဏာမပြုခဲ့လေသည်၊ ၎င်းကျမ်းမှာ ကရောင်း ၁၆-ချိုး ၁၉၄-မျက်နှာသာ ရှိလေသည်။

မဟာဝိသုဒ္ဓါရာမိကထေရပ္ပတ္တိဒီပနီပါဠိနိဿယ

သီဟိုဠ်ကျွန်းမှ အရှင်သိရိမမွှအမည်ရှိသော ရဟန်းတော်သည် သက္ကရာဇ် ၁၂၅၇-ခုနှစ်တွင် မြန်မာပြည်သို့ရောက်ရှိကာ ရန်ကုန်မြို့ ကျောင်းတော်ရာရွှေကျင်တိုက်၌ သီတင်းသုံးတော်မူခဲ့လေသည်၊ မကြာမီ မန္တလေးမြို့အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်သို့ရောက်ရှိကာ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားထံ ပညာဓာည်းပူးခဲ့လေသည်၊ ယင်းသို့နေထိုင်စဉ် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ ဖွားတော်မူသည်မှစ၍ သက်တော် ၆၆-နှစ်အထိ အဖြစ်တော်စဉ်များကို ကောင်းမွန်ပြောင်မြောက်သော ပါဠိဂါထာ ၂၃၀-ဖြင့် တန်ဆာဆင်၍ ထေရပ္ပတ္တိဒီပနီပါဠိကို ရေးသားပြုစုခဲ့လေသည်၊ ယင်းသို့ ထေရပ္ပတ္တိဒီပနီပါဠိ၏ အနက်မြန်မာပြန်နိဿယကို ရေးသားရန်

လယ်တီအရှင်ပဏ္ဍိတအား သီတင်းသုံးဖော် ရဟန်းတော်တို့က တောင်းပန်ကြကုန်၏၊ ယင်းသို့ တောင်းပန်ခြင်းကို အရင်းပြု၍ လယ်တီပဏ္ဍိတအရှင်သူမြတ်သည် မုံရွာမြို့ လယ်တီတိုက်၌ နေထိုင်စဉ် ၁၂၆၈-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၉-ရက်နေ့က အပြီးသတ်ရေးသားခဲ့လေသည်။ ကျမ်းဦး၌-

၁။ ဇိနံ မာ တေဇသောဘေသံ၊ တိလောကတေဇကေသရံ။
ဗြဟ္မမောဠိန္ဒနတပ္ပါဒံ၊ ဝန္ဒေ ဘဂါနမာလယံ။

၂။ နမာမိ တံ မမာစေရံ၊ ဝိသုဒ္ဓါစာရသညိတံ။
သုသုခံ ပဏ္ဍိတျံ ယာမိ၊ ပဏ္ဍိတော ယေန သက္ကဒ္ဓေ။

၃။ ရစယိ တသ ဥပ္ပတ္တိ-ဒီပနိံ ကဝိနန္ဒနံ။
ဘာသာယ မာဂဓိကာယ၊ သိရိဓမ္မော သိရိန္ဓရော။

၄။ သမာနစရိယသာဓူဟိ၊ ယသ္မာဟမဘိယာစိတော။
တဿတ္ထံ မြန်မာ့ဘာသာယ၊ လိခါဟိတိ သုနန္ဒိနံ။

၅။ တသ္မာဟံ ရစယိဿာမိ၊ ထောမယံ ဂုဏသဠ္ဍယံ။
ထေရဠာနေန ပူဇေသံ၊ သဠ္ဍေယျံ ပုညမုတ္တမံ။

ဟူသော ၅-ဂါထာဖြင့် ဗုဒ္ဓပဏာမ, အာစရိယပဏာမ, အဘိယာစက, ပဋိညာဉ်စသည်တို့ကို ဖော်ပြခဲ့လေသည်၊ ၎င်းထေရုပ္ပတ္တိဒီပနီနိဿယမှာ ရာဇဝင်, သာသနာဝင်စသည် မှတ်သားဖွယ်အမျိုးမျိုးတို့ဖြင့် တန်ဆာဆင် ရေးသားခဲ့သည်၊ စာကောင်းစာပေမွန် ဖြစ်ပေသည်၊ ၎င်းကျမ်းကြီးမှာ ရှိုင်ဆိုက်စာမျက်နှာ ၁၂၅၀-ကျော် ရှိလေသည်။

ပါဠိအဘိဓာန်ကျမ်း

ပါဠိအဘိဓာန်ကျမ်းကိုလည်း လူ့ဘဝသို့ ပြောင်းခါနီးအချိန် အသက် ၃၀-အရွယ်ရှိရာ ၁၂၇၀-ပြည့်နှစ် သီတင်းကျွတ်လပြည့်နေ့တွင် ရန်ကုန်မြို့ ပုဇွန်တောင်ရပ်နေ မောင်လိန်းအမည်ရှိသော

ဥပါသကာတောင်းပန်သဖြင့် အပြီးသတ် ရေးသားခဲ့လေသည်၊ ၎င်းကျမ်းသည် ပါဠိစာပေလေ့လာသူတို့အတွက် ပါဠိစကားလုံး ဘဏ္ဍာတိုက်ဖြစ်၏၊ အနက်မထင်သောပါဠိများကို လွယ်ကူစွာ ဖွင့်လှစ်လှန်လှောကြည့်ရှုရန် အလွယ်တကူ ဆောင်ထားသင့်သော ကျမ်းဖြစ်၏၊ ကျမ်းဦးဌ-

ယော ယာယ ယံ ယောဂကျွေမံ၊ ဇိနော ပါပေသိ ပါဠိယာ။
သုတံ သာဒရစိတ္တေန၊ တံ တံ တံ အဘိဝန္ဒိယ။

စသော ၇-ဂါထာဖြင့် ရတနတ္တယပဏာမစသည်ကို ပြု၍ ပါဠိစကားလုံးများကို အကွာရာစဉ် သီကုံး၍ လိင်နှင့် အနက်ကို ဖော်ကားရေးသားပြုစုခဲ့လေသည်။ ကျမ်း၏ အဆုံးဌာလည်း-

သလ္လဝတီ နဒီတီရေ၊ ဇိနသာသနသောဘိတေ။
မုဏ္ဍာတ ဝိသုတေ ရမ္မေ၊ ထူပမာဠာဒမဏ္ဍိတေ။
တသ္မာသန္နေ နဂါကိဏ္ဏေ၊ မဟာဝိဟာရသန္နိဘေ။
လယ်တီတိချာတအာရာမေ၊ တိပေ ဋကုသ္ဌဝေ ဝရေ။

စသော ၁၁-ဂါထာဖြင့် ကျမ်းပြုသူ၏ နေရာဌာန, ကျမ်းပြီးရာကာလ, ဆုတောင်စသည်တို့ကို ဖော်ပြ၍ နိဂုံးအုပ်ခဲ့လေသည်။ ယင်းဂါထာများအနက်-

တသ္မိံ ဝံသတော သန္တ-စိတ္တသ သိဂ္ဂဝေဓိနော။
သသော ယော ပဏ္ဍိတော နာမ၊ လယတပဏ္ဍိတ ဝ ဝ ဝ

ပါဠိတော်လေးကျမ်း မြန်မာပြန်

လယ်တီပဏ္ဍိတသည် သုတ္တနိပါတ်ပါဠိတော်, သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်, ထေရဂါထာပါဠိတော်, ထေရီဂါထာပါဠိတော်များ ကိုလည်း မြန်မာဘာသာပြန်ဆိုခဲ့ကြောင်း၊ ယမိုက်အဖြေကျမ်းနိဒါန်း၌ ကိုယ်တိုင်ပြခဲ့လေသည်၊ သို့ရာတွင် ၎င်းတို့မှာ ပြီးသည် မပြီးသည်ကို တိကျစွာ မသိရပါချေ။

ယမိုက်အဖြေကျမ်း

ယမိုက်အဖြေကျမ်းကိုလည်း ရေးရမည်ဟု ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ပုံ့လွန်တော်မမူမီတွင် လယ်တီ ပဏ္ဍိတ ဆရာဦးမောင်ကြီးအား အမိန့်ရှိခဲ့လေသည်၊ ပျဉ်းမနားမြို့ မြို့ဝန်မင်း ဦးထွန်းအောင်ကလည်း တောင်းပန်ခဲ့သည်၊ သို့ဖြစ်၍ ယမိုက်အဖြေကျမ်းကို ရေးသားခဲ့ရာ ၁၂၈၅-ခုနှစ် တပေါင်းလပြည့်နေ့ လယ်တီဆရာတော်ဘုရားကြီး ပုံ့လွန်တော်မူသဖြင့် အလောင်းတော်ကို ပျဉ်းမနားမြို့၌ သာဓုကီဠနသဘင် ဆင်ယင်ပူဇော်၍ စျာပနပွဲ ကျင်းပရာနေ့၌ ပြီးဆုံးခဲ့လေသည်။ ကျမ်းဦး၌-

၁။ ယမကံ ဒေသနတ္ထာယ၊ ယမကံ ပါဠိဟာရိယံ။
ဒသေတ္တာ ဘဝဂါဂဋ္ဌိ၊ ခဏေန တိဒသာလယံ။

၂။ ဝိစိတ္တံ ဂမ္ဘီရံ သဏ္ဌံ၊
ဒေဝါနံ ယမကံ ဇိနော။
ယော ဒေသေသိ မဟာပညော၊
တဒ္ဒေသကဿ မေ နမော။

၃။ ဓမ္မဋ္ဌ ယမကံ သေဋ္ဌံ၊ ယမကေ အဋ္ဌပုဂ္ဂလေ။
ယမကံ ကတ္တာ ဒ္ဝိဟတ္ထာနိ၊ ဝန္ဒာမိ ယမမာနသာ။

၄။ ယမကံ စ ဘိဝန္ဒာမိ၊ မမ အာစရိယံ ဝရံ။
မဟာလယ်တီ ကဝိရဋ္ဌ၊ မဟာဝိသုဒ္ဓါရာမိကံ။

၅။ ယာ ပုဗ္ဗာ လန်ဒန်ဒေဝိယာ၊
သဏ္ဌာယ မတသဠိတာ။
တံတံ ပါဠိယာ ဝိသေဇ္ဇေသိ၊
လယ်တီထေရော ဇုတိန္ဓရော။

၆။ မြန်မာဘာသာယ တသ္ထတ္ထံ၊ ရစယသုတိ ယာစိတော။
ယမကံ ဉာတုကာမေန၊ ရတနတ္ထယမာနိနာ။

၇။ တသ္မာဟံ ရစယိဿာမိ၊ သဘာသာယ သုဗောဓကံ။
တံ ပေက္ခိတ္တာ ယမကေသု၊ အတ္ထံ ဇာနန္တု သာဓဝေါ။

ဟူသော ၇-ဂါထာဖြင့် ပြည့်စုံစွာ ပဏာမ, ပဋိညာဉ်စသည် ပြုခဲ့လေသည်။ ကျမ်း၏အဆုံးဌ်လည်း-

၁။ လယ်တီထေရော မဟာပညော၊
မမ ပဏ္ဍိစ္စကာရကော။
လောကေ ကုဋ္ဌာဝ ဇောတေတ္တာ၊
အဂ္ဂိကဋ္ဌေါ နိဗ္ဗုတော။

၂။ လယ်တီထေရော မဟာသီလော၊
မမ သောသီလျကာရကော။
လောကေကကပ္ပရုက္ခော၊
ရုဟိတ္တာ နဝယဂ်တော။

၃။ လယ်တီထေရော မဟာပညော၊
မမ လက္ခိပဝုကော။
စက္ကဝတ္တိဝ သောဘိတ္တာ၊
သသိရိံ သော နိရုန္ဓိတော။

စသော ၉-ဂါထာဖြင့် လယ်တီဆရာတော်ဘုရားကြီးအား မျှားစွာခြီးကျူးထောမနာ၍ နိဂုံးပြုခဲ့လေသည်၊ ၎င်းယမိုက်အဖြေကျမ်းမှာ ဒီမိုင်းဆိုက်စာမျက်နှာ ၃၆၉-မျက်နှာ ရှိလေသည်။

အလက်ာနိဿယချနက်နှင့် ဆန်းနိဿယချနက်

လယ်တီပဏ္ဍိတသည် ၁၂၈၅-ခုနှစ်တွင် လယ်တီဆရာတော်ဘုရားကြီး ပျံ့လွန်တော်မူပြီးသောအခါ သံဝေဂတရားဖြစ်ပွားသည်နှင့် အလုပ်ကိစ္စများကိုဖြတ်၍ လယ်တီတိုက်ကြီးသို့ သွားရောက်ပြီးလျှင် သီတင်းသီလများကို ဆောက်တည်၍ ဘာဝနာတရား ပွားများနေထိုင်ခဲ့လေသည်။

ထိုအခိုက်မှာ ပရိယတ္တိသာသနာတော်ကိုလည်း ချီးမြှောက်ပူဇော်လိုသည်ဖြစ်၍ မဇ္ဈိမနိကာယ်ပါဠိတော်များကို ချပို့ခဲ့လေသည်၊ ထိုအခါ လယ်တီဆရာတော်ဘုရားကြီး၏ တူတော်အရင်းဖြစ်သော ရဟန်းတော်အရှင်သုမင်္ဂလက သုဗောဓာလင်္ကာရကျမ်း, ဆန်းကျမ်းတို့၏ ချနက်နိဿယကျဉ်း ရေးသားပါရန် လယ်တီပဏ္ဍိတအားတောင်းပန်ခဲ့လေသည်၊ ယင်းသို့ အရှင်သုမင်္ဂလတောင်းပန်မှုကြောင့် အလက်ာနိဿချနက်နှင့် ဆန်းနိဿယချနက်တို့ကို ရေးသားခဲ့ရာ ၁၂၈၅-ခုနှစ် ပြာသိုလဆန်း ၈-ရက်နေ့က ပြီးဆုံးခဲ့လေသည်၊ ၎င်းနိဿယနှစ်မျိုးကို ရန်ကုန်မြို့ သစ္စဝါဒီသတင်းစာပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့ရာ ၂-ကျမ်းတွဲ ဒီမိုင်းဆိုက်စာမျက်နှာ ၁၂၀၂-ရှိလေသည်။ အလက်ာနိဿယကျမ်းဦး၌-

၁။ အလက်ာရေဟိ ဗာတ္တိသ၊ လက္ခဏောဟိ သုမင်္ဂိတံ။
ဇိနံ လက်ာရသမ္ဘာသံ၊ ဝန္ဒေတိ ဘူမဘူသနံ။

၂။ စတုရာသီတိသဟဿ-ဓမ္မက္ခန္ဓေဟိ ဘူသိတံ။
ဓမ္မံ ဝန္ဒာမိ သံယဉ္စ၊ နဝဂ္ဂုဏပသာဒိတံ။

၃။ လယ်တီထေရံ ဘိဝန္ဒာမိ၊ အလက်ာရဒဒံ မမ။
ဝိသုဒ္ဓါစာရထေရဉ္စ၊ သာသနာဘရဏံ သုဘံ။

၄။ အလက်ာရဿ ကဿာမိ၊ နိဿယံ သောတုမဂ္ဂနံ။
သခ်ေပန ယထာ ပါဠိ၊ ယုဝါနော သိက္ခရေ ဂ္ဂမံ။

ဟူသော သာယာနာပျော်ဖွယ်ရှိသော ၄-ဂါထာဖြင့် ရတနတ္တယ ပဏာမ, အာစရိယပဏာမ, ပဋိညာဉ်, ဥယျောဇဉ်တို့ကို ဖော်ပြခဲ့လေသည်။ ဆန်းနိဿယချနက်ကျမ်းဦးဌ်လည်း-

၁။ ဆန္ဒဝသာနုဂေနေကေ၊ သတ္တေ ဗောဓေသိ နာယကော။
ဆန္ဒာဓိပတိသညုတ္တော၊ သော မေ ပုရေတု ဆန္ဒတံ။

၂။ ဆန္ဒော သတ္ထသ ကသ္သာမိ၊ နိဿယံ သောတုဆန္ဒဇ။
သခ်ေပန ယထာ ပါဠံ၊ ယုဝါနော သိက္ခရေ ဣမံ။

ဟူသော ၂-ဂါထာဖြင့် အာသီသပုဗ္ဗကဂန္ထာရမ္ဘပြု၍ ကျမ်းစာကို ရေးသားခဲ့လေသည်၊ လယ်တီပဏ္ဍိတသည် ကျမ်းစာတိုင်း ကျမ်းဦးဂါထာစသည်တို့ကို ပဂရဏာနုရူပထောမနာပြု၍ ပြောင်မြောက်ကောင်းမွန် စိတ်ဝင်စားဖွယ်ကောင်းလှအောင် ရေးသားခဲ့လေသည်။

ဂန္ထာရမ္ဘဂါထာများကို သီးခြားရေးသားခဲ့သော်လည်း ဆန်းနိဿယချနက်အဆုံးကျမှ ပြည့်စုံစွာ ဂါထာ (၈)ဂါထာဖြင့် နိဂုံးအုပ်ခဲ့လေသည်။ ယင်းဂါထာများအနက်-

ပဠဒ္ဌဒ္ဒေကသာကမ္ပိ၊ ဖုသသ ဇုဏ္ဏအဌမေ။
နိဋ္ဌိတာ နိဗ္ဗယာ ဒ္ဒေ မေ၊ ထေရောနုဘာဝထမ္ဘိတာ။

ဟူသော ဂါထာဖြင့် ဆန်းနိဿယချနက်ကျမ်း၏ အောင်လံစိုက်ဆောက် ပြီးမြောက်ချိန်ကို ဖော်ပြခဲ့လေသည်၊ ယင်းဂါထာများအနက် လောကအတွက် တောင့်တချက်-

မေတ္တာ မဟ္ဗျသကော လောကော၊
သုဖုလ္လာ ဟောတု သဗ္ဗဒါ။
မေတ္တာပုဗ္ဗသုဂန္ဓေန၊
သုခန္တု ဝါသိတာ ပဇာ။

ဟူသောဂါထာမှာ အသက်ဝင်လှုပ်ရှားလှပေသည်၊ ဖော်ပြပါ နိဿယချနက် ၂-စောင်ကို လေ့လာ၍ ကဝိကဝိန် သုခမိန်ပြုလုပ်နိုင်ပါစေ။

သုတ္တန္တနိတိကျမ်း

ဆရာဦးမောင်ကြီးသည် စစ်ကိုင်းတောင်ရိုး ဇမ္ဗုပဒိချောင် ဝမ္မကထိကဦးပဒုမ တောင်းပန်သဖြင့် နိတိအရာတွင် အလွန်အရေးကြီးလှသော ပရာဘဝသုတ်, ဝသလသုတ်တို့ကို မူရင်းထား၍ အတို ချုပ်အဓိပ္ပါယ်နှင့် မှတ်သားရန် ရှစ်လုံးဖွဲ့ကဗျာ မြန်မာဂါထာများကိုပါ ထည့်သွင်း၍ သုတ္တန္တနိတိအမည်ဖြင့် ကျမ်းငယ်တစ်စောင်ကိုလည်း ၁၂၈၇-ခုနှစ်က ပြုစုခဲ့လေသည်၊ ၎င်းသုတ္တန္တနိတိကျမ်းမှာ ကရောင်း ၁၆-ချိုး စာမျက်နှာ ၁၈၃-ရှိ၏။ စာသွားစာလာ နုနယ်ကောင်းမွန်လှ ပေ၏၊ သုတ္တန္တနိတိကျမ်းလာ အစဆုံး ဆောင်ပုဒ်လက်ာတစ်ပုဒ်ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

* ဘုန်းတော်ရောင်ရှိန်၊ ထွန်းထိန်ကြည်လင်၊ ဘုရားရှင်။
အကြင်လောက၊ လူဘဝ၌၊ ဓနရွှေငွေ၊ ကြက်သရေနှင့်၊
ဂုဏ်နေမမြင့်၊ မတင့်တယ်တောင်း၊ ပျက်စီးကြောင်းကို၊
နတ်ပေါင်းပြဟ္မာ၊ ရှင့်ထံသာသို့၊ ရောက်လာဝန်းအုံ၊
လျှောက်ပါတုံ၏၊ လုံးစုံမျှားကျယ်၊ ပျက်စီးဖွယ်ကား၊
အကယ်တရား၊ ဘယ်သို့အားဖြင့်၊ ထင်ရှားမိန့်တော်မူပါ
ဘုရား။

စာဏကျနိတိကျမ်း

စာဏကျနိတိကျမ်းကိုလည်း မဟာဝိသုဒ္ဓါရာမဆရာတော် ဘုရားကြီး တိုက်တွန်းအမိန့်တော်ရှိခဲ့သည်ကို အမှတ်ရပါသဖြင့် ၁၂၈၄-ခုနှစ် တန်ခူးလဆန်း ၅-ရက်နေ့တွင် အဓိပ္ပါယ်ဖွင့်ပုံအကျယ်နှင့်တကွ အပြီးသတ် မြန်မာပြန်ဆိုရေးသားခဲ့လေသည်၊ ၎င်းကျမ်းမှာ လည်း စာမျက်နှာ ၂၀၀-ခန့်စီရှိ ပဌမ, ဒုတိယ, တတိယ ၃-တွဲရှိ လေသည်။

ဓမ္မစေတီအမေးအဖြေ

လယ်တီဓမ္မကထိက အရှင်ဝဏ္ဏိတနှင့် အခြားမိတ်ဆွေများ၏ တောင်းပန်ချက်အရ ဓမ္မစေတီအမေးအဖြေကျမ်းကိုလည်း ၁၂၈၇-ခုနှစ်၊ တန်ဆောင်မုန်းလတွင် အပြီးသတ် ရေးခဲ့လေသည်။ သာယာချိုမြိန်သော လင်္ကာစာသားဖြင့် ရေးသားထားရာ ဖတ်၍မငြီး ကောင်းမွန်သည့်ကျမ်းစာ ဖြစ်လေသည်။ ကျမ်းဦးဌ-

* ဘုန်းတော်ခြောက်ဆင့်၊ အောင်လံလွှင့်၊ အမြင့်ဘဝက်တိုင်။
* ဓမ္မစေတီ၊ မိဂဒါ၊ တောမှာထွတ်ဘုန်းလှိုင်။
* ဟောကြားမိန့်မြွက်၊ ပဌဝက်၊ ဖိုလ်မက်လမ်းပိုင်ပိုင်။
* ဘုရားရှင်အား၊ တုံ့ဝပ်တွား၊ တင်ထားရှိပန်းခိုင်။

စသည့် သံပေါက်လင်္ကာများဖြင့် ပဏာမစသည် ပြုခဲ့လေသည်၊ ၎င်းကျမ်းမှာလည်း ကရောင်း ၁၆-ချိုးဆိုက် စာမျက်နှာ ၁၃၀-ခန့် ရှိလေသည်။

အနုတ္တလက္ခဏသုတ်အမေးအဖြေ

တဖန် ဓမ္မမိတ်ဆွေများစွာတို့ တောင်းပန်ကြသဖြင့် အနုတ္တလက္ခဏသုတ် အမေးအဖြေကျမ်းကိုလည်း ၁၂၈၈-ခုနှစ် ဝါခေါင်လတွင် အပြီးသတ် ရေးသားခဲ့လေသည်။ ကျမ်းဦးဌ-

* ဘုန်းတော်ခြောက်ဆူ၊ အောင်လံထူ၊ ပြိုင်သူယှဉ်ဖက်ကင်း။
* သုံးဘုံတိုက်လုံး၊ ထွတ်မြတ်ဆုံး၊ ညွှတ်ရုံးခဝပ်ဝင်း။

စသော သံပေါက်ကဗျာများဖြင့် ပဏာမစသည် ပြုခဲ့လေသည်၊ ၎င်းကျမ်းသည်လည်း ကရောင်း ၁၆-ချိုးဆိုက် စာမျက်နှာ ၁၃၀-ကျော် ရှိလေသည်။

ပဌာန်းအမေးအဖြေ

ပဌာန်းအမေးအဖြေကျမ်းကိုလည်း လယ်တီဆရာတော်ဘုရားကြီး၏ တူတော်ရင်းဖြစ်သော အရှင်သုမင်္ဂလကိုယ်တော်၏ တောင်းပန်မှုကြောင့် ၁၂၈၈-ခုနှစ် တပို့တွဲလက အပြီးသတ် ရေးသားခဲ့လေသည်။ ကျမ်းဦးဌ-

* ညို ရွှေ နီ ဖြူ၊ ရောင်မောင်းဟူ၊ ခြောက်ဆူပြိုးပြိုးပြက်။
* ပဌာန်းအရှိန်၊ တထိန်ထိန်၊ မုနိန်ရောင်တော်စက်။
* ရွှေအိမ်ရတနာ၊ စံနေခါ၊ ဦးစွာဆင်ခြင်ချက်။
* ပဏ္ဏာမြေဘွေ၊ ဝတိန်မြေ၊ ပင်ခြေကသစ်ထက်။
* နှစ်ဆဲ့လေးခန်း၊ မြတ်ပဌာန်း၊ ရွှင်လန်းမိန့်တော်မြွက်။
* ကမ္ဘာသိမ့်သိမ့်၊ ရွှေခွန်းလှိမ့်၊ သံငြိမ့်နှုတ်တော်ထွက်။
* သိမ်မွေ့ထူးချွန်၊ နည်းတစ်သွန်၊ အလွန်ဆန်းကြယ်နက်။
* ပဌာန်းမိန့်ကြား၊ ရှင်တော်ဖျား၊ ဝတ်တွားဦးနှိမ်လျက်။

စသော သံပေါက်ကဗျာ ၁၆-ပုဒ်ဖြင့် ပဏာမစသည် ပြုခဲ့လေသည်။ ၎င်းကျမ်းမှာ ဆိုက်ငယ်ဖြင့် စာမျက်နှာ ၁၆၀-ခန့် ရှိလေသည်။ ဆရာဦးမောင်ကြီးကား စာပေကျမ်းဂန်များကို အမျိုးမျိုးအဖုံဖုံ ရေးသားခဲ့သည့် ဆေးစက်ကျရာအရုပ်ထင်သည့် ကဝိကဝိန် သုခမိန်ပါတည်း။

သာဓုသုန္ဒရီ ယပ်လှဲတရားစာ

မုံရွာမြို့ လယ်တီတိုက်၌ သီတင်းသုံးတော်မူသော အရှင်ခေမိန္ဒ ကိုယ်တော်မြတ်၏ တောင်းပန်မှုကြောင့် သာဓုသုန္ဒရီ ယပ်လှဲတရားစာကိုလည်း ၁၂၈၇-ခုနှစ်လောက်က ရေးသားခဲ့လေသည်။ ကျမ်းဦးဌ-

နီလာ နီလာ နီစ္ဆရန္တီ၊
ပီတာ ပီတာ စ ရံသိယော။

လောဟိတာ လောဟိတာ စာဘာ၊
ဩဒါတောဒါတ ရံသိယော။

တမ္မာ တမ္မာ စ မဠိဌ္ဌာ၊ ပဘာသန္တိ ပဘာသရာ။
ဧဝံ ဆဗ္ဗဏ္ဏရံသိယော၊ ဌာတု မေ ဘဂဝါ သိရေ။

ဟူသော ရောင်ခြည်တော်ဘွဲ့, အာသီသဂါထာဖြင့် စတင်၍ ကျမ်းစာကို အပြီးတိုင် ရေးသားခဲ့သည်၊ ၎င်းသာဓုသုန္ဒရီ ယပ်လှဲတရားစာမှာ စာမျက်နှာ ၂၀၀-ခန့်စီရှိ ၁၂-တွဲရှိသည်ဟု သိရ၏။

ပါဠိစကားသင်ကျမ်း

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးသည် မြန်မာပြည်တွင် ပါဠိစကားပြောဆိုမှုကို အလေ့အလာပြုစေချင်သောဆန္ဒ, စာပေးစာယူမှုစ၍ မိတ်ဆွေအချင်းချင်း စာရေးကြရာ၌လည်း ပါဠိဘာသာကို စွမ်းနိုင်သမျှ အသုံးပြုစေလိုသောဆန္ဒ, ပါဠိပညာတိုးပွားစေလိုသောဆန္ဒများကြောင့် ပါဠိစကားသင်ကျမ်းကိုလည်း ၁၂၈၈-ခုနှစ် ပဌမဝါဆိုလပြည့်နေ့တွင် အပြီးသတ် ရေးသားခဲ့လေသည်။ ကျမ်းဦး၌-

၁။ ဘဂဝန္တံ'ဘိဝန္ဒာမိ၊ ဝါစာစိန္တေယျသညုတံ။
ပေါရမာဂဝသမ္ဘာသံ၊ ဝမ္မံ သံယဠ္ဆ သာဒရံ။

၂။ လယ်တီထေရံ ဂုဏာဓာရံ၊ မမ မာဂဝဇာနဒံ။
ဝန္ဒေ တိက္ခာဘိတိက္ခံ တံ၊ မာဒိမ္မိ ပဏ္ဍိတက်ံရံ။

၃။ ဝိသုဒ္ဓါစာရထေရဉ္စ၊ မမ သက္ကဋ္ဌဇာနဒံ။
ဝန္ဒေ ထိရာဘိထိရံ တံ၊ ပိတိပသဒ္ဓိစေတသံ။

၄။ ပါဠိယာတနတ္ထာယ၊ ဗဟူနံ ပါဠိဗောဓိနံ။
ဗဟူဟိ ယာစိတော လိခံ၊ ပါဠိဗျပတသုစကံ။

ဟူသော ၄-ဂါထာဖြင့် ရတနတ္တယပဏာမ, အာစရိယပဏာမ, ပဂ-ရဏာပယောဇဉ်, အဘိယာစက, ပဋိညာဉ်တို့ကို ဖော်ပြခဲ့လေသည်၊

ဖော်ပြပါ ပါဠိစကားသင်ကျမ်း၌ အခဏ်းပေါင်း ၂၂-ခဏ်းပါဝင်ရာ ကျနစ္စာလေ့လာပါက ပါဠိဘာသာ အခြေရလောက်စရာ ရှိလေသည်။ ကျမ်းစာအဆုံး၌လည်း-

၁။ လယ်တီထေရော မဟာပုညော၊
ဝိသုဒ္ဓါရာမကော ဝရော။
ဥဘော တေ မေ မဟာပညာ၊
ဒီပါ နာထာ ဝိဒန္ဒဒါ။

၂။ မာတရော မေ ဥဘော ထေရာ၊
ပညာဒီရသုပါယိနော။
ပိတရော မေ မဟာထေရာ၊
ပညာလင်္ကာရဘူသကာ။

၃။ တေသံ ပါဒရဇလိတ္တ-သိရောမ္မိ ပဏ္ဍိတော အဟံ။
နေ တေသံ ဝ နိဿာယ၊ အကာသိ ပါဠိဗောဓိနိ။

စသည့် ပြောင်မြောက်သည့် ၉-ဂါထာဖြင့် နိဂုံးအုပ်ခဲ့လေသည်၊ ၎င်းကျမ်းမှာလည်း ကရောင်း ၁၆-ချိုးဆိုက်ဖြင့် ၂၄၄-မျက်နှာရှိလေသည်။

ပါဠိစာရေးသင်ကျမ်း

ပါဠိစကားသင်ကျမ်းကို ဖတ်ရှုကြရသော ပုဂ္ဂိုလ်များစွာတို့၏ တောင်းပန်မှုကြောင့် ပါဠိစာရေးသင်ကျမ်းကိုလည်း ၁၂၉၀-ပြည့်နှစ် ကဆုန်လပြည့်နေ့တွင် အပြီးသတ်ရေးသားခဲ့လေသည်။ ယင်းပါဠိစာရေးသင်ကျမ်း၌ အခဏ်းပေါင်း ၂၂-ခဏ်းပါဝင်ရာ ပါဠိစာရေးသင်သူတို့အတွက် များစွာ အထောက်အကူပြုသည့် ကျမ်းကောင်းတစ်ဆူဖြစ်လေသည်။ ကျမ်းဦး၌-

စန္ဒမ္မိ သသလေခါဝ၊ ဂုဏာ ယသ ဘဂိသိနော။
သလ္လေခပဒ္ဒိပန္နသ၊ တိဋ္ဌန္တု တသ မေ နမော။

စသော ၄-ဂါထာဖြင့် ဗုဒ္ဓပဏာမ, အာစရိယပဏာမ, ပဋ္ဌိညာဉ် စသည်တို့ကို ပြခဲ့လေသည်။ ကျမ်း၏အဆုံးဌ်လည်း-

လယ်တျာရာမပလ္လက်မ်ိ၊ ပညာသီ ဂယ္ပဝိဏ္ဏမီ။
လယ်တီထေရံ သေတစ္ဆတ္ဆံ၊ ပတ္ထမေ သိရောပရိ။

စသော ၅-ဂါထာဖြင့် အကြောင်းခြင်းရာပြည့်စုံစွာ ဖော်ပြလျက် နိဂုံးအုပ်ခဲ့လေသည်။ ယင်းပါဠိစာရေးသင်ကျမ်းမှာ ကရောင်း ၁၆-ချိုး စာမျက်နှာ ၂၄၀-မျက်နှာ ရှိလေသည်။

နီတိမာလာကျမ်း

ရှေးက ပေါ်ထွက်ခဲ့ဘူးသော ဒဂုဏ်မဂ္ဂဇင်းဌ် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် 'နီတိမာလာ' ဟူသောအမည်ဖြင့် အခဏ်းတစ်ခုဖွင့်လှစ်၍ ရေးသားခဲ့သည်၊ ယင်းရေးသားခဲ့သော အကြောင်းအရာများမှာ လူတို့၏ လိမ္မာယဉ်ကျေးမှု, ကြီးပွားမှု, ဉာဏ်ပညာဗဟုသုတတိုးပွားမှုတို့ ဖြစ်ကုန်၏၊ ၎င်းအကြောင်းအရာတို့ကို ဖတ်ရှုရသော ပရိသတ်တို့ လွန်စွာစိတ်ဝင်စားကြရာ ကျမ်းစာအုပ်အဖြစ် စီစဉ်ရန် တောင်းပန် တိုက်တွန်းချက်အရ နီတိမာလာကျမ်းအမည်ဖြင့် စာအုပ်စီစဉ်ရိုက်နှိပ်ခဲ့ရာ ဒီမိုင်းဆိုက်စာမျက်နှာ ၂၀၀-ခန့်ရှိ ပဌမတွဲ၊ ဒုတိယတွဲဟု နှစ်တွဲရှိလေသည်။ ကျမ်းဦးဌ်-

ဘဂဝန္တံဘိဝန္ဒာမိ၊ နီတိန္ဒံ နီတိပါရဂုံ။
ဓမ္မဥ္စ နီတိဇံ သံဃံ၊ နီတိညုနိမာနေနဟံ။

စသော ၃-ဂါထာဖြင့် ရတနတ္တယပဏာမ, အာစရိယပဏာမ, အဘိယာစက, ပဋ္ဌိညာဉ်တို့ကို ဖော်ပြခဲ့လေသည်။

သူရသာတီနီတိကျမ်း

မြန်မာပြည်ဌ် သက္ကရာဇ် ၁၂၈၆-ခုနှစ် နတ်တော်လဆန်း ၇-ရက်နေ့က စတင်၍ သစ္စဝါဒီအမည်ဖြင့် သတင်းစာတစ်စောင်

ထုတ်ဝေခဲ့ဘူး၏၊ ထိုသတင်းစာ၌ 'သူရဿတီနီတိ'ဟူသောအမည်ဖြင့် အပတ်စဉ် ရေးသားခဲ့သည်၊ ၎င်းတို့မှာ လောက, သံသရာကြီးပွားတိုးတက်ကြောင်းဖြစ်၍ စာဖတ်ပရိသတ်တို့က စွဲမက်ကြကုန်၏၊ ၎င်းတို့ကိုလည်း စာအုပ်ဖြစ်အောင် ဦးလွန်အမည်ရှိသောပုဂ္ဂိုလ် တောင်းပန်မှုကြောင့် စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့ရာ စာမျက်နှာ ၂၀၀-လျှော့လျှော့ရှိ ပဌမတွဲ, ဒုတိယတွဲဟု နှစ်တွဲရှိလေသည်။ ကျမ်းဦး၌-

မုခမ္မာ ဘဝဝန္တသ၊ သုဂန္ဓကမလာသုဘာ။
သဠာတံ ဥတ္တမံ ဝါဏီ၊ ဝန္ဒာမိ ဝိတ္တမာနသာ။

အနတ္တစက္ကုကျမ်း

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးသည် ၁၂၉၄-ခုနှစ် တန်ဆောင်မုန်းလကစ၍ တပို့တွဲလအထိ လယ်တီတိုက်ကြီးသို့ သွားရောက်သီတင်းသီလ စောင့်သုံး၍ အနတ္တဝိဇ္ဇာဝိပဿနာ ဉာဏ်ပွင့်ကြောင်းတရားများကို အားထုတ်စဉ် သီတင်းနေ့တိုင်း တရားနာလာရောက်ကြသော တရားနာပရိသတ်တို့အားလည်း အနတ္တဝိဇ္ဇာ ဉာဏ်ပေါ်ရန်ဖြစ်သော တရားများကို ဟောကြားခဲ့လေသည်၊ ဟောခဲ့သမျှတို့ကို စာအုပ်တစ်အုပ်ပြုလုပ်ပါဟု ဆိုင်ရာတို့က တောင်းပန်မှုကြောင့် 'အနတ္တစက္ကုကျမ်း'အမည်ဖြင့် စာအုပ်စီစဉ်ထားရာ စာကောင်းပေမွန်အဖြစ် သာသနာ၌ ယခုတိုင် တည်ရှိလေသည်။ ကျမ်းဦး၌-

၁။ ရွှေဉာဏ်ထက်မြက်၊ အတ္တစက်၊ ဖြိုဖျက်ဘိန္ဒတိ။
၂။ ဉာဏ်တော်စိုးပိုင်၊ မြတ်ဘုန်းလှိုင်၊ ညွှတ်ယိုင်ဝန္ဒာမိ။
၃။ လယ်တီဘုန်းရှန်၊ ဉာဏ်ထွတ်စွန်၊ အကျွန်နမာမိ။
၄။ အနတ္တဉာဏ်၊ ဖွင့်ပေးရန်၊ ဘန်ဘန်ယာစန္ဒိ။
၅။ ထို့ကြောင့်အားသွန်၊ ဤကျမ်းမွန်၊ အကျွန်လိခါမိ။
၆။ ဆင်ခြင်သမှု၊ ဉာဏ်မြင်ရှု၊ စက္ခုလဇ္ဇတိ။

ဟူသော သံပေါက်ကဗျာ ၆-ပုဒ်ဖြင့် ပဏာမ, ပဋ္ဌိညာဉ်စသည် ပြုခဲ့သည်။ ၎င်းကျမ်းမှာ ကရောင်း ၁၆-ချိုးဆိုက် စာမျက်နှာ ၁၄၃-မျက်နှာ ရှိလေသည်။

ပရမတ္ထသံခိပ်ဋီကာကျမ်း

လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သော ပရမတ္ထသံခိပ်ကျမ်း၏ မြန်မာဘာသာအဖွင့်အကျယ်ဖြစ်သော ပရမတ္ထသံခိပ်ဋီကာကျမ်းကိုလည်း ရေးသားခဲ့လေသည်၊ ယင်းကျမ်း၌ လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထဒီပနီဋီကာသစ်လာ အဓိပ္ပါယ်တို့ကို မြန်မာပြန်ဆို ရေးသားထားလေသည်၊ ပရမတ္ထဒီပနီကို ကြည့်လိုကြသည့် ပါဠိမတတ်သူတို့သည် ဤပရမတ္ထသံခိပ်ဋီကာကျမ်းကို ကြည့်ရှုသင့်ပေသည်။ ကျမ်းဦး၌-

၁။ ပဏ္ဍိန္ဒုဒ္ဓဒေဝေါ ယော၊ သံယဝိဇ္ဇံ ဝိဇ္ဇောတယံ။
ဓမ္မဝသံ ဝသောပေတိ၊ ဒယာမ္ဗုရေဇံ ဝရံ။

၂။ တဉ္စ ဝန္ဒာမုပဇ္ဈာယံ၊ လယ်တီထေရံ ယတုတ္တမံ။
ယေနာဟံ ပဏ္ဍိစ္စံ ယာမိ၊ မာဒိပိ ပဏ္ဍိတာယတေ။

၃။ ယာ ကတာ တေန ထေရေန၊ ပသန္နပဒဗျဉ္ဇနာ။
ပရမတ္ထဒီပနီနာမ၊ သာရေသီဟိဘိ နဒီတာ။

၄။ တိသောယ ဗြဟ္မဘာသောယ၊ အတ္ထံ အတ္ထဂဝေသကာ။
ရစယသ္သုတိ ယာစန္တိ၊ အဗ္ဗေသန္တိ စ မံ ဗဟု။

၅။ တသ္မာဟံ ရစယိဿာမိ၊ အတ္ထာယ အတ္ထကာမိနံ။
ယထာဗ္ဗိဇ္ဇံ သုခံ သိယံ၊ ဗောဓေမိ ပသတံ မနံ။

၆။ ပရမတ္ထသံခေပသ၊ ဋီကာစာယံ ဘဝိဿတိ။
အယဉ္စ ဝဏ္ဏနာ တဿ၊ အဘိဓမ္မတ္ထမဇ္ဇရီ။

ဟူသော ၆-ဂါထာဖြင့် ဗုဒ္ဓပဏာမ, အာစရိယပဏာမ, ကျမ်း၏မှီရာ, အဘိယာစက, ပဋိညာဉ်စသည်တို့ကို ဖော်ပြခဲ့လေသည်၊ ယင်းပရမတ္ထ သံခိပ်ဋီကာကျမ်းမှာ အပြီးတိုင် မရောက်ခဲ့ချေ။ ပစ္စည်းပိုင်း ဝိပါကပစ္စည်းအဖွင့်ထိသာ ပြီးဆုံးခဲ့သည်၊ ယင်းကျမ်းကြီး ပဌမ, ဒုတိယ ၂-တွဲရှိရာ ပဌမတွဲ ရှိုင်ဆိုက်စာမျက်နှာ ၃၀၀-ခန့်ရှိပြီး ဒုတိယတွဲမှာ စာမျက်နှာ ၅၀၀-ခန့် ရှိလေသည်။

နိဒါန်းများ ရေးသားခဲ့

ဌင်းပြင် ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သော ဂေါဏမာတိကာ သြဝါဒကထာကျမ်း စသည့်နိဒါန်းနှင့် လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သော ကျမ်းစာ များစွာတို့၏ နိဒါန်းများကိုလည်း ရေးသားခဲ့လေသည်။

မဟာဝိဇ္ဇာဘွဲ့ကို ရခြင်း

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးသည် စာရေးသားမှုစသည် အတတ်၌ လွန်စွာမှ ထူးချွန်ပြောင်မြောက်သူဖြစ်ရကား ခရစ်သက္ကရာဇ် ၁၉၃၄-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ M.A (မဟာဝိဇ္ဇာ)ဘွဲ့ဖြင့် ချီးမြှင့်ဂုဏ်ပြုခဲ့လေသည်။

ကွယ်လွန်ခြင်း

ဖော်ပြပါ လုပ်ငန်းတို့ကြောင့် မြန်မာစာပေသမိုင်း၌ လွန်စွာထင်ရှားကျော်ကြားလှသော လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် အသက် ၆၁-နှစ်ရှိရာ ၁၃၀၁-ခုနှစ် ကဆုန်လဆန်း ၄-ရက်၊ ၆-နာရီ အချိန်တွင် မုံရွာမြို့၌ ကွယ်လွန်ခဲ့လေသည်။

* ပညာ့မိဆီ၊ တုမမှီသည့်၊ လယ်တီပဏ္ဍိတ၊ ဆရာဦးမောင်ကြီး ဂုဏ်ယူချီးလျက်၊ သီးခြားရစ်ခွေ၊ ဘွဲ့အမ်(မ်)အောတည့်၊

ဆယ်ထွေခြောက်သီး တစ်ကိုမ္မီးသား သက်ဇီဝိတ ခ္ပိန်ကာလတွင် သုံးရာကပေါ် တစ်အကျော်ဝယ် လေးဆော်ပင့်ချေ ကဆုန်နွေဟု ဆန်းနေလေးရက် နာရီစက်ကား နံနက်ပြည့်ညီ ခြောက်နာရီဝယ် ယာယီဖြောင့်တန်း ဆုံးတိုင်ခန်းသည် ဂဏန်းရေး၍မချပြ။ (လယ်တီဦးကောဝိဒ)

■ ■ ■

သာသနဇေသိရိပဝရမ္မာစရိယ
စေတိယင်္ဂဏပရိယတ္တိမ္မာစရိယဂဏဝါစက
ဆရာတော် အရှင်ဥတ္တရာဘိဝံသ

ရန်ကုန်မြို့ သရက်တောတိုက် သီတာရုံကျောင်းဆရာတော် အရှင်ဥတ္တရာဘိဝံသသည် မန္တလေးမြို့အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်၌ ကြာမြင့်စွာသီတင်းသုံး ပညာသင်ကြားတော်မူခဲ့သည့် မထေရ်မြတ် ဖြစ်လေသည်။

ဖွားမြင် ရှင်, ရဟန်းပြုခြင်း

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျောင်းကုန်းဆည်တော်ရွာ၌ အဖ-ဦးရွှေမှန် အမိ-ဒေါ်အေးညိုတို့မှ သက္ကရာဇ် ၁၂၇၄-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ အရွယ်ရောက်သော် ရှင်, ရဟန်းပြု သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။

မဟာဝိသုဒ္ဓါရာမတိုက် ပညာသင်ကြားခြင်း

ဆရာတော်အရှင်ဥတ္တရသည် ငယ်စဉ်က ဦးရိုးတော်ဆရာတော်ဘုရားကြီး အရှင်ပညာ, အင်းရင်းဂိုဏ်း ရွှေကျင်ဆရာတော် အရှင်သောမ စသည်တို့ထံ ပိဋကတ်အခြေခံကျမ်းစာများ သင်ယူပြီးနောက် မန္တလေးမြို့အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်ကြီးသို့ ရောက်၍ ဆရာတော်အရှင်ဩသမ, ဆရာတော်အရှင်ဇောတယ စသည်တို့ထံ

ဂန္ဓဋ္ဌရအဝဝကို သင်ယူတော်မူခဲ့လေသည်၊ ပခုက္ကူမြို့, မဟာဝိသုတာရာမတိုက်၌လည်း နိကာယ်ကျမ်းကြီးများကို သင်ယူတော်မူခဲ့လေသည်၊ မန္တလေးမြို့တောင်ပြင် ဘုရားကြီးတိုက်ဆရာတော် အရှင်နာရဒ, မန္တလေးမြို့အနောက်ပြင် အဘယာရာမတိုက်ဆရာတော် အရှင်အဂ္ဂ-ဓမ္မာဘိဝံသ စသည်တို့ထံ၌လည်း သင်ယူတော်မူခဲ့လေသည်။

စာမေးပွဲများ ဖြေဆိုအောင်မြင်ခြင်း

စာမေးပွဲများကိုလည်း ဝင်ရောက်ဖြေဆိုရာ မြန်မာဘာသာသတ္တမတန်း, ရွှေကျင်ဂိုဏ်းဆိုင်ရာ စာမေးပွဲများ, အမျိုးသားပဌမကျော်, ဝိနယအကျော်, အစိုးရစာမေးပွဲ ငယ်, လတ်, ကြီး, စေတိယဂိုဏ်းအသင်း စာသင်တန်း စသည်တို့၌ ဖြေဆိုအောင်မြင်တော်မူခဲ့သည့်ပြင် ၁၃၁၁-ခုနှစ်တွင် အစိုးရစာချတန်းစာမေးပွဲ၌ ကျမ်းရင်းနှင့်တကွ ဂုဏ်ထူးဆောင်ကျမ်းများကိုပါ ဖြေဆိုအောင်မြင်သဖြင့် "သာသနဓဇ သိရီပဝရဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ကို အလျှုခံရရှိတော်မူခဲ့လေသည်၊ စေတိယဂိုဏ်းစာချတန်းကိုလည်း အပြီးတိုင်အောင်မြင်သဖြင့် "စေတိယဂိုဏ်းပရိယတ္တိဓမ္မာစရိယဂဏဝါစက" ဘွဲ့တံဆိပ်တော်ကိုလည်း အလျှုခံရရှိတော်မူခဲ့လေသည်။

ဆောင်ရွက်ချက်များ

ဆရာတော်သည် ဆဋ္ဌသံဂီတိကာရက, ဆဋ္ဌသံဂါယနာပဋ္ဌိ-ဝိသောဓက, နိုင်ငံတော်ဗဟိုဝန်ဆောင်စသည့် တာဝန်များကိုလည်း ဆောင်ရွက်တော်မူခဲ့လေသည်။

ဘဒ္ဒန္တဉ္ဇတ္တရော ထေရော၊ ဉတ္တရော ဗုဒ္ဓသာသနေ။
ဉတ္တရံ သော ဟိ ကရိတ္ဝာ၊ အနုတ္တရစက္ကဘာရခေ။

■ ■ ■

သာသနဇေသိရီပဝရမွာစရိယ
ဆရာတော် အရှင်ဝိမလာဘိဝံသ

မန္တလေးမြို့အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက် ညောင်စဉ်ကျောင်း၌ သီတင်းသုံး စာပေချပို့သာသနာပြုတော်မူသည့်ဆရာတော် အရှင်ဝိမလာဘိဝံသသည် ၁၃၀၃-ခုနှစ်ကပင် အစိုးရစာချတန်းစာမေးပွဲ၌ ကျမ်းရင်း ၃-ကျမ်းနှင့် ဂုဏ်ထူးဆောင်းကျမ်းများကို ဖြေဆိုအောင်မြင်သဖြင့် သာသနဓဇမွာစရိယ, သာသနဇေသိရီပဝရမွာစရိယ ဘွဲ့တံဆိပ်တော်ကို အလျှုံခံရရှိတော်မူခဲ့လေသည်၊ ထိုစဉ်က မြန်မာတစ်ပြည်လုံး သာသနဓဇမွာစရိယ ဘွဲ့တံဆိပ်တော်ရပုဂ္ဂိုလ်ပေါင်း ၂၅-ပါး, သာသနဇေသိရီပဝရမွာစရိယ ဘွဲ့တံဆိပ်ရပုဂ္ဂိုလ်ပေါင်း ၂၈-ပါး ပေါ်ထွန်းခဲ့ရာ ဂေဇက်အတိုင်း ဖော်ပြအပ်ပါသည်။

၁၃၀၃-ခုနှစ်
ပါဠိတော်နှင့် အဋ္ဌကထာ
ကျမ်းရင်း ၃-ကျမ်းအောင် ပုဂ္ဂိုလ်များ

၁။ ဦးနာရဒါဘိဝံသ	မန္တလေးမြို့	မစိုးရိမ်ကျောင်းတိုက်။
၂။ အရှင်ပဏ္ဍိတာနန္ဒ	မင်းလှမြို့	ဝိဇေါဒယတိုက်သစ်။
၃။ ဦးသြသဓာဘိဝံသ	ညောင်လေးပင်မြို့	ကြားတောရတိုက်။
၄။ ဦးဝိသုဒ္ဓ	မန္တလေးမြို့	မစိုးရိမ်ကျောင်းတိုက်။
၅။ ဦးဇောတိက	မန္တလေးမြို့	မိုးကောင်းတိုက်၊ ညောင်ရမ်းဆရာတော်ကျောင်း။ *[ယင်းဦးဇောတိကသည် ပခုက္ကူခရိုင် မြိုင်မြို့နယ် တောင်ပြိုရွာဇာတိ ဖြစ်သည်။ နောက်တွင် ဝါခင်းကုန်း-ဦးဇောတိက-ဟု ထင်ရှားသည်။]*
၆။ ဦးအဂ္ဂဝိသာရဒ	မန္တလေးမြို့	မဟာဝိသုဒ္ဓါရုံတိုက်၊ စည်ရှင်ကျောင်း။
၇။ ဦးစိန္တာဘိဝံသ	ရန်ကုန်မြို့	မဟာအောင်မြေဘုံစံကျောင်း။

၈။	ဦးသောဘန	မော်လမြိုင်မြို့၊ တောင်ဝိုင်းကလေးတိုက်ကျောင်း။ *[ယင်းဆရာတော်ကား အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသံဂီတိပဋ္ဌာကဖြစ်၍ ဝိပဿနာဆိုင်ရာ ကျမ်းပေါင်း ၇၀-ကျော်ခန့်တို့ကို ပြုစီရင်တော်မူခဲ့သည့် ကမ္ဘာ့နိုင်ငံအနှံ့အပြား ကျော်စောသော ရန်ကုန်မြို့၊ သာ်သနာ့ရိပ်သာ မဟာစည်ဆရာတော်ဘုရားကြီး အရှင်သောဘန ဖြစ်လေသည်။ ၎င်းဆရာတော်၏ အဖြစ်တော်စဉ်ထေရုပ္ပတ္တိကြီးများ ပဌမ, ဒုတိယ ၂-တွဲရှိသည်။ ကြည့်ရှုရာ၏။]*
၉။	ဦးဝိမလာဘိဝံသ	မန္တလေးမြို့၊ အရှေ့ပြင်မဟာဝိသုဒ္ဓါရုံတိုက်၊ ရမည်းသင်းကျောင်း။
၁၀။	ဦးအဂ္ဂဝံသာဘိဝံသ	ရန်ကုန်မြို့၊ မဟာအောင်မြေဘုံစံကျောင်း။
၁၁။	ဦးနာဏသေနာဘိဝံသ	သထုံမြို့၊ လယ်ဝန်ကျောင်းတိုက်။
၁၂။	ဦးဝိသုဒ္ဓိ	[စစ်ကိုင်းတောင်ရိုး ဝိဇ္ဇာဒပွဏ္ဍိကျောင်တည်၊ ပစ္စယတ္ထဝဏ္ဏနီကျမ်းပြုဆရာတော်။]
၁၃။	ဦးဝါသဝါဘိဝံသ	စစ်ကိုင်းတောင်ရိုး၊ ဝိဇ္ဇာဒပွဏ္ဍိကျောင်။
၁၄။	ဦးဓမ္မာနန္ဒ	စစ်ကိုင်းမြို့၊ မဟာစေတီလှတိုက်။
၁၅။	ဦးအရိယဝံသ	မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်၊ စည်ရှင်ကျောင်း။
၁၆။	ဦးဇဝန	မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်။
၁၇။	ဦးပါမောက္ခ	ရွှေတောင်မြို့၊ ဂန္ဓာရုံတိုက်။
၁၈။	ဦးဝါသေဋ္ဌ	သပြေကန်၊ ဓမ္မိကာရာမတိုက်။
၁၉။	ဦးပရမာဘိဝံသ	မန္တလေးမြို့၊ ဒက္ခိဏာရာမတိုက်၊ ပင်သာကျောင်း။
၂၀။	ဦးပညာဇောတ	ပုသိမ်မြို့၊ ခါတော်မှီတိုက်။
၂၁။	ဦးဂုန္ဒြိယာဘိဝံသ	ညောင်လေးပင်မြို့၊ ကုမ္ဘဏ္ဍာန်းကျောင်း။
၂၂။	ဦးပရမာဘိဝံသ	မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်၊ ညောင်စဉ်ကျောင်း။

၂၃။ အရှင်ဝိဇ္ဇာဗလာဘိဝံသ ရန်ကုန်မြို့၊ ရွှေကျင်တိုက်၊
ဟံသာဝတီကျောင်း။
၂၄။ မောင်ရွှေ မန္တလေးမြို့၊ မိုးကောင်းတိုက်၊
ဆိတ်ကြီးကျောင်း။
၂၅။ ဦးဓမ္မာဘိနန္ဒ ဓနုဖြူမြို့၊ သဒ္ဓမ္မဇောတိကာရာမတိုက်။
*[ယင်းဆရာတော်သည် ဝါကျတ္ထသိရော
မဏိကျမ်းပြု ဖြစ်သည်။ နောက်လူ့ဘောင်
ပြောင်းသည်။ ဆရာကြီးဦးတင်ရွှေအဖြစ်
ထင်ရှားသည်။]*

၁၃၀၃-ခုနှစ်
သာသနဓဇသိရိပဝရမဟာစရိယ
ဘွဲ့တံဆိပ်ရ ပုဂ္ဂိုလ်များ

၁။ ဦးနာရဒါဘိဝံသ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်။
၂။ အရှင်ပဏ္ဍိတာနန္ဒ မင်းလှမြို့ ဝိဇ္ဇာဒယတိုက်သစ်။
၃။ ဦးသြသဓာဘိဝံသ ညောင်လေးပင်မြို့၊ ကြားတောရတိုက်။
၄။ ဦးဝိသုဒ္ဓ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်။
၅။ ဦးဇောတိက မန္တလေးမြို့၊ မိုးကောင်းတိုက်၊
ညောင်ရမ်းဆရာတော်ကျောင်း။
၆။ ဦးအဂ္ဂဝိသာရဒ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်၊
စည်ရှင်ကျောင်း။
၇။ ဦးစန္ဒာဘိဝံသ ရန်ကုန်မြို့ မဟာအောင်မြေဘုံစံကျောင်း။
၈။ ဦးသောဘန မော်လမြိုင်မြို့၊ တောင်ဝိုင်းကလေးတိုက်
ကျောင်း။
၉။ ဦးဝိမလာဘိဝံသ မန္တလေးမြို့၊ အရှေ့ပြင်မဟာဝိသုဒ္ဓါရုံတိုက်၊
ရမည်းသင်းကျောင်း။
၁၀။ ဦးအဂ္ဂဝံသာဘိဝံသ ရန်ကုန်မြို့၊ မဟာအောင်မြေဘုံစံကျောင်း။
၁၁။ ဦးနာဂသေနာဘိဝံသ သထုံမြို့၊ လယ်ဝန်ကျောင်းတိုက်။
၁၂။ ဦးဝိသုဒ္ဓိ စစ်ကိုင်းတောင်ရိုး၊
ဝိဇ္ဇာဒပွဏ္ဍိချောင်ဆရာတော်။

၁၃။ ဦးဝါသဝါဘိဝံသ စစ်ကိုင်းတောင်ရိုး၊ ဝိဇ္ဇာဒပွဏ္ဏီချောင်။
၁၄။ ဦးဓမ္မာနန္ဒ စစ်ကိုင်းမြို့၊ မဟာစေတီလှတိုက်။
၁၅။ ဦးအရိယဝံသ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်၊
စည်ရှင်ကျောင်း။
၁၆။ ဦးဇဝန မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်။
၁၇။ ဦးပါမောက္ခ ရွှေတောင်မြို့၊ ဂန္ဓာရုံတိုက်။
၁၈။ ဦးဝါသေဋ္ဌ သပြေကန်၊ ဓမ္မိကာရာမတိုက်။
၁၉။ ဦးပရမာဘိဝံသ မန္တလေးမြို့၊ ဒက္ခိဏာရာမတိုက်၊
ပင်သာကျောင်း။
၂၀။ ဦးပညာဇောတ ပုသိမ်မြို့၊ ခါတော်မှီတိုက်။
၂၁။ ဦးဂုဏ္ဍိယာဘိဝံသ ညောင်လေးပင်မြို့၊ ကမ္မဋ္ဌာန်းကျောင်း။
၂၂။ ဦးပရမာဘိဝံသ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်၊
ညောင်စည်ကျောင်း။
၂၃။ အရှင်ဝိဇ္ဇာဗလာဘိဝံသ ရန်ကုန်မြို့၊ ရွှေကျင်တိုက်၊
ဟံသာဝတီကျောင်း။
၂၄။ မောင်ရွှေ မန္တလေးမြို့၊ မိုးထားတိုက်၊
ဆိတ်ကြီးကျောင်း။
၂၅။ ဦးဓမ္မာဘိနန္ဒ ဓနုဖြူမြို့၊ သဒ္ဓမ္မဇောတိကာရာမတိုက်။
၂၆။ ဦးသဒ္ဓမ္မသိရီဘိဝံသ စစ်ကိုင်းမြို့၊ မဟာစေတီလှတိုက်။
၂၇။ ဦးရေဝတာစရိယာဘိဝံသ နတ်တလင်းမြို့၊ ကျောင်းကြီးရွာ၊
ကျောင်းကြီးကျောင်း။
၂၈။ ဦးမာတင်္ဂါဘိဝံသ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်၊
ညောင်စည်ကျောင်း။

ဖော်ပြပါပုဂ္ဂိုလ်များကို သမိုင်းအတ္ထုပ္ပတ္တိကို ရှာသူတို့အတွက် လွယ်ကူစွာ သမိုင်းတစ်စွန်းတစ ရရှိရန် ရည်မှန်းချက်ဖြင့် ဤဌ္ဌဖော်ပြခြင်း ဖြစ်သည်။

■■■

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ဇောတိပါလ

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး အတိသုဒ္ဓါရုံချောင်ဆရာတော် အရှင်ဇောတိပါလသည်လည်း မန္တလေးမြို့အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်ကြီး၌ ကြာမြင့်စွာ သီတင်းသုံး၍ နေ့ဝါ ညဝါကျမ်းစာများ သင်ယူခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

မြင်းခြံခရိုင် တောင်သာမြို့နယ် သီးကုန်းရွာ၌ အဖ-ဦးသံသာ အမိ-ဒေါ်ဟသ်ာတို့မှ သက္ကရာဇ် ၁၂၃၅-ခုနှစ် ဝါဆိုလပြည့်ကျော် ၆-ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ သက်တော် ၇-နှစ်သားအရွယ်တွင် သီးကုန်းရွာတောင်ကျောင်းဆရာတော် အရှင်နန္ဒထံ သူတော်ငယ်ဝတ်၍ အခြေခံစာပေများကို သင်ယူတော်မူခဲ့လေသည်။ သက်တော် ၁၃-နှစ်သားအရွယ်တွင် သာမဏေဝတ်၍ သက်တော် ၂၀-ပြည့်မြောက်ရာ ၁၂၅၄-ခုနှစ်တွင် ရေစကြိုမြို့ ပခန်းဂိုဏ်း ကျွန်းပုလုဆရာတော်ဘုရားကြီး အရှင်ကေသရကို ဥပဇ္ဈာယ်ပြု၍ ဥပသမ္ပဒဇာတ် မြင့်မြတ်သော ရဟန်းပဋ္ဌင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ရေစကြို လေးကန့်

မန္တလေးဒက္ခိဏာရာမတိုက်တို့၌ ပညာသင်ကြားခြင်း

ရဟန်းဖြစ်ပြီးနောက် ဥပဇ္ဈာယ်ဆရာဖြစ်သော ရေစကြိုမြို့ ဝိနယဓရကျွန်းပုလုဆရာတော်, ဂူဖြူတောရဆရာတော်တို့ထံ ဝိနည်းပါဠိ အဋ္ဌကထာတို့ကို သင်ယူတော်မူခဲ့လေသည်၊ ၎င်းပြင် လေးကန့်ဆရာတော်, မန္တလေးမြို့ တောင်ပြင်ဒက္ခိဏာရာမ ဘုရားကြီးတိုက်ဆရာတော် ဦးရန်ကုန်တို့ထံ၌လည်း ဂန္ထရ အဝဝကို သင်ယူတော်မူခဲ့လေသည်။

မဟာဝိသုဒ္ဓါရာမတိုက်ရောက်ရှိ ပညာသင်ကြားခြင်း

၁၂၆၁-ခုနှစ်တွင် မန္တလေးမြို့ အဲရှေ့ပြင်မဟာဝိသုဒ္ဓါရာမ တိုက်ကြီးသို့ရောက်၍ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးထံ မာဂဓကျမ်းအချို့နှင့် သက္ကတကျမ်းစာများကို သင်ယူတော်မူခဲ့လေ သည်။

အနောက်ပြင်မဟာဝိသုဒ္ဓါရုံတိုက်၌ သီတင်းသုံးခြင်း ပရိယတ္တိဓမ္မာစရိယဖြစ်ခြင်း

၁၂၆၅-ခုနှစ်တွင် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး အနောက်ပြင်မဟာဝိသုဒ္ဓါရုံတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးသောအခါ အရှင်ဇောတိပါလသည်လည်း ဆရာတော်ဘုရားကြီးနှင့်အတူ လိုက်ပါ၍ မန္တလေးမြို့အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ သီတင်းသုံး တော်မူခဲ့လေသည်။ မကြာမီ စာချဖြစ်၍ ညောင်စဉ်ကျောင်းဘုန်းကြီး အဖြစ် ခိုးမြောက်ခြင်း ခံတော်မူရလေသည်။ စာချမှန်ခြင်း, စာလိုက် သံယာများစွာတို့ စာပေလိုက်နာ သင်ယူခြင်းတို့ကြောင့် ပရိယတ္တိ သာသနဟိတအသင်းကြီး၏ ဘဒ္ဒန္တဇောတိပါလာဘိဝံသ ပရိယတ္တိ-သာသနဟိတဓမ္မာစရိယ (မူလစာချ)အဖြစ်ဖြင့် ကိုးကွယ်ခြင်းကို ခံယူ တော်မူခဲ့ရလေသည်။

စစ်ကိုင်းတောင်ရိုး၌ သီတင်းသုံးခြင်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံရခြင်း

သီကျွာတော် ၂၃-ဝါအရ ၁၂၇၇-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး သို့ တောထွက်တော်မူခဲ့လေသည်။ ရုက္ခမူအတိသုဒ္ဓါရုံချောင်၌ သံယာ တော် ၅၀-ခန့်တို့ကို စာပေချပို့ သာသနာပြုတော်မူခဲ့လေသည်။ ဆရာတော်သည် စစ်ကိုင်းတောင်ရိုး ရွှေကျင်ဂိုဏ်း၏ မဟာနာယက ဥက္ကဋ္ဌလည်း ဖြစ်တော်မူသည်။ ၁၃၁၃-ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

မဟာဝိသုဒ္ဓါရာမတိုက်ထွက် ဆရာတော်ဘုရားကြီး အရှင်ဇောတိပါလသည် သက်တော် ၈၆-နှစ် သီကျွာတော် ၆၆-ဝါရရှိရာ ၁၃၂၀-ပြည့်နှစ် နတ်တော်လပြည့်ကျော် ၂-ရက်နေ့ နံနက် ၃-နာရီ အချိန်တွင် စစ်ကိုင်းတောင်ရိုး အတိသုဒ္ဓါရုံကျောင်း၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

သံဝေဂယူရန်

၁။ သေရန်အန္တရာယ်	အသွယ်သွယ်	တကယ်များလှသည်။
၂။ မြွေကင်းကိုက်ကာ	မြန်မကြာ	မှန်စွာသေနိုင်သည်။
၃။ ချော်လဲ၍လဲ	ရုတ်ခနဲ	မလွဲသေနိုင်သည်။
၄။ သည်းခြေပျက်ကာ	မြန်မကြာ	မှန်စွာသေနိုင်သည်။
၅။ သလိပ်ရောဂါ	စွဲကပ်လာ	မှန်စွာသေနိုင်သည်။
၆။ လေဖြတ်၍လဲ	ဗြုန်းကနဲ	မလွဲသေနိုင်သည်။
၇။ အဆိပ်သင့်ကာ	မြန်မကြာ	မှန်စွာသေနိုင်သည်။
၈။ သေနေ့စေ့က	တစ်နေ့ကျ	ငါလဲသေရမည်။

*** ♦ ***

ရတ္တညူမဟာနာယက
သက်တော်ရှည် ပတ္တာပိုဏ်ဆရာတော် အရှင်ဥတ္တရ

ရေစကြိုမြို့, ပတ္တာပိုဏ်တိုက်၌ သီတင်းသုံးတော်မူသော ရွှေကျင်နိကာယ. ရတ္တညူမဟာနာယက သက်တော်ရှည်ဆရာတော် အရှင်ဥတ္တရသည်လည်း မန္တလေးမြို့အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်ကြီး၌ ပညာသင်ကြားတတ်မြောက်တော်မူခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

ရေစကြိုမြို့နယ် သာစည်ရွာ၌ သက္ကရာဇ် ၁၂၄၃-ခုနှစ် တန်ခူးလပြည့်ကျော် ၄-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်, ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်၊ ဘွဲ့တော် အရှင်ဥတ္တရဖြစ်လေသည်။

မဟာဝိသုဒ္ဓါရာမတိုက်၌ ပညာသင်ကြားခြင်း

ဂူဖြူတောရဆရာတော်, ကျောက်တော်ဆရာတော်, မအူဆရာတော် အရှင်သောမ, မုံရွေးသီတာရုံဆရာတော် စသည်တို့ထံတွင် စာပေကျမ်းဂန်များ သင်ကြားတော်မူပြီးလျှင် မန္တလေးမြို့အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်သို့ ရောက်၍ မဟာဝိသုဒ္ဓါရာမဆရာတော် ဘုရားကြီးထံ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။ မန္တလေးမြို့အနောက်ပြင် ပတ္တမြားတိုက်၌လည်း ပညာသင်ကြားတော်မူခဲ့လေသည်။

ပတ္တာပိုဏ်တိုက်၌ စာပေချပို့ သာသနာပြုခြင်း

နောက်တွင် ရေစကြိုမြို့အနီး ပတ္တာပိုဏ်တိုက်၌ စာပေချပို့ သာသနာပြု၍ ပတ္တာပိုဏ်ဆရာတော်ဟု ထင်ရှားခဲ့လေသည်။ ဂူဖြူ

တောရဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သည့်အလျောက် ဝိနယဂရုက သိက္ခာကာမ ဖြစ်တော်မူသည်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ယင်းသို့ သာသနာ့ဝန်ထမ်းဆောင်တော်မူသော မဟာဝိသုဒ္ဓါရာမတိုက်ထွက် ပတ္တာပိုဏ်ဆရာတော်ဘုရားကြီး အရှင်ဥတ္တရသည် သက်တော် ၈၆-နှစ်ရှိရာ ၁၃၂၉-ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

သံဝေဂယူရန်

ဥတ္တရောပျနုတ္တိဏ္ဏောဝ၊ နိမုဒ္ဓိ မစ္စုပလ္လလေ။
ကောစိစ္စုတမလဒ္ဓါန၊ နဟောဒိ သမတိက္ကမေ။

ဥတ္တရော= အရှေ့ဝိသုဒ္ဓါရုံ နည်းမျိုးစုံတအားပိုက်လျက် ပတ္တာ-မြားတိုက်နိုသယည်းခံ ကျမ်းဂန်တတ်မြောက် တဖက်ကမ်းရောက် ကူးခပ်နိုင်ပေသော။ သော ထေရော= ရတ္တညူမဟာနာယက ဂိုဏ်းဥက္ကဋ္ဌ အစခြယ်သည့် ရှစ်ဆယ်ကျော် ခုနှစ်နစ်စွန်း မှည့်ရွှန်းရင့်ရော် ထိုကျေးဇူးရှင် ထိုပတ္တာပိုဏ်ဆရာတော်ဘုရားကြီးသည်။ ဥတ္တရောပိ= သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကျမ်းပင်လယ်ကူးခပ်သည့် ထူးမြတ်လှစွာ အရှင်မဟာဥတ္တရ ဘွဲ့ထူးသထင်ပေါ် ကျမ်းဂန်တတ်ဆရာတော် တစ်ပါး ဖြစ်ပါလျက်လည်း။ အနုတ္တိဏ္ဏောဝ= ဘဝပြင်ကျယ် ဝဋ္ဋပင်လယ်တစ်ဖက်ကမ်းသို့ တက်လှမ်းဦးထောက် ကူးမြောက်နိုင်ရေးမပိုင်သေးသည်ဖြစ်၍သာလျှင်။ မစ္စုပလ္လလေ= သုံးဆယ့်တစ်ဘုံ အကုန်သိမ်းအုပ် သေမင်းယုတ်ပိုင်ဆိုင် ရွှံ့ညွန်အိုင်၌။ နိမုဒ္ဓိ= ကိုယ်ခန္ဓာမတည်ငြိမ် ဇီဝိန်ချုပ်ကြွေ သြော်-နစ်မြုပ်တော်မူရရှာလေပြီ။ ဘောန္တော. . . အိုရှင်လူဒကာ ဒကာမများတို့။ အစ္စုတံ= အငြိမ်းဓာတ် သမုတ်ရသည့် ဒုက္ခမပွေရာ ခေမာအမတ ဘွဲ့ထူးရနိဗ္ဗာန်ကို။ အလဒ္ဓါန= မဂ်ဖိုလ်အောင်မြိတ် ထီးရိပ်ခိုလှုံ မရကြကုန်သေးသည်

ရှိသော်။ ကောစိ= ရဟန်းရှင်လူ အဘယ်သူတစ်စုံတစ်ယောက်သည် သော်မှလည်း။ ဤဒိသံ= ရေစကြိုဒို့ဘုန်း တစ်မြို့လုံးပတ္တပိုဏ် အတ္တဆိုင် အနှစ်မဟုတ်သဖြင့် နှစ်မြုပ်လေပြီး ဤကဲ့သို့ သေမင်းယုတ်ညွှန် အိုင်ကြီးကို။ နု ဟိ တိဏ္ဏောဝ= လူစွမ်းကောင်းလုပ် အဟုတ်ကြီးထင် စိတ်ကြီးဝင်ဝင့်ကြွား မကျော်လွှားနိုင်ရာသည်သာလျှင်တည်း။[1]

■ ■ ■

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ဥက္ကံသ

ဟံသာဝတီခရိုင် သံလျင်မြို့နယ် သပြေကန်ရွာ မဟာဓမ္မိ-ကာရာမတိုက်ကြီး၌ သီတင်းသုံးတော်မူ၍ စာချကျမ်းပြု သဗ္ဗညူမြတ်စွာ သာသနာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သပြေကန်ဆရာတော်ဘုရားကြီး အရှင်ဥက္ကံသသည်လည်း မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်ကြီး၌ သီတင်းသုံး၍ ပညာသင်ကြား တော်မူခဲ့သော မထေရ်မြတ်ဖြစ်တော်မူသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

မန္တလေးခရိုင် စဉ်ကူးမြို့နယ် မြေပုံကန်ရွာ၌ အဖ-ဦးအောင် အမိ-ဒေါ်နှင်းခိုင်တို့မှ သက္ကရာဇ် ၁၂၃၃-ခုနှစ် တန်ဆောင်မုန်းလပြည့် ကျော် ၁၂-ရက် တနင်္လာနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ သက်တော် ၁၄-နှစ်သားတွင် သာမဏေဝတ်၍ သက်တော် ၂၀-ပြည့်မြောက်သည်တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

၁။ ဆရာတော်အရှင်ဥတ္တရ ပျံ့လွန်တော်မူစဉ်က ဝိသုဒ္ဓါရုံကာဗျဝိဒူ မလှိုင်ဆရာတော် အရှင်စန္ဒဇောတိ ရေးသားသည့်ဂါထာအနက် ဖြစ်သည်။

ဂန္ဓဒုရအဝဝကို သင်ယူတော်မူခြင်း

မန္တလေးမြို့, အနောက်ပြင်သင်္ဂီတိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ ဂန္ဓဒုရအဝဝကို သင်ယူတော်မူခဲ့လေသည်။ လက်နက်ဝန်တိုက် ပဌမစာချ တွံတေးဆရာတော် အရှင်နာဂ, ရွှေပြည်ဆရာတော်, ခင်မကန်ဆရာတော်, မိုးကောင်းဆရာတော်, ကျိုဝန်ဆရာတော်တို့ထံ၌လည်း ကျမ်းဂန်အရပ်ရပ်ကို သင်ယူတော်မူခဲ့လေသည်။

မဟာဝိသုဒ္ဓါရာမတိုက်၌ ပညာသင်ခြင်း

ဂင်းနောက် မန္တလေးမြို့, အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်သို့ တွံတေးဆရာတော် အရှင်နာဂနှင့်အတူ ရောက်၍ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးထံ ပါဠိ, သက္ကတကျမ်းဂန်များကို သင်ယူတော်မူခဲ့လေသည်။

မန္တလေးပုရေ ပုရိမ်-တလေ ဝိသုဒ္ဓနာမကေ။
အာရာမေ ဥက္ကံသော ဝိဒ္ဓါ၊ ဝသိတ္တာ ဥဂ္ဂဟံ ကရိ။

သပြေကန်ရွာ၌ သာသနာပြုခြင်း

မဟာဝိသုဒ္ဓါရာမတိုက်ကြီး၌ ကျေနပ်လောက်အောင်သီတင်းသုံးပြီး တိုက်ကြီးမြို့, ပစ္ဆိမာရုံတိုက်၌ ၉-နှစ်တိုင် သီတင်းသုံး၍ စာပေချပို့, သာသနာပြုတော်မူခဲ့လေသည်။ ဂင်းနောက် ဟံသာဝတီခရိုင် သပြေကန်ရွာကြီးသို့ ကြွရောက်၍ ဓမ္မိကာရာမကျောင်းတိုက်၌ တည်ထောင်၍ စာပေချပို့, သာသနာပြုတော်မူခဲ့လေသည်။

ကျမ်းဂန်များ ရေးသားပြုစုခြင်း

စာပေချပို့ယင်း ကျမ်းဂန်များကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ဂင်းတို့မှာ-

၁။ ကစ္စာယနသံခိပ်နိဿယ ဒုတိယတွဲ

၂။ သုတ္တသင်္ဂဟပါဠိတော်နိဿယ
၃။ သပြေကန်သဒ္ဒါကြီးနိဿယ

စသည်တို့ဖြစ်ကုန်၏။ ဖော်ပြပါကျမ်းများအနက် ကစ္စာယနသံခိပ်နိဿယမှာ တွံတေးဆရာတော် အရှင်နာဂထေရ်မှ ကစ္စာယနသံခိပ်နိဿယကို ပဌမအုပ်ပြီးသည်အထိ အဓိပ္ပါယ် ရှုပ်တွက်ပုံတို့ဖြင့် တန်ဆာဆင် ပြုစီရင်တော်မူခဲ့လေသည်။[1]

သို့နှင့် ဆရာတော်အရှင်ဥက္ကံသသည် ဒုတိယတွဲကို အဓိပ္ပါယ် ရှုပ်တွက်ပုံတို့ဖြင့် တန်ဆာဆင် ပြုစီရင်တော်မူခဲ့လေသည်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

ဆရာတော်အရှင်ဥက္ကံသသည် ၁၂၉၃-ခုနှစ်တွင် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်၊ ယင်းသည် ၁၂၉၃-ခုနှစ်က မန္တလေးမြို့ အနောက်ပြင် မဟာခေမာဘယဆင်တဲတိုက်သစ်ဆရာတော် အရှင်ဣန္ဒြိယသည်လည်း 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

စုတိကမ္မဇရုပ် ချုပ်တော်မူခြင်း

ယင်းသို့ သာသနာကျိုး သည်ပိုးရွက်ဆောင်စဉ် သက္ကရာဇ် ၁၃၀၀-ပြည့်နှစ် တန်ခူးလပြည့်ကျော် ၁၂-ရက်နေ့တွင် ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာသခင် အရှင်မြတ်တို့သော်မှ မလွန်မြောက်နိုင်သော သေမင်းနိုင်ငံလိုက်ပါ၍ စုတိကမ္မဇရုပ် ချုပ်တော်မူခဲ့လေသည်။[2]

---

[1] ပဌမစာချဆရာတော် အရှင်နာဂလည်းကြည့်။
[2] အကျယ် မန္တလေးသာသနာဝင်၊ ၁၃။ သင်္ဂီသာသနာဝင်ကြည့်။

သံဝေဂယူရန်

* နံနက်စသား၊ ကာလများ၊ လွန်သွားခဲ့လေပြီ။
* သုံးယာမ်ပိုင်းခြား၊ ညဉ့်အများ၊ ကုန်သွားလေကုန်ပြီ။
* နောက်နောက်အရွယ်၊ ရှေ့အရွယ်၊ စွန့်ပယ်လေကုန်ပြီ။
* သေရန်ချိန်ခါ၊ လွန်များစွာ၊ နီးကပ်လာချေပြီ။

ဝိနယဂရုက ဦးတင်ဧရ

ဆရာတော် အရှင်ကေလာသ

ပဲခူးကျောက်တန်း မဟာဗောဓိတောရ ဆရာတော်ဘုရားကြီး အရှင်ကေလာသသည်လည်း မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်ကြီး၌ ဂန္ဓမုရ, ဝိပဿနာမုရကို လေ့လာနည်း သင်ယူတော်မူခဲ့သည့် သာသနာ့ဝန်ဆောင်မထေရ်မြတ် ဖြစ်တော်မူသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

ပဲခူးမြို့တောင်ဘက် သပြုရွာ၌ အဖ-ဦးသာဒွန်း အမိ-ဒေါ်ပေအေးတို့မှ သက္ကရာဇ် ၁၂၇၇-ခုနှစ် ဝါဆိုလဆန်း ၄-ရက်တနလာနေ့ ညနေ ၃-ချက်တီးကျော်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ၉-နှစ်သားအရွယ်တွင် သပြုရွာ ဥတ္တရာရုံရွှေကျင်ကျောင်းဆရာတော် အရှင်နာဂထံ ရောက်ရှိပညာသင်ကြား၍ ၁၃-နှစ်သားအရွယ်တွင် သာမဏေဝတ်တော်မူခဲ့လေသည်။ မိခင်ကြီးကို စောင့်ရှောက်လုပ်ကျွေးရသဖြင့် ၁၂၄၉-ခုနှစ်ကျမှ သပြုရွာ ဥတ္တရာရုံကျောင်း ခဏ္ဍာသိမ်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်ကေလာသ ဖြစ်လေသည်။

မဟာဝိသုဒ္ဓါရာမတိုက်၌ သီတင်းသုံး နည်းခံခြင်း

ပုဂံတောင်, ဟသ်ာတ, ပုသိမ်, ပဲခူးမြို့တို့တွင် ရွှေကျင်ဂိုဏ်း ဆရာတော်များထံ ဂန္ဓန္ဓရအဝဝကို သင်ယူတော်မူပြီး ၁၂၅၇-ခုနှစ်တွင် မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်သို့ ရောက်၍ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးထံ ပရိယတ်, ပဋိပတ်နည်းခံတော်မူခဲ့လေသည်။ ရေစကြို ဂူဖြူတောရ, ခင်မွန်ဂိုဏ်းချုပ်ဆရာတော်များထံ ၌လည်း ပဋိပတ်ဆိုင်ရာ နည်းခံတော်မူခဲ့လေသည်။

မဟာဗောဓိတိုက်ကြီးရောက် သာသနာပြုခြင်း

၁၂၆၇-ခုနှစ်တွင် ကျောက်တန်း မဟာဗောဓိတိုက်သို့ ကြွရောက်၍ သာသနာပြုတော်မူရာ သံဃာတော်တစ်ရာခန့်အထိ ပွားများခဲ့လေသည်။ ဆရာတော်၏ ကြီးပမ်းမှုကြောင့် မဟာဗောဓိဆရာတော် အရှင်ကေလာသပြုစုသော သာသနာသည် ပြန့်ပွားခဲ့လေသည်။

မီးရထားကိုပင် မစီး ခြေလျှင်ကြွတော်မူခြင်း

ဆရာတော်သည် သက်တော်ရှည်သမျှကာလပတ်လုံး ဝိနယဂရုက, သိက္ခာကာမ, ဓုတင်ဝရ, လဇီပေသလ, သီလဝန္တအဖြစ်ဖြင့် ကျော်စောတော်မူခဲ့လေသည်။ အသက်ထက်ဆုံး မီးရထားကိုပင် မစီးဟု သိရလေသည်။ ခြေလျှင်သာ ကြွတော်မူသည်ဟူ၏။

စုတိကမ္မဇရုပ် ချုပ်တော်မူခြင်း

ယင်းသို့ သီလဝန္တသိက္ခာကာမဂုဏ် ကုံလုံလောက်ငတော်မူသော မဟာဝိသုဒ္ဓါရာမတိုက်ထွက် ကျောက်တန်း မဟာဗောဓိဆရာတော်ဘုရားကြီး အရှင်ကေလာသသည် သက်တော် ၈၁-နှစ်အတွင်း ရောက်ရှိရာ ၁၃၀၇-ခုနှစ် တပေါင်းလဆန်း ၁၁-ရက်နေ့ နံနက် ၇-နာရီ မိနစ် ၄၀-အချိန်တွင် စုတိကမ္မဇရုပ် ချုပ်တော်မူခဲ့လေသည်။

သံဝေဂယူရန်

* သိုမ့ီးသိမ်းထား၊ ဥစ္စာများ၊ ပျက်ပြားနောက်ဆုံးရှိချေ၏။
* စပ်ကာချုပ်ထား၊ ခန္ဓာများ၊ ပျက်ပြားနောက်ဆုံးရှိချေ၏။
* ကြုံလာဖြစ်လာ၊ သတ္တဝါ၊ သေရွာနောက်ဆုံးရှိချေ၏။

■ ■ ■

မဟာဝိသုဒ္ဓါရာမ စာချဂဏာဝါစက ဆရာတော် အရှင်ဝိစာရ

မန္တလေးမြို့, အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ပဌမဆုံးတိုက်အုပ်ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့သော မဟာဝိသုဒ္ဓါရာမစာချဂဏာဝါစက ဆရာတော်ဘုရားကြီး အရှင်ဝိစာရသည်လည်း မန္တလေးမြို့, အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်ကြီး၌ ကြာမြင့်စွာသီတင်းသုံး ပညာသင်ကြားချပို့, သာသနာပြုတော်မူခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျောင်းစုရွာ၌ အဖ-နန်းတွင်းဆရာကြီး ဦးပေနှင့် အမိ-ဒေါ်အေးတို့မှ သက္ကရာဇ် ၁၂၂၅-ခုနှစ် သီတင်းကျွတ်လဆန်း ၅-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ထုံးဖိုတောရဆရာတော် အရှင်သီရိထံ သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သက်-တော် ၁၇-နှစ်သားအရွယ်တွင် မန္တလေးမြို့, အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်သို့, ရောက်၍ ပညာသင်ကြားတော်မူခဲ့လေသည်။ သက်-တော် ၂၀-တွင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့, ရောက်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်ဝိစာရ ဖြစ်လေသည်။

ဥပဇ္ဈာယ် ကရိတ္တာန၊ ဝိသုဒ္ဓါစာရပုဂ်ံဝံ။
ဝိစာရော ဒုလ္လဘံ လဘိ၊ ဝိသုဒ္ဓဗုဒ္ဓသာသနေ။

မဟာဝိသုဒ္ဓါရာမဆရာတော်ထံ ပညာသင်ကြားခြင်း စာပေချပ်ခြင်း

မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးထံ ဂန္ဓိုရအဝဝကို သင်ယူတော်မူခဲ့လေသည်။ အခြားစာချဆရာတော်များထံ၌လည်း နည်းခံသင်ယူတော်မူခဲ့လေသည်။ ပဌမပြန်စာမေးပွဲများကိုလည်း ဝင်ရောက်ဖြေဆို အောင်မြင်တော်မူခဲ့လေသည်။ စာပေတတ်မြောက်သဖြင့် ကျောင်းဘုန်းကြီးဖြစ်, ဂဏာဝါစကဖြစ်၍ စာပေချပ်, သာသနာပြုတော်မူခဲ့လေသည်။

အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ် တိုက်အုပ်ဖြစ်ခြင်း

မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး မန္တလေးမြို့အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူသောအခါ ဆရာတော်ကြီးနှင့်လိုက်ပါ၍ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ သီတင်းသုံးတော်မူခဲ့လေသည်၊ တိုက်အုပ်အဖြစ် ဆရာတော်ဘုရားကြီးက ခိုးမြောက်တော်မူသည်။ သို့နှင့် ဆရာတော်အရှင်ဝိစာရသည် မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ပဌမဆုံး တိုက်အုပ်ဆရာတော် ဖြစ်တော်မူခဲ့လေသည်။

စစ်ကိုင်းတောင်ရိုး ရတနာဓူဝံချောင်ကြွ သီတင်းသုံးခြင်း

သက်တော်ကြီးရင့်သောအခါ စစ်ကိုင်းတောင်ရိုး ရတနာဓူဝံချောင် ကြွရောက်သီတင်းသုံး၍ ဝါသဓုရဖြင့် မွေ့လျော်တော်မူခဲ့လေသည်။ ဆရာတော်အရှင်ဝိစာရသည် စာပေတတ်မြောက် အနေ

အထိုင် ကျစ်လစ်သိမ်မွေ့ စကားနည်း အလုပ်လုပ်သောပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။

စုတိကမ္မဇရုပ် ချုပ်တော်မူခြင်း

ယင်းသို့ သာသနာကျိုး သည်ပိုးဆောင်ရွက်စဉ် သက္ကရာဇ် ၁၂၈၄-ခုနှစ် စစ်ကိုင်းတောင်ရိုး ရတနာမူဝံချောင်၌ စုတိကမ္မဇရုပ် ချုပ်တော်မူခဲ့လေသည်။

သံဝေဂယူရန်

၁။ မသေရန်ပ၊ ဝိရိယ၊ မုချမရှိပြီ။
၂။ ပျိုမျစ်နုနယ်၊ လှတုန်းရွယ်၊ တကယ်သေနိုင်သည်။
၃။ အရွယ်ယွင်းလာ၊ အိုမင်းကာ၊ မှန်စွာသေနိုင်သည်။
၄။ ဖြစ်ဖြစ်၍လာ၊ သတ္တဝါ၊ မှန်စွာ သေခြင်းမြဲလေသည်။

■ ■ ■

သာရဏီယသင်္ဂြိုဟ်ပါဠိ သာရဏီယသင်္ဂြိုဟ်ပါဠိနိဿယ ဒုလ္လဘသင်္ဂြိုဟ်ကျမ်းစသည့် ကျမ်းပြုဆရာတော် အရှင်ပဏ္ဍာဝံသ

စစ်ကိုင်းတောင်ရိုး တောင်ဗီလာဆရာတော်ဟု ထင်ရှားသော သာရဏီယသင်္ဂြိုဟ်ပါဠိ, သာရဏီယသင်္ဂြိုဟ်ပါဠိနိဿ, ဒုလ္လဘသင်္ဂြိုဟ် ကျမ်းစသည့် ကျမ်းဂန်တို့ကို ပြုစီရင်ခဲ့သော ဆရာတော်အရှင်ပဏ္ဍ-ဝံသသည်လည်း မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်ကြီး၌ ကြာမြင့်စွာသီတင်းသုံး၍ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးထံ ဂန္ထန္ဓရအဝဝကို သင်ယူတော်မူခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

ဇာတိချက်ကြွေ မွေးရပ်မြေ

ဆရာတော်၏ဇာတိချက်ကြွေ မွေးရပ်မြေကား မိတ္ထီလာနယ် ကုန်းသာရွာ ဖြစ်လေသည်။ ယင်းမိတ္ထီလာနယ် ကုန်းသာရွာ၌ အဖ ဦးဖိုးကျင်, အမိ-ဒေါ်ပုံးတို့မှ ၁၂၂၃-ခုနှစ် ဝါခေါင်လဆန်း ၈-ရက် နေ့တွင် ဖွားမြင်တော်မူသည့် ပဋ္ဌိပတ္တိဝန်ဆောင် သဗ္ဗညုဘုရား အလောင်းအလျာဖြစ်တော်မူသည်။

ရှင် ရဟန်းပြုတော်မူခြင်း

အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန်ထမ်း-ဆောင်တော်မူခဲ့လေသည်၊ မန္တလေးမြို့, အရှေ့ပြင် မဟာဝိသုဒ္ဓါရာမ တိုက်သို့ ရောက်ရှိ၍ ကြာမြင့်စွာ သီတင်းသုံးတော်မူ၍ နေ့ဝါညဝါ ကျမ်းဂန်အရပ်ရပ်ကို သင်ယူတော်မူခဲ့လေသည်၊ ဝိသုဒ္ဓါရုံဆရာတော် ဘုရားကြီးသည် အရှင်ပဏ္ဍာဝံသ၏ ဆရာရင်းဖြစ်တော်မူ၏၊ မြန်မာမင်း လက်ထက်၌ ပဌမပြိန်အောင်မထေရ်ဟု ထင်ရှား၏။

သင်ယူခဲ့သော ကျမ်းဂန်များ

ဆရာတော်အရှင်ပဏ္ဍာဝံသသည် သီလက္ခန်ဓာကထာ, သုတ်မဟာဝါအဋ္ဌကထာ, မူလပဏ္ဏာသပါဠိတော်နှင့်အဋ္ဌကထာ, မဇ္ဈိမပဏ္ဏာသပါဠိတော်နှင့်အဋ္ဌကထာ, ဥပရိပဏ္ဏာသပါဠိတော်နှင့်အဋ္ဌ-ကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, နေတ္တိပါဠိတော်နှင့်အဋ္ဌကထာ, အဘိ-ဓမ္မတ္ထဝိဘာဝိနီဋီကာ, အဘိဓမ္မတ္ထသင်္ဂဟဒီပနီ, အဋ္ဌသာလိနီအဋ္ဌ-ကထာနှင့် ယင်းမူလဋီကာ, သမ္မောဟဝိနောဒနီအဋ္ဌကထာနှင့် ယင်း-မူလဋီကာ, ပဋ္ဌပကြိဏ်အဋ္ဌကထာနှင့် ၎င်းမူလဋီကာတို့ကိုလည်း မဟာဝိသုဒ္ဓါရာမဆရာတော်, ကျိုက်လတ်ဆရာတော်, ဆရာတော် ဦးအရိန္ဒမစသည်တို့ထံ သင်ယူတော်မူခဲ့လေသည်။ ကခ်ီဝိတရဏီ အဋ္ဌကထာနှင့် ဝိနည်းငါးကျမ်းပါဠိတော်, အဋ္ဌကထာများကို ၃-ခေါက် တိုင် သင်ယူတော်မူခဲ့သည်။ မာတိကာဓာတုကထာအရကောက်,

ယမိုက်အရကောက်, ပဌာန်းအရကောက်ကျမ်းတို့ကို ၃-ခေါက်တိုင် သင်ယူတော်မူခဲ့သည်။

ဗဟူနံ ပဏ္ဍိတာနံ သော၊ ပဏ္ဍာဝံသော ဝရာသယော။
ဥဂ္ဂဟေတွာန ဂန္ဆေ စ၊ တေသု ဆေကော ဝိဒူ အဟု။

၉-ဝါအတွင်း ပိဋကတ်သုံးပုံ အကုန်ကြည့်ရှုခဲ့

ရဟန်းသိက္ခာ ၉-ဝါအတွင်းတွင် အက္ခရာတစ်လုံး ပုဒ်တစ်ပုဒ်မျှ မကြွင်းကျန်စေပဲ ပိဋကတ်သုံးပုံ ပါဠိအဋ္ဌကထာတို့ကို နှုံ့စပ်အောင် သေချာစွာ ကြည့်ရှုတော်မူခဲ့လေသည်။ ဆရာတော်ကား ဝိရိယကြီးမား သဒ္ဓါတရားထက်မြက်သည့် ပုဂ္ဂိုလ်ထူးပေတည်း။

ဥပသမ္ပဒမဂဂမ္မ၊ နဝဝဿန္တရေ သုဓီ။
သာဋ္ဌကထေ ပဂဏ္ဌေ သော၊ ဝစနေ သမောလောကယိ။

စစ်ကိုင်းတောင်ရိုးကြွ တရားကျင့်

စိတ်ကျေနပ်လောက်အောင် အထက်ဖော်ပြခဲ့သည့်အတိုင်း ပညာသင်ကြား ကြည့်ရှုလေ့လာတတ်မြောက်ပြီးနောက် စစ်ကိုင်းတောင်ရိုးသို့ ကြွရောက်တော်မူ၍ တောင်ဖီလာကျွန်ဆာသယချောင် ဓမ္မပါလတောရတိုက်၌ သီတင်းသုံးတော်မူလျက် စတုပါရိသုဒ္ဓိသီလကို မပေါက်မပျက်အောင် စောင့်ရှောက်တော်မူ၍ ပဋိပတ်အလုပ်ကို အပတ်တကုတ် အားထုတ်တော်မူခဲ့လေသည်။

သီလံ သော ရက္ခိတွာန၊ ပဋိပတ္တိဘိယုဇ္ဇတိ။
ဝိပဿနာသုဓုရမှိ၊ ဥယျုတ္တော သဗ္ဗဒါ သုဓီ။

အရှင်ပဏ္ဍာဝံသ၏ ကြည်ညိုမှုယ်ရာများ

ဆရာတော်အရှင်ပဏ္ဍာဝံသသည် ရှေ့ကျင်ဆရာတော်ဘုရားကြီး, မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး စသည့်ဆရာတော်ဘုရားကြီးများထံ အကြိမ်ရာပေါင်းများစွာ သူတော်ကောင်းတရားကို ကြားနာတော်မူခဲ့ရသည်၊ ရဟန်းဖြစ်သည်မှစ၍ သက်ဆုံးတိုင် ကွမ်း, ဆေးရွက်, ဆေးလိပ်, အခိုးရွက်, အခိုးတံတို့ကို အချင်းခပ်သိမ်းသုံးဆောင်တော်မမူချေ၊ ဧကသနိုက်ဓုတင်, ပတ္တပိဏ္ဍိုတင်စသည့် ဓုတင်တို့ကိုလည်း ထာဝစဉ်ကျင့်သုံးတော်မူခဲ့သည်၊ ရဟန်းဖြစ်ရာ အခါမှစ၍ မာတုဂါမကို တပ်မက်သောစိတ်ဖြင့် တစ်ခါမျှ မကြည့်ဘူးဟု သိရ၏။ [1] သိက္ခာပုဒ်တော်အပေါင်းတို့ကို ကိုယ်အသက်မျှမက ချစ်ခင်မြတ်နိုး စောင့်ရှောက်တော်မူလေ့ရှိသည်ဟု သိရ၏၊ ဆရာတော်ကား သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့ စင်စစ်အတုယူဖွယ်ရာ ကောင်းလေ၏။

အလိုအဇ္ဈာသယ ဆန္ဒမွန်များ

ဆရာတော်၌ ငယ်စဉ်ကစ၍ အလိုအဇ္ဈာသယဆန္ဒမွန်များ ဖြစ်ခဲ့ကုန်၏။ "စစ်ကိုင်းတောင်ခြေ တောရကျောင်း၌ ဂန္ထဓုရ, ဝိပဿနာဓုရများ အားထုတ်အံ့၊ သာရဏီယသဒ္ဒြိဟ်ကျမ်းနိသယ ရေးအံ့၊ သာရဏီယဝတ် ဖြည့်ကျင့်အံ့၊ သာရဏီယဝတ် ဖြည့်ကျင့်ကုန်သော သီတင်းသုံးဖော်, ဧကသနိုက်ဓုတင်, ပတ္တပိဏ္ဍိုတင်တို့ကို နေ့စဉ်အမြဲ အားထုတ်ကြကုန်သော သီတင်းသုံးဖော်, ကိုယ်နှင့် အသက် မငဲ့ကွက်ပဲ သီလသိက္ခာကို ချစ်မြတ်နိုးသော သီတင်းသုံးဖော် အစရှိသော လဇီမွန် သီတင်းသုံးဖော်ကောင်းတို့နှင့်သာ ပေါင်းဖော်နေထိုင်ရလို၏"ဟု အကြံစည်ကောင်းများ ငယ်စဉ်ကပင် ဖြစ်ခဲ့၏၊ ယင်းအကြံစည်မွန်များ ပြည့်စုံသည်သာ များလေ၏။

၁။ ဆရာတော်ရေး ဒုလ္လဘသဒ္ဒြိဟ်ကျမ်း ၃၂၄-၌ ကိုယ်တိုင်မိန့်ဆိုချက် ဖြစ်၏။

ကျမ်းစာများ ပြုစုတော်မူခြင်း

ဆရာတော်အရှင်ပဏ္ဍိတဝံသသည် ကျမ်းဂန်များကိုလည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ သာရဏီယသင်္ဂြိုဟ်ပါဠိ
၂။ သာရဏီယသင်္ဂြိုဟ်ပါဠိနိဿယ
၃။ ဒုလ္လဘသင်္ဂြိုဟ်ကျမ်း စသည်တို့ ဖြစ်ကုန်၏။

ဒုလ္လဘသင်္ဂြိုဟ်ကျမ်း

ဖော်ပြပါကျမ်းများအနက် ဒုလ္လဘသင်္ဂြိုဟ်ကျမ်းမှာ (၁) ဗုဒ္ဓပွါဒဒုလ္လဘ၊ (၂) မနုဿတ္တဒုလ္လဘ၊ (၃) သမ္မတ္တိဒုလ္လဘ= သဒ္ဓါသီလစသော သူတော်ကောင်းတရားနှင့် ပြည့်စုံခြင်း၏ ရခဲပုံ၊ (၄) ပဗ္ဗဇိတဒုလ္လဘ၊ (၅) သဒ္ဓမ္မဒေသကဒုလ္လဘ၊ (၆) သဒ္ဓမ္မသဝနဒုလ္လဘ၊ (၇) သဒ္ဓမ္မသဝနကာလဒုလ္လဘစသည့် ဒုလ္လဘတို့ကို ဆိုင်ရာပါဠိအဋ္ဌကထာဋီကာကျမ်းဂန်သာဓက အကိုးအကားတို့ဖြင့် တန်ဆာဆင်၍ ရေးသားစီရင်တော်မူခဲ့လေသည်။ ကျမ်းဦးဌ-

ရတနံ ဒုလ္လဘံ နတ္ထာ၊ ကဿံ ဒုလ္လဘသင်္ဂဟံ။
တံ မေ သုဏာန္တု သက္ကစ္စံ၊ ဒုလ္လဘာ ဟိ အယံ ကထာ။

ဟူသောဂါထာဖြင့် ရတနတ္တယပဏာမ, ပဋိညာဉ်, ဥယျောဇဉ်ကို ပြဆိုတော်မူ၍ ကျမ်းစာကို ရေးသားစီရင်တော်မူခဲ့လေသည်။

မှတ်သားဖွယ်ရာများ

ဒုလ္လဘသင်္ဂြိုဟ်ကျမ်းဌ မှတ်သားဖွယ်အလွန်ကောင်းသော အချက်အလက်များစွာတို့ကို တွေ့ရှိရ၏၊ ယင်းမှတ်သားဖွယ်တချို့တို့ကို မှတ်စုအနေဖြင့် ဤဌ ဖော်ပြလို၏။

ပတ္တာမြားပစ်ထားသော သမင်လို
သာသနာပစ်ကာ ကာမဂုဏ်သုံးစား

မဏိ မိဂေါ ပဿန္တောပိ၊ တိဏံ ခါဒံဝ ဂစ္ဆတိ။
လဒ္ဓကာလော ဒုပ္ပညောပိ၊ ကာမံ ဘုဉ္ဇံဝ ဂစ္ဆတိ။

မိဂေါ= သမင်သည်။ မဏိ= ပတ္တာမြားကို။ ပဿန္တောပိ= တွေ့မြင်ငြားသော်လည်း။ တိဏံဝ= မြက်ကိုသာလျှင်။ ခါဒံ= ခါဒန္တော= ခဲစားလျက်။ ဂစ္ဆတိ= သွား၏။ ဒုပ္ပညော= ပညာနည်းပါး သူတော် တရားရှာသောသူသည်။ လဒ္ဓကာလောပိ= ဗုဒ္ဓုပ္ပါဒကာလကို ရလျက်လည်း။ ကာမံဝ= ဝဋ္ဋဒုက္ခဖွဲ့ထား ကာမဂုဏ်ငါးပါးကိုသာလျှင်။ ဘုဉ္ဇန္တော= သုံးဆောင်ခံစားလျက်။ ဂစ္ဆတိ= သွား၏။[1]

တင်လဲရလင့်ကစား ပျက်စီးရသော ပိုးလို
သာသနာနှင့်ကြုံသော်လည်း ပျက်စီးရ

ဂေါဠကုမ္ဘံ လဘန္တောပိ၊ ပါဏကော တမ္မိ နသတိ။
ဗုဒ္ဓကာလံ လဘန္တောပိ၊ မန္ဒော တမ္မိ ပရာဇယော။

ဂေါဠကုမ္ဘံ= တင်လဲရည်အိုးကို။ လဘန္တောပိ= ရလျက်လည်း။ ပါဏကော= အသောက်မက်သော ပိုးပရွက်ငယ်သည်။ တမ္မိ= ထို အရည်ကျဲကျဲ တင်လဲအိုး၌။ နသတိ= ပျက်စီး၏။ မန္ဒန္တော= သူတော် တရား နည်းပါးသောသူသည်။ ဗုဒ္ဓကာလံ= ဘုရားဖြစ်ရာကာလကို။ လဘန္တောပိ= ရလျက်လည်း။ တမ္မိ= ထိုဘုရားဖြစ်ရာကာလ၌။ ပရာ-ဇယော= ရတနာသုံးပါး ဂုဏ်ကျေးဇူးများကို မသိငြား၍ ပျက်ပြားဆုံးရှုံး၏။[2]

၁။ ဒုလ္လဘသဒ္ဒြဟ်၊ ၅၅။
၂။ ဒုလ္လဘသဒ္ဒြဟ်၊ ၅၅၊ ၅၆။

ကုသိုလ်မပြု နှိုးရိမ်ရ

ယေ တေ ဗုဒ္ဓပြေါဒကာလေ၊ ဝိဂတာ ပုညသဗ္ဗယော။
စိရကာလံနုတပ္ပန္တိ၊ ခိဏာ ပါထေယျကာ ယထာ။
တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္မသံ အတ္ထမတ္တနော။
နိစ္စံ ပုညံ ဝါယမေယျ၊ အဟောရတ္တမတန္ဒိတော။

ယေ တေ= အကြင်သူတို့သည်။ ဗုဒ္ဓပြေါဒကာလေ= ဘုရားပွင့်တော်မူရာကာလ၌။ ပုညသဗ္ဗယာ= ကုသိုလ်ကောင်းမှု ဆည်းစုခြင်းမှ။ ဝိဂတာ= ကင်းကြကုန်၏။ တေ= ထိုသူတို့သည်။ ကန္တာရေ= ခရီးခဲ၌။ ခိဏာ ပါထေယျကာ ယထာ= ရိက္ခာကုန်ပြတ် ရေစာငတ်ကုန်သော သူတို့ကဲ့သို့။ စိရကာလံ= ရှည်မြင့်စွာသော သံသရာအဝွန့်အခါပတ်လုံး။ အနုတပ္ပန္တိ= ပူပန်ရကုန်၏။ တသ္မာ ဟိ= ထို့ကြောင့်သာလျှင်။ အတ္တနော= မိမိ၏။ အတ္ထံ= အကျိုးစီးပွားကို။ သမ္မသံ= သမ္မသနွှာ= ကောင်းစွာမြင်သော။ ပဏ္ဍိတော= ပညာရှိသော။ ပေါသော= သတ္တဝါသည်။ နိစ္စံ= အမြဲ။ အဟောရတ္တံ= နေ့ညဉ့်ပတ်လုံး။ အတန္ဒိတော= မပျင်းရိပဲ။ ပုညံ= ကောင်းမှုကို။ ဝါယမေယျ= အားထုတ်ရာ၏။[1]

မနုဿဝိဂ္ဂဟ မနုဿမည်ခြင်း

အာဒိကပ္ပမ္ပိ သမ္ဘူတာ၊ မနုတိနာမကာ နရာ။
တေသံ အပစ္စဘူတတ္တာ၊ မနုဿာတိ ပဝုစ္စရေ။
အထာပိ သတိသူရတ္တာ၊ ဗြဟ္မစရိယယောဂတော။
မနော ဥဿန္နမေ တေသံ၊ တသ္မာ မနုဿနာမကာ။[2]

၁။ ဒုလ္လဘသဒ္ဒြဟ်၊ ၅၆။
၂။ ဒုလ္လဘသဒ္ဒြဟ်၊ ၅၇။ (လောကဒီပကသာရကျမ်းလာဂါထာ) အနက်လွယ်၏။

စိတ်အကြောက်လိုက်မိ၍ စိုးရိမ်ကြရ

မနုဿတ္ထံ လဘိတ္ဘာန၊ နာနာဂုဏသမုပဂံ။
ဒီဃကာလံ သောစိဿန္တိ၊ နရာ စိတ္တဝသာနုဂါ။

တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။
သစိတ္တမနုဒမေယ္ယ၊ ဝက်ဒါရံဝ တစ္ဆကာ။

နာနာဂုဏသမုပဂံ= အထူးထူးသောဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော။ မနုဿတ္ထံ= လူ၏အဖြစ်ကို။ လဘိတ္ဘာန= ရကြကုန်လျက်။ စိတ္တဝသာနုဂါ= တရားမကြောက် ကာမဌာသာ ပျော်ပိုက်တတ်စွာ စိတ်ယုတ်မာ၏ လိုရာစဉ်စိုက် နောက်သို့လိုက်ကြကုန်သော။ နရာ= လူသူများစွာ သတ္တဝါတို့သည်။ ဒီဃကာလံ= ရှည်မြင့်စွာသော သံသရာအခါပတ်လုံး။ သောစိဿန္တိ= စိုးရိမ်ကြောင့်ကြ ပူဆွေးကြရကုန်လိမ့်လတ္တံ့။

တသ္မာ ဟိ= ထို့ကြောင့်သာလျှင်။ အတ္တနော= မိမိ၏။ အတ္ထံ= အကျိုးစီးပွားကို။ သမ္ပဿံ= သမ္ပဿနွှောဟု ကောင်းစွာမြင်သော။ ပဏ္ဍိတော= ပညာရှိသော။ ပေါသော= သတ္တဝါသည်။ တစ္ဆကာ= တစဉ်းသမားတို့သည်။ ဝက်ဒါရံ= သစ်ကောက်ကို။ ဒမယန္တိ ဣဝ= ခုတ်ဖြတ်ရွေချောကုန်သကဲ့သို့။ သစိတ္တံ= ကာမရောသလောက် ကြီးပွားမြောက်သည့် မိမိစိတ်ကောက်ကို။ အနုဒမေယ္ယ= စရိုက်အားလျော်စွာ ဆုံးမရာ၏။[1]

ဇမ္ဗုဒီပ်ကျွန်းလူဦးရေထက် ပိုးတစ်တွင်းရှိ ပိုးကမ္ဘာ

ပိပိလိကာနံ ပုဏ္ဏော ဟိ၊ ဗီလာ ဧကာပိ နိဂ္ဂတော။
ကိန္နုသော နာတိရိစ္ဆေယ္ယ၊ မနုဿေ ဇမ္ဗုဒီပကေ။

ဟိ= မှန်၏။ ဧကာ ဗီလာ= တွင်းတစ်ခုမှ။ ဝိနိဂ္ဂတော= ထွက်သော။ ပိပိလိကာနံ= ပိုးပရွက်တို့၏။ ပုဏ္ဏော= အစုအပေါင်း

၁။ ဒုလ္လဘသဏ္ဌိုဟ်၊ ၆၃။

သည်။ အတ္ထိ= ရှိ၏။ သော= ထိုအစုအပေါင်းသည်။ ဇမ္ဗုဒီပကေ= ဇမ္ဗုဒိပ်ကျွန်းဌ်ဖြစ်ကုန်သော။ မနုဿေ= လူတို့ကို။ ကိန္နုနာတိရိစ္ဆေယျ= အဘယ်မှာလျှင် မလွန်ပဲရှိအံ့နည်း။[1]

ဤသည်လျှင် အမြွက်မျှထုတ်ပြချက်တည်း။ ယင်းဒုလ္လဘ သဗ္ဗြိဟ်ကျမ်းဌ် မှတ်သားစရာ ကျင့်စရာတွေ လွန်စွာများလှကုန်၏။ ကျက်စာများကို ရှာဖွေ၍ ကြည့်ရှုလေ့လာရာ၏။ ကျမ်း၏အဆုံးဌ်-

ဣဒံ ပုညံ တစည်ံ စ၊ သုန္ဒရံ ပကတံ မယာ။
တေသံ ဘာဂံ ဒဒါမျတံ၊ တာနိ မောဒန္တု ပါဏိနော။
သမိဒ္ဓန္တု သုသက်ပ္ပါ၊ ပါဏီနံ စ မမံ တထာ။
ဒုလ္လဘာ စ လဘေယျာဟံ၊ မယ္ဟံ ကုသလတေဇသာ။

ဟူသော ဂါထာများဖြင့် အမျှဝေခြင်း, ရလိုသော သဗ္ဗညုဗောဓိဆုကို တောင့်တပန်ဆင်ခြင်းတို့ကို ပြုတော်မူခဲ့သည်။

ဆရာစဉ်ဆက် ကိုယ်တိုင်ဖော်ပြခဲ့

ဆရာတော်အရှင်ပဏ္ဍိတသည် မိမိဆရာစဉ်ဆက်ကိုလည်း အောက်ပါအတိုင်း ဖော်ပြတော်မူခဲ့သည်။

ဝိနည်းမိုရ်အရာ ဧတဒဂ်ရသော ဘုရားမျက်မှောက်တော် တပည့် ရှင်ဥပါလိ၊ ၎င်း၏တပည့် ရှင်ဒါသက၊ ၎င်း၏တပည့် ရှင် သောဏ၊ ၎င်း၏တပည့် ရှင်သိဂ္ဂဝ၊ ၎င်း၏တပည့် ရှင်မောဂ္ဂလိ-ပုတ္တတိဿ။ (မဇ္ဈိမဒေသ ၅-ပါး။)

၎င်းမောဂ္ဂလိပုတ္တတိဿထေရ်၏ တပည့်အဆက်ဆက် ရှင် သောဏ၊ ရှင်သောဘိတ၊ ရှင်သောမဒတ္တ၊ ရှင်သုမနတိဿ၊ ရှင်သော-ပါက၊ ရှင်သောမဒတ္တ၊ ရှင်အနောမဒဿီ၊ ရှင်အဓိသီလ၊ ရှင်ပြာဏ-ဒဿီ၊ ရှင်မဟာကာဠ၊ ရှင်ဓမ္မဒဿီ။ (သထုံပြည် ၁၁-ပါး။)

၁။ ဒုလ္လဘသဗ္ဗြိဟ်၊ ၇၆၊ ၇၇။

ရှင်ဓမ္မဒဿီကား ပုဂံပြည်ရောက်သောအခါ ရှင်အရဟံတွင်သည်၊ ၎င်းရှင်အရဟံ၏ တပည့်အဆက်ဆက် ရှင်ဂုဏာသာရ၊ ရှင်အဂ္ဂပဏ္ဍိတ၊ ရှင်အဂ္ဂဝံသ၊ ရှင်ဥတ္တရာဇီဝ၊ ပဌမဆပွဲဒေါ် ရှင်သဒ္ဓမ္မ-ပါလ၊ ဒုတိယဆပွဲဒေါ် ရှင်ဉာဏဓမ္မ၊ တတိယဆပွဲဒေါ် ရှင်ဓမ္မသီရိ။ (ပုဂံပြည် ၇-ပါး။)

၎င်းဓမ္မသီရိ၏ တပည့်အဆက်ဆက် ကူးခန်းကြီးမြို့ ခေမင်္ဂ-တိုက် ရှင်သုဓမ္မစာရီ၊ ကူးခန်းကြီးအနောက် ဝါကျဉ်မင်ကျောင်း ရှင်အဂ္ဂဓမ္မာလင်္ကာရ၊ နှောင်းဘဏ္ဍာ ရှင်ဓမ္မာနန္ဒ၊ ကူးခန်းကြီးမြို့ မြောက်နွယ်နီမုတ်ကျောင်း ရှင်ပုညဝါသီ၊ ဆယ်အင်းတောရဂိုဏ်းအုပ် ရှင်ဉာဏာလင်္ကာရ၊ ဒီပဲယင်း နမောရှာ ရှင်ပုညာရမ္ဘာ၊ ၎င်းတပည့် ဒီပဲယင်း နမောဂိုဏ်းအုပ် ရှင်ဝိစာရိန္ဒ၊ ၎င်းတပည့် သီးလုံးတောရ ဂဏဝိမုတ်အမိန့်တော်ရ ရှင်စန္ဒိမာ၊ ၎င်းတပည့် ရွှေကျင်ဆရာတော် ဘုရားဟု ထင်ရှားသော မင်းကွန်းငွေတောင်တောရ၌ ပျံ့လွန်တော်မူသော ဇာဂရထေရ်မြတ်၊ ၎င်းတပည့်ဖြစ်တော်မူသော ဝိသုဒ္ဓါစာရ-ထေရ်မြတ်၊ ၎င်းတပည့်ဖြစ်သော မိတ္ထီလာ ပဏ္ဍာဝံသထေရ်မြတ်။

ဤသည် ဒုလ္လဘသဏ္ဍိုဟ်နိုဂုံးလာ ဆရာတော်အရှင်ပဏ္ဍာဝံ-သထေရ်ကိုယ်တိုင် ဖော်ပြသည့် အရှင်မြတ်၏ အာစရိယဝံသတည်း။ ဆရာတော်ကား သတိသမ္ပဇဉ်နှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်မြတ်တည်း။

ဝံသော ဇေတသ ထေရသ၊ ပရိသုဒ္ဓေါ သုသောဘနော။
နိဂြောဓော ဝေ ဝ မဟာရုက္ခော၊ လောကနာထသ သာသနေ။

ထူးမြတ်သော ကျမ်းဂန်ကြီး

ဆရာတော်အရှင်ပဏ္ဍာဝံသ၏ ဒုလ္လဘသဏ္ဍိုဟ်ကျမ်းကြီးကား အလွန်လျှင် ကောင်းပြီး လူသိနည်းသေးသည့် ကျမ်းဂန်ကြီးဖြစ်၏၊ သက္ကရာဇ် ၁၂၆၆-ခုနှစ် တန်ဆောင်မုန်းလတွင် မန္တလေးမြို့ ကျောက်သွေးတန်းရပ် ဇမ္ဗုမျက်မှန်ပုံနှိပ်တိုက်၌ အုပ်ရေ ၁၀၀၀-ရိုက်နှိပ်ခဲ့လေသည်။ ရွှိုင်ဆိုက်စာမျက်နှာ ၃၂၆-မျက်နှာရှိ၏။

ပျံ့လွန်တော်မူခြင်း

ဆရာတော်ကား လူခဂုဏ်, ဓုတင်္ဂဝရဂုဏ်, ဝိနယဝရဂုဏ်, ခမာ, ဇာဂရိယ, ဥဒ္ဒာနစသော ဂုဏ်တို့ဖြင့် သာသနာတော်၏ ကျက်သရေဆောင် စံပြပုဂ္ဂိုလ်တစ်ပါး ဖြစ်တော်မူ၏၊ ယင်းသို့ သာသနာတော်၏ ကျက်သရေကို သက်ဆိုးတိုင် ဆောင်တော်မူပြီး သက္ကရာဇ် ၁၃၀၃-ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်းတွင် သေမင်း၏စစ်သည်ကို မတော်လှန်မပုန်ကန်နိုင်ပဲ ပျံ့လွန်တော်မူခဲ့လေသည်။

ပဏ္ဍိတော သော မဟာထေရော၊ ထိရသာသနဇောတကော။
သာသနံ ဇောတယိတ္ဝာန၊ ဂတော ခေါ မစ္စုနော ဝသံ။

သံဝေဂယူရန်

၁။ ငါဟုသမုတ်၊ ရူပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာ၊ မှန်စွာအိုခြင်းသဘောရှိချေ၏။

၂။ အိုခြင်းသဘာဝ၊ ဘယ်နည်းမျှ၊ မုချမလွန်မြောက်နိုင်ပါချေတကား။

၃။ ရူပ်နာမ်နှစ်ဖြာ၊ ငါဟုသမုတ်၊ အကျွန်ုပ်ကား၊ များပြားလှစွာ၊ ဝေဒနာဖြင့်၊ ကျင်နာနှိပ်စက်ခြင်းသဘောရှိစွတကား။

၄။ အနာရောဂါ၊ ကျင်နာနှိပ်စက်၊ အခံခက်၊ ဆတ်ဆတ်မလွန်နိုင်ပါချေတကား။

၅။ ရူပ်နာမ်နှစ်ဖြာ၊ ငါဟုသမုတ်၊ အကျွန်ုပ်ကား၊ မုချသေခြင်းသဘောရှိချေ၏။

၆။ သေခြင်းသဘာဝ၊ ဘယ်နည်းမျှ၊ မုချမလွန်နိုင်ပါချေတကား။

■ ■ ■

ဆရာတော် အရှင်ဥတ္တရမဟာထေရ်

ပဋ္ဌိပတ်အရာ ကျော်စောလှသည့် စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင်ဥတ္တရသည်လည်း မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်ကြီး၌ ကြာမြင့်စွာသီတင်းသုံး၍ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးထံ ပရိယတ်, ပဋ္ဌိပတ်နည်းခံတော်မူခဲ့သည့်ပုဂ္ဂိုလ်မြတ် အတွင်းနေတပည့်မြတ် ဖြစ်တော်မူလေသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

မကွေးမြို့၌ သက္ကရာဇ် ၁၂၂၀-ပြည့်နှစ် တော်သလင်းလဆန်း ၄-ရက် တနင်္လာနေ့ မြန်မာနာရီ ညဉ့်တစ်ချက်တီးကျော် အချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ မကွေးမြို့ ဂုံတောတိုက်ဆရာတော် အရှင်ကေသရထံ သာမဏေဝတ်ဖြင့် ငါးဝါ, ရဟန်းဝတ်ဖြင့် ငါးဝါ သီတင်းသုံး၍ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။

မဟာဝိသုဒ္ဓါရာမတိုက်ရောက်ရှိ နည်းခံခြင်း

ဂင်းနောက် အိမ်မဲမြို့ ဆရာတော်အရှင်ပုည, ဒေးဒရဲမြို့နယ် ချောင်းဖျားရွာ ဆရာတော်အရှင်ဝိမလ, ကွမ်းခြံကုန်းမြို့ မဟာရုံဆရာတော်အရှင်ဇဝနဗုဒ္ဓိတို့ထံ ၂-ဝါ ၃-ဝါခန့်စီ သီတင်းသုံးပြီးလျှင် မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်သို့ ရောက်၍ မကွေးမြို့ ဂုံတောဆရာတော် ပျံ့လွန်တော်မူသဖြင့် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု သိက္ခာထပ်ပြီး ၄-ဝါ ဆက်လက် သီတင်းသုံး၊ ပရိယတ်, ပဋ္ဌိပတ်နည်းခံတော်မူခဲ့လေသည်။

စစ်ကိုင်းတောင်ရိုး တရားကျင့်ခြင်း

ရဟန်းသိက္ခာ ၁၈-ဝါအရ ၁၂၅၇-ခုနှစ် ဝါဆိုလဆန်း ၄-ရက်နေ့တွင် စစ်ကိုင်းတောင်ရိုးသို့ ကြွတော်မူခဲ့လေသည်၊ ရှေးဦးစွာ ပဌမဂန္ဓာရုံချောင်, ၎င်းနောက် အရှေ့ဂန္ဓာရုံချောင်, မဟာဂန္ဓာရုံချောင်, မဟာသုခချောင်များသို့ အစဉ်အတိုင်း ရွှေ့ပြောင်းသီတင်းသုံးကာ ဘာဝနာကမ္မဋ္ဌာန်းအလုပ်ကို ကြိုးကုတ်အားသစ်တော်မူခဲ့လေသည်။ တပည့်တပန်း လူ, ရှင်တို့အားလည်း ကမ္မဋ္ဌာန်းနည်းပေးတော်မူခဲ့လေသည်။

နိဗ္ဗာနမဂ္ဂဒီပနီကျမ်း ပြုစုခြင်း

ဆရာတော်ဘုရားကြီး အရှင်ဥတ္တရသည် ပုသိမ်မြို့, ပုသိမ်ဆရာတော်, ရန်ကုန်မြို့, ကျောင်းတော်ရာဆရာတော်, စစ်တွေမြို့သား ရွှေစေတီဘုန်းတော်ကြီး အရှင်တေဇာရာမ, အိန္ဒိယနိုင်ငံသား အရှင်ဓမ္မာနန္ဒ, ဂျာမန်လူမျိုး ဗုဒ္ဓဘာသာရဟန်းတော်များဖြစ်ကြသော အရှင်ဉာဏတိလောက, အင်္ဂလိပ်လူမျိုး သာမဏေရှင်ထေရဝံသ စသည့်သူတော်ကောင်းတို့၏ တောင်းပန်ခြင်းကြောင့် နိဗ္ဗာနမဂ္ဂဒီပနီကျမ်းကို အပိုင်းကဏ္ဍပရိစ္ဆေဒပေါင်း ၁၁-ခုတို့ဖြင့် တန်ဆာဆင်၍ ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦးဌ-

၁။ အာရကတ္တာ ဟတတ္တာ စာ-ရိနံ ဟတာ အရာန စ။
အရဟာ ပစ္စယာဒီနံ၊ ရဟာဘာဝါ စ ပါပကေ။

၂။ အရဟန္တိ တိလောကေသု၊
ဗျာပေတ္တာ ဝိသုတောာ ဣတိ။
ထောမေတ္တာ အသ ပါဒယုဂံ၊
အဟံ ဝန္ဒာမိ သိရသာ။

(၁) ယော ဘဂဝါ= အကြင်မြတ်စွာဘုရားသည်။ အာရကတ္တာ စ= သဝါသနာ ကိလေသာမှ လေးဖြာမြိုက်မင်္ဂ စိန်သံလျက်ဖြင့်

ချီးဖျက်မကူ ဝေးတော်မူသည်၏အဖြစ်ကြောင့်လည်းကောင်း။ အရိုန်းလောဘ,ဒေါသ မောဟကခ်ိ မိစ္ဆာဒိဋ္ဌိ အဟိရိက နောတ္တပ္ပနှင့် ထိနမာန ဥဒ္ဓစ္စဟူ ဒသကိလေ ရန်ညစ်တေတို့ကို။ ဟတတ္တာ စ= လေးထွေသောမဂ် ဉာဏ်လက်နက်တို့ဖြင့် တက်တက်ပျက်ပြုန်း သတ်ဖျက်ပြုန်း၍ ပတ်ကုံးရန်သူ မပြုဝံ့ရှောင်း ဤအကြောင်းကြောင့်လည်းကောင်း။ အရာနံ= အဝိဇ္ဇာနှင့် တဏှာပုံတောင်း အပေါင်းသုံးတန့် အကန့်သခ်ိရာ ဇရာမရဏ အကွပ်ပြသား အာသဝဝင်ရိုးသည်ဆိုးယှဉ်စပ် ဘဝသုံးပါး ဝဋ်ရထားခ်ဋ် ရှည်လျားတတ်သည့် ရဟတ်သံသရာ ဝဋ်စကြာ၏ ပုညာဒိက သခ်ိရာအကန့်တို့ကို။ ဟတာ စ= ဝိရိယခြေ သီလမြေထက် သဒ္ဓါလက်ဖြင့် ကမ္မဋ္ဌယိန် ဉာဏ်ပုဆိန်ကို ရွယ်ချိန်မိုးလျက် ချီးဖျက်တော်မူသောကြောင့်လည်းကောင်း။ ဝါ= အရာနဉ္စဟတာ= ပုံတောင်းအဝိဇ္ဇာ ဇရာမရဏအကွပ်ရံ၍ ဆယ်တန်မဏ္ဍ အကန့်ပြသား အလွှာလေးလွှာ ဓွန့်သုံးဖြာနှင့် ခြင်းရာနှစ်ဆယ် သုံးသွယ်အစပ် သမုပ္ပါဒ်ဟူ ရဟတ်စက်ကန့် လယ်ဆယ်တန့်ကို ချီးဖျက်ဟန့် ဖျက်ဆီးတော်မူပြီးသောကြောင့်လည်းကောင်း။ ပစ္စယာဒီနံ= ပစ္စည်းလေးထွေ မဟေသေက္ခ လူနတ်စမ္ဘီးပူဇော်အထူးတို့ကို။ အရဟာ စ= အလျှုခံတတ် မြတ်ထက်မြတ်ဖြစ်၍ စင်စစ် ခံတော်မူထိုက်သောကြောင့်လည်းကောင်း။ ပါပကေ= ပညာရှိလောင်း လူမိုက်ခေါင်တို့လို ဘောင်မလှ အရှက်ရမည်ကြောင့် ကွယ်ပည်စ်ကျ မကောင်းမှုကို ပြုကြပမာ ပါပညစ်ကျ မကောင်းမှုကို ပြုကျင့်ခြင်းခ်ဋ်။ ရဟာဘာဝါ စ= ဗောဓိညောင်ရွှေ ဗုဒ္ဓဟောပင်မင်းအောင်မြေခင်းက ပယ်ရှင်းဟေတု ဘယ်တစ်ခုကိုမျှ ပြုကျင့်ဖို့ရာ ဆိတ်ကွယ်ရာအရပ် မရှိသည်၏အဖြစ်ကြောင့်လည်းကောင်း။

(၂) အရဟန္တိ= အရဟံဟူ၍။ တိလောကေသု= ဘဝဂ်ဆုံးအောင် ဘုံသုံးဆောင်တို့ခ်ဋ်။ ဗျာပေတွာ= သိမ့်သိမ့်တုံခတ် ပဲ့တင်ထပ်မျှ နှံ့စပ်တော်မူ၍။ ဝိဿုတောဟ= ထင်ရှားကျော်စောတော်မူ၏။ ဣတိ= ဤသို့။ ထောမေတွာ= အရဟံဂုဏ်တော်ကြီးဖြင့် ချီးမွမ်း၍။ အဿ

ဘဂဝတော= ထိုအရဟံဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်၏။ ပါဒယုဂံ= တစ်ရာ့ရှစ်ကွက် စက်လက္ခဏာကုန် ခြေတော်စုံကို။ အဟံ= ငါဟုသမုတ် အကျွန်ုပ်နာမ်ရုပ်နှစ်ပါးသည်။ သိရသာ= လက်ဆယ်ဖြာနှင့် ကြည်သာညွှတ်နူး သဒ္ဓါထူး၍ ဦးအကြိမ်ကြိမ်ဖြင့်။ ဝန္ဒာမိ= ကာမရူပ အရူပဟု ဘဝတောင့်တ စသည်ကြဉ်ရှောင်း ဂုဏ်တော်ပေါင်းကို အောက်မေ့ပြန်ပြန် သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကာယဝစီ မနောချီကာ သဒ္ဓါမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ သက်တော်ထင်ရှား မြတ်စွာဘုရား မြတ်စွာဘုရား။[1]

၃။ အရကာ မန္ဒဗုဒ္ဓိနံ၊ အာရကာ စ ဝိဇာနတံ။
ရဟာနံ သုပ္ပဟီနတ္တာ၊ ဝိဒူနံ မရဟေယျတော။
ဘဝေသု စ ရဟာဘာဝါ၊ ပါသံသာ ဘဂဝါ ဇိနော။

၄။ အရဟန္တီ တိလောကေသု၊
ဗျာပေတ္တာ ဝိသုတော ဂုတိ။
ထောမေတ္တာသ ပါဒယုဂံ၊
အဟံ ဝန္ဒာမိ သိရသာ။

(၃) ဇိနော= ဒေဝပုတ္တ စသည်မျှားဖြင် မာရ်ငါးအင်ကို အောင်မြင်တော်မူပြီးသော။ ဘဂဝါ= မြတ်စွာဘုရားသခင်သည်။ မန္ဒ-ဗုဒ္ဓိနံ= ကိလေသာပြောထူ ဉာဏ်နုန့်သူတို့မှ။ အာရကာ= သင်္သန်းစွန်းဌ ကိုင်ရှာလိုက်သော်လည်း သောင်းထိုက်စဏ္ဍဝါ ပမာမပြားဝေးခြားသည်၏အဖြစ်ကြောင့်လည်းကောင်း။ ဝိဇာနတံ=ဝိဇာနန္တာနံ= ဟုတ်မှန်သဖြင့် အကြံသင့်၍ အကျင့်ပြောထူ ဉာဏ်ရှိသူတို့နှင့်။ အာရကာ စ= အဓွန့်တရာ ယူဇနာဝယ် ကွယ်ကာဝေးရပ် နီးမစပ်သော်လည်း ချဉ်းကပ်နည်းနာတော်မူသည်၏အဖြစ်ကြောင့်လည်းကောင်း။ ရဟာနံ= စီးပွားနှစ်ဆူ ဖြည့်ကျင့်သူတို့ မဟူဝေးရပ် စွန့်ပစ်အပ်ကုန်သော မကောင်းမှုတို့ကို။ သုပ္ပဟီနတ္တာ= ဗောဓိညောင်ရွှေ

---

[1] ဝိသုဒ္ဓိ၊ ၁၊ ၁၉၅-လာ-အရဟ။

ဗုဒ္ဓဟောပင်မင်း အောင်မြေခင်းခ္ဍ အကြွင်းမချန် လေးမဂ်တန်ဖြင့် ပယ်လှန်တွန်းဒ သတ်ဖြတ်တော်မူသည်၏အဖြစ်ကြောင့်လည်းကောင်း။ ဝိဒူနံ= သေက္ခာသေက္ခ ကလျာဏပုထုဇဉ် သူမွန်ဇာတိ ပညာရှိသူတို့သည်။ အရဟေယျတော= ကိုယ်စိတ်လျှာ သဒ္ဓါစောကို နေ့ရောညဉ့်ပါ အခါမလပ် မစွန့်အပ်သည်၏အဖြစ်ကြောင့်လည်းကောင်း။ ဘဝေသု= ဘဝသံသရာ နာနာဂတိတို့ခ္ဍ။ ရဟာဘာဝါ စ= မြရိပ်ဝေဝေ အောင်မြေသာချက် ပလွင်ထက်လာ ကမ္မက္ခယာန် မဂ်လေးတန်ဖြင့် သသမ္ဘာရတ် ကမ္မဝင်္ဂကို ပယ်ဖြတ်ဖျက်ဆီး အောင်မြင်ပြီးရကား သွားလာဖြစ်ပြန်ခြင်း မရှိသည်၏အဖြစ်ကြောင့်လည်းကောင်း။ ပါသံသာ= သူတစ်ပါးထက် ထူးခြားကဲလွန် ဟုတ်မှန်ထင်ပေါ် ကျေးဇူးတော်ဖြင့် ကော်ရော်ကြွေးရိုက် ခ်ီးမွမ်းထိုက်သည်၏အဖြစ်ကြောင့်လည်းကောင်း။

(၄) အရဟန္တီ= အရဟံဟူ၍။ တိလောကေသု= ဘဝဂ်ဆုံးအောင် ဘုံသုံးဆောင်တို့ခ္ဍ။ ဗျာပေတွာ= သိမ့်သိမ့်တုံခတ် ပဲ့တင်ထပ်မျှ နှံ့စပ်တော်မူ၍။ ဝိသုတော= ထင်ရှားကျော်စောတော်မူ၏။ ဣတိ= ဤသို့။ ထောမေတွာ= အရဟံဂုဏ်တော်ကြီးဖြင့် ခ်ီးမွမ်း၍။ အသ ဘဂဝတော= ထိုအရဟံဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်၏။ ပါဒယုဂံ= တစ်ရာ့ရှစ်ကွက် စက်လက္ခဏာကုံ ခြေတော်အစုံကို။ အဟံ= ငါဟုသမုတ် အကျွန်ုပ်နာမ်ရုပ်နှစ်ပါးသည်။ သိရသာ= လက်ဆယ်ဖြာနှင့် ကြည်သာညွှတ်နူး သဒ္ဓါထူး၍ ဦးအကြိမ်ကြိမ်ဖြင့်။ ဝန္ဒာမိ= ကာမရူပ အရူပဟု ဘဝတောင့်တ စသည်ကြဉ်ရှောင်း ဂုဏ်တော်ပေါင်းကို အောက်မေ့ပြန်ပြန် သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကာယဝစီ မနောခ်ီကာ သဒ္ဓါမြတ်နိုးလက်အုပ်မိုး၍ ရှိခိုးပါ၏ သက်တော်ထင်ရှား မြတ်စွာဘုရား မြတ်စွာဘုရား။[1] ဟူသော ၄-ဂါထာပါဠိနိဿယဖြင့် ပဏာမပြုတော်မူ၍ လည်းကောင်း၊

၁။ ဝိသုဒ္ဓိမဂ်၊ ၂၂၈၊ လာ အရဟံဂုဏ်တော် ၆-နက်ဖြင့် ရှိခိုးသည်။

၅။ နိဗ္ဗာနပတ္တသမ္ဘုဒ္ဓံ၊ နိဗ္ဗာနဂံဘိဝန္ဒိယ။
ဓမ္မံ သံဃဉ္စ ကဿာဟံ၊ နိဗ္ဗာနမဂ္ဂဒီပနိံ။

(၅) နိဗ္ဗာနပတ္တသမ္ဘုဒ္ဓံ= နိဗ္ဗာန်သို့ ရောက်တော်မူပြီးသော မြတ်စွာဘုရားကိုလည်းကောင်း။ နိဗ္ဗာနဂံ= နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော။ ဓမ္မဉ္စ= သစ္စာလေးပါး မြတ်တရားကိုလည်းကောင်း။ နိဗ္ဗာနဂံ= နိဗ္ဗာန်သို့ ရောက်တော်မူပြီးသော။ သံဃဉ္စ= အရိယာသခင် အရှင်သူမြတ်အပေါင်းကိုလည်းကောင်း။ အဘိဝန္ဒိယ= ရှိခိုးပြီး၍။ နိဗ္ဗာနမဂ္ဂဒီပနိံ= ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရာနိဗ္ဗာန်သို့ရောက် သဉ္ဇပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းကို ပြရာပြကြောင်းဖြစ်၍ နိဗ္ဗာနမဂ္ဂဒီပနီအမည်ရှိသောကျမ်းကို။ အဟံ= ငါဟုသမုတ် အကျွန်ုပ် ဥတ္တရမဟာထေရ်သည်။ ကဿံ= ကရိဿामိ= နိဗ္ဗာန်ချမ်းသာကို ရစေချင်သည့်မေတ္တာတရား, သံသရာဝဋ္ဋဆင်းရဲကြီးမှ လွတ်စေချင်သည့် ကရုဏာတရား ရှေးဦးထား၍ ရေးသားပြုပြင် စီရင်ပေအံ့။ ဟူသော ၁-ဂါထာပါဠိနိဿယဖြင့် ပဋိညာဉ်ပြု၍လည်းကောင်း ဂန္ထာရम्भ ပြုတော်မူခဲ့လေသည်။

၁။ ဝိသုဒ္ဓါစာရသံယသ၊ ဝိသုဒ္ဓါစာရသာသနေ။
ဝိသုဒ္ဓါစာရနာမိကော၊ ဝိသုဒ္ဓါစာရနာယကော။

၂။ အတ္ထိ ယော သော မဟာထေရော၊
တတ္ထေရသန္တော ဝါသိနာ။
သီလာဒိဂုဏသေဋ္ဌသ၊
ဝိသုဒ္ဓါရာမဝါသိနော။

၃။ ယာစိတာ သုခကာမေဟိ၊ တေသမတ္ထာယ မေ မယာ။
ဂန္ထာရာမေ ဝသန္တေန၊ မဟာထေရေန ရစိတာ။

၄။ ဝိစိတြနယသမ္ပုဏ္ဏာ၊ နိဗ္ဗာနမဂ္ဂဒီပနီ။
မာယပုဏ္ဏာသူရဇ္ဇမ္ပိ၊ သက္ကရာဇေဟကက္ခယံ။
သမ္ပတ္တေ နိဋ္ဌိတာ တေန၊ တမ်ံ ဇဟန္တု ပါဏိနော။

(၁) ဝိသုဒ္ဓါစာရသာသနေ= စင်ကြယ်သောအကျင့်ရှိသော ဘုရားသခင် သာသနာတော်၌။ ဝိသုဒ္ဓါစာရသံယသေ= စင်ကြယ်သော အကျင့်ရှိသော ရှေကျင်ဂိုဏ်းကြီး သံယာတော်အပေါင်း အစည်းအဝေး၏။ ဝိသုဒ္ဓါစာရနာယကော= စင်ကြယ်သောအကျင့်ရှိသော ရှေကျင် သာသနာပိုင် ဦးစီးနာယကတစ်ဆူ ဖြစ်တော်မူသော။ ဝိသုဒ္ဓါစာရ-နာမိကော= ဝိသုဒ္ဓါစာရာဓိပတိသီရိပဝရ စသည်တံဆိပ် ခပ်နှိပ်နာမံ နှစ်တန်ရရှိတော်မူသော။[1]

(၂) ယော သော မဟာထေရော= အောက်စမ်းညာခွင် ကျေးပြင်မြို့မ ဒေသဟူဟူ ဇမ္ဗူထိုထို သီဟိုဠ်တိုင်တိုင် ရခိုင်မလပ် ပဲ့တင်ထပ်မျှ နှံ့ၿပပ်ပေါ်ထင် ဘွဲ့မည်တွင်သော အကြင်မဟာဝိသုဒ္ဓါ-ရာမ ဆရာတော်ဘုရားကြီးသည်။ အတ္ထိ= ယခုထက်ထ ထင်ပေါ် ကျော်စောခြင်းရှိတော်မူ၏။ သီလာဒိဂုဏသေဋ္ဌသ= သီလစသော ဂုဏ်တော်ကြောင့် ချီးမွမ်းအပ် မြတ်တော်မူထသော။ ဝိသုဒ္ဓါရာမ-ဝါသိနော= မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်, အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်တို့၌ ပျော်ပိုက်နေတော်မူလေ့ရှိထသော။ တတ္ထေရသ= ထိုမဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၏။ အန္တေ-ဝါသိနာ= လက်ရုံးမယွင်း နှလုံးသွင်းအပ်သည့် အတွင်းနေတပည့်ကြီး ဖြစ်သော။

(၃) သုခကာမေဟိ= သုခသုံးတန် အမှန်လိုလား အမျိုးသား တို့သည်။ ယာစိတာ= ရိုသေညွှတ်ပျှောင်း တောင်းပန်အပ်သည်ဖြစ်၍။ ဝါ= တောင်းပန်အပ်သောကြောင့်။ တေသံ= ထိုသုခသုံးတန် အမှန်

၁။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ၁၂၇၆-ခုနှစ်တွင် ရရှိရာ ၁၂၇၆-ခုမှ နောက်တွင် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဖြစ်သည်။

လိုလား အမျိုးသားတို့၏။ အတ္ထာယ= အကျိုးငှာ။ ဂန္ဓာရာမေ= ဂန္ဓာရုံခြောင်၌။ ဝသန္တေန= နေလေ့ရှိသော။ မဟာထေရေန= သက်တော်ငါးဆယ် ဝါတော်သုံးဆယ့်တစ်ဝါ ရပြီးသည်ဖြစ်၍ မဟာထေရာဖြစ်သော။ မေ မယာ= ငါသည်။ ရစိတာ= နိဗ္ဗာန်ချမ်းသာကြီးကို ရစေချင်သည့် မေတ္တာတရား, သံသရာဝဋ္ဋဆင်းရဲကြီးမှ လွတ်စေချင်သည့် ကရုဏာတရား ရှေးဦးထား၍ ရေးသားပြုစီရင်အပ်သော။

(၄) ဝိစိတြနယသမ္ပုဏ္ဏာ= ဆန်းကြယ်သော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်နည်း, ဝိပဿနာကမ္မဋ္ဌာန်းနည်းတို့နှင့် ပြည့်စုံသော။ နိဗ္ဗာန-မဂ္ဂဒီပနီ= ရုပ်နာမ်ခန္ဓာ အာယတနဓာတ်တို့၏ ချုပ်ငြိမ်းရာမှန် ခေမာနိဗ္ဗာန်သို့ လျှင်မြန်စွာရောက်ကြောင်းဖြစ်သော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းကို ပြရာပြကြောင်းဖြစ်သောကြောင့် နိဗ္ဗာနမဂ္ဂ-ဒီပနီအမည်ရှိသော ကျမ်းသည်။ သက္ကရာဇ= လူတို့ဝေါဟာ ကော-ဇာတွက်စစ် သက္ကရာဇ်သည်။ ဟကက္ခယံ= ၁၂၆၈-ခုသို့။ သမ္ပတ္တော= ရောက်လသော်။ မာယပုဏ္ဏာသူရဇ္ဇမှိ= တပို့တွဲလပြည့် တနင်္ဂနွေနေ့၌။ နိဋ္ဌိတာ= အန္တရာယ်ရှင်း ဘေးရန်ကင်းသဖြင့် ပြီးခြင်းအဆုံး နိဂုံးအုပ်ခြင်းသို့ ရောက်၏။ တေန= ထိုနိဗ္ဗာနမဂ္ဂဒီပနီကျမ်းကို ကြည့်ရှုအားထုတ်သဖြင့်။ ပါဏိနော= သတ္တဝါတို့သည်။ တမံ= ကိလေသာဝိုက်ဆည်း မိုက်မှောင်ကြီးကို။ ဇဟန္တု= မျက်မှောက်ပစ္စုက် ဝိပဿနာ ဉာဏ်သံလျှက်ဖြင့် ပယ်ဖျောက်ဖျက်ဆီးနိုင်ကြစေကုန်သတည်း။

ဟူသော ၄-ဂါထာပါဠိနိဿယဖြင့် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ အန္တေဝါသိကတပည့်ဖြစ်ကြောင်း ကျမ်းပြီးရာကာလစသည် ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

ဂင်းပြင် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး ကြည့်ရှုပြင်ဆင်တော်မူအပ်သော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းကြီး ၏-ဟူ၍လည်း ပါရှိလေသည်။

ယင်းနိဗ္ဗာနမဂ္ဂဒီပနီကျမ်းကို ၁၂၇၀-ပြည့်နှစ် တန်ခူးလကမန္တလေးမြို့, ဆိုင်းတန်း ရတနာသီဒွိစာပုံနှိပ်တိုက်၌ အုပ်ရေ ၅၅၀၀-ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ကျမ်းစာမျက်နှာဖုံး၌ "မဟာဝိသုဒ္ဓါရာမဆရာ

တော်ဘုရားကြီး၏တပည့် ဇေယျာပုရတိုင်း စစ်ကိုင်းမြို့ မဟာဂန္ဓာရုံ ချောင် ဂန္ဓာရုံဆရာတော်ဘုရား ရေးသားစီရင်တော်မူအပ်သော နိဗ္ဗာန မဂ္ဂဒီပနီကျမ်းစသည်ဖြင့် ပါရှိလေသည်။ ခရစ်သက္ကရာဇ် ၁၉၃၆-ခုနှစ်တွင် မန္တလေးမြို့ ရတနာသိဒ္ဓိ ပိဋကတ်ပုံနှိပ်တိုက်ကပင် ဒသမအကြိမ် အုပ်ရေ ၂၀၀၀- ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။

ယင်းဒသမအကြိမ်ရိုက် နိဗ္ဗာနမဂ္ဂဒီပနီကျမ်းနိဒါန်း၌ သာ-သနာ့သမိုင်း ဆရာစဉ်ဆက် နိဗ္ဗာနမဂ္ဂဒီပနီကျမ်းကို အောက်ပါအတိုင်း ဖော်ပြခဲ့လေသည်။

ဇိနသာသနံ စိရံ တိဋ္ဌတု။ ။မဟာအတုလ၊ သမ္မာသမ္ဗုဒ္ဓ၊ ဒွိပဒုတ္တမ၊ အတိဥက္ကဋ္ဌာ၊ ရာဇာဓိရာဇာ၊ ဒေဝါဓိ-ဒေဝါ၊ ပြဟ္မာဓိပြဟ္မာ၊ မုနိန္ဒာအစစ်၊ မဟာဓမ္မရာဇ်၊ မင်းထက်မင်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည်၊ ဒီပင်္ကရာ ထွတ်ချာပရမေ၊ သုံးလူ့ဆွေထံ၊ ဗျာဒိတ်တော်ခံ ကတည်းက၊ ထန်သည်းသော အာသာဆန္ဒဖြင့်၊ ဇနပုဂ်ဝေါ၊ သုမေဓာရှင်စောသည်၊ ဗုဒ္ဓေါ ဗောဓေယျံစသည်ကို၊ အောင်သံကြုံးဝါးလျက်၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး၊ ပါရမီစာဂ၊ စရိယတို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူရကား၊ သဗ္ဗညုတဉာဏ်ကို ရတော်မူ၍၊ ကျွတ်ထိုက်သော ဗောဓနေယျသတ္တဝါတို့ သန္တာန်ဝယ်၊ ဉာဏ်ရောင်အလင်းပြလျက်၊ ရှေးရှေးသော နောင်တော်ဘုရားတို့၏ ပွင့်တော်မူရာ၊ ခေတ်အခါသမယ၊ ကပ်ကမ္ဘာကာလတို့က၊ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်အစရှိသော ဉာဏ်တည်းဟူသော ဇာခနာစိန်သွားတို့ဖြင့်၊ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာစသော ကိလေသာငြောင့်တံကျင်တို့ကို၊ နှုတ်ထွင်နဲ့နှုးကော်ဆွခဲ့ဘူးသောကြောင့်၊ လျှာ့နှုးနဲ့ယိုင်၊ မခိုင်သော သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာစသော၊ ကိလေသာငြောင့်တံကျင်တို့ကို၊ ဓမ္မစက္ကာ, အနတ္တလက္ခဏာစသော ဓမ္မက္ခန္ဓာရှစ်-

သောင်းလေးထောင်၊ စွယ်စောင်မားမား၊ ဇာခနာစိန်သွား တို့ဖြင့်၊ ပယ်ရှားနှုတ်ထွင်တော်မူလျက်၊ ကာသီတိုင်း၊ ဗာရ-ဏာသီပြည်၊ ဥရုဝေလာ၊ မိဂဒါဝုန်၊ ရဂုန်သာလွင်၊ တော ပြိုင်ခွင်ထူး၊ ပဉ္စဝဂ္ဂိအမျှားရှိသော နတ်ဗြဟ္မာအစည်းအဝေး စသော ထိုထိုတိုင်းပြည်ဒေသ၊ စည်းဝေးရာဌာနတို့၌၊ ဓမ္မ သဘင်၊ ပွဲကြီးယင်၍၊ ဝန်းကျင်ဝဲယာ၊ နောက်ပါအတူ၊ ခေါ်ယူကြွသွားတော်မူလေပြီ။ ။ပါရမီနုသေး၊ သမ္ဘာမြေး သောကြောင့်၊ ရှေးရှေးသော နောင်တော်ဘုရားတို့၏ ပွင့် တော်မူရာ၊ ခေတ်ခါသမယ၊ ကပ်ကမ္ဘာကာလတို့က၊ နာမ ရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်အစရှိသော ဉာဏ် တည်းဟူသော ဇာခနာစိန်သွားတို့ဖြင့်၊ သက္ကာယဒိဋ္ဌ, ဝိစိ ကိစ္ဆာစသော ကိလေသာငြောင့်တံကျင်တို့ကို၊ နှုတ်ထွင်နဲ့နှုး၊ မကော်ဆွခဲ့ဘူးသောကြောင့်၊ မလျှာ့နှုးမနဲ့ယိုင်၊ ခိုင်မာလှစွာ၊ ဒိဋ္ဌ, ဝိစိကိစ္ဆာစသော ကိလေသာငြောင့်တံကျင်၊ စူးဝင်ချက် နက်သောကြောင့်၊ နောက်ပါအတူ၊ မဂ်လမ်းယူ၍၊ နိဗ္ဗာ*မြို့ ကျေး၊ မလိုက်နိုင်သေးကုန်သော လူ, နတ်, ဗြဟ္မာ၊ သတ္တဝါ တို့ကို၊ တဖြေးဖြေးနှုတ်ထွင်၍၊ လိုက်ခဲ့စေချင်လှသော၊ မဟာ ကရုဏာသီတလ၊ နှလုံးတော်ဆန္ဒဖြင့်၊ ဗုဒ္ဓသာသနာ၊ ငါး ထောင်ကြာအောင်၊ နောင်လာလတ္တံ့သောခေတ်၌၊ ဓမ္မ သဘင်၊ ကျင်းပရစ်ကြဖို့ရာ၊ လေးဆယ့်ငါးဝါ၊ ခေတ်ခါ သမယ၊ ကာလပတ်လုံး၊ ဟောကြားတော်မူအပ်သော တရား အပေါင်းတို့တွင်၊ လိုရင်းကြီးအချုပ်၊ နိဂုံးအုပ်၍၊ အားထုတ် ကြရန်၊ ပညာပါရမီရင့်သန်ဖို့၊ အနိစ္စ, ဒုက္ခ, အနတ္တဟု ဆိုအပ်သော ဘဂ်ဉာဏ်ကို၊ ဟန္ဒ ဒါနိ ဘိက္ခဝေ အာ-မန္တယာမိ၊ ပိုဒ်ဦးချီလျက်၊ ပစ္ဆိမစကား၊ ဟောကြားမိန့်ဟ၊ ဗုဒ္ဓကိစ္စ၊ ပြီးကုန်ရကား၊ ရွှေဘုန်နတ်ကွန်း၊ နိဗ္ဗာကျွန်းသို့၊ စံယွန်းတော်မူသည်မှစ၍၊ အရိမဒ္ဒနာမည်၊ ပေါက်ကံ့ပြည်ကြီး ၌၊ ရှင်အရဟံတွင်သော ဓမ္မဒဿီရဟန္တာထေရ် ဖြစ်ထွန်း

တော်မူရာ၊ ခေတ်ခါကာလ သမယတိုင်အောင်၊ အာစရိယ ပရံပရ၊ သိဿာနုသိဿ အဆက်ဆက်တို့၊ ဆောင်ရွက်၍ လာတော်မူခဲ့ကြရာမှ၊ သကသက၊ ကိုယ်စီကိုယ်စီရေအပ်သော၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ သိက္ခာသုံးပါးတို့ကို ပြုရာ၊ ဓမ္မဒေသနာ၊ ဇာခနာစိန်သွားတို့ကို၊ ကိုယ်စီကိုင်၊ မိမိတို့သန္တာန်တွင် စူးဝင်သော ဒိဋ္ဌိ ဝိစိကိစ္ဆာစသော ကိလေသာ ငြောင့်တံကျင်တို့ကို၊ နှုတ်ထွင်ပယ်ရှင်း၊ အနာဂင်း၍၊ ပြည်မင်းနိဗ္ဗာန်။ သောင်ကမ်းဌေးသို့၊ စံယူကြွသွားတော်မူကြလေကုန်ပြီ၊ ကြွသွားတော်မူကြပြီးနောက်၊ သိဿာနုသိဿ၊ ပရံပရကား၊ မြတ်စွာဘုရား ရွှေလက်ထက်တော်၌၊ ဝိနည်းဓိုရ် အရာ ဧတဒဂ်ရသော ရှင်ဥပါလိ၊ ၎င်းတပည့် ရှင်ဒါသက၊ ၎င်းတပည့် ရှင်သောဏ၊ ၎င်းတပည့် ရှင်သိဂ္ဂဝ၊ ၎င်းတပည့် ရှင်မောဂ္ဂလိပုတ္တတိသ။ ။မဇ္ဈိမဒေသငါးပါး။

ရှင်မောဂ္ဂလိပုတ္တတိသထေရ်၏တပည့် အဆက်ဆက်ကား ရှင်သောဏ၊ ရှင်သောဘိတ၊ ရှင်သောမဒတ္တ၊ ရှင်သုမနတိသ၊ ရှင်သောဘာဂ၊ ရှင်သောမဒတ္တ၊ ရှင်အနောမ-ဒဿီ၊ ရှင်အဓိသီလ၊ ရှင်ဗျာနဒဿီ၊ ရှင်မဟာကာလ၊ ရှင်ဓမ္မဒဿီ။ ။ သထုံပြည်တစ်ကျိပ်တစ်ပါး ရဟန္တာချည်း။

၎င်းရှင်ဓမ္မဒဿီကား၊ ပေါက္ကံပြည်သို့ ရောက်သော အခါ၊ ရှင်အရဟံတွင်သည်၊ ထိုနောက်ကာလ၊ အရိမဒ္ဒနာမည်၊ ပေါက္ကံစသော ပြည်ကြီးများ၌ ရဟန္တာရှင်အရဟံ၏တပည့် အဆက်ဆက်ကား၊ ရှင်ဂုဏာသာရ၊ ရှင်အဂ္ဂ-ပဏ္ဍိတ၊ ရှင်အဂ္ဂဝံသ၊ ရှင်ဥတ္တရာဇီဝ၊ ရှင်သဒ္ဓမ္မပါလ၊ ရှင်ဉာဏသဒ္ဓမ္မ၊ ရှင်ဓမ္မသိရီ၊ ရှင်ဓမ္မစာရီ၊ ရှင်အဂ္ဂဓမ္မာလင်္ကာရ၊ ရှင်ပုညာရမ္ဘ၊ ရှင်ဓမ္မာနန္ဒ၊ ရှင်ပုညဝါသီ၊ ရှင်ဉာဏာလင်္ကာရ၊ ရှင်ဝိစာရိန္ဒ၊ သီးလုံးဆရာတော် ရှင်စန္ဒိမာ၊ ၎င်းတပည့် ရှမ်းကလေးကျွန်း သာသနာပိုင် ရှင်နန္ဒ၊ ၎င်းတပည့်

ရွှေကျင်သာသနာပိုင် ရှင်ဇာဂရ၊ ၎င်းတပည့် ရတနာပုံ ဧယျုံမန္တလ၊ ရွှေပြည်မကို၊ ပထမဥကင်၊ ဘိသိက်ယင်သော၊ ပဠမသံဂါယနာတင်၊ ဘုရင်မင်းတုန်းမင်းတရားကြီး၏၊ ညာထားဒေဝီ၊ မဟေသီဘွဲ့ခံ၊ တောင်နန်းစံ ဖြူရှင်မိဖုရား ခေါင်ကြီးသည်၊ ကြီးမားသောသဒ္ဓါခြင်းဖြင့်၊ ညွတ်စင်းတုပ် ပျပ်၊ လှူဒါန်းဆည်းကပ်၊ ဆောက်လုပ်အပ်သော၊ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်၊ အနောက်ပြင် မဟာဝိသုဒ္ဓါရုံ ရေပိုင်းတိုက်၊ ရန်ကုန်မြို့ ကျိုက်ကစံ မဟာဝေယန်တိုက် စသော တိုက်ကြီးများ၌၊ ပျော်ပိုက်လှည့်လည်၊ သီတင်းသုံးနေတော် မူလျက်၊ တစ်ဦးသူတို့ မလှုပ်ရှားနိုင်၊ တောင်မကျွှိုင်သို့ ကြုံခိုင်သော၊ သီလ, သမာဓိ, ပညာအစရှိသော ကျေးဇူး ဂုဏ်ထူးဝိသေသတို့၏၊ အလျှင်တစ်ဆူ ဖြစ်တော်မူရကား၊ အောက်စမ်းညာခွင်၊ ကျေးပြင်မြို့မ၊ ဒေသဟူဟူ၊ ဇမ္ဗူထိုထို၊ သီဟိုဠ်တိုင်တိုင်၊ ရခိုင်မလပ်၊ ပဲ့တင်ထပ်မျှ၊ နှံ့စပ်ထင်ပေါ်၊ ရွှေကျင်သာသနာပိုင်ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရာမဆရာ တော်ဘုရားကြီး၏၊ အန္တေဝါသိကအရင်း၊ မယွင်းလက်ရုံး၊ နှလုံးသွင်းအပ်သည့်၊ အတွင်းနေတပည့်ကြီး၊ တစ်ပါးဖြစ်၍၊ သီလ, သမထ, ဝိပဿနာကျေးဇူး၊ ဂုဏ်အထူးတို့နှင့် ပြည့်စုံ ရကား၊ သီလဝန်၊ ဂုဏဝန်၊ ပညာဝန်၊ ပုဂ္ဂိုလ်မွန်ပုဂ္ဂိုလ်မြတ် တို့၏၊ နှစ်ခြိုက်မွေ့လျော်၊ ပျော်ဖွယ်ရာဖြစ်သော၊ ဂန္ဓာရုံ အရှေ့ချောင်း၊ အနောက်ချောင်း၊ ရုက္ခမူလချောင်း၊ ကိန္နရာ ချောင်း၊ သေလာချောင်း၊ လျှော်ဖြူချောင်း၊ မစိုးရိမ်ချောင်း၊ သုဓမ္မာချောင်း၊ ဇေတဝန်ပထမချောင်း၊ ဒုတိယချောင်း၊ သီလ ဝံသချောင်း၊ ဓမ္မဂူချောင်း၊ ချမ်းဧချောင်း၊ ဇာမရီချောင်း၊ မဟာဂန္ဓာရုံချောင်း၊ စသည်တို့၏ အကြီးအမှူး ဦးစီးနာယက၊ ဂဏာစရိယ၊ ဂဏပါမောက္ခဖြစ်တော်မူသော၊ ဇေယျာပူရ တိုင်း၊ စစ်ကိုင်းမြို့မြောက်၊ တာခြောက်ရာကျော်ကွာသော၊ တောင်ဝိုင်းကြီးတောရတိုက်၊ မဟာဂန္ဓာရုံချောင်၌၊ သီတင်း

သုံးမွေ့လျော်၊ သက်တော်ငါးဆယ့်တစ်၊ ဝါသုံးဆယ့်နှစ်ဝါရ၊ ဂန္ဓာရုံဆရာတော် ဦဋ္ဌရမဟာထေရ်သည်၊ နိဗ္ဗာန်ချမ်းသာကြီးကို၊ ရစေချင်သည့်၊ မေတ္တာတရား၊ သံသရာဝဋ္ဋဆင်းရဲကြီးမှ၊ လွတ်စေချင်သည့်၊ ကရုဏာတရား၊ ရှေးဦးထား၍၊ ရေးသားပြုပြင် စီရင်အပ်သော၊ ရုပ်, နာမ်, ခန္ဓာ၊ အာယတန, ဓာတ်တို့၏ ချုပ်ရာ၊ ခေမာနိဗ္ဗာန်သို့၊ လျင်မြန်စွာ ရောက်ကြောင်းဖြစ်သော၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းတို့ကို ပြရာပြကြောင်းဖြစ်၍၊ (နိဗ္ဗာနမဂ္ဂဒီပနီ) အမည်ရှိသော၊ ဤကျမ်းစာစောင်သည်၊ သာသနာတော်ငါးထောင်၊ မြင့်ရှည်ကြာအောင် တည်ရစ်ပါစေသတည်း။ သံသရာဝဋ္ဋဆင်းရဲကြီးကို ကြောက်သော သူတော်ကောင်းအပေါင်းတို့သည်၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို၊ စီးဖြန်းသဖြင့်၊ ဘုရားအာရုံနိမိတ် ထင်မြင်၍၊ သံသရာဝဋ္ဋဆင်းရဲကြီးမှ၊ လွတ်နိုင်ကြပါစေကုန်သတည်း။ ။

နိဗ္ဗာန်ဆုတောင်း၊ သူတော်ကောင်းအပေါင်းတို့သည်၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာစသော၊ ကိလေသာငြောင့်တံကျင်တို့ကို၊ တဒင်္ဂ, ဝိက္ခမ္ဘန, သမုစ္ဆေဒအားဖြင့် ပယ်ပြီးလျှင်၊ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် အစရှိသော၊ ဉာဏ်တည်းဟူသော ဇာခနာစိန်သွားတို့ဖြင့်၊ ဉာဏ်အားကုန်ထုတ်နုတ်ကြ၍၊ ယခုဘဝ၊ နောက်ဘဝ၊ နှစ်ဘဝ သုံးဘဝထက် မလွန်ကြမူ၍၊ ဘဝတိုတိုနှင့်၊ မင်ဖိုလ်နိဗ္ဗာန် ချမ်းသာကြီးသို့ လျင်မြန်စွာ ရောက်ကြပါစေကုန်သတည်း။

ယင်းဒသမအကြိမ်ရိုက် 'နိဗ္ဗာနမဂ္ဂဒီပနီကျမ်း'မှာ ဒီမိုင်းဆိုက်ဖြင့် ၃၄၂-မျက်နှာရှိလေသည်။ ယင်းဒသမအကြိမ်နောက်တွင်လည်း အကြိမ်များစွာ ရိုက်နှိပ်ခဲ့ရဟန် ရှိလေသည်။

တဖန် သက္ကရာဇ် ၁၃၄၀-ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် အုပ်ရေ ၃၀၀၀-ရိုက်နှိပ်ခဲ့ရာ ကရောင်း ၁၆-ချိုးဆိုက်ဖြင့် စာမျက်နှာ ၄၄၂-ရှိလေသည်။

နိဗ္ဗာနမဂ္ဂဒီပနီ၊ သုန္ဒရာ သာဓုထောမိတာ။
ဂန္ဓာရုံထေရသေဋ္ဌေန၊ ဂန္ထိတာ ထိရညာဏိနာ။

စစ်ကိုင်းတောင်ရိုးခ္ဆ ရှေကျင်ဂိုဏ်း စည်ကားလာခြင်း

မဟာဂန္ဓာရုံဆရာတော်လက်ထက်၌ စစ်ကိုင်းတောင်ရိုးတွင် ရှေကျင်ဂိုဏ်းသံယာတော်များနှင့် ရှေကျင်ဂိုဏ်းဆိုင်ရာ ကျောင်းတိုက်များ တိုးပွားစည်ပင်လာခဲ့လေသည်။

စုတိကမ္မဇရုပ် ချုပ်တော်မူခြင်း

ယင်းသို့ ဘုရားမြတ်စွာသာသနာတော်၌ များစွာအလုပ်လုပ်သော ထူးခြားသော ပဋိပတ္တိဝန်ဆောင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးသည် သက်တော် ၆၁-နှစ် သိက္ခာတော် ၄၂-ဝါ ရရှိရာ ၁၂၈၁-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈-ရက်နေ့တွင် စုတိကမ္မဇရုပ် ချုပ်တော်မူခဲ့လေသည်။

သံဝေဂယူရန် စိတ်ဆုံးမပုံ သံပေါက်လင်္ကာ

၁။ စိတ်ထင်တိုင်းသာ၊ လိုက်ကြရာ၊ ယထာဘူတ ဝေးလေပြီ။
၂။ ယထာဘူတေ၊ ဝေးလေလေ၊ မဂ္ဂေချော်၍သြဃထဲ။
၃။ မဂ်မရမူ၊ ရှိပြန်သူ၊ ပူ၍ဘယ်မစဲ။
၄။ သူ့ကိုယ်ငါ့ကိုယ်၊ စွဲလမ်းဆို၊ ကိုယ့်ကိုပူသမျှ၊ သက္ကာယ၊ မုချဖြစ်စမြဲ။

၅။ သက္ကာယဒိဋ္ဌိ၊ စွဲလမ်းငြီ၊ မသိမင်ဖိုလ် ဝေးလေမြဲ။
၆။ မင်ဖိုလ်မသိ၊ လူ့ဒိဋ္ဌိ၊ အတိဒုက္ခဆင်းရဲမြဲ။
၇။ စိတ္တေကဂ္ဂတာ၊ ကျမ္ဘသာ၊ ယထာဘူတသိမြင်မြဲ။
၈။ ယထာဘူတေ၊ သိမြင်လေ၊ အခြေမှန် နိဗ္ဗိန္ဒဖြစ်မြဲ။
၉။ ဉာဏ်နိဗ္ဗိန္ဒ၊ ဖြစ်လေက၊ မင်ဝအနီးရောက်စမြဲ။
၁၀။ ဝိပဿနာ၊ ဉာဏ်ဆယ်ဖြာ၊ မနာသမ္ပစိတ်မချရမြဲ။
၁၁။ စတုသစ္စံ၊ ဟုတ်တိုင်းမှန်၊ ဧကန်သိမှမင်ဖိုလ်ရမြဲ။
၁၂။ မင်ဖိုလ်ရမှ၊ နိဗ္ဗာန၊ နိစ္စချမ်းသာမြဲ။
၁၃။ စိတ်မငြိမ်နော်၊ ပျံ့လွင့်သော်၊ မင်ဖိုလ်ချော်၍သံသာဝဲ။
၁၄။ စိတ်ကိုငြိမ်အောင်၊ သတိဆောင်၊ မင်ဖိုလ်တိုင်အောင်ပြီးဆုံးမြဲ။
၁၅။ နေ့ရောညဉ့်ပါ၊ မပျင်းသာ၊ အားသာထုတ်၍ စိတ်ထိန်းမြဲ။[1]

တစ်နည်း သံဝေဂယူရန်

၁။ ချမ်းသာဆင်းရဲ၊ ပေါ်ရှားမြဲ၊ ဆုံကွဲချစ်စိုး ရှင်သေမျိုး။
၂။ ခြိုးမွမ်းပြစ်တင်၊ ထောင်လဲချင်၊ ပျိုလျှင်အိုရိုး သံဝေမျိုး။[2]

[ချမ်းသာလျှင် ဆင်းရဲရမြဲ။ ပေါလျှင် ရှားမြဲ။ ဆုံမိလျှင် ကွဲမြဲ။ ချစ်လျှင် စိုးရိမ်ရမြဲ။ ရှင်လျှင် သေရမြဲ။ ခြိုးမွမ်းလျှင် ပြစ်တင်ခံရမြဲ။ ထောင်လျှင် လဲရမြဲ။ ပျိုလျှင် အိုရ မြ-ဟု ဆိုလိုသည်။][2]

တစ်နည်း သံဝေဂယူရန်

၁။ ကြည်သာရွှင်ပျ၊ လွန်ချမ်းမြ၊ ဒုက္ခနောက်ဆုံးရှိချေ၏တကား။
၂။ ဆင်မြင်းပေါများ၊ ဥစ္စာများ၊ ရှားပါးနောက်ဆုံးရှိချေ၏တကား။
၃။ ဆုံမိဆက်ဆံ၊ ရှိခဲ့ပြန်၊ ကွဲရန်နောက်ဆုံးရှိချေ၏တကား။

၁။ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင်ဥတ္တရ၏ လက်ရာများ။
၂။ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ လက်ရာများ။

၄။ လွန်စွာချစ်လှ၊ တရားပ၊ သောကနောက်ဆုံးရှိချေ၏တကား။

၅။ တင်းလျင်းဝိညာဉ်၊ သက်ရှင်ပြန်၊ သေရန်နောက်ဆုံးရှိချေ၏ တကား။

၆။ ပွဲလယ်ပွဲပြင်၊ ခြီးမွမ်းလျှင်၊ ပြစ်တင်နောက်ဆုံးရှိချေ၏တကား။

၇။ တံခွန်မှန်ကင်း၊ ထောင်လွှားပြင်း၊ လဲခြင်းနောက်ဆုံးရှိချေ၏ တကား။

၈။ ပျိုမျစ်နုနယ်၊ ရုပ်ဆင်းခြယ်၊ အိုဖွယ်နောက်ဆုံးရှိချေ၏တကား[1]

တစ်နည်း သံဝေဂယူရန်

မယာ သမာ နဝါ ဝုဗှာ၊ တဒါဝုဧေဟိ တေ မတာ။
တထာဟံပိ မရိဿာမိ၊ လေဏံ ပုညံဝ မေ ကတံ။

မယာ= ငါနှင့်။ သမာ= အသက်အရွယ် တူကုန်သောသူ တို့သည်လည်းကောင်း။ မယာ= ငါ့အောက်။ နဝါ= အသက်အရွယ် ငယ်ကုန်သောသူတို့သည်လည်းကောင်း။ မယာ= ငါ့ထက်။ ဝုဗှာ= အသက်အရွယ် ကြီးကုန်သောသူတို့သည်လည်းကောင်း။ တေ သဗ္ဗေ= ထိုအလုံးစုံသောသူတို့သည်။ တဒါဝုဧေဟိ= ထိုဖျားခြင်း နာခြင်းအစရှိ သော သေမင်း၏လက်နက်တို့ဖြင့်။ မတာ= သေကြကြလေကုန်ပြီ။ တထာ= ထိုသူတို့အလား မခြားတူစွာ။ အဟံ= ငါသည်လည်း။ မရိဿာမိ= ဧကန်မုချ သေရပေအုံ့။ မေ= ငါသည်။ ဝါ= ငါ၏။ ကတံ= ပြုအပ်သော။ ပုညံဝ= သီလ သမထ ဝိပဿနာကုသိုလ်သည် သာလျှင်။ လေဏံ= သေခြင်းကင်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း ပုန်းအောင်းရာမှန်လေ၏။[2]

---

[1] မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ လက်ဝမျှား။

[2] မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ နိဗ္ဗာနမဂ္ဂဒီပနီ။ ၃၇၆၊ ၃၇၇-ကြည့်။

ပဌမစာချဆရာတော် အရှင်နာဂ

တွံတေးဆရာတော် အရှင်နာဂသည် မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်၌ စာချတာဝန်ထမ်းဆောင်တော်မူ၍ သာသနာ ပြုခဲ့သည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

ဖွားမြင်တော်မူခြင်း

မန္တလေးခရိုင် စဉ့်ကူမြို့နယ် စကျင်ရွာ၌ အဖ-ဦးချစ် အမိ ဒေါ်ရွှေအင်းတို့မှ သက္ကရာဇ် ၁၂၂၀-ပြည့်နှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ဆရာတော်၏ငယ်နာမည်မှာ မောင်ရွှေထင်ဖြစ်လေသည်။ ဆရာတော်၌ မောင်ရွှေသင်, မအယ်လေး, မထယ်လေး-ဟူ၍ မွေးချင်း ၃-ယောက် ရှိသေးသည်။ ဆရာတော်ကား မအယ်လေးအောက် တတိယမြောက် အတိဇာတသားရတနာ ဖြစ်လေသည်။

၅၈ ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်ခဲ့ခြင်း

စကျင်ရွာ အရှေ့ကျောင်းဆရာတော် အရှင်အရိယထံ၌ ရောက်ရှိ ပညာသင်ကြားတော်မူခဲ့လေသည်။ သာမဏေအရွယ်တွင် သာမဏေဝတ်၍ ပညာသင်ကြားခဲ့လေသည်။ သံဃာတော် ၂၀-ရှိရာ သက္ကရာဇ် ၁၂၃၉-ခုနှစ်တွင် ဆရာတော် အရှင်အရိယကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်ဦးချစ်၏နှမ ဒေါ်မှတ်စာနှင့် ဦးမြတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ဘွဲ့တော်မှာ အရှင်နာဂ ဖြစ်လေသည်။ ရဟန်းဖြစ်ပြီးနောက် မန္တလေးမြို့ ခင်မကန်တိုက်နှင့် လက်နက်ဝန်တိုက်တို့၌ ပညာသင်ကြားခဲ့လေသည်။ လက်နက်ဝန်တိုက်၌ ပဌမစာချဖြစ်၍လည်း စာပေ ပို့ချတော်မူခဲ့လေသည်။

မဟာဝိသုဒ္ဓါရာမတိုက်သို့.

ပဌမစာချုပ်ပြီးနောက် မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးထံ နည်းခံတော်မူခဲ့လေသည်။ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးက စာချအဖြစ်ဖြင့် ထပ်မံချီးမြှောက်တော်မူခြင်း ခံရသဖြင့် မဟာဝိသုဒ္ဓါရာမတိုက် သပြေပင်ကျောင်းဌ သီတင်းသုံး၍ စာပေချပို့တော်မူခဲ့လေသည်။

တွံတေးဆရာတော်ဟူ ထင်ရှားခြင်း

တွံတေးမြို့ ဒကာ ဒကာမများက ကျောင်းတိုက်တည်ပင့်လျှ၍ သီတင်းသုံးတော်မူသည်ကစ၍ တွံတေးဆရာတော်ဟု ထင်ရှားလေသည်။ တွံတေးဆရာတော်သည် စာချကောင်း, စာရေးကောင်းသောဆရာတော် ဖြစ်တော်မူလေသည်။

ကျမ်းဂန်များ ပြုစုခြင်း

ကျမ်းဂန်များစွာတို့ကို ပြုစုတော်မူခဲ့ရာ သိသမျှဖော်ပြရသော်-

၁။ ကစ္စာယနသံခိပ်ပါဠိ
၂။ ကစ္စာယနသံခိပ်နိဿယ
၃။ ပရိတ်ကြီးနိဿယ
၄။ နမက္ကာရပါဠိနိဿယ
၅။ အတွင်းအောင်ခြင်းနိဿယ
၆။ အပြင်အောင်ခြင်းနိဿယ
၇။ ရတနာရှေချိုင့်နိဿယ
၈။ သံဝေဂိယစာတမ်း
၉။ နေကျွမ်ဗျာသယိကစာတမ်း

၁၀။ ဂန္ဓာဘရဏာဒ္ဒီကာသစ်
၁၁။ ဆန်းလက်ာစု- စသည်တို့ ဖြစ်ကုန်၏။

ကစ္စာယနသံခိပ်ပါဠိနိသယ

ကစ္စည်းသဒ္ဒါကြီးကျမ်းမှာ အခြေပြုခြင်း မြင့်မားနေသည်။ သို့ဖြစ်၍ သဒ္ဒါကြီးမသင်ယူသေးမီ ရှေးဦးစွာ ကစ္စာယနသံခိပ်ကို သင်ယူရန် ရည်သန်၍ ကစ္စည်းသဒ္ဒါကြီးပါဠိကို အကျဉ်းချုပ်၍ ရေးသားတော်မူခဲ့လေသည်။ ကျမ်းဦးဌ်လည်း-

ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ ပူဇာရဟံ ဘိဝါဒိယ။
အတ္ထာယ မန္ဒသောတူနံ၊ ဝက္ခံ ကစ္စာယနသံခိပံ။

ဟူသော ရတနတ္တယပဏာမနှင့် ပဂရဏပယောဇဉ်ကို ဖော်ပြတော်မူခဲ့လေသည်။ ကဖန်-

ဘာလာဝတာရော ဘက္ကတိ၊ ဝုစ္စတိ ရူပသိဒ္ဓိ ရူ။
ဉာတိနျာသော နိဒ္ဒေသော၊ နာတိ ဝုစ္စတိ ဝဏ္ဏနာ။

မန္ဒလေးတိ ပုရေ ရမ္မေ၊ ဝိသုဒ္ဓါရာမနာမကေ။
ဝသတော နော အာစေရသ၊ ဂုရုတိ မတိ ဝုစ္စတိ။

ဟူသော ၂-ဂါထာဖြင့် ကျမ်း၏မှီရာနှင့် ၎င်းတို့၏ သင်္ကေတအမှာတို့ကို ဖော်ပြတော်မူခဲ့လေသည်။

ကစ္စာယနသံခိပ်ပါဠိ၏မှီရာ နိသယကိုလည်း ဆရာတော်ကိုယ်တိုင် ရေးသားတော်မူခဲ့ရာ ပဌမတွဲသာ ပြီးဆုံးခဲ့လေသည်။ ယင်းကစ္စာယနသံခိပ်နိသယမှာ အဓိပ္ပါယ်ရှုပ်တွက်ပုံတို့ဖြင့် စုံလင်စွာ တန်းဆာဆင်၍ ရေးသားသောကျမ်း ဖြစ်သည်။ ယင်းကစ္စာယနသံခိပ် ပဌမတွဲ၌-

တံ္ဂတာစရိယထေရေန၊ ရစိတော ယံ သုနိဋ္ဌိတော။
တိ, လတ်, ဒွေ တဖုသမာသေ၊ ဇုဏ္ဏပက္ခသ အဋ္ဌမေ။

တွံတာစရိယထေရေန= တွံတေးဆရာ မထေရ်ငါသည်။ ရစိ တော= ရေးသားပြုပြင် စီရင်အပ်သော။ အယံ ဂန္ဌော= ကစ္စာယန သံခိပ်နိဿယ အဓိပ္ပါယ်ရှုပ်တွက်ပုံ သုံးပါးစုံထုတ်သည့် ဤပဌမတွဲ ကျမ်းစာအုပ်သည်။ တိ, လတ်, ဒွေ တဖုဿမာသေ= ကောဇာခုနှစ် တွက်စစ်မာသ ထောင့်နှစ်ရာခုနစ် ဆယ့်သုံးခုနှစ် ပြာသိုလ၌။ ဇုဏ္ဏ ပက္ခဿ= သော်တာအရောင် ထွန်းပြောင်ထုံပ ဆန်းပက္ခ၏။ အဌမေ= ရှစ်ရက်မြောက်၌။ သုနိဋ္ဌတော= အောင်လံစိုက်ဆောက် ပြီးဆုံးခြင်းသို့ ရောက်သတည်း။

'ဗျာဓိပီ ဒုက္ခော' မိန့်ဟောအရ၊ အဗ္ဗတ္ထက၊ မျှားလှသီးသီး၊ ရောဂါကြီးထွေ၊ ထကြွနေ၍၊ အခြေမလှ၊ ကိုယ်ကာယဝယ်၊ ဒုက္ခဘိစီး၊ ဆင်းရဲကြီးကို၊ ခံပြီးနေရ၊ ခါကာလ၌၊ သိဿမျှားတို့၊ စာသင်ဖျိုတို့၊ ကပ်ခိုတောင်းပန်၊ ဝေးရပ်ဌာန်က၊ စာတမန်သ၊ တိုက်တွန်းလှ၍၊ ဒုက္ခ ခံခက်၊ ဆင်းရဲချက်ကို၊ ငဲ့ကွက်မထား၊ သေလိုကားသေ၊ စိတ်အနေဖြင့်၊ မျှားထွေနုနယ်၊ စာသင်ငယ်တို့ကို၊ ညှာတွယ်ထောက်ထား၊ ချစ်သနား လျှက်၊ ရေးသားမှီရာ၊ ဤသည့်စာသည်၊ သခ္ခ်ာနံပါတ်၊ မျှားလတ်သည့် တွက်၊ ဤတွင်ကွက်၍၊ တွဲဘက်ပထမ၊ ကဏ္ဍပြသည်၊ ကိုင်ရစာအုပ် ဘို့တည်း-ဟု နိဂုံးအုပ်တော်မူခဲ့လေသည်။

ယင်းလက်ဘိုဒ်ဖြင့်ပင်လည်း ဆရာတော်မည်မျှ သာသနာ စိတ်ကြီးမားကြောင်း သိနိုင်လေသည်။ ကစ္စာယနသံခိပ်နိဿယ ဒုတိယတွဲကို အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သပြေကန်ဆရာ တော်ဘုရားကြီးက ဆက်လက်ရေးသားတော်မူခဲ့လေသည်။

ပရိတ်ကြီးနိဿယ

ဆရာတော်သည် ပရိတ်ကြီးနိဿယကိုလည်း သက္ကရာဇ် ၁၂၇၃-ခုနှစ် နတ်တော်လဆန်း ၁၄-ရက်က အပြီးသတ်ရေးသား တော်မူခဲ့လေသည်။ ပရိတ်ကြီးနိဿယ ပရိတ်ရွတ်ပုံရွတ်နည်းနှင့်တကွ ဆိုင်ရာအဆုံးအဖြတ်မျှားလည်း ပါဝင်၏။ အနက်မျှားမှာလည်း သုခု

မာလတာဂုဏ်, ပသာဒဂုဏ်မြောက်အနက်များ ဖြစ်လေသည်။ ကျမ်းဦးဌာ-

ပရိတ္တဒေသကံ ဗုဒ္ဓံ၊ ဓမ္မဉ္စ တေန ဒေသိတံ။
သြရသံ တသ သံဃဉ္စ၊ နမသိတ္ဝာန သာဒရံ။
တံ့တေးပုရေ ဝသန္တေန၊ ဒန္တေန သမ္မစာရိနာ။
မောင်ဘိုးရှမ်းကျွတိ နာမေန၊ လိပိကာရေန ယာစိတော။
ပရိတ္တတ္ထံ လိခိဿာမိ၊ ပိတိပါမောဇ္ဇဝုနံ။
ဂရုနံ နယမာဒါယ၊ တံ မေ သုဏာထ သာဓဝေါ။

ဟူသော ၃-ဂါထာပါဠိ ၃-ဂါထာပါဠိနိဿယဖြင့် ရတနတ္တယပဏာမ, အဘိယာစက, ပဋ္ဌိညာဉ်စသည်တို့ကို ဖော်ပြ၍ ဂန္ဌာရမ္ဘပြုတော်မူခဲ့လေသည်။ ၎င်းနိဿယကို အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရာ ကရောင်း ၁၆-ချီး စာမျက်နှာ ၁၈၀-ခန့် ရှိလေသည်။

နမက္ကာရပါဠိနိဿယ

နမက္ကာရပါဠိ ဘုရားဂုဏ်တော်တို့ကို ဖွဲ့ဆိုရေးသားထားသည့် ဘုရားရှိခိုး ပါဠိကျမ်းစာကောင်း ဖြစ်လေသည်။ ၎င်းကျမ်းလာပါဠိများ ကျနစ္စာ အနက်ထင်ရန် မလွယ်လှချေ။ ဆရာတော်သည် နမက္ကာရကို လေ့လာသူတို့ နမက္ကာရပါဠိကို သဘောပေါက်နားလည်စေရန် ရည်သန်၍ နမက္ကာရပါဠိနိဿယကို ရေးသားတော်မူခဲ့ခြင်း ဖြစ်လေသည်။ ကျမ်းဦးဌာ-

ဝန္ဒနေယျံ ဘိဝန္ဒိတ္ဝာ၊ ဝန္ဒနတ္ထာယ သာဓုနံ။
နမက္ကာရတ္ထံ လိခိဿာမိ၊ တေန ဝန္ဒနမ္ပိ သာဓဝေါ။

ဟူသော ဂါထာပါဠိနိဿယဖြင့် ရတနတ္တယပဏာမ, ပဋ္ဌိညာဉ်, ဥယျောဇဉ်တို့ကို ဖော်ပြ၍ ဂန္ဌာရမ္ဘပြုတော်မူခဲ့လေသည်။

အပြင်အောင်ခြင်း အတွင်းအောင်ခြင်း ရတနာရွှေချို့ နိသယ

တွံတေးဆရာတော်အရှင်နာဂသည် အတွင်းအောင်ခြင်းနှင့်သယ, အပြင်အောင်ခြင်းနိသယကျမ်းများကို ဖတ်သူတို့ စိတ်လက်ရှင်ပြုံးစေနိုင်သော လင်္ကာနက်များဖြင့် ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦးဌ-

၁။ ဝတ္ထုတ္တယံ နမသိယ၊ ဗဟိအန္တဇယသတု။
ရတနာပဋ္ဌရသာပိ၊ လိခိသာမိ သုနိသယံ။

၂။ ဂန္ထတ္တယမိဒံ ဒေတိ၊ ဇနာနံ ဇယမင်္ဂလံ။
တသ္မာ ဧတံ သမိစ္ဆန္တာ၊ သပါဋ္ဌံ မေ သုဏန္တု တံ။

အဟံ= တွံတေးဆရာ မထေရ်ဂါသည်။ ဝတ္ထုတ္တယံ= သုံးတိုက်ဘုံသူ များဗိုလ်လူတို့ ကြည်ဖြူညွှတ်ပျောင်း ကိုးကွယ်ဆည်းကပ်ရာဖြစ်သော ရတနာသုံးပါးအပေါင်းကို။ နမသိယ= အဠလီတင်မိုးဦးညွှတ်ရှိခိုးပြီး၍။ ဗဟိအန္တဇယသတု= အပြင်အောင်ခြင်းရှစ်ပါး, အတွင်းအောင်ခြင်းရှစ်ပါး ပိုင်းခြားဝေဖန် ကျမ်းငယ်နှစ်တန်ဖြင့်လည်းကောင်း။ ရတနာပဋ္ဌရသတု= ရတနာရွှေချို့ဝတ်သုတ် ကျမ်းဂန်ငယ် ၈၁လည်းကောင်း။ သုနိသယံ= မှီရာအတ္ထ ကောင်းမြတ်သောနိသယကို။ လိခိသာမိ= ကာရန်ချောပြေ သဒ္ဒါနေမဖောက် ဆန်းမကောက်အောင် စောင့်ရှောက်ရေးသားပေအံ့။ ဣဒံ ဂန္ထတ္တယံ= ရွေးချယ်စုဆောင်း ဆရာမြတ်တို့စီမံထားသည့် ကျမ်းငယ်သုံးခုအပေါင်းသည်။ ဇနာနံ= သတ္တဝါတို့အား။ ဇယမင်္ဂလံ= အောင်မြင်နိုင်မှု ကောင်းမြတ်သော မင်္ဂလာဆုကို။ ဒေတိ= ပေးစွမ်းနိုင်၏။ တသ္မာ= ထို့ကြောင့်။ ဧတံ= ဤအောင်မြင်နိုင်မှု ကောင်းမြတ်သောမင်္ဂလာဆုကို။ သမိစ္ဆန္တာ= အလိုရှိသူ များဗိုလ်လူတို့သည်။ မေ= ငါ၏။ သပါဋ္ဌံ= သုတ်သင်ထုတ်ပြ ပါဠိနှင့်တကွသော။ တံ= ထိုမှီရာအတ္ထ ကောင်းမြတ်သောနိသယကို။ သုဏန္တု= နှလုံးအသဲ သက်လုံးစဲအောင် နာခံကြကုန်လော့။

ဟူသော ၂-ဂါထာပါဠိနိသယဖြင့် ဂန္ဓရမ္ဘာပြုတော်မူခဲ့လေသည်။ ယင်းကျမ်းငယ် ၃-ကျမ်းအဆုံးခ္ခ-

"ဇယသတ္တာ၊ ဒ္ဒိကျ၊ တွက်စစ်မာသ၊ ပဌမဝါဆို၊ လရောင်စုံ ပက္ခ၊ ဧက်ဒသမှာ၊ ရှစ်ဖြာအောင်ခြင်း၊ ပြင်,တွင်း,ရတနာ၊ ရွှေချိုင့်စာ၏၊ မှိုရာအတ္ထ၊ နိသယသုံး၊ ရေးစီကုံး၍၊ ပြီးဆုံးအောင်မြင်၊ အောင်ပွဲဝင်သည်၊ လူရှင်အောင်ဆု၊ ယူကြောင်းတည်း"။

သံဝေဂိယစာတမ်း

ရဟန်းရှင်လူတို့ အမှတ်တမဲ့မနေပဲ မရဏာသတိဘာဝနာ ပွားများဆင်ခြင်ရန် သမ္မာဆန္ဒတော်ဖြင့် သံဝေဂိယစာတမ်းကို ပြုစီရင်တော်မူခဲ့လေသည်။

ယင်းစာတမ်းမှာ သူတော်စင်တို့ မမေ့မလျော့ မပျေါ်မဆပဲ ပွားများသင့်သော စာတမ်းဖြစ်သည်။ သို့ဖြစ်၍ အစအဆုံးဆင်ခြင်ပွားများနိုင်ရန် ဤသာသနာဝင်ကျမ်းခ္ခ ဖော်ပြအပ်ပါသည်။

မရဏာသတိသံယုတ္တာ၊ ကထာဟိ အတိဒုလ္လဘာ။
တသ္မာ သပ္ပုရိသာ တုမ္ဟေ၊ စိတ္တီကတ္တာ သုဏာထ မေ။

ဘောန္တော= အို. . . ပရိသတ်အပေါင်း စည်းဝေးလာရောက်ကြသော သူတော်ကောင်းတို့။ လောကေ= ဖြစ်၍မစဲ တဖွဲဖွဲသေ အထွေထွေဘယ ပူပင်ဆင်းရဲဘို့ရာပေါလှသော ဤလောကကြီးထဲ၌။ မရဏာသတိသံယုတ္တာ= ဇီဝိန်ချုပ်ကင်း သေရခြင်းကို ထင်လင်းစိတ်တွင် အောက်မေ့မြော်မြင်သော . သတိနှင့်စပ်ယှဉ်သော။ ကထာ= တရားစကားသည်။ ဟိ-ယသ္မာ= အကြင်ကြောင့်။ အတိဒုလ္လဘာ= ကမ္ဘာအသခ္ခေ့် လွန်သွားလေသော်လည်း စိတ်နေမအား သံသရာဒီရေမှာ မျှောပါ၍ လိုက်စားကာမဂုဏ် အဖုံဖုံဒုက္ခ တွေ့ကြုံနေရသဖြင့် အလွန်ပင်ရခဲလှသော အတိဒုလ္လဘတရားကြီးပေတည်း။ တသ္မာ= ထိုသို့ပိုင်းခြား အလွန်ရခဲလှသော အတိဒုလ္လဘတရားကြီး

ဖြစ်လေသောကြောင့်။ သပ္ပုရိသာ= သံသရာရေး မြော်တွေးသိမြင်သူတော်စင်ဖြစ်ကြကုန်သော။ တုမ္မေ= ညီညာဖြဖြ စည်းဝေးလာရောက်ကြသူ ဗိုလ်လူခပင်း သင်မိတ်ဆွေရင်းတို့သည်။ မေ-မမ= ငါ၏။ ဝုစ္စမာနံ= ဆိုလတ္တံ့သော မရဏာသတိ သံယုတ္တစကား အလွန်ရခဲလှသော အတိဒုလ္လဘတရားကြီးကို။ စိတ္တီကတ္တာ= ရိုသေသမှု ကောင်းကောင်းကြီး အာရုံပြုကြကုန်၍။ သုဏာထ= နာယူကြကုန်လော့။

အယံ လောကော ဒိဝေါ ရတ္တိ၊ အဋ္ဌိနာ ပရိဒယ္ဟတိ။
တသ္မာ ဣဒ ဝသန္တေဟိ၊ အလမေဝ ဝိရဇ္ဈိတုံ။

အယံ လောကော= များစွာသောင်းသောင်း လောကဓာတ်ဘုံကြီး၌နေကြသော ဤသတ္တဝါအပေါင်းကို။ ဒိဝေါရတ္တိ= နေ့ရောညဉ့်ပါ ဘယ်ခါမလပ်။ အဋ္ဌိနာ= ဆွေးမြေအိုမင်း ရင့်ရော်ကြရခြင်း တည်းဟူသော ဇရာဝိပရိဏာမမီး, ပျက်စီးကွယ်ပ သေပျောက်ကြရခြင်းတည်းဟူသော မရဏဝိပရိဏာမ မီးကြီးသည်။ ပရိဒယ္ဟတိ= ထိန်ထိန်ပြောင်ပြောင် တောက်လောင်အပ်၏။ တသ္မာ= ထိုသို့နေ့ရောညဉ့်ပါ ဘယ်ခါမလပ် ဝိပရိဏာမမီး လောင်အပ်သည်၏အဖြစ်ကြောင့်။ ဣဒ= ဤလောကကြီး၌။ ဝသန္တေဟိ= နေထိုင်ကြရကုန်သော လူရောနတ်ပါ ဗြဟ္မာအကုန် အလုံးစုံသော သတ္တဝါဟူသမျှတို့သည်။ ဝိရဇ္ဈိတုံ= ထိုထိုအာရုံ ကာမဂုဏ်၌ ခင်စုံတပ်စွန်းခြင်းမရှိ ပျင်းရိမှိုင်းမှေ့ငြီးငွေ့ခြင်းငှာ။ အလမေဝ= သင့်လျော်လှတော့သည်သာလျှင်တည်း။

ဤသို့လာရှိ ဂါထာပါဠိနှင့်အညီ ဆုံလည်သောနွားရဟတ်ချားသို့ ပြေးသွားနေရ ဤလောကဓာတ်ဘုံကြီး၌ ရှိကြသော သတ္တဝါဟူသမျှကို နေ့ညမစဲ တလောင်ထဲလောင်နေသော မရဏဝိပရိဏာမ မီးကြီးကြောင့် အသီးအသီးသော ရှေးသူတော်ဟောင်း မိဖဘုရားကာ ဆရာသမားစသောသူ အပေါင်းတို့လည်း အကြောင်းအားလျော်စွာ ဓမ္မသစ္စာရ သေမင်းနိုင်ငံသို့ လိုက်ရလေကုန်ပြီ။

ထီးရှင်နန်းရှင် တိုင်းနိုင်ငံကြီး၏သခင် ဘုရင်မင်းမြတ်မင်းတုန်းမင်း သမုတိနတ်ကြီးများတောင် အခေါင်ဓိပတိ တုမရှိနန်း

စည်းစိမ် တရှိန်ရှိန်တက်တိုးသော ဘုန်းတန်ခိုးအာဏာ ကြင်ယာတော်မြောက်များ ရဲမက်သားဗိုလ်ပုံ အလုံးစုံရှိသမျှ တစမကျန် မိမိခန္ဓာကိုယ်ပါ ပယ်လှန်စွန့်ချ၍ လွမ်းတမပြေ အောက်မေ့ငဲ့ကွက်သော စိတ်အနေနှင့်ပင် ငြင်းသွေမရ လောကစဉ်လာ ဓမ္မတာဘက် သေမင်းလက်သို့ လိုက်ရလေပြီ။

ရှေးရှေးစဉ်လာ အာဏာတန်ခိုး ထက်တိုးကြီးမား အလွန်ထင်ရှားကျော်စောသော တိုင်းနိုင်ငံသားအရှင် ဘုရင်ထီးဆောင် အသခ်ေါ်အနန္တမျှသော မင်းအပေါင်းတို့သည်လည်း အကြောင်းကံဟုန်စွမ်းသတ္တိကုန်ကြသဖြင့် အလုံးစုံပျက်ပြား ဘယ်ဟာတစ်ခုမှ အကြွင်းမထားခဲ့ပဲ အများဓမ္မတာ သွားရာဌာန သေမင်းနိုင်ငံသို့ ရောက်ကြလေကုန်ပြီ။

တောင်ဇမ္ဗူမက လေးကျွန်းလုံးပိုင်သသော စတုဒ္ဒီပိကသခင်မန္ဓာတု မဟာဒဿန-စသော အလောင်းတော်စကြာ ဘုရင်ကြီးများလည်း တုမမြင် ဖက်မရ ရွှေနန်းမရိပ်ငြိမ် ကြီးမားသောမင်းစည်းစိမ်ကို တထိန်ထိန်ခံစားလျက် အသက်အသခ်ေါ်ပင်ကြာအောင် နေရငြားသော်လည်း တရားသခ်ါရ ဘိဇနနယ် လွှဖယ်မရ ဓမ္မတာသဘာဝကြောင့် မရဏာမီး ဖိစီးနှိပ်စက် လောင်ကျွမ်း၍ ပျက်တော်မူကြလေကုန်ပြီ။

ဂဂ်ါဝါလု သဲစုလုံးရေ ပွင့်တော်မူကြပေသော ပရမေသုံးလူ့သဗ္ဗညုဘဂဝါ သမ္မာသမ္ဗုဒ္ဓ အတုလဘုန်းခေါင် ငါးမာရ်အောင်စောထီး ဘုရားကိုယ်တော်မြတ်ကြီးလည်း အသီးသီးသောသာဝကအခြံအရံ ကိုယ်စီကိုယ်ဌာနှင့်တကွ မရဏာမီး ဖိစီးနှိပ်စက် လောင်ကျွမ်း၍ ပျက်တော်မူကြလေကုန်ပြီ။

လူနတ်ဗြဟ္မာ သတ္တဝါအသီးသီး နေထိုင်ရာဖြစ်သော ဤလောကဓာတ်ဘုံကြီးဝယ် မရဏာမီးလောင်မြိုက်၍ တစ်နေ့တစ်နေ့ သေလိုက်ရသည့်သတ္တဝါတွေ လူ့ပြည်မှာလည်းအနန္တ နတ်ပြည်မှာလည်းအနန္တ ဗြဟ္မာ့ပြည်မှာလည်းအနန္တ သုံးလောကစလုံး ဘယ်အချိန် ဘယ်ကာလမှ သေလက်စမကုန်ပဲ တအုန်းအုန်းတထိတ်ထိတ် တရှိန်

ရှိန် တပြောင်ပြောင် တောက်လောင်မစဲ တသေထဲသေ သတ္တဝါအနန္တ သေဆုံး၍ နေကြရကုန်၏။

ရှေးကုသိုလ်ကံဟုန် စွမ်းသတ္တိမကုန်သေး၍ ပြဟ္မာ့ဘုံ နတ်ပြည် လူ့ရပ်မြေတို့၌ ကျန်နေယခု ပုပ္ပ၌ရှ ရှိသမျှဥဿုံ အလုံးစုံ သခ်ီရ သတ္တဝါဟူသမျှတို့လည်း မုချဆက်ဆက် မရဏာမီးလောင်ဖျက် ၍ အသက်ခန္ဓာ ယူစရာမရ ဘရမ်းဘရာကြီးပင် ပျက်ကြရကုန် လတ္တံ့။

သီဘူးသမျှ မြင်ဘူးသမျှ အတူတကွ သွားလာစားသောက် ဘူးသမျှ သဟာယမိတ်ဆွေ အတူနေဘူတိ စရှိသောင်းသောင်း သူအပေါင်းကို ခိုအောင်းပြီးခါ ဆိပ်ငြိမ်ရာ၌ ကောင်းစွာစေ့ဝှ ရှာထဲ ရပ်ထဲမှာ လိုက်၍ရှာသော် နာမူအရပ်ရပ် အိုမူအထပ်ထပ် ကိုယ်စီ ကိုယ်ဌ ဆင်းရဲနှိပ်စက်အပ်သည်ဖြစ်၍ နောက်ထပ်မပေါ် ရှုမျှော်မရ သေကြေပျက်စီးကြသောသူတို့ကား ဒိဋ္ဌမျက်မြင် အပုံကြီးပင် ရှိကြ ချေပြီ။

မဟာပုညာတိ လောကသ္မိံ၊ ဝိသုတာ ဇောတိကာဒယော။
သဗ္ဗေ မရဏမာပန္နာ၊ မာဒိသေသု ကထာဝ ကာ။

မဟာပုညာတိ= ဘုန်းကံတေဇာ လွန်စွာကြီးမားကုန်၏ဟူ၍။ လောကသ္မိံ= လူ့ရှာလောကဓာတ် ထက်ဝန်းကျင်အရပ်၌။ ဝိသုတာ= ကြေညာပျံ့သင်း ထင်ရှားကျော်စောသော ဂုဏ်သတင်းရှိကုန်သော။ ဇောတိကာဒယော= ဇောတိက ဇဋ္ဌိလအစရှိကုန်သော။ သဗ္ဗေ= ကြွင်းမဲ့ဥဿုံ အလုံးစုံသော သူဌေးကြီးတို့သည်။ မရဏံ= ဇီဝိန်ပြတ် ကင်း ဌေပျောက်ခြင်းသို့။ အာပန္နာ= ရောက်ကြလေကုန်ပြီ။ မာဒိ သေသု= ဘုန်းကံချာချာ ငါသို့သောသူတို့၌။ ကထာဝ= ဆိုဘွယ်ရာ စကားသည်ပင်လျှင်။ ကာ= အဘယ်မှာ ရှိချေတော့အံ့နည်း။

ဝါသုဒေဝါဒယော ထာမ၊ ဗလူပေတာတိ ဝိဿုတာ။
ဧတေပိ မရဏံ ယာ တာ၊ မာဒိသေသု ကထာဝ ကာ။

ထာမဗလူပေတာတိ= လုံ့လစွမ်းပကား ခွန်အားဗလနှင့် ပြည့်စုံကုန်စွဟူ၍။ လောကသို့= လူရွာလောကဓာတ် ထက်ဝန်းကျင် အရပ်၌။ ဝိဿုတာ= ကြေညာပျံ့သင်း ထင်ရှားကျော်စောသော ဂုဏ်သတင်းရှိကုန်သော။ ဝါသုဒေဝါဒယော= ဝါသုဒေဝ ဗလဒေဝ အစရှိကုန်သော။ ဧတေပိ= ခိုမာန်စွယ်ထန်ဟီး သူကောင်းသူရဲကြီး တို့သည်လည်း။ မရဏံ= ဇီဝိန်ပျက်ကင်း သေပျောက်ခြင်းသို့။ ယာတာ= ရောက်ကြလေကုန်ပြီ။ မာဒိသေသု= လုံ့လစွမ်းပကား ခွန်အားချာချ။ ငါသို့သောသူတို့၌။ ကထာဝ= ဆိုဘွယ်ရာစကားသည် ပင်လျှင်။ ကာ= ဘယ်မှာရှိချေတော့အံ့နည်း။

မဟာယသာ ရာဇဝရာ၊ မဟာသမ္မတအာဒယော။
တေပိ မစ္စုဝသံ ပတ္တာ၊ မာဒိသေသု ကထာဝ ကာ။

မဟာယသာ= ကြီးကျယ်ခမ်းနား များပြားသောစည်းစိမ်အခြံ အရံရှိကုန်သော။ မဟာသမ္မတအာဒယော= လူတို့သနင်း မဟာ သမ္မတမင်း အစရှိကုန်သော။ ယေ ရာဇဝရာ= အကြင်မင်းကောင်း မင်းမြတ်တို့သည်လည်း။ သန္တိ= ရှိကုန်၏။ တေပိ= ထိုစည်းစိမ်ကြီးများ ခြွေရံများထက် မဟာသမ္မတအစရှိသော မင်းကောင်းမင်းမြတ်တို့ သည်လည်း။ မစ္စုဝသံ= သေမင်းစီမံ သူနှိုင်ငံသို့။ ပတ္တာ= ရောက်ရ လေကုန်ပြီ။ မာဒိသေသု= ခြွေရံစည်းစိမ် ဖျင်းသိမ်ချာချာ ငါသို့သော သူတို့၌။ ကထာဝ= ဆိုဘွယ်ရာစကားသည်ပင်လျှင်။ ကာ= အဘယ် မှာရှိချေတော့အံ့နည်း။

ပါဒဂုံဠကမတ္တေန၊ ဝေဇယန္တမကမ္ပတိ။
ယော နာမိဒ္ဓိမတံ သေဋ္ဌော၊ ဒုတိယော အဂ္ဂသာဝကော။
သောပိ မစ္စုမုခံ ယောရံ၊ မိဂေါသိဟမုခံ ယထာ။
ပဝိဋ္ဌော သဟ ဣဒ္ဓိဟိ၊ မာဒိသေသု ကထာဝ ကာ။

ဣဒ္ဓိမတံ= တန်ခိုးရှိကြ ခပ်သိမ်းသောသာဝကတို့တွင်။ သေဋ္ဌော= လွန်ကဲထူးမြတ် ချီးမွမ်းအပ်တော်မူထသော။ ဒုတိယော= နှစ်ဆူမြောက်ထံ ရာထူးခံ၍ လက်ဝဲရံဖြစ်တော်မူထသော။ ယော နာမအဂ္ဂသာဝကော= အကြင်မောဂ္ဂလာန်ဟု ကျော်ဝှန်းသည်းလတ် တပည့်မြတ်သည်။ ပါဒဂုံဌကမတ္တေန= ခြေမတော်မျှဖြင့်။ ဝေဇယန္တံ= ယူဇနာတထောင် မြင့်ခေါင်ကြီးမား သိကြားဝေဇယန် နတ်ဗိမာန်ကို။ အကမ္မယိ= တုန်လှုပ်စေပြီ။ သောပိ= ထိုသို့ကြီးမား တန်ခိုးအားဖြင့် ထင်ရှားကျော်လတ် အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည်လည်း။ မိဂေါ= သားသမင်းသည်။ သီဟမုခံ= ခြင်္သေ့ခံတွင်းသို့။ ပဝိသတိ ယထာ= ဝင်ရသကဲ့သို့။ ဣဒ္ဓိဟိ= တန်ခိုးတေဇော် အာနုဘော်တို့နှင့်။ သဟ= အတူတကွ။ ယောရံ= ပြင်းထန်ကြမ်းတမ်းလှစွာသော။ မစ္စု မုခံ= သေမင်းခံတွင်းသို့။ ပဝိဋ္ဌော= ဝင်တော်မူရလေပြီ။ မာဒိသေသု= တန်ခိုးမဲ့၍ နော်နဲ့ချာချူ ငါသို့သောသူတို့၌။ ကထာဝ= ဆိုဘွယ်ရာ စကားသည်ပင်လျှင်။ ကာ= အဘယ်မှာရှိချေတော့အုံ့နည်း။

လောကနာထံ ထပေတ္တာန၊ ယေ အညေ သန္တိ ပါဏိနော။
ပညာယ သာရိပုတ္တသ၊ ကလံ နာဂ္ဃတိ သောဠသိံ။

ဧဝံနာမ မဟာပညော၊ ပထမော အဂ္ဂသာဝကော။
မရဏသ ဝသံ ပတ္တော၊ မာဒိသေသု ကထာဝ ကာ။

လောကနာထံ= မြတ်စွာဘုရားကို။ ထပေတ္တာန= ချန်ထား၍။ အညေ= ဘုရားမှတပါးကုန်သော။ ယေ ပါဏိနော= အကြင်သတ္တဝါ တို့သည်။ သန္တိ= ရှိကုန်၏။ တေသံ= ထိုကြွင်းမဲ့ညီသုံ အလုံးစုံသော သတ္တဝါတို့၏။ ပညာ= ရှိသမျှသိမ်းခြုံ အလုံးစုံသောပညာသည်။ သာရိပုတ္တသ= သာရိပုတ္တရာ ကြေညာထင်ပေါ် မထေရ်ကျော်၏။ ပညာယ= ပညာတော်၏။ သောဠသိံ ကလံ= နှစ်ရာ့ငါးဆယ့်ခြောက် စိပ် စိပ်၍ တစ်စိပ်သောအဘို့တို့ကို။ နာဂ္ဃတိ= မမှီမထိုက်။ ဧဝံ နာမ မဟာပညော= ဤသို့စပ်လောက် မြင့်မောက်ကြီးမား

ထူးခြားသောပညာရှိတော်မူသော။ ပထမမှာ= ရှေးဦးရပ်ထံ ရာထူးခံ၍ လက်ျာရံဖြစ်တော်မူသော။ အဂ္ဂသာဝကော= သာရိပုတ္တရာကြေညာထင်ပေါ် ပညာကျော်လတ် တပည့်မြတ်သည်။ မရဏသမ= ဝိညာဉ်ဖြတ်ခွင်း ရှင်သေမင်း၏။ ဝသံ= အလိုနှိုင်ငံသို့။ ပတ္တော= ရောက်တော်မူရချေပြီ။ မာဒိသေသု= ဉာဏ်မဲ့ချာချ။ ငါသို့သောသူတို့၌။ ကထာဝ= ဆိုဘွယ်ရာစကားသည်ပင်လျှင်။ ကာ= အဘယ်မှာရှိချေတော့အံ့နည်း။

တံ တံ နိမိတ္တမာဂမ္မ၊ ဝိမံသန္ဓာ မဟေသယော။
သယမ္ဘူဉာဏတေဇေန၊ ယေ ပတ္တာ အာသဝက္ခယံ။
ဧကစ္စရိယနိဝါသေန၊ ခဂ္ဂသိင်္ဂသမူပမာ။
တေပိ နာတိဂတာ မစ္စုံ၊ မာဒိသေသု ကထာဝ ကာ။

မဟေသယော= သီလကွန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာဖွေ လေ့ကျက်တော်မူပြီးသော အလေ့ရှိကုန်သော။ ယေ ပစ္စေကဗုဒ္ဓါ= အကြင်သီးသန့်ခြားနား ဘုရားပစ္စေကဗုဒ္ဓါ အရိယာအရှင်မြတ်တို့သည်။ တံ တံ နိမိတ္တံ= ထိုထိုလက်ကောက်နှစ်ဆင့်၏ ထိခိုက်ခြင်း ဝါးမျစ်၏ မထစ်မငြိပေါက်ရောက်ခြင်း စသောအကြောင်းကို။ အာဂမ္မ= စွဲ၍။ ဝိမံသန္ဓာ= ဖြစ်, နစ်, ပဝတ္တိ နိဝတ္တိတို့ကို နှိုင်းညှိစုံစမ်းကုန်လျက်။ သယမ္ဘူဉာဏတေဇေန= ပရတောယောသမ-မ မကူ သယမ္ဘူဉာဏ်စွမ်းဖြင့်။ အာသဝက္ခယံ= အာသဝေါခပင်းကုန်ခမ်းခြင်းသို့။ ပတ္တာ= ရောက်တော်မူလေကုန်ပြီ။ ဧကစရိယ-နိဝါသေန= တစ်ယောက်အထီးတည်းနေခြင်းဖြင့်။ ခဂ္ဂသိင်္ဂသမူပမာ= ကြံ့ချိုနှင့်မူ တူသောဥပမာရှိတော်မူကြကုန်၏။ တေပိ= ထိုသီးသန့်ခြားနား ဘုရားပစ္စေကဗုဒ္ဓါ အရိယာအရှင်မြတ်တို့သည်လည်း။ မစ္စုံ= ဇီဝိန်ဖြတ်ခွင်း ရှင်သေမင်းကို။ နာတိဂတာ= လွန်တော်မမူနိုင်ကြကုန်။ မာဒိသေသု= ပစ္စေကဗောဓိဉာဏ်နှင့် ဝေးလံချာချ။ ငါသို့သောသူတို့၌။ ကထာဝ= ဆိုဘွယ်ရာစကားသည်ပင်လျှင်။ ကာ= အဘယ်မှာရှိချေတော့အံ့နည်း။

ပရိပုဏ္ဏရူပမမ္မော၊ မဟာပုညာဒိပါရဂေါ။
ဇိနော မစ္စုနိပါတေန၊ အဂ္ဂိက္ခန္ဓောဝ သမ္မသိ။
ဧဝံ မဟာနုဘာဝဿ၊ ယံ နာမေတံ မဟေသိနော။
နဘယေန နလဇ္ဇာယ၊ မရဏံ ဝသမာဂတံ။
နိလ္လဇ္ဇံ ဝိတသာရဇ္ဇံ၊ သဗ္ဗသတ္တာဘိမဒ္ဒနံ။
တယိဒံ မာဒိသံ သတ္တံ၊ ကထံ နာဘိဘဝိဿတိ။

ပရိပုဏ္ဏရူပမမ္မော= တမ္မ, နခ, သုပ္ပတိဋ္ဌိတ, ပါဒ စသည် သွယ်သွယ် လက္ခဏာတော်ကြီးငယ်တို့ဖြင့် ဆန်းကြယ်သောရူပကာယ သီလက္ခန္ဓ စသည်များစွာ ဂုဏ်ရတနာတို့နှင့်ပြည့်စုံသော ဓမ္မကာယ ရှိသည်ဖြစ်၍ ဝန်းကျင်ပတ်ခြုံ ပြည့်စုံသောရူပကာယ ဓမ္မကာယ ရှိတော်မူထသော။ မဟာပုညာဒိပါရဂေါ= ပုညမဟတ္တ စသည်တို့၏ ကမ်းတဘက်သို့ ရောက်တော်မူထသော။ ဇိနော= ငါးမာရ်လွှင့်ခြွေ အစိန္တေယျော် သုံးလူမော်သည်။ မစ္စုနိပါတေန= သေခြင်းဟူထ မိုးရေပေါက်ဈသဖြင့်။ အဂ္ဂိက္ခန္ဓောဝ= မီးပုံကြီးကဲ့သို့။ သမ္မတိ= နိဗ္ဗာန်ယူသိမ်း ငြိမ်းတော်မူရလေပြီ။ ယံ နာမ မရဏံ= အကြင် သေခြင်းတရားမည်သည်။ ဧဝံ မဟာနုဘာဝဿ= သို့စင်ပြီးမော် အာနုဘော်ရှိတော်မူသော။ မဟေသိနော= မြတ်စွာဘုရား၏။ ဝသံ= အလိုနှိုင်ငံသို့။ ဘယေန= ကြောက်သဖြင့်မူလည်း။ နာဂတံ= မလိုက်ပလေ။ လဇ္ဇာယ= ရှက်သဖြင့်မူလည်း။ နာဂတံ= မလိုက် ပလေ။ နိလ္လဇ္ဇံ= ရှက်ရွံ့ခြင်းမရှိသော။ ဝိတသာရဇ္ဇံ= ကြောက်လန့် ခြင်းကင်းသော။ သဗ္ဗသတ္တာဘိမဒ္ဒနံ= လူနတ်ပြဟ္မာ သတ္တဝါခပင်းကို နှိပ်နင်းဖျက်ဆီးတတ်သော။ တယိဒံ-တံ ဣဒံ မရဏံ= ထိုသေမင်း သည်။ မာဒိသံ သတ္တံ= ငါသို့ချုံချာ သတ္တဝါကို။ ကထံ နာဘိ-ဘဝိဿတိ= ဘယ်ကြောင့် ဘယ်ဟာ ဘယ်ခြင်းရာဖြင့် ရှောင်ခွါသွေလွဲ မနှိပ်စက်ပဲ နေလိမ့်မည်နည်း။ အဘိဘဝိဿတိ ဧဝ= ဧကန်မျှော်ကိုး နှိပ်စက်လွှမ်းမိုးလတ္တံ့သည်သာလျှင်တည်း။

အပ္ပမာယုမနုဿာနံ၊ ဟီဠေယျနံ သုပေါရိသော။
စရေယျာဒိတ္တသိသောဝ၊ နတ္ထိ မစ္စုဿ နာဂမော။

မနုဿာနံ= ယခုလိုလူ ဆုတ်ကပ်သူတို့၏။ အာယု= သက်တမ်းသည်။ အပ္ပံ= နည်းပါးလှချေ၏။ သုပေါရိသော= သိမြင်ကျိုးကြောင်း သူတော်ကောင်းသည်။ နံ= ထိုအသက်ကို။ ဟီဠေယျ= ကဲ့ရဲ့ရှုတ်ချရာ၏။ အာဒိတ္တသိသော ဣဝ= ဦးခေါင်းဦးသျှောင် မီးလောင်သောသူကဲ့သို့။ စရေယျ= သုစရိုက်ကို တန့်ခိုက်မနား အားထုတ်ကျင့်သုံးရာ၏။ မစ္စုဿ= ဇီဝိန်ဖြတ်ခွင်း မရဏာမင်း၏။ နာဂ-မော= မရောက်မလာရာ သတ္တဝါမည်သည်။ နတ္ထိ= မရှိချေ။

မသေမီကာလ နေရသည့်ခဏာမှာ မိဘသေဆုံး သားသမီးဆွေမျိုး ဉာတိပျက်ပြုန်း၍ ပူလုံးကြီးစွာ ထောက်တည်ရာမရ ငိုကြွေးမြည်တမ်းခဲ့ရသော ဒုက္ခလည်း အနမတဂ္ဂသံသရာနှင့်အမျှ မရေတွက်မပိုင်းခြားနိုင်အောင်ပင် မျှားလှချေပြီ။

ဖြစ်လေရာရာ သံသရာခရီး ပြင်ကျယ်ကြီးဝယ် ခိုမှီးနေကြသတ္တဝါအနန္တတို့တွင် မိဘသားချင်း ဆွေရင်းပေါက်ဖော် မတော်ဘူးကြ သူစိမ်းပြင်ပဟူ၍လည်းမရှိ၊ ရောက်မိရောက်ရာ တော်မိတော်ရာ စပ်သွယ်ကာဖြင့် ရံခါခေတ္တ တွေ့ကြုံပေါင်းဆုံမိကြသည်ဖြစ်၍ ခဏမကြာ ဘရမ်းဘတာကွဲပြား သစ်ပင်မှသစ်ရွက်တွေ လွင့်ပါသလို သူတခြား ငါတဖုံ ပေါင်းဆုံမရ ကံစီမံရာဖြစ်ကြရ၍ ဘဝတမလွန် ခန္ဓာဝန်လွှဲပြောင်း အမိသစ် အဘသစ်တို့နှင့် တဘန်ဆုံပေါင်း၍ မိဘဟောင်းဉာတိ ဘယ်သားချင်းပေါက်ဘော် တစ်ယောက်ကိုမှ သတိမရပဲ အသေအလဲ တွေ့ရာလွန်စွာ စုံမက် ငဲ့ကွက်ခင်တွယ် ကြောင့်ကြဘွယ်အမျိုးမျိုး ပွားတိုးတဘန် ဖြစ်ရပြန်သည့် အတန်တန်အဝဝ ဘေးဘယတွေ နဒီရေသို့ မျက်ရည်ယိုစီး ချုပ်တည်းမရ ငိုကြွေးပူပင်ရသော ပရိဒေဝဖြင့် ချစ်လက်စမတုန်း တစ်မျိုးလုံးတစ်ဆွေလုံး ပျက်ပြုန်းပြာကျ ဘရမ်းဘတာကွဲပြားရသည့် ဘေးဒုက္ခတွေ အသခ်ေ့ အနန္တ သို့ကလောက်ပင် မျှားလှချေပြီ။

ဝတ်ရေးစားရေး သားမယားမိဘ သားချင်းပေါက်ဖော်စသည်တို့ကို ကျွေးမွေးရေးနှင့် ကူးပြေးရောင်းဝယ် ယာလယ်ခုတ်ထွင် ပြုပြင်စွာလာ မင်းမှာခယ အထူးထူးအထွေထွေ ကြံစည်အားထုတ်ရသည့် အမှုကိစ္စနှင့် ဘေးဘယရှုတ်ပွေ အခြေမလှ ကြံစည်အားထုတ်လိုက်တိုင်း ဟန်မရ၍ စိတ်သောကခက်ထန် ပူပန်ဆင်းရဲဝမ်းနည်းကိုယ်ကြေ အထွေထွေဒုက္ခ ခံစားတွေ့ကြုံခဲ့ရသော ဘဝတို့မှာ ပြောစရာမရ ကျင်လည်ပြေးသွားခဲ့ရသော သံသရာကာလနှင့် အမျှပင် မရှိချေပြီ။

အဟော ဒုက္ခာဝ သန္တီမ၊ မယံ စိတ္တာဝသာနုဂါ။
တသ္မာ နိဂ္ဂယှ တံ စိတ္တံ၊ ဓမ္မံဝ စရိတုံ အလံ။

ဣဓ= ဤလောကကြီးထဲ၌။ ဝသန္တာ= နေထိုင်ကြရကုန်သော။ မယံ= ငါတို့သည်။ စိတ္တာဝသာနုဂါ= စိတ်အလိုကျ လိုက်စားရကုန်သောကြောင့်။ အဟော ဒုက္ခာ= ဩော်. . . ဆင်းရဲကုန်စွတကား။ တသ္မာ= ထိုသို့ စိတ်အလိုကြိုက် ကာမနောက်သို့လိုက်က အမိုက်ဒုက္ခ တွေ့ကြုံ ခံစားရသည်၏အဖြစ်ကြောင့်။ တံ စိတ္တံ= ထိုထိုအာရုံကာမဂုဏ်၌ ခင်စုံလိုက်စား အလိုမပြည့်နိုင်သော ထိုစိတ်ယုတ်စိတ်မှားကို။ နိဂ္ဂယှ= နှိပ်ကွပ်ပယ်ရှား၍။ ဓမ္မံဝ= သူတော်တရားကို သာလျှင်။ စရိတုံ= ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းငှာ။ အလံ= သင့်လျော်လျောက်ပတ် ကောင်းမြတ်လှပေ၏။

ဤသို့မိန့်မှာ ပါဠိဂါထာအရ ဘဝတိုင်းဘဝတိုင်း သေကြေပျက်စီးကြသည့် ဘေးဘယနှင့် စိတ်သောကအတန်တန် ဆင်းရဲဒုက္ခအပြန်ပြန်တို့ကို အဘန်ဘန်တွေးဆ တရေးရေးထင်မြင်ကြ၍ ဤလောကရပ်မြေ သံသရာဒီရေဝယ် နေချင်စဘွယ်မရှိ ဘေးအတိပြွမ်းကြောက်ဘွယ်ရာစခန်းကြီးပါတကားဟု စိတ်ထားမြော်မြင် ဆင်ခြင်မှိုင်းမှေ့ နေ့စဉ်မပြတ် ငြီးငွေ့လျက် ဘေးမတွေ့ ရန်မကပ် လောကီချမ်းသာဟူသမျှတို့ထက် ကဲလွန်ထူးမြတ်သော အောင်ရပ်သောင်ဌေ သီတဂူအမတ အဘယခေမာ ကမ်းတဘက်နိဗ္ဗာန်သို့ ဆောလျင်စွာ

ရောက်ကြောင်း သူတော်ကောင်းတရား ဒါနသီလစသော ကုသိုလ်များကို ကြိုးစားအားထုတ် နေ့စဉ်မပြတ် ပြုလုပ်ကြရန် စိမ်ဆော်နှိုးလိုက်သည် အကျိုးမြော်မြင် သမ္မာဇဉ်ခိုအောင်း သူတော်ကောင်းတို့။

နေကွမ္ဘာသယိကစာတမ်း

ဘုရားဇိနော် အလောင်းတော်ဇနက တောထွက်ရန်ကြံစည်ရွတ်ဆိုသည့်ဂါထာများကို သာယာနာပျော်ဖွယ်ရှိအောင် အနက်မြန်မာပြန်ဆိုကာ နိုက္ခမ္မဗျာသယိကစာတမ်း အမည်ဖြင့်လည်း ကျမ်းငယ်တကျမ်း ပြုစီရင်တော်မူလေသည်။ ကျမ်း၏အဆုံးဌ-

တွံတေးဂ္ဂတိ ပုရေ ရမ္မေ၊ ကျောင်းသစ်တိ နာမဝိသုတေ။
ဝသတာ နာဂထေရေန၊ ရစိတောယံ သုနိဋ္ဌိတော။

ဂါထာ ယင်းဂါထာနိဿယဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

ဆန်းလက်ာစု

ဆရာတော်မှာ ကျန်းမာရေးညံ့တော်မူလှသည်ဟု သိရ၏။ ကျမ်းဂန်များ ရေးသားတော်မူခဲ့သော်လည်း ကျန်းမာလှ၍ မဟုတ်ပေ။ သာသနာတော်အတွက် အကျိုးများရန် ရည်သန်တော်မူ၍ ရေးသားတော်မူခြင်း ဖြစ်လေသည်။ ပုံ့လွန်တော်မူခါနီးမှာ ဒီမိုင်းဆိုက်စာမျက်နှာ ၂-မျက်နှာခန့်ရှိ ဆန်းလက်ာမှတ်စုကို ရေးသားတော်မူခဲ့ပြီး အောက်ပါအတိုင်း နိဂုံးအုပ်တော်မူခဲ့လေသည်။

"ဒုက္ခော ပုဗ္ဗော အယံ ကာယော" မိန့်ဟောအလာ ဒေသနာနှင့် သွေမကွာဖြစ် ခန္ဓာသစ်ကို ရလစ်သည်တွက် ဘယ်ဆီရက်မှ အေးကွက်ချမ်းသာ နေရတာမရှိ ဆနဝုတိရောဂါတွေ လွှမ်းဆီသဖြင့် မချိမဆ နေရသည့်ကာလဝယ် ကိုယ်ကာယခန္ဓာ ကျင်နာခံခက် မအိမသာလျက်နှင့်ပင် ပက်လက်တခါ မှောက်တခါနှင့် စောင်းငဲ့ကာတလှည့် သို့ကလို တအိအိဖြင့် ရေးရာဘီခဲယဉ်းစွာ နော်မှန်ဘို့ ဆန်းလက်ာသည် ရှည်ကြာလေးမြင့် တည်စေသော်။

ဝိသုဒ္ဓါရုံအဆုံးအဖြတ်

ဆရာတော်သည် ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး အဆုံးအဖြတ်တို့ကို ရှိမ်းမကားရွာ ချမ်းသာကြီးဆရာတော်နှင့် အခြားဆရာတော်များထံမှ ရေးကူးသုတ်သင်တော်မူ၍ စာအုပ်အဖြစ်ရောက်အောင် ကြိုးပမ်းတော်မူခဲ့လေသည်။ ဆရာတော်သည် စာပေကို လွန်စွာ မြတ်နိုးတော်မူသည့်ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။

ပုံ့လွန်တော်မူခြင်း

ကျန်းမာရေးမကောင်းသဖြင့် ဥတုရေမြေ ပြောင်းလဲစမ်းသပ်ရန် ရည်သန်တော်မူ၍ မိမိ၏တပည့်ရင်းနေထိုင်ရာ သပြေကုန်းရွာ၌လည်း သီတင်းသုံးတော်မူခဲ့လေသည်။ ၎င်းပြင် ရန်ကုန်မြို့ ကျိုက်ဝိုင်းမင်းကျောင်း၌လည်း သီတင်းသုံးတော်မူဘူးသည်။ သို့ရာတွင် ရောဂါကား သက်သာခြင်းမရှိပါချေ။ သက္ကရာဇ် ၁၂၇၅-ခုနှစ်တွင် ဇာတိချက်ကျွေးမွေးရပ်မြေ စကျင်ရွာ ငယ်ဆရာရင်းကျောင်းတွင် သီတင်းသုံးတော်မူစဉ် သက်တော် ၅၁-နှစ်တွင် ဘဝနတ်ထံ ပုံ့လွန်တော်မူခဲ့လေသည်။

နာဂဝှယော မဟာထေရော၊ နာဂေါ နာဂသ သာသနေ။
နာဂေ ကိစ္စေ ကရိတ္တာန၊ နာဂလောကံ ဂတော သုခီ။

သံဝေဂယူရန်

ဇီဝလောက၊ ခေါ်ဆိုကြသော၊ လောကကြုံလာ၊ သတ္တဝါအား၊ ဖျားနာရောဂါ၊ တစ်ဖြာသက်ရှင်၊ ထို့ပြင်တစ်ပါး၊ ကင်းငြားဇီဝ၊ သေရာကာလ၊ ပစ်ချခန္ဓာ၊ လားရာဌာန၊ ဘဝဟူသည်၊ ဤငါးလီကား၊ မှတ်သားမသိနိုင်ပါတကား။

ဩော်. . . ခန္ဓာငါးဝ အနိစ္စပါတကား။
ဒုက္ခပါတကား။
အနတ္တပါတကား။

■ ■ ■

ဆရာတော် အရှင်ဣန္ဒောဘာသ

ဆရာတော်အရှင်ဣန္ဒောဘာသသည် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်လေသည်၊ ပြည်မြို့ ဇေယျပထဝီကျောင်းတိုက်၌ စာပေချပို့ နေထိုင်သောပုဂ္ဂိုလ် ဖြစ်လေသည်။

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရထံ၌လည်း ပညာသင်ခဲ့လေသည်။

ဝါကျသွားအချိုးနှင့် အဖြေကျမ်း

အရှင်ဣန္ဒောဘာသသည် ဝါကျသွားအချိုးနှင့် အဖြေကျမ်း ၂-ကျမ်းကို ၁၂၇၇-ခုနှစ် ပြာသိုလဆန်း ၉-ရက် ကြာသပတေးနေ့တွင် အပြီးသတ် ရေးသားခဲ့လေသည်။ ကဗျာလင်္ကာ၌ ဝါသနာထုံသူဖြစ်၏၊ ဝါကျသွားအချိုးအဖြေကျမ်းကိုလည်း တေးထပ်မျှားစွာတို့ဖြင့် တန်ဆာဆင်ရေးသားခဲ့လေသည်၊ ကျမ်းစာအပြီးအဆုံး၌ အောက်ပါတေးထပ် ပတ္ထနာပြုခဲ့လေသည်။

* ဣမိနာပုညေ၊ ဘုံဘဝသံသရာ။
ကြုံသမျှခန္ဓာမှာ၊ အပါယ်ရှာလွတ်ကင်း။
ဥက္ကဋ္ဌပဒ္ဓိသန်ရယ်၊ တိဟိတ်ဉာဏ် ဘုန်းမောင့်မယွင်း။
ပိဋကတ် သင်တက်အံ့လျှင်၊ မြင်ထက်သန်ပဉ္စင်း။
မိစ္ဆာမှောင် ပယ်ခွာရှင်းပါလို့၊ နယ်ရှာခပင်းကြေပြာ။
သုံးသိက္ခာ ကိုယ်မှာခ၊ လိုရာရ ဟောပြလို့သာ။ ။
သမထ ဝိပဿနာကို၊ ညှိစပ်ကာ တက်လှမ်းလို့။
မဂ်လမ်းကို မြန်းမသွေ၊ ရောက်ရပါစေ။ ။
ဆုံးဘဝ ပစ္ဆိမေဝယ်၊ မေတ္တိယျ ဖူးရလိုသော။ ။

ဤဝါကျသွားအချိုးနှင့် စာကျသွားအချိုးနှင့်အဖြေကျမ်းမှာ ဒီမိုင်းဆိုက် ၁၁၉-မျက်နှာ ရှိလေသည်။[1]

၁။ မန္တလေးသာသနာဝင်။ ၁၆။ လည်းကြည့်။

ဆရာတော် အရှင်ပါလိတ

မြစ်သားမြို့ မင်းကျောင်းဆရာတော် အရှင်ပါလိတသည်လည်း မဟာဝိသုဒ္ဓါရာမတိုက်ထွက် ဖြစ်၏၊ ၎င်းဆရာတော်သည် နရဒကွဒီပနီစသည့် ကျမ်းစာများကိုလည်း ပြုစုခဲ့၏၊ ဆဋ္ဌသံဂါယနာတွင် သံဂီတိကာရက, ပဋ္ဌိဝိသောဓကတာဝန်များကိုလည်း ဆောင်ရွက်ခဲ့သည်။ ၁၃၃၂-ခုနှစ်က ·ပျံလွန်ခဲ့လေသည်။

မဟာဝိသုဒ္ဓါရာမတိုက်ထွက်များကား သာသနာ့ဌာန် များစွာပင် ရှိကုန်သေး၏၊ ဤ၌ အမြွက်မျှသာ ဖော်ပြပါသည်။

အထွေထွေမှတ်သားဖွယ်

မဟာဝိသုဒ္ဓါရာမတိုက်ကြီး ဆင်ဖြူမရှင်မိဖုရားကြီး၏ ကုသိုလ်တော်ကျောင်းကြီးနှင့် အရံကျောင်းအချို့တို့မှာ ၁၂၅၃-ခုနှစ်က မီးသင့်သဖြင့် ပျက်စီးခဲ့ကုန်၏။

မဟာဝိသုဒ္ဓါရာမတိုက်၌· သံယာဦးရေမှာ ယခင်စံ့ပင်စဉ်က ၂၀၀-ခန့်ရှိဟန် လက္ခဏာရှိပေသည်၊ မဟာဝိသုဒ္ဓါရာမဆရာတော် ဘုရားကြီး အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ပြောင်းသော အခါ သံယာဦးရေမှာ ၁၀၀-ခန့် ရှိလေသည်၊ ၁၂၉၁-ခုနှစ်က သံယာဦးရေ ၈၉-ပါး ရှိ၏၊ ၁၃၂၄-ခုနှစ်က ရဟန်းတော် ၅၄-ပါး သာမဏေ ၃၃-ပါး၊ ၂-ရပ်ပေါင်း ၈၇-ပါး ရှိလေသည်။

ယခုအချိန်အခါ၌လည်း ·မဟာဝိသုဒ္ဓါရုံတိုက်၌ သံယာဦးရေ ၇၀-၈၀-ခန့် ရှိလေသည်။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ဂတော။
ဝိသုဒ္ဓါရာမဝံသောယံ၊ သမတ္တော သာဓု ဝဏ္ဏိတော။

မဟာဝိသုဒ္ဓါရာမသာသနာဝင် ပြီး၏။

*** ◆ ***

သဒ္ဓမ္မပဇ္ဇောတိကာရာမ
(တကောင်း)
သာသနာဝင်

သဒ္ဓမ္မပဇ္ဇောတိကာရာမမည်သော တကောင်းတိုက်သည် မန္တလေးမြို့ အရှေ့ပြင် နန်းတော်ရှေ့ အနှိပ်တော်ရပ်ကွက်၌ တည်ရှိလေသည်၊ မင်းတဲတိုက်ဟုလည်း ခေါ်ကြသည်၊ တကောင်းကျောင်းတိုက်၏ မြောက်ဖက်၌ ဂူနှိုယာရာမ ရှေ့ဂူတိုက်ရှိ၍ တောင်ဖက်၌ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီး တည်ရှိလေသည်၊ ကျောင်းတိုက် အကျယ်အဝန်းမှာ ၉-ဧက, ၁သမ-၇၅ ရှိလေသည်၊ ကျောင်းတိုက်၏ အတွင်း၌-

၁။ ရတနာပုံကျောင်း

၂။ အလယ်ကျောင်း

၃။ ဓမ္မသာရံကျောင်း

၄။ ပရိယတ္တိကျောင်း

အားဖြင့် ကျောင်းပေါင်း ၄-ကျောင်းမျှသာ ရှိလေသည်။

သမိုင်းအကျဉ်း

ပဠမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး၏ မိဖုရားခေါင်ကြီးသည် သာယာညိုညွတ်သော မြေအပြင်၌ စနု, ဘောဂ, ဆောင်မ စသည်တို့ဖြင့် တန်ဆာဆင်၍ ဘုံသုံးဆင့် စမြင်ခံကျောင်းတော်ကြီးကို ကျောင်းရံ ၂၀-နှင့်တကွ တည်ဆောက်ပြီး ကျောင်းတိုက်၏အမည်ကို သဒ္ဓမ္မပဇ္ဇောတိကာရာမတိုက်ဟု အမည်မှည့်ကာ "ဥတ္တမစာရပရမမဇ္ဈ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မင်းတဲ (တကောင်း) ဆရာတော်. အရှင်ဥတ္တမအား တင်လျှုကိုးကွယ် လျှုဒါန်းကိုးကွယ် လျှုဒါန်းလေသည်။

ဥတ္တမာစာရပရမဇေမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဥတ္တမ

ဆရာတော်အရှင်ဥတ္တမသည် သဒ္ဓမ္မပဇ္ဇောတိကာရာမ တကောင်းကျောင်းတိုက်ကြီး၏ အဲ့စဆုံးဆရာတော် ဖြစ်တော်မူသည်။ မင်းတဲရွာဇာတိ ဖြစ်သည်၊ ယင်းဇာတိ မင်းတဲရွာကို စွဲ၍ မင်းတဲဆရာတော်ဟု ထင်ရှားခဲ့လေသည်၊ ဆရာတော်သာ်လျှင် မင်းတဲဆရာတော်ဟု ထင်ရှားသည်မဟုတ်သေး၊ ဆရာတော်သီတင်းသုံးတော်မူရာ သဒ္ဓမ္မပဇ္ဇောတိကာရာမကျောင်းတိုက်သည်လည်း မင်းတဲတိုက်ဟု ထင်ရှားခဲ့လေသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

သက္ကရာဇ် ၁၁၇၂-ခုနှစ်တွင် မင်းတဲရွာ၌ ဖွားမြင်တော်မူခဲ့လေသည်။ မင်းတဲဆရာတော်လောင်းလျှာသည် ငယ်စဉ်ကစ၍ သာ-မဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ငယ်စဉ်ကပင် အမရပူရမြို့တော် မဟာဝိဇိတာရာမတိုက်၌ သီတင်းသုံး၍ "ဥ ယျဓမ္မာဘိဝံသသိရိပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဒုတိယမောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥ ယျဓမ္မာဘိဝံသ ထံတော်၌ ပိဋကတ်ကျမ်းဂန်များကို သင်ယူတတ်မြောက်တော်မူခဲ့လေသည်။

ရာဇဂုရု ဘွဲ့တံဆိပ်တော် အလှူခံခြင်း

သက္ကရာဇ် ၁၂၁၇-ခုနှစ် ပဌမဝါဆိုလပြည့်ကျော် ၁၄-ရက်နေ့တွင် မင်းတုန်းမင်းတရားကြီးသည် သုဓမ္မာစရပ်တော်သို့ စာနာထွက်ကြွတော်မူ၍ သာသနာပြုဆရာတော်နှင့်တကွ ဆရာတော်သံဃာတော် ၃၆၉-ပါးတို့အား ပိတ်သက်နန်းကေစ့ဝ, သင်းပိုင်များ လှူဒါန်းပြီး ဆရာတော်ကြီး ရှစ်ပါးတို့အား 'ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်များ လှူဒါန်းဆက်ကပ်တော်မူ၏၊ ထိုစဉ်က မင်းတဲဆရာတော်ဦးဥတ္တမသည်

"ဥတ္တမာစာရပရမဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလျှုံ့ ရရှိတော်မူခဲ့လေသည်။ ဆရာတော်အရှင်ဥတ္တမနှင့်အတူ ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်များမှာ-

၁။ စည်ပုတ္တရာဆရာတော် အရှင်သီရိမာ
"သီရိမာပရမာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု"

၂။ စလင်းဆရာတော် အရှင်ကလျာဏ
"ကလျာဏဇောတသာသနဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

၃။ ပုခန်းကြီးဆရာတော် အရှင်သုဒဿန
"သုဒဿနဝရဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု"

၄။ မောင်းထောင်ဆရာတော် အရှင်ပညာသာမိ
"ပညာသာမိသိရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

၅။ မိတ္ထီလာဆရာတော် အရှင်ဇာဂရ
"ဇာဂရန္ဒသဒ္ဓမ္မာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု"

၆။ ၎ခုတ်ကျောင်းတိုက်နေ ဆရာတော်အရှင်ဝိစာရ
"ဝိစာရိန္ဒာဘိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

၇။ စီးတော်မြင်းဝန်တိုက်နေ ဆရာတော်အရှင်သုမင်္ဂလ
"သုမင်္ဂလပရမမဏိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"

တို့ ဖြစ်ကုန်၏။

စာကြည်ဆရာတော်တာဝန် ထမ်းဆောင်ခဲ့

ဆရာတော်အရှင်ဥတ္တမာစာရသည် သက္ကရာဇ် ၁၂၁၈-ခုနှစ် တန်ခူးလပြည့်ကျော် ၈-ရက်နေ့တွင် စတင်ရေးသားပြုစုသည့် မင်းတုန်းမင်းတရားကြီး၏ ပိဋကတ်တော်များကို ရေးကူးပူဇော်ပွဲတွင် ပိဋကတ်တော်များကို ကစ္စည်း, မောဂ္ဂလာန်, နျာသ, ရူပသိဒ္ဓိ, သဒ္ဒနီတိ, သုတ္တနိဒ္ဒေသ, အဘိဓာန်ဋီကာစသော ဂန္ထန္တရတို့နှင့် တိုက်ဆိုင်ပြင်ဆင်ရန် မင်းတုန်းမင်းတရားကြီး၏ လွှဲအပ်မှုကို ခံယူတော်မူရလေသည်။

ထိုစဉ်က ပိဋ္ဌကတ်တော်များကို ကြီးကြပ်သုတ်သင်ရသော ဆရာတော်များမှာ ဆယ်ပါးဖြစ်ကုန်၏။

မန္တလေးမြို့သို့ ကြွရောက်ခြင်း

ပဉ္စမသံဂါယနာတင် မင်းတရားကြီး မန္တလေးရတနာပုံမြို့ကို တည်ထောင်၍ မန္တလေးရတနာပုံမြို့သို့ ရွှေပြောင်းစံတော်မူစဉ် ဆရာတော်အရှင်ဥတ္တမလည်း သာသနာပြုဆရာတော်စသည့် မဟာထေရ်များနှင့်အတူ ကြွရောက်တော်မူခဲ့၍ ရှေးဦးစွာ ယာယီကျောင်း၌ သီတင်းသုံးတော်မူရလေသည်။ ၎င်းနောက် မဂ်လာရာမမောင်းထောင်တိုက်၌ သီတင်းသုံး စာချတော်မူသည်။ ၎င်းနောက် မိဖုရားခေါင်ကြီး၏ ကောင်းမှုတော် သဒ္ဓမ္မပဇ္ဇောတိကာရာမကျောင်းတိုက်ကို တင်လျှကိုးကွယ်ခြင်းကို ခံယူတော်မူခဲ့လေသည်။

စာပေချပ်ခဲ့

မင်းတဲဆရာတော် အရှင်ဥတ္တမသည် မင်းတုန်းမင်းမိဖုရားခေါင်ကြီး၏ ကုသိုလ်တော် သဒ္ဓမ္မပဇ္ဇောတိကာရာမတိုက်၌ သီတင်းသုံး၍ တပည့်တပန်းရဟန်းသာမဏေတို့အား စာပေကျမ်းဂန်များကို သင်ကြားပို့ချပေးတော်မူခဲ့လေသည်၊ ဝိသုဒ္ဓါရုံဆရာတော်လောင်းလျှာဆရာတော်အရှင်ဝိသုဒ္ဓါစာရသည် မင်းတဲဆရာတော် အရှင်ဥတ္တမထံတွင် ရောက်ရှိပညာသင်ကြားခဲ့ဘူးလေသည်။ တကောင်း (မင်းတဲ) ဆရာတော်ဘုရားကြီး အရှင်ဥတ္တမသည် မတသန္ဓကဝိနိစ္ဆယကထာစာတမ်း အကျဉ်းကို ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းကို နောင်တွင်၌ ဖော်ပြထားပါသည်။

ပုံလွန်တော်မူခြင်း

ဆရာတော်အရှင်ဥတ္တမသည် တပည့်တို့အား အတတ်ပညာ အရပ်ရပ်ကို လက်ထပ်သင်ကြားပေးတော်မူပြီးဆဲဖြစ်စဉ် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

ဘဒ္ဒန္တဥတ္တမော ထေရော၊ ဥတ္တမော သာသနေ ရတော။
ဥတ္တမေ သော ကရိတ္ဝာန၊ ဥတ္တမံ သော ဂတော သုဓိ။

သံဝေဂယူရန်

သဗ္ဗေဝ နိက္ခိပိသန္တိ၊ ဘူတာ လောကေ သမုဿယံ။
ယတ္ထ ဧတာဒိသော သတ္ထာ၊ လောကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ဗလပ္ပတ္တော၊ သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။[1]

ဘောန္တော= ရွှေပြည်နိဗ္ဗာန် ဝင်စံကြွသွား ရှင်တော်ပါးဌ ခစားခိုညောင်း အို . . . ပရိသတ်အပေါင်းတို့။ ယတ္ထ ယသ္မိं လောကေ= အကြင်သတ္တလောကကြီးအတွင်းဌ။ ဧတာဒိသော= လာဘာလာဘ စသည်တန်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ တာဒိဂုဏ်နှင့် ကုံလုံလောက်ဝ ပြည့်ဝတော်မူသော။ သတ္ထာ= လူ နတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော။ လောကေ= လောကသုံးခွင် ဘုံအပြင်ဌ။ အပ္ပဋိပုဂ္ဂလော= အတုမရ ပုဂ္ဂလဝိသေ-သကြီး ဖြစ်တော်မူသော။ တထာဂတော= ရှေးနောင်တော်သယမ္ဘူတို့ အတူ ကွေ့လာခြင်းကောင်းတော်မူသော။ ဗလပ္ပတ္တော= ကာယဉာဏ အားဆယ်ဝသို့ ရောက်တော်မူသော။ သမ္ဗုဒ္ဓေါ= မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတော= နိဗ္ဗုယူသိမ်း ငြိမ်းတော်မူရတုံသေး၏။ သဗ္ဗေဝ= အား လုံးသာလျှင် ဖြစ်ကုန်သော။ ဘူတာ= ဖြစ်လာထင်ရှား သတ္တဝါအများ တို့သည်။ သမုဿယံ= ငါးဖြာငါးရပ် အထပ်ထပ်ဖြင့် စပ်၍စုချုပ် ခန္ဓာကိုယ်ရုပ်ကို။ နိက္ခိပိသန္တိ= သုသာန်တစ သခ္ခိုင်းဝဝယ် မုခ္ဂ မသွေ စွန့်ပစ်ကြရပေကုန်လိမ့်လတံ့။

---

[1] ဒီ၊ ၂။ ၁၂၉။ သံ၊ ၁။ ၁၆၁။

တကောင်း (မင်းတဲ) ဆရာတော်ဘုရား၏
မတသန္တက ဝိနိစ္ဆယ

သေလွန်သောရဟန်း၏ မတသန္တက ဂရုဘာဏ် လဟုဘာဏ် ပစ္စည်းရပ်များသည် အသက်ရှိစဉ်ကာလက အနပေက္ခနိဿဇ္ဇကာလ အားဖြင့် ပေးစွန့်သည်ကိုယူသည့် ပဋိဂ္ဂါဟကပုဂ္ဂိုလ်, ဝိဿာသဂ္ဂါဟ အားဖြင့်ယူသော ဝိဿာသဂ္ဂါဟပုဂ္ဂိုလ်၊ ၎င်းပုဂ္ဂိုလ်နှစ်ယောက်တို့ မရှိက သံယိကဖြစ်သည်ကို "ဘိက္ခုဿ ဘိက္ခဝေ ဂါလံ ကတေ သံယော သာမိ ပတ္တစီဝရေ"ဟူသော စီဝရကွန္ဒပါဠိတော်ဖြင့် သိအပ်၏။ ၎င်းပုဂ္ဂိုလ်နှစ်ယောက်တို့ ရှိက ပုဂ္ဂလိကဖြစ်သည်ကို "သစေ ပန သော ဇီဝမာနောယေဝ သဗ္ဗံ အတ္တနော ပရိက္ခာရံ နိဿဇ္ဇိတ္ဝာ ကဿစိ အဒါသိ ကောစိ ဝိဿာသံ အဂ္ဂဟေသိ ယဿ ဒိန္နံ ယေန စ ဂဟိတံ တသ္မေဝ ဟောတိ"ဟူသော ၎င်းအဋ္ဌကထာဖြင့် သိအပ်၏။ ဤအဋ္ဌကထာစကားရပ်၌ ပဋိဂ္ဂါဟကပုဂ္ဂိုလ်, ဝိဿာ-သဂ္ဂါဟပုဂ္ဂိုလ် နှစ်ယောက်တို့၏ အစွမ်းအားဖြင့်သာ မတသန္တက ပုဂ္ဂလိကအဖြစ်ကို လာ၏။ "အညေသံ အဒတ္ဝာ ဒုရေ ဌပိတ-ပရိက္ခာရာပိ တတ္ထ တတ္ထ သံယသ္မေ ဟောန္တိ"ဟူသော အဋ္ဌကထာ ပါဠိ၌လည်း "အညေသံ"ဟူ၍ လာ၏။ သမာနပရိက္ခာရကာရက ပုဂ္ဂိုလ်, ဒိသန္တကကာရကပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့်လည်း ပုဂ္ဂလိက ဖြစ်သည်ရှိသော် "သဗ္ဗံ အတ္တနော ပရိက္ခာရံ နိဿဇ္ဇိတ္ဝာ ကဿစိ အဒါသိ၊ ကောစိ ဝါ ဝိဿာသံ အဂ္ဂဟေသိ၊ ကေန ဝါ သမာန-ပရိက္ခာရံ ဝါ ဒိသန္တကံ အကာသိ၊ ယဿ ဒိန္နံ ယေန စ ဂဟိတံ၊ ယေန စ သမာနပရိက္ခာရံ ဝါ ဒိသန္တကံ ဝါ ကတံ တသ္မေဝ ဟောတိ" ဟူ၍လည်းကောင်း၊ "အညေသံ အဒတ္ဝာ အညေန စ သမာနပရိက္ခာရံ ဝါ ဒိသန္တကံ ဝါ အကတ္ဝာ ဒုရေ ထပိတ-ပရိက္ခာရာပိ" ဟူ၍လည်းကောင်း မဆိုခြင်းကြောင့် သာဓာရဏာ ဖြစ်သော အဋ္ဌကထာစကားသည် အဓိပ္ပါယ်သာမည ဖြစ်ရာ၏။ ဝဇိရဗုဒ္ဓိဋီကာ၌ကား "အနာပတ္တိ အန္တော ဒသာဟံ အဓိဋ္ဌေဟိ ဝိကပ္ပေတိ ဝိဿဇ္ဇေတိ" ဟူသော အနာပတ္တိဝါရ ပဌမကထိနသိက္ခာ

ပုဒ်အဖွင့် အဋ္ဌကထာ၌ "ဒါနလက္ခဏာ သုဒိန္နဒုဂ္ဂဟိတ လက္ခဏာ သုဂဟိတလက္ခဏာတို့ကိုပြသော ပါဠိအစိတ်တို့ကို ဆောင်၍ သမာနပရိက္ခာရဝိဓိကို "ဣဒံ တုယ္ဟံ ဒေမိ ဒဒါမိ ဩဏောဝေမိ ပရိစ္စဇာမိ နိသဇ္ဇာမိ၊ ဣတ္ထန္နာမဿ ဒေမိ ။လ။ နိသဇ္ဇာမိတိ သမ္မုခါ ဝါ ပရမ္မုခါ ဝါ ဝုတ္တော ဒိန္နံယေဝ ဟောတိတိ ဒါန-လက္ခဏဿ စ တုယ္ဟံ ဂဏ္ဍာတိတိ ဝုတ္တော မယ္ဟံ ဂဏ္ဍာမိတိ သုဂဟိတလက္ခဏဿ စ ဝုတ္တတ္တာ မမ သန္တကံ တဝ မမ ဟောတူတိ ဧဝမာဒိ ဝနေန သမာနပရိက္ခာရံ ကာတုံ ဝဋ္ဋတိတိ အာစရိယာတိ လိခိတံ အနုဂဏ္ဌိပဒေ ပန အတ်ဝ ပပဉ္စံ ကတ္တာ ဣဒမေတ္ထ အာစရိယာနံ သန္နိဋ္ဌာနံ သစေ သမ္မဟုလာ ဒွေ ဝါ သမာနပရိက္ခာရံ ကတ္တုကာမာ ဟောန္တိ တေသံ သဗ္ဗေသံ အတ္တနော ဝတ္တမာနံ ဥပ္ပဋိကေန သဒ္ဓိံ ပေသလဿ ဧကဿ ပရိစ္စဇန္တိ သော ပုန တေသမေဝ ပရိစ္စဇတိ။ ဧတ္တာဝတာ တေ သမာနပရိက္ခာရိကာ ဟောန္တိ ဣဒံ သမာနပရိက္ခာရလက္ခဏံ ပါဠိအာဒိသု ဝုတ္တ-လက္ခဏေယေဝ ပတနတော အစလပတ္တံ ဟောတိ တထာပိ ပေါရာဏကဝိဓိံ အဒ္ဓါတ္ထရိတ္တာ ဝတ္တမာနကော ပဋ္ဌိသေဓေတဗ္ဗော အာစရိယာနံ မတာနုသာရေန ကာတဗ္ဗံ ကာတုကာမေနာတိ အပရေတိ ဝုတ္တံ" ဟူ၍လည်းကောင်း၊ "ကတိကကရဏံ ဒသေတ္တာ မယ္ဟံ သန္တကံ တဝ စ မမ စာတိ ဣတရေန စ တထာ ဝုတ္တော ဝဋ္ဋတိတိ သမာနပရိက္ခာရဝိဓိံ ဝဒန္တိ" ဟူ၍လည်းကောင်း။

ဤသမာနပရိက္ခာရဝိဓိဝိနိစ္ဆယသည် သာရတ္ထမဟုတ်၊ အသာရတ္ထဖြစ်သည်ကို "ဧတ္တာဝတာ စေတ္ထ အမ္မေဟိ သာရတ္ထော ပကာသိတော။ ယံ ပနေတ္ထ ကေနစိ ပပဉ္စိတံ တံ အမ္မေဟိ စ ဣဓ နဒဿိတံ၊ နဒဿိတံ သာရတ္ထော ပစ္စေတဗ္ဗံ။ ဣတော ပရေ-သုပိ ဧဝမေဝ ဒဋ္ဌဗ္ဗံ။ တသ္မာ ဣတော ပဋ္ဌာယ ဧတ္ထကမ္ပိ အဝတ္ဝာ သာရတ္ထမေဝ ဒဿယိဿာမ။ ယတ္ထ ပန ကေနစိ အစ္စန္တဝိသုဒ္ဓံ လိခိတံ တမ္ပိ ကတ္ထစိ ဒဿယိဿာမ"ဟူသော သာရတ္ထဒီပကာပါဠိဖြင့် သိအပ်၏။

"ဒိန္နံ သန္တကံ ဟောတိ အဝိဘတ္တံ ဧကဿိ ကာလံ ကတေ ဣတရော သာမိ ဗဟူနမ္ပိ သန္တကေ ဧသေव နယော။ သဗ္ဗမတေသု သံယိကံ ဟောတိ။ သစေပိ အဝိဘဇိတ္တာ သဒ္ဓိ-ဝိဟာရိကာနံ ဒေန္တိ၊ အဒိန္နမေဝ ဟောတိ ဝိဘဇိတ္တာ ဒိန္နံ ပန တံ တေသု မတေသုပိ သဒ္ဓိဝိဟာရိကာဒိနံယေဝ ဟောတိ နု သံယသ" ဟူသော အဌကထာပါဠိ၌ ဒိုသန္တကမှာ နှစ်ယောက်သောရဟန်း တို့အား တပေါင်းတည်းလျှုခြင်း, နှစ်ယောက်စီ ဒုဝဂ်ပြု၍ စာရေးတံ ချသဖြင့် ဝေဖန်ခြင်းအစရှိသော နည်းဖြင့်ဖြစ်သော ဒိုသန္တကဟူ၍ ဆရာတော်အရှင်သူမြတ်တို့ မိန့်ဆိုတော်မူသည်။ အချို့သောဆရာ မြတ်တို့က ဝဇိရဋီကာ၌လာသော သမာနပရိက္ခာရဝိနိစ္ဆယသည် စီဝရ ပဋိလာဘ ခေတ္တမာတိကာရှစ်ပါး၌လာသော သမာနလာဘကတိက ဝတ်နှင့်လည်း ညီညွတ်သည်ဖြစ်၍ သင့်လျော်၏ဟု ဆိုကြ၏။ သာ-ရတ္ထဒီကာကို လွန်နိုင်မည်ခဲစ့၊ ယခုကာလ ဟုတ်ဟုတ်ညားညားပြုကြ သည့် ဒိုသန္တကမှာ ပါဠိ အဌကထာ ဋီကာကျမ်းတို့၌ မလာမရှိသည် ဖြစ်၍ လေသကပွဘအဖြစ်မှ လွတ်စေတတ်သောနည်းကို ဝိနယညူက ဝိနယဂရုကပုဂ္ဂိုလ်သူမြတ်တို့ စေ့စပ်အောင်ကြည့်ရှု၍ အလေးဂရုပြုကြ ကုန်ရာသည်။

မတသန္တကဝိနိစ္ဆယ ပြီး၏။

*** ◆ ***

တကောင်းဆရာတော်ဘုရားကြီး အဆုံးအဖြတ်

ဆရာတော် အရှင်မဓာ

ဆရာတော်အရှင်ဥတ္တရ ပျံ့လွန်တော်မူပြီးနောက် ဆရာတော်အရှင်မဓာသည် သဒ္ဓမ္မပဇ္ဇောတိကာရာမတိုက် (မင်းတဲတိုက်, တကောင်းတိုက်)၏ နာယကဆရာတော် ဖြစ်တော်မူသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

ရွှေဘိုခရိုင် ခင်ဦးရွာ၌ သက္ကရာဇ် ၁၂၀၄-ခုနှစ် ဒုတိယ ဝါဆိုလဆုတ် ၆-ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော်မှာ အရှင်မဓာ ဖြစ်လေသည်။

မန္တလေးရတနာပုံသို့

အရှင်မဓာ ရဟန်းဖြစ်ပြီးသောအခါန်ကား မန္တလေးရတနာပုံမြို့တော်ကြီး တည်ထောင်ပြီးစအခါန်, ကျောင်းတိုက်များတည်ထောင်စ တည်ထောင်ပြီးအခါန် ဖြစ်၏၊ စာချဆရာတော်တို့လည်း မင်းမြတ်၏ ကြီးမားသော သဒ္ဓါတရားကို စောင့်ထိန်းတော်မူကြကာ ပရိယတ္တိစာပွဲသဘင် ချီနှံချီနှံသဲမျှ ဆင်နွှဲချီနှံဖြစ်၏၊ အရှင်မဓာသည် မန္တလေးမြို့ သဒ္ဓမ္မပဇ္ဇောတိကာရာမတိုက်သို့ ရောက်ရှိ၍ စာပေကျမ်းဂန်များကို သင်ယူတော်မူခဲ့လေသည်။

တကောင်းတိုက် နာယက

ကျေးဇူးရှင်ဆရာတော် အရှင်ဥတ္တရ ပျံ့လွန်တော်မူပြီးနောက် သဒ္ဓမ္မပဇ္ဇောတိကာရာမမည်သော တကောင်းတိုက် (မင်းတဲတိုက်)၏ အဓိပတိနာယကတာဝန်ကိုယူ၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်အရှင်မေဓာသည် သာသနာ့ကိစ္စကို ဆောင်ရွက်ဆဲဖြစ်စဉ် သီကျွာတော် ၅၇-ဝါ သက်တော် ၇၇-နှစ်ရောက်ရှိရာ ၁၂၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၁-ရက်နေ့တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

မေဓာဝုယော မဟာထေရော၊ တကောင်းအာရာမဂ္ဂသဃရော။
သာသနံ သောဘနံ ကတ္တာန၊ မစ္စုရာဇဝသံ ဂတော။

သံဝေဂယူရန်

အစ္စေန္တိ ကာလာ တရယန္တိ ရတ္တိယော၊
ဝယောဂုဏာ အနုပုဗ္ဗံ ဇဟန္တိ။[1]

ကာလာ= နံနက်နေ့လယ် အသွယ်သွယ်ပိုင်းခြား ကာလများ တို့သည်။ အစ္စေန္တိ= တရွေ့ရွေ့စား လွန်သွားကုန်၏။ ရတ္တိယော= သုံးယာမ်ပိုင်းခြား ညဉ့်များတို့သည်။ တရယန္တိ= တညဉ့်ပြီးတစ်ညဉ့် ဆင့်ကာဆင့်ကာ ကုန်လွန်သွားကုန်၏။ ဝယောဂုဏာ= ပဌမ, မဇ္ဈိမ, ပစ္ဆိမဟု အရွယ်အစုတို့သည်။ အနုပုဗ္ဗံ= အစဉ်အတိုင်း။ ဇဟန္တိ= စွန့်ကုန်၏။

ဆရာတော် အရှင်ကုသလ

ဆရာတော်အရှင်မေဓာ ပျံလွန်တော်မူပြီးနောက် ဆရာတော်အရှင်ကုသလသည် သဒ္ဓမ္မပဇ္ဇောတိကာရာမ (တကောင်း, မင်းတဲ)တိုက်၏ နာယကဖြစ်တော်မူ၏၊ မန္တလေးဇာတိ ဖြစ်၏၊ ၁၃၂၀-ပြည့်နှစ်တွင် ပျံလွန်တော်မူလေသည်။

၁။ သံ၊ ၁။ ၃။ အစ္စေန္တိသုတ်။

ဆရာတော်အရှင်ပဇ္ဇောတာဘိဝံသ

ဆရာတော်အရှင်ပဇ္ဇောတသည် သဒ္ဓမ္မပဇ္ဇောတိကာရာမ (တကောင်း)တိုက်၏ နာယကဖြစ်တော်မူသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

ဆရာတော်အရှင်ပဇ္ဇောတာဘိဝံသသည် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ထိန်ကန်ရွာ၌ အဖ-ဦးမြဲ အမိ-ဒေါ်အေးရင်တို့မှ သက္ကရာဇ် ၁၂၉၈-ခုနှစ် ပြာသိုလဆန်း ၁၃-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ၁၃၁၅-ခုနှစ် ကဆုန်လတွင် မန္တလေးမြို့ အရှေ့ပြင် ဂျုန္ဒြိယာရာမရွှေဂူတိုက် ဗဟုမဟာပဏ္ဍိတဆရာတော် ဦးဂျုန္ဒြိယထံ ရောက်ရှိ၍ ပညာသင်ကြားတော်မူခဲ့လေသည်။

ဓမ္မာစရိယ ပိဋကတ္တယကောဝိဒ

အရှင်ပဇ္ဇောတာဘိဝံသသည် ၁၃၂၀-ခုနှစ်တွင် အစိုးရဓမ္မာစရိယဘွဲ့ကို ရရှိ၍ ၁၃၂၇-ခုနှစ်တွင် "သုသမာစာရပိဋကတ္တယ-ကောဝိဒ" ဘွဲ့ကို ရရှိတော်မူခဲ့လေသည်၊ ၁၃၂၄-ခုနှစ်တွင် တကောင်းတိုက် သံယာများ၏ ပင့်လျှောက်ချက်အရ တကောင်းတိုက်သို့ ပြောင်းရွှေ့၍ တိုက်တာအကြီးအကဲအဖြစ် ထမ်းဆောင်ရလေသည်။

ဘဒန္တပဇ္ဇောတော ထေရော၊ ဇောတကော ဇိနသာသနံ။
အာရာမံ သောဘိပါလေတိ၊ အာရာမသာဘိဝုဒ္ဓိယာ။

အထွေထွေမှတ်သားဖွယ်

တကောင်းတိုက်၌ မဟာရံတံတိုင်း အရံတော်မရှိပဲ သာမန်အရံမျှသာ ရှိလေသည်၊ ကျောင်းတိုက်အဝင် အနောက်ဖက်တံခါးပေါက် အဝင်ဝ တောင်ဖက်၌ "မန္တလေးရတနာပုံမြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင်အရှင် ဘဝရှင်မင်းတရားကြီးဘုရား ရွှေလက်ထက်

တော် အရှင်မိဖုရားခေါင်ကြီး ကုသိုလ်တော်"ဟု ရေးထိုးထားသည့် ကျောက်စာဂူ ရှိ၏။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ ---ယင်းမှတောင် သဒ္ဓမ္မဇောတိကာရာမ တကောင်းတိုက်အတွင်း တကောင်းဆရာတော်ကို တင်လျှုတော်မူသည့် ကျောင်းရံနှစ်ဆယ်နှင့်တကွ ဘုံသုံးဆင့် စမြင်ခံကျောင်းဟု လာရှိ၏။[1]

ဝိနယသမူဟဝိနိစ္ဆယကျမ်း ပဌမတွဲ၌[2] တကောင်းဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ် မတသန္ဓကဝိနိစ္ဆယကို တွေ့ရ၏၊ ၎င်းမှာ ဆရာတော်အရှင်ဥတ္တမ၏ အဆုံးအဖြတ်ဖြစ်ဖွယ်ရာ ရှိသည်၊ သုတေသီတို့ ကြည့်ရှုကြကုန်ရာ၏။

တကောင်းတိုက်၌ ရှေးတိုက်တာစည်ကားချိန်က သံဃာတော်များ ရာချီ၍ ရှိမည်ဖြစ်၏၊ သို့ရာတွင် ၁၃၂၄-ခုနှစ်က ရဟန်းတော် ၄-ပါးသာ ရှိလေသည်၊ ယခုအခါ၌လည်း သံဃာတော်ဆယ်ပါးခန့်သာ ရှိတော့သည်။

ကလိယုဂ်ဆုတ်ကပ်ဖြစ်သော ယခုခေတ်၌ ရှေးယခင်က အခြေအနေဖြစ်ဖို့ မလွယ်တော့ပါချေ၊ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ပါတည်း။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
တကောင်းသာသနဝံသောယံ၊ သမတ္တော သာဓု ဝဏ္ဏိတော။

တကောင်းသာသနာဝင် ပြီး၏။

*** ◆ ***

၁။ ကုန်းဘောင်ဆက်။ ၃။ ၄၄၈။
၂။ ဝိနယသမူဟဝိနိစ္ဆယ၊ ပဌမ။ ၉၅-၉၇။

ဣန္ဒြိယာရာမ ရွှေဂူသာသနာဝင်

ဣန္ဒြိယာရာမရွှေဂူကျောင်းတိုက်သည် မန္တလေးမြို့ အရှေ့ပြင် နန်းတော်ရှေ့ရပ်၌ တည်ရှိသည်၊ ဣန္ဒြိယာရာမရွှေဂူတိုက်၏ မြောက်ဖက်၌ မဟာဝိဇယာရာမခင်မကန်ကျောင်းတိုက် တည်ရှိ၍ တောင်ဖက်၌ သဒ္ဓမ္မပဇ္ဇောတိကာရာမမည်သော တကောင်းတိုက် တည်ရှိလေသည်၊ ကျောင်းတိုက်ကား ၈-ဧကကျယ်ဝန်း၏၊ ကျောင်းကိုက်အတွင်း၌-

၁။ ကထိန်ကျောင်း

၂။ ရန်ကုန်ကျောင်း

၃။ ဒေါ်ကြမ်းတိုက်ကျောင်း

၄။ ဒိုက်ဦးကျောင်း

၅။ အောင်သပြေကျောင်း

၆။ ဦးဘတိုက်ကျောင်း

၇။ ဓမ္မာစရိကျောင်း

၈။ သစ္စဝါဒီကျောင်း

၉။ ဆွမ်းစားကျောင်း

တို့ တည်ရှိကုန်၏။ ၎င်းပြင် သိမ်တစ်လုံးလည်း သိမ်တန်ဆောင်းဝန်းနှင့်တကွ တည်ရှိလေသည်။

သမိုင်းအကျဉ်း

ဣန္ဒြိယာရာမရွှေဂူကျောင်းတိုက်သည် မူလက ရွှေဂူတိုက်ဖမည်ဖြင့် ထင်ရှားသော ကျောင်းတိုက်ဖြစ်လေသည်။ မန္တလေးတောင်ခြေရှိ မဏ္ဍာလာရာမခေါ် ပြည်တိုက်မှခွဲ၍ တည်ထောင်ခဲ့သော

ကျောင်းတိုက် ဖြစ်လေသည်။ ကျောင်းတိုက်တည်ယောင်ယူမှာ ပဋ္ဌမသံဂါယနာတင် မင်းတရားကြီး၏ မြောက်နန်းမိဖုရား တည်ဆောက်ခဲ့သည်ဟု ယူဆဖွယ်ရာ ရှိလေသည်၊ မြောက်နန်းမိဖုရားသည် ကုသိုလ်ကောင်းမှုပြုတိုင်းလိုလိုပင် ရှေ့ဂူတိုက်မှ သံယာများကို မဏ္ဍလာရာမပြည်တိုက်မှ သံယာတော်တို့နှင့်တကွ လှူဒါန်းလေ့ရှိ၏။

"မေတ္တာဘိဝံသသဒ္ဓမ္မဇဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပြည်ဆရာတော်ဘုရားကြီး ပျံ့လွန်တော်မူသဖြင့် မီးသင်္ဂြိုဟ်ရာ ခံကုန်းသင်္ချိုင်းဌ အရိုးနှင့်တကွ ရွှေဆင်းတု, ငွေဆင်းတု, ရွှေစေတီ, ငွေစေတီများစွာ ဌာပနာပြီးလျှင် တည်ဆောက်သည်၊ စေတီကြီးပြီးပြေသည့်အခါ မြောက်နန်းမတော်မိဖုရားသည် သံယာတော် ၄၆-ပါးတို့အား ပဒေသာပင် ၄၆-ပင် လှူဒါန်း၍ မဏ္ဍလာရာမပြည်တိုက်, စလင်းတိုက်, ရွှေဂူတိုက်ရှိ သံယာတော် ၂၇၅-ပါးတို့အား တိစီဝရိက်သင်္ကန်း, ဆွမ်းစမဲဟင်းလျှာစုံ သပိတ်နှင့်တကွ လှူဒါန်း၊ စေတီပူဇော်ပွဲကို ပြုလုပ်ခဲ့လေသည်။[1]

ကျွန်ုပ်ယာရာမ ရှေ့ဂူတိုက်ဟူတွင်

၁၃၀၁-ခုနှစ်လောက်တွင် ရှေ့ဂူတိုက်ကို ခင်ပမကန်တိုက်မှ ဘုန်းတော်ကြီး အရှင်ဇောတယက ဆရာတော်အရှင်ကျွန်ုပ်ယအား အစောင့်အရှောက် လွှဲအပ်သဖြင့် အရှင်ကျွန်ုပ်က မိမိအမည်နှင့် တွဲစပ်၍ ကျွန်ုပ်ယာရာမရှေ့ဂူတိုက်ဟု အမည်မှည့်ခေါ်လေသည်၊ ဆရာတော်အရှင်ကျွန်ုပ်သည် စာသင်ယားလက်ခံ စာပေချပို့ရာ ထင်ရှားသည့်စာသင်တိုက် ဖြစ်လာလေသည်။

ရှေ့ဂူတိုက်ကျွတိ ပုဗ္ဗေသော၊ အာရာမော သမဇ္ဈယထ။
ပစ္ဆာ သော ကျွန်ုပ်ယာရာမ-ရှေ့ဂူတိုက်ကျွတိ အဝုယော။

၁။ ကုန်းဘောင်ဆက်။ ၃။ ၃၇၂-ကြည့်။

ဆရာတော် အရှင်ယသ

ဆရာတော်အရှင်ယသသည် ရွှေဂူတိုက်ကို စတင်ခဲ့သူဖြစ်သည်။ မန္တလေးတောင် အနောက်ဖက်ပြည်တိုက်၌ ကြာမြင့်စွာနေထိုင်၍ စာသင်ကြားခဲ့သည်၊ စာပေကျမ်းဂန်များကို ချပို့ဟန်လည်း ရှိ၏၊ အရှေ့ပြင် ရွှေဂူတိုက်တည်ထောင်ပြီးသောအခါ ရွှေဂူတိုက်၌ သီတင်းသုံးခဲ့လေသည်၊ အရှင်ယသလက်ထက်က သံဃာအတော် အသင့်ရှိသည့်လက္ခဏာ ရှိပေသည်။ အရှင်ယသသည် တံဆိပ်ရဆရာတော်ဖြစ်ကြောင်းလည်း သိရ၏။

သီပေါမင်း ပါတော်မူသောအခါ အရှင်ယသသည် မာတုဂါမတစ်ယောက်အား အလိုလိုက်မိသဖြင့် လူဘောင်သို့ လျှောကျခဲ့လေသည်။

"ဗဟုဝါရ၊ ဒဿနဖြင့်၊ မိန်းမယောကျ်ား၊ မြင်ဖန်များသော်၊ သနားချစ်ခင်၊ စိတ်ကျွမ်းဝင်၍၊ ကျွန်ပင်တမင့်၊ ဖြစ်လင့်မယွင်း၊ ဘပ်မက်လျင်း၏။ ယင်းသို့ခြင်းရာ၊ လွန်ယုတ်မာသား၊ ကိလေကိစ္စ၊ ဤကာမကား၊ ရာဂအဟုန်၊ ကျဆင်မုန်သို့၊ သုန်သုန်ဝိုက်လှည်း၊ လွန်မိုက်သည်း၏။"[၁]

၁။ မန်လည်ဆရာတော်ဘုရားကြီး၏ မယဒေဝလက်ဝ။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
ဆရာတော် အရှင်ဣန္ဒြိယ

ဆရာတော်အရှင်ဣန္ဒြိယသည် ရှေဂူတိုက်ကို ဣန္ဒြိယာရာမတိုက်အမည်ဖြင့် ပြန်လည်စည်ပင်အောင် ဆောင်ရွက်တော်မူခဲ့သည့် မထေရ်မြတ် ဖြစ်တော်မူသည်။

ဖွားမြင်တော်မူခြင်း

မိတ္ထီလာခရိုင် ပျော်အိုင်ရွာ၌ အဖ-ဦးဖိုးငယ် အမိ-ဒေါ်ငြိမ်းပုံ တို့မှ သက္ကရာဇ် ၁၂၆၇-ခုနှစ် ဝါခေါင်လဆန်း ၇-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်၊ မွေးချင်း ၆-ယောက်အနက် ပဉ္စမမြောက် အတိဇာတသားရတနာ ဖြစ်လေသည်။

ပညာသင် သာမဏေဝတ်

သက်တော် ၆-နှစ်သားမှစ၍ ၁၃-နှစ်သားအထိ ရပ်ရွာကျောင်း သံကြီးရဆရာတော်ဘုရားကြီး အရှင်အာစာရထံ ရောက်ရှိကာ အောက်ခြေစာများနှင့်တကွ ကစ္စည်းသဒ္ဒါကြီး, အဘိဓမ္မတ္ထသင်္ဂြိဟ် စသည်တို့ကို သင်ကြားတော်မူခဲ့လေသည်။ ၁၃-နှစ်သားအရွယ်တွင် သံကြီးရဆရာတော်ဘုရားကြီး အရှင်အာစာရကို ဥပဇ္ဈာယ်ပြု၍ သာမဏေဝတ်ခဲ့လေသည်၊ ပျဉ်းမနားမြို့ ကန်ဦးကျောင်းတိုက်၌လည်း ပညာသင်ကြားခဲ့လေသည်။

ပခုက္ကူ မဟာဝိသုဒ္ဓာရာမ ရောက်ရှိခြင်း

၁၅-နှစ်သားအရွယ်တွင် ပခုက္ကူမြို့ မဟာဝိသုဒ္ဓာရာမတိုက်ကြီးသို့ ရောက်ရှိ၍ အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ပညာမဟာထေရ်၊ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရမဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်၊ ထိုစဉ်က ဂဏဝါစကများဖြစ်တော်

မူကြသော အရှင်နာရဒထေရ်, အရှင်ကုမာရထေရ်, အရှင်အဂ္ဂဝံသထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသထေရ်တို့ထံ ပါဠိအဋ္ဌကထာများကို သက်တော် ၂၂-နှစ်တိုင်အောင် သင်ယူတော်မူခဲ့လေသည်။

ရဟန်းအဖြစ်သို့ ရောက်ရှိခြင်း

သက်တော် ၂၀-ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၈၆-ခုနှစ် တန်ခူးလဆန်း ၁၀-ရက်နေ့တွင် ပခုက္ကူမြို့, မဟာဝိသုတာရာမခဏ္ဍာ သိမ်တော်ကြီး၌ ဆရာတော်အရှင်ပညာမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ လောကီယသမ္ပဒါတို့ထက်မြင့်မြတ် အထက်တန်းကျသော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

မန္တလေးကြွ ပညာသင်ကြားခြင်း

သက်တော် ၂၃-နှစ်အရှိတွင် မန္တလေးမြို့သို့ ကြွတော်မူ၍ အနောက်ပြင် မစိုးရိမ်တိုက် အဘိဓဇမဟာရဋ္ဌဂုရု အရှင်သူရိယာ-ဘိဝံသမဟာထေရ်, မိုးကောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု ဆဋ္ဌ-သဂီတိမဟာနာယက အရှင်ရေဝတမဟာထေရ် (ညောင်ရမ်းဆရာတော်), တောင်ပြင် ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်နာရဒမဟာထေရ်တို့ထံတွင် သက်တော် ၂၈-နှစ်တိုင်အောင် ပညာသင်ကြားတော်မူခဲ့လေသည်။

အရှေ့ပြင် ခင်မကန်တိုက်နှင့် တောင်ငူ၌ စာပေချပို့ခြင်း

ပခုက္ကူစာချနည်း, မန္တလေးစာချနည်းတို့ကို ကျနစ္စာသင်ယူတတ်မြောက်ပြီးနောက် မန္တလေးမြို့, အရှေ့ပြင် ခင်မကန်တိုက် မင်းကြီးကျောင်းနှင့် ဒေါ်မြစ်အုင်ကျောင်းတိုက်တို့၌ နှစ်ပေါင်းကြာမြင့်စွာ စာပေချပို့၍ ပရိယတ္တိသာသနာတော်ကို များစွာ ချီးမြှောက်တော်မူခဲ့

လေသည်။ ဒုတိယကမ္ဘာစစ်အတွင်းကလည်း တောင်ငူကြွ၍ စာပေ ပို့ချခဲ့လေသည်။

ဣန္ဒြိယာရာမရွှေဂူတိုက်ကို တည်ထောင်ပုံ

ဒုတိယကမ္ဘာစစ်အပြီး တိုင်းပြည် သာယာလာသောအခါ ရဟန်းသံယာတစ်ပါးမျှ မရှိတော့သော ဣန္ဒြိယာရာမရွှေဂူတိုက်ကို အသစ်တည်ထောင်ခဲ့လေသည်။ ရန်ကုန်မြို့ ၂၂-လမ်း ပုတီးတန်းရပ်နေ ဦးဂျီတောက်နှင့် ဇနီးဒေါ်သိန်းတို့က ဣန္ဒြိယာရာမရွှေဂူတိုက်၌ ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့လေသည်၊ ဆရာတော်အရှင် ဣန္ဒြိယသည် ဖော်ပြပါဇရပ်၌ စတင်သီတင်းသုံး၍ စာပေချပို့တော်မူခဲ့လေသည်၊ ကျောင်းအဆောက်အဦးများ တဖြည်းဖြည်းတိုးပွားလာသည်နှင့်အမျှ စာသင်သား သံယာတော်တို့ကလည်း များစွာလာရောက်၍ ပညာသင်ကြားကြကုန်၏၊ ၁၃၁၄-ခုနှစ်မှစ၍ ဥပဒေရုပ်သိမ်းသည့် ၁၃၂၆-ခုနှစ်အထိ ဣန္ဒြိယာရာမရွှေဂူတိုက်သည် ပါဠိတက္ကသိုလ်လည်း ဖြစ်ခဲ့လေသည်။

မဟာဝိသုတာရာမနိကာယဝင်

ပခုက္ကူ။ မဟာဝိသုတာရာမနိကာယဝင်အဖြစ်ဖြင့် ကျေးဇူးရှင် နိကာယာဓိပတိ ဆရာတော်ဘုရားကြီးများ၏ သြဝါဒကို ဦးထိပ်ရွက်ပန်ကာ သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူလေသည်။

ဆောင်ရွက်ချက်များ

ဆရာတော်သည်---

၁။ ဣန္ဒြိယာရာမရွှေဂူကျောင်းကိုက်၏ အဓိပတိတာဝန်

၂။ ဂဏဝါစကတာဝန်

၃။ ပါဠိတက္ကသိုလ်ကျောင်းအုပ်တာဝန်

၄။ မန္တလေးခရိုင် ဝိနည်းမိုရ်တာဝန်

၅။ ဆဋ္ဌသံဂါယနာတွင် ဥပရိပဏ္ဏာသပါဠိဝိသောဓကအဖွဲ့၏ ဥက္ကဋ္ဌတာဝန်စသည်တို့ကိုလည်း "သည်းခံနိုးကြား သနားထကြွ နိစ္စမသွေ ခွဲဝေရှုတတ် ခြောက်ပါးမှတ်သား သူမြတ်တို့ဂုဏ်"တို့နှင့် ပြည့်စုံစွာ ဆောင်ရွက်တော်မူခဲ့လေသည်။

အဂ္ဂမဟာပဏ္ဍိတနှင့် ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ)

၁၂၂၃-ခုနှစ်တွင် နိုင်ငံတော်အစိုးရကို လျှောက်ထားသော အဂ္ဂ-မဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလျှောခံ ရရှိတော်မူခဲ့လေသည်။

ပရိယတ္တိသာသနဟိတအသင်းမှ ဘဒ္ဒန္တဂုဏ္ဍိယာဘိဝံသပရိ-ယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ)အဖြစ်ဖြင့် ထောက်ပံ့ကိုးကွယ်ခြင်းကိုလည်း ခံယူတော်မူရလေသည်။

ဘဝနတ်ထံ ပံ့လွှန်တော်မူခြင်း

ယင်းသို့ မျှားစွာသောသာသနာကျိုး သည်ပိုးတမ်းရှက်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဂုဏ္ဍိယာရာမရှေ့ဂူတိုက်ကြီး၏ အဝိပတိဆရာတော် အရှင်ဂုဏ္ဍိယသည် သက္ကရာဇ် ၁၃၃၇-ခုနှစ် ကဆုန်လပြည့်ကျော် ၃-ရက်နေ့ ၁၁-နာရီ မိနစ် ၃၀-အချိန်တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

သံဝေဂယူရန်

အာသန္နတရတမေတိ၊ မစ္စု ဇန္တု ဒိနေဒိနေ။
အာယာတံ နိယမာနသ၊ ဝဏ္ဏသော ပဒေပဒေ။[1]

၁။ ဟိတောပဒေသ။ ၄။ ၇၂။

ဇန္တု-ဇန္တုနော= ကြုံလာဖြစ်လာ သတ္တဝါ၏။ မစ္စု= စုဂိုပြတ်ကြွေ သေရခြင်းသဘောသည်။ ဒိနေ ဒိနေ= နေ့တိုင်းနေ့တိုင်း။ အာသန္နတရတံ= အထူးသဖြင့် နီးသည်၏အဖြစ်သို့။ ဝါ= အလွန်နီးသည်၏အဖြစ်သို့။ ဧတိ= ပုံသေမဖောက် ရောက်၏။ အာယာတံ= နွားသတ်ရုံသို့။ နိယမာနသ= ဆောင်အပ်သောနွား၏။ ဝဓ္ဓသ= သတ်အပ်သောနွား၏။ ပဒေ ပဒေ= ခြေကိုဆန့်၍ လှမ်းလိုက်တိုင်း လှမ်းလိုက်တိုင်း။ မစ္စု= သေခြင်းသဘောတရားသည်။ အာသန္နတရံ= တဖြေးဖြေး နီးသထက်နီးသည်၏အဖြစ်သို့။ ဧတိ ဣဝ= ရောက်သကဲ့သို့တည်း။

သာသနဓဇသိရိပဝရဓမ္မာစရိယ
ဆရာတော် အရှင်ဝိစိတ္တာသာရ

ဆရာတော်အရှင်ဝိစိတ္တသည် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဣန္ဒြိယ ပုံ့လွန်တော်မူပြီးနောက် ဣန္ဒြိယာရာမရွှေဂူတိုက်ကြီး၏ နာယကဖြစ်၍ တိုက်တာအုပ်ချုပ် စာပေကျမ်းဂန်ချပို့ သာသနာပြုတော်မူခဲ့လေသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

မိတ္ထိလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေဖလားကန်ရွာ၌ အဖဦးပြေ အမိ-ဒေါ်အုံးတို့မှ သက္ကရာဇ် ၁၂၇၅-ခုနှစ် တန်ခူးလဆန်း ၁၂-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ၁၂၈၅-ခုနှစ်တွင် သာမဏေဝတ် သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့်မြောက်ရာ ၁၂၉၄-ခုနှစ် ပြာသိုလဆန်း ၁၁-ရက်နေ့တွင် ဥပသမ္ပဒဇာတ် မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

စာပေပရိယတ် သင်ယူခြင်း

ဆရာတော်အရှင်ဝိစိတ္တာသည် ဂျာန္ဒြိယာရာမရွှေဂူတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ဂျာန္ဒြိယ, မန္တလေးမြို့အနောက်ပြင် ချမ်းသာကြီးတိုက် စာချအကျော်ဆရာတော် အရှင်လက္ခဏာစသည်တို့ထံတွင် နေ့ဝါ ညဝါကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။

စာမေးပွဲများ ဖြေဆိုအောင်မြင်ခြင်း

စာမေးပွဲများကိုလည်း ဝင်ရောက်ဖြေဆိုခဲ့ရာ မန္တလေးမြို့အမျိုးသားစာမေးပွဲ အငယ်တန်း, အလတ်တန်း, ဂျပန်ခေတ် ဝိနယအကြီးတန်း, အစိုးရစာမေးပွဲ ငယ်, လတ်, ကြီးတန်းစသည်တို့ကို ဖြေဆို အောင်မြင်တော်မူသည့်ပြင် ၁၂၁၅-ခုနှစ် နယုန်လတွင် ကျမ်းကြီး ၉-ကျမ်းလုံး ဖြေဆိုအောင်မြင်သဖြင့် "သာသနဓဇသိရီပဝရ-ဓမ္မာစရိယ" ဘွဲ့တံဆိပ်ကို အလျှုံခံရရှိတော်မူခဲ့လေသည်။

ဂျာန္ဒြိယာရာမတိုက် နာယကဖြစ်၍
သာသနာ့ဝန် ထမ်းဆောင်ခြင်း

၁၃၁၇-ခုနှစ် ဘဆုန်လပြည့်ကျော် ၃-ရက်နေ့တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာရင်းဖြစ်တော်မူသော အရှင်ဂျာန္ဒြိယထေရ် ပျံလွန်တော်မူသဖြင့် ဂျာန္ဒြိယာရာမရွှေဂူတိုက်ကြီး၏ နာယကဖြစ်၍ တိုက်တာအုပ်ချုပ် စာပေချပ်ဖို့ သာသနာပြုတော်မူခဲ့လေသည်။

ဆရာတော်ကား အေးဆေး, ဖြောင့်မတ်, စိတ်ကောင်းရှိ, စာပေကျမ်းဂန်တော်သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

ဘဒ္ဒန္တဝိစိတ္တော ထေရော၊ စိတ္တြဘာဏိကော သုဓီ။
သုဓီနံ ကတ္တာ ဗ္ဗော သော ဟိ၊ ကတ္တာနု သာသနကာရကော။

သံယုတ္တဘာဏက သံယုတ္တနိကာယကောဝိဒ
အင်္ဂုတ္တရဘာဏက အင်္ဂုတ္တရနိကာယကောဝိဒ
သာသနဓဇမဟာစရိယ
ဆရာတော် အရှင်အာစယ

ဆရာတော်အရှင်အာစယသည်လည်း ကျွန်ုပ်ယာရာမရှေးဂုတိုက်၌ နေ့ဝါ ညဝါ ကျမ်းစာချပို့ သာသနာပြုတော်မူခဲ့သည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

ဖွားမြင် ၄င် ရဟန်းပြုခြင်း

မိတ္ထိလာခရိုင် ဝမ်းတွင်းမြို့နယ် ရွာတန်းအုပ်စု ဇချမ်းကုန်းရွာ၌ အဖ-ဦးဖိုးငယ် အမိ-ဒေါ်ကျောက်တို့မှ သက္ကရာဇ် ၁၂၉၁-ခုနှစ် ဒုတိယဝါဆိုလဆန်း ၉-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၃-နှစ်ကျော်၌ သက္ကရာဇ် ၁၃၀၄-ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၅-ရက်နေ့ ဇချမ်းကုန်းကျောင်းဆရာတော် အရှင်သုနန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဖနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဥပသမ္ပဒေတော် မြင့်မြတ်သော ရဟန်းပဋ္ဌင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

စာပေကျမ်းဂန် အရပ်ရပ်ကို သင်ယူခြင်း

ဆရာတော်သည် ဇချမ်းကုန်းကျောင်းဆရာတော် အရှင်သုနန္ဒအရှင်တိသ, မန္တလေးမြို့ အရှေ့ပြင် ကျွန်ုပ်ယာရာမရှေးဂုပါဠိတက္ကသိုလ်ကျောင်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ကျွန်ုပ်, ကျွန်ုပ်ယာရာမရှေးဂုပါဠိတက္ကသိုလ် စာချဆရာတော်များဖြစ်ကြသော အရှင်ဝိစိတ္တသာရ, အရှင်ပဏ္ဍာဝံသ, မန္တလေးမြို့ ဓတောင်ပြင် ဒကွိဏာရာမဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်နာရဒ, ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် အရှင်နန္ဒိယ,

အရှင်မာယိန္ဒစသော ဆရာတော်များထံ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။

စာမေးပွဲများ ဖြေဆိုအောင်မြင်ခြင်း

စာမေးပွဲများကိုလည်း ဝင်ရောက်ဖြေဆိုရာ အစိုးရပါဠိပထမပြန်စာမေးပွဲ ၎ယ်, လတ်, ကြီး, အစိုးရစာချတန်းစာမေးပွဲတို့ကို ဖြေဆိုအောင်မြင်သဖြင့် "သာသနဓဇမဟာစရိယ" ဘွဲ့တံဆိပ်တော်ကို အလျှုံခံရရှိတော်မူခဲ့သည့်ပြင် တိပိဋကဓရရွေးချယ်ပွဲတွင် ဝင်ရောက်ဖြေဆိုရာ ဖြေဆိုအောင်မြင်သဖြင့် "သံယုတ္တနိကာယဘာဏက" ဘွဲ့တံဆိပ်တော်နှင့် "အင်္ဂုတ္တရနိကာယဘာဏက" ဘွဲ့တံဆိပ်တော်၊ "အင်္ဂုတ္တရ-နိကာယကောဝိဒ" ဘွဲ့တံဆိပ်တော်တို့ကို အလျှုံခံရရှိသည့်ပြင် ၃၂-ကြိမ်မြောက် တိပိဋကဓရရွေးချယ်ပွဲ ၁၃၄၂-ခုနှစ်တွင် သံယုတ္တ-နိကာယ် သဘောရေးဖြေပွဲကို ဖြေဆိုအောင်မြင်တော်မူသဖြင့် "သံ-ယုတ္တနိကာယကောဝိဒ" ဘွဲ့တံဆိပ်တော်ကို အလျှုံခံရရှိတော်မူခဲ့လေသည်။

စာပေချီ့ သာသနာချီးမြှောက်ခြင်း

ဆရာတော်အရှင်အာစယသည် မန္တလေးမြို့, ဂ္ဂဠီယာရာမ ရွှေဂူကျောင်းတိုက်၌ ဓာတ်လက်သီတင်းသုံး၍ စာသင်သားရဟန်းသာမဏေများစွာတို့အား စာပေချီ့ သာသနာချီးမြှောက်တော်မူခဲ့လေသည်။

ဘဒ္ဒန္တအာစယော ထေရော၊ နာနာဂန္ဓေသု ကောဝိဒေါ။
ဗဟေါ ဝါစယိတ္တာန၊ သမ္ဗုဒ္ဓသာသနဓ္ဓရော။

■ ■ ■

သာသနဇေသိရိပဝရမွာစရိယ
ဗုဒ္ဓသာသနဒိယဘာဏက ဘွဲ့တံဆိပ်တော်ရ
ဆရာတော် အရှင်သောပါက

ဆရာတော်အရှင်သောပါကသည်လည်း မန္တလေးမြို့, အရှေ့ပြင် ဂျုန်ဒီယာရာမရှေးဂူတိုက်၌ စာပေချပို့, သာသနာ့ဝန်ထမ်းဆောင်တော်မူသည့် မထေရ်မြတ်ဖြစ်တော်မူသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

မိတ္ထိလာခရိုင် ဝမ်းတွင်းမြို့နယ် တမာကုန်းရွာ၌ အဖ-ဦးဘသိန်း အမိ-ဒေါ်တုပ်တို့မှ သက္ကရာဇ် ၁၃၀၀-ပြည့်နှစ် နှောင်းတန်ခူးလပြည့်ကျော် ၁-ရက် သောကြာနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ သက်တော် ၁၂-နှစ်ခန့်ရှိရာ ၁၃၁၂-ခုနှစ် တန်ခူးလတွင် တမာကုန်း သရက်ခြံကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့်မြောက်ရာ ၁၃၂၀-ပြည့်နှစ် တပို့တွဲလဆန်း ၁၄-ရက်နေ့တွင် မန္တလေးမြို့, အရှေ့ပြင် ဂျုန်ဒီယာရာမရှေးဂူပါဠိတက္ကသိုလ်ကျောင်းတိုက်ခဏ္ဍာသိမ်တော်၌ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ဂျုန်ဒီယမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဥပသမ္ပဒဏတ် မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ကျမ်းဂန်အရပ်ရပ်ကို သင်ကြားခြင်း

တမာကုန်း သရက်ခြံကျောင်းဆရာတော်နှင့် တိုက်ကြီးပ်ဆရာတော် အရှင်နာရဒ, မန္တလေးမြို့, အရှေ့ပြင် ဂျုန်ဒီယာရာဝေရှေးဂူပါဠိတက္ကသိုလ် ကျောင်းအုပ်ဆရာတော် အရှင်ဂျုန်ဒီယ, စာမျက်ဝါကဆရာတော်များဖြစ်ကြသော အရှင်ဝိစိတ္တသာရ, အရှင်ပဏ္ဍာဝံသ, အမရပူရမြို့, မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ, စစ်ကိုင်းတောင်ရိုး ပဌာန်းသိပ္ပံချောင်ဆရာတော် အရှင်ဂုန္ဒကတို့ထံ နေ့ဝါညဝါ ကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။

စာမေးပွဲများ ဖြေဆိုအောင်မြင်ခြင်း

ဆရာတော်သည် စာမေးပွဲများကို ဝင်ရောက်ဖြေဆိုရာ မြန်မာပြည်လုံးဆိုင်ရာ ရဟန်းပျိုအဖွဲ့ကြီးမှ ကျင်းပသော သာမဏေ ဝိနယမူလတန်း, ပရိယတ္တိသာသနဟိတအသင်း သက္ကသီဟသာမဏေ စာသင်တန်း ပဌမဆင့်, ဒုတိယဆင့်, ပါဠိပထမပြန်စာမေးပွဲ ၎င်း, လတ်, ကြီးတို့ကို ဖြေဆိုအောင်မြင်တော်မူသည့်ပြင် အစိုးရစာချတန်း စာမေးပွဲ ကျမ်းရင်း ၃-ကျမ်းနှင့် မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူးဆောင် ကျမ်းတို့ကို အောင်မြင်သဖြင့် "သာသနဓဇသိရိပဝရမဟာစရိယ" ဘွဲ့တံဆိပ်တော်ကို အလျှုံခံရရှိတော်မူခဲ့လေသည်။

ရင်းပြင် ၁၃၂၄-ခုနှစ် ၁၅-ကြိမ်မြောက် တိပိဋကဓရရွှေးချယ်ပွဲကြီး ဒီဃနိကာယ် ၃-ကျမ်းကို ဖြေဆိုအောင်မြင်တော်မူသဖြင့် "ဗုဒ္ဓသာသနဒီဃဘာဏက" ဘွဲ့တံဆိပ်တော်ကို အလျှုံခံရရှိတော်မူခဲ့လေသည်။

စာပေချပို့, သာသနာပြုခြင်း

စာမေးပွဲများအောင်မြင် စာပေကျမ်းဂန်တတ်မြောက်ပြီးနောက် ဣန္ဒြိယာရာမရွှေဂူတိုက်၌ ဆက်လက်သီတင်းသုံး စာပေချပို့ သာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်။

ဘဒ္ဒန္တသောပါကော ထေရော၊ ဝါစကော ဗုဒ္ဓသာသနေ။
ရွှေဂူအာရာမေ ဧသောတိ၊ ဝသိတ္ဝာ စက္ကဘာရဓော။

■ ■ ■

သံဃာဦးရေစသည်

ဣန္ဒြိယာရာမရွှေဂူတိုက်ဟု နာမည်သစ်ရရှိသော ရွှေဂူတိုက်သည် သက္ကရာဇ် ၁၂၃၀-ခုနှစ် မတိုင်မီကပင် တည်ရှိခဲ့သော ကျောင်းတိုက်ဖြစ်သည်၊ ရွှေဂူတိုက် သိမ်ကျောက်တိုင်၌ ၁၂၃၀-ပြည့်နှစ်ဟု ဂဏန်းတွေ့ရှိရလေသည်။ မြောက်နန်းမိဖုရား ပြည်ဆရာ

တော်၏ အရိုးအိုးစေတီ ပူဇော်ပွဲကျင်းပသည်မှာလည်း ၁၂၃၀-ပြည့်နှစ် တပေါင်းလဖြစ်လေသည်၊ တိုက်တည်စဉ်က အလယ်ကျောင်းကြီး မရှိပဲ သိမ်နှင့်တကွ ကျောင်း ၃-ကျောင်းသာ ရှိခဲ့သည်ဟုလည်း သိရ၏၊ အင်္ဂလိပ်ခေတ်တွင် ကျောင်း ၁-ကျောင်းသာ ရှိသည်ဟု သိရ၏၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ဂုဏ္ဍိယနှင့် စာချဆရာတော်များ၏ ကြိုးပမ်းမှုကြောင့် ၁၃၂၄-ခုနှစ်မှစ၍ စည်ကားလာရာ ယင်းသည့် ၁၃၂၄-ခုနှစ်တွင် ရဟန်းတော် ၃၆-ပါး, သာမဏေ ၂၄-ပါး ၂-ရပ်ပေါင်း ၆၀-ပါးရှိကြောင်း သိရလေသည်။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ဂတော။
ရွှေဂူသာသနဝံသော ယံ၊ သမတ္တော သာဓု ဝဏ္ဏိတော။

ရွှေဂူသာသနာဝင် ပြီး၏။

*** ♦ ***

မဂ်လာရာမ
မောင်းထောင်သာသနာဝင်

မောင်းထောင်တိုက်သည် မူလကမဂ်လာရာမတိုက် ဖြစ်လေသည်၊ သို့ရာတွင် ကျောင်းတိုက်ကို စတင်အလျှုခံတော်မူ၍ တည်ထောင်တော်မူခဲ့သော ပညာသာမိကဝိဓေမဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ မောင်းထောင်ဆရာတော် အရှင်ပညာသာမိ၏ ဇာတိ, မောင်းထောင်ကိုပါ တွဲစပ်၍ မဂ်လာရာမမောင်းထောင်တိုက်ဟု တွင်လေသည်။ ကျောင်းတိုက်အတွင်း၌---

၁။ ခါတော်မီကျောင်း

၂။ ရွှေဘိုကျောင်း

၃။ အလယ်ကျောင်း

၄။ နန်းရှေ့ကျောင်း

၅။ ကန်ဦးကျောင်း

၆။ သိမ်ကျောင်း

၇။ စိန်ပန်းကျောင်း

၈။ ရိပ်သာကျောင်း

အားဖြင့် ကျောင်းပေါင်း ၈-ကျောင်း ရှိလေသည်၊ မဂ်လာရာမမောင်းထောင်တိုက်၌ ခဏ္ဍာသိမ် ၂-လုံးရှိ၏။ ကျောင်းတိုက်မှာ မဟာရံတံတိုင်း မရှိပဲ သာမန်အကာအရံမျှသာ ရှိလေသည်၊ ကျောင်းတိုက်ဝန်းမှာ ကျယ်ဝန်းလှ၏၊ ယခင်က သံယာတစ်ထောင်ကျော် သီတင်းသုံးရာ ဝိဇ္ဇာဌာနအဖြစ် မန္တလေးသာသနာဝင်တွင် လွန်စွာထင်ရှားလှလေ၏၊ ဖော်ပြပါ မဂ်လာရာမမောင်းထောင်ကျောင်းတိုက်ကြီးသည် မန္တလေးမြို့ အရှေ့ပြင် နန်းတော်ရှေ့ရပ်၌ တည်ရှိလေသည်၊ မောင်းထောင်တိုက်၏ မြောက်ဖက်၌ သက်ပန်းတိုက်တည်ရှိပြီး တောင်ဖက်တွင် ခင်မကန်ကျောင်းတိုက်ကြီး တည်ရှိလေသည်။

သမိုင်းအကျဉ်း

ပဋ္ဌမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် သက္ကရာဇ် ၁၂၂၃-ခုနှစ် ပတ်ဝန်းကျင်တွင် ရွှေမြို့တော်အရှေ့မျက်နှာ သာယာညီညွတ်သော မြေအပြင်၌ ကျောင်းအရံ ၂၀-နှင့်တကွ ဘုံ ၅-ဆင့်ရှိ စမြင်ခံကျောင်းတော်ကြီးကို ဘုံ ၉-ဆင့်ပြသာဒ်ဖြင့် တန်ဆာဆင်၍ ဆောက်လုပ်စေတော်မူ၍ ကျောင်းတိုက်ကို မဂ်လာရာမဟု သမုတ်တော်မူပြီး "ဥ ယျဓမ္မာလင်္ကာရမဟာဓမ္မရာဇာဝိရာဇဂုရု" "ဥ ယျဓမ္မာဘိဝံသသိရိပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာခိရာဇဂုရု" "ဥ ယျဓမ္မာဘိမုနိဝရညာဏကိတ္တိသိရိဓဇဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" အားဖြင့် ဘွဲ့တံဆိပ်တော်သုံးတန် ရရှိတော်မူသော သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော်ဘုရားကြီး ဥ ယျဓမ္မာ-ဘိဝံသ၏ တပည့်ဖြစ်တော်မူသော ကျမ်းဂန်တတ် တတိယမောင်းထောင်ဆရာတော်ဟု ထင်ရှားသော "ပညာသာမိသိရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" သွန်းထုခပ်နှိပ် တံဆိပ်တော်ရဆရာဟော် အရှင်ပညာသာမိ မဟာထေရ်မြတ်အား-

> ဣဒံ ဘန္တေ မဟာထေရ၊ မဂ်လာရာမသဝုယံ။
> မနုညံ ရာမဏီယကံ၊ ပဋ္ဌိဋ္ဌ ယတိကုဋ္ဌရံ။

ရဟန်းမြတ်ဖြစ်တော်မူသော မဟာထေရ်အရှင်သူမြတ်ဘုရား စိတ်နှလုံး၏ နှစ်သက်ပျော်မွေ့ရာ ကောင်းလှသော မဂ်လာရာမအမည်ရှိသော ဤကျောင်းအရံတိုက်ကို အလှူခံကော်မူပါဟု မြွက်ဆို၍ လှူဒါန်းခဲ့လေသည်။

■ ■ ■

ပညာသာမိသိရိကဝိဇေမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မောင်းထောင်ဆရာတော် အရှင်ပညာသာမိ

ဉာဏာဘိဝံသမမ္မသေနာပတိ ပဌမမောင်းထောင်သာသနာပိုင်ဆရာတော်ကို ထောက်၍ "ဥယျဓမ္မာဘိမုနိဝရဉာဏကိတ္တိသိရိ-ဓဇဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မောင်းထောင်သာသနာပိုင်ဆရာတော် အရှင်ဥယျကို ဒုတိယ မောင်းထောင်ဆရာတော်ဟု ခေါ်တွင်လေသည်။

ဖော်ပြပါ ပဌမမောင်းထောင်သာသနာပိုင်ဆရာတော် အရှင်ဉာဏာဘိဝံသနှင့် ဒုတိယမောင်းထောင်သာသနာပိုင်ဆရာတော် အရှင်ဥယျတို့ကို ထောက်၍ မောင်းတောင်အရှင်ပညာသာမိသည် တတိယမောင်းထောင်ဆရာတော်ဟု ထင်ရှားခဲ့လေသည်။

ဆရာတော်အရှင်ပညာသာမိကား ပါဠိ သက္ကတ မြန်မာမှ အစုစုနှင့် ရာဇဝင်ကျမ်းဂန်တို့၌ ကျွမ်းကျင်တတ်မြောက်သည့်ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။

ဖွားမြင်တော်မူခြင်း

မုံရွာခရိုင် ဗုတလင်မြို့နယ် မောင်းထောင်ရွာ မှိုင်းသာရပ်၌ သက္ကရာဇ် ၁၁၇၇-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ဆရာတော်လောင်းလျှာ၏ ငယ်မည်မှာ မောင်သော် ဖြစ်လေသည်၊ ဆရာတော် ဥပဓိမှာ ပုပုသေးသေးဟု ပြောဆိုကြသည်။

ရှင် ရဟန်းပြုခြင်း ပညာသင်ကြားခြင်း

သက်တော် ၁၄-နှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့လေသည်၊ သက်တော် ၂၀-တွင် ရဟန်းပြုတော်မူ၍ သာသနာ့ဝန်ကို ထမ်းရွက်တော်မူခဲ့လေသည်၊ ဘွဲ့တော်မှာ အရှင်ပညာသာမိ ဖြစ်လေသည်။

ဆရာတော်အရှင်ဥေ ယျထံ ရောက်ရှိပညာသင်ကြားခြင်း

ဆရာတော်အရှင်ပညာသာမိသည် သက်တော် ၁၉-နှစ်သား အရွယ်ကပင် အမရပူရမြို့ အဘယာရာမတိုက်, မဟာပိဋကာရာမ တိုက်တို့၌ လှည့်လည် သီတင်းသုံးတော်မူ၍ မစဲနေ့သည် စာပွဲသဘင် ဆင်ယင်ချပို့တော်မူသော "ဥေ ယျဓမ္မာဘိဝံသသိရိပဝရလင်္ကာရဓမ္မ သေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဒုတိယမောင်း ထောင်သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျဓမ္မာဘိဝံသ ထံ ရောက်ရှိတော်မူ၍ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းများစွာတို့ကို သင်ယူ တတ်မြောက်တော်မူခဲ့လေသည်။

စာပေအမျိုးမျိုးနိုင်နင်း

ဆရာတော်အရှင်ပညာသာမိသည် စာပေမရွေးနိုင်နင်းကျွမ်း ကျင်တော်မူလေသည်၊ ဝိနည်း သုတ္တန် အဘိဓမ္မာကျမ်းဂန်များအပြင် သမိုင်းရာဇဝင်အမျိုးမျိုးတို့၌လည်း နိုင်နင်းတတ်မြောက်တော်မူလေ သည်၊ ဂင်းပြင် ရူပသိဒ္ဓိ သဒ္ဒနီတိ မောဂ္ဂလာန် ကစ္စည်း သဒ္ဒတ္ထ ဘေဒစိန္တာ ကစ္စာယနသာရစသည့် ကျမ်းဂန်အမျိုးမျိုး၌လည်း ဒိုးကဲ့သို့ အာဂုံကျေညက် နိုင်နင်းတော်မူလှချေ၏။

အဘိဓာနပ္ပဒီပိကာ အမရကောသစသည့် ကောသကျမ်းဂန် အမျိုးမျိုးတို့၌ နိုင်နင်းတတ်မြောက်ကြောင်းကိုလည်း အဘိဓာန်ဋီကာ နိဿယကျမ်းဂန်ကြီးဖြင့် သိနိုင်လေသည်။

ဝိနည်းအဆုံးအဖြတ် စသည်တို့၌ လွန်စွာ နိုင်နင်းသဖြင့် သာသနာပိုင်ဆရာတော်ကြီး အရှင်ဥေ ယျဓမ္မာဘိဝံသသည် အဆုံး အဖြတ်များစွာတို့ကိုလည်း ကိုယ်စား ဆုံးဖြတ်စေတော်မူခဲ့လေသည်။

ကိုယ်စားစေခိုင်းခံရ

ဆရာတော်အရှင်ပညာသာမိသည် သာသနာပိုင်ဆရာတော် ဘုရားကြီး အရှင်ဥေ ယျဓမ္မာဘိဝံသ၏ကိုယ်စား သံယာ့ကံကြီးကံငယ် တို့ကို ဦးဆောင်၍ ဆောင်ရွက်တော်မူရလေသည်။

ထိုထိုမြို့ရွာများမှ သိမ်သမုတ်, ရဟန်းခံစသည့် ကံကြီး, ကံငယ် အသွယ်သွယ်တို့ကို သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥယျမမွာဘိဝံသအား လာရောက် ပင့်လျှောက်တတ်ကြကုန်၏။ ထိုအခါ သာသနာပိုင်မောင်းထောင်ဆရာတော် အရှင်ဥယျမွာဘိဝံသသည် မိမိမအားလပ်သောအခါ တပည့် အရှင်ပညာသာမိအား ထည့်လိုက်၍ ဆောင်ရွက်စေတော်မူလေသည်။

လောကမာရဇိန်ဘုရားအနီး သိမ်တော်ဦးစီးသမုတ်

သက္ကရာဇ် ၁၂၁၆-ခုနှစ်တွင် သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥယျမွာဘိဝံသသည် မိမိ၏ဇာတိဌာနေ မွေးရပ်မြေ၌ တည်ဆောက်ပြီးဖြစ်သော လောကမာရဇိန်စေတီကြီးကို ခမ်းနားစွာ ပူဇော်ပွဲကျင်းပအံ့သောဌာ သံဃာတော် ၅၁၀-ကျော်နှင့် တပည့်ဒကာ, ဒကာမများစွာတို့ဖြင့် အမရပူရရာဇဌာနီမှ ကြွတော်မူခဲ့လေသည်။ ထိုစဉ် ဆရာတော် အရှင်ပညာသာမိလည်း ပါဝင်ခဲ့လေသည်။ အရှင်ပညာသာမိသည် သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥယျမွာဘိဝံသ၏ အမိန့်အရ လောကမာရဇိန်စေတီတော်ကြီး၏ တံတိုင်းပြင်ဖက်ဖြစ်သော အရှေ့မြောက်အရပ်၌ ၃၅-တောင်စီကျယ်သော မြေကွက်ကို ဦးဆောင်၍ သိမ်သမုတ်တော်မူခဲ့လေသည်။

မန္တလေးသို့ ကြွတော်မူခြင်း

သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥယျမွာဘိဝံသသည် သက္ကရာဇ် ၁၂၁၉-ခုနှစ် နတ်တော်လဆန်း ၅-ရက်နေ့တွင် ဆရာတော်သံဃာတော် ၅၀၀-ကျော်တို့ကို ဦးဆောင်တော်မူလျက် မန္တလေးမြို့တော်သစ်သို့ ရွှေ့ပြောင်းတော်မူ၍ နန်းရှေ့ မဟာဝိသုတာရာမတိုက်တော်၌ သီတင်းသုံးတော်မူခဲ့လေသည်။[1] ထိုစဉ်က ဆရာတော် အရှင်ပညာသာမိသည်လည်း သာသနာ

၁။ မန္တလေးသာသနာ၊ ၄။ ၂၄၀။

ပိုင်ဆရာတော်ဘုရားကြီး အရှင်ဥ ပဗျမမ္မာဘိဝံသနှင့် အတူလိုက်ပါတော်မူခဲ့၍ မဟာဝိသုတာရာမတိုက်တော်၌ သီတင်းသုံးတော်မူခဲ့လေသည်။ ဆရာတော် အရှင်ပညာသာမိ သီတင်းသုံးရာကျောင်းသည် မောင်းထောင်ကျောင်းဟု ထင်ရှားလေသည်၊ သာသနာပိုင်ဆရာတော်ဘုရားကြီး သီတင်းသုံးရာ တုလွတ်ဘုံစံ ရွှေကျောင်းတော်ကြီး၌လည်း ကြာမြင့်စွာ သီတင်းသုံးတော်မူခဲ့ဘူးလေသည်။

သီဟိုဠ်စသည့် ကိုးတန်းပါးတိုင် ကျော်စောခဲ့

တတိယမောင်းထောင်ဆရာတော် အရှင်ပညာသာမိ၏ စာပေကျွမ်းကျင်တတ်မြောက်မှု ဂုဏ်သတင်းသည် သီဟိုဠ်ကျွန်းစသည့် တိုင်းတစ်ပါး နိုင်ငံတစ်ပါးတိုင် ပျံ့နှံ့ကျော်ကြားခဲ့လေသည်။ သီဟိုဠ်ကျွန်းသို့ သန္ဒေသများပေးပို့ခြင်း, သီဟိုဠ်ကျွန်းမှ သန္ဒေသများ ရောက်ရှိခြင်းတို့မှာ အခါပေါင်း မနည်းလှချေ။

သာသနာသက္ကရာဇ် ၂၄၀၈-ခုနှစ်က ဆရာတော်အရှင်ပညာသာမိသည် သီဟိုဠ်ကျွန်း ဒေါဒုန်ဒုဝရာ ကုမာရာရာမတိုက်အာရာတော် အရှင်ရတနပါလထံ မြန်မာပြည် မန္တလေးသင်္ဃာတိုက်ရောက် သီဟိုဠ်ရဟန်းတော်တစ်ပါးနှင့် ကပ္ပိယဒကာတစ်ဦး ကွယ်လွန်ခြင်း, သီဟိုဠ်ရဟန်းတော် ၄-ပါး မောင်းထောင်တိုက်နှင့် တိုက်တော်တို့၌ သိမ်ထပ်၍ ဒဋ္ဌိကမ္မပြုခြင်းနှင့်စပ်၍ အောက်ပါသန္ဒေသကို ပေးပို့တော်မူခဲ့လေသည်။

ဆရာတော်အရှင်ပညာသာမိ၏ သီဟိုဠ်သန္ဒေသ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သုသုဒ္ဓသန္တာနမနာသဝံသဝံ၊
ဝိသုဒ္ဓဒေဝေသုပိ အဂ္ဂတံဂတံ။
ပသိဒ္ဓနာမံ သုဂတံတိတံထိတံ၊
သုမုဒ္ဓနာ တံ ပဏာမေရဟံရဟံ။

သဗ္ဗဒီပါနံ ဒီပါလက်ာရဘူတေ အံကိတေဇမ္ဗုရုက္ခေန ဗုဒ္ဓ-ပစ္စေကဗုဒ္ဓအဂ္ဂသာဝကမဟာသာဝကစက္ကဝတ္တိမဟေသက္ခာနံ ဥပ္ပတ္တိ-ဌာနဘူတေ သိရိမဟာဇမ္ဗုဒီပေ တမ္မဒီပရဋ္ဌေ ဟတ္ထိသဒ္ဒါဒိ ဒသဟိ သဒ္ဒေဟိ အဝိဝိတ္တေ အဋ္ဌာလကဂေါပုရမာဋ္ဌဗဟိဒ္ဓါရာဝရဏာဝရာရိ-ကာဋ္ဌာလသတာဒျနန္တာလကာရေဟ သောဘတေ သုဝဏ္ဏာလမ္ပတ-ဝိစိတြာနေကသတနေကသဟဿပါသာဒပတိမဏ္ဍိကေ နေကဘဏ္ဍ-ပရိပူရိသုဝိဘတ္တန္တရာပဏေဟိ အနန္တရေ စတုက္ကသိယာဋ္ဌကာဒိသု ဝိဘတ္တဝိထိတျာလံကတေ ဟိန္တာလတာလမကုလခဇ္ဇုရိကကမ္ဗုကာမ-ဇမ္ဗုဇမ္ဗီရပနသပါဋ္ဌလာသောကကရုဝရောပသောဘိတဘူတျာနပန္တိဟိ သမလံကတေဟ ဟတ္ထေဟိ ဂဟိတခဂ္ဂကုန္တတောမရာဒျယုဓာနန္တာ-နေကသတနေကသဟဿယောဓဘဋ္ဌေဟိ နိစ္စာရက္ခိတေ ရတနတ္တ-ယာနုဂတပသာဒဝန္တာ နေကနရနာရီဂဏာနုဂီတသာဓုနဒေတျနဝ-ရတနယောသိတေ,ပရိယတ္တိယာ စ ကောဝိဒါနပဋိပတ္တိပရာယနာနေက-သတသဟဿနေကသတသဟဿသာမဏေရဘိက္ခူနံ ကာသာဝ-ဝသနောကာသေန ကာသိကေ ဥတ္တရကုရုဒီပအာလကမန္ဒာရာဇဓာနီ သံကာလေ, ရာဇဂဟနဂရေ ဝိယ မဏ္ဍလာစရာဒိနေကပဗ္ဗတေဟိ ပရိက္ခိတ္တေ သုဝဏ္ဏရဇတာဒိနေကရတနေဟိ ပရိပူဏ္ဏကောသာဂါရတ္တာ ရတနာပုဏ္ဏနဂရံတိ သုပ္ပသိဒ္ဓေ ပုရဝရေတရဟိ ပရမဓမ္မိကမဟာ-ဓမ္မရာဇာဓိရာဇာနေကာရာပိတေ ဂမနာဂမနသမ္ပန္နေ စတုသတိဘိက္ခု-သာမဏေရာနံ နိဝါသဘူတေ ဘာဝနာရဒ္ဓါရဟေ သဟဿော ရောဟရာမေဝ သန္တေန မယာ "သိရိကဝိဓဇမ္ဗုဟာဓမ္မရာဇာဓိရာဇ ဂုရု"တိ လဒ္ဓရာဇလဋ္ဌကေန ပညာသာမိထေရေန လံကာဒီပေ ဂါလု-နဂရာသန္နေ သိမ်ာဌဝေါဟာရေန ဒေါဝုန်ဒုဝနာမဂါမေ ကုမာရ-မဟာဝိဟာရေ ဝသန္တသ အာယသ္မတော ပညာဂမ္ဘီရာရိယဝံသသိရီ-ရတနပါလတ္ထေရသ ဇနာပနတ္ထာယ အစ္စာရဂါရဝေန လိခါပေတ္တာ ပေသိယာဟိ။

ဇနာတု ပနာယသ္မာ ဘန္တေ ထေရော သာသနဇောတက-ဓမ္မရတနတ္ထေရသန္တေဝါသိကာသာသနတိကဉ္ဇာလံကာရဓမ္မာနန္ဒ-

တ္ထေရော စ သီလာနန္ဒသာမဏေရော စာတိ ဒွေ စ အာယသ္မာတော ထေရသန္တေဝါသိတိ ဉာဏသိရိအရိယာလံကာရသု ဂုဏတိသပဋ္ဌ-ဝတထေရော စ, ဒေဝါနန္ဒော နာမ ဘိက္ခု စ ပညာနန္ဒော နာမ သာမဏေရော စာတိ တယော စ ရေဟန ကပ္ပိယကာရကေန သဟ တယော ဥပဋ္ဌာကဂဟဋ္ဌာ စ အာယသ္မန္တေဟိ ပေသိတာ အာဂန္တာ ဗုဒ္ဓသ ဘဂဝတော ပရိနိဗ္ဗာနတော စတုသတာဓိကာနံ ဒ္ဝိန္နံ ဝဿသဟဿာနမုပရိ ဆဋ္ဌေ ဝေသ အမ္ဘာကံ မရမ္မဝေါဟာရေန စတုဝီသာဓိကေ စ ဒ္ဝိသတာဓိကေ ဧကသဟဿေ သက္ကရာဇေ သမ္မတ္တေ မိဂသိရမာသဿ ကာဠပက္ခပါဋိပဒေ သောမ-ဝါရေ အဂ္ဂမဟာလက်ာရမဟာထေရဿ နိဝါသဘူတံ သင်္ဂီရာမံ သမ္ပတ္တာ။

တတော ဒုတိယဒိဝသေသု ဂုဏတိသပဋ္ဌဝတထေရော စ တတိယဒိဝသေ ကပ္ပိယကာရကော စာတိ ဥဘော အနိစ္စတံ ဒဿေန္တာ မစ္စုဝသံမုပဂတာ ဟောန္တိ၊ တဒါ ပန လံကာဒီပတော ဧကော ထေရော ကာလကတောတိ နာဂရိကာနမန္တရေ ဧ-ကောလာဟလံ ဟုတ္တာ ဂဟဋ္ဌာ သန္နိပတိတ္တာ သောစန္တာ ပရိ-ဒေဝန္တာ အဿုမုခါ ရုဒမာနာ ဘဒန္တရူပါ နေကဿက္ကာရသမ္ဘာနံ ကတာ ဟောန္တိ။

ကာလကတထေရေန သဒ္ဓိံ အာဂတာနံ စ ဗဟူ ဘိက္ခု-သာမဏေရာ သန္နိပတိတ္တာ ဟ[ဗြ] ကတ္တဗ္ဗကိစ္စာနိ အကံသု။ အထ ပန ကာလကတဒိဝသတော တတိယဒိဝသေ ရာဇာဖ(ဖ)ဘ္ဂိယာ [မြမ္မ-ဝေါဟာရေန **မျိုးသုံးသစ်တောဝန်မင်းကြီး** **မဟာမင်းလှသီဟသူတိ**] မဟာမစ္စေန မဟတာ ပရိသာယာ စ'နေကပ္ပဏာ ဟတ္ထေ စ ဂါဟာပေတ္တာ ယာဝ အာဠာဟနံ မဂ္ဂသ ဥဘမတော ပဋသ ဝဏ-ပဋ္ဌာကာနေကပုပ္ပိဏ္ဍိကာဒိဟျလံကာရာပေတ္တာ တတ္ထ တတ္ထ ပုဏ္ဏဃဋေ

၁။ သီဟိုဠ်မှ၌ပင် ချတ်ယွင်းနေဟန် တူပါသည်။

ဌပါပေတွာ ဝိတာနာနံ ဗန္ဓာပေတွာ ဂမနမဂ္ဂေ ပါသုပဌေ စ အတ္ထရာပေတွာ ဟမတ္ထာယ သန္ဓိပတိတေဟိ တိသတမတ္တာဘိက္ခု-သာမဏေရေဟိ စ နေကသတနေကသဟဿာမစ္စဂဟဋ္ဌပရိသာယ စ သဒ္ဓိံ သုဝဏ္ဏသိဝိကာရောပိတထေရကဋ္ဌဝရံ အာဋ္ဌာဟနံ ပါပေသိ။

တတ္ထ စ ပန သာမစ္စမဟာဇနကာယာနေကသက္ကာရ-သမ္မာနမကရိံသု။ အထ ပန ရာဇာဏတ္တိယာဂတမဟာမစ္စော တတ္ထ သန္ဓိပတိတဘိက္ခုသံယာသ အနေကပရိက္ခာရံ ပူဇံ ကတ္တာ ကာလ-ဂတတေရသ ပတ္တိ ဒတ္တာနေကုသဝံ ကာရာပေန္တော စန္ဒနဒါရု-အာဒိဟိ စျာပေတ္တာ တတော ကာလံ ကတကပ္ပိယကာရကသ စ ဘဒန္တရူပသက္ကာရသမ္မာနေန ကတ္တဗ္ဗကိစ္စံ ကာရေတ္တာ နိဋ္ဌာပေသိတိ ဥတ္တံ။

အထ ပန ဓမ္မာနန္ဒာဒယော လံကာဒီပိကာ သင်္ဂီရာမေ-ယေဝ အဋ္ဌဒိဝသမတ္တံ ဝသိတ္တာ အာယသ္မန္တော်ဟိ မဟာဓမ္မရညော စ ဂဏိန္ဒသံယောဇဓမဟာယောဓရာဇိနံ စ ဒါနတ္ထာယ လေခနေပိ အံမဂေတ္တာ ပေသိတယမ္ပတ္တာ ယာဒါ ပန အသရဏိဟ္ဂုတာ နတ္ဘုမ္ဘာက ကတ္ဘာတ္ပံ သဗ္ဗ ပယ်ံ ဘာရောတိ ဗောဓိသတ္တော ပုတ္ဘပေမံ ပစ္ဆုပဋ္ဌာပေတ္တာ မမ နိဝါသနဋ္ဌာနဘူတာရာမေ ဝါသတ္ထာယ ဩကာသံ ကာရေတ္တာ ဝမ္မာမိသေဟိ တံ ဂဏ္ဍန္တော မမ သမီပေ-ယေဝ ဝသာပေသိ၊ ရာဇာ စ တေသံ နိဗဒ္ဓပါဂဝတ္ထံ ပဋ္ဌပေသိ။ အထ ပန အာယသ္မန္တော်ဟိ ပေသိတသန္ဒေသပဋ္ဌာ အံကိတဥပါ-ယနဘာဏ္ဍာ တတ္ထ ကိတာနုနယေန မဟာဓမ္မရညော သံယရာဇ-ပမုခယောရာနုယောရာဒီနံ စ ဒါပေသိ၊ တတော ပန ပစ္ဆာ ကလိ-ယုဂေ ပုဗ္ဗေ ယာမိကော သဟယော ဒိသတော စ သမ္ပတ္တော ဖဂ္ဂုန-မာသသ ဟဏ္ဍပဏ္ဍုတိယဒိဝသေဟိ ပဟာရာမိကော ဧကုနစတ္တာ-လီသဝါဒ ဆာယာယ နိယမိတော ကာလေ ဓမ္မာနန္ဒဒေဝါနန္ဒာနံ ဒိန်ံ ဘိက္ခုနံ ဒဋ္ဌကမ္မတ္ထာယ ရတနာပုဏ္ဏနာမိကာယ မဟာရာဇ-ဓာနိယာ ပုရတ္ထိမဒိသာဘာဂေ သဟယော်ရောဓာရာမေ မယာ

မမ သိသဘူတေဟိ ထေရေဟိ စ ကမ္မဝါစာ စရိယေဟိ မဟတာ စ ကာရကသံယေန ဥပသမ္ပဒကမ္မံ အကာသ်တိ စ။

ကလိယုဂေ ပဠ္ဌဝိသာမိကေ သဟသော ဒ္ဒိသတေ စ သမ္ပတ္တေ မာယမာသသ ဇုဏ္ဏပက္ခေ သတ္တမိယံ တိဟာရေ ဒ္ဒေ-စတ္တာလီသပဒေ ဆာယာယ နိယမိတေ ကာလေ ပညာနန္ဒာနံ ဒ္ဒိန်ံ ဥပသမ္ပဒကမ္မံ ရတနာပုဏ္ဏာနာမိကာယ မဟာရာဇဓာနိယာ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ သံယရာဇရာမေ ဗဒ္ဓသီမာယံ သံဃရညာ ဥပဇ္ဈာ-ယေန အမ္ဟေဟိ ကမ္မဝါစာစရိယေဟိ မဟတာ စ ကာရကသံယေန ကတံတိ ဒဋ္ဌပ္ပံ။

တတော ပန ပစ္ဆာ တေမာသမတ္တေ အတိက္ကန္တေ တေ သကဒေသံ ဂမိဿာမာတိ အမ္ဟေ ယာစန္တိ၊ တဒါ ပန ဂမနာယ တေသံ အဇ္ဈာသယံ ဥ တ္ဝာ သံယရညာ စ အမ္ဟေဟိ စ ဩကာသံ ကတာ ရာဇမဟာမတ္တာဒီဟိ ကတသက္ကာရသမ္ဘာနာ အမ္ဟေဟိပိ ဓမ္မာမိသသံဂဟေဟိ သံဂဟိတာ ဝိယောဂဒုက္ခံ အသဟန္တာနံ သဂဟဋ္ဌပဇ္ဇဇ္ဇိတာနံ ဒုက္ခံ ဒဒမာနာ ဣတော နိက္ခမိတ္ဝာ သကဒေသံ ဂမနာယ မဂ္ဂံ ပဋ္ဌိပန္နာတိ။

ဣဒံ ပညာသာမိထေရေန ဇိနစက္ကေ အဋ္ဌဝဿာမိကေ စတုသတေ ဒ္ဒိသဟသော စ သမ္ပတ္တေ မိဂသိရမာသသ ဇုဏ္ဏပက္ခ-ပဋ္ဌမိယံ သိရိရတနပါလထေရတ္ထာယ ပဟိတန္တိ ဒဋ္ဌပ္ပံ။[1]

သီဟိုဠ်ကျွန်း ပညာမောလိထေရ်ထံ

သာသနာသက္ကရာဇ် ၂၄၀၃-ခုနှစ်ကလည်း မောင်းထောင်ဆရာတော် အရှင်ပညာသာမိသည် သီဟိုဠ်ကျွန်း အရှင်ပညာမောလိ မဟာထေရ်ထံသို့လည်း သန္ဒေသပေးပို့ကြောင်း သီဟိုဠ်သန္ဒေသကျမ်း အရ သိရလေသည်။

၁။ သီဟိုဠ်အကွာရာရေး ပါဠိသန္ဒေသာဝလိကျမ်းမှ ကူးယူဖော်ပြသည်။ ပါဠိသန္ဒေသာဝလိ။ ၁၇၇။ ၁၇၉။

စကားအရာ လိမ္မာကျွမ်းကျင်တော်မူခြင်း

ဆရာတော်အရှင်ပညာသာမိသည် စကားအရာ၌လည်း ကျွမ်းကျင်တော်မူလှသည်၊ ယင်းသို့ ကျွမ်းကျင်ကြောင်း အောက်ပါ ဖြစ်ရပ်တို့ဖြင့် သိသာလေသည်။

အဂ္ဂညူဆိုသင့်သည်ဟူသော စကားအကြောင်း

အခါတစ်ပါး သုဓမ္မာဆရာတော်တို့သည် "ပညာသာမိသိရိ ကဝိဓေမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မင်္ဂလာရာမ မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ပညာသာမိ၏ သဒ္ဒါရေးရာ၌ အထူးကျွမ်းကျင်တတ်မြောက် လိမ္မာတော်မူပုံ အစရှိသည်တို့ကို ချီးမွမ်း အံ့သြ ထောမနာ၍ နေကြကုန်၏။

ထိုအခါ သင်္ဃာဆရာတော်ဘုရားကြီးက "ဦးပညာလောက် တော့ တတ်မြောက်ကြသည်ချည်းဖြစ်သည်၊ ဤမျှလောက် တတ် မြောက်ရုံဖြင့် အလုံးစုံတတ်မြောက် ထင်မြင်သည်ဟု မဆိုနိုင်သေးပါ" ဟု အမိန့်ရှိလေ၏။

ယင်းသို့သော အပိန့်သံကို အခြားသုဓမ္မာဆရာတော်တို့ ကြားသိသဖြင့် "ဤသို့ဖြစ်လျှင် သင်္ဃာဆရာတော်သည် မောင်း ထောင်ဆရာတော်နှင့် သဒ္ဒါရေးစကား ပြောကြားမေးမြန်း ဖြေစွမ်းပြိုင် ယှဉ် နိုင်ပါမည်လော"ဟု မေးမြန်းလျှောက်ထားကြရာ သင်္ဃာဆရာ တော်က "ဆရာဘော်တို့ ကိုယ်တော်တို့သည် အိုးမဲသုတ် ရုပ်ဖျက် ကာ တိုက်လိုတိုက်, အိုးမဲသုတ် ရုပ်မဖျက်ပဲ တိုက်လိုတိုက် ကြိုက် ရာက နေပါမည်"ဟု အမိန့်ရှိလေ၏။

ဘိုးနှောက် မျှားမကြာမီပင် "ပညာသာမိသိရိကဝိဓေမဟာ ဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မောင်းထောင်ဆရာတော်ဘုရား အရှင်ပညာသာမိသည် သုဓမ္မာဆရာတော် ရှစ်ပါးတွင် တစ်ပါးအပါ အဝင် ဖြစ်တော်မူရကား သုဓမ္မာဇရပ်တော်သို့ ကြွတော်မူလေရာ သင်္ဃာဆရာတော်မှတစ်ပါးသော ဆရာတော်တို့က-

"ကဲ မောင်းထောင်ဆရာတော် ကြွလာပြီ၊ မောင်းထောင်ဆရာတော် ကြွလာပြီ"ဟု ပြောနေကြရာ မောင်းထောင်ဆရာတော် အရှင်ပညာသာမိက "ဆရာတော်တို့ ဘယ်စကားများ အမိန့်ရှိတော်မူကြပါသနည်း"ဟု မေးလေလျှင် သင်္ဂီဆရာတော်က "မောင်းထောင်ဆရာတော်နှင့် သဒ္ဒါရေးစကား ပြောကြားဆွေးနွေးလိုပါသတဲ့၊ အမေးက နေမည်လော? သို့မဟုတ် အဖြေက နေမည်လော?"ဟု မေးမြန်းပြောဆိုကြသောအခါ-

မောင်းထောင်ဆရာတော် အရှင်ပညာသာမိက "အရှင်ဘုရားတို့ သင်္ဂီဆရာတော်နှင့် တပည့်တော်မှာ တပည့်တော်က အငယ်ဖြစ်ပါသည်၊ သူနှစ်သက်ရာ နေပါစေ"ဟု လျှောက်ထားလေလျှင် သင်္ဂီဆရာတော်က သဒ္ဒါကျမ်း၌ ခက်ရာခက်ဆစ်ဟူသမျှတို့ကို မူလက သိမြင်တော်မူပြီးဖြစ်သည့်အလျောက် သဒ္ဒဆိုင်ရာ ဂဏ္ဌိဌာနများတို့၌ မောင်းထောင်ဆရာတော်အား မေးမြန်းလေရာ မနှေးလွယ်ကူ ဖြေဆိုတော်မူလေသည်။

ထိုအခါ သင်္ဂီဆရာတော်ဘုရားကြီးက "အရှင်ဘုရားတို့ အဋ္ဌကထာကျမ်းများကို ရေးသားစီရင်တော်မူသော အရှင်ဗုဒ္ဓယောသကို ဘုရားအလိုတော်ကို သိသဖြင့် 'ဗုဒ္ဓမတည်း'ဟု ခေါ်ဆိုသည် မဟုတ်ပါလော"ဟု မေးတော်မူလေရာ သုဓမ္မာဆရာတော်တို့က "ဟုတ်ပါသည်ဘုရား"ဟု ဖြေကြားတော်မူကြလျှင် သင်္ဂီဆရာတော်ဘုရားကြီးက "ဤအတူ ယခု မောင်းထောင်ဆရာတော်မှာလည်း တပည့်တော်တို့ အလိုကို သိသဖြင့် 'အဂ္ဂည်း'ဟု ဆိုသင့်ပေသည်"ဟု အမိန့်ရှိလေရာ သုဓမ္မာဆရာတော်တို့ ဝမ်းမြောက်နှစ်သက်ရွှင်အားတက်ကာ ပြုံးရယ်တော်မူကြကုန်၏။

သင်္ဂီတိ ဝိသုတေန၊ အဂ္ဂယေရေန ပုစ္ဆိတံ။
ဗျာကရဏသုပဒ္ဒမ္မိ၊ မောင်းထောင်ထေရော ဝိသဇ္ဇကိ။
အဂ္ဂည်းတိစ နာမမ္မိ၊ ဒါတုံ ယုတ္တန္တိ သော ဗြဝီ။

အဓက ခြင်ချည်းမှတ်ပါ အပြီးသတ်တော့ မှက်တွေနှင့် အသက်သေရုံ ရှိတော့သည်ဟူသော ဥပမာဖြင့် မိန့်ကြားခြင်း

အခါတစ်ပါး "ပညာသာမိကဝိဇေမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ပညာသာမိသည် ကျင့်နည်းပိဋကတ် အရပ်ရပ်တို့ကို ဆုံးဖြတ်ရာပြဆိုရာ ဖြစ်သော ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို ကောင်းစွာ ပို့ချတော်မူဆဲအခါ အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

"သင်တို့မှာ ပိဋကတ်သုံးပုံ အလုံးစုံသော ပရိယတ္တိဓမ္မကို သင်ကြားအားထုတ်ကြခြင်းသည် မြတ်စွာဘုရားသာသနာတော်ထမ်းရဟန်းအဖြစ်၌ ဘုန်းတံခိုးကြီးမား လာဘ်လာဘပေါများစေခြင်းငှာ အားထုတ်ရသည်လည်း မဟုတ်ပေ၊ စာပေကျမ်းဂန် တတ်မြောက်သည်ဟု အရပ်ရပ်၌ ကျော်စောခြင်း ကျေးဇူးဂုဏ်သတင်းကို အလိုရှိ၍ သင်ကြားအားထုတ်ရသည်လည်း မဟုတ်ပေ၊ စင်စစ်မှာမူကား တရားကျမ်းဂန်ကို သင်ကြား၍ နားလည်သိမြင်ခြင်းရှိက ပဋိပတ္တိဟုဆိုအပ်သော အကျင့်တရားကို အားထုတ်ဆည်းပူးရန် အလို့ငှာ ပါဠိ, အဋ္ဌကထာစသော ကျမ်းများကို သင်ကြားအားထုတ်ကြရသည်။ သို့ဖြစ်၍ ယခု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ပါသည့်အတိုင်း-

> အာဝါသော စ ကုလံ လာဘော၊ ဂဏော ကမ္မဉ္စ ပဉ္စမံ။
> အဒ္ဓါနံ ဉာတိအာဗာဓော၊ ဂန္ထော ဣဒ္ဓိတိ တေ ဒသ။

ဟူသော ပလိဗောဓကြောင့်ကြခြင်း ဆယ်ပါးကို ဖြတ်လျက် တစ်ဆယ့်ရှစ်ရပ်သော အပြစ်မှ လွတ်ကင်းပြီး၊ အဂ်ါငါးပါးနှင့် ပြည့်စုံသော ကျောင်း၌ သမထဘာဝနာ, ဝိပဿနာ နှစ်ဖြာသော ကမ္မဋ္ဌာန်းတို့ကို ကြိုးပမ်းဆည်းပူး အထူးအားထုတ်ကြရမည်၊ ဤကဲ့သို့ အားထုတ်ကြလျှင် အဟုတ်အမှန် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပြည်နိဗ္ဗာန်ကို ဧကန်မုချ ရောက်စေနိုင်ပေသည်။

သို့ရာတွင် နည်းလမ်းရှိသည့်အတိုင်းသာ ဆရာတော်က ပြောရသည်၊ ကျင့်အံ့သောပုဂ္ဂိုလ်ကို ရှာတော့ အရှားသားရှိလိမ့်မည်။ "ငါ့မှာ ခြင်ချည်းမှတ်လို့၊ အပြီးသတ်တော့ မှက်တွေနှင့် အသက်သေရုံသာ ရှိတော့သည်၊ မခံနိုင်ဘူး"ဆိုသော ဘုန်းတော်ကြီးကဲ့သို့ နေတတ်သည်ဟု မိန့်တော်မူပြီးလျှင် "ငါ့ရှင်တို့ ဆရာတော် ဥပမာတစ်ခု ပြောမည်၊ သဘောကျအောင် နားထောင်ကြကုန်လော့။

ရှေးအခါက မန်းစက်တော်ရာအနီး တောကျောင်းဘုန်းကြီး တစ်ပါးသည် တပည့်သားရဟန်းအပေါင်းတို့နှင့် ရဟန်းတရားကို ကောင်းစွာ ကျင့်ကြံဆည်းပူးနေထိုင်သတဲ့၊ တစ်နေ့တွင် မထေရ်ကြီးက တပည့်ရဟန်းတို့အား-

"တပည့်တို့ ငါသည် ယခုညဉ့်အခါ များစွာသော ခြင်သတ္တဝါတို့အား အသွေးအသားကို လျှုလိုသောဆန္ဒ ရှိပေသည်၊ ငါ၏ လက်မောင်းလက်ရုံးတို့ကို အလုံးစုံချည်နှောင်စည်းဟုတ်ပြီး ပေါင်းမြက်ရှုတ်သော အရပ်သို့ ပို့ထားကြလော့"ဟု ဆိုလေလျှင် တပည့်ရဟန်းတို့က-

"အရှင်ဘုရား ယခုအမိန့်ရှိတော်မူသော စကားသည် သင့်တော်မည်ဟု မထင်ပါ၊ ရှေးဆရာမတ်အပေါင်း ဘုရားအလောင်း သူတော်ကောင်းတို့၏ ကျင့်စဉ် ဓုတင်တေရသကို ကျင့်နိုင်သမျှ ကျင့်ကြံ၍ အားထုတ်ကြပါသည်။ ယင်းသို့ ကျင့်ရိုးကျင့်စဉ် ဘုရားရှင် ဟောတော်မူသော အကျင့်တရား ထင်ရှားရှိပါလျက် မြက်တော်ကြားတွင် ခြင်များ၏အကိုက်ကိုခံလျက် ကျင့်ကြံတော်မမူသင့်ပါ"ဟု လျှောက်ထားကြလေရာ ဆရာဖြစ်သော မထေရ်ကြီးက-

"တပည့်တို့ ငါ့အလိုအတိုင်း မဆိုင်းမဖင့် ငါကျင့်၍ အားထုတ်လိုသည်၊ မလုပ်သင့်ဟူသော စကားကို မလျှောက်ထားကြကုန်လင့်၊ ငါ့အား ကြိုးနှင့်ချည်တုတ်၍ မြက်ရှုပ်ရာအရပ်သို့ ပို့လော့" ဟု ဆိုလေလျှင် တပည့်သားတို့သည် လျှောက်ထားသောစကားကို နားမထောင်သည်ဖြစ်၍ ချည်နှောင်စည်းတုပ်လျက် မြက်ရှုပ်ရာအရပ်၌ ချည်ထားကြကုန်၏။

တောကျောင်းပုဂ္ဂိုလ် မထေရ်ကြီးသည် ခြင်ကိုက်၍ အတန်ငယ်ကြာလျှင်လည်း သည်းထန်ပြင်းပြစွာ နာကျင်၍ "ငါ့ရှင်တို့ အလွန်တရာ နာချက်ဆိုးသည်၊ ကြိုးကို အမြန်ဖြေကြစမ်းပါ" ဟု ဆိုရာ တပည့်ရဟန်းတို့က "တပည့်တော်များ အစက တားသည်ကို နားမထောင်လို၍ ကိုယ့်ကိုယ်ကို ဒုက္ခရှာသည်၊ ကြိုးစား၍ သည်းခံပါတော့ဘုရား" ဟု လျှောက်ထားကြကုန်၏။ ထိုအခါ ဆရာဘုန်းကြီးက "အစကတော့ ခြင်ချည်းမှတ်သည်၊ အပြီးသတ်တော့ မှက်တွေနှင့် အသက်သေရုံရှိတော့သည်၊ မခံနိုင်ဘူး" ဟု ဆိုပါသတဲ့၊ ငါ့ရှင်တို့"

ထို့ကြောင့် ဆရာတော်က "စာရှိ၍သာ ပြောရသည်၊ ကျင့်ဒုံသောပုဂ္ဂိုလ်ကို ရှာလျှင် အရှားသားရှိလိမ့်မည်"ဟု အမိန့်ရှိတော်မူရာ မျှားစွာသော စာသင်သားရဟန်းအပေါင်းတို့သည် ကောင်းချီးသြဘာ ထောမနာ၍ မျှားစွာ ဝမ်းမြောက်ကြလေကုန်၏။

ပညာသာမိယတိသေဋ္ဌော၊ ပိတိပုဏ္ဏာမနောရထော။
ကောဝိဒေါ နာနာကထာသု၊ ပရိသာသု ဝိသာရဒေါ။

အကောင်ကလေး ငယ်ငယ်နှင့် ဧတနာကောင်းသည်ကို ငါအုံ့သြသည်ဟူသော ဥပမာဖြင့် ယောနိသောမနသိကာရကို မိန့်တော်မူခြင်း

အခါတစ်ပါး "ပညာသာမိသိရီကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မဂ်လာရာမမောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ပညာသာမိသည် ဓမ္မသင်္ဂီအဋ္ဌကထာကို ချပို့တော်မူလျက် လာလာသမျှသော စာသင်သားအပေါင်းတို့အား ယောနိသောမနသိကာရအကြောင်းနှင့် စပ်လျဉ်း၍ နှလုံးသွင်းမှတ်သားရန် မိန့်တော်မူသည်မှာ မနသိကာရဟူသည်လည်း-

၁။ ယောနိသောမနသိကာရ= အသင့်အတင့် နှလုံးသွင်းခြင်း၊

၂။ အယောနိသောမနသိကာရ= မသင့်မတင့် နှလုံးသွင်းခြင်း၊

ဟူ၍ နှစ်ပါးပြားရာတွင် ဒါန, သီလ, ဘာဝနာ သုံးဖြာသော အကြောင်းတွင် ကောင်းသော နှလုံးသွင်းခြင်းဟူဆိုဖွယ်သော ယောနိသောမနသိကာရ ပြည့်စုံမှသာလျှင် သန့်စင်ကုသိုလ် မဂ်ဖိုလ်သို့ ရောက်ကြောင်း ဖြစ်လေသည်၊ မသင့်မတင့်သောအားဖြင့် နှလုံးသွင်းခြင်း အယောနိသောမနသိကာရ ဖြစ်ချေကလျှင် မစင်မဖြူ ညစ်ညူအကျိုး ဆိုးဝါးသောအပါယ်လေးဘုံသို့ ရောက်တတ်သည် ကြပ်ကြပ်သတိထားကြလေ။

ဘုန်းကြီးတစ်ပါး ဆွမ်းခံသွားလေရာ ကျောင်းသားနှင့်အကြံချင်း တူနေကြသည် ဆိုသကဲ့သို့ ဖြစ်နေကြမည်ဟူ၍ မိန့်တော်မူပြီးမှ ရှေးက ဘုန်းကြီးတစ်ပါးဟာ ကျောင်းသားသူငယ်တစ်ယောက်ကို သပိတ်ထမ်းခိုင်းပြီး အိမ်တိုင်းစေ့လှည့်လည်၍ ဆွမ်းခံရာတွင် ဆွမ်းနှစ်ထပ်စာနှင့်တကွ ဆွမ်းဟင်းတစ်ဆယ့်ငါးခွက်မျှ ပေလာက်ရယည့်အနက် ဝက်သားဟင်းတစ်ခွက်သာ ပါရှိလေရာတွင် ဆွမ်းခံပြီးသောအခါ ဆရာတပည့်နှစ်ယောက် ကျောင်းသို့အပြန်တွင် လမ်းခရီးအကြာ၌ ကျောင်းသားကို ဘုန်းကြီးက-

သူငယ် . . . သင့်ရဲ့သပိတ်ကို လှမ်စမ်း၊ ဆွမ်းဟင်း အဘယ်မျှရသနည်း?ဟု မေးသည်နှင့် ကလေးသူငယ်က သပိတ်ကိုလှပ်၍ပြလေလျှင် ဝက်သားဟင်းမြင်က ဆင်ခြင်စဉ်းစားသည်မှာ ငါ့မှာ ဟင်းမွှက်များစွာရပေမဲ့ ဝက်သားဟင်းတစ်ခွက်မျှသာ စားဖို့ရာမြင်သည်။ ဆွမ်းဝင်စရာရှိသေး၏၊ ကြံစည်စဉ်းစား စိတ်၌ထားလေ၏။ ကျောင်းသားသူငယ်ကလည်း ကြံသည်မှာ-

"ငါကား ဤဝက်သားဟင်းတစ်ခွက်ကို ဘုန်းကြီးအား ဆက်ကပ်လိုက်အုံ့၊ ဘုန်းကြီးစား၍ မကျန်၊ ကေန် ငါစားရတော့မည်မဟုတ်ပေ၊ ကျောင်းသို့ရောက်လျှင် ဆွမ်းတော်တင်၍ တစ်ခွက်လုံးကောက်လျက် နောက်မှ ငါချစားမည်"ဟု ကြံစည်စိတ်၌ထား၏။

ယင်းသို့ ဆရာတပည့်နှစ်ယောက် အကြံပေါက်ကြားသော်လည်း တစ်ယောက်သဘောကို တစ်ယောက်မသိကြ၊ ကျောင်းရောက်သောအခါ ဘုန်းကြီးက ဆွမ်းပြင်ခိုင်းလေးရာ ကြံစည်သည့်အတိုင်း

ကျောင်းသားက ဘုရားပွဲ၌ ဝက်သားကိုတင်၍ ခင်မင်နှစ်သက်စုံမက်လောက်သည်မဟုတ်သော ကျန်ဟင်းများနှင့် ဘုန်းကြီးအား ဆက်ကပ်လေရာ ဝက်သားခွက်ကို မမြင်၍-

"သူငယ်ကလေး ဝက်သားဟင်းပါသေးသည် မဟုတ်လော?" ဟု စစ်ကြောမေးမြန်းလေရာ "မှန်လှပါဘုရား အစက ပါခြားသော်လည်း ဝက်သားဟင်းတစ်ခွက်တည်း နည်းကနည်း၊ နည်းသောကြောင့် ဘုရားဆွမ်းတော်တင်လိုက်ပါသည်"ဟု လျှောက်ထားလေ၏။ ထိုအခါ ဆရာဘုန်းတော်ကြီးသဘောဌ အယောနိသောမနသိကာရ သူမစားရသောကြောင့် ဒေါသအမျက် ထွက်ပင်ထွက်သော်လည်း ရိုက်နှက်၍ မလျော်၊ ငေါက်အော်၍လည်း မသင့်မြတ်၊ အပြစ်ပေးရန် ကြပ်သဖြင့် လျှောက်ပတ်ခံသာအောင် စိတ်သဘောဖြင့် အယောင်ဆောင်လျက် "အကောင်ကလေး ငယ်ငယ်ရွယ်ရွယ်အခါက စေတနာကောင်းသည်ကို ငါအံ့ဩသည်ဟု"ဆိုသတဲ့ ဇ၀ါရှင်တို့ရဲ့။

ဤကဲ့သို့ စိတ်တို့၏ဖြစ်ဟန်သည် လျင်မြန်သောသဘောရှိ၍ မကောင်းသော အယောနိသောမနသိကာရ နှောက်ယှက်လျှင် အကျိုးဆက်အာနိသံသ ဗလဝပေးခြင်း အလျင်းသင့်သောကုသိုလ်ပင်ဖြစ်ပြားသော်လည်း စင်စစ်အားဖြင့် စိတ်ထားမကောင်းသည့်အတွက်ကြောင့် ဝက်သားဟင်းကိုနှမြောသည့် ဘုန်းကြီးကဲ့သို့ ရှိတတ်သည်ဟု မိန့်ကြားတော်မူသောအခါ မျှားစွာသော စာသင်သားပရိသတ်တို့သည် ကောင်းမွန်သောစကား မှက်သားလောက်သော အရာဌာနကို မြှက်ဟ မိန့်ကြားတော်မူပေသည်တကား"ဟု အားရနှစ်သက်ကြလေကုန်၏။

ဥပမာဥပမေယျေသု၊ ကောဝိဒေါ ထေရကုဠရော။
ပညာသာမိပညာသာမိ၊ ဝိဒူ ဂန္ဓေသု ပုရဂေါ။

ဆွေသတိုးကို ရေချိုးရှိုခြင်ပြီးပေပေါ့ နောင်ကြီးရန်ခက်သေးသည်ဟူသော စကားဖြင့် ရဟန်းငယ်အား မိန့်ကြားတော်မူခြင်း

"ပညာသာမိသိရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မဂ်လာရာမ မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ပညာသာမိသည် အခါတစ်ပါး တိုက်တွင်း၌ ပဋ္ဌင်းခံကိစ္စ ဥပသမ္ပဒကံ စီမံဆောင်ရွက်ရန် သိမ်တွင်းသို့ ကြွတော်မူရာ ရဟန်းလောင်းဆုံးမခြင်း, ကမ္မဝါဒတ်ခြင်းအစရှိသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်အောင်မြင်ပြီးစီးပြီဖြစ်၍ ပဋ္ဌင်းသစ်အား-

"ဆရာတော်နှင့်တကွ ကာရကသံဃာ, ကမ္မဝါစာဆရာတို့ ချီးမြှောက်ခြင်းကြောင့် ပဋ္ဌင်းအဖြစ်သို့ရောက်သဖြင့် ဝမ်းမြောက်ထိုက် ဝမ်းမြောက်သင့်ပေပြီ၊ သို့ရာတွင် ငါ့ရှင် ယခုသာသနာတော်ကို ရှေးရှု ရဟန်းပြုခြင်းဖြစ်သည်၊ နိဗ္ဗာန်သို့ရောက်ခြင်း အရင်းမူလ ရှာပြန်ကလည်း အကျင့်စာရိတ္တဟုဆိုအပ်သော ပဋိပတ်တရားကို ကြိုးစားကျင့်ကြံမှ နိဗ္ဗာန်သို့ ရောက်ရာသည်၊ မဂ္ဂိမပဋိပတ် အကျင့်မြတ်၏အခြေ လိုက်ရှာဖွေလျှင် ဒေသနာအလုံးစုံ သုံးပုံပိဋကတ်ကို တတ်သိကျွမ်းကျင် သိမြင်လိမ္မာမှ ကောင်းစွာကျင့်ကြံ၍ အမှန်ကို အားထုတ်နိုင်သည်။

ပိဋကတ်ကျမ်းဂန်တတ်သိရန် အကြောင်းမှာလည်း ကောင်းသောလုံ့လ ဉာဏ်ဟာရှေ့ထား၍ သင်ကြားအားထုတ်မှ အဟုတ်တတ်မြောက် ပေါက်ရောက်သိစွမ်းနိုင်သည်၊ ထို့ကြောင့် ငါရှင်ရဟန်းငယ်မှာ သင်ကြားဖွယ်အသီးသီး နောင်ကြီးပွားရန်အတွက် အပုံကြီးမက်သေးသည်၊ "ဆွေသတိုးကို ရေချိုးရှိုခြင်ပြီးပေပေါ့ နောင်ကြီးရန် ခက်သေးသည်"ဟူသော စကားကဲ့သို့ အလားတူဖြစ်ချေသည်-ဟု မိန့်တော်မူသောအခါ အနီးရှိ သံဃာတော်ကို ဥပမာစကားကို ယင်မှားသိမှတ်ရပါအောင် ထုတ်ဆောင် မိန့်ကြားတော်မူမည့်အကြောင်း ပွင့်တောင်းလျှောက်တော်မူကြသဖြင့် အောက်ပါအတိုင်း မြွက်ကြားတော်မူလေသည်။

"ရှေးအခါက ဗာရာဏသီပြည်သနင်း မင်းဏိနှမတော် ပင်တိုင်ပျော်သည် ရှင်ပျော်လိုက်စား မှားသောအားဖြင့် ယောက်ျားတစ်ပါးနှင့် သင့်မြတ်၍ စွဲကပ်သနှေ့ တည်နေရင့်မာလေသော် မောင်တော် မင်းဖျား သိမည်အားကို စိတ်ထားရှုံ့ကြောက် တောမြိုင်အောက်သို့ တစ်ယောက်တည်းထည်း ထွက်သွားလေသတည်း၊ ထိုမင်းသမီးသည် ခရီးကြန့်ကြာ ပြည်နှင့်ကွာခဲ့သော် ရတနာသား ဝမ်းမှာဖွား၍ သားရွှေသွေး လူ့ယဉ်ကျေးကို ပိုက်ထွေးခ၊ပြီး လွန်မြတ်နိုးလျက် ရေချိုးပြီးခါ မင်္ဂလာရောင်ရှက် မြတဖက်နှင့် ပတ်ရှက်လွှမ်းခြုံ တောရဂုံတွင်း သေးနုံ့တန်ခိုး မျက်နှာညှိုးနှင့် ခိုကိုးရန်မမြင် စိတ်ပူပင်လျက် မိခင်နန်းနွယ် သွယ်သွယ်ကျထွေ စီးမျက်ရည်နှင့် "ဆွေသတိုးကို ရေချိုး၍ဖြင့် ပြီးပေပေါ့ နောင်ကြီးရန် ခက်သေးသည်"ဆိုသကဲ့သို့ ဦးပဉ္စင်းကလေးရဲ့။

ဤအတူ ယခုဝ့ါရှင်မှာ သိမ်အတွင်း၌ ပဉ္စင်းခံ၍ဖြင့် ပြီးပေပေါ့ နောင်ကြီးရန် ခက်သေးသည်ဟု မိန့်တော်မူသောအခါ လာလာသမျှ ရဟန်းပရိသတ်တို့သည် သောမနဿဖြစ်ပွား၍ မျှားစွာနှစ်သက်ကြလေကုန်သတည်း။

ပညာသာမိ ယတိသေဋ္ဌော၊ တုဋ္ဌော ပမုဒိတော သုခီ။
သုခီနံ သမ္ပသာဒါယ၊ သုခီ ကထံ ပဝတ္တတိ။

ကမ္မဝါစာပတ်ခြင်းနှင့် စပ်လျဉ်း၍ လျှောက်ချက် နှောက်တသက်ဆင်ခြင်ဂုန် နှလုံးထား၍ မိန့်ကြားတော်မူခြင်း

"ပညာသာမိသိရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မဂ်လာရာမမောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ပညာသာမိသည် သီတင်းနေ့တစ်နေ့တွင် စာပေကြည့်ရှုတော်မူခိုက် ဒါယကာတစ်ဦး ရောက်လာ၍ ရိုသေစွာ ရှိခိုးဦးချပြီး-

"အရှင်ဘုရား ဥပသမ္မဒပုဂ္ဂိုလ်အဖြစ်သို့ စင်စစ်ရောက်လိုသော သာမဏေအား ဥပဇ္ဈာယ်နှင့်တကွ ကာရကသံဃာတို့သည် သိမ်ထည်းသို့သွင်း၍ ဥ တ္တိစတုတ္ထကမ္မဝါစာဖြင့် ဌာန်, ကရိဏီး, ပယတ် စေ့စပ်လုံခြုံအောင် ရွက်ဆောင်ဖတ်ရွတ်နိုင်မှ ရဟန်းအဖြစ်သို့ ရောက်သည့် ဌာန်, ကရိဏီး, ပယတ် ပုဒ်ပါဌအကွာရာကို ကောင်းစွာပီသအောင် မရွတ်မဖတ်နိုင်က ရဟန်းမဖြစ်ဟု ကြားဘူးပါသည်၊ မြန်မာအမျိုးသားဖြစ်သော ရဟန်းတော်များသည်ပင် အချို့ပုဂ္ဂိုလ်များသည် ဖတ်ကြားခြင်းမပီမသဖြင့် သံသယရှိသည်ကို ဘုရားတပည့်တော် ကိုယ်တိုင် တွေ့ဘူးပါသည်။

ယင်းသို့ အဖတ်အရွတ် နေရာမကျ၍ ရဟန်းမဖြစ်ခဲ့ပါသော် မြန်မာလူမျိုးမှတစ်ပါးသော တလိုင်းလူမျိုး, ရှမ်းလူမျိုး, သီဟိုဠ်လူမျိုး, အင်္ဂလိပ်လူမျိုးဖြစ်သော ရဟန်းတော်တို့သည် သိမ်ဝင်၍ မိမိတို့ဘာသာအားလျော်စွာ ကမ္မဝါစာရွတ်ဖတ်လျက် ရဟန်းပြုကြပါသည်၊ ထိုပုဂ္ဂိုလ်တို့သည် မြန်မာနိုင်ငံသို့ လာရောက်ကြကုန်၍ စာပေကျမ်းဂန်များကို သင်ကြားကြပါသည်။

မြန်မာရဟန်းတော်များသည် ထိုပုဂ္ဂိုလ်များနှင့်အတူ စားခြင်း, သွားခြင်း, ကံဆောင်ခြင်းစသည်ဖြင့် အာမိသသမ္ဘောဂ, ဓမ္မသမ္ဘောဂ အမှုကို ပြုကြပါသည်၊ အကယ်၍ ရှမ်း, တလိုင်း, သီဟိုဠ်, အင်္ဂလိပ်စသော ပုဂ္ဂိုလ်တို့သည် ရဟန်းမဖြစ်ခဲ့လျှင် မြန်မာရဟန်းတော်များ၌ အာပတ်သင့်ရန် ရှိပါသည်။

ဤသို့ ဒိဟသံသယမဂင်းရှိသည်ကို တပည့်တော်အား ဖြေကြားညွှန်ပြတော်မူပါဘုရား-ဟု လျှောက်ထားလေ၏။ ယင်းသို့ လျှောက်ထားသည်ကို ဆရာတော်ဘုရား သဘောတော်၌ နှစ်ခြိုက်တော်မမူ၊ ဤသူကား ရဟန်းတော်များ၏အရေးကို အလေးတမူပြု၍ လူနှင့်မဆိုင်သောစကားကို လျှောက်ထားသည်ဟု နှုလုံးသွင်းပြီးလျှင် အသင်ဒါယကာ-

အာပတ်သင့်သော မသင့်သော, ရဟန်းဖြစ်သော မဖြစ်သော သဘောကွေ့ကောက် တောင်တောင်မြောက်မြောက် မေးဖွယ်မရှိ၊ မိမိစိတ်သဘော၌ ကြည်ညိုသော သဒ္ဓါတရားရှိက လျှ, မကြည်ညိုက မလျှနှင့် သယမ္ဘူမြွက်ဟ သြဝါဒကား-

ယတ္ထ စိတ္တံ ပသီဒတိ၊ တတ္ထ ဒါတဗ္ဗံ။

ယတ္ထ= အကြင်ပုဂ္ဂိုလ်၌။ စိတ္တံ= စိတ်သည်။ ပသီဒတိ= ကြည်ညိုတိ၏။ တတ္ထ= ထိုပုဂ္ဂိုလ်၌။ ဒါတဗ္ဗံ= ပေးလှူအပ်၏။

ဤမျှသာ ရှိသည်၊ မိမိနှင့် ဆိုင်သည်ကိုသာ လျှောက်ထားရသည် ဒါယကာ၊ မြစ်၌ရှိသော ရေကို မြစ်ရေ၊ ကန်၌ရှိသော ရေကို ကန်ရေ၊ တွင်း၌ရှိသော ရေကို တွင်းရေစသည်ဖြင့် ခေါ်ဝေါ်သကဲ့သို့လည်းကောင်း၊ မန္တလေး၌ဖြစ်သော အထည်ကို မန္တလေးထည်၊ ဘိလပ်၌ဖြစ်သော အဏည်ကို ဘိလပ်ထည်၊ ထားဝယ်၌ဖြစ်သော အထည်ကို ထားဝယ်ထည် ခေါ်ဝေါ်သကဲ့သို့လည်းကောင်း။ သီဟိုဠ်၌ဖြစ်သော ဘုန်းကြီးကို သီဟိုဠ်ဘုန်းကြီး၊ ရှမ်းပြည်၌ဖြစ်သော ဘုန်းကြီးကို ရှမ်းဘုန်းကြီး၊ တလိုင်းပြည်၌ဖြစ်သော ဘုန်းကြီးကို တလိုင်းဘုန်းကြီးဟူ၍ပင် မှတ်ထင်ကြည်ညိုလေ။ အထွေထွေမလျှောက်ထားနှင့် ရပ်ဟန်းဌိ်ရပ်၊ ပရိကွာတန်းကူးက အရူးဖြစ်မည်ဟု မိန့်တော်မူလေလျှင် လျှောက်ထားသူ ဒါယကာသည် လျှင်မြန်စွာ နေရာမှဝပ်ချ၍ သွားလေသတည်း။

ပညာသာမိ ယတိသေဋ္ဌော၊ သုဟုဇ္ဇာတိကော ဝိဒူ။
တခ်ဏာဉာဏသံယုတော၊ ဝိညူ ပဏ္ဍိတသေခရော။

ရဟန်းနှစ်ပါး ခိုက်ရန်ဒေါသဖြစ်ပွားရာ သြဝါဒစကားဖြင့် ဟောကြားဆုံးမခြင်း

"ပညာသာမိသိရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မဂ်လာရာမမောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ပညာသာမိသည် မဂ်လာရာမမောင်းထောင်တိုက်၌ စာပေချပို့၍ သီတင်းသုံးစဉ် ရဟန်းငယ်နှစ်ပါးတို့သည် ခိုက်ရန်ဒေါသဖြစ်ကြ၍ တစ်ပါးကိုတစ်ပါး လွန်ကျူးစကား ပြောဆိုမောင်းမဲ၍ အခဲမကြေရှိကြလေသော် ဆရာတော်ဘုရားထံမှောက်သို့ ရောက်ကြလေသတည်း။ ကိုအခါ ဆရာတော်ဘုရားက-

"ငါ့ရှင်တို့ သင်တို့ကား မြတ်စွာဘုရားသာသနာကော်ကို ထမ်းသော ရဟန်းချည်း ဖြစ်ကြသည်၊ ရဟန်းဖြစ်ကလည်း သက္ကပုတ္တဘုရားသားချင်း ညီရင်းအကို ဖြစ်ကြသည်၊ ယင်းသို့ ဖြစ်ပါလျက် ချစ်ခင်ကြည်ညိုခြင်းမရှိ၊ မိမိတို့ဒေါသအလိုက် ရန်ခိုက်ဖြစ်ပွား အချင်းများကြသည်မှာ သာသနာတော်ထမ်း ရဟန်းတို့ အမှုအယာမဟုတ်၊ မျက်ကြုတ်ဒေါသ အာယာတမထားကြကုန်လင့်။ မူလဖြစ်စ ပဌမက အနည်းငယ်မကြီးကျယ်သော်လည်း နင်, သယ်, အို, ဟယ်-စသည်ဖြင့် နှုတ်က မြွက်ဆိုခြင်း၊ ယင်းသို့ မြွက်ဆိုခြင်းကို အရင်းမူလျက် ခြေလက်ဆန့်တန်း၍ ကြမ်းထမ်းစွာဖြစ်လာခြင်း၊ ခြေလက်ဆန့်တန်းရုံမကဓား, လုံ့လက်နက်ကို ရိုက်နှက်ရန် ကိုင်တွယ်ခြင်း၊ ယင်းသို့ စသည်ဖြင့် ပဌမဖြစ်သော ဒေါသကို အစဉ်လျှောက်၍ နောက်နောက်သော ဒေါသ ဖြစ်ပွားရလေသည်၊ "အမှိုက်ကစ ပြာသာဒ်မီးလောင်သည်" ဆိုသကဲ့သို့ ဘာမျှမဟုတ်သောအတွက်နှင့် အမျက်ကို မဖြစ်ကြစေရာ။ ထို့ကြောင့် သိကြားမင်းအား ဘုရားလောင်းကဏ္ဍရသေ့က ဟောတော်မူသည်မှာ-

"သုဇမ္ပတိ= သိကြားမင်း။ အခန္တီဇော= သည်းမခံခြင်းကြောင့် ဖြစ်သော။ သော ကောဓော= ထိုရှေးဦးစွာထွက်သော အမျက်သည်။ အပ္ပေါ= မူလပဌမက အနည်းငယ်မျှသာ။ ဟုတ္တာ= ဖြစ်၍။ ဗဟု=

နောင်ကြာမြင့်က ကြီးရင့်ပွားများတတ်သည်။ ဟောတိ= ဖြစ်၏။ ဝမုကော= ဥဒ္ဓုမာယိကမည်သော ဖားကဲ့သို့ ဒေါသဖြစ်တိုင်း ပွားတတ်သည်။ ဟောတိ= ဖြစ်၏။ ဗဟုပါယာသော= များစွာ ပင်ပန်းကြောင်းဖြစ်သော ကောဓသည်။ အာယာတံ= ရန်ငြိုးတရား ပွားသောအားဖြင့် ကပ်ငြိခြင်းကို။ ကရောတိ= ပြု၏။ တသ္မာ= ထို့ကြောင့်။ ကောဓံ= ရှေးဦးစွာ အမျက်ထွက်ခြင်းကောဓကို။ နရောစတေ= ငါမနှစ်သက်သတည်း။ ဒုဋ္ဌသ= အမျက်ထွက်သောသူအား။ ဖရုသဝါစာ= နင်, သင်, အို, ဟယ်စသည်ဖြင့် ကြမ်းတမ်းသောစကားကို။ နိစ္ဆာရေတိ= မြွက်ဆို၏။ အနန္တရံ= ထိုနောင်အခြားမဲ့၌။ ပရာမာသော= လက်ခြေကို ဆန့်တန်းခြင်းသည်။ ဟောတိ= ဖြစ်၏။ တတော= ထို့နောင်မှ။ သတ္ထသ= ဓားလက်နက်ကို။ ပရာမသတိ= သုံးသပ်ကိုင်တွယ်၏။ ဒေါသော= နောင်ဖြစ်သော ဒေါသသည်။ ကောဓသမုဋ္ဌာနော= ရှေးဦးစွာဖြစ်လာသော ကောဓလျှင် အကြောင်းရင်းရှိ၏။ တသ္မာ= ထို့ကြောင့်။ ဒေါသံ= နောင်အမျက်ထွက်ခြင်းကို။ နရောစတေ= ငါမနှစ်သက်သတည်း-ဟု ဖြစ်သတည်း။

ဤသို့ မြတ်စွာဘုရား ဟောကြားဆုံးမတော်မူအပ်သော သြဝါဒါနုသာသနစကားကို ထောက်ထား၍ တစ်ပါးသည် တစ်ပါးအား အမျက်ဒေါသ အာယာတတရား ခိုက်ရန်ဖြစ်ပွား ရန်ငြိုမထားမူ၍ တရားကိုသာ အားထုတ်နေထိုင်ကြရမည်-ဟူ၍ ဆုံးမသြဝါဒပေးတော်မူသောအခါ ခိုက်ရန်ဖြစ်သော ရဟန်းနှစ်ပါးတို့သည် အထူးသဖြင့် ဒေါသကို ရုပ်သိမ်း၍ ပြေငြိမ်းကြလေကုန်သတည်း။

ဤသည်တို့ကား မောင်းထောင်ဆရာတော် အရှင်ပညာ-သာမိ၏ စကားအရာ လိမ္မာကျွမ်းကျင်ကြောင်း သာဓကတို့သာတည်း။[1]

ကထနေ စာပိ ဆေကော စ ဆေကော သော ပိဋ္ဌကတ္တယေ။
ဝိနိစ္ဆယေပိ သော ဆေကော နာနာဘာသာ ဝိသာရဒေါ။

၁။ ဖော်ပြပါ အကြောင်းအရာများကို သင်္ဃာစကားပုံပေါင်းချုပ်မှ သင့်သလို ကူးယူဖော်ပြပါသည်။

ကျမ်းဂန်ပြုစုတော်မူခြင်း

ဆရာတော်သည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ သဒ္ဒတ္ထဘေဒစိန္တာဂဏ္ဌိကျမ်း
၂။ အဘိဓာနဋ္ဌကာနသ
၃။ ဝိဝါဒါဝိနိစ္ဆယကျမ်း
၄။ အကွရဝိသောဓနီကျမ်း
၅။ သာသနဝံသပဒီပိကာ
၆။ ဗုဒ္ဓနဝမဝိနိစ္ဆယ
၇။ သီလကထာကျမ်း
၈။ ဥပါယကထာကျမ်း
၉။ ဒေါသကထာကျမ်း
၁၀။ ရာဇသေဝကဒီပနီကျမ်း
၁၁။ ဥပေါသထဝိနိစ္ဆယ
၁၂။ အာပတ္တိဝိနိစ္ဆယ
၁၃။ နာဂရာဇုပတ္တိကျမ်း
၁၄။ ဝေါဟာရဘေဒျတ္ထကျမ်း
၁၅။ ဝိဝိဓဝိနိစ္ဆယကျမ်း
၁၆။ နိရယကထာဒီပကကျမ်း
၁၇။ ဇာတ်ဦးကာပါဠ
၁၈။ ဇာတတ္ထကိဦးကာပါဠ
၁၉။ သဒ္ဒနီတိဦးကာပါဠ
၂၀။ ပေါရာဏကထာပါဠ

၂၁။ လိလာဝတီဂဏ္ဌာပါဠိသာရနိဿကျမ်း
၂၂။ သီဟိုဠ်သန္ဒေသကထာပါဠ်-စသည်တို့ ဖြစ်ကုန်၏။

သဒ္ဒတ္ထဘေဒစိန္တာဂဏ္ဌိကျမ်း

ဖော်ပြပါကျမ်းများအနက် မောင်းယောင်ဆရာတော် အရှင်ပညာသာမိသည် သဒ္ဒတ္ထဘေဒစိန္တာဂဏ္ဌိကျမ်းကို မောဂ္ဂလာန်, အဘိဓာန်, ဏျာသ, ရူပသိဒ္ဓိ, သဒ္ဒနီတိ, အမရကောသဒီပစရိုသော ကျမ်းဂန်လာ စကားဟိုးဖြင့် တန်ဆာဆင်၍ သက္ကရာဇ် ၁၂၀၇-ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄-ရက် အင်္ဂါနေ့တွင် အပြီးသတ် ရေးသားစီရင်တော်မူခဲ့လေသည်။ ဤဂဏ္ဌိကျမ်းရေးချိန်၌ ဆရာတော်မှာ ရဟန်းသိက္ခာ ၁၀-ဝါသာ ရရှိသေးသည်။ ၎င်းပြင်-

၁။ အဓိပ္ပါယ်ကား၊ မြတ်ဘုရား၊ ဝတ်တွားရှိပူဇော်။
၂။ နိပ္ဖာဒကာ၊ ပဏာမ၊ ကိစ္စပြီးလသော်။
၃။ ပညာရင်နှီ့၊ သောက်ယူစို့၊ ငါတို့ဆရာတော်။
၄။ ဒီနန္ဒနယံ၊ နည်းကိုမံ၊ မင်းစံရှေ့နှယ်လျှော်။
၅။ ငါ့အောက်ပညာ၊ နုသေးစွာ၊ စာသင်များတစ်ဖော်။
၆။ အကျိုးငှာခံ့၊ ပညာဖြန့်၊ ပြုအံ့ဟုလိုသော်။

ဟူသော သံပေါက်ကဗျာ ၆-ပုဒ် ဂန္ထာရမ္ဘအဓိပ္ပါယ်ကို ဖော်ပြတော်မူခဲ့လေသည်။

ပုရိသပုဒ်အဆုံးအဖြတ် ပါဠိသံပေါက်ဖြင့် ရေးခြင်း

ဆရာတော်သည် 'ပုရိသ'ဟူသောပုဒ်သည် မောဂ္ဂလာန်, ရူပသိဒ္ဓိတို့အလို 'ပုရိသ'ဟူသောပုဒ် ၃-နှင့်သင့်သည်၊ အဘိဓာန်ဋီကာအလို 'ပုရိသ, ပုရိသ' ရသ, ဒီဃ ၂-ချက်သင့်သည်။ သို့ရာဝယ် မောဂ္ဂလာန်, ရူပသိဒ္ဓိလာတိုင်းသာ မှတ်ယူအပ်၏ဟု မိန့်ဆိုကာ-

၁။ ပုရိသောတျှစ္ဆာ ရဿေန သဟလိခေယျ။
၂။ ရူပသိဒ္ဓိ ဂန္ဆေပိ ဝိဒူတထာဟာ။
၃။ မောဂ္ဂလာနေ စ ဂန္ဆေ ရဿေနေဂ စ။
၄။ အဘိဓာန ဋ္ဌီကာယ ပန ဒ္ဒိဓာပိ။
၅။ ကာမံ ဝုစ္စတိ တထာပိ နဟိ ခမတိ။
၆။ ဗာဟုလ္လတ္ထာ စ တထာ ပုရာဏတောပိ။

ဟူသော ပါဠိသံပေါက်ကဗျာ ၆-ပုဒ်ဖြင့် မှတ်ချက်ချတော်မူခဲ့လေသည်။ ကျမ်းဦးဌ-

သဒ္ဒတ္ထဘေဒစိန္တာယ၊ ဂဏ္ဌိသဒ္ဒတ္ထဒီပကံ။
နိဿယံ နတ္ထာ ဘာသိဿံ၊ ဉာဏိနံ ကစ္စာဟံ နယံ။

အဟံ= ခန္ဓာငါးဝ သမူဟကို စွဲထပညတ် သမုတ်အပ်သော ငါသည်။ သဒ္ဒတ္ထဘေဒစိန္တာယ= သဒ္ဒ အတ္ထ သဒ္ဒတ္ထဟု ဘေဒသုံးတန်ဌ ဉာဏ်ဖြင့်ဆင်ခြင်လေ့ရှိသော ကဝိမြောက်ဆို မျှားကိုထိုလျှင် ပုဂ္ဂိုလ်တို့အလို့ငှာ။ ဂဏ္ဌိသဒ္ဒတ္ထဒီပကံ= မပေါ်မထင် မြင်နိုင်ခဲလျက် နက်နဲလှစွာ သဒ္ဒါ၏အနက်ကို ပြက်ပြက်ထင်ပေါ် ရှေ့နှုတ်ဖော်၍ ပြတော်မူတတ်ထသော။ နိဿယံ= လူနတ်ဗြဟ္မာ သတ္တဝါတို့၏ မှီရာတမူလည်းဖြစ်ထသော။ အာဘာသိဿံ= ပညာရောင်ဖြင့် ပြောင်ပြောင်ဝင်းဝါ အတ္ထာနုဂတ အာစာရဖြင့် ဓမ္မမွေ့လျော် တရားပျော်သည့် သူတော်ကောင်းတပည့် သံဃာအပေါင်းလည်းရှိထသော။ ဉာဏိနံ= မရှိအံ့သည် တမည်သာထား ရှိထင်ရှားသား တရားဥဿုံ အလုံးစုံကို အာရုံစွဲလမ်း ဝေခွဲခြမ်းလျက် သိစွမ်းနိုင်သော အနာဝရဏ စသည် မျှားစွာ ပညာဉာဏ်ထူးလည်းရှိထသော။ ကစ္စ= သံသရာစက် အကန့်ကွက်ကို တျက်တျက်ကုန်စင် မဂ်လေးအင်ဖြင့် ခုတ်ထွင်ပိုင်းဖြတ်၍။ ဝါ= ခုတ်ထွင်ပိုင်းဖြတ်စေပြီး၍။ နယံ= နိဗ္ဗာန်အောင်မြို့ ငြိမ်းရာသို့ လျှင် ပို့ဆောင်ကယ်တင်တော်မူသော မြတ်စွာဘုရားကို။ နတ္ထာ= သဒ္ဓါညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။ နတ္ထာ= သဒ္ဓါညွတ်ကျိုး

ရှိခိုးပြီး၍။ ဉာဏိန်း ရှေးပညာရှိ ကဝိသူတော် ပုဂ္ဂိုလ်ကျော်တို့၏။ ဝါ= ငါတို့ဆရာ သာသနာပြု မျှားဆုဂုဏ်ထူး ကျေးဇူးသခင် အရှင်ဘုရားတို့၏။ နယံ= ကောင်းစွာမိန့်ဟ ပြသတော်မူသည့်နည်းကို။ နိဿယံ= မှီရာကို။ ကစ္စ= ပြု၍။ သဒ္ဒတ္ထဘေဒစိန္တာယ= သဒ္ဒတ္ထ-ဘေဒစိန္တာ မည်သည်ဖြင့် မြန်မာတိုင်းခွင် ထင်ပေါ်ကျော်စောသော ကျမ်း၏။ ဂဏ္ဌိသဒ္ဒတ္ထဒီပကံ= မထင်သောသဒ္ဒါ၏အနက်ကို ပြတတ်သောကျမ်းကို။ ဘာသိဿံ= ဂန္ထန္တရ ကျမ်းမှတ်ထုတ်ဖွေ ပြဆိုပေအံ့။ ဟူသော တစ်ဂါထာပါဠိနိဿယဖြင့် ဂန္ထာရम္ဘပြုတော်မူခဲ့လေသည်။ ၎င်းပြင် ကျမ်း၏အဆုံးဌီလည်း-

၁။ နာနာဝိဓသုဝဏ္ဏေဟိ၊ ဝေါကိဏ္ဏေ ခေတ္တဝတ္ထုဟိ။
ပရိကို့တ္ထေ ဝိဟာရာဒိ-သောဘေ ပဝရဂါမကေ။

၂။ သဟသောရောဓအာချာတေ၊
ဇာတေန ဇာတိယာ မယာ။
ဒသဝဿေန ကတ္တုံ၊
ဂန္ထန္တရေဟိ လက်ံတံ။

၃။ သဒ္ဒတ္ထဘေဒစိန္တာယံ၊ ဂဏ္ဌိပဒတ္ထဒီပကံ။
နာနာနယေဟိ သမ္ပန္နံ၊ ယံ တံ သမန္တဘဒ္ဒကံ။

၄။ သမ္ပတ္တေ ကြန်ထေ သက္ကေ၊ ပေါဠေ ပါဒမှိ စုဒ္ဒသေ။
ကာဠပက္ခသ္မိ ဘောမေ၀၊ အနာယာသေန နိဋ္ဌိတံ။

၅။ အသ္မာကံ ဂ္ဂမိနာစေရာ၊ သုဠ္ဠ ယထိစ္ဆိတံ ဟိတံ။
ဝဟန္တု ဇိနစက္ကသ္မိ၊ ဝိမလာ ဟောန္တု မာ ဂ္ဂ၀။

၆။ သဗ္ဗံ လဒ္ဓါန အဟံ လဘေယျံ၊
နိဿောကနိဗ္ဗာနသုခံ ဘ၀ေန္တေ။
ပဇာ စ သဗ္ဗာ အဘယာ အ၀ေရာ၊
ဥတိဘိ သမောဒမာနာ။

(၁) နာနာဝိဓသုဝဏ္ဏေဟိ= အထူးထူးအပြားပြားကုန်သော ရွှေငွေကျောက်သံ ဖလ်မှန်ပတ္တမြား စသောအားဖြင့် မျှားလှုကုန်သော ရတနာတို့ဖြင့်။ ဝေါကိဏ္ဏေ= ပြွမ်းရာတမူလည်းဖြစ်ယဟော။ ဓမ္ဓာ-ဝတ္ထူဟိ= လုပ်ခင်းမြေတာ လယ်ယာအပေါင်းတို့ဖြင့်။ ပရိကိ္ခိဏ္ဏေ= ခြံရံအပ်ထသော။ ဝိဟာရာဒိသောဘေ= ကျောင်းကန်ဘုရား တံတားရေတွင်း စသည်တို့ဖြင့် မွေ့လျော်စဖွယ် တင့်တယ်ထသော။ သဟာသောရောဓအာချာတေ= မောင်းမတစ်ထောင် သင်းရောင် ပျိုရွယ် လှမျိုးကြွယ်တို့ ပျော်ဖွယ်သာယာ နေရာဖြစ်ဟောင်း ထို အကြောင်းကြောင့် မောင်းထောင်ဟူ၍ ခေါ်ဝေါ်အပ်ထသော။ ဝရ-ဂါမကေ= ရွာမြတ်၌။

(၂) ဇာတိယာ= ပဋိသန္ဓေအားဖြင့်။ ဇာတေန= ဖြစ်သော။ ဒသဝဿေန= ရဟန်းဝါဖြင့် သင်္ချာတွက်စစ် ဆယ်နှစ်ရပြီးသော။ မယာ= ပညာသာမိ အမည်ရှိသော ကဝိမြောက်စွာ ယင်းလုပ်ငါသည်။ ဂန္ထန္ထရေဟိ= မောဂ္ဂလာန် အဘိဓာန် ဥာဏ် ရူပသိဒ္ဓိ သဒ္ဒနီတိ အမရကောသ စသောကျမ်းတစ်ပါးတို့ဖြင့်။ အလက်တံ= ဟန်ဆာ ဆင်အပ်ထသော။

(၃) သဒ္ဒတ္ထဘေဒစိန္တာယ= သဒ္ဒတ္ထဘေဒစိန္တာကျမ်း၏။ ဂဏ္ဌိ-ပဒတ္ထဒီပကံ= ကွယ်မှတ်နဲနက် ခဲခက်သောပုဒ်၏ အနက်ကိုပြကြောင်း တမူလည်းဖြစ်ထသော။ နာနာနယေဟိ= အထူးထူးသောနည်းကိုဖြင့်။ သမ္ပဒုံ= ပြည့်စုံထသော။ သမန္တဘဒ္ဒကံ= ထက်ဝန်းကျင်ပျ ကောင်းထ သော။ ယံ ပကရဏံ= အကြင်ကျမ်းကို။ ကတ္တာ= စီရင်အပ်၏။ တံ ပကရဏံ= ထိုကျမ်းသည်။

(၄) သက္ကေ= ကောဇာသက္ကရာဇ်သည်။ ကြန်ဂေ= ၁၂၀၇-ခုသို့။ သမ္ပတ္တေ= ရောက်လတ်သော်။ ပေါ်ဌပါဒမှိ= ဝေါ်ယလင်းလ ၌။ ကာဠပက္ခသ= လဆုတ်ပက္ခ၏။ စုဒ္ဒသေ= ဟစ်ဆဲ့လေးရက် မြောက်သော။ ဘောမေ= အင်္ဂါနေ့၌သာလျှင်။ အနာယာသေန= မငြိုမငြင် မပင်မပန်းသဖြင့်။ နိဋ္ဌိတံ= အပြီးသို့ရောက်ပြီ။

(၅) ဣမိနာ= ဤကောင်းမှုကြောင့်။ အသ္မာကံ= ငါတို့၏။ အစေရာ= ကျေးဇူးအရှင် ဆရာတော်ဘုရားကြီးတို့သည်။ ဇိန-စက္ကသ= ဗောဓိအောင်မြေ ပလွင်ဗွေဝယ် လှည်းခြေပယ်ရှောင် ငါးမာရ်အောင်၏ ထွန်းပြောင်လျှံဝါ သာသနာ၏။ ဟိတံ= အစီးအပွားကို။ ယထိစ္ဆိတံ= အလိုတော်ရှိတိုင်း။ ဝဟာမ= ရွက်ဆောင်နိုင်ကြစေကုန်လော့။ မာ ဣဝ= သရဒမည်ရှိ ကောမုဒ်၌ ရဝိမန်းရောင်လျှံညီးလျက် မီးခိုးတိမ်မြူ ရာဟုဟူသား ရန်သူကင်းမဲ့ ဘေးမဟဲ့ပဲ ပြဲ့ပြဲ့ထွန်းသော လဝန်း၏တရထည်။ ဝိမလာ= ဒုက္ခင့် ဒုဗ္ဘာသီပြစ်ဆာမှ ရံခါမရှိ မငြိကင်းဝေး ညစ်ကြေးမတင် စင်ကြယ်ကုန်သည်။ ဟောန္တု= ဖြစ်စေကုန်သောဝ်။

(၆) အဟံ= ငါသည်။ သဗ္ဗဝ= အလုံးစုံသာဖြစ်သော လောကီချမ်းသာကို။ လဒ္ဓါန= ရပြီး၍။ ဘဝန္တေ= ဘဝအဆုံး၌။ နိသောကနိဗ္ဗာနသုခံ= စိုးရိမ်ခြင်းကင်းသော နိဗ္ဗာန်ချမ်းသာကို။ လဘေယျံ= ရလိုင်၏။ သဗ္ဗာ= ဥသုံးကုန်သော။ ပဇာ= သတ္တဝါတို့သည်။ အဘယာ= ဘေးမဲ့ကုန်သည်။ အဝေရာ= ရန်မဲ့ကုန်သည်။ ဟောန္တု= ဖြစ်စေကုန်သောဝ်။ ဥတီဟိ= အဆွေအမျိုးတို့နှင့်။ သဟ= တကွ။ သမောဒမာနာ= ဝမ်းမြောက်သောနှလုံးရှိကုန်သည်။ ဘဝန္တု= ဖြစ်စေကုန်သောဝ်။

ယင်းသဒ္ဒတ္ထဟောဒစိန္တာဂဏ္ဌိကျမ်းကို မန္တလေးမြို့ တောင်ပြင်ဆီးပန်းနိုတိုက်၌ သီတင်းသုံးသော ကဗျာပဏ္ဍိတဘွဲ့ရ ဆရာတော် အရှင်နိဂြောဓသည် သုတ်သင်၍ ၁၂၆၈-ခုနှစ်က မန္တလေးမြို့ တမွှ-ဒီပတိုင်း ပုံနှိပ်တိုက်၌ ပုံနှိပ်ထုတ်ဝေခဲ့ရာ ရှိုင်ဆိုက်စာမျက်နှာ ၂၄၃-ရှိလေသည်။ ပုံနှိပ်လုပ်ဆောင် သုတ်သင်ပြင်ဆင်ခြင်းနိဂုံးကိုလည်း-

၁။ မင်္ဂလာအောင်မျိုး သာပေါင်းကြီး၊ မန်းမြို့နေပြည်တော်။

၂။ ပညာရင်နှီ့၊ သောက်ယူစို့၊ မြို့ကြီးရှေ့တိုက်တော်။

၃။ ရှေ့တောင်နောက်ပြင်၊ နည်းလမ်းသင်၊ မျှားဖြင်ဆရာတော်။

၄။ ဆရာဘုရား၊ ကျေးဇူးများ၊ ဆူးခါးဆရာတော်။

၅။ ငြာကျေထက်အောက်၊ သတင်းပေါက်၊ တစ်ယောက်
တပည့်တော်။
၆။ တည်းဖြတ်သုတ်သင်၊ စက်ပုံတင်၊ လူရှင်အကျိုးကော်။
၇။ ဘေဒစိန္တာ၊ ဂဏ္ဌိတ၊ မြတ်စွာတန်ခိုးကော်။
၈။ ဤတွင်ပြီးဆုံး၊ ကမ္ဘတ်ဖုံး၊ နိဂုံးသံပေါက်တော်။

ဟူသော သံပေါက်ကဗျာ ၈-ပုဒ်ဖြင့် ဖော်ပြကော်မူခဲ့လေသည်။[1]

သဒ္ဒတ္ထဘေဒစိန္တာယ၊ ဂဏ္ဌိဂန္ထော သုဝိညုနာ။
ရစိတော ထေရသေဋ္ဌေန၊ ပညာသာမိဝိဘာဝိနာ။

အဘိဓာန်ဋီကာနိဿယ

သက္ကရာဇ် ၇၁၃-ခုနှစ်တွင် ပင်းယမြို့ဥန်းတက်သော ဆင်ဖြူရှင်လေးစီးရှင် သီဟသူမင်းလက်ထက် လောကုတ်, လောကီကျမ်းအမျိုးမျိုးတို့ကို မွေနှောက်၍ ပညာရှိ သိရိမဟာစတုရဂ်ဗလအမတ်သည် လောကုတ္တရာကျမ်းများနှင့်တကွ အမရကောသ, နာနတ္ထ-သင်္ဂဟ, ရုဒ္ဒ, ရဘသ, ရတနကောသ, တိကဏ္ဍသေသ, ရာဇနိယဏ္ဍုစသည့် အဘိဓာန်ကျမ်းများနှင့် နာဋကသတ္ထစသည့် လောကီကျမ်းဂန်တို့ကို ချဉ်းနင်း၍ ရေးသားစီရင်အပ်သော အဘိဓာနပွဒီပိကာဋီကာပါဠိကျမ်း ရှိခဲ့လေသည်။ မောင်းထောင်ဆရာတော် အရှင်ပညာသာမိသည် ဖော်ပြပါ အဘိဓာန်ဋီကာပါဠိကျမ်း၏မှီရာ အနက်ပြန်မာပြန်နိဿယကျမ်းကိုလည်း အမရပူရမြို့ မဟာဝိဇိတာရုံတိုက်ကြီးအတွင်း အနောက်မြောက်ယွန်းသောအရပ်၌ ရွှေနီဖလံတို့ဖြင့် မွမ်းမံချယ်လှယ်အပ်သော ကျောင်းတော်ကြီး၌ သီတင်းသုံးစဉ် မောင်းဃထောင်ကြီးရွာကုန်းသာတိုက်နေ အရှင်သုမနထေရ် လျှောက်ထားတောင်းပန်သဖြင့် မဟုဿာဟ ဇွဲလုံ့လဖြင့် ရေးသားစီရင်တော်မူခဲ့လေသည်။

၁။ မန္တလေးသာသနာဝင်။ ၄။ ၃၇၃-လည်းကြည့်။

မူလက ခတ္တိယဝင် အဆုံးတွင်သာ ရေးသားစီရင်ပြီး စာပေချပို့ခြင်းစသည်ဖြင့် ကြောင့်ကြမဲ့နေစဉ်၊ တစ်ဖန် စာသင်သားအပေါင်းတို့ သောင်းသောင်းဖျဖျ တောင်းပန်ကြခြင်းကြောင့် အပြီးတိုင်အောင် ဆက်လက်၍ ရေးသားစီရင်တော်မူရာ သက္ကရာဇ် ၁၂၁၁-ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃-ရက်နေ့ နေဝင်လုဆဲဆဲတွင်မှ အောင်လံစိုက်ဆောက် အပြီးသို့ ရောက်ခဲ့လေသည်၊ ဆရာတော်အရှင်ပညာသာမိ လွန်စွာစာပေနှံ့စပ် ကျွမ်းကျင်တတ်မြောက်တော်မူသည်၊ ဤအဘိဓာန် ဋီကာနိဿယ ရေးပြီးချိန်တွင် သက်တော် ၃၄-နှစ်မျှသာ ရှိသေးသည်၊ ကျမ်းဦးဌ် ရတနတ္တယပဏာမ, အာစရိယပဏာမ, အဘိယာစက, ကရဏာပွကာရ, ပယောဇဉ်, ဥယျောဇဉ်, ပဋိညာဉ်စသည်တို့ကိုလည်း-

၁။ ယော ယေန ယံ ဝရံ နေတိ၊
ဇိနော သုတေန သတ္တမံ။
တံ တံတံ အဘိဝန္ဒိတွာ၊
သိရသာ အာဒရံ အဟံ။

၂။ တာရမဗ္ဗေ ဝ ပုဏ္ဏိန္ဒု၊ သောတုမဗ္ဗေ ပသောဘနော။
နယံ အဗါသိ အာစေရော၊ ဟဒ္ဓ ဝန္ဒိယ သိရသာ။

၃။ သဟသောရောဝဂါမသ၊ ဤသုတ္တရေ ပစ္ဆိမေ။
ထလာရမ္ဗာတိအာချာတေ၊ ဝိဟာရဂ္ဂကေ ဝသံ။

၄။ ယော သမ်လာစာရသမ္ပန္နော၊ သဒ္ဓမ္မမာမကော မမံ။
အနေကဝါရကံ ယာစိ၊ တသ တေန ဣမသ္မိဟံ။

၅။ ဒုရာဇာနသ ဘာသိသံ၊ သံသန္ဒိတ္တာန နိဿယံ။
ပါဋိယာဌကထာဒီဟိ၊ လောကိယသတ္ထကေဟိ စ။

၆။ လောကိယသဒ္ဒသတ္ထေသု၊ အဝစာရတော ဟိနကော။
သာသနစ္စာရမတ္တေန၊ ဩဂါဟိတုံ စ ဒုက္ကရံ။

၇။ တသ္မာ မေ ဘာသိတံ ဒါနိ၊ သဇ္ဇံ ဣမသ နိဿယံ။
အလင်္ကာရောန္တု ဃောတာရော၊ ကဏ္ဏော ဝ မဏိကုဏ္ဍလံ။

၈။ တထာ ကတေဟိ သောတာရော၊
သဒါ ဟေဟိန္တိ သောဘဏော။
အယုတ္တံ စေ စဇိတ္ဝာန၊
ဂဏ္ဍန္တု ဗုဓာ ယုတ္တကံ။

၉။ ဝေပုလ္လံ လုဒ္ဒကော ဂစ္ဆံ၊ မဏာဒိရတနံ ဗဟုံ။
သန္ဓံ အဂ်ါရကသာပိ၊ ဂဟေဏော ကိံ ပယောဇနံ။

(၁) ဇိနော= မာရ်ငါးပါးကို ထွားထွားညက်ညက် ဖျက်ဆီး တော်မူတတ်သော။ ယော ဗုဒ္ဓေါ= အကြင်မြတ်စွာဘုရားသည်။ သုတေန= လောကသုံးခွင် ဘုံသုံးပြင်၌ ထင်ပေါ်ကျော်စောသော။ ယေန ဓမ္မေန= အကြင်တရားတော်မြတ်ဖြင့်။ သတ္တာမံ= မြတ်လှစွာသော။ ယံ သံဃံ= အကြင်သံဃာတော်မြတ်အပေါင်းကို။ ဝရံ= နိဗ္ဗာန်ပြည်မြတ်သို့။ နေတိ= ပို့ဆောင်ကယ်တင်တော်မူ၏။ တဉ္စ ဗုဒ္ဓံ= ထိုပို့ဆောင်ကယ်တင်တော်မူတတ်သော မြတ်စွာဘုရားကိုလည်းကောင်း။ တဉ္စ ဓမ္မံ= ထိုပို့ဆောင်ကြောင်းဖြစ်သော တရားတော်မြတ်ကိုလည်းကောင်း။ တဉ္စ သံဃံ= ထိုပို့ဆောင်တော်မူအပ်သော သံဃာတော်မြတ်အပေါင်းကိုလည်းကောင်း။ သိရသာ= ဦးဖြင့်။ အာဒရံ= ရှိသေစွာ။ အဟံ= အကျွန်ုပ်သည်။ အဘိဝန္ဒာမိ= ရှိခိုးပါ၏။ အဘိဝန္ဒိတ္ဝာ= ရှိခိုးဦး၍။

(၂) ယော အာစေရော= အကြင်ဆရာမြတ်သည်။ (အာစေရသဒ္ဒါကား အာစေမိဝ အာဏဝေါ-ဟူသော ဝေဝဏ်ဇာတ်။ အာစေရမ္ပိ သုသိက္ခိတာ-ဟူသော ဂန္ဓာရဇာတ်ပါဠိတို့၌ကဲ့သို့ အာစရိယသဒ္ဒါ၏ ကာရိယမှတ်လင့်။ ထို့ကြောင့် သဒ္ဒနီတိ၌ အာစရိ-ယဿာစေရော-ဟူသောသုတ်ကို တည်တော်မူ၏)။ တာရာမဏ္ဍေ= နက္ခတ်တာရာ ကြယ်တကာတို့၏ အလယ်၌။ ပုဏ္ဏိန္ဒု ဣဝ= လပြည့်ဝန်းကဲ့သို့။ သောတုမဏ္ဍေ= တပည့်ပေါယယ် ကြီးဝယ်သိက္ခာ စာသင်ပုဂ္ဂိုလ်တို့၏အလယ်၌။ ဥပသောဘဏော= တင့်တယ်သည်။ ဟုတ္ဝာ= ဖြစ်၍။ နယံ= ဥပဒေသနည်းကို။ အဒါသိ= ပေးသနားတော်မူလတ်ပြီ။

တဠု အာစေရံ= ထိုဝါတို့ ကျေးဇူးရှင်ဆရာမြတ်ကိုလည်း။ သိရသာ= ဦးဖြင့်။ ဝန္ဒိယ= ရှိခိုးပါ၏။ ဝန္ဒိယ= ရှိခိုးပြီး၍။

(၃) သဟသော ရောဓဂါမသေ= မောင်းမတစ်ထောင် ကြောင့် မောင်းထောင်ဟုသည် သမိုက်ရည်လျက် စည်ပင်လှစွာ နိဂုံးရှာ၏။ ဤသုတ္တရေ= မြောက်သို့စဉ်းငယ်ယွန်းသော။ ပစ္ဆိမေ ဒေ= အနောက်အရပ်၌သာလျှင်။ ထိလာရမ္မာတိအာချတေ= ကုန်းသာ ဟူ၍ ခေါ်ဝေါ်အပ်သော။ ဝိဟာရဂဟကေ= ကျောင်းတိုက်၌။ ဝသံ ဝသန္တော= သီတင်းသုံးနေလျက်။ ဝါ= သီတင်းသုံးနေသော။

(၄-၅) သိလာစာရသမ္ပန္နော= သီလ အာစာရနှင့်ပြည့်စုံသော။ သဒ္ဓမ္မမာမကော= သူတော်တို့၏တရားကို မြတ်နိုးတတ်သော။ ယော ဃေရော= အကြင်သုမနအမည်ရှိသော မဃေရ်သည်။ မမံ= ငါ့ကို။ အနေကဝါရံ= အကြိမ်များစွာ။ ယာစိ= တောင်းပန်လတ်ပြီ။ တဿ= ထိုသုမနအမည်ရှိသော မဃေရ်၏။ တေန= ထိုသို့ အကြိမ်များစွာ တောင်းပန်လတ်သောကြောင့်။ ဒုရာဇာနဿ= သိနိုင်ခဲသော။ ဣမဿ- ဤအာဘိမာနပွဒီပိကာဋ္ဌကာကျမ်း၏။ နိဿယံ= မှီရာနိဿ ယည်းကို။ ပါဋိယဋ္ဌကထာဒီဟိ စ= ပါဋိအဋ္ဌကထာစသောကျမ်းတို့နှင့် လည်းကောင်း။ လောကိယသတ္ထကေဟိ စ= လောကီကျမ်းတို့နှင့် လည်းကောင်း။ သံသန္ဒိတ္တာ= နှီးနှောပေါင်းရှု၍။ အဟံ= ငါသည်။ ဘာသိဿံ= ဆိုတော့အုံ့။

(၆) လောကိယသဒ္ဒသတ္ထေသု= လောကီသဒ္ဒါကျမ်းတို့၌။ အဝစာရတော= လေ့လာကျင်လည်ခြင်းမှ။ ဟိနကော= ယုတ်သော သုခမိန်သည်။ သာသနစ္စာရမတ္တေန= သာသနာတော်ကျမ်း၌ လေ့လာ ကာမျှဖြင့်။ ဣဒံ= ဤဋီကာကျမ်းကို။ ဩဂါဟိတုံ စ= သက်ဝင်ခြင်ငှာ မျှလည်း။ ယသ္မာ= အကြင့်ကြောင့်။ ဒုက္ကရံ= ကုတ်ကော်ခဲယဉ်းလှ ချေ၏။

(၇) တသွား= ထို့ကြောင့်။ မေ= ငါသည်။ ဒါနိ= ယခု။ ဘာသိတံ= ဆိုအပ်လတ္တံသော။ သဗ္ဗံ= စာပွဲသဘင်၌ ပြောဆိုခြင်းဌာ ကောင်းမြတ်သင့်တင့်သော။ (သဘာယံ သာမု သဗ္ဗံ-ဟူသော ရူပ သိဒ္ဓိ။ သဘာယံ ပရိသာ မဇ္ဈေ ဝေါဟာရိတုံ သာမု ယုတ္တံ ဘာဗ္ဗံ-ဟူသော ၎င်းဋီကာကို ရှု)။ ဣမသ= ဤအဘိဓာနပွဒီပိကာဋီကာ ကျမ်း၏။ နိဿယံ= မှီရာနိဿယည်းကို။ ဂဏ္ဍေ= နားနှစ်ဖက်၌။ မဏိကုဏ္ဍလံ ဣဝ= ပတ္တမြားနားဌောင်းကဲ့သို့။ သောတာရော= စာသင်သားတို့သည်။ ဂဏ္ဍေ= ပညာတည်းဟူသောနား၌။ (ဂဏ္ဍေ-ကိုကား လိုက်၍သမ္ဗန်သည်)။ အလင်္ကရောန္တု= တန်ဆာဆင်စေကုန်ခလို။

(၈) ဟိ= အကျိုးစကားကား။ တထာဂတေ= ထိုသို့ဆိုခဲ့ပြီးသောအတိုင်း တန်ဆာဆင်သည်ရှိသော်။ သောတာရော= စာသင်သားတို့သည်။ သဒါ= အခါမပြတ်။ သောဘဏာ= တင့်တယ်ခြင်းရှိကုန်သည်။ ဟေဟိန္တိ= ဖြစ်ပါကုန်လတ္တံ့။ အယုတ္တံ= မသင့်သော အရာဌာနသည်။ စေ= အကယ်၍ စိုးစဉ်းရှိခဲ့အုံ့။ ကံ= ကိုမသင့်သော အရာဌာန စိုးစဉ်းမျှကို။ စဇိတ္ဝာ= လွှဲဖယ်၍။ ယုတ္တကံ= သင့်မြတ်သော အရာဌာနကို။ ဗုဓာ= သုခမိန်တို့သည်။ ဂဏှန္တု= ယူကြပါကုန်။

(၉) လုဒ္ဒကော= တလ္လယုတ်မာ မိစ္ဆာကျင့်မျိုး တောမုဆိုးသည်။ ဝေပုလ္လံ= ဝေပုလ္လတောင်မြတ်သို့။ ဂစ္ဆံ-ဂစ္ဆန္တော= ရောက်ပါလျက်။ မဏာဒိရတနံ= ပတ္တမြားစသော ရတနာကျောက်မျိုးသည်။ ဗဟုံ= ပေါယဉ်မျှားစွာ။ သန္တံ= ထင်ရှားရှိပါလျက်။ အဂ်ါရကဿပိ= မီးသွေးကျောက်ကိုလည်း။ ဂဟဏော= ကောက်ယူခြင်း၌။ ကိံ ပယောဇနံ= အဘယ်အကျိုးရှိပါခြိမ့်နည်း။

ဟူသော ၉-ဂါထာပါဌ်နိဿယဖြင့် ပြည့်စုံစွာ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

အမှာအထားများနှင့် ပြည့်စုံ

အဘိဓာန်ဋီကာနိဿယသည် အဆုံးအဖြတ်လက်သည်းကွင်း အမှာအထား အမျိုးမျိုးနှင့် စုံလင်လှသည်၊ အရာအားလျော်စွာ အနုသာသနီဂါထာတို့ကို အဓိပ္ပါယ်ပါပါ ရေးသားဖော်ပြတော်မူခဲ့ရာ သဂ္ဂကဏ္ဍနိဿယအဆုံးဌ်လည်း-

ဝိနာဝလဠ္ဠတော ပုဗ္ဗေ၊ ရုက္ခတ္တိဏာလတာဒိဟိ။
သံကိဏ္ဏေန ဒုက္ကရော ဂန္ဓံ၊ ဒုဗ္ဗလာနံ ပထောယထာ။

နာနာနယေဟိ သံကိဏ္ဏော၊ ဒုက္ကရော ဂါဟိတုံ အယံ။
တသ္မာ ဝုဒ်ဝလဠ္ဠန္တု၊ နာဝမညန္တု သာဓဝေါ။

ဟူသော ၂-ဂါထာဖြင့် အသွားအလာမရှိ ခြုံနွယ်တို့ဖြင့် ရောပြွမ်းသော လမ်းခရီးသည် လူသာမန်တို့ သွားရန်ခက်ခဲသကဲ့သို့ ကြည့်ရှုသုတ်သင် ပြင်ဆင်မှုဝဲ သုံးစွဲခြင်းကင်းသဖြင့် နည်းစုံပြွမ်းသော ဤအဘိဓာန်ဋီကာကျမ်းသည် ဗဟုသုတဒုလ္လဘဖြစ်သူတို့ သက်ဝင်ကြည့်ရှုရန် ခဲယဉ်းကြောင်း၊ သို့ဖြစ်၍ ဤနိဿယည်းကို သူတော်ကောင်းတို့ ကြည့်ရှုလေ့လာကြစေလိုကြောင်း, မထေရ်မဲ့မြင် မပြုကြစေလိုကြောင်း တိုက်တွန်းခဲ့လေသည်။ ခတ္တိယဝင်ဋီကာနိဿယအဆုံးဌ်လည်း-

နာနာနယေဟိ သမ္ပုဏ္ဏော၊ လောကိယာတိမကေဟိယော။
ဒုလ္လိဏ္ဏေတေဟိ ပါဌေဟိ၊ ဝေါကိဏ္ဏော စ အတော မမ။
ဘာသိတံ နိဿယံ စိတ္တေ၊ သမ္မာ ဌပေန္တု သာဓဝေါ။
ပုနပ္ပုန ဝစာရေတ္တာ၊ မဏာရတနဝ ထာလကေ။
ကိဉ္စိဒေဝ အယုတ္တံ စေ၊ တံ ဝဇ္ဇေတ္ဝာဝ ယုတ္တကံ။
သုဌု ဂဏ္ဍန္တု သုဒ္ဓိရာ၊ မာ ဟောန္တု ဒေါမနဿကာ။

ဟူသော ၃-ဂါထာဖြင့် အဘိဓာန်ဋီကာကျမ်း၏ လောကီဆရာတို့၏ အလိုနည်းထူးတို့နှင့် ပြည့်စုံသည်သာမက ပါဠိပျက်, ပုဒ်ပျက်တို့ဖြင့်လည်း ရောထွေးနေကြောင်း။ သို့ဖြစ်ပါ၍ ယထာသတ္တိ, ယထာဗလ

ရေးသားဖော်ပြအပ်သော ဤနိဿယကို သိဂီပြောင်လက် မှောင်မရက်သော ရွှေခွက်လင်ပန်းဌ ပတ္တမြားရတနာကို သိုမ်ိုးကြသည့်ပမာ အဖန်ဖန်အခါခါ စိစစ်၍ သူတော်ကောင်းစွာတို့ ကောင်းစွာထားကြပါကုန်၊ အနည်းငယ် မသင့်သည်ကို တွေ့ပြင်ပါက အသင့်ပြင်၍ ယူကြပါကုန်ဟု ဖော်ပြတော်မူခဲ့လေသည်။ ဆရာတော်သည် စတုဗ္ဗဏ္ဏ ဝဂ် အဆုံးဌလည်း-

စတုဗ္ဗဏ္ဏေဟိ ပူဇိသ၊ နရဝရသ သာသနေ။
သောတူနံ မတိဝဍ္ဎနော၊ မယာ ပုဏ္ဏော အယံ ကတော။
မဟုဿာဟေန စက္ကတ္ထံ၊ ပါဋိယာဌကထာဒိဟိ။
လောကိယသဒ္ဒသတ္ထေဟိ၊ သံသန္ဒိတ္တာ ဒါနိ ဝေ။
ဒုလ္လိက္ခိတကပါဌေဟိ၊ ဒုက္ခော ဂါဌေ အယံ ဝနံ။
မဟာဂုမ္ဗေဟိ လောကေ၀၊ တသ္မာ လက္ခဏ္ဏ သာ၀ဝေါ။

ဟူသော ၃-ဂါထာဖြင့် ဤကျမ်းကို သာသနာတော်အတွက် ပါဠိအဋ္ဌကထာ ဋီကာ လောကိသဒ္ဒါကျမ်းတို့နှင့် တိုက်ဆိုင်၍ ပြည့်စုံစွာ ပြုစီရင်အပ်ပြီဖြစ်ကြောင်း၊ ၎င်းပြင် အဘိမဟာန်ဋီကာကျမ်းသည် ဒုလ္လိခိတပါဌ်တို့ဖြင့် ခြုံနွယ်တို့ဖြင့် ရှုတ်ထွေးသော တောအုပ်ပမာ အဝင်ခဲခက်ကြောင်း၊ သို့ဖြစ်၍ သူတော်ကောင်းတို့ ကြည့်ရှုမှတ်သား ဆောင်ရွက်ကြစေလိုကြောင်း အမှာပြုတော်မူခဲ့လေသည်။ ပါတာလ၀ဂ် ဋီကာနိဿယအဆုံးဌလည်း-

မဟုဿာဟေန နော သတ္ထာ၊ သမ္ဗုဒ္ဓေါ ဒုက္ကရံ ကရံ။
ဗောဓိံ ပတ္တာန ဒေသေသိ၊ လောကေ သုဒုဒ္ဒသံ ဣမံ။
ဣသိတေနေ၀ ဝါသာယ၊ နာလံ တသ္သ ဓ သာသနေ။
နော ဟိ ဇာနိယဥ္ဃသာဟံ၊ ကရေယ္ယာထ ကဒုဂ္ဂဟော။
ဥဂ္ဂဏ္ဟကေ စ ဓမ္မသ္သ၊ သဒ္ဒေ ဆေကော မူလကော။
ဆေကတ္ထံ ကတော တသ္မိံ၊ တသ္မာ လက္ခဏ္ဏ သာ၀ဝေါ။

ဟူသော ၃-ဂါထာဖြင့် "ငါတို့ဆရာ သစ္စာလေးအင် လိုလိုမြင်သော ချစ်ရှင်စောလွတ် ခေါင်တမွတ်သည် ကြီးမြတ်သော လုံ့လဝါယာမဖြင့် ပြုနိုင်မည်ကား မဆိုထားဘိ၊ တစ်ပါးသတ္တဝါ ကြံခြင်းဌာမျှ ထွေလာ မကြား မပုံ့စားသော ဆယ်ပါးပါရမီ ငါးလီစာဂ စရိယသုံး ဤအလုံး ကို ငဲ့ကွက်မရှု ကိုယ်တော်ပြုလျက် သဗ္ဗညုတညာဏ်ရောက်ပြီးနောက် သတ္တလောကဌ် သီးလုံးငယ်လှ သာသပသို့ ဉာဏနှိုက်နဲ့ မြင်နိုင်ခဲ သော ပရိယတ္တိဝမ္မကို ဟောတော်မူခဲ့ပြီ။ ဘုရားမြတ်စွာ သာသနာ တော်၌ ပျင်းရိဖင့်နွဲ့သဖြင့် နေခြင်းဌာမထိုက်ကြောင်း သိပြီးသည့် ကာလ ပရိယတ္တိဝမ္မကို သင်ကြားခြင်း၌ လုံ့လပြုကြပါ, ပရိယတ္တိဝမ္ မကို သင်ကြားသည်ရှိသော် "ပုဒ်နှင့်ဝိဘတ် ဓာတ်နှင့်ပစ္စည်း နည်း ဥပစာ စသည်မျှားစွာ သဒ္ဒါရေးရာ၌ လိမ္မာစိမ့်သောဌာ ဤနိသကို ပြုစီရင်အပ်ပါပြီ။ သို့ဖြစ်၍ စာပေလေ့လာ သူတော်စွာတို့, ဤကျမ်း ကို ဆောင်ရွက်မှက်သား ကြည့်ရှုကြပါကုန်၏။ သဟုပ္ပါဒအလို့ငှာ အနုသာသနီ ပြုတော်မူပြန်သည်။

ဥယျောဇဉ်ဂါထာ

ဆရာကော်သည် ဝိသေသျှာဓိနဝဂ်အဖွင့် အဆုံး၌လည်း-
ကသကားနှံ မနှံ လောကော၊ မေယော ဝဿတိ တောသယံ။
နဘာဗ္ဘဝဋ္ဌလေဟိ စ၊ ဝါရေတ္ဝာ ဂ္ဂန္ဒစာပေတိ။
သောတာရာနံ မနံ စဂ္ဂေ၊ သော ဝတ္ဘတိ တောသယံ။
ပုခါ ဂန္ဓန္ဓရေဟိဝ၊ ဝါရေတ္ဝာ စေရဝါဒေတိ။
သာသနတ္ထံ မယာ ဧသော၊ ကတော ဂန္ထန္ဓရေ တတော။
ပုနပ္ပုနံ ဂိစာရေတ္ဝာ၊ ဘံ သလ္လက္ခန္ဓ သာမဝေါ။

ဟူသော ၃-ဂါထာဖြင့် လောကဌ် တောင်သူလယ်သမားတို့၏ စိတ် နှလုံးကို ရွှင်ပြုံးနှစ်သက်စေလျက် ကောင်းကင်ဝမ္ တိမ်တိုက်တိမ်လွှာ လျှစ်စစ်လျှပ်ပန်းတို့ဖြင့် အုပ်ဖုံးခြုံရံကာ မိုးရွာသွန်းသည့်ပမာ ဘုရား

မြတ်စွာ သာသနာတော်၌ စာသင်သားတို့၏စိတ်ကို နှစ်သက်၊ ငါ၏ခံတွင်းတည်းဟူသော အဇဋ္ဌာကာသ ကောင်းကင်ဝမ္ဘ ဒေဝရာကာသ စသော လောကီကျမ်းအမျိုးမျိုး, ပါဠိ အဋ္ဌကထာ ဋီကာ အနု မဓုလက်သန်း ကျမ်းဂန်အမျိုးမျိုးတည်းဟူသော တိမ်တိုက် ကိမ်လွှာ အာစရိယဝါဒဟူကုန်သော လျှပ်စစ်နွယ်တို့ဖြင့် အုပ်ဖုံးခြုံရုံ၍ ဤအဘိဓာနပွဒီပိကာဋီကာနိသျှည်းကို အဖန်ဖန်အထပ်ထပ် စူးစမ်းဆင်ခြင်၍ သူတော်စင်တို့ မှတ်သားကြပါကုန်ဟူ၍ ဥယျောဇဉ်ပြုတော်မူခဲ့လေသည်။

ပြည့်စုံစွာ နိဂုံးပြုခဲ့ခြင်း

အဘိဓာန်ဋီကာနိဿယအဆုံး၌ ကျမ်းပြုဆရာတော် ဥညာသာမိသိရိကဝိဓေမဟာဓမ္မရာဇာဝိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ပညာသာမိသည် ၂၈-ဂါထာပါဠိအနက်ဖြင့် ပြည့်စုံစွာ နိဂုံးအုပ်ခဲ့လေသည်၊ "ဤကျမ်းပြုရာဌာန ကောင်းမှုနှင့် အခြားကောင်းမှု အစုစုတို့ကြောင့် ဘဝကြီးငယ် ကြဉ်လည်ရသည်ရှိသော် ပဉ်းရှိသူ, လိမ္မာသူ, ပညာရှိသူဖြစ်ရလိုကြောင်း ၁၆-နှစ်သားအရွယ် အတွင်း၌ ပိဋကတ်သုံးပုံ, ဗေဒင်လေးပုံတို့ကို လျှာဖျားခ၌ အိုးထိန်းစက်တရုယည် မ္ဘေနှောက်လည်စေကုန်သတည်း။ လျှို့ဝှက်ခက်ခဲသော အနက် အဓိပ္ပါယ်တို့ ထင်ရှားရှိ ရပြီးသမျှ အတတ်ပညာအဝဝသည် ကျောက်စာပမာ တည်စေသတည်းစသည်ဖြင့် ဆုတောင်းတော်မူခဲ့လေသည်။ ယင်းနိဂုံးအပြည့်အစုံမှာ ၂၈-ဂါထာပါဠိနိဿယနှင့် အဘိဓာန်ဋီကာနိဿယအတ္ထုပ္ပတ္တိဟူသော ခေါင်းစီးတပ်ကာ မြန်မာဘာသာဖြင့်လည်း ဖော်ပြခဲ့ရာ အောက်ပါအတိုင်း ပြည့်စုံစွာ ဖက်ရှုဇလ့လာရာ၏။

၁။ ယော ဇေတဝနဒါရာမော၊ ပုဗ္ဗဂေါပုရဉ္စတ္တကေ။
အလက််တော သုခါတေန၊ ဒဿနီယော ယထာ တထာ။

၂။ အလက််တော သုခါတေန၊ သမ္ဘောဓိနာပိ ဘူသိတော။
သုဘော မဟာဝိဟာရော၀၊ ပုဗ္ဗဂေါပုရဉ္စတ္တကေ။

၃။ လောဟပါသာဒသက််သ၊ မဟာပါသာဒမဏ္ဍိတော။
အဘယာရာမနာမဿ၊ ဧကာဗဒ္ဓုတ္တရဋ္ဌိတော။

၄။ ဒ္ဝိပါကာရေဟိယူပေဟိ၊ ပရိက္ခိတ္တော ဝိဟာရကော။
သဂ္ဂခဏ္ဍကသက််သော၊ တတ္ထ ဤသုတ္တရာ ပုရေ။

၅။ ဝိသုဒ္ဓါစာရသိလာယ၊ အသမ္ဘိန္နကဝံသိကေ။
ဇာတာယ အတိသဒ္ဓါယ၊ ရာဇဓီတာယ ကာရိတေ။

၆။ လဋ္ဌနာဘုဋ္ဌိကာယေ၀၊ ရာဇဓီတာယ ကာရိတော။
ဝိစဇိတ္တာန သဒ္ဓါယ၊ နေကဝိဓကဟာပဏံ။

၀ ၀

၇။ နာနာဇနက္ခဒ္ဓာနတ္တာ၊ နာနာမလသမာဂမ။
ပယောဇဂဗ္ဘသက််သော၊ သောဝဏ္ဏလိမ္ပိတေ သုဘော။

၈။ နာနာရူပေဟိ သံကိဏ္ဏော၊ ဂေါဋ္ဌိတစ္စာရုပဗ္ဗတေ။
အဗ္ဘုတဇနကေဂါနံ၊ ပဝိစိတ္တေဟိ မဏ္ဍိတေ။

၉။ သဇ္ဇုပဒ္ဒုကသက််သ၊ သုဓာလိမ္ပေဟိ ဒ္ဝိဟိ စ။
ဂုဗ္ဗကန္ဓပါကာရေဟိ၊ ယူပေဟိ စ ပဝါရိတေ။

၁၀။ ဝိဟာရကေ ဝသန္တောဝ၊ ပညာသာမိတိနာမကော။
ကာနာမပါဒယာပေါဇော၊ သဒ္ဒသတ္ထေပိ စာရိတော။

၁၁။ နာနာခေတ္တကဝတ္ထူဟိ၊ ပရိက္ခိတ္တေ သမန္တတော။
သုမါဂကတဋာကေဟိ၊ ထူပဝိဟာရသောဘဏော။

၁၂။ မံ ဂိဇ္ဈကူဋနဂ္ဂနေ ဝ သုဇီ၀ေ ဒေ၀မာတိကေ။
ပဗ္ဗတာရညသဏ္ဌာနေ၊ သဟသောရောဝ၀ါမကေ။

၁၃။ ထလာရမ္ဘာတိ အာရာတေ၊ အာရာမေ ဝသတာဒရံ။
သုမနေန ဟဒညေဟိ၊ ယာစိတောဝ အကာသိမံ။

၁၄။ အန္ဓကာရံ ဝိနာသေတွာ၊ သူရိယောဝ သိလုစ္စယာ။
သမ္ဘုဂ္ဂစ္ဆတိ လောကာနံ၊ ပုရာပေန္ဓော မနောရထံ။

၁၅။ အန္ဓကာရံ ဝိနာသေတွာ၊ နိသယောယံ မုခါစလာ။
သမ္ဘုဂ္ဂစ္ဆတိ သောတူနံ၊ ပုရာပေန္ဓော မနောရထံ။

၁၆။ သောတူနံ နိစ္ဆယာဘာဟိ၊ ဟောဝေတ္ဝာန မတုပ္ပလံ။
ပုနပ္ပုနံ ဝိစာရေတ္ဝာ၊ တံ သလ္လက္ခေန္တု သာဓဝေါ။

၁၇။ ဣမိနာ ပုညကမ္မေန၊ အညေဟိ စ ဘဝါဘဝေ။
သံသရန္တော အဟံ ပုညော၊ ဆေကော စ ပညဝါ ဘဝေ။

၁၈။ သောဋ္ဌသဗ္ဗသိကေယေဝ၊ ပိဋ္ဌကာနိ စ ဝေဒါနိ။
ဇိဝ္ဘဂ္ဂေ မမ ဝတ္ထေန္တု၊ ပါကဋော ဟောတု ဂုဋ္ဌကော။

၁၉။ ခေ စန္ဒောဝ သဒါ လဒ္ဓံ၊ သေလက္ခရောဝ ကိဋ္ဌတု။
အဒ္ဓေ ဗ္ရဝ်ဝစနော ဟောမိ၊ ပဘူတိ ဘာသကာလတော။

၂၀။ နိ ဇာနာမတ ပုစ္ဆန္တော၊ နိ စ ဘာသေယျ ယာစတော။
နတ္ထိတိ စ ဒဒါဟီတိ၊ ဒုဋ္ဌနေဟိ နိ သံဝသေ။

၂၁။ သဗ္ဗိစ္ဆာ မမ ပုရေန္တု၊ ရုက္ခဂ္ဂတောပိ ဝါလကံ။
အဝကံသာဝ ဝိန္ဒေ မေ၊ ဂဏ္ဍန္တု နာဒဒံ လဝံ။

၂၂။ သာသနေပိ စ သမ္ဘတ္တော၊ သာမညံ လဘေယျ ဝေ။
ဥ တ္တိစတုတ္ထကမ္မေန၊ သာသနေန္တရဓာနကေ။

၂၃။ ဂန္ဓမာဒနသေလာယံ၊ နန္ဒမူလေ မဟာတရု။
တတ္ထာဓိဝတ္ထတော ဒေဝေါ၊ ဒီယာယုကော ဘဝေယျ စ။

၂၄။ ဘဝိတ္ဝာ စ ဣမံ လောကံ၊ ရက္ခေယ်ံ စ ဒဒေယျ စ။
ဒလိဒ္ဒါနံ ဓနံ ဘဝေယျ၊ အနာထာနဉ္စ နာထကော။

၂၅။ ဒိဗ္ဗေန စက္ခုနာစေရေ၊ မာ တရောစာပိ ဒါယကေ။
ဥတကေပိ စ ပသေယ်ံ၊ ရက္ခေယ်ံ စ ဝိသေသတော။

၂၆။ ဣမဉ္စ ဒေမ ဘာဂံ မေ၊ မာတုနဉ္စ ဂရုန မေ။
ဘူပါလဿ စ မဟေသိယာ၊ ဒါယကာနဉ္စ အညေသံ။

၂၇။ အနေကဒါရာမသာမိကော စ၊
လိနတ္ထဇာနန္တအမောဟုပေတော။
ဝုမ္ဘာပစာယိ ဇဝနန္တပညော၊
ဗုဒ္ဓေရိတသာသနစာရဝါဟော။

၂၈။ ပဟောတုစေရော မမ နိဗ္ဗယောဝေရော၊
အဝေရကာ ဟောန္တု စ နိဗ္ဗယာ သတ္တာ။
အဟံ ပနာနာဂတိ ကေ သိဝံ ယာမိ၊
အနန္တပညာယ နိဒါနကံ ဂတော။

(ဤယခုအခါဝယ် လိမ်မာလှစွာသော မြင်းစီးယောက်ျား သည် စားခွက်နှိပ်၊ မှောက်တိုရိပ်စကုန်သော ပွေဆိုးမွေးဆိုးတို့မှ ကင်းသော အကြွေးကသွားခြင်း၊ ရေစိတသွားခြင်း၊ ဝဂ္ဂိတသွားခြင်း၊ လှုတသွားခြင်းဟုဆိုအပ်သော လောကီနိယျာဉ်ကျမ်းဌာလာသော သွားခြင်းငါးပါးနှင့်ပြည့်စုံသော အသယတိုရ်သိန္ဓောမြင်းကို ကကြိုးတန်ဆာ ဆင်ယင်ပြီးမှ တန်ဒစီးညွှန်ကင်းသော မင်းလမ်းခရီးအပြင်၌ စိုင်နင်း သောအခါဝယ် လိုရာအရပ်သို့ ရောက်သဖြင့် နှာရှုပ်ဆက်ကြိုးကို လျှော့သပ်၍ ရပ်စေဘိသကဲ့သို့ တိုအတူ ပညာသာမိအမည်ရှိသော မထေရ်တည်းဟူသော မြင်းစီးယောက်ျားသည် သမ္မောသ၊ ပဟေဒ၊ ဥဒ္ဓစ္စသော အကုသိုလ်တည်းဟူသော ပွေဆိုးမွေးဆိုးတို့မှကင်းသော ပညာတည်းဟူသော အသယတိုရ်သိန္ဓောမြင်းကို ဟိရိသြတ္တပ္ပတည်းဟူ သော ကကြိုးတန်ဆာ၊ သတိတည်းဟူသော နှာရှုပ်ဆက်ကြိုးတို့ဖြင့် တင့်တယ်စေပြီးလျှင် ဤယသ ဥဿာ ဥဿာဝေသော သဒ္ဒ-ပဗန္ဓအစဉ်ဟုဆိုအပ်သော မင်းလမ်းခရီးအပြင်၌ သမာဓိတည်းဟူ သော မြေနင်း၌ စွပ်၍ ကြပ်ကြပ်နင်းပြီးမှ သမ္မာသင်္ကပ္ပတည်းဟူ သော မြီးမှင်ဆံကို ကြွလှုပ်စေ၍ ဝီရိယတည်းဟူသော နှင်တံဖြင့် စိုင်းမှင်လတ်သည်ရှိသော် အဘိဓာနပွဒီပိကာသံဝဏ္ဏနာ နိဋ္ဌိတာဟူ သော လိုရာအရပ်သို့ ရောက်လျှင်သတည်းဟူသော နှာရှုပ်ဆက်ကြိုး ကို လျှော့သပ်၍ ပညာတည်းဟူသော ထိုအသယတိုရ်သိန္ဓောမြင်းကို

တန့်ရပ်စေလိုရကား ယော ဇေတဝနဒါရာမော-အစရှိကုန်သော စုတ်ချောသံနှင့်တူကုန်သော နိဂုံးဂါထာတို့ကို မိန့်ဘိသော်။

ထိုဂါထာတို့ဝယ် အကျယ်အကျဉ်း ဗိုးစဉ်းမျှသာဖြစ်ယော အနက်အဓိပ္ပါယ်ဖြင့် မှတ်အပ်သည်ကား)

(၁) ဇေတဝနဒါရာမော= ဇေတဝန်ကျောင်းတော်အာရာမ်သည်။ ဝါ= ဇေတဝန်ကျောင်းတော်အာရာမ်ကို။ ပုဗ္ဗဂေါပုရဉ္စတ္တကေ= အရှေ့မျက်နှာ တံခါးမုခ်၏အနီး၌။ သုခါတေန= ကြီးကျယ်ပြန့်ပွားများသဖြင့် ကောင်းမြတ်သော ရေကန်ဖြင့်။ အလက်တော- တန်ဆာဆင်အပ်သည်ဖြစ်၍။ ဒဿနီယော ယထာ= ရှုချင်စဖွယ်ရှိသကဲ့သို့။ တထာ= ထို့အတူ။ ပုဗ္ဗဂေါပုရဉ္စတ္တကေ= အရှေ့မျက်နှာတံခါးမုခ်၏အနီး၌။

(၂) သုခါတေန= ကြီးကျယ်ပြန့်ပွားများသဖြင့် ကောင်းမြတ်သော ရေကန်ဖြင့်။ အလက်တော= တန်ဆာဆင်အပ်သည်ဖြစ်၍။ ဒဿနီယော= ရှုချင်စဖွယ်ရှိထသော။ သမ္ဗောဓိနာပိ= သုံးလူတန်ဆောင် စောထွတ်ခေါင်၏ ညောင်ဗောဓိဖြင့်လည်း (ထိုထိုသို့သော ပါဠိတော်၌ ရုက္ခဝါစကဗောဓိသဒ္ဒါသည် ဣတ္ထိလိင်သာ ထင်၏။ ထိုသို့ ဣတ္ထိလိင်သာထင်သော်လည်း ဗုဒ္ဓမတညူအဌကထာဆရာသည် သမန္တပါသာဒိကာမည်သော ဝိနည်းအဌကထာ၌ မဟာဗောဓိနာ သဒ္ဒိ စသည်ဖြင့် ပုလ္လိင်ရုပ်ကိုပြုရကား ပုလ္လိင်လည်းရှိ၏ဟု မှတ်ရာ၏။ ဤမာဂဓအာဘိဓာနပွဒီပိကာကျမ်း၌လည်း အသာတ္ထော ဗောဓိ စ ဒ္ဒိသု-ဟု လာ၏၊ ပါဠိတော်၌ မလာပဲလျက် ယူရသောထုံးစံ ရှိပါစိမ့်မူ ဓာတုသဒ္ဒါသည် ပါဠိတော်၌ ဣတ္ထိလိင်သာ လာသော်လည်း 'ဓာတု ယာ ကမ္မာဒိမှ ဏော၊ ဓာတုဿန္တော လောပေါ'နေဂဟသရဿ စ' စသည်ဖြင့် ဒ္ဒိလိင်အဖြစ်ကို အရှင်မဟာကစ္စည်းဆရာပြသောကြောင့် ဒ္ဒိလိင်အဖြစ်ကို ယူရသောထုံး ရှိသကားဟူပေ)။ ဘူသိတော= တန်ဆာဆင်အပ်သည်ဖြစ်၍။ မဟာဝိဟာရော= သီဟိုဠ်ကျွန်း၏ကျက်သရေအောင်မြေအချာ မဟာဝုန်ကျောင်းတိုက်သည်။ သုဘော ဣဝ= ဣ

တင့်တယ်ဘိသကဲ့သို့။ ပုဗ္ဗဂေါပုရဉ္ဇတ္တကေ။ အရှေ့မျက်နှာတံခါးမုခ်၏ အနီးဌ်။ သမ္ဗောဓိနာပိ။ သုံးလူ့တန်ဆောင် စောထွတ်ခေါင်၏ ညောင်ဟောဓိဖြင့်လည်း။ (ပိသဒ္ဒါဖြင့် သရက်, ပိန္ဒဲ, ထန်း, ဘုန်းစသည်ကို ပေါင်းဆည်း၏)။ ဘူသိတော။ တန်ဆာဆင်အပ်သည်ဖြစ်၍။ သဘော။ တင့်တယ်ထသော။

(၃) လောဟပါသာဒသက်ာသမဟာပါသာဒမဏ္ဍိတော။ သံဟိုဠ်ကျွန်း လောဟပါသာဒကြေးပြာသာဒ်ကဲ့သို့ လက်တက်စီမံ နံရံကားအုင် လိုဏ်မုခ်ဒေစုံ ဘုံခုနစ်ဆင့် စွင့်ရွှင့်လျက် ကြီးမြင့်ကောင်းမြတ် နတ်ဗိသုကာ ဖန်ဆင်းလားသို့ ကောင်းစွာဆောက်လုပ် ဥပုသ်ပြုအိမ် သိမ်တော်ပြာသာဒ်ဖြင့် တန်ဆာဆင်အပ်ထသော။ (ယောဟူသောပုဒ်နှင့် ဝိသေသနဝိသေသျစပ်) အဘယာရာမနာမသမ္ပန္နလေးကျွန်းသနင်း စကြာဝဠာ၏ မပြောက်ကျွန်းသူရတနာကဲ့သို့ ပုဗ္ဗဝိဒေဟယီစသော အဂ်ါလတ္ထေးနှင့် ပြည့်စုံလျက် သိရိပဝရတိလောကမဟာရတနာပဒုမာဒေဝီဟူသော ဘွဲ့အမည်ရှိသော အမရပူရဒုတိယမြို့ကည်နန်းကည် မင်းကရုဏာ၏ မိဇုရားကြီးသည် ဆောက်လုပ်စီရင်အပ်သော အဘယာရုံမည်သော ကျောင်းတိုက်၏။ ဝါ။ အဘယာရုံဟည်သော ကျောင်းတိုက်နှင့်။ ဓောပဒ္ဒတ္တရဋ္ဌိတော။ တစ်ဂပ်တည်းဖြစ်၍ ခြောက်အရပ်ဦးဟည်ထသော။

(၄) ဒိပါကာဝေဟိ။ တံဟိုင်းပတ်ခြုံ အာရာမ်နှစ်ထပ်တို့ဖြင့်လည်းကောင်း။ ယူပေဟိ။ တစ်ဆဲ့ခြောက်ဆောင်ကုန်သော မုခ်ပြာသာဒ်တို့ဖြင့်လည်းကောင်း။ ပရိက္ခိတ္တော။ ခြံရံအပ်သော။ ဝိဟာရမဟာ။ ကျောင်းကုန်သော ကျောင်းတို့ဖြင့်လည်းပြမ်းထသော။ သဂ္ဂ-ခဏ္ဍုယသာဒ်ာဒသော။ ဝဇိရဂိုန် ဂ္ဂန္ဓနိလာ မသာရုဂလ် ဖလ်ခုန်ပြိုဝိန် ဝယ်းဝင်း[illegible] ကာဝတိန်သာ နတ်ဂျာတစ်စိတ်နှင့်လည်းတူထသော။

(၅) ဝိသုဒ္ဓါဟောရသ်လာယ။ သန့်ရှင်းစင်ကြယ်သော အကျင့်သီလရှိသော။ အသမ္ဘိန္နကဝံသိကေ။ ဘေးလောင်းတော်ဘိုးလောင်းတော်တို့မှ အစဉ်မပြတ်လာသော မင်းမျိုး၌။ ဇာတာယ။

(၁) နာနာဝိဓသုဝဏ္ဏေဟိ= အထူးထူးအပြားပြားကုန်သော ရွှေငွေကျောက်သံ ဖလ်မှန်ပတ္တမြား စသောအားဖြင့် မျိုးလှုကုန်သော ရတနာတို့ဖြင့်။ ဝေါကိဏ္ဏော= ပြွမ်းရာတမူလည်းဖြစ်ယာသော။ ခေတ္တ-ဝတ္ထူဟိ= လုပ်ခင်းမြေတာ လယ်ယာအပေါင်းတို့ဖြင့်။ ပရိကၠိဏ္ဏော= ခြံရံအပ်ထသော။ ဝိဟာရာဒိသောဘေ= ကျောင်းကန်ဘုရား တံတားရေတွင်း စသည်တို့ဖြင့် မွေ့လျော်စဖွယ် တင့်တယ်ယာသော။ သဟသောရောဓအာချာတေ= မောင်းမတစ်ထောင် ဆင်းရောင် ပျိုရွယ် လှမျိုးကြွယ်တို့ ပျော်ဖွယ်သာယာ နေရာဖြစ်ဟောင်း ထိုအကြောင်းကြောင့် မောင်းထောင်ဟူ၍ ခေါ်ဝေါ်အပ်ထသော။ ဝရ-ဂါမကေ= ရွာမြတ်၌။

(၂) ဇာတိယာ= ပဋိသန္ဓေအားဖြင့်။ ဇာတေန= ဖြစ်သော။ ဒသဝဿေန= ရဟန်းဝါဖြင့် သင်္ချာတွက်စစ် ဆယ်နှစ်ရပြီးသော။ မယာ= ပညာသာမိ အမည်ရှိသော ကဝိမြောက်စွာ ယင်းလုပ်ငါသည်။ ဂန္ထန္တရေဟိ= မောဂ္ဂလာန် အဘိဓာန် ဉာဏ် ရူပသိဒ္ဓိ သဒ္ဒနီတိ အမရကောသ စသောကျမ်းတစ်ပါးတို့ဖြင့်။ အလက်တံ= ဟန်ဆာ ဆင်အပ်ထသော။

(၃) သဒ္ဒတ္ထဘေဒစိန္တာယ= သဒ္ဒတ္ထဘေဒစိန္တာကျမ်း၏။ ဂဏ္ဌိ-ပဒတ္ထဒီပကံ= ကွယ်မှတ်နဲ့နက် ခဲခက်သောပုဒ်၏ အနက်ကိုပြကြောင်း တမူလည်းဖြစ်ထသော။ နာနာနယေဟိ= အထူးထူးသောနည်းကိုဖြင့်။ သမ္ပန္နံ= ပြည့်စုံထသော။ သမန္တဘဒ္ဒကံ= ထက်ဝန်းကျင်မှ ကောင်းထသော။ ယံ ပကရဏံ= အကြင်ကျမ်းကို။ ကတ္တာ= စီရင်အပ်၏။ တံ ပကရဏံ= ထိုကျမ်းသည်။

(၄) သက္ကေ= ကောဇာသက္ကရာဇ်သည်။ ကြန်တေ= ၁၂၀၇-ခုသို့။ သမ္ပတ္တေ= ရောက်လတ်သော်။ ပေါဠပါဒမှိ= ဟော်သလင်းလ ၌။ ကာဠပက္ခသ= လဆုတ်ပက္ခ၏။ စုဒ္ဒသေ= တစ်ဆဲ့လေးရက် မြောက်သော။ ဘောမေဝ= အင်္ဂါနေ့၌သာလျှင်။ အနာယာသေန= မပြိုမပြင် မပင်မပန်းသဖြင့်။ နိဋ္ဌိတံ= အပြီးသို့ရောက်ပြီ။

(၅) ဣမိနာ= ဤကောင်းမှုကြောင့်။ အသ္မာကံ= ငါတို့၏။ အစေရာ= ကျေးဇူးအရှင် ဆရာတော်ဘုရားကြီးတို့သည်။ ဇိန-စက္ကသ= ဗောဓိအောင်မြေ ပလွင်ဗွေဝယ် လှည်းခြေပယ်ရှောင် ငါးမာရ်အောင်၏ ထွန်းပြောင်လျှံဝါ သာသနာ၏။ ဟိတံ= အစီးအပွားကို။ ယထိစ္ဆိတံ= အလိုတော်ရှိတိုင်း။ ဝဟန္တု= ရွက်ဆောင်နိုင်ကြစေကုန်လော့။ မာ ဣဝ= သရဒမည်ရှိ ကောမုဒီဌ် ရဝိမန်းရောင်လျှံညီးလျက် မီးခိုးတိမ်မြှု။ ရာဟုဟူသား ရန်သူကင်းမဲ့ ဘေးမဟဲ့ပဲ ပြဲ့ပြဲ့ထွန်းသော လဝန်း၏တရထည်။ ဝိမလာ= ဒုက္ခင့် ဒုဗ္ဘာသီပြစ်ဆာမှ ရံခါမရှိ မငြိကင်းဝေး ညစ်ကြေးမတင် စင်ကြယ်ကုန်သည်။ ဟောန္တု= ဖြစ်စေကုန်သောဝ်။

(၆) အဟံ= ငါသည်။ သဗ္ဗံ= အလုံးစုံသာဖြစ်သော လောကီချမ်းသာကို။ လဒ္ဓါန- ရပြီး၍။ ဘဝန္တွေ= ဘဝအဆုံး၌။ နိဿောကနိဗ္ဗာနသုခံ= စိုးရိမ်ခြင်းကင်းသော နိဗ္ဗာန်ချမ်းသာကို။ လဘေယျံ= ရလိုဏ်။ သဗ္ဗာ= ဥဿုံကုန်သော။ ပဇာ= သတ္တဝါတို့သည်။ အဘယာ= ဘေးမဲ့ကုန်သည်။ အဝေရာ= ရန်မဲ့ကုန်သည်။ ဟောန္တု= ဖြစ်စေကုန်သောဝ်။ ဥတိဟိ= အဆွေအမျိုးတို့နှင့်။ သဟ= တကွ။ သမောဒမာနာ= ဝမ်းမြောက်သောနှလုံးရှိကုန်သည်။ ဘဝန္တု= ဖြစ်စေကုန်သောဝ်။

ယင်းသဒ္ဒတ္ထဘေဒစိန္တာဂဏ္ဌိကျမ်းကို မန္တလေးမြို့ တောင်ပြင် ဆီးပန်းနီတိုက်၌ သီတင်းသုံးသော ကဗျာပဏ္ဍိတဘွဲ့ရ ဆရာတော် အရှင်နိဂြောဓသည် သုတ်သင်၍ ၁၂၆၈-ခုနှစ်က မန္တလေးမြို့ တမွှ-ဒီပတိုင်း ပုံနှိပ်တိုက်၌ ပုံနှိပ်ထုတ်ဝေခဲ့ရာ ရွှေ့ဆိုက်စာမျက်နှာ ၂၄၃-ရှိလေသည်။ ပုံနှိပ်လုပ်ဆောင် သုတ်သင်ပြင်ဆင်ခြင်းနိဂုံးကိုလည်း-

၁။ မင်္ဂလာအောင်မျိုး သာပေါင်းကြီး၊ မန်းမြို့နေပြည်တော်။

၂။ ပညာရင်နှီ့၊ သောက်ယူစို့၊ မြို့ကြီးရှေ့တိုက်တော်။

၃။ ရှေ့တောင်နောက်ပြင်၊ နည်းလမ်းသင်၊ မျှားဖြင်ဆရာတော်။

၄။ ဆရာဘုရား၊ ကျေးဇူးများ၊ ဆူးခါးဆရာတော်။

၅။ ငြာကျေထက်အောက်၊ သတင်းပေါက်၊ တစ်ယောက်
တပည့်တော်။

၆။ တည်းဖြတ်သုတ်သင်၊ စက်ပုံတင်၊ လူရှင်အကျိုးတော်။

၇။ ဘေဒစိန္တာ၊ ဂဏ္ဌိတ၊ မြတ်စွာတန်ခိုးတော်။

၈။ ဤတွင်ပြီးဆုံး၊ ကမ္ဘတ်ဖုံး၊ နိဂုံးသံပေါက်တော်။

ဟူသော သံပေါက်ကဗျာ ၈-ပုဒ်ဖြင့် ဖော်ပြတော်မူခဲ့လေသည်။[1]

သဒ္ဒတ္ထဘေဒစိန္တာယ၊ ဂဏ္ဌိဂန္ထော သုဝိညုနာ။
ရစိတော ထေရသေဋ္ဌေန၊ ပညာသာမိဝိဘာဝိနာ။

အဘိဓာန်ဋီကာနိဿယ

သက္ကရာဇ် ၇၁၃-ခုနှစ်တွင် ပင်းယမြို့ဦးနန်းတက်သော ဆင်ဖြူရှင်လေးစီးရှင် သီဟသူမင်းလက်ထက် လောကုတ်, လောကီကျမ်းအမျိုးမျိုးတို့ကို မွေနှောက်၍ ပညာရှိ သိရိမဟာစတုရင်္ဂဗလအမတ်သည် လောကုတ္တရာကျမ်းများနှင့်တကွ အမရကောသ, နာနတ္ထ-သင်္ဂဟ, ရုဒ္ဒ, ရဘသ, ရတနကောသ, တိကဏ္ဍသေသ, ရာဇနိဃဏ္ဍုစသည့် အဘိဓာန်ကျမ်းများနှင့် နာဋကသတ္ထစသည့် လောကီကျမ်းဂန်တို့ကို ချဉ်းနင်း၍ ရေးသားစီရင်အပ်သော အဘိဓာနပွဒီပိကာဋီကာပါဠိကျမ်း ရှိခဲ့လေသည်။ မောင်းထောင်ဆရာတော် အရှင်ပညာသာမိသည် ဖော်ပြပါ အဘိဓာန်ဋီကာပါဠိကျမ်း၏မှီရာ အနက်ပြန်မာပြန်နိဿယကျမ်းကိုလည်း အမရပူရမြို့ မဟာဝိဇိုဟာရုံတိုက်ကြီးအတွင်း အနောက်မြောက်ယွန်းသောအရပ်၌ ရွှေနီဖလံတို့ဖြင့် မွမ်းမံချယ်လှယ်အပ်သော ကျောင်းတော်ကြီး၌ သီတင်းသုံးစဉ် မောင်းထောင်ကြီးရွာကုန်းသာတိုက်နေ အရှင်သုမနထေရ် လျှောက်ထားတောင်းပန်သဖြင့် မဟုဿာဟ ဇွဲလုံ့လဖြင့် ရေးသားစီရင်တော်မူခဲ့လေသည်။

၁။ မန္တလေးသာသနာဝင်။ ၄။ ၃၇၃-လည်းကြည့်။

မူလက ခတ္တိယဝင် အဆုံးတွင်သာ ရေးသားစီရင်ပြီး စာပေချပို့ခြင်းစသည်ဖြင့် ကြောင့်ကြမဲ့နေစဉ်၊ တစ်ဖန် စာသင်သားအပေါင်းတို့ သောင်းသောင်းဖျဖျ တောင်းပန်ကြခြင်းကြောင့် အပြီးတိုင်အောင် ဆက်လက်၍ ရေးသားစီရင်တော်မူရာ သက္ကရာဇ် ၁၂၁၁-ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃-ရက်နေ့ နေဝင်လုဆဲဆဲတွင်မှ အောင်လံစိုက်ဆောက် အပြီးသို့ ရောက်ခဲ့လေသည်၊ ဆရာတော်အရှင်ပညာသာမိ လွန်စွာစာပေနှံစပ် ကျွမ်းကျင်တတ်မြောက်တော်မူသည်၊ ဤအဘိဓာန် ဋီကာနိဿယ ရေးပြီးချိန်တွင် သက်တော် ၃၄-နှစ်မျှသာ ရှိသေးသည်၊ ကျမ်းဦးဌ် ရတနတ္တယပဏာမ, အာစရိယပဏာမ, အဘိယာစက, ကရဏာပွကာရ, ပယောဇဉ်, ဥယျောဇဉ်, ပဋိညာဉ်စသည်တို့ကိုလည်း-

၁။ ယော ယေန ယံ ဝရံ နေတိ၊
ဇိနော 'သုတေန သတ္တမံ။
တံ တံတံ အဘိဝန္ဒိတာ၊
သိရသာ အာဒရံ အဟံ။

၂။ တာရမဗ္ဗေ ပုဏ္ဏိန္ဒု၊ သောတုမဗ္ဗေ ပသောဘနော။
နယံ အဒါသိ အာစေရော၊ ဟဒ္ဒ ဝန္ဒိယ သိရသာ။

၃။ သဟသောရောဝဂါမသ၊ ဤသုတ္တရေ ပစ္ဆိမေ။
ထလာရမ္မာတိအာချာတော၊ ဝိဟာရဂ္ဂကေ ဝသံ။

၄။ ယော သီလာစာရသမ္ပန္နော၊ သဒ္ဓမ္မမာမကော မမံ။
အနေကဝါရကံ ယာစိ၊ တသ တေန ဣမသ္မိံ။

၅။ ဒုရာဇာနသ ဘာသိသံ၊ သံသန္ဒိတ္တာန နိဿယံ။
ပါဠိယာဌကထာဒီဟိ၊ လောကိယသတ္ထကေဟိ စ။

၆။ လောကိယသဒ္ဒသတ္ထေသု၊ အဝစာရတော ဟိနကော။
သာသနစ္စာရမတ္တေန၊ ဩဂါဟိတုံ စ ဒုက္ကရံ။

၇။ တသ္မာ မေ ဘာသိတံ ဒါနိ၊ သဇ္ဇံ ဣမသ္မိ နိဿယံ။
အလင်္ကာရောန္တု သောတာရော၊ ကဏ္ဏေ ဝ မဏိကုဏ္ဍလံ။

၈။ တထာ ကတေဟိ သောတာရော၊
သဒါ ဟေဟိန္တိ သောဘဏော။
အယုတ္တံ စေ စဇိတ္ဘာန၊
ဂဏ္ဍန္တု ဗုဓာ ယုတ္တကံ။

၉။ ဝေပုလ္လံ လုဒ္ဒကော ဂစ္ဆံ၊ မဏာဒိရတနံ ဗဟုံ။
သန္ဓံ အဂ်ိရကသာပိ၊ ဂဟေဏေ ကိံ ပယောဇနံ။

(၁) ဇိနော= မာရ်ငါးပါးကို ထွားထွားညက်ညက် ဖျက်ဆီး တော်မူတတ်သော။ ယော ဗုဒ္ဓေါ= အကြင်မြတ်စွာဘုရားသည်။ သုတေန= လောကသုံးခွင် ဘုံသုံးပြင်၌ ထင်ပေါ်ကျော်စောသော။ ယေန ဓမ္မေန= အကြင်တရားတော်မြတ်ဖြင့်။ သတ္တာမံ= မြတ်လှစွာသော။ ယံ သံဃံ= အကြင်သံဃာတော်မြတ်အပေါင်းကို။ ဝရံ= နိဗ္ဗာန်ပြည်မြတ်သို့။ နေတိ= ပို့ဆောင်ကယ်တင်တော်မူ၏။ တဉ္စ ဗုဒ္ဓံ= ထိုပို့ဆောင်ကယ်တင်တော်မူတတ်သော မြတ်စွာဘုရားကိုလည်းကောင်း။ တဉ္စ ဓမ္မံ= ထိုပို့ဆောင်ကြောင်းဖြစ်သော တရားတော်မြတ်ကိုလည်းကောင်း။ တဉ္စ သံဃံ= ထိုပို့ဆောင်တော်မူအပ်သော သံဃာတော်မြတ်အပေါင်းကိုလည်းကောင်း။ သိရသာ= ဦးဖြင့်။ အာဒရံ= ရှိသေစွာ။ အဟံ= အကျွန်ုပ်သည်။ အဘိဝန္ဒာမိ= ရှိခိုးပါ၏။ အဘိဝန္ဒိတွာ= ရှိခိုးဦး၍။

(၂) ယော အာစေရော= အကြင်ဆရာမြတ်သည်။ (အာစေရသဒ္ဒါကား အာစေမိဝ အာဏဝေါ-ဟူသော ဝေဿန်ဇာတ်။ အာစေရမ္ပိ သုသိက္ခိတာ-ဟူသော ဂန္ဓာရဇာတ်ပါဠိတော်၌ကဲ့သို့ အာစရိယသဒ္ဒါ၏ ကာရိယမှတ်လင့်။ ထို့ကြောင့် သဒ္ဒနီတိ၌ အာစရိ-ယသာစေရော-ဟူသောသုတ်ကို တည်တော်မူ၏)။ တာရာမဏ္ဍေ= နက္ခတ်တာရာ ကြယ်တကာတို့၏ အလယ်၌။ ပုဏ္ဏိန္ဒု ဣဝ= လပြည့်ဝန်းကဲ့သို့။ သောတုမဏ္ဍေ= တပည့်ပေါယယ် ကြီးငယ်သိက္ခာ စာသင်ပုဂ္ဂိုလ်တို့၏အလယ်၌။ ဥပသောဘဏော= တင့်တယ်သည်။ ဟုတ္တာ= ဖြစ်၍။ နယံ= ဥပဒေသနည်းကို။ အဒါသိ= ပေးသနားတော်မူလတ်ပြီ။

တဋ္ဌ အာစေရံ= ထိုင်ါတို့ ကျေးဇူးရှင်ဆရာမြတ်ကိုလည်း။ သိရသာ= ဦးဖြင့်။ ဝန္ဒိယ= ရှိခိုးပါ၏။ ဝန္ဒိယ= ရှိခိုးပြီး၍။

(၃) သဟသော ရောဓဂါမသ= မောင်းမတစ်ထောင် ကြောင့် မောင်းထောင်ဟုသည် သမိုက်ရည်လျက် စည်ပင်လှစွာ နိဂုံးရှာ၏။ ဤသုတ္တရေ= မြောက်သို့စဉ်းငယ်ယွန်းသော။ ပစ္ဆိမေ ဇဝ= အနောက်အရပ်၌သာလျှင်။ ထိလာရမ္မာတိအာချတေ= ကုန်းသာ ဟူ၍ ခေါ်ဝေါ်အပ်သော။ ဝိဟာရဂဟ္ဘကေ= ကျောင်းတိုက်၌။ ဝသံ ဝသန္တော= သီတင်းသုံးနေလျက်။ ဝါ= သီတင်းသုံးနေသော။

(၄-၅) သိလာစာရသမ္ပန္နော= သီလ အာစာရနှင့်ပြည့်စုံသော။ သဒ္ဓမ္မမာမကော= သူတော်တို့၏တရားကို မြတ်နိုးတတ်သော။ ယော ထေရော= အကြင်သုမနအမည်ရှိသော မထေရ်သည်။ မမံ= ငါ့ကို။ အနေကဝါရံ= အကြိမ်များစွာ။ ယာစိ= တောင်းပန်လတ်ပြီ။ တဿ= ထိုသုမနအမည်ရှိသော မထေရ်၏။ တေန= ထိုသို့ အကြိမ်များစွာ တောင်းပန်လတ်သောကြောင့်။ ဒုရာဇာနဿ= သိနှိုင်ခဲသော။ ဣမဿ= ဤအဘိဓာနပွဒီပိကာဋီကာကျမ်း၏။ နိဿယံ= မှီရာနိဿ ယည်းကို။ ပါဋိယဋ္ဌကထာဒိဟိ စ= ပါဋိအဋ္ဌကထာစသောကျမ်းတို့နှင့် လည်းကောင်း။ လောကိယသတ္တကေဟိ စ= လောကီကျမ်းတို့နှင့် လည်းကောင်း။ သံသန္ဒိတ္တာ= နှီးနှောပေါင်းရှု၍။ အဟံ= ငါသည်။ ဘာသိဿံ= ဆိုတော့အံ့။

(၆) လောကိယသဒ္ဒသတ္ထေသု= လောကီသဒ္ဒါကျမ်းတို့၌။ အပဝစာရတော= လေ့လာကျင်လည်ခြင်းမှ။ ဟိ= ယုတ်သော သုခမိန်သည်။ သာသနစ္စာရမတ္တေန= သာသနာတော်ကျမ်း၌ လေ့လာ ကာမျှဖြင့်။ ဣဒံ= ဤဋီကာကျမ်းကို။ ဩဂါဟိတုံ စ= သက်ဝင်ခြင်ငှာ မျှလည်း။ ယသ္မာ= အကြင့်ကြောင့်။ ဒုက္ကရံ= ကုတ်ကော်ခဲယဉ်းလှ ချေ၏။

(၇) တသွား= ထို့ကြောင့်။ မေ= ငါသည်။ ဒါနိ= ယခု။ ဘာသိတံ= ဆိုအပ်လတ္တံ့သော။ သဗ္ဗံ= စာပွဲသဘင်၌ ပြောဆိုခြင်းဌာ ကောင်းမြတ်သင့်တင့်သော။ (သဘာယံ သာဓု သဗ္ဗံ-ဟူသော ရူပ သိဒ္ဓိ။ သဘာယံ ပရိသာ မဇ္ဈေ ဝေါဟာရိတုံ သာဓု ယုတ္တံ သဗ္ဗံ-ဟူသော ၎င်းဋ္ဌီကာကို ရှု)။ ဣမသ= ဤအဘိဓာနပွဲဒီပိကာဋ္ဌီကာ ကျမ်း၏။ နိဿယံ= မှီရာနိဿယည်းကို။ ကဏ္ဏော= နားနှစ်ဖက်၌။ မဏိကုဏ္ဍလံ ဣဝ= ပတ္တမြားနားဌောင်းကဲ့သို့။ သောတာရော= စာသင်သားတို့သည်။ ကဏ္ဏော= ပညာတည်းဟူသောနား၌။ (ကဏ္ဏ-ကိုကား လိုက်၍သမ္ဗန်သည်)။ အလင်္ကရောန္တု= တန်ဆာဆင်စေကုန် ခလို။

(၈) ဟိ= အကျိုးစကားကား။ တထာဂတေ= ထိုသို့ဆိုခဲ့ ပြီးသောအတိုင်း တန်ဆာဆင်သည်ရှိသော်။ သောတာရော= စာသင် သားတို့သည်။ သဒါ= အခါမပြတ်။ သောဘဏာ= တင့်တယ်ခြင်း ရှိကုန်သည်။ ဟေဟိန္တိ= ဖြစ်ပါကုန်လတ္တံ့။ အယုတ္တံ= မသင့်သော အရာဌာနသည်။ စေ= အကယ်၍ စိုးစဉ်းရှိခဲ့အုံ့။ တံ= ထိုမသင့်သော အရာဌာန စိုးစဉ်းမျှကို။ စဇိတ္တာ= လွှဲဖယ်၍။ ယုတ္တကံ= သင့်မြတ် သော အရာဌာနကို။ ဗုဓာ= သုခမိန်တို့သည်။ ဂဏှန္တု= ယူကြပါကုန်။

(၉) လုဒ္ဒကော= တလ္လယုတ်မာ မိစ္ဆာကျင့်မျိုး တောမှဆိုး သည်။ ဝေပုလ္လံ= ဝေပုလ္လတောင်မြတ်သို့။ ဂစ္ဆံ-ဂစ္ဆန္တော= ရောက်ပါ လျက်။ မဏာဒိရတနံ= ပတ္တမြားစသော ရတနာကျောက်မျိုးသည်။ ဗဟုံ= ပေါယဉ်မျှားစွာ။ သန္တံ= ထင်ရှားရှိပါလျက်။ အဂ်ိရကသသာပိ= မီးသွေးကျောက်ကိုလည်း။ ဂဟဏော= ကောက်ယူခြင်း၌။ ကိံ ပယော-ဇနံ= အဘယ်အကျိုးရှိပါခြိမ့်နည်း။

ဟူသော ၉-ဂါထာပါဌ်နိဿယဖြင့် ပြည့်စုံစွာ ဂန္ထာရမ္ဘပြုတော်မူခဲ့လေ သည်။

အမှာအထားများနှင့် ပြည့်စုံ

အဘိဓာန်ဋီကာနိဿယသည် အဆုံးအဖြတ်လက်သည်းကွင်း အမှာအထား အမျိုးမျိုးနှင့် စုံလင်လှသည်၊ အရာအားလျော်စွာ အနုသာသနီဂါထာတို့ကို အဓိပ္ပါယ်ပါပါ ရေးသားဖော်ပြတော်မူခဲ့ရာ သဂ္ဂကဏ္ဍနိဿယအဆုံးဌ်လည်း-

ဝိနာဝလဉ္ဇတော ပုဗ္ဗေ၊ ရုက္ခတ္တိဏာလတာဒိဟိ။
သံကိဏ္ဏေန ဒုက္ကရော ဂန္ဓံ၊ ဒုဗ္ဗလာနံ ပထောယထာ။

နာနာနယေဟိ သံကိဏ္ဏော၊ ဒုက္ကရော ဂါဟိတုံ အယံ။
တသ္မာ ဝုဒ်ဝလဉ္ဇန္တ၊ နာဝမညန္တ သာဓဝေါ။

ဟူသော ၂-ဂါထာဖြင့် အသွားအလာမရှိ ခြုံနွယ်တို့ဖြင့် ရောပြွမ်းသော လမ်းခရီးသည် လူသာမန်တို့ သွားရန်ခက်ခဲသကဲ့သို့ ကြည့်ရှုသုတ်သင် ပြင်ဆင်မှုဝဲ သုံးစွဲခြင်းကင်းသဖြင့် နည်းစုံပြွမ်းသော ဤအဘိဓာန်ဋီကာကျမ်းသည် ဗဟုသုတဒုလ္လဘဖြစ်သူတို့ သက်ဝင်ကြည့်ရှုရန် ခဲယဉ်းကြောင်း၊ သို့ဖြစ်၍ ဤနိဿယကို သူတော်ကောင်းတို့ ကြည့်ရှုလေ့လာကြစေလိုကြောင်း, မထေရ်မဲ့မြင် မပြုကြစေလိုကြောင်း တိုက်တွန်းခဲ့လေသည်။ ခတ္တိယဝင်ဋီကာနိဿယအဆုံးဌ်လည်း-

နာနာနယေဟိ သမ္ပုဏ္ဏော၊ လောကိယာတိမကေဟိယော။
ဒုလ္လိဏ္ဏေတေဟ ပါဌေဟိ၊ ဝေါကိဏ္ဏော စ အတော မမ။
ဘာသိတံ နိဿယံ စိတ္တေ၊ သမ္မာ ဌပေန္တ သာဓဝေါ။
ပုနပ္ပုန ဝစာရေတ္တာ၊ မဏာရတနဝ ထာလကေ။
ကိဉ္စိဒေဝ အယုတ္တံ စေ၊ တံ ဝဇ္ဇေတ္ဝာဝ ယုတ္တကံ။
သုဋ္ဌု ဂဏ္ဍန္တ သုဒ္ဓိရာ၊ မာ ဟောန္တ ဒေါမနဿကာ။

ဟူသော ၃-ဂါထာဖြင့် အဘိဓာန်ဋီကာကျမ်း၏ လောကီဆရာတို့၏ အလိုနည်းထူးတို့နှင့် ပြည့်စုံသည်သာမက ပါဠိပျက်, ပုဒ်ပျက်တို့ဖြင့်လည်း ရောထွေးနေကြောင်း။ သို့ဖြစ်ပါ၍ ယထာသတ္တိ, ယထာဗလ

ရေးသားဖော်ပြအပ်သော ဤနိဿယကို သိဂီပြောင်လက် မှောင်မရှက်သော ရွှေခွက်လင်ပန်းခ၌ ပတ္တမြားရတနာကို သိုမှီးကြသည့်ပမာ အဖန်ဖန်အခါခါ စိစစ်၍ သူတော်ကောင်းစွာတို့ ကောင်းစွာယားကြပါကုန်၊ အနည်းငယ် မသင့်သည်ကို တွေ့မြင်ပါက အသင့်ပြင်၍ ယူကြပါကုန်ဟု ဖော်ပြတော်မူခဲ့လေသည်။ ဆရာတော်သည် စတုဗ္ဗဏ္ဏာ ဝဂ် အဆုံးဌ၌လည်း-

စတုဗ္ဗဏ္ဏေဟိ ပူဇိယ၊ နရဝရသ သာသနေ။
သောတူနံ မတိဝဍ္ဎနော၊ မယာ ပုဏ္ဏော အယံ ကတော။
မဟုဿာဟေန စက္ကတ္ထံ၊ ပါဋိယာဒ္ဌကထာဒိဟိ။
လောကိယသဒ္ဒသတ္ထေဟိ၊ သံသန္ဒိတ္တာ ဒါနိ ဝေ။
ဒုလ္လိက္ခိတကပါဋ္ဌေဟိ၊ ဒုက္ခော ဂါဠှော အယံ ဝနံ။
မဟာဂုမ္ဗေဟိ လောကေ၀၊ တသ္မာ လက္ခဏ္ဍ သာ၀ဝေါ။

ဟူသော ၃-ဂါထာဖြင့် ဤကျမ်းကို သာသနာတော်အတွက် ပါဠိအဋ္ဌကထာ ဋီကာ လောကိသဒ္ဒါကျမ်းတို့နှင့် တိုက်ဆိုင်၍ ပြည့်စုံစွာ ပြုစိရင်အပ်ပြီဖြစ်ကြောင်း၊ ၎င်းပြင် အဘိဓာန်ဋီကာကျမ်းသည် ဒုလ္လိခိတပါဋ္ဌတို့ဖြင့် ခြုံနွယ်တို့ဖြင့် ရှုတ်ထွေးသော တောအုပ်ပမာ ဖ

၀င်ခဲခက်ကြောင်း၊ သို့ဖြစ်၍ သူတော်ကောင်းတို့ ကြည့်ရှုမှတ်သား ဆောင်ရွက်ကြစေလိုကြောင်း အမှာပြုတော်မူခဲ့လေသည်။ ပါတာလ၀ဂ် ဋီကာ နိဿယအဆုံးဌ၌လည်း-

မဟုဿာဟေန နော သတ္ထာ၊ သမ္ဘုဒ္ဓေါ ဒုက္ကရံ ကရံ။
ဗောဓိံ ပတ္တာန ဒေ၀ေသိ၊ လောကေ သုဒုဒ္ဒသံ ဣမံ။
ဣသိတေနေ၀ ဝါသာယ၊ နာလံ တသ္မ စ သာသနေ။
နော ဟိ ဇာနိယဥ္ဍသာဟံ၊ ကရေယ္ယာထ တဒုဠ္ဍဟေ။
ဥဠ္ဍဏ္ဍကေ စ ဓမ္မသ္မ၊ ယဒ္ဒေ ဆေကော မူလကော။
ဆေကတ္ထံ ကတော တသ္မိံ၊ တသ္မာ လက္ခဏ္ဍ သာ၀ဝေါ။

ဟူသော ၃-ဂါထာဖြင့် "ငါတို့ဆရာ သစ္စာလေးအင် လိုလိုမြင်သော ချစ်ရှင်စောထွတ် ခေါင်တမွတ်သည် ကြီးမြတ်သော လုံ့လဝါယာမဖြင့် ပြုနိုင်မည်ကား မဆိုထားဘိ၊ တစ်ပါးသတ္တဝါ ကြံခြင်းဌာမျှ ထွေလာ မကြား မဝံ့စားသော ဆယ်ပါးပါရမီ ငါးလီစာဂ စရိယသုံး ဤအလုံး ကို ငဲ့ကွက်မရှု ကိုယ်တော်ပြုလျက် သဗ္ဗညုတညာဏ်ရောက်ပြီးနောက် သတ္တလောကဌ် သီးလုံးငယ်လှ သာသပသို့ ဉာဏနှိုက်နဲ့ မြင်နိုင်ခဲ သော ပရိယတ္တိဓမ္မကို ဟောတော်မူခဲ့ပြီ။ ဘုရားမြတ်စွာ သာသနာ တော်ဌ ပျင်းရိဖင့်နွဲ့သဖြင့် နေခြင်းဌာမထိုက်ကြောင်း သိပြီးသည့် ကာလ ပရိယတ္တိဓမ္မကို သင်ကြားခြင်းဌ လုံ့လပြုကြပါ, ပရိယတ္တိဓမ္မ ကို သင်ကြားသည်ရှိသော် "ပုဒ်နှင့်ဝိဘတ် ဓာတ်နှင့်ပစ္စည်း နည်း ဥပစာ စသည်မျှားစွာ သဒ္ဒါရေးရာဌ လိမ္မာစိမ့်သောဌာ ဤနိဿကို ပြုစီရင်အပ်ပါပြီ။ သို့ဖြစ်၍ စာပေလေ့လာ သူတော်စွာတို့, ဤကျမ်း ကို ဆောင်ရွက်မှတ်သား ကြည့်ရှုကြပါကုန်၏။ သဟုပ္ပါဒအလို့ဌာ အနုသာသနီ ပြုတော်မူပြန်သည်။

ဥယျောဇဉ်ဂါထာ

ဆရာတော်သည် ဂိသေသျှာမိနဝဂ်အဖွင့် အဆုံးဌ်လည်း-
ကဿကာနံ မနံ လောကေ၊ မေယော ဝဿတိ တောသယံ။
နဘာဗ္ဘပဋ္ဌလေဟိ ဓ၊ ဝါရေတွာ ဂ္ဂန္ဒစာပေတိ။
သောတာရာနံ မနံ စက္ကေ၊ ဧသော ဝတ္ထတိ တောသယံ။
မုခါ ဂန္ဆန္ဆရေဟိဝ၊ ဝါရေတွာ စေရဝါဒေတိ။
သာသနတ္ထံ မယာ ဧသော၊ ကတော ဂန္ဆန္ဆရေ တဟော။
ပုနပ္ပုနံ ဝိစာရေတွာ၊ ဘံ သလ္လက္ခဏ္ဍ သာဓဝေါ။

ဟူသော ၃-ဂါထာဖြင့် လောကဌ် တောင်သူလယ်သမားတို့၏ စိတ် နှလုံးကို ရွှင်ပြုံးနှစ်သက်စေလျက် ကောင်းကင်ဝမှ တိမ်တိုက်တိမ်လွှာ လျှစ်စစ်လျှပ်ပန်းတို့ဖြင့် အုပ်ဖုံးခြုံရံကာ မိုးရွာသွန်းသည့်ပမာ ဘုရား

မြတ်စွာ သာသနာတော်၌ စာသင်သားတို့၏စိတ်ကို နှစ်သက်၊ ငါ၏ခံတွင်းတည်းဟူသော အဇဋ္ဌာကာသ ကောင်းကင်ဝမှ အမရကောသစသော လောကီကျမ်းအမျိုးမျိုး, ပါဠိ အဋ္ဌကထာ ဋီကာ အနု မဓုလက်သန်း ကျမ်းဂန်အမျိုးမျိုးတည်းဟူသော တိမ်တိုက် တိမ်လွှာ အာစရိယဝါဒဟူကုန်သော လျှပ်စစ်နွယ်တို့ဖြင့် အုပ်ဖုံးခြုံရုံ၍ ဤအဘိဓာနပွဒီပိကာဋီကာနိသျှည်းကို အဖန်ဖန်အထပ်ထပ် စူးစမ်းဆင်ခြင်၍ သူတော်စင်တို့ မှတ်သားကြပါကုန်ဟူ၍ ဥယျောဇဉ်ပြုတော်မူခဲ့လေသည်။

ပြည့်စုံစွာ နိဂုံးပြုခဲ့ခြင်း

အဘိဓာန်ဋီကာနိဿယအဆုံး၌ ကျမ်းပြုဆရာတော် ပညာသာမိသိရိကဝိဓေမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရှ ဆရာတော်အရှင်ပညာသာမိသည် ၂၈-ဂါထာပါဠိအနက်ဖြင့် ပြည့်စုံစွာ နိဂုံးအုပ်ခဲ့လေသည်၊ "ဤကျမ်းပြုရသော ကောင်းမှုနှင့် အခြားကောင်းမှု အစုစုတို့ကြောင့် ဘဝကြီးငယ် ကြဉ်လည်ရသည်ရှိသော် ပဉ်းရှိသူ, လိမ္မာသူ, ပညာရှိသူဖြစ်ရလိုကြောင်း ၁၆-နှစ်သားအရွယ်အတွင်း၌ ပိဋကတ်သုံးပုံ, ဗေဒင်လေးပုံတို့ကို လျှာဖျားခ၌ အိုးထိန်းစက်တရုထည် မွှေနှောက်လည်စေကုန်သတည်း။ လျှို့ဝှက်ခက်ခဲသော အနက် အဓိပ္ပါယ်တို့ ထင်ရှား၍ ရပြီးသမျှ အတတ်ပညာအဝဝသည် ကျောက်စာပမာ တည်စေသတည်းဟု သည်ဖြင့် ဆုတောင်းတော်မူခဲ့လေသည်။ ယင်းနိဂုံးအပြည့်အစုံမှာ ၂၈-ဂါထာပါဠိနိဿယနှင့် အဘိဓာန်ဋီကာနိဿယအတ္ထုပ္ပတ္တိဟူသော ခေါင်းစီးတပ်ကာ မြန်မာဘာသာဖြင့်လည်း ဖော်ပြခဲ့ရာ အောက်ပါအတိုင်း ပြည့်စုံစွာ ဖတ်ရှုလေ့လာရာ၏။

၁။ ယော ဇေတဝနဒါရာမော၊ ပုဗ္ဗဂေါပုရဉ္စတ္ထကေ။
အလက််တော သုခါတေန၊ ဒဿနီယော ယထာ တထာ။

၂။ အလက််တော သုခါတေန၊ သမ္ဘောဓိနာပိ ဘူသိတော။
သုဘော မဟာဝိဟာရော၀၊ ပုဗ္ဗဂေါပုရဉ္စတ္ထကေ။

၃။ လောဟပါသာဒသက််သ၊ မဟာပါသာဒမဏ္ဍိတော။
အဘယာရာမနာမသ၊ ဧကာဗဒ္ဓါတ္တရဋ္ဌိတော။

၄။ ဒ္ဝိပါကာရေဟိယူပေဟိ၊ ပရိက္ခိတ္တော ဝိဟာရကော။
သဂ္ဂခဏ္ဍကသက််သော၊ တတ္ထ ဤသုတ္တရာ ပုရေ။

၅။ ဂိသုဒ္ဓါစာရသီလာယ၊ အသမ္ဘိန္နကဝံသိကေ။
ဇာတာယ အတိသဒ္ဓါယ၊ ရာဇမိတာယ ကာရိတေ။

၆။ လဉ္ဆနာဘုဠ္ဠိကာယေ၀၊ ရာဇမိတာယ ကာရိတော။
ဝိစဇိတ္တွာန သဒ္ဓါယ၊ နေကဝိဓကဟာပဏံ။

၀ ၀

၇။ နာနာဇနက္ခဒ္ဒါနတ္တာ၊ နာနာမလသမာဂမ။
ပယောဇဂဟသက််သော၊ သောဝဏ္ဏလိမ္ပိတေ သုဘော။

၈။ နာနာရူပေဟိ သံကိဏ္ဏော၊ ဂေါဋ္ဌိတစ္စာရုပဗ္ဗတော။
အဇ္ဇုတဇနကေဂါနံ၊ ပဝိစိတ္တေဟိ မဏ္ဍိတော။

၉။ သဗ္ဗုပဇ္ဇုကသက််သ၊ သုစာလိမ္ပေဟိ ဒ္ဝိဟိ စ။
ဂုဗ္ဗကန္ဓပါကာရေဟိ၊ ယူပေဟိ စ ပ၀ါရိတော။

၁၀။ ဝိဟာရကေ ၀သန္တောဝ၊ ပညာသာမိတိနာမကော။
ကာနာမပါဒယာပေါဇော၊ သဒ္ဒသတ္ထေပိ စာရိတော။

၁၁။ နာနာခေတ္တကဝတ္ထူဟိ၊ ပရိက္ခိတ္တော သမန္တတော။
သုခါတကတဠာကေဟိ၊ ထူပဝိဟာရသောဘကော။

၁၂။ မံ ဂိဇ္ဈယနဠာနေ စ၊ သုဇိ၀ေ ဒေ၀မာတိကေ။
ပဗ္ဗတာရညသန္ဓေ၊ သဟသောရောဓဂါမကေ။

၁၃။ ထလာရမ္မာတိ အာချာတော၊ အာရာမေ ၀သတာဒရံ။
သုမနေန တဒညေဟိ၊ ယာစိတောဝ အကာသိမံ။

၁၄။ အန္ဓကာရံ ဝိနာသေတွာ၊ သူရိယောဝ သိလုစ္စယာ။
သမုဂ္ဂစ္ဆတိ လောကာနံ၊ ပုရာပေန္ဓော မနောရထံ။

၁၅။ အန္ဓကာရံ ဝိနာသေတွာ၊ နိသယောယံ မုခါစလာ။
သမုဂ္ဂစ္ဆတိ သောတူနံ၊ ပုရာပေန္ဓော မနောရထံ။

၁၆။ သောတူနံ နိစ္ဆယာဘာဟိ၊ ဟောဓေတွာန မတုပ္ပလံ။
ပုနပ္ပုနံ ဝိစာရေတွာ၊ တံ သလ္လကၠေန္ဒ သာဓဝေါ။

၁၇။ ဣမိနာ ပုညကမ္မေန၊ အညေဟိ စ ဘဝါဘဝေ။
သံသရန္ဓော အဟံ ပုညော၊ ဆေကော စ ပညဝါ ဘဝေ။

၁၈။ သောဋ္ဌသဗ္ဗသိကေယော၊ ပိဋ္ဌကာနိ စ ဝေဒါနိ။
ဇိဝ္ဘဂ္ဂေ မမ ဝတ္ထေန္ဒ၊ ပါကဋော ဟောတု ဂုဋ္ဌကော။

၁၉။ ခေ စန္ဒောဝ သဒါ လဒ္ဓံ၊ သေလကၠရောဝ တိဋ္ဌတု။
အဒ္ဓေဗ္ဗဝစနော ဟောမိ၊ ပဘူတိ ဘာသကာလတော။

၂၀။ နိ ဇာနာမတ ပုစ္ဆန္ဒော၊ နိ စ ဘာသေယ္ယ ယာစတော။
နတ္ထိတိ စ ဒဒါဟိတိ၊ ဒုဋ္ဌနေဟိ နိ သံဝသေ။

၂၁။ သဗ္ဗိစ္ဆာ မမ ပုရေန္ဒ၊ ရုက္ခဂ္ဂတောပိ ဝါလကံ။
အဝကံသာဝ ဝိန္ဒေ မေ၊ ဂဏ္ဍန္ဒ နာဒဒံ လဝံ။

၂၂။ သာသနေပိ စ သမ္ပတ္တေ၊ သာမညံ လဘေယ္ယ ဝေ။
ဥ တ္ဘိစတုတ္ထကမ္မေန၊ သာသနေန္ဓရဓာနကေ။

၂၃။ ဂန္ဓမာဒနသေလာယံ၊ နန္ဒမူလေ မဟာတရု။
တတ္ထာဓိဝတ္ထတော ဒေဝေါ၊ ဒီယာယုကော ဘဝေယ္ယ စ။

၂၄။ ဘဝိတ္တာ စ ဣမံ လောကံ၊ ရက္ခေယ္ယံ စ ဒဒေယ္ယ စ။
ဒလိဒ္ဓါနံ ဓနံ ဘဝေယ္ယ၊ အနာထာနဉ္စ နာထကော။

၂၅။ ဒိဗ္ဗေန စက္ခုနာစေရေ၊ မာ တရောစာပိ ဒါယကေ။
ဥတကေပိ စ ပယေယ္ယံ၊ ရက္ခေယ္ယံ စ ဝိသေသတော။

၂၆။ ဣမဉ္စ ဒေမ ဘာဂံ မေ၊ မာတုနဉ္စ ဂရုန မေ။
ဘူပါလဿ စ မဟေသိယာ၊ ဒါယကာနဉ္စ အညေသံ။

၂၇။ အနေကဒါရာမသာမိကော စ၊
လိနတ္ထဇာနန္တအမောဟုပေတော။
ဝုမ္ဟာပစာယိ ဇဝနန္တပညော၊
ဗုဒ္ဓေရိတသာသနစာရဝါဟော။

၂၈။ ပဟောတုစေရော မမ နိဗ္ဗယောဝေရော၊
အဝေရကာ ဟောန္တု စ နိဗ္ဗယာ သတ္တာ။
အဟံ ပနာနာဂတိ ကေ သိဝံ ယာမိ၊
အနုန္တပညာယ နိဒါနကံ ကတ္တာ။

(ဤယခုအခါဝယ် လိမ်မာလှစွာသော မြင်းစီးယောက်ျားသည် စားခွက်နှိပ်၊ မှောက်တိုရိုပ်စကုန်သော ဗွေဆိုးမွေးဆိုးတို့မှ ကင်းသော အကြွေးကသွားခြင်း၊ ရေစီးတသွားခြင်း၊ ဝဂ္ဂိတသွားခြင်း၊ လျှုတသွားခြင်းဟုဆိုအပ်သော လောကီနိယျာဉ်ကျမ်းဌာလာသော သွားခြင်းငါးပါးနှင့်ပြည့်စုံသော အသတိုရ်သိန္ဓောမြင်းကို ကကြိုးတန်ဆာ ဆင်ယင်ပြီးမှ ဟန်ဒစီးညွှန်ကင်းသော မင်းလမ်းခရီးအပြင်၌ စိုင်နင်းသောအခါဝယ် လိုရာအရပ်သို့ ရောက်သဖြင့် နှာရှုပ်ဆက်ကြိုးကို လျှော့သပ်၍ ရပ်ဧစဘိသကဲ့သို့ ထိုအတူ ပညာသာမိအမည်ရှိသော မထေရ်တည်းဟူသော မြင်းစီးယောက်ျားသည် သမ္မောသ၊ ပမာဒ၊ ဥဒ္ဓစ္စသော အကုသိုလ်တည်းဟူသော ဗွေဆိုးမွေးဆိုးတို့မှကင်းသော ပညာတည်းဟူသော အသတိုရ်သိန္ဓောမြင်းကို ဟိရိသြတ္တပ္ပတည်းဟူသော ကကြိုးတန်ဆာ၊ သတိတည်းဟူသော နှာရှုပ်ဆက်ကြိုးတို့ဖြင့် တင်တယ်စေပြီးလျှင် ဤယသ ဉာဏ် သဒါ ဉာဏ်စသော သဒ္ဒ-ပဗန္ဓအစဉ်ဟုဆိုအပ်သော မင်းလမ်းခရီးအပြင်၌ သမာဓိတည်းဟူသော ခြေနင်း၌ စွပ်၍ ကြပ်ကြပ်နင်းပြီးမှ သမ္မာသင်္ကပ္ပတည်းဟူသော မြီးမှင်ဆံကို ကြွလှုပ်စေ၍ ဝိရိယတည်းဟူသော နှင်တံဖြင့် စိုင်းနှင်လတ်သည်ရှိသော် အဘိဓာနပွဒီပိကာသံဝဏ္ဏနာ နိဋ္ဌိတာဟူသော လိုရာအရပ်သို့ ရောက်လျှင်သတည်းဟူသော နှာရှုပ်ဆက်ကြိုးကို လျှော့သပ်၍ ပညာတည်းဟူသော ထိုအသတိုရ်သိန္ဓောမြင်းကို

တန့်ရပ်စေလိုရကား ယော ဇေတဝနဒါရာမော-အစရှိကုန်သော စုတ်ချော့သံနှင့်တူကုန်သော နိဂုံးဂါထာတို့ကို မိန့်ဘိသော်။

ထိုဂါထာတို့ဝယ် အကျယ်အကျဉ်း စိုးစဉ်းမျှသာဖြစ်သော အနက်အဓိပ္ပါယ်ဖြင့် မှတ်အပ်သည်ကား)

(၁) ဇေတဝနဒါရာမော= ဇေတဝန်ကျောင်းတော်အာရာမ်သည်။ ဝါ= ဇေတဝန်ကျောင်းတော်အာရာမ်ကို။ ပုဗ္ဗဂေါပုရဉ္စတ္တကေ= အရှေ့မျက်နှာ တံခါးမုခ်၏အနီး၌။ သုခါတေန= ကြီးကျယ်ပြန့်ပွားများသဖြင့် ကောင်းမြတ်သော ရေကန်ဖြင့်။ အလက်တော= တန်ဆာဆင်အပ်သည်ဖြစ်၍။ ဒဿနီယော ယထာ= ရှုချင်စဖွယ်ရှိသကဲ့သို့။ တထာ= ထို့အတူ။ ပုဗ္ဗဂေါပုရဉ္စတ္တကေ= အရှေ့မျက်နှာတံခါးမုခ်၏ အနီး၌။

(၂) သုခါတေန= ကြီးကျယ်ပြန့်ပွားများသဖြင့် ကောင်းမြတ်သော ရေကန်ဖြင့်။ အလက်တော= တန်ဆာဆင်အပ်သည်ဖြစ်၍။ ဒဿနီယော= ရှုချင်စဖွယ်ရှိထသော။ သမ္ဗောဓိနာပိ= ဘုံးလူတန်ဆောင် စောထွတ်ခေါင်၏ ညောင်ဗောဓိဖြင့်လည်း (ကိုထိုသို့သော ပါဠိတော်၌ ရုက္ခဝါစကဗောဓိသဒ္ဒါသည် ဣတ္ထိလိင်သာ ထင်၏။ ထိုသို့ ဣတ္ထိလိင်သာထင်သော်လည်း ဗုဒ္ဓမတညူအဋ္ဌကထာဆရာသည် သမန္တပါသာဒိကာမည်သော ဝိနည်းအဋ္ဌကထာ၌ မဟာဗောဓိနာ သဒ္ဒံ စသည်ဖြင့် ပုလ္လိင်ရုပ်ကိုပြုရကား ပုလ္လိင်လည်းရှိ၏ဟု မှတ်ရာ၏။ ဤမာဂဓအဘိဓာနပွဒီပိကာကျမ်း၌လည်း အသ္သတ္ထော ဗောဓိ စ ဒ္ဒိသု-ဟု လာ၏။ ပါဠိတော်၌ မလာပဲလျက် ယူရသောထုံးစံ ရှိပါစိမ့်မူ ဓာတုသဒ္ဒါသည် ပါဠိတော်၌ ဣတ္ထိလိင်သာ လာသော်လည်း 'ဓာတု ယာ ကမ္မာဒိမှ ဏော၊ ဓာတုသန္တော လောပေါ'နေဟသရသ စ' စသည်ဖြင့် ဒ္ဒိလိင်အဖြစ်ကို အရှင်မဟာကစ္စည်းဆရာပြသောကြောင့် ဒ္ဒိလိင်အဖြစ်ကို ယူရသောထုံး ရှိသကားဟူပေ)။ ဘူသိတော= တန်ဆာဆင်အပ်သည်ဖြစ်၍။ မဟာဝိဟာရော= သီဟိုဠ်ကျွန်း၏ကျက်သရေအောင်မြေအချာ မဟာဝုန်ကျောင်းတိုက်သည်။ သုဘော ဣဝ= ကေ

တင့်တယ်ဘိသကဲ့သို့။ ပုဗ္ဗဂေါပုရဥတ္တကေ= အရှေ့မျက်နှာတံခါးမှ၏ အနီးဌ၌။ သမ္ဘောဓိနာပိ= သုံးလူ့တန်ဆောင် စောထွတ်ခေါင်၏ ညောင်ဗောဓိဖြင့်လည်း။ (ပိသဒ္ဒါဖြင့် သရက်, ပိန္နဲ, ထန်း, အုန်းစသည်ကို ပေါင်းဆည်း၏)။ ဘူသိတော= တန်ဆာဆင်အပ်သည်ဖြစ်၍။ သတော= တင့်တယ်ထသော။

(၃) လောဟပါသာဒသက်္ခာသမဟာပါသာဒမဏ္ဍိတော= သီဟိုဠ်ကျွန်း လောဟပါသာဒကြေးပြာသာဒ်ကဲ့သို့ လက်တက်စီမံ နံရံကားအုင် လိုဏ်မှခ်အစုံ ဘုံခုနစ်ဆင့် စွင့်ရရှင့်လျက် ကြီးမြင့်ကောင်းမြတ် နတ်ဗိသုကာ ဖန်ဆင်းလားသို့ ကောင်းစွာဆောက်လုပ် ဥပုသ်ပြုအိမ် သိမ်တော်ပြာသာဒ်ဖြင့် တန်ဆာဆင်အပ်ယသော။ (ယောဟူသောပုဒ်နှင့် ဝိသေသနဝိသေသျှစပ်) အာဘယာရာမနာမသမ= လေးကျွန်းသနင်း ဈကြာမင်းမ၏ မြောက်ကျွန်းသူရတနာကဲ့သို့ ပုဗ္ဗု-ဋ္ဌာယီစသော အဂ်ါလက္ခဏာနှင့် ပြည့်စုံလျက် သိရီပဝရတိလောကမဟာရတနာပဒုမာဒေဝီဟူသော ဘွဲ့အမည်ရှိသော အမရပူရဒုတိယမြို့တည်နန်းကျယ် ပင်းကရား၏ မိဖုရားကြီးသည် ဆောက်လုပ်စီရင်အပ်သော အဘယာရုံမည်သော ကျောင်းတိုက်၏။ ဝါ= အာဘယာရုံမည်သော ကျောင်းတိုက်နှင့်။ ဧကာဗဒ္ဓါတ္တာရဋ္ဌေတော= တစ်စပ်တည်းဖြစ်၍ မြေပေါ်အရုပ်ဂို့ကည်ထသော။

(၄) ဒီပါကာရေဟိ= တံကိုင်းပတ်ခြံ အာရာမ်နှစ်ထပ်တို့ဖြင့်လည်းကောင်း။ ယူပေဟိ= တစ်ဆဲ့ခြောက်ဆောင်ကုန်သော မုခ်ပြာသာဒ်တို့ဖြင့်လည်းမကောင်း။ ပရိက္ခိတ္တော= ခြံရံအပ်သော။ ဝိဟာ-ရကော= ကျောင်းကုန်သော ကျောင်းတို့ဖြင့်လည်းပြွမ်းထသော။ သဂ္ဂ-ခဏ္ဍကသဏ္ဌာ[illegible]သော= ဝန်ရုံ[illegible] ဂ္ဂန္ဓဂ်ီလာ မသာရဂလ် ဖလ်မှန်မြစိန်ဝင်းဝင်း [illegible] [illegible]ထပ်သော နတ်ရှာတစ်စိတ်နှင့်လည်းတူထသော။

(၅) ပါသုဒ္ဓါဟောရေယိလာယ= သန့်ရှင်းစင်ကြယ်သော အကျင့်သီလ[illegible]သော။ အသမ္ဘိန္နကဝံသိကော= ဘေးလောင်းတော်ဘိုးလောင်းတော်တို့မှ အစဉ်မပြတ်လာသော မင်းမျိုး၌။ ဇာတာယ= [illegible]

ဖြစ်သော။ အတိသဒ္ဓါယ= ရတနာသုံးပါး၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း သဒ္ဓါတရားလည်းရှိထသော။ ရာဇမိတာယ= ဝိဒေ-ဟရာဇမင်းကြီး၏ သမီးတော်ရတနာ ရုစာဒေဝီကဲ့သို့ ခမည်းတော်မင်းတရားကြီး၏ အစီးအပွားဌ အလွန်အလိုရှိသော အမရပူရ ဒုတိယမြို့တည်နန်းတည်မင်းတရား မိဖုရားကြီး၏သမီးတော်ဖြစ်၍ ရန်စစ်ကင်းပ တတိယဟု သာသနဒါယကာ မဟာဓမ္မရာဇ တရားမင်းမြတ်၏ နှစ်မတော်ဖြစ်သော သိရိပဝရလောကရတနာမဂ်လာဒေဝီဟူသော ဘွဲ့အမည်ရှိသော မင်းသမီးသည်။ ကာရိတော= ဆောက်လုပ်သော။ ယော အာရာမော= အကြင်ဝိဇိတာရုံတိုက်ကြီးသည်။ အတ္ထိ= ရှိ၏။ တတ္ထ= ထိုဝိဇိတာရုံတိုက်ကြီး၌။ ဤသုတ္တရာပုရေ= မြောက်သို့စဉ်းငယ်ယွန်းသော အနောက်အရပ်၌။ လဿနာဘုဠ္ဠကာယ= မဟာဓမ္မရာဇ တရားမင်းမြတ်မှ ရအပ်သည်ဖြစ်၍ စားအပ်သော အခွန်တံဆိပ်ရှိသော။ ရာဇမိတာယ ဧဝ= အသမ္ဘိန္န ခတ္တိယဟု ဝံသနွယ်မြစ် မင်းရိုးဖြစ်၍ စင်စစ် သန့်ရှင်းသော မင်းသမီးသည်သာ လျှင်။ အနေကဝိဓကဟာပနံ= အထောင်မက မျှားလှစ္စာသော အသပြာကို။ သဒ္ဓါယ= ကံ ကံ၏အကျိုးကို ယုံကြည်သဖြင့်။ ဝိစဇိတွာန= ဤငါ၏သစ္စာ သံသရာဝယ် နောင်ပါစိမ့်မည် စိတ်ကြံရည်လျက် မလည်မတွန့် ရဲရဲစွန့်၍။ ကာရိတေ= ဆောက်လုပ်သော။ ဝါ= လွတ်ပူဇော်အပ်သော။

(၇) နာနာဇနကွဲဌာနတွာ= အထူးထူးသောလူတို့၏ မျက်စိ၏ ကြည့်ရှုကြသဖြင့် တည်ရာ၏အဖြစ်ကြောင့်။ နာနာမလိသမာဂမ-ပယောဇဂဟ္ဘသက်ဘသေ= အထူးထူးကုန်သော ပိတုန်းပျားတို့၏ ကျနားပေါင်းဆုံးရာ ပဒုမာကြာတိုက်သဖွယ်လည်းဖြစ်ထသော။ သော-ဝဏ္ဏလိမ္ပိတေ= ရွှေနီဖလံတို့ဖြင့် မွမ်းမံချယ်လယ်အပ်ထသော။ သုဘေ= တင့်တယ်လျှောက်ပတ် ကောင်းမြတ်ထသော။

(၈) နာနာရူပေဟိ= အထူးထူးအပြားပြား မျှားကုန်သော နဂါး ဂဠုန် ကုမ္ဘဏ် ယက္ခ ဂန္ဓဗ္ဗအစရှိကုန်သော ပန်းချီပန်းပုတို့သည်

ထုလုပ်ရေးသားအပ်ကုန်သော အရုပ်တို့ဖြင့်။ သံကိုကျွေး ပြွမ်းရာ တမူလည်းဖြစ်ထသော။ ဂေါဠိတစ္ဆာရုပဗွတေ။ နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထဝီမြေကြီးမှ ပေါက်လာသော ရွှေတောင်၏ သဖွယ်လည်းဖြစ်ထသော။ အာဂါနံ။ ခရီးလမ်းဆုံ၍ ကြုံကြိုက် ကုန်သောသူတို့၏။ အဗ္ဘုတဇနကေ။ သွားခြင်း၌ ရပ်တန့်၍ ဆိုင်းငုံ ကြည့်ရှုကြသဖြင့် 'ကောင်းမြတ်ပေစွ'ဟူသော အံ့သြသံကို ဖြစ်စေ တတ်ထသော။ ပဝိစိတ္တေဟိ။ ချူးပန်း နွယ်ပန်း မကန်းကွက် မကန်း ပြောက် ပန်းညောက် ပန်းအုံ ပန်းရုံ ပန်းကြွေအစရှိကုန်သော လက်အမှု တို့ဖြင့်။ မဏ္ဍိတေ။ တန်ဆာဆင်အပ်ထသော။

(၉) သဗ္ဗုပဒ္ဒကသက်သသုဓာလိမ္မေဟိ။ ငွေပြားအဆင်းနှင့် တူကုန်သော အင်္ဂတေတို့ဖြင့် လိမ်းကျံအပ်ကုန်သော။ ဒွိဟိ။ နှစ်ထပ် ကုန်သော။ ဣဋ္ဌကန္တပါကာရေဟိ စ။ အုပ်နံရံတို့ဖြင့်လည်းကောင်း။ ယူပေဟိ စ။ တံခါးမှန်ပြာသာဒ် ခြောက်ဆောင်တို့ဖြင့်လည်းကောင်း။ ပဝါရိတေ။ ခြုံရံအပ်သော။

(၁၀) ဝိဟာရကေ။ ကျောင်း၌။ ဝသန္တောဝ။ သီတင်းသုံးနေ သည်သာဖြစ်သော။ ပညာသာမိတိနာမကော။ ပညာသာမိဟူ၍မှည့် အပ်သော အမည်ရှိထသော။ ကာနာမပါဒယာပေါဇော။ ဦးထိပ်ဖြင့် ညွှတ်အပ်သော သိက္ခာကာမသီလဝန္တဖြစ်ကုန်သော ဆရာမြတ်တို့၏ ခြေတော်တည်းဟူသော ကြာဝတ်မှုလည်းရှိထသော။ သဒ္ဒသတ္ထေပိ။ ဗျာကရဏ်းသဒ္ဒါကျမ်းများ၌လည်း။ စာရိကော။ လေ့လာကျက်စားထ သော။ အဟံ။ ငါသည်။

(၁၁) နာနာခေတ္တကဝတ္ထူဟိ။ အထူးထူးအပြားပြားများကုန် သော လယ်ယာတို့ဖြင့်လည်းကောင်း။ သုခါတကတဠာကေဟိ။ လေး ထောင့်ကန် တဖက်ဆည်ကန်တို့ဖြင့်လည်းကောင်း။ သမန္တတော။ ထက်ဝန်းကျင်မှ။ ပရိက္ခိတ္တော။ ခြုံရံအပ်ထသော။ ထူပဝိဟာရသော-ဘနေ။ စေတီပုထိုးဂူကျောင်းတို့ဖြင့် တင့်တယ်ထသော။ မံဝိဇယ-နက္ခာနေ စ။ ငါတို့၏ဖွားရာ ဇာတိအရပ်လည်းဖြစ်ထသော။

(၁၂) သုဇီဝေ။ စင်ကြယ်သဖြင့် အသက်မွေးရာလည်းဖြစ်ထသော။ ဒေဝမာတိကေ။ မိုးရေဖြင့် အသက်မွေးရာလည်းဖြစ်ထသော။ ပဗ္ဗတာရညသဏ္ဌန္ဒေ။ တောတောင်ဥယျာဉ် စိမ့်မြိုင်တို့ဖြင့် ဖုံးလွှမ်းအပ်ထသော။ သဟသောရောဝဂါမကေ။ မောင်းမတစ်ကောင်ကြောင့် မောင်းထောင်ဟုသည် သမိုက်ရည်လျက် စည်ပင်လှစွာ နဂိုးရှာ၌။

(၁၃) ထလာရမ္မာတိအာချာတေ။ ကုန်းသာဟူ၍ ခေါ်ဆိုသမုတ်အပ်သော။ အာရာမေ။ ကျောင်းတိုက်အရံ၌။ ဝသဟာ။ သီတင်းသုံးနေသော။ သုမနေန။ သုမနအမည်ရှိသော မထေရ်မြတ်သည်လည်းကောင်း။ တဒညေဟိ။ ထိုအမည်ရှိသော မထေရ်မြတ်မှ တပါးကုန်သော စာသင်သားတို့သည်လည်းကောင်း။ အာဒရံ။ ရှိသေစွာ။ ယာစိတောဝ။ တောင်းပန်အပ်သည်ဖြစ်၍သာလျှင်။ ဝါ။ တောင်းပန်အပ်သည်သာဖြစ်သော။ အဟံ။ ငါသည်။ ဣမံ။ အဘိဓာနပွဒီပိကာဋ္ဌိကာကျမ်း၏ နိဿယကို။ အကာသိံ။ ပြုစီရင်အပ်ပြီ။

(၁၄) အန္ဓကာရံ။ အမိုက်တိုက်ကို။ ဝိနာသေတွာ။ ပယ်ဖျောက်၍။ လောကာနံ။ လူတို့၏။ မနောရထံ။ နှလုံးအလိုကို။ ပူရာပေန္တော။ ပြည့်စေလျက်။ သူရိယော။ နေမင်းသည်။ သိလုစ္စယာ။ ယုဂန္ဓိုရ်တောင်ထိပ်မှ။ သမုဂ္ဂစ္ဆတိ ဣဝ။ တက်လာသကဲ့သို့။ တထာ။ ထို့အတူ။

(၁၅-၁၆) အန္ဓကာရံ။ မောဟတည်းဟူသော အမိုက်ကို။ ဝိနာသေတွာ။ ပယ်ဖျောက်၍။ သောတူနံ။ စာသင်သားတို့၏။ မနောရထံ။ နှလုံးအလိုကို။ ပူရာပေန္တော။ ပြည့်စေလျက်။ သောတူနံ။ စာသင်သားတို့၏။ မတုပ္ပလံ။ ပညာတည်းဟူသောကြာကို။ နိစ္ဆယာ-ဘာတိ။ အဆုံးအဖြတ်တည်းဟူသော ရောင်ခြည်တို့ဖြင့်။ ဗောဓေတွာန။ ပွင့်စေ၍။ အယံ နိဿယော။ ဤအဘိဓာနပွဒီပိကာဋ္ဌိကာ နိဿယတည်းဟူသော နေမင်းသည်။ မုခါစလာ။ သူရသတိနတ်

သည် စောင့်အပ်သော နှုတ်ခံတွင်းတည်းဟူသော ယုဂန္ဓိုရ်တောင်ထိပ်မှ။ သမုဂ္ဂစ္ဆတိ= တက်လတ်တည်း။ တံ= ထိုဝါပြုစီရင်အပ်သော အဘိဓာနပဿဒီပိကာ ဋီကာနိဿယည်းကို။ ပုနပ္ပုနံ= အဖန်ဖန်။ ဝိစာ-ရေတွာ= စူးစမ်းဆင်ခြင်ကုန်၍။ သာဓဝေါ= တရားမွေ့လျော်မျှားသူတော်တို့သည်။ သလ္လေဂ္ဂန္တ= မှတ်သားဆောင်ရွက် လေ့ကျက်ကြစေကုန်သတည်း။

(၁၇) ဣမိနာ ပုညကမ္မေန= ဤကျမ်းကိုပြုသော ကောင်းမှုကြောင့်လည်းကောင်း။ အညေဟိ စ= တစ်ပါးကုန်သော ကောင်းမှုကြောင့်လည်း ကောင်း။ ဘဝါဘဝေ= ဘဝတိုင်းဘဝတိုင်း၌။ ဝါ= ဘဝကြီးငယ်၌။ သံသရန္တော= ကျင်လည်သည်ရှိသော်။ ဝါ= ကျင်လည်သော။ အဟံ= ငါသည်။ ပုညော= ပုန်းရှိသည်လည်း။ ဘဝေ= ဖြစ်ရလို၏။ ဆေကော စ= လိမ္မာသည်လည်း။ ဘဝေ= ဖြစ်ရလို၏။ ပညဝါ= ပညာကြီးသည်လည်း။ ဘဝေ= ဖြစ်ရလို၏။

(၁၈-၁၉) သောဋ္ဌသဗ္ဗသိကေယေဝ= တစ်ဆဲခြောက်နှစ်အတွင်း၌သာလျှင်။ ပိဋ္ဌကာနိ စ= ပိဋ္ဌကတ်သုံးပုံတို့သည်လည်းကောင်း။ ဝေဒါနိ စ= ဗေဒင်လေးပုံတို့သည်လည်းကောင်း။ မမ= ငါ၏။ ဇိဝှဂ္ဂေ= လျှာဖျား၌။ ဝတ္တေန္တု= အိုးထိန်းစက်ကဲ့သို့ ထက်အောက်မွှေ၍ လည်စေကုန်သတည်း။ ဂုဏ္ဌကော= လျှို့ဝှက်နက်နဲ ခဲခက်သောအနက် အဓိပ္ပါယ်သည်။ ခေ= အဇ္ဇာကာသ ကောင်းကင်ဝ၌။ စန္ဒောဝ= ကောမုဒိက သာရဒဟု မာသအခါဝယ် မြူလွှာမခံ မီးလျှံမခိုး မိုးတိမ်မလွှမ်း မဘမ်းရာဟု လက္ကန္ဒုသို့။ ပါကဋော= ထင်ရှားသည်။ ဟောတု= ဖြစ်စေသတည်း။ လဒ္ဓံ= ရပြီးရပြီးသော အတတ်ပညာဟူသမျှ အလုံးစုံသည်။ သေလက္ခရောဝ= ကျောက်၌ ရေးသားသော အက္ခရာကဲ့သို့။ သဒါ= အခါခပ်သိမ်း။ ဝါ= ပြုတ်တုအမြဲ။ တိဋ္ဌတု= တည်စေသတည်း။ ဘာသကာလတော= စကားပြောတတ်သော ကာလမှ။ ပဋ္ဌာယ= စ၍။ အဒ္ဓေဗ္ဗဝစနော= နှစ်ခွသော စကားမရှိသည်။ ဟောမိ= ဖြစ်ရလို၏။

(၂၀) ပုဏ္ဍန္တေ= သူတစ်ပါးတို့က ပုဏ္ဍာပြုသနာ မေးလာသည်ရှိသော်။ နဝ ဇာနာမိတိ= ငါမသိဟူသောစကားကို။ နစ ဘာသေယျံ= ပွတ်သစ်စသော ကြေးမုံ၏အသွင် လက်ဝါးပြင်၌တင်၍ကားသော သျှိသျှားသီးကဲ့သို့ ပြဲ့ပြဲ့ထင်ထင် သိမြင်သောသဘောကြောင့် မပြောမဆိုရပါလို။ ယာစိတေ= သူတစ်ပါးတို့က ပေးပါမလှည့်ဟု တောင်းလာသည်ရှိသော်။ နတ္ထိတိ စ= မရှိဟူသော စကားကိုလည်း။ နစ ဘာသေယျံ= ပစ္စည်းဘဏ္ဍာ ဥစ္စာပေးသောကြောင့် မပြောမဆိုရပါလို။ ဒဒါဟိတိ စ= ပေးပါဟူသော စကားကိုလည်း။ နစ ဘာသေယျံ= ပြည့်စုံကုံလုံသဖြင့် မပြောမဆိုရပါလို။ ဒုဋ္ဌနေဟိ= သူတော်မဟုတ် သူယုတ်မာတို့နှင့်။ နသံဝသေ= တစ်နေ့တစ်ညဉ့်မျှ မပေါင်းဖော်ရပါလို။

(၂၁) မမ= ငါ၏။ သဒ္ဓိဿ= ခပ်သိမ်းကုန်သော အလိုဆန္ဒဟူသမျှတို့သည်။ ပူရေန္တိ= ပြည့်စေကုန်သတည်း။ မယိ= ငါသည်။ ဣဒါနိ= အလိုရှိလတ်သည်ရှိသော်။ အဝကံသာဝ= အယုတ်အားဖြင့် သာလျှင်။ ရုက္ခဂ္ဂတောပိ= သစ်ပင်ဖျားမှလည်း။ ဝါလကံ= ရေကို။ ဝိန္ဒေ= ရပါလို၏။ မေ= ငါ၏။ လဝံ= အနည်းငယ်သော မိစ္ဆာမျှည်ခင်းမျှကိုလည်း။ အဒဒံ-အဒဒန္တော= ကိုယ်နှုတ်နှလုံး သုံးပါးတို့တွင် တစ်ပါးပါးဖြင့် မပေးပဲ။ နဇာနာမိ= သူတစ်ပါးတို့သည် မယူနိုင်စေကုန်သတည်း။

(၂၂) သာသနေ= ဗုဒ္ဓိန္ဒယျ အပ္ပမေယျ သေဋ္ဌဇေဋ္ဌစသည်ဖြင့် ထူးသောကျေးဇူးတော်အပုံဖြင့် ဘုံဘဝဂ်တိုင်အောင် ကျော်စောသော ရှင်တော်ဘုရား၏ သာသနာတော်သည်။ သမ္ပတ္တေပိ စ= ကြိုက်ကြုံသဖြင့် ရောက်လတ်သည်ရှိသော်။ ဥ တ္တိစတုတ္ထကမ္မေန= ဥ တ်လျှင် လေးကြိမ်မြောက်သော ကမ္မဝါစာဖြင့်။ သာမည်ဝ= ကိုယ်နှင့်အသက်ကို ငဲ့ကွက်ခြင်းမရှိပဲ သိသည်နှင့်လျှော်စွာ သိက္ခာပုဒ်ကို စောင့်ထိန်းနိုင်သော ရဟန်းကောင်းရဟန်းမြတ်၏ အဖြစ်ကိုသာလျှင်။ ဝေ= စင်စစ်။ လဘေယျုံ= ရရပါလို၏။ သာသနေ= သာသနာတော်မြတ်သည်။ အန္တရဓာနကေ= ကွယ်လွန်ပြန်သော်ကား။

(၂၃) ဂန္ဓမာဒနသေလာယံ= ဂန္ဓမာဒနတောင်၌။ နန္ဒမူလေ= နန္ဒမူလတောင်ဝှမ်း၌။ မဟာတရု= ကြီးစွာသော မဇ္ဈိသကရုက္ခပင်မင်းသည်။ အတ္ထိ= ရှိ၏။ တတ္ထ= ထိုမဇ္ဈိသကရုက္ခပင်မင်း၌။ အဓိ-ဝတ္ထတော= စောင့်သော။ ဒီဃာယုကော= ဘုရားနှစ်ဆူတို့၏အကြားကာလပတ်လုံး အသက်ရှည်သော။ ဒေဝေါ စ= ဘုမ္မဇိုးနတ်သည်လည်း။ ဘဝေယျုံ= ဖြစ်ရလို၏။

(၂၄-၂၅) ဘဝိတ္ဝာ စ= ဖြစ်ပြီး၍လည်း။ ဣမံ လောကံ= ဤလောကကို။ ရက္ခေယျဉ္စ= စောင့်လည်း စောင့်ရလို၏။ ဒလိဒ္ဒါနံ= သူဆင်းရဲတို့အား။ ဓနံ= ဥစ္စာကို။ ဒဒေယျဉ္စ= ပေးလည်း ပေးရလို၏။ အနာထာနံ= ကိုးကွယ်ရာမရှိ ဒုက္ခိတသတ္တဝါ ဝေနေယျာတို့အား။ ဝါ= တို့၏။ နာထကော= ကိုးကွယ်ရာသည်။ ဘဝေယျဉ္စ= ဖြစ်လည်း ဖြစ်ရလို၏။ ဒိဗ္ဗေန စက္ခုနာ= နတ်မျက်စိဖြင့်။ အာစေရေ= ယခုဘဝ ဆရာမြတ်တို့ကိုလည်းကောင်း။ မာတရောစာပိ= ယခုဘဝ အမိတို့ကိုလည်းကောင်း။ ဝါ= ယခုဘဝ အမိအဖတို့ကိုလည်းကောင်း။ ပစ္စယဒါယကေ= အကြင်ဝါအား ပစ္စည်းလေးပါးဖြင့် ချီးမြှောက်မြှင့်ကုန်သော သူတို့ကိုလည်းကောင်း။ ဥတကေပိ စ= အဆွေအမျိုးတို့ကိုလည်းကောင်း။ ပသေယျုံ= မြင်ရလို၏။ ဝိသေသတော= အထူးအားဖြင့်။ ရက္ခေယျဉ္စ= စောင့်လည်း စောင့်ရလို၏။

(၂၆) မေ= ငါ၏။ ဣမဉ္စဘာဂံ= ဤကောင်းမှု၏အဖို့ကိုလည်း။ မာတုနဉ္စ= အမိတို့အားလည်းကောင်း။ ဝါ= အမိအဖတို့အားလည်းကောင်း။ မေ= ငါ၏။ ဂရုနံ= ကျေးဇူးရှင်ဆရာမြတ်တို့အားလည်းကောင်း။ ဘူပါလဿ စ= ရေမြေသနင်း မင်းအားလည်းကောင်း။ မဟေသိယာ= တောင်ညာတင်ထား မိဖုရားကြီးအားလည်းကောင်း။ ဒါယကာနဉ္စ= အကြင်ဝါအား ပစ္စည်းလေးပါးဖြင့် ချီးမြှင့်ကုန်သော သူတို့အားလည်းကောင်း။ အညေသံ= ဆိုအပ်ခဲ့ပြီးသည်မှ တစ်ပါးကုန်သော သမ္မာဒေဝနတ် ကိုယ်စောင့်နတ် သာသနာတော်စောင့်နတ် စတုလောကပါလနတ် စကုန်သော မျှားစွာကုန်သော သတ္တဝါတို့အားလည်းကောင်း။ ဒေမ= အမျှပေးဝေပါကုန်၏။

(၂၇) အနေကဒါရာမသာမိကော စ= မျှားစွာကုန်သော မဟာတုလွတ်ဘုံကျော် ကျောင်းတော်နှင့်ကကွသော အဘယာရုံတိုက်၊ မဟာအောင်ပိမာန်ကျောင်းတော်နှင့်တကွသော မဟာဝိဇိတာရုံတိုက်ကြီး ကျောင်းကြီးတို့၏ အရှင်လည်းဖြစ်တော်မူထ၏။ လိနတ္ထဇာနုန္တ-အမောဟုပေတော= ကွယ်ဝှက်သောအနက်ကို သိစွမ်းနိုင်သော ပညာနှင့်လည်း ပြည့်စုံတော်မူထသော။ ဝုဗ္ဘာပဇာယိ= အသက်ဂုဏ်သိက္ခာအားဖြင့် ကြီးကုန်သောသူတို့၌ အရိုအသေပြုတော်မူလေ့ရှိထသော။ ဇဝနန္တပညော= တခဏခြင်းထိုးထွင်း၍ ကြံနိုင်သောဉာဏ်လည်းရှိတော်မူထသော။ ဗုဒ္ဓေရိတသာသနစာရဝါဟော= မြတ်စွာဘုရားသည် ဟောကြားအပ်သော သာသနာတော်ကို ကျင့်သောအားဖြင့် ရွက်ဆောင်တော်မူထသော။

(၂၈) မမ= ငါ၏။ အာစေရော= ဥ ယျဓမ္မာဘိဝံသသိရီ ပ၀ရာလကာရ၀ံမ္မသေနာ၀ပတိမဟာ၀ံမ္မရာဇာ၀ံရာဇဂုရု တဆ၀ပနာမ ရှိတော်မူသော ဆရာတော်ဘုရားကြီးသည်။ နိဗ္ဗယော= ဘေးမရှိသည်။ ပဟောတု= ဖြစ်ပစေ။ အ၀ေရော= ရန်မရှိသည်။ ပဟောတု= ဖြစ်ပစေ။ စ= သည်သာမဟုတ်သေး။ သတ္တာ= သတ္တ၀ါတို့သည်။ အ၀ေရကာ= ရန်မရှိကုန်သည်။ ဟောန္တု= ဖြစ်စေကုန်သတည်း။ နိဗ္ဗယာ= ဘေးမရှိကုန်သည်။ ဟောန္တု= ဖြစ်စေကုန်သတည်း။ အဟံ ပန= ဘုံဘ၀ဂ်ကို လက်ဖြင့်ဆန့်တန်း မှီစိမ့်လှမ်းသို့ ကိုယ်စွမ်းကိုးပြီး ရည်ရွယ်မှီး၍ ဆုကြီးလှမ်းယူ ငါတမူကား။ အနာဂတိကေ= နောင် အခါ၌။ အနန္တပညာယ= ဥ ယျခံငါး မြက်တရားကို ပိုင်းခြားကုန်စင်သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်၏။ နိဒါနကံ= အကြောင်းဖြစ်သော ပါရမီဆယ်ပါး အပြားသုံးဆယ်ကို။ ကတ္တာန= ပြုဆည်းပူးဦး၍။ သိ၀ံ= နိဗ္ဗာန်ပြည်ကျော် ဥကျွန်းမော်သို့။ ယာမိ= ရောက်ရလိုငါ။

ခ ဌ ဓ ဂေ၊ သာသနေ၊ ပတ္တေ ယေဝိဒံ။
က ၘ ဋ ကေ၊ သမ္ဘတ္တေ၊ သက္ကေသဋ္ဌိယံ။
ကာဋ္ဌပက္ခ သခ်ိတ-တေရသမိယံ။
မာရဇယေ၊ ဝိဂတေ၊ ကာလေ နိဋ္ဌိတံ။
မေတံခလု၊ တိဋ္ဌတု၊ သာမု သုစိရံ။

သာသနေ= သာသနာတော်မြတ်သည်။ ခ ဌ ဓ ဂေ= နှစ်ထောင့်သုံးရာကိုးဆဲ့သုံးခုသည်။ ဝါ= နှစ်ထောင့်သုံးရာကိုးဆဲ့သုံးခုသို့။ ဝါ= နှစ်ထောင့်သုံးရာ ကိုးဆဲ့သုံးခုတို့သို့။ ပတ္တေယေဝ= ရောက်သော်သာလျှင်။ သက္ကေ= ကောဇာသက္ကရာဇ်သည်။ က ၘ ဋ ကေ= တစ်ထောင့်နှစ်ရာတစ်ဆဲ့တစ်ခုသည်။ သမ္ဘတ္တေ= ရောက်လတ်သည်ရှိသော်။ အာသဋ္ဌိယံ= ဝါဆိုလမြတ် ကရကဋ်ရာသီ၌။ ကာဋ္ဌပက္ခသခ်ိတတေရ-သမိယံ= ကာဋ္ဌပက္ခဟုဆိုအပ်သော တစ်ဆဲ့သုံးရက်နေ့၌။ မာရဇယေ= တို့သုံးလူဆွေ ပရမေလျှင် မာရ်ဒေဝရာဇ် နတ်မင်းစစ်ကို ပယ်လှစ်ကင်းရှောင် အောင်သောအခါဟုဆိုအပ်သော။ ဝိဂတေ= ဖလ်ရောင်ဝင်းဖြူ ဥဏှဂူဟု နေသူရိယ အတ္ထကသို့ ပျံ့ကြွအလျှင် ဝင်လုဆဲဆဲသော။ ကာလေ= အခါ၌။ ဣဒံ ပကရဏံ= ဤကျမ်းသည်။ နိဋ္ဌိတံ= အပြီးအဆုံးသို့ ရောက်ပြီ။ မေ= ငါ၏။ ဧတံ= ဤကျမ်းသည်။ ခလု= စင်စစ်။ သာမု= ကောင်းစွာ။ သုစိရံ= သာသနာတော်ငါးထောင်ဆုံးအောင်ကာလပတ်လုံး။ တိဋ္ဌတု= တည်ပါစေသော်။

အဘိဓာန်ဋီကာနိဿယအတ္ထုပ္ပတ်

ဤအဘိဓာနပ္ပဒီပိကာဋီကာနိဿယသည်း၏ အတ္ထုပ္ပတ္တိကား အမရပူရ ဒုတိယမြို့တည်နန်းတည် မင်းတရားကြီးသည် ဒါနသီလစသော ရာဇဓံဆယ်ပါး၊ သဿမေဓစသော သင်္ဂဟတရားလေးပါး၊ ဘေဒစသော ဥပါယ်လေးပါး၊ ပဘာဝစသော သတ္တိသုံးပါး၊ သန္ဓိစသော ရာဇဂုဏ်ခြောက်ပါး ဤသို့အစရှိသော မင်းတို့၏အလေ့ဖြင့် ကျော်စောထင်ရှားလျက် မြေအပြင်၌ တိုင်းနိုင်ငံသူ လူအပေါင်း

တို့အား တရားသဖြင့် ဆုံးမတော်မူ၏။ တရံရောအခါ ယူဇနာ ငါးဆယ် ကြီးမြင့်ကျယ်သော နေသူရိန်စက်သည် မြေထက်မကြွင်း ခပင်းများစွာကုန်သော သတ္တဝါအပေါင်းတို့အား အလင်းကိုဖြစ်စေ ပြီး၍ အတ္ထဂ်မတောင်သို့ ဝင်လေလျှင် လေးဆဲကိုးယူဇနာ ကြီးကျယ် စွာသော လဗိမာန်သည် ဥဒယတောင်ထက်မှ ထွက်ပြူလာ၍ များစွာ ကုန်သော သတ္တဝါခပင်းတို့အား အလင်းကို ဖြစ်ပြန်သကဲ့သို့ ထို့အတူ မင်းခေါင်မင်းဖျား မင်းတရားကြီးတည်းဟူသော နေမင်း သည် တိုင်း နိုင်ငံသူ လူအပေါင်းတို့အား ခိုးဝှက်ဖျက်ဆီးခြင်းစသော ရန်အပေါင်း တည်းဟူသော မှောင်ကိုပယ်ရှောင် ဖျောက်လွှင့်၍ စုတိ ဘင်ဟူသော အတ္ထဂ်မတောင်သို့ ဝင်လေလျှင် သားတော်မင်းမြတ် တည်းဟူသော လမင်းသည် ဥဒယတောင်ထက်မှ ထွက်ပြူလာ၍ တိုင်းနိုင်ငံနေသူ လူအပေါင်းတို့အား အလင်းကိုဖြစ်စေလျက် စကြာမင်းကြီးသည် နတ်ရွာလားခဲ့သော် သားကြီးရတနာသည် ရိုက်ရာစိုးစံ ဘိသကဲ့သို့ ခမည်းတော်မင်းတရားကြီး၏ အရိုက်အရာကို သိမ်းပိုက်တော်မူ၍ မြတ်စွာဘုရား၏ သာသနာတော်ကို ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟတို့ဖြင့် ခိုးမြောက်ပြုစုတော်မူ၏။ ထိုအခါ မယ်တော်နှမတော် တို့သည် ဤငါ၏ဥစ္စာကား တစ်သက်လျှာခန့်သာ သံသရာသို့ ဆံလွှာ ခြမ်းမျှ မလိုက်မလာတကားဟု ထင်ရှားသိမြင်ကြသည်နှင့် များစွာကုန် သော ပစ္စည်းလေးပါးတို့ဖြင့် ရတနာသုံးပါးတို့အား လျှုဒါန်းပူဇော်ခြင်း၊ စေတီ ပုထိုး ဂူ ကျောင်း တံတား တည်ထားပြုစုခြင်းဟုဆိုအပ်သော ပစ္စယာ နုဂ္ဂဟာ။ သူတစ်ပါးသား မြေးတို့ကို ရဟန်းပဉ္စင်း သာမဏေပြုခြင်း၊ ပိဋကတ်တော်ကို လက္ခကံကျွေးပေး၍ ပေထက်အက္ခရာတင်ခြင်း၊ ပကတိ ပဋိဇာဂရ ပါဋိဟာရိယ ဥပုသ်သီတင်းသုံးခြင်း၊ စာပေပရိယတ် ကို မပြတ်သင်ကြားခြင်းစသော ဓမ္မာနုဂ္ဂဟဖြင့် ခိုးမြောက်ကြသဖြင့် တက်သစ်စနေလုလင်ကဲ့သို့ ရှင်တော်ဘုရား၏ သာသနာတော်သည် ထင်ပေါ်မရွှေ့ တစ်နေ့တစ်ပါး တိုးပွားစည်ပင်လတည်း။ ထိုရောအခါ ထိုမယ်တော် နှမတော်တို့၏ ထံပါးဝယ် ခစား၍ အမြဲနေသော တံဆိပ်အခွန်စား မင်းသမီးသည် ဘေးလောင်းတော် ဘိုးလောင်း

တော်တို့မှ အစဉ်မပြတ်လာသော အသမ္ဘိန္နခတ္တိယနွယ်စစ် ပျိုမြစ်နုနယ်ငယ်ရွယ်သောကာလကပင်။ အစိန္တေယျ အပ္ပမေယျ သုံးလူထွတ်ထား ဘုရားသခင်၏ သာသနာတော်၌ သက်ဝင်ယုံကြည် ကြသဖြင့် ရတနာသုံးပါးတို့အား ပစ္စည်းလေးပါးတို့ဖြင့် ပူဇော်ခြင်း၊ သူခပ်သိမ်းတို့၏ သွားလာရာ ကြက်ရက်တော်၌ အုဋ္ဌေစာင်းတန်း ဖန်ဆင်းတည်ထားခြင်း၊ စစ်ကိုင်းတောင်ထိပ်၌ ရဟန်းတို့အား ကံကြီး ကံငယ်ရွက်ဆောင်ရန် သိမ်ကို အသစ်ထပ်မံ ပြုပြင်ဆောက်လုပ်လှူဒါန်းခြင်း၊ မဟာဝိဇိတာရုံတိုက်ကြီး၏ အရှေ့မျက်နှာအရပ်၌ စေတီပုထိုးတည်ထားကိုးကွယ်ခြင်း၊ မဟာဝိဇိတာရုံတိုက်ကြီး၏ ၎င်းအနောက်မြောက်အရပ်၌ အုဋ္ဌိုးဇရပ်ဆောက်လုပ်ခြင်း၊ ပကတိ ပဋ္ဌိဇာဂရ ပါဋိဟာရိယ ဥပုသ်သီတင်းသုံးခြင်း၊ သူတစ်ပါးတို့၏ သားမြေးတို့ကို ရဟန်းပဉ္စင်း ရှင်သာမဏေပြုခြင်း၊ ပိဋကတ်စာပေကို လက္ခကံကျွေးပေး၍ ရေးကူးပြုစုခြင်း၊ စာပေသင်ကြားခြင်း၊ မဟာဝိဇိတာရုံတိုက်ကြီးအတွင်း အနောက်မြောက်ယွန်းသော အရပ်ဝယ် ရွှေနီဖလံတို့ဖြင့် မွမ်းမံချယ်လှယ်အပ်သော ကျောင်းကို ဆောက်လုပ်လှူဒါန်းခြင်းစသော ကုသိုလ်ပုညသမ္ဘာရ အဆောက်အဦရှိ၏။ ထိုသို့ မျှားလှစွာသော ပုညသမ္ဘာရ အဆောက်အဦရှိသော မင်းသမီးသည် ဆောက်လှူအပ်သော ကျောင်း၌ သီတင်းသုံးနေသော ပညာသာမိအမည်ရှိသော မထေရ်အား အလုံမြို့ အထက်တိုက် မောင်းထောင်ကြီးရှာ ကုန်းသာတိုက်၌ သီတင်းသုံးနေတော်မူသော သူတော်ကောင်းတို့၏တရားကို အလွန်မြတ်နိုးခြင်းရှိသော သုမနအမည်ရှိသော မထေရ်သည် တောင်းပန်အပ်သည်ဖြစ်၍ ခတ္တိယဝင်အဆုံးရှိသော ဤအဘိဓာနပွဒီပိကာကျမ်း၏ နိဿယည်းပဌမထုပ်ကို စီရင်ပြီးလျှင် စာပေပို့ချ၍ ကြောင့်ကြမဲ့နေရာ မျှားစွာကုန်သော စာသင်သားအပေါင်းတို့သည် ဆက်လက်၍ အပြီးကိုင်အောင် ပြုစီရင်ပါဟု တောင်းပန်ကြသဖြင့် ဗြဟ္မဏဝင်စသော ဤအဘိဓာနပွဒီပိကာဋီကာကျမ်း၏ နိဿယည်းဒုတိယထုပ်ကို အားထုတ်အပ်၏။ ယင်းသို့ အားထုတ်အပ်သော နိဿယည်းသည် မျှားစွာကုန်သော ပညာရှိတို့အား နှစ်သက်စေလျက် ကောဇာ

သက္ကရာဇ် ၁၂၁၁-ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃-ရက်နေ့ နေဝင်လုဆဲဆဲ၌ အပြီးအဆုံးသို့ ရောက်၏။

ဝိဝါဒဝိနိစ္ဆယကျမ်း

မောင်းထောင်ဆရာတော် အရှင်ပညာသာမိသည် သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျဓမ္မာဘိဝံသ၏ အနီးထံပါး၌ အဆုံးအဖြတ်အမျိုးမျိုးကိုလည်း ရေးရသည်၊ အခြားသော သာသနာပိုင်ဆရာတော်ဘုရားကြီး အမိန့်ရှိစေခိုင်းတော်မူသည်များကို ပြုလုပ်ရလေသည်။ သာသနာပိုင်ဆရာတော်ဘုရားကြီး ထိုထိုအမှုကိစ္စ အဓိကရုဏ်းအဝဝတို့ ပြုလုပ်ဆုံးဖြတ်သည်ကိုလည်း မျက်မှောက်ထင်ထင် တွေ့မြင်တော်မူလေသည်။ ယင်းသို့ တွေ့မြင်လိုက်ရသည့် အတိုင်း သက္ကရာဇ် ၁၂၁၅-ခုနှစ်မှ ၁၂၁၇-ခုနှစ်တိုင် သာသနာပြု ဒုတိယမောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျ-ဓမ္မာဘိဝံသ စီရင်ဆုံးဖြတ်တော်မူချက်များကို စစ်တမ်းစစ်ချက်နှင့်တကွ ဝိဝါဒဝိနိစ္ဆယအမည်ဖြင့် ရေးသားပြုစုတော်မူခဲ့လေသည်။ ယင်းဝိဝါဒဝိနိစ္ဆယ၌ သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော်ဘုရားကြီး၏ စီစစ်ဆုံးဖြတ်ချက် အမိန့်တော်ပေါင်း ၃၄-ချက်ပါရှိရာ ဝိနည်းမိုရ်ပုဂ္ဂိုလ်များစွာ နည်းယူရာကောင်းလှပေသည်။ ယင်းဝိဝါဒဝိနိစ္ဆယကျမ်းမှာ ဝိနယသမူဟဝိနိစ္ဆယ တတိယတွဲတွင် ပါရှိလေရာ စာမျက်နှာ ၁၂၂-ရှိလေသည်။

ဝိဝါဒသုဝိနိစ္ဆယ၊ ဂန္ဌောပိ ကဝိမာနိတော။
ရစိတော ထေရသေဋ္ဌေန၊ ပညာသာမိယသဿိနော။

အက္ခရဝိသောခနိုက္ခမ်း

ပဋ္ဌမသံဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးသည် မန္တလေးနန်းမြို့တော် မတည်မီနှင့် ပဋ္ဌမသံဂါယနာပွဲကြီးသဘင် မယင်မီ သက္ကရာဇ် ၁၂၁၈-ခုနှစ်တွင် အမရပူရနန်းတော်တွင်း မဂ်လာတန်ဆောင်းတော်၌ ပိဋကတ်တော်များကို ရွှေရေး, မင်ရေး, ကညစ်ရေးဖြင့် ရေးကူးစေတော်မူခဲ့လေသည်၊ ထိုအခါ တံဆိပ်တော်ရဆရာတော်ကြီး ၁၀-ပါးတို့ ကြပ်မတော်မူကြရ၏၊ တံဆိပ်တော်ရ, မရ ဆရာတော်တို့ ပိဋကတ်တော်များကို ပြင်ဆင်၍ တင်သွင်းတော်မူကြရသည်။[1]

ထိုအခါ တောင်သာမြို့စား ဒိသာပါမောက္ခဆရာကြီးသည် မောင်းထောင်ဆရာတော် အရှင်ပညာသေးမိအား ဘုရားမြတ်စွာသာသနာတော်၌ ပုဒ်ပါဠိအက္ခရာ မတိမ်းမယိမ်း တည်ထွန်းစေခြင်းငှာ ပုဒ်ပါဠိအက္ခရာအဆုံးအဖြတ် ကျမ်းတစ်ဆောင်ပြုစုပါမည့်အကြောင်း လျှောက်ထားကောင်းပန်ခဲ့လေသည်၊ ယင်းသို့ တောင်းပန်ခြင်းကို အရင်းပြု၍ ဂဟိတဂဟဏာနည်းအားဖြင့် ပုဒ်ပေါင်း ၃၀၁၂ အဂ္ဂ-ဟိတနည်းအားဖြင့် ပုဒ်ပေါင်း ၂၈၅၅-ပုဒ်တို့ကို ကစ္စည်း, မောဂ္ဂလာန်, ရူပသိဒ္ဓိ, သဒ္ဒနီတိ, အဘိဓာန်, အဘိဓာန်ဋီကာစသည့်ကျမ်းတို့ကို မှေနှောက်ချောက်ချား ကိုးကားဆုံးဖြတ် သုတ်သင်တော်မူခဲ့လေသည်။ ဆရာတော်သည် ကျမ်းဦး၌-

ဒိဝါကရသမောဘာသံ၊ သာတဋ္ဌဟံ ဇိနံ နမေ။
ပါလံ ဝမ္မဋ္ဌ သံယဋ္ဌ၊ မောဂ္ဂဒံ မေ ဂရုံ အဟံ။

ဘူမိပါလသ ဘာဝေရော၊ ပရိယတ္တိဝိသာရဒေါ။
ဒိသာပါမောက္ခနာမေန၊ သုတော ယော တေန ယာစိတော။

၁။ မန္တလေးသာသနာဝင်။ ၂။ ၇၆၊ ၈၂-ကြည့်။

မယာပိ မန္ဒဗုဒ္ဓိနံ၊ အက္ခရသမယေ ဣဓ။
ဆေကကာမနမတ္ထာယ၊ ကဿက္ခရဝိသောဓနိံ။

ဟူသော ၃-ဂါထာဖြင့် ရတနတ္တယပဏာမ, အာစရိယပဏာမ, အဘိယာစက, ပကရဏပယောဇဉ်, ပဋ္ဌိညာဉ်တို့ကို ဖော်ပြတော်မူခဲ့လေသည်။

ဤအက္ခရဝိသောဓနီကျမ်း အဆုံးဌ်လည်း ၁၃-ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်၊ ယင်းဂါထာအနက် "ဤစာရေးရ မြတ်ပုညကြောင့် တောင်ညာနန်းနေ မဟေသီမိဖုရားခေါင်ကြီးအမျှားရှိသော ရာဇပရိသတ်အပေါင်းနှင့်တကွ မင်းခေါင်မင်းဖျားမင်းတရားကြီး မင်း၏ ကျက်သရေဖြင့် တိုးပွားတင့်တယ်ခြင်းရှိလျက် အသက်ရာကျော်ရှည်စေသတည်း"။

ကျေးဇူးတော်ရှင် ဆရာသခင်ဖြစ်တော်မူသော "ဥ ယျဓမ္မာ-ဘိဝံသသိရိပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" သာသနာပိုင်ဆရာတော်ဘုရားကြီး အအိမ်မှဖွင့်လှစ်၍ ပွတ်သစ်စကြေးမုံပြင်ကဲ့သို့ မတင်ညစ်ကြေး ကင်းလွတ်ဝေးလျက် ဘေးဘျမ်းမဲ့စေသတည်း" စသည့် အဓိပ္ပါယ်ပါရှိသည့် တောင့်တချက်များလည်းပါရှိလေသည်၊ ယင်းနိဂုံးများမှာ အတုယူဖွယ်လည်း ကောင်းလှသည်။ သို့ဖြစ်၍ မန္တလေးသာသနာဝင် စာတော်ဖတ်တို့ အတုယူနိုင်ရန် ဂန္ဌဂရု မရှုမမြော်ပဲ ဖော်ပြအပ်ပါသည်။ ဤမျှရှည်ရှည်လျားလျား ဖော်ပြရမည်လားဟု စာပြုသူအပေါ် အပြစ်မပြုမူ၍ ကြည့်ရှုကုန်ရာသည်။

၁။ ယထာ ပုရေပိ ထေရောဝ၊ မဟန္တေ ကဿပါဒယော။
နိဿာယေဝ သင်္ဂါယိံသု၊ အဇ္ဇတသတ္ထုအာဒယော။

၂။ ရာဇေဝံ နော မယာ ပည်ံ၊ မမာစေရံ ပမောက္ခတံ။
ကတ္ဝာ တသုဏ်ဟံ သုဋ္ဌု၊ ကရောတိ သာသနဿ စေ။

၃။ တတိယသင်္ဂီတိကာလေ၊ ဥပ္ပန္နေ ပရဝါဒိကံ။
ပဋ္ဌိစ္ဘ တိသ္သထေရောဝ၊ ကထာဝတ္ထုံ ကထေသိ ခေါ်။

၄။ ဘဝ အဟံ မမာစေရံ၊ ဒါနကွ္ခရဝိသောဓနိံ။
ပတိကရောမိ သမ္ပုဏ္ဏံ၊ ဣဒ အတ္ထာယ သောတုနံ။

၅။ ဒိသာပါမောက္ခနာမေန၊ သာမဉ္ဉနေန ယာစိတော။
ဝိသုဒ္ဓါစာရသီလေန၊ မဟာပညာ သုဇီဝိနာ။

၆။ ဣမိနာ ပုညကမ္မေန၊ အညေဟိ စ ဘဝါဘဝေ။
သံသရန္တော အဟံ ပုညော၊ ဆေကော စ ပညဝါ ဘဝေ။

၇။ ယောဇ္ဇပ္ပဌသိကာလေ စ၊ ဣဒါနိ ပိဋ္ဌကာနိ စ။
ဇိဝ္ဘဂ္ဂေ မမ ဝတ္ဘန္တိ၊ ပါကဋ္ဌော ဟောတု ဂုဏ္ဌကော။

၈။ ခေ စနော်ဘဝ သဒ္ဓါလဒ္ဓံ၊ ယောလက္ခရောဝ တိ်ဋ္ဌတု။
အဒ္ဓေ ဗ္ရဝစနော ဟောမိ၊ ပဘုတိဘာသကာလတော။

၉။ နိ ဇာနာမိတိ ပုစ္ဆန္တော၊ နိ စ ဘာသေယျ ယာစိတော။
နတ္ထိတိ စ ဒဒါဟိတိ၊ ဒုဋ္ဌနေဟိ နိ သံဝသေ။

၁၀။ အနတ္ထံ ပရေသမ်ိ၊ နိ ကရေန စ စိန္တယေ။
မေတ္တာယေဝ ပကာသေယ်ုံ၊ မမ ပဟောန္တု ကထာ ဂေ။

၁၁။ မာတာပိတု နိဒါနာပိ၊ နိ စရေမ ဓမ်ိကံ။
ပိယပါစေ ဘဝေ မိရော၊ သုဟဒ္ဒော စ အသံဟိရော။

၁၂။ ဣမ်ိနာ ပုညကမ္မေန၊ သပရိသောဝ ဘူမိပေါ်။
လဒ္ဓသုခါ စ ဒိယာယု၊ ပါတုဝ သပဇံ ပဇံ။

၁၃။ ပဟောတု စေရော မမ နိ်ဗ္ဗယော ဝေရော။
အဝေရကာ ဟောန္တု စ နိ်ဗ္ဗယာ သတ္တာ။
အဟံ ပနာနာနာဂတိကေ သိဝံ ယာမိ။
အနန္တပညာယ နိ်ဒါနကံ ကတ္တာ။

အက္ခရာစဉ်မာတိကာ အကြောင်းကိုလည်း-

ကမေန အာဒိဝဏ္ဏာနံ၊ ခိပ္ပံ သုခေန ပဿိတုံ။
မုတ္တာဝလိံ ယထာ ဆေကော၊ သမ္မာ ကဿာမိ မာတိကံ။
သာဓေါ တံ အပေက္ခန္တု၊ မာဒိသာဝ အတန္ဒိကာ။

ဤအက္ခရဝိသောဓနီကျမ်းခ္ဍ ပရိယာယ်ဝေဝုစ် ပုဒ်ပါဠိအက္ခရာ လိုင်ဓာတ်ဝိဂြိုဟ် လိုရာချက်များ အချိန်ကာလမကုန်စေပဲ ရုတ်တရက် လျှင်မြန်စွာ ကြည့်ရှုရှာဖွေရလွယ်စေခြင်းငှာ ဝိနည်းပိဋကတ် ပါရာ-ဇိကဏ်ပါဠိတော်, ပါစိတ်ပါဠိတော်ကျမ်းစာအုပ်များကဲ့သို့ သရ, ဗျည်းနှစ်ရပ်တွင် သရကို ရှေ့ထား၍ သရတွင်လည်း အ အာ ဣ ဤ စသည့်အစဉ်အတိုင်း မူလထားပြီးလျှင် အ အာ-စသည်၊ ဂ ခ-စသည် မူလိသွင်း၍ ထို့နောက် ဂ၊ ခ၊ ဃ၊ ဃ၊ င-စသည်၊ ဂ၊ ဂာ၊ ဂိ၊ ဂီ-စသဖြင့် မူလမူလိတည်ထားသွတ်သွင်းပြီး နောက်ထိုက်သင့်ရာဗျည်းချင်း ယှဉ်ကပ်စီစဉ်လျက် နောက်ကပုဒ်မဂဏန်းပြထားသတည်း၊ ၎င်းပုဒ်မဂဏန်း သိုက်စာညွှန်ပြရာ ကြည့်ရှုပါလျှင် လိုရာအချက်များကို မုချကေန် တွေ့မြင်ရပါလိမ့်မည်စသည်ဖြင့် မှာထားခဲ့လေသည်။

ယင်းအက္ခရဝိသောဓနီကျမ်းကို သက္ကရာဇ် ၁၂၅၆-ခုနှစ်၊ ကဆုန်လတွင် ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်ခ္ဍ ပဌမအကြိမ်ရိုက်နှိပ်ခဲ့ရာ အတွင်းမျက်နှာဖုံးခ္ဍ "သဒ္ဒပါရဂူပြုလုပ်လိုသူ ရဟန်းရှင်လူအပေါင်းတို့ ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထာရ ပုဒ်ပါဠိအက္ခရာ မှန်စွာသုတ်သင်ပြင်ဆင်နိုင်ကြစေခြင်ငှာ ရတနာပုံမြို့တည်နန်းတည် ပဉ္စမသံဂါယနာတင်မင်းတရားကြီးလက်ထက် "ပညာသာမိသိရိကဝိဓေ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သာသနာပြုဟောင်းထောင်ဆရာတော်ဘုရားကြီး ပြုစီရင်တော်မူအပ်သော "အက္ခရဝိသောဓနီကျမ်း"ကို လိုရာကြည့်ရှု ရှာဖွေရလွယ်စေရန် ပါဠိဆရာမောင်ဖြေ မာတိကာထည့်သွင်း ပြင်ဆင်ပုံရိုက် လုပ်ဆောင်ထားသည်။ စသည်ဖြင့် ပါရှိလေသည်။

တစ်ဖန် ၁၃၁၅-ခုနှစ်၊ မန္တလေးမြို့ ရတနာဒီပံ ပိဋကတ်ပုံနှိပ်တိုက်က ထပ်မံရိုက်နှိပ်ခဲ့လေသည်။ ယင်း ၁၃၁၅-ခုနှစ်ရိုက် အတွင်းမျက်နှာဖုံးတွင်ကား ရတနာပုံမြို့တည်နန်းတည် ပဠမသံဂါယနာတင်မင်းတရားကြီးလက်ထက် "ပညာသာမိသိရိကဝိဓဇမဟာဓမ္မရာဇာမိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သာသနာပြုမောင်းထောင်ဆရာတော်ဘုရား ပြုစီရင်တော်မူအပ်သော "အက္ခရဝိသောဓနီ"ဟု ပါရှိလေသည်။

အက္ခရသုဝိသောဓနီ၊ ဂန္ဌောပိ ကဝိကေတုနာ။
ဝိညုနာ ဓီမတာ သုဠု၊ ရစိတော ပညသာမိနာ။

*** ◆ ***

သာသနဝံသပဒီပိကာ

မောင်းထောင်ဆရာတော် အရှင်ပညာသာမိသည် မြန်မာပြည်ရောက် သီဟိုဠ်ကျွန်းသားရဟန်းတော် အရှင်သရဏာဂုတ်ရထေရ်, အရှင်သုမင်္ဂလထေရ်တို့နှင့် အခြားပုဂ္ဂိုလ်တို့၏ တောင်းပန်ခြင်းကြောင့် သာသနဝံသပဒီပိကာ အမည်ရှိသော သာသနာဝင် သာသနာ့သမိုင်း ကျမ်းကိုလည်း သက္ကရာဇ် ၁၂၂၃-ခုနှစ် နတ်တော်လပြည့်နေ့တွင် အပြီးသတ် ရေးသားစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌-

ဗုဒ္ဓသုမာလိ ဒ္ဒိပဒုတ္တမော တမော၊
ကတ္တာန ဟောမေသိဝပက်ံ ကဇ်။
မဂ္ဂဂ္ဂသေလမ္ပိ သုဥ္ဇိတော ဌိတော၊
သောမံ စိရံ ပါတု သုခံ သဒါ သဒါ။

ဟူသောဂါထာဖြင့် အာသီသပုဗ္ဗကဂန္ထာရမ္ဘပြု၍ ကျမ်းစာကို ရေးသားတော်မူခဲ့လေသည်။ ၎င်းပြင်-

သီဟဠဒ္ဒီပတောယေဝ၊ အာဂတေဟိ ဒိသန္တရ။
ဘိက္ခူဟိ ယာစိတော ကသ်ံ၊ သာသုဝံ သပ္ပဒီပိကံ။

ဟူသောဂါထာဖြင့် မြန်မာပြည်ရောက် သီဟိုဠ်ရဟန်းတော်တို့ တောင်းပန်သဖြင့် ရေးသားအံ့ဟု ဖော်ပြခဲ့ရာ နိဂုံး၌-

လင်္ကာဂတေန သန္တေန၊ စိတ္တဉာဏေန ဘိက္ခုနာ။
သရဏာဂ်ရနာမေန၊ သဒ္ဓမ္မဋ္ဌိတိကာမိနာ။
ဒ္ဒုရတော ယေဝ ဒီပမ္မာ၊ သုမင်္ဂလေန ဇောတိနာ။
ဝိသုဒ္ဓသီလိနာ စေဝ၊ ဒီပန္တရဋ္ဌဘိက္ခုနာ။
အညေဟိ စာဘိယာစိတော၊ ပညာသာမိတိ နာမ သော။
အကာသိ သုဋ္ဌု ဂန္ထံ၊ သာသနဝံသပ္ပဒီပိကံ။

ဟူသောဂါထာဖြင့် သီဟိုဠ်ကျွန်းသား ရဟန်းတော်များသာမက အခြားပုဂ္ဂိုလ်တို့လည်း အဘိယာစကအဖြစ်ပါဝင်ကြောင်း ဖော်ပြတော်မူခဲ့လေသည်။ ကျမ်းပြီးဆုံချိန်ကိုလည်း-

ဒိုသတေ စ သဟသေ စ၊ တေဝီသတာဓိကေ ဂတေ။
ပုဏ္ဏာယံ မိဂသီရသေ၊ နိဋ္ဌံ ဂတာဝ သဗ္ဗသော။

ဟူသောဂါထာဖြင့် ပြည့်စုံစွာ ဖော်ပြတော်မူခဲ့လေသည်။

ရှေးယခင်ကလည်း သာသနာဝင်ကျမ်းများစွာ ရှိခဲ့ကုန်၏။ သို့ရာတွင် ၎င်းကျမ်းတို့မှာ ကျယ်ဝန်းလှသည့်အပြင် မြန်မာဘာသာရေးတို့ ဖြစ်သဖြင့် ကျွန်းတစ်ပါးသား တိုင်းတစ်ပါးသားတို့အဖို့ အဆိုးမထင်နိုင်ကုန်သဖြင့် ကျမ်းဂန်အမျိုးမျိုးတို့ဖြင့် နှီးနှောတိုက်ဆိုင် မူလဘာသာခေါ် ပါဠိဘာသာဖြင့် ရေးသားမည်ဖြစ်ကြောင်း-

၁။ ကာမဠ ပေါရာဏောဟိ ယာ၊ သာသနဝံသပဒီပိကာ။
ဝိတ္ထာရဝါစနာမဂ္ဂါ၊ ဝိရစိတာ ဝိနိစ္ဆယာ။

၂။ သာ ပန မြမ္မာဘာသာယ၊ ကတဟ္တာယေဝ ဇေတသံ။
ဒီပန္တရနိပါသိနံ၊ ဝတာတိ သုဋ္ဌု နာနတ္ထံ။

၃။ တသ္မာ ဟိ မူလဘာယာယ၊ ကရိဿာမိ အဟံ တဝေ။
သံသန္ဒိတ္ဝာန ဂန္ထေဟိ၊ တံသလ္လက္ခေန္တု သာဓဝေါ။

ဟူသော ၃-ဂါထာဖြင့် ကျမ်းဦးဌာ ဖော်ပြခဲ့သည်၊ ဖော်ပြပါ သာသနဝံသပဒီပိကာကျမ်းဌာ ကိုးတိုင်းကိုးဌာန သာသနာပြုပုံစသည်တို့ စုံလင်စွာ ပါရှိလေရာ သာသနာဝင်သုတေသီတို့၏ လက်ကိုင်ကျမ်းစာအဖြစ် တည်ရှိမဲ့လေသည်၊ ယင်းကျမ်းကို သီဟိုဠ်အကွာရာဖြင့်လည်း သီဟိုဠ်ကျွန်းဌာ သာသနာနှစ် ၂၄၇၄-ခုနှစ် သဒ္ဓမ္မဝံသမထေရ် တည်းဖြတ်၍ ရိုက်နှိပ်ခဲ့သည်၊ လန်ဒန်ပါဠိအသင်း၏ ခရစ်သက္ကရာဇ် ၁၈၉၇-ခုနှစ် ဂျာနယ်ဌာ ရောမအကွာရာဖြင့် ရိုက်နှိပ်ဖော်ပြခဲ့လေသည်၊ အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့ရာ ကမ္ဘာသိကျမ်းစာ ဖြစ်လာလေသည်၊ အင်္ဂလိပ်, သီဟိုဠ်ပါဠိသမိုင်းတို့ဌာလည်းကောင်း ကျမ်းနှင့်စပ်၍ ဖော်ပြကြကုန်၏။ ၎င်းကျမ်းကို သက္ကရာဇ် ၁၂၈၅-ခုနှစ်တွင် မန္တလေးမြို့ ဘောဂဝတီဗဟုပုံနှိပ်တိုက်ဌာ စတင်ရိုက်နှိပ်ခဲ့ရာ ဒီမိုင်းဆိုက်စာမျက်နှာ ၁၈၇-ရှိလေသည်။ မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက်စာချ

အကျော် ဆရာတော်အရှင်သီလာစာရက ပါဠိဘာသာဖြင့် နိဒါန်းရေး ခဲ့လေသည်။

သာသနဝံသပ္ပဒီပိကာ၊ ရစိတာ ကဝိကေတုနာ။
သာသ္ဓဝံသပ္ပဒီပေန၊ ပညာသာမိ သုဝိညုနာ။

ဗုဒ္ဓနဝမဝိနိစ္ဆယ

မင်းကြီးသတိုးသုဝမ္မ မဟာသက်တော်ရှည်မည်သော အဂ္ဂ မဟာပဏ္ဍိတသေနာပတိ ဝန်ရှင်တော် လယ်ကိုင်းမြို့စား သေနတ်ဝန် မင်းကြီးသည် စာရေးတော်ကြီး သပြေငါးရွာစား မင်းလှသိန်သူအဖြစ်ဖြင့် မောင်းထောင်ဆရာတော် အရှင်ပညာသာမိအား သက္ကရာဇ် ၁၂၂၁-ခု နတ်တော်လဆန်း ၁၃-ရက်နေ့က ဘုရားကိုးဆူပူဇော်ခြင်းနှင့်စပ်၍ သိလိုသဖြင့် အဆုံးအဖြတ် ရေးသားချီးမြှင့်တော်မူပါရန် လျှောက်ထားခဲ့လေသည်၊ ဆရာတော် အရှင်ပညာသာမိသည် ဆိုင်ရာ အကြောင်းယူတို့နှင့်တကွ "ဗုဒ္ဓနဝမဝိနိစ္ဆယ"အမည်ဖြင့် အဆုံးအဖြတ် ရေး၍ ချီးမြှင့်တော်မူခဲ့လေသည်၊ ယင်းအဆုံးအဖြတ်ကို ဝိနယသမ္ဘဟ ဝိနိစ္ဆယ ဒုတိယတွဲ၌ ဖတ်ရှုနိုင်ကြပေသည်။

သီလကထာ ဥပါယကထာ ဒေါသကထာ

သီလကထာကျမ်း, ဥပါယကထာကျမ်း, ဒေါသကထာကျမ်းတို့ကို မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားကြီးတို့က တောင်းပန်သောကြောင့် ရေးသားစီရင်တော်မူခဲ့လေသည်။

ဒေါသကထာကျမ်း

"ပညာသာမိသိရိကဝိဝေမဟာမမ္မရာဇာဝိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင်ပညာသာမိသည် ဒေါသကထာကျမ်းကို ဒေါသ၏ဝစနတ္ထ, လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကိုပြဆိုရာ ပဌမပရိစ္ဆေဒ, ဒေါသ၏ဖြစ်ကြောင်း သမုဋ္ဌာန်ကိုပြဆိုရာ တတိယပရိစ္ဆေဒ, ဒေါသ၏ကင်းရာကင်းကြောင်း ပယ်ရာပယ်ကြောင်း

ကို ပြဆိုရာ စတုတ္ထပရိစ္ဆေဒ, ဒေါသကင်းသဖြင့် ရအပ်သောအကျိုးကို ပြဆိုရာ ပဉ္စမပရိစ္ဆေဒ။ အပိုင်း ၅-ခု။ ယင်းပရိစ္ဆေဒ ၅-ခုဖြင့် ပြအပ်ပြီးသော ဒေါသကို သစ္စာဖွဲ့ပုံ, ဥယျောဇဉ်တို့ကို ဖော်ပြ၍ ပြုစိရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌-

ဓမ္မရာဇာ ယော ယံ ဗုဒ္ဓေါ သီတေန ဒေါသပါဝကံ။
သုနိဗ္ဗာပေသိ မဂ္ဂေန၊ ရာဇံ ပါလေတု သော ဇိနော။

ဇိနော= မာရ်ငါးပါးကို ထွားထွားညက်ညက် ပယ်ဖျက်ခုတ်ထွင် အောင်မြင်တော်မူပြီးထသော။ ယော အယံ ဓမ္မရာဇာ= အကြင်မြတ်စွာဘုရားသည်။ သီတေန= ချမ်းမြေ့စွာသော။ မဂ္ဂေန= အနာဂါမိမဂ်ရေဖြင့်။ ဒေါသပါဝကံ= အမျက်ဒေါသတည်းဟူသော ကိလေသာမီးကို။ သုနိဗ္ဗာပေသိ= ငြိမ်းစေတော်မူလေပြီ။ သော ဓမ္မရာဇာ= ထိုမြတ်စွာဘုရားသည်။ ရာဇံ- ငါတို့မင်းဖျား မင်းတရားကြီးကို။ ပါလေတု= စောင့်ရှောက်နိုင်စွမ်း မတော်မူစေသော။
ဟူသောဂါထာပါဠိနိဿယဖြင့် အာသီသပုဗ္ဗက ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။ ကျမ်း၏အဆုံး နိဂုံးဌာလည်း-

ဤမျှလောက်သော စကားအစဉ်ဖြင့် ဒါန, သီလစသော ရာဇဓမ္မကျင့်ဝတ်ကို မချွတ်မယွင်းပြည့်စုံစေလျက် တိုင်းနိုင်ငံသူ ရှင်လူအပေါင်းတို့အား သားတော်မြတ်စစ် ရွှေရင်နှစ်ကဲ့သို့ ချစ်မြတ်နိုးလျက် ကောင်းကျိုးချမ်းသာ အဖြာဖြာကို ရှာမှီးတော်မူလေ့ရှိထသော ရှေးဘေးလောင်းတော် သီရိဓမ္မာသောကမင်း, ဒေဝါနံပိယတိဿမင်းများတို့ကဲ့သို့ ဘုရားသခင် သာသနာတော်ဝယ် မတုန်မလှုပ် သက်ဝင်ယုံကြည်တော်မူသဖြင့် ခိုင်ခန့်ကြီးကျယ်သော သဒ္ဓါတရားလည်းရှိထသော စွန့်ကြဲပေးကမ်းခြင်းအရာ၌ မစ္ဆေရတည်းဟူသော အတွင်းရန်မှ ဝေးလံကင်းကွာသဖြင့် ကေသရာဇာခြင်္သေ့မင်းကဲ့သို့ ရဲတင်းသော အံ့ဘွယ်သရဲ တွန့်တိုခြင်းမရှိ တည်တံ့သောစိတ်နှလုံးလည်းရှိထသော စွန့်ကြဲပေးကမ်းခြင်း၌ အလွန်ထက်မြက်သော ပညာဉာဏ်ထူးလည်းရှိထသော လောကောဒကမဟာဏ္ဏဝဟူ၍ ဆိုအပ်သော သမုဒ္ဒရာမြစ်

မင်းသည် ရွှေ, ငွေ, မြ, ပုလဲ, မဿာရဂယ်, ဂေါ်မုတ်, ဥဿဖယား, ပြရိုးယား, သန္ဓာ, ရတနာပုလဲ, ကြောင်မျက်ရွဲ, စိန်, ဂ္ဂန္ဒနီလာ အစရှိသည်ဖြင့် အထူးထူးကုန်သော ရတနာတို့၏ တည်ရာဖြစ်သကဲ့သို့လည်းကောင်း။

နက္ခတ်မျှားတည်ရာ ကောင်းကင်ပမာ= အဇဋ္ဌာကာသ ကောင်းကင်သည် အသ္သဝကာ, ဘရဏီ, ဟသာ, သူရဇ, စန္ဒရ, ဘောမစသည်ဖြင့် အထူးထူးကုန်သော နက္ခတ်တာရာ ဂြိုဟ်အပေါင်းတို့၏ တည်ရာဖြစ်သကဲ့သို့လည်းကောင်း၊ ဟေမဝန်တောတောင်၌ ဂန္ဓမာဒနမည်သော တောင်ထွင့်၏ နန္ဒမူမည်သော ကောင်ဝှမ်းတွင် မဏိဂူဟာမည်သော ပတ္တမြားလိုဏ်ဂူဝ၌ မဠ္ဠသကမည်သော သစ်မင်းသည် အခေါက်, အနှစ်, အမြစ်, အရွက်, အပွင့်, အသီးစသော အားဖြင့် အထူးထူးကုန်သော နံ့သာမျိုးတို့၏ တည်ရာဖြစ်သကဲ့သို့လည်းကောင်း၊ သည်းခံခြင်း ခန္တီ, သနားခြင်း ကရုဏာ, ချစ်ခြင်း မေတ္တာ အစရှိသည်ဖြင့် အထူးထူးကုန်သော သူတော်ကောင်းတရားတို့၏ ထုံရာသင်းရာ စုဝေးရာတမူလည်းဖြစ်ထသော ယူဇနာငါးဆယ် ကြီးကျယ်စွာသော ဂဠုန်ဌက်မင်းသည် ရွာနီးရောရှက် ပိတ်ပေါင်းခက်သော ကြက်ဆူရေဏ်တောမျှား၌ ကျက်စားခြင်းမရှိ ယူဇနာငါးဆယ် ကြီးကျယ်လှစွာသော လက်ပံတောင်သာလျှင် မွေ့လျော်ဘိသကဲ့သို့လည်းကောင်း။

ကေသရာဇာခြင်္သေ့ ကျောက်ဂူမွေ့သို့= ကေသရာဇာခြင်္သေ့မင်းသည် ပိတ်ပေါင်းစေးချဉ်မျှား၌ ကျက်စားခြင်းမရှိ၊ ဆေးဒန်းမြင်းသီလာနေရာ ကျောက်ဂူ၌သာလျှင် မွေ့လျော်ဘိသကဲ့သို့လည်းကောင်း၊ ဆဒ္ဒန်ဆင်မင်းသည် ရွံ့ညွန်အိုင်ဗွက်မျှား၌ ကျက်စားခြင်းမရှိ၊ ဆဒ္ဒန်အိုင်၌သာလျှင် မွေ့လျော်ဘိသကဲ့သို့လည်းကောင်း၊ တိုင်းနိုင်ငံသူ ရှင်လူအပေါင်းတို့၏ အကျိုးစီးပွားမဲ့၌ လေ့လာခြင်းမရှိ၊ တိုင်းနိုင်ငံသူ ရှင်လူအပေါင်းတို့၏ အကျိုးစီးပွား၌သာလျှင် မွေ့လျော်လေ့ရှိထသော သာသနာဒါယကာ မဟာဓမ္မရာဇ၏ တရားမင်းမြတ်သည် ထိုနှင့်အလားတူ သဒ္ဓါ, သီလ, သုတ, စာဂအစရှိကုန်သော တရားတို့ဖြင့် ထင်ရှားကျော်စောသော အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးနှင့်

တကွ ဒေါသ၏အပြစ်ကို ဆင်ခြင်တော်မူလိုသော ဆန္ဒတော်မြတ်ရင်း ရှိသဖြင့် ကိုက်တွန်းနှိုးဆော်အပ်သည်ဖြစ်၍ အထူးထူးကုန်သော ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တို့မှ ထုတ်နှုတ်ယူဆောင်၍ပြအပ်သော ဒေါသကထာကျမ်းကား အပြီးအဆုံးသို့ ရောက်၏။

ငါးပိနှင့်လောက် ရွှေနှင့်ကျောက်သို့= ဘောဇွော= အို. . . ပညာရှိသူဟော်ကောင်းအပေါင်းတို့။ အယံ= ဤဒေါသကထာကို။ ဝိညူနံ= ပညာရှိပုဂ္ဂိုလ်မြတ်တို့အား။ ဒေါသဿ စ= ဒေါသ၏လည်း ကောင်း။ ဒေါသဟုလာနဉ္စ= အမျက်ဒေါသ ပြောကုန်သောသူတို့၏ လည်းကောင်း။ အာဒီနဝံ= အပြစ်ကို။ ပကာသေတုံ= ထင်စွာပြအံ့ သောငှာ။ အတ္ထာနံ= မိမိကိုယ်ကို။ အာဒိ ကတွာ= အစအဦးထား၍။ ကထိတာ= ပြဆိုအပ်၏။ အယံ= ဤဒေါသကထာကို။ ယထာဗလံ= မိမိအစွမ်းအင်အားရှိပါသမျှ။ ဝိရောစေယ္ယ= ဝိရောဓိအနိဋ္ဌဖလ အတိဗျာပိတအစရှိကုန်သော အပြစ်ဒေါသတို့ကို။ ဝဇ္ဇေတွာ= ကြဉ် ရှောင်၍။ သြဇာဒိဂုဏယုတ္တပေဝ= သြဇဂုဏ် ပသာဒဂုဏ်အစရှိကုန် သော ဂုဏ်ကျေးဇူးတို့နှင့်ယှဉ်သော မင်းထိုက်စိုးတန် စကားမွန်ကို သာလျှင်။ ဘဏေယ္ယ= ဆိုခြင်းငှာ။ ကိဉ္စာပိ အာရဘာမိ= အကယ် ၍ကား အားထုတ်သည်မှန်၏။ တထာပိ= ထိုသို့ အားထုတ်သည် မှန်သော်လည်း။ ယောဟာဂတိဝသေန စ= မိလာဖလာ အမွေဥစ္စာရင်း ကဲ့သို့ မကင်းမကွာ ဇပ်ကြပ်ပါသော အဝိဇ္ဇာမှောင်၏ အစွမ်းအား ဖြင့်လည်းကောင်း။ သတိသမ္ပေါသဝသေန စ= သတိတွေ့ဝေသည်၏ အစွမ်းအားဖြင့်လည်းကောင်း။ မန္ဒဉာဏဝသေန စ= ပညာနုန့်နှေး သေးသိမ်သည်၏ ဗလစွမ်းအားဖြင့်လည်းကောင်း။ ဝိပရိတံ= ဖောက်ပြန် ချွတ်ယွင်းသော စကားသည်လည်းကောင်း။ ဝိညူနံ= ပညာရှိတို့၏။ ဟာဒယော= နှလုံးဌာ။ ပဋိဃာတံ= ထိပါးစူးရှသော။ အကဏ္ဏသုခံ= ပညာရှိတို့ဗဟား နားပခြမ်းသာသော။ ဝစနဉ္စ= စကားသည်လည်း ကောင်း။ ကိဉ္စိ= တစိုးတစိမျှ။ သစေ ဒိဿတိ= အကယ်၍ဆိုမိဆိုရာ ပါရှိပေါင်မြှောင် ရောယောင်ထင်မြင်ခဲ့သည်ဖြစ်အံ့။

ကံ= ထိုအပြစ်ကို။ သာဓဝေါ= သူတော်ကောင်းဖြစ်ကုန်သော။ မေတ္တာဝိဟာရိနော= မေတ္တာတရားဖြင့် ပွားများနေထိုင်လေ့ရှိကုန်သော။ ပဏ္ဍိတာ= ပညာရှိသုခမိန်တို့သည်။ ခမန္တျသဟန္တျ= သည်းခံကြစေကုန်သတည်း။ ဒေါမနဿာ= နှလုံးမသာမယာရှိဟုန်သည်။ မာ ဟောန္တု= မဖြစ်ကြစေကုန်သတည်း။ ဟိ သစ္စံ= မှန်၏။ ဝိညုနော နာမ= ပညာရှိတို့မည်သည်ကား။ ပရေသံ= သူတစ်ပါးတို့၏။ သုကထိတံ= ကောင်းစွာဆိုအပ်သော စကားကို။ သုတ္တာ= ကြားကြ၍။ ပသံသန္တိ= ချီးမွမ်းကြကုန်၏။ ဒုက္ကထိတံ= မကောင်းသဖြင့် ဆိုအပ်သော စကားကို။ သုတ္တာ ပန= ကြားကြ၍ကား။ ပါဠိအာဒိဟိ= ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တို့ဖြင့်။ ဥဇုံ ကတ္တာ ဒေန္တိ= ဖြောင့်စွာပြု၍ ပေးကုန်၏။ အယံ= ဤသည်ကား။ ဝိညူနံ= ပညာရှိတို့၏။ သဘာဝေါယေဝ= သဘောပင်လျှင်တည်း။ ဣတိ= ဤသို့။ အဋ္ဌ-ကထာစရိယေဟိ= အဋ္ဌကထာဆရာမြတ်တို့သည်။ ဝုတ္တံ= မိန့်အပ်၏။ သေယျထာပိ နာမ= ဥပမာမည်သည်ကား။ လုဒ္ဒကော= တောသွားမုဆိုးသည်။ ဝေပုလ္လံ= ဝေပုလ္လတောင်သို့။ ပတ္တာ= ရောက်၍။ မဏာဒိရတနံ= ပတ္တမြားအစရှိသော ရတနာသည်။ ဗဟုံ= များစွာ။ သန္ဓံ= ထင်ရှားရှိပါလျက်။ အဂ်ါရကံ= မီးသွေးကျောက်ကို။ ဂဟေတ္တာ= ကောက်ယူ၍။ ကိံ= အဘယ်မူစအံ့နည်း။ ပယောဇနံ= အကျိုးသည်။ နတ္ထိ ယထာ= မရှိလေသကဲ့သို့။ တထာ= ထို့အတူ။ ဧတ္ထ= ဤဒေါသကထာ၌။ သာရတ္ထော= ကောင်းမြတ်သောအနက်သည်။ ဗဟုံ= များစွာ။ သံဝိဇ္ဇမာနော= ထင်ရှားရှိပါလျက်။ ကိဉ္စိ= စိုးစဉ်းမျှသော။ အသာရတ္ထံ= မကောင်းမြတ်သောအနက်ကို။ ဂဟေတ္တာ= ယူ၍။ ကိံ ပယောဇနံ= အဘယ်အကျိုးရှိအံ့နည်း။

ဆုတောင်းအမျှဝေ= ဤယခုအခါဝယ် ဤလောက၌ အမှုလုပ်သောယောဂျား လက်သမားတို့သည် ဆန်းကြယ်သော အိမ်အမှုကို ပြုလုပ်ပြီးလျှင် လက်မှု, လက်မှုအခကို တောင်းခံယူကုန်ဘိသကဲ့သို့ လိုအပ်သောဆုကို တောင့်တရာ၏။ လိုအပ်သောဆုကား-

ဣမိနာ ပုညကမ္မေန= ဤကောင်းမှုကံကြောင့်။ အမှာကံ= ငါတို့၏။ အယံ ဓမ္မရာဇာ= ဤမင်းခေါင်မင်းဖျား မင်းတရားကြီးသည်။ သပရိသောဝ= တောင်ညာနန်းနေ မဟေသီမိဖုရားခေါင်ကြီး အမျှားရှိသော မင်း မိဖုရား မင်းညီမင်းသား မင်းမျှားမတ် ပရိသတ်တို့နှင့် တကွသာလျှင်။ ဒီဃာယုကော= သက်တော်ရာကျော် ရှည်တော်မူသည်။ ဟုတ္တာ= ဖြစ်၍။ ပဇံ= တိုင်းနိုင်ငံသူ ရှင်လူအပေါင်းကို။ သပဇံ= ရွှေရင်တော်နှစ် သားတော်စစ်ကဲ့သို့။ ဒ္ဒိစတုသင်္ဂဟဟိ= နှစ်စုလေးအင် သင်္ဂဟအပြား ထိုတရားတို့ဖြင့်။ နိစ္စံ= အခါမပြတ်။ ရက္ခတု= စောင့်ရှောက်နိစ္စ မတော်မူနိုင်စေသတည်း။ နိမိရာဇာဒယော ဝိယ= နေမိမင်းအစရှိကုန်သော မင်းမြတ်မင်းကောင်း အလောင်းသုခမိန်တို့ကဲ့သို့။ ပဇာနံ= တိုင်းနိုင်ငံသူ ရှင်လူအပေါင်းတို့အား။ ဓမ္မေန= တရားသဖြင့်။ အနုသာသတု= ဆုံးမတော်မူနိုင်စေသတည်း။ အတ္ထနာ= မိမိသည်။ ဣဒ္ဓိတံ= အလိုရှိအပ်သော။ သုခဂ္ဂံ= ချမ်းသာတကာတို့ဝယ်ခင် ချမ်းသာတကာတို့ထက် မွန်မြတ်သော။ ဝိမုတ္တိသုခံ= ဝိမုတ္တိချမ်းသာကို။ သစ္ဆိကရောတု= မျက်မှောက်ပြုနိုင်သည် ဖြစ်စေသော်။

သဗ္ဗေ= မပ်သိမ်းကုန်သော။ သတ္တာ စ= သတ္တဝါတို့သည်လည်း။ အညမညံ= အချင်းချင်း တစ်ယောက်နှင့်တစ်ယောက်။ သောဒရာ ဝိယ= ကမိဝမ်းတွင်း ရှေ့နောက်ဆင်းသော ညီရင်းအကို တို့ကဲ့သို့။ သံပိယာယန္တု= ချစ်မြတ်နိုးကြစေကုန်သတည်း။ အပရော= တစ်ယောက်သောသူသည်။ အပရံ= တစ်ယောက်သောသူကို။ မာ ဝိဟီတု= မညှင်းဆဲစေသတည်း။ သကလလောကော= အလုံးစုံသော သတ္တလောကသည်။ အညမညံ= အချင်းချင်း။ မေတ္တာဒကေန= မေတ္တာတည်းဟူသော ရေချမ်းဖြင့်။ သီတလံ= ငြိမ်းချမ်းသာယာခြင်းသို့။ ပါပုဏာတု= ရောက်စေသတည်း။ အဟံပိ= ငါသည်လည်း။ ပရေသံ= သူတစ်ပါးတို့၏။ အနတ္ထံ= အကျိုးစီးပွားမဲ့ကို။ နာ ကရေယ္ယံ= မပြုရလို။ အန္ဓမသော= အယုတ်သဖြင့်။ မနသာပိ= မနောကံမျှ ဖြင့်လည်း။ နာ စိန္တေယ္ယံ= မကြံရလို။ မေတ္တာစိတ္တေနေဝ= မေတ္တာ

စိတ်ဖြင့်သာလျှင်။ သကလံ လောကံ= အလုံးစုံသော လောကကို။ ဗျာပေတွာ= နှံ့စေ၍။ ဟိတမေဝ= အကျိုးစီးပွားကိုသာလျှင်။ စိန္တေယျုံ= ကြံရလိုဟု။

အသိထိလဝိရိယေန= မလျော့သောလုံ့လဉာဏဟုဖြင့်။ သမ္မာသမ္ဗုဒ္ဓဿ= သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားကုန်စင်သိမြင်တော်မူနိုင်သော။ ဘဂဝတော= ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူထသော။ မဟာဂုဏဿ= ကြီးမြတ်သော ကျေးဇူးတော်လည်းရှိထသော။ ဇိနဿ= မြတ်စွာဘုရားဟု။ သာသနံ= သာသနာတော်ကို။ အနုယုဉ္ဇေယျုံ= အားထုတ်ရလိုဟု။ ဝိမုတ္တိသုခဿ= ဝိမုတ္တိချမ်းသာကိုလည်း။ လဘေယျုံ= ရရလိုဟု။ ဇိနသာသနံ= မြတ်စွာဘုရားသာသနာတော်သည်။ ခေ= အဇ္ဇာကာသ ကောင်းကင်ဝ၌။ ပုဏ္ဏစန္ဒောဝ= လပြည့်ဝန်းကဲ့သို့။ နိမ္မလံ= ညစ်ကြေးမဂင် စင်ကြယ်သန့်ရှင်းသည်။ ဟုတ္တာ= ဖြစ်၍။ တိဋ္ဌတု= တည်စေသတည်း။ ဣမမဋ္ဌ ပုညဘာဂံ= ဤကောင်းမှုကုသိုလ်၏ အဖို့ကိုလည်း။ တိဘဝေ= ဘုံသုံးပါး၌။ သံသရန္တာ= ကျင်လည်ကုန်သော။ သဗ္ဗေသံ= ခပ်သိမ်းကုန်သော။ သတ္တာနံ= သတ္တဝါတို့အား။ ဘာဂေမိ= အမျှပေးဝေပါ၏။ သမံ= အမျှ။ လဘန္တု= ရကြသည်ဖြစ်ကုန်သတည်း။

ဟူသော စကားရပ်ဖြင့် ပြည့်စုံစွာဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းဒေါသကထာကျမ်းသည် နောက်ဆက်တွဲ ဒေါသပယ်ရာ ခန္ဓီ မေတ္တာစသော စကားရပ်နှင့်တကွ ၁၉၅၁-ခုနှစ် ဟံသာဝတီပုံနှိပ်တိုက်ရိုက် ဒီမိုင်းဆိုက်ဖြင့် စာမျက်နှာ ၁၅၁-မျက်နှာ ရှိလေသည်။

ဒေါသကထာ သုဂန္ဓောပိ၊ ရစိတော ထိရစေတသာ။
ဝိညူနာ ပညာသာမိဝှ-ကဝိကေသရဉာဏိနာ။

ရာဇသေဝကဒီပနီ

ရာဇသေဝကဒီပနီကျမ်းမှာ သပြေငါးရွာစား အမတ်နှင့် အမှာတော်စာရေးတို့ တောင်းပန်သဖြင့် ရေးသားတော်မူခဲ့သည်ဟု သိရ၏။

ဥပေါသထဝိနိစ္ဆယ

ဥပေါသထဝိနိစ္ဆယကျမ်းမှာ ဥပါသကမောင်ကျောက်ခဲ တောင်းပန်သဖြင့် ပါဠိ အဋ္ဌကထာကျမ်းများစွာတို့ကို ကြည့်ရှု၍ ရေးသားတော်မူခဲ့လေသည်။

အာပတ္တိဝိနိစ္ဆယကျမ်းစသည်

အာပတ္တိဝိနိစ္ဆယကျမ်းကို ဒီသာပါမောက္ခဆရာကြီး တောင်းပန်သဖြင့် ရေးသားတော်မူခဲ့လေသည်၊ နာဂရာဇုပတ္တိကျမ်း, ဝေါဟာရ ဘေဒတ္ထကျမ်းတို့မှာ ဒုတိယမောင်းထောင်သာသနာပိုင် ဆရာတော် ဘုရားကြီး၏ အမိန့်အရ ရေးသားခဲ့သည်ဟု သိရ၏။

ဝိဝိဓဝိနိစ္ဆယကျမ်း

သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော်ကြီး ဆုံးဖြတ်တော်မူခဲ့သော အဆုံးအဖြတ်များစွာတို့ကို စုပေါင်း၍ သုတ်သင်တော်မူပြီးလျှင် ဝိဝိဓဝိနိစ္ဆယအမည်ဖြင့် ကျမ်းစာပြုစုခဲ့လေသည်၊ ၎င်းကျမ်း၌ သာသနာပိုင်ဆရာတော်ဘုရားကြီး၏ ဂုဏ်ထူးမျှတချာန အဆုံးအဖြတ်ဒေါ်ပြင် ပိုနည်းနှင့်စပ်၍ သိမှတ်ဖွယ်ရာ အဆုံးအဖြတ်များစွာ ပါရှိကုန်၏။ ၎င်းကျမ်းမှာ ၁၂၅၉-ခုနှစ်က မန္တလေးမြို့, မြန်မာ့တာရာသဂင်းစာတိုက်မှ ပုံနှိပ်ခဲ့ရာ ဒီမိုင်းဆိုက်စာမျက်နှာ ၂၇၀-မျက်နှာခန့် ရှိလေသည်။

ဇာတ်ဦးကာပါဠ်

ဆရာတော်အရှင်ပညာသာမိသည် ကျယ်ဝန်းနက်နဲသော ဇာတ်အဋ္ဌကထာ၏အဖွင့် သံဝဏ္ဏနာဦးကာပါဠ်ကိုလည်း "အသမ္မောဟ ဝိလာသိနီ"အမည်ဖြင့် သက္ကရာဇ် ၁၂၃၀-ခုနှစ် နတ်တော်လပြည့်ကျော် ၆-ရက်နေ့တွင် အပြီးသတ်ရေးသားတော်မူခဲ့လေသည်။ ယင်းဦးကာကား ဝိနိစ္ဆယအမျိုးမျိုး စုံလင်ကောင်းမွန်လှသောကျမ်း ဖြစ်ပေသည်။ မောင်းထောင်ဆရာတော် အရှင်ပညာသာမိသည် ဤဇာတ်ဦးကာနှင့်တကွ သဒ္ဒနီတိဦးကာတို့ဖြင့် ရနိုင်ခဲလှစွာသော ဦးကာကျမ်းပြု ဆရာဘွဲ့ထူးကို ရယူခဲ့လေသည်။ ဇာတ်ဦးကာကျမ်းဦး၌-

ယော ယေန ယံ ဝရံ နေတိ၊
ဇိနော သုတေန ဥတ္တမံ။
တံ တံတံ အဘိဝန္ဒိတ္တာ၊
သရသာ အာဒရ အဟာ။

ဟူသော ဂါထာဖြင့် ဗုဒ္ဓပဏာမ (ရတနတ္တယပဏာမ) ပြုတော်မူခဲ့လေသည်။ ၎င်းပြင်-

တာရမဗ္ဗေ ပုဏ္ဏိန္ဒု။ သောတုမဗ္ဗေ ပသောဘဏော။
နယံ အဒါသိ အာစေရော၊ တဋ္ဌ ဝန္ဒိယ သိရသာ။

ဟူသော ဂါထာဖြင့် စာပေကျမ်းဂန်အရပ်ရပ်၌ သင်ပြပေးတော်မူသည့် "ဥ ယျဓမ္မာဘိမုနိဝရဉာဏကိတ္တိသိရိဓဇမ္မသေနာပတိမဟာဓမ္မရာဇာဓိ ရာဇဂုရု"စသည့် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ သံယာ့ဦးကိုင် သာသနာပိုင် ဒုတိယမောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥ ယျဓမ္မာ-ဘိဝံသကိုလည်း ရှိခိုးဦးချ ပဏာမပြုတော်မူခဲ့လေသည်။ တဖန်-

ဗဟူဟိ စေဝ ဘိက္ခူဟိ၊ ဥပါသကေဟိ ယာစိတော။
ဝဏ္ဏယိဿာမိ ဂုဏ္ဌတ္ထံ၊ ဇာတကဋ္ဌကထာယ ဝေ။

ဟူသော ဂါထာဖြင့် မျှားစွာသော ရဟန်းတော်အရှင်ကောင်းတို့နှင့် ရတနာသုံးရပ်ကို ဆည်းကပ်ကိုးကွယ်ကြသော ဥပါသကာအပေါင်း

တို့၏ တောင်းပန်သဖြင့် ရေးသားရကြောင်းကိုလည်း ဖော်ပြတော်မူခဲ့လေသည်။ ဆက်လက်၍-

ကာမဠာပိ ကတာ အတ္ထိ၊ ပေါရာဏေဟိ စ ယာ ဋီကာ။
သာ ပန ဝိညူနံ စိတ္တံ၊ နာရာဓေတိ အပုဏ္ဏတ္တာ။
သခ်ေပတော စ သဗ္ဗတ္ထ၊ နာတ္ထော သက္ကာ ပဇာနိတုံ။
ယသ္မာ တသ္မာဝ တောသေတ္မာ၊ ယာ ကတာ ဝိညူနံ မနံ။
ယထာ စုဒေတိ အာဒိစ္စော၊ အာလောကတ္ထိကဘူတာနံ။
စိတ္တံ တောသိယရံသိဟိ၊ ကမလဠ ပဗုဇ္ဈိတ္မာ။
ဧဝံ သာယံ ပတိဋ္ဌာတု၊ တောသိယ ဝိညူနံ မနံ။
ဉာဏုပ္ပလံ ပဗုဇ္ဈိတ္မာ၊ မောဟတမံ ပနူဒိယ။

ဟူသော ၄-ဂါထာဖြင့် ဇာတ်ဋီကာသစ် ရေးရခြင်း၏အကြောင်း တောင့်တချက်တို့ကို ပမာပမေဖွေ၍ ပြတော်မူခဲ့လေသည်။

ဇာတ်ဋီကာ နိဂုံး

သာရာတော်၏ ဇာတ်ဋီကာမှာ ယနေ့တိုင် စာအုပ်အဖြစ်ဖြင့် မရောက်သေးပဲ ပေဖြင့်သာ ပုဂ္ဂိုလ်အနည်းစုတို့အား အသိပညာပေးလျက် တည်ရှိပေသည်၊ ယင်းဇာတ်ဋီကာလာ နိဂုံးဂါထာတို့မှာလည်း ဂန္ဌဝင်သုတေသီနှင့် သာသနာဝင်သမိုင်းသုတေသီတို့ မျှားစွာလိုအပ်ကုန်၏၊ သို့ဖြစ်၍ ဤ၌ ပေမှကူးယူ၍ ပြည့်စုံစွာ ဖော်ပြအပ်ပါသည်။

၁။ ဣဒေဝံ ဇာတိယာ ဇာတော၊
သဟာသောရောဓနာမကော။
နာနာဇနေဟိ သံကိဏ္ဏော၊
ယော ဂါမေ ပါကဋော အဟံ။

၂။ စုဒ္ဒသဝဿိကော ကာလေ၊ ပဗ္ဗဇိဘူမိယံ ပတ္တော။
ဧကူနဝီသတေ ကာလေ၊ ရာဇမာနိ ပုရံ ဂတော။

၃။ ဥပသမ္ပဒဘူမဉ္စ၊ တတ္ထ ပတ္တာဝ သာဓုကံ။
ဓုရဒ္ဓယမာယုဠ္ဠိတ္ဝာ၊ အာစေရာနံဝ သန္ဓိကေ။

၄။ ယော စ ရာဇာ ယဒါ အမ္ပံ၊ ရတနာပုဏ္ဏမာပကော။
မဟာပုညော မဟာပညော၊ အနေကသေတိဘိန္ဒကော။

၅။ ရဋ္ဌံ လဘတိ သော ရာဇာ၊ တဒါ စ ရာဇလဋ္ဌတံ။
ဒတ္ဝာ စတူဟိ ဘောဂေဟိ၊ အနုဂ္ဂဟေသိ သာဓုကံ။

၆။ တသ္မယေဝ မဟေသီ စ၊ ပုညဝတီ စ ဆေကာ စ။
မမံ စတူဟိ ဘောဂေဟိ၊ အနုဂ္ဂဟေသိ သဒ္ဓါယ။

၇။ ရတနာပုဏ္ဏနာမသ္ဝ၊ နဂရသ္ဝ စ အာသနေ။
ပုရတ္ထိမဒိသာဘာဂေ၊ မဂ်လာရာမသခ်ိတေ။

၈။ ဒေဝါလယေကဒေသေန၊ သက်ာသပဗ္ဗဘူမိကံ။
သဘောဂနဝပါသာဒံ၊ ဟတ္ထကမ္မေဟိ စိတ္တကံ။

၉။ အနေကေဟိ စ မူလေဟိ၊ ကာရေတ္ဝာန အဒါသိ မေ။
တထာ စ ဝိဝေကတ္ထာယ၊ ဝိပ္ပသန္နေန စေတသာ။

၁၀။ မဟာဝါသံဝ အာရာမံ၊ အရညကံ ပကိဏ္ဏကံ။
နယနာ ဝိဝေဟိ ပဂ္ဂိတိ၊ နာနာမိဂဂဏေဟိ စ။

၁၁။ တေန မယာ ရစိတာယံ၊ ပညာသာမိတိ နာမေန။
ပဗ္ဗသတာနဘိက္ခူနံ၊ ပါမောက္ခေနဝ ထေရေန။

၁၂။ ဇာတကဋ္ဌကထာယာယေဝ၊ သံဝဏ္ဏနာ ဝိသုဒ္ဓိကာ။
နာနာနယေဟိ ဝေါကိဏ္ဏာ၊ သုဝိသေယ္ယပ္ပဒဋ္ဌမာ။

၁၃။ သာဓုမမ္ပဝိတ္ထကာနံ၊ မဟပ္ပလံ ပဘောဒေန္တိ။
နာမေန ပန လိက္ခိတာ၊ အသမ္မောဟဝိလာသိနီ။

၁၄။ သက္ကရာဇေ စ သမ္ပတ္တေ၊ တိံသာဓိကေ သဟသ္သေ စ။
ဒ္ဝိသတေ မိဂသရသ္ဝ စ၊ ကာဠပက္ခေနာယာသနေ။

၁၅။ ဆဋ္ဌမိယံ အဂ်ဝါရေ၊ တိပဘာရေဝ နိဋ္ဌိတာ။
သာ ပန သုဝိရံ ဌာတု၊ နဘော စန္ဒောဝ သာသနေ။

၁၆။ ယသ္မာ အဟံ ယထာသတ္တိ၊ ယထာဗလံ၀ ၀ဏ္ဏယိံ။
သောတာရာနံ သုဗောဓတ္ထံ၊ တံ သလ္လက္ခန္တု သာ၀ဝေါ။

၁၇။ ဣဒံ သံ၀ဏ္ဏယန္တောဟံ၊ ယံ ပုညမလဘိံ ၀ရံ။
တေနေ စည္ဟိ သဗ္ဗေ၀၊ ဟောန္တု အ၀ေရတာ ပဇာ။

၁၈။ အဟံ တု ပရမံ ဗောဓိံ၊ ပါပုဏေယ္ယိမနာ၀ရတေ။
တံ ပတ္တာ သဂ၊လေ သ၀ေ္ဗ၊ မောစေယ္ယံ ဘ၀ဗန္ဓနာ။

ဘုရားဆုပန် ပုဂ္ဂိုလ်မြတ်

ဖော်ပြပါ ဂါထာများအနက် နောက်ဆုံးဖြစ်သော ၁၈-ဂါထာမြောက်ဂါထာကို ထောက်၍ မောင်းထောင်ဆရာတော်အရှင်ပညာသာမိမှာ သမ္မာသမ္ဗောဓိ ဘုရားဆုပန်ပုဂ္ဂိုလ်ဖြစ်ကြောင်း သိသာလေသည်။

ဓာတတ္ထာကိဉ္စိကာသစ်

ဓာတတ္ထာကိပါဠိ၏အဖွင့် ဓာတတ္ထာကိဋ္ဌကာဟောင်းကို ဥဒါနအဋ္ဌကထာစသည်နှင့် ဒီဃနိကာယ်စသည့် ဋီကာကြီးများကို ရေးသားတော်မူခဲ့သည့် အရှင်ဓမ္မပါလထေရ် မေးခဲ့သည်ဟု သိရ၏။ အရှင်ဓမ္မပါလထေရ်၏ ဓာတတ္ထာကိဋ္ဌကာဟောင်းဖြင့် မပြည့်စုံသေးဟုယူဆသဖြင့် ဆရာတော်သည် ဓာတတ္ထာကိဋ္ဌကာသစ်ကိုလည်း ရေးသားတော်မူခဲ့လေသည်။

သဒ္ဒနီတိဋီကာ

မောင်းထောင်ဆရာတော် အရှင်ပညာသာမိသည် ပုဂံပြည် အရှင် [illegible]ထေရ်၏ ပြုစုခဲ့သော သဒ္ဒနီတိကျမ်းကြီးများ၏အဖွင့် ဋီကာကို [illegible] သာ၀ုဇနပဓောဒနီဋီကာအမည်ဖြင့် ရေးသားပြုစုတော်မူခဲ့လေ[illegible]။ ကျမ်းဦးဌာ-

ယော ယေန ယံ ဝရံ နေတိ၊ ဇိနော သုတေန သတ္တမံ။
တံ တံတံ အဘိဝန္ဒိယ၊ သိရသာ အာဒရံ အဟံ။
တာရာမဗ္ဗေ ပုဏ္ဏိန္ဒ၊ သောတုမဗ္ဗေ ပသောဘနော။
နယံ အဒါသိ အာစေရော၊ တဉ္စ ဝန္ဒိယ သိရသာ။
နာနာ နယေဟိ ပုဏ္ဏာယံ၊ ဣမိဿာ သဒ္ဒနေတ္တိယာ။
သံဝဏ္ဏနံ ကရိဿာမိ၊ သာဓုဇနပမောဒိနံ။

စသောဂါထာများဖြင့် ရတနတ္တယပဏာမ, အာစရိယပဏာမ, ပဋ္ဌ-ညာဉ်စသည်တို့ကို ဖော်ပြတော်မူခဲ့လေသည်။ ယင်းဋီကာသည်လည်း ယနေ့တိုင် စာအုပ်အဖြစ်ဖြင့် မရောက်သေးပဲ ထူးထူးခြားခြားစာပေ လေ့လာရာ စာသင်တိုက်များ၌သာ ပေဖြင့် ရှားရှားပါးပါး တွေ့ရှိနိုင်လေသည်။

ပေါရာဏကထာပါဠိ

မောင်းထောင်ဆရာတော် အရှင်ပညာသာမိသည် သဒ္ဒါလည်း တတ်၏၊ အကွာရဝိသောဓနီကျမ်း, သဒ္ဒနီတိဋီကာကျမ်းစသည်တို့ကား အရှင်ပညာသာမိ၏ သဒ္ဒါတတ်ကြောင်း ဖော်ပြနေကုန်၏။ ပိဋကတ်သုံးပုံလည်း နှံ့စပ်ကျွမ်းကျင်လှ၏၊ သမိုင်းရာဇဝင်လည်း နိုင်နင်း၏။ သာသနဝံသပဒီပိကာကျမ်းက သမိုင်းရာဇဝင်နိုင်ကြောင်း ပြောနေ၏။ ကောသကျမ်းဂန်အရပ်ရပ်ကို နှံ့စပ်ကျွမ်းကျင်ကြောင်းလည်း အဘိဓာန်ဋီကာနိဿယကြီးက သက်သေထူနေ၏။ ရှေးသုံးစကား အမျိုးမျိုးကိုလည်း နိုင်နင်း၏။ ပေါရဏကထာကျမ်းမှာ ဆရာတော်အရှင်ပညာသာမိ၏ ပေါရာဏစကားတတ်မြောက်ကြောင်း သာဓကတည်း။

ပေါရာဏကထာပါဠိမှာ ဂါထာပေါင်း ၆၂-ဂါထာသာ ရှိလေသည်။ ပဏာမ, ပဋ္ဌိညာဉ် ၂-ဂါထာနှင့် နိဂုံး ၂-ဂါထာမှလွဲ၍ ကျန်ဂါထာများမှာ ပါဠိဝတ္ထုဂါထာအလိုက် ပေါရာဏစကားများကို ပေါ်လွင်သော ခေတ်စကားဖြင့် တွဲဖက်စီကုံး ရေးသားတော်မူခဲ့လေသည်။ ဆရာတော်သည်-

နာနာဝေါဟာရကုသလံ၊ သမ္ဘုဒ္ဓံ တေန ဒေသိတံ။
သံယဠ ဥတ္တမံ နတ္ဝာ၊ ပေါရာဏကထာ ဒီပကံ။
အတ္ထာယ ကဝိနံ သုဋ္ဌု-ကထေသာမိ တတော တတော။
အာဒါယ ကပွတော ဒါနိ၊ တံ သလ္လက္ခဏ္ဏ သာဓဝေါ။

၂-ဂါထာဖြင့် ရတနတ္တယပဏာမ, ပကရဏပယောဇဉ်, ကရဏပွ-ကာရ, ပဋ္ဌာဝ်, ဥယျောဇဉ်တို့ကို ဖော်ပြခဲ့လေသည်။ ကျမ်း၏ စာသားကို နမူနာအဖြစ်ဖော်ပြရသော်-

လက်မွန်မဆွာတိ ရှေးဦးစွာ၊
ဆောတလျှင် စာတိ ရှောင်တခင်။
လျှင်လုပ်ဖြန်းတော စ မြန်မြန်တိ၊
တောက်တပို ဓေဝ ခုံတမင်။

စသည်ဖြစ်လေသည်။ ကျမ်း၏အဆုံးဌ်လည်း-

မောင်းထောင်နာမ ဂါမကေသော၊
ဇာတော ဇာတိယာ ယော အဟံ။
ဣဒံ ပေါရာဏကထာ ဒီပကံ၊
အကာ ပဿန္တု သာဓဝေါ။

ပေါရာဏဂန္ထကာရောဟံ၊
ပညာသာမိတိ နာမကော။
မောင်းထောင်ချက်ကြွေတိ ရွာကြီးနေ၊
ဝေါမ်းပြုဆရာတိ ဉာယတေ။

ဟူသော ၂-ဂါထာဖြင့် မိမိ၏ ဇာတိ, နာမည်တို့ကို ဖော်ပြ၍ နိဂုံးအုပ်ခဲ့လေသည်။

ဒုတိယ မဟာရာဇဝင်တော်ကြီး ရေးသားစဉ် ပါဝင်ခဲ့ခြင်း

ပဌမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် ရတနာပုံ မန္တလေးမြို့တော်ကို တည်ထောင်တော်မူပြီးနောက် ရှစ်နှစ်မြောက်တွင် မူလရာဇဝင်ကျမ်းကို မပြည့်စုံသည်ဖြစ်၍ ရွှေနန်းတော်မှန်နန်းတော်ကြီးရှေ့ ဇရပ်ဝန်ဆောင်တော်တွင် ရဟန်းပညာရှိ, လူပညာရှိတို့နှင့် တိုင်ပင်ရေးသား ပြုစုစေတော်မူခဲ့သည်၊ ထိုစဉ်ကပါဝင်သော ဆရာတော် ၃-ပါးတွင် မောင်းထောင်ဆရာတော် အရှင်ပညာသာမိ ပါဝင်ခဲ့လေသည်။ ထိုဆရာတော် ၃-ပါးတို့မှာ-

၁။ တောင်ဆောင်တော်မိဖုရားဆရာ "ဇာဂရာဘိဓဇသိရီ-ပဝရာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ဆရာတော် အရှင်ဇာဂရ။

၂။ မောင်းထောင်ဆရာတော် "ပညာသာမိသိရီကဝိဓဇ-မဟာဓမ္မရာဇာဓိရာဇဂုရု" ဆရာတော်အရှင်ပညာသာမိ။

၃။ ပုခန်းကြီးဆရာတော် "နန္ဒသာရသိရီသဒ္ဓမ္မဓဇမဟာဓမ္မ ရာဇာဓိရာဇဂုရု" ဆရာတော်အရှင်နန္ဒသာရ-

တို့ ဖြစ်ကုန်၏။*

ကဗျာလင်္ကာ အရေးအသား

မောင်းထောင်ဆရာတော် အရှင်ပညာသာမိသည် ကဗျာလင်္ကာအရေးအသားလည်း ဝါသနာပါ၏၊ ရဟန်းငယ်ဘဝကပင် ကဗျာလင်္ကာကို အလေ့အလာပြုရေးကို ရေးသားခဲ့သည်၊ ပြောင်မြောက်ကောင်းမွန်အောင် ရေးသားနိုင်စွမ်းရှိ၏။ သာသနာပိုင် ဒုတိယ မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျဓမ္မာဘိဝံသထံတော်

---

* ကုန်းဘောင်ဆက်။ ၂။ ၂၆-ကြည့်။

သီတင်းသုံးစဉ် သိမ်ကျောက်စာမော်ကွန်းစသည်ကိုလည်း သာသနာပိုင်ဆရာတော်ဘုရားကြီး၏ အမိန့်အရ မကြာမကြာ ရေးသားတော်မူလေသည်။

သာသနာပိုင်ဆရာတော်ဘုရားကြီး အမိန့်အရ အောက်ပါအမရပူရမြို့ရှေ့ မှန်ကျောင်းတိုက်သိမ်တော်ကြီး ကျောက်စာသံပိုင်းကို ရဟန်းသိက္ခာ ၁၀-ဝါရလောက်က ရေးသားတော်မူခဲ့လေသည်။

သိမ်တော်ကျောက်စာသံပိုင်း

မှတ်သားစိမ့်နောင်လာ ကြာပိမ့်နာလော့ မြတ်စွာထွတ်ထား စောဘုရား၏ ထင်ရှားသာသနာ တည်စိမ့်ဌာလျှင် ပညာရင်နှီ့ သောက်ယူစို့သား ငါတို့ဆရာ မဟာထေရ ဝေပဗျဖြင့် ဥ ယျမမ္မော် နှံ့သိကျော်လျက် တော်မှန်ဖြောင့်ဟုတ် ဓမ္မဂုတ်လျှင် ဥပုသ်ပြုအိမ် ဗဒ္ဓသိမ်ကို ကြိမ်ကြိမ်ဖန်ဖန် ကျမ်းဂန်နုရင့် နှိုင်းထောက်ချင့်လျက် အသင့်ထုံးဟောင်း သမုတ်ကြောင်းကို နောက်နှောင်းအချို ပညာရှိတို့[1] မှတ်သိပစေ ကြိုးနှယ်ခွေလျက် သေလက္ခရ ပဗဒ္ဓဖြင့် ဟန္ဒဒါနိ ရေးသားဘိဟု မိန့်ဟိရာတွင် ပညာသာမိ အမည်တိသား ကဝိမြောက်ဆို ထေရ်ပုဂ္ဂိုလ်လျှင် မြင့်မိုရ်ပတ်လှည့် ရောင်စည့်စည့်လျှင် လ၏တရထည် မြူနှယ်ယှက်ခတ် ဝိပွအညစ် တစ်ဆယ့်တမှေ့ ကင်းလစ်လုံးလုံး ရောင်ပြက်ပြုံးလျက် သုံးပါးသမွတ် ပြည့်စုံလတ်ရှင့်[2] ဗဒ္ဓခန်သိမ် ဥပုသ်အိမ်ကား ချမ်းငြိမ်သာယာ မင်္ဂလာဖြင့် လွန်စွာအံ့ချီး ပျော်မည်းပဲ ပြီးသည့်ချင်းရာ သိစိမ့်မှာသည် ကျောက်စာသံပိုင်း နိဒါန်းတည်း။[3]

၁။ ပညာတိတို့ (မူကွဲ)။ ၂။ ပြည့်စုံလတ်ရှယ့် (မူကွဲ)။
၃။ ပေါရာဏဒီပနီ ပဌမတွဲ။ ၄၁၂။

စာပေချပ်တော်မူခြင်း

မောင်းထောင်ဆရာတော် အရှင်ပညာသာမိသည် စာပေချပ်မှ၌လည်း ကျော်ကြားလှပေသည်၊ မောင်းထောင်တိုက်၌ စာပေချပ်စဉ် သံယာတော်ပေါင်း ရာပေါင်းများစွာတို့ ဆရာတော်ထံ စာပေလိုက်နာကြသည်၊ ဝိသုဒ္ဓိမဂ်, အဋ္ဌသာလိနီအဋ္ဌကထာ စသည့် ကျမ်းကြီးကျမ်းခိုင်များမှစ၍ သဒ္ဒတ္ထဘေဒစိန္တာ စသောစာဝါများကို ချပ်တော်မူလေ့ရှိလေသည်။

စာပြောပုံပြောနည်း

စာပြောပုံပြောနည်းမှာလည်း အထွက်အတက်မှစ၍ အရကောက်နည်း အတ္ထုဒ္ဓါရ အတ္ထုဒ္ဒေသနည်း စသည်တို့ဖြင့် လွန်စွာမှ ဝေဝေဆာဆာရှိ၏ဟု သိရ၏၊ အဘိဓာန်, ဆန်း, သဒ္ဒတ္ထဘေဒစိန္တာ စသည်မှစ၍ စာအရအမိလည်း လွန်စွာရှိလှသည်၊ စာလိုက်သံယာတို့သည် လွန်စွာမှ အားရကျေနပ် နှစ်သက်ကြကုန်၏။

ပုံ့လွန်တော်မူပြီ

ယင်းသို့ဖြင့် ကျမ်းစာရေးသားမှု၌လည်း ကျွမ်းကျင်, စာချမှု၌လည်း နိုင်နင်း, ဝိနိစ္ဆယအရေးအသားစသည်လည်း ပြောင်မြောက်, စကားအရာ၌လည်း လိမ္မာတော်မူသည့် "ပညာသာမိသိရိကဝိဓေ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင်ပညာသာမိသည် သက်တော် ၅၃-နှစ်ရှိရာ သက္ကရာဇ် ၁၂၃၀-ခုနှစ် တပို့တွဲလတွင် ဘဝနတ်ထံ စံတော်မူခဲ့လေသည်။

ပညာသာမိမဟာထေရော၊ ထိရော ထိရေသု သဏ္ဌိတော။
ထိရကထော စ သော အာသိ၊ အဂမိ မစ္စုနော ဝသံ။

မိဖုရားခေါင်ကြီးထွက်၍ သင်္ဂြိုဟ်

မောင်းထောင်ဆရာတော် အရှင်ပညာသာမိ၏ အလောင်းတော်ကို ဆရာတော် သီတင်းသုံးတော်မူခဲ့ရာ မန္တလေးမြို့ အရှေ့ပြင် မဂ်လာရာမမောင်းထောင်တိုက်အတွင်း၌ ခမ်းနားစွာ သာဓုကီဠနသဘင် ဆင်ယင်ကျင်းပပြီး ပူဇော်ဖွယ်အမျိုးမျိုးတို့ဖြင့် ပူဇော်ကြကုန်၏။ အရှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရားသည် တပ်ဝင်းအခင်းအကျင်းနှင့် ကျောင်းတော်သို့ ထွက်တော်မူ၍ "မဏိဇောတာဘိသိရီသဒ္ဓမ္မဝဇမဟာဝမ္မရာဇာမိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ခင်မကန်ဆရာတော်ဘုရားကြီး ခံကုန်းလုပ်တိုင်းတွင် လှပကောင်းမွန်စွာ သင်္ဂြိုဟ်တော်မူလေသည်၊ အရှင်ပညာသာမိဒြပ်ကား မရှိတော့ပြီ၊ ဂုဏ်သတင်းတို့ကား ယခုတိုင် ကြိုင်သင်းလျက်ရှိပေသည်။

ပညာသာမိမဟာထေရော၊ ပညဝါ ပညဝါ သုမိ။
ဤဒိသိ သော ကိတ္တိသဒ္ဒေါ၊ အဓုနာပိ ပဝတ္တတိ။

သံဝေဂယူရန်

သကလံ မေဒနိံ ဘုတ္တာ၊
ဒတ္တာ ကောဋ္ဌိသတံ သုခံ။
အဖုာမလကမတ္ထသ၊
အန္ဓေ ဣသရတံ ဂတော။

တေနေဝ ဒေဟဘေဒေန၊
ပုညမ္ပိ ခယမာဂတော။
မရဏာဘိမုခေါ သောပိ၊
အသောကော သောကမာဂတော။[1]

၁။ ဝိသုဒ္ဓိ၊ ၁။ ၂၂၄။ (အနုသတိကမ္မဋ္ဌာနနိဒ္ဒေသ။)

သုခီ= နတ်စည်းစိမ်ပမာ ချမ်းသာသုခနှင့်ပြည့်စုံသော။ အသောကော= စိုးရိမ်သောက ကင်းစင်ပသဖြင့် အသောကအမည် ရှိသော မင်းဧကရာဇ်သည်။ သကလံ မေဒနီ= ဇမ္ဗူကျွန်းခွင် မြေပြင် အလုံးကို။ ဟုတ္တာ= အခွန်အထုပ် ကောက်ယူသုံးဆောင် ခံစားတော်မူ၍။ ကောဋ္ဌိသတံ= ကုဋေတစ်ရာ ဥစ္စာအစုကို။ ဒတ္တာ= သဒ္ဓါကြည်ဖြူ ပေးစွန့်လှူပြီး၍။ အန္တေ= စုတိပြတ်ကြွေ သေလွန်နီးကျ အဆုံးကာလ ၌။ အဗုဟမလကမတ္တာသ= သမားတော်ပေး ဆီးဖြူ (သျှစ်သျှား)သီး ဆေးခြမ်းမျှကိုသာ။ ဂ္ဂသရတံ= ပိုင်ဆိုင်အစိုးရသူ၏အဖြစ်ကို။ ဂတော= ရောက်ရှာလေ၏။ အသောကော= အသောကအမည် ဘွဲ့ထူးချီသော။ သောပိ= ထိုမင်းဧကရာဇ်သည်သော်မှလည်း။ တေ-နေဝ ဒေဟဘေဒေန= ထိုကိုယ်ဖြင့်ပင်လျှင်။ ပုညမ္မိ= ကောင်းမှုပုညသည်။ ခယံ= ကုန်ခြင်းသို့။ အာဂတေ= ရောက်လတ်သည်ရှိသော်။ မရဏာဘိမုခေါ= စုတိပြတ်ကြွေ သေလွန်ခြင်းသို့ ရှေးရှုသည်ဖြစ်၍။ သောကံ= စိုးရိမ်ခြင်းသို့။ ဂတော= ရောက်ရှာလေပြီ။

*** ◆ ***

ဥာဏဝံသဓေသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ဥာဏဝံသ

ဆရာတော်အရှင်ဥာဏဝံသသည် ဆရာတော်အရှင်ပညာသာမိ ပျံ့လွန်တော်မူပြီးနောက် မဂ်လာရာမမောင်းထောင်တိုက်၏ အကြီးအကဲနာယကဆရာတော် ဖြစ်တော်မူလေသည်။

ဖွားမြင် ၄၈ ရဟန်းပြုခြင်း ပညာသင်ကြားခြင်း

သက္ကရာဇ် ၁၁၉၁-ခုနှစ်ခန့်တွင် ဖွားမြင်တော်မူလေသည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ထမ်းဆောင်ခဲ့လေသည်။ ဘွဲ့တော် အရှင်ဥာဏဝံသ ဖြစ်လေသည်။ မောင်းထောင်ဆရာတော် အရှင်ပညာသာမိထံတွင် သက်တော်အရွယ် နုနယ်စဉ်ကပင်ရောက်၍ ပညာသင်ကြားတော်မူခဲ့လေသည်။

စာပေချပို့ သာသနာရေးရာဆောင်ရွက်

ဆရာတော်အရှင်ဥာဏဝံသသည် ဆရာတော်အရှင်ပညာ-သာမိ၏အမိန့်အရ သံယာတော်များစွာတို့အား စာပေချပို့တော်မူရလေသည်။ ၎င်းပြင် ဆရာတော် အရှင်ပညာသာမိ၏ စေခိုင်းချက်အရ ရံဖန်ရံခါ ဆုံးဖြတ်စာများကိုလည်း ရေးတော်မူရလေသည်။ သီပေါမင်းတရားက ၁၂၄၀-ပြည့်နှစ်တွင် သုဓမ္မာဝင် ၁၂-ပါးခန့်အပ်ရာတွင် သုဓမ္မာဝင် ၁၂-ပါးတွင် တစ်ပါးအပါအဝင်အဖြစ် ခန့်အပ်ခြင်းခံရလေသည်။

ရာဇာဓိရာဇဂုရု

သက်တော် ၅၅-နှစ်ရှိရာ ၁၂၄၆-ခုနှစ်တွင် သီပေါမင်းတရားဆက်ကပ်လျှောက်ထားအပ်သော "ဥာဏဝံသဓေသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလျှောခံရရှိတော်မူခဲ့လေသည်။ ဆရာတော် အရှင်ပညာသာမိ ပျံ့လွန်တော်မူပြီးနောက် မဂ်လာရာမမောင်းထောင်တိုက်၏ အကြီးအကဲနာယကအဖြစ် ဆောင်ရွက်တော်မူရလေသည်။

ပုံလွန်တော်မူခြင်း

သာသနာတော်တာဝန်ကို ထမ်းဆောင်တော်မူဆဲဖြစ်စဉ် ပုံလွန်တော်မူခဲ့လေသည်။ ဆရာတော်အရှင်ဉာဏဝံသ မရှိသည့်နောက် မဂ်လာရာမမောင်းထောင်တိုက်သည် ဆုတ်ယုတ်လေတော့သည်။

ဉာဏဝံသော မဟာထေရော၊
ဉာဏေန သံယုတ္တော သုခီ။
သုခီနော သာသနေ ဝုဍ္ဎိ၊
ကတ္တာ ဒေဝလောကံ ဂတော။

သံဝေဂယူရန်

၁။ နုနယ်ရုပ်ဆင်း၊ ပျိုမြစ်ခြင်းကား၊ အိုမင်းနောက်ဆုံးရှိချေ၏။

၂။ ဥစ္စာဆင်မြင်း၊ ပေါများခြင်းကား၊ ယိုယွင်းနောက်ဆုံးရှိချေ၏။

၃။ ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊ ကွေကွင်းနောက်ဆုံး ရှိချေ၏။

၄။ ဝိညာဉ်တင်းလင်း၊ သက်ရှင်ခြင်းကား၊ သေခြင်းနောက်ဆုံး ရှိချေ၏။

၅။ တက်ကြွားကြွကြွ၊ မြင့်လွန်းကလည်း၊ လျှောကျနောက်ဆုံး ရှိချေ၏။

၆။ ခုံမင်ယုယ၊ ချစ်လွန်းကလည်း၊ သောကနောက်ဆုံး ရှိချေ၏။

၇။ ပွဲလယ်ပြင်ပ၊ ခိုးမွမ်းကြလည်း၊ ရှုံ့ချနောက်ဆုံးရှိချေ၏။

၈။ ကြည်သာရွှင်ပြ၊ ချမ်းသာကြလည်း၊ ဒုက္ခနောက်ဆုံး ရှိချေ၏။

ဥတ္တမာစာရပရမဓမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ဥတ္တမ

ဆရာတော်အရှင်ဥတ္တမသည်လည်း မဂ်လာရာမမောင်းထောင် တိုက်၌ စာပေချပို့ သာသနာပြုတော်မူခဲ့သည့် မထေရ်မြတ် ဖြစ်တော်မူသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

မင်းတဲရွာ၌ သက္ကရာဇ် ၁၁၇၂-ခုနှစ်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်, ရဟန်းပြု သာ-သနာ့ဝန် ထမ်းဆောင်တော်မူခဲ့သည်။ နံတော် တနင်္ဂနွေသားဖြစ်၍ ဘွဲ့တော် အရှင်ဥတ္တမ-ဟု ဥပဇ္ဈာယ်ဆရာတော်က မှည့်ခေါ်တော်မူသည်။

ပညာသင်ကြားတတ်မြောက်ခြင်း

အမရပူရမြို့, မဟာဝိဇိတာရုံတိုက်သို့ ရောက်ရှိသီတင်းသုံး၍ သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျဓမ္မာ ဘိဝံသ စသည်တို့ထံ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။

သာသနာ့ဝန်ထမ်းဆောင်ခြင်း

ဆရာတော်အရှင်ဥတ္တမသည် အမရပူရမြို့, ဝိဇိတာရုံတိုက်၌ သီတင်းသုံးလျက် စာချတာဝန်စသည့်တာဝန်, စာကြည့်တာဝန်, စာပြု တာဝန်စသည်တို့ကို ဆောင်ရွက်တော်မူခဲ့သည်။ ဆရာတော်သည် သက်တော် ၄၅-နှစ်၊ သီကျွာတော် ၂၃-ဝါအရတွင် မင်းတုန်းမင်းက လျှောဒါန်းသည့် "ဥတ္တမာစာရပရမဓမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့ တံဆိပ်တော်ကို အလျှောခံတော်မူခဲ့လေသည်။ ထိုစဉ်က မောင်းထောင် ဆရာတော် အရှင်ပညာသာမိသည်လည်း သက်တော် ၄၀၊ ဝါတော်

၁၉-ဝါရဖြစ်၍ "ပညာသာမိသိရိကဝိဓေမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလျှောခံရရှိတော်မူခဲ့လေသည်။ စံကျောင်းဆရာတော်ဟု ကျော်ဇောမည့်ဆရာတော် အရှင်သုဒဿနသည်မူကား သက်တော် ၃၈၊ ဝါတော် ၁၉-ဝါရဖြစ်၍ "သုဒဿနဝရသာမိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလျှောခံရရှိတော်မူခဲ့လေသည်။

မောင်းထောင်တိုက်၌ စာချသာသနာပြုခြင်း

၁၂၁၉-ခုနှစ် နတ်တော်လဆန်း ၅-ရက်နေ့တွင် မန္တလေးမြို့သို့ သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥယျဓမ္မာဘိဝံသနှင့် အတူလိုက်ပါ၍ မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာရာမတိုက်၌ သီတင်းသုံး၍ သာသနာရေးကိစ္စအဝဝကို ဆောင်ရွက်တော်မူခဲ့လေသည်။ နောက်တွင် မင်္ဂလာရာမမောင်းထောင်တိုက်၌ သီတင်းသုံး၍ စာပေချပို့ သာသနာပြုတော်မူခဲ့လေသည်။

ဆရာတော်အရှင်ဥတ္တမကား ဆရာတော်အရှင်ပညာသာမိ၏ အတ္ထကွာယီ, ဒဋ္ဌိမိတ္တ, ကလျာဏမိတ္တ ဖြစ်တော်မူလေသည်။

ဘဒ္ဒန္တဥတ္တမော ထေရော၊ ဥတ္တမော ဗုဒ္ဓသာသနေ။
ဥတ္တမံ ကိစ္စံ သော ကတ္တာ၊ သမ္ဘုဒ္ဓသာသနဿရော။

တကောင်းတိုက် ဆရာတော်ဖြစ်ခြင်း

ဆရာတော်သည် နောက်တွင် တကောင်းတိုက် (မင်းတဲတိုက်)ဆရာဒတော်အဖြစ် ထင်ရှားလေသည်။[1]

၁။ တကောင်းသာသနာဝင် ကြည့်။

အဘိမေဓာဿဝရူပဝိဘာဂကျမ်းပြု သမ္မတခုံမင်းကြီး ဦးလန်း

ဗန်းကျီတိုက် မင်းမရွာ သမ္မတခုံမင်းကြီးဦးလန်းသည် မန္တလေးမြို့ အရှေ့ပြင် မောင်းထောင်တိုက်ဆရာတော် "ပညာသာမိ သိရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ပညာသာမိ၏ အန္တေဝါသိကတပည့်ရင်း ဖြစ်လေသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

သက္ကရာဇ် ၁၂၁၀-ခုနှစ်ခန့်တွင် ဖွားမြင်ခဲ့လေသည်၊ အရွယ်ရောက်သော် ရှင် ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်ခဲ့လေသည်၊ မန္တလေးမြို့ အရှေ့ပြင် မဂ်လာရာမမောင်းထောင်တိုက် "ပညာသာမိ သိရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ပညာသာမိထံ ရောက်ရှိသီတင်းသုံးကာ ဂန္ထဓုရအဝဝကို သင်ယူတော်မူခဲ့လေသည်။

ပဠမသံဂါယနာတင်တွင် ပါဝင်ဓာပြန်ခဲ့ခြင်း

ရတနာပုံမြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီး ပဠမသံဂါယနာတင်စဉ် ဦးလန်းသည် ရဟန်းဝတ်ဖြင့် ပဠမသံဂါယနာဘာဏကဖြစ်၍ ပါဠိတော်တစ်ကျမ်းကို ပြန်ဆိုသံဂါယနာတင်တော်မူခဲ့လေသည်။

လူထွက်ခြင်း တိုင်းပြည်အကျိုးဆောင်ရွက်ခြင်း

သီပေါမင်း ပါတော်မူကာစလောက်တွင် စိတ်ဓာတ်ကျဆင်းသဖြင့် သာသနာ့ဘောင်မှဆင်း (လူထွက်)ကာ သမ္မာအာဇီဝဖြင့် အသက်မွေးခဲ့လေသည်။ နောက်တွင် သက်ဆိုင်ရာတို့၏ခန့်အပ်ချက် အရ ဗန်းကျီတိုက် အိုင်ဇောင်ရွာ, မင်းမရွာတို့၌ သမ္မတခုံမင်းကြီး ဖြစ်၍ တိုင်းပြည်အကျိုး သည်ပိုးဆောင်ရွက်ခဲ့လေသည်။

အဘိဓမ္မတ္ထသရူပဝိဘာဂကျမ်းပြုစီရင်ခြင်း

သမ္မတခုံမင်းကြီး ဦးလန်းသည် အဘိဓမ္မာကို တတ်သိလိုကြသော ရဟန်းရှင်လူ သောတုဇဉ်သူတော်ကောင်းတို့ လွယ်ကူစွာ လေ့လာနိုင်ရန် ရည်သန်တောင့်တ အာသီသဖြင့် အဘိဓမ္မတ္ထသရူပဝိဘာဂကျမ်းကို ပြုစီရင်ခဲ့လေသည်။ ဦးလန်းသည် ကျမ်းဦးဌ-

အဘိဓမ္မတ္ထသရူပ-ဝိဘာဂံ ဇိနံ နမျာဟံ။
ကရိသဲ အဘိဓမ္မတ္ထံ၊ ဓာရဏတ္ထာယ သောတူနံ။

အဟံ= ခန္ဓာငါးဝ သမ္ဘဟကို တကွပြဋ္ဌာန်း ဦးလန်းသမုတ် အကျွန်ုပ်သည်။ ဝါ= အိုင်ရောင်းမင်းမ နှစ်ဌာနတွင် သမ္မတခုံမင်းဂုဏ်သတင်းနှင့် နယ်တွင်းအုံ့ခိုး တိုက်သူကြီးဟု ဝေးနီးသမုတ် အကျွန်ုပ်သည်။ အဘိဓမ္မတ္ထံ= အဘိဓမ္မာ၏အနက်အဓိပ္ပါယ်ကို။ ဝိဘာဂံ= ဝေဖန်ခွဲခြမ်း၍ သိတော်မူတတ်သော။ ဇိနံ= ဒေဝပုတ္တစသည်များဖြင့် မာရ်ငါးအင်ကို အောင်မြင်တော်မူပြီးသော မြတ်စွာဘုရားကို။ နမျ-နမေ-နမာမိ= ရှိခိုးပါ၏။ နတွာ= ရှိခိုးပြီး၍။ သောတူနံ= ကျက်လိုမှတ်လို နာလိုကုန်သော ရဟန်းရှင်လူ သူတော်ကောင်းအပေါင်းတို့၏။ ဓာရဏတ္ထာယ= အလွယ်တကူ ဆောင်ယူမှတ်သားစိမ့်သောငှာ။ အဘိဓမ္မတ္ထသရူပဝိဘာဂံ= အဘိဓမ္မာ၏သရုပ်အဓိပ္ပါယ်ကို ဝေဖန်ရာဝေဖန်ကြောင်းမည်သော အဘိဓမ္မတ္ထသရူပ-ဝိဘာဂကျမ်းကို။ ကရိသံ= ရေးသားပြုပြင် စီရင်ပေအုံ့။ ဟူသော ၁-ဂါထာပါဠိနိဿယဖြင့် ပဏာမ, ပဋိညာဉ်စသည် ပြုခဲ့လေသည်။ ကျမ်း၏အဆုံးဌလည်း-

"ကြားလော့လူရှင် ကောင်းခိုးယင်ပိမ့်"စသော ဧကပိုဒ်လင်္ကာဖြင့် နိဂုံးအုပ်ခဲ့လေသည်။ ၎င်းပြင် ကျမ်း၏အဆုံး နိဂုံးဧကပိုဒ်လင်္ကာ၏ ရှေ့ဌ ရတနာပုံ ဒုတိယနန်းစံ သီပေါမင်းကို အင်္ဂလိပ်နိုင်ငံသို့ ဆောင်ယူကြောင်းကိုလည်း-

"*မြန်မာဘုရင်သီပေါမင်းကို အင်္ဂလိပ်တို့ဆောင်ယူသော မေတ္တာစာ*" ဟူသော ခေါင်းစဉ်နှင့်တကွ "ကမ္ဘာဘဒ္ဒ အသင်္ချေယျ လေးလီ ဝိဝဋ္ဋဌာယီဝယ် ကပ်ငယ်အနန္တ ဆယ့်တစ်ကြိမ်သမ္မတ သမုဒ္ဓေဝေါဟာ နှစ်ကောဇာသက္ကရာဇ် ထောင့်နှစ်ရာ့လေးဆယ်ပေါ် ကျော်သတ္တခုနစ်မှာ ချမ်းစသစ်ခေါ်သမုတ် တန်ဆောင်မုန်းလဆုတ် ကျော်ရှစ်ရက်အယုတ်တွင် အနုတ္တရ လောကသာမိ မုနိဘဂဝါ စောမြတ်စွာ၏ သာသနဒါယကာ မဟာဓမ္မရာဇ် တရားမင်းဖြစ်တော်မူသော သီပေါဘုရင်မင်းမြတ်သည် ရှေးရှေးသော မင်းညီမင်းသားတို့ ပြုလေ့ပြုထမရှိ ပြုနိုင်ခဲသော သာသနာတော်၏ အခြေကြီးတစ်ခုဖြစ်သော သုဓမ္မာစာသဘင်မှာ မင်းသားအဖြစ် ဆယ့်ကိုးနှစ်ဝင်လောက်က ပဌမစာတော်ပြန်၍ ထီးဆက်နန်းမွေကို ခံပြီးလျှင် ရာဇဘိသေကဘိသိက်ခံတော်မူလျက် စံတော်မူသော နန်းစည်းစိမ်ရှစ်နှစ် အသက်တော် ၂၉-နှစ်ရောက်လတ်သော် ရန်စစ်တော်ပေါ်သည်နှင့် အလောင်းတော်သမီလဝမင်း၏ထုံးကဲ့သို့ နှလုံးဌ်သွင်းတော်မူ၍ ရဲမက်တော်ဗိုလ်လူတိုင်းပြည်သူဝေနေကို ချမ်းသာစေ-ကရုဏာတော်စိတ်ဖြင့် အင်္ဂလိပ်စစ်သည်ကို မချစ်ကြည်အောင့်တသက်နှင့် စစ်ဘက်တော်မမူပဲ ခဲအံကြိတ်ခန္ဓာ ပါရမီတော်ကိုဆင်ခြင်၍ ရွှေစင်ဥကဲ့သို့ပမာ ကိုယ်တော်မြတ်ရုပ်ခန္ဓာကို ညှာတာခြင်းမရှိ မင်ဖိုလ်၏အရသာကို အာသာတော်ရှိလျှ၍ မြတ်သောကရှေ့လျှော် ဆင်ဖြူရှင်မယ်တော် တောင်ညာပျော်ဒေဝီ မဟေသီမိဖုရားမှာ ရင့်နှုတ်ငုံပတ္တမြားနှင့် နှစ်ပါးသောသမီးတော်ကို ရွှေကိုယ်တော်ပိုက်ဖက်၍ နန်းရဝေဘုံထက်မှ ဆင်းသက်တော်မူပြီးလျှင် အုတ်ပြသာဒ်ရွှေနန်းအတွင်း မြပလွင်ခင်းကျင်း၍ ထည့်သွင်းသင်ကြိုဟ်တော်မူသော ခမည်းတော်မြတ် ဗောဓိသတ်အလောင်းတော်နှင့် မြတ်မယ်တော်ရူပကာယ ဥတုဇသမုဋ္ဌာန်ကို ဦးသုံးကြိမ်ဆင်ပန်၍ တစ်နိုင်ငံကုန်ကြွယ်သို့ ရွှေစကြာဖြန့်ကြွရလေသည်။ ဖြန့်ကြွရွှေစက်ဝိပ္ပတ္တိလရက်တွင် ဝိပါက်ကမ္မဇ သံသရာတိက်ဘဝက မျှားသတ္တဝေနေ မကင်းချေပါကတဲ ဗန့်ကျီမြေလူငနဲတို့မှာ ကံကွက်ကျဲမျက်ကြေသူသေလျှင် ငါသေဝ့်၏ဟု မရွံ့သည့်နှလုံးထားနှင့် ထန်းရေခါးသေရည်

နေ့အရှည်သောက်စားရ၍ ဒါးမြတပ်ဖွဲ့ပြီးလျှင် ပျက်စီးအောင်မီးရှို့ ဘမ်းလက်ရလူအချို့ကို မီးတို့လို့ခားတင် လိုချင်တိုင်းတောင်းယူ သေပျက်သူများသောကြောင့် နယ်သားနယ်သူ အုပ်ကွပ်သူနယ်ရှင် သူတော်သွင်လူစပ်ကြားတို့မှာ ရှောင်အရှားတော်သင့်ရာ လျော်သင့်ရာ ခိုဝင်၍ သခင်ကိုတောင့်တလျက် ဆုံးအဆ-ကမ်းမမြင်သောကြောင့် ခိုဝင်သူလူကပ္ပါးတို့က ကန့်မြို့ဝန်စုပါ ကျေးရွာနေလူအများတို့ကို သနားတော် ခံရန်ရှိပါသည် သနားခရန် ဓိပ္ပါယအကြောင်းခံမှာ ဘူနက်သံ တိုက်ဗန့်ကျီကို အုပ်ပိုက်ချိအရှင်မဲ့က ပြန်မတ့ဲ့ဤအခါ မြို့ကျေးရွာပိုင်သ အစိုးရရှာရှင်နှင့် ညှိ့လက္ခံအိမ်ရှင်တို့က စဉ်-သဘောသွား ရှေးကထက်ထားပါမှ တစ်မြို့သားခိုမှီသူတို့ စိတ်အပူ ကင်းပလျက် နှစ်ဝသောသုခကို ရကြမည်ဖြစ်ပါသောကြောင့် များ ညှိ့သည်လူ အပေါင်းတို့က အကြောင်းကိုထုတ်ဖော်၍ သနားတော်ခံ မေတ္တာစာနှင့် အစီရင်တော်ခံပါသည် ကန့်မြို့ရွာနေ လူကြီးမင်း များတို့။

ပဌမသံဂါယနာတင်ခြင်း၏ အကြောင်းပါရှိသောနိဒါန်း

သမ္မတခုံမင်းဦးလန်းသည် အဘိဓမ္မတ္ထသရူပဝိဘာဂကျမ်း အစ၌ အောက်ဖော်ပြပါအတိုင်း ပဌမသံဂါယနာတင်ခြင်း၏အကြောင်း ပါရှိသော နိဒါန်းကို ရေးသားဖော်ပြခဲ့လေသည်။ သမိုင်းသုတေသီတို့ ကြည့်ရှုလေ့လာကုန်ရာသည်။

> မန္တလေးရတနာပုံ မဟာရာဇဂျာနီမင်းနေပြည်ကြီးကို ရှေးဦးမဆွ ပဌမလက်မွန် တည်ထောင်ဖန်ဆင်းတော်မူ သော ဘဝသခင် အရှင်မင်းတရားကြီးဘုရားသည်ကား မဟာသမ္မတ သာကီယမှ ပေါက်ပြမထင် သန့်စင်နွယ်ရင်း မိုးညှင်းတိုက်ညှောက် တစ်လျှောက်ထွန်းစည် ကုန်းဘောင် ပြည်၌ ဘြီဘဝန နေနတ်နာထ အာဒိကဖြစ်တော်မူသော ဘေးလောင်းတော် အလောင်းမင်းတရားကြီးကစ၍ ဒသမ မြောက် ထွန်းပြောက်ဗိမာန် ဆက်ခံရိုးရိုက် စိုးမိုးထိုက်သော

ဘုန်းတော်သမ္ဘာ ပါရမီအထူး ကျေးဇူးသတ္တိ ရှိတော်မူလတ် ရကား သာသနာတော် (၂၃၉၆) ဂေါဇာသက္ကရာဇ် (၁၂ ၁၄)ခုနှစ်တွင် ဘုန်းသစ်တော်နိုးသဖြင့် ထီးရိုးနန်းမွေ သိမ်း မြန်းခြွေလျက် သပြေပိုကတော်မူမိသတည်း ယင်းသို့ဝှန်ဆူ ပစ္စုန်းရိုက် သိမ်းပိုက်တော်မူမိလျှင် ဇာတိရဲဘက် ထဲထံ ရင်းနှီး ကြီးတော်မူသည်နှင့် အညီ ရှေးရှေးယခေါင် ပြည်ထောင်ဘုရင် မင်းပုံယင်တို့ စိတ်တွင်ရေးရေး ထင် မည်ဝေးခဲ့ ရှေးရာဇဝင် မထင်စဘူး အံ့မူးဘွယ်ကြီးဖြစ် သော ရှေးဘုရားအဆူဆူတို့ လက်ထက်လည်း ကြုံနက်ကြီး စွာ ဤအရာကဲ့သို့ ရံခါတစ်ဆစ် မဖြစ်စဘူးသော အကြုံ တော်ကြီးကို ကြုံတော်မူလေသည်။

သာသနာ့ဒါယကာ ငါဇေကရာဇ်မင်းမြတ်သည် လော-ကတ္ထကြက်သရေ ရွှန်းဝေပျံ့ပြောလျက် မုနောဇမ္ဗူ တက် ယူသိမ်းမြန်းတော်မူသည်ကား လောကီဥစ္စာ ရဘနာရွှေငွေ ထီးမွေနန်းနှစ် ချမ်းသာသစ်ကို ချစ်ခင်စုံမက် နှစ်သက်မြတ် နိုးတော်မူ၍ တက်ယူသိမ်းမြန်းတော်မူသည်မဟုတ် စင်စစ် သော်ကား မြတ်စွာဘုရားထားတော်မူခဲ့သော သာသနာ တော်နှစ် (၃)ပါးအနက် ပရိယတ္တိသာသနာသည် ပဋိပတ္တိ-သာသနာ ပဋိဝေဓသာသနာ (၂)ပါး၏အမြစ်အခြေ မှန်လှ ပေ၏၊ ထိုပရိယတ္တိသာသနာသည် အကြင်မျှလောက် မပျောက်မပျက် အဆက်ဝွန်ရှည် တည်သည်ဖြစ်အံ့ ထိုမျှ လောကသော်ကာလပတိုင်း ပဋိပတ္တိ-ပဋိဝေဓသာသနာ (၂)ပါးသည် စည်ကားထွန်းလင်းသည်သာဖြစ်လတ္တံ့ လေး သခ္ခေါ်နှင့် ကမ္ဘာတစ်သိန်း တွက်ကိန်းရှည်ကြာ ပါရမီ ဆယ်ပါး အပြားသုံးဆယ် ငါးသွယ်စရိယ ငါးဝသော စွန့်ခြင်းကြီးကို နှီးရင်းဖြည့်စွမ်းတော်မူမှ သယမ္ဘူဉာဏ် လောင်ငံပေါက်ရောက် အထမြောက်တော်မူသော မြတ်စွာ ဘုရားသခင်သည် လေးဆဲငါးဝါ တည်ကြာသမျှ ဟော

ဘော်ပြလည်း အားရတော်မမူသေး နောင်ရေးအခါ နိဗ္ဗာန်လမ်းမှာ ငါဘုရားဒေသနာကို လေ့လာသင်ဖတ်၍ အမြတ်နိဗ္ဗာ နန်းမြေဌေးသို့ ရှေးရှုစိုက်စိုက် လိုက်ရစ်ကြစေသတည်းဟု မဟာကရုဏာဉာဏ်တော်ဖြင့် မြှော်ခေါ်ထောက်ထားတော်မူသည်ဖြစ်၍ နှစ်ပရိစ္ဆေဒ ကာလမျှားမြောင် ငါးထောင်အတွင်း ထွန်းလင်းရှိန်ဝါ နိဗ္ဗာန်လမ်း-သာစေခြင်းငှာ ပရိယတ္တိသာသနာ မှာတမ်းစာကို ကောင်းစွာဟောကြားလျက် အရာကိုယ်စား ထားတော်မူခဲ့ခြင်းသည် ငါကဲ့သို့သောမင်းကို မြှော်ကင်းဆင်ခြင် ရှေဉာဏ်တော်ထင်သည်ဖြစ်၍ ထားတော်မူခဲ့သည် မချွတ်ဖြစ်ရာသည် သို့ဖြစ်၍ သာသနာ့ဒါယကာ ငါကေရာဇ်မင်းမြတ်သည် ကဿပမြတ်စွာဘုရားလက်ထက် ဝက်တူးသောလိုဏ်သည် ကမ္ဘာတိုင်တည်သောထုံးကို နှလုံးပိုက်တော်မူရင်းရှိသည့်အတိုင်း မြတ်စွာဘုရားထားတော်မူခဲ့သော ပရိယတ္တိပဋိပတ္တိသာသနာ (၂)ပါး၏ အကြောင်းရင်းမူလဖြစ်သော ပရိယတ္တိသာသနာ မှာတမ်းစာကို ကမ္ဘာတိုင်တည်စေခြင်းငှာ ငွေသားအဆင်း ဖြူဖြူချင်းသော သလင်းကျောက်ပြင်ထက်တွင် ရေးတင်သေချာ ကောင်းစွာ တည်ထားရသော် သင့်လျော်ရာ၏ လက်ဘဒိပ သီဟဠ၌ ဝဋ္ဋဂါမဏိမင်းလက်ထက် (၅၀၀)သောရဟန္တာအရှင်မြတ်တို့ စည်းကြပ်တော်မူ၍ ပေထက်အက္ခရာ ပေါ်ထွက်ကာရုဠ စတုတ္ထသင်္ဂါယနာတင်ရာပွဲကြီး ပြီးလေသည်နောက် နှစ်ပေါင်း(၂၀၀၀)ကျော်အတွင်း မည်သည့်မင်းမှ ထိုးထွင်းနှိုင်းဆ သတိရ၍ ပဠမသံဂါယနာ တင်ရာခမ်းနားကို စဉ်းစားဆင်ခြင် မြင်တော်မမူကြ ငါ၏ဘုန်းကံ ဉာဏ်ပါရမီ ပြည့်စုံညီမည့်အကြောင်းမှန်၍ မေ့ကျန်ခဲ့ကြသည်ဖြစ်ရာ၏ဟူ၍ အကြံတော်ကြီးကို ကြံတော်မူပြီးလျှင် ပိဋကတ်(၃)ပုံတည်းဟူသော ပရိယတ္တိသာသနာကို သေလက္ခရာ ကမ္ဘာဆုံးတိုင် တည်ခိုင်ကွင်း

ကွင်း မယွင်းသေခွေ ကျောက်ချပ်ရေ(၇၂၉) မော်ကွန်း ထိုး၍ ကျော်ဟိုးနောက်နောင် ငါးထောင်ထက်ကျော် တည်စိမ့်ရော်ပြီးလျှင် သက္ကရာဇ် (၁၂၃၃)ခုနှစ် တန်ခူး လပြည့်ကျော် (၁၁)ရက်နေ့ကစ၍ (၆)လနှင်နှင် ပဋ္ဌမ သံဂါယနာ မဂ်လာသဘင် ပွဲကြီးကိုယင်တော်မူသတည်း။

ယင်းသို့ ပဋ္ဌမသံဂါယနာတင် မဂ်လာသဘင် ပွဲကြီး ယင်ရာ ရွှေနန်းပြသာဒ်တော်ကြီးမှာ စာဝါနိမ့်မြင့် သုံးဆင့် ခွဲခြမ်း၍ ပဌမတန်းစာဝါမှာ မှန်ကတင်ထီးဖြူဆောင်း ဒုတိယစာဝါမှာ မှန်ကတင်ထီးဖြူစိုက် တတိယစာဝါမှာ မှန်ကတင်သာ ထီးဖြူမပါ ဤသို့ ထူးမြတ်သောနေရာတွင် စာပြန်သဘင် တစ်ပါးအဝင်ဖြစ်သော ပညာသာမိကဝိဓေ မဟာဓမ္မရာဇာဓိရာဇဂုရု လွတ်တုခတ်နှိပ် တံဆိပ်တော်ရ မောင်းထောင်ဆရာတော်ဘုရားကြီး၏ အန္တေဝါသိကတပည့် လည်းဖြစ်ထသော မဟာသံဃရာဇာ သာသနာပိုင်တောင်-ခွင်ဆရာတော်ဘုရားကြီး၏ ဩဝါဒန္တေဝါသိကတပည့်လည်း ဖြစ်ထသော ဂန္ဓိန္ဒရဗဟုဿုတ အဘိဓမ္မတ္ထ ဆေကတည္ဝိဒူပါမောက် စွယ်စုံမြောက်၍ ပေါက်သောမာတင် မန္တလေးမြို့အနောက်ပြင် သုဓမ္မာဝင် ပုဂံအတွင်းဝန် ဆရာ တော်ဘုရားကြီး၏ တပည့်ရင်းအစစ်လည်းဖြစ်ထသော ပဋ္ဌမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးဘုရား ခိုးမြောက် စား၍ ဒေပါးတော်နံ့သာနန်းက ထမ်းရွက်နေစဉ်အခါ ကန္ဒီ မြို့စား သမီးတော်အား စာပေသင်ကြားသော ဆရာကြီး လည်းဖြစ်ထသော ဤသို့စသည်ဂုဏ်ပေါင်း ရောသော် ညောင်းမျှ အပေါင်းရှင်လူ ဦးဖြူဦးနက်တို့၏ အားထား မှီခိုရာ ကြေညာသမိုက် ဗန့်ကျီတိုက်အဝင် မင်းမရှာလျှင် ဖွားရာဇာတိရှိသော သမ္ဘတခုံမင်းကြီးသည် အဘိဓမ္မတ္ထ သင်ဟကျမ်းအရ အဓိပ္ပါယ်ယတ္ထကို ဥဒ္ဒေသနိဒ္ဒေသ နှစ်ဝ နှစ်ခန်း ပြိုးပြွမ်းပြုပြင်၍ စိရင်ရေးသားအပ်သော ဤသည့်

ကျမ်းကို ကျက်လိုမှတ်လိုကုန်သော တရုဏာပုဂ္ဂိုလ် စာသင်ပျိုတို့ အလိုပြီးမြောက်ရန် သားကြီးသြရသဖြစ်သူ အခွန်တော်မြေတိုင်းစာရေးကြီး ဦးရွှေစင်က စက်တင်ပုံနှိပ်လုပ်ဆောင်ပါသည်။ အလေးဂရု အရေးပြု၍ ကြည့်ရှုတော်မူကြပါစေကုန်သတည်း။ ။

◆ ◆ ◆

ပညာလက်ဦးရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရှင်
ဆရာတော် အရှင်ပညာလင်္ကာရ

ဆရာတော်အရှင်ပညာလင်္ကာရသည် မန္တလေးမြို့ အရှေ့ပြင် မဂ်လာရာမ မောင်းထောင်တိုက်၌ သီတင်းသုံး စာပေကျမ်းဂန်ချပ်တော်မူခဲ့သည့် မဂ်လာရာမမောင်းထောင်တိုက် ဂဏာဝါစကစာချဆရာတော်ဖြစ်လေသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

ကျောက်ဆောက်မြို့အပါ ရုံးစည်ကြီးရွာ၊ ယခု တောင်သာမြို့နယ် ရုံးစင်ကြီးရွာ၌ သက္ကရာဇ် ၁၂၀၀-ခန့်လောက်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်ပညာလင်္ကာရ ဖြစ်လေသည်။

စာပေပရိယတ်သင်ယူခြင်း

ငယ်စဉ်ကပင် မန္တလေးမြို့ အရှေ့ပြင် မဂ်လာရာမမောင်းထောင်တိုက်သို့ ရောက်၍ ပညာသာမိသိရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ပညာသာမိ စသည်တို့ထံ ဂန္ထန္ဓရအဝဝကို သင်ယူတော်မူခဲ့လေသည်။ ဘင်္ဂလီ နာဂရီသီဟိုဠ်ဘာသာစသည်တို့၌ တတ်မြောက်သည်ဟု သိရလေသည်။

စာပေကျမ်းဂန် ချပို့ခြင်း

စာပေကျမ်းဂန် ကျွမ်းကျင်တတ်မြောက်သဖြင့် မဂ်လာရာမ မောင်းထောင်တိုက်၌ ဆက်လက်သီတင်းသုံးကာ မျှားစွာသောတပည့်တပန်း ရဟန်းသာမဏေတို့အား စာပေချပို့၍ ပရိယတ္တိသာသနာကို ချီးမြှောက်တော်မူခဲ့လေသည်။ မန္တလေးမြို့ တောင်ပြင် နန်းဦးဇေယျ မဂ်လာရာမတိုက်၌လည်း သီတင်းသုံးခဲ့သည်ဟု သိရလေသည်။

ကျမ်းဂန်ပြုစုခြင်း

ဆရာတော်သည်-

၁။ အဘိဓာနက္ခရာဝလိကျမ်း

၂။ နာမမာလာကျမ်း

၃။ သခေါ်ပဂရုဘဏ္ဍာဝိနိစ္ဆယကျမ်း

စသည်တို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ဖော်ပြပါကျမ်းများ အနက် နာမမာလာကျမ်းကို ပြုစီရင်ရာဝယ် ကျမ်းဦး၌-

၁။ နာနာနယဂ္ဂမူပေတံ၊ နာနဂ္ဂမေန ဒေသိတံ။
ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ၊ နိရဂ်ဏံ နမာမဟံ။

၂။ နာနာသတ္ထသမုဒ္ဒိဋ္ဌံ၊ သဒ္ဒနီတိပဓာနကံ။
သေဋသနတ္ထံ ကရိဿာမိ၊ နာမမာလံ သရူပကံ။

(၁) အဟံ= ငါသည်။ နာနာနယဂ္ဂမူပေတံ= အထူးထူးသော ဒေသနာနည်းအစဉ်နှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဉ္စ= မြတ်စွာဘုရားကိုလည်း။ နမာမိ= ရှိခိုးပါ၏။ နတ္တာ= ရှိခိုးပြီး၍။ နာနာ-နယဂ္ဂမေန= အထူးထူးသော ဒေသနာဂ္ဂမဉ္ဇပ္ပတ္တိဂ္ဂမ အစဉ်အားဖြင့်။ ဒေသိတံ= ဝေနေယျတို့အားလျော်စွာ ဟောတော်မူအပ်သော။ ဓမ္မဉ္စ= မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဟူဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကိုလည်း။ နမာမိ= ရှိခိုးပါ၏။ နတ္တာ= ရှိခိုးပြီး၍။

နိရဂ်ဏံ= ရာဂစသော အညစ်အကြေးကင်းထသော။ သံယဇ= ရှစ်ယောက်သော အရိယာသံယာတော်များကိုလည်း။ နမာမိ= ရှိခိုးပါ၏။ နတ္ထာ= ရှိခိုးပြီး၍။

(၂) သဒ္ဒနီတိပဓာနကံ= သဒ္ဒနီတိကျမ်းလျှင် ရှေ့သွားပြဓာန်းခြင်းရှိသော။ ဝါ= သဒ္ဒနီတိကျမ်းကို အရင်းမူလ ပဓာနပြုသဖြင့် ရှေ့သွားပြဓာန်းခြင်းရှိသော။ နာနာသတ္ထသမုဒ္ဒိဋ္ဌံ= အထူးထူးသော ရူပသိဒ္ဓိ စူဠနေတို့ နိရုတ္တိပိဋကတ ဗာလာဝတာရ သီဟဠနာမမာလာ ကစ္စာယနစသော ကျမ်းတို့မှ ထုတ်နှုတ်အပ်သော။ သရူပကံ= ရှုပ်အစဉ်နှင့်တကွသော။ နာမမာလံ= နာမမာလာအမည်ရှိသောကျမ်းကို။ သွေသနတ္ထံ= သောတုနုနယ် စာသင်ငယ်တို့ အလွယ်မပန်း ရှာစွမ်းနိုင်စေခြင်းအကျိုးငှာ။ ကရိဿာမိ= ရေးသားပြုပြင် စီရင်ပေအံ့။ ဟူသော ၂-ဂါထာ ပါဠိနိဿယဖြင့် ရတနတ္တယပဏာမ, ကျမ်း၏မှီရာ, ပဋိညာဉ်စသည်တို့ကို ဖော်ပြ၍ ဂန္ထာရम္ဘပြုတော်မူခဲ့လေသည်။

ဖော်ပြပါ နာမမာလာကျမ်းကို သက္ကရာဇ် ၁၂၅၇-ခုနှစ် တော်သလင်းလတွင် မန္တလေးမြို့, အာဌဝီလမ်း မန္တလေးတိုင်း သတင်းစာပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ကျမ်းစာအတွင်းမျက်နှာဖုံး၌ "အကွာရာပုဒ် လိင်ဝုစ်ဝိဘတ် ဆုံးဖြတ်သိပ်သည်း နည်းအဖြာဖြာ အရာရာကို လိမ္မာကောင်းမွန် ကြေပွန်တတ်မြောက်လိုသော သောတုဇန သုတေသန သုတကာမ သုတသန္ဓိစယဖြစ်သော စာသင်ပျိုတို့ မငြိုမငြင် သိမြင်လွယ်ကူ မှတ်ယူလေ့ကျက် ဆောင်ရွက်နိုင်စေခြင်းအကျိုးငှာ "ပညာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်နာမံ ရှိသော ဆရာတော်ဘုရားကြီး စီရင်ရေးသားတော်မူအပ်သော နာမမာလာကျမ်းစာကို အကွာရာဝလိ ချွတ်ယွင်းခြင်းမရှိစေရ နေရာကျသေချာမှန်ကန် အဖန်ဖန်အထပ်ထပ် ကြိုးကြပ်ကြည့်ရှု တည်းဖြတ်ပြင်ဆင်ပြီးလျှင် စာအုပ်ရေ ၁၂၀၀- စက်တင်ပုံနှိပ်လုပ်ဆောင်ပါသည်" စသည်ဖြင့် ပါရှိလေသည်။ ယင်းကျမ်းမှာ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ ၂၆၈-မျက်နှာ ရှိလေသည်။

ရင်းပြင် နိဒါန်း၌ "ပညာရည်ခုံ ထေရ်စွယ်စုံဟု အာရုံတစ်ခု ကိုယ်စားခြင်းပြုလောက်သော ဟော်ကုန်းကျောင်းတိုက်အတွင်း သီတင်းသုံးတော်မူသော "ပဏ္ဍာဝါလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်နာမံကို ခံတော်မူရသော ဆရာတော်ဘုရားထံ လျှောက်ထား၍ အားထုတ်လုံ့လ ဥဿာဟစိုက်တော်မူသဖြင့် မှားယွင်းကျနမရှိ ပြကတိကောင်းမွန်သေသပ်စွာ မန္တလေးတိုင်း သတင်းစာပုံနှိပ်တိုက်မှာ ပုံရိုက်ထုတ်လိုက်ပါသည်"ဟူ၍လည်း ပါရှိ လေသည်။ ယင်းနာမမာလာကျမ်းသည် ပါဠိစာပေ လေ့လာသူတို့အား တတ်မြောက်အထောက်အကူပြုသည့် ကျမ်းကောင်းတစ်ဆူဖြစ်ပါသည်။

နာမမာလာ သုဂန္ဓောပိ၊ ပညာလင်္ကာရနာမိနာ။
ယတိနာ ကဝိသဌေန၊ ရစိတော တိကွဥ္ဇကိနာ။

သင်္ခေပဂရုဘဏ္ဍာဝိနိစ္ဆယကျမ်း

ဆရာတော်အရှင်ပညာလင်္ကာရသည်လည်း ဝိနယဓရသိက္ခာ ကာမ သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်တို့အကျိုးငှာ သင်္ခေပဂရုဘဏ္ဍာဝိနိစ္ဆယ ကျမ်းကိုလည်း သက္ကရာဇ် ၁၂၃၉-ခု၊ ပဌမဝါဆိုလပြည့်ကျော် စ-ရက်နေ့တွင် အပြီးသတ် ပြုစိရင်တော်မူခဲ့လေသည်။ ဆရာတော်သည် ရှေးဦးစွာ-

၁။ အာရာမော အာရာမဝတ္ထု ဣဒံ ပဌမံ။
၂။ ဝိဟာရော ဝိဟာရဝတ္ထု ဣဒံ ဒုတိယံ။
၃။ မဏ္ဍော ပိဋ္ဌ ဘိသိ ဗိမ္ဗောဟနံ ဣဒံ တတိယံ။
၄။ လောဟကုမ္ဘီ လောဟဘာဏကံ လောဟဝါရကော လောဟကဋာဟံ ဝါသိ ဖရသု ကုဓာရီ ကုဒါလော နိဝါဒနံ ဣဒံ စတုတ္ထံ။
၅။ ဝလ္လိ ဝေဋ္ဌ မုဋ္ဌံ ပဗ္ဗဇံ တိဏံ မတ္တိကာ ဒါရုဘဏ္ဍံ မတ္တိကာဘဏ္ဍံ ဣဒံ ပဉ္စမံ။

ဟူသော ပါဠိတော်လာ ဂရုဘဏ်အစဉ်ထုတ်ပြု၍ ဆိုင်ရာအဋ္ဌကထာ ဋီကာအဆိုတို့ကို ဖော်ပြု၍ ဆုံးဖြတ်စီရင်တော်မူခဲ့လေသည်။ ယင်းအဆုံးအဖြတ်သည် ဝိနယသမူဟဝိနိစ္ဆယကျမ်းကြီး၌ ပါရှိလေသည်။[1] ကျမ်း၏အဆုံး၌-

> စူဠဝါပါဠိတော် သေနာသနက္ခန္ဓကအဖွင့် ၎င်းအဋ္ဌကထာ ဋီကာတို့နှင့် တပြေးညီစွာ ကျမ်းလာသည့်အတိုင်း မတိုင်းမကျယ် သိလွယ်ရန် အကျဉ်းချုပ်ကို ထုတ်နှုတ်၍ ရေးသားအပ်သော ဤအဆုံးအဖြတ်ကား ၁၂၃၉-ခု၊ ပဌမဝါဆိုလဆုတ် (၈)ရက်နေ့တွင် ချမ်းမြေစုံလင် အောင်မြင်ပြီးစီးခြင်းသို့ ရောက်သတည်း"ဟု ပါရှိလေသည်။

ဆရာတော်အရှင်ပညာလင်္ကာရကား ဝိနည်းကျမ်းဂန်များ၌ လည်း တတ်သိကျွမ်းကျင်သည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

> ၄ ၀ ၀ ၉ ၀
> သုသခေပဂရုဘဏ္ဍ-နစ္ဆယမ္ပိ သုဝတမာ။
> ပညာလင်္ကာရပုဂ္ဂ၀ေါ၊ ရစယိ နိတိကောဝိဒေါ။

နန်းဦးတိုက် နာယကဆရာတော်ဖြစ်ခြင်း

ဆရာတော်အရှင်ပညာလင်္ကာရသည် မဂ်လာရာမမောင်းထောင်တိုက်မှ မန္တလေးမြို့ တောင်ပြင် နန်းဦးတိုက်သို့ ပြောင်းရွှေ့၍ သီတင်းသုံး စာပေချပို့ သာသနာချီးမြှောက်တော်မူခဲ့လေသည်။ နန်းဦးတိုက် ပဌမဆရာတော် "ဉာဏိန္ဒာဘိဓေဝမိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဉာဏိန္ဒ လူ့ဘောင်ပြောင်းသဖြင့် အရှင်ပညာလင်္ကာရသည် ဇေယျမဂ်လာရာမနန်းဦးတိုက်၏ ဒုတိယမြောက်နာယက ဖြစ်တော်မူခဲ့လေသည်။

၁။ ဝိနယသမူဟဝိနိစ္ဆယ၊ ၁။ ၇-၃၀။ ကြည့်။

ဘဝနတ်ထံ ပျံလွန်ခြင်း

ယင်းသို့ နန်းဦးတိုက်နာယကဖြစ်၍ တာဝန်အရပ်ရပ်ကို ဆောင်ရွက်တော်မူခဲ့သော စာချကျမ်းပြု "ပညာလင်္ကာရမဟာဓမ္မ-ရာဇာမိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ပညာလင်္ကာရသည် နောက်ဆုံးတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

သံဝေဂယူရန်

အဝလံ ဒုဗ္ဗလံ အာယု၊ ဝဟူဟိ သမ္မန္ဓံ ဘဝေ။
တသ္မာ မုဟုတ္တန္တရေပိ၊ ဘဝေယျ မရဏံ ဟိ ခေါ်။[1]

ယသ္မာ= အကြင့်ကြောင့်။ အာယု= အသက်ဇီဝိန်သည်။ အဝလံ= အားခွန်ဗလမရှိသည်လည်းကောင်း။ ဒုဗ္ဗလံ= အားနည်းသော်လည်းကောင်း။ ဝဟူဟိ= ထွက်သက်ဝင်သက် လေးချက်အရှိယာတဖြာပူအေး လေးထွေဘုတ်မဟာ အစာအာဟာရ စသည်စုပေါင်းများစွာသောအကြောင်းအရာတို့နှင့်။ သမ္မန္ဓံ= ဆက်စပ်သည်လည်းကောင်း။ ဘဝေ= ဖြစ်၏။ တသ္မာ= ထို့ကြောင့်။ မုဟုတ္တန္တရေပိ= တမုဟုတ်ချက်တဖြုတ် တိုတောင်းသောကာလအတွင်း၌လည်း။ မရဏံ= စုတိပြတ်ကြွေ သေလွန်ခြင်းသည်။ ဘဝေယျ ဟိ ခေါ်= ဖြစ်နိုင်သည်သာ။[2]

*** ◆ ***

၁။ ဝိသုဒ္ဓိ ၁။ ၂၂၈-ကြည့်။
၂။ မန္တလေးသာသနာဝင်။ ၅။
နန်းဦးတိုက်သာသနာဝင်လည်းကြည့်။

သာသနသောဓကဆရာတော် အရှင်စန္ဒဇောတိ

သာသနာတော်အညစ်အကြေးကို သုတ်သင်တော်မူသဖြင့် သာသနသောဓကဆရာတော် အရှင်စန္ဒဇောတိမည်သော မဟာဒွါရနိကာယသံယုက္တဋ္ဌသံယရာဇာမဟာနာယက ဇလွန်မြို့ မဟာနာယကဆရာတော်ဘုရားကြီးသည် မန္တလေးမြို့ အရှေ့ပြင် မဂ်လာရာမမောင်းထောင်တိုက်၌ ပညာသင်ကြားတော်မူခဲ့လေသည်။

ဖွားမြင် ရှင် ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်ခြင်း

ဇလွန်မြို့နယ် ယင်းတိုက်ကုန်းရွာ၌ အဖ-ဦးစံမင်း အမိ-ဒေါ်ကသဲတို့မှ သက္ကရာဇ် ၁၂၁၁-ခုနှစ် တပို့တွဲလဆန်း ၁၁-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ သက်တော် ၁၂-နှစ်သားအရွယ်တွင် သာမဏေဝတ် သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့်မြောက်ရာ ၁၂၃၀-ပြည့်နှစ်တွင် ဥပသမ္ပဒေတော်မြင့်မြတ်သော ရဟန်းပဋ္ဌင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

စာပေပရိယတ်သင်ယူခြင်း

သာမဏေအဖြစ်ဖြင့် မန္တလေးမြို့သို့ ဆန်တက်၍ မတ္တရာတိုက်ဆရာတော် အရှင်သုဇာတထံ ပိဋကတ်အခြေခံကျမ်းဂန်များနှင့် တကွ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။ ရဟန်းဖြစ်ပြီးနောက် မန္တလေးမြို့ အရှေ့ပြင် မဂ်လာရာမမောင်းထောင်တိုက်သို့ ရောက်ရှိသီတင်းသုံး၍ ထိုစဉ်က မဂ်လာရာမမောင်းထောင်ဟိုက်၌ သီတင်းသုံး၍ စာပေချပို့တော်မူသော "ဥတ္တမာစာရပရမဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မင်းတဲဆရာတော် အရှင်ဥတ္တမထံ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။ မင်းတဲဆရာတော် အရှင်ဥတ္တမသည် မောင်းထောင်ဆရာတော် "ပညာသာမိသိရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" အရှင်ပညာသာမိဘက် ၅-နှစ်ခန့် အဃက်ကြီးသည် ဟူ၏။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ၁၂၉၇-ခုနှစ် နယုန်လဆန်း ၉-ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

သင်္ဂါရာ= ဖြစ်ဖြစ်သမျှ ရုပ်နာမ်ဓမ္မ သင်္ဂါရတို့သည်။ ဝိနာသိနော= မုချဆတ်ဆတ် ပျက်စီးခြင်းသဘောရှိကုန်၏။

◆ ◆ ◆

နောက်ဆက် ဆရာတော်များ

မင်္ဂလာရာမမောင်းထောင်တိုက်၌ ဆရာတော်အရှင်ဉာဏ-ဝံသ ပျံလွန်တော်မူပြီးနောက် အရှင်ဂမ္ဘီ, ဦးနှစ်, အရှင်ပဏ္ဍိတ, အရှင်ကေသရတို့သည် နောက်အစဉ်အတိုင်း ဆက်ခံကြသော ဆရာတော်တို့ ဖြစ်ကြကုန်၏။ သို့ရာတွင် ဆရာတော်အရှင်ပညာသာမိ ပျံလွန်တော်မူပြီးနောက် မောင်းထောင်တိုက်ကား မစည်ကားတော့ချေ။ ဆရာတော် အရှင်ပညာသာမိနေရာတွင် ဘယ်နည်းနှင့်မှ အစားမထိုးနိုင်တော့ချေ။ မင်္ဂလာရာမမောင်းထောင်တိုက်ကား တစ်ခေတ်သာဟု ဆိုရာချေတော့သည်။

သံဃာဦးရေသည်

ဆရာတော်အရှင်ပညာသာမိ လက်ထက်က သံဃာတော် ၄၀၀-ကျော် ရှိသည့်အခါလည်း ရှိ၏။ တစ်ရံတစ်ခါ ၅၀၀-ကျော်ရှိ၏။ အကိုးတက်ဆုံးအခါ၌ ၁၀၀၀-ကျော် ရှိသည်ဟုပင် သိရ၏။ ၁၃၂၄-ခုနှစ်က မောင်းထောင်တိုက်၌ ရဟန်းတော် ၂၃-ပါး၊ သာမဏေ ၁၂-ပါး၊ ၂-ရပ်ပေါင်း ၃၅-ပါး ရှိလေသည်။ ၁၃၁၂-ခုနှစ်တွင်မူ သံဃာ ၁၀-ပါးမျှသာ ရှိတော့သည်။ ကာလကြာလျှင် ဆုတ်ယုတ်မည်သာတည်း။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
မောင်းထောင်သာသနဝံသောယံ၊ သမတ္ထော သာဓုဝဏ္ဏိတော။

မောင်းထောင်သာသနာဝင် ပြီး၏။

*** ◆ ***

အရှေ့ပြင် မတ္တရာတိုက်သာသနာဝင်

မန္တလေးမြို့၌ မတ္တရာကျောင်းတိုက်များ ၄-တိုက်ခန့်ရှိ ကြောင်း၊ မြောက်ပြင် မတ္တရာတိုက်သာသနာဝင်၌ ဖော်ပြခဲ့ပြီးဖြစ်၏။ ယခုဖော်ပြမည့် မတ္တရာတိုက်ကား အရှေ့ပြင် မတ္တရာတိုက် ဖြစ်၏။ ယင်းမတ္တရာတိုက်သည် မန္တလေးမြို့ အရှေ့ပြင် ဝဇိရာရာမ (စိန်တုံး) တိုက်၏ တောင်ဖက်၌ တည်ရှိသည်၊ မတ္တရာကျောင်းတိုက်၏ တောင်ဖက်၌ သက်ပန်းတိုက် (ယခုအခေါ် ရွှေစည်သာသနာ့ရိပ်သာ) တည်ရှိလေသည်။

ကျောင်းတိုက်အတွင်း၌ တစ်ထပ်တိုက်တစ်လုံးသာ ရှိ၏၊ အစိုးရအသိအမှတ်ပြု မူလတန်းကျောင်းလည်း ရှိ၏၊ တံတိုင်းမီးတာ အကာအရံ မရှိပါချေ။

သမိုင်းအကျဉ်း

ဘဏ္ဍေးတော် ချွန်းတောင်းမြို့စား မိုးနဲ့ဗိုလ်မှူးမင်းသား သီရိသုမဟာဓမ္မရာဇာသမီးတော် ပဉ္စမသံဂါယနာတင် မင်းတရားကြီး၏ မိဖုရားတစ်ဦးဖြစ်သည့် လောင်းရှည်မြို့စား သီရိမဟာသုပဘာဒေဝီ (သီပေါမင်းတရား၏ မိခင်)သည် အရိပ်ရေနှင့်ပြည့်စုံသော မြေကျန်လက္ခဏာ ကောင်းလွန်းသော ဤနေရာ၌ ဘုံသုံးဆင့် စမြင်ခံ ကျောင်းတော်ကြီး တည်ဆောက်ပြီး မိမိကြည်ညိုလေးမြတ်သော မတ္တရာဆရာတော် အရှင်သုဇာတအား ကင်လျှူခဲ့လေသည်။

သုဇာတာဘိဓာနဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သုဇာတ

ဆရာတော်အရှင်သုဇာတသည် မူလက သူရဲဝန်ကြီးဦးရွှေလုံး၏ မြောက်ပြင်မတ္တရာတိုက်၌ သီတင်းသုံးတော်မူခဲ့လေသည်။ အရှေ့

ပြင် မတ္တရာတိုက် ပြီးစီးသည့်နောက်တွင် ကျောင်းအမ လောင်းရှည် မိဖုရားကြီး၏ ပင့်လျှောက်သဖြင့် အရှေ့ပြင် မတ္တရာတိုက်ကို အလှူခံ တော်မူ၍ သီတင်းသုံးတော်မူခဲ့လေသည်။ သီပေါမင်းတရား ဆက်ကပ် လှူဒါန်းသည့် "သုဇာတာဘိဓေအဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ (မတ္တရာတိုက် သာသနာဝင် မြောက်ပြင်ကြည့်။)

သီလာစာရဓေမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်၏ ဆရာတော်အရှင်သီလ

ဆရာတော်အရှင်သီလသည် ဆရာတော်အရှင်သုဇာတမရှိသည့်နောက် လောင်းရှည်မိဖုရား၏ကုသိုလ်တော် အရှေ့ပြင်မတ္တရာတိုက်၌ ဆက်ခံ၍ တိုက်တာနာယကအဖြစ် သီတင်းသုံးတော်မူ၍ သာသနာပြုတော်မူခဲ့လေသည်။

၁၂၉၂-ခုနှစ်လောက်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ပဌမမတ္တရာဆရာတော်ကြီးနှင့် အခြားကျမ်းဂန်တတ် ဆရာတော်များထံ ပညာသင်ကြားတတ်မြောက်တော်မူခဲ့လေသည်။ ၁၂၆၆-ခုနှစ် သီပေါမင်းတရား ဆက်ကပ်လှူဒါန်းအပ်သော "သီလာစာရမဇ္ဈိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

ဆရာတော်အရှင်သီလသည် မတ္တရာတိုက်၌ ကြာရှည်လေးမြင့် သီတင်.သုံးတော်မူ၍ သာသနာပြုတော်မူပြီး ပျံ့လွှန်တော်မူခဲ့လေသည်။

ဘဒန္တသီလထေရော ဟိ၊ သီလေန သံယုတော သုဓီ။
သုမိပနာ သာသနံ ကတ္တာ၊ ပယာတော မစ္စုနော ဝသံ။

မတ္တရာတိုက်၌ ဆရာတော်အရှင်သီလနောက်တွင် ဆရာတော် အရှင်ပါဂူ ပျော်ဘွယ်, ဆရာတော်အရှင်မင်္ဂလ ပျော်ဘွယ် တို့သည်လည်း တိုက်တာကို အုပ်ချုပ်စောင့်ရှောက်တော်မူခဲ့ကြကုန်၏။

ဆရာတော် အရှင်နန္ဒိယ

ဆရာတော်အရှင်မင်္ဂလနောက် မတ္တရာတိုက်၌ တိုက်အုပ်နာယကအဖြစ် ထမ်းဆောင်သူမှာ ဆရာတော်အရှင်နန္ဒိယဖြစ်တော်မူသည်။

အရှင်နန္ဒိယသည် ပျဉ်းမနားခရိုင် အေလာမြို့အနောက်ဖက် ဇေယျသိန်ရွာ၌ သက္ကရာဇ် ၁၂၇၂-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ ၁၂၈၅-ခုနှစ်က သာမဏေဝတ်နှင့် မတ္တရာတိုက်သို့ ရောက်ရှိနေထိုင်ခဲ့ရာ ဆရာတော်အရှင်မင်္ဂလ ပျံ့လွန်တော်မူသဖြင့် တိုက်နာယကဖြစ်၍ စောင့်ရှောက်ခဲ့လေသည်။

ဆရာတော်အရှင်စန္ဒဇောတိ (ဇလွန်ဆရာတော်)

ဆရာတော်အရှင်စန္ဒဇောတိကား ဒွါရဂိုဏ်း၌ ထင်ရှားသည့် မဟာနာယကတစ်ပါး ဖြစ်တော်မူသည်၊ မတ္တရာတိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ ပညာသင်ကြားခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

ဟင်္သာတခရိုင် ဇလွန်မြို့နယ် ယင်းတိုက်ကုန်းရွာ၌ အဖ-ဦးစံမင်း အမိ-ဒေါ်ကသဲတို့မှ သက္ကရာဇ် ၁၂၁၁-ခုနှစ် တပို့တွဲလဆန်း ၁၀-ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

ကျောင်းသားအရွယ်တွင် ဗညားကျောင်း ဦးဝလင်းခေါ် ဆရာတော်အရှင်နန္ဒမာလာထံ၌ မိဖတို့အပ်နှံသဖြင့် စာပေသင်ကြားရလေသည်။

ရှင် ရဟန်းပြု ပညာသင်ခြင်း

၁၂-နှစ်သားအရွယ်တွင် ဆရာတော်အရှင်နန္ဒမာလာထံ၌ ရှင်သာမဏေ ဝတ်ခဲ့လေသည်၊ သာမဏေဘွဲ့ ရှင်စန္ဒဖြစ်လေသည်။ ၎င်းနောက် မဟာနာဂဝံသ ဆရာတော်ဘုရားကြီးထံ၌ ပညာသင်ကြားတော်မူခဲ့လေသည်၊ မန္တလေးမြို့သို့ ကြွတော်မူ၍ အရှေ့ပြင်မတ္တရာ

တိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ ပညာသင်ကြားတော်မူခဲ့လေသည်။ သက်တော် ၂၀-တွင် ဇလွန်မြို့သို့ ပြန်လည်ကြွရောက်တော်မူကာ ဒွါရဂိုဏ်းဝင်ဆရာတော် အရှင်သောမကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့ အရှင်စန္ဒဇောတိ ဖြစ်လေသည်။

ဆက်လက်ပညာသင်ကြားခြင်း

ရဟန်းဖြစ်ပြီးနောက် မဟာနာဂဝံသဆရာတော်ဘုရားကြီး, ရွှေတောင်မြို့ ကျီးသဲဆရာတော် အရှင်နာရဒ, မြန်အောင်မြို့ ဂူကိုးလုံးဆရာတော် အရှင်နန္ဒိယ, ပြည်မြို့ ပွင့်လှသိမ်ကုန်းဆရာတော် အရှင်နာရဒ, မန္တလေးမြို့ မောင်းထောင်တိုက်, မင်းတဲတိုက်ဆရာတော် အရှင်ဥတ္တမ, ခင်မကန်တိုက်ဆရာတော် အရှင်မုနိန္ဒ, သောဘိတာရာမတိုက်ဆရာတော် အရှင်သီဟတို့ထံတွင် ပညာသင်ကြားတော်မူခဲ့လေသည်။

ထိုထိုဒေသ သာသနာပြုတော်မူခြင်း

တစ်ဖန် အောက်ရပ်ဌာနီသို့ ပြန်ကြွတော်မူ၍ ဆကာကြီးရှမ်းစု၌ ၁-ဝါ, ဆီဖြူကုန်းတောရ အုတ်ဖိုဆရာတော်ကြီးထံ ၂-ဝါ, ပြည်မြို့ ရွှေဟသ်ာတောရ မဟာနာဂဝံသဆရာတော်ကြီးထံ ၉-ဝါ, ဗညားကျောင်း၌ ၅-ဝါ, မီးနင်းရွာ၌ ၁-ဝါ, ဒုတိယမဟာနာဂဝံသ၌ ၁-ဝါ, ရွှေငြိမ်းအေးရွာ၌ ၁-ဝါ အစဉ်အတိုင်း သီတင်းသုံးတော်မူ၍ သာသနာပြုတော်မူခဲ့လေသည်။

ဒုတိယ တတိယမဟာနာဂဝံသ၌ အမြဲသီတင်းသုံး

ရွှေငြိမ်းအေး၌ သီတင်းသုံးပြီးနောက် ဒုတိယမဟာနာဂဝံသတိုက်၌ အမြဲသီတင်းသုံးတော်မူခဲ့လေသည်၊ ဒုတိယမဟာနာဂဝံသတိုက် ကမ်းပြို၏ ပျက်စီးသောအခါ တတိယမဟာနာဂဝံသတိုက်ကို တည်ထောင်တော်မူ၍ သီတင်းသုံးတော်မူခဲ့လေသည်။

အနုနာယက မဟာနာယက သံဃရာဇာ

၁၂၈၀-ပြည့်နှစ်တွင် ဒွါရဂိုဏ်းဝင်တို့က ဒွါရဂိုဏ်း၏အနုနာယကအဖြစ် တင်မြှောက်တော်မူကြသဖြင့် ဒွါရဂိုဏ်း၏အနုနာယကအဖြစ် ထမ်းဆောင်တော်မူခဲ့လေသည်၊ ၁၂၈၃-ခုနှစ်တွင် ရန်ကုန်ကျောင်း မဟာနာယကဆရာတော်ဘုရားကြီး ပျံလွန်တော်မူသဖြင့် ၁၂၈၄-ခုနှစ် တပေါင်းလတွင် ဂိုဏ်းဝင်သံဃာတို့၏ ဆန္ဒအရ ဒွါရဂိုဏ်း၏ သံယုဇ္ဈသံဃရာဇာမဟာနာယက သမ္မုတိသာသနာပိုင်ဖြစ်၍ သာသနာပြုတော်မူခဲ့လေသည်။

ပျံလွန်တော်မူခြင်းနှင့် ဂုဏ်တော်များ

မတ္တရာတိုက်ထွက် မဟာဒွါရနိကာယ သံဃမဟာနာယကဆရာတော်ဘုရားကြီး အရှင်စန္ဒဇောတိသည် သက္ကရာဇ် ၁၂၉၇-ခုနှစ်၊ နယုန်လဆန်း ၉-ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

ဆရာတော်ကြီးကား သီလကို ချစ်ခင်၏၊ အပ္ပိစ္ဆတာဂုဏ်, သန္တောသဂုဏ်, ပရိယတ္တိဝိသာရဒဂုဏ်တို့နှင့် ပြည့်စုံတော်မူ၏။

စန္ဒဇောတိမဟာထေရော၊ မတ္တရာရာမဝံသိကော။
သာသနံ ဇောတယိတ္ဝာန၊ ဒေဝါလယံ ဂတော သုဓိ။

သံဝေဂယူရန်

အနိမိတ္တမနညာတံ၊ မစ္စာနံ ဣဝ ဇိဝိတံ။
ကသိရဉ္စ ပရိတ္တဉ္စ၊ တဉ္စ ဒုက္ခေန သံယုတံ။[1]

ဣဝ= ဤလောကမှာ။ မစ္စာနံ= ကြုံလာဖြစ်လာ သတ္တဝါတို့၏။ ဇိဝိတံ= အသက်ဇီဝိန်သည်။ ဝါ= အသက်ဇီဝိန်ကို။ အနိ-

---

၁။ သုတ္တနိ။ ၃၇၁-သလ္လသုတ်။

မိတ္တံ= အမှတ်နိမိတ်သင်္ကေတ မရှိပါချေ။ ဝါ= ပြုလုပ်စရာကိစ္စရပ်တွေ မပြီးပြတ်သေးသဖြင့် မသေပါနှင့်ဟု ချိန်းချက်မှု သတ်မှတ်မှု မရှိပါချေ။ အနုညာတံ= ဤမျှကြာလျက် အသက်ရှင်အံ့ဟူ၍ မည်သူ မည်ဝါမျှ ပိုင်ပိုင်မိမိ မသိအပ်နိုင်ပါချေ။ ကသိရဏ= အကြောင်းအရပ်ရပ် ဆက်စပ်နေသဖြင့် ကာလကြာတည် ရှည်ရန် ခဲယဉ်းလည်းခဲယဉ်းလှမချေ။ ပရိတ္တဏ= မြက်ပေါ်မုံညင်းတမျှ နည်းငယ်လှချေ။ တဏ္ဍဏိဝိတံ= ထိုအသက်သမုတ် နာမ်နှင့်ရုပ်သည်လည်း။ ဒုက္ခေန= ပြောထူများလှ ဆင်းရဲဒုက္ခနှင့်။ သံယုတံ= မပြတ်ထာဝစဉ် စပ်ယှဉ်၏။

သံယဉ်းရေးသည်

မတ္တရာတိုက်တာ အစည်ကားဆုံးအချိန်က သံယာတော်များ စွာတို့ သီတင်းသုံးတော်မူကြကုန်၏။ နောက်တွင် တဖြည်းဖြည်း သံယာတော်များ ယုတ်လျော့ခဲ့ရာ ၁၃၂၄-ခုနှစ်က ရဟန်းတော် ၄-ပါး၊ သာမဏေ ၁၅-ပါး၊ ၂-ရပ်ပေါင်း ၁၉-ပါး ရှိခဲ့လေသည်၊ ၁၃၂၂-ခုနှစ်က သံယာတော် ၄-ပါးမျှသာ ရှိလေသည်။ ယခုမူ မတ္တရာတိုက်ကား စာသင်တိုက် မဟုတ်ကော့ချေ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
မတ္တရာသာသနဝံသောယံ၊ သမတ္တော သာခုဝဏ္ဏိတော။

အရှေ့ပြင် မတ္တရာတိုက်သာသနာဝင် ပြီး၏။

*** ◆ ***

အတုမရှိ သာသနာဝင်

အတုမရှိတိုက်ကြီး၏ မူလနာမည်ရင်းမှာ "မဟာအတုလ ဝိဇယာရာမ" ဖြစ်၏။ ယင်းမဟာအတုလဝိဇယာရာမကျောင်းတိုက်ကြီးမှာ မန္တလေးမြို့ အရှေ့ပြင် နန်းတော်ကြီး၏ မြောက်သို့ယွန်းသော အရှေ့ဖက်၌ တည်ရှိလေသည်၊ မဟာလောကမာရဇိန်ကုသိုလ်တော် စေတီတော်ကြီး၏ တောင်ဖက်အနီးငယ်သွားလိုက်လျှင် မဟာအတုလ ဝိဇယာရာမတိုက်ကြီးကို တွေ့ရှိနိုင်လေသည်။ ယင်းကျောင်းတိုက်ကြီးကို မဟာရံတံတိုင်း ၂-ထပ် မျဉ်းတားတို့ဖြင့် ကာရံလျက် တွေ့မြင်နိုင်လေသည်၊ ကျောင်းတိုက်ကြီးအတွင်း၌ အလွန်တရာကြီးမားလှသော အတုမရှိ ကျောင်းတော်ပျက်ကြီးနှင့်တကွ-

၁။ ရွှေကျောင်းကြီး

၂။ စော်ဘွားကျောင်း

၃။ ဗိုလ်ကျောင်း

၄။ ဘုံကျောင်း

၅။ မြလေးကျောင်း-တို့ ရှိကုန်၏။

သမိုင်းအကျဉ်း

ဖော်ပြပါ မဟာအတုလဝိဇယာရာမကျောင်းတိုက်ကြီးကို "**အုတ်ကျစ်ကျော်အေး မန္တလေး**"ဟူသည့်အတိုင်း မြို့တော်တည်ရာ သက္ကရာဇ် ၁၂၂၁-ခုနှစ်ကပင် မြို့တော်, ကျုံးတော်စသည်တို့နှင့်အတူ ပဋ္ဌမသံဂါယနာတင်မင်းတရားကြီး တည်ဆောက်စေခဲ့သည့် သာသနိကအဆောက်အဦကြီး ဖြစ်လေသည်။

အတုမရှိ ကျောင်းတော်ကြီး

မင်းတရားကြီးတည်ဆောက်လျှောဒါန်းခဲ့သည့် အတုမရှိကျောင်းတော်ကြီးကား အကောင်းပကတိ မမြင်နိုင်တော့ပြီ။ သို့ရာတွင် လက်ရှိ ကျောင်းပျက်ကြီးဖြင့်လည်း ယခင်က မည်သို့မည်ပုံ ကြီးကျယ်ခမ်းနားခဲ့သည်ကို အတော်အတန် မှန်းဆနိုင်ပေသည်။

ကျောင်းတော်ကြီးမှာ ဘုံ ၅-ဆင့်အတွင်း ရွှေပိန်းချ, အပြင်အင်္ဂတေပန်းတော့ လက်ရာတို့ဖြင့် လုပစ္စာ ပြုလုပ်ထားလေသည်။ ကွန်းစင်တိုင်အမြင့် ၆၃-မတာင်, တိုင်ပေါင်း ၂၄၆-တိုင်တို့ဖြင့် အလွန်ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်ထားပြီးလျှင် ဗောဓိသားရုပ်ဟားတော်နှင့် ဥာဏ်တော် ၁၈-မတာင်ရှိ ဝတ်လဲတော် မံဘုရားကြီးတစ်ဆူ ပူဇော်ထားလေသည်၊ မံဘုရားဆင်းတုတော်ကြီး၌ ဥဏ္ဏလုံးမွေ့ရှင်တော် ပြု၍ တပ်ဆင်ထားသော မဟာစိန်တော်မှာ ရတီချိန် ၃၂-ရတီရှိလေသည်။

အတုမရှိကျောင်းတော်ကြီး ခမ်းနားပုံကို ဝက်မစွက် ဝန်ထောက်မင်းသည် အောက်ပါအတိုင်း ဖွဲ့ဆိုခဲ့လေသည်။

အတုမရှိကျောင်းတော်ဘွဲ့ မင်္ဂလာခြင်း

မင်းစံရောင်ရှိန်၊ ဝင်းဝင်းထိန်သား၊ မာရဇိန်ထွတ်၊ စေတီမြတ်မှ၊ လျှောက်ပတ်သင့်စွာ၊ မြေလက်ျာဝယ်၊ ဝေဟာတိမ်ဦး၊ ထိမှုးမှုးတည့်၊ မြင့်ဖြူးဆန်းကြယ်၊ လွန်ကြီးကျယ်လျက်၊ ပေါရယ်ရှင်လူ၊ မြင်သည့်ကို၊ ဆောက်ဉီခမ်းဝါ၊ ဤဝိဟာကား၊ လူသားစင်စစ်၊ ပြုဖန်လစ်၍၊ မဖြစ်ရာပင်၊ နတ်နှင်နှင်လည်း၊ စီရင်လတ်တော့၊ မတ်တိုချေတည့်၊ ဗဟောသက်ဖျား၊ မြတ်သိကြားယျှင်၊ ကိုးပါးမျက်ဝှန်၊ ဇေတဝန်ကို၊ ကေန်ဤရပ်၊ နှင်းလာအပ်ဟု၊ ရင်သပ်ဝဲခြိုး၊ စဲမပြီးလျှင်၊ ရံသီးဆိုင်းဆိုင်း၊ ပရိုင်းသစ်သစ်၊ စုလစ်ကြွားကြွား၊ တံခါးလူလူ၊ ဇမ္ဗူရွှေရည်၊ ဝင်းဝင်းကြည်လျက်၊ အာကျဉ်မြောက်တင်၊ ဇင်ပြင်နှင့်၊ ရှုအင်တင့်အပ်၊ ဝန်းခြင်ရပ်ကုန်၊ မဝပ်မစွင့်၊ မမြင့်မဝဲ၊ မျှော်မရဲလျှင်၊

စဲစဲရောင်ရိပ်၊ မှောင်နိုင်ပယ်ခွာ၊ ခြူးလွှာစိန်ခက်၊ ဝန်းလည်ယှက်ပြီး၊ သားငှက်ပြောထူ၊ မရှုနရာ၊ ဗြဟ္မာဂ္ဂန္ဒ၊ နေလကြယ်ဂြိုဟ်၊ ထိုထိုပြောက်စုံ၊ မျက်မျိုးပုံသား၊ နိတုံလျှံမောင်း၊ ဤသည့်ကျောင်းကို၊ ပြီးပြောင်းပြန်လျှင်၊ ဖန်စီရင်ပြီး၊ မို့မင်္ဂလာ၊ ဝဲခြိုးသာလက်၊ မဟာအတုလဝေယန်၊ ကမ္ဘည်းကန်သည်၊ နောင်ဖန်တည့်ရှည်ဝေး၊ တည်ကြောင်းရေး။[1]

အချုပ်တန်းဆရာဖေသည်လည်း ကျောင်းတော်ကို အောက်ပါအတိုင်း ဖွဲ့ဆိုခဲ့၏။

အတုမရှိကျောင်းတော်ဘွဲ့တေးထပ်

ကျောင်းဝေယန်တုမရှိ၊ သမုတိမြတ်စွာ။
တမုနိသတ္ထာကို၊ မှတ်သဒ္ဓါရည်ငြား။
ခြောက်ရောင်ခြည်ဝေပြီးထိန်၊ ရေမီးရှိန် ကိုးဂုဏ်ရုပ်ပွား။
ဝေဠုဝန်တ သင်္ဂါကို၊ ဇနိန္ဒာညွှတ်တွား။
ဗိမ္ဗိသာထွတ်ထားသို့၊ ညွှတ်တရားပန်ဆင်။
ဝေဒေဟီ မိရွှေညက်ကယ်နှင့်၊ ညှိရေစက် သွန်းလိုပုံသွင်။
ဘိသေဖက် ကြင်ဆုယင်သည်၊ ဆင်ဖြူရှင် ရွှေဖျားနှင့်။
ဇကရားမနောက်၊ သြဒိသညာဏ်။
လေးဆယ်ပြည့် ကောဇာမှန်မှာ၊
သောတာပန် ပြည်ကျွတ်ပလေး။[2]

---

[1] မန္တလေးမြို့တည်စာတမ်း။ ၁၇၆-၁၇၇။
[2] အချုပ်တန်းဆရာဖေ၏ ကဗျာပေါင်းချုပ်။ ၈၆။

ကင်းဝန်မင်းကြီးကလည်း ကျောင်းတော်ကို အောက်ပါအတိုင်း ဖွဲ့ဆိုခဲ့လေသည်။

ကင်းဝန်မင်းကြီးရေး ကျောင်းတော်ဘွဲ့

ခုနှစ်ဌာနတွင် တွက်ကျူးဝင်သား၊ ကောင်းကင်ထပ်ဦး၊ ထမ္ဘီးဘုန်း၊ မြင့်မြင့်သွန်းလျက်၊ အဆန်းတကြယ်၊ ကြီးကျယ်မြင်သူ၊ ဤဆောက်ဦးကား၊ လူလျှင်စင်စစ်၊ လုပ်ဆောင်လစ်၍၊ မဖြစ်ရာတန်၊ နတ်သာမန်လည်း၊ ပြုဖန်ဆင်းဌာ၊ မတတ်ရာတည့်၊ ဒေဝါနမိန်၊ ဝတီကြဌန်း၊ ဝေယန်နန်းကို၊ မြမန်းဤရောက်၊ ဆောက်လာဘီသြ၊ မှတ်လှမောဟု၊ သောသောတင်းသံ၊ ဆိတ်ညံမဲ့လျှင်း၊ လူခပင်းတို့၊ ခံတွင်းမဆံ့၊ နှုတ်တိုင်းအံ့လျက်၊ လွတ်စံ့စံတင်၊ ဤပုံပြင်သို့၊ ရှေးလျှင်ခုနှောင်း၊ အကျံတောင်းသည့်၊ ရွှေကျောင်းတော်မြတ်၊ ရံပတ်ဆိုင်ဆိုင်း၊ ပရိုင်းဌားဌား၊ တံခါးဦးညီး၊ ရွှေတိပြီးလျက်၊ မီးကျီးမယွင်း၊ ဇင်တွင်းဝယ်၊ ဖိတ်လင်းရောင်တောက်၊ အကြည်မြောက်၍၊ ရှုစောက်မရဲ၊ မဝဲမပြတ်၊ မဝပ်မဂုံ၊ မကြုံဝေရ၊ ပြောက်လှခြူးအုံ၊ ရုပ်စုံပန်းမာလ်၊ ဖလ်မှန်နဝရတ်၊ မြက်မြတ်မျိုးစုံ၊ နိတုံတခဲ၊ ရဲရဲမောင်းမောင်း၊ ရှုမညောင်းမျှ၊ ဤကျောင်းမော်ကွန်း၊ လေးကျွန်းရဟန်၊ အောင်ညွှန်မင်္ဂလာ၊ မြတ်သြဘာဖြင့်၊ မဟာအတုလဝေယန်၊ နှိုင်ဟာန်မမြင်၊ ကမ္ဘည်းဆင်သည်၊ ပဲ့တင်တည့်ရိုက်ကြွေး တခြေးခြေး။

အတုလဝေယန်ကျောင်းပေါ်၌ သီတင်းသုံးစမ္ပယ်တော်မူသောဆင်းတုတော်မြတ်ကြီး၏ တင့်တယ်သပ္ပါယ်ပုံကိုလည်း အောက်ပါအတိုင်း ဖွဲ့ဆိုခဲ့လေသည်။

ဆင်းတုတော်မြတ်ကြီးဘွဲ့

ဇမ္ဗော်နဒ၊ သိင်ဖိုးကဲ၊ ရိုးရိုးရဲသား၊ ဝတ်လဲရုပ်ပွား၊ ဘုရားမြတ်စစ်၊ စနစ်တမျှ၊ ဌာရသုဗ္ဗေ၊ ထုလုပ်စေပြီး၊ လနေထောင်လျှံ၊ စံလည်းမမျှ၊ ဗာတ္တိသတည့်၊ မြတ်လှလက္ခဏာ၊ သခ္ခါအညီ၊ ရတီ

အခ္ပိန်၊ ဝဇီရိန်ဟု၊ စိန်ဥဏ္ဏလုံ၊ ဆင်းပြီးတုံမှ၊ လူဘုံမြေပေါ်၊ တုမမြော်သည့်၊ ကျောင်းတော်ထက်တွင်၊ မြတ်ဦးကင်ဝယ်၊ သုံးခွင်ဘုံသူ၊ ကိုးရာမူလျက်၊ ပြောထူရစ်လည်၊ တွင်းစစ်သည်ကို၊ ဇာနည်ရှင့်ဘိုး၊ တိုက်လွှင့်ချိုးသည်၊ ရန်မျိုးတည့်ပျောက်ရေး၊ မင်းကံကျွေး။

ကျောင်းတောတိုင်ခုံကထူခန်း

ရွှေမြို့တော်ကြီး ရွှေအုတ်ငွေအုတ်စသည့် အုတ်မျိုးတို့ဖြင့် အုတ်မြစ်စိုခင်းသည်နှင့် တစ်ချိန်တည်း ကျောင်းတော်ကြီးတိုင်ထူရမည် ဖြစ်ရာ အခါတော်မရောက်မီ တစ်ရက်က ပွဲခံကန္ဒားပြင်ဌ ပွဲလမ်းသဘင် စည်ပင်သာယာအောင် တီးမှုတ်ကခုန်စေရန် ဆိုင်းအုတ်မောင်းကလေးနှင့် ဆိုင်းအတီးအကအစုံများကို ဆင့်ဆိုတီးမှုတ်ကခုန်စေပြီးလျှင် အခါတော်မရောက်မီ သံယာတော် ၈-ပါးပင့်ဖိတ်၍ ပရိတ်တော်ဂုဏ်တော် ရွတ်မွန်းရာ လျှုဒါန်းရန် အုန်းဌက်ပျောပွဲစုံ, ဆွမ်းဆန်ပွဲစုံ, ငါးသိုင်း, ငါးသွေး, ငါးပိ, ဆား, ငြုပ်, ကြက်သွန်, ဟင်းသီးဟင်းရွက်ပွဲစုံ, ပရိတ်အိုးပန်းစုံစိုက်, သင်္ကန်းလျှာပိတ်အုပ်, အပ်ယုတ် ၈-ထုပ်စီများနှင့် ချည်လုံး ၄၀-များ ဆိုင်ရာဆင့်ဆိုပြီးလျှင် ကျောင်းတိုင်ထူရာ ဆွဲစိုက်ရန် ပုဆိုးထည်ရေ ၁၀၊ ခေါင်းပေါင်းအုပ်ရေ ၁၀၊ အုန်းခိုင် ၁၀၊ ဌက်ပြောခိုင် ၁၀၊ သပြေညွှန့်စည်းရေ ၁၀၊ အုန်းညွှန့်စည်းရေ ၁၀-များကိုလည်း ဆင့်ဆိုအသင့် ရှိစေရလေသည်။

ကျောင်းတော်တိုင်ထူ ရပ်မည့်အခါတော်ရောက်သည့်နေ့ ရတနာသုံးပါး, သိက္ခာ, ဗြဟ္မာ, စတုလောကပါလ, သာသနာတော်စောင့် သမ္မာဒေဝနတ်တို့အား တင်ကြားပသရန် အဖွယ်အရာများမှာ ဖျင်ဖြူ, ဖျင်နီ, နီးခေါက်သင်ဖြူး, အုန်း, ဌက်ပျောပွဲစုံ, ထမင်းပွဲစုံ, ရေချမ်းအိုး, ပန်းစုံစိုက် ၁၄-စီးများကို အသီးအသီးဆိုင်ရာဆင့်ဆိုပြီးလျှင် တင်ကြားပသပူဇော်စေရလေသည်။

ကျောင်းတော်ရာစိုက်ထူစေရာသည် ကောင်းမြတ်သောမင်္ဂလာအခါတော် စာဆို၍ ပညာရှိတို့ တင်ပေးသည်မှာ-

သက္ကရာဇ် ၁၂၂၁-ခု ကဆုန်လဆုတ် ၆-ရက်နေ့ ညဉ့် ၃-ချက်တီးကျော် ၇-ရက်တနလ်ာနေ့သို့အဝင် ၄-နာရီ၊ ၂-ပါဒ်ပြည်၊ ဗီဇနာ၊ ၅-ပြန်၊ ၅-ခရာပြည့်၊ မိဿလက်၊ မကာရစန်း၊ ၅-တေး၊ ၆-ကြာနဝင်း၊ နက္ခတ် ၁-လုံး၊ ၂-ပါဒ်၊ ၇-ယဉ်ထက် လက်စီးလျက် နာရီ၏တည့်နက္ခတ်သော်ကား သရဝဏ်နက္ခတ်၊ စတုတ္ထပါဒ်၊ မွန်းတည့်အချိန်သို့ရောက်လျှင် ရတနာသုံးပါး, သိကြား, ဗြဟ္မာ, စတုလောကပါလ, သာသနာစောင့် သမ္မာဒေဝနတ်တို့အား တင်ကြားပယ ပူဇော်ပြီးလျှင် ဂြဟာဇာပွင့်ရာ အရှေ့အရပ်သို့ မျက်နှာရည်လျက် ၅-တေးသား, ၆-သားတို့စ၍ ကျောင်းတော်တိုင်ထူ ရပ်စေသည်။

ဆောင်ရာသောပန်းကား. . . အုန်း, ဂန့်ဂေါ, နေဇာမူယား, သပြေညွှန့်, သီးညွှန့်, ဒန်းညွှန့်တို့ကို ပန်ဆောင်စေရာသည်။

အခါစောင့် အခါကြား ခင်းကျင်းစောင့်နေရန်မျှားမှာ အထက်ဆိုခဲ့ဲသည့်အတိုင်း ဆိုင်ရာဆင့်ဆို ခင်းကျင်းစောင့်နေစေရ ည်။

ရွှေမြို့တော် အုတ်မြစ်ချအခါတော်နှင့် တစ်ချိန်တည်း ကျောင်းတော်တိုင်ထူရပ်မည့် အခါတော်မရောက်မီ မီးထွန်းသစ်များကို ထွန်းသင့်ရာယှဉ်ထား၍ မြှင့်တင်ပြီးလျှင် အခါတော်နီးသည်ကာလ ပွဲသဘင်အတီးအကများကို ငြိမ်သက်စေလျက် ရွှေမြို့တော်ကြီးက အခါကြားမဂ်လာ အမြောက်သံပေးလျှင် မတိန်းမယိမ်းစေရ နေ့သင့်သမျှတို့မှ စ-ထူရပ်စေရမည့်အကြောင်းနှင့် အကြီးအကြပ်စာရေးကြီး ခင်းကျင်းထင်အသခ်ယာ, နန်းကံကျွေးဝန်မင်း မင်းလှမင်းထင်ကျော်သူ ဟူသည့် မှန်စာပေးအပ်ဆင့်ဆိုရသည်။[၂]

၁။ သက္ကရာဇ် ၁၂၂၂-ခု (မူကွဲ)။

၂။ [illegible] ၄။ ၁၃၇-ကြည့်။

ကျောင်းတော်ကြီး ပြီးစီးပြီ

ယင်းသို့ မြို့တော်, ကျုံးတော်စသည်တို့နှင့် စတင်ခဲ့သော အတုမရှိကျောင်းတော်ကြီးကို အတွင်းဝန်ရွှေပြည်ဝန် ဝက်မစွက်မြို့စား မင်းကြီးမင်းလှမဟာစည်သူ (ယောအတွင်းဝန်)ကြီးကြပ်ဆောက်လုပ်ခဲ့ရာ ၁၈-နှစ်ကြာခဲ့လေသည်၊ ပဋ္ဌမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး နတ်ရွာစံခါနီးဖြစ်ရာ သက္ကရာဇ် ၁၂၃၉-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀-ရက်နေ့တွင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားသည် ရွှေနန်းတော်က သမ္မန်တော်တွင် ရွှေစက်တော်တင်တော်မူ၍ တပ်ဝင်းအခင်းအကျင်းနှင့် ရေကြောင်းထွက်တော်မူပြီးလျှင် ကြည့်ရှုတော်မူသည်၊ ထိုကျောင်းတော်ကြီးထက်၌ ရတီချိန် ၃၂-ရတီရှိသော မဟာစိန်တော်ကလေးကို ဥက္ကာလုံးမွှေရှင်တော်ပြု၍ တင်လှူတော်မူသည့် မံဆင်းတုတော်ကြီးနှင့် မဟာဗောဓိသားဖြင့် ထုလုပ်ထားသော ရုပ်ပွားတော်ကြီးများကို တင်ထားကိုးကွယ်တော်မူလေသည်။[1]

စကြာဒေဝီမိဖုရားကြီး သတိရ

မင်းတရားကြီး၏ စကြာဒေဝီမိဖုရားကြီးမှာ ၁၂၃၈-ခုနှစ်က နတ်ရွာစံခဲ့လေသည်၊ ကျောင်းတော်ကြီးရေစက်ချပွဲ (ဝိဟာရမဟာပူဇော်ပွဲ) ကျောင်းလွှတ်သဘင်၌ မိဖုရားကြီး မရှိတော့ချေ၊ မင်းတရားကြီးသည် ခန့်ငြားထည်ဝါလှသည့် ကျောင်းတော်ကြီးကို မြင်ရလေလျှင် စကြာဒေဝီမိဖုရားကြီးကို အဖန်ဖန်သတိရခဲ့လေသည်၊ မဟာခေမိကာရာမကျောင်း သစ်ဆိမ့်တိုက်ဆောက်လုပ်ပြီး သစ်ဆိမ့်ဆရာတော်အား ရေစက်ချလှူဒါန်းစဉ် စကြာဒေဝီမိဖုရားခေါင်ကြီးက ဘုရင်မင်းမြတ်အား သာဓုအနုမောဒနာ ခေါ်စေတော်မူခဲ့လေသည်၊ ယခုမူ အတုမရှိကျောင်းတော်ကြီး ရေစက်ချပွဲတွင်ကား သာဓုခေါ်စေမည့် အမတော်မိဖုရား မရှိပြီဟု ယူကြုံးမရ ဖြစ်ရှာလေသည်။

၁။ ကုန်းဘောင်ဆက်။ ၃။ ၄၂၄။ ကြည့်။

ထွတ်ခေါင်ဆရာတော်အား လှူလိုပေမဲ့ အလှူမခံ

မင်းတရားကြီးသည် ကျောင်းတော်ကြီးကို ထွတ်ခေါင်ဆရာတော်အား တင်လှူလိုသဖြင့် ထွတ်ခေါင်ဆရာတော်အား လျှောက်ထားရာ ထွတ်ခေါင်ဆရာတော်က "ဒကာတော်ရေမြေရှင် ကျောင်းဟာ ဘယ်ကျောင်းနှင့်မှမတူ တမူထူးခြားလှသည့်ကျောင်းတော် ဖြစ်ပါပေသည်၊ အဲသည်အထဲမှာ အတုမရှိလို့ နာမည်ပေးထားပြန်တော့ ဆရာတော်အလှူမခံရဲဘူး ဒကာတော်မင်းမြတ်၊ နာမည်နှင့်လိုက်လျောအောင် အတုမရှိရုပ်ဟားတော်များသာ တင်ထားကိုးကွယ်သင့်ပေတယ်" ဟု မိန့်ကြားတော်မူချက်အတိုင်း ဗုဒ္ဓပွမုခစာတုဒ္ဒိသသံယိကရေစက်ချခဲ့လေသည်။

အာရုံတက်အောင်ပင် သီတင်းမသုံးလို

ကျောင်းလွတ်သဘင်ပြီးတော့ ထွတ်ခေါင်ဆရာတော်ဘုရားအား ဒကာတော်၏ကျောင်းပေါ်၌ ဒကာတော်အား ချီးမြှောက်ပါသဖြင့် ရက်လောက်သီတင်းသုံးပါရန် လျှောက်ထားပြန်ရာ "ဒကာတော်ရေမြေရှင် မိမိမှာ ရဟန်းသိက္ခာ ၈-ဝါရကစပြီး ဂါမဝါသီ အာရုံကို ပယ်ခဲ့ပါ၏။ ဒကာတော်မင်းတရား၏ ကျောင်းပေါ်၌ ၇-ရက်မပြောနှင့် အာရုံပေါက်အောင်ပင် သီတင်းမသုံးလိုပါ"ဟု မိန့်တော်မူသော ဟူ၏။

ပဋိုကတိတော်များ ပင့်တင်ကိုးကွယ်

သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် ကဆုန်လတွင် မဟာဝိသုတာရာမတိုက်တော်မှ ပိဋကတ်တော်များကို မဟာအတုဝေယန်ကျောင်းတော်ကြီးသို့ ဖောင်တော်, သမ္မန်တော်, လှေတော်မှစ၍ ရေတပ်အခင်းအကျင်းအခမ်းအနားဖြင့် ပင့်ဆောင်ထားရှိ ကိုးကွယ်စေတော်မူခဲ့လေသည်၊ မင်းတရားကြီးလည်း ယင်းအခင်းအကျင်းကို ရှုစားတော်မူခဲ့လေသည်။

မီးလောင်ပျက်စီးခြင်း

ကျောင်းတော်ကြီးပေါ်၌ ရုပ်ပွားတော်ကြီးမှတစ်ပါး ရုပ်ပွားတော်အများအပြားလည်း သီတင်းသုံးတော်မူလျက် ရှိ၏၊ မင်းတရားကြီးအား နိုင်ငံခြားတိုင်းပြည်များမှ လက်ဆောင်ပဏ္ဏာပြုသမျှ ပစ္စည်းများတို့ကိုလည်း ကျောင်းပေါ်၌ ရုပ်ပွားတော်များအား ပူဇော်ထားလေသည်၊ အင်္ဂလိပ်မင်း မြန်မာပြည်ကို သိမ်းပိုက်သောအခါ စိတ်မချသဖြင့် ဆင်းတုတော်အချို့တို့ကို ရွှေကျီးမြင့်ဘုရားသို့ ပြောင်းရွှေ့စမ္ဘာယ်တော်မူရန် ပင့်ဆောင်ထားကြကုန်၏။ ဖော်ပြပါ အစားမထိုးနိုင်သော ယဉ်ကျေးမှုအမြုတေပစ္စည်းတို့နှင့်တကွ အတုမရှိကျောင်းတော်ကြီးသည် သက္ကရာဇ် ၁၂၅၄-ခုနှစ်[1] တွင်း မီးခၽ ပျက်စီးခဲ့ရလေသည်။ ယင်းကျောင်းတော်ကြီး မီးလောင်ပျက်စီးရခြင်းမှာ အင်္ဂလိပ်ပယောဂမကင်းဟု အဆိုရှိ၏။

ဝ ဝ ဝ ဝ ဝ ဝ
နိမ္မတော ဝိယ ဒေဝေဟိ၊ ဝိစိတ္တကမ္မသောဘတော။
နာနာရတနသမ္ဘာသော၊ နာနာသိရိဝိရာဇိတော။
အတုလဝုယနာမေန၊ ပါကဋော ပဋိမာလယော။
အသဿတံ ပကာသေန္တော၊ အဂ္ဂိဒဗ္ဗေန နဿိတော။

ဒေဝေဟိ= နတ်အပေါင်းတို့သည်။ နိမ္မတော ဝိယ= ဖန်ဆင်းအပ်သကဲ့သို့။ ဝိစိတ္တကမ္မသောဘိတော= အထူးထူးသော ဆန်းကြယ်မှုတို့ဖြင့် တင့်တယ်သော။ နာနာရတနသမ္ဘာသော= အထူးထူးသော ရတနာရောင်တို့ဖြင့် ထိန်ပြောင်ထွန်းလင်းတောက်ထသော။ နာနာသိရိဝိရာဇိတော= အထူးထူးသော ကျက်သရေတို့ဖြင့် နှစ်သက်စဖွယ်ဖြစ်ပေထသော။ အတုလဝုယနာမေန= အတုမရသကတ္ထကြောင့် အတုလဝေယန် တံဆိပ်နာမံတော်ဖြင့်။ ပါကဋော= မြန်မာ့တိုင်းခရိုင်နိုင်ငံမက ကျော်စောထင်ရှားထသော။ ပဋိမာလယော= ရုပ်ပွားဆင်းတုတော်ကြီးတည်ရာ မဟာကျောင်းတော်ကြီးသည်။ အသဿတံ=

---

[1] ၁၂၅၅-ခုနှစ် (မူကွဲ)။

သခ်ၤါရမွမ္ဒ ဟူသမျှတို့၏ မုခ္ခစင်စစ် အမြဲမရှိသော အနိစ္စသဘော အဖြစ်ကို။ ပကာသေန္တော= ထင်ရှားပြလျက်။ အဂ္ဂိဒဟေန= ညီးညီးထိန်ပြောင် တောက်လောင်အပ်သည်ဖြစ်၍။ နသိတော= ပျက်စီးခဲ့လေပြီ။[1]

ရွှေနန်းကျောင်းတော်ကြီး

မဟာအတုလဝိဇယာရာမကျောင်းတိုက်ကြီးအတွင်း၌ ရွှေနန်းကျောင်းတော်ကြီးမှာ ဘေးအန္တရာယ်အမျိုးမျိုးကြားမှ ကျန်ရှိခဲ့လေသည်၊ ဤကျောင်းတော်ကြီးမှာ ကျွန်းသားများဖြင့်ချည်း ဆောက်လုပ်ထားဇ၊ ကျွန်းတိုင်ပေါင်း ၁၅၀-ရှိ၏၊ အရှေ့အနောက် ၁၅-လုံးစီတန်း၍ တောင်မြောက် ၁၀-လုံးစီ တန်းကားလေသည်၊ လေးဖက်ပတ်လည်၌ ကျွန်းတိုင် ၄၆-လုံး ရှိလေသည်၊ အတွင်း၌ နယားတစ်ကောင်စီ ထောက်ထားဟန် ထုထားလေသည်၊ ဒေါက်တိုင်များကိုမူ နယားနှစ်ကောင်, တစ်ချို့ ၃-ကောင် ထောက်ထားဇ၊ တောက်နယားပေါင်း ၅၄-ကောင် ရှိလေသည်။ ထိုကျွန်းတိုင်ကြီးများမှာ ကလေးကစ်ဖက်စာ ရှိ၏။

ထို့ပြင် ရွှေမျှ၍ ကြိုးမင်းသရုံးပြောက်တိုင် ခါးစည်းထား၏၊ တိုင်များ၏အောက်ခြေ၌ စကျင်ကျောက်ခွာများလည်း ရှိ၏၊ အတွင်း၌ အခန်း ၂-ခန်း ရှိလေသည်၊ အရှေ့ဖက်ခန်းတွင် မာရဘင် ကန့်ထားသည့် အပရာဇိတပလ္လင်တော်နှင့် ဘုရားရုပ်ပွားတော် ထားရှိ၏၊ ယင်းရုပ်ပွားတော်မှာ ပဌမသံဂါယနာတင် မင်းတရားကြီးကိုးကွယ်သည့် မဟာဗောဓိသား ဒကွိဏာသာခါရုပ်ပွားတော်ဖြစ်သည်ဟု သိရ၏၊ ထိုပလ္လင်ရှေ့တွင် နတ်ရုပ်ယုများ ရှိ၏၊ ဘေးပတ်လည် မောင်းမကားများကို ဖလ်ပွတ်လုံးဖြင့် ထုလုပ်ထား၏။ ၎င်း၏ဘေးခြေ မောင်းမလယ်များတွင် ဇာတ်ကြီးဆယ်ဘွဲ့ရုပ်ပုံများ ထွင်းထုထား၏။

၁။ မဟာဝိသုဒ္ဓါရာမိကထေရပ္ပတ္တိဒီပနီ။ ၈၅၊ ၈၆။

အမိုးမျက်နှာကျက်များကို ရုပ်လုံးကြွပန်းနွယ်များဖြင့် အနုပညာမြောက်စွာ ထုလုပ်ထားသည့်ပြင် ရွှေချထားသေး၏။ ရနယ်တန်းများ၌လည်း ပန်းပျောက်နုများ ထွင်းထားလေသည်၊ ဘေးလက်ရန်းများကို ရွှေချပွတ်လုံးဖြင့် သွပ်သွင်းပြုလုပ်ထား၏၊ ပန်းနွယ်ပန်းလိမ်များ ထွင်းထားသည်ကိုလည်း တွေ့မြင်နိုင်သည်။

အပေါ်တွင် သံ ရေတံလျှောက်တစ်ခုကို ပြောင်မြောက်စွာ ပြုလုပ်ထား၏၊ ကျောင်းကြီး၏အမိုးမှာ လေးဆင့်ရှိ၏၊ ယင်းအမိုးပြာသာဒ်တို့ကို သားမြီးယပ်ကိုင် နတ်ရုပ်များ, နဂါးပုံများ, ဒေါင်းရုပ်များ လေးဖက်ပတ်လည် ထွင်းထား၏၊ အမိုးစွန်းများကို အပြောက်မှင်ကာ စုလစ်မွန်းချွန်များ ပြုလုပ်ထား၏၊ ကျောင်းနံရံတလျှောက် ခြူးကြားပြောက်များနှင့် ရုပ်လုံးကြွများကို အသားပို လက်ရာများဖြင့် ထုလုပ်ထားလေသည်၊ သုံးရေ လွယ်ကူရန်နှင့် မီးကာကွယ်ရန် အရှေ့ဖက်, တောင်ဖက်, မြောက်ဖက်တို့၌ ရေတွင်းရေကန်များ တူးဖော်ထား၏။

ကျောင်းတော်ကြီးသမိုင်းအကျဉ်း

မာရ်အောင်ရတနာ စေတီတော်ဒါယကာ သားတော်သီပေါမင်းတရားသည် ဖခင်မင်းတရားကြီးနေထိုင်ခဲ့ရာ ဘုံဗိမာန်အဆောင်တော်ကို အထွတ်အမြတ်ထားလို၍လည်းကောင်း၊ ဖခင်နတ်ရှာစံကံတော်ကုန်ရာ အဆောင်တော်ဖြစ်သဖြင့် အမဂ််လာဟု ယူဆ၍လည်းကောင်း သက္ကရာဇ် ၁၂၄၅-ခုနှစ်တွင် နန်းတော်မှရွှေ့ပြောင်း၍ ဤမည်သော မဟာအတုလဝိဇယာရာမတိုက်ကြီးအတွင်း ရွှေ့ပြောင်းဆောက်လုပ်စေခဲ့ရာ ယင်းသည့် ၁၂၄၅-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄-ရက်နေ့တွင် ပြီးပြေသဖြင့် ပင့်သံယာ ၇၀-ပါးတို့အား တစ်ပါးလျှင် ငွေ ၇၀-တန် ပဒေသာပင်တို့ လှူဒါန်း၍ ရေစက်သွန်းချခဲ့လေသည်။ ဆင်ဖြူရှင်မိဖုရားကလည်း လှူဒါန်းဖွယ်ရာတို့ဖြင့် ထပ်မံ ရေစက်သွန်းချခဲ့လေသည်။ တဖန် လပြည့်ကျော် ၅-ရက်

တစ်နေ့)တွင် မင်းသား မျူးတော်မတ်တော် ဆွေတော်မျိုးတော် ကတော်မယားတို့ ကြိုးကြပ်၍ ရေစက်သွန်းချ လျှုဒါန်းလေသည်။ တံဆိပ်တော်ရဆရာတော် အပါး ၇၀-တို့အား တစ်ပါးလျှင် ၃၀၀-တန်စီ လျှုဒါန်းလေသည်။[၁]

သီပေါ၃ယော သုဘူပါလော၊ ပိတုရညော နိကေတနံ။
သက်ာမေတ္ဘာတုလာရာမေ၊ သာသနေ အပ္ပယိ သုဓိ။

နန္ဒသာရသိရိသဒ္ဓမ္မဇရာဇဂုရု
နန္ဒသာရသိရိသဒ္ဓမ္မဇေယဟာမ္မရာဇာဓိရာဇဂုရုနှင့်
နန္ဒာဘိဓောဓိပတိပဝရမဟာမ္မရာဇာဓိရာဇဂုရု
ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်နန္ဒသာရ

ဆရာတော်အရှင်နန္ဒသည် မဟာအတုလဝိဇယာရာမတိုက်၏ ပဌမဆုံးနာယက ဖြစ်တော်မူသည်၊ ပခန်း သမ္မုတိသာသနာပိုင်ဟု သာသနာတော်၌ လွန်စွာထင်ရှားလေသည်၊ မဟာဝိသုတာရာမတိုက်တော်၌ ကြာမြင့်စွာ သင်ကြားသုံးတော်မူ၍ စာပေသင်ကြားပို့ချတော်မူခဲ့လေသည်၊ သီပေါမင်းတရား ဘခင်နန်းတော်ဆောင်ကို ရွှေပြောင်းဆောက်လုပ်လျှုဒါန်းပြီးနောက် ပင့်လျှောက်ချက်အရ မဟာအတုလဝိဇယာရာမတိုက် ရွှေကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူရလေသည်။[၂]

၁။ ကုန်းပေါက်သက်။ ၃။ ၆၁၆။ ၆၁၇။

၂။ ဖောက်သည် မန္တလေးသာသနာဝင်။ ၂၄။
ပဌမဝိဇယာရာမတိုက်တော်သာသနာဝင် နန္ဒသာရသိရိသဒ္ဓမ္မဝဇရာဇဂုရု နန္ဒသာရသိရိသဒ္ဓမ္မမဇဇမဟာမမ္မရာဇာမိရာဇဂုရု၊ နန္ဒာဘိဓေါဓိပတိ ပဝရမဟာမပ္ပရာဇာမိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင် နန္ဒသာရ-ကြည့်။

အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်ဥာဏ

ဆရာတော်သည် ပခန်းသမ္မုတိသာသနာပိုင်ဆရာတော် ပျံလွန်တော်မူပြီးနောက် မဟာအတုလဝိဇယာရာမတိုက်၏ နာယကဆရာတော် ဖြစ်လေသည်။

မြင်းခြံခရိုင် တောင်သာနယ်၌ သက္ကရာဇ် ၁၂၁၇-ခုနှစ် သီတင်းကျွတ်လဆန်း ၆-ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ငယ်စဉ်ကပင် ရှင်, ရဟန်းပြု၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ ပခန်းသာသနာပိုင်စသည့် ဆရာတော်များထံ ပညာသင်ကြားခဲ့လေသည်။

အဂ္ဂမဟာပဏ္ဍိတ သုဓမ္မာဝင် ပဌမဉာဏ္ဍိုင်

ဆရာတော်သည် သက္ကရာဇ် ၁၂၇၇-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလျှုံခံ ရရှိတော်မူခဲ့လေသည်။ သုဓမ္မာဝင် ပဌမဉာဏ္ဍိုင်ဆရာတော်လည်းဖြစ်၍ သာသနာရေးရာများကို အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူခဲ့လေသည်။

ပျံလွန်တော်မူခြင်း

ဖော်ပြပါ ဆရာတော်ဘုရားကြီး အရှင်ဥာဏသည် သက္ကရာဇ် ၁၂၈၉-ခုနှစ် တပို့တွဲလဆန်း ၆-ရက်နေ့ နံနက်အရုံတက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

သံဝေဂယူရန်

ဘော မောဟမောဟိတတယာ ဝိဝေသော အဝညော၊
လောကော ပတိတျပိ ဟိ မစ္စုမုခေ သုဘိမော။
ဘောဂေ ရတိံ သမုပယာတိ ဝိဟိနပညော၊
ဒေါလာတရင်စပလေ သုပိနောပမေယျ။

ဘာ= အိုအချင်းတို့။ ဘာ= ရှင်လူအပေါင်း အိုသူတော်ကောင်းတို့။ ဝိဝသော= အလိုအကြိုက်သို့ မလိုက်မပါသော။ အဓညော= ဘုန်းကံမရှိသော။ ဝါ= ဘုန်းကံခေါင်းပါး ဘုန်းကံရှားပါးသော။ ဝိဟီနပညော= ယုတ်လျော့သောပညာရှိသော။ လောကော= လူအပေါင်းသည်။ သုဘိမော= လွန်စွာကြောက်မက်ဖွယ်ရှိသော။ မစ္စုမုခေ= ယုတ်မာစင်းစင်း သေမင်းခံတွင်း၌။ ပတိတောအပိ= ကျရောက်ရလျက်လည်း။ မောဟမောဟိတတယာ= မောဟဖြင့် လွန်စွာတွေဝေသည်၏အဖြစ်ကြောင့်။ ဒေါလာတရင်စပလေ= အေးယင်ပုခက် လှုပ်လက်လှိုင်းတိုး လှိုင်းတံပိုးတရထည် မတည်လျက်ပေါ်သော။ သုပိ-နောပမေယျ= အိပ်မက်တမူ အလားတူသော။ ဘောဂေ= စည်းစိမ်၌။ ရတိ= မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ခြင်းသို့။ သမုပယာတိ= ရေပွက်ပမာ ကာလမကြာ ရောက်ရပါပေ၏။[1]

ထိုစဉ်က အခြေအနေသမိုင်းကို ပြောနေသည့် စျာပနပင့်လျှောက်လွှာ

ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ဖြစ်လေသည်၊ အဂ္ဂမဟာပဏ္ဍိတ ရွှေနန်းကျောင်းဆရာတော်ဘုရားကြီး ပျံ့လွန်တော်မူစဉ်က စျာပနပင့်လျှောက်လွှာမှာ. မရဏာနုဿတိကမ္မဋ္ဌာန်း အထောက်အပံ့ကိုလည်း ဖြစ်စေနိုင်ပါသည်။

ထိုစဉ်အခြေအနေ သမိုင်းကိုလည်း ပြောနေပါသည်။ သို့ဖြစ်၍ သာသနာဝင်စာတော်ဖတ်တို့အား ဓမ္မလက်ဆောင်အနေဖြင့် ဖော်ပြအပ်ပါသည်။

၁။ တေလကဋာဟကျမ်း။ ၂၄ ဂါထာ။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
သုဓမ္မာဝင် အတုမရှိတိုက်
ရွှေနန်းတော်ကျောင်း ဆရာတော်ဘုရားကြီး
ဗျာပနပင့်လျှောက်လွှာ

မြို့ရွှေတိုက်တော် သံဃနာယက ကျောက်ပန်းတောင်း ဆရာတော်ဘုရားကြီးကို အမှူးထား၍ ၎င်းတိုက် ရွှေကျောင်းဆရာတော်၊ တောင်သာမြို့ ကျောက်ချောရွာ အရှေ့ကျောင်းဆရာတော် ဦးပညာသိရီ၊ အတုမရှိတိုက်အုပ်, အရှေ့ပြင်ဌာနချုပ်ဆရာတော်၊ တောင်ပြင်ဒကွိုဏာရာမ့တိုက် ဘုန်းကြီးဦးသောဘိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မြောက်ပြင်, ဌာနအုပ်, ဝေဠုဝန်ဆရာတော်၊ အတုမရှိတိုက် တောင်ပေါက်အထွက် အံ့ရှေ့ဖက်ကျောင်း ဘုန်းကြီးဦးနန္ဒိ၊ ၎င်းတိုက် အနောက်ဖက်ဘုံသာကျောင်းဘုန်းကြီး ဦးတေဇိန္ဒ၊ စော်ဘွားကျောင်းနေ ဦးနန္ဒဝံသ၊ ရွှေနန်းတော်ကျောင်းနေ တပည့်ကြီး ဦးဇောတ, ဦးဇဝန, ဦးပဏ္ဍိစ္စ, ဦးပဒုမ, ဦးတိဿစသော တပည့်တပန်း ရဟန်းသံဃာတော်ငယ်တစ်စုတို့ ရိုသေစွာ ပင့်လျှောက်ပါသည် ဆရာတော်သံဃာတော် အရှင်မြတ်တို့ဘုရား။

အကြောင်းမှာ- ဂန္ဓဋ္ဌရ ဗဟုသုတ၊ ပရိယတ္တိဝိသာရဒ၊ လဇ္ဇီပေသုလ၊ သိက္ခာကာမစသောဂုဏ်နှင့် ပြည့်စုံတော်မူသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သုဓမ္မာဝင် အတုမရှိတိုက် ရွှေနန်းတော်ကျောင်း ဆရာတော်ဘုရားကြီး၏ အလောင်းတော်မြတ် ရုပ်ကလာပ်ကို တကာတော်ပျဉ်းမနားမင်းသားနှင့် တကာတော်မထရန်ကာမင်းသမီးတို့က ရွှေခေါင်းနှင့် ရွှေသားခေါင်းပတ် ကနက္ကဒါန်ထီးဖြူတော်ကြီး (၈)လက်တို့ဖြင့် ပူဇော်တော်မူခြင်း၊ တပည့်ရင်းချာသီပေါမြို့နေ ပွဲစားကြီး-ဦးမှိုက ဘော်သားအလောင်းစဉ် တင်ရင်ပူဇော်ခြင်း၊ ပန်းတော်ခြင်းရှာစားနှင့် သားသမီးတစ်စုတို့က မလ္လိကာတန်ဆာ ငွေနဂါးခေါင်း၊ အလောင်းရုပ်ပုံတော် ပူဇော်ခြင်းစသော ထီးဖြူတော်ဖွင့်လှစ်ရန် အခမ်းအနားပြီးပြည့်စုံသည်ဖြစ်ပါ၍ (၁၂၈၉-ခုနှစ်၊ ကပေါင်းလဆုပ် (၁၃)ရက်နေ့) ထီးဖြူတော်ဖွင့် အခမ်းအနားပြုလုပ်

ပြီးလျှင်၊ ၎င်းခုနှစ် တကူးလဆန်း (၁၅)ရက်နေ့ကစ၍ လောင်တိုက်စဉ်ရှင်၊ ထိုပြင် တလားကြီး တလားငယ် အသွယ်သွယ်အရပ်ရပ် ပြာသာဒ်မျက်နှာကျက် ကရဝိက်ဘောင်စသော အဆောက်အဦလျှုဒါန်း ပူဇော်ဖွယ် တင့်တယ်ခမ်းနားစွာ သာဓုကီဠနသဘင် ဆင်ယင်ကျင်းပ ပြီးလျှင်၊ ၎င်းလဆုတ် (၄)ရက်နေ့ အဂ္ဂိစျာပနအရိုးမြေကျအောင် ရွက်ဆောင်ဖုတ်ကြည်း သင်္ဂြိုဟ်မည်ဖြစ်ပါ၍၊ ၎င်းနေ့ နေ့ဆွမ်းမီ အသုဟကမ္မဌာန်း စီးဖြန်းကြွရောက်တော်မူပါမည့်အကြောင်းကို ရိုသေစွာ ပင့်လျှောက်အပ်ပါသည် သရာတော်သံယာတော် အရှင်မြတ်တို့ ဘုရား။

◆◆◆

ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ)
သုဓမ္မာပဒီပမအချုပ် နိုင်ငံတော်သြဝါဒါစရိယ
ဆဋ္ဌသံဂါယနာပါဠိဋီကာဆရာတော် အရှင်နန္ဒိယ

ဆရာမဟော်အရှင်နန္ဒိယသည် အတုမရှိကျောင်းတိုက်ကြီး အတွင်း စေတ်ဘုံးကျောင်း၌ သီတင်းသုံးတော်မူ၍ စာပေချပို့ သာသနာပြုတော်မူခဲ့လေသည်။

ဖွားမြင်တော်မူခြင်း

ပခုက္ကူမရိုင်း ပခန်းဖရေ့လက် ရေရှားရွာ၌ အဖ-ဘုရားဒကာ ဦးပိုလ် အမိ-ဘုရားအမဒေါ်ရွှေမြတို့မှ သက္ကရာဇ် ၁၂၃၅-ခုနှစ် တပေါင်းလဆန်း ၁၃-ရက်နေ့တွင် မိုးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။

ရှင် ရဟန်းပြုခြင်း

အရွယ်ရောက်သော် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ သက်တော် ၂၀-ပြည့်မြောက်ရာ

၁၂၅၅-ခုနှစ် နယုန်လဆန်း ၂-ရက်နေ့ ၁၁-နာရီအချိန်တွင် ဥပ-သမ္ဘဝဇာတ် မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ပညာသင်ကြားခြင်း

"မာလာဂ်ာရအတုလာဓိပတိသိရိပဝရဓဇမဟာသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ တောင်တော်သာသနာပိုင်ဆရာတော် အရှင်မာလာဆရာတော်ဘုရားကြီး, "နန္ဒသာရသိရိသဒ္ဓမ္မဓဇရာဇဂုရု, နန္ဒာဘိဓာဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု-နှင့် နန္ဒသာရသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ပခန်းသမ္မုတိသာသနာပိုင်ဆရာတော်, "ဝိသုဒ္ဓသီလာစာရသိရိပဝရဓမ္မသေနာပတိမဟာသံဃရာဇာ" တောင်ခွင်သာသနာပိုင်ဆရာတော်, "ဂုဏာဘိလင်္ကာရမဟာဓမ္မရာဇဂုရု, ဂုဏာဘိလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်များနှင့် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ သံဃနာယကကျောက်ပန်းတောင်းဆရာတော်, "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ပဌမသုဓမ္မာဝင် ရွှေနန်းကျောင်းဆရာတော် အရှင်ဉာဏာတို့ထံတွင် ပညာသင်ကြားတော်မူခဲ့လေသည်။

ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ)
ဆဋ္ဌသံဂါယနာသြဝါဒါစရိယ

ဆရာတော်သည် စာပေကျမ်းဂန်တို့၌ ထူးချွန်တတ်မြောက်တော်မူသည်၊ စာလိုက်သံယာတော် များစွာတို့အား စာပေချပ်ပြုတော်မူသဖြင့် ပရိယတ္တိသာသနဟိတအသင်းကြီးက "ဘဒ္ဒန္တနန္ဒိယာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ)အဖြစ်ဖြင့် ၁၃၀၈-ခုနှစ်မှ စ၍ ထောက်ပံ့ကိုးကွယ်ခြင်းကို ခံယူတော်မူရလေသည်၊ သိက္ခာတော် ၄၅-ဝါမှစ၍ သုဓမ္မာဝင်ဆရာတော်ကြီးတို့၏ သုဓမ္မာဝင်ဒုတိယချုပ်တင်မြှောက်ခြင်းကိုလည်း ခံယူတော်မူရလေသည်၊ နိုင်ငံတော်သြဝါဒိစရိယ, ဆဋ္ဌသံဂါယနာသြဝါဒါစရိယလည်း ဖြစ်တော်မူလေသည်။

ပုံလွန်တော်မူခြင်း

ဆရာတော်အရှင်နန္ဒိယသည် သာသနာ့ကိစ္စရေးရာများကို အားသွန် ကြိုးပမ်းထမ်းဆောင်ဆဲဖြစ်ရာ သက္ကရာဇ် ၁၃၁၇-ခုနှစ် နတ်တော်လဆန်း ၁-ရက်နေ့ ည ၁၀-နာရီအချိန်တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

သံဝေဂယူရန်

ဧကောပိ မစ္စု အဘိဟန္တ္မမလံ တိလောကံ၊
ကိန္နိဒ္ဒယာအပိ ဇရာမရဏာနုယာယိ။
ကော ဝါ ကရေယျ ဝိဘဝေသု စ ဇိဝိတာသံ၊
ဇာတော နရော သုပိနသင်္ကာမသန္ဓိဘေသု။

ဧကောပိ မစ္စု= တစ်ဦးသော သေမင်းသည်လည်း။ တိလောကံ= လောကယိမ်းကျုံး လူသုံးပါးကို။ အဘိဟန္တ္မံ= လွန်စွာနှိပ်စက်ညှင်းဆဲခြင်းငှာ။ အလံ= မုချပိုင်ပိုင် စွမ်းနိုင်၏။ နိဒ္ဒါယ= သတိကင်းကွေ အိပ်ပျော်၍နေခြင်းဖြင့်။ ကိံ= အဘယ်အကျိုးရှိအံ့နည်း။ ဇရာမရဏာနုယာယိ= သွားကြိုးဆံဖြူ ငယ်မှုယိုယွင်း အိုမင်းရင့်ရော်မှည့်ပျော်ခြင်း, စုတိပြတ်ကြွေ သေလွန်ခြင်းဖြင့် အစဉ်တစိုက်လိုက်သည်။ ဇာတော= ဖောက်စင်စစ် ဖြစ်ပါလျက်။ ကော ဝါ နရော= အဘယ်သူသည်လည်း။ သုပိနသင်္ကာမသန္ဓိဘေသု= အိပ်မက်ထဲမှာတွေ့ဆုံရမြင်းနှင့်တူကုန်သော။ ဝိဘဝေသု စ= စည်းစိမ်ဥစ္စာတို့ဌာလည်းကောင်း။ ဇီဝိဂတ စ= အသက်ဌာလည်းကောင်း။ အာသံ= ခင်မင်စုံမက် နှစ်သက်တောင့်တခြင်းကို။ ကရေယျ= ပြုရပါအံ့နည်း။

သာသနာ့သမိုင်းအတွက်
အချက်အလက် တစိတ်တဒေသ ပေးသည့်စာ

လွန်ခဲ့သောအနှစ် ၃၀-က သာသနာ့သမိုင်းအတွင်း အချက်အလက်တစိတ်တဒေသပေးသည့် ဆရာတော်အရှင်နန္ဒိယ ဘုန်းကြီးပျံ့သာဓုကီဠနအဂ္ဂိစျာပန ပင့်လျှောက်လွှာ စာရွက်ဆွေးကလေးကို သာသနာဝင်အချက်အလက် ရှာဖွေယင်း ရရှိခဲ့ပါသည်၊ စာရှုသူတို့ ဖတ်ရှုရာ၏၊ အကျိုးရှိပါလိမ့်မည်။

ဘုန်းကြီးပျံ့ သာဓုကီဠနအဂ္ဂိစျာပန ပင့်လျှောက်လွှာ

မန္တလေးမြို့ သုဓမ္မာဝင်ဆရာတော်ကြီးများနှင့်တကွ လေးပြင်လေးရပ်ရှိ သံဃနာယကဆရာတော်၊ ဒုတိယသုဓမ္မာဝင်ဆရာတော်၊ အနုဝိဇ္ဇကဆရာတော်၊ ဌာနချုပ်ဌာနအုပ်ဆရာတော်၊ တိုက်အုပ်တိုက်ကြပ်ဆရာတော်၊ အရှေ့ပြင် စိန်တုံးဆရာတော်၊ မကွေးရာဆရာတော်၊ မှန်ကျောင်းဆရာတော်၊ ပုဃိမ်းကြီးတောင်ကျောင်းဆရာတော်၊ မာရ်အောင်တိုက်အနုဝိဇ္ဇကဆရာတော်၊ ဆင်တဲဆရာတော်၊ သက်ပန်းဆရာတော်၊ မောင်းထောင်ဆရာတော်၊ တိုက်တော်ဆရာတော်၊ ခင်မကန်ဆရာတော်၊ ကန်ကျောင်းအနုဝိဇ္ဇကဆရာတော်၊ မှန်ကျောင်းတိုက်ဦးနန္ဒမာလာ၊ အတုမရှိတိုက် ရွှေနန်းတော်ကျောင်း ဦးသူရိယ၊ ဗိုလ်ကျောင်း ဦးကောသလ္လ၊ ဘုံကျောင်း ဦးပဏ္ဍိတ၊ စော်ဘွားကျောင်း ဦးပဏ္ဍိတ၊ မြကလေးကျောင်း ဦးဓမ္မပါလ-တို့က ရိုသေစွာ လျှောက်ထားပါသည် ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား။

(၁) မာလာလင်္ကာရအတုလအဓိပတိသိရိပဝရဓဇဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ တောင်တော်သာသနာပိုင်ဆရာတော်၊

(၂) နန္ဒသာရသိရိသဒ္ဓမ္မဓဇရာဇဂုရုပဌမတံဆိပ်တော်၊ နန္ဒ-သာရသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဒုတိယ

တံဆိပ်တော်၊ နန္ဒာဘိဓဇာဓိပတိပဝရမဟာဓမ္မရာဇာဓိ ရာဇဂုရု တတိယတံဆိပ်တော်၊ ဘွဲ့တံဆိပ်တော် ၃-ထပ်ရ အတုမရှိသမုတိသာသနာပိုင်ပုခန်းကြီးဆရာတော်။

(၃) ဝိသုဒ္ဓါစာရသိရိပဝရဓမ္မသေနာပတိမဟာသံဃရာဇာ တောင်ခွင်သာသနာပိုင်ဆရာတော်။

(၄) ဂုဏာဘိလင်္ကာရမဟာဓမ္မရာဇဂုရု ပဌမတံဆိပ်တော်၊ ဂုဏာဘိလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဒုတိယတံဆိပ်တော်၊ ဘွဲ့တံဆိပ်တော် ၂-ထပ်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သံဃနာယကကျောက်ပန်းတောင်းဆရာတော်။

(၅) အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပဌမသုဓမ္မာဝင် ရွှေနန်းတော်ကျောင်းဆရာတော်။

ရင်းဆရာတော်ဘုရားကြီးတို့၏တပည့်-

တပည့်တော်တို့၏ အားလားမှီခိုကြည်ညိုကိုးကွယ်ဆည်းကပ်လျက် ကျောက်ထီးတန္တြ ရိုသေသမှု အလေးအမြတ်ပြုအပ်သော သက်တော် (၈၂)၊ ဝါတော် (၆၂)ဝါ ရရှိတော်မူသော ပရိယတ္တိသာသနဟိတာဓမ္မာစရိယ (မူလစာချ) သုဓမ္မာပဌမအချုပ်၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ဆဋ္ဌသံဂါယနာပါဠိဝိသောဓက မန္တလေးရတနာပုံ လေးပြင်လေးရပ် ကျောင်းထိုင်ဆရာတော်များ၏ အဖွဲ့ချုပ်၊ ဩဝါဒါစရိယ လဇ္ဇီပေသိလ သက္ခာကာမ ဂန္ထန္တရဗဟုသုတ နာနာနယကောဝိဒ ဝိနယဂရုက ဝိနယကောသလ္လစသော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံလျက် သံလပန္တမာစစ်ဖြစ်ပေါ်မူသော အတုမရှိဆရာတော်ဘုရားကြီးသည် ဇရာဖိစီး သက်ကြီးအိုမင်း ယိုယွင်းသော ဗျာဓိရောဂါနှိပ်စက်လာသဖြင့် "နဿနဓမ္မော နဿတိ၊ ဘိဇ္ဇနဓမ္မော ဘိဇ္ဇတိ၊ မရဏမေဝ ဓုဝံ ဘဝိဿတိ"ဟု ပါဠိအရ မရဏသဘောတရားကို မလွန်ဆန်နိုင်သည်ဖြစ်ပါ၍ ၁၃၁၇-ခုနှစ်၊ နတ်တော်လဆန်း ၁-ရက်

နေ့ ည ၁၁-နာရီအချိန်တွင် လူပြည်မှတဖန် ဘဝနတ်ထံစံလွန်တော်မူရာ ကြွင်းကျန်ရစ်သော ဥတုဇသမုဋ္ဌာနိကရုပ်ကလာပ်ကို "ပုထုဇနသီလဝတော ပန ပရိနိဗ္ဗုတာဘိကၠုနော ဝိယ မဟာန္တံ သက္ကာရံ ကာတုံ ဝဋ္ဋတိယေဝ"ဟု သုတ်မဟာဝါ အဋ္ဌကထာပါဠိသာဓကကို ထောက်ရှု၍ ကြီးကျယ်ခမ်းနားသိုက်မြိုက်စွာ ပူဇော်သက္ကာကို "၁၃၁၇-ခု၊ တပို့တွဲလဆန်း (၁၃)ရက်မှ (၁၅)ရက်အထိ" ၃-ရက်တိုင်တိုင် စံကျောင်းမဏ္ဍပ်ကြီးနှင့်တကွ တူရိယအစုံတီးမှုတ်လျက် အလောင်းထုတ် ကရဝိက်က တစ်သွယ်၊ တလားကြီး တဝ၊ ကျား-အတီးအကနှင့် လောင်တိုက်ကြီးက တစ်ဖုံ၊ ဧယာဉ်ပုခက် မဏ္ဍပ်အစုံစုံနှင့် အကျွေးအမွေးက တစ်မျိုး၊ ဒုရိယသဘင် နေ့ညဓာတ်ရှင်ဇာတ်ကြီးတို့အပြင် အင်ကျင်လျှပ်စစ်ဓာတ်မီး အမျိုးမျိုးအဖြာဖြာ ရောင်ဝါထိန်လင်းအောင် သာဓုကီဠနပူဇော်ပွဲသဘင် ဆင်ယဉ်ကျင်းပမည်ဖြစ်ပါသောကြောင့် ၁၃၁၇-ခုနှစ်၊ ဟေမန္တဥတု၊ တပို့တွဲလဆန်း ၁၅-ရက်၊ နေ့ဆွမ်းမှ ဆွမ်းစားပြီး ၁၂-နာရီအချိန်၌ အသုဘကမ္မဋ္ဌာန်း စီးဖြန်းနှလုံးသွင်းတော်မူကြရန် မန္တလေးမြို့ အရှေ့ပြင် အတုမရှိတိုက် အနောက်ဖက် စံကျောင်းမဏ္ဍပ်သို့ ကြွရောက်တော်မူပါရန် ရိုသေစွာ လေးမြတ်စွာ ဖလှာက်ထားပါသည် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား။

♦♦♦

ဆရာတော် အရှင်သူရိယ

အတုမရှိတိုက်ကြီး၏ စတုတ္ထမြောက် နာယကဆရာတော်မှာ ဆရာတော်အရှင်သူရိယ ဖြစ်လေသည်၊ အရှင်သူရိယသည် မကွေးခရိုင်၊ နတ်မောက်နယ်၊ သမန်းတောရွာ၌ သက္ကရာဇ် ၁၂၈၃-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်ခဲ့လေသည်၊ ၁၃၁၃-ခုနှစ်တွင် မဟာအတုလဝိဇယာရာမခေါ် အတုမရှိကျောင်းတိုက်သို့ ရောက်ရှိခဲ့လေသည်။

အထွေထွေမှတ်သားဖွယ်

ရွှေနန်းတော်ကျောင်းကြီး၏ မြောက်ဖက်၌ စော်ဘွားကျောင်းရှိ၏၊ ၎င်းစော်ဘွားကျောင်းကြီးမှာလည်း ဒုတိယကမ္ဘာစစ်အတွင်းက တရုပ်ရှိ့မီးကြောင့် ပျက်စီးခဲ့သည်ဟု သိရ၏။

ရွှေနန်းကျောင်းကြီး၌ ရှေးက ကျမ်းစာပေထုပ်ပေါင်းများစွာ ရှိခဲ့လေသည်။ လှည်းနှင့် ၃-စီးတိုက်ခန့်ရှိသည်ဟု သိရ၏။ တောင်ခြေဦးခန္ဓာတိုက်သို့ ရွှေ့ပြောင်းထားရာ မိုင်းခွဲခံရသဖြင့် ပျက်စီးဆုံးရှုံးခဲ့ရလေသည်။

အတုမရှိတိုက်၌ သံယာဦးရေမှာ ၁၀၀-ပတ်ဝန်းကျင် အများဆုံးရှိဟန် တူ၏။ ရာဇဂုရု, ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ပခန်းသမ္မုတိသာသနာပိုင်လက်ထက်က သံယာ့အစည်းအဝေးများစွာတို့ ကျင်းပစဉ် ဝေးနီးသံယာများစွာ စည်းဝေးမိတတ်၏။ ၁၃၂၄-ခုနှစ်၊ အတုမရှိကျောင်းတိုက်၌ ရဟန်းတော် ၈-ပါး၊ သာမဏေ ၇-ပါး၊ ၂-ရပ်ပေါင်း ၁၅-ပါးသာ ရှိလေသည်။ ၁၃၃၂-ခုနှစ်က သံယာ ၂၂-ပါးရှိလေသည်။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
အတုမရှိသာသနဝံသောယံ၊ သမတ္ထော သာဓု ဝဏ္ဏိတော။

အတုမရှိသာသနာဝင် ပြီး၏။

*** ◆ ***

မှန်ကျောင်းသာသနာဝင်

မှန်ကျောင်းတိုက်၏ မူလအမည်ရင်းမှာ မဟာဝိဇယာပုည တိုက် ဖြစ်လေသည်။ ယင်းကျောင်းတိုက်ကြီးသို့ ဤစာပြုသူ ၁၃၃၂-ခုနှစ်က ရောက်ခဲ့ပါသည်။ ယင်းမဟာဝိဇယာပုည ကျောင်းတိုက်ကြီးသည် မန္တလေးမြို့ အရှေ့ပြင် မြောက်ရွာသာရပ် အတုမရှိကျောင်းတိုက်ကြီး၏ အရှေ့ဖက်၌ တည်ရှိလေသည်။ မူလက ယင်မဟာဝိဇယာပုညကျောင်းတိုက်နေရာသည် မဟာဂီရိစိတြဝန်ဥယျာဉ်တည်ရာမြေ ဖြစ်လေသည်၊ ကျောင်းတိုက်ဝန်းကြီးကား ကျယ်ဝန်းလှ၏။ မဟာရံတံတိုင်း ၂-ထပ် ရှိ၏၊ မဟာရံတံတိုင်းကြီးမှာ ဟောင်းနွမ်းလှပြီ ဖြစ်၏။ ကျောင်းတိုက်အတွင်း၌ အရံကျောင်းဟောင်းတစ်ကျောင်းနှင့် သိမ်တစ်လုံးသာ တွေ့ရှိရလေသည်။

သမိုင်းအကျဉ်း

မာရ်အောင်ရတနာစေတီတော်ဒါယကာ ရတနာပုံနေပြည်တော် ဒုတိယနန်းစံ သီပေါမင်းတရား၏ အဂ္ဂမဟေသီ အရှင်မိဖုရားခေါင်ကြီးသည် ရွှေမြို့တော်အရှေ့ပြင် မဟာဂီရိစိတြဝန်ဥယျာဉ်တော်အတွင်း သာယာညီညွတ်သော မြေအပြင်၌ ကျောင်းဦးပြာသာဒ်, မာရဘင်, ဘောဂဆောင်နှင့်တကွ ဘုံလေးဆင့်ရှိ အလွန်ဆန်းကြယ်သော စုလစ်မွန်းချွန်အပြောက်အမွှန်းတို့ဖြင့် တန်ဆာဆင်အပ်သော နာရကာလျော်သစ်, ဇမ္ဗူရစ်ရွှေစင်တို့ဖြင့် တခဲနက်သွန်းလုပ်သော ရွှေစိုင်ရွှေတောင်ကြီးပမာ ခပ်သိမ်းသူတို့ ရှုမြင်မရဲ ခြိုးငုံမကုန်နိုင်ဖွယ် ဖြစ်သော ကျောင်းတော်ကြီးနှင့်တကွ အရံကျောင်းရှစ်ရပ်, တံတိုင်းမီးတား, တံခါးမုခ်ပြာသာဒ်, အုတ်သန္ဓလင်းပါ ငွေတော် ၂-သန်းကျော်ကုန် ဆောက်လုပ်စေပြီးလျှင် ကျောင်းတိုက်ကို "မဟာဝိဇယာပုည" မှည့်ခေါ်စေပြီး ကျောင်းတော်ကို "မဟာစံလွှတ်ဝေယန်" မှည့်ခေါ်စေလျက် သက္ကရာဇ် -၁၂၄၄-ခုနှစ်၊ တပေါင်းလဆန်း ၁၀-ရက်နေ့ ကောင်းမြတ်သော မင်္ဂလာအခါတော်တွင် မင်း, မိဖုရား ၂-ပါး ထွက်တော်မူ၍ ဆဒ္ဒန်ဆင်မင်းသခင် အသျှင်ဘဝရှင် သီပေါမင်းတရားကြီးမှာ ရတနာ

မျိုးတို့ဖြင့် ခြယ်လှယ်အပ်သော အလုံးစုံဆင်စွယ်တို့ဖြင့်ပြီးသော ကတော်တင် သိရိသုဘဒ္ဒါရတနာဆင်ဖြူတော်မကို ခြေတော်တင်ပြီးလျှင် အသျှင်မိဖုရားခေါင်ကြီးမှာ ရထားတော်ကို ခြေတော်တင်၍ ရွှေနန်းတော်က ကွန်းထောက်စံနန်းတော်ကမှ ကျောင်းတော်အနီးစံနန်းတော်ရောက် ကရဝိက်ရွှေဖောင်တော်နှင့် ထွက်တော်မူ၍ သဘင်ပွဲလမ်း မင်းခမ်းမင်းနားကြီးကျယ်စွာ ဖြစ်စေလျက် တံဆိပ်တော်ရ/မရ ဆရာတော်သံယာတော် ၁၀၀-တို့အား ရဟန်းတော်နှင့်လျော်သော အဖိုးများစွာထိုက်တန်သော သီးမျိုးစုံပဒေသာပင် ၁၀၀-တို့ဖြင့် ရေစက်သွန်းချတော်မူပြီးလျှင်-

ဣမံ ဘန္တေ မနောရမ္မံ၊ စက္ခုဒ္ဒယရသာယနံ။
ဒေဝဝိမာနသက်ာသံ၊ အရာမံ သမ္မဒ်ဆ္ဆတု။

"အရှင်သူမြတ်တို့ဘုရား နှလုံးမွေ့လျော်ဖွယ်ရာကောင်းလှသော၊ မျက်စိနှစ်ကွင်း၏ အရသာသဖွယ်ဖြစ်သော၊ နတ်ဗိမာန်ပမာဆန်းကြယ်လှပသော ဤသံယာအရံ ကျောင်းဗိမာန်ကို အလှူခံတော်မူပါဘုရား"ဟု ပြောကြားပြီး၍ "ဣဏာဝံသာဘိဓေမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဣဏာဝံသအား ကျောင်းအပ်တင်လှူတော်မူခဲ့လေသည်။

မင်းမိဖုရားတို့သည် ကျောင်းတော်ကြီးကို ကြီးကြပ်ဆောက်လုပ်ကြသည့် အရာရှိတို့နှင့် လက်သမားဆရာတို့ကိုလည်း ငွေတော်, ထည်မျိုးအုပ်မျိုးများကို အသီးအသီးဆုသနားတော်မူပြီး ထိုနေ့ ရွှေနန်းတော်သို့ ဝင်ကြလေသည်။

ထိုစဉ်က ရတနာဆင်ဖြူတော်မတွင် လက်သုံးတော်ကိုင်မြောက်ဒဝယ်သေနတ်ဗိုလ် နောင်မြို့စား မဟာမင်းလှမင်းထင်စည်သူမှာ ဦးစီးလျက် လက်သုံးတော်ကိုင် သူရဲဝန် ကျပင်းမြို့စား မဟာမင်းထင် ပညာသိရိသခ်ယာမှာ ထီးတော်ကို အုပ်မိုးလိုက်ရသည်။ ထိုအခါ လှူဒါန်းရန်ပဒေသာပင် ၁၀၀-အနက် ၁-ပင်မှာ ပျားစွဲလေသည်။[1]

၁။ ကုန်းဘောင်ဆက်။ ၃။ ၅၆၉။ ၅၇၁-ကြည့်။

ကြီးကြိမ်လုံးအပြည့်အစုံနှင့် အရံစောင့်ထားရှိခြင်း

မှန်ကျောင်းတိုက် တံတိုင်း, မီးတား, တံခါး၊ ဤအတွင်း၌ ကင်းတဲငယ်ဆောက်လုပ်၍ ကြီးကြိမ်လုံးအပြည့်အစုံနှင့် အရံစောင့်ကိုလည်း ထားရှိလေသည်၊ ထိုစဉ်က ဧကရာဇ်မင်းမြတ်များ, အဂ္ဂမဟေသီမိဖုရားခေါင်ကြီးများ ဆောက်လုပ်လျှုဒါန်းသည့်ကျောင်းတိုက်များ အဝင်ဝ တံတိုင်း မီးတား အတွင်းအရံစောင့် ထားမြဲဖြစ်လေသည်။

တိုက်အုပ် တိုက်ကြပ်တို့က အမိန့်ပေးလျှင် ၎င်းကျောင်းတိုက်အတွင်းရှိ လူဝတ်ကြောင်ကိုဖြစ်စေ, ရဟန်းသာမဏေကိုဖြစ်စေ ထိတ်ခတ်ခြင်း, ချုပ်နှောင်ခြင်း, ရိုက်နှက်ခြင်းစသည်တို့ကို ပြုလုပ်နိုင်လေသည်၊ သို့ဖြစ်၍ ရှေးမြန်မာမင်းများလက်ထက်က တံဆိပ်တော်ရဆရာတော်ကြီးများ, တိုက်အုပ်, တိုက်ကြပ်ဆရာတော်ကြီးများကို ပြားပြားဝတ် ကြောက်ကြရသည်။

၁၂၄၃-ခုနှစ် သီတင်းကျွတ်လဆန်း ၅-ရက်နေ့နံနက် မဟာဝိဇယာပုညကမ္ဘည်းရှိ မှန်ကျောင်းတိုက်တော်မှ "ဥာဏဝံသာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှင့်တကွ တိုက်ရှိသံယာကုန် ရွှေနန်းတော်ဦး မြေနန်းတော်သို့ ပင့်၍ ဆွမ်းကြီးလောင်းလျှုတော်မူရာ မြင်းမူမြို့က အသက် ၃၀-အရွယ်ရှိ ရဟန်းတော်အရှင်စန္ဒသည်လည်း မှန်ကျောင်းတိုက်သံယာများနှင့် ရောနှောလိုက်ပါ၍ မြေနန်းတော်ပေါ်ရောက်သောအခါ ဧကရာဇ်မင်းမြတ်ရှေ့တော် မနီးမဝေးတွင် စာကို အခေါက်လိုက်ချထားခဲ့သဖြင့် ၎င်းစာကို အတွင်းဘိနပ်တော် ခင်မောင်ထွေးက ကောက်ယူဆက်သ၍ ကိုယ်တော်တိုင်စာကို ဖတ်ရှုတော်မူ၍ နောက်တစ်ရက် ညီလာခံထွက်တော်မူသည့်အခါ မှန်ကျောင်းတိုက် စာချသွားသည့် အရှင်စန္ဒကို ဆရာတော်ထံမှာ လျှောက်ထားတောင်းဆိုစေ၊ အမိန့်တော်ရှိသောကြောင့် အတွင်းဝန်တို့ မှန်ကျောင်းဆရာတော်ထံသို့ အရှင်စန္ဒကို စေလိုက်ပါမည့်အကြောင်း လျှောက်ထားကြရသည်။ ထိုအခါ မှန်ကျောင်းဆရာ

တော်သည် တိုက်တွင်းရှိ သံယာတော်စေ့အောင် စုံစမ်းမေးမြန်းရာ စာချခဲ့သည့် ရဟန်းသာမဏေတစ်ပါးမျှ မတွေ့ရပဲ ရှိလေသည်။

ချခဲ့သောစာ၏အဓိပ္ပါယ်မှာ- ဦးပဉ္စင်း၏ အမိအဖတို့၌ ကြွေးမြွေ ၆၀၀-ကျော်တင်ရှိရာ မပေးဆပ်နိုင်ခြင်းကြောင့် ထိတ်ခတ်ကြိုးချည် အပူအပြင်းတောင်းဆိုရှိနေပါသဖြင့် သာသနဒါယကာ မဟာဓမ္မရာဇ၏ တရားမင်းမြတ်က ပေးဆပ်တော်မူပါမည့်အကြောင်းနှင့် ပါရှိသည်ဖြစ်၍ မဟာဂေရာဇ၏ တရားမင်းမြတ်က ပေးဆပ်လိုသည့် ဆန္ဒတော်ကြောင့် ဆရာတော်မှာ လျှောက်ထားတောင်းစေဟု အမိန့်တော်ရှိခြင်း ဖြစ်သည်။

မှန်ကျောင်းဆရာတော် အရှင်ဉာဏဝံသသည် ဇ္ဇါတိုက်က စာပစ်ချရမည်လားဟု အမျက်ထွက်၍ ကြွက်ကြွက်ရိုက်အောင် တစ်တိုက်လုံး အပြစ်တင်သဖြင့် အရှင်စန္ဒသည် မှန်ကျောင်းဆရာတော် ရှေ့တော်သို့ မဝင်ဝံ့အောင် လွန်စွာကြောက်ရွံ့သဖြင့် လဘက်ရည်တော် မောင်မောင်အုံ့ထံ လာရောက်ကာ အကျိုးအကြောင်းပြောပြ ပြီးလျှင် မှန်ကျောင်းဆရာတော် အရှင်ဉာဏဝံသထံ လိုက်ပို့ရန် မေတ္တာရပ်ခံသဖြင့် ယင်းသည့် သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့ညနေ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားမှာ မီးရှူးမီးပန်း ဥပါစသော မီးအမျိုးမျိုးဝိုဏ်ဖြင့် ရှုလွှတ်ပူဇော်သည့် မီးပွဲကျင်းပမည့်နေ့ ညနေတွင် မောင်မောင်အုံ့က အရှင်စန္ဒကို ဒကာတစ်ဦးအား မှန်ကျောင်းဆရာတော်ရှေ့ရောက် ပို့ခဲ့ပါ မှာပြီးလျှင် ထည့်လိုက်သောကြောင့် မီးပွဲမရောက်မီ မှန်ကျောင်းတိုက်သို့ဝင်၍ ဆရာတော်အရှင်ဉာဏဝံသရှေ့တော်မှောက် ရောက်သွားကြရာ ဆရာတော်အရှင်ဉာဏဝံသသည် ရဟန်းဓတာ်အရှင်စန္ဒအား မျှားစွာငေါက်ငန်း ချောက်ကြမ်းလေတော့သည်။

ထိုအခါ တိုက်အုပ်ဖြစ်သူ အရှင်မေဓာက ကျောင်းတိုက်အနောက် အပေါက်ဝ တံတိုင်းအတွင်းရှိ ကင်းတဲရှိ အရံစောင့်အား အပ်နှံထားလေရာ အရံစောင့်သည် ချုပ်နှောင်၍ထားလေသည်။ ၎င်းနောက် ထောင်မှူးပါးကွက်တို့က လွန်စွာ ကြိမ်းမောင်းလေသည်။

ထိုစဉ်က သာသနာတော်ထမ်း ရဟန်းရှင်ငယ်တို့သည် ကျောင်းထိုင်ဘုန်းကြီး တိုက်အုပ် တိုက်ကြပ်ဘုန်းကြီးနှင့်တကွ တံဆိပ်တော်ရ ဆရာတော်ကြီးများကို မော်မကြည့်ဝံ့အောင် ရိုသေခန့်ညား ကြောက်ရွံ့ကြသည်။ နိုင်ငံတော်အတွင်း အရံစောင့်အမှုထမ်း လူ ၁၇၀-ခန့်ရှိရာ ၎င်းတို့မှာ တစ်လလျှင် လစာငွေတော် ၁၄၁၀-သနားတော်မြတ် ခံရသည်ဟူ၏။

ဉာဏဝံသာဘိဓေမဟာမဟာရာဇာဓိရာဇဂုရုနှင့် ဉာဏဝံသာဘိဓေအတုလာဓိပတိသိရိပဝရမဟာမဟာရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဉာဏဝံသ

ဆရာတော်အရှင်ဉာဏဝံသသည် မဟာဝိဇယာပုည်တိုက်၏ အဦးအစ ပဓာနနာယကဖြစ်လေသည်။ မှန်ကျောင်းဆရာတော်ဟု ထင်ရှားခဲ့သည်။

ဖွားမြင် ၄င် ရဟန်းပြုခြင်း

သက္ကရာဇ် ၁၁၉၉-ခုနှစ်ခန့်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု သာသနာဝန် ထမ်းဆောင်တော်မူခဲ့လေသည်။

ပညာသင်ကြားခြင်း

ဆရာတော်အရှင်ဉာဏဝံသသည် မဟာဓမ္မိကာရာမ(ရွှေကျင်) တိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ "ဇာဂရာဘိဓဇသဒ္ဓမ္မဝံသဓမ္မသေနာပတိအတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရထံ၌ ပညာသင်ကြားခဲ့လေသည်။ "မာလာလင်္ကာရဓဇမဟာသေနာပတိအတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ တောင်တော် သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်မာလာထံ၌လည်း ဂန္ဓဋ္ဌရအဝဝကို သင်ယူတော်မူခဲ့လေသည်။

မိုးကောင်းတိုက် ငါးနှစ်နေ

အနောက်တိုက်တော် တိုက်အုပ် "ဉာဏာဘိဓေသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ကြေးသီးကုန်းဆရာတော် ဦးဉာဏနှင့်အတူ မန္တလေးမြို့ အနောက်ပြင် မိုးကောင်းတိုက်၌လည်း ငါးနှစ်တိုင် သီတင်းသုံး၍ ပညာသင်ကြားတော်မူခဲ့လေသည်။[1]

မဟာဝိဇယာပုညတိုက် အလှူခံ

သက္ကရာဇ် ၁၂၄၃-ခုနှစ် တပေါင်းလဆန်း ၁၀-ရက်နေ့တွင် သီပေါမင်းတရား၏ မိဖုရားခေါင်ကြီးလှူဒါန်းအပ်သော ၂-သန်းကျော်တန် မဟာဝိဇယာပုညတိုက် မဟာစံလွှတ်ဝေယန်ကျောင်းတော်ကို အလှူခံယူတော်မူရလေသည်။ အလွန်လျှင် ဘုန်းကံကြီးမားသည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

ရာဇဂုရုတံဆိပ်တော် ၂-သပ် အလှူခံရခြင်း

ဆရာတော်အရှင်ဉာဏဝံသသည် ကျောင်းလွှတ်သဘင်ပွဲတွင် "ဉာဏဝံသာဘိဓေမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်နှင့် ၁၂၄၆-ခုနှစ်တွင် သီပေါမင်းတရား ဆက်ကပ်လှူဒါန်းအပ်သော "ဉာဏဝံသာဘိဓေဟတုလာမိပတိသိရိပဝရမဟာမဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်ကိုလည်း အလှူခံရရှိခဲ့လေသည်။

သီပေါမင်းကြည်ညို

သီပေါမင်းတရားသည် ဆရာတော်အရှင်ဉာဏဝံသအား မျှားစွာလေးမြတ် ကြည်ညိုဂေါ၊ တောင်တော်ဆရာတော်နှင့် နန်းတွင်းကျောင်းနေ အရှင်ပဏ္ဍိတအား နဝကမ္မအတွက် ဝတ္ထုငွေကျပ်ဒဂ်ါး

၁။ ကြေးသီးကုန်းထေရပွတ်။ ၂၁။

၁-ထောင်စီ လျှုဒါန်းစဉ်က ဆရာတော်အရှင်ဉာဏဝံသအားလည်း နဝကမ္မအတွက် ဝတ္ထုငွေကျပ်ဒဂ်ီး ၅၀၀-ကျပ် လျှုဒါန်းလေသည်။[1]

သာသနာရေးကိစ္စများနှင့်စပ်လျဉ်း၍ လျှောက်ထားဆွေးနွေးတိုင်ပင်စရာရှိလျှင် သီပေါမင်းတရားသည် မှန်ကျောင်းဆရာတော် အရှင်ဉာဏဝံသကိုလည်း ပင့်လျှောက်ထားလေ့ ရှိလေသည်။ သက္ကရာဇ် ၁၂၄၆-ခုနှစ် နယုန်လပြည့်ကျော် ၁၀-ရက်နေ့တွင် သီပေါမင်းတရားသည် အသျှင်နန်းမတော်ဖုရားအဆောင်တော် ယာ, ဝဲအဆောင်တော်သို့ သာသနာပြုဆရာတော်, အောင်မြေရွှေဘုံဆရာတော်, မကွေးရာဆရာတော်, မှန်ကျောင်းဆရာတော် (အရှင်ဉာဏဝံသ), နန်းဦးဆရာတော်, တိုင်းတာတိုက် တိုက်အုပ်ဆရာတော်ဦးဉာဏတို့ကို ပင့်၍ သာသနာရေးကိစ္စ ဆွေးနွေးခဲ့လေသည်။[2]

လူ့ဘောင်သို့

ဆရာတော်အရှင်ဉာဏသည် မင်းစိုးရာဇာပုဂ္ဂိုလ်များနှင့် အဆက်အဆံများလွန်းပြီး စိတ်စက်ဂဏာမငြိမ်ဖြစ်ကာ ၁၂၄၇-ခုနှစ်တွင် မွန်မြတ်လှသော ရဟန်းဘဝ ဒုလ္လဘကိုစွန့်ကာ လူ့လောကလူ့ဘဝသို့ ပြောင်းရွှေ့ခဲ့လေသည်။

သံသရာတည်းဟူသောယာဉ်သို့ ရောက်ရှိသူသည် တစ်ခါတစ်ရံ အမြင့်ရောက်လိုက်, တစ်ခါတစ်ရံ အနိမ့်ရောက်လိုက်နှင့် အတည်မမြဲပါချေ။ ဤသို့ ဖြစ်ရခြင်းကား ပုထုဇဉ်၏အပြစ်သာတည်း။

သံသာရဒေါလအာရုဠော၊ နရော ဥစ္စမ္မိ ဧကဒါ။
နီစမ္မိ ဧကဒါ ယာတိ၊ ဝဇ္ဇံ ပုထုဇ္ဇနတ္တနံ။

၁။ နန်းဦးတိုက် နာယကဆရာတော် အရှင်ဉာဏိန္ဒလည်း အသပြာငွေ ၅၀၀ - အလှူခံရလေသည်။

၂။ ကုန်းဘောင်ဆက်။ ၃။ ၆၅၁။

ဆရာတော် အရှင်ဂုဏာ

ဆရာတော်အရှင်ဂုဏာသည် နန်းရှေ့ မဟာဝိသုတာရာမ တိုက်တော် ကျောက်ပန်းတောင်းကျောင်း၌ ကြာမြင့်စွာ သီတင်းသုံး တော်မူခဲ့သဖြင့် ကျောက်ပန်းကောင်းဆရာတော်ဟု ထင်ရှားလေသည်။

ဖွားမြင်တော်မူခြင်း

မန္တလေးခရိုင် ပုသိမ်ကြီးစီရင်စု ကန်ပျဉ်းခြောက်ရွာ၌ သက္ကရာဇ် ၁၂၀၇-ခုနှစ်၊ နယုန်လဆန်း ၁၄-ရက်၊ တနလ်ာနေ့တွင် ဖွားမြင်ခဲ့လေသည်။

ရှင် ရဟန်းပြုခြင်း

ငယ်စဉ်ကစ၍ သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်း ဆောင်တော်မူခဲ့လေသည်၊ သက်တော် ၂၀-ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၂၆-ခုနှစ် ဝါဆိုလပြည့်ကျော် ၁-ရက်နေ့ တစ်ချက်တီးအချိန်တွင် ပဌမစလင်းဆရာဟော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ပညာသင်ကြားခြင်း

မန္တလေးမြို့ နန်းရှေ့ မဟာဝိသုတာရာမတိုက်တော်သို့ ငယ် စဉ်ကပင် ရောက်ရှိ၍ သီတင်းသုံး၍ ပညာသင်ကြားတော်မူခဲ့လေ သည်၊ ဉာဏ်ထက်မြက်သဖြင့် ငယ်စဉ်ကမှစ၍ ပညာတတ်မြောက်ခဲ့ လေသည်။ မှန်ကျောင်းဆရာတော် ဆရာတော် အရှင်ဉာဏဝံသထံ ၌လည်း စာပေလေ့လာဟန် လက္ခဏာရှိပေသည်။

မှန်ကျောင်းတိုက် အဓိပတိ

သက္ကရာဇ် ၁၂၄၇-ခုနှစ်တွင် မဟာဝိဇယာပုည မှန်ကျောင်းဆရာတော် ဦးဥာဏဝံသ လူထွက်သဖြင့် မဟာဝိဇယာပုညမှန်ကျောင်းတိုက်၏ အဓိပတိမဟာနာယကအဖြစ် ထမ်းဆောင်၍ သာသနာပြုခဲ့လေသည်။ မှန်ကျောင်းတိုက် သိမ်ကိုလည်း ဦးစီး၍ သမုတ်တော်မူခဲ့သည်။

ဘွဲ့တံဆိပ်တော်များ

ဆရာတော်အရှင်ဂုဏာသည် "ဂုဏာလင်္ကာရမဟာဓမ္မရာဇဂုရု" ဟူသော ပဌမဘွဲ့တံဆိပ်တော်, "ဂုဏာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဒုတိယတံဆိပ်တော်တို့ကို အလျှုံခံရရှိတော်မူခဲ့လေသည်၊ အင်္ဂလိပ်မင်းများလက်ထက် ပဌမဆုံးဆက်ကပ်သည့် ၁၂၇၆-ခုနှစ်တွင် "[illegible]" ဘွဲ့တဆပ်တော်ကိုလည်း အလျှုခရရှိတော်မူခဲ့လေသည်၊ သက္ကရာဇ် ၁၂၆၀-ခုနှစ် ပရိယတ္တိသာသနဟိတအသင်းကြီး တည်ထောင်စဉ်က ဆရာတော်ဦးဂုဏာသာ အတိုင်ပင်ခံဆရာတော်လည်း ဖြစ်တော်မူသည်မက "ဘဒန္တဂုဏာဘိဝံသပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ)"အဖြစ်ဖြင့် အသင်း၏ကိုးကွယ်ထောက်ပံ့ခြင်းကိုလည်း ခံယူတော်မူရလေသည်။

တိုက်တော်ဌ သီတင်းသုံးခြင်း

၁၂၆၈-ခုနှစ်တွင် နန်းရှေ့ မဟာဝိသုတာရာမတိုက်တော်မှ ရွှေရေးဆရာတော် အရှင်တိသာသန ပင့်လျှောက်ချက်အရ တိုက်တော်သို့ ကြွရောက်တော်မူ၍ ကျောက်ပန်းတောင်းကျောင်းဌ သီတင်းသုံးတော်မူသည်၊ ထို့ကြောင့် ကျောက်ပန်းတောင်းဆရာတော်ဟု ထင်ရှားလေသည်၊ နောက်တွင် မဟာတုလ္ဘတ်ဘုံစံကျောင်းတော်ကြီး သီတင်းသုံးတော်မူ၍ တိုက်တာနာယကအဖြစ် ဆောင်ရွက်တော်မူရလေသည်။

သုဓမ္မာတွင် ပါဝင်ခြင်း

တောင်ခွင်သာသနာပိုင်ဆရာတော်၏ သုဓမ္မာတွင်လည်း ပဌမသုဓမ္မာဝင် သံဃနာယကအဖြစ်လည်း ကြာမြင့်စွာ ထမ်းဆောင်တော်မူခဲ့လေသည်၊ စာပေလည်း ချပို့တော်မူ၏၊ အဆုံးအဖြတ်ဆိုင်ရာလည်း နိုင်နင်းသည်ဟု သိရ၏။

ပုံလွန်တော်မူခြင်း

ကျောက်ပန်းတောင်းဆရာတော်ဘုရားကြီးသည် သက်တော် ၈၇-နှစ်၊ ဝါတော် ၆၇-ဝါရှိရာ သက္ကရာဇ် ၁၂၉၃-ခုနှစ်တွင် ဘဝနတ်ထံ ပုံလွန်တော်မူခဲ့လေသည်။ ကျောက်ပန်းတောင်းဆရာတော်၏ အလောင်းတော်ကို စျာပနပွဲ ခမ်းနားစွာ ၇-ရက်တိုင်တိုင် ကျင်းပကြပြီးလျှင် ၁၂၉၃-ခုနှစ်၊ တပေါင်းလဆန်း ၁၄-ရက်နေ့တွင် မီးသင်္ဂြိုဟ်ကြကုန်၏။

ဘဒန္တဂုဏာထေရောဟိ၊ ဂုဏေန ပါဂတော သုဓီ။
ဝိနိတော ယောရမစ္စုနာ၊ ဂုဏောဘာသော ဝေသကော။

သံဃဝဂယူရန်

သန္ဓေလာတိ ဟဖန်ပြု၍ တြိဘုံသူ အဆူဆူလျှင် လူလူနတ်နတ် ပတ်ပတ်ဟားဟား ဖြစ်ပြန်ငြားသော် သုံးပါးအရွယ် စ, လယ်, အဆုံး နှိုင်ယှဉ်ဖြင့် အနှုန်းစဉ်စ် သန္ဓေခြိုက နာရီဆင်သင့် အဆင့်ဆင့်လျှင် ဂုဏ်ပြုရော်မြ တသဲသဲတည့် မစဲနေ့ည တရွှရွှလျှင် ခဏသန္တတိ အဝိုဇရာ နှစ်ပြောလောင်မီး ရှိန်ရှိန်ညီး၍ အကြီးအငယ် အရွယ်ခြားနား အစားစားလျှင် အသွားတွင်တွင် မစဲနှင်၏ လေးအင်သေမှ တစ်ခုခုလည်း ပဝေဒနာရှာယ် အသွယ်သွယ်နှင့် နှိုးနွယ်ရုံးစည်း တစ်လုံးတည်းလျှင် ကြိုးကြိုးငယ်ငယ် အရွယ်မထောက် အချိန်ရောက်က ချုပ်ပျောက်ခန္ဓာ မပြင်းသာသည် ဇရာမရုဏ စွမ်းရည်တည်း။[1]

၁။ လယ်တီဆရာတော်ဘုရားကြီးလက်ဝ။

ဆရာတော် အရှင်တိသ

ဆရာတော်အရှင်တိသသည် ဆရာတော်အရှင်ဂုဏမဟာထေရ် မဟာဝိသုတာရာမတိုက်တော်က ပင့်သဖြင့် မဟာဝိသုတာရာမတိုက်တော်၌ ကြွရောက်သီတင်းသုံးတော်မူသဖြင့် မှန်ကျောင်း (မဟာဝိဇယပုည)တိုက်၏ နာယကဖြစ်၍ သာသနာပြုခြီးမြှောက်တော်မူခဲ့လေသည်။

အရှင်တိသသည် သက်တော် ၅၇-နှစ်၊ ဝါတော် ၃၇-ဝါ အရတွင် ပျံ့လွန်တော်မူခဲ့လေသည်။

ဆရာတော်အရှင်တိသ၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို မန္တလေးမြို့ မြောက်ပြင် အဂ္ဂမဟာပဏ္ဍိတ, နိုင်ငံတော်သြဝါဒါစရိယ, ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ) ဝေဠုဝန်ဆရာတော်ဘုရားကြီး အရှင်အာဒိစ္စနှင့် မန္တလေးမြို့ အရှေ့ပြင် မြို့နယ်ဝိနည်းဝိုရ် စိန်ကုန်းဆရာတော်တို့ အမှူးထားသည့် မန္တလေးမြို့ အရှေ့ပြင် အတုမရှိတိုက် ဓမ္မစကြာကျောင်းနှင့် မှန်ကျောင်းတိုက်ပိုင် ဆရာတော် အရှင်ဓမ္မပဏ္ဍိတ, ရွှေနန်းတော်ကျောင်းဆရာတော် အရှင်သူရိယတို့နှင့် မှန်ကျောင်းတိုက် တပည့်ရဟန်းအပေါင်းတို့က ဦးဆောင်၍ ၁၃၂၆-ခုနှစ် တော်သလင်းလဆန်း ၁၅-ရက်နေ့တွင် အန္တိမစျာပနပူဇော်ပွဲ ကျင်းပသဂြိုဟ်ကြလေသည်။

သံဝေဂယူရန်

သဗ္ဗေ ခယန္တာ နိစ္စယာ၊ ပတနန္တာ သမုဿယာ။
သဗ္ဗေသံ မရဏမာဂမ္မ၊ သဗ္ဗေသံ ဇီဝိတမဒ္ဓုဝံ။[1]

သဗ္ဗေ နိစ္စယာ= သိုမ်ိုးအပ်သမျှ ဥစ္စာအားလုံးတို့သည်။ ခယန္တာ= တစ်နေ့နေ့တွင် ကုန်ဆုံးပျက်စီးခြင်းလျှင် အဆုံးရှိကုန်၏။ သမုဿယာ= စပ်ကာချုပ်ထား ခန္ဓာငါးပါးတို့သည်။ ပတနန္တာ=

၁။ နေတ္တိပါဠိ။ ၁၂၅။

တစ်နေ့နေ့တွင် ကျေမွပျက်စီးခြင်းလျှင် အဆုံးရှိကုန်၏။ သဗ္ဗေသံ= စွဲလာသမျှ တည်နေဖြစ်လာ သတ္တဝါအားလုံးတို့၏။ မရဏံ= စုတိ ပြတ်ကြွေ သေလွန်ရခြင်းကို။ အာဂမ္မ= စွဲ၍။ သဗ္ဗေသံ= စွဲလာသမျှ တည်နေဖြစ်လာ သတ္တဝါအားလုံးတို့၏။ ဇီဝိတံ= အသက်ဇီဝိန်သည်။ အဒ္ဓုဝံ= ပုံသေမုချ မမြဲလေစွတကား။

◆◆◆

မှန်ကျောင်းနောက်ဆက် နာယကများ

ဆရာတော်အရှင်တိသ ပျံ့လွန်တော်မူပြီးသည့်နောက်တွင် ဆရာတော်အရှင်အာစိဏ္ဏ, ဆရာတော်အရှင်ဇာဂရတို့ အစဉ်အတိုင်း နာယကဖြစ်၍ သီတင်းသုံးခဲ့ကြကုန်၏။

ဆရာတော်အရှင်ဇာဂရနောက်တွင် ဆရာတော် အရှင်နန္ဒမာလာ နာယကဖြစ်လေသည်။

ဆရာတော်အရှင်နန္ဒမာလာသည် စစ်ကိုင်းခရိုင် ကျောက်ရစ်ရွာ၌ ၁၂၅၈-ခုနှစ် တော်သလင်းလဆန်း ၆-ရက် စနေနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်၊ ၁၃၀၈-ခုနှစ်က မှန်ကျောင်းတိုက်သို့ ရောက်ရှိခဲ့လေသည်၊ ဆရာတော် အရှင်နန္ဒမာလာသည် မန္တလေးမြို့ မြောက်ပြင် မြို့နယ်ဩဘါဒါစရိယဆရာတော် ဖြစ်တော်မူသည်။

◆◆◆

ဂန္ဓဋ္ဌရပဌမကိတ္တိကဝိဒေဟဟာဒမ္ပရာဇဂုရုနှင့် ဂန္ဓဋ္ဌရအလက်ာရဟာမ္ပရာဇာခိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ဂန္ဓဋ္ဌရ

ဆရာတော်အရှင်ဂန္ဓဋ္ဌရသည် သက်တော် ၂၆-နှစ်တွင် ရာဇဂုရု ဘွဲ့တံဆိပ်တော်ကို အလျှုံ့ရရှိတော်မူသည့် ပုဂ္ဂိုလ်ထူးဖြစ်လေသည်၊ သက္ကရာဇ် ၁၂၂၀-ခုနှစ်တွင် စလေမြို့၌ ဖွားမြင်ခဲ့လေသည်။ အဘိဓမ္မတ္ထဇောတိကဋ္ဌကာကျမ်းပြု စလေမြို့ သြဇာတောဆရာတော်

အရှင်နန္ဒမာလာသည် ဆရာတော်အရှင်ဂန္ဓဓူရ၏ ညီအရင်း ဖြစ်လေသည်။

ရှင် ရဟန်းပြုခြင်း

အရှင်ဂန္ဓဓူရသည် ငယ်စဉ်ကပင် ရှင် ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်၊ မှန်ကျောင်းဆရာတော် အရှင်ဉာဏဝံသ၏ တပည့်ဖြစ်လေသည်။ မှန်ကျောင်း၌ ကြာမြင့်စွာသီတင်းသုံးတော်မူခဲ့လေသည်၊ လွန်စွာ ဉာဏ်ထက်မြက်သည်၊ သီပေါမင်း တရားလက်ထက် သုဓမ္မာတွင် ပဌမပြန် စာတော်ပြန်ပွဲများကို ဆက်ကာအောင်မြင်ခဲ့သည့်ပြင် ၁၂၄၅-ခုနှစ်တွင် ပဌမကျော်ပြန်ဆို အောင်မြင်တော်မူသဖြင့် ဝန်ကြီး, ဝန်ကလေး, မိဖုရားစသည်များက ဆရာတော်အရှင်ဂန္ဓဓူရအား များစွာ ကြည်ညိုလေးမြတ်ကြကုန်၏။

ဘွဲ့တံဆိပ် ၂-ထပ် ရရှိခဲ့

ပဌမကျော်အောင်စဉ် သက်တော် ၂၂-နှစ်ခန့်က "ဂန္ဓဓူရ ပဌမကိတ္တိကဝိဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်ကို ရရှိခဲ့ပြီး သက်တော် ၂၆-နှစ်ရှိရာ ၁၂၄၇-ခုနှစ်က "ဂန္ဓဓူရအလင်္ကာရမဟာဓမ္မရာဇာဓိရာဇ ဂုရု" ဘွဲ့တံဆိပ်တော်ကို အလျှုံခံရရှိတော်မူလေသည်။[1]

စုတိကမ္မဇရုပ်ချုပ်ခြင်း

ဆရာတော်အရှင်ဂန္ဓဓူရသည် သီပေါမင်းပါတော်မူပြီးနောက် လောက်တွင် မှန်ကျောင်းတိုက်မှ အခြားကြွရောက်သီတင်းသုံး၍ သာသနာ့ကိစ္စဆောင်ရွက်ရင်း စုတိကမ္မဇရုပ် ချုပ်တော်မူခဲ့လေသည်။

၁။ မန္တလေးသာသနာဝင်။ ၂၁။
အဘိဓမ္မတ္ထသင်္ဂဟဇောတိကာကျမ်းဆိုင်ရာကြည့်။

သံဝေဂယူရန်

ယမေကရတ္တိ ပဌမံ၊ ဂဇ္ဇေ ဝသတိ မာဏဝေါ။
အဗ္ဘုဋ္ဌိတောဝ သော ယာတိ၊ သဂစ္ဆံ နနိဝတ္တတိ။[1]

ယံ-ယော မာဏဝေါ= ကြုံလာဖြစ်လာ အကြင်သတ္တဝါသည်။ ဧကရတ္တိံ= တညဉ့်၌။ ပဌမံ= ရှေးဦးအစ ပဋိသန္ဓေခဏ၌။ ဂဇ္ဇေ= အမိဝမ်း၌။ ဝသတိ= စွဲပိုက်သန္ဓေ တည်နေ၏။ သော မာဏဝေါ= ကြုံလာဖြစ်လာ ထိုသတ္တဝါသည်။ အဗ္ဘုဋ္ဌိတော-အဗ္ဘောဋ္ဌိတော ဣဝ= တက်လာသော တိမ်တိုက်ကဲ့သို့။ ယာတိ= သေရန်အတွက် ဆက်လက်၍ သွား၏။ သဂစ္ဆံ= သွားသော။ သ-သော မာဏဝေါ= ထိုသတ္တဝါသည်။ နနိဝတ္တတိ= တစ်ခဏ, တဝဲနာရီ တစ်ဆံချည်မျှ မဆုတ်နစ်။

◆◆◆

အဇေ့ဇေ့မှတ်မှယင်

မှန်ကျောင်းတိုက်၌ သီပေါမင်းတရား၏ ကောင်းမှုတော် မှန်ကျောင်းကြီးနှင့် အရံကျောင်းများစွာတို့မှာ ၁၂၅၄-ခုနှစ်က အတူမရှိကျောင်းတော်ကြီးများ မီးခသည့်နှစ်တွင် တစ်ရက်ထည်း မီးလောင်ပျက်စီးခဲ့ရလေသည်။ ကျောင်းရေစက်ချပွဲကျင်းပစဉ် ပဒေသာပင်တစ်ပင် ပျားစွဲခဲ့ရာ ပဌမယုံးနာယကဆရာတော် အရှင်ဉာဏဝံသ ထံရှိ လူထွက်ခြင်း, ကျောင်းတော်ကြီးအရှည်မတည်ပဲ မီးလောင်ပျက်စီးခြင်း၏ အတိတ်နိမိတ်ဟု ဆိုစရာရှိပေသည်၊ မှန်ကျောင်း၌ ခေတ်ကောင်းစဉ်က သံယာရာနှင့်ချီ၍ရှိမည် ဖြစ်ပေသည်။ သီပေါလက်ထက် ၄-နှစ်ခန့် မှန်ကျောင်းတိုက်သည် စည်ပင်ခဲ့လေသည်။ ယင်းမိဖုရားတို့သည် မကြာခဏ အလှူဒါနပြုကြကုန်၏။ မှန်ကျောင်းပဒေသာပင် သွင်းလှူတိုင်း မဟာဝိသုတာရာမတိုက်တော်မှ ဖြတ်၍ သွားသည်ဟု ဆိုကြသည်။

၁။ ဇာ၊ ၁။ ၃၂၃။ (အယောယရဇာတ်။)

မှန်ကျောင်းတိုက်၌ ၁၃၂၄-ခုနှစ်က သံယာဦးရေရဟန်းတော် ၄-ပါး၊ သာမဏေ ၃-ပါး၊ ၂-ရပ်ပေါင်း ၇-ပါးရှိလေသည်။ ယခု ၁၃၃၂-ခုနှစ်တွင် သံယာ ၅-ပါးမျှသာ ရှိလေသည်၊ တိုက်တာမြင်ကွင်းမှာလည်း ဟောင်းနွမ်းအိုမင်းသော တံတိုင်းအရံ ကျောင်းအဆောက်အဦတစ်ကျောင်းနှင့် အခြားအပျက်အစီးမျှသာ ဖြစ်လေသည်။ သခ်ါရတရားတို့၏ မမြဲပုံကို အောက်မေ့ဆင်ခြင်ရာသည်။

မဟာဝိဇယပုညကျောင်းတိုက်မှ ပရိယတ္တိသာသနာ့တက္ကသိုလ်ကျောင်းတိုက်ဖြစ်ခြင်း

မဟာဝိဇယပုညကျောင်းတိုက်နာယက (မှန်ကျောင်း)ဆရာတော်သည် မဟာဝိဇယာပုညကျောင်းတိုက် (မှန်ကျောင်းတိုက်)အရံကြီးကို နိုင်ငံတော်သံယမဟာနာယကအဖွဲ့အား ပရိယတ္တိသာသနာ့တက္ကသိုလ်ကျောင်းတိုက်ကြီး တည်ဆောက်ရန် လျှောဒါန်းလိုက်လေသည်၊ သို့ဖြစ်၍ မန္တလေးမြို့မှ ကုသိုလ်ရှင်တို့သည် ဝမ်းမြောက်ဝမ်းသာရှိကြကာ ၁၃၄၄-ခုနှစ် ပြာသိုလဆန်း ၁၀-ရက်နေ့တွင် ဖော်ပြပါ မဟာဝိဇယာပုည (မှန်ကျောင်း)တိုက်ကြီးနေရာတွင် တည်ဆောက်မည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ကျောင်းတိုက်ကြီးအတွင်း ငွေကျပ်တစ်သိန်းတန်ကျော် ဒါယကာလေးဦးနှင့် ငွေကျပ်ငါးသောင်းတန် ကျောင်းဒါယကာ ၅၆-ဦးတို့သည် မန္တလေးမြို့ ကျောက်သွေးတန်းရပ် ပရိယတ္တိသာသနဟိတအသင်း ဓမ္မသာလာ၌ မဟာဒါနဝိဟာ ကျောင်းအလှူအကြို ရေစက်ချပွဲ ပြုလုပ်လှူဒါန်းကြကုန်၏။

ယင်းအခမ်းအနားကို နိုင်ငံတော်သံယမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားကြီး အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဣန္ဒာစာရနှင့် အကျိုးတော်ဆောင်ဆရာတော် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တာသာရာဘိဝံသနှင့် မန္တလေးမြို့ပေါ်မှ နာယကဆရာတော်များ ၃၀၀-ကျော်ခန့် တက်ရောက်ကြသည်။

သခ်ၨါရတို့ကား အတည်မမြဲ ပြောင်းလဲခြင်းသဘောရှိကုန်စွတကား။ ဤသည်လျှင် မဟာဝိဇယာပုည (မှန်ကျောင်းတိုက်) သာသနာဝင်အပြီးတည်း။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
မှန်ကျောင်းသာသနဝံသောယံ၊ သမတ္တော သာဓု ဝဏ္ဏိတော။

မှန်ကျောင်းသာသနာဝင် ပြီး၏။

*** ◆ ***

ကုသိုလ်တော်သာသနာ့ရိပ်သာ

ကုသိုလ်တော်သာသနာ့ရိပ်သာသည် မန္တလေးမြို့ အရှေ့ပြင် ကုသိုလ်တော်ဘုရားကြီး၏ အရှေ့ဘက်၌ တည်ရှိလေသည်။ ရိပ်သာတွင်း၌ ဓမ္မာရုံ, သိမ်, ကမ္မဋ္ဌာန်းနည်းပြဆရာတော် သီတင်းသုံးသည့် ကျောင်းနှင့် ကမ္မဋ္ဌာန်းကျောင်းပေါင်း ၂၄-ကျောင်းခန့် ရှိလေသည်။ ဆောက်တုန်းဆောက်ဆဲဖြစ်၏။

ကုသိုလ်တော်သာသနာ့ရိပ်သာကို ၁၃၂၆-ခုနှစ်၊ တန်ခူးလဆန်း ၁-ရက်နေ့တွင် ပန္နက်ချတည်ထောင် ဖွင့်လှစ်ခဲ့လေသည်။ ပုံ့လွန်ပြီးဖြစ်သော ဆေးဝက်ဘာဆရာတော် အရှင်သူရိယသည် ဤကုသိုလ်တော် သာသနာ့ရိပ်သာဖြစ်ရန် ဟောပြောလှုံ့ဒါန်းစေခဲ့လေသည်။

ဆရာတော် အရှင်ဗုဒ္ဓဝံသ

ဆရာတော်အရှင်ဗုဒ္ဓဝံသသည် ဤကုသိုလ်တော်သာသနာ့ရိပ်သာကို စတင်တည်ထောင်သည့်ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်၊ ရွှေဘုံခရိုင် ဝက်လက်မြို့အပိုင် ခုနစ်ရွာတိုက်နယ် တကောင်းတောင်ရွာ၌ အဖ-ဦးပေါ်ခိုင် အမိ-ဒေါ်ဂျမ်းဒေါတို့မှ သက္ကရာဇ် ၁၂၇၈-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။

အရွယ်ရောက်သော် ရှင်, ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်၊ မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက်, ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်တို့၌ ပညာသင်ကြားတော်မူခဲ့လေသည်။

ကန္ဒီဆရာတော်ဘုရားကြီး၏ ယောဂိပါရဂူကျမ်းကို ကြည့်ရှုရသဖြင့် ကန္ဒီဆရာတော်ကြီးကိုလည်း မျှားစွာကြည်ညိုခြင်းဖြစ်၏၊ တရားအားထုတ်ချင်စိတ်များလည်း တဖွားဖွားဖြစ်လာ၏၊ ထို့ကြောင့် သပိတ်တစ်လုံး သင်္ကန်းသုံးထည်ဖြင့် ကန္ဒီဆရာတော်ဘုရားကြီးထံ ရောက်ရှိ၍ ၇-နှစ်ကြာ ပွားများ အားထုတ်ခဲ့လေသည်။ အရှင်ဗုဒ္ဓဝံသသည် တရားအားထုတ်ပြီးနောက်-

၁။ အာနာပါနအစွမ်းပြကျမ်း

၂။ ယောဂီပါရဂူကျင့်စဉ်ကျမ်း-တို့ကိုလည်း ပြုစီရင်ခဲ့လေသည်။ ယောဂီပါရဂူကျမ်းမှာ ၁၃၀၉-ခုနှစ်က ရေးသားပြီးစီးခဲ့သည်။ ၎င်းကျမ်းမှာ ရိုက်နှိပ်ထားရာ ဒီမိုင်းဆိုက်စာမျက်နှာ ၂၉၂-မျက်နှာ ရှိလေသည်။ ၁၃၂၆-ခုနှစ်တွင် ကုသိုလ်တော်သာသနာ့ရိပ်သာကို တည်ထောင်၍ ကန်ဆရာတော်ဘုရားကြီး၏ ဩဝါဒနှင့်အညီ တရားပြသ သာသနာပြုတော်မူခဲ့လေသည်။

ဗုဒ္ဓဝံသောဗ္ဗယော ထေရော၊ သုဒ္ဓဝံသော ယတုတ္တမော။
သာသနဋ္ဌိတိကာမော သော၊ ကမ္မဋ္ဌာနေ နိယောဇကော။

*** ◆ ***

ဝဇိရာရာမသာသနာဝင်

ဝဇိရာရာမကျောင်းတိုက်သည် မန္တလေးမြို့ အရှေ့ပြင် မဟာဝိဇယာပုည၏ မှန်ကျောင်းတိုက်၏ တောင်ဖက်၌ တည်ရှိလေသည်။ ၎င်းကျောင်းတိုက်၏ တောင်ဖက်၌ မတ္တရာကျောင်းတိုက် ရှိလေသည်။ ၎င်းဝဇိရာရာမတိုက်ကို ဆောက်လုပ်သူကျောင်းအမ စိန်တုန်းမိဖုရား၏ အမည်ကို စွဲ၍ စိန်တုန်းတိုက်ဟု ခေါ်ကြကုန်၏။ ကျောင်းတိုက် အတွင်း၌-

၁။ ဒေါ်မေအုတ်ကျောင်း

၂။ အေးကျောင်း

၃။ စိတ္တသုခကျောင်း

၄။ ဒေါ်ပျိုကျောင်း

၅။ ဆွမ်းစားကျောင်း

၆။ သိမ်ပြာသာဒ်

အားဖြင့် အဆောက်အအုံ ၄-ခုရှိလေသည်။ ကျောင်းနေရာကား ရေနီးသောအရပ်ဖြစ်သဖြင့် သစ်ပင်မျိုးစုံတို့ဖြင့် စိမ်းလန်းစိုပြေလျက် ရှိပြီး နေချင့်စဖွယ်ကောင်းလှပေ၏။

သမိုင်းအကျဉ်း

ရတနာပုံမြို့တည်နန်းတည် ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး၏ နှမတော်၊ တလုပ်မြို့, စလေမြို့တို့ကို ပိုင်စားသနားတော်မြတ်ခံရသော "သိရီသုပဘာရတနာဒေဝီ" ဘွဲ့မည် ခပ်နှိပ်အပ်သော စိန်တုန်းမိဖုရားသည် ဝဇိရာရာမအမည်မှည့်၍ ကျောင်းတိုက်ကြီး တည်ဆောက်ပြီး ဘုံသုံးဆင့် စမြင်ခံ ကျောင်းတော်ကြီးကိုလည်း ဆောက်လုပ်ကာ မဟာမင်္ဂလာရတနာဘုံစံ ဘွဲ့နာမံမှည့်ခေါ်သတ်မှတ်ကာ သီလဝန္တ သိက္ခာကာမ တိပိဋကဝိညူပါရဂူ

မြောက်သည့် "အဂ္ဂမဟာလက်ဘရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" သွန်းထုခပ်နှိပ် တံဆိပ်တော်ရှင် သင်္ဂီဇာဆရာတော်ဘုရားကြီးအား-

သန္ဓစ္ဆာယံ ဣမံ ဘန္တေ၊ သုဝိသာယံ မနောရမံ။
ဝဇိရာရာမပညာတံ၊ အာရာမံ သမ္မဒ္ဓိစ္ဆတု။

အရှင်မြတ်ဘုရား အေးမြသော အရိပ်အာဝါသနှင့်ပြည့်စုံသော လွန်စွာလည်းကျယ်ဝန်းလှသော စိတ်နှလုံး၏ ရှင်ပြုံးမွေ့လျော်ရာလည်းဖြစ်သော ဝဇိရာရာမအမည်ဖြင့် ထင်ရှားသော ဤကျောင်းတိုက်ကြီးကို အရှင်သူမြတ်သည် လက်ခံသာယာတော်မူပါဘုရား-ဟု မြွက်ဆိုရှိ လျှောဒါန်းခဲ့လေသည်။

သင်္ဂီဇာဆရာတော်ဘုရားကြီးသည် အလှူခံတော်မူ၍ ကျောင်းအမမိဖုရားကို ခမ်းမြောက်တော်မူသောအားဖြင့် ၂-နှစ် သီတင်းသုံးတော်မူခဲ့လေသည်။

ကျောင်းအမစိန်တုန်းမဖုရား

ကျောင်းဖာမစိန်တုန်းမိဖုရားသည် သမီပေါမင်းနန်းတက်ခါနီး သို့မဟုတ် သမီပေါမင်းလက်ထက် အဖမ်းယူခံရသူ မင်းညီမင်းသား မင်းသမီးစာရင်းတွင် ပါရှိရာ သင်္ဂီဇာဆရာတော်ဘုရားကြီးက အလှူခံ၍ အသက်ဘေးမှ လွတ်သည်။ နောက် မော်လမြိုင်မှာနေသည်။ သံဝေဂရမြိုး သီလရှင်ဝတ်သည်။ ဝဇိရာရာမဆရာတော်ကြီးနှင့်အတူ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)သို့ စွယ်တော်ဖူး, စေတီပုထိုးများ ဖူးမြော်ရန် သွားသည်။ သုံးမှပြို့ ဂ္ဂဿယျကျေးရွာဖက်တွင်လည်း သာသနာပြုသည်၊ သုံးခွနယ်ဘက် ဂ္ဂဿယျရွာကျောင်းတိုက် ပိဋ္ဌကတ်များကို စိန်တုန်းမိဖုရားစာဟု ကဗျည်းထိုး လျှောဒါန်းခဲ့လေသည်။

မော်လမြိုင်မြို့ ကျိုက်သလ္ပံစေတီတော်ကြီး တောင်ဘက် ရတနာဘုံမြင့်ကျောင်းသည် စိန်တုန်းမိဖုရား၏ ကုသိုလ်တော်ဖြစ်လေသည်။ ယင်းကျောင်းမှာပင် ကွယ်လွန်သည်ဟု သိရသည်။

ဇိဝိတာ= အသက်ဝိညာဉ် ရှင်ရခြင်းဟူသမျှတို့သည်။
စုတျန္တာ= စုတိပြတ်ကြွေ သေလွန်ခြင်းလျှင် အဆုံးရှိကုန်၏။

အဂ္ဂမဟာလက်ံာရကဝိဒေမဟာဓမ္မရာဇာဓိရာဇဂုရု
ဘွဲ့တံဆိပ်တော်ရဆရာတော်
အရှင်အဂ္ဂမဟာလက်ံာရ

သင်္ဂီဇာဆရာတော်ဘုရားကြီး အရှင်အဂ္ဂမဟာလက်ံာရသည် ဝဇိရာရာမစိန်တုံးတိုက်ကြီး၏ အာဒိကမိုက အစအဦးတည်ထောင်သော ဆရာတော် ဖြစ်တော်မူသည်။

ဖွားမြင်တော်မူခြင်း

တလုပ်မြို့ ကျေးပေါက်ချောင်းရွာ၌ အဖ-ဦးလွမ်းပြေ အမိ-ဒေါ်မင်းအောင်တို့မှ သက္ကရာဇ် ၁၁၇၇-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ဦးလွမ်းပြေ၌ ဇနီး-အကြီး, အငယ် ၂-ယောက်ရှိရာ ဆရာတော်ဘုရားကြီး၏ မိခင်-ဒေါ်မင်းအောင်မှာ ဇနီးအငယ်ဖြစ်လေသည်။ ငယ်မည် မောင်ပို ဖြစ်လေသည်။

ပုဇွန်ချောင်းရွာ ရောက်ရှိခြင်း

ဒေါ်မင်းအောင်သည် ဦးလွမ်းပြေ၏ ယုယကြင်နာမှုကို မရရှိသဖြင့် အမရပူရမြို့ အနောက်မြောက်ယွန်းယွန်းရှိ ပုဇွန်ခြောင်းရွာ၌ ပြောင်းရွှေ့နေထိုင်ခဲ့ရာ သင်္ဂီဇာဆရာတော်လောင်းလျှာ သားငယ် မောင်ပို ပါလာလေသည်။

သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်ခြင်း

ကျောင်းသားအရွယ်တွင် ပုဇွန်ချောင်းရွာကျောင်း (ယခု မန္တလေး အနောက်ပြင် မဟာပင်ကျောင်း)ဆရာတော် အရှင်ကောဏ္ဍည ထံတွင် မိခင်ကြီးဒေါ်မင်းအောင်က အပ်နှံသဖြင့် အောက်ခြေစာများကို သင်ယူတော်မူခဲ့လေသည်။

သက်တော် ၁၁-နှစ်သားအရွယ်တွင် သာမဏေဝတ်၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် ရှင်အဂ္ဂမဟာ

လက်ာရ ဖြစ်သည်။ ရှင်ကုန္ဒာသဘာဟူ၍လည်း စာပေများ၌ တွေ့ရသည်။

သဲအင်းသာသနာပိုင်ဆရာတော်ထံ ပညာသင်ကြားခြင်း

ကျက်ဘုဏ်, မှတ်ဘုဏ်, တဒ်ဏုပ္ပတ္တိဘုဏ်နှင့် ပြည့်စုံသောဆရာတော်လောင်းလျှာ သာမဏေရှင်အဂ္ဂဝံမှာလက်ာရသည် သဒ္ဓမ္မဝံသာဘိသိရိဓဇမဟာဓမ္မရာဇဂုရုနှင့် သူရိယဝံသာဘိသိရိပဝရာလက်ာရ ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ သဲအင်းသာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်သူရိယာဘိဝံသ သာသနာပိုင်မဖြစ်မီကပင် အင်းဝ သဲအင်းတိုက်၌ သီတင်းသုံးစဉ်က ရောက်ရှိသီတင်းသုံး၍ ဂန္ဓဿရအဝဝကို သင်ယူတော်မူခဲ့လေသည်။

ဥပသမ္ပဒေတော်မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခြင်း

သက်ဧတော် ၂၀-တွင် "ဝိရိယဝံသာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ထီးလင်းဆရာတော်ဘုရားကြီး အရှင်ဝိရိယကို ဥပဇ္ဈာယ်ပြု၍ ဥပသမ္ပဒေတော် မြင့်မြတ်သောရဟန်းပဉ္စင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

တရားအားထုတ် စာပေချပို့ခြင်း

ရဟန်းဖြစ်ပြီးနောက်တွင်လည်း အင်းဝမြို့ သဲအင်းကျောင်းတိုက်၌ ၃-ဝါခန့် သီတင်းသုံးပညာသင်ကြားပြီး ရွှေဘိုမြို့သို့ ကြွရောက်၍ "စန္ဒိမာဘိဝံသသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" သီးလုံးဆရာတော်ဘုရားကြီး အရှင်စန္ဒိမာထံ၌ သီတင်းသုံး၍ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်တော်မူခဲ့လေသည်။

ပေါင်းလဲတိုက်၌ စာပို့ချခြင်း

သီးလုံးဆရာတော်ထံမှ တရားအားထုတ်ပြန်ကြွလာပြီးနောက် အမရပူရမြို့, မြောက်ပြင် ပေါင်းလဲတိုက် ယခုမန္တလေးတောင်ပြင် မဟာအောင်မြေပေါင်းလဲတိုက် အရှင်သီရိမာထံ ရောက်ရှိသီတင်းသုံး၍ စာပေချပို့, ပရိယတ္တိသာသနာ ချီးမြှောက်တော်မူခဲ့လေသည်။

ထိုထိုဒေသ၌ သီတင်းသုံး သာသနာပြုခြင်း

ဆရာတော်သည် ပုဇွန်ချောင်းရွာ သရက်ချောင်းတောရ, လင်းလွန်းပင်တောရ, ပေါက်ချောင်းရွာ ပျောက်အိုတောရ, စစ်ကိုင်းတောင်ရိုး ဦးကောဏ္ဍညချောင်, လောကမှန်ကင်းချောင်တို့၌လည်း ၁-ဝါစီ, ၂-ဝါစီ စသည် သီတင်းသုံး၍ သာသနာပြုတော်မူခဲ့လေသည်။

သင်္ဃာကျောင်းတိုက် အလှူခံရရှိခြင်း
ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ် အလှူခံရရှိခြင်း

ဂင်းပြင် ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးလှူဒါန်းသည့် မန္တလေးမြို့, အနောက်ပြင် သင်္ဃာချောင်းထိပ်ဒေနီး သင်္ဃာကျောင်းတိုက်ကြီးကို အလှူခံတော်မူရလေသည်။ ထိုမှတစ်ပါး "အဂ္ဂမဟာလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူလေသည်။ ဂင်းပြင် သုဓမ္မာဝင်ဆရာတော်လည်း ဖြစ်တော်မူသည်။

ဝဇိရာရာမကျောင်းတိုက် အလှူခံသီတင်းသုံးခြင်း

သက္ကရာဇ် ၁၂၂၈-ခုနှစ်တွင် စိန်တုံးမိဖုရားတင်လှူသည့် မန္တလေးမြို့, အရှေ့ပြင် မင်္ဂလာရတနာဘုံစံကျောင်းတော်ကြီးပါရှိသည့် ဝဇိရာရာမကျောင်းတိုက်ကြီးကို အလှူခံ၍ ၂-ဝါ သီတင်းသုံးတော်မူ၍ မိမိတပည့်ရင်း "ပညာဘိသိရီသဒ္ဓမ္မကဝိဓဇမဟာဓမ္မရာဇာဓိရာဇ

ဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ပညာသိရိအား လွှဲအပ်တော်မူလေသည်။

မော်လမြိုင်၌ သီတင်းသုံးခြင်းနှင့် အိန္ဒိယ၌ တစ်ဝါသီတင်းသုံးခြင်း

သီပေါမင်းပါတော်မူပြီးနောက် မော်လမြိုင်၌ သီတင်းသုံးတော်မူသည်။ ၁၂၄၆-ခုနှစ်တွင် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ ညောင်အုပ်မင်းသား အိမ်တော်၌ ၁-ဝါသီတင်းသုံး၍ ညောင်အုပ်မင်းသားအား တရားဝမ္မဟောပြော ချီးမြှောက်တော်မူခဲ့လေသည်။

ကျမ်းဂန်များပြုစုခြင်း

ကျမ်းဂန်များစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ ဓာတုတ္ထဒီပကပါဠိ
၂။ ဓာတုတ္ထဒီပကနိဿယ
၃။ ဝမ္မပဒပါဠိတော်နိဿယသစ်
၄။ သိဂ်ါလောဝါဒဆုံးမစာ
၅။ ဂိဟိပဋိပေါဒနန္ဒိကာနိဿယ
၆။ စတုရာရက္ခကျမ်း
၇။ ကာယပေစ္စဝေက္ခဏာကျမ်း
၈။ ဥပါသဂေါဝါဒစာကိုယ်
၉။ ဥပါသကောဝါဒဋ္ဌိကာ
၁၀။ စကားပုံအမျိုးမျိုး-စသည်တို့ ဖြစ်ကုန်၏။

ဘဝနတ်ထံပျံ့လွန်တော်မူခြင်း

ယင်းသို့ စာပေကျမ်းဂန်ချပို့, တရားဟော, ကျမ်းစာပြုစီရင် ဘုရားရှင်သာသနာ စည်ပင်အောင် ဆောင်ရွက်တော်မူခဲ့သော ဝဇိရာရာမစိန်တုံးတိုက်ကြီး၏ ပဌမဆုံး လက်ဦးဆရာဖြစ်တော်မူခဲ့သော သင်္ဂီဇာဆရာတော်ဘုရားကြီး အရှင်အဂ္ဂမဟာလင်္ကာရသည် သက်တော် ၇၂-ရှိရာ သက္ကရာဇ် ၁၂၄၈-ခုနှစ်၊ ဝါခေါင်လဆန်း ၁၀-ရက်နေ့တွင် ဘဝနတ်ထံ ပျံ့လွန်တော်မူခဲ့လေသည်။[1]

သံဝေဂယူရန်

ကာယော သန္ဓိဟိတောပါယော၊ သမ္ပဒါ ပဒမာပဒါ။
သမာဂမာ သာပဂမာ၊ သဗ္ဗံ မုပါဒိ ဘင်္ဂါရုံ။[2]

ကာယော= ထိုထိုမျှားစွာ သတ္တဝါတို့၏ ခန္ဓာကိုယ်ဟူသမျှသည်။ သန္ဓိဟိတောပါယော= အမြဲစဉ်လာ မကွာထက်ကြပ် သို့မှီးအပ်သော ပျက်စီးခြင်းသဘောရှိ၏။ သမ္ပဒါ= စည်းစိမ်ဥစ္စာ အရာရာတို့၏ ကောင်စွာ ပြည့်စုံခြင်းသည်။ အာပဒါ-အာပဒါယ= အန္တရာယ်ရန်စွယ် အသီးသီးကြောင့် ပျက်စီးဆုံးရှုံးခြင်း၏။ ပဒံ= အကြောင်းရင်းစင်စစ်ဖြစ်လေ၏။ သမာဂမာ= မိဖသားချင်း ဆွေရင်းမျိုးချာ ဉာတကာတို့ ညီညာစုပေါင်း အကြောင်းလှုံ့ဆော် ဖြစ်ပေါ်လာသမျှသော။ သဗ္ဗံ= အလုံးစုံသော သဘောတရားသည်။ ဘင်္ဂါရုံ= ဖောက်ပြန်ပျက်စီးတတ်သော သဘောရှိချေ၏။

၁။ စစ်ကိုင်းသာသနာဝင်၊ ၁၈၆-၁၉၀ ကြည့်။ အကျယ် မန္တလေးသာသနာဝင်၊ ၁၃။ သင်္ဂီဇာတိုက်သာသနာဝင်ကြည့်။
မန္တလေးသာသနာဝင်၊ ၂၃။ မဟာဓမ္မိကာရာမသာသနာဝင်ကြည့်။

၂။ ဟိတောပဒေသ။ ၄။ ၇၀-ဂါထာ။

ပညာသိရိသဒ္ဓမ္မကဝိဧရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ပညာသိရိ

ဆရာတော်အရှင်ပညာသိရိသည် သင်္ဂီဆရာတော်ဘုရားကြီး အရှင်အဂ္ဂမဟာလင်္ကာရ၏ အရိုက်အရာဖြစ်သော ဝဇိရာရာမ ကျောင်းတိုက်ကြီး၌ ကြာမြင့်စွာ သီတင်းသုံး၍ ဓူရ ၂-ပါး ပွားများ အားသစ်တော်ပူခဲ့သဖြင့် ဝဇိရာရာမဆရာတော်ဟူ၍ သာသနာတွင် ထင်ရှားတော်မူခဲ့လေသည်။

မှားပြင်ခြင်း ရှင်သာမဏေပြုခြင်းစသည်

တပယင်းမြို့ ကျေးချမ်းသာရွာ သွေးသောက်စုအပါအဝင် ကုန်းသာရွာ၌ သက္ကရာဇ် ၁၁၉၂-ခုနှစ်၊ တော်သလင်းလဆန်း ၂-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်စဉ်ကပင် ကုန်းသာရွာ ဝါဆိုကျောင်းတိုက်ဆရာတော် အရှင်ကလျာဏဓဇထံတွင် စာပေသင်ကြား၍ အရွယ်ပေါက်သော် ရှင်သာမဏေပြု သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဥပဇ္ဈာယ်ဆရာတော်က ရှင်ပညာသိရိဟု မှည့်ခေါ်တော်မူခဲ့လေသည်။ သာမဏေဝတ်ပြီးနောက် ထန်းမကြီးရွာ မဟာရုံကျောင်း အရှင်ဝိဝေလဇုဒ္ဓိထံတွင် ဆက်လက် ပညာသင်ကြားတော်မူခဲ့လေသည်။

သင်္ဂီဆ သီးလုံးဆရာတော်ဘုံထံတွင် ပညာသင်

သက္ကရာဇ် ၁၂၀၉-ခုနှစ်တွင် အမရပူရမြို့ မြောက်ဖက် ပုဇွန်ချောင်းအရပ် သီတင်းသုံးတော်မူသော "အဂ္ဂမဟာလင်္ကာရကဝိဧရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သင်္ဂီဆရာတော်ဘုရားကြီး အရှင်အဂ္ဂမဟာလင်္ကာရဏံ ရောက်ရှိ၍ ပညာသင်ကြားတော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့်နှစ်တွင် ရဟန်းဘောင်သို့ တက်ရောက်ကာ ဆက်လက်၍ ပညာသင်ကြားတော်မူခဲ့လေသည်။

စဉ်ကူမြို့နယ် ခက်သင်ရွာ "စန္ဒိမာဘိဝံသသိရိသဒ္ဓမ္မဝေမဟာ ဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သီးလုံးဆရာတော်ဘုရားကြီး အရှင်စန္ဒိမာထံ၌လည်း ဆက်လက် ပညာသင်ကြားခဲ့လေသည်။ ၎င်းနောက် ဇာတိဌာနေ မွေးရပ်မြေဖြစ်သော တပယင်းရွာ, ပလိပ်ရွာ, ကျောက်အိုးတောရ, စစ်ကိုင်းမြို့ လောကမှန်ကင်းကျောင်း, အင်းဝမြို့ နမောကျောင်းတိုက်တို့၌ သီတင်သုံးတော်မူပြီးနောက် ဆရာရင်းဖြစ်တော်မူသော အရှင်အဂ္ဂဓမ္မာလင်္ကာရ (သင်္ဂီဇာဆရာတော်)အား "အဂ္ဂဓမ္မာလင်္ကာရကဝိဓေမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်လျှဒါန်းရာ ရတနာပုံနေပြည်တော် ဗထူးကြီးသံဃရာဇာ တည်ထောင်ရင်းကျောင်းတိုက်ကို တင်လျှုပူဇော်သောအခါ အတူလိုက်ပါ၍ သီတင်းသုံးခဲ့လေသည်။

ဝဇိရာရာမဆရာတော်အဖြစ် ထင်ရှားခဲ့

သင်္ဂီဇာဆရာတော်ဘုရားကြီး အရှင်အဂ္ဂဓမ္မာလင်္ကာရသည် မန္တလေးမြို့ အရှေ့ပြင် စိန်တုံးမိဖုရားလျှဒါန်းအပ်သော ဝဇိရာရာမကျောင်းတိုက်ကို အလျှခံတော်မူ၍ ၂-ဝါသီတင်းသုံးတော်မူ၍ တပည့်ဖြစ်သူ အရှင်ပညာသိရိအား လွှဲအပ်လေသည်။ ထိုအချိန်မှစ၍ အရှင်ပညာသိရိသည် ဝဇိရာရာမတိုက်၌ ၁၅-နှစ်ကြာမျှ သီတင်းသုံးတော်မူ၍ စာပေချပို့၍ ပရိယတ္တိသာသနာတော်ကို မျှားစွာချီးမြှောက်တော်မူခဲ့လေသည်။ ထိုအချိန်မှစ၍ ဝဇိရာရာမဆရာတော်ဟု ကျော်စော ထင်ရှားလေသည်။

ရာဇာဓိရာဇဂုရုအလျှခံရရှိခြင်း

ပဋ္ဌမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးကလည်း လွန်စွာ လေးမြတ်တော်မူသည်။ "ပညာသိရိသဒ္ဓမ္မကဝိဓေမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လျှဒါန်း ပူဇော်တော်မူပြီး ဆွမ်းဆန်တော်စသည် ထောက်ပံ့ လျှဒါန်းခြင်းကိုလည်း ပြုတော်မူလေသည်။

တရားအားထုတ်ခြင်း မော်လမြိုင်ကြွခြင်းစသည်

မန္တလေးမြို့ ဝဇိရာရာမကျောင်းတိုက် မဂ်လာရတနာဘုံစံကျောင်းတော်ကြီး၌ ၁၅-နှစ်တိုင်တိုင် သီတင်းသုံး စာပေချပို့ သာသနာပြုတော်မူပြီးနောက် မင်းကွန်းနံ့သာချောင်၌ တရားအားထုတ်တော်မူခဲ့လေသည်။ ၁၂၄၇-ခုနှစ်တွင် ရန်ကုန်မြို့ကြီးသို့ ကြွတော်မူရာ ကျေးဇူးရှင် သင်္ဃာဆရာတော်ဘုရားကြီး အရှင်အဂ္ဂမဟာလင်္ကာရ သီတင်းသုံးတော်မူရာ မော်လမြိုင်မြို့သို့ ဆက်လက်ကြွတော်မူ၍ သီတင်းသုံးတော်မူခဲ့လေသည်။ မော်လမြိုင်မြို့၌ ရတနာဘုံမြင့်ကျောင်းတိုက်ကိုလည်း အလှူခံတော်မူခဲ့လေသည်။

သီဟိုဠ်ကျွန်းသို့ ကြွတော်မူခြင်း

ဝဇိရာရာမဆရာတော်ဘုရားကြီး အရှင်ပညာသိရီသည် သက္ကရာဇ် ၁၂၅၂-ခုနှစ် ဝိနည်းမဟာဝါအဋ္ဌကထာကို ချပို့တော်မူသည်။ ထိုစဉ်က အဂ္ဂမဟာပဏ္ဍိတ အရှင်ကေတုမာလာလင်္ကာရစသော တပည့်ကြီးတို့ ဝိနည်းမဟာဝါ တက်ကြသည်။[1]

တပည့်သံယာ ၅ကာ, ၅ကာမတို့နှင့်တကွ သက္ကရာဇ် ၁၂၅၃-ခုနှစ် တပို့တွဲလဆန်း ၆-ရက်နေ့တွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)သို့ ကြွတော်မူ၍ သံဃမိတ္တာဗောဓိနှင့် ဘုရားမြတ်စွာစွယ်တော် မဟာစေတီ, ဣဋ္ဌပါရာမစေတီစသည့် ပူဇနီယဌာနများကို ကြွရောက်ဖူးမြော် ပူဇော်တော်မူခဲ့လေသည်။ အပြန်တွင် သံဃမိတ္တာဗောဓိပင်မှ ဗောဓိပင်ပွားကို ပင့်ဆောင်တော်မူခဲ့ပြီး မော်လမြိုင်မြို့ ကျိုက်သံလန်စေတီတော် အရှေ့တောင်ယွန်း စိန်ကုံးမိဖုရားပိုင် မြေကြန်အင်လက္ခဏာ ညီညွတ်ရာအရပ်၌ စိုက်ပျိုးတော်မူကာ ပူဇနီယဌာနကို တည်ထားတော်မူခဲ့လေသည်။

၁။ နိဂ္ဂဟိတဝိမုတ္တိဝိနိစ္ဆယ။ ၃၅။

ယင်းဗောဓိပင်နှင့်စပ်၍ အလုံးစုံသိရှိနိုင်ရန် စိန်တုံးမိဖုရား၏ ကုသိုလ်တော် မဟာဗောဓိကျောက်စာကိုလည်း ဤ၌ ဖော်ပြအပ်ပါသည်။

မဟာဗောဓိကျောက်စာ

စိရံ တိဋ္ဌတု အယံ ဗောဓိရုက္ခော

အနန္တဉာဏလောကာဓိပတိသိရီပဝရအတုလဉက္ကဋ္ဌ မြတ်ထက်မြတ်သော ဂေါတမမည်ထင် ဘုရားရှင်သည် မဇ္ဈိမတိုက် မကိုင်ရှု ချက်မ ဘူသိခ၌ တကွဘွားဘော် ညောင်တော်သိရီ ပင်ဗောဓိအောက် ကြုံမြောက်အထ သဗ္ဗညုတ ဉာဏအချုပ် လက်ဆုတ်မြတ် ခေါင်တည့်၍ ဇာတိ, အာဏာ, ဝိသယာပတ်ကုန်း ကြုံးလျက်ထင်ရှား ဘုရားအဖြစ်သို့ ရောက်တော်မူပြီး လေးဆယ့်ငါးဝါရ၍ ကတကိစ္စ ရှိလတ်သော်လျှင် ပြည်မော်နိုဗွာန် စံတော်မူပြီးနောက် ၂၃၆-ခုနှစ် ရှိသောကာလ၌ ပါတလိပုတ်ပြည် သီရိဓမ္မာသောကမင်း၏ သားရင်းသြရသ အရှင်မဟိန္ဒမည်သော မထေရ်သည် သာသနာတော်ကိစ္စနှင့် လင်္ကာဒီပသို့ ကြွတော်မူ၍ ဒေဝါနံပိယတိဿမင်းနှင့် ကြိုက်ကြုံတွေ့မြင် အလွန်လျှင် သဒ္ဓါပသန္န ရှိလတ်ရကား ထူပါရုံစေတီ မဟာစေတီတည်ခြင်း၊ ၎င်းမင်း၏ မရီးတော် အနုဠာဒေဝီ ဘိက္ခုနီပြုလုပ်ရန် တောင်းပန်၍ ဥပဇ္ဈာယ်အလို့ငှာ နှမတော် သံဃမိတ္တာထေရီမကို မဟာဗောဓိဒကွဲဈာသာခါကို ပင့်ဆောင်၍ မောင်တော်ရှိရာ လင်္ကာဒီပသို့ ကူးလာရမည့်အကြောင်းများနှင့် မှာတမ်းစကား ပါးတော်မူခြင်း။

ယင်းသို့လျှောက်လျက် မှာတော်ချက်ကြောင့် သီရိဓမ္မာသောကမင်းကြီးကိုယ်တိုင် ထွက်တော်မူ၍ မြတ်စွာဘုရား ထားတော်မူအပ်သော အဓိဋ္ဌာန်တော်ပါရှိသည့်အတိုင်း မဟာဗောဓိလက္ခာတောင်ကိုင်းကို ဆေးဒန်းမြင်းသီလာဖြင့် ရေးသားလျက် ၅-ပါးသော အဓိဋ္ဌာန်ဖြင့် စိတ်သန်ရည်ညွှန်းလျှင် အလိုလိုပြန်၍ ကောင်းကင်ခရီး

ဆီးနှင်းတိမ်တိုက်သို့ ပြန်တက်ကွန့်မြူး အထူးထူးသောရောင်ခြည်တော်တို့ကို ပြလျက် ၇-ရက်ရှိမျှ ရွှေဖျင်းနှင့်တကွ ကျလာတော်မူခြင်း အစရှိသော တန်ခိုးပြာဋိဟာတို့ကို ပြသဖြင့် သံပဟဋ္ဌဥဒဂ္ဂစိတ်သဒ္ဓါယိုဖိတ် ညိတ်ကြီးညိတ်သော ဓမ္မာသောကမင်းကြီးသည် ရွှေငွေတောင်းတင်း နှီးရင်းကော်ရော် ပူဇော်အပ်သောဝတ္ထုမျိုးတို့ဖြင့် ရှိခိုးပူဇော်အပ်ပြီးသော်လည်း စိတ်တော်၌ မရောင့်ရဲနိုင်ရကား။

မိမိအစိုးရပိုင်သော ဇမ္ဗူကျွန်းအလုံး၌ မင်းဆုံးဒီပရာဇ်အဖြစ် အမြတ်ကို နှင်းအပ်ညွှတ်နှိပ် သုံးကြိမ်တိုင်တိုင် ပူဇော်လျှဒါန်းပါသည်။ သမုဒ္ဒရာပြင်သို့ဆင်း၍ လည်ပင်းရှိအောင် လိုက်၍ပို့ပါသည်။ ငါနှင့် ထပ်တူ ဒေဝါနံပိယတိဿမင်းသည်လည်း လည်ပင်းနစ်မြုပ်မျှသောရေသို့ ဆင်း၍ ကြိုခြင်းစသော အမှုကို ပြုစေဟု မှာတော်မူလိုက်၏။

လှေသင်္ဘောတွက်သောအခါ ဓမ္မာသောကမင်းကြီးလည်း သမုဒ္ဒရာကမ်းဘေး၌ ကြည့်မျှော်ပြီးလျှင် အိုလူအပေါင်းတို့. . . အားတော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် သက်တော်ထင်ရှားရှိသကဲ့သို့ ရောင်ခြည်တော်ကွန်ရက်ကို ထွက်အောင်လွှတ်ဓတတ်သော အသဿတ္ထဒုမရာဇမဟာဗောဓိပင်မင်းသည် ငါတို့ကို ပစ်ထားသွားခဲ့လေပြီတကား-ဟု ဆိုတော်မူ၍ မျက်ရည်ယိုတော်မူ၏။

မင်းကြီးသည် ကြည်ညိုခြင်းပြင်းလှသဖြင့် ဗောဓိပင်နှင့်တကွ ကွေကွင်းခြင်းဒုက္ခကြောင့် သောကပရိဒေဝမီးသည် ကြီးစွာတောက်လောင်လတ်ရကား ငိုကြွေးမြည်တမ်းလျက်သာ ပါတလိပုတ်ပြည်သို့ ပြန်တော်မူ၏။

ဗောဓိပင်မင်းသည် သီဟိုဠ်ကျွန်းသို့ဆိုက်ရောက်ကာ ဒေဝါနံပိယတိဿမင်းကြီးသည်လည်း ဓမ္မာသောကမင်းကြီးအမှာတော်အတိုင်း ကြိုဆိုပူဇော်လျှဒါန်းပြီးလျှင် အနုရာဓမြို့သို့ရောက်အောင် ပင့်ဆောင်လေ၏။

ရောက်လတည်း သုံးဆူသောဘုရားရှင်တို့၏ ဗောဓိပင်စိုက်ထားဘူးရာအရပ် အရှင်မဟိန္ဒည္ဃန်ပြချက်အရ ညီမျှသာယာသော အရပ်ဌာနဌ် စိတ်ထားကြံခိုင် မယိုင်မပြို ကြည်ညိုဘွယ်အထူးကို ဆောင်လျက် ယခုထက်တိုင်အောင် ရှိသတည်း။

ကောဇာသက္ကရာဇ် ၁၂၅၃-ခုနှစ် တပို့တွဲလဆန်း ၆-ရက်နေ့ စွယ်တော်ဓာတ်စစ် ဒုမရာဇ် ဗောဓိဒကို့ဏ ကြည်ညိုကိုးကွယ်ရာအထူး ရှိသော သီဟိုဠ်ကျွန်းသို့ "ပညာသိရိသဒ္ဓမ္မဇဇမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံ ခံတော်မူသော ဝဇိရာရာမဆရာတော်ဘုရားနှင့် သံဃာတော် ၄၀-ကျော် ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင် ဆဒ္ဒန်မင်းသခင် ဆင်ဖြူမျှားရှင် လက်နက်စကြာသခင် မန္တလေးရတနာပုံရွှေမြို့တော် ပဌမနန်းတည်မြို့တည် ပဉ္စမသံဂါယနာတင်အသျှင် ဘဝရှင်မင်းတရားကြီး၏နှမတော် ကလုပ်မြို့, စလေမြို့ ၂-မြို့ပိုင်စား သနားတော်မြတ်ခံသော "သိရိသုပဘာရတနာဒေဝီ" ခပန္နပ် ဘွဲ့တဆပ်အမည်ရှိသော ဝဇိရာရာမကျောင်းတိုက် မဟာမင်္ဂလာရတနာဘုံစံကျောင်းတော်ကြီးအမ စိန်တုံးမိဖုရားနှင့်တကွ သီလသည်ပေါင်း ၅၀-ကျော်, ဥပါသကာ, ဥပါသိကာမ ၄၀-ကျော်တို့သည် စွယ်တော်မြတ်စစ် ဒကို့ဏသာခါ မဟာဗောဓိနှင့်တကွ စေတီ ဘုရားရုပ်ပွားဓာတ်မွေမျှားကို ရှိခိုးပူဇော်ခြင်းငှာ ကူးသွားကြလေသတည်း။

ယင်းသို့ ကူးသွားကြရာ စိန်တုံးမိဖုရားသည် သီဟိုဠ်ကျွန်းသို့ ရောက်ကာလ လွယ်လင့်တကူ ရဟန်းရှင်လူတို့ ပူဇော်ကြပါအောင် အင်္ဂလိပ်အစိုးရ မြန်မာနိုင်ငံကိုအုပ်စိုးသော မဟာဝန်ရှင်တော်မင်းကြီးနှင့်တကွ အတွင်းဝန် အရေးပိုင်မင်းတို့အထံ အမိန့်စာကိုခံရာ အင်္ဂလိပ်ဘုရင်မင်းနှင့် နတ်ရွာစံ မင်းတရားကြီးဘုရား မဟာမိတ်သဟာယဖြစ်ကြသည်လည်းတကြောင်း, အင်္ဂလိပ်မင်းတို့သည် သတ္တဝါတို့အား သနားမေတ္တာ ရှိပါသဖြင့်လည်းတကြောင်းနှင့် စိန်တုံးမိဖုရား အလိုရှိတိုင်း ရှိခိုးပူဇော်ရန်အမိန့်စာကို ရေးရေပေးအပ်သည်နှင့် ၎င်းစာကို သီဟိုဠ်တွင်ရှိ အစိုးရမင်းများထံတင်ပြ စွယ်တော်စစ်များကို

လွယ်လင့်တကူ ပူဇော်ရှိခိုးခဲ့ပြီးသောအခါ မဟာဗောဓိနှင့်တကွ ထူပါရုံ စေတီ မဟာစေတီများရှိရာ အနုရာဓပြို့သို့ သွားကြလေ၏။

မဟာဗောဓိနှင့်တကွ စေတီပုထိုး ရှိခိုးပူဇော်ကြပြီး ပြန်လည် မည်ရှိရာ စိန်တုံးမိဖုရားသည် မော်လမြိုင်မြို့၌ အမှတ်တရ နောင်လာ နောက်သားတို့ ကိုးကွယ်ရှိခိုးပူဇော်ရန် သီဟိုဠ်ကျွန်း တစုံတခုအာရုံပြု လောက်အောင် ပင့်ဆောင်ယူ၍ သွားသင့်သည်ဟု မနောအဓိဋ္ဌာန် အကြံရှိရကား။

ဒကွိဏာသာခါမဟာဗောဓိပင်၌ နေ့စဉ်မပြတ် နိစ္စပတ်ကြည့်ရှု ဝတ်ပြု၍ နေရသော ဗောဓိရုက္ခမထေရ်အထံမှာ ဗောဓိပင်ငယ်ကို ကိုးကွယ်လိုပါကြောင်းနှင့် တောင်းပန်လျှောက်ထားရာ ကိုးကွယ်စိုက်ပျိုး ထိုက်သော ကုသိုလ်ပကတူပ ထူးမြတ်သည်ဖြစ်၍ မဟာဗောဓိဒကွိဏာ အပင်စစ်မှုဖြစ်သော မျိုးစေ့ကြောင့် ကြွေ့ကြွေ့နီမြန်း သန္တာန်ပန်း အဆင်း ပင်မင်းစိမ်းစို ဗောဓိမျိုးနွယ် ပင်ငယ်ညွှန့်ညောင့်ရှိသော ကြောင့်။

ဝဇိရာရာမဆရာတော်ဘုရားအမှူးရှိသော သံဃာတော် ၅၀-ကျော် စိန်တုံးပိဖုရားနှင့်တကွ ဆရာထပ်, ဆရာမမယ်သုန်, ဆရာမ အုန်းဘူးစသော သီလသည်အပေါင်း ၅၀-ကျော်၊ ဥပသကာ, ဥပါ-သိကာမပေါင်း ၄၀-ကျော်တို့နှင့်တကွ အနုရာဓပြို့တော်မှ ဗောဓိပင် ငယ်ကို ပင့်ဆောင်၍ ပြန်လည်ထွက်ခဲ့ကြသတည်း။

မော်လမြိုင်မြို့သို့ ရောက်ကာလည်း ကျိုက်သံလံစေတီတော် မှ အရှေ့တောင်ယွန်း ဦးစွန်းမဏ္ဍိုင် စိန်တုံးမိဖုရားပိုင်ထိုက်သော မြေကြန်မင်္ဂလာ ညီမျှရာအရပ်၌ ဝဇိရာရာမဆရာတော်အမှူးရှိသော သီဟိုဠ်ကျွန်းသားရဟန်း ၂-ပါး မျှားစွာသောရှင် လူပရိသတ်တို့ကို ပင့်ဖိတ်စေ၍ ရွှေမြမြဖလ်ရောင်စုံလျှံသော ထမ်းစင်ထက်၌ ဗောဓိပင် ငယ်ကို တင်၍ ဆင်ယဉ်ပစ္စည်းထီးဖြူ ကနက်ကဒဏ်ဖြန့်မိုး မရိုးယွန်း စည် ကြည်ကြည်သံသာ ခရာအစုံ ဥသုံမကြွင်း ကျင်းပတော်မူပြီး လျှင်။

ကောဇာသက္ကရာဇ် ၁၂၅၄-ခုနှစ် ဝါခေါင်လပြည့်ကျော် ၄-ရက်, ၁၂-နာရီ သုံးချက်အမြောက် ပစ်ဖောက်ပဲ့တင် ငလျင်တော်လည်း ချိမ့်ချိမ့်ညီးမျှ ရာဇရဟ ကြွကြွစွင့်စွင့် မိုးမြင့်မောက်လျှမ်းမင်းခန်းစီရင် အုတ်ရိုးပလွင် ဦးထိပ်ပြင်၌ ရွှေဖျင်နီဖလံ အောင်စိုက်ခံလျက် အနာဂတံ အလျှံအဝါ သာသနာတထောင် တည်အောင်ပတ်လုံး ညွှတ်ရုံးနတ်လူ ပူဇော်သက္ကာရ နာထတသွန် နိဗ္ဗာန်ကူးဆိပ်မြရိပ်အောင်ခန်း သောင်တော်နန်း တင့်မြန်းသိုက်မြိုက် စိုက်ထားကော်ရော် ပူဇော်အပ်သတည်း။

ဤသို့လျှင် ဒကွိဏာသာခါ မဟာဗောဓိပင်မင်း အရင်းအရင်း အစစ်မှ ဖြစ်ပွားပေါ်ပေါက်လာသော ဗောဓိညောင်တော်ကို ပူဇော်မြတ်နိုး စိုက်ပျိုးပြုစု ကောင်းမှုကုသိုလ်ကြောင့် ခပ်သိမ်းသောဘုရားရှင်တို့၏ ဗောဓိပင်ရှိရာ မဇ္ဈိမဒေသ ဌာနချက်သိုက် မြေအစ်ကိုဌ မဂ်ဖိုလ်ဝေဋ္ဌ ကြုံကြိုက်ရသည်ဖြစ်၍ တရားအထူး လက်ဦးနာရ မဂ္ဂဖလဌာန် နိဗ္ဗာန်လွယ်ကူ မျက်မှောက်ယူလိုသော်။[1]

တစ်သိန်း နှစ်သိန်းကျော်တန်ကြေးနှင့် အဘိုးအနဂ္ဃတန် ပလွင်တော်ကို ဦးစွာလှူဒါန်းခြင်း

ဝဇိရာရာမဆရာတော်ဘုရားကြီး၏ ဦးစီးစီစစ်ချက်အရ မော်လမြိုင်မြို့, ရတနာဘုံမြင့်ကျောင်းဒါယကာ ဦးစိတ္တရ, ရတနာဘုံမြင့်ကျောင်းအမ မရွှေပွင့်, ပြာသာဒ်ဒါယကာ မောင်ညို, တောင်ပေါက်ကျောင်းဒါယကာ ဦးတိုးလုံးတို့သည် ငွေတစ်သောင်းကျော်ကို မ-တည်ကြ၍ ကျပ်ငွေ တစ်သိန်းနှစ်သောင်းလေးထောင်ရှစ်ရာငါးဆယ်

---

[1] မဟာဗောဓိကျောက်စာကို သင်္ဂဇာတိုက် အုတ်ကျောင်းဘုန်းတော်ကြီး အရှင်တိလောက ကြီးကြပ်၍ တံဆိပ်တော်ဝန် မင်းလှ-ကျော်ထင်တို့ ရေးသားထုလုပ်စေရာ သက္ကရာဇ် ၁၂၅၅-ခု ဒုတိယဝါဆိုလဆန်း ၆-ရက်၊ အင်္ဂါနေ့ ၁-ချက်တီးအချိန်တွင် ပြီးစီးသည်။

ကျော်တန် ရွှေအတိဖြင့်ပြီးသော ဓာတ်တော်ကြုတ်ကို ပြုလုပ်ကြပြီးလျှင် သက္ကရာဇ် ၁၂၆၀-ပြည့်နှစ်တွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) ကန်ဒီမြို့၌ ဘုရားမြတ်စွာ၏ စွယ်တော်ကိန်းဝပ်ရန် လျှုဒါန်းကြကုန်၏။

တဖန် ဖော်ပြပါ ဝဇိရာရာမဆရာတော်ဘုရားကြီး၏အမိန့်အရ စွယ်တော်ကြုတ်လျှုပြီး ကျန်ရှိသောငွေ တစ်သောင်းခုနစ်ထောင်သုံးရာကျော်ကို မ-တည်၍ ကမ္ဘောဇတိုင်း ကျိုင်းခန်းမြို့နေ ကျောင်းဒါယကာ ဟိန်အောင်ခန်းက ကုသိုလ်ပါဝင်သည် ရွှေသားအချိန် ၂-ပိဿာ, မော်လမြိုင်မြို့ ဒိုင်းဝန်းကွင်း ရှမ်းစုရပ်နေ သိမ်ဒါယကာဦးပန်းက ကုသိုလ်ပါဝင်သည့် ရွှေသားချိန် ၁-ပိဿာနှင့် အရပ်ရပ်ရတနာရွှေငွေတို့ကို မူလဒါယကာလေးဦးတို့က သိမ်းယူလိုက်ပြီးလျှင် သက္ကရာဇ် ၁၂၆၂-ခုနှစ် ဝါဆိုလတွင် မန္တလေးမြို့ ဝဇိရာရာမဆရာတော်ဘုရားကြီး၏ အုတ်ကျောင်းဒါယကာ ဦးဘိုးထိုက်အိမ်တွင် အလုပ်ပညာသည် ရွှေပန်းထိမ်တစ်ကျိပ်ကျော်တို့နှင့် ထူပါးနိမ်မြင့် စသော အချိုးအစား ပုံစံစနစ်များကို မူသေလက်တည်း နည်းဥပဒေရသော မူလဒါယကာလေးဦးတို့၏ ကိုယ်စလှယ် ဆရာမောင်မောင်, အုတ်ကျောင်းဒါယကာ ဦးထိုက်, အခွန်စာရေးကြီး ဦးဖေ-တို့ သေချာစေ့စပ် ကြပ်မတ်ကြည့်ရှု လုပ်ဆောင်စေရာ-

- ပလွင်ကော်အတွင်းခံ ကြေးချိန်	၆၃-ပိဿာ	၁၅		
- ငွေသားချိန်	၁-ပိဿာ	၉၆	၃-မူး	၁-ပဲ
- ရွှေသားချိန်	၆-ပိဿာ	၉၂	၃-မူး	၁-ပဲ
- ပတ္တမြားရတနာလုံးရေ	၂၇၆၅-	ရတီချိန်	၈၃၅-ရတီ	
- စိန်လုံးရေ	၁၃-	ရတီချိန်	၂၂-ရတီ	၅-ပဲ
- မြရတနာ	၇၅-	ရတီချိန်	၆၅-ရတီ	
- ဂျန္ဒနီလာရတနာလုံးရေ	၁၂၂-	ရတီချိန်	၂၁၆-ရတီ	
- ပုလဲစစ်ရတနာလုံးရေ	၁၁၈-	ရတီချိန်	၇၀-ရတီ	

ကြောင်ရတနာ, မုတ္တာပလ္လဝ, သန္ဓာအလှ်, စေလံတင့်ကဲ့ ဖရဲညွှန့်အူ အမာဖြူ-စသော ကျောက်လုံးရေ ၃၇၊ ရတီချိန် ၄၀။

ဖော်ပြပါ ရတနာတို့ကို သီဟာသနပလ္လင်တော်တွင် တန်းဆာဆင် မွမ်းမံ၍ ပြုလုပ်စေရန် စုစုပေါင်းကုန်ကျငွေမှာ ၃၁၉၂စိ-စဲ့ ဖြစ်လေသည်။ ယင်းသို့ တန်ဘိုးမြားမြောက်စွာထိုက်တန်သော သီဟာသနပလ္လင်တော်ကို ၃-ကြိမ်တိုင် ရေစက်ချပွဲကျင်းပပြီး သက္ကရာဇ် ၁၂၆၂-ခုနှစ်၊ တပို့တွဲလဆန်း ၅-ရက်နေ့တွင် ဝဇိရာရာမဆရာတော်ဘုရားကြီးအမှူးရှိသော ရဟန်းပရိသတ် စ-ကျိပ်ကျော် ဥပါသကာ, ဥပါသိကာပရိသတ် ၄၀၀-ကျော်တို့နှင့် သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူပြီး ယင်းသည့်သက္ကရာဇ် ၁၂၆၂-ခုနှစ် တပို့တွဲ လဆုတ် ၅-ရက်နေ့တွင် သီဟိုဠ်ကျွန်း ကန္ဒီမြို့ စွယ်တော်တိုက်၌ စွယ်တော်တိုက်ကို ဖွင့်လှစ်စေကြကာ စွယ်တော်ကြုတ်တင်လှူရန် လှူဒါန်းခဲ့ကြကုန်၏။ ယင်းသို့ဖြင့် ဝဇိရာရာမဆရာတော်ဘုရားကြီး အမှူးပြု၍ ဒါယကာ, ဒါယိကာမများစွာတို့ ကုသိုလ်ပုညများစွာ ပွားကြကုန်၏။

ပြုစုတော်မူသော ကျမ်းဂန်များ

ဆရာတော်ဘုရားကြီးသည် ကျမ်းဂန်များကို မပြတ်ပို့ချတော်မူသည့်ပြင် ကျမ်းဂန်များစွာကိုလည်း ရေးသားပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ ဓမ္မဒီပနီကျမ်း

၂။ ဒွတ္တိံသာကာရဒီပကကျမ်း

၃။ ဝေဿန္တရာဇာတကာလင်္ကာရကျမ်း

၄။ သီသကောဝါဒကျမ်း

၅။ မဟာနမက္ကာရဗုဒ္ဓဝန္ဒနာကျမ်း

၆။ လက္ခဏရသပစ္စုပဋ္ဌာန်ပဒဋ္ဌာန်ဝိနိစ္ဆယဂါထာနိဿယ

၇။ သုတ် ဝိနည်း အဘိဓမ္မာ မာတိကာနိဒါန်းအမေးအဖြေ ကထာ

၈။ အနတ္တလက္ခဏာသုတ်ပါဠိတော်နိဿယ

၉။ ဝိသုံဂါမသီမာဝိနိစ္ဆယ

၁၀။ ဒသသလဝနစ္ဆယ

၁၁။ မာဂဓိသန္ဒေသကထာ

၁၂။ ဗုဒ္ဓဝန္ဒနာဂါထာပါဌ်နိဿယ

၁၃။ ဒုဿီလဒါနာဒိဝိနိစ္ဆယ

၁၄။ အာဠာနာဠိယသုတ်နိဿယ

၁၅။ ဝိဝဋ္ဋနိဿိတဒါနကထာ

၁၆။ ဝိနိစ္ဆယသန္ဒေသကထာ

၁၇။ နေတ္တိဠိကာဟောင်းနိဿယ

စသည်တို့ ဖြစ်ကုန်၏။

ဝိဝဋ္ဋနိဿိတဒါနကထာ

ဖော်ပြပါကျမ်းများအနက် ဝိဝဋ္ဋနိဿိတဒါနကထာကျမ်းမှာ မော်လမြိုင်မြို့ ဒိုင်းဝန်းကွင်းရပ်နေ ဒါယကာ ငရွှေဇင်နှင့် ဒါယကာ ဆရာဇနီးတို့ ဝိဝဋ္ဋဒါနပြုပုံပြုနည်းကို လျှောက်ထားကြသဖြင့် ဝဇိရာရာမဆရာတော်ဘုရားကြီးသည်-

ဒါနဿ လက္ခဏံ စာဂေါ၊ ရသော တု လောဘံသနံ။
ဥပဋ္ဌာနံ အနာသတ္တိ၊ ဖလဋ္ဌေန'ထ ဝါ ပန။
ဘဝါဘဝါနံ သမ္ပတ္တိ၊ ဒေယျဝတ္ထု ပဒံ မတံ။

ဟူသော တစ်ဂါထာခွဲဖြင့် ဒါန၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကို ရှေးဦးစွာ ဖော်ပြတော်မူ၍ ဝိဝဋ္ဋနိဿိတကထာကျမ်းစာကို ရေးသားပြုစုတော်မူခဲ့လေသည်။

ကျမ်းစာ၏အဆုံး၌ "သက်တော်ထင်ရှား ဘုရားလက်ထက်တော်အခါ ဓမ္မိကသတင်းသည်, ဘုရားမရှိ နောက်ပြီးအခါ ပါဠိလိပုတ္တာသူကြွယ်တို့ကဲ့သို့ ပရမတ္ထဓမ္မသိမ်းဆည်း ပစ္စည်းပစ္စယုပ္ပန် ရုပ်နာမ်အစုံ အာရုံအာရမ္မဏိက ပဋ္ဌိစ္စသမုပ္ပါဒ် ဆုံးဖြတ်တွေးရှု အလေးပြုကြသော ဂရုကတဓမ္မ အင္ဂေ့ထုံသဖြင့် ဘုံဘဝဓလေ့၌ ငြီးငွေ့ခြင်းဖြစ်၍ ဘဝနိဿယ မရဏစိတ်သည်ဖြစ်ရကား ဝိဝဋ္ဋနိဿိတကုသိုလ်ဖြစ်လိုသောအာသာ အားကြီးစွာရှိကြသော မော်လမြိုင်မြို့, ဒိုင်းဝန်းကွင်းရပ်နေ ဦးရွှေဇင်, ဆရာနိုင်, ဥပသကာနှစ်ဦးတို့သည် ညွှတ်နူးအာသာ အခါခါအကြိမ်ကြိမ် ဦးနှိမ်ပျပ်ဝပ် လျှောက်ထားအပ်သည်ဖြစ်၍ ဝဇိရာရာမဆရာတော်သည် ထီးဖြူကိုမျှအရထုတ်တတ် ပုဆစ်တုပ်သော် သရုပ်အလျှောက် ငါးပါးမြောက်သား မင်းမြောက်တန်းဆာရုံခါမလွဲ ပေးလွှန်ကဲသည် စက်ရဲရောင်ထင် လေးကျွန်းရှင်သို့ဟူသော မဟာသီလဝန် ထေရ်သူမြတ်စကားကဲ့သို့ ဝိဝဋ္ဋဒါနတစ်ခုမျှ လျှောက်သည်ကို ၎င်းဒါန၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ဒါနပွားအောင် ပြုပုံတို့နှင့်တကွ အစုံအလင် အကျဉ်းအမြွက်မျှရေး၍ ပေးအပ်သော ဝိဝဋ္ဋနိဿိတဒါနကထာ"ဟူသောစကား ဖော်ပြ၍ ကျမ်းစာကို အဆုံးသတ်ခဲ့လေသည်။ ယင်းကျမ်းစာသည် ဒီမိုင်းဆိုက်စာမျက်နှာ ၂၁-မျက်နှာရှိ ကျမ်းစာငယ်ဖြစ်၏။

ဝိနိစ္ဆယသန္ဒေသကထာ

ဝိနိစ္ဆယသန္ဒေသကထာကျမ်းမှာ သက္ကရာဇ် ၁၂၆၉-ခုနှစ်တွင် သီဟိုဠ်ကျွန်း ပါနဒူရမြို့နေ သီဟိုဠ်ရဟန်းတော် အရှင်မေဓာနန္ဒက တရားနာအပ်, မနာအပ် အကြောင်းနှင့်စပ်လျဉ်း၍ လျှောက်ထားရာ ဆရာတော်ကမိန့်ဟု၍ တပည့်အရှင်စက္ကပါလအား ရေးသားစေ၍ သီဟိုဠ်ကျွန်း အရှင်မေဓာနန္ဒထံ ပို့စေတော်မူခဲ့လေသည်။ ၎င်းကို ဤ၌ အောက်ပါအတိုင်း ပြည့်စုံစွာ ဖော်ပြအပ်ပါသည်။

(၁) ဘန္တေ ဓမ္မဒေသကာနံ ဘိက္ခူနံ ပရိမုခေ အာဟစ္စ ပါဒေသု ဝိဒတ္ထိမတ္တရတနမတ္တေသု ဖလကမယာသနေသု နိသဇ္ဇဓမ္မံ သုဏန္တာနံ ဂဟဋ္ဌာ တံ တာယ နိသီဒန-ကြိယာယ ကုသလံ ဝါ ဟောတိ၊ အကုသလံ ဝါ"တိ၊ ယံ ပုစ္ဆိတံ တတြာယံ သခ်ေပဝိသဇ္ဇနာ။

(၂) သတိ အနာဒရိယစိတ္တေ အကုသလံဝ ဟောတိ။ နော ကုသလံ။ အနာဒရိယစိတ္တံ ယေဝတ္ထ ပမာဏံ၊ ဝိဇ္ဇ-မာနေပိ သာဒရိယစိတ္တေ တထာရူပေသု ဌာနေသု နိသဇ္ဇဓမ္မဂရုကာနံ ပုဂ္ဂလာနံ ဓမ္မသ နု စာရိတ္တ-အသာရုပ္ပံ ဟောတိ။ တသ္မာ အနုနုလောမိကတ္တာ စေဝ သာသနပ္ပဝေဏိစာရိတ္တတော ပရိဟာဟိရတ္တာ စ။

(၃) အပရမ္ပိ "ကတော ဝါ တေဟိ ဓမ္မေ အဂါရဝေါ နာ ကဝေါ ဝါ"တိ။ ယံ ပုစ္ဆိတံ။ တတြပျယံ ဝိသဇ္ဇနာ။

(၄) ဓမ္မေ အဂါရဝေါ နာမ ဓမ္မသ္မိံ ဝေ သယ်ုဋ္ဌေ အသက္ကစ္စကိရိယသ္မိံ နိသ်ီဒနာဒိယေ ဝ။ နု ကေ ဝလံ ဓမ္မာ ဒေသကသ္မိံ နိစ္ပမာနေ သုဝိဒတ္ထိရတန-မတ္တေ သုအာဟစ္စပါဒကာ ဒိဋ္ဌာနေသု နိသီဒနကြိယာ-မတ္တံ။ ဧဝံ စ ကတ္တာ ပရိဝါရဋ္ဌကထာယံ "ယော ပန သက္ကောန္တောယေ ဝ ဓမ္မသ္မိံ နု ဂစ္ဆတိ သရဘည်ံ နု ဘဏတိ။ မမ္မကထံ နု ကထေတိ။ ဓမ္မသ္မိံ နုဂ္ဂ ဘိန္ဒိတ္တာ ဂစ္ဆတိ။ ဝိက္ခိတ္တော ဝါ အနာဒရော ဝါ နိသီဒတိ။ နတ္ထေတသ္မ ဓမ္မဂါရဝေါ"တိ ဝုတ္တံ။

(၅) သာရတ္ထဒီပနိယ္ဝ စူဠဝဂ္ဂသမထက္ခန္ဓကဝဏ္ဏနာယံ "ယော ပန ဓမ္မသ္မိံ သယ်ုဋ္ဌေ သက္ကစ္စံ နု ဂစ္ဆတိ။ သက္ကစ္စံ ဓမ္မံ နု သုဏာတိ။ နိဒ္ဒါယတိ ဝါ သလ္လဝန္တော ဝါ နိသီဒတိ။ သက္ကစ္စံ နု ဂဏ္ဍာတိ နု ဝါစေတိ။ ကိ

ဓမ္မေ အဂါရဝံ ကရောသိတိ ဝုတ္တော။ တုဏ္ဏီ ဟောတိ ဓမ္မော ဓမ္မောတိ ဝဒတိ။ ကိံ ဓမ္မော နာမာတိ ဝဒတိ။ အယံ ဓမ္မော အဂါရဝေါ နာမာတိ။

(၆) ယဒိ ဝိဒတ္ထိရတနမတ္တောသု အာဟစ္စပါဒကာဒိဌာနေသု နိသီဒနံ ဓမ္မေ အဂါရဝေါ ဘဝေယ္ယ။ တာဒိသံ ဌာနဝိသေသံ သလ္လက္ခေတ္မာ ဝုတ္တံ သိယာ။ "အနာဒရော ဝါ နိသီဒတိ"တိ တာသု တာသု အဋ္ဌကထာဋ္ဌကာသု။ တသ္မာ ယထာ ဝုတ္တအသက္ကစ္စဂမနသဝနနိသီဒနာဒိ-ယေဝ ဓမ္မေ အဂါရဝေါ နာမ။ ဝိဒတ္ထိရတနမတ္တာဟစ္စ-ပါဒကာဒိဌာနေသု နိသီဒနကြိယာပိ တထေဝါတိ နိဋ္ဌ-မတ္ထေ ဂန္တဗ္ဗံ။

(၇) ဓမ္မေ ပန ဘိယ္ယောသော မတ္တာယ ဂါရဝေန အန-ဝဇ္ဇတ္တာ စေဝ ဝိသိတဖလတ္တာဝ ပဝေဏီယာဂမနံ ဓမ္မိကံ နိဇကုလစာရိတ္တပါလယိတုံ ယုတ္တရူပတ္တာ စ ဓမ္မဒေသကာနံ စ ဘိက္ခူနံ အပရိမုခေ တာဒိသေသု ဌာနေသု နိသီဒိတ္တာ ဓမ္မံ သုဏန္တေ ဝေါ သိဟဋ္ဌေ ပဿန္တာနံ သမ္မာဒိဋ္ဌိကာနံ သဒ္ဓမ္မဝိသိဋ္ဌဂါရဝါနံ သဒ္ဓမ္မာ စလပ္ပသာဒါနံ အညဒေသိယာနံ ဂရဟာယ ပရိဟာရိတုံ ယုတ္တရူပတော ဝိသိဋ္ဌဂါရဝရူပေန ပဝေဏီယာဂတေန နိဇကုလစာရိတ္တေ နဝသောတုံ ယုတ္တရူပန္တိ နိသဒ်-သယေန ဒဋ္ဌဗ္ဗံ။ နော အာဓုနိကေန ပါယေန မိစ္ဆာ-ဒိဋ္ဌိကာနံ ယုရောပိယာနံ ကုလစာရိတ္တေန။

(၈) တာဒိသေသု တိဌာနေသု နိသီဒိတ္တာ ဓမ္မသဝနံ နော ပေါရာဏိကသီဟဋ္ဌိကာနံ စာရိတ္တံ။ အဓုနာ ပန ယုရောပိယာနံ စာရိတ္တံ ယုတ္တရူပန္တိ မန္ဒာ ရောစေတ္မာ ဂဏိတ္မာ တေသံ စာရိတ္တာနုဝတ္တကာ စာရိတ္တဂ္ဂါဟိနော ဟုတ္မာ "ဓမ္မဒေသကာနံ ဘိက္ခူနံ ပရိမုခေ တာဒိ

ဝိဒတ္ထိရတနမတ္တာဟစ္စပါဒကာဒိဌာနေသု နိသီဒိတ္တာ ဓမ္မံ သုဏာန္တီ"တိ မညာမိ။

(၉) အမှာကံ ပန မြမ္မာရဋ္ဌေ ယထာ ဝုတ္တေသု ဝိဒတ္ထိ-ရတနမတ္တာဟစ္စပါဒကာဒိဌာနေသု နိသီဒိတ္တာ ဓမ္မသ-ဝနံ ကဒါစိ ကတ္ထစိ ဝိသဒ္ဓမ္မစ္စာဒရေဟိ သဒ္ဓမ္မာတိဂရု-ကာရကေဟိ သဒ္ဓမ္မသမ္မသ္ဃေဟိ သဒ္ဓမ္မာဘိပ္ပသန္နေဟိ ဘဝိတဗ္ဗံ။ ဗုဒ္ဓါပိ ဟိ ဘဂဝန္တော သဒ္ဓမ္မံ အတီဝဂရုံ ကရောန္တိ။ တေန ဝုတ္တံ ဘဂဝတော "ဓမ္မညော သက္ကတ္တာ ဂရုံ ကတ္တာ"တျာဒိ။ တသ္မာ မာဒိဒေသေသု ကော ပန ဝါဒေါတိ ကတ္တာ အာဟစ္စာဒရေန သော-တဗ္ဗန္တိ။

(၁၀) မြမ္မာရဋ္ဌေ ဇေယျပုရဂရုတ္တရဒိသာဘာဂေ ဆကေသ-မတ္တပဒေသေ ရတနဘူမကန္ဒရေ ဝသန္တော အဝုနာ ဇရာဒုဗ္ဗလော ဒ္ဝိဟိပိ ဟတ္ထပါဒပ္ပေါဠ္ဠကရောဂေဟိ နိရန္တရံ ပီဠိတောဟသ္မိ။ တသ္မာ ဓမ္မနိစ္ဆယမိမံ မယ္ဘံ သဒ္ဓိဝိဟာရိကေန စက္ကပါလေန ဃထရေန မမာနု-မတိယာ လိခါပေတ္တာ နရသီဟသ္ဃ ဘဂဝတော ပရိ-နိဗ္ဗာနာ ဒေကပဏ္ဏာသာဓိကစတုသ္ဃတဒ္ဒိသဟသ္ဃ-သံဝစ္ဆရေ အသ္ဃယုဇမာသကာလပက္ခေ တေရသမိယံ ပေသိတန္တိ ဉာတဗ္ဗံ။[၁]

၁။ မဟာဝိဇ္ဇာ လယ်တော်ပဏ္ဍိတဆရာဦးမောင်ကြီး၏ ပါဠိရေးသင်ကျမ်းမှ ကူးယူဖော်ပြပါသည်။ မြန်မာပြန်ဆိုချက်ကို အလိုရှိလျှင် ယင်းပါဠိ ရေးသင်ကျမ်းမှ ကူးယူပါ။

နေတ္တိဋ္ဌိကာဟောင်းနိဿယ

ဝဇိရာရာမဆရာတော် အရှင်ပညာသိရိသည် နေတ္တိဋ္ဌိကာ ဟောင်း နိဿယကို သက္ကရာဇ် ၁၂၆၄-ခုနှစ် တပေါင်းလပြည့်ကျော် ၁၃-ရက်နေ့တွင် အပြီးသတ် ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌-

၁။ ယသ ဉာဏံ နာဉေ ယျကံ၊ သံ ဝိနာသေသဉေ ယျကံ။
ပါရဂ်ဉာဏိနော တသ၊ နမော ကတ္ဝာန သတ္ထုနော။

၂။ သဒ္ဓမ္မသ ဂဏသာပိ၊ တံသမ္ဘူတသ သာဒရံ။
မဟာကစ္စာနထေရေန၊ မုနိဝဏ္ဏိတဝုဒ္ဓိနာ။

၃။ ဝုတ္တာ ယာ နေတ္တိဂမ္ဘီရာ၊ နဝဂ်သတ္ထဝဏ္ဏနာ။
တဗ္ဗဏ္ဏနာယ ဋ္ဌိကာယ၊ ဘာဝနိယေဟိ ယာစိတော။
နိဿာယာဟံ ကရိဿာမိ၊ သာသနတ္ထံ ယထာဗလံ။

၄။ ကိဉ္စာပိ ဒုက္ကရော ဧသ၊ မာဒိသေန ဝါတာတဝေ။
မဂ္ဂေါ ပန ပေါရာဏာနံ၊ ဒိဿတေ ယေဝ သာဓုကံ။

၅။ ယသ္မာ တသ္မာ တမာရဗ္ဘ၊ ကသိံ သာ ဒါနိ နိဿယံ။
အတ္ထကာမာ တံ ပသဒ္ဓေ၊ မယာပိ မန္ဒဗုဒ္ဓိနာတိ။

(၁) ယသ= အကြင်မြတ်စွာဘုရား၏။ ဉာဏံ= သဗ္ဗညုတ အစရှိသော ဉာဏ်တော်သည်။ အဉေ ယျကံ= မသိအပ်သော ဉေ ယျ ဓံရှိသည်။ နမော ဟောတိ= မဖြစ်။ သံ= မိမိဟုဆိုအပ်သော သိတတ် သော အာရမ္မဏိကဉာဏ်တော်ကို။ ဝိနာ= ကြဉ်၍။ အသေသဉေ ယျ ကံ= အကြွင်းမရှိသိအပ်သော ဉေ ယျဓံရှိသည်။ ဟောတိ= ဖြစ်၏။ ပါရဂ်ဉာဏိနော= ဉေ ယျဓံတရား ငါးပါးတည်းဟူသော မဟာသမုဒ္ဒ ရာ၏ ကမ်းတစ်ဖက်သို့ရောက်သော ဉာဏ်ရှိတော်မူသော။ တသ သတ္ထုနော= ထိုမြတ်စွာဘုရားအား။ နမော= ကိုင်းရှိုင်း ညွှတ်ကြိုး ရှိခိုးခြင်းကို။ ကတ္ဝာန-ကရောမိ= ပြုပါ၏။

(၂) တံ သမ္ဘူတသ= ထိုဘုရားသခင်မှဖြစ်သော။ ဝါ= ထိုဘုရားသခင်သည် ဖြစ်စေအပ်သော။ သဒ္ဓမ္မသာပိ= ဆယ်ပါးသော

တရားတော်အားလည်းကောင်း။ ဂဏာသာပိ= ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်အားလည်းကောင်း။ သာဒရံ= ရိုသေခြင်းနှင့်တကွ။ နမော= ကိုင်းရှိုင်းညွတ်ကြိုး ရှိခိုးခြင်းကို။ ကတ္တာန-ကရောမိ= ပြုပါ၏။ ကတ္တာန= ပြုပြီး၍။ မုနိဝဏ္ဏိပုဒ္ဓိနာ= ဘုရားသခင်သည် ချီးမွမ်းအပ်သော ပညာရှိတော်မူသော။ မဟာကစ္စာယနထေရေန= မြတ်သော ပူဇော်အပ်သော ကစ္စည်းမထေရ်သည်။

(၃) ဝုတ္တာ= ဟောတော်မူအပ်သော။ ဂမ္ဘီရာ= မမှီအတ္ထစသည်တို့ဖြင့် နက်နဲစွာသော။ နဝဂ်သ= ကိုးပါးသောအင်္ဂါရှိသော ပိဋကတ်သုံးပုံ၏။ အတ္ထဝဏ္ဏနာ= အနက်အဖွင့်ဖြစ်သော။ ယာ နေတ္တိ= အကြင်နေတ္တိကျမ်းသည်။ အတ္ထိ= ရှိ၏။ တဗ္ဗဏ္ဏနာယ= ထိုနေတ္တိကျမ်းအဖွင့်ဖြစ်သော အဋ္ဌကထာ၏။ ဋီကာယ= နေတ္တိဋီကာ၏။ နိသယံ= နိသယကို။ ဘာဝနိယေဟိ= ပရိယတ္တိဆေက ပဋိပတ္တိသမ္ဘာဝနကြောင့်။ သမ္ဘာဝနိယ= ဖြစ်ကုန်သော ထေရာနုထေရတို့သည်။ ဝါ= ပရိယတ်, ပဋိပတ် နိဗဒ်သိမ်းကျုံး လက်တန်းသုံး၍ သူတော်ကောင်းတို့၏နှလုံးကို ပွားစေတတ်ကုန်သောမထေရ်တို့သည်။ ယာစိတော= ကောင်းပန်အပ်သည်ဖြစ်၍။ သာသနတ္ထံ= သာသနာတော်၏အကျိုးငှာ။ ယထာဗလံ= အစွမ်းအလျောက်။ ကရိသာမိ= ရေးသားပြုစီရင်ပေအံ့။

(၄) မာဒိသေန= မသေးနုပညာ ငါကဲ့သို့သောသဘောရှိသော သူသည်။ ဧသ-ဧသော နိသယော= ဤနေတ္တိဋီကာနိသယကို။ ကာတဝေ= ပြုပြင်းငှာ။ ကိဉ္စာပိ ဒုက္ကရော= အကယ်၍ကား ခဲယဉ်း၏ရှင့်။ ပန တထာပိ= ထိုသို့ ခဲယဉ်းငြားသော်လည်း။ ယသ္မာ= အကြင့်ကြောင့်။ ပေါရာဏာနံ= လွန်လေရှေးတီး ဆရာကြီးဆရာမြတ်တို့၏။ မဂ္ဂေါ= သွားရာလမ်းကြီး ဉာဏ်ခရီးသည်။ သာဓုကံ= မတိမ်းမစောင်း ကောင်းမွန်စွာ။ ဒီသတေယေဝ= ထင်ရှားသေးသည်သာ လျှင်တည်း။

(၅) တသ္မာ= ထို့ကြောင့်။ တံ= ထိုရှေးဆရာတို့ သွားရာ လမ်းကြောင်းကို။ အာရဗ္ဘ= တက်မှီငြမ်းပြု၍။ အသ= နေတ္တိဋ္ဌိကာ၏။ နိသယံ= နိသယကို။ ဒါနိ= ယခု။ ကသံ-ကရိသ္သာမိ= ရေးသား စီရင်အံ့။ အတ္ထကာမာ= သပရအတ္ထနှစ်ပါးကို အလိုရှိကုန်သော။ ဝါ= ဤဋ္ဌိကာ၏အနုက်ကို အလိုရှိကုန်သော။ မယာပိ= ငါ့အောက် လည်း။ မန္ဒိဗုဒ္ဓိနော= နုသောပညာရှိကုန်သောသူတို့သည်။ တံ= ထိုနိသယကို။ ပသန္နာ= ကြည်ရှုကြစေကုန်သတည်း။

ဟူသော ၅-ဂါထာပါဠိနိသယဖြင့် ရတနတ္တယပဏာမ, အဘိ-ယာစက, ပဋ္ဌိညာစသည်ဖော်ပြ၍ ဂန္ထာရम္ဘပြုတော်မူခဲ့လေသည်။

ဆရာတော်သည် ပဌမဂါထာ ကသံသာ-၌ ပုဗ္ဗံသာ-ကဲ့သို့ ကသံ အသာ-ဟု ပဒစ္ဆေဒ။ ကသံ-၌ သံ-ကြောင့် ကကရသ-သမ္မိ-ဟူသော သဒ္ဒနီတိသုတ်ဖြင့် ကရဓာတ်၏ ကဒနေတည်းဟူ၍ အမှာအထားကိုလည်းကောင်း။ နဝင်္ဂဿနာ-ဖြစ်သော နေတ္တိပါဋိတော်၏အဖွင့် သံဝဏ္ဏနာကို အဋ္ဌကထာ၏အနက်ကိုဖွင့်လေသော ဋ္ဌိကာ ဆရာတို့သည် အဋ္ဌကထာအစ ပဏာမဂါထာစသည်တို့၏ ပယော-ဇနသမ္ဗန္ဓအဘိဓာနပုဗ္ဗင်္ဂမဖြစ်သော အနုက်ကို ထုတ်ပြတော်မူလို၍ ဥဋ္ဌာရဏ္ဍာသယနိသမ္ဘကာရီဖြစ်သော ပညာရှိတို့၏ ဝန္ဒနာပုဗ္ဗင်္ဂမပဋ္ဌိ ပတ်သည် တပါးသောသူတို့၏လည်း အထူးထူးအပြားပြားသော ဟိတသုခနိပ္ဖာဒန အကျိုးရှိသည်သာဖြစ်သောကြောင့် အဋ္ဌကထာ ဆရာ၏လည်း အဋ္ဌကထာ၏အစ၌ ပဏာမကိုပြုခြင်း၏ အန္တရာယ ဝိသောဓနစသော ပရဟိတအကျိုးစသည် ဖြစ်ရာသည်သတည်းဟု ပြတော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌လည်း-

၁။ ရတနာပူရဿ ပုဏ္ဏဿ၊ ပစ္ဆိမာစလပန္ဓိယံ။
အင်္ဂယုတ္တောကသာနုမ္မိ၊ ရက္ခကုမ္မိ ချဘန္ဒရေ။
၂။ ယောဂါဝစရဘိက္ခူနံ၊ ဝါသာရဟေ ဝိဝိတ္တကေ။
ဝသတာ အတ္ထကာမေန၊ ဝဇိရာရာမသာမိနော။

၃။ ပညာဒိလဒ္ဓလဠေန၊ ထေရေန သုဒ္ဓစေတသာ။
နိဿယော နေတ္တိဋ္ဌိကာယ၊ နတ္ထိယေဝ ပုရာတနေ။

၄။ ဒုရောဂါဠော စ သောတူဟိ၊
ကတော ဧသ ယတော တတောနု။
ယုဝသောတူနမတ္ထာယ၊
ဝိသောဓိယ ယထာဗလံ။

၅။ စတုစ္ဆဒ္ဒယဧကမ္ပိ၊ သက္ကရာဇမ္ပိ ဖဂ္ဂုဏော။
တေရသိံ ကာဠပက္ခသ္မိ၊ သဗ္ဗသော သော သုနိဋ္ဌိတော။

၆။ ကိဠေတ္ထ ဝိရဒ္ဓံ ပသ္သေ၊ ဓိရာ ပေက္ခန္တု တံ ဝိနာ။
အာဂမာဓိဂမညုတြ၊ ကော တံ သက္ကာ ဝိမုစ္စိတုံ။

၇။ ယံ ပတ္တံ ကုသလံ တေန၊ စိရံ တိဋ္ဌတု သာသနံ။
သဗ္ဗေပိ ဒေဟိ နော ဟောန္တု၊ ဝိမုတ္တိရသဘာဂိနော။

၈။ ဣဓာဟန္တု ဝိရဒ္ဓေ စေ၊
ပညုတ္တရောဝ သဗ္ဗဓိ။
မဟာပညော မဟာရဟာ၊
ဘဝေ မေတ္တေယ္ယ သန္ဓိကေတိ။

(၁-၂) ရတနာပုရသ ပုဏ္ဏသ= ရတနာပုံအမည်ရှိသော သုနာပရံ တမ္ဗဒီပ မြန်မာ့ညီသျှောင် ကုန်းဘောင်သမ္မတ နွယ်ဝံသတွင် ဒသမမင်း သစ်လင်းတည်ထောင်အပ်သော မဟာရာဇဓာနီ မန္တလေး နေပြည်တော်ကြီး၏။ ပစ္ဆိမေ= ခြားဆီးရော နောက်မျက်နှာ၌။ အစလ ပန္ဓိယံ= နိလာပုံစု မြသေတ္တာဆိုင် နှင်းပြိုင်တန္တ စိမ်းနုလဲ့ညို ရွှန်းရွှန်း စိုလျက် ရှိအမြောင်မြောင် ချောင်းအဆင့်ဆင့် ငါးမြင့်ဓာတ်ပုံ စည်စုံ ညီညီ စေတီဖြူဖြူ ပုထိုးဆူဆူ လိုဏ်ဂူသခ်မ်းတို့ဖြင့် စိတ်ဝမ်းကြည်နူး ဖွယ်ဖြစ်သော တောင်စဉ်တောင်တန်း၌။ အဂ်ယုတ္တေ= ဓုရာဝါသန ဓုဝါဝါသ စသည်ဟောလှစ် တစ်ဆယ့်ရှစ်သော တောင်ကျောက်အပြစ် တို့မှ ကင်းစင်ဝေးကွာ၍ ရှာမနီးဝေး တောကြီးမဆက်ဆံ လူသံတိတ်

ဆိတ် မိတ်ကောင်းလည်းရ ပစ္စည်းမျှရ ပဋ္ဌအဂ်ါ ဂုဏ်ငါးဖြာတို့နှင့် ယှဉ်သော။ ဧကသာနုမှီ= တစ်ခုသော တောင်လျှဉ်တောင်ဝှမ်း၌။ ယောဂါဝစရဘိက္ခူနုံ= ဥတ္တရိမနုဿဓမ္မ ရုပ်မှန်ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်ခြင်း၌ ကြဉ်လည်ကုန်သောရဟန်းတို့၏။ ဝါသာရဟေ= တရားရကြောင်း ပုဉ်းအောင်း၍ နေခြင်းငှာထိုက်သော။ ဝိဝိတ္တကေ= ရွာကြွေးကျော်သံ စသည်တို့မှဆိတ်သော။ ရတနာဘူမိခ္ဂကန္ဒရေ= ရတနာဘုမ္မိ အမည်ရှိသောချောင်း၌။ ဝဿတာ-ဝသန္တေန= အရည်ကင် ဓုတင်ပျော်မွေ့ နေလေ့ရှိသော။ အတ္ထကာမေန= သာသနာတော်၏ အကျိုးစီးပွားကို အလိုရှိသော။ ဝါ= သပရ အဗ္ဗတ္ထ နှစ်ပါးကို အလိုရှိသော။ ဝဇိရာရာမသာမိနာ= ဝဇိရာရာမ နာမသမိုက် ကဗျည်းစိုက်သော ကျောင်းတိုက်တော်ကြီး၏အရှင်ဖြစ်သော။

(၃) ပညာဒိလဒ္ဓလည္ဆေန= ပညာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မ ရာဇာဓရာဇဂုရု မင်းမှုရအပ်သော တဆပ်တောနာမရှိသော။ ထေရေန= မထေရ်သည်။ သုဒ္ဓစေတသာ= အတ္တုက္ကံသန စသည်မဖက်သက်သက် စင်ကြယ်စွာသောစိတ်ဖြင့်။ နေတ္တိဋ္ဌိကာယ= နေတ္တိဋ္ဌိကာ၏။ ပုရာတနေ= ရှေး၌ဖြစ်သော။ နိဿယော= နိဿယည်းသည်။ ယတော= အကြင့်ကြောင့်။ နတ္ထိယေဝ= မရှိသေးသည်သာ လျှင်တည်း။

(၄) စ= ဆိုဖွယ်ထပ်လောင်း အကြောင်းတပါးလည်း။ သောတူဟိ= နောင်လာအမျှား စာသင်သားတို့သည်။ ယတော= အကြင့်ကြောင့်။ ဒုရောဂါဌော= အတ္ထဓမ္မ နက်နဲလှ၍ သက်ဝင်နိုင်ခဲကြသည်လည်း။ ဟောတိ= ဖြစ်၏။ တတော= ထို့ကြောင့်။ ယုဝ-သောတူနံ= ငယ်သွေးတံစို စာသင်ပျိုတို့၏။ အတ္ထာယ= အကျိုးငှာ။ ယထာဗလံ= စွမ်းနိုင်ပါသမျှ။ ဝိသောဓိယ= သုံးသပ်ခြင်းနည်းပါး၍ ပျက်ပြားတိမ်းညွတ်သော ပါဠနေမျှားကို သုတ်သင်၍။ ဒေ-ဒေသော နိဿယော= ဤနေတ္တိဋ္ဌိကာနိဿယကို။ ကတော= ရေးသားစီရင်အပ်ပြီ။

(၅) သော နိဿယော= ထိုနေတ္တိဋ္ဌိကာနိဿယသည်။ စတုစ္ဆဒ္ဒယကေမ့= တထောင့်နှစ်ရာ့ခြောက်ဆယ်လေးခုဖြစ်သော လူတို့သင်္ကေတ ဝေါဟာရနှစ် သက္ကရာဇ်၌။ ဖဂ္ဂုဏော= တပေါင်းလ၌။ ကာဠပက္ခသေ= လဆုတ်ပက္ခ၏။ တေရသီ= တစ်ဆယ့်သုံးရက်မြောက်၌။ သဗ္ဗသော= အစအဆုံး ပိုက်ကျုံးဥသုံ အလုံးစုံအားဖြင့်။ သုနိဋ္ဌေကော= ကောင်းစွာပြီးခြင်းသို့ ရောက်လတ်ပြီ။

(၆) ဧတ္ထ= ဤနိဿယယ၌။ ကိဉ္စိ= တစိုးတစိ။ ဝိရဒ္ဓံ= ချွတ်ယွင်းသောအရာကို။ ပသေ= တွေ့မြင်ငြားအုံ့။ တံ= ထိုချွတ်ယွင်းသော အရာကို။ ဝိနာ= ကြဉ်၍။ မိရာ= ပညာရှိတို့သည်။ ပေက္ခန္တု= ရှုစေကုန်သတည်း။ အာဂမာဓိဂမာ= ပိဋကတ်သုံးပုံ နှုတ်ငုံရမိ လတ်တည်းရှိသော ပရိယတ္တိဟူသော အာဂမမဂ်ဖိုလ်ဟူသော အဓိဂမနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို။ အညတြ= ကြဉ်၍။ တံ= ထိုပမာဒအစွမ်းအားဖြင့်ဖြစ်သော ဝိရဒ္ဓအရာကို။ ဝိမုစ္စိတုံ= လွတ်စေခြင်းငှာ။ ကော သက္ကာ= အသူစွမ်းနိုင်ချိမ့်နည်း။

(၇) တေန= ထိုနေတ္တိဋ္ဌိကာနိဿယကို ရေးသားစီရင်ရခြင်းကြောင့်။ ယံ ကုသလံ= အကြင်ကုသိုလ်ကို။ ပတ္တံ= ရအပ်ပြီ။ တေန= ထိုကုသိုလ်ကြောင့်။[1] သာသနံ= တို့ရှင်ရိုက်ရာ သာသနာတော်သုံးပါသည်။ စိရံ= သံတော်ရှစ်အင် သံဒင်ထိတ်ထိတ် ဗျာဒိတ်လှစ်တိုင်း နှစ်ဆောင်ယခေါင် ငါးဆောင်တိုက်ကို ရောက်ဆိုက်မြင့်ရှည်။ တိဋ္ဌတု= ကြန့်ကြန့်မြဲဝိုင် ကျောက်တိုင်တရထည် တည်ကာနေစေသတည်း။ သဗ္ဗေပိ= အလုံးစုံလည်းဖြစ်ကုန်သော။ ဝိမုတ္တိရသ ဘာဂိနော= နိဗ္ဗာန်ချမ်းသာလျှင် အဖို့ရှိကြကုန်သည်။ ဟောန္တု= ဖြစ်ကြပါစေသတည်း။

(၈) အဟန္တု= အပဒိက အာကာသ၌ ပဒစလဋ္ဌ ဖော်ထုတ်ပြသို့ နိဿယမရှိသေးသော ဤနိဋ္ဌိကာနိဿယကို ဖော်ပြရေးသူ

၁။ တေန-ကား နှစ်သုတ်ရ သိလေသနည်း။

ငါတမူကား။ ဣဒ= မဂ်ဖိုလ်၏ခေတ် စင်စစ်မှန်သော ဤသာသနာ၌။ စေ ဝိရဗ္ဗေ= သာသနာဤခေတ် နောင်ဖြစ်သမျှ ဘဝဥဒဟိ ဖြစ်ကြိုက်ကိုယ်ဝယ် မဂ်ဖိုလ်မရ ချွတ်ယွင်းခဲ့ငြားအံ့။ သဗ္ဗမိ= အလုံးစုံသော ဘဝတို့၌။ ပညုတ္တရောဝ= လွန်ကဲသောပညာရှိသည်သာလျှင်။ ဟုတ္တာ= ဖြစ်၍။ မေတ္တေယျသန္ဓိကေ= မေတ္တေယျဘုရားရှင်၏ အထံတော်၌သာလျှင်။ မဟာပညော= လေးပါးသမ္ဘိ ခြောက်လီဘိညာဉ်ရှစ်တန်ဝိမောက္ခ စသည်ပေါရယ် ကြီးကျယ်များမြတ်သော ပညာရှိသော။ အရဟာ= ရဟန္တာသည်။ ဘဝေ-ဘဝေယျ= ဖြစ်ရလိုမူ။ ဣတိ= ဤသည်လျှင် နိဂုံးစကားရပ် အပြီးသတ်တည်း။

ဟူသော စ-ဂါထာပါဠိနိဿယဖြင့် ကျမ်းပြုရာဌာန ဘွဲ့ထူးဂုဏ်ရည် ကျမ်းပြုခြင်းရည်ရွယ်ချက် ကျမ်းပြီးရာနှစ်လရက်ဆုတောင်းစသည်တို့ကို ဖော်ပြကာ ဂန္ဌာရမ္ဘပြုတော်မူခဲ့လေသည်။ ၎င်းပြင်-

ဣတိ ဝဇိရာရာမိကထေရေန ကတော လိနတ္ထဝဏ္ဏနာ နာမိကာယ ပေါရာဏနေတ္တိဋ္ဌိကာယ နိဿယော။ နေတ္တိဋ္ဌိကာဟောင်းနိဿယ ဤတွင်ပြီးပြီ-ဟူသော စကားရပ်ကိုလည်း ဖော်ပြတော်မူခဲ့လေသည်။

ဤစာပြုသူ တွေ့ရှိသောပေ၌ "ဟေတုပစ္စယော အာရမ္မဏပစ္စယော အဓိပတိပစ္စယော အနန္တရပစ္စယော သမနန္တရပစ္စယော သဟဇာတပစ္စယော အညမညပစ္စယော နိဿယပစ္စယော ဥပနိဿယပစ္စယော ပုရေဇာတပစ္စယော ပစ္ဆာဇာတပစ္စယော အာသေဝနပစ္စယော ကမ္မပစ္စယော ဝိပါကပစ္စယော အာဟာရပစ္စယော ဣန္ဒြိယပစ္စယော ဈာနပစ္စယော မဂ္ဂပစ္စယော သမ္မယုတ္တပစ္စယော ဝိปယုတ္တပစ္စယော အတ္ထိပစ္စယော နတ္ထိပစ္စယော ဝိဂတပစ္စယော အဝိဂတပစ္စယောတိ" ဤစာပြီးလတ် သဂ္ဂရာဇာ ၁၂၇၅-ခု နတ်တော်လဆုတ် စ-ရက်နေ့တွင် နေတ္တိဋ္ဌိကာဟောင်းနိဿယကို ရေးကူးပြီးအောင်မြင်သည်။ ပု၊ ဒိ၊ အာ-နှင့် ပြည့်စုံရပါလိုမူ။ နတ်လူသာဓု ခေါ်စေသော်။ သာဓု သာဓု သာဓု-ဟု အဆုံး၌ ပါရှိလေသည်။

ဆရာတော်အရှင်ပညာသိရိ မဟာထေရ်ကား ပါဠိမြန်မာ စွယ်စုံရ အရှင်မြတ်ဖြစ်လေသည်။

နေတ္တိပုရာဏဋီကာယ၊ နိဿယံ နိဿယာရဟံ။
ပညာသိရိသုပဏ္ဏိတော၊ ရစယိတ္ထ သုဇာတိမာ။

သီဟိုဠ်သိမ်များ သမုတ်တော်မူခြင်း

ဝဇိရာရာမဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၆၂-ခုနှစ် သီဟိုဠ်ကျွန်းသို့ ဒုတိယအကြိမ်ကြွတော်မူစဉ် သီဟိုဠ်ကျွန်း ကရဝမ်ပိဋိရာ သုဗောဓာရာမကျောင်းတိုက်၌ သိမ်တစ်လုံး, ဗဒ္ဓပေါလ ရာ သုဘဒ္ဒါရာမကျောင်းတိုက်၌ သိမ်တစ်လုံးစသည်ဖြင့် ဦးစီးဦးကိုင် ပြုတော်မူ၍ သိမ်ကို သမုတ်တော်မူခဲ့လေသည်။[1]

စာပေချပို့ခြင်း ပညာရှိများထွန်းကားခြင်း

ဆရာတော်သည် ပါဠိ အဋ္ဌကထာ ဋီကာများကို မပြတ်ချပို့ တော်မူလေ့ရှိပေသည်။ ယင်းသို့ ပါဠိအဋ္ဌကထာဋီကာတို့ကို မပြတ် ချပို့တော်မူသဖြင့် စာပေအရာ များစွာနိုင်နင်းတော်မူလေသည်။ ထင်ရှား သည့် တပည့်များမှာ-

၁။ ပဌမကျော် ဓမ္ဂဝမဟာပဏ္ဍိတ
အရှင်ကေတုမာလာလင်္ကာရ၊

၂။ အဂ္ဂမဟာပဏ္ဍိတ တောင်ပေါက်ဆရာတော်
အရှင်စက္ကပါလ၊

၃။ သီဟာသနပလ္လင်တော်သမိုင်း စသည်ကျမ်းဂန်ပြု
အရှင်ဝါသဝ စသည်တို့ ဖြစ်ကုန်၏။

၁။ သီဟိုဠ်ဘာသာရေး ထေရဝါဒီဗောဓိဝံသစာယ်ယော်ကျမ်း ဝဇိရာ ရာမိကမဟာထေရပါဏော်။ စာမျက်နှာ။ ၁၉၇။

ဘဝနတ်ထံ ပျံ့လွန်တော်မူခြင်း

ဖော်ပြပါလုပ်ငန်းတို့ဖြင့် သာသနာတွင် နေအသွင်လအလား ထင်ရှားတော်မူသော ဝဇိရာရာမဆရာတော်ဘုရားကြီးသည် ကိုယ်-ရောင်ရောဂါ စွဲကပ်လာသဖြင့် သမားဟူရားကောင်းတို့ဖြင့် ကုသ ပါသော်လည်း ပျောက်ကင်းခြင်းမရှိပဲ သက္ကရာဇ် ၁၂၇၀-ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၃-ရက်နေ့တွင် စစ်ကိုင်းရတနာဘုမ္မိချောင်ဌ ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

ပညာသိရိမဟာထေရော၊ ပညာယ အဘိပါကဋ္ဌော။
ဗဟဝေါ သိဿကေ ဟိတ္တာ၊ ဒေဝါလယံ ဂတော သုဓီ။

သံဝေဂယူရန်

ဆိုပိမ့်မှတ်ရာ စဉ်းစားပါလော့ ခန္ဓာဘာရ ဒုတ္ခံသာကား ယုယခင်မင် စိန်ရွှေဆင်၍ ပြုပြင်ပိုက်ထွေး နင်ကျွေးမွေးလည်း အရေး မရောက် သဲရေပေါက်သို့ နင့်နောက်မပါ နင်လိုရာကို ဘယ်ခါ မလိုက် နင့်အကြိုက်နှင့် တိုက်ရိုက်ဖိလာ ဆန့်ကျင်ပါခဲ့ ရုပ်ဝါနုနယ် ရှုစဖွယ်ဖြင့် တင့်တယ်ရွှန်းစို နင်လှလိုမည်း အအိုစာရင်း သူကသွင်း၏ နင့်ကိုမညှာ ဘေးရောဂါနှင့် ခါခါမင့် မိတ်ဆွေဖွဲ့၏။

နင်နဲ့တူညီ ချစ်ကြိုးသိမ်သား ပလီပလာ အပြစ်ကွာသည် ချစ်စွာမယား သမီးသားနှင့် စီးပွားဥစ္စာ ဥာတကာကို ဘယ်ချမခဲ့ အတူတွဲ၍ အမြဲပြုံးချို နေရလိုလည်း နင့်ကိုမယောက် နင့်နောက် မလိုက် အပူတိုက်၍ နင်ဟိုက်နင်ခွေ နင့်ကိုသေအောင် ကျားမြွေ ခံတွင်း အစာသွင်းသို့ သေမင်းသူလက် ပဏ္ဏာဆက်၏။

လရက်နှစ်တွေ အသခ်ေနှင့် လွန်လေဘဝ အနန္တက ဆုံးစ မပိုင် ယခုတိုင်အောင် နိုင်နိုင်နင်းနင်း ဥာဏ်မသွင်း၍ သေမင်းသူလျှို ခန္ဓာကိုယ်ကို အငြိုငြင်ရက် စွဲလမ်းချက်ဖြင့် မြိုင်နက်စုံဖျား တောသစ် ကျားကို မယ်ဖွားမိခင် နွားငယ်ထင်သို့ အမြင်မဖြောင့် ဝိပွလ်မှောင့်၍

ကြောင့်ကြောင့်ကြကြ ပြုခဲ့လျှပြီ ဘုရားသာသနာ ခုအခါ၌ ပညာစက္ခု ဉာဏ်ဖြင့်ရှုလော့။

ရတုဂိမာန် အချိန်တန်သော် သူရကန်ဝှေ့ အပူငွေ့ကြောင့် ရေသွေ့ခန်းငြား အိုင်ပဂ္ဂားဝယ် ကျက်စားနေရ ငါးမစ္ဆတို့ ရေကလည်းနဲ့ သိန်းစွန်ဝဲ၍ ပျော်ပွဲမြူမျှ ရှာမရပဲ သေကြဖို့သာ နီးကပ်လာသို့ သူငါကစ ရှိသမျှလည်း နေ့ညမလပ် အစဉ်စပ်လျက် ဥပါဒ် ဌိဘင် မပြတ်နှင်၍ ပျော်ရွှင်စရာ မရှိပါပဲ ဖျားနာကိုက်ခဲ ရောဂါစွဲလျက် သေပွဲသေတမ်း သေစခန်းနှင့် သေလမ်းသို့သာ နီးကပ်လာ၏။

ငါငါတက်ကြွ မာန်မာနနှင့် လောဘဒေါသာ အစဖြာသား ယုတ်မာစွာလှ အဓမ္မကို ဝေးကမလာ ကင်းစင်ကွာအောင် ခါခါမဟား အပြစ်များမူ လေးပါးပါယ်ရာ နင့်အိမ်သာဟု စိတ်မှာစွဲကပ် သတိချပ်လော့ လူ့ရပ်နတ်ဏံ ထက်ပြဟ္မာနှင့် မဟာသုခ နိဗ္ဗာနသို့ ရှစ်ဝမဂ္ဂင် သဘော်ယဉ်ဖြင့် ဆောလျင်ကပ်ခို ရောက်ရလိုမူ ထိုထိုပုည ကုသလကို နေ့ညမစဲ လုံ့လသဲလော့။

ကြုံခဲကြုံစွာ သာသနာနှင့် နင်မှာမရွှေ့ ယခုတွေ့ပြီ မေ့မေ့မူးမူး နင်းမရှုးနှင့် ဆိပ်ဦးလောပတ် ရသဇာတ်ကို အမြတ်တစ်ခု မှတ်မရှုပဲ ရှာသူ့ဝက်မိုက် မင်းအကြိုက်သို့ မမြိုက်တရား နင်ရှောင်ရှား၍ ငါးပါးအာရုံ မစင်ပုံဝို စုံစုံမက်မက် မနှစ်သက်နှင့် ထက်မြက်အဖျားသင်ခုန်းဓားဝယ် ပျားသဖွယ်ဟု ဉာဏ်ကျယ်သလောက် အပြစ်လောက်၍ ထောင်ချောက်ပြိုင်ဖျား သမင်များကို သစ်ကျားပုန်း အောင်းအရချောင်းသို့ တောင်စောင်းရိပ်မှောင် သခ်မ်းချောင်ဝယ် တိမ်းရှောင်တကိုယ် တောပတောဆို၍[1] မဂ်ဖိုလ်မနှောင်း အရချောင်းမှ အပေါင်းဒုက္ခ လွတ်ကင်းရဟု ဗုဒ္ဓရွှေနှုတ် ကြာကမုခ်က လှစ်ထုတ် မြွက်ကြားမိန့်တော်ထားသည် နင်ကာနင့်တွက် ကျင့်တော့သည်။[2]

၁။ အနိစ္စတော ဒုက္ခကော-စသော တောလေးဆယ်ကို ရည်သည်။
၂။ ဝိဇ္ဇောဒယဆရာတော်လက်ာ။

ဆရာတော်အရှင်ကိတ္တိ, ဆရာတော်အရှင်စိတ္တာရ

ဝဇိရာရာမဆရာတော်ဘုရားကြီးနောင် ဆရာတော်တဆက် လွန်ပြီးနောက် ဆရာတော်အရှင်ကိတ္တိသည် ဝဇိရာရာမတိုက် နာယက ဆရာတော်အဖြစ် ထမ်းဆောင်တော်မူခဲ့လေသည်။ အရှင်ကိတ္တိသည် မြင်းခြံခရိုင် ပုဂံမြို့နယ်ဇာတိ ဖြစ်လေသည်။ ကျောင်းတိုက်ကို အရှင်စိတ္တာရအား လွှဲအပ်ကာ မိမိ၏ဇာတိ ပုဂံမြို့သို့ ပြန်ကြွတော်မူခဲ့လေသည်။

အရှင်စိတ္တာရသည် မန္တလေးမြို့ နန်းရှေ့ရပ်၌ သက္ကရာဇ် ၁၂၅၂-ခုနှစ် တပေါင်းလပြည့်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်စဉ်က မန္တလေးမြို့ နန်းရှေ့ မဟာဝိသုတာရာမတိုက်တော်၌ ကြာမြင့်စွာ သီတင်းသုံးတော်မူ၍ စာပေလေ့လာသင်ကြားခဲ့လေသည်။

၁၃၂၁-ခုနှစ် ဝဇိရာရာမတိုက်သို့ ရောက်ရှိသတင်းသုံးခဲ့လေသည်။ ဝိနိစ္ဆယ(မြို့နယ်ဝိနည်းဝိုရ်)တာဝန်ကိုလည်း ထမ်းဆောင်တော်မူဘူးသည်ဟု သိရသည်။

အဂ္ဂမဟာပဏ္ဍိတ အရှင်ကေတုမာလာလင်္ကာရ

ဆရာတော်အရှင်ကေတုမာလာလင်္ကာရသည် ၁၂၅၇-ခုနှစ်က စတင်ကျင်းပသော ပါဠိပထမပြန်စာမေးပွဲတွင် ဦးစွာပဌမ ပဌမကျော် အောင်မြင်တော်မူသဖြင့် စာမေးပွဲသမိုင်းတွင် သမိုင်းပြောင်သည့် မထေရ်မြတ်ဖြစ်တော်မူသည်။ ဝဇိရာရာမဆရာတော်ဘုရားကြီး၏ ထူးချွန်သည့်တပည့်ကျော်ဖြစ်၍ ဤဝဇိရာရာမသာသနာဝင်၌ ဖော်ပြအပ်ပါသည်။

ဖွားမြင်ခြင်းစသည်

ပြည်ခရိုင် ပန်းတောင်းမြို့အပိုင် မြစိမ်းကျွန်းရွာ၌ အဖ-ဦးကြာနု အမိ-ဒေါ်ကောင်းသာတို့မှ သက္ကရာဇ် ၁၂၂၈-ခုနှစ် ကဆုန်လပြည့်ကျော် ၉-ရက်၊ တနလ်ာနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

ငယ်နာမည် မောင်အောင်ကျော်မြ ဖြစ်လေသည်။ ကျောင်းသား အရွယ်တွင် ကျီးသဲမြို့ သင်္ဃာဆရာတော်ဘုရားကြီး "အဂ္ဂမဟာ လင်္ကာရကဝိဓေမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်အဂ္ဂမဟာလင်္ကာရ၏ ဓမ္မမိတ်ဆွေ ချောင်ဒေါင့်ဆရာတော်ထံ၌ စတင်ရောက်ရှိ၍ ပညာသင်ကြားတော်မူခဲ့လေသည်။

၅၄ ရဟန်းပြု ဆက်လက်ပညာသင်

အရွယ်ရောက်သော် သာမဏေဝတ်၍ သာသနာ့ဝန်ထမ်း ဆောင်တော်မူခဲ့လေသည်၊ အရှင်ကေတုမာလာသည် သက်တော် ၂၀-ပြည့်မြောက်ရာ ၁၂၄၇-ခုနှစ်တွင် ရဟန်းဘဝဒုလ္လဘသို့ ရောက်ရှိတော်မူခဲ့လေသည်။ ရဟန်းဘွဲ့တော်မှာ အရှင်ကေတုမာလာလင်္ကာရ ဖြစ်လေသည်။ ရန်ကုန်မြို့ ဗဟန်းကျောင်းတော်ရာကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ရ ပုဇွန်တောင် နော်မံကျောင်းကြီးဆရာတော် အရှင်ပညာထံ ပညာဆည်းပူးခဲ့ လေသည်။ ၎င်းနောက် မော်လမြိုင်သို့ ကြွတော်မူ၍ ဝဇိရာရာမ ဆရာတော်ဘုရားကြီးလုံ၌ ဆက်လက်ပညာသင်ကြား တတ်မြောက် တော်မူခဲ့လေသည်။

အစဆုံး ပဌမကျော်

သက္ကရာဇ် ၁၂၅၇-ခုနှစ်တွင် အစဆုံးကျင်းပသည့် ပါဠိပဌမ ပြန်စာမေးပွဲတွင် အရှင်ကေတုမာလာအရှင်မြတ်သည် အကျော်တန်း ကို ဦးစွာပဌမအောင်မြင်တော်မူသဖြင့် စာမေးပွဲလောက၌ အာဒိ ပဌမကျော်အဖြစ် လွန်စွာပင် ထင်ရှားလေသည်။ စာပေ၌လည်း လွန်စွာ ထက်ပြက်လေသည်။

မော်လမြိုင် ရတနာဘုံပြင့်ကျောင်းဌာ
၁၀-၀၊ သီတင်းသုံး

မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရားအမကြီး ဒေါ်ရွှေပွင့် လျှောက်ထားချက်အရ ရတနာဘုံမြင့်ကျောင်းတိုက်၌ သက္ကရာဇ် ၁၂၅၂-ခုနှစ်မှစ၍ ၁၂၆၂-ခုနှစ်အထိ ၁၀-၀ါမျှ သီတင်းသုံးတော်မူ၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

ထိုထိုမြို့ရွာ၌ သီတင်းသုံးခြင်း

ဆရာတော်ကေတုမာလာလင်္ကာရဃသည် စစ်ကိုင်းရတနာဘုမ္မိ ချောင်၌လည်း သီတင်းသုံးတော်မူဘူးလေသည်။ ဇာတိရပ်မြေဖြစ်သော မြစိမ်းကျွန်း၌လည်း ၂-၀ါ, ဦးညို+ဒေါ်ဒေါ်အိမ်တို့ ဆောက်လုပ်လျှက် ဒါန်းသော ရတနာဘုံပျံကျောင်းတိုက်၌ ၁၂၆၇-ခုနှစ်မှစ၍ ၁၂၈၇-ခုနှစ်တိုင်တိုင် ၂၁-၀ါ။ ၁၂၈၈-ခုနှစ်၌ မုဒုမြို့အပိုင် ဘဲ့ရမ်းရွာအနီး သဲဖြူစမ်းတောရကျောင်း၌ ၁-၀ါ စသည်တို့၌ အသီးသီး သီတင်းသုံးတော်မူ၍ ပရိယတ်, ပဋိပတ်အလုပ်ကို ပြုလုပ်တော်မူခဲ့လေသည်။

သဲဖြူစမ်းတောရ၌ သီတင်းသုံးတော်မူပြီးနောက် ရတနာဘုံပျံကျောင်းတိုက်၌ ပြန်လည် သီတင်းသုံးတော်မူခဲ့လေသည်။ ၁၂၉၉-ခုနှစ်တွင် ကြအင်းနှင့် လောင်းကိုင်းအကြား ဒူရင်းစမ်းတောရ၌ လည်းကောင်း၊ ၁၃၀၀-ပြည့်နှစ်မှ ၁၃၀၃-ခုနှစ် ခေါင်းဆေးကျွန်း၌ လည်းကောင်း သီတင်းသုံးတော်မူခဲ့လေသည်။

ကျမ်းဂန်များပြုစုခြင်း

ဆရာတော်သည် ကျမ်းဂန်များကို ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ ဒါဌာဓာတုဝင်

၂။ ကမ္မဝါစာဘာဏနဒီပနီ

၃။ ဝိနယကောဝိဒ

၄။ နိဂ္ဂဟိတဝိမုတ္တိဝိနိစ္ဆယကျမ်း- စသည်တို့ဖြစ်ကုန်၏။

နိဂ္ဂဟိတဝိမုတ္တိ ဝိနိစ္ဆယ

ဆရာတော်အရှင်ကေတုမာလာလင်္ကာရသည် သက္ကရာဇ် ၁၂၇၁-ခုနှစ် နယုန်လဆန်း ၁-ရက်နေ့တွင် တပည့်ရဟန်းတော် တစ်ပါးဖြစ်သော အရှင်အာဒိစ္စဝံသက-

"ဝိနယသမူဟကျမ်းတွင် "ဒုရုတ္တဒီပနီ"မည်သောစာတမ်း၌ ဂါမဠ ဂါမူပစာရဠဟူသော သိမ်သမုတ်အဝိပ္ပဝါသကမ္မဝါစာ၌ "ဂါမံ စ ဂါမူပစာရံ စ"ဟု ရွတ်သော် ဝိမုတ်ကို နိဂ္ဂဟိတ်ပြု၍ရွတ်ခြင်းကြောင့် ကံပျက်၏ဟုပါတာ တွေ့မြင်ရပါသည်။ ယင်းအချက်၌ ဝိမုတ်ဆိုသည်ကား အဘယ်ကဲ့သို့ ပုဒ်အက္ခရာမျိုးကို ဝိမုတ်ခေါ်ပါသနည်း" စသည်ဖြင့် ပုစ္ဆာ ၁၈-ချက်ကို လျှောက်ထားခဲ့လေသည်။ ယင်းသို့ အရှင်အာဒိစ္စဝံသ၏ လျှောက်ထားချက်အရ ယင်းပုစ္ဆာ ၁၀-ချက်ကို ကျနစ္စာ ရေးသားဖြေဆိုရန် နိဂ္ဂဟိတဝိမုတ္တိအမည်ဖြင့် ကျမ်းစာရိုက်နှိပ်ဖြန့်ဝေစေတော်မူခဲ့လေသည်။ ကျမ်းဦး၌-

ဒယာကရံ မာနုဇဒေဝနာထံ၊
ဇိနဉ္စ နတ္ဝာ ဝိမလံဝ ဓမ္မံ။
ကိလေသဝိဒ္ဓံသနက္ကုဏေယျံ၊
ဂဏ္ဌုတ္တမံ ပုညသုခေတ္တဘူတံ။

ဟူသောဂါထာဖြင့် ရတနာတ္တယပဏာမ ပြုတော်မူခဲ့လေသည်။ ၎င်းပြင် မိမိ၏ ဆရာသခင် ကျေးဇူးရှင်ဖြစ်သော "ပညာဘိသိရိသဒ္ဓမ္မကဝိဇဇ မဟာဓမ္မရာဇာမိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဝဇိရာရာမဆရာတော် ဘုရားကြီးကိုလည်း-

ပညာဘိသိရိတိ သုလဒ္ဓလဉ္ဆ၊
တိက္ခာဒိပညေန ဝဇိရညာဏံ။
သီလာဒိဝေပုလ္လဂုဏောဟိ ယုတ္တံ၊
ကတွာ ဂရုံ မေ နမနံ သုဓီရုံ။

ပညာဘိသိရိတိ= ပညာဘိသိရိ အာဒိပဘူ တိုင်မူသဖြင့်။ ဝါ= "ပညာဘိသိရိသဒ္ဓမ္မကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူ၍။ သုလဒ္ဓလဉ္ဆ= အမမ္မအရိပ် နိမိတ်ပရိကထာ ဩဘာမဖက် သက်သက်သာသာ ဘုန်းပညာကြောင့် ကမ္ဘာဦးသူ မြေခွဲဖွဲ့လွယ် သလေးထွက်သို့ ရလတ်သောနှယ် သဘွယ်ထပ်မှု ရအပ်တော်မူ စင်ဖြူရောက်ဖိတ် ရွှေတံဆိပ်ဘွဲ့နာမံမည်ထူးကို ခံတော်မူထသော။ တိက္ခာဒိပညေန= အဟုန်မြင့်ကဲ မြေထုခွဲမှု ရဲရဲဖောက်ထွက် ထက်မြက်စူးရှ တိက္ခအာဒိ စရှိပြည့်ကျော် တော်တန့်ခွန်ဂုဏ် ဉာဏ်မီးဟုန်ကြောင့်။ ဝဇိရညာဏံ= ဝဇိရိန်နတ်စက် စူးဝင်နက်သို့ ထက်မြက်စုံညီ ဝဇိရညာဏ် ရင့်သန်အဟုန် ပည်းပြည့်စုံ၍ ကုံလုံကြွယ်ဝတော်မူထသော။ သီလာဒိဝေပုလ္လဂုဏောဟိ= သီလစသွယ် ဂုဏ်ပေါင်းကယ်၍ ပြန့်ကျယ်ပြောထု ဂုဏ်တော်စုတို့နှင့်။ ယုတ္တံ= ဆက်စပ်ထင်ထင် ကောင်းစွာယှဉ်ထသော။ သုဓီရုံ= အလွန်စက်ဆုပ်အပ်သော မကောင်းမှုရှိတော်မူထသော။ ဝါ= မကောင်းမှုကို အလွန်စက်ဆုပ်တော်မူထသော။ ဝါ= တရားလက်နက် ဓမ္မစက်ကို ချီးဖျက်နိုင်နင်း နှလုံးသွင်းကုစ္ဆိတ ကုသလဆွေမတူ တရားသစ်ရန်သူကို စိတ်မတူမျက်ကြုတ် လွန်မင်းစွာ စက်ဆုပ်၍ ဖျက်ထုတ်လေ့စွမ်းရည်ထု ချေမြစ်ခိုင်ကျည်သဖြင့် တည်တော်မူထသော။ ဝါ= အလွန်အကြူး အထူးတည်ကြည်သော သမာဓိရှိတော်မူထသော။ ဝါ= သမုဒ်ချက်တိုင် မြင့်မိုရ်ခိုင်သို့ ယိမ်းယိုင်မရှိ ပကတိအမွန် အလွန်တည်ကြည်တော်မူထသော။ မေ= ငါ၏။ ဂရုံ= ကျောက်ထီးတန္တု လေးပြုထိပ်တင် ကျေးဇူးတော်သခင် ဆရာအရှင်ကို။ နမနံ= ဦးပြင်နှိမ်ဝတ် တုပ်ပျပ်ရိုကျိုး ရှိခိုးခြင်းကို။ ကတွာ- ကရောမိ= ဂုဏ်တော်ပေါင်းအား စိတ်ပြောင်းကိုယ်သူ ပြုပါ၏- ဟူသော

ပါဠိဂါထာ, အနက်မြန်မာပြန်စကားတို့ဖြင့် ထောမနာပဏာမ ပြုတော်မူခဲ့လေသည်။ ဆက်လက်၍-

သမ္ဘဝ္ဇသီလသုဝိသာလကုလောဒယေန၊
သဒ္ဓါဒိဝဗုနဝိသုဒ္ဓဂုဏောဒိတေန။
အာဒစ္စဝ်ဝ်ယ်ယတနာ အဘိယာစတောဟ၊
ဝကၠာမျနုသ္ဓရဝိမုတ္တဝိနိစ္ဆယံ တံ။

ဟူသောဂါထာဖြင့် အဘိယာစက, ပကရဏာဘိဓာန, ပဋ္ဌာန်းတို့ကို ဖော်ပြတော်မူလေသည်။

ယင်းနိဂ္ဂဟိတဝိမုတ္တဝိနိစ္ဆယကျမ်းမှာ ၁၂၇၁-ခုနှစ် နတ်တော်လတွင် မော်လမြိုင်မြို့, ဒိုင်းဝန်းကွင်း စျေးလမ်း မင်္ဂလာအောင်ညွှန့်ပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့ရာ ဒီမိုင်းဆိုက်စာမျက်နှာ ၅၇-ရှိလေသည်။

ပုံလွှန်တော်မူခြင်း

ယင်းသို့ဖြင့် စာပေအရာ၌ ကျွမ်းကျင်တတ်မြောက်တော်မူသော ပဌမကျော်, အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ကေတုမာလာလင်္ကာရသည် သက္ကရာဇ် ၁၃၁၀-ခုနှစ် ကဆုန်လဆန်း ၁၀-ရက်စနေနေ့တွင် ဘဝနတ်သံ ပုံလွှန်တော်မူခဲ့လေသည်။

သံဝေဂယူရန်

အစ္စယန္တိ အဟောရတ္တာ၊ ဇီဝိတံ ဥပရုဇ္ဈတိ။
အာယု ခီယတိ မစ္စာနံ၊ ကုန္နဒီနံဝ ဩဒကံ။[1]

ကုန္နဒီနံ- ကျဉ်းငယ်တုံလစ် မြစ်ငယ်ချောင်းတို့၏။ ဩဒကံ= ရေသည်။ ခီယတိ ဣဝ= ကာလကြာရှည် မတည်ပုံသေ ကုန်ခန်းလေသကဲ့သို့။ တထာ= ထို့အတူ။ အဟောရတ္တာ= နေ့ညဉ့်တို့သည်။

၁။ သံ။ ၁။ ၁၁၀။

အစ္စယန္တိ= မုချကေန် ကုန်လွန်သွားကုန်၏။ မစ္စာနံ= ကြုံလာဖြစ်လာ သတ္တဝါတို့၏။ ဇိဝိတံ= အသက်ဇီဝိန်သည်။ ဥပရုဇ္ဈတိ= ချုပ်၏။ မစ္စာနံ= ကြုံလာဖြစ်လာ သတ္တဝါတို့၏။ အာယု= အသက်သည်။ ဝါ= အသက်သမုတ် နာမ်နှင့်ရုပ်သည်။ ခီယတိ= ပျက်စီးကုန်ခန်း၏။

♦♦♦

သံယာဦးရေစသည်

ဝဇိရာရာမတိုက်၌ မင်းတုန်းမင်း, သီပေါမင်းဟူသော သာသနာပြုဘုရင် ၂-ပါး လက်ထက်က တိုက်တာအကြီးအကဲ ဆရာတော်များသည် ဘုရင်မင်းတို့၏ အထောက်အပံ့များဖြင့်လည်း ပြည့်ပြည့်စုံစုံ ရှိကြကုန်၏။ စာသင်သား သံယာတော်များလည်း ချမ်းချမ်းသာသာ ရှိကြကုန်၏။ သီပေါမင်းဘုရင် ပါတော်မူခါနီး, ပါတော်မူပြီး၍ ထီးကျိုးစည်ပေါက်ဖြစ်ချိန်၌ ဝဇိရာရာမတိုက်သည်လည်း တိုက်တာဦးစီးပညာရှင်များမှာ ဆိတ်သုဉ်း၍ ကျဆင်းခဲ့လေသည်။

၁၃၂၄-ခုနှစ်က ဝဇိရာရာမစိန်းတုံးတိုက်၌ ရဟန်းတော် ၆-ပါး၊ သာမဏေ ၇-ပါး။ ၂-ရပ်ပေါင်း ၁၃-ပါး ရှိခဲ့လေသည်။ ၁၃၃၂-ခုနှစ်က သံယာတော် ၅-ပါးသာရှိပြီး၊ သာမန်ကျောင်းတိုက်တာ အဖြစ်၌ တည်ရှိတော့သည်။ ဖြစ်ခြင်းသည် ပျက်ခြင်းလျှင် အဆုံးရှိချေ၏။ စည်ပင်ခြင်းသည် မစည်ပင်ခြင်းလျှင် အဆုံးရှိချေ၏။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ဝဇိရာရာမဝံသောယံ၊ သမတ္တော သာဓုဝဏ္ဏိတော။

ဝဇိရာရာမသာသနာဝင် ပြီး၏။

*** ♦ ***

သက်ပန်းသာသနာဝင်

သက်ပန်းတိုက်သည် မန္တလေးမြို့ အရှေ့ပြင် နန်းတော်ရှေ့ အရပ်၌ တည်ရှိလေသည်။ သက်ပန်းတိုက်၏မြောက်ဖက်၌ မတ္တရာတိုက်ရှိ၍ တောက်ဖက်၌ မဂ်လာရာမမောင်းထောင်တိုက်ကြီး တည်ရှိလေသည်။ သက်ပန်းတိုက်သည် မြန်မာဘုရင်များလက်ထက် စာသင်တိုက်ဖြစ်သည်။ ယခုမူ ရွှေစည်သာသနာ့ရိပ်သာအမည်ဖြင့် တည်ရှိလေသည်။ ကျောင်းတိုက်အတွင်း၌ ကမ္မဋ္ဌာန်းကျောင်းငယ်ပေါင်း ၂၂-ကျောင်း ရှိလေသည်။ ဓမ္မာရုံကြီးတစ်ခုနှင့် နာယကဆရာတော် သီတင်းသုံးရာ တစ်ယပ်ကျောင်းကြီးတစ်ဆောင် ရှိလေသည်။ ဤစာပြုသူရောက်သည့် ၁၃၂၂-ခုနှစ်တိုင်အောင် မဟာရုံတံတိုင်း, မီးတား, အကာအရံ မရှိပါ။

သမုဒ်းအကျဉ်း

လောကမဟာရဇိန်စေတီတော်ဒါယကာ ပဠမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး၏ မိဖုရားတစ်ဦးဖြစ်သော သက်ပန်းတိုက်စား မိဖုရား သိရိသုမဟာဒေဝီသည် မန္တလေးမြို့တော်၏အရှေ့ပြင် သာယာညီညွတ်သော မြေအပြင်၌ ဘုံသုံးဆင့်စမြင်ခံ ကျောင်းတော်ကြီးကို ဆောက်လုပ်စေ၍ ကျောင်းဟိုက်ကို မိမိ၏နာမည်အတိုင်း သက်ပန်းတိုက်ဟု မှည့်ခေါ်သတ်မှတ်စေကာ "ဥ ယျဓမ္မာဘိဓေသိရိပဝရမဟာမမ္မရာဇာမိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးအရှင် ဥ ယျအား ကင်လှူတော်မူခဲ့လေသည်။

သက်ပန်းတိုက်ကျွတိ ဝိသုတာယ၊
မဟာပုညာယ ဒေဝိယာ။
ကာရိတော တေန အာရာမော၊
သက်ပန်းတိ အဝှယော ဘဝိ။

◆◆◆

ဥယျမွာဘိဇေသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ပဌမသက်ပန်းဆရာတော် အရှင်ဥယျ

သက်ပန်းတိုက်၏ ပဌမဆုံးဆရာတော်မှာ ဆရာတော် အရှင်ဥယျ ဖြစ်လေသည်။

ဖွားမြင် ရှင်ရဟန်းပြုခြင်း

သက်ပန်းဆရာတော်ဘုရားကြီး အရှင်ဥယျသည် ပုဂံမင်း, မင်းတုန်းမင်း, သီပေါမင်းဟူသော မင်းသုံးဆက်တိုင် ထင်ရှားကျော်စောသောဆရာတော် ဖြစ်တော်မူလေသည်။ သက္ကရာဇ် ၁၁၇၇-ခုနှစ်ခန့်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော်မှာ အရှင်ဥယျ ဖြစ်လေသည်။

သီးလုံးဆရာတော်ထံ ပညာသင်

အရှင်ဥယျသည် ခေတ်ကောင်းကြုံကြိုက်ကာ ငယ်စဉ်အခါကပင် ရွှေဘိုမြို့အဝင်အပါ သီးလုံးရွာ တောရကျောင်းကြီးသခင် "စန္ဒိမာဘိဝံသသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင်စန္ဒိမာ ဆရာတော်ဘုရားကြီးထံမှောက်သို့ ရောက်၍ ပိဋကတ်ကျမ်းစာများကို သင်ယူခဲ့ပြီး ပဋိပတ်ကျင့်နည်းကိုပါ နည်းခံတော်မူခဲ့လေသည်။

ဆည်သည်ရွာ၌ သီတင်းသုံး စာပို့ချ

ဆရာတော်အရှင်ဥယျသည် သီးလုံးဆရာတော်ဘုရားကြီး အရှင်စန္ဒိမာ စုတိကမ္မဇရုပ်ချုပ်တော်မူရာ ၁၂၂၂-ခုနှစ် နောက်တွင် ရွှေဘိုမြို့ ဆည်သည်ရွာ၌ သီတင်းသုံးတော်မူ၍ လာလာသမျှ သောတုဇနတို့အား စာပေကျမ်းဂန် ချပို့တော်မူလျက် ပရိယတ္တိသာသနာကို

ခိုးမြောက်တော်မူခဲ့လေသည်။ ဆည်သည်ရှာ၌ သီတင်းသုံးစဉ် "ဝိသုဒ္ဓါ စာရာဘိဝဏမိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" စသည့်ဘွဲ့တံဆိပ်တော်ရ ဒုတိယမြောက်ရွှေကျင်နိကာယ သာသနာပိုင်ဖြစ်လာမည့် မဟာဝိသုဒ္ဓါရာမဆရာတော်လောင်းလျှာ အရှင်ဝိသုဒ္ဓ ရောက်ရှိနည်းခံခြင်း ဖြစ်လေသည်။

မင်းတုန်းမင်းက ပင့်ခြင်း

ယင်းဆည်သည်ရှာ၌ သီတင်းသုံးတော်မူ၍ စာပေချပ့်လျက်ရှိစဉ် ၁၂၂၈-ခုနှစ် ပတ်ဝန်းကျင်တွင် ပဉ္စမသံဂါယနာတင် မင်းတရားကြီး ပင့်လျှောက်ချက်အရ မန္တလေးမြို့သို့ ကြွရောက်တော်မူ၍ တင်လျှုအပ်သော သက်ပန်းကျောင်းတိုက်ကို လက်ခံတော်မူကာ စာပေပို့ချ သာသနာပြုတော်မူခဲ့လေသည်။ နံနက်ဆွမ်း နေ့ဆွမ်း ၂-ထပ်လုံး မင်းတရားကြီးက ယောက်ပုံ့ လှူဒါန်းတော်မူခဲ့လေသည်။

သုဓမ္မာဝင်ဆရာတော်ဖြစ်ခြင်း

ဆရာတော်သည် ပဉ္စပသံဂါယနာတင် မင်းတုန်းမင်းတရားကြီး လက်ထက်ဦးရှိခဲ့သော သုဓမ္မာဆရာတော် ၈-ပါးဘွင် တစ်ပါး အပါအဝင် ဖြစ်လေသည်။ ပဉ္စမသံဂါယနာတင်မင်းတရားကြီး ဆက်ကပ်သော ရာဇဂုရုပဘွဲ့တံဆိပ်တော်ကိုလည်း အလျှုခံရဟန် ရှိပေသည်။ သားတော် သမ်ပေါမင်းတရား ဆက်ကပ်အပ်သော "ဥယျဓမ္မာဘိဝဏ သိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း ၁၂၄၆-ခုနှစ်တွင် အလျှုခံရရှိတော်မူလေသည်။

ဖောင်သက်ပန်းက တသန်းခေါ်

ပဏ္ဍိတာဝံသသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဇန်းမော်ဆရာတော်သည် သုဓမ္မာဆရာတော်ကြီးများအား-

မောင်သက်ပန်းက တသန်းဝေဝေ။
လှထွေမှာ စာပေနတ္ထိ။
မောင်စလင်းမှာတော့ ပျင်းလွန်းလို့ စာမကြည့်။
မင်းနန်မှာ လူနှင့်နှောတယ် သောသောညံ၏။
မန္တလာ မှုခြင်းရာမစုံစမ်းခင်က ငေါက်ငန်းပါဘီ။

ဟူ၍ စာချီးခဲ့ဘူးသည်။ ယင်းစာချီး၌ မောင်သက်ပန်းက တသန်းဝေဝေ-ဆိုသည်မှာ "ဥ ယျဓမ္မာဘိဓဇသိရိပဝရမဟာမမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သက်ပန်းဆရာတော်ဘုရားကြီး အရှင် ဥ ယျမှာ အခြားဆရာတော်များ အဆုံးအဖြတ်အရပ်ရပ်ကို ဆွေးနွေးတိုင်ပင်ကြသောအခါ ဘာသာထိုင်ပြီး သန်းဝေ၍သာ နေတတ်သည် ဆိုလိုသည်။

ပုံလွန်တော်မှုခြင်း

ဆရာတော်ဘုရားကြီးသည် စာပေချပို့ခြင်း, သုဓမ္မာ၌ တရားဆုံးဖြတ်ခြင်းစသော သာသနာရေးကိစ္စအရပ်ရပ်ကို ပြုလုပ်တော်မူခဲ့ပြီး သက်တော် ၇၀-ကျော်ခန့်တွင် ဘဝနတ်ထံ စံဝင်တော်မူခဲ့လေသည်။

ဥ ယျဓမ္မော မဟာထေရော၊
ဥ ယျေသု ကောဝိဒေါ သုဓီ။
ဟိတ္မာ နေကကိစ္စာနိ၊
ဂတော ဒေဝါလယံ သုဘံ။

သံဝေဂယူရန်

နု ဟိ သော ပဏ္ဍိတော အတ္ထိ၊
ယေန ဇာတာ နု မိယရေ။
ဇရမ္ပိ ပတ္တာ မရဏံ၊
ဧဝံ ဓမ္မာဟိ ပါဏိနော။[1]

၁။ သုတ္တနိ။ ၃၇၁။ (သလ္လသုတ်)

ယေန ဥပဂ္ဂမော= အကြင်လုံးပမ်းကြိုးကုတ် အားထုတ်မှု လုံ့လဝီရိယဖြင့်။ ဇာတာ= ကမ္မဘဝ အကြောင်းဆုံလစ် ဖြစ်လာ ကြုံလာ သတ္တဝါတို့သည်။ နိ မိယရေ= မသေလွန်နိုင်ကြကုန်။ သော ဥပဂ္ဂမော= ထိုမသေမလွန်နိုင်ကြောင်း လုံ့လဝီရိယကောင်း သည်။ နိ ဟိ အတ္ထိ= ဧကန်တိတိ မရှိသည်သာ။ ဇရံ= သွားကြိုး ဆံဖြူ ငယ်မှုယိုယွင်း အိုမင်းရင့်ရော် မှည့်ပျော်ခြင်းသို့။ ပတ္တာပိ= ဧကန်ထုတ်ချောက် ရောက်၍သော်လည်းကောင်း။ အပတ္တာပိ= ဧကန်ထုတ်ချောက် မရောက်မူ၍သော်လည်းကောင်း။ မရဏံ= စုတိ ပြတ်ကြွေ သေလွန်ခြင်းသည်။ ဟောတိ= မြေလက်ခတ်နဲ့ မြှောက် သည့်ခဲသို့ မလွဲပုံသေ ဖြစ်ရချေ၏။ ပါဏိနော= လောကမှီတင်း သတ္တဝါခပင်းတို့သည်။ ဧဝံ ဓမ္မာဟိ= ဤသို့ပုံသေ မုချသေဆုံးရခြင်း သဘောရှိကုန်သည်သာ။

ပဒုမာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု
ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ပဒုမ

ဆရာတော်အရှင်ပဒုမသည် သက်ပန်းဟိုက်၌ သီတင်းသုံး တော်မူ၍ စာပေချပို့တော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။ သက်ပန်းတိုက်ရှိ သံဃာတော်တို့၏ စာပေသင်ကြားရေးကို မျှားစွာ ကြောင့်ကျ ပြုတော်မူသည်။

မွှားမြင် ရှင် ရဟန်းပြုခြင်း

သဟ္ဘရာဇ် ၁၁၉၉-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင် တော်မူခဲ့လေသည်။ သက်ပန်းဆရာတော်ဘုရားကြီး "ဥ ယျဓမ္မာဘိ ဓေသိရိပဝရမဟာဓမ္မရာဇာမိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သက်ပန်း ဆရာတော်ဘုရားကြီးနှင့် အခြားကျမ်းဂန်တတ်ဆရာတော်များ ပညာ သင်ကြားတတ်မြောက်တော်မူခဲ့လေသည်။

စာပေချပ်ခြင်း

အရှင်ပဒုမသည် စာပေတတ်မြောက်ကျွမ်းကျင်သည်ဖြစ်ရကား သက်တော်ငယ်စဉ်ကပင် သက်ပန်းဆရာတော်ဘုရားကြီး၏ သက်ပန်းတိုက်ဂဏာဝါစက စာချအဖြစ် ခ်ီးမြှောက်ခြင်းကို ခံယူတော်မူ၏ရလေသည်။

ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရခြင်း

စာချဆရာတော် အရှင်ပဒုမသည် သက်တော် ၄၇-နှစ်ရှိရာ ၁၂၄၆-ခုနှစ်တွင် မာရ်အောင်ရတနာ စေတီတော်ဒါယကာ သီပေါမင်းတရား၏ "ပဒုမာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ဆက်ကပ်လျှောက်ထားခြင်းကို ခံယူတော်မူရလေသည်။

ဘဝနတ်ထံ ပျံလွန်ခြင်း

ဆရာတော်အရှင်ပဒုမသည် သက်ဆုံးတိုင် စာပေချပ်၍ သာသနာပြုတော်မူခဲ့ပြီး ပျံလွန်တော်မူခဲ့လေသည်။ မန္တလေးအနောက်ပြင် ငါးဆူဆရာတော်ဘုရားကြီး အရှင်သဒ္ဓမ္မသည် ဖော်ပြပါ ဆရာတော်အရှင်ပဒုမထံ၌ ပညာသင်ကြားခဲ့သည့်မထေရ်မြတ် ဖြစ်တော်မူသည်။

ဘဒန္တပဒုမော ထေရော၊ တပသီ ပဒုမော ဝိဒူ။
ဝိဒူပိ သမာနောယေဝ၊ ပယာတော မစ္စုနော ဝသံ။

သံဝေဂယူရန်

ဖလာနမိဝ ပက္ကာနံ၊ ပါတော ပတနတော ဘယံ။
ဧဝံ ဇာတာနမစ္စာနံ၊ နိစ္စံ မရဏတော ဘယံ။[1]

၁။ သုတ္တနိ။၃၇၁။ ဇာ၊ ၁။၂၃၇။ မဟာနိ၊၉၃။

ပါတော= နံနက်စောစောကာလ အခါသမယ၌။ ပဏ္ဏာနံ ဖလာနံ= မှည့်ရင့်ကုန်ပြီး သစ်သီးတို့၏။ ပတနတော= အညှာမခိုင်သဖြင့် ကြွေကျခြင်းမှ။ ဘယံ= ပူပန်ညှိုးမှိန် စိုးရိမ်ခြင်းသည်။ ဝါ= ကြောက်ဖွယ်သည်။ ဇာယတေ ဣဝ= ဖြစ်သကဲ့သို့။ ဧဝံ တထာ= ထိုအတူ။ ဇာတာနံ မစ္စာနံ= ကမ္မဘဝ အကြောင်းဆုံလစ် ဖြစ်လာကြုံလာ သတ္တဝါကိုအား။ နိစ္စံ= အမြဲနိစ္စ ထာဝရ။ မရဏတော= စုတိပြတ်ကြွေ သေလွန်ခြင်းမှ။ ဘယံ= ပူပန်ညှိုးမှိန် စိုးရိမ်ခြင်းသည်။ ဝါ= ကြောက်ဖွယ်သည်။ ဇယတေ= ပုံသေမုချ ဖြစ်ရ၏။

◆◆◆

အာဒိစ္စာလက်ကရမဟာမေဃရာဇာဒိရာဇဂုရု

ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်အာဒိစ္စ

ဆရာတော်အရှင်အာဒိစ္စသည် သက်ပန်းတိုက်၌ တိုက်အုပ်ဆရာတော်အဖြစ် ထမ်းဆောင်တော်မူခဲ့သည့်ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

သက္ကရာဇ် ၁၁၉၉-ခုနှစ်လောက်တွင် ဖွားမြင်ခဲ့သည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သက်ပန်းဆရာတော်ဘုရားကြီး "ဥ ယျဓမ္မာဘိဝေသိရိပဝရမဟာဝမ္မရာဇာမိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သက်ပန်းဆရာတော်ဘုရားကြီးနှင့် အပြားကျမ်းဂန်တတ် ဆရာတော်များထံ ပညာသင်ကြား တတ်မြောက်တော်မူခဲ့လေသည်။

စာချ တိုက်အုပ်ဖြစ်ခြင်း

သက်ပန်းဆရာတော်ဘုရားကြီးသည် မိမိ၏တပည့်ရင်းဖြစ်သော အရှင်အာဒိစ္စအား ဂဏဝါစကအဖြစ် ချီးမြှောက်တော်မူသည်

သာမက သက်ပန်းတိုက်အုပ်ဆရာတော်အဖြစ်လည်း ခ၊ီးမြှောက်တော်မူသည်။ အရှင်အာဒိစ္စသည် တိုက်တာအုပ်ချုပ်ရေး စသည့်ကိစ္စရပ်များနှင့် နေ့ဝါ ညဝါ စာပေချပ်ခြင်းကိစ္စတို့ကိုလည်း မလွတ်တန်းပြုတော်မူသည်။ ဘုရင်မင်းမြတ်ကလည်း ဒုတိယစာချအဖြစ် အသိအမှတ်ပြုတော်မူသည်။

သာသနာပြုကြွတော်မူခြင်း

အရှင်အာဒိစ္စသည် ကျောက်မြောင်း ငစဉ့်ကူမြို့ကစ၍ အထက်မြစ်စဉ် ဝဲယာမြို့စု ဗန်းမော်မြို့ ဇောတိနဂရရာဇဂ်လဉဒေဂိရိတိုင်းသို့ မိုးကောင်းမြို့ရောက် အုတ်ကျောင်းဆရာတော်နှင့် ပိဋ္ဌကတ်-တိုက် အရှင်ကေသရ, ရွှေကျင်တိုက်စာချ အရှင်သောမ, ပယင်းတွင်းဆရာတော် အရှင်နရိန္ဒတို့နှင့်အတူ သာသနာပြုကြွတော်မူရလေသည်။

အာဒိစ္စာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော် အလှူခံရရှိခြင်း

ဆရာတော်အရှင်အာဒိစ္စသည် သက်တော် ၄၇-နှစ်ရှိရာ သက္ကရာဇ် ၁၂၄၆-ခုနှစ်တွင် သီပေါမင်းတရား ဆက်ကပ်လှူဒါန်းအပ်သော "အာဒိစ္စာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ ငါးဆူဆရာတော်ဘုရားကြီး အရှင်သဒ္ဓမ္မသည် ဆရာတော်အရှင်အာဒိစ္စထံ၌ မာတိကာစသည့် ကျမ်းစာများကို ဆိုဝါဖြင့် သင်ယူခဲ့လေသည်။

ပျံလွန်တော်မူခြင်း

သက်ပန်းတိုက်အုပ်ဆရာတော် အရှင်အာဒိစ္စသည် သာသနာရေးကိစ္စ အဝဝကို ပြုလုပ်တော်မူခဲ့ပြီး ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

ဘဒန္တအာဒိစ္စော ထေရော၊ ဆေကော ဂန္ဓေသုနေကမာ။
တထာပိ မစ္စုနော မုဠ္ဠိ၊ အာဒိစ္စံ ယတိကုဋ္ဌရံ။

သံဝေဂယူရန်

အာသန္နတရတာမေဟိ၊ မစ္စု ဇန္တု ဒိနေဒိနေ။
အာယာတံ နိယမာနသ၊ ဝဇ္ဇသော ပဒေပဒေ။[1]

ဇန္တု-ဇန္တုနော= ဘဝဇာတ်ခုံ ကြုံလာဖြစ်လာ သတ္တဝါမှန်သမျှ၏။ မစ္စု= စုတိပြတ်ကြွေ သေလွန်ရခြင်းသဘောတရားသည်။ ဒိနေ ဒိနေ= နေ့တိုင်းနေ့တိုင်း။ ဝါ= နေ့စဉ်ရက်ဆက်။ အာသန္နတရတံ= အလွန်နီးသည်ထက် နီးသည်၏အဖြစ်သို့။ ဝါ= အလွန်နီးသည်၏အဖြစ်သို့။ ဧတိ= မသွေမဖောက် ကေန်ရောက်၏။ အာဇာတံ= သတ်ရန်နွားစု သတ်မှုပြုကုန် နွားသတ်ရုံသို့။ နိယမာနသ= သတ်ရန် ဖွဲ့နှောင် ထုတ်ယူသောင်အပ်သော။ ဝဇ္ဇသ= သတ်အပ်သောနွား၏။ ပဒေပဒေ= ခြေကိုဆန့်ကာ လှမ်းလိုက်တိုင်း လှမ်းလိုက်တိုင်း။ မစ္စု= သေရခြင်းသဘောတရားသည်။ အာသန္နတရတံ= အလွန်နီးကပ်သည်၏အဖြစ်သို့။ ဧတိ=ကွဝ= ရောက်သကဲ့သို့တည်း။ ဝါ= ရောက်သည်နှင့်တူ၏။

ကေတုမာလာဘိကဝိဧမဟာမေဃရာဇာဓိရာဇဂုရု
ဘွဲ့တံဆိပ်ကော်ရ ဆရာတော်အရှင်ကေတုမာလာ

ဆရာတော်အရှင်ကေတုမာလာသည် ဆရာတော်အရှင်ဥေယျ, ဆရာတော်အရှင်ပဒုမ, ဆရာတော်အရှင်အာဒိစ္စတို့ မရှိသည့်နောက်တွင် သက်ပန်းတိုက်၏ နာယကဖြစ်၍ အမျိုးဘာသာ သာသနာအကျိုး သည်ပိုးရှက်ဆောင်သည့် ဆရာတော်ဖြစ်လေသည်။

၁။ ဟိတောပဒေသ။ ၄။ ၇၂။

ဖွားမြင်တော်မူခြင်း

ခင်ဦးမြို့ အနောက်ကံသာယာရွာ၌ ရတနာသုံးတန် ကံကံ၏အကျိုးကို ယုံကြည်သဒ္ဓါရှိသည့် ဗုဒ္ဓဘာသာဝင်သူတော်စင်မိဖ၂-ပါးတို့မှ သက္ကရာဇ် ၁၂၀၄-ခုနှစ်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ နံတော် တနလ်ာသား ဖြစ်လေသည်။

ရှင် ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်ခြင်း

အရွယ်ရောက်သော် သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် ရှင်ကေတုမာလာဖြစ်လေသည်။ သက်တော် ၂၀-ပြည့်မြောက်သည်တွင် ဥပသမ္ပဒဏတ် မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့ အရှင်ကေတုမာလာ ဖြစ်လေသည်။

မန္တလေးမြို့၌ ပညာသင်ကြားခြင်း

ငယ်စဉ်က မန္တလေးမြို့သို့ကြွရောက်၍ ကျမ်းဂန်တတ်ဆရာတော်များထံ ဂန္ထန္ဓရအဝဝကို သင်ယူတော်မူခဲ့လေသည်။ သက်ပန်းတိုက်ဆရာတော်ကြီး အရှင်ဥေ ယျနှင့် တိုက်အုပ်စာချဆရာတော် အရှင်ပဒုမ, အရှင်အာဒိစ္စတို့ထံ၌လည်း ဂန္ထန္ဓရအဝဝကို သင်ယူတော်မူခဲ့လေသည်။

စာပေချပို့ သာသနာပြုခြင်း

စာပေကျမ်းဂန် တတ်မြောက်သဖြင့် ရောက်ရှိလာသော တပည့်တပန်း ရဟန်းသာမဏေတို့အား နေ့ဝါ ညဝါ ကျမ်းစာချပို့ သာသနာပြုတော်မူခဲ့လေသည်။

ရာဇဂုရုဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

ဆရာတော်သည် သာသနာ့ဒါယကာမင်းတရား ဆက်ကပ်လှူဒါန်းသည့် "ကေတုမာလာဘိကဝိမဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။

မဟာသံဃသာမဂ္ဂိဥက္ကဋ္ဌ မြန်မာ့အသင်းချုပ်ကြီးဥက္ကဋ္ဌ

ဆရာတော်ဘုရားကြီးသည် မြန်မာပြည်သမ္မာသမ္ဗုဒ္ဓ သာသနာလုံးဆိုင်ရာ မဟာသံဃသာမဂ္ဂိအဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌတာဝန်ကိုလည်း ထမ်းဆောင်တော်မူခဲ့လေသည်။ ၎င်းပြင် မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာ့အသင်းချုပ်ကြီး၏ ဥက္ကဋ္ဌတာဝန်ကိုလည်း ထမ်းဆောင်တော်မူခဲ့လေသည်။[1]

ကသာမြို့၌ သီတင်းသုံးခြင်း

၁၂၄၇-ခုနှစ် သီပေါအရေးတော်ပုံခေတ် တိုင်းပြည်မငြိမ်မသက်ဖြစ်လေရာ ကသာမြို့သို့ ကြွရောက်တော်မူ၍ သက်ပန်းကျောင်းကို တည်ထောင်ရာ ယင်းသက်ပန်းကျောင်း၌ သီတင်းသုံး၍ အမျိုးဘာသာသာသနာဒကျိုးကို သည်ပိုးရွက်ဆောင်တော်မူခဲ့လေသည်။ သက်ပန်းဆရာတော်ဘုရားကြီး သီတင်းသုံးသည့်ကျောင်းတိုက်လည်း သက်ပန်းတိုက်ဟု တွင်၍ သက်ပန်းကျောင်းတိုက်တည်ရှိသော အရပ်သည် သက်ပန်းရပ်ဟု တွင်လေသည်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ယင်းသို့ အမျိုးဘာသာသာသနာအကျိုး သည်ပိုးရွက်ဆောင်တော်မူခဲ့သော သက်ပန်းဆရာတော်ဘုရားကြီး အရှင်ကေတုမာလာ

၁။ အစ္စရိယာပါဒါန်။ ၆၆။

သည် သက်တော် ၉၁-နှစ်ရှိရာ သက္ကရာဇ် ၁၂၉၉-ခုနှစ် တန်ဆောင်မုန်လဆန်း ၇-ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

သံဝေဂယူရန်

ယထာပိ ကုမ္ဘကာရသ၊ ကတာ မတ္တိကဘာဇနာ။
သဗ္ဗေ ဘေဒနပရိယန္တာ၊ ဧဝံ မစ္စာန'ဇီဝိတံ။[1]

ကုမ္ဘကာရသ= အိုးထိန်းသည်၏။ ဝါ= အိုးထိန်းသည်သည်။ ကတာ= ပြုလုပ်အပ်ကုန်သော။ သဗ္ဗေဝ= အလုံးစုံကုန်သော။ မတ္တိက-ဘာဇနာ= မြေညက်အိုးခွက်တို့သည်။ ဘေဒနပရိယန္တာယထာပိ= တနေ့နေ့တွင် ကွဲပျက်ခြင်းလျှင် အဆုံးရှိသကဲ့သို့သာလျှင်။ ဧဝံ တထာ= ထို့အတူ။ မစ္စာနံ= ကြုံလာဖြစ်လာ သတ္တဝါတို့၏။ ဇီဝိတံ= အသက်သည်။ ဘေဒနပရိယန္တံ= ပျက်စီးသေလွန်ခြင်းလျှင် အဆုံးရှိ၏။

◆◆◆

စိန်တုံးတိုက်ဆရာတော် စောင့်ရှောက်

သက်ပန်းတိုက် ပဋမကျောင်းကြီးမှာ ၁၂၅၃-ခုနှစ်ခန့်တွင် ပျက်စီးခဲ့လေသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ချိန်လောက်မှစ၍ သက်ပန်းတိုက်မှာ သံယာဆိတ်သုဉ်းခဲ့ပြီး စိန်တုံးဆရာတော်ကြီးများ စောင့်ရှောက် ထိမ်းသိမ်းခဲ့ကြကုန်၏။

ဆရာတော်အရှင်ကုလိသအား လွှဲအပ်ခြင်း

စိန်တုံးတိုက် ဆရာတော်ကြီးများသည် သက်ပန်းတိုက်ကို သက္ကရာဇ် ၁၃၂၉-ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁-ရက်နေ့တွင် ကမ္မဋ္ဌာနာစရိယ လယ်တီအရှင်ကုလိသအား ပဋိပတ္တိဌာန ဖွင့်လှစ် တည်ထောင်ရန်အတွက် လွှဲအပ်တော်မူခဲ့ကြလေသည်။

၁။ သုတ္တနိ။၃၇၁။ မဟာနိ၊ ၉၃။

ရှေစည်သာသနာ့ရိပ်သာ ပြစ်ခြင်း

ဆရာတော်အရှင်ကုလိသသည် ရှေစည်သာသနာ့ရိပ်သာ အမည်ဖြင့် ၁၃၂၉-ခုနှစ်ကပင် သာသနာ့ရိပ်သာ တည်ထောင်ဖွင့်လှစ်ခဲ့လေသည်။ အရှင်ကုလိသမှာ စစ်ကိုင်းခရိုင် လယ်ကြီးရွာ၌ အဖဦးလူကုပ် အမိ-ဒေါ်ဥာဏ်တို့မှ သက္ကရာဇ် ၁၂၈၁-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့လေသည်။ မုံရွာ လယ်တီတိုက်၌ ကြာမြင့်စွာ ပညာသင်ကြားခဲ့ပြီး လယ်တီအရှင်ကုလိသအမည်ကို ခံယူလေသည်။ ရန်ကုန်မြို့ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် ဘုရားကြီး၊ စစ်ကိုင်းတောင်ရိုး အဂ္ဂမဟာပဏ္ဍိတ ရှေစေတီဆရာတော် ဘုရားကြီးတို့ထံ၌လည်း ပဋိပတ်နည်းခံတော်မူခဲ့လေသည်။ ထို့ကြောင့် သက်ပန်းတိုက်ကို သာသနာ့ရိပ်သာ တည်ထောင်သောအခါ ရှေစေတီဆရာတော်အမည်မှ **ရှေ**, မဟာစည်ဆရာတော်ဟူသောအမည်မှ **'စည်'** ဟူသော စကားလုံးတို့ကိုယူ၍ ရှေစည်သာသနာ့ရိပ်သာဟု အမည်မှည့် တည်ထောင်ခြင်းဖြစ်လေသည်။ အရှင်ကုလိသသည် စာပေအရေးအသား၌လည်း ဝါသနာပါသည်ဖြစ်ရာ-

၁။ နည်းသစ် သင်ပုန်းကြီးနှင့်ဖတ်စာ၊

၂။ ဒေသနာပန်းခိုင်များ၊

၃။ အိန္ဒိယသမိုင်ဘုရားဖူးမှတ်တမ်း၊

စသည့် ကျမ်းငယ်များကို ပြုစုတော်မူခဲ့လေသည်။ တရားဟောလည်း ကောင်းသည်ဟု သိရ၏။

ရှေစည်သာသနာ့ရိပ်သာ သိမ်သမုတ်ပွဲကြီး

ရှေစေတီရိပ်သာဆရာတော် အရှင်ကုလိသသည် ၁၃၃၁-ခုနှစ် နှောင်းတန်ခူးလဆန်း ၂-ရက်နေ့တွင် သိမ်သမုတ်လိုကြောင်း ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ကိုယ်တိုင်ကြွရောက်

လျှောက်ထားလေသည်။ ဆရာတော်ဘုရားကြီးသည် သာသနာရေးကိစ္စတွေများသည့်ကြားကပင် ဤသည်လည်း သာသနာရေးကိစ္စပင်ဖြစ်သည်ဟု သဘောပိုက်ကာ ကြွရောက်ချီးမြှောက်တော်မူခဲ့လေသည်။ ယင်းသိမ်သမုတ်ပွဲကြီးတွင် ဆရာတော်ဘုရားကြီးနှင့်တကွ သာသနာ့ဦးသျှောင်ဆရာတော်ကြီးများ မည်သို့မည်ပုံ ဆောင်ရွက်တော်မူပုံကို ပြောနေသည့် သိမ်အောင်ထောမနာစာတမ်းကို ဖတ်ရှုရှု ကြည်ညိုရာသတည်း။

သိမ်အောင်မင်္ဂလာ ထောမနာစာတမ်း

အတုလဿုဒယာ ယဿ၊ ဓမ္မောဘာသဇလိဒ္ဓိနော။
ခဇ္ဇောတာရိုဝ နဿန္တိ၊ တိတ္ထိယာ နု ကုဟံကရာ။

ဓမ္မောဘာသဇလိဒ္ဓိနော= ဓမ္မကွန္ဒာ ဒေသနာပေါင်း ရှစ်သောင်းလေးထောင် တရားရောင်တို့ဖြင့် တောက်ပြောင်ပဖြိုး ဆ-ဆတိုးသား တန်ခိုးဘုန်းဟုန် ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူထသော။ အတုလဿ= သရီရဓမ္မ နှစ်ဌာနဝယ် မရနိုင်းပုံ ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူထသော။ ယဿ မဟာသုရဿ= အကြင်ဘုရားရှင်ဟု ဉဏ္ဍဂူရောင်ရွန်း နေစက်ဝန်း၏။ ဥဒယာ= အပရာဇိတ ပလ္လင််ဟု ဇေယျအောင်ချက် တောင်တော်ထက်မှ ပေါ်ထွက်ထွန်းပြ။ ဥဒည်မှ ခြင်းကြောင့်။ တိတ္ထိယာ= မိစ္ဆာအယူ တစ်ဂိုဏ်းထူလျက် မဖြူဝါဒ မိုက်မောဟာဖြင့် လောကအလုံး မှောင်ကြီးဖုန်းအောင် စုရုံးဆောင်ကျဉ်း တိတ္ထိခပင်းတို့သည်။ ခဇ္ဇောတာရိုဝ= အရောက်မမြှုံ ပိုးစုန်းကြူ။ ကဲ့သို့။ နဿန္တိ= တေဇော်မတောက် ဂုဏ်သွေ့ခြောက်၍ ပြေပျောက်ကွယ်ကင်း ကြရကုန်၏။ နု ကုဟံကရာ= အံ့အဲဖွယ်မှု တစုံတရာကိုမျှ မပြုနိုင်ကြကုန်။

နမာမိ တံ မဟာသုရံ၊ မဟာမောဟတမောနုဒံ။
သဠာတံ သော အမှံ ဟဒယေ၊ တမော ခန္ဓံ ပနုဒတံ။

မဟာမောဟတမောနုဒံ= လေးရပ်သစ္စာ ဖုံးပိတ်ကာသား အဝိဇ္ဇာမိုက်မဲ မှောင်ထုခဲကို ဖြိုခွဲပယ်ဖျောက်တော်မူထသော။ တံ မဟာသုရံ= ထိုဘုရားရှင်ဟူ ဥဏှာဂူရောင်ရွှန်း နေစက်ဝန်းကို။ နမာမိ= ကိုယ်, နှုတ်, နှလုံး သုံးပါးပျောင်းပြော့ မာန်ကိုလျှော့၍ ကန်တော့မြတ်နိုး လက်စုံမိုးလျက် ရှိခိုးဦးညွှတ်ပါ၏ဘုရား။ သော မဟာသုရော= ထိုဘုရားရှင်ဟူ ဥဏှာဂူရောင်ရွှန်း နေစက်ဝန်းသည်။ အမှံ= ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်တို့၏။ ကာယေ= အတွင်းပိတ်ဖုံး စိတ်နှလုံး၌။ သဠာတံ= ပုထုဇဉ်နှင့် သဘာဝဖြင့် ခဏမကြာ ဖြစ်တတ်စွာသော။ တမောခန္ဓံ= အဝိဇ္ဇာမိုက်မဲ မှောင်ထုခဲကို။ ဝါ= အဝိဇ္ဇာတုံး မှောင်အလုံးကို။ ပနုဒတံ-ပနုဒတု= ဥပနိဿယည်း ပစ္စည်းပုံထောက်ကျေးဇူးဆောက်၍ ပယ်ဖျောက်တော်မူပါစေသတည်း။

အောင်သူတကာတို့၏ မဟာဝိဇယိန္ဒာဓိပတိ သိရိပဝရ-အတုလဝဋ္ဌသကာ မင်္ဂလာသျှောင်ဖူး အောင်ပွဲမျှားစစ် ဖြစ်ကြီးဖြစ်တော်မူသော ရှင်ချစ်ပရမေ ဘုရားသုံးလူ့ဆွေသည် ဂျစ်ထွေမဂ္ဂင် ဖောင်စက်ယာဉ်ဖြင့် သံသရာဝယ်ကြာ မွန်းနစ်မျောကြသည့် လူရော နတ်ပါ ငြဟ္မာတို့ကို ဓမ္မာဝရ ကျွတ်ဆုဌလျက် မဂဓတိုင်း သမိုင်းရွှန်းစိုရာဇဂြိုဟ်ပြည်အနီး ဂိဇ္ဈကူဋ်ကောင် ကျောင်းတော်ကြီး၌ လေးလီယာပထ မျှတရှင်ပြုံး သ်ဝင်းသုံး စံနေတော်မူသောအခါ သံယာတော်အရှင်မြတ်တို့ အရပ်ရပ်သံယာကံ စီမံဆောင်ရွက်မှု ပြုကြရာဝယ် . . .

"ဧတ္တာဝတာ သာမဂ္ဂိ၊ ယာဝတာ ဧကာဝါသော- တစ်ခုတည်းသောနေရာဌာန ဧကာဝါသ ဖြစ်လတ်ကလျှင် သံယသာမဂ္ဂီဖြစ်တုံ့ပြီ"ဟု ဘုန်းစည်မိန့်ဟော် စကားတော်၌ အာဘော်ခဲကျိတ် ဥာဏ်မစိတ်နိုင်ကြသဖြင့် . . .

"ကိတ္တာဝတာ နု ခေါ၊ ဧကာဝါသော ဟောတိ- အဘယ်မျှ အပိုင်းအခြားရှိမှ သာမဂ္ဂီအရာ ဧကာဝါသ အမည်ရသနည်း"ဟု

တည်းလည်းပုစ္ဆာ ဤအရာဝယ် ပြဿနာစကား ရဟန်းများကို တရား အခြေပြု မေးလျှောက်သောဝတ္ထုဟု. . .

အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ- ရွှေခွန်းတော်ခြင်းရာ စုံကို သုံးဘုံသူထိပ် ဟောဖော်သိတ်၍ ဘိက္ခုတွင်မည် ထိုထိုတေရ်တို့ လေးမည်သောသံဃကံကို စီမံပြုစု လွယ်ကူမှုဖြင့် ဖာသုဝိဟာရ သံဃသုဠုအရေး မြော်တွေးထွန်းထိမ် ရွှေဉာဏ်ချိန်၍ သိမ်သမုတ်ရန် အမှု ခွင့်ပြုပညတ်တော်မူခဲ့ပါသတည်း။ (၁)

အင်္ဂီရသ စောဇိနသည် သီမသမ္မုတိကံ ပြုနိုင်ရန်ကို နှုတ်သံ ငြိမ့်အေး အခွင့်တော်ပေးသည်တွင် ရှေးရှေးသာသနာဝင် သူတော်စင် အမျိုးသား သာသနာ့ဒါယကာများတို့သည် . . .

(၁) ဘုရားမြတ်စွာ သာသနာ၁တော်အ.ွခွန့် ကွန့်ကွန့်စည် ဖြာ တည်တန့်ရန်အရေး သံဃာတော် အရှင်မြတ်တို့ သည် မခွါတ်မူလ ပဘဝအမွန်ဖြစ်ကုန်၏။

(၂) သံဃဂိုဏ်းဝင် ထေရ်သခင်တို့သည်လည်း ရှင်ပင်ဆုံးမ ဟောဖော်ပြသော သံဃကံလေးပါးသာလျှင် ထင်ရှား မူလ ပဘဝအမွန်ရှိကုန်၏။

(၃) သံဃကံလေးပါးတို့သည်လည်း ပိုင်းခြားညွှန်ပြ ခဏ္ဍ မဟာ သိမ်နှစ်ဖြာလျှင် ပဌမာဒိက မူလအမွန်ရှိကြ ကုန်၏။

(၄) ထို့ကြောင့်ရကား ဗုဒ္ဓသြဝါ သာသနာသည် မဟာ ခဏ္ဍ သိမ်နှစ်ဝလျှင် မူလပဒဋ္ဌာန် အခြေခံအကြောင်း ရင်းရှိသဖြင့် သီမသမ္မုတိကံ ဒါယကာခံရသော် ဘုန်းလျှံမြတ်စွာ သာသနာကို ပဌမာဒိက အရင်းမူလ မှ အနုဂ္ဂဟပြုရာ ရောက်ချိမ့်မည်ဟု. . .

အေးကြည်ရွှင်မော နှစ်လိုဇောဖြင့် မုနေၖတင့်စံ သိမ် ဒါယကာ ခံကြသောကြောင့် နိုင်ငံတော်အရပ်ရပ်ဝယ် ပြာသာဒ်ရောင်

မောင်း သိမ်တန်ဆောင်းတို့ဖြင့် မသောင်းရှုဖွယ် ကုသိုလ်ခေတ် နယ်ကျယ်၍ ဘုန်းကြွယ်မြတ်စွာ သာသနာသည် အခါမျက်မှောက် ယနေ့ရောက်အောင် ထွန်းတောက်ထိန်လင်း ထံရှိပါသတည်း။ (၂)

မဟာမဏ္ဍလီ ရာရံသီဖြင့် ဖလ်ခြည်ထိန်လင်း ရဝိန်စက်သို့ ပြိုးပျက်လျှံဖြာ သာသနာလျှင် မဂ်လာရှိန်ကြွေ ထွန်းထိန်လေသဖြင့် ယနေ့မျက်မှောက် ရောက်လတ်သောအခါဝယ် ရတနာပုံ မန္တလေးရွှေမြို့တော် နန်းတော်ရှေ့ သက်ပန်းကျောင်းတိုက် ရွှေစည်သာသနာ့ရိပ်သာ ယောဂီသူတော်စင်တို့သည် ရှင်ပင်မြတ်စွာ သာသနာကို ပဌမာဒိက မူလအမွန်မှ အားသွန်ခိုးမြောက် ထောက်ပံ့ပြုစုလိုသော မနောပဏိဓိ ရည်သန်ရင်းရှိကြ၍ အရှင်ကုလိသမည်တွင် ထေရ် သခင်အားကြည်လင်သော စေတနာဖြင့် သိမ်ဒါယကာ ခံလိုပါကြောင်း တောင်းပန်လျှောက်ထားကြသဖြင့် ဘုရားမြတ်စွာ သာသနာ အဓွန့် ကွန့်ကွန့်ဖြာစက် ရွှေစည်ရိပ်သာ ပမာနာစရိယ လယ်ဟီ ဦးကုလိသ အရှင်မြတ်သည် မိမိထိန်းစောင့်အပ်သော မန္တလေးမြို့ အရှေ့ပြင် သက်ပန်းကျောင်းဟိုက် ရွှေစည်ရိပ်သာအတွင်းရှိ ( )ကေ၊ ဒသမ (ပေ-၅၀)ရှိ ပြေအရပ်ဌာနကို ပဒ္ဓသိမ်သမုတ်ရန်အတွက် ဝိသုံဂါမ ဘောဇက သီးခြားရွာစားခန့်အပ်ရန် ကျေနပ်နှစ်သက်စွာ ခွင့်ပြုတော်မူချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံ (သက်ဆိုင်ရာ) တော်လှန်ရေးအစိုးရကလည်း ရိက္ခာတော်ရ အင်ဂြိမ်းစားလယ်ဝန် ဦးအေးမွေးအား သာသနာရေးအားပေးလိုဟုံ စိတ်အာရုံဖြင့် ဝိသုံဂါမ ဘောဇက သီးခြားရွာစား စစ်စစ်ဖြစ်ပစေဘည့် ရည်ဆန်ရင်းရှိလျက် "အယမ္မိ ဝိသုံဂါမော ဟောတူတိ ရာဇာ ကဿစိ ဒေဟိ" ဝ်နယာမဟာဝါ အဌကထာပါဠိ ကျမ်းဂန်နှင့် ညီညွတ်အောင် မန်အပ် ပေးသနားတော်မူခဲ့ပါသတည်း။ (၃)

အဂ်ါသမ်ဂီ စုံပြည့်ညီလျက် သံမာသမ္မုတိကံ ရွက်ဆောင်ရန် အရေး ဝိသုံဂါမအမိန့်ကို ပေးအပ်ရကား ရှေးမဆွကပင် သီမာယ သီမံ သမ္ပိန္ဒန= သိမ်နှင့်သိမ်ရောယှက်ခြင်း၊ သီမာယ သီမံ အဗ္ဗောတ္ထ-ရဏ= သိမ်ဖြင့် သိမ်ကို လွှမ်းအုပ်ခြင်း ဤသို့စသည့် ဒေါသမဟင် ပြစ်ကင်းစင်အောင် အရှင်ပဒုမ အဘယာရာမတိုက် ဆရာတော်

မထေရ်မြတ် စောင့်ကြပ်မတ်လျက် ခရုပတ် ပျားကြီး တစ်နည်းခြေသ့် ထိုင် ခရိုင်နယ်ဖြတ် ရက်ကန်းခတ်ကြက်ခြေ တထွေထောင့်တန်း ရင်ပေါင်တန်းက အခဏ်းခဏ်းအသီးသီး သိမ်နှုတ်ရန်နည်းတို့ဖြင့် နှုတ်ပြီးနှင့်သော မြေအရပ်ဝယ် ထပ်လျှောက်ဆင့်ကာ ဝိနယာလင်္ကာရ ဋ္ဌီကာ အထွက်ညောင်စောင်းကွက်တို့ဖြင့် လက်ျာခွေပတ် သုံးကြိမ် စပ်အောင် ရွတ်ဖတ်ညီညာ ကမ္မဝါစာဖြင့် သီမာသမူဟာနန ပုဗ္ဗယောဂ ပရိကံ စီမံပြီးပြေလတ်သော် ကောင်းမြတ်သောမင်္ဂလာ အခါတော် ကြိုက် ရောက်ဆိုက်ပြီးဖြစ်ရကား သက္ကရာဇ် (၁၃၃၁)ခု၊ သာသနာ နှစ် (၂၅၁၃)ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၂)ရက်နေ့၊ နံနက်စက် (၇)နာရီ၊ (၀)မိနစ်အချိန်မှ အစပြုကာ ရကနာပုံမန္တလေးမြို့ ရွှေမြို့ တော် လေးပြင်လေးရပ် ကိန်းစံလတ်သား တိုက်ကြပ်တိုက်အုပ် ဂိုဏ်းချုပ်နာယက ဓမ္မာစရိယ သာသနာ့ဝန်ဆောင် ဂုဏ်ရောင်ထိန် လျှပ် အပါး(၁၀၀)ကျော် မထေရ်မြတ်တို့ နှစ်ရပ်သာမဂ္ဂီ ကိုယ်စိတ် ညီ၍ သီမဏ္ဍလင် မြေအပြင်၌ စုံလင်တပြေး စည်းဝေးတော်မူကြသော အခါ ဦးစွာမဆွ ပဌမ၌ သံဃပုဂ်ဝေါ် ကျေးဇူးကျော်သား. . .

(၁) ဒက္ခိဏာရာမတိုက် ဟံသာဝတီဆရာတော်မထေရ်မြတ် သည် အရှေ့အရပ်မှ လက်မွန်စ၍ (ပါသာဏ)နိမိတ္တ ပုဗ္ဗကိတ္တကဌာနတိုင်လတ် လက်ျာပတ်၍ ရှစ်ရပ်နယ် ဘောင် စပ်အောင်နိမိတ်ကြားခြင်း။ ထို့အတူ. . .

(၂) အရှေ့အရပ်ကပင်စ၍ ဒက္ခိဏာရာမတိုက် ရွှေဘုန်းရှိန် ဆရာတော်၊

(၃) အရှေ့အရပ်ကပင်စ၍ ရွှေရေးဆောင်တိုက်နာယက စာချ ဦးပဏ္ဍိတဝဆရာတော်၊

(၄) အရှေ့အရပ်မှပင်စ၍ မဟာစည်ဆရာတော်နှင့် အရှင် ကုလိသ အရှင်မြတ်တို့ကလည်း (ပါသာဏ)နိမိတ္တ ပုဗ္ဗကိတ္တကဌာနတိုင်လတ် ရှစ်ရပ်နယ်ဘောင် စပ်-အောင်အတွင်း နိမိတ်ကြားခြင်းတို့ဖြင့်လည်းကောင်း၊

နိမိတ်စောင့်

(၁) အရှေ့အရပ်မှ အတုမရှိတိုက် ဦးကောသလ္လ၊

(၂) အရှေ့တောင်အရပ်မှ တိုက်တော်တိုက် ဦးဥဏောဘာသ၊

(၃) တောင်အရပ်မှ ကုန္ဒြိယာရာမရှေ့ဂူတိုက် ဦးဝိစိတ္တ၊

(၄) အနောက်တောင်အရပ်မှ မိုးကောင်းတိုက် ဦးတေဇောဘာသ၊

(၅) အနောက်အရပ်မှ ဇေတဝန်တိုက် ဦးဝါသေဋ္ဌဆရာတော်၊

(၆) အနောက်မြောက်အရပ်မှ ဇင်းမယ်ကျောင်း ဦးမဏ္ဍလ၊

(၇) မြောက်အရပ်မှ အတုမရှိတိုက်ရှေကျောင်း ဦးသူရိယ၊

(၈) အရှေ့မြောက်အရပ်မှ ကုန္ဒြိယာရာမရှေ့ဂူတိုက် ဦးဂုဏသိရိယ၊

ဤအရှင်ပြတ်တို့သည် နိမိတ္တပါလက နိမိတ်စောင့်ပုဂ္ဂိုလ်အဖြစ် အားသစ်ရွက်ဆောင်ကြခြင်းဖြင့်လည်းကောင်း၊ သေဋ္ဌနင်းဘုန်းလျှံ ဟောပိန့်ညွှန်သည့် "ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ" ဒေသနာအရ နိမိတ္တကိတ္တန နိမိတ်ကြားခြင်းအမှုကို ပြုလုပ်ပြီးပြေ အောင်မြင်စေကြပြီး၍...

"နိမိတ္တေ ကိတ္တေတွာ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော" မိန့်ဟောမဟာဝါ ဒေသနာတော်မြတ် ပါဠိရပ်နှင့် သင်္ဃတော်ညီလျှော်အောင်...

(၁) ကဿပရာဇာတိုက် ဟံသာဝတီဆရာတော်၊

(၂) ညောင်ရမ်းကိုက်အုပ်ဆရာတော်၊

(၃) အရှေ့ဝိသုဒ္ဓါရုံတိုက်အုပ်ဆရာတော်၊

ဤမထေရ်မြတ်တို့သည် ဆယ်ရပ်သော ဗျဉ္ဇနဗုဒ္ဓိအကွာရာ အတိုင်း မိစေလျက် ဥတ္တိဒုတိယကမ္မဝါစာဖြင့် ဦးစွာအစ သမာန သံဝါသက သိမ်သမုတ်တော်မူကြခြင်း၊

ထို့အတူ ဒုတိယအကြိမ်-
(၁) ဒက္ခိဏာရာမတိုက် ရွှေဘုန်းရှိန်ဆရာတော်၊
(၂) စကုအလယ်တိုက်ကြီး ဦးနန္ဒာစရိယဆရာတော်၊
(၃) အရှေ့ဝိသုဒ္ဓါရုံ ရမည်းသင်းကျောင်းဆရာတော်၊

ထို့အတူ တတိယအကြိမ်-
(၁) ရွှေရေးဆောင်နာယက ဦးပဏ္ဍိတဝဆရာတော်၊
(၂) တောင်သမန်တိုက် ပုသိမ်ကျောင်းဆရာတော်၊
(၃) မိုးကောင်းတိုက် ဒေးဝန်းဆရာတော်၊

ထို့အတူ စတုတ္ထအကြိမ်-
(၁) မဟာနန္ဒိသေနာရာမဆရာတော်၊
(၂) ဂွေးချိုတိုက် မအူပင်အုတ်ကျောင်းဆရာတော်၊
(၃) ရန်ကုန်သာသနာ့ရိပ်သာ မဟာစည်ဆရာတော်၊

ပဉ္စမအကြိမ်-
(၁) စစ်ကိုင်း ရွှေစေတီရိပ်သာဆရာတော်၊
(၂) စိန်ပန်း အဘယာရာမဆရာတော်၊
(၃) အရှေ့ခင်မကန်တိုက် ပန်းကျောင်းဆရာတော်၊

ဆဋ္ဌအကြိမ်-
(၁) ဝါးခင်းကုန်း ဇောတိကာရာမဆရာတော်၊
(၂) အရှေ့တိုက်တော် တိုက်အုပ်ဆရာတော်၊
(၃) ဝက်လက်မြို့ မစိုးရိမ်ကျောင်းဆရာတော်၊

သတ္တမအကြိမ်-
(၁) စကုတိုက် သဒ္ဓမ္မဇောတိကာရုံဆရာတော်၊

(၂) ဣန္ဒြိယာရာမတိုက် ဦးဝိစိတ္တဆရာတော်၊

(၃) မိုးကောင်းတိုင် ဖျာပုံကျောင်းဆရာတော်၊

ဤမထေရ်တို့ကလည်း ဒဋ္ဌိကမ္မတ် (၇)ကြိမ်, (၇)ကြိမ် ခိုင်မြဲလတ်အောင် စောင့်ကြတ်သတိ အကွာရာလုံးတိုင်မိစေ၍ အာဒိ ကမ္မသမာနသံဝါသက သိမ်သမုတ်ခြင်းကိစ္စကို (၇-နာရီ, ၃၀-မိနစ် အချိန်သမယတွင်) ထမြောက်ပြီးပြေ အောင်မြင်စေကြ၍ အဝိပ္ပဝါသသမ္မုတိကံ ဆောင်ရန်သင့်လှ အချိန်ကျပြီဖြစ်ရကား. . .

ပဌမအကြိမ်-

(၁) စစ်ကိုင်း ရွှေစေတီသာသနာ့ရိပ်သာဆရာတော်၊

(၂) မဟာနန္ဒိသေနာရာမဆရာတော်၊

(၃) စကုတိုက် အလယ်ကျောင်းကြီးဆရာတော်၊

ဒုတိယအကြိမ်-

(၁) ရွှေရေးဆောင်တိုက် မဟာနာယကစာချဆရာတော်၊

(၂) စိန်ပန်း အဘာယာရာမဆရာတော်၊

(၃) မိုးကောင်းတိုက် ဒေးဝန်းဆရာတော်၊

တတိယအကြိမ်-

(၁) ရန်ကုန်သာသနာ့ရိပ်သာ မဟာစည်ဆရာတော်၊

(၂) မဟာဓမ္မိကာရာမတိုက် ဇေတဝန်ဆရာတော်၊

(၃) တောင်သမန်တိုက် ပုသိမ်ဆရာတော်၊

စတုတ္ထအကြိမ်-

(၁) မင်းကွန်း တိပိဋကဓရဓမ္မနာဒတိုက်ဆရာတော်၊

(၂) ဝက်လက်မြို့ မစိုးရိမ်ကျောင်းဆရာတော်၊

(၃) ဝါးခင်းကုန်း ဇောတိကာရာမဆရာတော်၊

ဤဆရာတော် မထေရ်မြတ်တို့က (၄)ထပ်(၄)ဝါရ အဝိပ္ပဝါသသိမ်သမုတ်တော်မူကြခြင်းဖြင့် လူအင်းမြတ်စွာ သာသနာဝယ်

မဟာရဟ ဒုတိယကလျာဏီ ခေါ်တွင်ညီလောက်သော ဤ "သာသနဝုဒ္ဓိကာရီနီ ရွှေစည်ရိပ်သာ သိမ်မဟာ"သည် ပတာနုမော် လူနတ်တို့ကောင်းချီးခေါ်လျက် သာသနာတော်နှစ် (၂၅၁၃)၊ ကောဇာသက္ကရာဇ် (၁၃၃၁)ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၂)ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် စက် (၈)နာရီ (၁၅)မိနစ်အချိန်တွင် တေဇိန်လျှံတောက် "အောင်ပြီ အောင်ပြီ အောင်လတ်ပြီ"ဟု အောင်ဗျာဂီ ရွှေစည်မြောက်ကြ၍ ထမြောက် အောင်မြင်ပါသတည်း။ (၄)

ဆုတောင်းနှင့် အမျှဝေ

စေတနာသမင်္ဂီ ကျမ်းထွက်ညီတည့် ပါရမီစိတ်သန် တိဟိတ်ဉာဏ်ဖြင့် နိဗ္ဗာန်တံခါး ပွင့်စေသားဟု ဆပွားသဒ္ဓါ ပြကြပါသား သာသနာနုဂ္ဂဟ မြတ်ပုညကြောင့် ဆန္ဒရှိရှိ အားသစ်ဘိသား ဗောဓိဆုကြီး ကိုယ်စီပြီး၍ ရှစ်ထီးမင်ဖိုလ် ဖွင့်ရလိုဏ်။ ထိုကုသလ မြိုက် ဗီဇကို နရမရှု ဟိန္ဒုဂူတို့ ရည်တူရရန် ပတ္တိဒါန်ဖြင့် မကျန်စေရ ပေးဝေဌ သည်. . . အမျှ အမျှ အမျှ ရကြသည်ဖြစ်စေသောဝ်။

ရွှေစည်အာရာမသေဋ္ဌမ်၊ ထေရာ ထိရေသု သဏ္ဌိတာ။
ခဏ္ဍာသိမံ အဗန္ဓိသု၊ မုနိန္ဒစက္ကဝုဠိယာ။

သံဃာဦးရေစသည်

၁၃၂၄-ခုနှစ်က သက်ပန်းတိုက်ဌ ရဟန်းတော် ၂-ပါး၊ သာမဏေ ၃-ပါးအားဖြင့် သံဃာတော် ၅-ပါး သီတင်းသုံးတော်မူခဲ့လေသည်။ လယ်တီအရှင်ကုလိသလက်ထက် ရွှေစည်သာသနာ့ရိပ်သာ ဖြစ်လာသောအခါ ရဟန်းရှင်လူ မျှားစွာတို့ဖြင့် စည်ကားလာလေပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
သက်ပန်းသာသနဝံသောယံ၊ သမတ္တော သာဓု ဝဏ္ဏိတော။

သက်ပန်းသာသနာဝင် ပြီး၏။

*** ♦ ***

မဟာဝိဇယာရာမ
ခင်မကန်သာသနာဝင်

မန္တလေးသာသနာ့နယ်မြေ၌ ခင်မကန်ကျောင်းတိုက်သည် အရှေ့ပြင် ခင်မကန်ကျောင်းတိုက်, အနောက်ပြင် ခင်မကန်ကျောင်းတိုက်ဟူ၍ ၂-တိုက်ရှိရာ ယခုဖော်ပြမည့် သာသနာဝင်ကား မန္တလေးအရှေ့ပြင် မဟာဝိဇယာရာမမည်သော ခင်မကန်ကျောင်းတိုက်၏ သမိုင်းအဆက်အနွယ်စဉ် သာသနာဝင်ဖြစ်လေသည်။

ဖော်ပြပါ ခင်မကန်ကျောင်းတိုက်ကြီးသည် မန္တလေးမြို့အရှေ့ပြင် နန်းတော်ရှေ့ရပ်၌ တည်ရှိလေသည်။ ယင်းခင်မကန်ကျောင်းတိုက်၏ မူလအမည်ရင်းကား ဝိဇယာရာမတိုက် ဖြစ်လေသည်။

ခင်မကန်ရွာသားဆရာတော် စတင်သတင်းသုံးတော်မူခဲ့သည်ကို စွဲ၍ ခင်မကန်တိုက်ဟု တွင်လေသည်။ ယင်းဝိဇယာရာမမည်သော ခင်မကန်တိုက်၌-

၁။ ပွဲစားကျောင်း
၂။ မင်္ဂလာကျောင်း
၃။ ဒေါ်မြင်ကျောင်း
၄။ ကာယသုခကျောင်း
၅။ ရွှေပန်းထိမ်ကျောင်း
၆။ ပဲခူးကျောင်း
၇။ ပုဂံကျောင်း
၈။ ပန်းကျောင်း
၉။ ရတနာပုံကျောင်း
၁၀။ ပြုကန်ကျောင်း

၁၁။ ရွာသစ်ကျောင်း

၁၂။ ဥယျာဉ်ကျောင်း

၁၃။ နန်းရှေ့ကျောင်း

၁၄။ ဆင်ပို့ကျောင်း

၁၅။ ကျောင်းကြီးကျောင်း

၁၆။ ကထိန်ကျောင်း

၁၇။ အလယ်ကျောင်း

အားဖြင့် ကျောင်းပေါင်း ၁၇-ကျောင်း ရှိလေသည်။

ကျောင်းတိုက်၏အလယ် ပဌမခင်မကန်ဆရာတော်ကြီး၏ အရိုးအိုးစေတီငယ် ကိန်းဝပ်ရာ စေတီတော်ကြီးတစ်ဆူလည်း အရှေ့ဖက်, အနောက်ဖက် အာရုံမံဟန်ဆောင်းများဖြင့် ကြည်နူးဖွယ်ရာ ဖူးတွေ့နိုင်လေသည်။ ကျောင်းဝိုင်းကြီးတစ်ခုလုံးကို မဟာရုံတံတိုင်း ရံလျက်ရှိရာ ရဟန်းသာမဏေတို့ နေချင်စရာ သာယာကြည်နူးဖွယ်သည့်ပြင် ပရိယတ်, ပဋိပတ် ဝူရန္ဓစ်ရပ်ကို ပြုလုပ်လျှင် သင့်လျော်ပေသည်။

သမိုင်းအကျဉ်း

ဤအမရှေ့ပြင်ရှိ ဝိဇယာရာမ ခင်မကန်ကျောင်းတိုက်မှာ အနောက်ပြင်ရှိ ခင်မကန်ကျောင်းတိုက်၏နောက်မှ တည်ဆောက်သော ကျောင်းဟိုက်ဖြစ်လေသည်။ ပဋ္ဌမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး၏ အနောက်နန်းမတော်မိဖုရားကြီး သိရိမဟာစုစန္ဒာဒေဝီသည် ကုသိုလ်တော်ပွား ကျောင်းဦးပြာသာဒ်နှင့်တကွ ဘုံအဆင့်ဆင့် တန်ဆာဆင်၍ ကျောင်းတိုက်တော်ကြီး ဆောက်လုပ်ပြီးလျှင် ကျောင်းတော်ကို "ရတနာဗိမာန်ကျောင်းတော်"ဟု အမည်တပ်၍ တိုက်တော်ကို "ဝိဇယာရာမ"ဟု အမည်တပ်စေပြီး မင်းတရားနှင့်အတူတကွ ကျောင်းလွှတ်သဘင် ကျင်းပပြီးလျှင် "မဏိဇောတာဘိ

သိရီသဒ္ဓမ္မဝေဇမဟာဝမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ခင်မကန် ဆရာတော်ဘုရားကြီး အရှင်မဏိဇောတအား ရေစက်သွန်းချ၍ တင်လျှောခဲ့လေသည်။ ကျောင်းတိုက်၏ အနောက်ဖက်အဝင်ဦးလည်း "မန္တလေးရတနာပုံ မြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လွှက်စကြာသခင် အရှင်ဘဝရှင်မင်းတရားကြီး ရွှေလက်ထက်တော် အနောက်နန်းမတော်မိဖုရား ကုသိုလ်ကောင်းမှုတော် ဝိဇယာရာမတိုက်"ဟု ကျောက်စာထိုး စိုက်ထူခဲ့လေသည်။

ကျောင်းတိုက်အတွင်းဦးလည်း "မန္တလေးရတနာပုံ မြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လွှက်စကြာသခင် အသျှင်ဘဝရှင်မင်းတရား ရွှေလက်ထက်တော် အနောက်နန်းမတော် မိဖုရား ကောင်းမှုကုသိုလ်တော် ရတနာဗိမာန်ကျောင်းတော်"ဟု ကမ္မည်းထိုး၍ ကျောက်စာတည်ထားသည်ကို တွေ့ရ၏။

ယင်းဝိဇယာရာမတိုက်ကား တိုက်တာတာဝန်ရှိပုဂ္ဂိုလ်များ၏ အဆက်ဆက်ကြိုးပမ်းမှုကြောင့် ယနေ့တိုင် ဝိဇ္ဇာဌာန ပိဋကတ်စာပေ သင်ကြားရာဌာနအဖြစ် တည်ရှိလေသည်။

ခင်မကန်ပရိဝေဏောဟိ၊ ထေရာ ထိရေသု သဏ္ဌိတာ။
ဥယျုတ္တာ ဓုရဒ္ဓယေသု၊ ဥဋ္ဌာရဗျာသယာ ဘဝူ။

◆◆◆

ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဆရာတော် အရှင်မဏိဇောတာလက်ဘရ

ဆရာတော်ဘုရားကြီး အရှင်မဏိဇောတသည် ဝိဇယာရာမခေါ် ခင်မကန်တိုက်၏ ပဌမဆုံးဆရာတော် ဖြစ်တော်မူသည်။ တရုပ်မြို့ ကျေးသမုန်းကိုင်းရွာ မြင်းခြံခရိုင် ခင်ပုဂံရွာ၌ အဖ-ဦးသာမင်း အမိ-ဒေါ်ရုံတို့မှ သက္ကရာဇ် ၁၁၄၉-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁-ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်နာမည် မောင်ပျားဖြစ်လေသည်။

အရှယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ထမ်း ဆောင်ခဲ့လေသည်။ ဘွဲ့တော်မှာ အရှင်မဏိဇောတာလင်္ကာရ ဖြစ်လေသည်။[1]

ပညာသင်ကြားခြင်း စာပေချပို့ခြင်းစသည်

ငယ်စဉ်ကမှစ၍ "သူရိယာဘိဝံသသိရီပဝရာလင်္ကာရမမ္မသေနာပတိမဟာမမ္မရာဇာမိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သဲအင်းသာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်သူရိယာဘိဝံသထံတွင် ရောက်ရှိ၍ ပညာသင်တတ်မြောက်တော်မူခဲ့လေသည်။ စာပေတတ်မြောက်ပြီးနောက် အမရပူရမြို့, မန္တလေးမြို့ ခင်မကန်ကျောင်းတိုက်များ၌ သီတင်းသုံးတော်မူ၍ စာပေများ ချပို့တော်မူခဲ့လေသည်။

စာပေမပြတ် ချပို့လေ့ရှိခြင်း

ဆရာတော်မဏိဇောတာလင်္ကာရသည် ရောက်ရာဌာနတိုင်း၌ ကြာရှည်စွာသီတင်းသုံးသည်ဖြစ်စေ, မကြာမရှည် ရက်အနည်းငယ်မျှ သီတင်းသုံးသည်ဖြစ်စေ ချပို့လက်စ စာဝါများကို ချပို့လေ့ရှိ၏။ စာဆိုတပည့်တို့ကိုလည်း ခေါ်ဆောင်သွားလေ့ရှိ၏။ ပရိယတ္တိသာသနာတော် စည်ပင်ရေး၌ လွန်စွာ အားပေးတော်မူလေ့ရှိ၏။

ကျမ်းဂန်များပြုစုခြင်း

ဆရာတော်အရှင်မဏိဇောတာလင်္ကာရသည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ သဂါဝေါဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယ

၂။ နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယ

၁။ သာမဏေဘွဲ့မှာ ရှင်ပဏ္ဍိတဖြစ်သည်ဟုလည်း အရေးအသားတွေ့ရ၏။

၃။ မူလဌီကာဒ္ဓါရကထာအဖွင့်နိဿယ
၄။ ဝိနည်းအဆုံးအဖြတ်များ- စသည်တို့ ဖြစ်ကုန်၏။

ဏာဇဂုရု ဘွဲ့တံဆိပ် ၃-ထပ် အလှူခံရရှိခြင်း

ဆရာတော် အရှင်မဏိဇောတာလကာရသည် ရွှေဘုံမင်းတရား ဆက်ကပ်လှူဒါန်းသော "မဏိဇောတာလင်္ကာရမဟာဓမ္မ-ရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်, "မဏိဇောတသိရိသဒ္ဓမ္မဓဇ-မဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်များနှင့် ပဉ္စမ-သံဂါယနာတင် မင်းတုန်းမင်းတရား ဆက်ကပ်လှူဒါန်းသော "မဏိ-ဇောတသဒ္ဓမ္မာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်-တော်တို့ကို အလှူခံရရှိတော်မူခဲ့လေသည်။

ပကာသနမမက်မောဂျေ

ဆရာတော်သည် ပကာသနမမက်မောဂျေ၊ မဟာဝိဇယ-ရာမကျောင်းတိုက်ကို တင်လှူသောအခါ အနောက်ပြင် ခင်မကန်-တိုက်မှ အခမ်းအနားနှင့် အပင့်မခံပဲ နေဝင်ရိတရောတွင် ခြေလျှင်-မထင်မရှားကြွတော်မူ၍ မဟာဝိဇယာရာမခေါ် အရှေ့ပြင် ခင်မကန်-တိုက်၌ သီတင်းသုံးတော်မူခဲ့လေသည်။

ပုံလွန်တော်မူခြင်း

ခင်မကန်ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၂၇-ခုနှစ်-ကဆုန်လပြည့်ကျော် ၈-ရက်နေ့တွင် ဘဝနတ်ထံ ပုံလွန်တော်မူခဲ့-လေသည်။[1]

၁။ ခင်မကန်ဆရာတော်ဘုရားကြီးနှင့်စပ်၍ အခြားသိမှတ်ဖွယ်အကျယ်-
ကို မန္တလေးသာသနာဝင်။ ၁၆။
အနောက်ပြင် ခင်မကန်သာသနာဝင်ကြည့်။

သံဝေဂယူရန်

ယထာပိ သေလာ ဝိပုလာ၊ နဘံ အာဟစ္စ ပဗ္ဗတာ။
သမန္တာ အနုပရိယေယုံ့၊ နိပ္ပေါထေန္တာ စတုဒ္ဒိသာ။

ဧဝံ ဇရာ စ မစ္စု စ၊ အဓိဝတ္တန္တိ ပါဏိနော။
ခတ္တိယေ ဗြာဟ္မဏေ ဝဿေ၊ သုဒ္ဒေ စဏ္ဍာလပုက္ကုသေ။
နေ ကဉ္စိ ပရိဝဇ္ဇေတိ၊ သဗ္ဗမေဝါဘိမဒ္ဒတိ။

နေ တတ္ထ ဟတ္ထိနံ ဘူမိ၊ နေ ရထာနံ နေ ပတ္တိယာ။
နေ စာပိ မန္တယုဒ္ဓေန၊ သက္ကာ ဇေတုံ ဓနေန ဝါ။[1]

နဘံအာဟစ္စ= မိုးထဲပေါက်မြောက် ဆိုက်ရောက်လေအောင်။ ဝိပုလာ= မြင့်စောက်ကြီးမားကုန်သော။ သေလာ= ကျောက်သား အတိပြီးကုန်သော။ ပဗ္ဗတာ= တောင်လေးလုံးတို့သည်။ သမန္တာ စတုဒ္ဒိသာ= ဝန်းကျင်ပတ်ပတ် အရပ်လေးမျက်နှာမှ။ နိပ္ပေါထေန္တာ= သတ္တဝါအပေါင်းတို့ကို ထောင်းထောင်းကျေညက် သေလောက်အောင် ကြိတ်ချေကုန်လျက်။ အနုပရိယေယုံ့ ယထာပိ= လှည့်လည်ကုန်သကဲ့သို့သာလျှင်။ ဧဝံ ဘဒ္ဒာ= ထို့အတူ။ ဇရာ စ= သွားကြိုးဆံဖြူ ငယ်မှုယိုယွင်း အိုမင်းရင့်ရော်ခြင်း ဇရာတရားသည်လည်းကောင်း။ မစ္စု စ= သေမင်းမေါ်ငြား သေခြင်းသဘောတရားသည်လည်းကောင်း။ ခတ္တိယေ= မင်းမျိုးဖြစ်သူတို့ကိုလည်းကောင်း။ ဗြာဟ္မဏေ= ပုဏ္ဏားမျိုးဖြစ်သူတို့ကိုလည်းကောင်း။ ဝဿေ= သူကြွယ်မျိုးဖြစ်သူတို့ကိုလည်းကောင်း။ သုဒ္ဒေ= သူဆင်းရဲမျိုးဖြစ်သူတို့ကိုလည်းကောင်း။ စဏ္ဍာလ ပုက္ကုသေ= ဒွန်းစဏ္ဍား, ပန်းမှိုက်သွန်မျိုး ဖြစ်သူတို့ကိုလည်းကောင်း။ ပါဏိနော စ= ဖော်ပြုထုတ်ဆို ပုဂ္ဂိုလ်သတ္တဝါတို့မှကြွင်းသော လောကမှိတင်း သတ္တဝါခပင်းတို့ကိုလည်းကောင်း။ အဓိဝတ္တန္တိ= လွှမ်းမိုးကြိတ်ဖျက် နှိပ်စက်ညှင်းပမ်း သတ်ဖြတ်ကုန်၏။ ကဉ္စိ= ပုဂ္ဂိုလ်တစ်စုံ

---

[1] သံ၊ ၁။ ၁၀၂။ (ပဗ္ဗကူပမသုတ်)

တစ်ယောက်ကိုမျှ။ နှ ပရိဝဇေ= မရှောင်ကြဉ်။ သဗ္ဗမေဝ= တယောက်မကြွင်း ခပင်းဉသုံ အလုံးစုံသော သတ္တဝါတို့ကိုသာလျှင်။ အဘိ-မဒ္ဒတိ= ကြိတ်ချေနှိပ်စက်၏။ တတ္ထ= ထိုသေခြင်းတရား နှိပ်စက်ဖျက်ဆီးရာ၌။ ဟတ္ထိနံ= ဆင်စီးသူရဲတို့၏။ ဘူမိ= အောင်နိုင်ရာသည်။ ဝါ= အောင်ရာဧကန် အောင်မြေမှန်သည်။ နှ အတ္ထိ= မုချပုံသေ မရှိပါချေ။ ရထာနံ= ရထားစီးသူရဲတို့၏။ ဘူမိ= အောင်နိုင်ရာသည်။ ဝါ= အောင်ရာဧကန် အောင်မြေမှန်သည်။ နှ အတ္ထိ= မုချပုံသေ မရှိပါချေ။ ပတ္တိယာ= ခြေသည်သူရဲတပ်သားများ၏။ ဘူမိ= အောင်နိုင်ရာသည်။ ဝါ= အောင်ရာဧကန် အောင်မြေမှန်သည်။ နှ အတ္ထိ= မုချပုံသေ မရှိပါချေ။ မန္တယုဒ္ဓေန စာပိ= အာထဗ္ဗဏဗေဒင် စီရင်ဆောင်ရွက်ခြင်းဖြင့်လည်း။ ဇေတုံ= အောင်နိုင်ခြင်းငှာ။ နှ သက္ကာ= မတတ်နိုင်ပါချေ။ ဓနေန ဝါ= ပစ္စည်းဥစ္စာပေးသဖြင့်လည်း။ ဇေတုံ= အောင်နိုင်ခြင်းငှာ။ နှ သက္ကာ= မတတ်နိုင်ပါချေ။

♦♦♦

ဆရာတော်ဦးခါး

ဆရာတော်အရှင်မဏိဇောတာလင်္ကာရ ပျံ့လွှန်တော်မူပြီးနောက် လူအမည်ဦးခါး-[1] အမည်တွင်သော ဆရာတော်သည် မဟာဝိဇယာရာမမည်သော ခင်မကန်တိုက်၏ ဒုတိယမြောက်နာယကဆရာတော် ဖြစ်တော်မူခဲ့လေသည်။ ဦးခါးကား ဦးပျားဝ၏တပည့် ဖြစ်သည်။ ဦးပျား၏ညီဟုလည်း ဆိုကြ၏။ ဦးခါး သက်တော် ၈၀-လောက်တွင် ပျံ့လွှန်တော်မူသည်ဟု သိရ၏။[2]

၁။ တချို့မှတ်တမ်းများ၌ ပဌမဆရာတော်၏ လူအမည်မှာ ဦးခါး ဖြစ်ကြောင်းလည်း ဆို၏။

၂။ သီပေါမင်း၏ တတိယတံဆိပ်လှု ဆရာတော် ၁၄-ပါးတွင် ဝိဇယာရာမတိုက်မှ "ဦးမုနိန္ဒ သက်တော် ၆၅-နှစ်၊ မုနိန္ဒာဘိဝေ သိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"ဟု တွေ့ရှိရာ ဦးခါး ဖြစ်ကောင်း ဖြစ်မည်ဟု တွေးမိ၏။

ဆရာတော် အရှင်အရိယာလင်္ကာရမဟာထေရ်

ဆရာတော်အရှင်အရိယာလင်္ကာရမဟာထေရ်သည် အဘိ-ဓမ္မာအရာ၌ လွန်စွာ နှိုင်နင်းသည့်ပုဂ္ဂိုလ် ဖြစ်လေသည်။ ပခုက္ကူခရိုင် နေရင်းရွာအနီး မင်းရွာခေါ်သောရွာ၌ သက္ကရာဇ် ၁၁၉၀-ခုနှစ် ပတ်ဝန်းကျင်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်စဉ်က နေရင်းမင်းရွာ မဏိရတနာကျောင်းတိုက်ဆရာတော်ထံ ရောက်ရှိ၍ ပညာသင်ကြားတော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော်မှာ အရှင်အရိယာလင်္ကာရ ဖြစ်လေသည်။

မန္တလေးမြို့သို့

နေရင်းမင်းရွာ မဏိရတနာကျောင်းတိုက်၌ ပိဋကတ်အခြေခံကျမ်းဂန်များကို သင်ယူခဲ့ပြီးနောက် မန္တလေးမြို့ အရှေ့ပြင် မဟာဝိဇယာရာမ ခင်မဂန်တိုက်သို့ ရောက်ရှိ၍ နေ့ဝါ ညဝါအရာ ကျော်-စောသော ဆရာတော်များထံ နေ့ဝါ ညဝါ များစွာသော ကျမ်းဂန်တို့ကို သင်ယူ တတ်မြောက်တော်မူခဲ့လေသည်။

အဘိဓမ္မာ ၇-ကျမ်း ပြန်ဆိုခဲ့

ဆရာတော်သည် ပဠမသံဂါယနာတင် မင်းတုန်းမင်းတရားလက်ထက် မြေနန်းပြာသာဒ်တော်၌ ဆရာတော်သံယာတော်များနှင့် မင်းပရိသတ်ဒေါ်ဆုံအည်ရှေ့မှောက်တွင် အဘိဓမ္မာ ၇-ကျမ်းကို ဝါစုဂ္ဂဟနှုတ်လွတ်အာဂုံ ပြန်ဆိုခဲ့သဖြင့် အဘိဓမ္မာအာဂုံပြန် ဆင်စွယ်တံဆိပ်တော်ကို[1] အလျှံခံရရှိတော်မူခဲ့လေသည်။

၁။ ပဌာန်းကျမ်းကို ပြန်ဆိုခဲ့သဖြင့် ပဌာန်းအာဂုံပြန် ဆင်စွယ်တံဆိပ်တော်ကို ရရှိခဲ့လေသည်ဟုလည်း အဆိုတစ်ရပ်ရှိသည်။

မင်းရွာဆရာတော်ဟု လွန်စွာထင်ရှားခြင်း

ဆရာတော်အရှင်အရိယာလက်ာရသည် နေရင်းမင်းရွာ မဏိရတနာကျောင်းတိုက်ကြီးကို လွှဲအပ်ခြင်းကိုလည်း ခံရသည်ဟုဆိုသည်။ သို့ရာတွင် ခေတ္တခဏသာ မင်းရွာသို့ ပြန်ကြွတတ်သည်ဟု သိရ၏။ ခင်မကန်တိုက်အတွင်း နေ့ဝါ ညဝါချပို့ရာ မင်းရွာဆရာတော်ဟု လွန်စွာ ထင်ရှားလေသည်။

ခင်မကန်တိုက် သံဃနာယကဖြစ်ခြင်း

ခင်မကန်ဆရာတော်ကြီးဦးခါး ပျံလွန်တော်မူပြီးနောက် မဟာဝိဇယာရာမခေါ် ခင်မကန်ကျောင်းတိုက်ကြီး၏ မဟာနာယကဖြစ်တော်မူလေသည်။ ထိုစဉ်က ခင်မကန်တိုက်၌ သံဃာ ၁၅၀-ကျော်ခန့် ရှိသည်ဟု သိရလေသည်။

တစ်နေ့ စာ ၁၁--ဝါ ချပို့

ဆရာတော်အရှင်အရိယာလက်ာရသည် ကျန်းမာရေးလည်းကောင်းသည်။ ခန္ဓာကိုယ်အရပ်အမောင်းလည်း မြင့်မားသည်။ အသားအရေမှာမူ အဘိုးဖက်ပါသည်။ နားရွက်များမှာ ပခုံးထိလုနီးပါးရှည်သတတ်။ မနက်လင်းသည်ကစ၍ ညအချိန်လင်းသည်အထိ စာဝါ ၁၁-ဝါမျှ ချပို့တော်မူသည်။ နေ့ဝါ တစ်ဝါခန့်သာချ၍ ကျန်စာဝါများ ညဝါအထောက်အကူပြု စာဝါများနှင့် အဘိဓမ္မာညဝါများသာ ဖြစ်သည်ဟု သိရ၏။

ဆွမ်းတော်နှင့် ဆန်ထောက်ရ

ဆရာတော် အရှင်အရိယာလက်ာရမှာ မြန်မာမင်းများ လက်ထက်က ဆန်ထောက်ရသည်။ သီပေါမင်းပါတော်မူပြီးနောက် အင်္ဂလိပ်ခေတ်တွင် အထောက်အပံ့များ မရှိတော့ချေ။ ဒကာတစ်ဦးက

ပို့လျှုဒါန်းသည့် ဆွမ်းဝတ်တဝတ်ရှိသည်။ ၎င်းပြင် ပရိယတ္တိသာသန-ဟိုဝအသင်းက မူလဓမ္မာစရိယအဖြစ် ကိုးကွယ်၍ ဆွမ်းဆံများ ထောက်ပံ့ လျှုဒါန်းသည်ကိုလည်း ခံယူတော်မူရလေသည်။ ဖော်ပြပါ ဆွမ်းဝတ်နှင့် ဆွမ်းဆန်များဖြင့်မျှတကာ ပရိယတ္တိသာသနာတော်ကို ခိုးမြောက်တော်မူခဲ့လေသည်။

တပည့်ကောင်းများ ပေါ်ထွန်းခဲ့

ဆရာကော်၏ အဘိဓမ္မာညဝါအရာ လွန်စွာနိုင်နင်းစွာ ချပို့နိုင်မှုကြောင့် ပညာရှိတပည့်တပန်း ရဟန်းတော်များစွာတို့ ဆရာတော်ထံ ရောက်ရှိကြကာ ပညာရင်နှီး သောက်စို့ကြကုန်၏။ ၎င်းပညာရှိ တပည့်များအနက်-

၁။ ပခုက္ကူမြို့ မဟာဝိသုဒ္ဓာရာမတိုက် ဒုတိယမြောက်ဆရာ တော် ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ မဟာထေရ်။

၂။ ပခုက္ကူမြို့ မဟာဝိသုဒ္ဓာရာမတိုက် တတိယမြောက် ဆရာတော်ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ အရှင် နန္ဒပံသမဟာထေရ်။

၃။ မန္တလေးမြို့ အာဘယာရာမတိုက် ပဌမဆရာတော် အဂ္ဂ မဟာပဏ္ဍိတ အရှင်အဂ္ဂဓမ္မာဘိဝံသ။

၄။ ပခုက္ကူခရိုင် ကျွန်းဦးရွာဆရာတော် အရှင်ဉာနုတ္တရ ပဟာထေရ်- စသည်တို့ ပါဝင်ကုန်၏။

ဖော်ပြပါဆရာတော်တို့သည် ဉာဏ်မီးတောက်စ ရဟန်းပျိုဘဝက ဆရာတော် အရှင်အရိယာဝံသထံ ရောက်ရှိကာ အဘိဓမ္မာ ညဝါများကို သင်ယူတော်မူခဲ့လေကုန်၏။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဖော်ပြပါ အဘိဓမ္မာညဝါအရာ၌ လွန်စွာနိုင်နင်းတတ်မြောက်ကျွမ်းကျင်တော်မူလှသော မဟာဝိဇယာရာမ ခင်မကန်ဆရာတော် ဘုရားကြီး အရှင်အရိယာလင်္ကာရသည် သက်တော် ၈၀-လောက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။[1]

အရိယဝံသော မဟာထေရော၊ အရိယဝံသသာသနေ။
အရိယံ သာသနံ ကတ္တာ၊ ဒေဝါလယံ ဂတော သုမိ။

သံဝေဂယူရန်

မဟာယသာ ရာဇဝရာ၊ မဟာသမ္မတအာဒယော။
တေပိ မစ္စုဝသံ ပတ္တာ၊ မာဒိသေသု ကထာဝကာ။[2]

မဟာယသာ= မျှားစွာသော အခြံအရံအကျော်အစောရှိကြကုန်သော။ ရာဇဝရာ= ရာဇဝမ်းဆယ်ဝ မြတ်ဝမ္မကို နိစ္စထောက်လျှင်ကျင့်ကြံတုံလတ် မင်းမြတ်မင်းကောင်းဖြစ်ကြကုန်သော။ မဟာသမ္မတအာဒယော= မဟာသမ္မတမင်းအစရှိကုန်သော။ တေပိ= တန်ခိုးအာဏာ တေဇာကြီးလျှင် ထိုမင်းတို့သည်လည်း။ မစ္စုဝသံ= သေမင်း၏အလိုနှိုင်ငံသို့။ ပတ္တာ= လွှဲမပါရ လိုက်ပါကြရမလကုန်၏။ မာဒိသေသု= မဟာသမ္မတစသည်တို့ပုံ ဂုဏ်တေဇာမကြွယ် ဇ္ဈာန်ယ် ပုဂ္ဂိုလ်တို့၌။ ကထာဝကာ= သေရမည် မသေရမည် ကြံစည်လည် ဆယ် ပြောဆိုဖွယ် အဘယ်မှာရှိပါအံ့နည်း။ နတ္ထိ ဧဝ= ဧကန်တိတိ မရှိသည်သာ။

---

[1] ဆရာတော်အရှင်အရိယာလင်္ကာရအကြောင်းကို ဆရာတော်အရှင်အရိယာလင်္ကာရ၏ တပည့်ကြီးတစ်ပါးဖြစ်တော်မူသော သက်တော် ၈၈-နှစ်ရှိ ပခုက္ကူကျွန်းဦးဆရာတော်ထံ သွားရောက်လေ့လာဖော်ပြပါသည်။

[2] ဝိသုဒ္ဓိ၊ ၁။ ၂၂၅။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ဝိလာသ

မင်းရွာဆရာတော် အရှင်အရိယဝံသ ပျံ့လွန်တော်မူပြီးနောက် ဆရာတော် အရှင်ဝိလာသသည် မဟာဝိဇယာရာမ ခင်မကန်တိုက်၏ သံဃနာယကဖြစ်တော်မူသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

မိတ္ထီလာမရိုင် သပြေဝရာ၌ သက္ကရာဇ် ၁၂၃၅-ခုနှစ်ခန့်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော်မှာ အရှင် ဝိလာသ ဖြစ်လေသည်။

မန္တလေးမြို့ အရှေ့ပြင် ခင်မကန်တိုက်သို့ ငယ်စဉ်ကရောက် ရှိ၍ မင်းရွာဆရာတော် အရှင်အရိယဝံသစသည့် ကျမ်းဂန်တတ် မဟာထေရ်မြတ်တို့ထံတွင် ပညာသင်ကြား တတ်မြောက်တော်မူခဲ့လေ သည်။

သုဓမ္မာဝင် ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ

တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီး၏ သုဓမ္မာအဖွဲ့ ဝင်လည်း သုဓမ္မာဝင်ဥက္ကဋ္ဌအဖြစ်ဖြင့် ထင်ရှားသော မထေရ်မြတ် ဖြစ်တော်မူသည်။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်း ၁၂၈၁-ခုနှစ်လောက်က ရရှိတော်မူခဲ့လေသည်။ ၁၂၈၅-ခုနှစ်က မန္တလေး မြို့နယ် စိန်ပန်းရပ် သာသနဇောတိကာရာမတိုက် သိမ်သမုတ်စဉ် ဆရာတော်အရှင်ဝိလာသသည် ဒုတိယအကြိမ် ကမ္မဝါစာဆရာဖြစ်၍ အဂ္ဂမဟာပဏ္ဍိတ သံဃနာယက ကျောက်ပန်းတောင်းဆရာတော်, အတုမရှိတိုက်ဆရာတော်တို့နှင့် အတူတကွ ကမ္မဝါစာရွတ်ဖတ်၍ ခိုး မြောက်တော်မူခဲ့လေသည်။ ပျိုရွယ်စဉ်က စာပေကျမ်းဂန်များကိုလည်း ချပို့တော်မူခဲ့လေသည်။

ပုံလွန်တော်မူခြင်း

ခင်မကန်ဆရာတော် အရှင်ဝိလာသသည် သာသနာရေးရာများကို ဆောင်ရွက်တော်မူရင်း သက္ကရာဇ် ၁၂၈၆-ခုနှစ်လောက်တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

ဝိလာသော သုဝိလာသီဝ၊ ဝိလာသသာသနေ ဝရေ။
ဝိလာသေ သောပိ ကတ္တာန၊ ဝိလာသမဂမီ သုဓိ။

သံဝေဂယူရန်

ဇောတိကော ဇဋိလော ဥဂ္ဂေါ၊
မေဏ္ဍကော အထ ပုဏ္ဏကော။
ဧတေ စညေ စ ယေ လောကေ၊
မဟာပုညာတိ ဝိဿုတာ။
သဗ္ဗေ မရဏမာပန္နာ၊
မာဒိသေသု ကထာဝကာ။[1]

ဇောတိကော= ဥစ္စာစည်းစိမ် ဂုဏ်သိန်းများလှ ဇောတိကသင္ဘေးကြီးလည်းကောင်း။ ဇဋိလော= ဥစ္စာစည်းစိမ် ဂုဏ်သိန်ပွားစီး ဇဋိလသင္ဘေးကြီးလည်းကောင်း။ ဥဂ္ဂေါ= ဥစ္စာစည်းစိမ် ဂုဏ်သိန်ပွားစီး ဥဂ္ဂသင္ဘေးကြီးလည်းကောင်း။ မေဏ္ဍကော= ဥစ္စာစည်းစိမ် ဂုဏ်သိန်များလှ မေဏ္ဍကသင္ဘေးလည်းကောင်း။ အထ= ထိုမှတပါး။ ပုဏ္ဏကော= ဥစ္စာစည်းစိမ် ဂုဏ်သိန်များလှ ပုဏ္ဏသင္ဘေးလည်းကောင်း။ ဣတိ= ဤသို့။ ဧတေ စ= ဖော်ပြထုတ်ဆို ပုဉ်းကံရှင်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ အညေ= တစ်ပါးတခြားကုန်သော။ လောကေ= လောကဌ။ မဟာပုညာတိ= ပုဉ်းကံကြီးမားသူတို့ဟူ၍။ ဝိဿုတာ= ကျော်စောထင်ရှားကုန်သော။ ယေ စ= အမှတ်မထင် အကြင်ပုဂ္ဂိုလ်

၁။ ဝိသုဒ္ဓိ၊ ၁။ ၂၂၅။

တို့သည်လည်းကောင်း။ သန္ဓီ= ရှိကြကုန်၏။ သဗ္ဗေ= ကြွင်းမဲ့ညီသုံ အလုံးစုံကုန်သော။ တေ= တန်ခိုးကြီးမား ထိုပုဂ္ဂိုလ်များတို့သည်။ မရဏံ= စုတိပြတ်ကြွေ သေလွန်ခြင်းသို့။ အာပန္နာ= လွှဲမရဟု ရောက်ကြလေကုန်ပြီ။ မာဒိသေသု= ဘုန်းကံမခြယ် ငါနှယ်ပုဂ္ဂိုလ် တို့၌။ ကထာ= သေရမည်လော မသေရမည်လော ဆိုဖွယ်ရာသည်။ ကာဝ-ကာ ဧဝ= အဘယ်မှာလျှင် ရှိပါအံ့နည်း။

♦♦♦

ဆရာတော်အရှင်နရိန္ဒ၊ ဆရာတော်အရှင်စန္ဒိမာ

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဝိလာသ ပျံ့လွန်တော်မူပြီးနောက် ဆရာတော်အရှင်နရိန္ဒသည် မဟာဝိဇယာရာမ ခင်မကန်တိုက် သံဃနာယကဖြစ်တော်မူသည်။ အရှင်နရိန္ဒ ပျံ့လွန်တော်မူပြီးနောက် ဆရာတော်အရှင်စန္ဒိမာသည် ခင်မကန်တိုက်၏ နာယကဖြစ်တော်မူသည်။ အရှင်စန္ဒိမာမှာ ၁၃၂၉-ခုနှစ်က ပျံ့လွန်တော်မူသည်။

♦♦♦

ဆရာတော်အရှင်သုမန

အရှင်စန္ဒိမာ ပျံ့လွန်တော်မူပြီးနောက် ဆရာတော်အရှင်သုမနသည် ခင်မဂၢန်တိုက်၏ နာယကဖြစ်လေသည်။ မကွေးခရိုင် ဆင်ဖြူ ကျွန်းမြို့နယ် နွယ်ဂမယ်ရွာ၌ ၁၂၄၉-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့သည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။

ပခုက္ကူ၏ ပညာသင်

ပခုက္ကူမြို့ မဟာပိသုတာရာမတိုက်၌ ၆-နှစ်ကြာမျှ သီတင်းသုံး၍ ပိဋကတ်ကို သင်ယူခဲ့လေသည်။ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်ထံတော်၌လည်း ကြာမြင့်စွာ ဆိုဝါဖြင့် ကျမ်းစာ

များကို သင်ယူခဲ့လေသည်။ မန္တလေးမြို့ ခင်မကန်တိုက်သို့ ရောက်ရှိ၍ စာပေကျမ်းဂန်တတ် ဆရာတော်များထံတွင် မန္တလေးနည်းကို ဆက်လက်၍ သင်ယူခဲ့လေသည်။ ၁၃၂၉-ခုနှစ်တွင် ခင်မကန်တိုက် နာယကဆရာတော် အရှင်စန္ဒိမာ ပျံလွန်တော်မူသဖြင့် တိုက်တာ၏ သံယနာယကအဖြစ် ထမ်းဆောင်ခဲ့လေသည်။

ဘဒန္တသုမနော ထေရော၊ သုမနော သုန္ဒရေ ရတော။
သုန္ဒရော နာယကော ဟုတ္တာ၊ ဇောတေသိ ဇိနသာသနံ။

♦♦♦

မူနိန္ဒာဘိဓေသိရိပဝရမဟာမေဓာဓိဂုဏ
ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်မူနိန္ဒ

ဆရာတော်အရှင်မူနိန္ဒသည် မဟာဝိဇယာရာမ ခင်မကန်တိုက်ကြီး၏ ဒုတိယမြောက် နာယကဆရာတော်ဖြစ်၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

သက္ကရာဇ် ၁၁၈၁-ခုနှစ်၌တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင် ရပ၊ မ၊ ၂ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ နံတော် ကြာသပတေးသား ဖြစ်သည်။ ဘွဲ့တော် အရှင်မူနိန္ဒ ဖြစ်လေသည်။

ပညာသင်ကြားတတ်မြောက်ခြင်း

ထင်ရှားသော ဆရာတော်ကြီးများထံ ကျမ်းဂန်အရပ်ရပ်ကို သင်ကြားတတ်မြောက်သဖြင့် မဟာဝိဇယာရာမ ခင်မကန်တိုက်၌ စာပေချပို့ သာသနာပြုတော်မူခဲ့လေသည်။

ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် အလျှုံခံရရှိခြင်း

၁၂၄၆-ခုနှစ်တွင် သီပေါမင်းတရား ဆက်ကပ်လျှုဒါန်းသည့် "မုနိန္ဒာဘိဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလျှုံခံရရှိတော်မူခဲ့လေသည်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်သည် သာသနာ့ဝန်ထမ်းဆောင်ယင်း ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။ 'သခ်ါရာ နိ ဟိ သဿတာ' သခ်ါရတရား တို့ကား မမြဲကုန်စွတကား။

♦♦♦

ခင်မကန်တိုက်တွက် ဆရာတော်များ

သာသနာတော်၌ ထင်ရှားသော သာသနာ့ဝန်ဆောင် ဆရာတော် တော်တော်များများတို့ ခင်မကန်တိုက်၌ သီတင်းသုံး၍ ပညာသင်ကြားတတ်ပြောက်ခဲ့ကြကုန်၏။

ယင်းခင်မကန်တိုက်ထွက် ပညာရှင် သာသနာ့ဝန်ဆောင်တို့ကို ဤသာသနာဝင် ပဠာဝိသတိမတွဲကျမ်း ခင်မကန်သာသနာဝင် အမြွက်မျှ ဖော်ပြအပ်ပါသည်။

ဆရာတော်အရှင်စန္ဒိမာ (ဟသ်ာတလယ်တီဆရာတော်)

ဆရာတော်အရှင်စန္ဒိမာသည် ခင်မကန်တိုက် ပဌမဆရာတော်ဘုရားကြီး "မဏိဇောတသဒ္ဓမ္မာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးထံ ရောက်ရှိပညာသင်ကြားခဲ့သည့် မထေရ်မြတ်ဖြစ်လေသည်။ သာရဝေါတိုက်နယ် လုလင်ကျော်ရွာ၌ အဖ-ဦးရွှေကူး အမိ-ဒေါ်ရွှေနုတို့မှ သက္ကရာဇ် ၁၁၉၃-ခုနှစ် ဝါခေါင်လပြည့်ကျော် ၃-ရက် အင်္ဂါနေ့တွင် ဖွားမြင်ခဲ့လေသည်။

ရှင် ရဟန်းပြု ပညာသင်

သက်တော် ၁၅-နှစ်သားအရွယ်တွင် ဟသ်ာတမြို့ ပြောင်ပြောင်ရပ် ကြုံခင်းတိုက်ဆရာတော်ထံ၌ ရှင်သာမဏေဝတ်ခဲ့၍ သက်တော် ၂၀-နှစ်တွင် ရဟန်းပြု၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ ဥပဇ္ဈာယ် ကြုံခင်းတိုက်ဆရာတော်ထံ၌ ပိဋကတ်အခြေပြု ကျမ်းစာများ သင်ကြားပြီး မြင်းခြံမြို့ ပြောင်းပြတိုက်၌ ဆက်လက်ပညာသင်ကြားခဲ့လေသည်။ ၎င်းမှတဖန် မန္တလေးမြို့သို့ ကြွတော်မူ၍ ခင်မကန်တိုက်၌ သီတင်းသုံးကာ ဆရာတော်အရှင်မဏိဇောတာလင်္ကာရ (ဦးပြား)နှင့် စာချ အရှင်လက္ခဏာတို့ထံ ၂-နှစ် ဆက်လက်ပညာသင်ကြားခဲ့လေသည်။ ၎င်းနောက် ဒွါရဝါဒီ အုတ်ဖုံဆရာတော်ကြီးထံ ဆက်လက် သီတင်းသုံး၍ ပညာသင်ကြားခဲ့လေသည်။ နောက်တွင် လယ်တီတိုက်ကို တည်ထောင်၍ သာသနာပြုရာ လယ်တီဆရာတော်ဟု ထင်ရှားလေသည်။ ဒွါရဂိုဏ်း၌ ထင်ရှားသောဆရာတော်တစ်ပါး ဖြစ်လေသည်။

ဟသ်ာတဘုရားကြီးဆရာတော် အရှင်သာဂရဗုဒ္ဓိ, ဓနုဖြူမြို့ ဆရာတော် အရှင်နရိန္ဒတို့ကား ဆရာတော်အရှင်စန္ဒိမာ၏ တပည့်တို့ ဖြစ်ကုန်၏။ သက်တော် ၇၅-နှစ်ရှိရာ သက္ကရာဇ် ၁၂၆၈-ခုနှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။

သံဝေဂယူရန်

ဇီဝိတံ ဗျာဓိကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဠေတေ ဇီဝလောကသ္မိ၊ အနိမိတ္တာ နု နာယရေ[1]

ဇီဝိတံ စ= အသက်ဝိညာဉ် ရှင်ရခြင်းလည်းကောင်း။ ဗျာဓိ စ= နှိပ်စက်ပြင်းစွာ မခံသာအောင် ဖျားနာရခြင်းလည်းကောင်း။ ကာလော စ= ဇီဝိန်ကင်းကွာ သေလွန်ရာအခါလည်းကောင်း။ ဒေဟ-

---

၁။ ဝိသုဒ္ဓိ၊ ၁။ ၂၂၈။

နိကျွေပနံ= ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို စွန့်ရာအရပ်လည်းကောင်း။ ဂတိ= လားရောက်ရမည့် ဂတိလည်းကောင်း။ ဣတိ= ဤသို့။ ဧတေ ပဉ္စ= သက်ရှင်, ရောဂါ, သေရာအခါ, ခန္ဓာပစ်ချ, ဂတိဟူသော ဤငါးဝကို။ ဇီဝလောကသို့= အသက်ဝိညာဉ် ရှင်ဆဲဖြစ်သောလောက ၌။ အနိမိတ္တာ= ပိုင်းခြားမှတ်သားမှု မရှိကုန်သည်ဖြစ်၍။ နိ နာယရေ= ဧကန်ပိုင်ပိုင် မသိနိုင်ကုန်။

♦♦♦

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
အရှင်အဂ္ဂမဟာဘိဝံသ

မန္တလေး အနောက်ပြင် အဘယာရာမတိုက်ဆရာတော် ဘုရားကြီး အရှင်အဂ္ဂမဟာဘိဝံသ မဟာယေရ်သည်လည်း မဟာဝိဇယာရာမ ခင်မကန်တိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ အဘိဓမ္မာ ညဝါများ သင်ယူတော်မူခဲ့လေသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

မြင်းခြံခရိုင် ဗလုံရွာ၌ အဖ-ဦးရွှေဇင် အမိ-ဒေါ်ရွှေမဲ့တို့မှ သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် တပေါင်းလဆန်း ၁၁-ရက်၊ တနင်္လာနေ့ နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

၃-နှစ်သားအရွယ်တွင် ဗလုံဆရာတော် အရှင်နန္ဒမဉ္ဇူထံ၌ ဖိုးသူတော်ဝတ်ဖြင့် စတင်ရောက်ရှိ ပညာသင်ကြားတော်မူခဲ့လေသည်။ ၁၀-နှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော်မှာ ရှင်အဂ္ဂ ဖြစ်၏။ သက်တော် ၂၀-နှစ်တွင် ရဟန်းအဖြစ်သို့ ရောက်ခဲ့လေသည်။ မန္တလေးမြို့ ဘုရားကြီးတိုက်၌လည်း ပညာသင်ကြားခဲ့လေသည်။

ခင်မကန်တိုက်၌ ပညာသင်ကြားခြင်း

ရဟန်းဖြစ်၍ ၁-ဝါရပြီးနောက် ပခုက္ကူမြို့သို့ရောက်ရှိကာ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရထံ၌ နှစ်ပေါင်းများစွာ နိကာယ်ကြီးများကို ဆိုဝါဖြင့် သင်ယူတော်မူခဲ့လေသည်။ ရေစကြို ဆရာတော်ကြီးက 'ဓမ္မ'တိုးကာ 'အဂ္ဂဓမ္မ'ဟု မှည့်ခေါ်တော်မူသည်။ ၉-ဝါရပြီးနောက် မန္တလေးသို့ အပြီးကြွတော်မူ၍ အရှေ့ပြင် ခင်မကန်တိုက်၌ အဘိဓမ္မာညဝါများကို သင်ယူတော်မူခဲ့လေသည်။ ၎င်းပြင် မိုးထားသာသနာပိုင်, မိုင်ခိုင်ဆရာတော်, ဝိသုဒ္ဓါရုံဆရာတော်တို့ထံ၌လည်း ပညာသင်ကြားခဲ့လေသည်။

ပရိယတ္တိသာသနဟိတအသင်း စာမေးပွဲကိုလည်း ဝင်ရောက်ဖြေဆိုရာ စာသင်တန်း, စာချတန်း ၂-မျိုးလုံး၌ နံပါတ် ၁-ဖြင့်ချည်း အောင်မြင်တော်မူခဲ့လေသည်။ သို့ဖြစ်၍ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ကို အလျှောခံရရှိတော်မူခဲ့လေသည်။

အဘယာရာမဆရာတော်ဟု ထင်ရှားခြင်းစသည်

၁၂၈၉-ခုနှစ် ဝါဆိုလဆန်း ၁၃-ရက်နေ့မှစ၍ မန္တလေးမြို့အနောက်ပြင် စိန်ပန်းရပ်ရှိ အဘယာရာမတိုက်ကို အလျှောခံ၍ သီတင်းသုံးတော်မူပြီး စာပေချပို့ရာ အဘယာရာမဆရာတော်ဟု များစွာ ထင်ရှားလေသည်။

ကျမ်းဂန်များစွာတို့ကို ပြုစီရင်ခြင်း

ဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသသည် ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ အဘိဓာန်နိဿယသစ်

၂။ မောဂ္ဂလာန်နိဿယ

၃။ မောဂ္ဂလာန်ပဠိကာနိသယ
၄။ မောဂ္ဂလာန်ပဠိကာဌီကာနိသယ
၅။ သမ္မန္တစိန္တာစာကိုယ်ဌီကာနိသယ
၆။ မောဂ္ဂလာန်နိသယချနက်
၇။ ဓမ္မပဒအဋ္ဌကထာအဖွင့်နိသယ
၈။ ဝိသုံဂါမဝိနိစ္ဆယ
၉။ မုဒ္ဓဗောဓနိသယ
၁၀။ ဟိတောပဒေသနိသယ
၁၁။ အမရကောသနိသယ
၁၂။ ကလာပ်ခေါ် ကာတန္တနိသယ
၁၃။ ကာဗျဒါသနိသယ
၁၄။ မေယျဒူတနိသယ
၁၅။ ရယုဝံသနိသယ
၁၆။ ဥပေါသထလောဆဂ္ဂဝိသဇ္ဇနာ- စသည်တို့ ဖြစ်ကုန်၏။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

၁၂၉၄-ခုနှစ်တွင် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေး ကြီးက တွဲဖက်ရွှေကျင်နိကာယဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံတော်မူရသည်။ ၁၂၉၅-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

အဘယာရာမဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၃၀၅-ခုနှစ် နတ်တော်လဆုတ် ၆-ရက်နေ့တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။[1]

အဂ္ဂမဗ္ဗော မဟာထေရော၊ အဂ္ဂဂ္ဂသာသနေ သုဘေ။
အဂ္ဂဂ္ဂေ သော ကရိတ္ဝာန၊ သဂ္ဂလောကံ ဂတော သုခီ။

သံဝေဂယူရန်

ဇာတသ မရဏံ ဟောတိ၊ ဇာတော ဒုက္ခာနိ ဖုသတိ။
ဗန္ဓံ ဝဓံ ပရိက္လေသံ၊ တသ္မာ ဇာတိံ နၖ ရောစယေ။

ဇာတသ= စွဲလာသန္ဓေ တည်နေသောသူအား။ မရဏံ= စုတိပြတ်ကြွေ သေလွန်ခြင်းသည်။ ဟောတိ= မလွဲပုံသေ ဖြစ်ရချေ၏။ ဇာတော= စွဲလာသန္ဓေ တည်နေဖြစ်ကာ သတ္တဝါသည်။ ဒုက္ခာနိ= ဆင်းရဲဒုက္ခ အဝဝတို့ကို။ ဖုသတိ= ကြုံတွေ့ရ၏။ ဗန္ဓံ= တုပ်နှောင်ချည်တည်း အဖမ်းဆီးခံရခြင်းကိုလည်းကောင်း။ ဝဓံ= ညှင်းဆဲနှိပ်စက်ခြင်းကိုလည်းကောင်း။ ပရိက္လေသံ= အထူးထူးသော ဘေးဥပါဒ်တို့ကိုလည်းကောင်း။ ဖုသတိ= ကြုံတွေ့ရ၏။ တသ္မာ= ထို့ကြောင့်။ ဇာတိံ= ပဋိသန္ဓေနေခြင်းကို။ နၖ ရောစယေ= မနှစ်သက်ရာ။

၁။ မဟာဝိသုတာရာမနိကာယသာသနာဝင်၊ ၃၇၆၊ ၃၇၉။ မန္တလေးသာသနာဝင်၊ ၄။ ၄၈၇၊ ၄၉၁။ ကြည့်။ အကျယ် မန္တလေးသာသနာဝင်၊ ၁၁။ အဘယာရာမသာသနာဝင်ကြည့်။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ပညာ

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်အရှင်ပညာသည် မဟာဝိဇယာရာမ ခင်မကန်တိုက်ထွက် ဆရာတော်တစ်ပါးဖြစ်တော်မူသည်။ ပခုက္ကူ သာသနာ့သမိုင်းတွင် လွန်စွာ ထင်ရှားသည့် သာသနာပြု မဟာထေရ်မြတ် ဖြစ်တော်မူသည်။

မှားမြင်တော်မူခြင်း

မြင်းခြံခရိုင် ပုဗ္ဗားတောင်အနီး တောင်ဆင်းနယ် ခွေးမြှုတ်ရွာ၌ အဖ-ဦးပြော့ အမိ-ဒေါ်မင်းဂုဏ်တို့မှ သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် ကဆုန်လဆန်း ၂-ရက်၊ ကြာသပတေးနေ့ ၂-နာရီအချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ဆရာတော်၏ ငယ်နာမည်မှာ မောင်ပေါ်ဘုဏ် ဖြစ်သည်။

ကျောင်းနေ သာမဏေဝတ် ပညာသင်

ကျောင်းသားအရွယ်တွင် ခွေးပြုတ်ရွာ ကျောင်းထိုင်ဆရာတော် နောင်တော်အရှင်နန္ဒမာလာထံတွင် သင်ပုန်းကြီး မဂ်လသုတ်စသည့် အောက်ခြေစာများကို တစ်နှစ်ခန့် သင်ယူခဲ့ပြီးနောက် နဂရာဇ်ကျောင်းဆရာတော် အရှင်ဉာဏထံတွင် ဗုဒ္ဓဘာသာအခြေခံကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။ သက်တော် ၁၄-နှစ်သားအရွယ်တွင် ဖော်ပြပါ နဂရာဇ်ကျောင်းဆရာတော် အရှင်ဉာဏထံတွင် ရှင်သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ ထိုစဉ်က ဘွဲ့တော်မှာ ရှင်မေဓာ ဖြစ်သည်။

တဖန် ဆင်ဖြူကျွန်း စေတီလှကျောင်းတိုက် အရှင်ဓမ္မသိရိထံ ကြွရောက်ပညာသင်သည်။ ၎င်းမှတဖန် မြောက်ကြီးရွာဆရာတော် အရှင်မေဓာထံ ရောက်ရှိကာ ဆက်လက်ပညာသင်လေသည်။ ထိုအခါ

ဆရာတော်အရှင်မဓာက မိမိဘွဲ့နှင့်တူနေသဖြင့် ရှင်မဓာဘွဲ့မှ ရှင်ပညာဘွဲ့ကို ပြောင်းရှိ မှည့်ခေါ်တော်မူလေသည်။

ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရထံ ရောက်ရှိ ပညာသင်ကြားခြင်း

သက်တော် ၁၆-နှစ်သားအရွယ်တွင် ပခုက္ကူမြို့ ပန်စွာတိုက် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရထံ ရောက်ရှိ၍ အဘိဓမ္မတ္ထဝိဘာဝိနီခေါ် ဋီကာကျော်ကျမ်းမှစ၍ ပိဋကတ်သုံးပုံ ပါဠိ အဋ္ဌကထာတို့ကို ဆိုဝါဖြင့် သင်ယူတော်မူခဲ့လေသည်။

ရဟန်းဖြစ်ခြင်း စာချဖြစ်ခြင်း

သက်တော် ၂၀-ရှိရာ သက္ကရာဇ် ၁၂၅၉-ခုနှစ် တပေါင်းလပြည့်ကျော် ၅-ရက်နေ့တွင် နဂရာဇ်ဆရာတော် အရှင်ဉာဏကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့လေသည်။ ရဟန်းသိက္ခာ ၄-ဝါအရတွင် ဂဏဝါစက စာချအဖြစ်ဖြင့် ရေစကြိုဆရာတော်ဘုရားကြီးက ခိုးမြောက်တော်မူလေသည်။ စာချဖြစ်ပြီးနောက် ၃-နှစ်တိုင်တိုင် ပါဠိ, အဋ္ဌကထာများကို ချပို့တော်မူလေသည်။

ခင်မကန်တိုက်သို့ ရောက်ရှိ ပညာသင်

ပိဋကတ် ၃-ပုံ ပါဠိ အဋ္ဌကထာ ဋီကာများကို ချဉ်းနင်းပို့ချနိုင်လင့်ကစား အဘိဓမ္မာညဝါအတွက် လိုနေသေးရကား ထိုစဉ်ကညဝါတက္ကသိုလ်ဟု ကျော်ကြားသည့် မန္တလေးမြို့ အရှေ့ပြင် ခင်မကန်တိုက် မင်းရွာဆရာတော် အရှင်အရိယဝံသထံ ရောက်ရှိ၍ အဘိဓမ္မာညဝါအားလုံးကို သင်ယူတော်မူခဲ့လေသည်။ ၎င်းနောက် ရွှေရေးဆောင်ဆရာတော် ဦးကြည်ထံ ဝါကျသွားလာနည်းမှစ၍ စာပြောပုံနည်းမျိုးစုံကို သင်ယူတော်မူခဲ့လေသည်။

ပခုက္ကူပြန်ကြွ စာချခြင်း

၁၂၇၆-ခုနှစ်တွင် ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ ပျံ့လွန်တော်မူသဖြင့် တည်ထောင်ပြီးစ မဟာဝိသုတာရာမ တိုက်ကြီးသို့ ပြန်ကြွတော်မူ၍ စာပေပို့ချတော်မူရာ ပခုက္ကူစာချ ဆရာတော်များသမိုင်းတွင် စာလိုက်သံယာ အများဆုံးအဖြစ် ကျော်ကြားလေသည်။ ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးသည်လည်း ဆရာတော် အရှင်ပညာ လက်ထက်တွင် အစည်ကားဆုံးဖြစ်၏။ ထိုစဉ် ၁၃၀၁-ခုနှစ်လောက်က ပခုက္ကူ မဟာဝိသုတာရာမတိုက်၌ စာသင်သားသံယာတော် ၁၀၀၀-ခန့်အထိ တိုးတက် များပြားခဲ့လေသည်။

ကျမ်းဂန်ပြုစုတော်မူခြင်း

ဆရာတော်သည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ ဋီကာကျော်နိသယ

၂။ မဂ်လာဒီပနီစွယ

၃။ သီမာဝိနီစွယ

၄။ သမ္မောဟဝိနောဒနီ အဋ္ဌကထာနိသယ

၅။ ကခ်ါဋီကာသစ်နိသယ- စသည်တို့ ဖြစ်ကုန်၏။

အဂ္ဂမဟာပဏ္ဍိတနှင့် ဒုတိယဂိုဏ်းချုပ် သုဓမ္မာဝင်

သက္ကရာဇ် ၁၂၉၇-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလျှောခံရရှိတော်မူခဲ့လေသည်။ ၁၂၈၇-ခုနှစ် နယုန်လဆုတ် ၁၀-ရက်နေ့တွင် တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီး၏ ပခန်းကြီးမြို့နယ် ဒုတိယဂိုဏ်းချုပ်အဖြစ် ခန့်အပ်ခြင်းကိုလည်း ခံယူတော်မူရလေသည်။ တဖန် ၁၂၉၈-ခုနှစ် ဝါဆိုလဆန်း ၇-ရက်နေ့

တွင် မြစ်ကွေ့ခရိုင် ဒုတိယသုဓမ္မာဝင်အဖြစ် ခန့်အပ်ခြင်းကိုလည်း ခံယူတော်မူ၏။

ထူးခြားသည့်ဂိုဏ်းတော်များ

ဆရာတော်အရှင်ပညာသည် အသံသြဇာ လွန်စွာကောင်းသည်။ ပုဉ်းကံ ကြီးမားသည်။ ပိဋ္ဌကတ် နိုင်နင်းလှသည်။ စာချမှန်လှသည်။ သည်းခံမှုဂုဏ်နှင့်လည်း ပြည့်စုံသည်။ ဇဲဝိရိယ လွန်စွာကောင်း၏။ ဉာဏ်ပညာ နက်နဲ၏။ အရှေ့ပြင် ခင်မဂန်တိုက်နေစဉ် မင်းရွာဆရာတော်ကြီးက ဆရာတော်အရှင်ပညာနှင့် ဆရာတော်နန္ဒဝံသတို့၏ ဉာဏ်ပညာကို မျှားစွာပင် ချီးကျူးသည်ဟု သိရ၏။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဖော်ပြပါ ဂုဏ်တော်အဝဝတို့နှင့်ပြည့်စုံသော ဆရာတော်အရှင်ပညာသည် သက်တော် ၆၉-နှစ်ရှိရာ ၁၃၀၈-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆-ရက်နေ့၊ နံနက် ၂-နာရီ၊ မိနစ် ၄၀-အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။[1]

ပညာဝုယော မဟာထေရော၊ ပညာယ အဘိပါဂဋ္ဌော။
ပညာယ ကိစ္စံ သော ကတ္တာ၊ ယထာဂမ္မံ ဂတော သုဓီ။

သံဝေဂယူရန်

အပ္ပမာယု မနုဿာနံ၊ ဟီလေယ္ယ နံ သုပေါရိသော။
စရိယ္ယာဒိတ္တသီသောဝ၊ နတ္ထိ မစ္စုဿ အာဂမော။[2]

မနုဿာနံ= ခုခေတ်ပေါက်ဖွား လူပုဂ္ဂိုလ်များတို့၏။ အာယု= အသက်ဇီဝိန်သည်။ အပ္ပံ= လွန်စွာခဏ တိုတောင်းလှချေ၏။ သု-

---

၁။ ပခုက္ကူသာသနာဝင်၊ ၅၇၊ ၆၀။ မဟာဝိသုတာရာမနိကာယသာသနာဝင်၊ ၂၂၁၊ ၂၄၃-ကြည့်။

၂။ သံ၊ ၁။ ၁၁၉။

ပေါရိသော။ တရားသက်ဝင် သူတော်စင်သူတော်ကောင်းသည်။ နံ။ ထိုအသက်ကို။ ဟီလေယျ။ ကဲ့ရဲ့ရှုတ်ချရာ၏။ အာဒီတ္တာသီသောဝ။ ရဲရဲပြောင်ပြောင် ခေါင်းမီးလောင်ခံရသူကဲ့သို့။ စရိယျ။ မနားမနေ တာအားဖွေ၍ ကျင့်ကြံပေရာ၏။ မစ္စုဿ။ သေမင်းခေါ်ငြား သေခြင်း တရား၏။ နာဂမော။ မလာမရောက်ရာသည်။ နတ္ထိ။ တက္ကက်ကမ မရှိပါချေ။

◆◆◆

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
အရှင်နန္ဒဝံသ

ဆရာတော်သည် မန္တလေး အရှေ့ပြင် ခင်မကန်တိုက်၌ ကြာမြင့်စွာ အဘိမမ္မာညဝါများကို သင်ယူတော်မူခဲ့သည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ ဉာဏ် အလွန်ထက်မြက်၏။ ဝိနယဂရုက သိက္ခာ ကာမ ဂုဏ်များနှင့် အထူးပြည့်စုံတော်မူ၏။

ဖွားမြင်တော်မူခြင်းစသည်

မြင်းခြံခရိုင် ပုဂံမြို့နယ် ဆင်းသားမွေးရွာ၌ အဖ-ဦးအိုး အမိ-ဒေါ်ဖီးဟို့မှ သက္ကရာဇ် ၁၂၄၄-ခုနှစ်၊ နတ်တော်လဆန်း ၂-ရက် စနေနေ့ ည ၃-ချက်တီးအချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ဆရာ တော်လောင်းလျှာ၏ ငယ်မည်မှာ မောင်းထွန်းလှ ဖြစ်လေသည်။ သက်တော် ၁၅-နှစ်တွင် ကုလားတဲရွာကျောင်း ဦးအုံးကြီးထံတွင် စတင်၍ ပညာသင်ကြားခဲ့လေသည်။

၅၈ ရဟန်းပြု ပညာသင်ခြင်း

ကုလားတဲရွာကျောင်း ဦးအုံးကြီးထံ၌ လအနည်းငယ် နေထိုင် ၍ သင်ပုန်းကြီး မင်္ဂလသုတ်စသည် သင်ယူပြီး ညောင်ဦးမြို့ ရွှေ-စေတီတိုက် ဦးလေးဘုန်းကြီး အရှင်ဝိသုဒ္ဓထံ သာမဏေဝတ်၍

ပညာသင်ကြားခဲ့လေသည်။ သက်တော် ၁၇-နှစ်ရှိရာ ၁၂၆၁-ခုနှစ်တွင် ပခုက္ကူ မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီးကို တည်ထောင်ရန် ၄-နှစ်အလိုတွင် ပခုက္ကူမြို့ ပန်းစွာတိုက်သို့ ရောက်ရှိ၍ ရေစကြို့ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ်ထံ ဥပဇ္ဈာယ်ယူလျက် တပည့်ခံကာ ပိဋကတ် ၃-ပုံ ပါဠိတော်ကို အဋ္ဌကထာတွဲဖက်၍ သင်ယူခဲ့လေသည်။

သင်္ဂြိုဟ် ၄-ရက်, သဒ္ဒါကြီး ၁၆-ရက် ပါထိကဝဂ် ပါဠိ အဋ္ဌကထာ ၁၅-ရက်ဖြင့် သင်ယူခဲ့

ဆရာတော်၏ဉာဏ်တော်မှာ ဝဇိရစိန်သွားပမာ လွန်စွာမှ မြမြထက်၏။ ပန်းစွာတိုက်၌နေ၍ ပညာသင်စဉ် အဘိဓမ္မတ္ထသင်္ဂြိုဟ် ကျမ်းကို ၄-ရက်အတွင်း အရကျက် ဆောင်ရွက်တော်မူခဲ့လေသည်။ ကစ္စည်းသဒ္ဒါကြီးကို ၁၆-ရက်ဖြင့် သင်ယူခဲ့လေသည်။ ပါထိကဝဂ် ပါဠိအဋ္ဌကထာကို ၁၅-ရက်ဖြင့် သင်ယူတော်မူခဲ့လေသည်။

ကိုရင်ဝတ်နှင့် စာချ, ရဟန်းဖြစ်ခြင်း

ပခုက္ကူမြို့ ပန်းစွာတိုက်၌ ရဟန်းမဖြစ်မီ သာမဏေဘဝ ကတည်းကပင် ရေစကြို့ဆရာတော်ဘုရားကြီးက ဂဏဝါစကစာချ အဖြစ် ခိုးမြောက်တော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့်မြောက်ရာ ၁၂၆၃-ခုနှစ် တပေါင်းလပြည့်ကျော် ၅-ရက်နေ့တွင် ရေစကြို့ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ပခုက္ကူမြို့ ကုန်သည်ကြီးဦးဖိုးချမ်း၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ပန်းစွာတိုက်နှင့် မဟာဝိသုတာရာမတိုက်တို့၌ ရဟန်း ၇-ဝါအထိ စာချလေသည်။

မန္တလေး ခင်မကန်တိုက်သို့

ရဟန်းသိက္ခာ ၇-ဝါရပြီးနောက် မန္တလေးမြို့ အရှေ့ပြင် မဟာဂီဇယာရာမမည်သော ခင်မကန်တိုက်သို့ ရောက်ရှိ၍ ညဝါ အကျော် မင်းရွာဆရာတော် အရှင်အရိယဝံသထံ အဘိဓမ္မာကို သင်ယူတော်မူခဲ့လေသည်။ မန္တလေး တောင်ပြင် မြင်းဝန်တိုက်၌လည်း လအနည်းငယ် နေထိုင်၍ ပညာသင်ကြားခဲ့သည်ဟုလည်း သိရ၏။

ဆရာတော်အရှင်အရိယဝံသက မျှားစွာခ်ီးကျူး

မင်းရွာဆရာတော် အရှင်အရိယဝံသက ဆရာတော်အရှင် နန္ဒဝံသနှင့် အရှင်ပညာတို့အား "အရှင်ပညာနှင့် အရှင်နန္ဒဝံသတို့မှာ လွန်စွာ ဉာဏ်ထက်မြက်ကြသည်။ ဦးဂန္ဌထံ မရောက်လဲ စာတတ် မည့်ပုဂ္ဂိုလ် ဖြစ်ကြသည်" စသည်ဖြင့် ခ်ီးကျူးသတတ်။

ပခုက္ကူပြန်ကြွ စာချ
ညောင်ဦး ညောင်တုန်းဆရာတော်ဟု ကျော်ကြား

ရဟန်းသိက္ခာ ၁၀-ဝါအရလောက်တွင် ပခုက္ကူမြို့ အသစ်တည် မဟာဝိသုတာရာမတိုက်သို့ ပြန်လည်ကြွရောက်တော်မူ၍ စာသင်သားများစွာတို့အား နိကာယ် ၅-ရပ်ကို ပါဠိ အဋ္ဌကထာ ဋီကာများနှင့် တွဲဖက်၍ မပြတ်ချပို့ သင်ပြပေးတော်မူလေသည်။ ဆရာတော်သည် ညောင်ဦးမဟာဝိသုတာရာမတိုက်, ညောင်တုန်းမြို့ သုံးထပ်တိုက်၌ ကြာရှည်စွာ သီတင်းသုံးတော်မူ၍ စာပေချပို့တော်မူခဲ့သဖြင့် ညောင်ဦးဆရာတော်, ညောင်တုန်းဆရာတော်ဟု သာသနာတော်၌ လွန်စွာ ကျော်ကြားလေသည်။

ကျမ်းဂန်များ ပြုစုရေးသားခြင်း

ဆရာတော်သည် ကျမ်းဂန်များမြောက်စွာတို့ကိုလည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ ရွှေစည်းခုံသမိုင်းခေါ် စေတိယုပ္ပတ္တိကထာကျမ်း
၂။ အိန္ဒိယသီဟိုဠ်ခရီးစဉ်ခေါ် မဂ္ဂကွမဒီပနီကျမ်း
၃။ ပဉ္စာဗျာကရဏာပုစ္ဆာဝိသဇ္ဇနာကျမ်း
၄။ သိဂ်ိလောဝါဒသုတ်နိဿယနှင့် သရူပတ္ထဝိဘာဝိနီကျမ်း
၅။ သုတ်သီလက္ခန်ပါဠိတော်နိဿယ
၆။ သုတ်သီလက္ခန်အဋ္ဌကထာနိဿယ
၇။ သုတ်မဟာဝါပါဠိတော်နိဿယ
၈။ သုတ်မဟာဝါအဋ္ဌကထာနိဿယ
၉။ သုတ်ပါထေယျပါဠိတော်နိဿယ
၁၀။ သုတ်ပါထေယျအဋ္ဌကထာနိဿယ
၁၁။ ကစ္စာယနသင်္ခေပပါဋ္ဌနိဿယ
၁၂။ သက်တော်ရှည်ဘုရားသမိုင်း
၁၃။ ဥပသမ္မဒကမ္မဝါစာနိဿယ
၁၄။ ကထိန်အမေးအဖြေ
၁၅။ ဥပုသ်အမေးအဖြေ
၁၆။ ပဝါရဏာအမေးအဖြေ
၁၇။ အနုဝါဒါဓိကရုဏ်းအဆုံးအဖြတ်
၁၈။ အဒိန္နဒါန်အဆုံးအဖြတ်
၁၉။ ရဟန်းခံကမ္မဝါစာဖတ်နည်း
၂၀။ ဗဒ္ဓသိမ် ဂါမသိမ်ဆက်စပ်ရာ၌ အဆုံးအဖြတ်

၂၁။ ဒိုဿန္တကအဆုံးအဖြတ်

၂၂။ အာရာမအင္ဂုဝိနိစ္ဆယ

၂၃။ ကထိနစီဝရဝိနိစ္ဆယ

၂၄။ ဓမ္မသဘာဝပဝေသနဝိနိစ္ဆယ

၂၅။ သက္ကာယဂ်ရဏဝိနိစ္ဆယ

၂၆။ သဘာဂဝတ္ထုနိမိတ္တနိမိတ္တပ္ပဝေသနဝိနိစ္ဆယ

၂၇။ စကြာရတနာအဆုံးအဖြတ်

၂၈။ အဘိဓမ္မဗုဒ္ဓဘာသိတဝိနိစ္ဆယ

၂၉။ သံယဘေဒဝိနိစ္ဆယ

၃၀။ အနန္တရိကဂါမသီမာဝိနိစ္ဆယ

၃၁။ လန်ဒန်ပုစ္ဆာ ၆-ချက် အဖြေကျမ်း

၃၂။ ဝိဝါဒါဓိကရဏဝိနိစ္ဆယ

၃၃။ ကထိနာယတ္တဝိနိစ္ဆယ

၃၄။ ကမ္မဝါစာပါဌကူပဒေသဒီပနီ

၃၅။ ပဠဝိသတိပုစ္ဆာဝိသဇ္ဇနာကျမ်း

၃၆။ ကူဋဂုကဟာပဏဝိနိစ္ဆယကျမ်း

၃၇။ မဟာဝိသုတာရာမဂုဏ်တော်ဖွင့်ကျမ်း

၃၈။ ဆအသာမာရဏညာဏ်တော်တရားစာ

၃၉။ အဌမအဌမသတ္တာဟဝိနိစ္ဆယကျမ်း

၄၀။ နေတ္တိပါဠိတော်နိဿယ

၄၁။ နေတ္တိအဋ္ဌကထာနိဿယ- စသည်တို့ ဖြစ်ကုန်၏။

ဆောင်ရွက်ချက်အမျိုးမျိုး

ဆရာတော်သည် စာချ, ကျမ်းပြု လုပ်ငန်းစုတို့၏ အကြား
မှ-

၁။ နိုင်ငံတော်ဝိနည်းဝိုရ်တာဝန်
၂။ ဆဋ္ဌသံဂါယနာဝန်ဆောင် သံယအဖွဲ့ဝင်တာဝန်
၃။ အဋ္ဌသံဂါယနာ ဩဝါဒါစရိယတာဝန်
၄။ ဆဋ္ဌသံဂါယနာ သာသနသောဓနတာဝန်
၅။ ဗုဒ္ဓဝင်စာမူ တည်းဖြတ်ရေးအဖွဲ့တာဝန်
၆။ မဟာဝိသုတာရာမဂဏဝါစကနိကာယကြီး၏ ဂဏမဟာ
ဝိနာယကတာဝန် စသည်တို့ကိုလည်း ဆောင်ရွက်တော်
မူခဲ့လေသည်။

ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ)
အဂ္ဂမဟာပဏ္ဍိတ

မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးတည်ထောင်၍ အနှစ် ၅၀-ပြည့်မြောက်သဖြင့် ရှေရတုသဘင် ကျင်းပရာပွဲလန်းသဘင်တွင် "ဘဒ္ဒန္တနန္ဒဝံသာဘိဝံသပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ)" ဘွဲ့တံဆိပ်တော်ကို အလျှုံခံရရှိသည့်ပြင် ၁၃၁၃-ခုနှစ်တွင် နိုင်ငံတော်အစိုးရတို့ လျှုဒါန်းတော်မူသော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကိုလည်း အလျှုံခံရရှိတော်မူခဲ့လေသည်။

ပညာဓိကဘုရားအလောင်း

ဆရာတော်သည် ပညာဓိကဘုရားအလောင်း သူတော်ကောင်းကြီး ဖြစ်တော်မူသည်။ ယင်းသို့ဖြစ်ကြောင်း ရှေစည်းခုံသမိုင်းကျမ်း နိဂုံး, ဒီဃနိကာယ်နိဿယနိဂုံးတို့၌-

ဧတေန ပုညကမ္မေန၊ ပညာဓိကော ဘဝါ မဟံ။
ဗုဒ္ဓတ္တံ ပါပုဏိတ္တာန၊ သန္ဓာရေသံ သဒေဝကံ။

ဟူသော ကိုယ်တိုင်ရေးဂါထာဖြင့် သိရလေသည်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဖော်ပြပါ ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော အရှင်နန္ဒ-ဝံသ ဆရာတော်ဘုရားကြီးသည် သက်တော် ၇၅-နှစ်ရှိရာ ၁၃၁၉-ခုနှစ် ကဆုန်လပြည့်ကျော် ၅-ရက်နေ့တွင် ပခုက္ကူ မဟာဝိသုဒ္ဓာ-ရာမတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

နန္ဒဝံသော မဟာထေရော၊ နန္ဒနော သံဃနာယကော။
နန္ဒိတဗ္ဗံ ကရိတ္တာန၊ နန္ဒနံ သော ဂတော သုဓီ။

သံဝေဂယူရန်

အတ္ထာ ဂေဟေ နိဝတ္တန္တေ၊ သုသာနေ မိတ္တဗန္ဓဝါ။
သုကတံ ဒုက္ကဋံ ကမ္မံ၊ ဂစ္ဆန္တံ အနုဂစ္ဆတိ။

အတ္ထာ= ရတနာရွှေငွေ အထွေထွေသောစည်းစိမ်ဥစ္စာ-တို့သည်။ ဂေဟေ-ဂေဟေ၀ယ= အမြဲနေရာ အိမ်ယာ၌သာလျှင်။ နိဝတ္တန္တေ= ပယဆူနောက်သို့ မရောက်မပါလစ် ကျန်ရစ်ကုန်၏။ မိတ္တဗန္ဓဝါ= မိဖနှစ်ပါး သားနှင့်သမီး ဇနီးမိတ်ခင် ချစ်ကျွမ်းဝင်သူ-တို့သည်။ သုသာနေ ၀ယ= သုသာန်သချိုင်း မြေလုပ်တိုင်း၌သာလျှင်။ ဝါ= သုသာနေ-သုသာနတော= သုသာန်သချိုင်းမှ။ ဂေဟံ= အိမ်သို့။ နိဝတ္တန္တေ= ပြန်သွားကြလေကုန်၏။ သုကတံ ကမ္မံ= ကောင်းသော-ကံသည်လည်းကောင်း။ ဝါ= ကောင်းသော ကုသိုလ်သုစရိုက်ကံ စသည်-လည်းကောင်း။ ဒုက္ကဋံကမ္မံ= မကောင်းသောကံသည်လည်းကောင်း။ ဝါ= မကောင်းသော ဒုစရိုက်ကံသည်လည်းကောင်း။ ဂစ္ဆန္တံ= ဘဝ-တစ်ပါး ပြောင်းသွားရသောသူသို့။ အနုဂစ္ဆတိ= အရိပ်ပမာ စဉ်စိုက်-လိုက်လေ၏။

♦♦♦

သက်တော်ရှည် ဆရာတော်ဘုရားကြီး အရှင်ဥာနဇောရ

ပခုက္ကူမြို့နယ် ကျွန်းဦးရွာ မဟာဝိဇိတာရာမ သက်တော်ရှည် ဆရာတော်ဘုရားကြီး အရှင်ဥာနဇောရသည် မန္တလေးမြို့ အရှေ့ပြင် ခင်မကန်တိုက်၌ သာမဏေဝတ်ဖြင့် ရောက်ရှိနေထိုင်ခဲ့သည့်ပြင် ခင်မကန်တိုက်၌ပင် ရဟန်းအဖြစ်သို့ရောက်ရှိ သီတင်းသုံး ပညာသင်ကြားတော်မူခဲ့သည့်မထေရ်မြတ် ဖြစ်တော်မူသည်။

ဖွားမြင် သာမဏေဝတ်ခြင်း

ပခုက္ကူခရိုင် ကျွန်းဦးရွာ၌ အဖ-ဦးချိန် အမိ-ဒေါ်အိမ်မှူးတို့မှ သက္ကရာဇ် ၁၂၄၆-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉-ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ မဟာဝိသုတာရာမတိုက်ကြီး မတည်ထောင်မီ ပခုက္ကူမြို့ ပန်းစွာတိုက်ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရထံတော်၌ စာပေသင်ကြားခဲ့လေသည်။

ခင်မကန်တိုက်ရောက် ရဟန်းဖြစ်ခြင်း

ဂင်းနောက် မန္တလေးမြို့ အရှေ့ပြင် ခင်မကန်တိုက်သို့ ရောက်ရှိ၍ မင်းရွာဆရာတော်ဘုရားကြီး အရှင်အရိယဝံသထံ အဘိဓမ္မာညဝါများကို သင်ယူတော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့် မြောက်ရာ သက္ကရာဇ် ၁၂၆၁-ခုနှစ် နယုန်လပြည့်ကျော် ၁-ရက်နေ့တွင် ခင်မကန်တိုက် ခဏ္ဍာသိမ်တော်၌ မင်းရွာဆရာတော် အရှင်အရိယဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ခင်မကန်တိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ အဘိဓမ္မာညဝါများကို သင်ယူရာ ညဝါ၌ နိုင်နင်းသည်ဟု သိရ၏။ မင်းရွာဆရာတော်ကြီး၏အမိန့်အရ စာထောက်အဖြစ်ဖြင့် ညဝါဆိုသူ

အချို့ကို ထောက်မကူညီရလေသည်။ မန္တလေးမှ ပြန်ကြွလာသော အခါ ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးဌ သီတင်းသုံး၍ ဆက်လက်၍ နိကာယ်ကြီးများ၇ဲ့ သင်ယူတော်မူခဲ့လေသည်။

စာသင်တိုက်တည် စာပေချပို့ခြင်း

ရဟန်းသိက္ခာ ၈-ဝါအရတွင် မိမိ၏ဇာတိချက်ကျွေ မွေးရပ်မြေဖြစ်သော ကျွန်းဦးရွာကျောင်းဌ သီတင်းသုံး၍ စာပေချပို့တော်မူခဲ့လေသည်။ တဖန် ကျောင်းတိုက်ရေတိုက်စားသဖြင့် လယ်ယာစုရွာဌ မဟာဝိဇိတာရာမအမည်ဖြင့် ကျောင်းသစ်တည်ကာ စာပေပို့ချ သီတင်းသုံးတော်မူလေသည်။ တောရွာ စာသင်တိုက်ဖြစ်၍ စာသင်သား သံယာမှာ အများဆုံး ၂၅-ပါး, ၃၀-ခန့် ရှိဘူးသည်ဟု သိရ၏။

ဆဋ္ဌသံဂါယနာတွင် မူလဝိသောဓက, ဆဋ္ဌသံဂီတိကာရက တာဝန်တို့ကိုလည်း ဆောင်ရွက်တော်မူခဲ့သည်။ ပခုက္ကူမြို့နယ် သြဝါဒိ စရိယ ဆရာတော်အဖြစ်လည်း အစိုးရ၏အသိအမှတ်ပြုခြင်း ခံရလေသည်။

ဝိနယဂရုက သိက္ခာကာမဂုဏ်နှင့် ပြည့်စုံခြင်း

ဆရာတော်ကား ဂိုနယဂရုက သိက္ခာကာမဂုဏ်နှင့် ပြည့်စုံတော်မူသည်။ မိန်းမများကို ကျောင်းပေါ်မတက်ရ၊ သီလပေးသော အခါ ကျောင်းပေါ်ကနေကာ ကျောင်းတံခါးပိတ်၍ သီလပေးသည်။ ဒကာ ဒကာမများ ကျောင်းအောက်ကနေ၍ သီလယူကြရသည်။ ရပ်ရွာက ဆွမ်းဒကာမ ကျောင်းဒကာမစသည်တို့ကိုလည်း သိတော်မမူ၊ ကျောင်းအဆောက်အအုံများကို ပုဂ္ဂလိကလျှုဒါန်းသော် လက်ခံတော်မမူပဲ ဗုဒ္ဓပွမုခသံဃိကအဖြစ်သာ လက်ခံတော်မူသည်။

စာချ ဝါသနာပါခြင်း

ဝိနည်းစာဝါကြီးများကိုလည်း မပြတ်ချပို့တော်မူခဲ့လေသည်။ ကျောင်းဌ် စာသင်သားသံယာ မပြတ်မစဲရှိရာ နေ့စဉ် တစ်ဝါမှန်မှန် ချပို့တော်မူသည်။ ပျံ့လွန်တော်မူမည့်နှစ် ၁၃၃၆-ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄-ရက်နေ့အထိ ပါရာဇိကဏ်အဋ္ဌကထာကို ချပို့တော်မူခဲ့လေသည်။

ဘဝနတ်ထံ ပျံ့လွန်တော်မူခြင်း

သက်တော် ၉၀-နှစ်ရှိရာ ၁၃၃၆-ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈-ရက်နေ့ နံနက် ၄-နာရီခန့်တွင် စုတိကမ္မဇရုပ် ချုပ်တော်မူခဲ့လေသည်။

သံဝေဂယူရန်

လူ၌ကြီးဘိ သားအမိပင် မချိုကယ်ရေး ကိုယ်လွတ်ပြေးလည်း ဆယ်ရေးတရေး ကယ်နိုင်သေး၏။ မီးဘေး,ရေဘေး ပြည်ပျက်ဘေးဟု ဤဘေးသုံးပါး လွန်ကြီးမားကား သားနှင့်အမိ ဖြစ်တုံဘိလည်း မျက်စိအောက်တွင် ရင်ခွင်တင်လျက် သက်သက်ရေးပိုင် မကယ်နိုင်ဘူး လက်မှိုင်ချကာ နေရစ္စာ၏။[1]

♦♦♦

၁။ မန်လည်ဆရာတော်လက်ဝ။

သာသနဇေသိရိပဝရမ္မာစရိယ
ဆရာတော် အရှင်ပဏ္ဍာဝံသ

ဆရာတော်ပဏ္ဍာဝံသသည် မဟာဝိဇယာရာမ ခင်မကန်တိုက်၌ စာပေကျမ်းဂန်ချပို့၍ သာသနာတော်ကို ခိုးမြောက်တော်မူသည့် မထေရ်မြတ် ဖြစ်တော်မူသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

မိတ္ထီလာမြို့နယ် ပျော်အိုင်ရွာ၌ အဖ-ဦးဆိုင် အမိ-ဒေါ်ဂွမ်းရုံ တို့မှ သက္ကရာဇ် ၁၂၈၇-ခုနှစ် တပို့တွဲလပြည့်ကျော် ၈-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့် မြောက်ရာ ၁၂၉၈-ခုနှစ် နတ်တော်လဆန်း ၁၃-ရက်နေ့တွင် မဟာဝိဇယာရာမ ခင်မကန်တိုက် ထားဝယ်ကျောင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝဒုလ္လဘကို ရရှိတော်မူခဲ့လေသည်။

ပရိယတ္တိကျမ်းဂန်များ သင်ယူခြင်း

မန္တလေးမြို့ အရှေ့ပြင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဣန္ဒြိယာရာမ ရွှေဂူတိုက်ဆရာတော် အရှင်ဣန္ဒြိယ, မဟာဝိဇယာရာမ ခင်မကန်တိုက် ဒေါ်မိကျောင်းဆရာတော် အရှင်ကေသရ, တောင်ငူမြို့ ထန်းတပင်မြို့အပိုင် အင်းယားကြီး ရွာဦးကျောင်းဆရာတော်, မိတ္ထီလာခရိုင် သံကြိုးရကျောင်းဆရာတော်, မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်အရှင်နာရဒ, အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးကြယ်, တမ္ဘဝတီကျောင်းဆရာတော် အရှင်အရိယ စသည်တို့ထံ ပရိယတ္တိကျမ်းဂန်အရပ်ရပ်ကို သင်ယူတော်မူခဲ့လေသည်။

စာပေချပို့. သာသနာပြုခြင်း

ဆရာတော်အရှင်ပဏ္ဍာဝံသသည် မဟာဝိဇယာရာမ ခင်မကန်တိုက်၌လည်းကောင်း, ဂျန္ဒြီယာရာမရွှေဂူတိုက်၌လည်းကောင်း နေ့ဝါညဝါ ကျမ်းစာများချပို့၍ သာသနာပြုတော်မူခဲ့လေသည်။

သဘောကောင်း သာသနာစိတ်ရှိသော ဆရာတော်

ဆရာတော်အရှင်ပဏ္ဍာဝံသသည် သဘောကောင်း သာသနာစိတ်ရှိသည့်ဆရာတော် ဖြစ်လေသည်။ ကျမ်းဂန်မရွေး စာဝါမရွေး ချပို့နှိုင်နင်းသည့်ဆရာတော် ဖြစ်တော်မူသည်။

ပဏ္ဍာဝံသော မဟာထေရော၊ ဆေကော ဂန္ဌေသု ကောဝိဒေါ။
ဗဟဝေါ ဂန္ဌေ ဝါစေတွာ၊ ဇိနသာသနကာရကော။

အထွေထွေမှတ်ဖွယ်

ခင်မကန်တိုက်၌ ဆရာတော်အရှင်မဏိဇောတာလက်ဘရ, ဆရာတော်အရှင်မုနိန္ဒ, အရှင်အရိယဝံသစသော ဆရာတော်များ လက်ထက်ကစ၍ အကူအညီစာချများလည်း ရှိကုန်၏။ ၎င်းစာချများအနက် အရှင်အရိယဝံသလက်ထက်က အရှင်ဥတ္တမမှာ ထင်ရှားသော စာချဖြစ်၏။ ယခုလည်း ဒေါ်မြစ်ကျောင်း အရှင်ပဏ္ဍာဝံသစသော စာချပုဂ္ဂိုလ်တို့ ရှိကြကုန်၏။ ပါဠိတက္ကသိုလ်ခေတ်တွင်လည်း တက္ကသိုလ်ဖြစ်ဘူးသည်။

မဟာဝိဇယာရာမ ခင်မကန်တိုက်၌ မူလရတနာပိမာန်ကျောင်းတော်မှာ အရှင်အရိယဝံသလက်ထက်တွင် မရှိတော့ချေ။ တိုက်တည်စဉ်က မျဉ်းတားသာ ပါရှိသည်။ မဟာရံတံတိုင်း မပါခဲ့။ ယခုခေတ်ကျမှ မဟာရံတံတိုင်းပြုလုပ်ခြင်း ဖြစ်သည်။

ကျောင်းတိုက်၌ ပဌမဆရာတော် ဦးပြားလက်ထက်က သံဃာ ၄၀၀၊ ၅၀၀-ရှိသည့်လက္ခဏာ ရှိ၏။ အရှင်အရိယဝံသ

လက်ထက်က သံဃာတော် ၁၅၀၊ ၂၀၀-ခန့် ရှိသည်ဟု သိရ၏။ ၁၃၁၄-ခုနှစ်ကမူ ရဟန်းတော် ၄၆-ပါး၊ သာမဏေ ၄၀-ပါး၊ ၂-ရပ်ပေါင်း ၉၄-ပါး ရှိခဲ့လေသည်။ ၁၃၃၃-ခုနှစ်တွင်ကား သံဃာတော် ၇၀-ကျော်မျှ ရှိလေသည်။

ခင်မကန်တိုက်ကား ကျယ်ဝန်း၏။ သန့်သန့်ရှင်းရှင်း ရှိ၏။ အရိပ်ရေနှင့် ပြည့်စုံ၏။ ပရိယတ် ပဋိပတ်တို့ကို ပြုလုပ်ရန် လျှောက်ပတ်၏။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ဝိဇယာရာမဝံသောယံ၊ သမတ္တော သာဓု ဝဏ္ဏိတော။

မဟာဝိဇယာရာမခင်မကန်သာသနာဝင် ပြီး၏။

*** ◆ ***

မဟာဓမ္မိကာရာမ (စလင်းတိုက်ဟောင်း) သာသနာဝင်

မဟာဓမ္မိကာရာမကျောင်းတိုက် (စလင်းတိုက်ဟောင်း)သည် မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမကျောင်းတိုက်ကြီးနှင့် မဟာဝိစိတ္တာရာမ (မာရ်အောင်)တိုက်တို့၏ အလယ်၌ တည်ရှိလေသည်။ ကျောင်းတိုက်ကြီးအတွင်း၌-

၁။ ဆွမ်းစာကျောင်း

၂။ တိုက်အုပ်ကျောင်း

၃။ ဓမ္မာရုံကျောင်း (၄-ခန်း × ၇-ခန်း)

အားဖြင့် ကျောင်းပေါင်း ၃-ကျောင်းသာ ရှိလေသည်။

တိုက်ဦး၌ အရိုးအိုးစေတီတစ်ဆူ ရှိသည်။ ၎င်းမှာ တိုက်အုပ်ဆရာတော်တစ်ပါးဖြစ်သော အရှင်သုဘောဂ၏ အရိုးအိုးစေတီဖြစ်သည်ဟု သိရ၏။ ကျောင်းတိုက်ဝင်းကြီးကား ကျယ်ဝန်းလှ၏။ သို့ရာတွင် သံယာဦးရေကား များစွာမရှိတော့ချေ။

သမိုင်းအကျဉ်း

ပဌမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် မန္တလေးမြို့ကို တည်ထောင်ပြီး စံတော်မူစဉ် ကျမ်းဂန်တတ်ဆရာတော်တို့ကိုလည်း မြို့တော်၌ပင်၍ ကျောင်းတိုက်တည်ကိုးကွယ်မြဲဖြစ်ရာ ကျမ်းဂန်တတ်ဆရာတော်တစ်ပါး ဖြစ်တော်မူသော "ကလျာဏဇောတသာသနဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ စလင်းဆရာတော် အရှင်ကလျာဏမထေရ်အားလည်း သက္ကရာဇ် ၁၂၂၂-ခုနှစ်ခန့်တွင် ဘုံသုံးဆင့်ကျောင်းတော်ကြီးဖြင့် တန်းဆာဆင်အပ်သော မဟာဓမ္မိကာရာမကျောင်းတော်ကြီးကို တင်လှူတော်မူခဲ့လေသည်။ သို့ရာတွင်

စလင်းဆရာတော် အရှင်ကလျာဏ သီတင်းသုံးတော်မူခဲ့သည်ကို စွဲ၍ စလင်းတိုက်ဟု ထင်ရှားလေသည်။

မန္တလေးမြို့ ရတနာပုံမြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား ရွှေလက်ထက်တော် အသျှင်မိဖုရားခေါင်ကြီးဘုရား ကုသိုလ်တော် "မဟာဝမ္မိကာရာမတိုက်"ဟူသော ကျောက်စာကို ယခုတိုင် တွေ့မြင်နိုင်လေသည်။

အကျိုးနှစ်မျိုးကြောင့် ကျောင်းကို ဘုရားခွင့်ပြု

ကျောင်းဆောက်လျှုဒါန်းခြင်းကြောင့် နတ်လူတို့ ပဋ္ဌိသန္ဓေတည်နေခြင်းနှင့် အို, နာ, သေရေး ဒုက္ခဘေးမှ လွတ်ကြလိမ့်မည်၊ ရဟန်းယောကျ်ား ရဟန်းမိန်းမများကို လွယ်ကူစွာ ဖူးမြင်ခွင့်ရကြလိမ့်မည်ဟူသော အကျိုး ၂-မျိုးကြောင့် ကျောင်းဆောက်လျှုရန် ဘုရားရှင် ခွင့်ပြုတော်မူခဲ့လေသည်။

ဒွေ အတ္ထဝသေ သမ္မဿမာနာ ဘဂဝတာ ဝိဟာရ-ဒါနံ အနုညာတံ။ ဝိဟာရဒါနံ နာမ သဗ္ဗဒုဋ္ဌေဟိ ဝဏ္ဏိတံ အနုမတံ ယောမိတံ ပသတ္ထံ။ ဝိဟာရဒါနံ ဒတ္တွာ ဒေဝ-မနုဿာ ဇာတိဇရာဗျာဓိမရဏေဟိ မုစ္စိဿန္တိ။ ဝိဟာရေ သတိ ဘိက္ခူ, ဘိက္ခုနိယော ဝါ ကတောကာသာ ဒဿန-ကာမာနံ သုလဘဒဿနံ ဘဝိဿန္တိတိ။

ကလျာဏဇောတသာသနဓဇမဟာဓမ္မရာဇာဓိရာဇဂုရု
ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ကလျာဏ

ဆရာတော်အရှင်ကလျာဏသည် မဟာဓမ္မိကာရာမစလင်း တိုက်တည်ဆရာတော် ဖြစ်တော်မူသည်။ စလင်းမြို့နယ်၌ သက္ကရာဇ် ၁၁၇၉-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ဖွားမြင်ရာဒေသကိုစွဲ၍ စလင်းဆရာတော်ဟု ထင်ရှားလေသည်။

ရှင် ရဟန်းပြု ပညာသင်ခြင်း

အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် ရှင်ကလျာဏ ဖြစ်လေသည်။ အမရပူရမြို့ မဟာဝိဇိတာရုံတိုက်သို့ အရွယ်တော်ငယ်စဉ်က ရောက်ရှိ၍ "ဥ ယျဓမ္မာဘိမုနိဝရဉာဏကိတ္တိသိရိဓဇမဟာသေနာပတိမဟာဓမ္မ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဒုတိယမောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥ ယျဓမ္မာဘိဝံသထံ ရောက်ရှိ၍ ပညာသင်ကြားတော်မူခဲ့လေသည်။ ဉာဏ်လွန်စွာထက်မြက်သဖြင့် အသက်အရွယ် ငယ်ငယ်ကပင် စာပေ၌ ကျွမ်းကျင်တတ်မြောက်ခဲ့လေသည်။

ရာဇဂုရု ဘွဲ့တံဆိပ် အလျှော်ခံခြင်း

သက္ကရာဇ် ၁၂၁၇-ခုနှစ် ပဌမဝါဆိုလပြည့်ကျော် ၁၄-ရက်နေ့က မင်းတုန်းမင်းတရားကြီး သုဓမ္မာစာနာထွက်ကြွတော်မူကာ သာသနာပိုင်ဆရာတော်နှင့် ဆရာတော် ၃၆၉-ပါးတို့အား သင်္ကန်းများ လျှုဒါန်းပြီး ဆရာတော် ၈-ပါးတို့အား ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်လျှုဒါန်းရာတွင် စလင်းဆရာတော် အရှင်ကလျာဏသည် "ကလျာဏဇောတသာသနဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလျှုခံရရှိတော်မူခဲ့လေသည်။

စာကြပ်ဆရာတော် တာဝန်ထမ်းဆောင်

စလင်းဆရာတော် အရှင်ကလျာဏသည် မင်းတုန်းမင်းတရားကြီး၏ ၁ကျော်ရာဇ ၁၂၁၈-ခုနှစ် တန်ခူးလပြည့်ကျော် ၈-ရက်နေ့တွင် စဝေါင်ရေးကူးသည့် ပိဋကတ်ရေးကူးပူဇော်ပွဲတွင် ပိဋကတ်တော်များ သုတ်သင်ပြင်ဆင်ကြပ်မတ်ရသည့် တာဝန်ကိုလည်း အခြားဆရာတော် ၉-ပါးနှင့်အတူ ဆောင်ရွက်တော်မူ၏။

သုဓမ္မာဝင်ဆရာတော်

မင်းတုန်းမင်းတရားလက်ထက် ပဌမဆုံး စတင်ဖွဲ့စည်းတည်ရှိခဲ့ဘူးသော သုဓမ္မာဝင်ဆရာတော် ၈-ပါးအနက် ဆရာတော်အရှင်ကလျာဏပါဝင်၍ သာသနာမှူရေးရာများကို ဆောင်ရွက်တော်မူရလေသည်။

မန္တလေးကြွ သီတင်းသုံးခြင်း

ပဠမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် မန္တလေးရတနာပုံနန်းမြို့တော် တည်ထောင်၍ စံစဉ် ဆရာတော်အရှင်ကလျာဏသည် သာသနာပိုင်ဆရာတော်ဘုရားကြီးအမိန့်နှင့် မင်းတရားကြီး၏ လျှောက်ထားချက်အရ မန္တလေးသို့ ကြွရောက်၍ ရှေးဦးစွာ ယာယီကျောင်းနှင့် သီတင်းသုံးခဲ့ပြီး ၁၂၂၂-ခုနှစ်ခန့်တွင် မဟာဓမ္မိကာရာမတိုက်ကို အလှူခံတော်မူရလေသည်။ မဟာဓမ္မိကာရာမတိုက် မပြီးခင် မန္တလေးအရှေ့ပြင် မဟာဝိသုတာရာမတိုက်တော်၌ ရံခါ သီတင်းသုံးတော်မူခဲ့လေသည်။

စာပေချပို့ခြင်း

မဟာဓမ္မိကာရာမတိုက် အလှူခံပြီး စာပေကျမ်းဂန်များကို ပို့ချခဲ့ရာ စာသင်သားများစွာတို့ စလင်းတိုက်သို့ ရောက်ရှိနေထိုင်

ကြကာ ပညာသင်ကြားကြကုန်၏၊ တိုက်တာ သံယာဦးရေမှာ တနေ့တခြား တိုးပွားခဲ့ရာ တစ်ချိန်တွင် သံယာတော်တစ်ထောင်ကျော်ထိ များပြားစွာ ရှိဘူးလေသည်။

ပုံလွန်တော်မူခြင်း

ဆရာတော်အရှင်ကလျာဏကား သက်တော်သိပ်မရှည်ပါချေ၊ စာပေကျမ်းဂန် ကျိုးစားကြည့်ရှု ချပို့သည့်ဒကာတို့ကြောင့် ဖြစ်ပါမည်။ သက်တော် ၄၆-နှစ်ရှိရာ သက္ကရာဇ် ၁၂၂၅-ခုနှစ်တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။[1]

ကလျာဏော မဟာထေရော၊ ကလျာဏပုဂ္ဂလော သုဓီ။
ကတွာ ကလျာဏကိစ္စာနိ၊ အဂမီ တိဒသာပုရံ။

သံဝေဂယူရန်

သြကာသမဇ္ဈ နတ္ထိ သုဝေ ကရိသံ။
ဓမ္မံ ဣတိဟလသတာ ကုသလပွယောဂေ။
နာလံ တိယဒ္ဓါသု တထာ ဘုဝနတ္တယေ စ။
ကာမံ နု စတ္ထိ မနုဇေ မရဏာ ပမုတ္တော။[2]

မမ= ငါ့အား။ ဝါ= ငါ့မှာ။ အဇ္ဈ= ယနေ့။ ဝါ= ယခု။ သြကာသံ= အားလပ်ခွင့်သည်။ နတ္ထိ= မုချပုံသေ မရှိချေ။ ဓမ္မံ= အကျင့်တရားကို။ သုဝေ= နက်ဖြန်ကျမှ။ ကရိသံ= ပြုပါအံ့။ ဣတိ= ဤသို့။ စိန္တေတွာ= ကြံဆင်ခြင်၍။ ဣဟ= ဤလောကြီး၌။ ကုသ-လပွယောဂေ= ကုသိုလ်ကို အားထုတ်ခြင်း၌။ အလသတာ-အလသတာယ= ပြင်းရိခြင်းငှာ။ နာလံ= မထိုက်သည်သာ။ တိယဒ္ဓါသု=

---

[1] မန္တလေးသာသနာဝင်၊ ၂၄-လည်းကြည့်။

[2] တေလဒ္ဓကဇာတာ။ ၂၀-ဂါထာ။

အတိတ်, အနာဂတ်, ပစ္စုပ္ပန်သုံးတန်သော ကာလတို့၌လည်းကောင်း။ တထာ= ထိုမှတပါး။ ဘူဝနတ္တယေ စ= ကာမ ရူပ အရူပဟု လောကသုံးခု၌ ဘုံအပြင်၌လည်းကောင်း။ မရဏာ= စုတိပြတ်ကြွေ သေလွန်ခြင်းမှ။ ပမုတ္တော-မနုရော= လွန်မြောက်သသူ လူသည်။ ကာမံ နစ အတ္ထိ= စင်စစ်ကေန် မရှိသည်သာ။

◆◆◆

ကေတုမာလာဇာတိဝရမဟာဓမ္မရာဇဂုရု
ကေတုမာတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
ကေတုမာလာဘိဇေအတုလာဝိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဆရာတော်အရှင်ကေတု

ဆရာတော်အရှင်ကလျာဏ ပျံ့လွန်တော်မူပြီးနောက် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဆရာတော်အရှင်ကေတုသည် မဟာဓမ္မိကာရာမ (စလင်း)တို့၏ နာယကဆရာတော် ဖြစ်တော်မူလေသည်။ သို့ရာတွင် ဆရာတော်အရှင်ကေတုသည် မဟာဓမ္မိကာရာမ (စလင်း)တို့၌ ကြာရှည်စွာ ဆက်လက်သီတင်းသုံးတော်မမူပဲ အသစ်တည်ဆောက်လျှုဒါန်းသော မဟာဝိဇိတာရာမ စလင်းတို့သစ်ကို အလျှုခံ၍ ယင်းမဟာဝိဇိတာရာမ စလင်းတို့သစ်၌ သီတင်းသုံးတော်မူခဲ့လေသည်။

ရံခါ မဟာဓမ္မိကာရာမ (စလင်း)တို့ဟောင်း၌လည်း သီတင်းသုံးဟန် တူသည်။ အကျယ် မဟာဝိဇိတာရာမသာသနာဝင်ရှု။

◆◆◆

သုဇာတာဘိဓေမဟာဓမ္မရာဇာဓိရာဇဂုရု
ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သုဇာတ

ဆရာတော်အရှင်သုဇာတသည် မဟာဓမ္မိကာရာမစလင်းတို့၌ အကြီးအကဲနာယကအဖြစ် ဆောင်ရွက်ခဲ့သော ဆရာတော်တစ်ပါး ဖြစ်တော်မူ၏။ သက်တော် ၄၆-ခုနှစ်တွင် သီပေါမင်း၏

"သုဇာတာဘိဓေမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလျှုံခံ ရရှိတော်မူခဲ့လေသည်။

♦♦♦

ဆရာတော် အရှင်သုဘောဂ

ဆရာတော်အရှင်သုဘောဂသည်လည်း မဟာဓမ္မိကာရာမ စလင်းတိုက်၏ နာယကဖြစ်လေသည်။ ပုံလွန်တော်မူသောအခါ ၎င်း ဆရာတော်၏ အရိုးများကို တိုက်ဦးဌ စေတီတည်ထားခဲ့ကြကုန်၏။

♦♦♦

ဆရာတော် အရှင်ဓမ္မ

ဆရာတော်အရှင်ဓမ္မသည်လည်း မဟာဓမ္မိကာရာမ စလင်း တိုက်ဌ တိုက်အုပ်အဖြစ်ထမ်းဆောင်၍ သာသနာပြုခဲ့လေသည်။ ၁၂၆၀-ပြည့်နှစ် ပတ်ဝန်းကျင်တွင် ဆရာတော်အရှင်ဓမ္မ ပုံလွန်တော်မူ ခဲ့လေသည်။

♦♦♦

ဆရာတော် အရှင်ကေသရ

စလင်းတိုက်မှ သီပေါမင်းတရား ပါတော်မူပြီးသည့်နောက် တွင် တရှိန်ထိုး ကျဆင်းခဲ့လေသည်။ နောက်တွင် သံယာအလျင်း မရှိပဲ ဖြစ်ခဲ့ဘူးသည်။ သို့ဖြစ်၍ မာရ်အောင်တိုက်မှ ဆရာတော် အရှင်စန္ဒသည် မဟာဓမ္မိကာရာမစလင်းတိုက်ကို စောင့်ရှောက်ရန် သင့်တော်သော အရှင်ကေသရအား လွှဲအပ်သဖြင့် ယခုတိုင် အရှင် ကေသရသည် တိုက်တာ၏နာယကအဖြစ် ဆောင်ရွက်လျက် ရှိပေ သည်။

အရှင်ကေသရသည် ရန်ကုန် ပုဇွန်တောင်ဇာတိ ဖြစ်၏။ ၁၂၈၉-ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂-ရက်နေ့တွင် ဖွားမြင်ခဲ့လေ သည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်း ဆောင်တော်မူခဲ့လေသည်။ ၁၃၁၃-ခုနှစ်တွင် မဟာဓမ္မိကာရာမစလင်း တိုက်သို့ ရောက်ရှိခဲ့လေသည်။ မာရ်အောင်တိုက်မှ ဆရာတော်

အရှင်စန္ဒ၏ လွှဲအပ်ချက်အရ စလင်းတိုက်ကို အသစ်ပြုပြင်တည်ထောင်၍ သာသနာပြုခဲ့လေသည်။

အရှင်ကေသရ၏ ၁၃၂၅-ခုနှစ်ကစ၍ စွန်းလွန်းရိပ်သာတည်ထောင်၍ ကမ္မဋ္ဌာန်းတရားများကို ဟောကြားပြသပေးခဲ့လေသည်။

◆◆◆

စလင်းတိုက် ပဌမစာချဆရာတော်
အရှင်ဇယန္တ

ဆရာတော်အရှင်ဇယန္တသည် မဟာဓမ္မိကာရာမ မြောက်စလင်းတိုက်, မဟာဝိဇိတာရာမ တောင်စလင်းတိုက် ၂-တိုက်တို့၌ သီတင်းသုံး၍ စာပေချပို့ခဲ့သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူခဲ့လေသည်။

ရမည်းသင်းမြို့, ရွှေဒါးဘူတာအနောက်ဖက် ပေတောကုန်းရွာ၌ သက္ကရာဇ် ၁၂၀၉-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်နာမည် မောင်မှုန် ဖြစ်လေသည်။

အရွယ်ရောက်သော် ရှင်သာမဏေပြု၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ မန္တလေးမြို့, တောင်ပြင် ဒကွိုဏာရာမ ဘုရားကြီးတိုက်၌ သာမဏေဝတ်နှင့် ရောက်ရှိသီတင်းသုံး၍ ပညာသင်ကြားတော်မူခဲ့လေသည်။

သက်တော် ၂၀-ပြည့်မြောက်သည်တွင် ဘုရားကြီးတိုက်၌ ရဟန်းဖြစ်ခဲ့လေသည်။ ဘွဲ့တော်မှာ အရှင်ဇယန္တ-ပင် ဖြစ်လေသည်။

စလင်းတိုက်ရောက်ရှိ ပညာသင် စာချ

ဘုရားကြီးတိုက်၌ ကြာမြင့်စွာ ပညာသင်ကြားပြီးနောက် မဟာဓမ္မိကာရာမ မြောက်စလင်းတိုက်သို့ ရောက်ရှိ၍ "ကေတုမာလာဘိဓေ အတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ကေတုမာလာထံ ပါဠိ အဋ္ဌကထာ ဋီကာများကို သင်ယူတော်မူခဲ့လေသည်။

ပဌမစာချုပ်ခြင်း

အရှင်ဇယန္တသည် ပဌမစာချုဂုဏ်အင်္ဂါနှင့် ပြည့်ဝလုံလောက်သဖြင့် မင်းတရားကြီး၏ ပဌမစာချအဖြစ် ချီးမြှောက်ထောက်ပံ့လှူဒါန်းခြင်းကို ခံယူတော်မူခဲ့လေသည်။

ဆရာတော် အရှင်ကေတုမာလာသည် မဟာဝဇိတာရာမ တောင်စလင်းတိုက်သို့ ကြွရောက် သီတင်းသုံးတော်မူသောအခါ လိုက်ပါ၍ မဟာဝိဇိတာရာမ တောင်စလင်းတိုက်၌ ဆက်လက်စာပေပို့ချတော်မူရလေသည်။

အနယ်နယ်အမြို့မြို့ သာသနာပြု

ရတနာပုံ ဒုတိယနန်းစံ သီပေါမင်းတရားလက်ထက်တွင် အဝမြို့, တလုပ်မြို့, ပုခန်းကြီးမြို့, ယောလေးမြို့, မြစ်စဉ်ဝဲယာ မလွန်မြို့, မင်းလှမြို့, ဆင်ပေါင်ဝဲမြို့များသို့ မဏ္ဍာလာရာမဆရာတော်စသည်တို့နှင့် သာသနာပြုတော်မူခဲ့လေသည်။

ပျော်ဘွယ်၌ သီတင်းသုံးခြင်း

သီပေါမင်းလက်ထက် နောက်ပိုင်းတွင် ပျော်ဘွယ်မြို့နယ် ပေတောကုန်းရွာ, ပိတောက်ကုန်းရွာများသို့ကြွ၍ သီတင်းသုံးတော်မူခဲ့လေသည်။ မိုးနံ့ကုန်းဆရာတော်ဟု လွန်စွာ ထင်ရှားခဲ့လေသည်။ ဆရာတော်ကား စာပေလည်းတတ်မြောက်, ဝိနယဂရုက, သိက္ခာကာမ ဂုဏ်နှင့်လည်း ပြည့်စုံ၏။ တောင်ခွင်သာသနာပိုင်ဆရာတော်၏ ရန်အောင်ဂိုဏ်းအုပ်ဆရာတော်အဖြစ် ခန့်အပ်ခြင်းကိုလည်း ခံတော်မူရလေသည်။

ကျမ်းဂန်များပြုစုခြင်း

ဆရာတော်အရှင်ဇယန္တသည် ကျမ်းဂန်များကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ မိုးနံကုန်းအဆုံးအဖြတ်

၂။ တိပိဋကပကိဏ္ဏကဒီပနီကျမ်း

စသည်တို့ ဖြစ်ကုန်၏။ ဖော်ပြပါကျမ်းများအနက် တိပိဋကပကိဏ္ဏကဒီပနီကျမ်းမှာ ယခင်က ပေကော်မီဖြင့် တည်ရှိခဲ့လေရာ ၁၂၇၃-ခုနှစ်တွင် မန္တလေးမြို့ အထက်နိုင်ငံ မီးစက်ပုံနှိပ်တိုက်တွင် ဒါယကာဦးကျော်ရာက မူပိုင်ပြု၍ ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။ ကျမ်းဦး၌-

၁။ အနန္တကရုဏံ နာထံ၊ နိယျာနိကံ နတ္ဂှာ ဓမ္မံ။
သုဒေသိတံ သုတံ ဓမ္မံ၊ သံယဉ္စ ဥဒ္ဓတာ မလံ။

၂။ မဟာသူရေ မဟာဓီရေ၊ မဟာပါဏေဟိ ပူဇိတေ။
မဟာလဗ္ဘေ မဟာဥာဏေ၊ မမာစရိယူဟံ နမေ။

၃။ ကဏ္ဍိ တဟိံ တေဟိ တေဟိ၊ သဗ္ဗေသု အဘိယာစိတော။
ကရိဿာဟံ ဂုဠ္ဍတ္ထောသု၊ ပကိဏ္ဏကတ္ထဒီပနိံ။

(၁) အဟံ= ပရမတ္ထ ပဋ္ဌာန်းနှာ စွဲ၍သာလျှင် ငါဟုသမုတ်အကျွန်ုပ်သည်။ အနန္တကရုဏံ= အနုဇောသိ ကာယဂ်ဒုက္ခံ စေတသိ မိန့်ရှိကျမ်းထွက် ကိုယ့်အသက်ကို ငဲ့ကွက်မညှာ ဝေနေယျာအားသနားလွန်စွာ ကရုဏာဥာဏ် ထက်သန်လွန်ငြား ထင်ရှားရှိတော်မူထသော။ နာထဉ္စ= သတ္တဝါဟု ဗိုလ်လူများစွာ ဝေနေယျာကို ခေမာအမတ နိဗ္ဗာနသို့ ပို့ဆောင်ပေတတ် ဘုရားမြတ်ကိုလည်း။ ဝါ= လူသုံးပါးကို တရားနှင့်စပ် တောင်းပန်လတ်ငြား မြတ်စွာဘုရားကိုလည်း။ နတ္ဂှာ-နမာမိ= ဒုးဝန်းနှစ်ချက် လက်နှစ်ဖက်ကို မြေထက်ထိခိုက် ဦးဖြင့်တိုက်ငြား တည်ငါးပါးဖြင့် တက်ပွားသဒ္ဓါ ရှိခိုးပါ၏။ နတ္ဂှာ= ဒုးဝန်းနှစ်ချက် လက်နှစ်ဖက်ကို မြေထက်ထိခိုက် ဦးဖြင့်တိုက်ငြား

တည်ငါးပါးဖြင့် တက်ပွားညွှတ်နှုး ရှိခိုးဦး၍။ နိယျာနိကံ= ကျင့်သူတို့အား မလားနိရယ ဒုက္ခဝင်ရှောင် ထုတ်ဆောင်တော်မူတတ်ယသော။ ဓမ္မဥ= ပရိယတ်ဆို မဂ်ဖိုလ်နိဗ္ဗာန် ဆယ်တန်တွင်မှတ်တရားတော်မြတ်ကိုလည်း။ နတ္ထာ-နမာမိ= ၏။ နတ္ထာ= ၍။ သုကံ= ဘုရားထံမှ သက္ကစ္စသာ သင်ယူနာအပ်သော။ ဓမ္မံ= တရားတော်မြတ်ကို။ သုဒေသိတံ= လာဘသက္ကာ ယှဉ်ကာမဖက် သက်သက်စေတနာနာသူတို့အား စီးပွားအကျိုး တိုးတက်စေသား စိတ်ဌားရှု ဟောကြားတော်မူတတ်ထသော။ သဒ္ဓတာမလံ= ဓားသံလျက်လား မဂ်လေးပါးဖြင့် ပယ်ရှားခွာထုတ် နှုတ်တော်မူထ ရာဂဒေါသ မောဟ ရှုတ်ထွေး ညစ်အကြေးလည်း ရှိတော်မူထသော။ သံဃဥ= အယူသမ်လ တူမျှသဖြင့် တကွပေါင်းအပ် ဗျူဟာတ်အလို မဂ်ဖိုလ်တည်ငြား ရှစ်ပါးသန်ရှာ အရိယာခေါ် သံဃာတော်ကိုလည်း။ နတ္ထာ-နမာမိ= ရှိခိုးပါ၏။

(၂) မဟာသူရေ= သတ္တိဗျတ္တိ ရုပ်ရှိအမြဲ ရဲရင့်မြင်းလည်း ရှိကုန်ထသော။ မဟာဓိရေ= မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ မြဲမြံခိုင်ဖြိုး ကြီးမြတ်သောသမာဓိလည်း ရှိတော်မူကုန်ထသော။ မဟာပါဏေဟိ= ဗိုလ်ပါသောင်းသောင်း မျှားလူအပေါင်းတို့သည်။ ပူဇိတေ= ကြည်ညိုလေးမြတ် ပူဇော်တော်မူအပ်ကုန်ထသော။ မဟာဉာဏေ= အလျင်ခဏ ရှုကာမျှဖြင့် စူးရှသက်ဝင် သိမြင်နိုင်တတ် ကြီးမြတ်သော ဉာဏ်ပညာလည်းရှိကုန်ထသော။ မဟာလဇ္ဇေ= မြတ်ကုန်သော "ဇာဂရာဘိဓေသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု, ပဏ္ဍိတာဘိသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု, ကေတုမာလာဘိဓမ္မာလင်္ကာရသိရိပဝရ အတုလမဟာဓမ္မရာဇာဓိရာဇဂုရု လွတ်ထုခပ်နှိပ် တံဆိပ်ဝင်းလျှံ ခံတော်မူကုန်ထသော။ မမ= ဇယန္တဟုသမုတ် အကျွန်ုပ်၏။ အာစရိယေဝ= ဒကွိဏာရာမ ပဌမဆရာတော်ဘုရားကြီး, ၎င်းတိုက် ဒုတိယဆရာတော်ဘုရားကြီး, မဟာဓမ္မိကာရာမ စလင်းဆရာတော်ဘုရားကြီးဟုဆိုအပ်ကုန်သော ပ,ဒု,တကပ် ဆရာမြတ်တို့ကိုလည်း။ အဟံ= ပညာသိပွ နည်းနယကို နိစ္စမလပ် ကပ်၍ယူငြား တပည့်သား

ဟုတ် အကျွန်ုပ်သည်။ နမေ-နမာမိ= ဒုဋ္ဌဝန်းနှစ်ချက် လက်နှစ်ဖက်ကို မြေထက်ထိခိုက် ဦးဖြင့်တိုက်ငြား တည်ငါးပါးဖြင့် တက်ပွားသဒ္ဓါ ရှိခိုးပါ၏။ နတွာ= ဒုဋ္ဌဝန်းနှစ်ချက် လက်နှစ်ဖက်ကို မြေထက်ထိခိုက် ဦးဖြင့်တိုက်ငြား တည်ငါးပါးဖြင့် တက်ပွားညွတ်နူး ရှိခိုးဦး၍။

(၃) သဗ္ဗေသု= အလုံးစုံသာ ဒုပ္ပညာတို့ ခက်ရာကိုကောက် မေးလျှောက်အပ်စွာ ပုစ္ဆာဟူသမျှတို့၌။ တဟိं တဟိं= ထိုထိုမြို့ရွာ ထိုထိုကျောင်းတိုက်ကြီး များ၌။ ဝသန္တေဟိ= နေထိုင်ကြကုန်သော။ တေဟိ တေဟိ= ထိုထိုပြောထူ ရှင်လူရဟန်းတို့သည်။ အဘိ-ယာစိတော= ရှေးရှုဂါရဝေ မသွေခညောင်း တောင်းပန်အပ်သည် ဖြစ်၍။ ဝါ= တောင်းပန်အပ်သော ငါသည်။ ဂုဏ္ဍတ္ထေသု= သုံးပုံ ပိဋကတ် ပရိယတ်ဝယ် ဝှက်ကွယ်သောအရာတို့၌။ ပကိဏ္ဏကတ္ထ ဒီပနီ= ပြိုးပြွမ်းဟူကောက် မေးလျှောက်လိုချက် ထိုအနက်ကို မခက်ဆုံးဖြတ် ပြတတ်သည်၏အဖြစ်ကြောင့် တိပိဋကပကိဏ္ဏကဒီပနီ အမည်တွင်မှတ် ဤသည့်ကျမ်းကို။ ကသံ-ကရိသာမိ= လျှောက်လာ သူက စ၍နောက်သား အကျိုးများအောင် ရေးသားပြုပြင် စီရင်ဆုံး ဖြတ်ပေအုံ့။

ဟူသော ၃-ဂါထာပါဠိနိဿယဖြင့် ပြည့်စုံစွာဖော်ပြ၍ ဂန္ထာရम्भပြု တော်မူခဲ့လေသည်။ ယင်းကိပိဋကပကိဏ္ဏကဒီပနီ ပဌမတွဲကျမ်း၌-

၁။ သံယောဇဒါဒိဝိနိစ္ဆယ

၂။ ကပ္ပိယအကပ္ပိယကုဋိအဆုံးအဖြတ်

၃။ ဝိနည်းတိစ်ဝရိတ်, ဓုတင်တိစီဝရိတ်အဆုံးအဖြတ်

၄။ ယာခုကာလ လက်ဖြင့်ချုပ်သောသက်နှံးအပ်, မအပ် အဆုံးအဖြတ်

၅။ သာမဏေအများ ပြုသင့်, မပြုသင့် အဆုံးအဖြတ်

၆။ ရဟန်း သာမဏေ သီတင်းသည်တို့ ကျေးစည် ခေါင်း-လောင်း ထိုးခေါက်အပ်, မထိုးခေါက်အပ် အဆုံးအဖြတ်

၇။ ဗုဒ္ဓဓမ္မဒေဝတာသန္တိကကို ထေယျစိတ်ဖြင့်ခိုးရာ ပါရာဇိကအာပတ် သင့်, မသင့် အဆုံးအဖြတ်၊

၈။ သဟာ့ဘာရအဆုံးအဖြတ်၊

၉။ နိဋ္ဌာနန္တိကစသော လေးပါးတို့၏ တိုက်တွင်းတိုက်ပဋ္ဌန္တုတ်ခြင်း ဝိနိစ္ဆယ၊

၁၀။ ဓူတိုင်ရှာသူကြီး ဂါမဘောဇကဖြစ်, မဖြစ်၊ ဓူတိုင်အတွင်းဌာန ဝိသုံဂါမဖြစ်, မဖြစ် အဆုံးအဖြတ်၊

၁၁။ သာရတ္ထဒီကာ၌ ကုစားလျှင် အာပတ်အကြွင်းမဲ့ပျောက်ကြောင်း, ဝိမတိဒီကာ၌ အာပတ်ပျောက်၍ အကုသိုလ်မပျောက်ကြောင်း အကွဲအပြားကို ညှိ၍ဆုံးဖြတ်ခြင်း၊

၁၂။ သပိတ်မှောက်ကံ အဆုံးအဖြတ်၊

၁၃။ ဥက္ခိတ္တကစသောရဟန်း၊

၁၄။ ဝတ္ထုကံမြေ ဝိသုံဂါမဖြစ်, မဖြစ် အဆုံးအဖြတ်၊

၁၅။ သမ္မုခီဘူတသံဃိကဂရုဘဏ် ဝေဘန်သင့်သည် အဆုံးအဖြတ်၊

၁၆။ ဒေဝသိကံ အာရောစေတဗ္ဗံ-အရ နေ့စဉ်မကြားသော် ရတ္တိစ္ဆေဒဖြစ်, မဖြစ် အဆုံးအဖြတ်၊

၁၇။ ရွှေစာ ရွှေစာတိုက် ရွှေစာတင် ရွှေအုပ် ရွှေညောင်စောင်း ခေါင်းလောင်း ကြေးစည်လျှုရာ ရေစက်ချအဆုံးအဖြတ်၊

၁၈။ ကထိန်နှုတ်၍ တဖန်ခင်းကောင်း, မခင်းကောင်းအဆုံးအဖြတ်၊

၁၉။ ကျနသေချာစွာသော ကမ္မဝါစာနိဿယ၊

၂၀။ သုံးထည်ကို ပရိကၠာရစောဋ, အကြွင်းကို ဝိကပ္ပနာတိုက်ရိုက်ခွင့်ပြုကြောင်း အဆုံးအဖြတ်၊

၂၁။ ပါကဋ္ဌဖြစ်စေရန် ကိုးထည်သောသက်နှိုးကို ဟောတော်မူသော အဆုံးအဖြတ်၊

၂၂။ သက်နှိုးကိုးထည်ပြုလုပ်စီရင်နည်း အဆုံးအဖြတ်၊

၂၃။ သိမ်အမိန့်ခံရာ အနာဂတအနေကန္တိကပေးခြင်းအပ်, မအပ် အဆုံးအဖြတ်၊

၂၄။ အာယတိံသံဝရရှိ၍ ဒေသနာကြားရာ၌ အာပတ်ထ, မထ အဆုံးအဖြတ်၊

၂၅။ သာမဏေတို့ သရဏဂုံခံယူဆောက်တည်ကာမျှဖြင့် သီလပြည့်စုံ, မပြည့်စုံမည် အဆုံးအဖြတ်၊

၂၆။ ကာ ပနေတ္ထ-စသော ဝဇိရဗုဒ္ဓိဋီကာ၏အဓိပ္ပါယ် ကျန်သေခြာစွာပြခြင်း၊

၂၇။ ဥ တ္တိဒုရုစ္စာရဏဖြစ်က ကံပျက်, မပျက်အဆုံးအဖြတ်၊

၂၈။ သရဏဒါနအရာ၌ သမ္ဘန္ဓဝိစ္ဆေဒ အဆုံးအဖြတ်၊

၂၉။ ပဌမပါရာဇိက၏ ယေဘုယျဝိသယသမုဋ္ဌာန်အဖြစ်စသော ဝိနိစ္ဆယ၊

၃၀။ ရွှေငွေတန်းဆာဆင်အပ်သောကျောင်း ပုဂ္ဂလိကခံအပ်, မခံအပ် အဆုံးအဖြတ်၊

၃၁။ ကြေးဝါကြေးဖြူစသော ခွက်အထူးကို ပုဂ္ဂလိကအဖြစ်ဖြင့် သုံးဆောင်ခြင်းငှာအပ်, မအပ်အဆုံးအဖြတ်၊

၃၂။ သမ္ဘုခီဘူတသံဃာက စာတုဒ္ဒသာသံယိကဖြစ်သော ဂရု ပရိကွာရဝေဘန်ပုံ အဆုံးအဖြတ်၊

စသော အဆုံးအဖြတ်ပေါင်း (၁၀၁)ခု ပါရှိလေသည်။ ကျမ်း၏ အဆုံး၌-

သာသနဿ ဝေပုလ္လာယ၊ ဝိနယံဝ ပဓာနတော။
ဇောတယိတ္ဝာန ဂုဏ္ဍတ္ထေ၊ ဒီပယန္တိ တဟိ တဟိ။
နိဋ္ဌိတောဝ အယံ ဂန္ထော၊ သက္ကရာဇေ ဂဇကွေ။

အစရှိသော ၅-ဂါထာပါဠိနိဿယဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းကျမ်းကြီးမှာ စာမျက်နှာ ၄၁၆-ရှိလေသည်။[1]

တဖန် ၁၂၈၈-ခုနှစ် ဒုတိယဝါဆိုလအတွင်းက ကျန်ဝိနိစ္ဆယများဖြင့် ဖြည့်စွက်၍ တစ်အုပ်တည်းအပြီး ရိုက်နှိပ်ခဲ့လေသည်။ ယင်းဒုတိယအကြိမ်ရိုက်တွင် အပိုင်း ၉-ပိုင်း၊ ဝိနိစ္ဆယပေါင်း ၁၁၈-ပါရှိလေသည်။

ဂန္ဌာရမ္ဘဂါထာပါဠိနိဿယများလည်း တမျိုးပြင်ဆင်ရေးသားထားသည်ကို တွေ့ရလေသည်။ နောက်အကြိမ်တွင် ဂန္ဌာရမ္ဘဂါထာများ ဆရာတော်ကိုယ်တိုင်ရေးမဟုတ်ကြောင်း သိရလေသည်။ ယင်းဂန္ဌာရမ္ဘ ဂါထာပါဠိနိဿယများမှာ-

၁။ မေဒေဟိ ဓမ္မေဟိ သုပုဏ္ဏာဝုဒ္ဓံ၊
ဓမ္မဉ္စ သံဃဉ္စ ဂုဏေဟိ ဥတ္တိံ။
သိက္ခာပကံ စာစရိယဉ္စနန္ဒံ၊
ဝန္ဒိယ ကာယေန ဝစီမနေန။

၂။ ပုဗ္ဗေ စ ထေရေန ပိဋ္ဌကာနံ မေဒေါ၊
အတ္ထော အဇာနန္ဓပရေဟိဗ္ဗော။
ဉာဏေန ဉာတ္ဝာ သုဝိနိစ္ဆိတောဝ၊
တသ္မာ စ ဂန္ထော ပန သုန္ဒရောဝ။

၃။ ဧဝံပိ မုဒ္ဒံ ပဘဝေန ဒုဗ္ဗာ၊
ပါဌာနမတ္ထဿ အယောဇိတတ္တာ။
ဧကစ္စအတ္ထဿ နိ ဝိတ္ထတတ္တာ၊
ဒုက္ခေန အတ္ထော တရုဏေဟိ ဉာတော။

၄။ အာကာသတော မေဃသုဆန္ဒစန္ဒော၊
ပုဏ္ဏော နိ သဏ္ဌောတိ သမာဝ ဘာတုံ။
ဧဝံ ပကိဏ္ဏဿ ဝိနိစ္ဆယော စ၊
ဒေါသေဟိ နေကေဟိ သုဆန္ဒဟေတု။

---

[1] မန္တလေးသာသနာဝင်၊ ၂-၄၀၉-လည်းကြည့်။

၅။ တသ္မာဝ ထေရေဟိ'နုမဏ္ဍိမေဟိ၊
သမ္မာဝ ကာတုံ သုဝိသောဓနေန။
အတ္ထသ္ဝ ပုဏ္ဏံဝ ယောဇနေန၊
သခ်ေပအတ္ထဉ္စ သုဝိတ္ထတေန။

၆။ အဗ္ဗေသိတတ္ထာ သမာဝ လိခါမိ၊
ပေါရာဏာဂန္ထသ္ဝ သုပုဏ္ဏာဂန်ံ။
ဒေဝ လိခိတ္ဝာ စ သုပုဏ္ဏာဂန္ထာ၊
စန္ဒောဝ နိဂ္ဂစ္ဆတိ ဆန္နဒေါသာ။

၇။ တသ္မာဝ ထေရာ စ နဝါ စ မဇ္ဈာ၊
ပသ္သန္တု ဉာဏေန သုနိစ္ဆိတတ္ထံ။
ပသ္သိယ ဌာနေဝ ဝိနိစ္ဆယေန၊
ကာရေန္တု ကိစ္စေသု ခဏေသု ကမ္မံ။

၈။ ကတ္ဝာန ကိစ္စေသု ခဏေသု ကမ္မံ၊
ဂုဏ္ဆတ္ထနိပ္ပါဒနပူရဏော။
ယောဂ္ဂ ကတ္ဝာန ဝိပဿနာသု၊
လဗ္ဘန္တု နိဗ္ဗာနသုခံတိသုန္ဒြံ။

(၁) အဟံ= ပျော်ရွှာတောရ ဝိဟာရ၌ မျှတနေမှီ ငါမထေရ်သည်။ အနန္တံ-အနန္တေဟိ= အဆုံးအပိုင်းအခြား မရှိကုန်သော။ မေဓေဟိ= အဆိသဘွယ်ဖြစ်ကုန်သော။ ဓေမ္မေဟိ= တုန္ဒိုင်းမရ သီလ သမာ ပညာဝိမုတ္တိအစရှိသော ဂုဏ်တော်တရားတို့နှင့်။ သုပုဏ္ဏ-ဗုဒ္ဓဉ္စ= အလွန်အကြူး အထူးလောက်လုံ ပြည့်စုံတော်မူသော မြတ်စွာဘုရားကိုလည်းကောင်း။ အနန္တံ-အနန္တေဟိ= အဆုံးအပိုင်းအခြားမရှိကုန်သော။ မေဓေဟိ= အဆိသဘွယ်ဖြစ်ကုန်သော။ ဂုဏေဟိ= သွက္ခာတတာ အစဖြာသော ဂုဏ်တော်တို့ဖြင့်။ ဥတ္တံ= အလွန်အကြူး အထူးသဖြင့် မြတ်တော်မူထသော။ ဓမ္မဉ္စ= မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဟုဆိုအပ်သော ဆယ်ပါးသောတရားတော်မြတ်ကိုလည်းကောင်း။ အနန္တံ-အနန္တေဟိ= အဆုံးအပိုင်းအခြားမရှိကုန်သော။

မေဒေဟိ= အဆီသဘွယ်ဖြစ်ကုန်သော။ ဂုဏောဟိ= သုပ္ပဋိပန္နတာ အစဖြာသော ဂုဏ်တော်တို့ဖြင့်။ ဥတြံ= အလွန်အကြူး အထူးသဖြင့် မြတ်တော်မူသော။ သံယဋ္ဌ= မဂ္ဂဌာန်လေးယောက် ဖလဌာန်လေး ယောက်အားဖြင့် ရှစ်ယောက်သော ပရမတ္ထအရိယာသံဃာတော် အပေါင်းကိုလည်းကောင်း။ အနန္ဒံ-အနန္ဒေဟိ= အဆုံးအပိုင်းအခြား မရှိကုန်သော။ ဂုဏောဟိ= ဒယာမေတ္တာစသော ဂုဏ်တို့ဖြင့်။ ဥတြံ= အလွန်အကြူး အထူးသဖြင့်မြတ်တော်မူသော။ သိက္ခာပဒံ= မကောင်း ပယ်ခွာ ကောင်းရာသို့တင် သွန်သင်ပြသ ဆုံးမတော်မူတတ်သော။ အာစရိယဋ္ဌ= ကျေးဇူးမျှားဖြင့် ဆရာတော်အရှင်ကိုလည်းကောင်း။ ကာယေန စ= ညွတ်ပျောင်းတုပ်ကွ ကိုယ်ကာယဖြင့်လည်းကောင်း။ ဝစီမနေ စ= ဝစီ မန နှစ်ဒွါရဖြင့်လည်းကောင်း။ ဝန္ဒိယ-ဝန္ဒာမိ= ရိုသေမြတ်နိုး ရှိခိုးပါ၏။ ဝန္ဒိယ= ရိုသေမြတ်နိုး ရှိခိုးပြီး၍။

(၂) ပုဗ္ဗေ စ-ပုဗ္ဗေ ပန= ကာလရှည်ကြာ ရှေးအခါ၌ကား။ အဇာနန္တပရေဟိ= ပါဠိ အဋ္ဌကထာ ဋီကာဖွင့်ပြ လိုအတ္ထကို ကျကျ တိတိ အမှန်ကို မသိနိုင်ကုန်သော တပါးသောပညာရှိ ကဝိထိုထို ပုဂ္ဂိုလ်အရှင်မြတ်တို့သည်။ ပိဋကာနံ= မိုးကောင်းကင်ပမာ ကျယ်ဝန်း စွာဖြင့် ကောင်းစွာဟောတော်မူအပ်ကုန်သော သုံးပုံပိဋကတ် ကျမ်းဂန် မြတ်တို့၏။ မေဒေါ= အဆီအနှစ်ဖြစ်၍ဖြစ်သော။ ပုဗ္ဗော= လိုရာ ရွေးကောက်၍ မေးလျှောက်အပ်သော။ အတ္ထော= အနဂ်ကို။ ထေရေန= မိုးနံကုန်းဆရာတော်ဟု ထင်ပေါ်မည်မှတ် ငါတို့၏ကျေးဇူး ရှင် မထေရ်မြတ်သည်။ ဉာဏေန= သုတဉာဏ်မှ ဆက်ရဉပကာ ဉာဏ်စိန္တာဖြင့်။ ဥ တွာ= ဟုတ်တိုင်းတိတိ ကောင်းစွာသိ၍။ သုဝိနိစ္ဆ-တောဝ= သေချာကောင်းမြတ် ဆုံးဖြတ်အပ်သည်ဖြစ်၍သာလျှင်။ ဂန္ထော ပန= ဝိနိစ္ဆယကျမ်းသည်ကား။ သုန္ဒရောဝ= ကောင်းသည်သာ တည်း။

(၃) ဧဝံပိ= ဤသို့ပင် ကောင်းပါသော်လည်း။ ပဘဝေန= အမှန်အစ ပဌမအကြိမ်အားဖြင့်။ မုဒ္ဒံ= ပုံနှိပ်စဉ်အခါ၌။ ဒုဋ္ဌာ စ=

ပုဒ်အကွာရာ မပြီးသာဖြင့် ဖြာဖြာယွင်းကွက် ချွတ်ပျက်သည်၏အဖြစ်ကြောင့်လည်းကောင်း။ ပါဌာနံ= သာဓကပါဠိတို့၏။ အတ္ထသ= အနက်ကို။ အယောဇိတတ္ထာ စ= အပြည့်အစုံ အကုန်စပ်၍ ယောဇနာရေးတင် မယှဉ်အပ်သည်၏အဖြစ်ကြောင့်လည်းကောင်း။ ဧကစ္စ အတ္ထသ= အချို့သောဝိနိစ္ဆယ၏။ နိ ဝိတ္ထတတ္ထာ စ= ပညာရှိတို့သိလောက်ရုံသာ မကျယ်ပါသည်၏အဖြစ်ကြောင့်လည်းကောင်း။ တရုဏောဟိ= ဉာဏ်ကွန်ရှေ့နှု ပုဂ္ဂိုလ်စုတို့သည်။ ဒုက္ခေန= ငြိုငြင်ခက်ခဲအလွန်ဆင်းရဲသဖြင့်။ အတ္ထော= လိုရာညွှန်ပြ ဝိနိစ္ဆယကို။ ဉာတော= သိဖန်၏။

(၄) အာကာသတော= အထက်အာကာသ ကောင်းကင်ဝမ္ဘာ။ မေယသုဆန္ဒစရော- မိုးတိမ်ပြည့်နက် ဖုံးအုပ်မှေးရှက်၍နေသော်လည်း။ ပုဏ္ဏော-ပုဏ္ဏောပိ= ငိုင်းဖက်လည်လှည့် ကောင်းစွာပင်ပြည့်ပါသော်လည်း။ မေယ္ဍဆန္ဒဟေတု= မိုးတိမ်များစွာ ဖုံးကွယ်ကာသည်၏အဖြစ်ကြောင့်။ သမာဝ= ကောင်းစွာသာလျှင်။ ဘာတုံ= မိုက်မှောင်ပယ်ရှင်း တိမ်ကိုထွန်းရှိ ထွန်းလင်းခြင်းငှာ။ နှ သက္ကောတိ ယထာ= မစွမ်းနိုင်သကဲ့သို့။ ဧဝံ ကထာ= ဤအတူ။ ပကိဏ္ဏကသ= ပိဋကပကိဏ္ဏက တွင်ကဲပြားရှိသော= ကျမ်းဂန်ဟောင်း၏။ နိစ္ဆယော စ= အဆုံးအဖြတ် ကောင်းရပ်သည်ပည်း။ အနေကေဟိ= များစွာကုန်သော။ ဒေါသေဟိ= အပြစ်တို့သည်။ သုဆန္ဒဟေတု= ကွယ်ကာရစ်ပတ် ဖုံးအုပ်ပြေးယှက်အပ်သော အကြောင်းကြောင့်။ သာသနေ= သာသနာတော်၌။ သမာဝ= ကောင်းစွာသာလျှင်။ ဘာတုံ= သက်ဝေပျောက်ရှင်း ယုံမှားကင်းအောင် ထွန်းလင်းတောက်ပခြင်းငှာ။ ယသ္မာ= အကြင့်ကြောင့်။ နှ သက္ကောကိ= မစွမ်းနိုင်ပေ။

(၅) ဟသ္မာဝ= ထို့ကြောင့်သာလျှင်။ ထေရေဟိ= နောင်တော်ရင်းပမာ ကျေရ်မဟာကို့သည်လည်းကောင်း။ အနုမဇ္ဈိမေဟိ စ= ညီရင်းသဖွယ် မထေရ်ငယ် မဇ္ဈိမရ်လတ်တို့သည်လည်းကောင်း။ သုဝိသောဓနေန စ= ကောင်းစွာသုံ့သင် ပြင်ဆင်ခြင်းဖြင့်လည်း

ကောင်း။ အတ္ထသေ့ သာဓကဆောင်အပ် ပါဠိ အဋ္ဌကထာ ဋီကာတို့၏ အနက်ကို။ ပုဏ္ဏံဝ= မခြွင်းအကုန် ပြည့်စုံစွာလျှင်။ ယောဇနေန= သက်ဘျောက်ရှင်း ယုံမှားကင်းဖောင် ယောဇနာခြင်းဖြင့်လည်း ကောင်း။ သခ်ၨပအတ္ထံ= အကျဉ်းပြအပ် အဆုံးအဖြတ်ဖြစ်သော အနက်ကို။ သုဝိတ္ထတေန စ= ကောင်းစွာထင်ထင် အကျယ်ချဲ့ခြင်းဖြင့် လည်းကောင်း။ သုပုဏ္ဏဂန္ဓံ= လသစ်ဆန်းလျက် ဆဲ့ငါးရက်၌ ပေါ်ထွက်သောလကဲ့သို့ ထက်သောလကဲ့သို့ ထက်ဝန်းကျင်မှ ကောင်းစွာလောက်လုံ ပြည့်စုံစွာသော တိပိဋကပကိဏ္ဏကဒီပနီ အမည်တွင်လစ် ထိုကျမ်းသစ်ကို။ သမ္မာဝ= ကောင်းစွာသာလျှင်။ ကာတုံ= ရေးသားပြုပြင် စီရင်ခြင်းငှာ။ အဟံ= ပျော်ရွှင်တောရ ဝိဟာရ၌ မျှတနေမှီ ငါမထေရ်ကို။ ယသ္မာ= အကြင့်ကြောင့်။ အဒ္ဓိဋ္ဌော= အခါခါအထပ်ထပ် ကောင်းစွာတိုက်တွန်း အပ်ပြီ။

(၆) ထေရေဟိ စ= နောင်တော်ရင်းပမာ ထေရ်မဟာတို့ သည်လည်းကောင်း။ အနုမဋ္ဌိမေဟိ စ= ညီရင်းသဖွယ် မထေရ်ငယ် မထေရ်လတ်တို့သည်လည်းကောင်း။ တသ္မာ အဋ္ဌေသိတတ္တာ စ= ထိုသို့ အဖန်ဖန်အထပ်ထပ် ကောင်းစွာတိုက်တွန်းအပ်သည်၏ အဖြစ်ကြောင့်။ အဟံ= ပျော်ရွှာတောရ ဝိဟာရ၌ မျှတနေမှီ ငါ မထေရ်သည်။ ပေါရာဏဂန္ဓသေ= တိပိဋကပကိဏ္ဏကဒီပနီ အမည်တွင်ရှောင်း ရှေးကျမ်းဟောင်းကို။ ဝါ= ၏။ သုဝိသောဓနေန= ကောင်းစွာပြင်ဆင် သုဓိသင်ခြင်းဖြင့်လည်းကောင်း။ အတ္ထသေ= မပြည့် မစုံသေးသော သာဓကပါဠိတို့၏အနက်ကို။ ပုဏ္ဏံဝ= ပြည့်စုံစွာသာလျှင်။ ယောဇနေန စ= ယောဇနာခြင်းဖြင့်လည်းကောင်း။ သခ်ၨပအတ္ထံ= အကျဉ်းပြအပ် အဆုံးအဖြတ်ဖြစ်သော အနက်ကို။ သုဝိတ္ထ-တေန စ= ထင်စွာပြဲပြဲ သိလောက်အောင် ချဲ့ခြင်းဖြင့်လည်းကောင်း။ သုပုဏ္ဏဂန္ဓံ= လသစ်ဆန်းတက် ဆဲ့ငါးရက်၌ ပေါ်ထွက်သောလကဲ့သို့ ထက်ဝန်းကျင်မှ ကောင်းစွာလောက်လုံ ပြည့်စုံစွာသော တိပိဋကပကိဏ္ဏကဒီပနီကျမ်းသစ်ကို။ သမ္မာဝ= ကောင်းစွာသာလျှင်။ လိခါမိ=

ရေးသားပြုပြင် စီရင်ပေအံ့သတည်း။ အာကာသေ အဇာတာကာသ ကောင်းကင်ဝ၌။ ပုဏ္ဏော ဝိုင်းစက်လည်လှည့် ကောင်းစွာပြည့်သော။ စန္ဒော လသည်။ ဆန္နအဗ္ဘာ ဖုံးကွယ်ရာတိမ်တိုက်လွှာမှ။ နိဂ္ဂစ္ဆတိ ဣဝ ပေါ်ထွက်၍လာသကဲ့သို့။ တထာ ထို့အတူ။ သာသနေ သာသနာတော်၌။ ဧဝံ ဣမိနာဝုတ္တနယေန ဤသို့ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ လိခိတ္တော စ ရေးသားအပ်သည်သာလျှင်ဖြစ်သော။ သုပုဏ္ဏဂန္ဓော ကောင်းစွာလောက်လုံ ပြည့်စုံစွာသော တိပိဋကပကိဏ္ဏကဒီပနီကျမ်းသစ်သည်။ ဆန္နဒေါသာ ဖုံးလွှမ်းကွယ်ကာ ပြစ်ဒေါသာမှ။ ယသ္မာ အကြင့်ကြောင့်။ နိဂ္ဂစ္ဆတိ အဂဏ္ဌိ အပြစ်ကင်းလျက် ပေါ်ထွက်၍လာပြီ။

(၇) တသ္မာဝ ထို့ကြောင့်သာလျှင်။ ထေရာ စ နောင်တော်ရင်းပမာ ထေရ်မဟာတို့သည်လည်းကောင်း။ နဝါ စ မဇ္ဈာ ညရင်းသင်ဖွယ် မထေရင်ယ မထေရလတတို့သည်လည်းကောင်း။ သုနိစ္စိတတ္ထံ ကောင်းစွာစေ့စပ် ဆုံးဖြတ်အပ်သော အနက်ရှိသော တိပိဋကပကိဏ္ဏကဒီပနီကျမ်းသစ်ကို။ ဉာဏေန ဉာဏ်ဖြင့်။ ပဿန္တော ရှုကြပါစေကုန်သတည်း။ ပဿိယ စေ့စေ့ငုံ ဉာဏ်စက္ခုဖြင့် ရှုကြည့်ကြကုန်ပြီး၍။ ဌာနေ သင့်သောအရာ၌သာလျှင်။ ဝိနိစ္ဆယေန ဆုံးဖြတ်ခြင်းဖြင့်။ ကိစ္စေသု ပြုဖွယ်ကိစ္စရှိကုန်သော။ ခဏေသု အခါသမယခဏတို့၌။ ကမ္မံ အလိုရှိအပ်သော အမှုကြီးငယ်ကို။ ကာရေန္တော ကောင်းစွာပိုင်ပိုင် ပြုလုပ်နိုင်ကြပါစေကုန်သတည်း။

(၈) ကိစ္စေသု ကိစ္စကြီးငယ်ရှိကုန်သော။ ခဏေသု အခါသမယခဏတို့၌။ ကမ္မံ အလိုရှိအပ် တောင့်တအပ်သောအမှုကို။ ကတ္တာန ပြုကြကုန်၍။ ဣဒ္ဓိတတ္ထနိပ္ဖါဒနပူရဏေသု အလိုရှိအပ်သော အကျိုးကိုပြီးစေခြင်း ပြည့်စေခြင်းဖြင့်။ ဝိပဿနာသု သမထ ဝိပဿနာဘာဝနာတို့၌။ ယောဂဉ္စ အားထုတ်ခြင်းကိုလည်း။ ကတ္တာ-နေ ပြုကြကုန်၍။ အတိသုခြိုး အလွန်ကောင်းမြတ်သော။ နိဗ္ဗာနသုခံ နိဗ္ဗာန်ချမ်းသာကို။ လဗ္ဘန္တော ရကြပါစေကုန်သတည်း-ဟူ၍လည်း ဖြစ်

လေသည်။ ယင်းကျမ်းကြီးမှာ ရှိုင်ဆိုက် ၆၃၄-မျက်နှာရှိလေသည်။ ယင်းတိပိဋကပကိဏ္ဏကဒီပနီကျမ်းကြီးကား ဝိနည်းဝိုရ်ရဟန်းတော်များ လက်ကိုင်ပြုထိုက်သည့်ကျမ်းကြီး ဖြစ်လေသည်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်အရှင်ဇယန္တသည် ဗုဒ္ဓမြတ်စွာသာသနာတော်အတွက် အားသွန်ခွန်စိုက် အလုပ်လုပ်ဆဲဖြစ်စဉ် ၁၂၇၄-ခုနှစ် တပေါင်းလဆန်း ၈-ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။ ဆရာတော်မရှိသော်လည်း ဆရာတော်၏ကျမ်းကြီးများကား သာသနာ့ဝန်ထမ်းတို့အား အသိဉာဏ်ပညာပေးလျက် ရှိပါသတည်း။

သံဝေဂယူရန်

အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
နဟိ နော သင်္ဂံရံ တေန၊ မဟာသေနေန မစ္စုနာ။[1]

အဇ္ဇေဝ= နက်ဖန်မယ့်, ယနေ့ဘဲပင်လျှင်။ အာတပ္ပံ= ကိလေသာအမှိုက် ရှိုးမြှိုက်ဖို့ရန် သည်းထန်ပြင်းစွာ အားထုတ်ခြင်းကို။ ကိစ္စံ= မနားမနေ ပြုသင့်ပေ၏။ သုဝေ= ယနေ့မှနောက် နက်ဖန်ရောက်မှ။ မရဏံ= စုတိပြတ်ကြွေ သေလွန်ရမည်ကို။ ကော= အဘယ်သူသည်။ ဇညာ= ကောင်းစွာပိုင်ပိုင် သိနိုင်ပါအံ့နည်း။ ဟိ= ယင်းသို့တန်တန် အပြန်အလှန် ကြံစည်တွေးတောသင့်ပေ၏။ မဟာသေနေန= တွင်းပန္နစ်ဖြာ ဘေးရောဂါဖြင့် ဝိုင်းကာရစ်လည် များစွာသောစစ်သည်ရှိသော။ တေန မစ္စုနာ= သေမင်းခေါ်ငြား ထိုသေခြင်းတရားနှင့်။ သင်္ဂံရံ= မနှိပ်စက်အောင် သက်သာအောင်ဟု လက်ဆောင်အပ်နှင်း တိုက်ခိုက်ပါးခြင်းသည်။ နဟိ နော အတ္ထိ= မရှိရိုးကေန် မှန်လှသည်သာလျှင်တည်း။

၁။ မ၊ ၃။ ၂၂၆။ အပ၊ ၂။ ၁၆၂။ ဇာ၊ ၂။ ၁၅၉။ နေတ္တိ၊ ၁၂၈။

ဖက်ပင်အိုင်ဆရာတော်ဘုရားကြီး အရှင်ဒီပ

ဖက်ပင်အိုင်ဆရာတော်ဘုရားကြီး အရှင်ဒီပသည် မဟာဓမ္မိ ကာရာမစလင်းတိုက်၌ ကြာရှည်စွာ သီတင်းသုံးတော်မူ၍ စာပေသင်ကြား ချပို့ခဲ့သည့်မထေရ်မြတ် ဖြစ်တော်မူသည်။

ဖွားမြင်ခြင်း ပညာသင်ကြားခြင်း

မြင်းခြံခရိုင် ဖက်ပင်အိုင်ရွာ၌ သက္ကရာဇ် ၁၂၁၇-ခုနှစ် ပြာသိုလ်လဆန်း ၇-ရက် ညဉ့်စက် ၅-နာရီ၊ မြန်မာနာရီ ၃-ချက် တီးကျော် ၈-ရက် စနေနေ့သို့အဝင် ထူးမြတ်သောမင်္ဂလာအချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။

ဆရာတော်လောင်းလျာ၏ ငယ်နာမည်မှာ မောင်မြခဲ ဖြစ်လေသည်။ ၁၀-နှစ်သားအရွယ်တွင် ဘုန်းတော်ကြီး အရှင်သုဇာတ ထံ၌ မိဖတို့က အပ်နှံသဖြင့် ပညာသင်ကြားရလေသည်။ ၂-နှစ်အတွင်း သင်ပုန်းကြီး မင်္ဂလသုတ် အပြင်အောင်ခြင်း အတွင်းအောင်ခြင်း ရဂနာရွှေချိုင့် နမက္ကာရ လောကနီတိ ပရိတ်ကြီး ဇာတ်ကြီး ၁၀-ဘွဲ့-စသည်တို့ အကုန်အစင် သင်ယူတော်မူခဲ့လေသည်။

သာမဏေဝတ် ဆက်လက်ပညာသင်ကြားခြင်း

သက်တော် ၁၂-နှစ်ရှိရာ ၁၂၂၉-ခုနှစ်တွင် ဆရာတော် အရှင်သုဇာတကို ဥပဇ္ဈာယ်ပြု၍ သာမဏေဝတ်ခဲ့လေသည်။ သာမဏေဘွဲ့ ရှင်ဒီပ ဖြစ်လေသည်။ ဆက်လက်၍ ပညာသင်ကြားရာ ၁၇-နှစ်အတွင်း သဒ္ဒါ, သင်ဂြိုဟ်, ပုဒ်စစ်, သဒ္ဒါစစ်, သံဝဏ္ဏနာ နည်းလေးဆယ်, ဝိဘတ္တိတ္ထ, ဝစ္ဆဝါစက-စသော လောကုတ္တရာကျမ်းစာများ နှုတ်ရသင်ယူပြီးသည့်ပြင် ကန္ဓီဝန်မင်းကြီး ဦးစ-ထံ၌ လောကီပေဒင် ကျမ်းများ သင်ယူခဲ့ရာ မကာရလက်ရိုးနှင့်တကွ ဟောပုံဟောနည်းများကို အပြီးတိုင် သင်ယူတတ်မြောက်တော်မူခဲ့လေသည်။

မန္တလေးစလင်းတိုက်၌ ပညာသင်ကြားခြင်း

ဆရာတော်လောင်းလျှာ ရှင်ဒီပသည် သက္ကရာဇ် ၁၂၃၅-ခု နှစ်တွင် မန္တလေးမြို့ အရှေ့ပြင် မဟာဓမ္မိကာရာမစလင်းတိုက်သို့ ရောက်ရှိ၍ ပညာသင်ကြားတော်မူခဲ့လေသည်။ စလင်းဆရာတော် ဘုရားကြီး အရှင်ကေတုမာလာ၏ မိန့်ကြားချက်အရ ပဌမစာချ တကောင်းဆရာတော် အရှင်ဥတ္တရ, ပဌမစာချ ရေနံချောင်းဆရာတော် အရှင်ဇာဂရ, ပဌမစာချ ကင်းဝန်မင်းကြီးဆရာတော် ဦးလှဲကို့ထံ၌ ပညာသင်ကြားတော်မူခဲ့လေသည်။

စလင်းတိုက်၌ ထင်ရှားခြင်း

စလင်းတိုက်ရောက်၍ တလခန့်အကြာတွင် မိဖုရားခေါင်ကြီးက စလင်းတိုက်သံယာအားလုံးကို နေ့စဉ်ဆွမ်းဆက်ကပ် ကျွေးမွေးလျှောဒါန်းရာ တလတစ်ကြိမ်ကျ နန်းတော်မှအရာရှိများ လာရောက်၍ စာရင်းရှင်းကြသည်။ ရှင်ဒီပသည် မိမိနေရာမှနေ၍ စာရင်းတွက်ရာ အရာရှိများတွက်သောစာရင်းနှင့် ကွာခြားနေရာ မိမိ၏ တွက်ထားသည့်စာရင်းကို ဦးပဉ္စင်းတစ်ပါးကို ဆရာတော်ကြီးအား ဆက်ကပ်စေ၍ ထိုအခါ အရာရှိများနှင့် ရှင်ဒီပကိုခေါ်၍ ပြောဆိုငြင်းခုံ၍ တွက်ကြရာ ရှင်ဒီပစာရင်းက မှန်နေ၏။ ထိုအခါမှစ၍ လောကုတ္တရာဖက်တွင်သာမက လောကီဖက် တွက်ရေးချက်ရေး၌လည်း တတ်မြောက်ကျွမ်းကျင်ကြောင်း ထင်ရှားသည့်သာမဏေတပါး ဖြစ်လာလေ၏။

ရဟန်းမဖြစ်မီ အသက် ၂၀-အတွင်း စလင်းတိုက်၌ သဒ္ဒတ္ထဘေဒစိန္တာ ကစ္စာယနသာရ ဋီကာကျော် မာတိကာဓာတုကထာ ယမိုက် ၁၀-ကျမ်း ညဝါများနှင့်တကွ ဘုရားကြီးနိယံ ရှင်ခမ္မသာမိနိယံ-စသည်တို့ အာဂုံရရှိခဲ့လေသည်။ ကခ်ါဝိတရဏီအဋ္ဌကထာ ပါရာဇိကဏ်ပါဠိတော်နှင့် အဋ္ဌကထာ ပါစိတ်ပါဠိတော်နှင့်အဋ္ဌကထာ ဝိနည်းမဟာဝါပါဠိတော်နှင့် အဋ္ဌကထာများကိုလည်း အယွက်အတက်

အနုသန္ဓေ စုဒ် စောဒနာ ကျမ်းရိုးငါးချက်နှင့်တကွ ပေါက်ရောက်အောင် သင်ကြားတော်မူခဲ့လေသည်။

ရဟန်းအဖြစ်သို့ ရောက်ခြင်း

သက်တော် ၂၀-ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၃၇-ခုနှစ် ကဆုန်လဆန်း ၉-ရက်နေ့တွင် ရွှေခုံတိုင်မင်းသမီးကြီး၏ ပစ္စယာနုဂ္ဂဟဖြင့် စလင်းတိုက် သိရိမင်္ဂလာမဟာသိမ်တော်၌ "ကေတုမာလာ-ဘိဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" စသည့် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ စလင်းဆရာတော်ဘုရားကြီး အရှင်ကေတုမာလာကို ဥပဇ္ဈာယ် ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ပဌမစာချကြီး တကောင်းဆရာတော် အရှင်ဥတ္တရ, ပဌမစာချကြီး ကင်းဝန်မင်းကြီးဆရာတော် ဦးလှ, ပဌမစာချကြီး ရေနံချောင်းဆရာတော် အရှင်ဇာဂရ, ပဌမစာချကြီး မိုးနံကုန်းဆရာတော် အရှင်ဇယန္တ, ပဌမစာချကြီး ဆရာတော်အရှင်ပညာ, ပဌမစာချကြီး ဆရာတော်အရှင်ကောသလ္လ-တို့မှာ ကမ္မဝါစာဆရာတော်များ ဖြစ်တော်မူကြကုန်၏။

ရဟန်းအမကြီးက ရဟန်းဖြစ်သည်မှစ၍ သီပေါမင်းပါတော်မူသည်အထိ လစဉ်ဆွမ်းစရိတ်ကို ၂၅ လျှဒါန်းလေသည်။

ကျမ်းဂန်တတ်ဆရာတော်များထံ ဆက်လက်ပညာသင်

ရဟန်းဖြစ်ပြီးနောက် စလင်းဆရာတော်ဘုရားကြီးထံ ဓမ္မသင်္ဂဏီပါဠိတော် အဋ္ဌသာလိနီအဋ္ဌကထာ, မူလဋီကာ, နေတ္တိပါဠိတော်, နေတ္တိအဋ္ဌကထာနှင့် ပဋ္ဌာန်းညဝါများ ဆိုဝါဖြင့် သင်ယူတော်မူခဲ့လေသည်။ ဝိနည်းပါဠိ, အဋ္ဌကထာများကိုလည်း နောက်ထပ်လိုက်ဝါအဖြစ် စလင်းဆရာတော်ဘုရားကြီးထံ၌ သင်ယူတော်မူခဲ့လေသည်။ ၎င်းပြင် တွင်းကြီးဆရာတော်, စံကျောင်းဆရာတော်, ပရက္ကမဆရာတော်, ကျိုဝန်ဆရာတော်, ဝိစိတ္တာရာမဆရာတော် စသည့်

တံဆိပ်တော်ရ ဆရာတော်များထံ၌လည်း လအနည်းငယ်စီ နည်းခံ သင်ယူတော်မူခဲ့လေသည်။

မိဖုရားကြီး နဝကမ္မအလှူခွဲ

မိဖုရားခေါင်ကြီးသည် မန္တလေးမြို့ စာသင်တိုက်များမှ စာပေတော်သည့် စာသင်သားများကို တလဝတ္ထုခွဲ ဒိ-ကျ ထောက်ပံ့လေသည်။ စလင်းတိုက်မှ စာတော်ဦးပဉ္စင်းတစ်ပါး ညွှန်ကြားပါရန် စလင်းဆရာတော်ဘုရားကြီးအား လျှောက်ထားရာ ဆရာတော်ဘုရားကြီးက အရှင်ဒီပအား ညွှန်ကြားသဖြင့် ရဟန်းတော် ၂-ဝါရမျှသာ ရသေးသော ဖက်ပင်အိုင်ဆရာတော်လောင်းလျှာ အရှင်ဒီပသည် လစဉ် မိဖုရားကြီး၏ စာတော်အထောက်အပံ့ လစဉ်ဝတ္ထုခွဲ ဒိ-ကို ရရှိခဲ့လေသည်။

သုဓမ္မာသို့ ပစ္စာသမဏအဖြစ် လိုက်ပါရ

ဆရာတော်လောင်းလျှာ အရှင်ဒီပသည် မိမိ၏ဆရာရင်း စလင်းဆရာတော်ဘုရားကြီး အရှင်ကေတုမာလာ သုဓမ္မာသဘင်သို့ ကြွတော်မူသောအခါ နောက်တော်ပါရဟန်း ပစ္စာသမဏဖြစ်၍ အမြဲမပြတ် လိုက်ပါတော်မူရလေသည်။ ဝိနိစ္ဆယဖြတ်စာများကိုလည်း သုဓမ္မာဆရာတော်များက အဖတ်ခိုင်းသဖြင့် ရံဖန်ရံခါ ဖက်ပြရလေသည်။ ပရက္ကမဆရာတော်စသည့် သုဓမ္မာဝင်ဆရာတော်များ၏ ခ္မီးကျူးခြင်းကို ခံယူတော်မူရလေသည်။

ဒုတိယစာခ္ယ ဂဏာဝါဒက

ရဟန်းသိက္ခာ ၅-ဝါအရတွင်-

"လေးဖြာမချို့၊ ရှိသူတို့၊ စာပို့ဒုတိယာ။
လေးတင်းစားအပ် လူတို့လာဘ် ရှစ်ကျပ်ရသင့်ပါ။"

ဟူသည့်အတိုင်း အဂ်ါလေးပါးအညီ စာတတ်ပုဂ္ဂိုလ်ဖြစ်သဖြင့် ဒုတိယ

စာချအဖြစ်ဖြင့် မင်းကေရာဇ်က လစဉ် ဆန်လေးတင်း, ၈-ကျပ်တန်ကို အလျှော်ခံရရှိတော်မူခဲ့လေသည်။

ရဟန်းအမ ကျောင်းတင်လှူ

ရဟန်းဒါယိကာမ ရွှေခုံတိုင်မင်းသမီးကြီးကလည်း မိမိဦးပဋ္ဌင်း စာမျှဘုန်းကြီးဖြစ်၍ ဝမ်းမြောက်လှသဖြင့် စလင်းတိုက်၌ ကျောင်းဆောက်တင်လှူ ကိုးကွယ်လေသည်။ အရှင်ဒီပသည် စာပေကို ပိုမိုကြည့်ရှု၍ စာသင်သားများစွာတို့အား စာပေချပို့တော်မူရလေသည်။

ဝိနိစ္ဆယဖြတ်စာရေး

မင်းတုန်းမင်းလက်ထက်က သာသနာဖက်၌ နိုင်ငံတော်ကို ရှစ်နယ်ခွဲ၍ သံဃရာဇာ သာသနာပိုင်ဆရာတော်ဘုရားကြီး အကြီးအမှူးပြုကာ သုဓမ္မာဆရာတော် ရှစ်ပါးတို့က တစ်နှစ်စီ အုပ်ချုပ်တော်မူကြရသည်။ သာသနာရေးနှင့်စပ်၍ အမှုအခင်းဖြစ်ပွားလျှင် ဆိုင်ရာဂိုဏ်းထောက်, ဂိုဏ်းအုပ်တို့နှင့် ဆိုင်ရာသုဓမ္မာဆရာတော်က ဆင့်ဆိုပြီးလျှင် သုဓမ္မာဆရာတော် ရှစ်ပါးစလုံး ညီနှိုင်းတိုင်ပင်၍ ဆုံးဖြတ်စာရေးရသည်။ ဒုတိယစလင်းဆရာတော် သုဓမ္မာဝင် အရှင်ကေတုမာလာမှာ ပဌမစလင်းဆရာတော် အရှင်ကလျာဏ၏ အုပ်လက်နယ်ပယ်ဖြစ်သော ရမည်းသင်း, ပျဉ်းမနား, တောင်ငူ-စသော နယ်များကို အုပ်ချုပ်တော်မူရလေသည်။ ၎င်းနယ်များမှ အမှုအခင်းများကို ဝိနိစ္ဆယဖြတ်စာ ချပေးရသည်။ အမှုအခင်းများသောအခါ၌ဖြစ်စေ ဆရာတော်ကြီး နေထိုင်မကောင်းသောအခါ၌ဖြစ်စေ အရှင်ဒီပသည် ဆရာတော်ကြီး အရှင်ကေတုမာလာကိုယ်စား ဝိနည်းဓမ္မကံနှင့်အညီ ဝိနိစ္ဆယဖြတ်စာ ရေးတော်မူရလေသည်။

ပဌမစာချ ဂဏာဝါစက

ရဟန်းသီကွာ ၇-ဝါမြောက်အရောက်တွင် မင်းဂေရာဇ၏ စေလွှတ်အပ်သော စာမေးတော်အရာရှိများ မေးသမျှကို ခဏချင်း ဖြေဆိုနိုင်သဖြင့်-

"ငါးဖြာမချို့၊ ရှိသူတို့၊ စာပို့ပဌမာ။
ဂေရာဇ၏မင်း ထောက်လှူသွင်း ငါးတင်းဆန်တော်မှာ။"

ဟူသည့်အတိုင်း အဂ်ါ ၅-ပါး ပဌမစာချတော်အဂ်ါနှင့် ပြည့်စုံသဖြင့် ပဌမစာတော်ချအဖြစ် မင်းဂေရာဇ ၅-တင်းအထောက်အပံ့ကို လစဉ်ရတော်မူလေသည်။

မန္တလေးနေပြည်တော်မှ ဆိမ်းခံ့ရှာသို့

စလင်းတိုက်၌ သံယာတော်များစွာတို့အား စာပေကျမ်းဂန် အဝဝကို ပို့ချ၍ သာသနာပြုတော်မူစဉ် ၁၂၄၇-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈-ရက်နေ့တွင် သီပေါမင်းတရား ဘိုင်းတစ်ပါးသို့ ပါတော်မူရှာသဖြင့် မြို့တော်၌ မငြိမ်မသက်ဖြစ်၍ သက္ကရာဇ် ၁၂၄၇-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂-ရက်နေ့တွင် နောက်ပါတပည့်တပန်း ရဟန်းများနှင့်တကွ မန္တလေးမှ ဝမ်းနည်းစွာ ဖဲခွာတော်မူပြီး ဖက်ပင်အိုင်ရွာမှ ၃-မိုင်ကွာခန့် အလှမ်းဝေးသော ဆိမ်းခံ့ရွာသို့ ကြွတော်မူ၍ ဘုန်းတော်ကြီးဦးမိုးကျောင်း၌ ခေတ္တသီတင်းသုံးခိုက် ဆိမ်းခံ့ရွာနေ ပွဲစားကြီးဦးစံမယ် ပွဲစားကတော် ဒေါ်သင်းတို့ ဆောက်လုပ်လှူဒါန်းသော ကန်ထွင်းကျောင်းတိုက်ကို အလှူခံတော်မူ၍ ၃-ဝါကြာမျှ စာပေချပို့ သာသနာပြုတော်မူလေသည်။

ဖက်ပင်အိုင်ကျောင်းသို့

၁၂၅၀-ပြည့်နှစ် ဖက်ပင်အိုင်မှ ဘုန်းကြီးဦးဂေဇောနှင့် ဒကာ ဒကာမတို့ လာရောက်ပင့်သဖြင့် ဖက်ပင်ဖိုင်သို့ ရောက်ရှိ

သီတင်းသုံးတော်မူခဲ့လေသည်။ ရပ်ရွာ ဒကာ ဒကာမတို့က ကျောင်းဦး ပြာသာဒ်စနုဆောင်, ဘောဂဆောင်တို့နှင့်တကွ အမိုး ဘုံ ၇-ဆင့်ရှိ ကျောင်းကြီးနှင့် အရံကျောင်းများကိုလည်း ဆောက်လုပ်လျှက်ဒါန်းကြ ကုန်၏။ ဆရာတော်အရှင်ဒီပသည် ယင်းဖက်ပင်အိုင်ကျောင်းတိုက်၌ လာလာသမျှ စာသင်သားတို့အား ကျမ်းဂန်အရပ်ရပ်ကို ပို့ချရာ ဖက်ပင်အိုင်ဆရာတော်ဟု ကျော်ကြားလေသည်။

တလုပ်မြို့, မြောက်လက်ဂိုဏ်းထောက် ခန့်အပ်ခြင်းခံရ

သက္ကရာဇ် ၁၂၅၈-ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁-ရက်နေ့ တွင် သမ္မတိရ ပခန်းသာသနာပိုင်ဆရာတော်ဘုရားကြီး၏ တလုပ်မြို့, မြောက်လက်ဂိုဏ်းထောက်အဖြစ် ခန့်အပ်ခြင်းကို ခံတော်မူရလေ သည်။ သာသနာပိုင်ဆရာတော် အမိန့်စာချန်နှင့် တံဆိပ်တော်ရ သုဓမ္မာ ဆရာတော်ကြီးများ၏ အမိန့်စာချန်တော်ကိုလည်း ဤ၌ ဖော်ပြအပ် ပါသည်။

သာသနာပိုင်ဆရာတော်ဘုရားကြီး၏
အမိန့်တော်စာချန်

"နန္ဒသာရသိရိသဒ္ဓမ္မဝဇိရမဟာဓမ္မရာဇာဓိရာဇဂုရု"

ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အနာဝရဏ မဟာဝဇိရစသော ဉာဏ်တို့ဖြင့် ခြုံရုံအပ်သော သဗ္ဗညုတဉာဏ်ရှင် ဖြစ်သော မြတ်စွာဘုရား၏သားကြီးသြရသ အရှင်မဟာကဿပ စသော ရဟန္တာအရှင်မြတ်တို့၏ သိဿာနုသိဿဖြစ်တော်မူကြသော ရှေးရှေးသော သာသနာပိုင်ဆရာတော်ကြီးတို့ကဲ့သို့ သာသနာတော် မြတ်ကို ရွက်ဆောင်တော်မူသော အတုမရှိတိုက် သမ္မတိသာသနာပိုင် ပုခန်းကြီးဆရာတော် အမိန့်တော်ရှိသည် တလုပ်မြို့ စီရင်စု ဖက်ပင်-အိုင်ရွာကျောင်းနေ အသက် ၄၀၊ သိက္ခာ ၂၁-ရှိသူ ရှင်ဒီပကို တလုပ်မြို့ ဂိုဏ်းဝင်သံဃာတို့အပေါ်တွင် ဝိနည်းမမှန်နှင့်အညီ

ကိုယ်စားကိုယ်ပွား နားမျက်စိပြု၍ ဂိုဏ်းအုပ်နှင့်ညှိနှိုင်းတိုင်ပင် စီရင်စေရန် သက္ကရာဇ် ၁၂၅၈-ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁-ရက်နေ့ ဂိုဏ်းထောက် ခန့်အပ်တော်မူသည်။ တလုပ်မြို့ ဂိုဏ်းဝင်သံယာတော်တို့လည်း ဂိုဏ်းထောက်ရှင်ဒီပ ဆင့်ဆိုရာ နာခံ၍ ဂန္ဆဓုရ, ဝိပဿနာဓုရ တရားနှစ်ပါးကို ပွားများအားထုတ်နေထိုင်ကြစေ။

တံဆိပ်တော်ရ သုဓမ္မာဝင်ဆရာတော်ကြီးတို့၏ အမိန့်တော်စာချွန်

သံဃနာယက သာသနာပြုဖြစ်သော လှထွေဆရာတော်ကြီး ကမ္မာကမ္မဝိနိစ္ဆယ ဆရာတော်ကြီးဖြစ်သော မဂ္ဂရာဆရာတော်, ခင်မကန်ဆရာတော်စသော တံဆိပ်တော်ရဆရာတော်တို့ အမိန့်ပေးအပ် ဆင့်ဆိုလိုက်သည်။ တလုပ်မြို့ ဂိုဏ်းဝင်သံယာတို့အပေါ်တွင် ဝိနည်းဓမ္မကံနှင့်အညီ ကိုယ်စားကိုယ်ပွား နားမျက်စိပြု၍ ဂိုဏ်းအုပ်နှင့် ညှိနှိုင်းတိုင်ပင်စီရင်စေရန် တလုပ်မြို့စီရင်စု ဖက်ပင်အိုင်ရွာကျောင်းနေ အသက် ၄၁၊ သိက္ခာ ၂၁-ရှိသူ ရှင်ဒီပကို ဂိုဏ်းထောက်အဖြစ် အတည်ဖြစ်စေရန် သင့်တော်ကြောင်းကို သာသနာသောဓက သံဃရာဇာဖြစ်တော်မူသော အတုမရှိတိုက် သမုတိသာသနာပိုင် ပခန်းကြီးဆရာတော်ဘုရားကို လျှောက်ထားရာ သင့်ပြီ အမိန့်တော်ရှိ၍ ဂိုဏ်းထောက်အဖြစ် အတည်ပြုလုပ်တော်မူသည့်အတိုင်း တလုပ်မြို့ဂိုဏ်းဝင် သံယာတို့အပေါ်တွင် ရှင်ဒီပကို ဂိုဏ်းထောက်အဖြစ် သက္ကရာဇ် ၁၂၅၈-ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁-ရက်နေ့ကစ၍ အတည်ပြုလုပ် ခန့်အပ်တော်မူသည်။ တလုပ်မြို့ ဂိုဏ်းဝင်သံယာတို့လည်း ဂိုဏ်းထောက်ရှင်ဒီပ ဆင့်ဆိုရာ နာခံ၍ ဂန္ဆဓုရ, ဝိပဿနာဓုရ တရားနှစ်ပါးတို့ကို ပွားများအားထုတ်နေထိုင်ကြရမည်။

ကျမ်းစာပြုစု အားထုတ်မှု

စာပေချပ်ရင်း ကျမ်းဂန်များစွာတို့ကိုလည်း ရေးသားပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ လက္ခဏာတ္တယဝိနိစ္ဆယကျမ်း
၂။ သမ္မောဟဝိနောဒနီအဋ္ဌကထာနိဿယသစ်
၃။ မူလဋီကာဂဏ္ဌိ
၄။ ဝါကျသင်္ခန်းစာ
၅။ သံဒိဋ္ဌမဟာဋီကာကျမ်းကြီး
၆။ သံဒိဋ္ဌသင်္ကြန်ဋီကာကျမ်း
၇။ သူရိယသိဒ္ဓန္တသင်္ကြန်တွက်နည်းကျမ်း
၈။ သံဝစ္ဆရာဒိစတုက္ကကျမ်း
၉။ ဝါထပ်ရက်ငင်ဆိုင်ရာ အဓိမသ်ဋီကာကျမ်း- စသည်တို့ ဖြစ်ကုန်၏။

မဟာဝိသုဒ္ဓါရုံဆရာတော်က ခီးကျူး

ဖော်ပြပါ ကျမ်းများအနက် လက္ခဏာတ္တယဝိနိစ္ဆယကျမ်းလက်ရေးမူကို မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးနှင့် ကျောက်ပန်းတောင်းဆရာတော်ဘုရားတို့ ဆက်ကပ်ပြသရာ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက-

သဏှညာဏော မဟာထေရော၊ ဒီပေါသု ဓုမပညဝါ။
ဟိနာယ လက္ခဏောသိနံ၊ အကာ လက္ခဏဒီပနိံ။
ဝိသုဒ္ဓါစာရထေရေန၊ ဝိသုဒ္ဓါရာမဂါသိနာ။
ကထာယံ ထောမနာဂါထာ၊ ဘူတတ္ထော မနသိလိနာ။

ဟူသော ၂-ဂါထာဖြင့် ခီးမွမ်းထောမနာပြုတော်မူလေသည်။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဖော်ပြပါလုပ်ငန်းတို့ဖြင့် သာသနာတော်တွင် ထင်ရှားလှသော ဖက်ပင်အိုင်ဆရာတော်ဘုရားကြီးသည် စာပေပရိယတ်ချပို့ဆဲ ဖြစ်စဉ် သက်တော် ၈၃-နှစ် သီကျွာတော် ၆၃-ဝါရရှိရာ သက္ကရာဇ် ၁၃၀၀-ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၁၁-ရက် တနလ်ာနေ့ည၌ ၇-နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

ဒီပဝ္ဒယော မဟာထေရော၊ ဒီပေန္တော ဇိနသာသနံ။
ဒီပံ သန္ဓာယ ကိစ္စာနိ၊ အဂမိ မစ္စုနော ဝသံ။

ပညာရှိတပည့်များ ပေါ်ထွန်းခဲ့

များစွာကြိုးပမ်းမှုကြောင့် ပညာရှိတပည့်များ ဖက်ပင်အိုင်ဆရာတော် အရှင်ဒီပ၌ များစွာ ထွန်းကားခဲ့လေသည်။ ၎င်းတို့မှာ-

၁။ ဆရာတော်အရှင်ပညာ (အဂ္ဂမဟာပဏ္ဍိတ)
မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။

၂။ ဆရာတော်အရှင်ဂုဏာ (ဆရာကြီးဦးကျွက်)
ကန်မြဲဇောင်းကြမ်း။

၃။ ဆရာတော်အရှင်ဥတ္တမ (အဂ္ဂမဟာပဏ္ဍိတ)
မဟာဇောတိကာရာမတိုက်၊ မုံရွာမြို့။

၄။ ဆရာတော်အရှင်ဉာဏဝံသ
မှန်ကျောင်း၊ ဆီမီးခုံမြို့။

၅။ ဆရာတော်အရှင်စန္ဒိမာ (တဲကြီးဆရာတော်)

၆။ ဆရာတော်အရှင်နရိန္ဒ မြင်သာကျောင်း။

၇။ ဆရာတော်အရှင်နရိန္ဒ ရမည်းသင်းဆရာတော်

၈။ ဆရာတော်အရှင်ဣန္ဒဝံသ
တောင်ဘီလာကျောင်း၊ ပျော်ဘွယ်မြို့။

၉။ ဆရာတော် အရှင်သောဘိတ (ဗေဒပါရဂူ)
လယ်ပြင်ရွာကျောင်းသစ်။

၁၀။ ဆရာတော် အရှင်ဣန္ဒာစာရ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ
(အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု)
ပဲခူးမြို့မစာသင်တိုက်၊ ပဲခူးမြို့။

တပည့်အဆက်ဆက်

ဖက်ပင်အိုင်ဆရာတော်ဘုရားကြီး အရှင်ဒီပထံ အောက်ဖော်ပြပါ ဆရာတော်တို့သည်လည်း လာရောက်၍ ပညာဆည်းပူးကြကုန်၏။

၁။ ဆရာတော်အရှင်ပညာ (အဂ္ဂမဟာပဏ္ဍိတ)
မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့။

၂။ ဆရာတော်အရှင်ဂုဏ (ဆရာကြီးဦးကျွတ်)
ကန်မြဲဇောင်းကြမ်း (မြို့ဘဆရာကြီး)။

၃။ ဆရာတော်အရှင်ဉာဏဝံသ
မှန်ကျောင်း၊ ဆီမီးခုံမြို့။

၄။ ဆရာတော်အရှင်ဇနိန္ဒိမာ (တဲကြီးဆရာတော်)

၅။ ဆရာတော်အရှင်နရိန္ဒ (မြစ်သာကျောင်း)

၆။ ဆရာတော်အရှင်နရိန္ဒ (ရမည်းသင်းဆရာတော်)

၇။ ဆရာတော်အရှင်ကိတ္တိ (ပျဉ်းမနားဆရာတော်)

၈။ ဆရာတော်အရှင်ဣန္ဒဝံသ
တောင်ဘီလာကျောင်း၊ ပျော်ဘွယ်မြို့။

၉။ ဆရာတော်အရှင်သောဘိတ (ဗေဒပါရဂူ)
လယ်ပြင်ရွာကျောင်းသစ်။

၁၀။ ဆရာတော်အရှင်ဥတ္တမ (အဂ္ဂမဟာပဏ္ဍိတ)
ဇောတိကာရုံတိုက်၊ မုံရွာမြို့။
၁၁။ ဆရာတော် အရှင်ဂ္ဂနွှာစာရ
ပဲခူးမြို့မစာသင်တိုက်၊ ပဲခူးမြို့။
၁၂။ ဆရာတော်အရှင်ဓမ္မိက
ဓမ္မိကာရုံတိုက်၊ အင်းစိန်။
၁၃။ ဆရာတော်အရှင်ဂ္ဂနွှက
ညောင်ဝန်းကျောင်းသစ်၊ ပေါက်မြို့အပိုင်။
၁၄။ ဆရာတော်အရှင်နန္ဒဝံသ
သီဟိုဠ်ရှင်ဘုရားကြီးတိုက်၊ ပခုက္ကူမြို့။

စသည်တို့ ဖြစ်ကြကုန်၏။

ဖက်ပင်အိုင်ဝှမဟာထေရော၊ စလင်းဝံသေဘိပါကဋ္ဌော။
ဗဟဝေါ တသ သိသာနိ၊ ဇိနသာသနဇောတကာ။

ဆရာတော်အရှင်ဉာဏဝရ

ဆရာတော် အရှင်ဉာဏဝဝရဟူသည် နောက်တွင် ရွှေကျင်နိုကာယ သာသနာပိုင်ဖြစ်တော်မူသည့် ဒီပဲယင်းဆရာတော် ဖြစ်၏။ ဆရာတော်သည် ၁၉-နှစ်သားအရွယ်ရှိရာ ၁၂၃၃-ခုနှစ်တွင် မဟာဓမ္မိကာရာမစလင်းတိုက် စာချအဖြစ် စလင်းဆရာတော်က ခိုးမြောက်သဖြင့် စလင်းတိုက်၌ စာချပို့သီတင်းသုံးခဲ့လေသည်။ ၁၂၆၀-ပြည့်နှစ်လောက်တွင်မှ မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီးထံ ရောက်ရှိလေသည်။[1]

၁။ အကျယ် မန္တလေးသာသနာဝင်၊ ၉။
မဟာဝိသုဒ္ဓါရုံတိုက်သစ်သာသနာဝင်ကြည့်။
မန္တလေးသာသနာဝင်၊ ၂၅။
မဟာဝိသုဒ္ဓါရာမသာသနာဝင်လည်းကြည့်။

စလင်းတိုက် စာချဆရာတော်များ

မဟာဓမ္မိကာရာမစလင်းတိုက်ကား သံဃာ ၁၀၀၀-ကျော် အထိ တိုးတက်များခဲ့ဘူးလေသည်။ သို့ကလောက် များပြားလှသော စာသင်သားသံဃာများကို စာပေချပို့ပေးရန် စာချများမှာလည်း အလုံအလောက် အပြည့်အစုံသီတင်းသုံး၍ စာပေချပို့တော်မူခဲ့ကြ၏။ ၎င်းစာချများအနက်-

* ဆရာတော်အရှင်ဥတ္တရ (တကောင်းဆရာတော်) — ပဌမစာချ
* ဂင်းဝန်မင်းကြီးဆရာတော် ဦးလှဲ့ — ပဌမစာချ
* ဆရာတော်အရှင်တေဇဝန္တ (ရေနံချောင်းဆရာတော်) — ပဌမစာချ
* ဆရာတော်အရှင်ပညာ — ပဌမစာချ
* ဆရာတော်အရှင်ကောသလ — ပဌမစာချ

စသည်တို့မှာ ထင်ရှားသော စာချဆရာတော်များ ဖြစ်ကုန်၏။ အချို့စာချဆရာတော်များသည် မဟာဝိဇိတာရာမ (တောင်စလင်း)တိုက်သို့လည်း ပြောင်းရွှေ့ စာချကြကုန်၏။

♦♦♦

သင်္ဂြိုဟ် ခုဒ် စောဒနာ ဂဏ္ဌိကျမ်းပြု
စလင်းတိုက် ပဌမစာချ
အလုံပြို့ သာစည်ရွာ လေးထပ်ကြီးဆရာတော်

အလုံပြို့ သာစည်ရွာ လေးထပ်ကြီးဆရာတော်ဘုရားကြီးသည် စလင်းတိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ ပဌမစာချကြီးဖြစ်၍ စာပေကျမ်းဂန်ချပို့ သာသနာပြုတော်မူခဲ့လေသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

သက္ကရာဇ် ၁၂၁၅-ခုနှစ် ပတ်ဝန်းကျင်လောက်တွင် အလုံမြို့ သာစည်ရွာ၌ ဖွားမြင်တော်မူကြောင်း မှန်းဆသိရှိနိုင်လေသည်။ အရွယ်ရောက်သော် သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဝတ်ဖြင့် တိုက်တော်၌ရောက်ရှိ၍ စလင်းဆရာတော်လောင်းလျှာ အရှင်ကလျာဏ, မင်းတဲအရှင်ဥတ္တမနှင့် မြင်းဝန်ဆရာတော် စသည်တို့ထံတွင် ဂန္ဌန္ဒရအဝဝကို သင်ကြားတော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့်မြောက်သည်တွင် "ဥတ္တမာစာရ ပရမဓဇမဟာမမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင်ဥတ္တမကို ဥပဇ္ဈာယ်ပြု၍ ဥပသမ္ပဒဇာတ် မြင့်မြတ်သော ရဟန်းပဋ္ဌင်းအဖြစ်သို့ ရောက်တော်မူလေသည်။

မန္တလေးမြို့ စလင်းတိုက်၌ စာချသာသနာ ခိုးမြှောကခြင်း

ရဟန်းဖြစ်ပြီးနောက် စာပေကျမ်းဂန်များ ဆက်လက်သင်ကြားရာ စာပေတတ်မြောက်ပိုင်နိုင်သဖြင့် ပဌမစာချကြီးအဖြစ်ဖြင့် မန္တလေးမြို့ အရှေ့ပြင် မဟာဓမ္မိကာရာမ စလင်းတိုက်ကြီး၌ "ကလျာဏဇေတ သာသနဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင်ကလျာဏ၏ ခိုးမြှောက်မှုကိုခံယူကာ စာပေချပို့ သာသနာပြုတော်မူခဲ့လေသည်။

ဇာတိရပ်ရွာ၌ သီတင်းသုံးခြင်း

ဇာတိဖြစ်သည့် အလုံမြို့ သာစည်ရွာ ငယ်ဆရာရင်း ပုံ့လွန်တော်မူသဖြင့် အန္တိမစျာပနပွဲကြွရောက်၍ ခိုးမြှောက်ပူဇော်စဉ် ဖခင်လုံးရဟန်းရှင်လူတို့၏ တောင်းပန်မှုကြောင့် အလုံမြို့ သာစည်ရွာ လေးထပ်ကျောင်း၌ သီတင်းသုံး၍ ရောက်ရှိလာသမျှ ရဟန်း သာမဏေ စာသင်သားတို့အား စာပေကျမ်းဂန်ချပို့ သာသနာ ခိုးမြှောက်တော်မူခဲ့လေသည်။

ဂိုဏ်းထောက် ၄-ထပ် ဂိုဏ်းအုပ် ၂-ထပ် ခန့်အပ်ခြင်းခံရ

ယင်းသို့ စာပေချပ်သာသနာပြုစဉ် သာသနာပိုင်ဆရာတော်ကြီးများ သုဓမ္မာဝင်ဆရာတော်ကြီးများ၏ ဂိုဏ်းထောက် ၄-ထပ်, ဂိုဏ်းအုပ် ၂-ထပ် ခန့်အပ်ခြင်းကို ခံတော်မူရလေသည်။

သင်္ဂြိုဟ် စုဒ် စောဒနာ ဂဏ္ဌိကျမ်းပြုစီရင်ခြင်း

ပဌမစာချ အလုံမြို့ သာစည်ရွာ လေးထပ်ကျောင်းဆရာတော်ဘုရားကြီးသည် မိမိ မန္တလေးစလင်းတိုက်၌ သီတင်းသုံးစဉ် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို စုဒ် စောဒနာသွင်း၍ ရှင်းလင်းဖြေဆိုကာ အကြိမ်ကြိမ်အခေါက်ခေါက် ချပ်ခဲ့သည့်အတိုင်း သင်္ဂြိုဟ်စုဒ်စောဒနာ ဂဏ္ဌိအမည်ဖြင့် ကျမ်းကြီးရေးသား ပြုစီရင်တော်မူခဲ့လေသည်။

ယင်းကျမ်းကြီးကို ၁၉၁၀-ခုနှစ်က မန္တလေးမြို့ဆိုင်တန်းရတနာသီဒီစာပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခဲ့ရာ ကျမ်းစာကြီး၏အတွင်းမျက်နှာဖုံး၌ "အရှင်အနုရုဒ္ဓါ မဟာထေရ်ကျော် စီရင်တော်မူအပ်သော အဘိဓမ္မတ္ထသင်္ဂြိုဟ် ခေါ်ဆိုမည်မှန်း လက်သန်းအဌဂဃထာကို သိသာနုသိသတို့အား မပင်မပန်း ကမ်းတဘက်ရောက် တတ်မြောက်ကြစေခြင်းအလို့ငှာ အလုံမြို့ သာစည်ရွာ လေးထပ်ကြီးဆရာတော်ဘုရားကြီးသည် သင်္ဂြိုဟ်ဂဏ္ဌိ အယွက်အတက် စုဒ်စောဒနာ အဓိပ္ပါယတ္ထနှင့်တကွ ရေးသားစီရင်တော်မူအပ်သော သင်္ဂြိုဟ်စုဒ်စောဒနာ ဂဏ္ဌိစာအုပ်ရှင် ပြည်မြို့နေ စာအုပ်ကုန်သည် ဦးစံလှ"ဟု ပါရှိလေသည်။ ကျမ်းဦး၌ "ဗုဒ္ဓံ ဝမ္မံ သံဃံ အဟံ ဝန္ဒာမိ၊ ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု"ဟူ၍ ဖော်ပြ၍ ကျမ်းကို ပြုစီရင်တော်မူခဲ့လေသည်။ ပုံနှိပ်မြင်း နိဒါန်းကိုလည်း-

"ဗုဒ္ဓါ ဗောဓေယ္မ၊
မုတ္တာ မောစေယ္မ၊
တိဏ္ဏာ တာရေယ္မ"

အောင်သံတစ်ခြိမ်း ပဲ့တင်ဟိန်းလျက် မာရ်ငြိမ်းပြီးမြောက် လေးကြိမ်ရောက်လျှင် ရွှေအိမ်ပြင်ဝယ် ဆင်ခြင်ဘိဓမ္မာ ရတနာယရ သတ္တာဟမ္မ ကြွခဲ့ပြီးခါ မိဂဒါဝုန်ဌာန သားမျိုးခလျက် ပဌမဝါ ကပ်ပြီးခါသော် ၇-ဝါအကြိမ် ငါးအာလိန်အရှင် ဝတိပြင်ဝယ် ထက်ယဉ်ဖွဲ့ခွေ နေပြီးသရော် မယ်တော်နတ်သားအား တရားအဘိဓမ္မာ မြိုက်သြဇာကို ယထာရဟ ကျွေးပြီးမှလျှင် ချမ်းမြေ့ရိပ်ထူး စန္ဒကူးမြှင် နံ့ကြူလှိုင်သည့် ဂန္ဓိုင်မော်ဝယ် နေ့သန့် စမ္ဘာယ်တော်မှုရာ သာဝက အဂ္ဂသေနာပတိဖြစ်သော အရှင်သာရိပုတ္တရာအား လေးပါးသော ပရမတ် ပိဋ္ဌကတ်ကို တစ်ထပ် ဟောကြားတော်မူသတည်း။

ထိုမှဆင့်ဟား တရားဓမ္မစက်ကို ယထာဂ္ဂမ သိသာနုသိသ သင်ပို့ချ၍ အမရပူရိန် တဆူထိန်သည့် ဘူမိန်ဥဂ္ဂင် သမုတိနတ်မင်းမြတ်တို့ ကိုးကွယ်ဆည်းကပ်သည့် တိုက်တော်ကြီးတွင် မင်းတဲ ဆရာတော်ဘုရားကြီးအထံမှ ဥပသမ္ပဒံကို ရပြီးသည့်နောက် ဖြိုးမောက်ချမ်းကြီး မန္တလေးမြို့ ရွှေကြိုးရစ်ဝိုက် သမိုက်အတွင်း စလင်းဆရာတော်ဘုရားကြီးတိုက်၌ ပဌမစာချ ဌာနန္တရ သိသ အပေါင်းတို့အား ကောင်းမွန်စွာ ပါဠိအဋ္ဌကထာဋီကာ ပို့ချလျက် နေစဉ်အခါ ရပ်ရွာဌာနေ သာစည်ဂါမတွင် ကျေးဇူးရှင်ဘုရား၏ ရူပကာယကို စျာပနကိစ္စဖြင့် ကြွရောက်ရာ မျှားစွာသောတပည့် ဒါယကာကြီးငယ် အပေါင်းတို့သည် ဝပ်ညောင်းခယ တောင်းပန်ကြ သဖြင့် အာဝါသ ရိပ်သာ လေးထပ်ကြီးဝိဟာဝယ် ယာပထလေးလံ မျှညီစဉ်အခါ သာသနာရောင် နေတန်ဆောင်သို့ ရှိန်ပြောင်မမှေး မန္တလေးရတနာပုံ ဇေယျံနဂရ ပဌမမြို့တည်နန်းတည် ပဋ္ဌမသံဂါယနာ တင် မင်းတရားကြီးလက်ထက် မဟာသယ်ရာဇာ သာသနာပိုင်ဆရာ တော်ဘုရားကြီး၏ အမိန့်တော်, သုဓမ္မာဆရာတော်, ရွှေကျင်ဆရာတော်, တောင်တော် ဆရာတော်, ပုခန်းဆရာတော်, တောင်ခွင် သာသနာပိုင်ဆရာတော်တို့က သာသနရိပ်ရာ ဂဏာစရိယ ဂဏ-ဝိမောက္ခအဖြစ်ဖြင့် အဆင့်ဆင့် ချီးပင့်တော်မူအပ်သော ဂိုဏ်းထောပ် အမိန့်တော် ၄-

စောင်,ဂိုဏ်းအုပ်အမိန့်တော် ၂-စောင်တို့ဖြင့် မြောက်ပင့် ချီးပင့်ခြင်း ခံရသော အလုံမြို့ သာစည်ရွာ လေးထပ်ကြီး ဆရာတော်ဘုရားသည် မျှားစွာသော တပည့်ပရိသတ်တို့အား ဟောကြားပို့ချ၍ အားလပ်သောအခါ မြင်းဝန်ဆရာတော်ဘုရားကြီး၏ နည်းဥပဒေသကို အရကိုင်စွဲ တကဲအမှီပြု၍ နောက်သားနောင်လာ စာချစာသင်သားတို့အား မပင်မပန်း တဘက်ကမ်းရောက် တတ်မြောက်စေခြင်း အကျိုးငှာ သင်္ဂြိဟ်ဂဏ္ဌိအထွက်အတက် စုဒ်စောဒနာ အခိပ္ပါယတ္ထနှင့် ရေးသားပြုစုတော်မူသော ဤသင်္ဂြိဟ်စုဒ်စောဒနာဂဏ္ဌိ ကျမ်းကို မန္တလေးမြို့ ဆိုင်တန်း ရတနာသိဒ္ဓိစာပုံနှိပ်တိုက်တွင် စက်တင်ပုံနှိပ်ပါသတည်း-ဟု ရေးသားဖော်ပြခဲ့လေသည်။

မဟာဓမ္မိကာရာမစလင်းတိုက် သင်္ဂြိဟ်ချနည်း

ဖော်ပြပါ သင်္ဂြိဟ်စုဒ်စောဒနာဂဏ္ဌိကျမ်းကြီးသည် မဟာဓမ္မိကာရာမစလင်းတိုက်၏ သင်္ဂြိဟ်ချနည်းကို ပြောနေသည်။ သို့ဖြစ်၍ သာသနာဝန် စာတော်ဖတ် ပရိယတ္တိသာသနာ့ဝန်ဆောင် အရှင်သူမြတ်တို့ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ ၅၀၀-ခန့်ရှိ သင်္ဂြိဟ်စုဒ်စောဒနာဂဏ္ဌိကျမ်းကြီးမှာ မဒေါက်ဖော်ပြပါ သင်္ဂြိဟ်စုဒ်စောဒနာဂဏ္ဌိပဏာမကို ကြည့်ရှု၍ ကိုယ်တိုင် မဟာဓမ္မိကာရာမ သင်္ဂြိဟ်ချရိုးပို့စဉ်ကို သဲလွန်စသိရှိရာသတည်း။

သမ္မာသမ္ဗုဒ္ဓမတုလံ၊ သသဒ္ဓမ္မဂဏုတ္တမံ။
အဘိဝါဒိယ ဘာသိဿံ၊ အဘိဓမ္မတ္ထသင်္ဂဟံ။

အဟံ= ငါသည်။ သသဒ္ဓမ္မဂဏုတ္တမံ= သူတော်ကောင်းတို့ဟရား, ပရမတ္ထအားဖြင့် ထင်ရှားရှိသောတရား, ချီးမွမ်းအပ်သောတရား, ကျော်စောသော ပုထုဇဉ်ပုဂ္ဂိုလ်တို့ထက် အထူးသဖြင့် ကျော်စောသော နှုတ်အပ်ပြီးသော အဝိဇ္ဇာရှိသော မြတ်သောအရိယာပုဂ္ဂိုလ် အပေါင်းနှင့်တကွ ဖြစ်တော်မူထသော။ အတုလံ= သီလအစရှိသော ဂုဏ်တို့ကြောင့် ကစုံတယောက်သောသူနှင့် တူတော်မမူထသော။ သမ္မာသမ္ဗုဒ္ဓံ= သဓံကအသခ်ိတအားဖြင့်ပြားသော ခပ်သိမ်းသောတရား

တို့ကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလိုသာ သိတော်မူပြီးသော မြတ်စွာဘုရားကို။

တစ်နည်းကား။ သမ္မာသမ္ဗုဒ္ဓံ= မဖောက်မပြန် ကောင်းမွန်လှစွာ ဆရာကင်းပြီး မင်ခရီးဖြင့် ပြည်ကြီးပူရ အမတသို့ ကြွဟော်မူပြီးသော မြတ်စွာဘုရားကို။ အဘိဝါဒိယ-အဘိဝန္ဒာမိ= အထူးသဖြင့် ရှိခိုး၏။ အဘိဝါဒိယ-အဘိဝန္ဒိတ္တာ= အထူးသဖြင့် ရှိခိုးဦး၍။

တစ်နည်းကား။ အဘိဝါဒိယ ဝိသေသတော ဝန္ဒာမိ= ဘယလာဘ ကုလကြဉ်ရှောင် ဂုဏ်တော်ပေါင်းကို အောက်မေ့သဖြင့် အသင့်နှလုံး ဆို့ပိတ်ဖုံးလျက် သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆွသဒ္ဓါ ရှိခိုးပါ၏။ အဘိဝါဒိယ ဝိသေသတော ဝန္ဒာမိ= ဘယ လာဘ ကုလကြဉ်ရှောင် ဂုဏ်တော်ပေါင်းကို အောက်မေ့သဖြင့် အသင့်နှလုံး ဆို့ပိတ်ဖုံးလျက် သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆွညွှတ်နှူး ရှိခိုးဦး၍။ အဘိဓမ္မတ္ထသင်္ဂဟံ= အဘိဓမ္မာ ၇-ကျမ်းဌ ဟောတော်မူအပ်ကုန်သော အနက်တို့၏ အကျဉ်းအားဖြင့် ယူရာယူကြောင်း သင်ကြားကြောင်းဖြစ်ခြင်းကြောင့် အဘိဓမ္မတ္ထသင်္ဂဟ အမည်ရှိသော ကျမ်းကို။ ဘာသိဿံ-ကထေဿာမိ= ဟောပေအံ့။

အဘိဓမ္မတ္ထသင်္ဂြိဟ် ခေါ်ဆိုမည်မှန်း လက်သန်းအဌကထာ ကျမ်းကို ကြိုးပမ်းအားထုတ်တော်မူလိုသော အနုရုဒ္ဓါဆရာသည် ရှေးဦးစွာ အစဉ်အတိုင်း ရတနာသုံးပါးတို့အား ရှိခိုးခြင်း, ကျမ်း၏ အနက်, ကျမ်းပြုသော အခြင်းအရာ, ကျမ်း၏အမည်, ကျမ်း၏အကျိုးတို့ကို ပြတော်မူလိုသည်ဖြစ်၍ "သမ္မာသမ္ဗုဒ္ဓမကုလံ" အစရှိသောပါဠိကို မိန့်သတည်း။

တစ်နည်းကား။ ခပ်သိမ်းသောကျမ်းပြုဆရာတော်တို့ သဘောသည် ကျမ်းမပြုမီရှေးအဘို့၌ အန္တရာယ်ပျောက်ခြင်း ကျမ်းပြီးခြင်း အကျိုးရှိသော အာသီသပုဗ္ဗကဂန္ထာရမ္ဘ, ပဏာမပုဗ္ဗကဂန္ထာရမ္ဘ, ဝတ္ထုပုဗ္ဗကဂန္ထာရမ္ဘ-ဟုဆိုအပ်သော ၃-ပါးသော ဂန္ထာရမ္ဘပုဗ္ဗကတို့တွင် တပါးပါးသော ဂန္ထာရမ္ဘပုဗ္ဗကဖြင့် ကျမ်းကို အားထုတ်မြဲဖြစ်၍ အနုရုဒ္ဓါ ဆရာသည်လည်းကောင်း၊ ကျမ်းပြုဆရာတော်ဖြစ်ရကား ကျမ်းမပြု

မိ မရှေ့အဘို့၌ အန္တရာယ်ပျောက်ကင်းခြင်း၊ ကျမ်းပြီးခြင်းအကျိုးရှိသော ပဏာမပုဗ္ဗကဂန္ထရမ္ဘာဖြင့် ကျမ်းကို အားထုတ်တော်မူလိုရကား "သမ္မာ-သမ္မုဒ္ဓမတုလံ" အစရှိသောပါဠိကို မိန့်သတည်း။ ထိုပါဠိအပေါင်းတို့တွင် ဖြေလိုရင်းပါဠိကား "အဟံ အဘိဝါဒိယ ဘာသိဿံ"ဟူသည်တည်း။ အဓိပ္ပါယ်ကား "ငါသည် ရှိခိုး၍ ဆိုပေအံ့"ဟူလို။

အနုရုဒ္ဓါဆရာ ဆရာရှိခိုးအပ်သော ပဏာမ၏ ပဏာမိတဗ္ဗသည် စန္ဒီ ပရမိသွာ မဟာပိန္ဒဲ ကတဲ-စသော နတ်တို့ကို ရှိခိုးသလော၊ စောဒနာဘွယ်ရှိ၍ ထိုစောဒနာကို ဖြေဆိုခြင်းငှာ "သမ္မာ သမ္မုဒ္ဓံ"ဟူသော ပါဠိကို မိန့်သတည်း။ ထိုပါဠိ၏အဓိပ္ပါယ်ကား ငါရှိခိုးအပ်သော ပဏာမ၏ ပဏာမိတဗ္ဗသည် ပရမိသွာ မဟာပိန္ဒဲ စသော နတ်မဟုတ်၊ ဘုရားကို ရှိခိုး၏ဟူလို။

အနုရုဒ္ဓါဆရာ ဆရာ ရှိခိုးသောဟု ဆို၏။ ဆရာရှိခိုးအပ်သော ဘုရားသည် အဘယ်ဂုဏ်ဝိသေသရှိပါသနည်း။ ဂုဏ်ဝိသေသရှိသောသူ၌ ပြုအပ်သောပဏာမသာ ဆရာအလိုရှိအပ်သော အန္တ-ရာယ်ပျောက်ခြင်း အကျိုးရှိရာ၏။ ဂုဏ်ဝိသေသမရှိသူ၌ ပြုအပ်သော ပဏာမသည် ဆရာအလိုရှိအပ်သော အန္တရာယ်ပျောက်ခြင်း၊ ကျမ်းပြီးခြင်း အကျိုးမပြီးရာဖြစ်၍ ဆရာရှိခိုးအပ်သောဘုရားသည် အဘယ်ဂုဏ်ဝိသေသရှိပါသနည်း။ ဤသို့ စောဒနာဘွယ်ရှိ၍ ထိုစောဒနာကို ဖြေခြင်းငှာ "အတုလံ"ဟူသောပါဠိကို မိန့်သတည်း။

အဓိပ္ပါယ်ကား။ ငါရှိခိုးအပ်သော ဘုရားသည် သီလသမာဓိ စသောဂုဏ်တို့ကြောင့် တစုံတယောက်သောသူနှင့် မတူသောဂုဏ်ရှိသည်ဖြစ်၏ဟူလို။

အရှင်အနုရုဒ္ဓါဆရာ ဘုရားကို ရှိခိုးဟု ဆို၏။ ဘုရားကိုသာ ရှိခိုးကောင်းသလော။ ဘုရား၌ပြုအပ်သော ပဏာမသာ အန္တရာယ်ပျောက်ခြင်း၊ ကျမ်းပြီးခြင်း အကျိုးပြီးသလော-ဟု စောဒနာဘွယ်ရှိ၍ "သသဒ္ဓမ္မဂဏ္ဌတ္တမံ"ဟူသောပါဠိကို မိန့်သတည်း။

တစ်နည်းကား။ ဤသမ္မာသမ္မုဒ္ဓမတုလံ-ဟူသော ပုဒ်နှစ်ခု အပေါင်းဖြင့် ဘုရားရတနာကို သုံးပါးသောဂုဏ်အစုတို့ဖြင့် ကောင်းစွာ

ယူအပ်ပြီးသော ခြီးမွမ်းခြင်းလျှင် ပြဌာန်းခြင်းရှိသော ရှိခိုးခြင်းကို ပြုပြီး၍ ယခုအခါ၌ ကြွင်းသောတရား, သံယာတို့အား ရှိခိုးခြင်းပဏာမ ကို အားထုတ်တော်မူလိုသော အနုရုဒ္ဓါဆရာသည် သသဒ္ဓမ္မဂဏ္ဌတ္တမံ ဟူသောပါဠိကို မိန့်သတည်း။

အရှင်အနုရုဒ္ဓါဆရာ ဆရာသည်ရှိခိုးသော တရား,သံယာ သည် အဘယ်ဂုဏ်ထူးဝိသေသ ရှိပါသနည်း။ ဂုဏ်ယူးဝိသေသမရှိ သော သူကို ရှိခိုးကုန်သည်ရှိသော် ဆရာ၌ အန္ဓရာယ်ပျောက်ခြင်း ကျမ်းပြီးခြင်းတည်းဟူသော အကျိုးမပြီးရာဟု စောဒနာဘွယ်ရှိ၍ "ဥတ္တမံ"ဟူသောပါဠိကို မိန့်သတည်း။

ငါရှိခိုးအပ်သော တရားတော်သည် သူတော်ကောင်းဖြစ်ကုန် သော အရိယာပုဂ္ဂိုလ်တို့၏တရား, ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရား, ခြီးမွမ်းအပ်သောတရား ဖြစ်ကုန်၏ဟူလို။

ငါရှိခိုးအပ်သော သံယာတော်သည် နတ်လူဗြဟ္မာပေါင်းတို့တွင် နတ်လူအပေါင်းတို့ထက် မြတ်သော အရိယာပုဂ္ဂိုလ်အပေါင်းဖြစ်၏ ဟူလို။

အနုရုဒ္ဓါဆရာ ဘုရားတရားသံယာကို့ကို ရှိခိုး၍ ဆိုပေအံ့ဟု ဆို၏။ ဆရာဆိုလတံ့သောကျမ်းသည် အမည်နာမမရှိ အနာမိက ကျမ်းဖြစ်လေသလော။ သို့တည်းမဟုတ် အဘိဓမ္မာဝတာရစသော ကျမ်းတို့ကပင် ဖြစ်လေသလော။ ဤသို့ မေးဘွယ်ရှိ၍ အဘိဓမ္မတ္ထ သင်္ဂဟံဟူသောပါဠိကို မိန့်သတည်း။

တစ်နည်းကား။ အဘိဓမ္မတ္ထသင်္ဂြိဟ် ခေါ်ဆိုမည်မှန်း လက် သန်း အဋ္ဌကထာဖြစ်၏ဟူလို။

အနုရုဒ္ဓါဆရာ ဆရာသည် အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းကို အားမထုတ်မီ ရှေးဦးစွာ အစဉ်အတိုင်း ရတနတ္တယပဏာမ ပဏာမိ တဗ္ဗ ပဏာမဟေတု အဘိဓေယ္ယ ကရဏာပကာရ ပကရဏာဘိဓာန ပယောဇဉ် ကတ္တား ပဋ္ဌညာဉ် ပဋ္ဌညာတဗ္ဗ။ ဤဆယ်ပါးသော အနက်တို့ကို ပြတော်မူလို၍ "သမ္မာသမ္ဗုဒ္ဓမတုလံ" အစရှိသောပါဠိကို မိန့်သတည်း။ ထိုဆယ်ပါးတို့တွင်-

ရတနာသုံးပါးအပေါင်းအား ရှိခိုးကြောင်း စေတနာသည် **ရတနတ္တယပဏာမမည်**၏။ ထိုရတနတ္တယ ပဏာမကို 'အဘိဝါဒိယ' ဟူသောပါဠိဖြင့် ပြ၏။

ရှိခိုးအပ်သော ရတနာသုံးပါးသည် **ပဏာမိတဗ္ဗမည်**၏။ ထိုပဏာမိတဗ္ဗကို 'သမ္မာသမ္ဗုဒ္ဓ'ဟူသောပါဠိ, 'ဓမ္မ'ဟူသောပါဠိ, 'ဂဏ' ဟူသောပါဠိဖြင့် ပြ၏။

နတ်လူအပေါင်းတို့၏ ရှိခိုးခြင်းကို ခံထိုက်သော သီလ သမာဓိစသော ဂုဏ်တော်သည် **ပဏာမဟေတုမည်**၏။ ထိုပဏာမ ဟေတုကို 'အတုလံ, သသဒ္ဓမ္မဂဏ္ဌတ္တမံ'ဟူသောပါဠိဖြင့် ပြ၏။

ထိုရတနတ္တယပဏာမ ပဏာမိတဗ္ဗ ပဏာမဟေတုကို ပြခြင်းသည် အကြောင်း။ ထို့ကြောင့် အားထုတ်အပ်သောကျမ်း၏ အန္တရာယ်မရှိသဖြင့် ပြီးခြင်းအကျိုးလည်း ရှိ၏။ စာသင်သားတို့၏ ရှိခိုးခြင်းလျှင် ပြဌာန်းခြင်းရှိသော အကျင့်ဖြင့် အန္တရာယ်မရှိသည် ဖြစ်၍ သင်ခြင်း, ဆောင်ခြင်းအစရှိသည်တို့၏ ပြီးခြင်းအကျိုးလည်း ရှိ၏။ အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း၌ ဆိုအပ်သောအနက်သည် **အဘိ ဓေယျ**မည်၏။

ကျမ်းကိုပြုသော အခြင်းအရာသည် **ကရဏပကာရ**မည်၏။

အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းတည်းဟူသော အမည်သည် **ပက ရဏာဘိဓာန**မည်၏။ ထိုအဘိဓေယျ ကရဏပကာရ ပကရဏာ ဘိဓာန သုံးပါးကို 'အဘိဓမ္မတ္ထသင်္ဂဟံ'ဟူသောပါဠိဖြင့် ပြအပ်ကုန်၏။

အဘယ်ကြောင့်နည်းဟူမူကား အဘိဓမ္မာခုနစ်ကျမ်း၌ ဟော တော်မူအပ်ကုန်သော အနက်တို့ကို ဤအဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း၌ ရေတွက်အပ်သည်၏အဖြစ်ကို ပြသဖြင့် ထိုအဘိဓမ္မာ၏အနက်တို့ကို အပေါင်းဖြစ်သောကျမ်းဖြင့် သိစေအပ်သည်၏အဖြစ်ကို ပြသော ကြောင့်လည်းကောင်း၊ ဤအဘိဓမ္မာသင်္ဂြိဟ်ကျမ်း၌ ပေါင်းရုံး၍ဆိုအပ် သော အခြင်းအရာကို ပြသောကြောင့်လည်းကောင်း၊ အနက်သို့ အစဉ်လိုက်သောအမည်ကို ပြသောကြောင့်လည်းကောင်း အဘိဓေယျ ကို ဆိုခြင်းသည်ကား သိအပ်ပြီးသော အနက်ရှိသည်သာလျှင် ဖြစ်

သောကျမ်းကို ပညာရှိတို့သည် သင်ခြင်းအစရှိသည်တို့၏အစွမ်းဖြင့် မှီဝဲအပ်သည်၏အဖြစ်ကြောင့် မှီဝဲစေရခြင်း အကျိုးရှိ၏။

ကရဏာပကာရကို ပြခြင်းသည် စာသင်သားတို့၏အားယုတ်ခြင်းတို့ကို ဖြစ်စေခြင်း အကျိုးရှိ၏။

အဘိဓာနကို ဆိုခြင်းသည်ကား ဤကျမ်းသည် အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းဟု ခေါ်ဝေါ်လွယ်ကူစေခြင်း အကျိုးရှိ၏။

ပယောဇဉ်ဟူသည်ကား မုချပယောဇဉ်, ပရံပရပယောဇဉ် ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အဘိဓမ္မာ၏အနက်တို့ကို ဤအဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း တစ်ကျမ်းတည်း၌ ပေါင်းရုံး၍ထားသည်ရှိသော် စာသင်သားတို့အား ထိုအဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းကို သင်ခြင်း, မေးမြန်းခြင်း အစရှိသည်တို့၏အစွမ်းဖြင့် ထိုအဘိဓမ္မာ၏အနက်တို့၏သရုပ်တို့ကို ထိုးထွင်း၍ သိ၏။ ဤသည်လျှင် **မုချပယောဇဉ်**မည်၏။

ဤအဘိဓမ္မာ၏သရုပ်ကို အဟုတ်အဟတ်ထိုးထွင်း၍သိသောကြောင့် မြတ်စွာဘုရားသည် ထိုထိုသို့သော ပိဋကတ်တို့၌ အကြင်အမှုကို မပြုအပ်ဟု ပယ်တော်မူ၏။ ထိုပယ်တော်မူသောအမှုကို ကြဉ်ရှောင်ရာ၏။ အကြင်အမှုကို ပြုကျင့်အပ်၏ဟု ခွင့်ပြုတော်မူ၏။ ထိုအမှုကို ကောင်းစွာဆောက်တည်၍ ကျင့်အပ်၏။ ထိုသို့ မပြုအပ်သည်ကို မပြု၍ ပြုအပ်သည်ကိုသာ ပြုရသောကြောင့် ငါသည် မြတ်စွာဘုရား မြစ်တော်မူအပ်သည်ကို မကျင့်မိ၊ ခွင့်ပြုတော်မူအပ်သည်ကိုသာ ကျင့်မိ၏ဟု ဆင်ခြင်သောသူအား အဝိပ္ပဋိသာရစိတ္တုပ္ပါဒ် ဖြစ်၏။ ထိုအဝိပ္ပဋိသာရစိတ္တုပ္ပါဒ်ဖြစ်သောသူအား ပါမောဇ္ဇဖြစ်၏။ ပါမောဇ္ဇဖြစ်သောသူအား ပီတိဖြစ်၏။ ပီတိဖြစ်သောသူအား ပဿဒ္ဓိဖြစ်၏။ ပဿဒ္ဓိဖြစ်သောသူအား သုခဖြစ်၏။ သုခဖြစ်သောသူအား သမာဓိဖြစ်၏။ သမာဓိဖြစ်သောသူအား ယထာဘူတညာဏ်ဖြစ်၏။ ယထာဘူတညာဏ်ဖြစ်သောသူအား သဂ္ဂ, မောက္ခဟူသောကျိုးနှစ်ပါးကို ရ၏။ ဤသည်လျှင် **ပရံပရပယောဇဉ်**မည်၏။ ဤပယောဇဉ်နှစ်ပါးကို 'သဂ်ဟံ'ဟူသောပုဒ်၏အစွမ်းဖြင့် ပြ၏။ ပယောဇဉ်ပြုရခြင်းသည် စာသင်သားတို့အား အားထုတ်ခြင်းကို ဖြစ်စေရခြင်းအကျိုးရှိ၏။

ဤကျမ်းကိုပြုသော အရှင်အနုရုဒ္ဓါဆရာသည် ကတ္တားမည်၏။ ထိုကတ္တားကို 'ဘာသိသံ'ဟူသောပုဒ်၌ သံဝိဘတ်ဖြင့် ပြ၏။

ကျမ်းကို ပြုအံ့ဟု ဝန်ခံခြင်းသည် ပဋိညာဉ် မည်၏။ ထိုပဋိညာဉ်ကို 'ဘာသိသံ'၌ ဘာသဓာတ်ဖြင့် ပြ၏။

ဝန်ခံအပ်သောကျမ်း၏ သဝိသတ္တိကဝစီဘေဒသည် ပဋိညာတဗ္ဗ မည်၏။ ထိုပဋိညာတဗ္ဗကို 'အဘိဓမ္မတ္ထသင်္ဂဟံ'ဟူသောပါဠိဖြင့် ပြီး၏။

အဟံ-ကား သည်ဟူ၍အနက်ပေးသောကြောင့် အဘိဝါဒိယ၌ တွာပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကတ္တား၊ အဘိဝါဒိယ-ကား ကတ္တားကိုဟောသော ကိတ်ကြိယာဝါစက။

အဟံ-ကား သည်ဟူ၍အနက်ပေးသောကြောင့် ဘာသိသံ၌ သံဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစသည် ဟောအပ်သော ဝုတ္တကတ္တား၊ ဘာသိသံ-ကား ကတ္တားကိုဟောသော အာ-ချာတ်ကြိယာဝါစက။

အတုလံ-ကား သောဟူ၍အနက်ပေးသောကြောင့် သမ္မာသမ္ဘုဒ္ဓံ၌ အာသယာသယဿဘာဝတုလျာမိကရဏဝိသေသန၊ သမ္မာသမ္ဘုဒ္ဓံ-ကား -တုလျာမိကရဏဝိသေသျ။

သသဒ္ဓမ္မဂဏ္ဌတ္ထမံ-ကား သောဟူ၍အနက်ပေးသောကြောင့် သမ္မာသမ္ဘုဒ္ဓံ၌ -ဝိသေသန။ သမ္မာသမ္ဘုဒ္ဓံ-ကား -ဝိသေသျ။

သမ္မာသမ္ဘုဒ္ဓံ-ကား ကိုဟူ၍အနက်ပေးသောကြောင့် အဘိဝါဒိယ၌ တွာပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ အဘိဝါဒိယ-ကား ထိုကံကို မဟောသော ကိတ်ကြိယာဝါစက။

အဘိဝါဒိယ-ကား ဟုဟူ၍အနက်ပေးသောကြောင့် ဘာ-သိသံ၌ ပုဗ္ဗကာလကြိယာ၊ ဘာသိသံ-ကား အပရကာလအာချတ်ကြိယာဝါစက။

အဘိဓမ္မတ္ထသင်္ဂဟ-ကား ကိုဟူ၍အနက်ပေးသောကြောင့် ဘာသိသင့်၌ သင်ဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ ဘာသိသင့်-ကား ထိုကံကိုမဟောသော အာချာတ်ကြိယာဝါစကတည်း။

သမ္မာ သာမဉ္ဉ သဗ္ဗဓမ္မေ အဘိသမ္မုဒ္ဓေါတိ သမ္မာသမ္မုဒ္ဓေါ။

ယော ဘဂဝါ= အကြင်မြတ်စွာဘုရားသည်။ သမ္မာ အဝိ-ပရိတံ= မဖောက်မပြန်။ သာမဉ္ဉ-သာမံ ဧဝ= ကိုယ်တော်တိုင်သာ။ သဗ္ဗဓမ္မေ= အလုံးစုံသော သစ္စာလေးပါးတို့ကို။ ဝါ= ဥ ယျမံတရားငါးပါးတို့ကို။ အဘိသမ္မုဒ္ဓေါ= ထိုးထွင်း၍သာ သိတော်မူပြီ။ ဣတိ တသ္မာ= ထို့ကြောင့်။ သော ဘဂဝါ= သည်။ သမ္မာသမ္မုဒ္ဓေါ= မည်တော်မူ၏။

သမ္မာ-ရှေး၊ သံရှေးရှိသော ဗုဒ္ဓဓာတ်၊ တပစ္စည်း။ ဗုဒ္ဓ-ဓာတ်၏အရကား မဖောက်မပြန်ကိုယ်တော်တိုင်။ ဝါ= သစ္စာလေးပါး တို့ကို။ ဝါ= ဥ ယျမံတရားငါးပါးတို့ကို သိစွမ်းနိုင်သော သဗ္ဗညုတ ဉာဏ်ပြဌာန်းသော စိတ္တုပ္ပါဒ်တော်သည် မုချတ္ထအားဖြင့် ရ၏။ ပါရမီ ဉာဏ်, ဝိပဿနာဉာဏ်, အောက်မဂ်ဉာဏ် ဖိုလ်ဉာဏ်တော်တို့သည် ဖလူပစာရအားဖြင့် ရ၏။ အာသယာနုသယဉာဏ်, ဣန္ဒြိယပရော ပရိယတ္တိဉာဏ်, ဒေသနာဉာဏ်, ပစ္စဝေက္ခဏာဉာဏ် အစရှိသော နောက်နောက်သော ဉာဏ်တော်တို့သည် ကာရဏူပစာရတ္ထအားဖြင့် ရ၏။

တပစ္စည်း၏အရကား ထိုမုချဖလူကာရဏူပစာရတ္ထတို့ဖြင့် မှတ်အပ်သော အနုတ္တရဝိမောက္ခတို့ဖြင့်ထုံအပ်သော ခန္ဓာပဉ္စက သန္တာန်ကို စွဲ၍ ဘုရားဟုသမုတ်အပ်သော သတ္တသန္တာနပညတ်ခြင်း ဝိသေသရ၏။

တစ်နည်း။ "သမ္မာ အစ္စန္တံ သာမံယေဝ သဝါသနသမ္မောဟ နိဒ္ဓါယ ဗုဇ္ဈတိ ဇာဂရောတိတိ သမ္မာသမ္ဗုဒ္ဓေါ။"

ယော ဘဂဝါ= သည်။ သမ္မာ အစ္စန္တံ= စင်စစ်။ သာမံ ယေဝ= ကိုယ်တော်တိုင်သာလျှင်။ သဝါသနသမ္မောဟနိဒ္ဓါယ= ဝါသနာနှင့်တကွ မောဟသာလျှင်ဖြစ်သော ပြင်းစွာသောအိပ်ပျော်ခြင်းမှ။ ဗုဇ္ဈတိ-ဇာဂရောတိ= နိုးတော်မူတတ်၏။ ဣတိတသ္မာ= ထို့ကြောင့်။ သော ဘဂဝါ= သည်။ သမ္မာသမ္ဗုဒ္ဓေါ= မည်၏။

တစ်နည်း။ "သာမံ ဉာယေန သာမံ ဧဝ သဗ္ဗညုတဉာဏ-ပတ္တိယာ ဗုဒ္ဓတိ ဝိကသတိတိ သမ္မာသမ္ဗုဒ္ဓေါ။"

ယော ဘဂဝါ= သည်။ သာမံ ဉာယေန= အသင့်အားဖြင့်။ သာမံ ဧဝ= လျှင်။ သဗ္ဗညုတဉာဏပတ္တိယာ= သဗ္ဗညုတဉာဏ်သို့ရောက်သဖြင့်။ ဗုဒ္ဓတိ ဝိကသတိ= ပွင့်တော်မူ၏။ ဣတိ တသ္မာ= ထို့ကြောင့်။ သော ဘဂဝါ= သည်။ သမ္မာသမ္ဗုဒ္ဓေါ= မည်၏။

ပဌမဝိကပ်၌ သမ္မာသဒ္ဒါသည် အဝိပရိတအနက်ကို ဟော၏။ သံသဒ္ဒါသည် သာမံဟူသောအနက်ကို ဟော၏။ ဗုဓောတ်သည် ဉာဏဟူသောအနက်ကို ဟော၏။

ဒုတိယဝိကပ်၌ သမ္မာသဒ္ဒါသည် အစ္စန္တအနက်ကို ဟော၏။ သံသဒ္ဒါသည် သယံအနက်ကို ဟော၏။ ဗုဓောတ်သည် ဇာဂရအနက်, နိုးပြင်းအနက်ကို ဟော၏။

သမ္မာသမ္ဗုဒ္ဓေါဟူသောပုဒ်၌ သမ္မာသဒ္ဒါ၏အရကား ယထာဝသရသလက္ခဏာပဋိဝေဓဝေသနဟူသောပါဠိဖြင့် မိမိသဘောလက္ခဏာကို ထိုးထွင်း၍သိတော်မူ၏ဟု သမ္မာသဒ္ဒါ၏ အဝိပရိတအနက်ကို ဖွင့်ပြတော်မူ၏။ သံသဒ္ဒါ၏အရကို သယံ ဝိစိတော ဝိစိတပါရမိတာ သမ္ဘုတေန သယမ္ဘုဉာဏေန သာမံ-ဟူသောပါဠိဖြင့် ဖြည့်ဆည်းပူးတော်မူအပ်သော အဖန်တလဲလဲ ဖြည့်ဆည်းပူးတော်မူအပ်သော ဒသပါရမီ, ဒသဥပပါရမီ, ဒသပရမတ္ထ ပါရမီတော်တို့ကြောင့်ဖြစ်သော သယမ္ဘုဉာဏ်ဖြင့် ကိုယ်တော်တိုင်သိတော်မူ၏ဟု သံသဒ္ဒါ၏အနက်

ဖွင့်ပြတော်မူ၏။ သဗ္ဗဓမ္မေဟူသော ကံကို "သော ဟိ သခ်္ခာ-သခ်္ခတဘေဒံ သကလံပိ ဓမ္မဇာတံ"ဟူသောပါဠိဖြင့် သခ်္ခတအသခ်္ခတ အားဖြင့် အပြားရှိသော အလုံးစုံသောတရားအပေါင်းကို ထိုးထွင်း၍ သိတော်မူ၏ဟု သဗ္ဗဓမ္မေဟူသော ကံပုဒ်၏အရကို ပြတော်မူ၏။ နိဗ္ဗာန်ကြဉ်သော ပရမတ္ထဓမ္မသည် သခ်္ခတမည်၏။ နိဗ္ဗာန်သည် အသခ်္ခတမည်၏။

ဗုဒ္ဓေါတိဝစနံ နာမ၊ ဗုဇ္ဈတီတိဝစနတ္ထော။
ဝစနဟေတု ဇောတကတ္ထော၊
ဒုတိယဇောတကေ အတ္ထဇောတကော။
တပစ္စယော တု ဝစနိယော စ ဒသဖလာဒိကော။
ဝစနီယတ္ထနာမောတိ၊ တညုနာ ဆဋ္ဌိတော မတော။

ဟူသောဂါထာနှင့်အညီ ဝစန၊ ဝစနတ္ထ၊ ဝစနဟေတု၊ ဝစနဟေတုဇောတက၊ ဝစနိယ၊ ဝစနိယတ္ထအားဖြင့် ခြောက်ပါးသောအနက်တို့ကို သိအပ်ကုန်၏။ ထိုခြောက်ပါးသောအနက်တို့တွင်-

* သမ္မာသမ္ဗုဒ္ဓေါဟူသော သဒ္ဒါသည် ဝစနမည်၏။
* အဘိသမ္ဗုဒ္ဓေါအစရှိသော သဒ္ဒါသည် ဝစနတ္ထမည်၏။
* သိခြင်းအစရှိသော သဒ္ဒါသည် ဝစနဟေတုမည်၏။
  တနည်း- အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်သည် ဝစနဟေတုမည်၏။
* ဣတိသဒ္ဒါသည် ဝစနဟေတုဇောတကမည်၏။
* ဘုရားဖြစ်ဟူသော အနက်သည် ဝစနိယမည်၏။
  တစ်နည်း- တပစ္စည်းသည် ဝစနိယမည်၏။
* ဘဂဝါအစရှိသော ပရိယာယ်သဒ္ဒါသည် ဝစနိယတ္ထမည်၏။

ပဋ္ဌိသေဓေ ဝုဒ္ဓိတဇ္ဈာဝေ၊ အညတ္ထေ သဒိသေပိ စ။
ဝိရုဒ္ဓေ ဂရဟေ သုညေ၊ အကာရော ဝိရဟပ္ပကေ။

ဟူ၍မိန့်အပ်သော ဆယ်ပါးသောအနက်တို့တွင် အညတ္ထဇောတက နိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။

အရုကား သီလအစရှိသော ဂုဏ်တို့ဖြင့် နှိုင်းယှဉ်အပ်သော သူမှတပါးသော မြတ်စွာဘုရားသည် အပဌာနအားဖြင့် ရ၏။ သီလ အစရှိသောဂုဏ်တို့ဖြင့် နှိုင်းယှဉ်အပ်သောသူတို့မှတစ်ပါးသော အဖြစ် တည်းဟူသော မြတ်စွာဘုရား၏ အညဘောဂုဏ်သည် ပဌာနအားဖြင့် ရ၏။

တုလိယတိ ပမိတဗ္ဗဝတ္ထုံ ဇောယာတိ တုလာ။

ဇောယ သမာနာယ= ထိုခ္ပိန်ဖြင့်။ ပမိတဗ္ဗဝတ္ထုံ= နှိုင်းယှဉ် အပ်သောဝတ္ထုကို။ တုလိယတိ ပမိယတိ= နှိုင်းယှဉ်အပ်၏။ ဣတိ တသ္မာ= ကြောင့်။ သာ သမာနာ= ထိုခ္ပိန်သည်။ တုလာ= မည်၏။

တုလိယတိ ။လ။ ဇောယာတိ-ကား ကရဏသာဓနကိတ် ဝိဂြိုဟ်၊ ။လ။ ပုဒ်။ တုလဓာတ်၊ အပစ္စည်း။ တုလဓာတ်၏အရ ကတ္တုတ္ထကြိယာကား နှိုင်းယှဉ်တတ်သော ဉာဏ်ပြဌာန်းသော စိတ္တုပ္ပါဒ် သည် မုခ္ပအားဖြင့် ရ၏။ ကရဏတ္ထကြိယာ၏အရကား နှိုင်းယှဉ် တတ်သော ဉာဏ်အားတတ်သော နှိုင်းယှဉ်ကြောင်းဖြစ်သော ပကတိ ခ္ပိန်ရ၏။ အာရမ္မဏပစ္စယသတ္တိသည် ဌာနူပစာရတ္ထအားဖြင့် ရ၏။ အပစ္စည်း၏အရကား ထိုမုခ္ပဌာနူပစာရတ္ထတို့ဖြင့်မှတ်အပ်သော နှိုင်း ယှဉ်ကြောင်းဖြစ်သော ပကတိခ္ပိန်ရ၏။

တုလာ ဝိယာတိ တုလာ။

ယာ ဓမ္မဇာတိ= အကြင်သဘောတရားသည်။ တုလာဝိယ= ပကတိခ္ပိန်နှင့် တူသည်။ ဟောတိ= ၏။ ဣတိ တသ္မာ= ကြောင့်။ သာ ဓမ္မဇာတိ= သည်။ တုလာ= မည်၏။

တုလာ ဝိယာတိကား ဥပမာတဒ္ဓိတ်ဝိဂြိုဟ်။ တုလာကား ဥပမာတိဒ္ဓိတ်ပုဒ်။ တုလပုဒ်၊ ဏာပစ္စည်း။ တုလာဟူသော ရှေးပုဒ်၏ အရကား ပကတိချိန်ရ၏။ ပကတိချိန်၏အရကား ပညာနှင့် နှိုင်းယှဉ်ကြောင်း၏အဖြစ်အားဖြင့်တူခြင်းဟုဆိုအပ်သော သဒိသဘောဂုဏ်သည် သဒိသူပစာရတ္ထအားဖြင့် ရ၏။ ထိုသဒိသူပစာရတ္ထအားဖြင့် မှတ်အပ်သောပညာ ရ၏။

တုလာယ ပမိတော တုလော။

ယော ပုဂ္ဂလော= အကြင်ပုဂ္ဂိုလ်သည်။ တုလာယ= ချိန်နှင့် တူသော ပညာဖြင့်။ ပမိတော= နှိုင်းယှဉ်အပ်၏။ ဣတိ တသ္မာ= ကြောင့်။ သော ပုဂ္ဂလော= သည်။ တုလော= ၏။

တုလာယ ပမိတောကား ရာဂါဒိတဒ္ဓိတ်ဝိဂြိုဟ်။ တုလောကား ပုဒ်။ တုလပုဒ်၊ ဏာပစ္စည်း။ တုလဟူသော တဒ္ဓိတ်ပုဒ်အရကား နှိုင်းယှဉ်ကြောင်း ပညာရ၏။ ပညာ၏ နှိုင်းယှဉ်ကြောင်းကြိယာနှင့် သာဓန သာဓေတဗ္ဗအဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော ကြိယာကာရကသမ္ဗန်သည် ဌာနူပစာရတ္ထအားဖြင့် ရ၏။ ဏာပစ္စည်းအရကား ထိုမုချ ဌာနူပစာရတ္ထတို့ဖြင့်မှတ်အပ်သော နှိုင်းယှဉ်အပ်သောပုဂ္ဂိုလ်သည် အပဋ္ဌာနအားဖြင့် ရ၏။

နှ တုလော အတုလော။

တုလော= သီလအစရှိသောဂုဏ်တို့ဖြင့် တစုံတယောက်သောသူနှင့် တူသည်။ နှ= မဟုတ်။ အတုလော= သီလအရှိသောဂုဏ်တို့ဖြင့် တစုံတယောက်သောသူနှင့် တူသည်မဟုတ်။

နှ တုလောကား ကမ္မဓာရယတပ္ပုရိသ်သမာသ်ပုဒ်။ နဟူသော ရှေးပုဒ်၏အရကား သီလအစရှိသောဂုဏ်တို့ဖြင့် မနှိုင်းယှဉ်အပ်သူတို့မှ တပါးသောအဖြစ်တည်းဟူသော အညဘောဂုဏ်သည် မုချအားဖြင့် ရ၏။ အညဘောဂုဏ်၏ မြတ်စွာဘုရားဒြပ်တော်နှင့်

ဂုဏ်ဂုဏေးအဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္မန္ဓဘောသည် ဌာနူပစာရအားဖြင့် ရ၏။ အတုလောဟူသော သမာသ်ပုဒ်လုံး၏ အရကား ထိုမှုချဌာနူပစာရတ္ထအားဖြင့်မှတ်အပ်သော အနုတ္တရ ။လ။ ဝိသေသသည် ပဌာနအားဖြင့် ရ၏။ ဝိသေသပုဒ်တို့၏သဘောသည် ဂုဏ်ကိုသာ ပဌာနပြု၍ ဟောမြဲဖြစ်သောကြောင့် ။လ။ အနုတ္တသာ ပဌာနအားဖြင့် ရ၏။

နတ္ထိ တုလော ဧတသာတိ အတုလော။

ဧတသ သမ္မာသမ္ဗုဒ္ဓဿ= ထိုမြတ်စွာဘုရားအား။ အတုလော= တူသောသူသည်။ နတ္ထိ= မရှိ။ ဣတိ တဿ= ကြောင့်။ သော သမ္မာသမ္ဗုဒ္ဓေါ= သည်။ အတုလော= ၏။

နတ္ထိ ။လ။ ပုဗ္ဗပဒအတ္ထုဏာသံဝိညာဏာဒဟုဇ္ဇိဟိဝိဂြိဟ်၊ ပုဒ်။ နုပုဒ်၊ တုလပုဒ်။ နတုလ-ဟူသော သမာသ်ပုဒ်၏အရကား သီလအစရှိသောဂုဏ်တို့ဖြင့်တူသောသူ ကင်းတော်မူသောအဖြစ်တည်း ဟူသော ဝိရဟဘောဂုဏ်သည် မှုချအားဖြင့် ရ၏။

တစ်နည်း။ သီလအစရှိသောဂုဏ်တို့ဖြင့်တူသော တစုံတယောက်သောသူ၏ ဂုဏ်ကင်းတော်မူသော အဖြစ်တည်းဟူသော ဝိရဟဘောဂုဏ်သည် မှုချအားဖြင့် ရ၏။ ဝိရဟဘောဂုဏ်၏ မြတ်စွာဘုရားဒြပ်တော်နှင့် ဂုဏ်ဂုဏေးအဖြစ်ဖြင့် စပ်ခြင်းတည်းဟူသော သမ္ဗန်သည် ဌာနူပစာရတ္ထအားဖြင့် ရ၏။ ဧတေဟူသော အညပုဒ်၏ အရကား ထိုဌာနူပစာရအားဖြင့်မှတ်အပ်သော အနုတ္တရံ ။လ။ ဝိသေသသည် ဗဟုပဌာနအားဖြင့် ရ၏။ ဝိသေသနပုဒ်တို့၏သဘောသည် ဂုဏ်ကိုသာ ပဌာနပြု၍ ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော အနုတ္တသာ ပဌာနအားဖြင့် ရ၏။

သသဒ္ဓမ္မဂဏ္ဌတ္ထမံ-ဠ် သဟသဒ္ဒါသည် ရုဠ်ချာတံ ။လ။ ဆသု-ဟူသောဂါထာနှင့်အညီ တိဝိဓော သမ္ဗဝါယော ဂုဏဒဗ္ဗကြိယာ သမ္ဗဝါယဝသေန-ဟူ၍ မိန့်အပ်သော သပုတ္တော တုလောအစရှိသော

ပြယုဂ်တို့၌ကဲ့သို့ ဒဗ္ဗသမဝါယမ။ သပုတ္တော ဒါယော အာဂတော အစရှိ သောပြယုဂ်တို့၌ကဲ့သို့ ကြိယာသမဝါယအားဖြင့် သုံးပါးသော သမဝါယတို့တွင် ရှိခိုးခြင်းကြိယာဖြင့် အမှုဖြစ်ခြင်း အနက်ကိုထွန်းပ တတ်သော ကြိယာသမဝါယဇောတကနိပါတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ အရကား ရှိခိုးအပ်သော မြတ်စွာဘုရားသည် ပဌာနအားဖြင့် ရ၏။ ရှိခိုးအပ်သော မြတ်စွာဘုရား၏ ရှိခိုးအပ်သော တရား, သံဃာနှင့် ရှိခိုးခြင်းကြိယာဖြင့် အမှုဖြစ်ခြင်းဟုဆိုအပ်သော ကြိယာသမဝါယဘောဂုဏ်သည်သာ ပဌာနအားဖြင့် ရ၏။

ကိလေသေ သမေန္တိတိ သန္တာ။

ယေ အရိယပုဂ္ဂလာ= တို့သည်။ ကိလေသေ= တို့ကို။ သမေန္တိ= ငြိမ်းစေတတ်ကုန်၏။ ဣတိ တသ္မာ= ကြောင့်။ တေ အရိယပုဂ္ဂလာ= တို့သည်။ သန္တာ= ကုန်၏။

ကိလေသေ သမေန္တိကား ဟေတုကတ္တုသာဓနကိတ်ဝိဂြိုဟ်။ သန္တာကား ပုဒ်။ သမုဓာတ်၊ တပစ္စည်း။ သမုဓာတ်အရကား ကတ္တုတ္ထ။ ကြိယာကား ကိလေသာ၏ အဘာဝသည် မုခ္ယအားဖြင့် ရ၏။ ဟေတုတ္ထကြိယာကား အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့၏ မဂ်ဉာဏ်ဖိုလ်ဉာဏ်သည် ဖလူပစာရတ္ထအားဖြင့် ရ၏။ တပစ္စည်းအရကား ထိုမုခ္ယ ဖလူပစာရတ္ထတို့ဖြင့်မှတ်အပ်သော အရိယာပုဂ္ဂိုလ်ရှစ်ယောက် ရ၏။

အတ္တာနံ ဓာရေန္တေ စတူသု ဝဋ္ဋဒုက္ခေသု အပတမာနေ ကတ္တာ ဓာရေတီတိ ဓမ္မော။

ယော သဘာဝေါ= သည်။ အတ္တာနံ= ကို။ ဓာရေန္တေ= ဆောင်ကုန်သော။ သတ္တေ= တို့ကို။ စတူသု= ကုန်သော။ ဝဋ္ဋ-ဒုက္ခေသု= ဝဋ်ဆင်းရဲတို့၌။ အပတမာနေ= မကျစေသည်တို့ကို။ ကတ္တာ= ၍။ ဓာရေတိ= ဆောင်တတ်၏။ ဣတိ တသ္မာ= ကြောင့်။ သော သဘာဝေါ= သည်။ ဓမ္မော= ၏။

အတ္တာနံ ။လ။ ဓာရေတိတိကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်။ ဓမ္မောကား ပုဒ်။ ဓရတ်၊ ရမ္မပစ္စည်း။ ဓရတ်၏အရကား မဂ်လေးတန်၏ သမုစ္ဆေဒပဟာနသတ္တိ၊ နိဗ္ဗာန်၏ နိဿရဏသတ္တိသည် မုချအားဖြင့် ရ၏။ ပရိယတ္တိ၏ ပကတူပနိဿယသတ္တိသည် ဖလူပစာရတ္ထအားဖြင့် ရ၏။ ဖိုလ်လေးတန်၏ ပဋိပဿဒ္ဓိသတ္တိသည် ကာရဏူပစာရတ္ထအားဖြင့် ရ၏။ ရမ္မပစ္စည်း၏အရကား ထိုမုချဖလူ ကာရဏူပစာရတ္ထတို့ဖြင့်မှတ်အပ်သော မဂ်လေးတန်ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ္တိဟုဆိုအပ်သော ဆယ်ပါးသောဓမ္မ ရ၏။

တစ်နည်း။ ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ သတ္တေ စတူသု အပါယေသု ဝဋ္ဋဒုက္ခေသု အပတမာနေ ကတ္တာ ဓာရေတိတိ ဓမ္မော။

ယော သဘာဝေါ= သည်။ ယထာနုသိဋ္ဌံ= ဆုံးမတော်မူတိုင်း။ ပဋိပဇ္ဇမာနေ= ကျင့်ကုန်သော။ စပ်မြဲ။

ဓရတ်၏အရကား အပါယ်လေးပါး၌ မကျစေတတ်သော သောတာပတ္တိမဂ်, ဝဋ္ဋဆင်းရဲတို့၌ မကျစေတတ်သော အထက်မဂ်သုံးပါးတို့၏ သမုစ္ဆေဒပဟာနသတ္တိ၊ ထိုမဂ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်။ နိဿရဏသတ္တိ မုချအားဖြင့် ရ၏။

အပကြောင်းဖြစ်သော ပရိယတ္တိ၏ ပကတူပနိဿယသတ္တိသည် ဖလူပစာရတ္ထအားဖြင့် ရ၏။ အကျိုးဖြစ်သော ဖိုလ်လေးတန်၏ ပဋိပဿဒ္ဓိသတ္တိသည် ကာရဏူပစာရတ္ထအားဖြင့် ရ၏။ ရမ္မပစ္စည်း၏အရကား ထိုမုချဖလူကာရဏူပစာရတ္ထတို့ဖြင့်မှတ်အပ်သော မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဟုဆိုအပ်သော ဓမ္မ ရ၏။

သတံ သပ္ပုရိသာနံ ဓမ္မော သဒ္ဓမ္မော။

သတံ သပ္ပုရိသာနံ= သူတော်ကောင်းဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့၏။ ဓမ္မော= တရားတည်း။ သဒ္ဓမ္မော= တရား။

သတံ သပ္ပုရိသာနံ ဓမ္မောကား ဆဋ္ဌိတပ္ပုရိသ်သမာသ်ဝိဂြိဟ်ပုဒ်။ သန္ဓပုဒ်။ သန္ဓဟူသော ရှေးပုဒ်၏အရကား သူတော်ကောင်းဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည် မုချအားဖြင့် ရ၏။ ထိုအရိယာရှစ်ယောက်၏ ဓမ္မဆယ်ပါးနှင့် သံ, သာမိ၊ ဇာ, ဇနက၊ အာရုံ, အာရမ္မဏိကအဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ပန်သည် ဌာနူပစာရတ္ထအားဖြင့် ရ၏။ သဒ္ဓမ္မဟူသော သမာသ်ပုဒ်လုံး၏အရကား ထိုမုချဌာနူပစာရတ္ထတို့ဖြင့်မှတ်အပ်သော ဓမ္မဆယ်ပါး ရ၏။

သန္ဓော သံဝိဇ္ဇမာနော ဓမ္မော သဒ္ဓမ္မော။

သန္ဓော သံဝိဇ္ဇမာနော= ပရမတ္ထအားဖြင့် ထင်ရှားရှိသော။ ဓမ္မော= တရားဟည်း။ သဒ္ဓမ္မော= တရား။

သန္ဓော သံဝိဇ္ဇမာနော ဓမ္မောကား ဝိသေသနပုဗ္ဗကမ္မဓာရည်းသမာသ်ဝိဂြိဟ်ပုဒ်။ သန္ဓပုဒ်။ ဓမ္မပုဒ်။ သန္ဓဟူသော ရှေးပုဒ်၏အရကား ပရမတ္ထအားဖြင့် ထင်ရှားရှိသော အဖြစ်တည်းဟူသော သံဝိဇ္ဇမာနဘောသည် မုချအားဖြင့် ရ၏။ သံဝိဇ္ဇမာနဘော၏ ဓမ္မဆယ်ပါးဒြပ်နှင့် ဂုဏ်ဂုဏေး၏အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ပန်သည် ဌာနူပစာရတ္ထအားဖြင့် ရ၏။ ဝိသေသနပုဒ်၏သဘောသည် ဂုဏ်ကိုသာ ပဌာနပြု၍ ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော အနွတ္ထသာ ပဌာနအားဖြင့် ရ၏။

ဂဏိယတေတိ ဂဏော။

ယော သမ္ဘူဟော= ကို။ ဂဏိယတေ= ရေတွက်အပ်၏။ ဣတိ တသ္မာ= ကြောင့်။ သော သမ္ဘူဟော= သည်။ ဂဏော= ၏။

ဂဏိယတေတိကား ကမ္မ ။လ။ ဝိဂြိဟ်ပုဒ်။ ဂဏခေါတ်၊ အပစ္စည်း။ ဂဏခေါတ်၏အရ ကတွတ္ထကြိယာကား အရေအတွက်ကို သိသော ဉာဏ်ပြဌာန်းသော စိတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။ ကမ္မတ္ထကြိယာအားတပ်သော အရိယာပုဂ္ဂိုလ် နတ်လူအပေါင်းတို့၏

အာရမ္မဏာပစ္စယသတ္တိ၊ ပကတူပနိဿယသတ္တိသည် ဌာနူဖလူပစာရတ္ထ အားဖြင့် ရ၏။ အပစ္စည်းအရကား ထိုမုခ္ဂဖလူပစာရတ္ထတို့ဖြင့် မှတ်အပ်သော အရိယာပုဂ္ဂိုလ်အပေါင်း နတ်လူအပေါင်း ရ၏။

ဥဒ္ဓ ကတ္တယသ ဂစ္ဆန္တိ ဥဂ္ဂတာ။

ယေ ကလျာဏပုထုဇ္ဇနာ= အကြင်ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ ဥဒ္ဓံ ကိတ္တိယသံ= ကျော်စောခြင်းသို့။ ဂစ္ဆန္တိ= ရောက်တတ်ကုန်၏။ ကိတ္တိ တသ္မာ= ကြောင့်။ တေ ကလျာဏပုထုဇ္ဇနာ= တို့သည်။ ဥဂ္ဂတာ= ကုန်၏။

ဥဒ္ဓံ ။လ။ ကား ကတ္တာသာဓနကိတ်ဝိဂြိုဟ်ပုဒ်။ ဥရှေးရှိသော ဂမုဓာတ်၊ အပစ္စည်း။ ဥရှေးရှိသော ဂမုဓာတ်၏အရကား သီလသမာဓိအစရှိသော ဂုဏ်သည် မုခ္ဂအားဖြင့် ရ၏။ ယောနိသောမနသိကာရ အစရှိသည်တို့သည် ဖလူပစာရတ္ထအားဖြင့် ရ၏။ အပစ္စည်းအရကား ထိုမုခ္ဂဖလူပစာရတ္ထတို့ဖြင့်မှတ်အပ်သော ကလျာဏပုထုဇဉ်အပေါင်း ရ၏။

ဥဂ္ဂတာနံ ဝိသေသေန ဥဂ္ဂတောတိ ဥတ္တမော။

ဥဂ္ဂတာနံ= ကျော်ပစာသော ကလျာဏပုထုဇဉ်တို့ထက်။ ဝိသေသေန= အယူးသဖြင့်။ ဥဂ္ဂတောဟု= ကျော်စောသည်တည်း။ ဥတ္တမော= ၏။

ဥဂ္ဂတာနံ ။လ။ကား ဝိသေသတဒ္ဓိတ်ဝိဂြိုဟ် ။လ။ ပုဒ်။ ဥဂ္ဂတပုဒ်၊ တဖေပစ္စည်း။ ဥဂ္ဂတဟူသော တဒ္ဓိတ်ပုဒ်အရကား ကလျာဏပုဂ္ဂိုလ်တို့သည် ပုခ္ဂအားဖြင့် ရ၏။ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ဒေသနာသားတော်ကြီးယာနနှင့် သာဓုနသာဓေတဗ္ဗအဖြစ်ဖြင့် စပ်ခြင်းပုဗ္ဗဘိုအပ်သော ကြီးယာကာရကသမ္ဘန်သည် ဌာနူပစာရတ္ထအားဖြင့် ရ၏။ တပစ္စည်းအရကား ထိုမုခ္ဂဌာနူပစာရတ္ထအားဖြင့်မှတ်အပ်သော အရိယာပုဂ္ဂိုလ်ရှစ်ယောက် ရ၏။

နိပ္ဖန္နပါဠိပဒိက အနိပ္ဖန္နပါဠိပဒိကနှစ်ပါးတို့တွင် သေဋ္ဌဝါစီ ရဋ္ဌိအနိပ္ဖန္နပါဠိပဒိကပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ အရကား အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည် အပဌာနအားဖြင့် ရ၏။ သီလသမာဓိအစရှိသော ဂုဏ်တို့ဖြင့် မြတ်သောအဖြစ်တည်းဟူသော အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့၏ သေဋ္ဌဘောဂုဏ်သည်သာ ပဌာနအားဖြင့် ရ၏။

ဂဏော စ သော ဥတ္တမောစာတိ ဂဏုတ္တမော။

ယော အရိယပုဂ္ဂလော= အကြင်အရိယာပုဂ္ဂိုလ်အပေါင်းတို့သည်။ ဂဏော စ= ဂိုဏ်းသည်လည်း။ ဟောတိ= ၏။ ဥတ္တမော စ= ကျော်စောသော ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့ထက် အထူးသဖြင့် ကျော်စောသော နှုတ်အပ်ပြီးသော အဝိဇ္ဇာရှိသည် မြတ်သည်။ ဟောတိ= ၏။ ဣတိ တသ္မာ= ထိုနှစ်ပါးသောသတ္တိကြောင့်။ သော အရိယပုဂ္ဂလော= ထိုအရိယာပုဂ္ဂိုလ်အပေါင်းသည်။ ဂဏုတ္တမော= ၏။

ဂဏော စ သော ဥတ္တမောစာတိကား ဝိသေသနုပရုပဒကမ္မဓာရည်းသမာသ်ဝိဂြိုဟ် ။လ။ ပုဒ်။ ဂဏပုဒ်၊ ဥတ္တမပုဒ်၊ ဥတ္တမဟူသောပုဒ်၏အရကား အထူးသဖြင့်ကျော်စောသောဂုဏ်, နှုတ်အပ်ပြီးသော အဝိဇ္ဇာရှိသောဂုဏ်, မြတ်သောဂုဏ်သည် မုခ္ယအားဖြင့် ရ၏။ ထိုဂုဏ်သုံးပါး၏ အရိယာပုဂ္ဂိုလ်ရှစ်ယောက်နှင့် ဂုဏဂုဏေအဖြစ်ဖြင့် စပ်ခြင်းဟူဆိုအပ်သော သမ္ဗန်သည် ဌာနူပစာရတ္ထအားဖြင့် ရ၏။ ဂဏုတ္တမဟူသော သမာသ်ပုဒ်လုံး၏အရကား ထိုဌာနူပစာရတ္ထအားဖြင့်မှတ်အပ်သော အရိယာပုဂ္ဂိုလ်ရှစ်ယောက် ရ၏။

သဒ္ဓမ္မော စ ဂဏ္ဌတ္တမော စ သဒ္ဓမ္မဂဏ္ဌတ္တမော။

သဒ္ဓမ္မော စ= သူတော်ကောင်းဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့၏တရား, ပရမတ္ထအားဖြင့် ထင်ရှားရှိသော ချီးမွမ်းအပ်သော တရားလည်း။ ဂဏ္ဌတ္တမော စ= ကျော်စောသောသူထက် အထူးသဖြင့် ကျော်စောသော နှုတ်အပ်ပြီးသော အဝိဇ္ဇာရှိသော မြတ်သောအရိယာပုဂ္ဂိုလ်အပေါင်းလည်း။ သသဒ္ဓမ္မဂဏ္ဌတ္တမာ= တို့။

သဒ္ဓမ္မော စ ဂဏ္ဌတ္တမော စကား ဣတိရီတရယောဂဒ္ဓန် သမာသ်ဝိဂြိဟ် ။လ။ ပုဒ်။ သဒ္ဓမ္မပုဒ်။ သဒ္ဓမ္မဟူသော ရှေးပုဒ်၏ အရကား မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ္တိတည်းဟူသော ဓမ္မဆယ်ပါး ရ၏။ ဓမ္မဆယ်ပါး၏ အရိယာပုဂ္ဂိုလ်ရှစ်ယောက်နှင့် ကြိယာကိုအကြောင်းပြု၍ အချင်းချင်းငဲ့ခြင်းဟုဆိုအပ်သော အညမညပေဂ္ဂသမ္ဗန္ဓဘောသည် ဌာနူပစာရတ္ထအားဖြင့် ရ၏။

တစ်နည်ကား။ ဂဏ္ဌတ္တမဟူသော နောက်ပုဒ်၏အရကား အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည် မုချအားဖြင့် ရ၏။ အရိယာပုဂ္ဂိုလ်ရှစ်ယောက်၏ ဓမ္မဆယ်ပါးနှင့် ကြိယာကိုအကြောင်းပြု၍ အချင်းချင်းငဲ့သကဲ့သို့ဖြစ်ခြင်းဟုဆိုအပ်သော အညမညပေဂ္ဂသမ္ဗန္ဓဘောသည် ဌာနူပစာရတ္ထအားဖြင့် ရ၏။ သသဒ္ဓမ္မဂဏ္ဌတ္တမဟူသော သမာသ်၏ အရကား ထိုဌာနူပစာရတ္ထဖြင့်မှတ်အပ်သော ဓမ္မဆယ်ပါးအရိယာပုဂ္ဂိုလ်ရှစ်ယောက် ရ၏။

သဒ္ဓမ္မ ဂဏ္ဌတ ဣတိ သဟ ယေ ဝတ္ထုတ္တယတ္ထာ သသဒ္ဓမ္မ-ဂဏ္ဌတ္တမော။

ယော သမ္မာသမ္ဗုဒ္ဓေါ= အကြင်မြတ်စွာဘုရားသည်။ သဒ္ဓမ္မ-ဂဏ္ဌတ္တမေဟိ= သူတော်ကောင်းတရားဆယ်ပါး မြတ်သောအရိယာပုဂ္ဂိုလ်အပေါင်းတို့နှင့်။ သဟ= တကွ။ ဝတ္ထုတ္တယတ္ထာ= ဖြစ်တော်မူတတ်၏။ ဣတိ တသ္မာ= ကြောင့်။ သော သမ္မာသမ္ဗုဒ္ဓေါ= သည်။ သသဒ္ဓမ္မ-ဂဏ္ဌတ္တမော= ၏။

သသဒ္ဓမ္မ ။လ။ တိတိကား သဟပုဗ္ဗပဒတဂ္ဂ၊ဏသံဝိညာဏ ဗဟုဇ္ဈိဟိသမာသ်ဝိဂြိဟ် ။လ။ ပုဒ်။ သဒ္ဓမ္မဂဏ္ဌတ္တမပုဒ်၊ သဟပုဒ် ။လ။ ပုဒ်။ သဒ္ဓမ္မဂဏ္ဌတ္တမဟူသော သမာသ်ပုဒ်အရကား ဓမ္မဆယ်ပါး အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည် အပဌာနအားဖြင့် ရ၏။ ဓမ္မဆယ်ပါး အရိယာပုဂ္ဂိုလ်ရှစ်ယောက်၏ မြတ်စွာဘုရားနှင့် ရှိခိုးခြင်းကြိယာဖြင့် အမျှဖြစ်ခြင်းဟုဆိုအပ်သော ကြိယာသမဝါယဘောဂုဏ်သည် ဌာနူပစာရတ္ထအားဖြင့် ရ၏။

အဘိဝန္ဒာမိ အဘိဝန္ဒိယန္တိ အဘိဝါဒိယ။

ယော အဟံ= အကြင်ငါသည်။ အဘိဝန္ဒာမိ= ရှိခိုးဆဲ။ အဘိဝန္ဒိယ= ရှိခိုးပြီ။ ဣတိ တသ္မာ= ကြောင့်။ သော အဟံ= ထို ငါသည်။ အဘိဝါဒိယ= ၏။

အဘိဝန္ဒာမိ၊ အဘိဝန္ဒိတ္တာ ကတ္တုသာဓနကိတ်ဝိဂြိဟ်။ အဘိ ဝါဒိကား ကတ္တုသာဓနကိတ်ပုဒ်။ အဘိရှေးရှိသော ဝန္ဒဓာတ်၊ တွာ ပစ္စည်း၊ တုနပစ္စည်း၊ တွာပစ္စည်း။

ဝါစကဒဿနညာတာ၊ ဒီပကကပကာသနာ စ။
ဝိဘာဝါနုဘာဝတ္ထာတိ၊ သဒ္ဒနယာ ဆဓာ အဟု။

ဟူ၍ မိန့်အပ်သောသဒ္ဒါနည်းခြောက်ပါးတို့တွင် ရှိခိုးခြင်းကြိယာဟု ဆိုအပ်သော ဝါစကတ္ထကိုဟောသော အဘိရှေးရှိသော ပဒဓာတ်၏ အရကား ရတနာသုံးပါးတို့၏ဂုဏ်ကို အာရုံပြု၍ ကာယဝိညတ်ကို ဖြစ်စေတတ်သော ကာယပဏာမစေတနာ။ ဝစီဝိညတ်ကိုဖြစ်စေတတ် သော ဝစီပဏာမစေတနာ။ ကာယဝိညတ် ဝစီဝိညတ်မှတပါးသော ကာယဝိညတ် ဝစီဝိညတ်တို့၏ အကြားအကြား၌ ပုရေစယအနုစယ အနုသာယနအခြင်းအရာအားဖြင့်ဖြစ်သော မနောပဏာမစေတနာ။ ဤစေတနာသုံးတန်တည်းဟူသော ဒဿနတ္ထသည် မုချအားဖြင့် ရ၏။ ယောနိသောမနသိကာရသဒ္ဒါ မေတ္တာ ကရုဏာပြဌာန်းသော ရှေးရှေး

သော စိတ္တုပ္ပါဒ်တည်းဟူသော အကြောင်းဟုဆိုအပ်သော ဒီပကတ္ထသည် ဖလူပစာရအားဖြင့် ရ၏။ အန္တရာယ်ပျောက်ခြင်း, ကျမ်းပြီးခြင်း ဒိဋ္ဌာနုဂတိအာပဇ္ဇနအစရှိသော အကျိုးဟုဆိုအပ်သော ပကာသနတ္ထသည် ကာရဏူပစာရတ္ထအားဖြင့် ရ၏။ ရတနာသုံးပါးတို့၏ရှိခိုးခြင်းဌာထိုက်သော အဖြစ်တည်းဟူသော ပဏာမာရဟဘောဂုဏ်ဟုဆိုအပ်သော ဝိဘာဝတ္ထသည် ဒုတိယကာရဏူပစာရတ္ထအားဖြင့် ရ၏။ မိမိရှိခိုးခြင်းကြိယာ၏ အရာအားရောက်သော အဖြစ်တည်းဟူသော ခေတ္တာဂ်ကဘောဂုဏ်ဟုဆိုအပ်သော အနုဘာဝတ္ထသည် ကာရဏူပစာရတ္ထအားဖြင့် ရ၏။ တွာပစ္စည်း၊ တုနပစ္စည်း၏အရကား ထိုမုချဖလူပစာရတ္ထတို့ဖြင့်မှတ်အပ်သော အရှင်အနုရုဒ္ဓါဒြဗ်သည် ပဌာနအားဖြင့် ရ၏။

ဘာသိသံကား ရုဋ္ဌိချာတံ ။လ။ အာချာတ်ပုဒ်ဖြစ်သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ ဘာသဓာတ်၊ ဘဝိသန္တိ သံဝိဘတ်။ ဘာသဓာတ်၏အရကား ကျမ်းပြီး သတိဝိရိယဉာဏ်သည် မုချအားဖြင့် ရ၏။ ယောနိသောမနသိကာရအစရှိသော စိတ္တုပ္ပါဒ်သည် ဖလူပစာရတ္ထအားဖြင့် ရ၏။ သ်လအစ မဂ်ဖိုလ်အလယ် နိဗ္ဗာန်အဆုံးရှိသော ခပ်သိမ်းသော လောက်လောကုတ္တရာအကျိုးအပေါင်းသည် ကာရဏူပစာရတ္ထအားဖြင့် ရ၏။ ဘဝိသန္တိ သံဝိဘတ်၏အရကား ထိုမုချဖလူကာရဏူပစာရတ္ထတို့ဖြင့်မှတ်အပ်သော အရှင်အနုရုဒ္ဓါဆရာသည် အပဌာနအားဖြင့် ရ၏။ ကြိယာပုဒ်တို့၏သဘောသည် ကြိယာကို ပဌာနအားဖြင့် ဟောမြဲဖြစ်သောကြောင့် ပစ္စုပ္ပန် အတိတ် အနာဂတ်တည်းဟူသော ကာလသုံးပါးတို့တွင် ပစ္စုပ္ပန်အတိတ်အနာဂတ်ကာလမှ ထူးသော အနာဂတ်ကာလတည်းဟူသော ကာလဝိသေသ, ဘောကံ ကတ္တားတည်းဟူသော ကြိယာဝန်သုံးပါးတို့တွင် ဘောကံမှထူးသော ကတ္တားတည်းဟူသော ကြိယာဝန်ဝိသေသ။ ဝဒန္တကတ္တား၊ သုဏန္တကတ္တား၊ ဓမ္မကတ္တားတည်းဟူသော ကတ္တားသုံးပါးတို့တွင် သုဏန္တကတ္တားတို့မှထူးသော ဝဒန္တကတ္တားတည်းဟူသော ကတ္တား

ဝိသေသတို့ဖြင့်မှတ်အပ်သော ဆိုအပ်ပြီးသော ဓာတ္တုတ္ထသည်သာ ပဌာနအားဖြင့် ရ၏။

ဤဘာသိသံဟူသော နိပ္ဖန္နပုဒ်လုံး၏အနက်သည် သကတ္ထ။ ဒဗ္ဗလိဂ်ါနိ ။ ညီ ။ သကဒ် ဒြဗ် သခ်္ခ ကာရကဟူ၍ လေးပါး အပြားရှိ၏။ တွင်။ သတိဝိရိယဉာဏ်သည် သကတ်မည်၏။ ထို သကတ်ဖြင့် အထူးပြုအပ်သော အရှင်အနုရုဒ္ဓါဆရာဒြဗ်သည် ဒြဗ် မည်၏။ ဒြဗ်ဌမိုသော တစ်ခုတည်းသောအဖြစ်ဟုဆိုအပ်သော အာ ကာရပညတ်သည် ဧကဝုစ်သခ်္ခ်ာမည်၏။ သုတ္တန်နည်းအားဖြင့် ကျမ်း ဝစီဘေဒသဒ္ဒါအားတပ်သော ကျမ်းပြီးသော သတိဝိရိယဉာဏ်၏ ပကတူပနိဿယသည် ကတ္တုကာရကမည်၏။

အဘိဓမ္မတ္ထသင်္ဂဟံ၌ အဘိသဒ္ဒါသည် ရုဋ္ဌိချာတံ ။ညီ။ အဘိမုခဝိသိဋ္ဌဒ္ဓ။ ကမ္မဿရုပ္ပဝုဒ္ဓိသု။ ပုဇ္ဇဒိကကုသလသစ္စလက္ခဏာ ဒိမ္ဗိစာဗျဘိ-ဟူ၍ မိန့်အပ်သော အဘိမုခဝိသေသအစရှိသော မျှားစွာ သောအနက်တို့တွင် အတိရေကဝိသေသဇောတကဥပသာရပုဒ်ဖြစ် သောကြောင့် ဝိဂြိုဟ်မပြုကောင်း။ အရကား ဓမ္မသင်္ဂဏီဝိဘင်းအစရှိ သော ခုနစ်ကျမ်းသော အဘိဓမ္မာပါဠိတော်သည် အပဌာနအားဖြင့် ရ၏။ အဘိဓမ္မာပါဠိ၏ သုတ္တန်ပါဠိတော်ထက်လွန်သော အဖြစ်တည်း ဟူသော အတိရေကဘောဂုဏ်, ထူးသောအဖြစ်တည်းဟူသော ဝိသေသဘောဂုဏ်သည်သာ ပဌာနအားဖြင့် ရ၏။

သတ္တော ဓာရေန္တေ စတူသု အပါယေသု ဝဋ္ဋဒုက္ခေသု စ
အပတမာနေ ကတ္တာ ဓာရေတိ တ ဓမ္မော။

ယော သဘာဝေါ= အကြင်သဘောတရားသည်။ အတ္တာနံ= မိမိကို။ ဓာရေန္တေ= ဆောင်ကုန်သော။ သတ္တေ= သတ္တဝါတို့ကို။ စတူသု= ကုန်သော။ အပါယေသု စ= တို့၌လည်းကောင်း။ ဝဋ္ဋ-ဒုက္ခေသု စ= တို့၌လည်းကောင်း။ အပတမာနေ= တို့ကို။ ကတ္တာ= ပြု၍။ ဓာရေတိ= ဆောင်တတ်၏။ ဣတိ တသ္မာ= ကြောင့်။ သော သဘာဝေါ= သည်။ ဓမ္မော= ၏။

အတ္တာနံ ။လ။ တံတိကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်။လ။ ပုဒ်။ ဓရတ်၊ ရမ္မပစ္စည်း။ ဓရတ်၏အရကား မဂ်ဖိုလ်နိဗ္ဗာန်အား တပ်သော ဓမ္မသင်္ကေတဝိဘင်းအစရှိသော ခုနစ်ကျမ်းသော အဘိဓမ္မာပါဠိ၏ ပကတ္တူပနိဿယသတ္တိသည် မုချအားဖြင့် ရ၏။ ရမ္မပစ္စည်း အရကား ထိုသတ္တိဖြင့်မှတ်အပ်သော သတ္တိမန္တဖြစ်သော ဓမ္မသင်္ကေတဝိဘင်းအစရှိသော ခုနစ်ကျမ်းသော အဘိဓမ္မာပါဠိ ရ၏။

အရိယန္တိ ဉာယန္တိတိ အတ္ထော။

ယေ အဘိဓေယ္ယာ= အကြင်ပရမတ္ထတရားလေးပါးဟူဆိုအပ်သော အနက်တို့ကို။ အရိယန္တိ ဉာယန္တိ= သိအပ်ကုန်၏။

အရိယန္တိကား ကမ္မသာဓန။ အရတ်၊ တပစ္စည်း။ အရတ်၏အရကား ပရမတ္ထတရားလေးပါးကို အာရုံပြုတတ်သောဉာဏ်သည် မုချ။ ကမ္မတ္ထကြိယာကား ထိုဉာဏ်အားတတ်သော ပရမတ္ထတရားလေးပါး၏ အာရမ္မဏပစ္စယသည် ဌာနူပစာရတ္ထအားဖြင့် ရ၏။ တပစ္စည်း၏အရကား ထိုဌာနူပစာရတ္ထဖြင့်မှတ်အပ်သော ပရမတ္ထတရားလေးပါးဟူဆိုအပ်သော အနက်ရ၏။

တစ်နည်းကား။ အရန္တိ ဉာဏာဘိမုခံ ဂစ္ဆန္တိတိ အတ္ထော။

ယေ အဘိဓေယ္ယာ= တို့သည်။ ဉာဏာဘိမုခံ= ဉာဏ်သို့ ရှေ့ရှု။ အရန္တိ-ဂစ္ဆန္တိ= ရောက်တတ်ကုန်၏။

အရန္တိ ။လ။ကား။ ကတ္တုသာဓန။ အရတ်၊ တပစ္စည်း။ အရတ်၏အရကား ပရမတ္ထတရားလေးပါးကို အာရုံပြု၍ဖြစ်တတ်သော ဉာဏ်အားတတ်သော ပရမတ္ထတရားလေးပါးတို့၏ အာရမ္မဏပစ္စယသတ္တိ ရ၏။ တပစ္စည်းအရကား ထိုသတ္တိဖြင့်မှတ်အပ်သော သတ္တိမန္တဖြစ်သော ပရမတ္ထတရားလေးပါးဟူဆိုအပ်သော အနက်ရ၏။

အဘိဓမ္မေ ဝုတ္တာ အတ္ထာ အဘိဓမ္မတ္ထာ။

အဘိဓမ္မေ= အဘိဓမ္မာခုနစ်ကျမ်းဌ။ ဝုတ္တာ= ဟောတော်မူ အပ်ကုန်သော။ အတ္ထာ= အနက်တို့တည်း။

အဘိ ။လ။ကား မဒ္ဓေလောပတပ္ပုရိသ်သမာသ်ဝိဂြိဟ်။လ။ ပုဒ်။ အဘိဓမ္မပုဒ်၊ အတ္ထပုဒ်။ အဘိဓမ္မဟူသော ရှေးပုဒ်၏အရကား ဓမ္မသင်္ဂီ ဝိဘင်အစရှိသော ခုနစ်ကျမ်းသော အဘိဓမ္မာပါဠိသည် မုချ။ အဘိဓမ္မာပါဠိ၏ ပရမတ္ထတရားလေးပါးတို့နှင့် အာဓာရ, အာဓေည်အဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော သမ္ပန်သည် ဌာနူ။ သမာသ်ပုဒ်လုံး၏အရကား ထိုဌာနူပစာရတ္ထဖြင့်မှတ်အပ်သော ပရမတ္ထတရားလေးပါးဟုဆိုအပ်သော အနက်ရ၏။

သင်္ဂဟံ၌ သံသဒ္ဒါသည် ရုဠ္ဠီချာတံ -ညီ
သံသမောဓာနသင်္ခေပ၊ သမန္တတ္ထသမိဒ္ဓိသု။
သမာဘူတသဟာပတ္တာ၊ အဘိမုခတ္ထေသု သင်္ခေတေ။
ဝိဓာနေဝ ဘဝေ ပူဇာ၊ ပုန ပုန ကြိယာဒီသု။

ဟူ၍ မိန့်အပ်သော သမောဓာနတ္ထဇောတက ဥပသာရပုဒ်ဖြစ်သော ကြောင့် ဝိဂြိဟ်မပြုကောင်း။ မဖောက်မပြန်မှန်သော အဖြစ်တည်း ဟူသော သုန္ဒရဘောဂုဏ်, မကျယ်လွန်းသော အဖြစ်တည်းဟူသော သင်္ခေပဘောဂုဏ်, တကွနက် တပေါင်းတည်း၏အဖြစ်တည်းဟူသော သမောဓာနဂုဏ် ရ၏။

ပုဒ်ကို ဝိဂြိဟ်ဆိုခြင်းသည် လဟုက ဂရုကနည်းအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်-

သင်္ဂယ္ဟန္တိ ဧတ္ထာတိ သင်္ဂဟံ။

ဧတ္ထ ဧတသ္မိံ ပကရဏေ= ၌။ သင်္ဂယ္ဟန္တိ= ကောင်းစွာ အကျဉ်းအားဖြင့် ပေါင်းရုံး၍ ထုတ်အပ်ကုန်၏။ ဣတိ တသ္မာ= ထိုသို့ ထုတ်ရာဖြစ်သောသတ္တိကြောင့် ။လ။

အမိုကရဏသာဓန။ သံရှေးရှိသော ဂဟာဓာတ်၊ အပစ္စည်း ။လ။ အပစ္စည်း ။လ။ ဓာတ်၏အရ ကတွတ္ထကြိယာကား ကောင်းစွာ အကျဉ်းအားဖြင့် ပေါင်းရုံး၍ယူတတ်သော ဂုဏ်သည် မုချ။ အမိ ကရဏကြိယာကား တတ္ထ ဝုတ္တာအစရှိသောကျမ်း ဝစီဘေဒသဒ္ဒါ၏ ပကတူပနိဿယသည် ဖလူ။ အပစ္စည်း၏အရကား ထိုဖလူပစာရတ္ထ ဖြင့် မှတ်အပ်သော ကတ္ထ တတ္ထ ဝုတ္တာအစရှိသောကျမ်း ဝစီဘေဒ သဒ္ဒါသည်။ အပဋ္ဌာနအားဖြင့် ရ၏။

ဂုဏော အပါကတောယေဝ ။ညီ။လ။ ဓာတတ္ထသည်သာ ပဋ္ဌာနအားဖြင့် ရ၏။

တစ်နည်းကား။ သင်္ဃန္တိ ဧတေနာတိ သင်ဟံ။

ဧတေန ပကာရေန= ဤကျမ်းဖြင့်။ ကရဏသာဓန ကရဏတ္ထကြိယာဆို။

အဘိဓမ္မတ္ထာနံ သင်ဟံ အဘိဓမ္မတ္ထသင်ဟံ။

အဘိမမ္မတ္ထာနံ= အဘိဓမ္မာခုနစ်ကျမ်း၌ ဟောတော်မူအပ် ကုန်သော အဘိဓမ္မာ၏အနက်တို့ကို၊ အနက်တို့၏။ သင်ဟံ= ကောင်းစွာအကျဉ်းအားဖြင့် ပေါင်းရုံး၍ ယူရာယူကြောင်းတည်း။

ကမ္မတ္ထဆဋ္ဌီ သာမျတ္ထဆဋ္ဌီတပ္ပုရိသ်။ အဘိဓမ္မတ္ထပုဒ်၊ သင်ဟ ပုဒ်။ ရှေးပုဒ်၏အရကား အဘိဓမ္မာခုနစ်ကျမ်း၌ဟောတော်မူအပ်သော ပရမတ္ထတရားဟုဆိုအပ်သော အနက်သည် မုချ။ ထိုအနက်၏ ယူခြင်း ကြိယာနှင့် သာဓန သာဓေတဗ္ဗအဖြစ်ဖြင့် စပ်ခြင်းဟုဆိုအပ်သော ကြိယာကာရကသမ္ဗန်၊ အဝယဝတ္ထသမ္ဗန်သည် ဌာန္။ ပုဒ်လုံးအရကား ။ထိုလ။ မှတ်အပ်သော တတ္ထ ဝုတ္တာအစရှိသော ဝစီဘေဒသဒ္ဒါသည် အပဋ္ဌာနအားဖြင့် ရ၏။ ဂုဏော အပါကတောယေဝ ။ညီ။လ။ အနွတ္ထ သည်သာ ပဋ္ဌာနအားဖြင့် ရ၏။

ဤ"အဘိဓမ္မတ္ထသင်္ဂဟံ"ဟူသော နိပ္ဖန္နပုဒ်လုံး၏အနက်သည် သကတ္ထဒဗ္ဗလိင်္ဂါနိ ။ညီ။ ငါးပါးအပြားရှိ၏ ။တွင်း။ ကျမ်းပြီး။ သတိ ဝိရိယဉာဏ်သကတ်မည်၏။ ထိုသကတ်ဖြင့် အထူးပြုအပ်သောကျမ်း ဝစီဘေဒသဒ္ဒါသည် ဒြဗ်မည်၏။ သန့်ရှင်းသည်လည်းမဟုတ်၊ မသန့်ရှင်းသည်လည်းမဟုတ်သော အခြင်းအရာဟုဆိုအပ်သော နေဝဝိသဒါ နာဝိသဒါကာရသည် နပုလ္လိင်မည်၏။ ဒြဗ်ဌာနီမှိသော အဖြစ်တည်းဟူသော အာကာရပညတ်သည် ဧကဝုစ်သခ်ျာမည်၏။

ဘာသိသံဌာန် ဘာသဓာတ်၏အရဖြစ်သော ကျမ်းပြီး။ သတိ ဝိရိယဉာဏ်အားတပ်သောကျမ်း ဝစီဘေဒသဒ္ဒါသည်။

တစ်နည်း။ အကျိုးနိဗ္ဗာန်ယသည် ကမ္မကာရမည်၏။

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ယင်းသို့ စာချနည်းပိုင်နိုင်တော်မူသော စလင်းတိုက် ပဌမ စာချဆရာတော်ဘုရားကြီး။ အလုံမြို့ သာစည်ရွာ လေးထပ်ကျောင်းတိုက် ဆရာတော်ဘုရားကြီးသည် သက်တော်အရွယ်ကြီးရင့်သော အခါတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

သံဝေဂယူရန်

၁။ နေနှင့်လလ၊ ချုပ်ပျက်စ၊ မလွဲရောက်ရသည်။

၂။ သခ်ၦါရခပဲ၊ ချုပ်ပျက်စ၊ မလွဲရောက်ရသည်။

၃။ သူ့သဘာဝ၊ မည်သူမျှ လွန်ရမရှိပြီ။

◆◆◆

သံဃာဦးရေစသည်

တိုက်တာအဆောက်အဦးဟောင်းများမှာ ဒုတိယဆရာတော် လက်ထက်တွင် မီးသင့်ပျက်စီးခဲ့လေသည်။ ခေတ်ကောင်းဆုံးအချိန်က မဟာဓမ္မိကာရာမစလင်းတိုက်သစ်၌ သံဃာတော် ၁၀၀၀-ကျော်ရှိခဲ့လေသည်။ သို့ရာတွင် ယခုမူကား ယခင်ကနှင့် နှိုင်းစာယှဉ်မဖြစ်အောင် ကျဆင်းခဲ့သည်။

၁၃၂၄-ခုနှစ်က ရဟန်း ၃-ပါး၊ သာမဏေ ၄-ပါး။ ၂-ရပ်ပေါင်း ၇-ပါးသာ ရှိခဲ့လေသည်။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ဓမ္မိကာရာမဝံသောယံ၊ သမတ္ထော သာဓု ဝဏ္ဏိတော။

မဟာဓမ္မိကာရာမ (စလင်းတိုက်ဟောင်း)
သာသနာဝင် ပြီး၏။

*** ◆ ***

ဆင်တဲတိုက်သာသနာဝင်
(အရှေ့ပြင်)

မန္တလေးမြို့၌ ဆင်တဲတိုက်သည်-

၁။ တောင်ပြင်ဆင်တဲတိုက်

၂။ အရှေ့ပြင်ဆင်တဲတိုက်

၃။ အနောက်ပြင် မဟာခေမာဘယဆင်တဲတိုက်

၄။ အနောက်ပြင် ဆင်တဲတိုက်သစ်

ဟူ၍ ၄-တိုက်ရှိလေသည်။

ယခုဖော်ပြမည့် ဆင်တဲတိုက်ကား မန္တလေးမြို့ အရှေ့ပြင် ဆင်တဲတိုက် ဖြစ်လေသည်။ ယင်းဆင်တဲတိုက်သည် မန္တလေးမြို့ အရှေ့ပြင် ပြည်ကြီးမျက်မှန်ရပ်၌ တည်ရှိလေသည်။ ၎င်းတိုက်၏ မြောက်ဖက်၌ ဝိစိတ္တာရာမမြန်အောင်ကျောင်းတိုက်ရှိ၍ တောင်ဖက်ကလယ်ကိုင်းတိုက် ရှိလေသည်။ ကျောင်းတိုက်အတွင်း၌ မြေစိုက်စေတီ ၂-ဆူ ရှိလေသည်။ သိမ်တစ်လုံးနှင့် ကျောင်းပေါင်း ၅-ကျောင်း ရှိလေသည်။

သမိုင်းအကျဉ်း

ပဋ္ဌမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးလက်ထက်၌ သစ်တောဝန်တစ်ဦးက ကျောင်းတိုက်ကြီးတည်ဆောက်၍ "သာဂရဝံသာ ဘိဓေမဟာဓမ္မရာဇဂုရု" စသည့်ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဆင်တဲဆရာတော် အရှင်သာဂရအား တင်လျှကိုးကွယ်ခဲ့လေသည်။ တောင်ပြင်ဆင်တဲတိုက်၌ ကြာရှည်စွာသီတင်းသုံးတော်မူသဖြင့် ဆင်တဲဆရာတော်ဟု ထင်ရှားသောဆရာတော် အရှင်သာဂရ သီတင်းသုံးခဲ့ရာ တောင်ပြင်ဆင်တဲတိုက်အမည်အတိုင်း 'ဆင်တဲတိုက်'ဟု မှည့်ခေါ်ကြ

လေသည်။ ယင်းကျောင်းတိုက်၌ အလုံဝန်မင်းစသည့် ပုဂ္ဂိုလ်များက လည်း ကျောင်းဆောက်လှူဒါန်းခဲ့ကြကုန်၏။

♦♦♦

သာဂရဝံသာဘိဓေမဟာဓမ္မရာဇဂုရု
သာဂရဓေသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
သာဂရဝံသဓဇအတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဆရာတော်အရှင်သာဂရ

ဆရာတော်အရှင်သာဂရသည် မန္တလေးမြို့ မြောက်ပြင်၊ မန္တလေးမြို့ တောင်ပြင် ဆင်တဲတိုက်၌ ကြာရှည်စွာသီတင်းသုံးတော်မူခဲ့သဖြင့် ဆင်တဲဆရာတော်ဟု ထင်ရှားခဲ့လေသည်။

ဖွားမြင် ရှင် ရဟန်းပြုခြင်း

ဆရာတော်လောင်းလျှာသည် ကန္ဒီမြို့ကျေး တွင်းငယ်ရွာ၌ သက္ကရာဇ် ၁၁၇၂-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ အပရပူရမြို့ ဆင်တဲတိုက် (ယခု) မန္တလေးတောင်ပြင် ဆင်တဲတိုက် စသည်တို့၌ ပညာသင်ကြားတတ်မြောက်တော်မူခဲ့လေသည်။

စာပေချပို့ သာသနာ့ဝန်ဆောင်

ပညာသင်ကြားတတ်မြောက်ပြီးနောက် တောင်ပြင်ဆင်တဲတိုက်၌ စာသင်သားများစွာတို့အား စာပေချပို့ကာ ပရိယတ္တိသာသနာတော်ကို များစွာခိုးမြောက်တော်မူခဲ့လေသည်။ ဆရာတော်ကား စာပေအမျိုးမျိုး၌ ကျွမ်းကျင်တတ်မြောက်တော်မူသည့်ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။

ယမိုက် ပါဠိအဋ္ဌကထာ သုတ်သင်တင်သွင်းခြင်း

ပဌမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ နန်းစံ ၄-နှစ်မြောက် သက္ကရာဇ် ၁၂၁၈-ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ပိဋကတ်ပါဠိအဋ္ဌကထာများကို သုတ်သင်ပြင်စေ၍ ပေရေးတင်ပူဇော်ပွဲအခမ်းအနားတွင် ဆရာတော်အရှင်သာဂရသည် "ဥဿကိတ္တိယတိသာရဝမ္မမဟာဝမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆင်တဲတိုက်ဆရာတော်နှင့်အတူ ယမိုက်ပါဠိအဋ္ဌကထာကို သုတ်သင်ပြင်ဆင်၍ တင်သွင်းတော်မူခဲ့လေသည်။

ကျမ်းဂန်များစာတို့ကို ပြုစုတော်မူခြင်း

ဆရာတော်အရှင်သာဂရသည် ကျမ်းဂန်များစာတို့ကိုလည်း ပြုစုတော်မူခဲ့သည်။ ၎င်းတို့မှာ-

၁။ အကုသလမနောကမ္မဝိနိစ္ဆယကျမ်း
၂။ ဆင်တဲသင်္ဂြိုဟ်အရကောက်ကျမ်း
၃။ ကမ္မဘေဒဝိနိစ္ဆယကျမ်း
၄။ ကပ္ပဘေဒဝိနိစ္ဆယကျမ်း
၅။ ပုဂ္ဂလပညတ်ပါဠိတော်နိဿယ
၆။ ဝိနည်းမဟာဝါပါဠိတော်နိဿယ-စသည်တို့ ဖြစ်ကုန်၏။

အကုသလမနောကမ္မဝိနိစ္ဆယ

ဖော်ပြပါကျမ်းများအနက် အကုသလမနောကမ္မဝိနိစ္ဆယကျမ်းကို စည်သူရွှေတောင် လျှောက်ထားသဖြင့် သက္ကရာဇ် ၁၂၁၄-ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် အပြီးသတ် ဆုံးဖြတ်စီရင်တော်မူခဲ့လေသည်။ ရှိုင်ဆိုက်စာမျက်နှာ ၃၀-ကျော် ရှိလေသည်။

အကုသလမနောကမ္မ-နိစ္ဆယံ နိစ္ဆယေ ဝိဒူ။
သာဂရော သော ဝိဒူသေဋ္ဌော၊ နိစ္ဆိနိ နယကောဝိဒေါ။

ဆင်တဲသင်္ဂြိုဟ်အရကောက်

ဆင်တဲသင်္ဂြိုဟ်အရကောက်ကျမ်းကိုလည်း အမရပူရမြို့ မြောက်မျက်နှာ ကြေးထိုးရပ်နေ ဥပါသကာ အကောက်စာရေး ရွှေတောင်နရ အကြိမ်ကြိမ်လျှောက်ထားသဖြင့် ပြုစီရင်တော်မူခဲ့လေသည်။ ဂန္ဌာရမ္ဘစကား မပါမရှိပဲ နိဂုံးဌ-

အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို လေ့လာဆောင်ရွက်သော်လည်း အဓိပ္ပါယ်သဘောကို အထက်အောက်နှိုးနှောရ၍ မယူမဆနိုင်ပါ။ အထက်အောက်နှိုးနှောယူဆနိုင်အောင် မကျဉ်းမကျယ်ရေးသား၍ ပေးပါမည့်အကြောင်းနှင့် အမရပူရမြို့ မြောက်မျက်နှာ ကြေးထိုးရပ်နေ ဥပါသကာ တကာအကောက်စာရေး ရွှေတောင်နရ-က အကြိမ်ကြိမ် အဘန်ဘန် လျှောက်တောင်းပန်သောကြောင့် နှုတ်တက်အာဂုံ ဆောင်လွယ်ရုံ ရေးသားစီရင်အပ်သော ပရမတ္ထသဘောအဓိပ္ပါယ် ပြီး၏-ဟု ပါရှိလေသည်။ ယင်းကျမ်းမှာ ခရစ်သက္ကရာဇ် ၁၉၁၂-ခုနှစ်တွင် မန္တလေးမြို့ ရတနသိဒ္ဓိပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခဲ့ရာ ရွှေ့ဆိုက်စာမျက်နှာ ၂၀၀- ရှိလေသည်။

သင်္ဂဟသရူပတ္ထမ္ပိ၊ သရူပတ္ထဝိဒူ သုမိ။
သုစိတ္တံ ယာပနတ္ထာယ၊ ရစယရစနေ ဝိဒူ။

ကမ္မဘေဒဝိနိစ္ဆယကျမ်း

ကမ္မဘေဒပိနိစ္ဆယကျမ်းမှာ ကုသိုလ်ကမ္မပထတရားဆယ်ပုံ, အကုသိုလ်ကမ္မပကတရားဆယ်ပုံ သရဏဂုံသုံးပါး ငါးပါးသီလ အကြောင်းကို ဆုံးဖြတ်ရေးသားသည့် ကျမ်းကောင်းကျမ်းမြတ် ဖြစ်လေသည်။ နိဂုံးဌ-

သာဂရမဇ္ဈေသိရိပဝရမဟာမေဃရာဇာဓိရာဇဂုရုတိ
လဒ္ဓလဒ္ဓေနနာမကေန ထေရေန ရစိတော
ကမ္မဘေဒပိနိစ္ဆယော နိဋ္ဌိတော-ဟု ပါရှိလေသည်။ [1]

---

[1] မန္တလေးသာသနာဝင်၊ ၁။ ၂၃၄။

ကပ္ပဘောဒဝိနိစ္ဆယကျမ်း

ကမ္ဘာနှင့် ဘုရားအကြောင်း ပြဆိုဆုံးဖြတ်ရာဖြစ်သော ကပ္ပဝိနိစ္ဆယကျမ်းကိုလည်း ဆင်တဲဆရာတော်ဘုရားကြီး အရှင်သာဂရသည် ပြုစီရင်တော်မူခဲ့လေသည်။

ပုဂ္ဂလပညတ် ပါဠိတော်နိဿယ

အဘိဓမ္မာပိဋကတ်တွင် လေးကျမ်းမြောက်ဖြစ်သော ပုဂ္ဂလပညတ်ပါဠိတော်၏မှီရာ အတ္ထနိဿယကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ လက်ရှိပုံနှိပ်ပြီး ပုဂ္ဂလပညတ်ပါဠိတော်နိဿယကျမ်းကို တွေ့ရပါသည်။ ယင်းနိဿယကျမ်းမှာ ဂန္ဌာရမ္ဘ, နိဂုံး သီးခြားမပါမရှိသဖြင့် မည်သည့်ပုဂ္ဂိုလ် ပြုစီရင်သည်ဟု အတိအကျဆုံးဖြတ်ရန် မလွယ်သကဲ့သို့ ရှိ၏။ သို့ရာတွင် ဆင်တဲဆရာတော်ဘုရားကြီးသည် ကျမ်းတော်တော်များများကို ဂန္ဌာရမ္ဘ, နိဂုံးမပါပဲ ပြုခဲ့သည်ကို တွေ့ရှိရသဖြင့် ယင်းယခုခေတ်ပုံနှိပ်ပြီး ပုဂ္ဂလပညတ်ပါဠိတော်နိဿယကိုလည်း ဆင်တဲဆရာတော် အရှင်သာဂရ၏ နိဿယဟု သိမှတ်ယူရာနိုင်လေသည်။

ပုဂ္ဂလပညတ္တိပါဠိယာ၊ နိဿယံ နိဿယေ သုဓီ။
ယတိနံ ဟိတာဝဟာယ၊ ရစယိတ္ထ သုဇာတိမာ။

ဝိနည်းမဟာဝါပါဠိတော်နိဿယ

ကူးသန်းကြီး (ပခန်းကြီး) မြောက်ဖက် မင်းအသခ်ယာပြုသော တောင်ကြီးရွှေဥမင်၌ သီတင်းသုံးသော အရှင်ဇမ္ဗုဇမည်သော ရွှေဥမင်ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၀၁၀-ခုနှစ်က မဟာဝါပါဠိတော်နိဿယကို ပြုစီရင်တော်မူခဲ့လေသည်။

ဆင်တဲဆရာတော်ဘုရားကြီး အရှင်သာဂရသည် ပဠမသံဂါယနာတင် မင်းတုန်းမင်းတရားနှင့် မိဖုရားခေါင်ကြီးတို့၏ စေလွှတ်

ချက်အရ နန်းမတော်ဝန်မဟာ သီရိဇယျသူအမတ်ကြီး တောင်းပန်လျှောက်ထားသဖြင့် ဝိနည်းမဟာဝါပါဠိတော်နိဿယကို ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦးဌ-

၁။ ဇယေ သုဘေ ပဇာနန္တော၊ လောကနာထော မဟာမုနိ။
ပညပေသိ ရက္ခဏတ္ထာ၊ ပတ္တတ ဒေတု သော မမ။

၂။ ဣမာယ ပတ္ထနံ ကတ္တာ၊ ရတနာပုဋ္ဌအဝ္ဘယံ။
အယုဇ္ဈံပ မာပိတသ၊ သိရိမန္တသ ရာဇိနော။

၃။ သဒ္ဓါသိလာဒိဂုဏေန၊ သမ္ပန္နာယ မဟေသိယာ။
အသမ္ဘိန္နာယ ဝံသေန၊ ပဋ္ဌိသောဏိယ ဘာသနံ။

၄။ မိုင်းခိုင်းနဂရဘောဇေန၊ သုဆေကေနာ'ဘိယာစိတော။
ဒသခန္ဓမဏ္ဍိတသ၊ မဟာဝဂ္ဂသ နိဿယံ။

၅။ နာဟိသခေ်ပဝိတ္ထာရံ၊ ကရိဿာမိ သုဏ္ဏကဿနံ။
ယုဝဘိက္ခူနမတ္ထာယ၊ သဒါ ပဿန္တု သာဓဝေါ။

(၁) သုဘေ= ကူးမြတ်ဆန်းကြယ် လွန်တင့်တယ်အပ်သော။ ဇယေ= ငါးမာရ်ဖောင်ရာ ရတနာရွှေပလွင်၌။ သဗ္ဗမမ္မေ= ခပင်းဥဿုံ အလုံးစုံသောတရားပေါ်ကို။ သဗ္ဗညုတညာဏေန= သဗ္ဗညုတညာဏ်တော်ဖြင့်။ ပဇာနန္တော= အပြားအားဖြင့် သိတော်မူထသော။ လောကနာထော= လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူထသော။ ယော မဟာမုနိ= အကြင်ပြတ်စွာဘုရားသည်။ ဘိက္ခူနံ= ရဟန်းတို့အား။ ဇီဝိတံ= အသက်ကဲ့သို့။ ရက္ခဏတ္ထံ= ကောင်းစွာစောင့်စေခြင်းငှာ။ သိက္ခာပဒံ= သိက္ခာပုဒ်ကို။ ပညပေသိ= ပညတ်တော်မူပြီ။ သော မဟာမုနိ= ထိုမြတ်စွာဘုရားသည်။ မယ= အကျွန်ုပ်အား။ ပတ္ထိတံ= တောင့်တအပ်သော ကောင်းကျိုးချမ်းသာ မဂ်လာကို။ ဒေတု= ပေးတော်မူစေသတည်း။

(၂) အဟံ= ငါသည်။ ဣမာယ ဂါထာယ= ဤဇယသုဘေ အစရှိသော ပဌမဂါထာဖြင့်။ ပတ္ထနံ= ဆုတောင်းခြင်းကို။ ကတ္တာ=

ပြု၍။ ရတနာပုဋ္ဌအဝှယံ= လောကီလောကုတ္တရာရတနာတို့၏ စုပုံရာ ဖြစ်ခြင်းကြောင့် ရတနာပုံအမည်ရှိသော။ မဟာနဂရံ= မြို့ကြီးကို။ အယုဇ္ဈံဝ= နတ်မြို့ကဲ့သို့။ မာပိတသ= ဖန်ဆင်းတည်တော်မူထသော။ သိရိမန္ဒသ= တန်ခိုးကျက်သရေ မြတေရှိန်ဝါ ပညာလက်ရုံး ဘုန်းတော်လည်းရှိထသော။ ရာဇိနော စ= ကပ်ဦးအစ မဟာသမ္မတနွယ်ရိုး မင်းမျိုးစင်စစ်လည်း ဖြစ်တော်မူသော သာသနာဒါယကာ မဟာဓမ္မရာဇ၏ မင်းခေါင်မင်းဖျား မင်းတရားကြီး၏လည်းကောင်း။

(၃) သဒ္ဓါသီလာဒိဂုဏေန= သဒ္ဓါသီလအစရှိသောဂုဏ်နှင့်။ ဝါ= သဒ္ဓါသီလသုတစာဂပညာဂုဏ်နှင့်။ သမ္ပန္နာယ= ပြည့်စုံထသော။ ဝံသေန= အနွယ်တော်အားဖြင့်။ အသမ္ဘိန္နာယ= အသမ္ဘိန္န ခတ္တိယနွယ်ရိုး အစစ်လည်းဖြစ်ထသော။ မဟေသိယာ-အဂ္ဂမဟေသိယာဝ= အလွန်မြတ်သော ဘုန်းကျက်သရေရှိသော မိဖုရားကြီး၏လည်းကောင်း။ ဘာသနံ= အမိန့်တော်ကို။ ပဋိသောဏိယ= နာခံ၍။

(၄-၅) မိုင်းခိုင်းနဂရဘောဇေန= မိုင်းခိုင်းမြို့စားလည်းဖြစ်ထသော။ သုဆေကေန= ပါဋိ အဋ္ဌကထာ ဋီကာ အနု မဓု လက်သန်းဂန္ထာရ ကျမ်းတို့မှ (တို့၌) အလွန်လိမ္မာထသော။ မဟာအမစ္စေန= နန်းမတော်ဝန် မဟာသိရိဇယျသူ အမည်ရှိသော အမတ်ကြီးသည်။

အဘိယာစိတော= တောင်းပန်အပ်သည်။ ဟုတ္တာ= ဖြစ်၍။ ဒသခန္ဓမဂ္ဂိတသ= မဟာခန္ဓကအစရှိသော ဆယ်ပါးသောခန္ဓကတို့ဖြင့် တန်းဆာဆင်အပ်သော။ မဟာဝဂ္ဂသ= မဟာဝဂ်၏။ ဝါ= ကြီးစွာသော သိက္ခာပုဒ်အစု၏။ နာတိသခ်ေပဝိတ္ထာရံ= မကျဉ်းလွန်း မကျယ်လွန်းထသော။ သုဏ္ဏကဋ္ဌနံ= ကောင်းစွာရှုဘွယ်ရှိထသော။ နိဿယံ-နဝနိဿယံ= နိဿယသစ်ကို။ ယုဝဘိက္ခူနံ= ရဟန်းပျိုတို့၏။ အတ္ထာယ= အကျိုးငှာ။ ကရိသာမိ= ပြုပေအုံ့။ တံ နိဿယံ= ထို နိဿယသစ်ကို။ သဒါ= အခါခပ်သိမ်း။ သာဓဝေါ= သူတော်ကောင်းတို့သည်။ ပဿန္တု= ရှုစေကုန်သတည်း။

ဟူသော ၅-ဂါထာပါဠိနိဿယဖြင့် အဘိယာစက, ပဋ္ဌိညာဉ်စသည် ဖော်ပြ၍ အာသီသပုဗ္ဗကဂန္ဌာရမ္ဘပြုတော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌လည်း-

၁။ ဣဒ္ဓိမန္တာနမာဝါသံ၊ ပတိရူပသုနိမ္မိတံ။
သာသနဿ ဇုတောဘာသ၊ ရတနာပုဋ္ဌအဝ္ဘယ။
၂။ တသ ပါစိနဒေသမ္မိ၊ ဤသံဒကွိဏနိဿိတေ။
သုမာပိတကအာရာမေ၊ စေတိယာဒိသုသောဘိတေ။
၃။ ဗလနာယကာမစ္စေန၊ မြို့သစ်နဂရဘောဂိနာ။
မင်းကြီးမဟာမင်းထင်စည်သူ-ဝ္ဘယေန သဟ ကာရိတေ။
၄။ ပါသာဒါဒိအလင်္ကိတေ၊ စတုဘူမ္မကအာဝါသေ။
ဝေယံဘုံသာတိသမ္မတေ၊ နိဝါသဋ္ဌာန ဃရေန။
၅။ လိခိတော အဝိရောဓေန၊ မဟာဝဂ္ဂသ နိဿယော။
သင်္ဂရာဇေကသဟသံ၊ အဋ္ဌတိံသာဓိဋ္ဌိသတံ။
၆။ စိတ္တမာသမ္မိ သမ္ပတ္တေ၊ ဇုဏ္ဏပက္ခစတုဒ္ဒသေ။
ပေါတ္ထကံ အာရာပေတ္ဝာန၊ အနာယာသေန နိဋ္ဌိတော။
၇။ ယာဝ ပုဒ္ဓေါတိနာမမ္မိ၊ သတ္တလောကေ ပတိဋ္ဌိတိ။
လောကဇေဋ္ဌသ သတ္ထုနော၊ အယံ တာဝ ပတိဋ္ဌတူတိ။

(၁) ဣဒ္ဓိမန္တာနံ= တန်ခိုးတေဇာ ပညာလက်ရုံး ဘုန်းသမ္ဘာရှိကုန်သော မင်းခေါင်မင်းဖျား မင်းတရားတို့၏။ အာဝါသံ= နေရာဖြစ်ထသော။ ပတိရူပသုနိမ္မိတံ= စေတီဂူကျောင်း တန်ဆောင်းပြာသာဒ်တို့ဖြင့် တင့်အပ်ဖွယ်ရာ ရှစ်မျက်နှာ၌ ကောင်းစွာတန်ဆာဆင်အပ်ထသော။ သာသနဿ= ရည်ဆောင်ပိုင်းခြား ထားခဲ့မိန့်မှာ သာသနာတော်မြတ်၏။ ဇုတောဘာသံ= ထွန်းလင်းတောက်ပရာဖြစ်ထသော။ ရတနာပုဋ္ဌအဝ္ဘယံ= လောကီလောကုတ္တရာ ရတနာအပေါင်းတို့၏ စုပုံရာဖြစ်ခြင်းကြောင့် ရတနာပုံအမည်ရှိသော။ ယံ နဂရံ= အကြင် မြို့ကြီးသည်။ အတ္ထိ= ရှိ၏။

(၂) တသနဂရသ= ထိုမြို့ကြီး၏။ ဤသံဒကွဲဏနိသိတေ= စဉ်းငယ်တောင်သို့ယွန်းသော။ ပါစိနဒေသမှ= အရှေ့အရပ်မျက်နှာ၌။ စေတိယာဒိသုသောဘိတေ= သရီရမြတ် မွေဓာတ်စုပုံ စည်းခုံစေတီ အစရှိသည်တို့ဖြင့် အလွန်တင့်တယ်သော။ သုမာပိတကအာရာမေ= ကောင်းစွာတည်ထောင်ဖန်ဆင်းအပ်သော အရံ၌။

(၃) မြို့သစ်နဂရဘောဂိနာ= မြို့သစ်ဦးခိုင် ခရိုင်ပတ်ကုံး ခွန်အားလုံးကို အသုံးကံကျွေး မေတ္တာရှေးဖြင့် ပေးတော်မူအပ်သော မြို့သစ်မြို့စားလည်းဖြစ်ထသော။ မင်းကြီးမဟာမင်းထင်စည်သူ၌ယေန= မင်းကြီးမဟာမင်းထင်စည်သူ ဇမ္ဗူနဒသိဂ်ရောင်လျှပ် ရွှေဘွဲ့အပ်သော အမည်လည်းရှိထသော။ ဗလနာယကာမစ္စေန= မိုးနဲ့ဗိုလ်မှူးဝန်ထောက် အမတ်သည်။ ဇယာယ= မျိုးသည်လျှာနှင့်။ သဟ= တကွ။ ကာရိတေ= ဆောက်လုပ်အပ်သော။

(၄) ဝေယန်ဘုံသာတိသမ္မတေ= ဝေယန်ဘုံသာဟူ၍ သမုတ်အပ်သော။ ပါသာဒါဒိအလင်္ကိတေ= ဘုံသာခုနစ်ထပ် ထီးထွတ်တပ်သော ကျောင်းဦးပြာသာဒ်အစရှိသည်တို့ဖြင့် တန်းဆာဆင်အပ်သော။ စတုဘုမ္မကအာဝါသေ= ဘုံလေးဆင့်ရှိသော ကျောင်းကြီး၌။ နိဝါ-သန္တေန= သီတင်းသုံးနေသော။ ထေရေန= သာဂရဓဇသိရိပဝရမဟာ ဓမ္မရာဇာဓိရာဇဂုရု တံဆိပ်နာမံရှိသော မထေရ်သည်။

(၅) ဂန္ဓေဟိ= ပါဠိ အဋ္ဌကထာစသော ကျမ်းတို့နှင့်။ အဝိရောဓေန= မဆန့်ကျင်သောအားဖြင့်။ လိခိတော= ရေးအပ်သော။ မဟာဝဂ္ဂသ= မဟာဝဂ်၏။ နိဿယော-နဝနိဿယော= မှီရာနိဿယသစ်သည်။ သက္ကရာဇေ= ခေါ်မှတ်ဝေါဟာ သင်္ကာသက္ကရာဇ်သည်။ ဧကသဟဿံ= တစ်ထောင်သို့လည်းကောင်း။ အဋ္ဌတိံသာဓိဒ္ဓိသတံ= သုံးဆယ့်ရှစ်ခုအလွန်ရှိသော နှစ်ရာသောနှစ်သို့လည်းကောင်း။ သမ္ဘတ္တော= ရောက်သည်ရှိသော်။

(၆) စိတ္တမာသမှ= တန်ခူးလ၌။ ဇုဏှပက္ခစတုဒ္ဒသေ= လဆန်းပက္ခစုဒ္ဒသီနေ့၌။ ပေါတ္ထကံ= ပေထက်သို့။ အာရောပေတ္တာ=

တင်၍။ အနာယာသေန= မငြိုမငြင်မပင်မပန်းသဖြင့်။ နိဗ္ဗိတောဿ= ပြီးခြင်းသို့ရောက်၏။

(၇) ယာဝ= အကြင်ရွေ့လောက်။ လောကဇေဋ္ဌသ= လူသုံးပါးထက် ကြီးမြတ်တော်မူသော။ သတ္ထုနော= မြတ်စွာဘုရား၏။ ဗုဒ္ဓေါတိနာမမ္မိ= ဘုရားဟူသော အမည်သည်လည်း။ သတ္တလောကေ= သတ္တလောကဌ်။ ပတိဋ္ဌတိ= တည်သေး၏။ တာဝ= ထိုရွေ့လောက်။ အယံ နိဿယော= ဤဝိနည်းမဟာဝါ ပါဠိတော်နိဿယသစ်သည်။ ပတိဋ္ဌာတု= တည်စေသတည်း။ ဣတိ= ဤသည်လျှင် နိဂုံးအပြီးတည်း။

ဟူသော ၇-ဂါထာပါဌ်နိဿယဖြင့် ဆင်တဲတိုက်ကြီး၏တည်ရာကျောင်းတိုက်သမိုင်း ကျောင်းတိုက်မြင်ကွင်း ကျမ်းပြီးရာနှစ် လ ရက် တောင့်တမျှက်စသည်ဌ ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

ယင်းနိဿယကို အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရာ ရှိုင်ဆိုက်စာမျက်နှာ ၃၀၀-ကျော်မှ ပဌမ, ဒုတိယ နှစ်တွဲရှိလေသည်။

မဟာဝဂ္ဂနိဿယောပိ၊ ထေရေန ထိရညာဏိနာ။
ရစိတော ဝိစက္ခဏေန၊ ပေဋကပါရဒဿိနာ။

အဘိဓမ္မတ္ထသာရ ဝိနိစ္ဆယကျမ်း

ယင်းကျမ်း၏အဓိပ္ပါယ်ကား အဘိဓမ္မာ၏အဓိပ္ပါယ်, အနက်နှစ်ကျမ်း သို့မဟုတ် အဘိဓမ္မာအနက်အဓိပ္ပါယ်မြတ်ကျမ်း ဖြစ်လေသည်။ ဆင်တဲတိုက်ဆရာတော်ဘုရားကြီး အရှင်သာဂရသည် ယင်းအဘိဓမ္မတ္ထသာရဝိနိစ္ဆယကျမ်းဌ-

၁။ ကမ္မဘဋ္ဌာန်ပုံ ပျက်ပုံအကြောင်း၊

၂။ နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်တို့၏ ပုဗ္ဗကိစ္စ ၄-ပါးကို ပြဆိုခြင်းအကြောင်း၊

၃။ မဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ် သိဟာန်အထူးတို့ကို ပြဆိုခြင်းအကြောင်း၊

၄။ ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်အစဉ်၌ ဖြစ်ပျက်ပုံကိုပြဆိုခြင်းအကြောင်း၊

၅။ ရဟန္တာတို့၏ စုတိစိတ်၌ နိမိတ်အာရုံအကြောင်း၊

၆။ ဘဝသစ်၌ ပဋိသန္ဓေနေသူ၏စိတ်သည် မရဏာသန္နဇောနှင့် အာရုံတူသည်၊ စုတိစိတ်နှင့် အာရုံတူသည်ကို ဝေဘန်၍ပြဆိုခြင်းအကြောင်း၊

၇။ ရဟန္တာတို့၏စုတိစိတ်သည် ပဋိသန္ဓေနှင့် အာရုံတူသည်၊ မရဏာသန္နဇောနှင့် အာရုံတူသည်ကို ဝေဘန်ရာပြခြင်းအကြောင်း၊

၈။ မြတ်စွာဘုရားစုတိစိတ်၏ နိမိတ်အာရုံအကြောင်း၊

၉။ အသညသတ်ဘုံမှ ကာမသုဂတိဘုံ၌ ပဋိသန္ဓေစိတ် အာရုံ ကမ်းလှမ်းပုံအကြောင်း၊

၁၀။ မိဿကကံ၏ အကျိုးပေးပုံနှင့် ရဟန္တာတို့၏ကြိယာစိတ် အကျိုးမပေးဟူသောစကား အိပ်မက်စေတနာ၏အကျိုးပေးဟန်များကို ဝေဘန်ရာပြခြင်းအကြောင်း၊

၁၁။ ပဠာနန္တရိယကံ၏ အကျိုးပေးဟန်နှင့် ဗဟုလကံ, ဗလဝကံတို့၏ အထူးကို ပြခြင်းအကြောင်း၊

၁၂။ ဒွါရမည်ခြင်းအကြောင်းနှင့် ဧကတ္ထ, နာနတ္ထ, ဗျာပါရ, ဧဝံဓမ္မတာ နည်းလေးပါးအထူး သာသနာပ အဌဂ်ဉပုသ်စောင့်ထိန်းရသော ဝတ္ထုများကို ပြဆိုခြင်းအကြောင်း၊

၁၃။ သာသနာတော် မရှိသောကာလ၌ ရှစ်ပါးသီလဆောက်တည်ကြောင်းဝတ္ထု အမြွက်နှင့်တကွ ပြဆိုခြင်း၊

၁၄။ မနောကံစေတနာသည် အဘိဇ္ဈာစသည်အဖို့၌ မဖြစ်ခြင်းအကြောင်း၊

၁၅။ ပါဏာတိပါတ ဗျာပါဒနှစ်ပါးအထူးကို အာဂုံပါဠိဖြင့် ပြဆိုခြင်း၊

၁၆။ သက္ကာယဒိဋ္ဌိကို ပြဆိုခြင်း၊

၁၇။ ကမ္မပထမြောက်သော မိစ္ဆာဒိဋ္ဌိတို့၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ကို ပြခြင်းအကြောင်း၊

၁၈။ မဂ်မရထိုက်သောပုဂ္ဂိုလ်တို့ကို ပြဆိုခြင်းအကြောင်း၊

၁၉။ အာဏာခေတ်, ဝိသယခေတ် စကြာဝဠာတို့၌ ဘုရားမပွင့် ဇာတိခေတ် ဤစကြာဝဠာ၌သာ ဘုရားပွင့်သည် ဟူသော အဆုံးအဖြတ်ကို ပြဆိုခြင်းအကြောင်း၊

၂၀။ ရူပါဝစရပဋ္ဌမစျာန်ကုသိုလ်စေတနာသည် အသညသတ် ကမ္မဇရူပ်အား နာနာက္ခဏိကကမ္မပစ္စည်းတပ်သည်၊ ပက တူပနိဿယပစ္စည်းတပ်သည်များကို ခွဲခြမ်း၍ပြခြင်းအကြောင်း၊

၂၁။ ဣန္ဒြိယယမိုက် ပစ္စုပန္နာနာဂတဝါရ၌ 'ယသ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တသ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိသတီတိ' အစရှိသော ပုစ္ဆာ၏ ဝိဘင်းတို့ကို ဖြေရှင်းဆုံးဖြတ်ခြင်းအကြောင်း၊

၂၂။ ဗြဟ္မာတို့မှာ ဝိရတိရှိ၊ မရှိ ဆုံးဖြတ်ခြင်းအကြောင်းတို့ ပါရှိလေသည်။

ယင်းအဘိဓမ္မတ္ထသာရဝိနိစ္ဆယကျမ်းကို ဆင်တဲသ(၇)ဂြိုဟ် အကောက်ကျမ်းတို့ကို ပေမှကူးယူ၍ ခရစ်သက္ကရာဇ် ၁၉၁၂-ခုနှစ်တွင် မန္တလေးမြို့ ရတနာသိဒ္ဓိပိဋကတ်ပုံနှိပ်တိုက်၌ တပေါင်းတည်းပုံနှိပ်ထုတ်ဝေခဲ့ရာ ကျမ်းစာအတွင်းမျက်နှာဖုံး၌-

"သမ္မာသမ္ဗုဒ္ဓ အနုတ္တရ ဥက္ကဋ္ဌစစ် ဓမ္မရာဇ် ခေါင်ဖျား မြတ်စွာဘုရား၏ သုံးပါးသောသာသနာဝယ်

လဝါနေရောင် အထောင်မက ထွန်းလင်းပစေ၍ ပရမတ္ထဝိသောဓာ အဘိဓမ္မတ္ထဆေက တိကၠဂမ္ဘီရ အတိဇဝန ဉာဏဗုဒ္ဓိ ကဝိတဆူ ဖြစ်တော်မူသဖြင့် ရာဇဥက္ကင့် မင်းမင်းမြတ်တို့၏ သုံးထပ်တံဆိပ် ခပ်နှိပ်ပူဇော် အလှူတော်ခံရသည့် ပထမဆင်တဲဆရာတော် ဘုရားကြီး ရေးသားစီရင်တော်မူအပ်သော အဘိဓမ္မတ္ထသာရဝိနိစ္ဆယကျမ်းနှင့် ဆင်တဲသင်္ဂြိဟ်အကောက်" စသည်ဖြင့် ပါရှိလေသည်။

ယင်းအဘိဓမ္မတ္ထသာရဝိနိစ္ဆယကျမ်းမှာ ရှိုင်ဆိုက်စာမျက်နှာ ၃၂- မျက်နှာရှိလေသည်။

အဘိဓမ္မတ္ထသာရ-နိစ္ဆယမို့ သုနိစ္ဆယော။
ရစိတော ထေရသေဋ္ဌေန၊ ဆင်တဲအာရာမသာမိနာ။

အဘိဓမ္မသမူဟဝိနိစ္ဆယကျမ်း

အဘိဓမ္မသမူဟဝိနိစ္ဆယကျမ်းကြီးမှာ အဘိဓမ္မာဆိုင်ရာ အဆုံးအဖြတ်များစွာတို့ တည်ရှိစုဝေးရာ ကျမ်းကြီးဖြစ်လေသည်။ ယင်းကျမ်းကြီးမှာ တတွဲမက ရှိဟန်တူပါသည်။ ဤကျမ်းပြုသူသည် ပဌမတွဲကို လေ့လာကြည့်ရှုဘူးပါသည်။ ယင်းကျမ်းကြီးမှာ ဆင်တဲဆရာတော် အရှင်သာဂရနှင့် စကုဆရာတော်, ဆိပန်းနီဆရာတော်, မြို့ပြင်ကြီးဆရာတော်တို့၏ အဆုံးအဖြတ်များပါရှိရာ ဆင်တဲဆရာတော် အရှင်သာဂရ၏ အဆုံးအဖြတ်များသာ များလေသည်။ အခြားဆရာတော်များ၏ အဆုံးအဖြတ်များမှာ အနည်းငယ်သာ ပါရှိသည်။ ယင်းအဆုံးအဖြတ်များကို ကျမ်းဖြစ်အောင် စုဆောင်းစီစဉ်သူကား မန္တလေးမြို့ ပုဂံအတွင်းဝန်ကျောင်းတိုက် ဆရာတော်ဘုရားကြီး၏တပည့် ဦးကလျာဏ လူပျံ့တော် ဖြစ်လေသည်။ ယင်းကျမ်းကြီး၌ ရဟန္တာတို့ စုတိစိတ်၏ နိမိတ်ထင်အာရုံအကြောင်း အဆုံးအဖြတ်စသည့် အဆုံးအဖြတ်ပေါင်း ၁၀၈-ခု ပါရှိလေသည်။ ယင်းကျမ်းကြီး၏ကျမ်းဦး၌-

၁။ အဋ္ဌသတံ စက္ကက်ိတံ၊ သုသဏ္ဌိတံ ပဒံ ယုတံ။
နမာမိ ပရမံ ဗုဒ္ဓံ၊ သိရသာ အဘိအာဒရံ။

၂။ အဋ္ဌသတံ တဏှာရဇံ၊ နိဿေသေန သုဓောဝကံ။
နမာမိ ပရမံ ဓမ္မံ၊ သိရသာ အဘိဂါရဝံ။

၃။ အဋ္ဌသတံ စတုယုဂံ၊ ဒက္ခိဏေယျံ သုမာနသံ။
နမာမိ ပရမံ သံဃံ၊ သိရသာ အဘိသက္ကစ္စံ။

၄။ လဒ္ဓလဒ္ဓိတဂရူဟိ၊ သုနိစ္ဆိတာ ဒုဝေ ဌာနာ။
ဝိနယေ အဘိဓမ္မေပိ၊ ဒုဇ္ဇာနိကာ သုဂမ္ဘီရာ။

၅။ ပဌမံ တတ္ထ ဝိနယ-သမ္မုဟတဝိနိစ္ဆယော။
ဥဒ္ဓရိတော ပါတုဘဝိ၊ သုရောဝ အာဒိကပ္ပကေ။

၆။ ဒေဝမပိ ကပ္ပကေဟိ၊ သန္ဓေပိ ဒိဝသာလောကေ။
အာလောကတ္ထာယ ရတ္တိယံ၊ စန္ဒိမာဂ္ဂဝ ဆန္ဒကေ။

၇။ တထေဝိဓ သာရေသိဟိ၊ ပါတုဘဝေပိ ဝိနယော။
ဗောဓနတ္ထာယ ဘိဓမ္မံ၊ အာဂ၁်ါ သာရမိဒံ။

၈။ တသ္မာ ဒါနိ အဘိဓမ္မ-သမ္မုဟကဝိနိစ္ဆယံ။
ပုဗ္ဗာပရံ ဝိဘဇေတ္တာ၊ ဥဒ္ဓရယိ ယထာမုလန္တိ။

(၁) အဟံ= ငါသည်။ အဋ္ဌသတံ= တရာ့ရှစ်ကွက် ရေတွက်အပ်ထသော။ စက္ကက်ိတံ= စက်လက္ခဏာတို့ဖြင့် မှတ်အပ်ထသော။ သုသဏ္ဌိတံ ပဒံ ယုဂံ= ကောင်းစွာအညီအညွတ်တည်သော ခြေတော်အစုံ ရှိတော်မူထသော။ ပရမံ ဗုဒ္ဓံ= သာဝကဗုဒ္ဓ ပစ္စေကဗုဒ္ဓတို့ထက် လွန်တော်မူသော ဘုရားသခင်ကို။ အဘိအာဒရံ= အလွန်ရိုသေစွာ။ သိရသာ= ညွတ်သော ဦးခေါင်းဖြင့်။ နမာမိ= ရှိခိုးပါ၏။

(၂) အဋ္ဌသတံ= တရာ့ရှစ်ပါး ရေတွက်ဟူးထသော။ တဏှာရဇံ= တဏှာတည်းဟူသော ညစ်ကြေးမြူကို။ နိဿေသေန= အကြွင်းမဲ့အားဖြင့်။ သုဓောဝကံ= ကောင်းစွာဆေးကြောတော်မူတတ်ထသော။ ပရမံ ဓမ္မံ= ရသေ့ဟောကြား ထိုတရားတို့ထက် လွန်မြတ်သော

ဆယ်ထပ်သောတရားတော်ကို။ အဘိဂါရဝံ= အလွန်ရိုသေစွာ။ သိရသာ= ညွှတ်သောဦးခေါင်းဖြင့်။ နမာမိ= ရှိခိုးပါ၏။

(၃) အဋ္ဌသတံ= တရာ့ရှစ်တန် ရေတွက်မှန်ထသော။ စတုယုဂံ= လေးယောက်အစုံ ဖြစ်တော်မူထသော။ ဒက္ခိဏေယျံ= မြတ်သောအလှူကို ခံယူတော်မူထိုက်သော။ သုမာနသံ= ကောင်းသောစိတ်နှလုံးရှိတော်မူထသော။ ပရမံ သံယံ= ကလျာဏပုထုဇဉ်သံယာတို့ထက် လွန်မြတ်သော ရှစ်ယောက်သော ပရမတ္ထသံယာတော်ကို။ အဘိသက္ကစ္စံ= အလွန်ရိုသေစွာ။ သိရသာ= ညွှတ်သောဦးခေါင်းဖြင့်။ နမာမိ= ရှိခိုးပါ၏။

(၄) နတ္ထာ= ရှိခိုးပြီး၍။ လဒ္ဓလဒ္ဓိတဂရုဟိ= သာဂရဓဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်, ပဏ္ဍာဝါလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု စကုဆရာတော်, နရိန္ဒာဘိဓဇအတုလာဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဆားဘန်းနဆရာတော်, စန္ဒဝံသာလင်္ကာရမြို့ပြင်ကြီးဆရာတော်ဟု ဆိုအပ်ကုန်သော တံဆိပ်တော်ရဆရာတော်ကြီးတို့သည်။ ဝိနယေပိ= ဝိနည်းပိဋကတ်တော်၌လည်းကောင်း။ အဘိဓမ္မာပိ= အဘိဓမ္မာပိဋကတ်တော်၌လည်းကောင်း။ ဒုဇ္ဇာနိကာ= သိမြင်မြင်းဌာ ခဲယဉ်းကုန်သော။ သုဂမ္ဘီရာ= ကောင်းစွာနက်နဲကုန်သော။ ဒုဝေ ဌာနာ= ဝိနယဝိနိစ္ဆယ အဘိဓမ္မဝိနိစ္ဆယ နှစ်ဌာနတို့ကို။ သုနိစ္ဆိတာ= ကောင်းစွာ ဆုံးဖြတ်တော်မူအပ်ကုန်၏။

(၅) ဟတ္ထ= ထိုဝိနိစ္ဆယ နှစ်ဌာနတို့တွင်။ အာဒိကပ္ပကေ= ကမ္ဘာဦးအခါ၌။ သူရော= နေဗိမာန်သည်။ ပဌမံ= လဗိမာန်၏ ရှေးဦးစွာ။ ပါတုဂ ဣဝ= ထင်ရှားဖြစ်သကဲ့သို့။ ဝိနယသမ္ဗဟ ဝိနိစ္ဆယော= ဝိနည်းပေါင်း အဆုံးအဖြတ်ကျမ်းကို။ ဥဒ္ဓတော= ပုံနှိပ်ထုတ်ဆောင်အပ်ပြီးသည်ဖြစ်၍။ ဝါ= ဖြစ်သောကြောင့်။ ပဌမံ= ဤအဘိဓမ္မသမ္ဗဟဝိနိစ္ဆယကျမ်း၏ ရှေးဦးစွာ။ ပါတုဘဝိ= အကျော်အကြား ထင်ရှားဖြစ်လေပြီ။

(၆) ဧဝမပိ= ဤသို့ဖြစ်သော်လည်း။ ကပ္ပိကေဟိ= ကမ္ဘာဦးသူတို့သည်။ ဒိဝသာလောကေ= နေ့အခါ၌ ပူစွာထန်ပြင်း ဟူးဟူးလင်းသော နေမင်းအရောင်သည်။ သန္ဓေပိ= မကွယ်ထင်ရှား ရှိလင့်ကစားလည်း။ ရတ္တိယံ= ညဉ့်အခါ၌။ အာလောကတ္ထာယ= သီတဂူလမင်း ဧမြေဝင်းသော အလင်းအရောင်အလို့ငှာ။ စန္ဒိမာ= လဗိမာန်ကို။ ဆန္ဒတေ ဣဝ= တောင့်တလင့်ဆို လိုအပ်ဘိ၏သို့။

(၇) တထေဝ= ထို့အတူသာလျှင်။ ဣဒ= ဤခေတ်သမယ ဤကာလ၌။ သာရေသိဟိ= အနှစ်သာရကို ရှာမှီးကုန်သောပုဂ္ဂိုလ်တို့သည်။ ဝိနယော= ဝိနယသမူဟဝိနိစ္ဆယကျမ်းသည်။ ပါတုဘဝေပိ= မကွယ်ထင်ရှား ရှိလင့်ကစား။ အဘိဓမ္မံ= အဘိဓမ္မာပေါင်း အဆုံးအဖြတ်ကို။ ဗောဓေနတ္ထာယ= ပိုင်ပိုင်ထိုးထွင်း သိနိုင်ခြင်းငှာ။ သာရံ= အနှစ်အတိ သာရရှိသော။ ဣဒံ= ဤအဘိဓမ္မသမူဟဝိနိစ္ဆယကျမ်းကြီးကို။ အာဂတခ်ိဝ= ကြောင့်ကြောင့်ကြကြ တောင့်တအပ်သည်သာလျှင်တည်း။

(၈) တသ္မာ= ထိုသို့မြော်လင့်ကြောင့်ကြ တောင့်တအပ်သောကြောင့်။ ဒါနိ= ယခုအခါ၌။ အဘိဓမ္မသမူဟဝိနိစ္ဆယံ= အဘိဓမ္မပေါင်းအဆုံးအဖြတ်ကျမ်းကို။ ပဋ္ဌာပရံ= ရှေ့ရှေ့နောက်နောက်။ ဝိဘဇေတ္ဝာ= ခွဲခွဲခြမ်းခြမ်း ဝေဖန်ထားယျက်။ ယထာမူလံ= မန္တုတ်မသွင်း မူရင်းအတိုင်း။ ဥဒ္ဓရယိ= ပုံနှိပ်ထုတ်ဆောင်အပ်ပြီ။ ဣတိ= ဤသာလျှင် ရတနတ္တယပဏာမစသည်ကို ဆိုရာစကားရပ် အပြီးသတ်သတည်း။ ဟူသော ၈-ဂါထာပါဠိနိဿယဖြင့် ဂန္ထာရम္ဘပြုတော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌လည်း-

ဘော်ဘာဝတာ စ ယထာ ဝိစိတ္တာနိ ပုပ္ဖာနိ သင်္ဂဟိတာနိ နစေဝ ဝိကိရ္ဏာနိ။ နစ ဝိဒ္ဓံသေန္တိ။ တထေဝံ သုတ္တသဒ္ဒေသနဝိစိတ္တသာရဉ္ဉာဏေန ဟေဋ္ဌာ သင်္ဂဟိတေသု ပုပ္ဖသဒ္ဒေသု သကလဝိနိစ္ဆယပဒေသု ခ်ဏာသဝစုတိစိတ္တသ နိမိတ္တာရမ္မဏကရဏ-ဝိနိစ္ဆယပဒတော ပဋ္ဌာယ ယာဝ ဥပပဇ္ဇဝေဒနီယကမ္မာရဟပဋ္ဌမဇဝန-

စေတနာကမ္မဝိဘာဂဒဿနကရဏာဝိနိစ္ဆယပဒါ ဧတ္ထန္တရေ သုပ္ပတိဋ္ဌ-တာနိ ဝိနိစ္ဆယပဒါနိ။ "သာဂရဓရသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"တိ လဒ္ဓလဒ္ဓိတေန ဟတ္ထိသလာစရိယေန သုဝိနိစ္ဆိတာ ဝိနိစ္ဆယပဒါတိ။

တတော ပန ပုရေ နိဗ္ဗာနဿ သရူပကံ ဝိယဇ္ဇကရဏာ-ဝိနိစ္ဆယပဒတော ပဋ္ဌာယ ယာဝအနာဂါမိပုဂ္ဂလရူပါရူပဘူမ္မိကဒ္ဓိကၠတ္တံ့ ပဋ္ဌိသန္ဓိဂ္ဂဟဏာဂဟဏဝိနိစ္ဆယပဒါ ဧတ္ထန္တရေ "ပဏ္ဍာဝါလင်္ကာရမဟာ ဓမ္မရာဇာဓိရာဇဂုရု"တိ လဒ္ဓလဒ္ဓိတော အာယုဒီဃာစရိယေနာတိ တတောစုပရိ ပန ဆကောဋ္ဌာသဝိနိစ္ဆယပဒံ "နရိန္ဒာဘိဓဇအတုလာ-ဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"တိ တိက္ခတ္တံ့ လဒ္ဓလဒ္ဓိတေန ပဒရာစရိယေနာတိ။

ဣတရာ ပနာဝသေသဝိနိစ္ဆယပဒါ စ "စန္ဒဝံသာလင်္ကာ-ရေန" မဟာဗဟိနဂရာစရိယေန သုဝိနိစ္ဆိတာ ဝိနိစ္ဆယပဒါတိ စေဝံ ကဏ္ဌံကဏ္ဌံ ပရိစ္ဆိန္ဒိတ္တာ ဂန္ထာစရိယနာမဝိသေသံ သုဠု ဝိသုံ ဝိသုံ သလ္လက္ခေတဗ္ဗံ။

ဣဒဉ္စိ ပန သင်္ဂီဟကရံ သံယသ ဓရပမဿ မဟာသံယ-ရာဇဿ အာစရိယဘူတဿ "နန္ဒဝံသာဘိဓဇ"ဝိသုတဿ သုဓမ္မာ-စရိယဿ ဓမ္မန္တေဝါသိကေန ကလ္ယာဏောတိပုဗ္ဗဝေါဟာရိကေန အဂါရေ အနဂါရေ စ ပါဒ္ဓဝဉ္ဉာဏေန ကိတ္တိသဒ္ဒေါ ဟုတ္ဝာ သာသနဿ ဘာရံ နိစ္စံ ဝဟနသီလေန သပ္ပုရိသဇနေန သုသန္ဓိစ္စိတံ သုသင်္ဂီဟိတန္တိ ဝိညာပေန္တေ သာဓဝေါတိ။

စ= ကျမ်းပြီးနိဂုံးတို့ကို ဆိုဦးအံ့။ ဧတ္တာဝတာ ဧကောဝန္ဓေန ဝစနက္ကမေန= ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်အားဖြင့်။ ဝိစိတ္တသုတ္တေန= အထူးထူးအပြားပြား ဆန်းကြယ်သော ပန်းသီတံ ချည်ဖြင့်။ သင်္ဂီဟိတာနိ= စုဆောင်းပေါင်းရုံး ကုံးသီအပ်ကုန်သော။ ဝိစိတ္တာနိ= ကုန်သော။ ပုပ္ဖာနိ= ပန်းတို့သည်။ နာ ဝိကိရယန္တိယထာ စေဝ= ဖရိုဖရဲ မကြဲကုန်သကဲ့သို့လည်းကောင်း။ နာ ဝိဒ္ဓံသေန္တိယထာ စ= မတည်ငြိမ်သက် ပျက်လည်းမပျက်ကုန်သကဲ့သို့လည်းကောင်း။

ဒေါ် တထား ပမာထိုတူ။ သုတ္တသဒိသေန။ ပန်းသီတံချည်နှင့်တူသော။ ဝိစိတ္တသာရဉာဏေန။ အထူးထူးအပြားပြား ဆန်းကြယ်သော အနှစ်သာရရှိသော ဉာဏ်ဖြင့်။ ဟေဠာ။ အောက်၌။ သင်ဟိတေသု။ ရှာဖွေစုဆောင်း ပေါင်းရုံးအပ်ကုန်သော။ ပုပ္ဖသဒိသေသု။ ပန်းနှင့်တူကုန်သော။ သကလဝိနိစ္ဆယပဒေသု။ စ, လယ်, ဆုံးကုန် အလုံးစုံသော ဝိနိစ္ဆယပုဒ်တို့တွင်။ ခီဏာသဝစုတိစိတ္တသ။ ရဟန္တာပုဂ္ဂိုလ်တို့စုတိစိတ်၏။ နိမိတ္တာရမ္မဏကရဏဝိနိစ္ဆယပဒတော။ နိမိတ်အာရုံအကြောင်း အဆုံးအဖြတ်မှ။ ပဌာယ။ စ၍။ ယာဝ ဥပပဇ္ဇဝေဒနိယ-ကမ္မာရဟပဋိသန္ဓေစေတနာကမ္မဝိပါကဒဿနကရဏဝိနိစ္ဆယပဒါ။ အကြင်ဥပပဇ္ဇဝေဒနိယကံထိုက်သော ပဋိသန္ဓေစေတနာကံ၏အကျိုးကို ပြဆိုခြင်းအကြောင်း အဆုံးအဖြတ်ပုဒ်တိုင်အောင်။ ဇာတ္ထန္တရေ။ ဤအတွင်း၌။ သုပ္ပတိဋ္ဌိတာနိ။ ကောင်းစွာတည်ကုန်သော။ ဝိနိစ္ဆယ-ပဒါနိ။ အဆုံး အဖြတ်ပုဒ်တို့ကို။ သာဂရဓရသိရိပဝရမဟာဓမ္မရာဇာဓိ-ရာဇဂုရုတိ လဒ္ဓလဉ္ဆိတေန။ သာဂရဓရသိရိပဝရမဟာဓမ္မရာဇာဓိရာဇ ဂုရုဟူသော ရဒေါ်သောတံဆိပ်တော် ရှိတော်မူသော။ ဟတ္ထိလာသာ-စရိယေန။ ဆင်တဲဆရာတော်ဘုရားသည်။ သုဝိနိစ္ဆိတာ။ ကောင်းစွာဆုံးဖြတ်တော်မူအပ်ကုန်သော။ ဝိနိစ္ဆယပဒါတိ။ အဆုံးအဖြတ်ပုဒ်တို့ ဟူ၍လည်းကောင်း။

တတော ပန ပုရေ။ ထိုမှအထက်၌ကား။ နိဗ္ဗာနသ။ နိဗ္ဗာန်၏။ သရူပကံ။ သရုပ်ကို။ ဝိသဇ္ဇနကရဏဝိနိစ္ဆယပဒတော။ ဖြေဆိုခြင်းအကြောင်း အဆုံးအဖြတ်ပုဒ်မှ။ ပဌာယ။ စ၍။ ယာဝ အနာဂါမိပုဂ္ဂလရူပါရူပဘူမိကဒိဋ္ဌတ္တာ ပဋ္ဌိသန္ဓိဂ္ဂဟဏာဂဟဏဝိနိစ္ဆယ-ပဒါ။ အကြင်အနာဂါမ်ပုဂ္ဂိုလ်တို့သည် ရူပအရူပဘုံ၌ နှစ်ကြိမ်ပဋ္ဌိ-သန္ဓေ နေ, မနေအကြောင်း အဆုံးအဖြတ်ပုဒ်တို့တိုင်အောင်။ ဇာတ္ထန္တရေ။ ၌။ "ပဏ္ဏာဝါလက်ာရမဟာဓမ္မရာဇာဓိရာဇဂုရု"တိလဒ္ဓလဉ္ဆि-တေန။ သော။ အာယုဒီဃာစရိယေန။ စကုမြို့ သက်တော်ရှည် ဆရာတော်ဘုရားကြီးသည်။ သုဝိနိစ္ဆိတာ။ ကုန်သော။ ဝိနိစ္ဆယပဒါတိ စ။ လည်းကောင်း။ တတောစုပရိ ပန။ ထိုမှအထက်၌ကား။

ဆကောဌာသဝိနိစ္ဆယပဒံ= အရှင်ဒေဝဒတ်အဆုံးအဖြတ်ဟုဆိုအပ်သော ဆကောဌာသဝိနိစ္ဆယပုဒ်ကို။ "နရိန္ဒာဘိဓေအတုလာဝိပတိသိရိပဝရ-မဟာဓမ္မရာဇာဓိရာဇဂုရု"တိ= ဟူ၍။ တိကၠတ္တုံ= သုံးကြိမ်။ လဒ္ဓ-လဒ္ဓိတေန= သော။ ပဒရာစရိယေန= ဆီးဘန်နီဆရာတော်ဘုရားကြီး သည်။ သုဝိနိစ္ဆိတာ= ကုန်သော။ ဝိနိစ္ဆယပဒါတိ စ= လည်းကောင်း။

ဣတရာ ပန= ဤဆိုအပ်ခဲ့ပြီးသည်မှတပါးလည်းဖြစ်ကုန်သော။ အဝသေသဝိနိစ္ဆယပဒါ= ဤအဆုံးအဖြတ်တို့ကို။ စန္ဒဝံသာလင်္ကာရေန= စန္ဒဝံသာလင်္ကာရအမည်ရှိသော။ မဟာဗဟိနဂရာစရိယေန= မြို့ပြင်ကြီးဆရာတော်ဘုရားသည်။ သုဝိနိစ္ဆိတာ= ကုန်သော။ ဝိနိစ္ဆယပဒါတိ စ= လည်းကောင်း။ ဧဝံ= ဤသို့။ ကဏ္ဍံကဏ္ဍံ= တပိုင်းတပိုင်းစီ။ ပရိစ္ဆိန္ဒိတ္တာ= ခြား၍။ ဂန္ဌာစရိယနာမဝိသေသံ= ဤကျမ်းပြုဆရာတော် အမည်ထူးကို။ ဝိသုံဝိသုံ= အသီးအသီး။ သုဌု= ကောင်းစွာ။ သလ္လက္ခေတဗ္ဗံ= မှတ်အပ်ပြီ။

ပန= ဤအဘိဓမ္မာသမူဟဝိနိစ္ဆယကျမ်းကို ကြိုးပမ်းစုဆောင်းပေါင်းရုံး၍ပြုသောဆရာကို ဆိုဦးအံ့။ ဟိ-သစ္ဒံ= မှန်၏။ ဣမံ-ပကရဏံ= ဤအဘိဓမ္မာသမူဟဝိနိစ္ဆယကျမ်းကို။ သင်္ဂဟကရံ= ရှာဖွေစုဆောင်း ပေါင်းရုံး၍ပြုသော ဆရာကို။ သံယသ= သာသနာမတော်ထမ်း ရဟန်းသံယာတော်တို့၏။ ဓဇူပမသ= တံခွန်သဖွယ်ဖြစ်တော်မူသော။ မဟာသံယရာဇသ= သာသနာပိုင်ဆရာတော်ဘုရားကြီး၏။ အာစရိယဘူတသ= ဆရာဖြစ်၍ဖြစ်တော်မူထသော။ နန္ဒဝံသာဘိဓေ တရဝိသုတသ= နန္ဒဝံသာဘိဓေဟူ၍ ကျော်ကြားတော်မူထသော။ သုဓမ္မာစရိယသ= ပုဂံအတွင်းဝန် သုဓမ္မာဝင်ဆရာတော်ဘုရားကြီး၏။ ဓမ္မဇ္ဇောဝါသိကေန= ဓမ္မဇ္ဇောဝါသိက တပည့်ရင်းစစ် ဖြစ်ကြီးဖြစ်သော။ ကလ္လာဏောတိပုဗ္ဗဝေါဟာရိကေန= ကလ္လာဏဟူသော ရှေးအမည်ရှိသော။ အာဂါရေ စ= လူ့ဘောင်၌လည်းကောင်း။ အနာဂါရေ စ= ရဟန်းဘောင်၌လည်းကောင်း။ ပါဒ္ဓဝဉ္ဘဏေန= ဂင်ရှားသော ဉာဏ်အားဖြင့်။ ကိတ္တိသဒ္ဒေါ ဟုတ္တာ= ကျော်စောအသံ ရှိသည်ဖြစ်၍။ သာသနသ= သာသနာတော်၏။ ဘာရံ= ဝန်ကို။ နိစ္စံ= အခါမလပ်။

ဝဟနသီလေန= ရွက်ဆောင်လေ့ရှိသော။ သုပ္ပုရိသဇနေန= သူတော်ကောင်းစစ်ဖြစ်သော ယောက်ျားသည်။ သုသန္ဓိစ္စိတံ= ကောင်းစွာဆည်းပူး စုဆောင်အပ်၏။ သုသင်္ဂဟိတံ= ကောင်းစွာသိကုံး ပေါင်းရုံးအပ်၏။ ဣတိ= ဤသို့။ သာဓဝေါ= သူတော်ကောင်းတို့သည်။ ဝိညာပေန္တု= သိတော်မူကြပါစေကုန်သတည်း။ ဣတိ= ဤသည်လျှင် ကျမ်းကြီးနိဂုံး ကမ္ဘတ်ဖုံး၍ အဆုံးသတ်သတည်း။

ဟူသော ပါဠိသက်သက် ပါဠိ မြန်မာနိသယစကားရပ်တို့ဖြင့် နိဂုံးအုပ်ခဲ့လေသည်။ ယင်းကျမ်းကြီးမှာ ရှိုင်ဆိုက်ဖြင့် ၄၄၆-မျက်နှာ ရှိလေသည်။

ပဟာဝေါ ဝိနိစ္ဆယေပိ၊ သာဂရော သာရဒ္ဒုဏိကော။
ပရမတ္ထသာရေသိနံ၊ ဟိတာယ ရစယိ ဟိ ခေါ။

ဘွဲ့တံဆိပ်တော် ၃-တန်ရရှိခြင်း

ပုဂံမင်းတရားလက်ထက်တွင် "သာဂရဝံသာဘိဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်, ပဌမသံဂါယနာတင် မင်းတရားကြီးလက်ထက်တွင် "သာဂရမဇသိရိပဝရမဟာမမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်, သီပေါမင်းတရားလက်ထက်တွင် "သာဂရဝံသဓဇအတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်အားဖြင့် ဘွဲ့တံဆိပ်တော် ၃-ထပ်ကို အလျှုံခံရရှိတော်မူခဲ့လေသည်။

အရှေ့ပြင် ဆင်တဲတိုက်အလှူခံ

မင်းတုန်းမင်းတရားလက်ထက်တွင် သစ်တောဝန်တစ်ဦးတည်ဆောက်လျှုဒါန်းအပ်သော မန္တလေးမြို့ အရှေ့ပြင် ဆင်တဲတိုက်ကို အလှူခံတော်မူ၍ စာသင်သားတပည့်တပန်း ရဟန်းသာမဏေတို့အား စာပေချပို့ခဲ့လေသည်။ ၎င်းနောက်တွင် အနောက်ပြင်

မဟာခေမာဘယဆင်တဲတိုက်ကို အလျှုံခံတော်မူ၍ သာသနာပြုတော်မူခဲ့လေသည်။

ပုံလွန်တော်မူခြင်း

အနောက်ပြင် ဆင်တဲတိုက်ဟောင်း၌ သီတင်းသုံး၍ စာပေကျမ်းဂန်များကို ပို့ဆဲဖြစ်ရာ ၁၂၄၈-ခုနှစ်လောက်တွင် ပုံလွန်တော်မူခဲ့လေသည်။[1]

ဘဒ္ဒန္တသာဂရော ထေရော၊ သာဂရူပမညာဏိကော။
ကိစ္စေနေကေ သော ကရိတ္တာ၊ ယထာဓမ္မံ ဂတော သုဓီ။

သံဝေဂယူရန်

သန္ဓေဇာတိ တဖန်ပြု၍ တြိဘုံသူ အဆူဆူလျှင် လူလူနတ်နတ် မတ်မတ်မားမား ဖြစ်ပြန်ငြားသော် သုံးပါးအရွယ် စ,လယ်, အဆုံး ရှိမြဲထုံးဖြင့် အနှုန်းစဉ်စီ သန္ဓေချီက နာရီဆင့်ဆင့် အဆင့်ဆင့်လျှင် ရင့်မြဲရော်မြဲ တသဲသဲတည့် မစဲနေ့ည တရွရွလျှင် ခဏသန္ဓတိ အဂ္ဂိဇရာ နှစ်ဖြာလောင်မီး ရှိန်ရှိန်ညီး၍ အကြီးအငယ် အရွယ်ခြားနား အစားစားလျှင် အသွားတွင်တွင် မစဲနှင်၏။ လေးအင်သေမှု တခုခုလည်း ဗဟုအန္တရာယ် အသွယ်သွယ်နှင့် နှီးနွယ်ရုံးစည်း တလုံးတည်းလျှင် ကြီးကြီးငယ်ငယ် အရွယ်မထောက် အချိန်ရောက်လာ ချုပ်ပျောက်ခန္ဓာ မငြင်းသာသည် ဇရာမရဏ စွမ်းရည်တည်း။[2]

၁။ မန္တလေးသာသနာဝင်၊ ၁၈။ ၂၃၃။ ၂၃၇။
မဟာခေမာဘယဆင်တဲတိုက်ဟောင်းသာသနာဝင်-ကြည့်။

၂။ လယ်တီဆရာတော်ဘုရားကြီး လက်ာ။

နောက်ဆက် ဆရာတော်များ

ဆရာတော်အရှင်သာဂရ နောက်တွင် ဆရာတော်အရှင်ဂုဏ, ဆရာတော်အရှင်ရာဇိန္ဒ, ဆရာတော်အရှင်တိလောက, ဆရာတော်အရှင်နာရဒတို့ အရှေ့ပြင် ဆင်တဲတိုက်၌ ဆက်လက်၍ ထိန်းသိမ်းစောင့်ရှောက် သီတင်းသုံးတော်မူခဲ့ကြကုန်၏။ အရှင်နာရဒကား စာပေကျမ်းဂန်တတ်မြောက်တော်မူသည်ဟု သိရ၏။

အရှင်နာရဒသည် အသက်အရွယ်ကြီးရင့်လာသောအခါ ကျန်းမာရေးမကောင်းသဖြင့် ကျောင်းတိုက်ကို သုဓမ္မာအား လွှဲအပ်လေသည်။ သုဓမ္မာက အရှင်ကောသလ္လအား လွှဲအပ်သဖြင့် အရှင်ကောသလ္လသည် ၁၃၀၃-ခုနှစ်ကစ၍ ဆင်တဲတိုက်ကို အကြီးအကဲပြု၍ သီတင်းသုံးတော်မူခဲ့လေသည်။

ဆရာတော်အရှင်ကောသလ္လသည် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် အင်တိုင်းရွာ၌ အဖ-ဦးဖိုးလှ အမိ-ဒေါ်အေးတို့မှ ၁၂၆၆-ခုနှစ် ကဆုန်လတွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်စဉ်ကပင် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ထမ်းဆောင်ခဲ့လေသည်။ မာရ်အောင်တိုက်, အနောက်ပြင် ခင်မကန်တိုက်, မိုးကောင်းကိုက်တို့၌လည်း ပညာသင်ကြားတော်မူခဲ့လေသည်။ ၁၃၀၃-ခုနှစ်မှစ၍ အရှေ့ပြင် ဆင်တဲတိုက်၏ နာယကတာဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။

သံယာဦးရေစသည်

ဆင်တဲတိုက်၌ ဆရာတော်အရှင်သာဂရ လက်ထက်က သံယာတော်များ ရာနှင့်ချီ၍ သီတင်းသုံးတော်မူခဲ့ကြကုန်၏။ ဆရာတော်အရှင်သာဂရသည် အနောက်ပြင် ဆင်တဲတိုက်သို့ ရွှေ့ပြောင်းကြွသွားသည့်နောက် သံယာဦးရေ တဖြည်းဖြည်းကျဆင်းခဲ့လေသည်။

၁၃၂၄-ခုနှစ်က ရဟန်းတော် ၁၁-ပါး၊ သာမဏေ ၁၃-ပါး ရှိ၍ ၂-ရပ်ပေါင်း ၂၄-ပါး ရှိခဲ့လေသည်။ ၁၃၃၁-ခုနှစ်၌ သံဃာတော် ၃၃-ပါး ရှိလေသည်။ အရှေ့ပြင် ဆင်တဲတိုက်၌ ကျောင်းထိုင်ဆရာတော် ၅-ပါး ရှိလေသည်။ တိုက်ဝန်းကြီးမှာ ဒသမ ၂၆၊ ဧ-ဧက ရှိလေသည်။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ဆင်တဲသာသနဝံသောယံ၊ သမတ္တော သာဓု ဝဏ္ဏိတော။

ဆင်တဲတိုက်သာသနာဝင် (အရှေ့ပြင်) ပြီး၏။

*** ◆ ***

မဟာဝိဇိတာရာမ (တောင်စလင်း)တိုက် သာသနာဝင်

မဟာဝိဇိတာရာမကျောင်းတိုက်ကြီးသည် မင်းတုန်းမင်းခေတ် နောက်ပိုင်းနှင့် သီပေါမင်းခေတ်ရှေ့ပိုင်းတွင် စည်ပင်ခဲ့သည့်ကျောင်းတိုက်ကြီး ဖြစ်လေသည်။ ယင်းကျောင်းတိုက်ကြီးသည် မန္တလေးမြို့အရှေ့ပြင် ပြည်ကြီးမျက်ရှင်ရပ်၌ တည်ရှိလေသည်။ မဟာဝိဇိတာရာမတိုက်၏ မြောက်ဖက်၌ စည်ပုတ္တရာကျောင်းတိုက်ရှိပြီး တောင်ဖက်ခတ်လှမ်းလှမ်းတွင် အဘယာရာမလှထွေကျောင်းတိုက်ကြီး တည်ရှိသည်။ ကျောင်းတိုက်ကြီးမှာ ၁၀-ဧကခန့် ရှိ၏။ ကျောင်းတိုက်ကြီးကို မဟာရံတံတိုင်း ၂-ထပ် ဝန်းရံ၍ တည်ရှိလေသည်။ မဟာရံတံတိုင်းကြီးများမှာ ဟောင်းနွမ်းလှပြီ ဖြစ်၏။ ကျောင်းတိုက်အတွင်း၌ အဆောက်အအုံပျက်စီးနေပြီဖြစ်သော သိမ်တစ်လုံး ရှိ၏။ အလယ်ကျောင်းကြီး ပျက်စီးခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း ကျောင်းရာကြီးကိုကား တောင်ဖက်လှေကားတစင်း, အနောက်ထိပ်မှ လှေကား ၃-စင်းဖြင့် ကျယ်ဝန်းလှသည့် ကျောင်းရာကြီးကို တွေ့မြင်ရသေး၏။ ၎င်းပြင် နေထိုင်ဖြစ်ရုံမျှ ကျောင်းတကျောင်း ရှိ၏။ ၎င်းကျောင်း၌ သံယာတော်အနည်းငယ် သီတင်းသုံးလျက် ရှိပေသည်။ ယင်းဖော်ပြချက်ကား ၁၃၃၁-ခုနှစ်က တွေ့မြင်ခဲ့ရသည့်အတိုင်း ဖော်ပြချက် ဖြစ်သည်။

သမိုင်းအကျဉ်း

ပဠမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် မဟာရံတံတိုင်း ၂-ထပ်ဖြင့် ဝန်းရံလျက် ထောင့်မုခ်ပြာသာဒ်, ရွှေချတံခါးတိုင်, တံခါးရွက်စုံ, အရံကျောင်းတော် နှစ်ဆယ်ကျော်, စနု, ဘောဂ, ဆောင်မ, စမြင်တို့ဖြင့် ကြီးကျယ်ခမ်းနားလှစွာ အလယ်ကျောင်းမကြီး ဆောက်လုပ်စေ၍ ကျောင်းတော်ကို "မဟာအောင်မြေဗိမာန်"တိုက်

တော်ကို "မဟာဝိဇိတာရာမ"အမည်တပ် ကမ္ဘည်းထိုး၍ "ကေတု-ဓဇာဘိပဝရမဟာဓမ္မရာဇဂုရု"ဟူသော ပဌမဘွဲ့တံဆိပ်တော်၊ "ကေတု-ဓဇာဘိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဒုတိယဘွဲ့တံဆိပ်တော်အားဖြင့် ဘွဲ့တံဆိပ်တော် နှစ်ထပ်ရ စလင်းဆရာတော်အရှင် ကေတုအား တင်လှူတော်မူခဲ့လေသည်။ စလင်းဆရာတော်အရှင် ကေတု သီတင်းသုံးသဖြင့် စလင်းတိုက်ဟု တွင်လေသည်။ မြောက်စလင်းတိုက်ကို စွဲ၍ တောင်စလင်းတိုက်ဟူ၍လည်း ခေါ်ကြသည်။ တဖန် မြောက်စလင်းတိုက်မှာ ရှေးဦးစွာတည်၍ တောင်စလင်းတိုက်မှာ နောက်မှတည်သောတိုက် ဖြစ်သောကြောင့်လည်း စလင်းတိုက်သစ်ဟုလည်း ခေါ်ကြကုန်၏။

♦♦♦

ကေတုဓဇာဘိပဝရမဟာဓမ္မရာဇဂုရု
ကေတုဓဇာဘိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
ကေတုမာလာဘိဓဇအတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ကေတု

ဆရာတော်အရှင်ကေတုသည် ရာဇဂုရု, ရာဇာဓိရာဇဂုရု, အဘိဓဇအတုလာဓိပတိ ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဆရာတော်တပါး အနေဖြင့်လည်းကောင်း၊ သုဓမ္မာဝင်ဆရာတော်တပါး အနေဖြင့်လည်းကောင်း စလင်းတိုက် ၂-တိုက်၏ အဓိပတိမဟာနာယကဆရာတော် အနေဖြင့်လည်းကောင်း သာသနာတော်၌ ထင်ရှားတော်မူခဲ့လေသည်။

မွားဖြင်တော်မူခြင်း

မြန်မာမင်းတို့လက်ထက်က မြို့သာနယ်၊ ယခုအခါ စစ်ကိုင်းခရိုင် ငါန်းဇွန်းနယ် သံငါးရာအပါအဝင် ကောင်းဇင်ရွာ၌ အဖ-ဦးရွှေလန်း, အမိ-ဒေါ်ဝင်းဥတို့မှ သာသနာတော်သက္ကရာဇ် ၂၃၇၂-

ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၁၉၀-ပြည့်နှစ်၊ ဝါဆိုလဆန်း ၁၃-ရက်၊ တနလ်ာနေ့ နံနက်တချက်တီးကျော် အချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ဆရာတော်၏ငယ်နာမည် မောင်ကျယ်[1] ဖြစ်လေသည်။

ပညာသင်ကြားခြင်း ရှင်သာမဏေဝတ်ခြင်း

မောင်ကျယ်သည် ရုပ်အဆင်းအဂိုလက္ခဏာနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်ဖြစ်သည်။ ငယ်စဉ်က ချစ်ခင်ကျင်နာသူ မျှားစွာပေါမျှား၏။ ကျောင်းသားအရွယ်တွင် ရွာရှေ့ကျောင်း ဂိုဏ်းထောက်ဘုန်းတော်ကြီး အရှင်ဂုဏထံတွင် မိဖတို့ အပ်ကြသဖြင့် ပညာသင်ကြားခဲ့ရလေသည်။ ၁၃-နှစ်သားအရွယ်တွင် ဆရာတော်ဘုန်းတော်ကြီး အရှင်ဂုဏကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဝတ်ခဲ့သည်။ ဥပဇ္ဈာယ်ဆရာတော်က ရှင်ကေတုဟု အမည်မှည့်ခေါ် ဘွဲ့ပေးတော်မူ၏။

အရှင်ဂုဏထံ ပညာသင်ကြားခြင်း

ဆရာတော်လောင်းလျှာ ရှင်ကေတုသည် ဥပဇ္ဈာယ်ဆရာတော် အရှင်ဂုဏထံတော်၌ သဒ္ဒါ, သဒ္ဓြိဟ်, ဆန်း, အဘိဓာန်, အလင်္ကာ, ဋီကာကျော်, ကခ်ါဂိတရဟီအဋ္ဌကထာ-စသော နေ့ဝါကျမ်းစာများနှင့်တကွ မာတိကာ, ဓာတုကထာ အဘိမ္မာညဝါကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။

အမရပူရမြို့, မဟာဝိဇိတာရာမတိုက်သို့

သက်တော် ၁၆-နှစ်သားအရွယ်တွင် အမရပူရနန်းမြို့တော် သာသနာပိုင်ဆရာတော် အရှင်ဥယျဓမ္မာဘိဝံသ သီတင်းသုံးတော်မူရာ မဟာဝိဇိတာရာမတိုက်သို့ ရောက်ရှိ၍ "ဥတ္တမာစာရပရမဓ

---

[1] မောင်ကျယ်၌ မောင်ဖယ်, မောင်လူ, မရောက်, မလောက်, မငွေမှုန်-ဟု၍ မွေးချင်း ၅-ယောက် ရှိလေသည်။

မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မင်းတဲ့ဆရာတော်သီတင်းသုံးတော်မူရာ ကျောင်း၌ နေထိုင်၍ ဆရာတော်အရှင်ဥတ္တမ, သာသနာပိုင် မောင်းထောင်ဆရာတော် အရှင်ဥေ ယျဓမ္မာဘိဝံသနှင့် အခြားကျမ်းဂန်တတ်ဆရာတော်များထံ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းကြီးများကို သင်ယူတော်မူခဲ့လေသည်။

သာသနာပိုင် ဦးဥေ ယျက ခေါ်းကျူး

ရှင်ကေတုသည် သာသနာပိုင်မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျဓမ္မာဘိဝံသ-က ဓမ္မသင်္ဂီပါဠိတော်နှင့် အဋ္ဌသာလိနီအဋ္ဌကထာ, မူလဋီကာတို့ကို တွဲဖက်၍ စာပေချပို့စဉ် လိုက်ဝါဖြင့် သင်ယူစဉ် ဆရာတော်အရှင်ဥေ ယျဓမ္မာဘိဝံသ-က "ဟဲ့. . . ကိုရင် စာလိုက်တယ်ဆိုတာ ကိုယ်နှင့်သင့်တော်သည့်စာဝါကို ရွေးချယ်၍ လိုက်ရသည်၊ ယခု ဓမ္မသင်္ဂီ, အဋ္ဌသာလိနီ, မူလဋီကာ စာဝါများမှာ ကိုရင်နှင့်မတန်၊ ခက်ခဲနက်နဲသည့် ကျမ်းဂန်များဖြစ်သည်"ဟု မိန့်တော်မူရာ ရှင်ကေတု-က "မှန်လှပါဘုရား၊ တပည့်တော် လိုက်၍ရပါသည်ဘုရား၊ ဆရာတော်ဘုရား မိန့်ကြားသည့် အဓိပ္ပါယ်များကိုလည်း မှတ်သားနားလည်ပါသည်ဘုရား"ဟု လျှောက်ထားလေရာ သာသနာပိုင်ဆရာတော်ဘုရားကြီးက မူလဋီကာ၌ ပြောပြီးအဓိပ္ပါယ်များကို မေးတော်မူရာ အကွက်ကျကျ ဖြေဆိုလေ၏။ သာသနာပိုင်ဆရာတော်ဘုရားကြီးသည် များစွာကျေနပ်တော်မူကာ "ကေတု. . . နင်ကား ဘွဲ့အတိုင်း နောက်တွင် ဂဏန်းလမ္ဘီမည် ဟု ရှင်ကေတုခေါင်းကို လက်နှင့်ကိုင်တော်မူ၍ ချီးမွမ်းစကား မိန့်ကြားတော်မူလေသည်။ ဂုင်းပြင် အဋ္ဌသာလိနီအဋ္ဌကထာကို စတက်၍ ပြီးဆုံးပြီးနောက် ၃-နှစ်တိုင်တိုင် စာလှည့်တော်မူခဲ့လေသည်။

ရဟန်းဖြစ်ခြင်း သန္ဓေသမြန်မာပြန်ခြင်း

သက်တော် ၂၀-ပြည့်မြောက်သောအခါတွင် ဇာတိချက်ကြွေ မွေးရပ်မြေသို့ ပြန်ကြွတော်မူ၍ ငယ်ဆရာရင်း ဂိုဏ်းထောက်ဆရာတော် အရှင်ဂုဏာကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ရဟန်းခံပြီးနောက် အမရပူရမြို့သို့ ပြန်ကြွ၍ သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဥေ ယျမမ္မာဘိဝံသနှင့် အရှင်ဥတ္တမထံ ဆက်လက်ပညာသင်ကြားတော်မူခဲ့လေသည်။ အရှင်ကေတုသည် ရဟန်း ၃-ဝါအရတွင် သာသနာပိုင်ဆရာတော်ဘုရားကြီးထံ သီဟိုဠ်ကျွန်းမှ ပါဠိဘာသာဖြင့် သန္ဓေသကထာများ ရောက်လာရာ အရှင်ကေတုအား အနက်မြန်မာပြန်ဆိုစေရာ သာသနာပိုင်ဆရာတော်ဘုရားကြီးက သဘောကျ၍ ချီးကျူးတော်မူပြီး ကေတုနောင် မာလာတိုး၍ 'ကေတုမာလာ'ဟု မှည့်ခေါ်တော်မူလေသည်။

မိဖုရားခေါင်ကြီးထံ သီလပေးကြွခြင်း

မင်းတုန်းမင်းတရားကြီး၏ မိဖုရားခေါင်ကြီးက လျှောက်ထားချက်အရ သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျမမ္မာဘိဝံသ အမိန့်အရ သံတင်းနေ့တိုင်း မိဖုရားခေါင်ကြီးအဆောင်တော်သို့ ကြွရောက်တော်မူ၍ မိဖုရားခေါင်ကြီးနှင့် နန်းတွင်းသူ, နန်းတွင်းသားတို့အား ရှစ်ပါးသီလပေးတော်မူရလေသည်။ မိဖုရားကြီးနှင့် ပရိသတ်တို့က ရဟန်းတော်အရှင်ကေတုမာလာအား များစွာကြည်ညိုကြကုန်၏။

စလင်းဆရာတော် အရှင်ကလျာဏထံ ဆက်လက် ပညာသင်

ရဟန်းသိက္ခာ ၅-ဝါအရတွင် ရဟန်းတော်အရှင်ကေတုမာလာသည် အရှင်ဥတ္တမ၏ စေလွှတ်ချက်အရ "ကလျာဏဇောတ သာသနဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ စလင်းဆရာ

တော် အရှင်ကလျာဏထံ ရောက်ရှိ၍ ပညာသင်ကြားခဲ့လေသည်။ မန္တလေးမြို့ တည်သောအခါတွင် အရှင်ကေတုမာလာသည် ဆရာတော်အရှင်ကလျာဏနှင့်အတူ မန္တလေးသို့ ကြွရောက်၍ မဟာမမ္မိ-ကာရာမ (မြောက်စလင်း)တိုက်၌ သီတင်းသုံး၍ စာပေပို့ချတော်မူလေသည်။

စလင်းတိုက်၌ ကျောင်းဆောက်တင်လှူ

ဆရာတော်အရှင်ကေတုမာလာ သီတင်းသုံးရန် မဟာမမ္မိကာရာမတိုက်၌ မိဖုရားခေါင်ကြီးက ကျောင်းဆောက်လှူဒါန်းသဖြင့် ယင်းကျောင်း၌ သီတင်းသုံးတော်မူ၍ စာပေချပို့တော်မူခဲ့လေသည်။ အရှင်ကေတုမာလာသည် ၁၅-ဝါရရှိသောအခါ မဟာမမ္မိကာရာမ (မြောက်စလင်း)တိုက်ဆရာတော် အရှင်ကလျာဏ ပျံ့လွန်တော်မူသဖြင့် လွဲအပ်ချက်အရ မြောက်စလင်းတိုက်၏ မဟာနာယကတာဝန်ကို ထမ်းဆောင်တော်မူရလေသည်။

သုဓမ္မာဝင်ဆရာတော်ဖြစ်ခြင်း

ဆရာတော်အရှင်ကလျာဏ "ကလျာဏဇောတသာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပဌမဆရာတော်ကြီးသည် သုဓမ္မာဝင် ၈-ပါးတွင် ၁-ပါးအပါအဝင်ဖြစ်ရာ ယင်းဆရာတော် အရှင်ကလျာဏနေရာ၌ အစားထိုး၍ ဆရာတော်အရှင်ကေတုမာလာအား သုဓမ္မာဝင်ဆရာတော်အဖြစ် ပဌမသံဂါယနာတင် မင်းတရားကြီးက ခန့်ထားတော်မူလေသည်။

အရှင်ကလျာဏ၏နယ်ပယ်များ ဆက်လက်သာသနာပြု

ဆရာတော်အရှင်ကလျာဏ၏ အုပ်ချုပ်နယ်ပယ်ဖြစ်သော ရမည်းသင်း, ပျဉ်မနား, တောင်ငူ-အစရှိသော နယ်များကိုလည်း အုပ်ချုပ်၍ သာသနာပြုတော်မူခဲ့လေသည်။ မိဖုရားခေါင်ကြီးကလည်း

စလင်းတိုက်ရှိသံယာတော် ၁၀၀၀-ကျော်တို့အား နေ့စဉ် ဆွမ်းကျွေးတော်မူလေသည်။

မဟာဝိဇိတာရာမတိုက် အလှူခံခြင်း

မြောက်စလင်းတိုက်၌ သံယာတော် ၁၀၀၀-ကျော်ရှိနေသဖြင့် စာသင်သား ရဟန်းသာမဏေများစွာတို့ အနေအထိုင် ဆင်းရဲကြပ်တဲကုန်၏။ သို့ဖြစ်၍ မင်းတရားကြီး, မိဖုရားခေါင်ကြီးတို့က စည်ပုတ္တရာကျောင်းကိုက် တောင်ဖက် သာယာညီညွတ်ကျယ်ဝန်းသော မြေအပြင်၌ မဟာရံတံတိုင်း ၂-ထပ် ဝန်းရံစေလျက် ကျောင်းအရံ ၂၀-နှင့် ကျောင်းတော်တည်ဆောက်စေပြီး ကျောင်းတော်ကို မဟာအောင်မြေဗိမာန်အမည်မှည့်၍ တိုက်တော်ကို မဟာဝိဇိတာရာမအမည်မှည့်၍ ဆရာတော်အရှင်ကေတုမာလာအား တင်လှူခဲ့လေသည်။ ထိုစဉ်မှစ၍ ဆရာတော်အရှင်ကေတုမာလာသည် မဟာဓမ္မိကာရာမတိုက်နှင့် မဟာဝိဇိတာရာမတိုက်တို့၌ လှည့်လည်သီတင်းသုံးတော်မူခဲ့ရာ နောက်တွင် မဟာဝိဇိတာရာမဟိုဟ်၌ အမြဲသီတင်းသုံးတော်မူသဖြင့် မဟာဝိဇိတာရာမဆရာတော်ဟု ဝေါဟာရတော်မူလေသည်။

ဘွဲ့တံဆိပ်တော် ၃-တန် အလှူခံခြင်း

ဆရာတော်အရှင်ကေတုမာလာသည် ရဟန်းသိက္ခာ ၁၅-ဝါအရတွင် ပဠမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး ဆက်ကပ်လှူဒါန်းအပ်သော "ကေတုဓဇာဘိပဝရမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ မကြာမီ သုဓမ္မာဝင်ဖြစ်ပြီးနောင် "ကေတုဓဇာဘိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း ထပ်မံဆက်ကပ်ခြင်း ခံရလေသည်။ မာရ်အောင်ရတနာစေတီတော်ဒါယကာ သားတော်သီပေါမင်းတရားလက်ထက်

သက်တော် ၅၆-နှစ်တွင် "ကေတုမာလာဘိဓဇအတုလာဓိပတိသိရီ ပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ပဌမတံဆိပ်တော်ကို အလျှံခံ ရရှိတော်မူပြန်လေသည်။

စကားအရာ လိမ္မာကျွမ်းကျင်

မဟာဝိဇိတာရာမ စလင်းဆရာတော်ဘုရားကြီးသည် စကား အရာ ပမာပမေ ရှာဖွေ၍ တရားစကား ပြောဆိုမိန့်ကြားရာ၌ လွန်စွာ ကျွမ်းကျင်တော်မူလေသည်။ ဆရာတော်၏မိန့်ကြားချက်တချို့ကို ဤ၌ ဖော်ပြအပ်ပါသည်။

သစ္ဓတ္ထဒီပနီကျမ်းနှင့်စပ်၍ နန်းတော်၌ မိန့်ကြားခြင်း

တစ်နေ့တွင် ပဠမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး သည် "ကေတုဓဇာဘိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ် တော်ရ မဟာဝိဇိတာရာမတိုက် စလင်းဆရာတော်ဘုရားကြီးကို နန်းတော်သို့ပင့်၍ မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ဖြင့် ဆက်ကပ်လျှ ဒါန်းပြီး "အရှင်ဘုရား ဒကာတော်မှာ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတည်းဟူသော သစ္စာလေးပါး၏ အမည်နာမ သရုပ်မျှကိုသာ သိပါသဖြင့် သစ္စာအနက် ၁၆-ချက်နှင့်တကွ အဓိပ္ပါယ်အကျယ် အဆုံးအဖြတ်ကို သိမှတ်ရအောင် ကျမ်းတစ်စောင် တဖွဲ့ ရေးသားချီးမြှင့်ပါမည့်အကြောင်း ခွင့်တောင်းလျှောက်ထားလေ ရာ" ဆရာတော်သည် ပါဠိ အဋ္ဌကထာ ဋီကာစသော ကျမ်းအစောင် စောင်မှ ထုတ်နှုတ်၍ ရေးသား၍ မင်းတရားထံ ဆက်သွင်းမည်ဟု စကားကို မိန့်ကြားတော်မူပြီး ကျောင်းသို့ ပြန်ကြွတော်မူလေသည်။ ဆရာတော်ဘုရားသည် မကြာမြင့်မီ-

၁။ ဒုက္ခသစ္စာ၌- ပီဠနဋ္ဌ = နှိပ်စက်ခြင်းဟူသောအနက်။
သန္တာပဋ္ဌ= အဖန်တလဲလဲ ပြုပြင်စီမံခြင်းဟူ
သောအနက်။
သန္ဌာပဋ္ဌ = အဖန်တလဲလဲ ပူလောင်
စေတတ်သောအနက်။
ဝိပရိဏာမဋ္ဌ= ဖောက်ပြန်တတ်သော
အနက်။ (ဤသို့ ၄-ပါး)

၂။ သမုဒယသစ္စာ၌- အာယူဟနဋ္ဌ= အားထုတ်ဆည်းပူးခြင်း
ဟူသောအနက်။
နိဒါနဋ္ဌ = ဒုက္ခမှုတို့ကို ဆောင်ခြင်းဟူ
သော အနက်။
သံယောဂဋ္ဌ= လွန်စွာယှဉ်စေတတ်သော
အနက်။
ပလိဗောဓဋ္ဌ= နှောက်ယှက်တားမြစ်တတ်
သော အနက်။ (ဤသို့ ၄-ပါး)

၃။ နိရောဓသစ္စာ၌- နိဿရဏဋ္ဌ= ကျွတ်လွတ်ထွက်မြောက်
တတ်သောအနက်။
ဝိဝေကဋ္ဌ = ဆိတ်ငြိမ်ခြင်းဟူသောအနက်။
အသန္တာပဋ္ဌ= မပြုပြင်ခြင်းဟူသောအနက်။
အမတဋ္ဌ = မအိုမသေ အမြဲနေရခြင်းဟူ
သောအနက်။ (ဤသို့ ၄-ပါး)

၄။ မဂ္ဂသစ္စာ၌- နိယျာနဋ္ဌ = ဝဋ်မှထွက်မြောက်ကြောင်းဖြစ်
သောအနက်။
ဟေတုဋ္ဌ = လောကတွေ့ရာတရားဟူသော
အကျိုးဂါပြီးခြင်း အကြောင်းရင်း
ဟူသောအနက်။

ဒဿနဋ္ဌ = နိဗ္ဗာန်ကို မြင်စွမ်းနိုင်ခြင်းဟူ
သောအနက်။
အဓိပတေယျဋ္ဌ= အကြီးအမှူးဟူသော
အနက်။ (ဤသို့ ၄-ပါး။)

ဤသို့ ဒုက္ခသစ္စာ၏အနက် ၄-ပါး၊ သမุဒယသစ္စာ၏အနက် ၄-ပါး၊ နိရောဓသစ္စာ၏အနက် ၄-ပါး၊ မဂ္ဂသစ္စာ၏အနက် ၄-ပါး ဟူသော သစ္စာအနက် ၁၆-ချက် ထုတ်ပြ၍ သရုပ်အဓိပ္ပါယ်အကျယ် ဖြစ်သော အဆုံးအဖြတ်နှင့်တကွ "သစ္စတ္ထဒီပနီ"မည်သောကျမ်းကို ဆုံးခန်းတိုင်မြောက် အပြီးရောက်အောင် ရေးသားစီရင်တော်မူ၍ ဘုရင်မင်းတရားထံ ဆက်သွင်းလေသည်။

ထိုအခါ ပဌမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် စလင်းဆရာတော်ဘုရား ရေးသားစီရင်တော်မူသော "သစ္စတ္ထဒီပနီ" ကျမ်းကို ဝမ်းမြောက်ဝမ်းသာကြည့်ရှုရာ မိမိကပင် နှစ်သက်ငြားသော်လည်း ရှည်လျားမြင့်ကြာ သာသနာငါးထောင်ကာလပတ်လုံး မဆုံးမချင်း တည်မည့်ကျမ်းဖြစ်၍ ဒဋ္ဌိကမ္မဖြစ်စေရန် သုဓမ္မာဆရာတော်များထံ ပို့စေလျက် ကြည့်ရှုစေရာ သုဓမ္မာဆရာတော်များက များစွာမှ အကျိုးရှိသော ကျမ်းကောင်းကျမ်းမွန်ဖြစ်ကြောင်း မိန့်ကြားတော်မူကြသဖြင့် မင်းတရားကြီးနှင့်တကွ မှူးကြီးမတ်ရာ သေနာပတိအပေါင်းတို့သည် ကောင်းစွာကြည့်ရှုမှတ်သား လေ့လာကြကုန်၏။ သို့ရာတွင် ဆရာတော်ဘုရားကြီး၌ ပြန်၍မလျှောက်ထားမိပဲ ရှိလေ၏။

ထိုအခါ စလင်းဆရာတော်ဘုရားကြီး စဉ်းစားဆင်ခြင်တော်မူသည်မှာ-

"ငါသည် သာသနာ့ဒါယကာ မဟာဧကရာဇ်မင်းမြတ်လျှောက်ထားတောင်းပန်၍ ပါဠိ အဋ္ဌကထာ ဋ္ဌီကာစသည့် ကျမ်းဂန်တို့မှ ထုတ်နှုတ်၍ သရုပ်အဓိပ္ပါယ်အကျယ် အဆုံးအဖြတ်နှင့်တကွ "သစ္စတ္ထဒီပနီ"ကျမ်းကို ပြီးဆုံးအောင်ရေးသားလျက် မင်းတရာထံ တင်သွင်းခဲ့သည်မှာ လ, ရက် ကြာလှလေပြီ၊ မင်းတရားကြီးသည်

အကြောင်းအရာကိုလည်း မလျှောက်ထား၊ မင်းတရားကြီး မေ့လျော့နေဟန် ရှိ၏"ဟု တွေးရှုဆင်ခြင်တော်မူလျက် ရှိလေ၏။

တနေ့တွင် စလင်းဆရာတော်ဘုရားကြီးကို မင်းတရားကြီးက ပင့်သဖြင့် အဆင့်သင့်ကြွတော်မူသောအခါ ရသာဘောဇဉ်ချိုချဉ် စသော လျှုဒါန်းဖွယ်ရာများကို လျှုဒါန်းဆက်ကပ်ပြီး၍ အခြားစကားကို လျှောက်ထားသော်လည်း ယခင် "သစ္စတ္ထဒီပနီ"ကျမ်းနှင့်စပ်သော စကားကို မလျှောက်မထားရှိရာ ဆရာတော်ဘုရား စကားအရပ်ရပ်တို့၏ အဆုံးဌ် အမှတ်ရစေခြင်းငှာ-

ရှေးအခါက ပြည့်ရှင်မင်းကြီးထံသို့ နိယံမပြတ် ကောင်းမြတ်သော အရသာရှိသည့် ထမင်းဟင်းတို့ကို ချက်ပြုတ်၍ဆက်သရသော စားတော်ကဲတစ်ယောက်သည် ပွဲတော်အုပ်ဖြင့်ဆက်၍ နေ့ရက်များစွာ ကြာရှည်သော်လည်း ဆားငန်သည်, ဆားပေါ့သည်, အရသာရှိသည်, အရသာမရှိသည်ဟူ၍ မပြောမဆို ချို, ချဉ်, စပ်, ငန်, အဖန်, အခါးဆက်သရာကိုသာ စားတော်မူလေ၏။

ထိုအခါ စားတော်ကဲယောက်ျားက စဉ်းစားဆင်ခြင်သည်မှာ- "ငါသည် မင်းတရားအား ချက်ပြုတ်၍ ပွဲတော်အုပ်ဆက်သရသည်မှာ အချိန်ကာလကြာမြင့်သော်လည်း ဤအရသာကား ငန်၏။ ဤအရသာကား ပေါ့၏-စသည်ဖြင့် မပြောမဆို။ ထိုအရာကို ထောက်ထားလျှင် မင်းတရားကြီးမှာ လျှာများမပါ၍ပင် ဖြစ်လေသလော-ဟု တွေးတောခြင်း ဖြစ်ရသတဲ့၊ ဒကာတော်ရဲ့"ဟု မိန့်တော်မူသည်၏ အဆုံးဌ် ပြုံးရွှင်သောမျက်နှာထားနှင့် မင်းတရားကြီးက "မှန်လှပါ၊ သည်းခံတော်မူပါဘုရား၊ အရှင်ဘုရား၏ "သစ္စတ္ထဒီပနီ"ကျမ်းကို အစအဆုံးကြည့်ရှုရာ ဒကာတော် သဘောကျပါသည်ဘုရား၊ ဒကာတော် တဦးပင် သဘောကျငြားသော်လည်း သာသနာငါးထောင်ပတ်လုံး တည်မည့်ကျမ်းဖြစ်သဖြင့် စင်စစ်ဒဋ္ဌိကမ္မဖြစ်စိမ့်သောငှာ သုဓမ္မာဆရာတော်များ ပို့ဆက်၍ သင့်/မသင့်လျှောက်ထားရာ များစွာသင့်မြတ်ကောင်းမွန်သောကျမ်း ဖြစ်သည်-ဟု အမိန့်ရှိကြသဖြင့် ဒကာတော်နှင့် တကွ မှူးကြီးမတ်ရာ ဒကာ, ဒကာမအပေါင်းတို့ ကောင်းစွာကြည့်ရှု

ကျက်မှတ်ရပါသည်ဘုရား"ဟု လျှောက်ထားလေသည်။ စလင်းဆရာတော်ဘုရားလည်း ကျောင်းတိုက်သို့ ပြန်ကြွတော်မူလေသည်။

စလင်းမဟာထေရိနှော ဟိ၊ နာနာကထာသု ကောဝိဒေါ။
သုသောဘနာယ ကထာယ၊ ရာဇာနံ အဘိတောသယိ။

'အလောသုံးဆယ်'ဟူသော စကားအကြောင်း

ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက်တော် ၌ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို သင့်တင့်ရုံမျှ ကြည့်ရှုလေ့လာသူ ဒကာတဦးသည် စလင်းဆရာတော်ဘုရားကြီး အရှင်ကေတုမာလာထံ ရောက်ရှိလာပြီး အိမ်သို့ ဆွမ်းဘုဉ်းပေးပင့်လေသည်။ ဆရာတော်သည် အိမ်သို့ ဆွမ်းဘုဉ်းပေးကြွတော်မူ၏။ ဆွမ်းဘုဉ်းပေး၍ ပြီးသောအခါ "ဆရာတော်ဘုရား ယခုကာလ ရှိရှိသမျှ မိန်းမယောက်ျားလူအများတို့ သုံးစွဲပြောဆိုကြသော "အလောသုံးဆယ်"ဟူသောစကားသည် ဘုရားဟော ပိဋကတ်ပါဠိနှင့် အဋ္ဌကထာ ဋီကာများ၌ပါရှိသော စကားပင် ဖြစ်ပါသလော။ သို့မဟုတ် လောကဝေါဟာရ သာမည စကားပင် ဖြစ်ပါသလော၊ သိသာအောင် မိန့်ကြားတော်မူပါဘုရား" ဟု လျှောက်ထားလေရာ။

ဆရာတော်က "ဤစကားသည် ဘုရားဟောကျမ်းဂန်၌ လာသည်မဟုတ်၊ တခ်ိုးဟုပ္ပတ္တိဉာဏ်ဖြင့် ကြံဆ၍ ပြောဆိုအံ့သော စကားဖြစ်သည်"ဟု နှလုံးပိုက်တော်မူကာ-

"ဒကာ သင်လျှောက်သောစကားသည် ဘုရားဟောပါဋိ ပိဋကတ်နှင့် အဋ္ဌကထာ ဋီကာများ၌ လာရှိသောစကား မဟုတ်ပါချေ၊ လောကဝေါဟာရ အသုံးအားဖြင့် ပြောဆိုသုံးစွဲသောစကား သာမညသာ ဖြစ်ချေသည်။ ဤ 'အလောသုံးဆယ်'ဟူသော စကားကို အဘယ်ကဲ့သို့သော အရာဌာနများ၌ ပြောဆိုသုံးစွဲသနည်း"ဟု မေးတော်မူလေ၏။

ထိုအခါ ဒကာက "အရှင်ဘုရား လူတို့သည် ဤ"အလောသုံးဆယ်"ဟူသော စကားကို အဖျားအနာရောဂါသည် အပြင်းအထန်ကပ်ရောက်၍ သေလောက်သောအရာဌာနဋ္ဌိုးဖြစ်စေ, သေဝပါးနီး အပြီးမှု၌ သေရအံ့သောဆဲဆဲ လှေကွဲစီးဟုဆိုရသောအခါ၌ဖြစ်စေ 'အလောသုံးဆယ်'ဖြစ်သည်ဟူ၍လည်းကောင်း၊ 'အလောသုံးဆယ်'ခံရသည်ဟူ၍လည်းကောင်း ပြောဆိုသုံးစွဲကြပါသည်ဘုရား"ဟု လျှောက်ထားသောအခါ စလင်းဆရာတော်ဘုရားကြီးက "ဒကာ သတ္တဝါတို့မှာ မရဏာသန္နဇော ဘယ်နှစ်ကြိမ်စောသနည်း"ဟု တဖန်မေးတော်မူလျှင် ဒကာက "အရှင်ဘုရား အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း၌ "မရဏာသန္နကာလေ ပဠဝါရမေဝ"ဟု ဂါးကြိမ်စောကြောင်း လာရှိပါသည်ဘုရား"ဟု လျှောက်ထားလေလျှင် ဆရာတော်ကြီးက "ကောင်းပြီ ဒကာ၊ သတ္တဝါတို့မှာ မရဏာသန္နဇော ဂါးကြိမ်စောရာကွင် ၎င်းသတ္တဝါသည် သေလုနီးပါး သည်းထန်ပြင်းပြစွာ ခံနေရသောအခါ၌ အလွန်တရာ စုတိနှင့် နီးကပ်ခြင်းကြောင့် အရင်းအစဖြစ်သော ပဌမဇော၏ကွင်လည်းမက အန္တိမအဆုံးဇောသို့လည်း မရောက်သေး၊ ယင်းသို့ဖြစ်သောကြောင့် မရဏာသန္နဇောဂါးကြိမ်၌ အစဇောနှင့် အဆုံးဇောကိုပယ်လျှင် အလယ်တွင် ဇောမည်မျှကျန်သေးသနည်း"ဟု မေးတော်မူလျှင် ဒကာက "အရှင်ဘုရား မရဏာသန္နဇောဂါးကြိမ်တွင် အရင်းဇောနှင့် အဆုံးဇောကိုပယ်လျှင် 'အလယ်သုံးဇော' ကျန်ပါသည်ဘုရား"ဟု လျှောက်ထားလေ၏။

ထိုအခါ ဆရာတော်ဘုရားက "ဒကာ ဤကဲ့သို့သော အစဇောနှင့် အဆုံးဇောကိုပယ်၍ "အလယ်သုံးဇော"ကို "အလောသုံးဆယ်"ဟူ၍ လူကို့ ခေါ်ဝေါ်ပြောဆို၍ သုံးစွဲကြသောစကားဖြစ်သည်"ဟု အမိန့်ရှိတော်မူလေလျှင် အနီးအနားရှိ ပရိသတ်အပေါင်းတို့သည် ကောင်းမှီးသြဘာ ထောမနာကြ၍ စာပေကျမ်းဂန်၌ မရှိ။ မေးသူ၏သဘောကို ကျေးဇူးအောင် နှလုံးသွင်းလျက် တခဏချင်းဖြေဆိုနိုင်ပေသော တဝ်ဏုပ္ပတ္တိညာဏ် ထက်သန်ပါပေသည်ဟု မှားစွာမှီးမှမ်းအံ့သြပြောဆိုကြကုန်၏။

စလင်းသံယကုဋ္ဌရော သော၊ သုသီယဉာဏိကော ဝိဒူ။
သီယံ သီယံ ဝိသေသဇ္ဇတ္တာ၊ နရာနံ တောသယီ ဟိ ခေါ။

'ယောင်သုံးဆယ်'ဟူသောစကားဖြင့်
မိန့်ကြားတော်မူခြင်း

တစ်နေ့သ၌ ဒကာတစ်ဦးသည် မဟာဝိဇိတာရာမတိုက်သို့ ရောက်ရှိကာ စလင်းဆရာတော်ဘုရားကြီးအပါး၌ ခစားပျပ်ဝပ်၍ နေလေ၏။ ထိုအခါ ဆရာတော်ကြီးက "ဒကာ ဘယ်ကိစ္စရှိသနည်း" ဟု မေးလေရာ "အရှင်ဘုရား အကြောင်းကိစ္စ အထူးမရှိပါ၊ အရှင်ဘုရား၏ မျက်နှာတော်ကို ဖူးမျှော်လို၍ အရှင်ဘုရား၏ခြေတော်ရင်းသို့ ရောက်ရှိပါသည်ဘုရား"ဟု လျှောက်ထားလေလျှင် ဆရာတော်ဘုရားက "ဒကာ သင်သည် ဘယ်ပညာ, ဘယ်အတတ်နှင့် အသက်ကိုမွေး သားမယားကို ကျွေးသနည်း"ဟု မေးတော်မူပြန်ရာ ဒကာက "အရှင်ဘုရား တပည့်တော်မှာ ဆေးပညာသဘောနှင့် ဗိန္ဓောကျမ်းများကိုလည်း လေ့လာပါသည်။ ရံဖန်ရံခါ ဇာတာဖွဲ့ရေး မေးလာကြလျှင် ဗေဒင်ကိုလည်း ဟောပါသည်။ ဗေဒင်နှင့်ဆေး အကျိုးမပေး၍ ကျောင်းစာရေးများလည်း လုပ်ရပါသေးသည်"ဟု ယင်းသို့စသည်ဖြင့် အမျိုးမျိုးအစားစား လျှောက်ထားလေ၏။

ထိုအခါ ဆရာတော်ဘုရားက "ဒကာ သင်ယခု အသက်မွေးမှုများကို လျှောက်ထားသဖြင့် စဉ်းစားမြော်တွေးလျှင် ရှေးက "ယောင်သုံးဆယ်"ဆိုသော စကားကဲ့သို့ ရှိချေသည်"ဟု မိန့်တော်မူရာ ဒကာက "အရှင်ဘုရား "ယောင်သုံးဆယ်"ဆိုသောစကားကို မိန့်ကြားတော်မူပါဘုရား"ဟု ခွင့်တောင်းလျှောက်ထားလေသော်-

ဆရာတော်ဘုရားက "ဒကာ ရှေးက ဒကာတစ်ဦးသည် ရေကူးရာတွင် အစဉ်သဖြင့် မျှောသွားရာ မယားဖြစ်သူက အကြံရသည်မှာ 'ငါ့လင် ရေတွင်နစ်သည်ကို အကယ်ငါကား မိန်းမသားဖြစ်၍ မဆယ်မယူနိုင်၊ ခိုင်ခန့်ကြီးကျယ်သောစကားကို သူတစ်ပါး

တို့အား ပြောကြားရလျှင် ရေတွင်မျောပါသော ငှဲလင်အား လူအများ ဝိုင်းကူ၍ ဆယ်ယူမည်မှုချ'ဟု ကမ်းစပ်ကနေ၍ 'ကျွန်မ၏လင် ယောက်ျားသည် သူတပါးနှင့်မတူ "ရောင်သုံးဆယ်"နှင့်လူ ဖြစ်ပါသည်။ ရေနစ်၍ မျောပါသည်ကို ဆောမကြာ ဆယ်ကြပါ၊ ကယ်ကြပါ၊ ဝိုင်းကြပါ'ဟု ကျယ်လောင်စွာ ဟစ်အော်လေ၏။

ထိုအခါ လူအပေါင်းတို့ ကြားသိကြသည်နှင့် အုတ်အုတ်ကျွက်ကျွက် ရွာမှထွက်၍ အသက်သေသော်လည်း လူရေးလူရောင် တင့်တယ်လျက် 'ရောင်သုံးဆယ်'ဟူ၍ မကြားစဘူး၊ အလွန်ပင်ထူးပေသည်၊ အရှာကောင်းလျှင် အလောင်းကိုပင် မြင်ရစေတော့-ဟု ဝိုင်းဝန်း၍ ရေတွင်နစ်သောသူကို ဆယ်ယူကြပြီးသော် ကမ်းပါးပေါ်သို့ တက်မိလေလျှင် "အင့်ဟင်--- 'ရောင်သုံးဆယ်'ဟူ၍သာ သူ့မယားက ပြောသည်၊ ရေနစ်သောသူမှာ 'ရောင်သုံးဆယ်'ဝေးစွ တမ္မေးမျှအရှည် မရှိ၊ ခေါင်းတုံးချည်းသာ နေပါတကား"ဟု မယားကို မေးကြသည်မှာ-

"ခင်ဗျားယောက်ျားသည် သူတပါးနှင့်မတူ 'ရောင်သုံးဆယ်' နှင့်လူ ဆိုသဖြင့် ထူးသည်ကို ကြည့်ရှုလို၍ ဆယ်ကြရာ 'ရောင်သုံးဆယ်'မှာ မပါလုံးလုံး ခေါင်းတုံးသက်သက်ဖြစ်၍ နေသည်၊ သို့အတွက် ဘယ်အချက်ကို မှီတွယ်၍ 'ရောင်သုံးဆယ်'ပါသည်ဟု လှည့်ဖြားပြောဆိုရသနည်း"ဟု မေးကြလေကုန်၏။

ထိုအခါ ရေနစ်သူ၏မယာက 'ရောင်သုံးဆယ်'ဟူသောစကားမှာ အခြားကိုရည်၍ ပြောဆိုသည်မဟုတ်၊ ကျွန်မ၏ယောက်ျားသည် ဆေးသမားယောင်ယောင်, ဗေဒင်ဆရာယောင်ယောင်, စာရေးယောင်ယောင်, ဤကဲ့သို့စသည်ဖြင့် မည်သည့်အလုပ်ကိုဟူ၍ မြဲမြဲစွဲစွဲမရှိ၊ မိမိရရမဟုတ်၊ သူ၏အလုပ်မှာ ဟန်ဆောင်ကာ အယောင်သာများ သောကြောင့် "ယောင်သုံးဆယ်"နှင့် ကျွန်မယောက်ျား-ဟု ပြောကြားခြင်း ဖြစ်ပါသည်။ ဦးခေါင်းမှာထုံးသော "ရောင်သုံးဆယ်"ရှိ၍ ပြောဆိုခြင်း မဟုတ်ပါ"ဟု ဆိုသကဲ့သို့ ဒကာရဲ့။

ဤအတူ "ဒကာမှာလဲ ပညာသာများ၍ ဥစ္စာမကြွယ် ဟန်ကပင်ထယ်သော်လည်း 'ယောင်သုံးဆယ်'အစားထဲက ဖြစ်မည်"ဟု

မိန့်တော်မူလေလျှင် အပါးတွင်ရှိသော တပည့်တပန်း ရှင်ရဟန်းတို့နှင့် ဒကာတို့ မျှားစွာရယ်မောကြကုန်၏။

ယောင်သုံးဆယ်ဥပမာယာပိ၊ ဒါယကသာဘိတောသယီ။
စလင်းထေရော ထိရဉ္ဈကော၊ ပဏ္ဍိဟော ကဝိသေခရော။

သပ်မျှားသည်ဟူသောဥပမာဖြင့် မင်းတုန်းမင်းတရားအား မိန့်ကြားတော်မူခြင်း

တစ်နေ့သ၌ ပဋ္ဌမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် မျှားစွာသော တံဆိပ်တော်ရဆရာတော်တို့ကို နန်းတော်သို့ပင့်၍ ဆွမ်းဆက်ကပ်လှူဒါန်းပြီးသောအခါ ဆရာတော်တစ်ပါးက တရားဟောတော်မူရာ လက်ာစကား အသွားအစပ် အဖြတ်အပိုင်းအဆိုင်းအနေ ပြေပြစ်ချောမောရှိ တရားဟောတော်မူပြီးသောအဆုံး၌ နိဂုံးသတ်၍ ဖြတ်လိုက်သည်နှင့် တပြိုင်နက် မင်းတရားကြီးက-

"အရှင်ဘုရားတို့ ယခုဟောတော်မူသောတရားကား မှတ်သားဖွယ်ကောင်းသည် မဟုတ်ပါလော"ဟု လျှောက်ထားရာ မည်သည့်ဆရာတော်တပါးကမျှ စကားအထူးမမိန့်ကြားပဲ ဆိတ်ဆိတ်နေတော်မူကြလေရာ စလင်းဆရာတော်ဘုရားက-

"ဒကာတော် သာသနာ့ဒါယကာ မဟာဇေရာဇမင်းမြတ် ယခုဟောသော တရားတော်သည် နားဏ်တန်ဆာ လက်ာစကား အသွားအစပ် လျှောက်ပတ်တင့်တယ် ဖွယ်ဖွယ်ရာရာ ရှိလှပါပေ၏။ သို့ရာတွင် တရားဟောရာ၌ အစပ်အသွားပလီသောကြောင့် 'သပ်မျှားသည်'ဟူသော ဥပမာကဲ့သို့ ရှိသည်"ဟု မိန့်တော်မူလေလျှင် ဘုရင်မင်းတရားကြီးက "အရှင်ဘုရား 'သပ်မျှားသည်'ဟူသော ဥပမာကို ထင်ရှားစွာ မိန့်တော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထားရာ" စလင်းဆရာတော်ဘုရားကြီးက "ဒကာတော်မင်းမြတ် ရှေးအခါက တိုင်းပြည်တပြည်တွင် ပြည့်ရှင်မင်းတရားက လူမျှားစွာတို့

တီးခတ်စေရန် စည်တလုံးဆွဲ၍ ထားသတဲ့၊ အခါတပါး ယောက်ျား မိန်းမ လာလာသမျှအပေါင်းတို့က ၎င်းစည်ကြီးကို တီးခတ်ကြသော အခါ မျှားစွာမမြည် စည်မျက်နှာလျှော့သည်ဟူသော အမှတ်ဖြင့် သပ်တို့ကို ထိုး၍ သားရေကြိုးတို့၌ ညှပ်လျက် တီးကြကုန်၏။ ပကတိသစ်သားနှင့် သပ်မျှားကို နှိုင်းစာလိုက်လျှင် စည်တော်က သစ်သားထက် သပ်မျှားကတိုးသဖြင့် တပိုးမျှမက သာ၍နေသတဲ့၊ နောက်မှလာရောက်သူများ စည်တော်သို့သွား၍ အပျော်အပါးတီးကြ သောအခါ အလွန်တရာမြည်ပေသည်၊ ထိုစည် မကောင်းလော-ဟု မေးရာ တဃယာက်က စည်ကော်မှာ မြည်ပင်ငြားသော်လည်း 'သပ် မျှား၍ ဟောင်သဖြင့် မကောင်းဘူးဟု ပြောဆိုသတဲ့ ဒကာတော်ရဲ့။

ဤအဘူ ယခုဟောသောတရားမှာလည်း ကောင်းတော့ ကောင်းတဲ့တရားပါပေပဲ၊ သို့ရာတွင် အစပ်အသွားပလီသဖြင့် သပ် မျှားသည် သဘောရပေသည်-ဟု အမိန့်ရှိတော်မူသောအခါ မင်း တရားကြီးက "အရှင်ဘုရား တပည့်တော်သည် ယခုပြုစုပျိုးထားသော မနောရမ္မဥယျာဉ်ဟောင်အတွင်းမှာ သရက် ဩဇာ မာလကာ ပိန္နဲ စသည် စားကောင်းသောက်ဖွယ်ဖြစ်သော အသီးကို ဆောင်တတ် သော သစ်ပင်တို့ကိုသာ အစကစိုက်ထားငြားသော်လည်း စားကောင်း သောက်ဖွယ်မဟုတ် ရုပ်ရိုမျှသာဖြစ်စေတတ်သော မြက်နှင့် မုန်ညင်း ဟင်းနုနွယ် ဟင်းကလျာတို့ မျှားစွာပေါက်သေးသည်ပင် ဖြစ်ပါသည် ဘုရား"ဟု လျှောက်ထား၍ စကားအဆုံးသတ်ကြပြီးနောက် နန်းတော် မှ ပြန်၍ကြွတော်မူလေသတည်း။

မိန်းမဟူဆိုလျှင် အရှင်းသား
ထိုးကွင်းကြောင့် အတွေးရကြပ်သည်ဟူသော
ဥပမာဖြင့် ဋ္ဌိကာမွှင့်ကို မိန့်တော်မူခြင်း

"ကေတုမာလာဘိဓေအတုလာဓိပတိ သိရိပဝရမဟာမေဃ ရာဇာဓိရာဇဂုရု"စသော ဘွဲ့တံဆိပ်တော် ၃-တပ်ရရှိတော်မူသော မဟာဝိဇိတာရာမ စလင်းဆရာတော်ဘုရားကြီးသည် တနေ့တွင် အဌကထာဖွင့်ပုံ, ဋ္ဌီကာဖွင့်ပုံ အလုံးစုံတို့ကို ဥဒါဟရုဏ်နှင့်တကွ မြွက်ဟ မိန့်ကြားတော်မူသည်မှာ-

"ငါ့ရှင်တို့ ရှေးဦးစွာ သံဝဏ္ဏာတဗ္ဗ ပါဠိတော်အသွားကို ထင်ရှားအောင် ကြည့်ရှုရာသည်။ ပါဠိတော်ကို ကြည့်ရှုမထင်မရှားမှ သံဝဏ္ဏနာဖြစ်သော အဌကထာကို ကြည့်ရှုရာသည်။ အဌကထာကို ကြည့်၍ မထင်မရှားဖြစ်သောနေရာ၌ ဋ္ဌီကာကို ကြည့်ရှုရာသည်။ ယခုကာလ စာသင်သားတို့မှာ ထင်ရှားသိလွယ်အောင် အကျယ်ကို ရှာမည်ဟု ဋ္ဌီကာကို အားကိုးကြသည်။ ပါဠိနှင့်အဌကထာက လိုရင်းဖြစ်သည်။ ဋ္ဌီကာကို အားကိုး၍ ဉာဏ်တိုးသောနေရာလည်း ရှိသည်။ ဋ္ဌီကာကိုကြည့်၍ မတူသောနေရာလည်း ရှိသည်။ အဌကထာ၌ "ကာကော"ဟူ၍ ရှိသောအရာကို ဋ္ဌီကာက သိအောင်ဖွင့်ရာတွင် "ကာကောတိ ဓကော်"ဟု ဖွင့်သောကြောင့် "ကာကော"၏အနက်သည် ကွယ်ဝှက်တိမ်မြှုပ်ခြင်းသို့ ရောက်လေသည်။ ဋ္ဌီကာမဖွင့်ပဲ စာကိုယ်နှင့်သိပြီး "ကျီး"ဟူသောအနက်မှာ ထင်ရှားလျက်နေသည်ကို ဋ္ဌီကာပြောသော "ဓကော်"ကို မြင်ကာမှ အဃင်အဃတွေးကျပ်၍ နေသည်။ "မိန်မပါဘုရား-ဟု ဆိုလျှင် အရှင်သား။ ကိုးကွင်းကြောင့် အတွေးရကျပ်သည်" ဆိုသကဲ့သို့ ရှိချေသည်။

ရှေးက ရှာတရှာမှာ ဘုန်းကြီးတစ်ပါး ကိုးကွယ်၍ထားရာ ကျောင်းနားတွင် ကြာငါးမျိုး ကြာမျိုးငါးပါးနှင့်ပြည့်စုံသော ရေကန်ကြီးတကန် ရှိသတဲ့၊ ထိုကျောင်း၌ သီတင်းသုံးသော ဘုန်းတော်ကြီးက ကန်တွင်း ပွင့်လျက်ရှိသော ကြာပန်းများကို ဘုရားအားကပ်လှူမည် မည်သူတစုံတယောက်မျှ မချိုးစေနှင့်ဟု ဆင့်ဆိုအမိန့်ပေးထားလေ၏။

တစ်နေ့တွင် ဒကာတစ်ဦးသည် နေပူလှသောကြောင့် အပူငြိမ်းအေးအောင် ဝင်ရောက်၍ ကျောင်းအောက်၌ ခိုအုံ့-ဟု နှလုံးသွင်းလျက် ပြေးယင်း ကျောင်းအောက်သို့ ဝင်ရောက်သည်ကို ကျောင်းရှင်ဘုန်းတော်ကြီး မြင်သဖြင့် "အင့်ဟင်. . . ကျောင်းအောက် ဝင်သွားသူမှာ အဘယ်သူနည်း"ဟု စင်စင်သိရအောင် ကြည့်ကြစမ်းဟု ခိုင်းရာ ဒကာအရပ်သားသည် ဘုန်းကြီးကို ကြောက်သောကြောင့် ကျောင်းအောက်မှထွက်၍ ရုတ်တရက် ရေကန်တွင်းသို့ ဆင်းပုန်းခို၍ နေ၏။ ထိုအခါ ကျောင်းသားငယ်တယောက်က ဆင်းပြေးတဲ့ဒကာကို လိုက်ကြည့်ရာ ဒကာ့ပုဝါလည်း လည်ပင်းတွင်ရစ်ထား, ဆံပင်ဖားလျားနေသည်ကိုလည်း မြင်သောကြောင့် ယောက်ျားမဟုတ်၊ မိန်မ ဖြစ်ပါသည်ဘုရား"ဟု လျှောက်ထား၏။

ထိုအခါ ဘုန်းကြီးက မိန်းမဆိုလျှင် ဝယောက်တည်းမဝင်တန်ရာ သေချာစွာသိရအောင် ကြည့်ချေစမ်းဦး သာမဏေကလေး-ဟု အမိန့်ပေးလေလျှင် သာမဏေကလေးက ဆင်း၍ ရေကန်တွင်း ကြည့်ပြန်ရာ ဒကာက ရေစိုမည်စိုးသောကြောင့် ပုဆိုးကို လက်ကမ-သဖြင့် ထိုးကွင်းပေါ်သည်ကို မြင်၍ အလျင်ကျောင်းပေါ်သွားလျက် "အရှင်ဘုရား မိန်းမပါ၊ သံသယကင်းပါတော့၊ ထိုးကွင်းတောင်ပါသေးသည်ဘုရား"ဟု လျှောက်ထားလေသော် သြော်. . . မိန်းမဟု လျှောက်ထားသည်မှာ အရှင်သား၊ ထိုးကွင်းကြောင့် အတွေးရကြပ်သည်-ဟု ဆိုသတဲ့ ငါ့ရှင်တို့။

ဤအတူ ယခုပြောသည့် "ကာကော"ဟူသောပုဒ်မှာလည်း အဌကထာ၌ အရှင်သား၊ ဋီကာဆရာစကားကြောင့် ယုံမှားတွေးတောခြင်း ဖြစ်ရသည်ဟု မိန့်တော်မူသောအခါ မျှားစွာသော စာလိုက်သံယာတော်တို့ အားရဝမ်းသာ အလွန်တရာသဘောကျ၍ သောမနဿဖြစ်ပွားလျက် မှတ်သားနည်း ရကြလေသတည်း။

ကေတုမာလာဘိဓေဿ ဟိ၊ ကောဝိဒေါ ပိဋကတ္တယေ။
ဆေကော နာနာကထာသု စ၊ ကုသလော နိဿယေသုပိ။

ယစ်မျိုးငါးပါးနှင့်စပ်လျဉ်း၍ လျှောက်ထားချက်ကို ဂုဏ်လင်းမိန့်ကြားတော်မူခြင်း

"ကေတုဓဇာဘိပဝရမဟာဓမ္မရာဇဂုရု"စသော တံဆိပ်တော် ၃-ထပ်တို့ကို အလျှုခံရရှိတော်မူသော မဟာဝိဇိတာရာမ စလင်းဆရာတော်ဘုရားကြီး အရှင်ကေတုမာလာသည် သီတင်းနေ့တနေ့တွင် စာပေကြည့်ရှုနေစဉ် ဒကာတဦး ရောက်ရှိလာကာ-

အရှင်ဘုရား ယစ်မျိုးငါးပါးကို သောက်စားကျူးလွန်ရာ၌ စေတနာနှင့်တကွ သုရာပါနအမှုကို ပြုကျင့်သည်ဖြစ်က စင်စစ်အပြစ်ရှိသည်ကို တပည့်တော် သိရပါပြီ။ ထိုယစ်မျိုးငါးပါးကိုပင် ရေထင်၍ သောက်မိရာ၌ အပြစ်ရှိ, မရှိ၊ နိရယသံဝတ္တနိကဖြစ်, မဖြစ်ကို စိစစ်ဖြေကြားတော်မူပါမည့်အကြောင်းနှင့် ခွင့်တောင်းလျှောက်ထားလေ၏။

ဆရာတော်ဘုရားက "ဒကာ ပိုးဖလံမျိုး မီးကိုတိုးဟူသော စကားကို ကြားဘူး၏လော"ဟု မေးတော်မူလေရာ "ကြားဘူးပါသည်ဘုရား"ဟု ဒကာက လျှောက်ထားလေသော်။ ဆရာတော်က မီးကိုတိုးသော ပိုးဖလံသည် အမှန်တောက်ပြောင်သည်ကို ရွှေရောင်စုံမှတ်ထင်၍ တိုးဝင်သောအခါ ထိုသတ္တဝါပိုးကောင်သည် မီးလောင်ခံရသကဲ့သို့ ယစ်မျိုးငါးပါးကိုပင် ရေထင်၍ သောက်မိကြားသော်လည်း ထိုသူအား အပြစ်မလွတ်၊ မှတ်ရမည်ဟု မိန့်ကြားတော်မူလေ၏။

ထို့နောက် "ဒကာ မြွေပွေးကိုပင် မြက်ရှောထင်၍ နင်းကကိုက်ခြင်းမှ ချမ်းသာပေ၏လော"ဟု မေးတော်မူရာ ဒကာက "အရှင်ဘုရား မြွေပွေးကို မြက်ရှောထင်၍ နင်းသော်လည်း ကိုက်ခြင်းမှ ချမ်းသာမပေးပါ"ဟု လျှောက်ထားလေသော် ဆရာဟော်က "မြွေပွေးကို မြက်ရှောထင်၍ နင်းသော်လည်း ကိုက်ခြင်းမှ ချမ်းသာမရသကဲ့သို့ ယစ်မျိုးငါးပါးကိုပင် ရေထင်၍ သောက်သော်လည်း အပြစ်ရောက်မည်"ဟူ၍ မှတ်ရမည်။

ထို့နောက် "ဒကာ ဓားလုံးကို ထောင်ထားရာပျဉ်းပြားကို မြေကြီးထင်မိ၍ နင်းသော် ထိခိုက်ရှနာခြင်းမှ လွတ်ပါမည်လော"ဟု

မေးတော်မူ၏။ ထိုအခါ ဒကာက "အရှင်ဘုရား အထင်မှား၍ နင်းသော်လည်း ထိခိုက်ရှနာခြင်းမှ မလွတ်ပါ"ဟု လျှောက်ပြန်သော် ဆရာတော်က "ခေါင်းလုံးကို ထောင်ထားရာပျဉ်ပြား မြေကြီးထင်မိ၍ နင်းသော်လည်း ထိခိုက်ရှနာခြင်းမှ မလွတ်သကဲ့သို့ ရေထင်မှား၍ ယစ်မျိုးငါးပါးကို သောက်ရာ၌ အပြစ်မလွတ်ဟု မှတ်ရမည်"ဟု မိန့်တော်မူ၏။

ထိုအခါ ဒကာက "အရှင်ဘုရား ရေရိုးရိုးကို ယစ်မျိုးထင် မှတ်၍ သောက်ရာ၌ အပြစ်ရှိပါသေးသလော"ဟု မေးလျှင် စလင်း ဆရာတော်ဘုရားကြီးက "ဒကာ အလွန်တရာပုပ်၍ စက်ဆုပ်ဖွယ်ရှိ သော မစင်ကျင်ကြီးကို နတ်သုဒ္ဓါသွင်း ထင်နိုင်ပါမည်လော"ဟု မေးတော်မူရာ ဒကာက "အရှင်ဘုရား ပုပ်နံလှစွာသော မစင်ကို နတ်သုဒ္ဓါ မထင်နိုင်ပါ"ဟု လျှောက်ထား၏။

ထိုအခါ ဆရာတော်ဘုရားက "ဒကာ ယင်းသို့ဖြစ်လျှင် လျှောက်ထားမေးမြန်းဖွယ် မရှိ"ဟု မိန့်တော်မူသောအခါ ဒကာသည် မျှားစွာအံ့သြ၍ သဘောနှစ်သက် ဉာဏ်တော်ထက်သည်ကို အံ့သြ လျက် စဉ်းစားကာ ဝမ်းမြောက်ကြည်ညိုခြင်း ဖြစ်လေ၏။

ဝိဇိတာရာမထေရော ဟိ၊ တိကွဝဂ္ဂီရဉ္ဇာဝါ။
ဒဠ္ဌဘူရိ စ သော အာသိ၊ အဟော တဿ သုမိရတာ။

တပည့်ဦးပဌင်းတို့၏ ပျင်းရိခြင်းကို ကြက်ကုပ်ထုံးပြု၍ ဆုံးမတော်မူခြင်း

မဟာဝိဇိတာရာမ စလင်းဆရာတော်ဘုရားကြီး အရှင်ကေတုမာလာသည် တစ်နေ့သ၌ တပည့်တပန်း ရဟန်းသာမဏေတို့အား သေးသိမ်သုံ့ဖျင်းခြင်း မဖြစ်ကြစေရန် ရည်သန်၍ ဆုံးမတော်မူသည်မှာ-

"ငါ့ရှင်တို့ ဘုရားမြတ်စွာ သာသနာတော်ဝန်ကို ထမ်းဆောင်သော ရဟန်းတို့မည်သည် စာပေကျမ်းဂန် မသင်မအံသဖြင့် မတတ်သိ၊ မကျွမ်းကျင်ခဲ့လျှင် သဘင်ပွဲလယ် မတင့်တယ်ပဲ ရယ်ဖွယ်မျှသာ ဖြစ်တတ်၏။ သည်မျှသာမဟုတ် ပရိယတ္တိကျမ်းဂန်ကို ဟုတ်မှန်စွာ မသိပါက ပဋိပတ်အကျင့်တရားသည် ယွင်းမှားဖောက်၍ နိဗ္ဗာန်နှင့် ဝေးကွာကြမည် ဖြစ်သည်။

ပရိယတ္တိကျမ်းဂန် သင်အံကြိုးကုတ် အားထုတ်လုံ့လ ဥဿာဟထားသဖြင့် သုံးပါးသောပိဋကတ်တို့ကို တတ်သိကျွမ်းကျင်သိမြင်လိမ္မာလျှင် နေရာတကျကျင့်ကြံလျက် နိဗ္ဗာန်သို့ အမြန်ရောက်ခြင်း၏အကြောင်း ဖြစ်သည်။ ထို့ကြောင့် ပိဋကတ်သုံးပုံ အလုံးစုံသော ပါဠိ အဋ္ဌကထာ ဋီကာသင်ရိုးကျမ်းများကို ကြိုးပမ်းအားထုတ်ကြရမည် ငါ့ရှင်တပည့် အသီးသီးတို့။ ဦးပြည်းရိတ်၍ သပိတ်ကိုထမ်းဆွမ်းခံစားတတ်ကာမျှနှင့် ကာလကို မကုန်စေရာ။ ငယ်သောအခါ ငယ်သောအခိုက်၌ မိုက်၍ အားမထုတ်သေးသော်လည်း တဖြည်းဖြည်း တတ်သိ၍ ပညာရင့်ခြင်းသို့ ရောက်စေရာသည်။ ဥပမာပြောမည် သဘောစိုက် နာကြကုန်လော့။

ရှေးအခါက ရွာတရွာ၌ ဒကာကဦးသည် ကြက်မများကို မွေးထား၍ ရောင်းစား အသက်မွေးသတဲ့။ အခါကပါး မွေးထားသော ကြက်မကြီးတကောင်းမှာ ကြက်ရှစ်ကောင်ပေါက်ဖွား၍ အခြားကြက်ငယ်များ ထ၍ပြေးသော်လည်း ကြက်ကလေးတကောင်မှာ မပျံမလွှား မသွားမလှုပ် ခပ်ကုတ်ကုတ်သာ နေလေသည်။

ထိုအခါ ကြက်သမားက စဉ်းစားကြံတွေးသည်မှာ ဤကြက်ကလေးဟာ အမျှားနှင့်မတူ တမူကွဲပွား ထူးခြားသည်တမျိုး အဖိုးထိုက်မည်ထင်သည်ဟု ဆင်ခြင်စဉ်းစားလျက် မွေးထားသောအခါ အဟော်ကြာက အဖော်ကြက်တို့သည် သွက်သွက်လက်လက် အတွန်သင်ကြသော်လည်း ယခင်ကြက်သည် သွက်လက်မတွန်ပဲ ကုပ်ကုပ်ကလေးသာ နေသတည်း။

ဤသို့သော အခြင်းအရာများကို ကြက်သမားမြင်ပြန်သော်ဧကန် ဤကြက်သည် အခြားကြက်များတို့ တပိုးကြေးတန်မည်ထင်သည်။ အဘယ့်ကြောင့်နည်းဟူမူကား အခြားကြက်များကဲ့သို့ ပြေးလွှားခုန်ပျံခြင်း မရှိ၊ မိမိနှင့်တွဲဖက်၍ အချက်ထဲကျမှ သူ့ခွပ်မည်ဟု နှလုံးထားလျက် အခြားကြက်တို့ကို ရောင်းသော်လည်း ကြက်ကောင်းဟု ချန်ထားလေ၏။

ဤကဲ့သို့ မရောင်းပဲ ကြက်ကောင်းထင်သောကြောင့် တမင်မွေးထားရာ ကြီးပြင်းခြင်းသို့ရောက်၍ တနေ့သောအခါ ရွာတွင်ကြက်ပွဲရှိသဖြင့် မိမိကြက်ကိုပိုက်၍ တိုက်ခိုက်ပြိုင်ဆိုင်ခြင်းငှာလျှင် ကြက်ပွဲသို့ ယူသွားလျှင် တပါးသောကြက်တို့သည် သူ့ထက်ငါတွန်ကြသော်လည်း နေရာက မထမလှုပ်၊ ကုတ်ကုတ်သာ နေလေ၏။

ထိုအခါ ကြက်သမားက စဉ်းစားပြန်သည်မှာ ငါ့ကြက်သည် ပွဲပြင်ဖက်ဌဖြစ်၍ ကုပ်ကုပ်နေသေးသည်၊ လောင်းကြေးနှင့် သွင်းခဲ့လျှင် ပွဲတွင်းသို့ကျမှ ဧကန်ခွပ်အံ့သောကြက် ဖြစ်သည်ဟု သဘောထား၍ အခြားသူတို့၏ကြက်နှင့် တွဲဖက်၍ တိုက်မည်ဟု ပွဲသို့သွင်းရာ ပွဲတွင်းသို့ကျပြန်လည်း လည်ဆံမွှေးမျှမထ၊ ရှေးကနှင့်မကွာ ကုပ်သည်သာတည်း။ ကြက်ချင်းဆိုင်၍ ပြိုင်ကာတိုက်သော် မခွပ်လိုက်ရသေး၊ ကုပ်ကုပ်နှင့် ပြေးလေ၏။

ထိုအခါ ကြက်သမားသည် ဤကြက်ကို ငါအထင်မှားချေသည်။ ပေါက်ဖွားစကလည်း ကုပ်ကုပ်။ ကြီးသောအခါလည်း ကုပ်ကုပ်။ တိုက်ပွဲအတွင်းသို့ သွင်း၍ အတွင်းဌနေပြန်ကလည်း

ကုပ်ကုပ်။ ခွပ်မည်ဟု အလုပ်တွင်မှ ကုပ်ကုပ်နှင့်ပြေးသော ကြက်ပါ တကားဟု ပြောဆိုပြီး ရောင်းစားလိုက်ရသတဲ့ ငါ့ရှင်တို့။

ဤအတူ ငါ့ရှင်တို့လည်း စာပေကို မသင်ကြား၊ မကြိုးစားပဲ နေ့များ၍ ကြီးကြလျှင် ကြက်၏နည်းအတိုင်း မတုန်မလှုပ်ပဲ ကုပ်ကုပ် နှင့် ပြေးကြမည်ဟု မိန့်တော်မူသောအခါ များစွာသောပရိသတ်တို့ အထပ်ထပ် ရယ်မောကြကုန်၏။

ကုက္ကုဋ္ဌဥပမာယာပိ၊ သပရိသံ သုတောသယိ။
သန္ဓောသဗဟုလော သော ဟိ၊ ဥဏ္ဏိ ပဏ္ဍိတကုဋ္ဌရော။

မြင့်မိုရ်တောင်အကြောင်း အခေါင်းရှိ, မရှိ ငြင်းခုံ၍ ဗျင်းအ--ပုံကို ပမာထားလျက် ဒကာများအား မိန့်ကြားခြင်း

မန္တလေးမြို့ မဟာဝိဇိတာရာမ စလင်းဆရာတော်ဘုရားကြီး အရှင်ကေတုမာလာသည် မဟာဝိဇိတာရာမ စလင်းတိုက်၌ စာပေ ချပို့ သီတင်းသုံးစဉ် ဒကာ ၂-ဦးတို့ ငြင်းခုံကြသည်မှာ-

တယောက်က ယူဇနာပေါင်း ရှစ်သောင်းလေးထောင်အမြင့် ဆောင်သော မြင့်မိုရ်တောင်မှာ အတွင်းက အခေါင်းရှိသည်ဟု ပြော၏။ တယောက်က မြင့်မိုရ်တောင်၌ အခေါင်းရှိသည်ဟု မည်သည့် အခါမျှ မကြားစဘူး၊ ကျေးဇူးရှင် ဆရာသမားတို့လည်း ပြောကြား ဘူးသည် မရှိ။ ပါဠိ၌လည်း မလာ။ အဋ္ဌကထာ၌လည်း မမြင်။ ဋီကာရှင်တို့လည်း မဖွင့်မဆို။ သို့ပါလျက် အလိုလိုကြံစည်၍ မပြော ပါနှင့်ဟု ဆိုလျှင် ယခင် မြင့်မိုရ်တောင် အခေါင်းရှိသည်ဟုဆိုသူက မြင့်မိုရ်တောင် အခေါင်းရှိသည်ကို မင်းမသိတာနှင့် မဟုတ်ရဘူးလော၊ ကျော်စောသတင်း သိဟိုဠ်ချဉ်းသော စလင်းဆရာတော်ဘုရားကြီးကို လျှောက်ထားသိရတ် အယူခံကြအုံ့ဟုဆို၍ ငြင်းခုံကြသူ ၂-ဦးတို့သည် ဆရာတော်ဘုရားထံ သွားကြ၍ လျှောက်ထားကြသည်မှာ-

အရှင်ဘုရား တပည့်တော်တို့ ၂-ဦးသား စကားပြောဆို ထင်သလိုဖြင့် မြင့်မိုရ်တောင်မင်းခ၌ အတွင်းက အခေါင်းရှိ, မရှိကို မိမိတို့ နှလုံးသွင်းဖြင့် အငြင်းဖြစ်ပွား စကားနှိုင်ရုံး အဆုံးမသတ်နိုင် ပါသောကြောင့် တပည့်တော်များ အငြင်းကို ဖြေရှင်းပေးတော်မူပါမည့် အကြောင်းနှင့် ခွင့်တောင်းလျှောက်ထားကြကုန်၏။

ထိုအခါ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ- "ဒကာ ၂-ဦးတို့ ဤမျှလောက်ထူးတော့ အရူးဖြစ်တတ်သည်၊ မှတ်သားကုန် ဥပမာတခုကို ပြောမည်၊ သဘောစိုက်၍ နာကြကုန်လော့။

ရှေးက ရွာတရွာတွင် မြေးအဘိုးတို့သည် မိုးချုပ်နေဝင်ပြီး အခါ ဒေတော်ကြာသော် လသာသို့ ထွက်ကြ၍ ပက်လက်လည်း လျောင်း အကြောင်းအကျိုးစကားတို့ကို ပြောကြားနေခိုက် အမိုက် အရွယ် မြေးငယ်က-

အဘိုး "ထက်ခရီးစွန်၌ ဓူဝံကြယ်ဆိုသည်မှာ အဘယ်ကို ခေါ်ကြပါသနည်း"ဟု မေးသတဲ့၊ ထိုအခါ အဘိုးအိုက "ငါ့မြေးနှယ် ဓူဝံကြယ်ဂိုမျှ မသိအောင် တောင်ဆီက ပြောင်ပြောင်နှင့်ကြယ်ကို ဓူဝံကြယ်ဆိုသည်"ဟု ပြောရာ၊ မြေးဖြစ်သောသူ သူငယ်က အဘိုးရယ် ဟုတ်ကဲ့လား၊ ကြားဘူးသောစကားမှာ "တောင်မှာ ကံငါကွန်၊ မြောက်မှာ ဓူဝံ"ဟု ဆိုညွှတ်ခေါ်ဝေါ်ကြသည်ဟုဆိုလျှင် အဘိုးအိုက "ငါ့မြေးရယ် ဓူဝံကြယ် တောင်ရောက်တာ လေးရက်လောက်ရှိသေးတယ်။ ဤအရေးကို သူကစ်ပါးတို့ မသိသေးဘူး၊ တိတ်တိတ်သာနေ"ဟု ဆိုသတဲ့ ဒကာရဲ့။

ဤအတူ ဒကာဟို့ ငြင်းသော မြင့်မိုရ်တောင်အကြောင်း အခေါင်းရှိ, မရှိဟူသော စကားကိုလည်း သူတပါးတို့ မသိကြသေးဘူး၊ တိတ်တိတ်ကလေးသာ နေကြပေတော့"ဟု မိန့်တော်မူသောအခါ ဒကာနှစ်ယောက်တို့သည် ရှက်ကြောက်သောအမူအရာနှင့် ပြန်သွားကြလေသတည်း။

ဂေတုမာလာဘိဓေဝ ဟိ၊ ပါတုပညော မဟာယတီ။
ဂမ္ဘီရညာဏိကော ဒေသော၊ ဝိစကွဏော ဝိသာရဒေါ။

ဒကာလျှောက်ပုံကို ဇနီးဆရာတော်စကားနှင့် မိန့်ကြားပြောရှင်းတော်မူခြင်း

မင်းတုံးမင်း, သီပေါမင်းဧကရာဇ်တို့၏ ဘွဲ့တံဆိပ်တော် ၃-တန်ကို အလျှော့ခံရရှိတော်မူသော မဟာဝိဇိတာရာမ စလင်းဆရာတော်ဘုရားကြီးသည် သီတင်းနေ့အခါ စာပေကြည့်ရှုနေတော်မူစဉ် ဒကာတယောက်က "အရှင်ဘုရား အရှင်ဘုရားတို့မှာ ပါရမီဒဗ္ဗ-သမ္ဘာရဉာဏ်သုံးနှင့် ပြည့်စုံတော်မူသော ဘုန်းရှင်, ဉာဏ်ရှင်, ကံရှင်ဖြစ်၍ ယခုခေတ်ဘဝ၌ အာသဝရှင်း၍ လွတ်ကင်းလိမ့်မည် ထင်ပါသည် ဘုရား"ဟု လျှောက်ထားလေသည်။

ထိုအခါ ဆရာတော်ဘုရားက "ဒကာလျှောက်ထားပုံကြောင့် ငခုံဆရာတော်လိုသာ ပြောချင်တော့သည်"ဟု မိန့်တော်မူ၏။ ထိုအခါ လျှောက်ထားသူဒကာက "ငခုံဆရာတော်၏ပြောဟန်ကို လင်းပြန်မိန့်ကြားတော်မူပါဘုရား"ဟု လျှောက်ထားသောကြောင့် အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

ပိဋကတ်ကျမ်းဂန်တတ်အကျော် ငခုံဆရာတော်အား တပည့်များက "ဆရာတော်ဘုရားကြီးမှာ အတီတေရှေးအခါ ဘဝများစွာ သံသရာက ပါရမီအဟုတ် ပြည့်စုံသည့်အလျောက် နောက်သို့ဆုတ် နစ်ရန်မမြင်၊ ရှေသို့သာ တိုးတက်ရန် ရှိသည်၊ မိမိက အထူး အားထုတ်ပြန်လျှင်လည်း နိဗ္ဗာန်ကို ရမည်ထင်ပါသည်ဘုရား"ဟု လျှောက်ထား ချီးပွမ်းကြသတဲ့။ ထိုအခါ ငခုံဆရာတော်က-

* သတ္တဝါမနုဿာတို့လည်း လူဘဝနှင့်ကြုံကြိုက် မောင်ခုံလည်း လူဖြစ်ကရော့။
* လူအများအပေါင်းတို့သည် ကျောင်းသို့ဝင်၍ ကိုရင်သာမဏေအဖြစ်နှင့် ပြည့်စုံလျှင် မောင်ခုံလည်း ကျောင်းသို့ဝင် ကိုရင်သာမဏေဖြစ်ကရော့။

* သူတစ်ပါးတို့ မြတ်စွာဘုရား သာသနာတော်ကို ထမ်းလျက် ရဟန်းအဖြစ်နှင့် ပြည့်စုံလျင် မောင်ခုံလည်း သာသနာတော်ကိုထမ်းလျက် ရဟန်းဖြစ်ကရော့။
* အများသောဆရာမြတ်တို့ ပိဋကတ်နှင့်ပြည့်စုံသောကြောင့် မောင်ခုံလည်း ကြိုးစားသင်လျှင် စာတတ်ကရော့။
* အများသောပုဂ္ဂိုလ်တို့ထံ တံဆိပ်နှင့်ပြည့်စုံလျှင် မောင်ခုံလည်း တံဆိပ်ရရော။
* သူတစ်ပါးတို့ တောဌ ခိုလှုံသောကြောင့် မောင်ခုံလည်း တောဌမှီလျက် အရည်ဝါသီဖြစ်ကရော့။
* ရှေးက သူတော်ကောင်းတို့ ကျင့်ကြံ စျာန်အဘိညာဉ်နှင့်ပြည့်စုံသောကြောင့် မောင်ခုံလည်း အားထုတ်ပြန်၊ စျာန်ကြတော့ မောင်ခုံရှုံး၍ လုံးလုံးလွတ်လိုက်ရရော"ဟု အမိန့်ရှိသတဲ့ ဒကာရဲ့။

ဤအတူ ယခုလဲ ဒကာဘယ်လိုပင် ခြိုးမွမ်းသော်လည်း ဉာဏ်စွန်းနှင့်မပြည့်စုံက ငခုံဆရာတော်လို အဆုံးမှာတော့ အရှုံးသာပေးရလိမ့်မည်ဟု မိန့်တော်မူသောအခါ အပါးတော်မှာရှိသော ရဟန်းများနှင့် လျှောက်ထားသူဒကာသည် လွန်စွာရယ်မောၗ် တသောသောနေကြကုန်၏။

ဤသို့စသည်ဖြင့် စလင်းဆရာတော်ဘုရားကြီး အရှင်ကေတုမာလာသည် စကားအရာ၌ လိမ္မာကျွမ်းကျင်တော်မူလှပါပေသည်။ ဆိုက်ရောက်လာသော ရှင်လူပရိသတ်ကို အမျိုးမျိုးသောစကားဖြင့် နှစ်သိမ့်စေလေ့ရှိတော်မူလေ၏။

ကေတုမာလာမဟာထေရော၊ နာနာကထာသု ကုသလော။
နာနာကထာဟိ တောသေသိ၊ သမ္ဘတ္တံ ပရိသံ ဇဟုံ။

ကျမ်းဂန်ပြုစုခြင်း

မဟာဝိဇိတာရာမ စလင်းဆရာတော်ဘုရားကြီးသည် ကျမ်းဂန်များကိုလည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ သစ္စတ္ထဒီပနီကျမ်း

၂။ ဝိသာသဂ္ဂါဟအဆုံးအဖြတ်

၃။ အဘိဓမ္မာနှင့်စပ်သော အမေးအဖြေစကားရပ်များ

၄။ သက္ကာယဒိဋ္ဌိဝိနိစ္ဆယကျမ်း-စသည်တို့ဖြစ်ကုန်၏။

ဖော်ပြပါ ကျမ်းဂန်များကို ပဋ္ဌမသံဂါယနာတင် မင်းတရားကြီး လျှောက်ထားသဖြင့် မင်းတရားထံ ရေးသားတင်သွင်းတော်မူခဲ့လေသည်။ ဝိသာသဂ္ဂါဟအဆုံးအဖြတ်နှင့် အဘိဓမ္မာနှင့်စပ်သော အမေးအဖြေစကားရပ်၌ "မဟာဝိဇိတာရာမဆရာတော် မေတ္တာစာသွင်းပါသည် သာသနာ့ဒါယကာ ပဋ္ဌမသံဂါယနာတင် မဟာဓမ္မရာဇ မင်းတရားမြတ်" အစချီ၍ ရေးသားသည်ကို တွေ့ရ၏။[1]

သက္ကာယဒိဋ္ဌိ ဝိနိစ္ဆယ

သက္ကာယဒိဋ္ဌိဝိနိစ္ဆယမှာ ပဋ္ဌမသံဂါယနာတင် မင်းတုန်းမင်းတရားက ဆရာတော်အား နန်းတော်သို့ပင့်၍ သက္ကယဒိဋ္ဌိနှင့်စပ်မေးလျှောက်သဖြင့် ပါဠိ အဋ္ဌကထာ ဋီကာစသော ကျမ်းဂန်အမျိုးမျိုးတို့ဖြင့် ညွှန်ပြ၍ ဆုံးဖြတ်တော်မူအပ်သော အဆုံးအဖြတ်ကျမ်းစာငယ် ဖြစ်လေသည်။ မင်းတရားသည် ယင်းသက္ကာယဒိဋ္ဌိဝိနိစ္ဆယကို ဖတ်ရှုနာရ၍ ဆရာတော်များအား မျှားစွာကြည်ညိုသဖြင့် လစဉ် ဆွမ်းစရိတ်ငွေတော် ၉ဝိ- အမြဲလှူဒါန်းလေသည်။

၁။ ဝိသာသဂ္ဂါဟ အဆုံးအဖြတ်နှင့် အဘိဓမ္မာနှင့်စပ်သော အမေးအဖြေ စကားရပ်မှာ ပရပိုက်နှင့် တည်ရှိသည်။ မန္တလေးအရှေ့ပြင် တိုက်တော်၌ တွေ့ရ၏။

ကောင်းဇင်ရှာ ဘုရားတည်

ဆရာတော်ဘုရားကြီးသည် မင်းတရားကြီးလျှုဒါန်းသည့် ဝတ္ထုကြေးငွေများကို အခြားနေရာ၌ အသုံးပြုတော်မမူပဲ စုဆောင်းပြီးလျှင် ဇာတိချက်မြှုပ်ဖြစ်သည့် ကောင်းဇင်ရှာတွင် ဘုရားတည်ထား ကုန်းကွယ်တော်မူခဲ့လေသည်။

မောင်စလင်းမှာတော့ ပျင်းလွန်းလို့ စာမကြည့်

"ပဏ္ဍိတဝံသသိရိပဝရမဟာမမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဗန်မော်ဆရာတော်ကြီးကမူ မဟာဝိဇိတာရာမ စလင်းဆရာတော်ကြီး အရှင်ကေတုမာလာမှာ ပါဠိ အဋ္ဌကထာ ဋီကာတို့၌ နှံ့စပ်ကျွမ်းကျင်၍ ဉာဏ်ထက်မြက်သော်လည်း ထိုထိုအရာဌာနတို့၌ ပြောဆိုဖွယ်မိန့်ရှိသောအခါ ပါဠိကိုသော်လည်း မိမိဉာဏ်သဘောဖြင့် စီတန်းမှန်း၍ ရွတ်တတ်သည်။ စာကြည့်ပျင်းသည်ဟု ဆိုလိုကာ- "မောင်စလင်းမှာတော့ ပျင်းလွန်းလို့ စာမကြည့်"ဟု သုဓမ္မာဝင် ဆရာတော်များ စာချီးတွင် ရေးစပ်ချီးခဲ့သည်။[1]

မင်းပြန်သင့်တော်မှုခြင်း

စလင်းဆရာတော်ဘုရားကြီးသည် ဗေဒင်ကျမ်းဂန်အမျိုးမျိုးတို့၌ တဖက်ကမ်းခတ် တတ်မြောက်ကျွမ်းကျင်တော်မူလေသည်။ သီပေါမင်းတရားနန်းစံ ၅-နှစ်ရှိသောအခါ ပြည်တွင်းရေးရာ မငြိမ်

၁။ စာချီးအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်၏။
"မောင်သက်ပန်းက တသန်းသန်း တဝေဝေ။
လှထွေမှာ စာပေက နှုတ်ထို။
မောင်စလင်းမှာတော့ ပျင်းလွန်းလို့ စာမကြည့်။
မင်းနန်မှာ လူနှင့်နှောတယ် သောသောညံ့၏။
မဏ္ဍာလာ မှုခြင်းရာမစုံစမ်းခင်က ငေါက်ငမ်းပါဘိ။"
(သင်္ဂြိုလ်စကားပုံပေါင်းချုပ်။ ၃၉၄။)

မသက်ရှိသဖြင့် နန်းစည်းစိမ်နှင့်ပတ်သက်၍ မင်း, မိဖုရား ၂-ပါး စိတ်စက်မကြည်မသာရှိခိုက် ဆရာတော်အား ထီးနန်းစည်းစိမ်နှင့် ပတ်သက်၍ စာသွင်းရန် လျှောက်ထားသဖြင့် ဆရာတော်သည် ဟုတ်မှန်သည့်အတိုင်း စာသွင်းရန်သင့်, မသင့်ကို တိုင်းတာမင်းကြီးနှင့် တိုင်ပင်တော်မူရာ တိုင်းတာမင်းကြီးက ဟုတ်မှန်သည့်အတိုင်းသာ စာသွင်းတော်မူပါ။ နောင်အရေးတစုံကြုံလာလျှင် တပည့်တော်တာဝန်ရှိပါစေ-ဟု လျှောက်ထားသဖြင့် ယုံကြည်တော်မူကာ အရှင်နှစ်ပါး၏ နန်းစံ ၇-နှစ်သာရှိ၍ မုတ်ဆိုးဆက်မရှိ ပြတ်ပြီဖြစ်ကြောင်း စာသွင်းရာ မင်းမိဖုရားနှစ်ပါး အလိုတော်မကျ စိတ်ဆိုးတော်မူလှသဖြင့် ပွဲတော် ၃-ရက် မသုံးဆောင်ပဲနေတော်မူ၍ စလင်းဆရာတော်ဘုရားကြီး ကိုလည်း မြောက်ဥယျာဉ်တွင် ချုပ်နှောင်ထားတော်မူ၏။

ထိုအခါ တိုင်းတာမင်းကြီးကို ပြောသော်လည်း တိုင်းတာမင်းကြီးက အရှင်နှစ်ပါး အလွန်စိတ်ဆိုးနေသည်ဖြစ်၍ ယခုအခါ မိမိလည်း မတတ်နိုင်တော့ကြောင်း ပြောကြားသဖြင့် အသက်အန္တ-ရာယ်အတွက် အခက်ကြုံနေသဖြင့် ကင်းဝန်မင်းကြီးထံ သွားရောက်အကြောင်းကြားရာ ကင်းဝန်မင်းကြီးကိုယ်တိုင် မြောက်ဥယျာဉ်သို့ လာရောက်ကာ ယခုအချိန် စစ်ဆေးရန်မရှိပါ။ စစ်ရန်လိုအပ်လျှင် နောက်မှ စစ်ရမည်ဆို၍ ဆရာတော်ကို ဆင်နှင့် ကျောင်းသို့ ပို့ရလေသည်။

သွင်းစာတွင် အထောက်အထားပြုသည့်အချက်များကို ညွှန်ပြရမည်ဆိုသဖြင့် သာသနာသက္ကရာဇ် ၂၄၂၉-ခုနှစ် ကောဇာသက္ကရာဇ် ၁၂၄၀-ပြည့်နှစ်တွင် "ဓားကိုလည်းကျိုး ရန်သူမျိုး တန်ခိုးသည်မင်း ပလတ်"ဟူသော နတ်စက်ရောင်သိုက်နှင့် "စေတီပြိုး အပြိုးမသတ် မုဆိုးသုညကပ်"ဟူသော တပေါင်၊ ဆရာတော်ကြီး၏ ကျောင်းဦးလှေကားတွင် နွားခြင်းဟူသော ဒိဋ္ဌနိမိတ်များနှင့် အသီတိကျမ်း, ရွှေတန်ဆာသိုက်ကျမ်း, အက္ခရာသိုက်ကျမ်းများကို ညွှန်ပြမှ အရှင်နှစ်ပါး စိတ်အေးချမ်းတော်မူ၍ အသက်ဘေးမှ ချမ်းသာရာရသည်ဟု သိရ၏။

အကြောက်လွန် နှလုံးသွေးပျက်

စလင်းဆရာတော်ဘုရားကြီး အရှင်ကေတုမာလာသည် **မင်း**ပြစ်ဒဏ်မှ ကင်းလွတ်တော်မူသော်လည်း အကြောက်လွန်သဖြင့် နှလုံးသွေးပျက်ခြင်းကြောင့် သတိကင်းလွတ်၍ စိတ်တော်ယွင်းချွတ်ဖောက်ပြန်တော်မူခဲ့လေသည်။ နောက်တွင် အရှင်နှစ်ပါးက သားတော်သမီးတော်များ စေလွှတ်၍ ကုစားစေရာ ရောဂါကင်းပျောက်လေ၏။ ၎င်းပြင် ပြစ်မှားမိသည်များ ကျေအေးရန် စုလေးဖုရားက မဟာဝိဇိတာရာမတိုက်အတွင်း၌ ကျောင်းဆောက်လှူဒါန်းလေသည်။

ပျံလွန်တော်မူခြင်း

၁၂၄၀-ပြည့်နှစ်တွင် ထီးကျိုးစည်ပေါက် တိုင်းပြည်သူတပါးလက်အောက်ရောက်၊ မင်းမိဖုရားတို့ ပါတော်မူသဖြင့် ဇာတိရပ်မြေဖြစ်သော ကောင်းဇင်ရွာသို့ ပြန်ကြွတော်မူလေသည်။ ကောင်းဇင်ရွာရောက်၍ မကြာမီ လှုထွေဆရာကော်က လွှတ်လိုက်သောလူများကို အကြောင်းပြုပြီး အရပ်လူများက စလင်းဆရာတော်အား ဖမ်းဆီးရန် အယောက်တော်များလာကြောင်း သတင်းဖြန့်ကြရာ ကောင်းဇင်ရွာ၌ မနေပဲ သင့်တော်ရာနေရာ၌ မထင်မရှားနေထိုင်တော်မူလေသည်။ တဖြည်းဖြည်း စိတ်စက်လဲမချမ်းသာ၊ အစားအသောက်လဲ ပျက်လာကာ သက်တော် ၆၀-ရှိရာ ၁၂၄၉-ခုနှစ် တပို့တွဲလတွင် မြင်းခြံမြို့ကိုးဆောင်တိုက်၌ ဝမ်းရောဂါဖြင့် ပျံလွန်တော်မူခဲ့လေသည်။

ကေတုမာလာမဟာထေရော၊ ဝိဇိတာရုံမဏ္ဍသေရော။
ရုစိရာရုစိရံ ပတွာ၊ ဂတော သော မစ္စုနော ဝသံ။

အကျိုးပေး မသန့်ရှင်း

မဟာဝိဇိတာရာမ စလင်းဆရာတော်ဘုရားကြီးသည် ပဌမအရွယ်, ဒုတိယအရွယ်တို့၌ အကျိုးပေးထက်သန်တော်မူလေသည်။ တတိယအရွယ်ရောက်သောအခါ ကံဇာတာညှိုးမှိန်သဖြင့် ကျောင်းတော်ကြီး မီးသင့်ခြင်း, ရာဇဝတ်မင်းပြစ်သင့်ခြင်းစသော ဒုက္ခဝေဒနာအမျိုးမျိုးတို့ ပျံ့လွန်သည်အထိ ခံစားတော်မူရှာလေသည်။ အကျိုးပေး မသန့်ရှင်းရှာချေ။

သံဝေဂယူရန်

ဇရာဝမ္မော စ ဗျာဓိ စ၊ အထောပိ မရဏဝမ္မော။
ကမ္မန္တိ နေသံ စတုန္နံ၊ ပါဋိဘောဂေါ နု ဝိဇ္ဇတိ။[1]

ဇရာဝမ္မော= သွားကြိုးဆံဖြူ ငယ်မှုယိုယွင်း အိုမင်းခြင်းသဘောတရားလည်းကောင်း။ ဗျာဓိ စ= မကျန်းမမာ ဖျားနာခြင်းသဘောလည်းကောင်း။ အထောပိ မရဏဝမ္မော စ= ထို့ပြင်တပါးသေဆုံးရခြင်းသဘောလည်းကောင်း။ ကမ္မံ= မိမိပြုဖန် အကုသိုလ်ကံလည်းကောင်း။ ဣတိ= ဤသို့။ နေသံစတုန္နံ= ထိုသို့ဖော်ပြ အိုနာသေရ ကံအကုသိုလ်ဝမ္မတို့အား။ ပါဋိဘောဂေါ= မအိုပါရန် မနာပါရန်နှင့် တဖန်မသေရေး အကျိုးမပေးရန် အာမဝန်တာ ခံနိုင်သူသည်။ နု ဝိဇ္ဇတိ= မုချပုံသေ မရှိပါချေ။

ပဌမစာချ အရှင်ဇယန္တ

ဆရာတော်အရှင်ဇယန္တသည် ပဌမစာချဖြစ်၍ မဟာဝိဇိတာရာမတိုက်၌ သီတင်းသုံးကာ စာပေချပို့ သာသနာပြုခဲ့သည့်ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။ ဆရာတော်အရှင်ကေတုမာလာ၏ တပည့်ကြီးဖြစ်၏။

၁။ အံ၊ ၁။ ၄၉၁။ ပါဋိဘောဂသုတ်ကြည့်။

အဝမြို့, တလုပ်မြို့, ပုခန်းကြီးမြို့, ယောလေးမြို့ မြစ်စဉ်ဝဲယာ, မလွန်မြို့, မင်းလှမြို့, ဆင်ပေါင်ဝဲမြို့များ မဏ္ဍာလာရာမဆရာတော် စသည်တို့နှင့်အတူ သာသနာပြုတော်မူရလေသည်။[1]

◆◆◆

ပဌမစာချ အရှင်နန္ဒ

ဆရာတော်အရှင်နန္ဒသည်လည်း မဟာဝိဇိတာရာမတိုက်၌ ပဌမစာချအဖြစ်ဖြင့် စာပေချပို့၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဆရာတော်အရှင်ကေတုမာလာ၏ တပည့်ဖြစ်သည်။

အရှင်နန္ဒသည် မွေ့ပြည်ရန်အောင် အနောက်လက်ပြင်စည်မြို့, ကျောက်ဆောက်မြို့, ညောင်အုပ်မြို့, တောင်သာမြို့, ပင်း, နတ်မောက်, ကျောက်ပန်းတောင်း, ပုပ္ပါးမြို့တို့၌ သဒ္ဓမ္မဇောတိကာရာမတိုက် ဆရာတော်အရှင်ဉာဏနှင့် ကိုက်တော် ပဌမစာချအရှင်ကေ-လာသ, မဟာဝိဇိတာရာမတိုက် ပဌမစာချအရှင်ဉာဏိန္ဒ, အဘယာရာမတိုက် ဒုတိယစာချအရှင်အာဒိစ္စ, အရှင်သုဇာတတို့နှင့်အတူ သာသနာပြုတော်မူရလေသည်။

◆◆◆

ပဌမစာချ အရှင်ဉာဏိန္ဒ

ဆရာတော် အရှင်ဉာဏိန္ဒသည်လည်း မဟာဝိဇိတာရာမ ပဌမစာချအဖြစ်ဖြင့် ကြာမြင့်စွာ သင်တင်းသုံးတော်မူ၍ စာပေချပို့ သာသနာပြုခဲ့သည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ ဆရာတော်အရှင်ကေတုမာလာ၏ တပည့်ဖြစ်လေသည်။

သီပေါမင်းလက်ထက်တွင် မွေ့ပြည်ရန်အောင် အနောက်လက်ပြင်စည်မြို့စသည်တို့၌လည်း သာသနာပြုတာဝန်ကိုလည်း သဒ္ဓမ္မဇောတိကာရာမတိုက်ဆရာတော် အရှင်ဉာဏ-စသူတို့နှင့်အတူ ဆောင်ရွက်တော်မူရလေသည်။

---

[1] အကျယ်မဟာဓမ္မိကာရာမ (မြောက်စလင်း) သာသနာဝင်ကြည့်။

သံဃာဦးရေစသည်

မဟာဝိဇိတာရာမတိုက်ကား မင်းတုန်းမင်း, သီပေါမင်းနှစ်ပါး တို့၏ လက်ထက်၌ လွန်စွာ စည်ကားလှ၏။ သံဃာတော် ၆၀၀-ကျော် သီတင်းသုံးခဲ့ဘူးသည်။ သီပေါမင်းပါတော်မူပြီးနောက် မကြာမီ တိုက်တာပျက်တော့သည်။

ပြန်လည်စည်ပင်လာခြင်း

သက္ကရာဇ် ၁၃၄၀-ပြည့်နှစ်ခန့်မှစ၍ ဝါကင်းကုန်းဆရာတော် နိုင်ငံတော်မမှကထိက အရှင်တိက္ခသည် ဖော်ပြပါကျောင်းတိုက်နေရာ ကို ရရှိ၍ ပဋ္ဌိပတ္တိရိပ်သာတည်ထောင်ရာ ဓမ္မာရုံကြီး, ကမ္မဋ္ဌာန်း ကျောင်းကြီး, ငယ်စသည်တို့ဖြင့် ပြန်လည်စည်ပင်လာလေပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ဝိဇိတာရာမဝေသောယ၊ သမတ္တော သာခု ဝဏ္ဏတော။

မဟာဝိဇိတာရာမ (တောင်စလင်း)တိုက်
သာသနာဝင် ပြီး၏။

*** ◆ ***

မန္တလေးတိုင်း မန္တလေးမြို့

မန္တလေးတိုင်းသည် စတုရန်းမိုင်ပေါင်း ၁၄. ၂၉၅-ကျယ်ဝန်းသည်။ ယင်းမန္တလေးတိုင်း၌ လူဦးရေ ၄၂. ၃၆၉၉၆-ခန့်ရှိရာ မြန်မာ, ကရင်, ချင်း, ပအိုဝ်, မွန်, ရှမ်းအစရှိသော တိုင်းရင်းသားမျိုးစုံ ရောနှောနေထိုင်လျက် ရှိသည်။ မြို့နယ်ပေါင်း ၂၉-မြို့နယ်၊ ရပ်ကွက် ကျေးရွာအုပ်စုပေါင်း ၁၇၉၆-ခုတို့ဖြင့် ဖွဲ့စည်းထားလေသည်။ မန္တလေးတိုင်း၏မြို့တော် ဖြစ်လေသည်။ ယင်းမန္တလေးမြို့သည် ရန်ကုန်ကလွဲလျှင် အစည်ကားဆုံး ဒုတိယမြို့တော်ကြီး ဖြစ်လေသည်။

တခုတည်းသော သာသနာ့မြို့တော်

ယခုခေတ်အခါတွင် မန္တလေးလောက် သာသနာစည်ပင်သော မြို့သည် ဘယ်ကမ္ဘာ, ဘယ်နိုင်ငံမှာမှ မရှိတော့ချေ။ ဘုရားမြတ်စွာ သာသနာတော် စည်ပင်ခဲ့ပုံမှာ အံ့မခန်းဖြစ်လေသည်။ ဤရတနာပုံ မန္တလေးမြို့တော်၌ မင်းတုန်းမင်း, သီပေါမင်း နှစ်မင်းလက်ထက်တွင် ဓမ္မသေနာပတိ သာသနာပိုင်ဆရာတော်ကြီးများ၊ ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ ရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ ပဌမစာချ ဆရာတော်ကြီးများ၊ ဒုတိယစာချ ဆရာတော်ကြီးများ၊ တတိယစာချ ဆရာတော်ကြီးများ၊ အင်္ဂလိပ်ခေတ်, လွတ်လပ်ရေးခေတ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးများ၊ ပရိယတ္တိသာသနဟိတဓမ္မာစရိယ စာချဆရာတော်ကြီးများ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ စသည့် ဘွဲ့တံဆိပ်ရ စာချဆရာတော်ကြီးများ စာပေချပို့တော်မူကြ၍ ပရိယတ္တိစာပွဲသဘင်ကြီးများ အံ့မခန်း ယင်တော်မူခဲ့ကြလေသည်။

ဆရာဒကာ ညီညာဖြစ် သာသနာပြုကြ

မန္တလေးမြို့တော်၌ ကျောင်းတိုက်ပေါင်း ၂၅၀-ခန့်ရှိ သံဃာတော် ၁၀၀၀၀ (တစ်သောင်း)ကျော်တို့သည် ဆန္ဒ, စိတ္တ, ဝီရိယ,

ဝိမံသခြုံရုံ၍ ထက်ထက်သန်သန် ပိဋ္ဌကတ်ကျမ်းဂန် အတန်တန်ချပို့ သလောက် မြို့တော်သူ မြို့တော်သားတို့သည်လည်း သဒ္ဓါတရားထက်သန်စွာ ပစ္စည်းလေးပါး ထောက်ပန့် ခိုးမြောက်လျှဒါန်းကြလေသည်။ မင်းတုန်းမင်းတရားကြီးနှင့် သီပေါမင်းတရားတို့ ဘုရားမြတ်စွာ သာသနာတော်အား စွန့်လွှတ် လျှဒါန်းခဲ့ပုံမှာလည်း အားရကျေနပ်ဖွယ် ကောင်းလှပါသည်။

ထိုခေတ်က သုဓမ္မာသဘင်တွင် သုဓမ္မာဝင်ဆရာတော်ကြီးများ ညီညီညွတ်ညွတ် သံယာတော်ဖက်ဆိုင်ရာမှုခင်းများ ဆုံးဖြတ်အုပ်ချုပ် သာသနာပြုတော်မူခဲ့ပုံမှာလည်း နောက်ခေတ်ပေါ်လာသည့် သံယာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ အတုယူစရာ ဖြစ်လေသည်။

ညီညီညာညာလက်တွဲ၍ သာသနာပြုကြပါစို့

ယခင်ကလည်း ဆရာဒကာ ညီညီညာညာလက်တွဲမဖြုတ်ပဲ သာသနာပြုခဲ့သဖြင့် ဘုရားမြတ်စွာသာသနာ စည်ပင်ခဲ့သလို နောက်နောင်လည်း ဆရာဒကာ ညီညာဖြဖြ လက်တွဲမဖြုတ်ပဲ ဆရာက ဆရာ့ကိစ္စလုပ်ငန်း, ဒကာက ဒကာ့ဆိုင်ရာ ကိစ္စလုပ်ငန်းတို့ကို ပြုလုပ်ကြကာ ဘုရားမြတ်စွာသာသနာတော်ကြီး နေအစင်းလအစင်း ရာထောင်ဝန်းသက့ဲသို့ ကာလင်းပြုစုကြပါစို့။

သာဂါရာ အနဂါရာ စ၊ ဥဘော အညောညနိဿိတာ။
အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမမနုတ္တရံ။[1]

သာဂါရာ စ= အိမ်ရာတည်ထောင် လူဟောင်ခိုမှီး လူအသီးသီးတို့သည်လည်းကောင်း။ အနဂါရာ စ= အိမ်ရာမထောင် လူဝတ်ကြောင်ကို ခွာရှောင်ကျင့်သုံး ရဟန်းသံယာတော်အားလုံးတို့လည်းကောင်း။ ဥဘော= လူရောရှင်ပါ ပေါင်းနှစ်ဖြာတို့သည်။

၁။ ဣတိဝုတ္တကပါဠိ။ ၂၇၀။ (ဗဟုကာရသုတ်။)

အညောညနိဿိတာ= ကျွန်းနှင့်ကိုင်းလို အချင်းချင်းမှီခိုကြကုန်၍ သာလျှင်။ ယောဂကွေမံ= ယောဂလေးတန် ကုန်ရာမှန်သော။ အနုတ္တရံ= အတုမဲ့ထူးချွန် မွန်မြတ်လှသော။ သဒ္ဓမ္မံ= သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို။ ဝါ= သဒ္ဓမ္မခေါ်ဆို မဂ်ဖိုလ်နိဗ္ဗာန်တရားကို။ အာရာဓယန္တိ= ပြီးမြောက် အောင်မြင်စေကြကုန်သတည်း။

မန္တလေးသာသနာဝင် ပဠဝိသတိမတွဲကျမ်း အပြီးသတ်ခြင်း

မန္တလေးသာသနာဝင် စတုဝိသတိမတွဲကျမ်းကြီး ၁၃၄၇-ခုနှစ်၊ ပဌမဝါဆိုလဆန်း ၈-ရက်နေ့က ပြီးဆုံးသဖြင့် သဒ္ဒတ္ထဘေဒစိန္တာ, ကစ္စည်းသဒ္ဒါကြီး, အဘိဓမ္မတ္ထသင်္ဂြိဟ်, ခုဒ္ဒကပါဌပါဠိအဋ္ဌကထာ ကျမ်းတို့ကို ချပို့ယင်းအကြား ဆက်လက်၍ ရေးသားပြုပြင်တည်းဖြတ်ပြန်ရာ ယနေ့ ၁၃၄၇-ခုနှစ်၊ ပဌမဝါဆိုလပြည့်ကျော် ၁၀-ရက်နေ့ ညနေ ၄-နာရီ၊ မိနစ် ၅၀-အချိန်တွင် အောင်လံစိုက်ဆောက် ပြီးမြောက်ပါသဖြင့် အောက်ဖော်ပြပါ ဆယ်ဂါထာပါဌ် မြန်မာစကားပြေတို့ကို အထွတ်တပ်ကာ နိဂုံးအုပ်လိုက်ပါသည်။

၁။ ပခုက္ကူပုရသေဋ္ဌသ၊
ပစ္ဆိမေ အာသိ ဝိဿုတော။
စတုဂါဝုတဒေသမှိ၊
ကန်ရပ်ဂါမော သုသောဘနော။

ဘုရားမြတ်စွာသာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရာဖြစ်သဖြင့် မြို့မွန်မြို့မြတ်ဖြစ်သော ပခုက္ကူမြို့၏အနောက်ဖက် လေးဂါဝုတ်ပမာဏ ဝေးကွာသောအရပ်က ပခုက္ကူခရိုင် (ပခုက္ကူမြို့နယ်)အတွင်း ကျော်ဇောခြင်းရှိသောရွာ၏ လေးဘက်လေးတန်ဌ ကျောင်းကန်ဘုရား စေတီပုထိုးအမျိုးမျိုးတို့ဖြင့် တင့်တယ်သော ကန်ရပ်ရွာကြီး တည်ရှိလေသည်။

၂။ ဒ္ဒိနော ဒ္ဒိဝေကသာကမ္ပိ၊
တမ္ပိ ဇာတေန ဇာတိယာ။
လက်ာဘာရတအာဒိသု၊
ဝုဋ္ဌပုဗ္ဗသုတေသိနာ။

ထိုကန်ရပ်ရှာကြီးဌ် လူမချက်မြှုပ်အနေအားဖြင့် သက္ကရာဇ် ၁၂၉၂-ခုနှစ် ဖွားမြင်သော-ံ သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံ, ဘာရတခေါ်သည့် အိန္ဒိယနိုင်ငံစသည့် နိုင်ငံရပ်ခြား တိုင်းတစ်ပါးတို့ဌ် ကြာမြင့်စွာ နေခဲ့ဘူး၍ သက္ကတ, ပြာကရိုတ်, အင်္ဂလိပ်, သီဟိုဠ်စသည်တို့ကို ဘာသန္တရစာပေဗဟုသုတ သမိုင်းရာဇဝင်အမျိုးမျိုးကို ရှာမှီးသင်ယူပေ့ရှိသော။

၃။ ဝိသုတာရာမသီဟာနံ၊
သိက္ခိတေန တိပေဋကံ။
သန္တိကေ နဝဝသာနံ၊
သံဂီတိကိစ္စကာရိနာ။

ပခုက္ကူမြို့, မဟာဝိသုတာရာမဝိဇ္ဇာယတနကြီးဌ် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယအစရှိသော ပညာရှင်မထေရ်မြတ်ကို့၏အထံဌ် ကိုးနှစ်တိုင် ပိဋကတ်သုံးပုံကို သင်ယူခဲ့သော ဆဋ္ဌသံဂါယနာမဟာဓမ္မသဘင်ကြီးဌ် ဆဋ္ဌသံဂီတိကာရက, ဆဋ္ဌသံဂီတိဘာဏက,

---

၁။ ၁၂၉၂-ခုနှစ် နတ်တော်လပြည့်ကျော် ၁၁-ရက်နေ့တွင် ဦးဘရှန်ဒေါ်လှပိုတို့မှ ဖွားမြင်သည်။ ကန်တိမ်ရွာ ဦးဟသင်း, ဒေါ်စိန်ခမိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်သည်။ ကန်ရပ်ရွာ ဦးပျော်ပါး ဒေါ်သောင်းမိသားစု၊ ညောင်တုန်းမြို့, ကျုံကမာရွာ ဦးအောင်ထင် ဒေါ်စိန်မျစ်၊ ပခုက္ကူ ကံဝိပ်ဒေါ်အေးသိဂ၊ ပခုက္ကူမကောက်ရပ် ဦးဘညွန့် ဒေါ်ပုမိသားစုကို့က သိမ်ဝယ်ဒါနပြုကြသည်။

ဆဋ္ဌသံဂီတိပဋ္ဌိဝိသောဓက, ဆဋ္ဌသံဂီတိသြဝါဒသောဓကဖြစ်၍ စာပေလုပ်ငန်းအဝဝကို ပြုလုပ်လေ့ရှိသော။

၄။ ဒကွိဏာရာမဝါသိနံ၊
သန္တကေပ သုဝညုနံ။
သိက္ခိတေန စတုတ္ထိသ-
ဝသိတေန ယသဿိနော။

ရတနာပုံ ဘွဲ့မည်ထုံသော မန္တလေးမြို့ တောင်ပြင် ဒကွိဏာရာမဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အရှင်ဥက္ကံသာဘိဝံသ အစရှိသော ပညာရှိမထေရ်မြတ်တို့၏အထံ၌လည်း သင်ယူအပ်သော နည်းနာနယအဝဝရှိသော ရဟန်းသိက္ခာ ၃၄-ဝါရပြီး တပည့်တပန်းအခြံအရံနှင့် ပြည့်စုံသော။

၅။ သုန္ဒရေ ပုရသေဋ္ဌမှိ၊
သုန္ဒရေ ဝိဿုတေ သုတေ။
သုန္ဒရေ ဇောတိပါလမှိ၊
ဝသတာ ဂဏဝါစိနာ။

တင့်တယ်သာယာ နေချင်စရာကောင်းလှသော ပခုက္ကူ။ ပိဋကတ်အတတ်မြို့တော်မြတ်၌ တင့်တယ်သာမော ကျော်စောထင်ရှားလှသော မဟာဝိသုတာရာမဝိဇာယတနကြီးအတွင်း၌ တိပိဋကပါရဂါမီ ဒီဃဒဿီ ကျေးဇူးရှင်ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်, အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်တို့ သီတင်းသုံးရာ ဓုရန္ဓစ်ပါးပွားများ အားသစ်ရာဌာနမှန် ဖြစ်သဖြင့် တင့်တယ်သာယာ နေချင်စရာကောင်းလှသော သာသနဇောတိပါလကျောင်းကြီး၌ ကျေးဇူးရှင်သက်တော်

ရှည် မဟာဝိသုတာရာမာမိပတိ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော် ဘုရားကြီး အရှင်သုန္ဒရမဟာထေရ်၏ အမိန့်အရ သီတင်းသုံး၍ စာသင်သား ရဟန်းသာမဏေများစွာတို့အား သဒ္ဒါ, သင်္ဂဟ, ဒွေမာတိကာ, သဒ္ဒတ္ထဘေဒစိန္တာ, ရူပသိဒ္ဓိ, ဋီကာကျော်, ကခ်ီဝိတရဏီ အဋ္ဌကထာစသည့် ပိဋကတ်အခြေခံကျမ်းစာများနှင့်တကွ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီးများ, ဒီဃနိကာယ်ပါဠိအဋ္ဌကထာ, မဇ္ဈိမနိကာယ်ပါဠိ အဋ္ဌကထာ, သံယုတ္တနိကာယ်ပါဠိအဋ္ဌကထာ, အင်္ဂုတ္တရနိကာယ်ပါဠိ အဋ္ဌကထာ, ခုဒ္ဒကနိကာယ်အပါအဝင် ဝိနည်းငါးကျမ်းပါဠိအဋ္ဌကထာ, အဘိဓမ္မာခုနစ်ကျမ်းပါဠိအဋ္ဌကထာ, ခုဒ္ဒကပါဋပါဠိအဋ္ဌကထာ, နေတ္တိ ပါဠိအဋ္ဌကထာစသည့် ကျမ်းဂန်များဟူသော မာဂမနှင့် မုဒ္ဓမောဓ, အမရကောသ, စာဏက္ကနီတိစသည့် သက္ကတဘာသန္တရကျမ်းဂန်တို့ကို မဟုဿာဟ ဇဲလုံ့လဖြင့် ချပို့ပြီးသော။

၆။ နေကေသံ ဂန္ဌဇာတာနံ၊
လေခကေန သုတေသိနာ။
မဟတော ယတိဂ္ဂဏ္ဍ၊
ဇနဿ ဟိတကာရိနာ။

ပခုက္ကူသာသနာဝင်, မဟာဝိသုတာရာမနိကာယသာသနာဝင်, စစ်ကိုင်းသာသနာဝင်, ကလျာဏီသာသနာဝင်, ပုဂံသာသနာဝင်, ပင်းယသာသနာဝင်, အင်းဝသာသနာဝင်, အမရပူရသာသနာဝင်, ပခုက္ကူစာချနည်း, ပခုက္ကူအဘိဓာန်နိဿယသစ်ကျမ်းကြီး, ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီးသမိုင်းစသည့် တရာမက မျိုးလှစွာသော ကျမ်းဂန်တို့ကို ပြုစုရေးသားသော လောကီလောကုတ္တရာ ဗဟုသုတ အမျိုးမျိုးကို ရှာမှီးလေ့ရှိသော မျိုးစွာသော ရဟန်းရှင်လူအပေါင်းတို့၏ အကျိုးစီးပွားကို ပြုလေ့ရှိသော။

၇။ မကွေးမဏ္ဍလေ သုသံယ-
နာယကပရိသာယ စ။
ပုဗ္ဗဂ်ိမဉ္ဇကဌေန၊
သာသနကိစ္စကာရိနာ။

ပြည်တောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် မကွေးတိုင်းသံဃနာယကအဖွဲ့, မကွေးတိုင်းသံဃနာယကသံဃာ၏ ရှေ့ဆောင်ပမာနဉ္ဇကဌဖြစ်၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စလုပ်ငန်းကို ပြုလုပ်ဆောင်ရွက်ခဲ့သော အကျွန်ုပ်သည်။

၈။ နိဿာယ ဣတိဟာသေန၊
သိလာလိပိပဘုတယော။
ဗဟုလေ ဂန္ထသေဋ္ဌေပိ၊
ကတောယံ ဝဒုမာနတော။

သမိုင်းရာဇဝင် သာသနာဝင်, အတ္ထုပ္ပတ္တိကျမ်းဂန်အမျိုးမျိုးရှေးသူဟောင်းတို့ ထိုးမှတ်ခဲ့သော ကျောက်စာစသည် မှတ်တမ်းအမျိုးမျိုးနှင့် အခြားတပါး မျှားမြောက်စွာလှသော ထူးမြတ်သော ကျမ်းဂန်စာတရားတို့ကို မှီငြမ်းပြု၍ ပညာရှင်တို့ နှစ်လို့ဝမ်းမြောက်ထောမနာအပ်သော ဤမန္တလေးသာသနာဝင် ပဠဝိသတိမတွဲကျမ်းကြီးကို ကြိုးပမ်းစီရင်အပ်ပါသတည်း။

၉။ တဒ္ဌတ အယ ဧမ ဂန္ထော၊
သုသာရော ယာဝသာသနံ။
တိဋ္ဌတေဝ သုတေသိနံ၊
သုဝံသံ သုဝကာသယံ။

အကျွန်ုပ် မျှားလှကွေပြား ဝိုင်းဝိုင်းလည်နေသော စာချစာရေး စာပေအလုပ်ကိစ္စတွေကြားမှ စိတ်အားထက်သန်စွာ ရေးသားပြုစီရင်အပ်သော ဤမန္တလေးသာသနာဝင် ပဠဝိသတိမတွဲကျမ်းကြီး

သည် ဘုရားမြတ်စွာ သာသနာရောင်ခြည် တည်ရှိသရွေ့ကာလပတ်လုံး သာသနာသမိုင်းအတွင်းပွတ်တို့ သုတေသီတို့အား ကောင်းမြတ်သော အဆက်ကိုပေးလျက် တည်ထွန်းပါစေသတည်း။

၁၀။ အနေန သုဝိသိဒ္ဓေန၊
ပုညေနညေန ကမ္မုနာ။
မနိသိဘိဂုရုဟော၀၊
ဂစ္ဆေယ္ယ အမတံ သိဝံ။

ဤမန္တလေးသာသနာ၀င် ပဠဝိသတိမတ္တဲကျမ်းကြီးကို ကြိုးပမ်းပြုစီရင်ရသော ကောင်းမှုထူးနှင့် အခြားကျမ်းစာများ ရေးသားရသော ကောင်းမှု, ဂန္ထန္တရအ၀ဝကို ချပို့ရသော သာသနာပြုကောင်းမှု အစုစုကြောင့် ပညာရှင်သည်များသာ ဖြစ်တော်မူကြသော ကျေးဇူးရှင် မဟာထေရ်မြတ်ကြီးတို့နှင့်အတူ အမတကျွန်းနုသိ၀နန်းသို့ စံမြန်းရပါစေသတည်း။

မန္တလေးသာသနာ၀င်
ပဠဝိသတိမတ္တဲကျမ်းကြီး ပြီး၏။

မန္တလေးသာသနာ၀င် ၂၅-တွဲလုံး ပြီး၏။

၁၃၄၇-ခုနှစ်၊ ပဌမ၀ါဆိုလပြည့်ကျော် ၁၀-ရက်
(၁၂. ၇. ၁၉၈၅)
ညနေ ၅-နာရီ၊ မိနစ် ၄၀။

ထိုဘုန်းသမ္ဘာ၊ ကုသလာကြောင့်၊ ပညာဓိက၊
ဉာဏာရောင်လု၊ သဗ္ဗညုတာ၊ ပတ္ထနာကို၊
မကြာလျှင်လျှင်၊ ပြည့်စေချင်၏။
ထိုပြင်တဝ၊ အန္တရဟု၊ သံသရာကုံ၊ ကျင်လည်တုံလည်း၊
ဂုဏ်ပေါင်းမြင့်မြတ်၊ အမျိုးဇာတ်၌၊ ဖြစ်လတ်မသွေ၊
တိဟိတ်နေ၍၊ ထွေထွေဓမ္မ၊ ကလျာဏာစာဂီ၊ ပါရမီကို၊
စွမ်းရည်ကုံလုံ၊ ရုံးပေါင်းချုပ်၍၊ ပြည့်စုံခလို၊
ထိုကုသလ၊ ပုညအားသန်၊ ဝိဘာဂ်ကို၊ ဝေယံဘုံခြင်း၊
အာဏာလင်းသည့်၊ မင်းထက်မင်းဖျား၊ မင်းတရားနှင့်၊
ညာထားဒေဝီ၊ မဟေသီရှေဘော်၊
သားတော်သမီး၊ မျိုးကြီးမတ်ရာ၊
သေနာပတိ၊ စသည့်ဥသုံ၊ အလုံးစုံဟု၊
ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊
အနန္တစက္ကဝါ၊ သတ္တဝါကို၊
ရကြောင်းဝေသည်။
အောင်စေကောင်းကြီး ပေးစေသောဝ်။

မဂ္ဂရာသာသနာဝင်
(စာ-၂၀)

Graphic Design by Ṣhwemyay - Nanda